www.burmeseclassic.com

လာဘ်မိုးရွာ စာပေ မောင်မောင်မြင့်အေး စီစဉ်မွမ်းမံတည်းဖြတ်သည်။

မဂ္ဂပစ္စယော

# ရောင်ပြန်

မဂ္ဂဇင်း



ဒက္ခိဏသာခါဘုရားပုံတော်


- ဒက္ခိဏသာခါ (စာ-၁၇)
- ဒက္ခိဏသာခါဘုရား ကိုးကွယ်သူများ (စာ-၂၃)
- ဒက္ခိဏသာခါအစ (စာ-၂၅)
- ဒက္ခိဏသာခါ ရုပ်တုတော်စနစ်အခြေခံများ (စာ-၃၀)
- ဒက္ခိဏသာခါ ထုလုပ်ပုံအယူအဆများ (စာ-၃၉)
- ဒက္ခိဏသာခါဘုရား ကိုးကွယ်ပူဇော်ပါ (စာ-၄၅)
- ဒက္ခိဏသာခါ ဆိုသည်မှာ (စာ-၄၇)
- ဒက္ခိဏသာခါ ကိုးကွယ်ရာဝယ် (စာ-၄၉)


Graphic: Aung Myo Thant

www.burmeseclassic.com

www.burmeseclassic.com

မဂ္ဂပစ္စယော

# ရောင်ပြန်

မဂ္ဂဇင်း

၂၀၁၃ ခုနှစ်၊ စက်တင်ဘာလ၊ အမှတ် (၂၃၆)

## မာတိကာ

### ရောင်ပြန် ကဗျာ

မောင်နီမြင့်၊ ကိုဘချော၊ ကျော်လွင်ဦး(ပျဉ်းမနား)၊
ဖြိုးထိန်၊ မောင်မောင်မျိုးသစ်(ရန်ကုန်တက္ကသိုလ်)၊
မောင်သင်းနွယ်(မြေပြန့်)၊ မောင်မိုးလှိုင်(သစ္စာမြေ)၊ နန္ဒာမိုးကြယ်။

### ရောင်ပြန် အခန်းဆက်ရသ

နေရာပြန်ချင်သူများ(ဇာတ်သိမ်း)

ရဲမြတ်တင် ---------------------------------------- ၁၀၀
ဘိုးတော်ကာင်း(၈)

ကျော်မြသန်း ---------------------------------------- ၁၃၄
လူထဲကအဘ ဘာသထဲကလူ(၆၂)

လင်းရောင်တင် ---------------------------------------- ၁၅၀
ဝင့်ကြွေး(၈)

ယိုး ---------------------------------------- ၁၉၈
ပုဂံမှာသာတဲ့ သုဝဏ္ဏဘုမ္မိလာမင်း(ဇာတ်သိမ်း)

ဘုန်းပွင့်တေဇ ---------------------------------------- ၂၅၆








www.burmeseclassic.com

www.burmeseclassic.com

## ရောင်ပြန် ရသ


------------------------------------------------ ၁၂၄

အပြေရှာသော်
------------------------------------------------ ၁၆၄

သဲလွန်စ
ချိုဝင်း ------------------------------------------------ ၂၁၀

------------------------------------------------ ၂၂၄

မှ အမှတ်တရ ရတနာကျောက်ခဲတုံး
------------------------------------------------ ၂၄၆

သော· · ·နေ့ရက်များ
------------------------------------------------ ၂၇၀

ဘာ၀ ၃၀၆
မြှင်(မိတ္ထီလာ) ------------------------------------------------ ၃၀၆


## ရောင်ပြန် လျှို့ဝှက်ဆန်းကြယ်


အရှုပ်တော်ပုံ(၅)
------------------------------------------------ ၁၅၀

ကမှ သချ်ာပါရဂူများ
) ------------------------------------------------ ၁၇၉

ဝိညာဉ်လောကယုံကြည်ချက်များ
ညာ) ------------------------------------------------ ၁၉၃


## ရှေ့လအတွက် ဖတ်စရာ မှတ်စရာ


တိုဘာလ ဖတ်စရာ မှတ်စရာ ------------------------------------------------ ၂၅၅



ဒိတာအဖွဲ့ / ကြော်ငြာနှင့် ဖြန့်ချိရေး

လာဘ်မိုးရွှေ စာပေ

-၂၁၂၊ (ပထမထပ်)၊ ၃၆ လမ်း(အထက်)၊
ကျောက်တံတားမြို့နယ်၊ ရန်ကုန်။

-၀၉-၄၃၀၇၅၃၁၁၊ ၀၉-၄၂၁၀၀၅၉၂၅





## လူတွေသိ နတ်တွေကြားစေ


လူတွေသိ၍ နတ်တွေကြားစေ ------------------------------------------------ ၃၄၀


## ရောင်ပြန်ဗေဒင်


သိသာစေကြောင်း မင်္ဂလာနိမိတ်ကောင်း
ဒေါက်တာစောယုနွယ် ------------------------------------------------ ၃၂၉


## ရောင်ပြန် အထူးယတြာ


နိုင်ငံခြားရောက်မြန်မာများအတွက် အထူးဟောကိန်း
ဒေါက်တာစောယုနွယ် ------------------------------------------------ ၃၃၀





www.burmeseclassic.com

www.burmeseclassic.com

## လောကီရေးရာ


သက်ရှည်၊ ဘေးရှင်း၊ ရောဂါကင်း ဘုရားဂါထာတော်
မစိမ်းဇော်(ဝါးခယ်မ) -------- ၅၃
ဗုဒ္ဓဖြစ်စဉ် ဓာတ်သက်အမြင်နှင့် ဂမ္ဘီရကျင့်စဉ်ယတြာများ(၂၈)
ဘုန်းပြည့်တေဇာဟိန်း -------- ၅၅
မင်းကွန်းတိပိဋကဓရ ဆရာတော်ဘုရားကြီး၏
အာဟာရနေယျဂုဏ်တော်ပုတီးစိပ်နည်း
ဒေါက်တာသန်းမိုင်းလင်း -------- ၅၈
ရောင်ပြန်မဂ္ဂဇင်းပြက္ခဒိန်
အင်ကြင်းဖြူဖြူ(တောင်ငူ) -------- ၆၈
ကိလေသာတရားဆိုးအပူမျိုး
မာမက(သုတေသီ) -------- ၇၃
တရုတ်နက္ခတ္တဗေဒင်ပညာ
ကေတီအောင်သိန်း -------- ၇၆
ထိုင်းနိုင်ငံ နက္ခတ္တဗေဒဆရာကြီး မိုဒူးပိုက်ဆံ၏
၂၀၁၃ ခုနှစ်၊ မြွေနှစ်အဟော
ဦးတိုး(တက္ကသီလ) -------- ၇၉
မနုသီဒ္ဓနက္ခတ်ဖွားများအတွက်ဟောကိန်း
ကာလီဒါရှိ(မြန်မာပြည်) -------- ၈၁
တရုတ်ဂမ္ဘီရဆရာကြီးကြူကုံး၏ အိပ်မက်အဖွင့်ကျမ်း
တက္ကသိုလ်မောင်တံခွန် -------- ၈၃
ကြီးပွားအောင်မြင်ရေးအတွက် အကြံပြုချက်
ဆရာရွှေ(နက္ခတ္တဗေဒပညာရှင်) -------- ၈၅
ပဋ္ဌာန်းတန်ခိုး အကျိုးအနန္တ(၉)
သူတော်စင်မင်းအောင် -------- ၈၈
ကွမ်းရင်မယ်တော်အား ဖူးတွေ့ခြင်း(၂)
ကေတီအောင်သိန်း -------- ၉၁
လူတို့တွင်ရှိသော အစွမ်းထက်ဂမ္ဘီရလက်ချောင်းများ
ကျော်ဇောဟိန်း(နံ့သာ) -------- ၁၁၀









ဆင်းရဲခြင်းမှ လွတ်ကင်းနိုင်ကြပါစေ
မင်းဖေမြင့်(မုဒုံ) -------- ၁၁
လောကီရိုးရာ မေ့သောခါဝယ်
ရှင်မဟော် -------- ၁၁
အစိမ်းမတောင် မကြောက်ဘူးကွယ်
မာလာရုံ -------- ၁၂
ပင့်ကူအကြောင်း သိကောင်းဖွယ်ရာ
သဒ္ဒါကျော်ဆရာတော် -------- ၁၃
အောင်မြင်ချမ်းသာ အောင်ရှစ်ချက်သစ္စာပန္နက်ဂါထာ
နင်းအဥ္စလီ -------- ၁၃
သက္ကရာဇ်ဖြိုသောမင်းများနှင့် ကျောက်စာပါသက္ကရာဇ်ဖြိုမှတ်တမ်း
တင့်နိုင်တိုး -------- ၁၄
လူ့ဘဝနှင့် ကျန်းမာရေး
ဦးတိုး(တက္ကသီလ) -------- ၁၄
ထွက်ရပ်ပေါက်ပုဂ္ဂိုလ်များ၏ ညွှန်ပြစောင်မမှု ရရှိပုံ(၅)
ဖိုးသန်းကျော်(ရေကြည်သား) -------- ၁၄
ဂဠုန်ဦးစော၏ ဇာတာအားစစ်ဆေးခြင်း
နှုမာန်(မိုးတား) -------- ၁၇
ရန်ဘေးကျည်လွှဲ ဂမ္ဘီရအဆောင်အစီအရင်ကလေး
မော်တင်သိန်းဇော်ဇ -------- ၁၀
ကိုးထပ်ကြီးဘုရားရှိခိုး
မောင်ပုတ်စည် -------- 
လုတောရှာပဟာသများ
ဦးကောင်းထူး -------- ၂၀
ဥပဒေပညာရှင် ဆရာဦးကျော်ဇောနိုင်
တက္ကသိုလ်သဒ် -------- 


www.burmeseclassic.com

www.burmeseclassic.com



အကိုတသာခါရုပ်ပွားတော်၊ ဦးတံရှည်ကြာပတ်ဆောင်းဟန်


တေးသံရှင် ကိုခင်မောင်တိုးနှင့် ကြိုးကြာသံ
ဘကြီးဇင် ———————————— ၂၁၇

US ခရီးသည်
မောင်ကောင်းမြင့် ———————————— ၂၂၀

နှင်းဆီနီနီ လှူကြပါ
နှင်းအဥလီ ———————————— ၂၂၉

ကဲတရားများ ဆန်းကြယ်လှပါ၏ သို့သော်...
နန္ဒာမောင်(သံဖြူဇရပ်) ———————————— ၂၃၀

ကြက်ပွဲမှ စစ်ပွဲ
ဒေါက်တာနန်းလှိုင် ———————————— ၂၃၃

စိတ်စွမ်းအင်ကြီးမား ရဟန္တာကိုရင်လေးပါး
ရေကျော်စိုးအောင် ———————————— ၂၃၅

မနောကဲ
ရှယ်လီသိန်းမောင် ———————————— ၂၃၇

ယတြာကောင်းလျှင်(ကိုကြီးကျော် မပလီပါ)
မောင်မောင်မြင့်အေး ———————————— ၂၄၂

ရေလည်းမြင့် ကြာလည်းတင့်စေ
အောင်အုံကြီးမောင် ———————————— ၂၆၄

ဆရာကြီးမင်းသိခ်၏ ရုပ်ပုံလွှာတစ်ပိုင်းတစ်စများ
လေးသုစံ ———————————— ၂၆၇

ထူးထူးခြားခြား ပုံပြင်များ(မြေမျိုသူ၏ငရဲ)
ဦးခင်းထွဏ်း(တာမွေ) ———————————— ၂၇၀

သရဲ တစ္ဆေပုံပြင်များ(မမြင်ရသောစိညာဉ်ကျေးဇူးတရား)
သတိုးသခ် ———————————— ၂၇၂

ထွက်လပ်ရေးမျိုးစေ့ ချပေးခဲ့သော
ဆရာတော်ဦးဥတ္တမအတ္တုပ္ပတ္တိနှင့် ကောက်ကြောင်း
ကိုမောင်သန်းဝင်း ———————————— ၂၇၄

တစ်လအတွင်း ကောင်းခြင်းမင်္ဂလာဒိုင်ယာရီ
ဆရာရွှေ(နက္ခတ္တဗေဒပညာရှင်) ———————————— ၂၈၃

သည်လအတွက် ကောင်းသောရက်
နှယ်သာကီအောင် ———————————— ၂၉၀

စိုက်ပျိုးရေးရာ သည်လမှာ
တောကကိုရင် ———————————— ၂၉၂

စက်တင်ဘာလမှာ ဆောင်ရွက်ပါ
နေမျိုးထွင့်ခေါင် ———————————— ၂၉၃

အလုပ်အကိုင် အောင်မြင်စေရန်
မဟိန္ဒီကျော်ခေါင် ———————————— ၂၉၄

သည်လဖွားအတွက် ကံဇာတာ
ဆရာမိုးဟန်ကြွယ် ———————————— ၂၉၅

အကြောင်းနှင့်အကျိုး
ငွန်မိုးခင် ———————————— ၂၉၆

တရုတ်ယထာဘူတပညာရှင် ကွန်ဖူးဇီး
မြသိန်း ———————————— ၂၉၇


လက္ခဏာပညာသမိုင်း
ဦးငြိမ်းအောင်(ရန်ကုန်တက္ကသိုလ်) ———————————— ၂၉၉

ဆင်စွယ်ပုတီး၏ အတွေးအမြင်များ
ရှယ်လီသိန်းမောင် ———————————— ၃၀၃

ကြိုက်ကြိုက် မကြိုက်ကြိုက်
ခိုင်ခင်အင်ကြင်း ———————————— ၃၁၃


ဂါထာ၊ စမပေး၊ ယတြာလောင်း ကျန်းမာရေးကောင်း
မော်တင်သိန်းဇော်ဇ ———————————— ၃၁၇

ဗုဒ္ဓဟူးနေ့ နတ်မတင်ရသောလေ့
ကျော်ဇောဟိန်း(နံ့သာ) ———————————— ၃၁၉


www.burmeseclassic.com

www.burmeseclassic.com



## မြန်မာ့ရေးရာ

ပုခန်းဆရာတော် ဦးပညာသာမိ၏ ဩဝါဒ
ထူးအောင်(ပန်းတနော်) ———— ၇

ဓမ္မစကြာ ထူးမြတ်ခါ ဝါဆိုလပြည့်မှာ
တက္ကသိုလ်သျှင်ဥက္ကာ(မဟာဝိဇ္ဇာ-ကျွမ်းမြူ) ———— ၅၁

မြတ်ဗုဒ္ဓကို ကိုးကွယ်ဆည်းကပ် ပူဇော်ရခြင်းကြောင့်
သိအပ်သောအကျင့်နှင့် ရနိုင်သောအကျိုးထူးများ
ဖိုးသန်းကျော်(ရေကြည်သား) ———— ၆၀

မင်္ဂလမြတ်စွာဘုရား
ဆင်ဖြူကျွန်းအောင်သိန်း ———— ၆၅

သာသနာ့အာဇာနည် သုတဗုဒ္ဓ ဆရာတော်အရှင်သူမြတ်တို့၏
ဆုံးမဩဝါဒတရားများ
အင်ကြင်းဖြူဖြူ(တောင်ငူ) ———— ၆၉

မဟာ့ဦးသူတော်ကြီး(၅)
လေးသူ့စံ ———— ၉၅

သစ္စာမိုးတွေ ရွာစေသော်
ခင်မေမိုး(မင်းကျိုက်) ———— ၂၃၉

ဝါခေါင်လ
ကျိုက်ထော်ခင်မိုးအေး ———— ၃၁၅

## ရောင်ပြန် မျက်နှာဖုံးဆောင်းပါး

ဒကွိဏာသာခါ
ကိုအေးမြင့်(မဟာဝိဇ္ဇာ၊ ရှေး-သု) ———— ၁၇

ဒကွိဏာသာခါဘုရား ကိုးကွယ်သူများ သတိထားစရာ
တက္ကသိုလ်အောင်ခိုင် ———— ၂၃

ဒကွိဏာသာခါအစ
သတိုးဆွေ ———— ၂၅


ဒကွိဏာသာခါရုပ်တုတော်စနစ် အခြေခံများ
ဒေါက်တာနန်းလှိုင် ———— ၃၀

ဒကွိဏာသာခါထုလုပ်ပုံ အယူအဆများ
ဒေါက်တာနန်းလှိုင် ———— ၃၉


ဒကွိဏာသာခါ ကိုးကွယ်ပူဇော်ပါ
မောင်စံထား(ခနဲဖြူ) ———— ၄၅

ဒကွိဏာသာခါ ဆိုသည်မှာ
သုတေသီဆရာငြိမ်း ———— ၄၇

ဒကွိဏာသာခါ ကိုးကွယ်ရာဝယ်
မင်္ဂလာဦးရွှေအိုး ———— ၄၉



www.burmeseclassic.com



မဟာသဒ္ဓမ္မဇောတိကဓဇ ပုခန်းဆရာတော် ဦးပညာသာမိ

www.burmeseclassic.com

www.burmeseclassic.com

# မဟာသဒ္ဓမ္မဇောတိကဓဇ ပုခန်းဆရာတော် ဦးပညာသာမိ ၏

## ဩဝါဒ

၁။ ကြည့်ကောင်းအောင်သွား၊ ကြားကောင်းအောင်ပြော
စားကောင်းအောင်လုပ်၊ ရှုပ်နဲ့နာမ် အကဲခတ်
ဘယ်တော့မှ ထမင်းမငတ်၊ ဘယ်တော့မှ အပါယ်မကျ။
၂။ ယုံကြည်ထိုက်သူဖြစ်အောင် ရိုးသားရမယ်။
အားကိုးထိုက်သူဖြစ်အောင် ကြိုးစားရမယ်။
လေးစားထိုက်သူဖြစ်အောင် စင်ကြယ်ရမယ်။

BURMESE CLASSIC .com

ဆရာတော်ကြီးသည် သာသဏသောဘဏီသိမ်တော်ကြီး၏ ခြေရင်းဘက်တွင် မုဥ္စလိန္ဒာအိုင်နှင့် နဂါးလိမ်ဘုရားတစ်ဆူအား ၁၃၆၉ ခုနှစ်၊ နတ်တော်လဆန်း (၁၀)ရက် နေ့တွင် ပန္နက်ရိုက်၍ စတင်တည်ထားခဲ့ပါသည်။

ဆရာတော်ကြီးသည် "သုံးပါးအသိ၊ လေးပါးအသိ မြင်အောင်ကြည့်၊ ယောဂီများ သိမှတ်ဖွယ်ရာ၊ လောကမာန်အောင်ဆုတောင်းပြည့်စေတီသမိုင်း၊ ဗုဒ္ဓဘာသာအခြေခံ သိမှတ်စရာ၊ တန်ဖိုးရှိမှ ချမ်းသာရ၊ ကပိုင်ဆရာတော်၏ ဩဝါဒကထာ၊ ရွှေဂူဆရာတော်၏ ဂုဏပူဇာထေရုပ္ပတ္တိကထာ၊ သုခမ္မာနိကာယစည်းမျဉ်းဥပဒေ၊ ဗုဒ္ဓဂယာဘုရားဖူးခရီးစဉ်၊ ဒုလ္လဘငါးလူကြိုက်များတရားတော်၊ သာသနာ့ဝိသောခနီကျမ်း" စသည့် စာအုပ်များကို လည်း ပြုစုရေးသား ထုတ်ဝေခဲ့ပါသည်။

ထူးအောင်(ပန်းတနော်)

www.burmeseclassic.com

www.burmeseclassic.com

# ပုဝိတုန်

မောင်နီမြင့်

◆ အသစ် ... အသစ် ... အသစ် ... တဲ့
တစ်ညလုံး
တစစ်စစ် ကိုက်ခဲနာကျင် ...။

◆ ဟုတ်ပြီ
မိုးလင်းတာနဲ့
လူသစ် စိတ်အသစ်
မျက်နှာသစ်လိုက်တယ်
မှန်ကြည့်တော့
မနေ့ကထက် ရင့်ထော်ရွတ်တွ ...။ ။



BURMESE CLASSIC .com
www.burmeseclassic.com

www.burmeseclassic.com

# လူ့သားအရင်းအမြစ်

ကျော်လွင်ဦး(ပျဉ်းမနား)

◆ စားဝတ်နေ လည်ပတ်နိုင်အောင်ပ
ကိုယ့်လက်ခြေ ခြေစုံရပ်ပါလို့
လိုအပ်ချက်အထွေထွေ
ကြုံပါစေမမှုပါ။

◆ မနက်လင်းလျှင်လ
ကြက်မင်းတွန်သံသာတော့
နံနက်စာ ညစာတွက်ကိုလ
ကြက်လိုယက်ကာ ဒေါင်ချာစိုင်းပါလို့
နေ့တိုင်းပ ဝင်ငွေရှာ။

◆ ခရီးတာ လျှောက်ကာကြည့်လေမှ
ကိုယ့်ဒူးနာ ကိုယ်သာသိပြီမို့
ချည့်နဲ့ကာ ယိုင်သော်လည်းလေ
ထိုင်နေလို့တော့ ဖြစ်မလာ
ငါဟာလေ ခရီးသွား။

◆ အဆီးအတား အလွှာထုကိုလ
သီးခြားကမ္ဘာတစ်ခုလိုပင်
အန်တုကာ မှုမထားပါဘဲ
လူ့သားအရင်းအမြစ်နှင့်
ထမင်းဟင်းဖြစ်ဖို့အတွက်
ခြေလက်အားထား။ ။



BURMESE CLASSIC .com
www.burmeseclassic.com

www.burmeseclassic.com

# တကယ့်လူ

နန္ဒာမိုးကြယ်

◆ မူစနစ်တွေနဲ့
လူဖြစ်ပေမဲ့
လူစစ်ဖို့ ခက်ပါသည်။

◆ ဒုစရိုက် ဖယ်ခွာချပါလို့
သုစရိုက် ဆယ်ဖြာခမ္ဘ
ပြည့်စုံရမည်။

◆ 'မနုဿတ္တဘာဝေါ ဒုလ္လဘော'တဲ့
ဘုရားဟော ဒေသနာအညီ
လူဖြစ်ပြီ ဆိုမှဖြင့်။

◆ ဘုံဘဝ လူ့လောကီမှာဖြင့်
လူပီအောင် လူ့တရားတွေနဲ့
ဈာန်မဂ်ဖိုလ် ဝေးကွာမသွားရအောင်
အားထက်သန် လုံ့လန္နိုးလို့ရယ်
ကြိုးစားကာ ... ကျင့်။ ။



www.burmeseclassic.com

www.burmeseclassic.com

# မိုးတစ်ညရဲ့ သောကမှတ်တမ်း

မောင်သင်းနွယ်(မြေပြန့်)

◆ မိုးတစ်ညပါ
ဆိုးလှစွာ အတိတ်အကြောင်းမှာ
စိတ်မကောင်းစရာ ကြုံပြီမိုး ...။

◆ ရက်ရှည်ကြာ သဲသဲမဲမဲ
မျက်ရည်ဖြာမစဲဘဲ
မခွဲခွာခင် ကိုယ်ငွေ့လှုံရင်း
ယုံတမ်းစကားလေး မပျက်ဝေစည့်
ခံတန်းလျားဘေး သက်သေတည်ပေ့ါမိုး ...။




◆ ဝမ်းနည်းစရာစကားတွေက
ကျွမ်းအသည်းမှာ နာကြားရတော့
တမာခါးသမျှ အရှုံးပိုက်ကာ
"မုန်းလိုက်ပါပြီမောင်"တဲ့
အမှောင်ဖွဲ့ခဲ့ မိုးတစ်ညမှာ
အဆိုးပြကာ ကျောခိုင်းလာတော့
သဘောအတိုင်းပါပဲ မိုး ...။

◆ အကြောင်း,အမြင်ခက်ပြီပေါ့
မပေါင်းချင်လျက်နဲ့ အဆိုးကဲကာ
ကောင်းကင်ထက်မှာ မိုးသည်းရွာပြီ
အငြိုးကဲစွာ ယူကျုံးမရပါ
အပူလုံးကြွကာ ယူကျုံးမရပါ
အမြင်မှာလည်း မျက်ရည်ဖြာ
ရက်ရှည်ကြာ ဝေဒနာနဲ့
မဖြေသာတာ အများအမြင်မို့
(ခုတော့ ...)
ပါးပြင်မှာလည်း ရွာပြီမိုး ...။ ။

www.burmeseclassic.com

www.burmeseclassic.com



# ဟေမန္တလက်သည်း

မောင်မောင်မျိုးသစ်(ရန်ကုန်တက္ကသိုလ်)

◆ မြက်ဖျားမှာ နှင်းစို့ရွှဲတော့
ခိုတွဲပေါ့ မြူတပ်ချီ။

◆ မြောက်ပြန်လေ ခွန်းအသွဲ့မှာ
ညွှန်းဖွဲ့ဝေစည်။

◆ တိမ်ထုတို့ မပလီ
မှုံပြာရီ နဂါးငွေ့။

◆ ဆောင်းဆိုတာ ဘယ်သူလဲ ...
"ငါပါပဲ ... ဟေ့"။ ။

www.burmeseclassic.com

www.burmeseclassic.com

# သူငယ်ချင်းတစ်ယောက် ရှိလေသည်

မောင်မိုးလှိုင်(သစ္စာမြေ)

- ချစ်သူငယ်ချင်း
  အာရုံသွင်း၍
  မင်းသူ့ကိုကြည့် ပြောချင်၏ ...။

- တစ်နဲ့တစ်ပေါင်း
  'နှစ်'ရကြောင်းကို၊ အပ်ကြောင်းထပ်မျှ
  ဒဿနတွေ၊ ခဏခဏ
  ပြောလွန်းလှ၍၊ စိတ်ကချဉ်လာ
  တမင်ပါပဲ သူငယ်ချင်း ...။

- သုံးထဲတစ်နှုတ်
  'နှစ်'သရုပ်ကို၊ ဖော်ထုတ်ဖြေပြ
  နှစ်ကျန်ရ၏
  ဒါမှမှန်တယ် ဆိုလိုက်ရော ...။

- နဖူးကြောတင်း
  ဒေါမာန်ခင်းပြီး၊ အတင်းထပြန်
  သူ့သဏ္ဌာန်ကို၊ ဗွီဒီယိုသာ
  ရိုက်ထားပါက၊ မင်းကြည့်ရဖို့
  ပြန်ပြချင်တယ် သူငယ်ချင်း ...။


- ချစ်သူငယ်ချင်း
  အာရုံသွင်း၍
  မင်းစဉ်းစားကြည့် ပြောချင်၏ ...။

- တွေးခေါ်ယူဆ
  ဒဿနတွေ၊ သူမှကေန်
  အမြဲမှန်ဟု၊ လေကန်တိုင်းမှာ
  ငြင်းတတ်ပါ၍
  ပြန်တာအေးတယ် သူငယ်ချင်း ...။ ။




www.burmeseclassic.com

www.burmeseclassic.com




# ဝေဠုရှုဖြည်

ကိုဘချော

◆ ဆောင်း (၁၀)
နွေ (၉)
မိုး(၇)
စနစ်တကျ ရေမချိုးဖြစ်ခဲ့ပါ ...။

◆ ကဗျာစာအုပ်ထုတ်ဖြစ်ရင်
မောင်စိန်ဝင်း(ပုတီးကုန်း)ဖြစ်ချင်ဖြစ်
ညနေခင်းတွေ အားနာပါးနာရှိခဲ့ရင်
(ကို)မိုးကြယ်လိုဖြစ်ချင်ဖြစ်
ဘိုင်စကုပ်တစ်ကားလောက်ရိုက်ဖြစ်ရင်
ရွှေဘလိုဖြစ်ချင်ဖြစ်
'ဘရက်ပစ်'လောက်တော့ မမှန်းဘူး ...။

◆ သင်ပုန်းကြီးမှာ
'က'ကြီးအစ 'ဠ'ကြီးအဆုံး
ဗျည်း(၃၂)လုံးပဲ ရှိတာမဟုတ်လား ...။

◆ အလောဘ
အဒေါသ
အမောဟ
ကျဆုံးလေပြီးသောခေါင်းဆောင်ကြီးများကို
အလေး ... ပြု ...။

www.burmeseclassic.com

www.burmeseclassic.com

# အကောင်းမြင်တေး

ဖြိုးထိန်

◆ ဟိုတုန်းက
နေရာတိုင်းမှာ
သချိုင်းနဲ့မျက်ရည်
တစ္ဆေနဲ့သရဲ ...။


◆ ဟိုတုန်းက
ငှက်ကျေးတွေလည်း တေးမဆိုတော့
ပျားပိတုန်းလိပ်ပြာတွေလည်း
ပန်းမာတွေပေါ် မဝဲပျံတော့
ကောက်နှံတွန့်ခြောက် ရေမသောက်တော့ ...။

◆ ဟိုတုန်းက
အကျဉ်းစခန်းတွေကလည်း မှိုလိုပေါက်
အလုပ်လက်မဲ့တွေကလည်း ထူပြော
ငွေစက္ကူတွေကလည်း တောင်မလဲသဲကော်
ကုန်ဈေးနှုန်းတွေကလည်း
အနုမြူပုံးထက် ကြောက်စရာကောင်းကောင်း
ဝဝ်မွတ်ရောဂါတွေလကည်း
နေရာအနှံ့ ငရဲပွက်
သိကြတဲ့အတိုင်း
တို့တိုင်းဌာနီ
သရောကြီးခိုင်းလုပြီ ...။

◆ ခုတော့
အမိမြေပေါ်က
ဖိနှိပ်တဲ့ နှင်းခဲချော်ရည်တွေ
အရည်ပျော်ကျသွားခဲ့ပြီ ...။

◆ ညစ်ပတ်တဲ့ လအစား
လတ်ဆတ်တဲ့ လေတိုက်နေပြီ
နေမင်းကို ထွေခင်းကစားလို့ရပြီ
လရောင်ကို ခွေးမဟောင်တော့
ကောက်နှံတွေတွန့်ခြောက်
ရေမသောက်တော့
ပန်းတိုင်းပွင့်၍ မွှေးနေပြီ
ငှက်တေးတကြော်ကြော်အော်နေပြီ
လိပ်ပြာတောင်ပံခတ်သံညံပြီ
ပျားရည်ဘဏ်တိုက် ဆောက်ကြပြီ ...။

◆ ခုတော့
လွှတ်တော်နဲ့
ဖွဲ့စည်းပုံနဲ့
အမတ်တွေနဲ့
ကျက်သရေလည်းရှိ
မွန်မြတ်မှုလည်းရှိ
ဂုဏ်သိက္ခာလည်းရှိတဲ့
စိမ်းနေဦးမည့် ကျွန်တော့်မြေ
ရွှေနိုင်ငံတည်ဆောက်ရေး
ကဗျာနဲ့လုပ်အားပေး
အကောင်းမြင်တေး ရေးချင်တယ် ...။ ။



www.burmeseclassic.com

www.burmeseclassic.com

# ဒက္ခိဏသာခါ



ကိုအေးမြင့်(မဟာဝိဇ္ဇာ၊ ရှေး-သု)

www.burmeseclassic.com

www.burmeseclassic.com

ခရီးသွားဝါသနာပါသော ကိုယ့်ကို အဘိုးနှင့်တူသည်ဟု ပြောကြသည်။ သွင်ရုံမှာ ရပ်ရှင်လက်မှတ်တန်းစီတိုးရင်း ဗိုလ်ချုပ်လမ်းတစ်ဖက်ခြမ်းမှ မီးရထားလက်မှတ်တန်းစီသော သူငယ်ချင်းနှင့် ပါသွားပြီး မန္တလေးရောက်၊ ထိုမှ မုံရွာ၊ ကလေးဝ၊ ကလေး၊ တမူး အိန္ဒိယနယ်စပ်တို့အထိ ခြေဆန့်ခဲ့မိသောကြောင့်ဖြစ်၏။ အဘိုးကလည်း ထမင်းစားရင်း ငရုတ်သီးစိမ်း တို့ချင်လို့ ချောင်းကမ်းပါး ဆင်းရှာရင်း ပုသိမ်ရောက်သွားခဲ့ကာ မွေးကင်းစကလေး ကင်ပွန်းတပ်မှပင် ပြန်ရောက်လာခဲ့သောဟူ၏။ အဘိုးကို ကိုယ်ခရီးထွက်ဖို့ကြံတိုင်း သတိရမိသည်။ အဘိုးကိုသတိရတိုင်းလည်း ဆယ်တန်းအောင်သည့်အထိ အဘိုးနှင့်အတူ အိပ်ခဲ့ရသည်ကို အောက်မေ့မိသည်။ အဘိုး၏ ဆေးတံမှ ဆေးချေးများခေါက်ချသံ တဒေါက်ဒေါက်ကိုလည်း ကြားယောင်မိသေး၏။ ထို့ပြင် အဘိုးမနက်စောစောထပြီး ဘုရားရှိခိုးတိုင်း ကိုယ်စာထကျက်ခဲ့ရသည်ကိုလည်း မမေ့။ ထို့ထက်ပို၍ သတိရသည်မှာ အဘိုး၏ ဘုရား။ ဒက္ခိဏာသာခါ . . .။

ရှေးဟောင်းသုတေသန ဘာသာရပ်မှ ဆင်းတုတော်များသမိုင်းကို သင်ကြားရသောအခါ ဒက္ခိဏာသာခါဘုရားနှင့်အတူ အဘိုး၏ ဘုရားရှိခိုးသံကိုလည်း ကြားနေမိပြန်သည်။ ဟိုတုန်းက "အဘိုးဘုရားကလည်း…"ဟု ကိုယ်ဝေဖန်ရန် ပါးစပ်ပြင်လိုက်တိုင်း "တယ် . . . ဒီကလေးဟာ ငရဲကြီးလိမ့်မယ်"ဟု အဘိုးက ကြိမ်းပြီးဟန့်တတ်သည်။ ပုပုတိုတို ခန္ဓာကိုယ်၊ မျက်နှာလေးထောင့်စပ်စပ်နှင့် လည်ကုပ်ပျောက်နေသော အဘိုး၏ ဆင်းတုတော်ကလေးကို အမေ့အိမ်မှ နှုတ်ခမ်းတော်နီနီရဲရဲ ကျောက်ဆင်းတု ဖွေးဖွေးလေးနှင့် ယှဉ်ပြီး ကြည့်ခဲ့မိခြင်းကြောင့် ဖြစ်၏။ သဘောကောင်းပြီး ပျော်ပျော်နေတတ်သော အဘိုးက "ဒက္ခိဏာသာခါဆင်းတုတော်တွေဟာ အမြင်တစ်မျိုးထူးလို့ ငါ့မြေးက မလှဘူးထင်ပေမယ့် သိပ်အဓိပ္ပာယ်ရှိတယ်ကွ" အစချီလျက် ရှင်းပြလေတော့သည်။

## ဒက္ခိဏာသာခါဆင်းတုတော် ပေါ်ပေါက်လာပုံ

မဇ္ဈိမတိုင်း၊ ပါဋလိပုတ်ပြည်တွင် အသောကမင်းကြီးလက်ထက်တော်က ဖြစ်၏။ အသောကမင်းကြီးက သားတော်မဟိန္ဒကို သီဟဠ(သီဟိုဠ်ကျွန်း)သို့ သာသနာပြု စေလွှတ်ထားသည်။ သီဟိုဠ်ဘုရင် ဒေဝါနံပိယတိဿ၏ ညီတော်အိမ်ရှေ့မင်း မဟာနာဂ၏ မိဖုရား အနုဠာဒေဝီသည် ရဟန်းပြုလိုကြောင်း မင်းအား တောင်းဆိုလာသည်။ မင်းက ရှင်မဟိန္ဒကို လျှောက်ထားရာ အိန္ဒိယနိုင်ငံရှိ နှမတော် သံဃမိတ္တာထေရီမကို ပင့်ရန်မိန့်တော်မူ၏။ မင်းလည်း တူတော် အရိဋ္ဌအမတ်ကို ပါဋလိပုတ်သို့ သွားရောက်ပင့်ဆောင်စေသည်။ အနုဠာဒေဝီလည်း အခြံအရံ ၁၀၀၀ နှင့်အတူ ဆယ်ပါးသီလ ဆောက်တည်ကာ ဖန်ရည်ဆိုးသော အဝတ်ကိုဝတ်ပြီး ကျောင်းဆောက်ကာ စောင့်နေလေ၏။

အရိဋ္ဌအမတ်လည်း ပါဋလိပုတ်ပြည်သို့ သွားရောက်ကာ ခမည်းတော်ဖြစ်သော မင်းကြီးကို လျှောက်ထားလေသည်။

မင်းကြီးလည်း ဗုဒ္ဓဂယာရှိ မဟာဗောဓိပင်သို့ ကြွချီကာ ရတနာအင်းပျဉ်သို့တက်ပြီး ဆေးဒါန်းမြင်းသီလာတို့ကို ရွှေစုတ်ဖြင့် တို့ယူကာ တောင်ဘက်အကိုင်းတွင် အရေးအသားပြု၏။ မင်းကြီး၏ သစ္စာအဓိဋ္ဌာန်ကြောင့် ဆေးဖြင့် ပိုင်းခြားထားရာမှ ပြတ်ပြီး အင်းပျဉ်ထက်သို့ ကျလေသည်။

မင်းကြီးလည်း သမီးတော် သံဃမိတ္တာကို ဗောဓိပင်အား ဆောင်ယူစေလျက် သီဟိုဠ်ကျွန်းသို့ လွှတ်၏။

ထိုကျွန်းတွင် ပြန်လည်စိုက်ပျိုးပြီး ဖြစ်ထွန်းလာသော ဗောဓိပင်ကို ဇမ္ဗူဒီပကျွန်းမှ မဟာဗောဓိပင်၏ တောင်ကိုင်းဖြစ်သောကြောင့် ဒက္ခိဏာသာခါမဟာဗောဓိဟု ခေါ်ကြကုန်သည်။ ယူဆောင်သွားသော ညောင်သီး၊ ညောင်စေ့တို့ကို စိုက်ပျိုးရာတွင်လည်း ညောင်ပင် ၄၁ ပင် ပေါက်လေ၏။ အနုဠာဒေဝီလည်း ရဟန်းပြုကာ ရဟန္တာဖြစ်သွားသည်။

အရိဋ္ဌအမတ်နှင့် အခြံအရံတို့လည်း ရဟန်းပြု၍ ရဟန္တာဖြစ်သွားလေ၏။ လက်ာဒ်ပကျွန်းသားတို့သည် ထိုမဟာ

"ဒက္ခိဏာသာခါ ဆင်းတုတော်တွေ ဟာ အမြင် တစ်မျိုးထူးလို့ ငါ့မြေးက မလှဘူးထင်ပေမယ့် သိပ်အဓိပ္ပာယ် ရှိတယ်ကွ"



www.burmeseclassic.com

www.burmeseclassic.com

ဗောဓိပင်မှ ဗောဓိသားများကို ဗုဒ္ဓရုပ်တော်များ ထုလုပ်ကြသည်။

သို့ဖြစ်ရာ ဒက္ခိဏာသာခါ ဆင်းတုတော်တို့သည် ခရစ်တော်မပေါ်မီ ၂၆၀ ခုနှစ်၊ တတိယသင်္ဂါယနာတင် သီရိဓမ္မာသောကမင်းကြီး လက်ထက်တော်မှ စတင်ပေါ်ပေါက်လာသည်ဟု ဆိုရပေမည်။

ထိုဆင်းတုတော်မျိုး အဆူ ၃၀၀ ကျော်သည် သက္ကရာဇ် ၇၈၈ ခုနှစ်၊ မိုးညှင်းမင်းတရား လက်ထက်တော်တွင် မြန်မာပြည်သို့ ရောက်ရှိလာ၏။ မင်း၊ မှူးမတ်၊ ပြည်သူတို့ ကိုးကွယ်ကြရလေသည်။

နောက်မင်းများ လက်ထက်တွင်လည်း ဆက်လက်ရောက်ရှိလာသည်။ ထိုဆင်းတုမျိုးကို ဒက္ခိဏာသာခါဟု ခေါ်ကြသည်ဟု မုံရွေး ဇေတဝန်ဆရာတော်က "သမန္တ စက္ခုဒီပနီ"တွင် ဖော်ပြထား၏။

သမန္တပါသာဒိကာ ဝိနယ အဋ္ဌကထာ နိဒါန်းနှင့် မဟာဝံသကျမ်းတို့တွင်လည်း ထိုဆင်းတုတော် ပေါ်ပေါက်လာပုံကို ရှင်းပြထားသည်။

## ဟိန္ဒူဗြာဟ္မဏတို့၏ ဒက္ခိဏာမုတ္တိရုပ်ပွားတော်

အိန္ဒိယပြည်တွင် ဗုဒ္ဓသာသနာ မထွန်းကားမီ ကာလများက ဟိန္ဒူဗြာဟ္မဏဝါဒီတို့ လွှမ်းမိုးခဲ့ဖူး၏။

ထိုဝါဒီတို့၏ အထွတ်အမြတ်ဖြစ်သော သီဝ(Shiva) နတ်ဘုရားကြီးမှ ယောဂအကျင့်များ၊ ဂီတအနုပညာများနှင့် ဝိဇ္ဇာသိပ္ပံအတတ်ပညာများကို သင်ကြားပေး၏။ တောင်ဘက်အရပ်ကို မျက်နှာမူပြီး ယောဂအကျင့်နှင့် ဉာဏ်စဉ်များကို ပို့ချနေသော သီဝနတ်ကို သရုပ်ဖော်ဆောင်ပေးသည့် ရုပ်တုတော်မှာ ဒက္ခိဏာမုတ္တိ ဖြစ်သည်။

ယင်းရုပ်ပွားတွင် ယောဂါယနဝိဏာဓရ ဉာဏဓရနှင့် ဗျာချာနဒက္ခိဏာမုတ္တိဟု ထပ်မံခွဲခြားထား၏။

ထိုရုပ်ပွားများသည် ပဒုမာသန ကြာပလ္လင်ပေါ်တွင် ဝီရာသနဟန်ဖြင့်ထိုင်ကာ ဉာဏမုဒြာဖြင့် ရှိနေ၏။ ကြာညိုပန်းကို ကိုင်ဆောင်ကာ ဦးခေါင်းတော်တွင်လည်းကောင်း၊ လက်ျာနားတွင်လည်းကောင်း ကြာပန်းပန်ဆင်ရသည်။

ထိုရုပ်ပွားကို ဗိဿနိုးဂိုဏ်းမှလည်း ကိုးကွယ်လေသည်။ ကိုးကွယ်ပါက ဈာန်တန်ခိုး၊ ဉာဏ်ပညာ၊ အတတ်ပညာများ ပြည့်စုံကာ မင်္ဂလာများ ပြည့်စုံစေသော အကျိုးရှိ၏။ ရေတွင်ပစ်လည်းမနစ်၊ မီးတွင်ပစ်လည်း မချစ်၊ ရန်ဟူသမျှကိုလည်း အောင်နိုင်၏ဟု ဆိုကြသည်။

ဗုဒ္ဓယဉ်ကျေးမှုသည် ဗြဟ္မဏအယူမှ နီးနွယ်လာခြင်းဖြစ်ရာ ထိုဒက္ခိဏာမုတ္တိ ကိုးကွယ်မှုကို ဆင်တူပြုကာ ဗုဒ္ဓယဉ်ကျေးမှုအတွင်းသို့ သယ်မိတ္တထေရီ အမှူးပြုသော သံဃာတော်တို့က အစားထိုး သွတ်သွင်းခဲ့ခြင်း ဖြစ်ပေမည်။

မည်သို့ဆိုစေ ဒက္ခိဏာသာခါ ဆင်းတုတော်များ ထုလုပ်ကိုးကွယ်ခြင်း ဓလေ့သည် မြန်မာနိုင်ငံတွင်ကား ယနေ့တိုင် ထွန်းကားနေဆဲပင်။ ထုလုပ်စဉ်က ရုပ်ပွားတော်သည် အင်္ဂါလက္ခဏာများ ပြည့်စုံပြီး အချိုးအဆစ်လည်း ညီညွတ်ပေလိမ့်မည်။

တထာဂတသာ ရုပ္ပ-တင့်တယ်သပ္ပာယ်စွာ ရှိခဲ့ပေလိမ့်မည်။

ကာလကြာညောင်းလာသော ယနေ့ခေတ်တွင်ကား ရွှေလျှော်ဖောက်ပြန်ကာ ဦးခေါင်းမဏိတော် ဖောင်းပွခြင်း၊ လည်ပင်းတော် တိုခြင်း၊ ကျောတော်

ယခုအခါ အဘိုး၏ ဘုရားကျောင်းဆောင်မှ ဆင်းတုတော်ကဲ့သို့သော ခေါင်းတော်ကြီးကြီး၊ လည်ကုပ်တိုတို၊ ကျောကုန်း ကုန်းကွကွဖြင့် စီရင်ထုလုပ်ထားသည့် 'ဒက္ခိဏာသာခါ'ဟူသော ဆင်းတုတော် ပုံဟန်တစ်မျိုးသည် ပိုပိုပြင်ပြင် ဖြစ်ထွန်းပေါ်ပေါက်နေပေပြီ။

www.burmeseclassic.com

ကုန်းကွခြင်း စသဖြင့် ပုံပန်းပျက်လာရလေပြီ။

## ဒက္ခိဏသာခါရုပ်ပွားတော် စီရင်ပူဇော်နည်းလင်္ကာ

စပ်ဆိုခဲ့သော ပညာရှင်၏ အမည်၊ အချိန်အခါတို့ကို မသိရပြားသော်လည်း အလွန်စိတ်ဝင်စားဖွယ် ကောင်းသော လင်္ကာလေး ဖြစ်သည်။

"ကြားပိမ့်နှောင်လာ၊ သာခကတို့၊ ပဋိမာ မာဏ၊ လက္ခဏာဟု၊ ဗုဒ္ဓမုနိ တုမရှိသည်၊ ဒက္ခိဏသာခါ၊ မဟိမာကို၊ အင်္ဂါညီညွတ်၊ ဆရာမြတ်တို့ ရည်မှတ်ဖန်ဆင်း။ ပြုလိုလျှင်းက၊ မယွင်းကြန်အင်၊ ဗောဓိပင်၏ ကိန်းခွင်နည်းကျ၊ သတ္တသတ္တ၊ နဝကိုးလီ၊ ပြည့်စုံညီအောင်၊ ပီပီပြင်ပြင်၊ စီရင်ထုလုပ်၊ ဂါထာစုတ်၍၊ မန်းမှုတ်တင်မြှောက်၊ သိဒ္ဓိပေါက်စေ၊ ကိုးကွယ်လေတော့၊ အနေကဇာ၊ တိသံသာဟု၊ သံဃာခုနစ်ပါး၊ သံပြိုင်ကြား၍၊ လျှောက်ထားစေ့ရေ၊ ခုနစ်ထွေစင်ကြယ်၊ ခုနစ်သွယ်ရတနာ၊ ခုနစ်ဖြာဗောဇ္ဈင်၊ နေ့စဉ်ခုနစ်ရက်၊ မပျက်လျှူဖွယ်၊ ခုနစ်သွယ်ဖြင့်၊ တောင်စွယ်ကိုင်းဖျား၊ ဗောဓိသားကို၊ ဘုရားခုနစ်ဆူ၊ အာရုံမူလျက်၊ ဆင်းတုရုပ်တု၊ ပုံသွန်းပြု၍၊ ထုတိမင်္ဂလာ၊ မာဘ်သက်ပါအောင်၊ ကိုးဖြာဂုဏ်တော်၊ မွက်ဖော်ရွတ်ဆို၊ ရွှေမှိုကိုးချက်၊ ညောင်ရွက်ကိုးချပ်၊ ကြာဖတ်ကိုးသွယ်၊ စလွယ်ကိုးဆင့်၊ ကိုးပွင့်ပဒုမာ၊ ကိုးဖြာသီလ၊ နဝလောကုတ္တရာ၊ ဓမ္မနဝင်းကျေအောင်၊ ကိုးထွေကိုးလီ၊ ကျမ်းဂန်ညီညွတ်၊ ရည်မှတ်ကိုးသွယ်၊ ဆောင်ရွက်ဖွယ်ကို၊ လွယ်လွယ်လင်္ကာ၊ စကားထာဖြင့်၊ မိန့်မှာမြွက်ကြား။ စနစ်ထားသည်၊ သိကြား နာခံစေလတ်သော်။" ဟူ၏။

## တောင်စွယ်ကိုင်းဖျား ဗောဓိသားကို ထုလုပ်ထားသော ဒက္ခိဏသာခါ

ဒက္ခိဏသာခါ ဆိုသည်မှာ ပါဠိဝေါဟာရအရ (ဒက္ခိဏ-တောင်၊ သာခါ-အကိုင်းအခက်၊ ဂိုဏ်းခွဲ)ဟု အနက်ထွက်လာသောကြောင့် မဟာဗောဓိပင်၏ လက်ျာဘက် တောင်ကိုင်း၊ "တောင်စွယ်ကိုင်းဖျား၊ ဗောဓိသားကို" ထုလုပ်ထားသော ရုပ်ပွားတော်ဟု အဓိပ္ပာယ်ရ၏။

ဒက္ခိဏသည် "လက်ျာဘက်၊ မြင့်မြတ်သော၊ လျှူဖွယ်ဝတ္ထု၊ ကျွမ်းကျင်မှု၊ ဉာဏ်ပညာ၊ လိမ္မာရေးခြားရှိမှု၊ ဒက္ခိဏကုန်းမြင်မြင့်အရပ်" ဟူသော အဓိပ္ပာယ်များကိုလည်း ပေးပါသေးသည်။

သို့ဖြစ်ရာ မြင့်မြတ်သော သစ်ကိုင်းမှ ထုလုပ်သော၊ လက်ျာဘက်အကိုင်းမှ ထုလုပ်သော၊ ဒက္ခိဏကုန်းမြင့်ဒေသမှ ရောက်လာသော တောင်ပိုင်းဗုဒ္ဓသာသနာ ဂိုဏ်းခွဲမှ ထုလုပ်သော အနုလက်ရာ ဆင်းတုတော်ဟူ၍လည်း ဖွင့်ဆိုနိုင်သေးသည်။

သမန္တစက္ခု ဒီပနီကျမ်းတွင် ဗောဓိညောင်ပင်သား မဟုတ်သည့်တိုင်၊ တောင်ဘက်ကိုင်းမှ အသားမဟုတ်သည့်တိုင် သန့်ရှင်းစင်ကြယ်သော မည်သည့် ဗောဓိပင်သားနှင့်မဆို ဒက္ခိဏသာခါဆင်းတုတော် ထုလုပ်နိုင်ကြောင်း ဆိုထားသေး၏။

သို့ဖြစ်ရာ အခုအခါ သစ်သားမျိုးစုံဖြင့် ထုလုပ်ရောင်းချနေပေပြီ။ ပညာရှိဆရာတော်ကြီးများကမူ စရည်းပင်၊ ပေါက်ပင်၊ နဘဲပင်၊ ကံ့ကော်ပင်၊ ထောက်ကြံ့ပင်၊ ထင်းရှူးပင်၊ ထိန်ပင်၊ ကြံခတ်ဝါးပင်၊ ရေခံတက်ပင်၊ စံကားပင်၊ မဟာလှေကားပင်၊ သရက်ဖြူပင်၊ အင်ကြင်းပင်၊ ကုက္ကိုပင်၊ ရေသဖန်းပင်၊ ပညောင်ပင် စသော အခြားသော ဘုရားရှင်များ ပွင့်ထွန်းတော်မူရာ ဗောဓိပင်တစ်မျိုးမျိုးနှင့်မူ ထုလုပ်နိုင်ကြောင်း ဆိုထားခြင်း ဖြစ်ပေသည်။

## သတ္တ သတ္တံ ခုနစ်ပါး ခုနစ်လီ ပြည့်စုံညီသော ဒက္ခိဏသာခါ

ခုနစ်ရက်တိုင်တိုင် ပူဇော်ချီးမြှောက်၍ စီရင်ရခြင်း၊ ဝိသုဒ္ဓိအင်္ဂါခုနစ်ရပ်နှင့် ပြည့်စုံရခြင်းဟူသော အချက်များမှာလည်း ဒက္ခိဏသာခါ ဆင်းတုများ၏ ထူးခြားချက်များ ဖြစ်သည်။

ယင်းတို့မှာ -

**၁။ သံဃာခုနစ်ပါး၊ သံပြိုင်ကြား၍**

တနင်္ဂနွေ တနင်္လာသားမှ စနေသားအထိ နေ့ခုနစ်နေ့ဖွား သံဃာတော် ခုနစ်ပါးတို့က သံပြိုင်ချီးမြှောက်ပေးရခြင်း။

**၂။ ခုနစ်[illegible]စင်ကြယ်**

သီလစင်ကြယ်ခြင်း၊ စိတ်၏ စင်ကြယ်ခြင်း၊ အယူဝါဒ၏ စင်ကြယ်ခြင်း၊ ယုံမှားကင်းစင်ခြင်း၊ မဂ်လမ်းအမြင်စင်ကြယ်ခြင်း၊ ကျင့်စဉ်ပဋိပဒါ စင်ကြယ်သန့်ရှင်းခြင်း၊ ဉာဏ်အမြင်စင်ကြယ်ခြင်း ဟူသော ဝိသုဒ္ဓိခုနစ်ပါးနှင့် ပြည့်စုံသော ပုဂ္ဂိုလ်ရဟန္တာများမှ ဆောင်ရွက်ချီးမြှင့်ရခြင်း။

**၃။ ခုနစ်သွယ် ရတနာ**

သဒ္ဓါ၊ သီလ၊ သုတ၊ စာဂ၊ ပညာ၊ ဟိရီ၊ ဩတ္တပ္ပ စသော အင်္ဂါခုနစ်ပါးနှင့် ပြည့်စုံသော ကိုးကွယ်သူ ဒကာ၊ ဒကာမများလည်း ဖြစ်ရခြင်း။

**၄။ ခုနစ်ဖြာ ဗောဇ္ဈင်**

သတိ၊ ဓမ္မဝိစယ၊ ဝီရိယ၊ ပီတိ၊ ပဿဒ္ဓိ၊ သမာဓိ၊ ဥပေက္ခာ စသော ဗောဇ္ဈင်ခုနစ်ပါးကိုလည်း အာရုံပြုပြီး ရွတ်ဖတ်သရဇ္ဈာယ်ရခြင်း။



www.burmeseclassic.com

www.burmeseclassic.com

**၅။ နေ့စဉ် ခုနစ်ရက်**

ရက်သတ္တတစ်ပတ်လုံးလုံး နေ့စဉ်မပျက် အဆက်မပြတ် စီရင်ရခြင်း။

**၆။ မပျက်လှူဖွယ် ခုနစ်သွယ်ဖြင့်**

ရေ ၇ ခွက်၊ ဆီမီး ၇ တိုင်၊ ဆွမ်း ၇ လုတ်၊ သစ်သီး ၇ မျိုး၊ ပန်း ၇ ပွင့်၊ တံခွန်ကုက္ကား ကြက်လျှာ ၇ စင်း၊ ထီး ၇ ပွင့်ဟူသော လှူဖွယ်ခုနစ်မျိုးဖြင့်လည်း ပူဇော်လှူဒါန်းကြရခြင်း။

**၇။ ဘုရားခုနစ်ဆူ အာရုံမပျက်**

ပွင့်တော်မူပြီးသော ဝိပဿီ၊ သိခီ၊ ဝေဿဘူ၊ ကကုသန်၊ ကောဏာဂုံ၊ ကဿပ၊ ဂေါတမ ဘုရားရှင်များကို ရှိခိုးကန်တော့ကာ ဆောင်ရွက်ကြရခြင်း စသော အင်္ဂါခုနစ်ရပ်နှင့်လည်း ပြည့်စုံရသည်။

**နဝကိုးလီ ပြည့်စုံညီသော ဒက္ခိဏာသာခါ**

ဆင်းတုတော် ထုလုပ်ရာတွင် ကိုးထွေ ကိုးလီဟုလည်း ဆိုကြသော ရွှေမှို ၉ ချက်၊ ညောင်ရွက် ၉ ချပ်၊ ကြာဖတ် ၉ သွယ် စသဖြင့် ကိုးမျိုးကိုးလီ စုံညီအောင် ဆောင်ရွက်ကြရသည်။ ယင်းတို့ကား...

**၁။ သုတိမင်္ဂလာ၊ ဓာတ်သက်ပါအောင်၊ ကိုးဖြာဂုဏ်တော်၊ မြွက်ဖော်ရွတ်ဆို**

ဗောဓိပင်၏ လက်ျာတောင်ကိုင်းသားကို ရုပ်ပွားတော် ထုလုပ်ရန် ဖြတ်တောက်သောအခါတွင်လည်း ဘုရားဂုဏ်တော်ကိုးပါးကို အာရုံပြုပြီး ရွတ်ဆိုပေးရပေမည်။ ထိုသို့ ဂုဏ်တော်များကို ရွတ်ဆိုပူဇော်ပေးခြင်းဖြင့် မြတ်စွာဘုရား၏ အမြိုက်ဓာတ် အငွေ့အသက်သည် ထိုအကိုင်းတွင် ကိန်းဝပ်သွားမည် ဖြစ်၏။

**၂။ ရွှေမှိုကိုးချက်**

ရုပ်ပွားတော် ထုလုပ်ပြီးနောက် ရွှေမှို ၉ ချက် နှံသောအခါတွင်လည်း ဂုဏ်တော်တစ်ပါးစီ ရွတ်ဆိုရင်း ဥပမာ အရဟံ တစ်ချက်၊ သမ္မာသမ္ဗုဒ္ဓေါ တစ်ချက်၊ ဗုဒ္ဓေါ တစ်ချက် စသဖြင့် မှိုတစ်ချက်စီ နှံရမည်။

**၃။ ညောင်ရွက်ကိုးချပ်**

အရဟံမှ ဘဂဝါတိုင်အောင် ဂုဏ်တော်ရွတ်ရင်း ညောင်ရွက် ၉ ချပ်ကို ကိုယ်တော်ပတ်လည် ပလ္လင်စသည်တို့တွင် နှံရမည်။

**၄။ ကြာဖတ်ကိုးသွယ်**

ပဒုမာသနပုံ ပေါ်စေရန် ကြာမှောက်ကြာလန် ပိသွပဒုမ္မာကြာခံ ပလ္လင်တော်ကို ဖော်ဆောင်ရာတွင်လည်း ကြာပွင့်ဖတ်ကိုးသွယ်ပေါ်အောင် ကြာတစ်ချပ်ချင်းစီကို အရဟံ စသဖြင့် ရွတ်ဆိုခံပေးရမည်။

**၅။ စလွယ်ကိုးဆင့်**

ဆင်းတုတော်၏ သင်္ကန်းတော်ကို ကိုးသွယ်ရစ် ဆင်စလွယ်တင်သကဲ့သို့ ပုံဖော်ပေးရမည်။ အချို့ကမူ ကိုးရွက်ရွှေကြာဟု ဆိုကာ ကြာရွက်ဆောင်းပုံ၊ ကြာရွက်ခံပုံများကို စီရင်ကြသည်။

**၇။ ကိုးဖြာသီလ**

ရဟန်းသံဃာများမှအပ ဆင်းတုထုလုပ်ဆောင်ရွက်နေသူများသည် ကိုးရက်တိတိ ဥပုသ်ယူကာ နဝင်္ဂဥပုသ်သီလကို စောင့်ထိန်းကြရမည်။

**၈။ နဝလောကုတ္တရဓမ္မ**

ဆင်းတုတော် စီရင်နေစဉ်အတွင်းတွင် မဂ်လေးပါး၊ ဖိုလ်လေးပါး၊ နိဗ္ဗာန်တည်းဟူသော လောကုတ္တရာတရားကိုးပါးအကျိုးကို ရလိုပါ၏ဟု ဆုတောင်းသစ္စာပြု အဓိဋ္ဌာန်ဝင်ကာ ဆောင်ရွက်ကြရမည်။

**၉။ နဝင်းကျေအောင်**

အခါတော်ပေး မင်္ဂလာအချိန်သည်လည်း နက္ခတ်ကိုးခိုင်ကိုက်ညီပြီး နဝင်းကျေနေရမည်။ အချို့ကမူ လပြည့်ကျော်ကိုးရက်၊ လဆန်းကိုးရက်နှင့် ကိုက်ညီရမည်ဟု ဆိုကြ၏။

အချို့ကလည်း ပလ္လင်ကိုးခန်းတွင် အမြတ်ဆုံးဖြစ်သော အပရာဇိတပလ္လင်တော်ကို နဝင်းကျေအောင် ထုလုပ်ရန်မှာထားချက်ဟု ယူဆကြ၏။

ထိုအချက်ကြီး ၈ ချက်အပြင် ၁-ဂဏန်း၊ ၂-ဂဏန်း စသော ၉-ဂဏန်းအထိသော သင်္ချာများကို ရုပ်ပွားတော်၏ အောက်ရှိ ပလ္လင်တော်တွင် ထိုးနှံထားခြင်းဖြင့်လည်း နဝကိုးလီ၊ ပြည့်စုံညီအောင် စီရင်ကြသေးသည်။

**ပိပိပြင်ပြင် စီရင်ထုလုပ်**
**ဂါထာရုတ်ထားသော ဒက္ခိဏာသာခါ**

မူလက ဒက္ခိဏာသာခါ ဆင်းတုတော်များကို မျက်လုံး၊ နှာခေါင်း၊ မေးစေ့၊ လည်ပင်း၊ ပခုံး၊ လက်ရုံး၊ လက်မောင်း၊ လက်ချောင်း၊ လက်မများကို အချိုးအဆစ်ကျနပြေပြစ်စွာ အိန္ဒိယတောင်ပိုင်းသားတို့၏ လက်ရာဖြင့် ပိပိပြင်ပြင် စီရင်ထုလုပ်ခဲ့ကြပေမည်။

ထိုသို့စီရင်ထု ဘာ အချောသတ်ပြီးသည့်နောက်တွင် -

"ဣတိပိသော ဘဂဝါ..."

"ယဒါ ဟဝေ ပါတု ဘဝန္တိဓမ္မာ"

စသော ဂါထာများ၊ ပဋိစ္စသမုပ္ပါဒ် ပဋ္ဌာန်းဒေသနာများဖြင့် ရွတ်ဖတ်ပူဇော်ရပေသေးသည်။

**'အနေကဇာ တိသံသာ' ဟုသံပြိုင်ကြား၍ လျှောက်ထားစေ့ရေရသော ဒက္ခိဏာသာခါ**

ထို့ပြင် သံဃာတော်ခုနစ်ပါးကလည်း -



www.burmeseclassic.com

www.burmeseclassic.com

"အနေကဇာတီသံသာရံ···"

အစချီသော ဗုဒ္ဓါဘိသေက သိဒ္ဓိတင် ဥဒါန်းဂါထာတော်ကို ရွတ်ဖတ်သရဇ္ဈာယ်ပေးကာ ပူဇော်ရင်း ဘုရားအနေကဇာတင်ပေးရမည်။ သို့သော် တန္တရစ်ဝါဒ(Tantric) ဆန်ဆန် ဩဪ၊ ဥုံ၊ ဖွ၊ သွားဟ စသော ဂါထာများဖြင့်ကား ရွတ်ဆိုသိဒ္ဓိတင်ရန် မလိုပေ။

ထိုသို့ ပါဠိတော်များကို မှန်ကန်စွာ ဌာန်ကရိုဏ်းကျကျ၊ ပီပီသသ သံပြိုင်ရွတ်ဆို ပူဇော်ပေးပြီးသောအခါ ပူဇော်ခံထိုက်သော ရုပ်ပွားတော်မြတ်အဖြစ်သို့ ရောက်တော်မူလေ၏။ ကြည်ညိုသဒ္ဓါထက်သန်စွာသော လူတို့ မြတ်နိုးစွာ ကိုးကွယ်ကြလေတော့သည်။

## ဂုဏ်ကိုးရပ်နှင့် မြတ်သော ဒက္ခိဏာသာခါ

သို့ဖြစ်ရာ ဒက္ခိဏာသာခါဆင်းတုတော်များသည် -

(၁) ဇမ္ဗူဒီပါ တောင်ကျွန်းတွင် ပေါက်သော ဗုဒ္ဓ၏ဖွားဖက်တော် ခနစ်ပါးစာရင်းဝင် မဟာဗောဓိညောင်ပင်မှ ထုလုပ်ခြင်း။

(၂) မြတ်စွာဘုရား ပွင့်တော်မူသော မဟာဗောဓိပင် ဖြစ်ခြင်း။

(၃) မဟာဗောဓိပင်၏ တောင်ကိုင်းဖြစ်ခြင်း (သစ်ပင်ကြီးများ၏ တောင်ဘက်အကိုင်းသည် နေရောင်ထိသောအပိုင်းဖြစ်သဖြင့် အသားမာပြီး ကြာရှည်ခံသည်၊ ပိုမိုအရောင်တောက်ပသည်ဟူသော ရက္ခဗေဒနည်းအရ အားသာချက်များ ရှိနေသည်)။

(၄) ထိုအကိုင်းမှ သက်တော်ထင်ရှား ဘုရားရှင်၏ ပုံတော်နှင့်တူညီအောင် အရှင်မဟိန္ဒ၊ နှမတော် သင်္ဃမိတ္တာ စသော ရဟန္တာမထေရ်ကြီးများက စီရင်ထုလုပ်ခြင်း။

(၅) တတိယသင်္ဂါယနာတင်ပွဲ အထိမ်းအမှတ် ကိုးတိုင်း ကိုးဌာနသို့ သာသနာပြုစေလွှတ်သည့် အထိမ်းအမှတ်ဖြစ်ခြင်း။

(၆) ဒက္ခိဏာပထ-တောင်ပိုင်း အိန္ဒိယ အနုပညာယဉ်ကျေးမှုလက်ရာဖြစ်ခြင်း။ (မူရင်းလက်ရာတွင် ပဒုမာသန၊ ပဒုမာဟတ္ထ စသော ကြာပန်းအရိပ်အငွေ့များ လွှမ်းမိုး... ရှိသည်။ ကြာဖက်ဆောင်းခြင်း၊ ကြာပလ္လင်ခံခြင်း စသော ယဉ်ကျေးမှုလက်ရာများသည် တောင်ပိုင်းသားတို့၏ ယဉ်ကျေးမှုဖြစ်သည်။)

(၇) ရှိခိုးပူဇော်ခြင်းကို ခံထိုက်အောင် အနေကဇာတင်ထားခြင်း။

(၈) လင်္ကာဒီပ သီဟိုဠ်ကျွန်းသို့ ပထမဆုံး ဗုဒ္ဓသာသနာတော်ရှိလာသော သမိုင်းဝင် ရုပ်ပွားတော်ဖြစ်ခြင်း။

(၉) အင်္ဂါအရပ်ရပ်နှင့် ကိုက်ညီပြည့်စုံအောင် စီရင်ထုလုပ်ခြင်းတို့ကြောင့် မြတ်သောဆင်းတုတော် ဖြစ်လေ၏။

ယခုအခါ အဘိုး၏ ဘုရားကျောင်းဆောင်မှ ဆင်းတုတော်ကဲ့သို့သော ခေါင်းတော်ကြီးကြီး၊ လည်ကုပ်တိုတို၊ ကျောကုန်း ကုန်းကွကွဖြင့် စီရင်ထုလုပ်ထားသည့် ဒက္ခိဏာသာခါဟူသော ဆင်းတုတော် ပုံဟန်တစ်မျိုးသည် ပီပီပြင်ပြင် ဖြစ်ထွန်းပေါ်ပေါက်နေပေပြီ။

သို့ဖြစ်ရာ ဤဆင်းတုတော်မျိုးကိုလည်း အခြားသော ဗုဒ္ဓဆင်းတုတော်များနယ်ပင် တင့်တယ်ကြည်ညိုဖွယ် ထုလုပ်သင့်လှပါသည်ဟု ထင်မိသော်လည်း ဒက္ခိဏာသာခါ ဆင်းတုတော်၏ လက္ခဏာတော်များ ပါရှိနေမှုကြောင့် နှင်းအဘိုး၏ မလှမပ ဆင်းတုတော်လေးကိုမှု သူ့အတိုင်းပင် မြတ်နိုးနေမိပြန်ပါသည်။

**ကိုအေးမြင့်(မဟာဝိဇ္ဇာ၊ ရှေး-သု)**


စာကိုး

- တတိယနှစ် အဝေးသင်ကျောင်းသားများအတွက် အရှေ့တိုင်းယဉ်ကျေးမှုပညာ ပို့ချချက်များ။
- ဒေါက်တာသန်းထွန်း၊ ဒေါက်တာခင်မောင်ညွန့်၊ ဦးညွန့်ဟန်တို့၏ ရှေးဟောင်းသုတေသနပညာဌာန သင်ခန်းစာများ။ ရန်ကုန်တက္ကသိုလ်။
- ဒေါ်တင်မာရီ၊ ဗုဒ္ဓဆင်းတုတော်များ အဆင့်ဆင့်ပြောင်းလဲလာပုံ၊ ပြတိုက်ပညာသင်ခန်းစာ၊ ယဉ်ကျေးမှုတက္ကသိုလ်၊ ရန်ကုန်။
- ဒေါက်တာသန်းထွန်း၊ မြန်မာ့ဗုဒ္ဓသာသနိက အနုပညာလက်ရာ၊ ကွန်သာယာသမိုင်း အုပ်ဆောင်းစာစဉ် အမှတ် (၄)၊ ၂၀၀၄၊ ရန်ကုန်။
- တိုက်စိုး၊ ယဉ်ကျေးမှုအထိမ်းအမှတ်များ၊ စာပေဗိမာန်၊ ၁၉၈၆၊ ရန်ကုန်။
- စဝ်ထွန်းမှတ်ဝင်း၊ မြန်မာ့ရိုးရာပဋိမာသိပ္ပံပညာ၊ အာသနပလ္လင်တော်နှင့် ဝါဟန စီးတော်ယာဉ်များ၊ သာသနာရေးဦးစီး၊ ၁၉၈၁၊ ရန်ကုန်။
- စဝ်ထွန်းမှတ်ဝင်း မြန်မာ့ရိုးရာပဋိမာသိပ္ပံပညာ၊ မုဒြာများ၊ သာသနာရေးဦးစီး၊ ၁၉၈၁၊ ရန်ကုန်။
- Ye Naing- A Garland of Lectures on Myanmar Buddhist Art and Architecture, Dagon University, 2004.
- Dr. Than Tun - Buddhist Art and Architecture, May, 2002, Yangon.

www.burmeseclassic.com

# ဒက္ခိဏာသာခါဘုရား

## ကိုးကွယ်သူများ သတိထားစရာ

> ဘုရားကိုးကွယ်မှုတွင် မည်သည့်အသားနှင့် ထုဆစ်ကိုးကွယ်ခြင်းဆိုင်ရာ အကျိုးရှိမှု အမျိုးမျိုးခံစားရတာ အရေးကြီးသလို ဒက္ခိဏာသာခါဘုရားကိုးကွယ်ရာတွင်လည်း များစွာ အရေးကြီးပေ၏။

တက္ကသိုလ်-**အောင်ခိုင်**

ယင်းကိစ္စကို ကျွန်ုပ် သက္ကရာဇ် ၉ ရက် အဓိဋ္ဌာန်ဝင် ဒုလ္လဘာရဟန်းဝတ် တရားထိုင်ခဲ့စဉ်က ရွှေအင်ဒုံဂူ(ဘီးလင်းမြို့ တောရကျောင်းတိုက်)တရားသောက်ဆရာတော်၏ ကိုးကွယ်မှုဆိုင်ရာ ရှင်းပြ၍ သိရှိခဲ့ရပါ၏။

ဒက္ခိဏာသာခါဘုရားပူဇော်တဲ့အခါ မဏ်ဍပ်တော်မှာ ကြာကိုးရွက်၊ ပလ္လင်သုံးဆင့်၊ **တစ်**ဆင့်လျှင် အခန်းသုံးခန်း၊ တစ်ခန်းမှာ တစ်ခုစီ ပါရပါမယ်။

ပါရမယ့် ပုံတွေက ခရုသင်း၊ ငုံး၊ ရဟန္တာ၊ ပစ္စေကဗုဒ္ဓါ၊ သိကြား၊ နေမင်း၊ **လမင်း**၊ ဝိဇ္ဇာဓိုရ်၊ ဗြဟ္မာတို့ ဖြစ်ပါတယ်။



www.burmeseclassic.com

www.burmeseclassic.com

ပါးတော်၊ ပခုံးတော်နှစ်ဖက်၊ တင်ပါးတော်နှစ်ဖက်၊ လည်ကုပ်တော်၊ နောက်စေ့တော်၊ နဖူးသင်းကျစ်တော်တို့မှာ တစ်ရွက်စီ စုစုပေါင်း ကိုးရွက်၊ ဒို့ကိုးချက်မှာ ဓာတ်တော်အစစ်များ ဌာပနာရမယ်။ မောဂ္ဂလိပုတ္တတိဿ မထေရ်မြတ်က သီရိဓမ္မာသောကမင်းကြီးကို စီရင်ပေးခဲ့လို့ ဇမ္ဗူဒိပ်တစ်ကျွန်းလုံး အထက်တစ်ယူဇနာ၊ အောက်တစ်ယူဇနာအထိ အစိုးရတယ်လို့ ယုံကြည်ကြ၏။

ဒက္ခိဏသာခါဘုရားပလ္လင်မှာ ထည့်သွင်းထားတဲ့ ရုပ်ပုံတွေနဲ့ အကျိုးသက်ရောက်မှုများကတော့ -

ခရုသင်း - သိကြားမင်းရဲ့ ဝိဇယယုဇ္ဇ ခရုသင်းပုံဟာ ကြားရာအရပ်က ရန်သူများကို ~~ာင်နိုင်တယ်။ ဘေးရန်အမျိုးမျိုးကို က[illegible] နိုင်တယ်။

ငုံးရုပ် - တစ်ဆယ့်ခြောက်ပတ်စာ မီးကွင်းကာ ကမ္ဘာတည်တဲ့ ရတနာငုံးမင်းပုံတော် ဖြစ်ပါတယ်။

ရဟန္တာ - အိမ်မှာထားပြီး ကိုးကွယ်ဆည်းကပ်တဲ့သူတွေ အလွယ်တကူ သားဖွားနိုင်တယ်။ ရဟန္တာအရှင်မြတ်က အရှင်အင်္ဂုလိမာလ ရုပ်ပုံတော်ဖြစ်ရမယ်။

ပစ္စေကဗုဒ္ဓါ - သစ္စာဆိုလို့ ဇမ္ဗူဒိပ်တစ်ကျွန်းလုံး နောင်အိမ်မှာမိနေတဲ့ သတ္တဝါအားလုံးအပေါင်းတို့ကို လွတ်စေနိုင်တယ်။ ကိုးကွယ်သူတို့ကို အနှောင်အဖွဲ့မှ လွတ်ကင်းစေနိုင်တယ်။

သိကြားမင်း - သိကြားမင်းရဲ့ပုံဟာ အလိုရှိတိုင်း ဖန်ဆင်းကာ အလိုရှိတိုင်း ကိစ္စတို့ကို အောင်နိုင်တယ်။

နေမင်း - နေမင်းကို တိုင်တည်ပြီး ဆုတောင်းမေတ္တာပို့ပါက အလိုလို ကိစ္စဟူသမျှ ပြီးမြောက်နိုင်တယ်။

လမင်း - ကိုးကွယ်တဲ့သူကို ချစ်ခင်နှစ်သက် မျက်နှာပွင့်လန်းစေပြီး ကျော်စောနိုင်ပါတယ်။

ဝိဇ္ဇာဓိုရ် - အကြားအမြင်ကို လွယ်လွယ်နဲ့ ပေါက်မြောက်စေနိုင်တယ်။

ဗြဟ္မာမင်း - မေတ္တာတန်ခိုးနဲ့ သတ္တဝါအပေါင်းတို့ကို လွှမ်းမိုးနိုင်တယ်။

ပလ္လင်အောက်မှာ အနောဒတ္တအိုင် ခံရမယ်။ ရေတွေ့တဲ့ ကြာပန်းလို သတ္တဝါတို့ကို အမြဲမပြတ် ရွှင်လန်းစေနိုင်တယ်။

အနောဒတ္တအိုင်မှာ ငါးကြင်းရုပ် ပါရမယ်။ သာသနာတော် ၅၀၀၀ ရှည်ကြာမြင့်အောင် တည်တံ့မှုလိုတယ်။ ရွှေမှို ၉ ချက်က ဘုရားရှင်ရဲ့ ဂုဏ်တော်ကိုးပါးကို ပြပါတယ်။

အဲဒီလို ဒကာကြီး မှတ်ထားပါ။ ရေးနည်းရေးမှုဟောင်းအမှန်ပါပဲ။ ဌာန်ကရိုဏ်းကျကျ ကိုးကွယ်မှုမှန်မှ ချမ်းသာရမယ်။

ဒက္ခိဏသာခါ မြတ်စွာဘုရားကို ပူဇော်ရရင် ပြီးရောဆိုတဲ့ သဘောမထားနဲ့။ အဓိပ္ပာယ်ယုတ္တိ မှန်ဖို့လည်း လိုတယ် ဒကာကြီး။ (ထိုအချိန်က ကျွန်ုပ်မှာ ဒုလ္လဘရဟန်းဘဝမှ လူဝတ်လဲပြီးနေပါပြီ။)

ဒကာက စာရေးဆရာဆိုတော့ ဦးပဥ္စင်းပြောသလို စာနယ်ဇင်းတွေကနေပြီး အများသူငါ သိရှိ ဗဟုသုတရအောင် ကြံဆောင်ပေါ့လေ။

"မှန်ပါဘုရ ။ တပည့်တော်လည်း ကုသိုလ်ဖြစ် ဓမ္မဒါနဓမ္မသာဝက၊ ဓမ္မဘ ာဝနာ၊ ဓမ္မဒါနာ ပွားများအောင် ကြံဆောင်ပါ့မယ်ဘုရား"

ဤတွင် ကျွန်ုပ်လည်း ဆရာတော်အား ဝတ်ဖြည့်ရှိခိုးကန်တော့လျက် တောရကျောင်းတိုက်မှ ရန်ကုန်သို့ ပြန်ရောက်ခဲ့ပါသည်။

ဓမ္မမိတ်ဆွေများ ဝိနည်းလက္ခဏာပြည့်ဝစွာ လိုက်နာကျင့်သုံးပါက အထက်ပါအကျိုးများ ရရှိပါမည်။ ယုံကြည်အားကိုးသဒ္ဓါထက်သန်သလောက် အကျိုးအမြတ် ရရှိပါလိမ့်မည်။

သုဒိဋ္ဌာဟောထ ဇုက္ခမုဋ္ဌထ

(တက္ကသိုလ် `အောင်ခိုင်





www.burmeseclassic.com

www.burmeseclassic.com

# ဒက္ခိဏသာခါအစ

သတိုးဆွေ

ဒက္ခိဏသာခါဘွဲ့တော်ချီသော ဆင်းတုတော်များသမိုင်းကြောင်းကို မရေးသားမီ မည်သည့်အခါ မည်သည့်ကာလက ဆင်းတုတော်များကို စတင်ကိုးကွယ်ဆည်းကပ်ခဲ့သည်ဟူသော အကြောင်းကို တင်ပြလိုပါသည်။ ဗုဒ္ဓဘာသာဝင်များ ကိုးကွယ်သမ္မပြုကြသော စေတီလေးမျိုးတွင် ဆင်းတုတော်များမှာ ဥဒ္ဒိဿစေတီတွင် ပါဝင်၏။ ဥဒ္ဒိဿဆိုသည်မှာ ရည်မှတ်၍ ကိုးကွယ်ခြင်းဖြစ်၏။ ဘုရားရှင်ကိုယ်စား ဘုရားရှင်အဖြစ် ရည်မှတ်ကိုးကွယ်ခြင်းဖြစ်၏။

ဘုရားရှင်ကိုယ်စား ရည်မှတ်၍ ကိုးကွယ်မှုသည် ဘုရားရှင် သက်တော်ထင်ရှားရှိစဉ်ကာလကပင် ရှိခဲ့သည်ဆိုသော် ဆန်းကြယ်သယောင်ဖြစ်၍နေ၏။ သို့သော် ဘုရားရှင်လက်ထက်တော်က ဒကာတော် ပသေနဒီကောသလမင်းကြီး၏ တောင်းပန်မှုကြောင့် ဘုရားသခင်ခွင့်ပြုတော်မူခဲ့ခြင်း ဖြစ်၏။

ပသေနဒီကောသလမင်းကြီးသည် ဘုရားရှင်အား ဖူးမြော်ရန် ဇေတဝန်ကျောင်းတော်သို့ သွားရာတွင် ဘုရားရှင် ဒေသစာရီကြွတော်မူခိုက်နှင့် ကြုံနေ၍ ဖူးမြော်ခွင့်မရရှိရာ စိတ်မချမ်းမသာဖြစ်ခဲ့ရ၏။

ဘုရားသခင် ဒေသစာရီမှ ပြန်ကြွလာပြီး ကျောင်းတော်သို့ ပြန်ရောက်သောအခါ ကောသလမင်းကြီးသည် ဘုရားသခင်အား သွားရောက်ဖူးမြော်ပြီး ဘုရားရှင်ကိုယ်စား ရုပ်ပွားတော်ထုလုပ်ကိုးကွယ်ခွင့်ပြုပါရန် လျှောက်ထားလေ၏။

ဘုရားရှင်သည် ထုလုပ်ကိုးကွယ်ခွင့်ပြုသည့်အပြင်၊ မင်း,ပုဏ္ဏား,သူဌေး, သူကြွယ်,ဆင်းရဲသားတို့သည် မိမိတို့ စွမ်းအားအလျောက် ငွေဖြင့်လည်းကောင်း၊ ရွှေဖြင့်လည်းကောင်း၊ ပတ္တမြားဖြင့်လည်းကောင်း၊ ကြေးဖြင့်လည်းကောင်း၊ သံဖြင့်လည်းကောင်း၊ ခဲဖြင့်လည်းကောင်း၊ ကြေးနီဖြင့်လည်းကောင်း၊ သစ်ဖြင့်လည်းကောင်း၊ အုတ်ဖြင့်လည်းကောင်း၊ ကျောက်ဖြင့်လည်းကောင်း၊ အဆင်းရှိသောဆေးဖြင့်လည်းကောင်း၊ ကျောက်မျက်ရွဲတို့ဖြင့်လည်းကောင်း၊ သွန်းသော်လည်း သွန်းအပ်၏။ ထုသော်လည်း ထုအပ်၏။ ရေးသော်လည်း ရေးအပ်၏ဟု မိန့်တော်မူ၏။

ဓုင်းအပြင် ထုအပ်သော သွန်းအပ်သော ပုံသဏ္ဌာန်များကိုလည်း မာရ်စစ်သည်ကို အောင်တော်မူဟန်၊ ဓမ္မစကြာတရားဟောတော်မူဟန်၊ ရင်လက်ခတ်တီးဟန်၊ အရှင်အာနန္ဒာအား မြွေမှုန့်ပြတော်မူဟန်၊ ကပ္ပိနမင်းကြီးကို ဖန်ဆင်းပြတော်မူဟန်စသော ပလ္လင်ခွေထိုင်တော်မူပုံများ၊ ရတနာစင်္ကြံနှင့် စင်္ကြံကြွတော်မူသောလှမ်းတော်မူပုံ၊ အနိမိသကုန်း၌ မမှိတ်သောမျက်စိဖြင့် ကြည့်တော်မူသော ရပ်တော်မူသောပုံ၊ လျောင်းစက် ကျိန်းတော်မူပုံ၊ ပရိနိဗ္ဗာန်ပြုတော်မူစသော လျောင်းတော်မူပုံများကို ထုလုပ်ကိုးကွယ်နိုင်သည်ဟု မိန့်ကြားတော်မူခဲ့၏။ ရုပ်ထုကိုးကွယ်မှုနှင့် ပတ်သက်၍ ရခိုင်ဘုရင်တောင်းပန်မှုကြောင့် ဘုရားရှင် ရင်ငွေ့လှုံပြီး သွန်းသို



www.burmeseclassic.com

www.burmeseclassic.com

အပ်သော မဟာမြတ်မုနိဘုရားကြီးမှာ ထင်ရှားသော သာဓကတစ်ရပ် ဖြစ်ပေ၏။

ဤသို့ ရုပ်ပွားတော်များကို ထုလုပ် သွန်းလောင်းရာ၌ အ ူးသတိပြုရမည့် အချက်မှာ ကြည်ညိုဖွယ်အသရေတော်ကို ဆောင်သည့် ပါသာဒိကဂုဏ်နှင့်ပြည့်စုံအောင် ဆောင်ရွက်ခြင်းဖြစ်၏။ ဤမျှဆိုလျှင် ဆင်းတုတော်ကိုးကွယ်မှုသမိုင်းကြောင်းကို ထိုက်သင့်သလောက် သိရှိပြီဖြစ်ရာ ဒက္ခိဏာသာခါဟူသော ပုဒ်၏ အဓိပ္ပာယ်ကို လေ့လာရန် လိုအပ်ပါသည်။

မဂဓဘာသာအားဖြင့် ဒက္ခိဏာသည် တောင်အရပ်၊ သာခါသည် အကိုင်းဖြစ်၏။ ဤနေရာ၌ ဒက္ခိဏာသာခါသည် မဟာဗောဓိပင်၏ လက်ျာတောင်ကိုင်းကို ရည်ညွှန်းခြင်းဖြစ်၏။ ထိုမဟာဗောဓိပင်၏ လက်ျာတောင်ကိုင်းမှ ထုလုပ်သော ဘုရားဖြစ်၍လည်း ဒက္ခိဏာသာခါဘုရားဟု ခေါ်တွင်ခြင်း ဖြစ်၏။

ဤဒက္ခိဏာသာခါဗုဒ္ဓရုပ်ပွားတော်များ မြန်မာနိုင်ငံသို့ ကြွချီရောက်ရှိလာပုံနှင့် ပတ်သက်၍ အယူအဆနှစ်ရပ်ရှိခဲ့၏။ ထိုနှစ်ရပ်စလုံးပင် လက်ခံနိုင်သော အယူအဆများ ဖြစ်သည်ဟု ထင်မြင်မိပါ၏။

ပထမအယူအဆမှာ မဇ္ဈိမဒေသမှ ရောက်ရှိလာခြင်း ဖြစ်၏။ ဒုတိယအယူအဆမှာ သီဟိုဠ်ကျွန်းမှ ရောက်ရှိလာခြင်း ဖြစ်၏။

ပထမအယူအဆအရ သီရိဓမ္မာသောကမင်းကြီးသည် ကိုးတိုင်း ကိုးဌာနသို့ သာသနာပြုများစေလွှတ်တော်မူရာ၊ အရှင်သောဏနှင့် အရှင်ဥတ္တရတို့ ပင့်ဆောင်လာ၍ သုဝဏ္ဏဘူမိသထုံပြည်သို့ ရောက်ရှိလာသည်ဟူ၍လည်းကောင်း၊ ဒုတိယအယူအဆအရ ဒက္ခိဏာသာခါရုပ်ပွားတော်များသည် သီဟိုဠ်ကျွန်းမှတစ်ဆင့် မြန်မာနိုင်ငံသို့ ရောက်ရှိလာသည်ဟူ၍လည်းကောင်း ဖြစ်ပေ၏။

သို့ဖြစ်ရာ အချိန်ကာလကွဲပြားမှုအရ နှစ်ဌာနစလုံးက ဒက္ခိဏာသာခါရုပ်ပွားတော်များ ကြွရောက်တော်မူလာသည် ဆိုသည်မှာ လက်ခံနိုင်သော အဆိုများသာ ဖြစ်ပေသည်။

ဒက္ခိဏာသာခါ မဟာဗောဓိ၏ လက်ျာတောင်ကိုင်း မဇ္ဈိမဒေသမှ သီဟိုဠ်ကျွန်းသို့ ရောက်ရှိလာပုံ အခြင်းအရာမှာ ကြည်ညိုဖွယ်ရာကောင်းလှ၍ အမြွက်မျှ ဖော်ပြလိုပါသည်။

ရှေးမဆွကပင် သီရိဓမ္မာသောကမင်းကြီးသည် မဟာဗောဓိကို သီဟိုဠ်ကျွန်းသို့ ပို့ဆောင်ရန် ဆန္ဒရှိသော်လည်း ဖြတ်ယူစေဟု . . မစေခိုင်းဝံ့ရှိခဲ့ရ၏။ ယခုအကြောင်းတိုက်ဆိုင်လာသောအခါ သားတော် မောဂ္ဂလိပုတ္တအရှင်မြတ်က ဗောဓိပင်သည် သီဟိုဠ်ကျွန်းသို့ ရောက်အပ်ရောက်ထိုက်၏။ ဘုရားရှင်ကလည်း အဓိဋ္ဌာန်ငါးချက်ပြုခဲ့ဖူး၏ဟု မိန့်ကြားသောအခါမှ ကြည်ညိုသဒ္ဓါပွားများလာပြီးလျှင် မဟာဗောဓိတောင်ကိုင်းကို သစ္စာအဓိဋ္ဌာန်ပြု၍ ဖြတ်တောက်ရန် စီမံတော်မူ၏။ မင်းကြီးသည် ဒက္ခိဏာသာခါမဟာဗောဓိကို ယူရန်အတွက် မြေပြင်မှ မဟာဗောဓိလက်ျာတောင်ကိုင်းသို့ ရောက်သည်အထိ မြေကိုမြှင့်စေပြီးလျှင် ယင်းမြေပြင်၏ အထက်တွင် ရတနာ ၇ ပါးချယ်လှယ်ထားသော အင်းပြင်ကို ခင်း၏။ ၎င်းအပေါ်တွင် ဝိသကြုံနတ်သားပန်းထိမ်အသွင်ဆောင်၍ဖန်ဆင်းအပ်သော . . အဝန်း ကိုးတောင်၊ အမြင့် ငါးတောင်၊ အချင်း သုံးတောင်၊ ထုလဟ်ရှစ်သစ် ရှိသော ရွှေဖျဉ်းအိုးကို တည်ထားတော်မူစေ၏။ မင်းကြီးသည် ရွှေစုတ်တံကို ကိုင်တော်မူလျက် မဟာဗောဓိလက်ျာတောင်ကိုင်းကို ဆေး ဒန်းမြင်းသီလာဖြင့် ရေးသားတော်မူ၏။ ပြီးလျှင် "အကယ်၍ မဟာဗောဓိပင်သည် သီဟိုဠ်ကျွန်း၌တည်ထိုက်သည်ဖြစ်အံ့၊ အကယ်၍ ငါသည်လည်း ဗုဒ္ဓမြတ်စွာသာသနာ၌ ယုံမှားခြင်းမရှိသည်ဖြစ်အံ့၊ မဟာဗောဓိလက်ျာတောင်ကိုင်းသည် အလိုလိုသာလျှင် ဤရွှေဖျဉ်းအိုး၌ သက်ရောက်တည်ပါစေသတည်း"ဟု အဓိဋ္ဌာန်ပြုလေ၏။ မဟာဗောဓိပင်၏ လက်ျာတောင်ကိုင်းသည်လည်း ဆေးဒန်းမြင်းသီလာသားရာအရပ်မှ ပြတ်ကာ ရွှေဖျဉ်းအိုးအတွင်းသို့ သက်ဆင်းကျရောက်တည်ရှိလေ၏။

ထိုမဟာဗောဓိလက်ျာတောင်ကိုင်းကို သီရိဓမ္မာသောကမင်းကြီး၏သမီးတော် သံဃမိတ္တာထေရီမသည် သီဟိုဠ်ကျွန်း၌ အိမ်ရှေ့မိဖုရား အနုဠာဒေဝီနှင့် ဖေရ

www.burmeseclassic.com

သတို့သမီးတစ်ထောင်တို့ကို ဘိက္ခုနီဘောင်သို့ သွတ်သွင်းရန်အသွားတွင် ပင့်ဆောင်သွားလေသည်။

သီဟိုဠ်ကျွန်းသို့ရောက်သောအခါ ဒေဝါနံ ပီယတိဿမင်းကြီးနှင့်တကွ . . ပြည်သူအပေါင်းတို့ အထူးထူးသော ပူဇော်မှုများကို ပြုကြရ၏။ ဒက္ခိဏသာခါ မဟာဗောဓိသည် အတောင်ရှစ်ဆယ်ခန့်မြင့်သော ကောင်းကင်သို့ ပျံတက်ကာ ရောင်ခြည်တော် ခြောက်သွယ်တွန့်မြူးတော်မူ၏။

ယင်းရောင်ခြည်တော်တို့သည် သီဟိုဠ်ကျွန်းလုံးကို ပျံ့နှံ့ရုံမက၊ အထက်ဗြဟ္မာပြည်အထိ ပျံ့တက်တည်ရှိတော်မူခြင်း၊

ယင်းတန်ခိုးပြာဋိဟာကို မြင်ရ၍ ပီတိပါမောဇ္ဇဖြစ်သောကြောင့် တစ်ထောင်သော ယောကျ်ားတို့သည် အစဉ်အတိုင်း ဝိပဿနာဖြစ်စေ၍ အရဟတ္တဖိုလ်သို့ ဆိုက်ရောက်ကာ ရဟန်းပြုတော်မူကြခြင်း၊

ဒက္ခိဏသာခါမဟာဗောဓိသည် နေဝင်သည့်တိုင်အောင် ကောင်းကင်၌ တည်ရှိပြီးနောက်၊ နေဝင်သောအခါ ရောဟဏီနက္ခတ်နှင့်ယှဉ်သည်နှင့်တစ်ပြိုင်နက် မြေပြင်သို့ သက်ရောက်တော်မူခြင်း၊

မြေပြင်သို့ရောက်သည်နှင့် တစ်ပြိုင်နက် နှစ်သိန်းလေးသောင်းယူဇနာအထုရှိသော ပထဝီမြေကြီးသည် ချီချီလက်အုပ်၊ ချပ်၍ကော်ရော် ပူဇော်မြတ်နိုး ကိုးကွယ်သည့် အမူအရာအသွင်ဖြင့် ရေလျှင်အပိုင်းအခြားထိအောင် သွက်သွက်ခါမျှ တုန်လှုပ်ခြင်းအစရှိသော မဖြစ်ဘူးမြဲ ထူးကဲသည့် အခြင်းအရာတို့ ဖြစ်ပေါ်လာခြင်း စသည်တို့ကို အံ့ဩဖွယ်ရာ ဖူးမြင်ကြရလေ၏။

ဤသို့အစရှိသော အထူးထူးသော အခြင်းအရာတို့ဖြင့် မဇ္ဈိမဒေသမှ သီဟိုဠ်ကျွန်းသို့ ရောက်ရှိလာသော မဟာဗောဓိကို သီဟိုဠ်ပြည့်ရှင် ဒေဝါနံပီယတိဿမင်းကြီးသည် အထူးထူးသော ပူဇော်မှုတို့ကို ပြုခွင့်ရပေ၏။ မဟာဗောဓိ၏ အကိုင်းများမှ ရရှိသော အသီးများမှ ဗောဓိပင်ပျိုး ၄၀ ကို ရရှိတော်မူပြီး အသီးသီးသောနေရာဒေသတို့၌ စိုက်တော်မူကြောင်းကို ပါရာဇိကဏ်အဋ္ဌကထာနှင့် မဟာဝံသတို့၏ အဆိုအမိန့်များအရ သိရှိရပေ၏။ ဤသည်တို့သည်ကား ဒက္ခိဏသာခါရုပ်ပွားတော်များ စတင်ရာသမိုင်းအခြေခံများ ဖြစ်ပေ၏။

ဒက္ခိဏသာခါဘုရားထုလုပ်ရာ၌ကား ဗောဓိတောင်ကိုင်းကို ဖြတ်စဉ်အခါက ရရှိသော အကိုင်းအခက်၊ အရွက်များကိုလည်းကောင်း၊ သေးငယ်သောအပိုင်းအစများကို အမှုန့်ပြု သရီးတေ၍လည်းကောင်း ထုလုပ်ပူဇော်ကြလေသည်။

သီဟိုဠ်ကျွန်းမှ မြန်မာနိုင်ငံသို့ ဒက္ခိဏသာခါဘုရားများကြွရောက်လာသည်ဟုဆိုရာတွင် သီဟိုဠ်-မြန်မာဆက်ဆံရေးအပိုင်းသည် အရေးကြီးသော ကဏ္ဍဖြစ်၏။

သက္ကရာဇ် ၇၈၈ ခုတွင် ရတနပူရအဝမြို့ကို နန်းတက်တော်မူသော မိုးညှင်းမင်းတရားကြီး လက်ထက်၊ ဒက္ခိဏသာခါဘုရား အကြီးအငယ်အဆူရေ ၃၀၀ ကျော် ရောက်ရှိလာ၏။ မင်း၊ မှူးမတ်မှစ၍ ရဟန်းရှင်လူ ပြည်သူအများ ကိုးကွယ်ကြသည်ဟု ဒုတိယမုံရွေးဇေတဝန်ကျောင်းဆရာတော် အရှင်အရိယဝံသ အာဒိစ္စရံသီက ရေးသားဖော်ပြခဲ့၏။ ထိုမိုးညှင်းတရားလက်ထက်၌ သီဟိုဠ်ကျွန်းမှ ရဟန်းသံဃာတော်တို့ သာသနာပြုမပြတ်မပြတ် ရောက်လာသည်ဟုလည်း အဆိုရှိခဲ့၏။

မုံရွေးဇေတဝန်ကျောင်းဆရာတော်က အရိယာဝံသဇေပြုစုသည့် ရာဇဝင်တွင် သက္ကရာဇ် ၇၉၁ ခုနှစ်၌ လင်္ကာဒီပသိန်းယိုဠ်ကျွန်း(သီဟိုဠ်ကျွန်း) က၊ အရှင်သီရိသဒ္ဓမ္မာလင်္ကာရ၊ အရှင် သီရိသီဟဠမဟာသာမိမဟာထေရ်တို့ သရီရဓာတ်တော် ငါးဆူပင့်ဆောင်၍ ရောက်ရှိလာကြောင်းကို ရည်ညွှန်းတော်မူ၏။

ထိုမှတစ်ပါး . . မြန်မာနိုင်ငံနှင့် သီဟိုဠ်ကျွန်းတို့အဆက်အသွယ်ရှိခဲ့ပုံကို သီဟိုဠ်ရောက် ဘုန်းတော်ကြီးတစ်ပါး စစ်ကိုင်းတစ်လျှောက် တည်ထားကိုးခဲ့သော နန္ဒမူလဘုရားကြီး ဆံတော်ရှင်ဘုရားနှင့် သိမ်တော်ကြီးတို့ကိုလည်းညွှန်ပြတော်မူခဲ့သည်။ ဤသည်တို့ကား . . သီဟိုဠ်- မြန်မာ ဆက်ဆံရေး၏ အထင်ကရ သမိုင်းမှတ်တိုင်များ ဖြစ်လေသည်။

ဤမျှသာမက ထူပါရုံဒါယကာ



www.burmeseclassic.com

www.burmeseclassic.com

နရပတိမင်းကြီးလက်ထက်၌ ထူပါရုံဘုရား ထီးတော်တင်မင်္ဂလာပွဲသို့ သီဟိုဠ်ကျွန်း တိုင်အောင် ရဟန်းသံဃာတော်များကို ပင့်ဆောင်ခဲ့သည်။

စာပေသင်ကြားမှုနှင့် ပတ်သက်၍လည်း သီဟိုဠ်ကျွန်းမှ ရဟန်းသံဃာများ မြန်မာပြည်သို့ လာရောက်သင်ယူမှုရှိသကဲ့သို့ မြန်မာနိုင်ငံမှလည်း သီဟိုဠ်ကျွန်းသို့ ရဟန်းသံဃာများ ကြွရောက်သင်ယူမှုရှိခဲ့ကြောင်း အထောက်အထားများမှသိရှိရ၏။

ထင်ရှားသော အထောက်အထား တစ်ရပ်မှာ အင်းဝခေတ်စာဆိုတော်ကြီး တစ်ပါးဖြစ်သူ ရှင်မဟာရဋ္ဌသာရ၏ နောင်တော်လည်းဖြစ်၊ ဆရာလည်း ဖြစ်သော အရှင်ဝရစက္ကပါလသည် သီဟိုဠ်နိုင်ငံသို့သွားကာ စာသင်ခဲ့ကြောင်းကို ဘူရိဒတ်လင်္ကာကြီးနှင့် ဟတ္ထိပါလပျို့များတွင် တွေ့ရှိနိုင်ပေသည်။

ဤသို့ဖြင့် ကူးလူးဆက်ဆံမှုရှိသော ရဟန်းသံဃာတော်များမှတစ်ဆင့် ဒက္ခိဏသာခါမြတ်စွာဘုရားများ မြန်မာနိုင်ငံသို့ ရောက်ရှိလာသည်ဆိုသည်မှာ ငြင်းပယ်စရာ စိုးစဉ်းမျှမရှိဟု ထင်မြင်မိပါသည်။

ယခုအခါ မြန်မာနိုင်ငံတွင် ဇောမိလကျ်ာတောင်ကိုင်းမှ အသားအရွက်ပါသည်ဖြစ်စေ၊ မပါသည်ဖြစ်စေ၊ ဆေးပေါင်းပန်းပေါင်းတို့ဖြင့်လည်းကောင်း၊ နံ့သင့်သစ်သားတို့ဖြင့်လည်းကောင်း ဒက္ခိဏသာခါဘုရားဟု ထုလုပ်ကိုးကွယ်နေကြသည်ကို တွေ့မြင်ရပေ၏။

ဒက္ခိဏသာခါဘုရား ထုလုပ်သွန်းလောင်းရာတွင် ထူးခြားသော အစီအမံများအပြင်၊ ကြာဖက်ဆောင်းခြင်း၊ အရှေ့ဖက် သင်္ကန်းတော်အနား၌ စလွယ်ပမာ အရေးသုံးကြောင်းပါရှိခြင်း၊ ပုခုံးတော်နှစ်ဖက်တွင် လက်ပြင်ဘက်မှ ခြုံကာ အစချထားသော ဒုကုဋ်သင်္ကန်းတော်ပါခြင်းစသော ဝိသေသလက္ခဏာများပါရှိသည် ဖြစ်၏။

ကြာဖက်ဆောင်းခြင်းမှာ မြတ်စွာဘုရားသခင် မုစ္ဆလိန္ဒာအိုင်၌ သီတင်းသုံးတော်မူစဉ် အိုင်တွင်းမှ ကြာဖူးကြာဖက်တို့ ဘုရားရှင်၏ ဦးခေါင်းတော်ကို ဆောင်းသည်၊ မိုးသည်ဟူသော အယူအဆဖြစ်၍ သင်္ကန်းတော်အရေးအကြောင်း သုံးကြောင်းမှာ မြတ်စွာဘုရားမင်းသားဘဝ၌ စလွယ်ဆင်ကြောင်း မြင့်မြတ်ကြောင်းပြသသော အယူအဆဖြစ်၏။

ဒက္ခိဏသာခါဘုရားထုလုပ်ရာတွင် ကြာကိုးဖတ်ဆောင်းခြင်း၊ မှိုကိုးချက်ရိုက်ခြင်းစသော အစီအမံများစွာရှိ၏။ မှိုကိုးချက်ရိုက်သည်ဆိုရာ၌ လောကီအစီအရင်အင်း၊ အိုင်၊ လက်ဖွဲ့များကို မှိုအဖြစ်ရိုက်သည်မဟုတ်ဘဲ၊ ဂုဏ်တော်ကိုးပါးကို တစ်ပါးစီ ငွေပြားမှာရေး၍လိပ်ပြီး ဆင်းတုတော်၏ နေရာကိုးဌာနမှာ တစ်ပါးစီ ထည့်သွင်းခြင်းဖြစ်၏။

ဤင်းအပြင် ပလ္လင်တော်ပြုလုပ်ရာ၌လည်း အဆင့် ၃ ဆင့်၊ အခန်း ၉ ခန်း စသည်ပါဝင်ပြီး သက်ဆိုင်ရာအခန်းတို့၌ ဝိဇယုသဝခရုသင်း၊ အလောင်းတော်ငုံးမင်း၊ အင်္ဂုလိမာလရဟန္တာ၊ ပစ္စေကဗုဒ္ဓါ၊ သိကြားမင်း၊ ဗြဟ္မာမင်း၊ နေမင်း၊ လမင်း စသည်တို့ကို တစ်ပုံစီထည့်သွင်းထုလုပ်ရမည်ဖြစ်၏။ ပလ္လင်တော်၏ အောက်ဖက်တွင်လည်း တံတိုင်း ၃ ထပ် ရံသော မုစ္ဆလိန္ဒာအိုင်၊ အိုင်အတွင်း၌ အငုံ,အဖူး, အပွင့်ပါသော ကြာရုံတို့အပြင် ခွေပတ်လျက်ရှိသော ငါးကြင်းပုံတို့ ပါဝင်အောင် ထုလုပ်ရ၏။

ဤသည်တို့ကား အမြွက်မျှသာဖြစ်၍ သီဟတောဘုရားသမိုင်းဝင် ဒက္ခိဏသာခါထုလုပ်ပုံအစီအမံ၊ ပါဠိလိပ်တ်ဂိုဏ်း ဒက္ခိဏသာခါထုလုပ်ပုံအစီအမံ၊ ရှေးပညာရှင်တို့ [illegible] သာခါထုလုပ်ကိုးကွယ် ကိုးကွယ်နည်းအစီအမံစသည်တို့ ရှိပေသေး၏။

ဘုရားဆင်းတုများလုပ်ရာတွင် ပါသာဒိကဂုဏ်တော်နှင့် ပြည့်စုံသော ကြည်ညိုဖွယ်ရာ အဆင်းသဏ္ဌာန်ရှိရန် အထူးလိုအပ်ကြောင်းကို ရေးသားဖော်ပြပြီးဖြစ်၏။ ဒက္ခိဏသာခါဘုရားများမှာလည်း သီးခြားဘုရားများမဟုတ်ဘဲ ဗုဒ္ဓမြတ်စွာကို ရည်မှတ်ကိုးကွယ်ရန် ထုလုပ်ထားသော ဆင်းတုများသာ ဖြစ်ပေ၏။ ဒက္ခိဏသာခါဘုရားဟု ပုံသဏ္ဌာန်ကွဲပြားအောင် ထုလုပ်ရန်မလိုအပ်ပေ။ ကျွန်ုပ်တို့ မွေးဖွားရာဇာတိအရပ်ရှိ ဘုန်းတော်ကြီးကျောင်းတွင် ဉာဏ်တော် ၃ ပေခန့်ရှိ ဒက္ခိဏသာခါဆင်းတုတော်တစ်ဆူ

www.burmeseclassic.com

www.burmeseclassic.com

သီတင်းသုံးတော်မူလျက်ရှိ၏။ ထိုစဉ်အခါက ချောင်းရိုးတွင် မျှောပါလာသည်ကို ဆယ်ယူပြီး ကိုးကွယ်ခဲ့သည်ဟု မှတ်သားဖူး၏။ ဘုရားရှင်မှာ ကြည်ညိုဖွယ်ကောင်းလှ၏။ ဒက္ခိဏသာခါဘုရားတွင်ပါရှိရမည့် လက္ခဏာရပ်များအားလုံးပါ၏။ စမ္ဗခဏ်တော် အောက်ဖက်တွင်လည်း မုဥ္စလိန္ဒာအိုင်၊ ကြာဖူးကြာငုံ ကြာရုံတို့နှင့် ငါးကြီးအာနန္ဒာ သို့မဟုတ် ငါးကြင်းပုံပါရှိ၏။ ပုံတော်မှာ ဖူးတွေ့နေကျဖြစ်သောဘူမိဖဿမုဒြာပုံတော်ဖြစ်၏။ ယခုအခါ အများအားဖြင့် ဖူးတွေ့နေ၊သော ပုအိုင့်အိုင့်ပုံတော်မျိုးမဟုတ်ပေ။ ဆင်းတုတော်များ ထုလုပ်ရာတွင် ၃၂ ပါးသော လက္ခဏာတော်ကြီး၊ ၈၀ သော လက္ခဏာတော်ငယ်များနှင့် တတ်စွမ်းသမျှ ညီညွတ်အောင် ဆောင်ရွက်သင့်ပေသည်။

ဤနေရာ၌ ဆင်းတုတော်ထုလုပ်ရာတွင် အခြေခံအားဖြင့် ပုံတော် ၄ မျိုးရှိကြောင်းမှတ်သားရ၏။ ၎င်းတို့မှာ မေးတော်အချိုးအစား၊ နှုတ်ခမ်းတော်အချိုးအစား၊ နှာသီးတော်အချိုးအစားနှင့် မျက်မှောင်တော်အချိုးအစားတို့ ဖြစ်ကြ၏။

မေးတော်အချိုးအစားဆိုသည်မှာ စမ္ဗခဏ်မှ မေးတော်အထိ ဉာဏ်တော်အမြင့်မှာ ဒူးတော်နှစ်ဖက်အစွန်း တစ်ပြန်အတိအကျရှိပြီး ဆင်းရဲသားနှင့် ကုန်သည် သယ်လုပ်တို့ ကိုးကွယ်အပ်၏။

နှုတ်ခမ်းတော် အချိုးအစားမှာ ဒူးတော်နှစ်ဖက်အစွန်းတစ်ပြန်ဖြင့် နှုတ်ခမ်းတော်နှင့်အညီ ထုလုပ်ခြင်းဖြစ်ပြီး သူဌေးသူကြွယ်တို့ ကိုးကွယ်အပ်၏။

နှာသီးတော်အချိုးအစားမှာ ဒူးတော်နှစ်ဖက်အစွန်းတစ်ပြန်ဖြင့် နှာသီးတော်နှင့်အညီ ထုလုပ်ခြင်းဖြစ်ပြီး ရဟန်းနှင့် သူတော်စင်များ ကိုးကွယ်အပ်၏။

မျက်မှောင်တော်အချိုးအစားမှာ ဒူးတော်နှစ်ဖက်အစွန်း တစ်ပြန်ဖြင့် မျက်မှောင်တော်နှင့်အညီ ထုလုပ်ခြင်းဖြစ်ပြီး မင်းဧကရာဇ်တို့ ကိုးကွယ်အပ်၏ဟု ပညာရှိတို့ ဆိုကြကုန်၏။

ဤနေရာ၌ ဒက္ခိဏသာခါဘုရားများ ထုလုပ်ကိုးကွယ်ကြခြင်းမှာ လောကုတ္တရာအကျိုးအပြင် လောကီအကျိုးများကိုပါ ရွယ်ကိုးခြင်းဖြစ်မည်ဟု ယူဆမိပါ၏။ သို့သော် လောကီအကျိုးဆိုရာတွင် ကာယသိဒ္ဓိ၊ ပီယသိဒ္ဓိကဲ့သို့သော အကျိုးများမဟုတ်မူဘဲ ကပ်ကြီးသုံးပါး၊ ရန်သူမျိုးငါးပါး၊ ဗျသနတရားငါးပါးစသော ဘေးဒုက္ခများမှ လွတ်မြောက်ခြင်း၊ ဖြိုဟ်စီးဒသာကြမ္မာမကောင်း၊ စန်းပြတ်၊ လွန်းပြတ်၊ နက္ခတ်ဖြိုဟ်ဆိုး ဘေးအမျိုးမျိုးမှ လွတ်မြောက်ခြင်း၊ စည်းစိမ်ချမ်းသာအဖြာဖြာနှင့် ပြည့်စုံခြင်းစသော အကျိုးတရားများလိုလားတောင့်တ ပူဇော်ကြခြင်းဖြစ်ပေသည်။

ဒက္ခိဏသာခါဘုရားများ ထုလုပ်ရာတွင် လိုက်နာဆောင်ရွက်ရမည့်**အစီအမံ**များမှာ လွယ်ကူသော **ကိစ္စများမဟုတ်၊ ရတနာသုံးပါးဂုဏ်တော်တွင် အာရုံနှစ်၍** ကြီးမားဒသော လုံ့လ၊ ဝီရိယ သဒ္ဓါတရားတို့ဖြင့် ဆောင်ရွက်မှသာ ပြီးမြောက်အောင်မြင်မည်ဖြစ်ရကား ထိုက်တန်သော အကျိုးတရားများရရှိကြမည်မှာ မလွဲကေန်အမှန်ဖြစ်ပေသည်။

သို့ရာတွင် မြတ်စွာဘုရားသခင် မိန့်မြွက်တော်မူခဲ့သော "တိဌန္တေ နိဗ္ဗုတေ စာပိ သမေစိတ္တေ သမံဖလံ"ဟူသော စကားတော်နှင့်အညီ မိမိတို့သည် နိဗ္ဗာန်ဝင်စံတော်မူပြီးသော ဘုရားသခင်တို့နှင့် မိမိတို့ တည်ထားကိုးကွယ်အပ်သော ဆင်းတုတော် စေတီတော်တို့ကို တူမျှသောစိတ်ထားနိုင်ပါမူကား တူမျှသော အကျိုးကိုရရှိနိုင်ပါသည်ဆိုသော ဒေသနာကို ဦးထိပ်ထား၍ ကြိုးစားကျင့်ကြံတော်မူနိုင်ကြပါစေသတည်း။

ဒုက္ခပ္ပတ္တာစ နိဒ္ဒုက္ခာ
ဘယပ္ပတ္တာစ နိဗ္ဘယာ
သောကပ္ပတ္တာ နိသောကာ
ဟောန္တု သဗ္ဗေပိ ပါဏိနော။

သတိုးဆွေ



www.burmeseclassic.com

www.burmeseclassic.com

# ဒက္ခိဏသာခါ ရုပ်တုတော်စနစ်အခြေခံများ

■ ဒေါက်တာနန်းလှိုင် [Ph.D.(History), Yangon]

ဒက္ခိဏသာခါရုပ်တုတော်စနစ်များကို လေ့လာရာတွင် ယေဘုယျအားဖြင့် နှစ်ပိုင်းခွဲခြား တွေ့ရှိနိုင်မှာ ဖြစ်ပါသည်။ ယင်းနှစ်ပိုင်းမှာ -

၁။ မြန်မာ့ရိုးရာဗုဒ္ဓဆင်းတုတော်အသွင် (ဗောဓိရိုး)နှင့်

၂။ သမားရိုးကျမဟုတ်သော ဗုဒ္ဓဆင်းတုတော်၏ လက္ခဏာရုပ်များ ပါရှိနေခြင်း၊ (သို့မဟုတ်) ပုက္ကွကွဟန် (သီဟိုဠ်ပုံ)တို့ပင် ဖြစ်ပါသည်။ ဒက္ခိဏသာခါသည် မြန်မာ့ရိုးရာဟန်ဖြစ်သော ဘယ်တင်ညာချ လက်တော်ဟန် (ဘူမိဖဿမုဒြာ)၊ ထက်ဝယ်ဖွဲ့ခွေဟန် (ဈာနသန)၊ သက်နှင်းတစ်ဝက်ရုံဟန်၊ ရှည်သော နားရွက်တော်၊ ဥဏှာလုံမွေ့ရှင်တော်(*Urana*)၊ ကြာပလ္လင်ဟန် (ပဒုမ္မာသန)များ ပါရှိနေပါသည်။ တစ်ဖန် သမားရိုးကျမဟုတ်သည့် (ပုက္ကွကွဟန်) ဗုဒ္ဓဆင်းတုတော် လက္ခဏာရုပ်များမှာ

သုံးလသားအရွယ် ကလေးသူငယ်ဖြစ်ခြင်း၊ မေးစေ့နှင့် ရင်ဘတ်တော် ထိထားခြင်း၊ ဦးခေါင်းတော်၌ ကြာဖက်ဆောင်းထားခြင်း၊[၁] လည်ပင်းတော်မပါဘဲ ပုအိုက်နေခြင်းနှင့် ညာဘက်လက်တော် ဆန့်တန်းနေခြင်း၊ ပလ္လင်အောက်ခြေ၌ ကြာဖူးကြာပွင့်များပါ ရေကန်ပါရှိနေခြင်းတို့ကိုလည်း ဆန်းပြားစွာ လေ့လာတွေ့ရှိရပါသည်။



## ထေရဝါဒ၏ ရုပ်ပွားတော်စနစ်မဟုတ်ခြင်း

သို့ဖြစ်၍ သမားရိုးကျမဟုတ်သော လက္ခဏာရုပ်များဟု ဆိုရခြင်းမှာ ထေရဝါဒဗုဒ္ဓယဉ်ကျေးမှုနှင့် ကွဲလွဲနေခြင်းဟုပင် ဆိုလိုပါသည်။ အကြောင်းမှာ ထေရဝါဒဗုဒ္ဓဘာသာဝင်တို့သည် ဗုဒ္ဓရုပ်တုတော်များ ထုဆစ်ပူဇော်သည့်အခါ ဗုဒ္ဓရူပတော်၏ လက္ခဏာတော်ကြီး ၃၂ ပါး၊ လက္ခဏာတော်ငယ် ၈၀ အတိုင်း ပြည့်စုံသပ္ပာယ်ဖွယ်ရာ ထုဆစ်ကြပါသည်။ အဆိုပါ လက္ခဏာ

၁။ ဝိဇ္ဇာသိပ္ပံဆရာ၊ သဗ္ဗသိဒ္ဓိစွယ်စုံကျမ်း၊ ရန်ကုန်၊ ဒုတိယအကြိမ်၊ ကျားပိဋကတ်စာအုပ်ဆိုင်ကြီး၊ ၁၉၆၇၊ စာ-၉၀-၉၅။ အဆိုပါ ဦးကျော်ရင်သည် လောကီသိပ္ပံဘာသာ၊ ငါးဆရာ ခေါ် မဟာဂါထာမန္တန်ပေါင်းချုပ်ကျမ်းကိုလည်း ရေးသားခဲ့ပါသည်။ ယင်း၏ ကျမ်းပြီးဆုတောင်းတွင် မဲရိ မေတ္တေယျဘုရားကို ဦးစွာဖူးမြင်၍ နိဗ္ဗာန်သို့ မျက်မှောက်ပြုရန် ဆုတောင်းကြောင်း တွေ့ရပါသည်။ ဆရာသိန်း၊ "ရှေးကအထိမ်းအမှတ်ပြုလုပ်ကိုးကွယ်ပူဇော်ကြခြင်းအကြောင်း"၊ The Journal of the Burma Research Society. Vol.IV, Yangon, Publishing by the Society. 1914. p.241.



www.burmeseclassic.com

www.burmeseclassic.com

တော်ကြီးငယ်များအနက်...

သမဝဋ္ဋက္ခန္ဓ (ညီညာမျှတ၍ လုပသောပခုံး၊ လည်ပင်း)၊ အနုပုဗ္ဗဂတ္တ (အစဉ်အတိုင်း ပြေပြစ်ညီညွတ်သောကိုယ်)၊ ဘာတုမာလရတနုဝိစိတ္တ (ဦးခေါင်းထက်၌ မကိုဋ်ပုံပမာ ခြောက်ရောင်စုံလျှံဖြာထွက်နေခြင်း)၊ ဒက္ခိဏာဝဋ္ဋကေသ (လက်ျာရစ်ဖွေ့သည့်သောဆံပင်)[၁] တို့ ပါဝင်ပါသည်။ ထို့ကြောင့် ဒုက္ခိဏာသာခါချပ်ပွားတော်သည် ဖော်ပြထားသော မဟာပုရိသလက္ခဏာကြီးငယ်တို့ဖြင့် ကိုက်ညီမှုမရှိပါ။ အရွယ်တော်ဟန်မှာလည်း သုံးလသားအရွယ်ဟု ဆိုသည့်အတွက် ဗုဒ္ဓဂေါတမ၏ သက်တော် ၃၅ နှစ် ဘုရားဖြစ်သောအရွယ်နှင့်ပါ ထပ်မံဆန့်ကျင်နေကြောင်း တွေ့ရသည်။ ဗုဒ္ဓဂေါတမသည် မဟာသက္ကရာဇ် ၆၈ ခု ကဆုန်လပြည့်နေ့ မိုးသောက်ယံတွင် ဝိဇ္ဇာဉာဏ် သုံးပါးကို အစဉ်အတိုင်းရတော်မူ၍ ဘုရားအဖြစ်သို့ ရောက်ရှိပါသည်။[၂] ထို့ဒွန်ပြင် ကြာဖက်ဆောင်းသည်ဟု **ထေရဝါဒဗုဒ္ဓရုပ်ပွားတော်များ၌ မည်သည့်ခေါင်းဆောင်းမျှ ပါရှိကြောင်း မတွေ့ရပါ။** မကိုဋ်ဆောင်းပါဝင်နေသည်မှာ မဟာယာနဗုဒ္ဓဘာသာဝင်တို့၏ ဗောဓိသတ္တဘုရားလောင်းမှာသာ ပါရှိနေကြောင်း တွေ့ရသည်။

သို့ဖြစ်၍ ဒက္ခိဏာသာခါ၌ ခေါင်းဆောင်းတစ်စုံတစ်ရာ ပါရှိနေပုံကပင် ထေရဝါဒဟန် (တောင်ပိုင်းဗုဒ္ဓဘာသာ)မျိုး မဖြစ်နိုင်တော့ဘဲ မဟာယာနဘက်ဆန်နေသည်ဟု ပထမအနေဖြင့် မှန်းဆနိုင်ပါဦးမည်။

တစ်ဖန် ပလ္လင်အောက်ခြေ၌ ကြာဖူး၊ ကြာပွင့်များ၊ ငါးများ၊ ငှက်ပုံများပါရှိသော လက္ခဏာမှာ ဒက္ခိဏာသာခါ တစ်ဆူတည်း၌သာ တွေ့ရသည်။ မဟာပုရိသလက္ခဏာတော်ကြီးငယ် အသွယ်သွယ်ဖြင့်လည်း လုံးဝသက်ဆိုင်မှု မရှိတော့ပါ။ ထို့အပြင် မေးစေ့နှင့် ရင်ဘတ်တော် ထိထားခြင်း၊ လည်ပင်းတော် မပါရှိဘဲ ဦးခေါင်းတော် အလွန်ငုံ့ထားခြင်း၊ ကိုယ်လုံးတော် ဖြောင့်မတ်မှုမရှိဘဲ ကုန်းကွနေဟန်မှာ ထေရဝါဒဗုဒ္ဓဘာသာအရ ကြည့်လျှင် ကြည်ညိုသပ္ပာယ်ဖွယ်ရာ မဖြစ်နိုင်တော့ပေ။ သို့ရာတွင် **ဤသို့ထုလုပ်ရသည့် ရည်ရွယ်ချက်မှာ** "သုံးလသားကလေးအရွယ်" အသွင်သဏ္ဌာန်ကို ပုံဖော်ထားခြင်း ဖြစ်ပါသည်။



ဓမ္မစက္ကမုဒြာ၊ မိဂဒါဝုန်၊ အေဒီ(၅)ရာစု၊ သဲကျောက်၊
စရိုနသ်(Sarnath)ဒေသ ခေတ်၊
စရိုနသ်ရှေးဟောင်းသုတေသနပြတိုက်

## ချာနီဗုဒ္ဓရတနာသမ္ဘဝလက်ဟန်

ဘယ်တင်၊ ညာချအလှန်(ဝရဒမုဒြာ)၌ ညာဘက်လက်တော် ဆန့်တန်းထားဟန်မှာ အလွန်ထူးခြားသော လက္ခဏာတော်တစ်ရပ်ပင် ဖြစ်ပါသည်။ အကြောင်းမှာ မြန်မာနိုင်ငံ ဗုဒ္ဓဘာသာသမိုင်းစဉ်တစ်လျှောက် ဘူမိဖဿရုပ်ပွားတော်များကိုသာ အဓိကထုလုပ်ခဲ့ကြသည်ကို တွေ့ရပါသည်။ သို့သော်

---

၁။ (က) **ဒီဃနိကာယ်၊ ပါထိကဝဂ်ပါဠိတော် (မြန်မာပြန်)**၊ ရန်ကုန်၊ သာသနာရေးဦးစီးဌာနပုံနှိပ်တိုက်၊ ၁၉၉၇။ စာ-၃၇၅-၃၃၇။ နောက်ဆက်တွဲမှတ်စုတွင် ဖော်ပြထားသည်။ (ခ) **သုပြဒါန်**၊ စာ-၅၅၁ မှ ၅၅၂။ (ဂ) Rhys Davids, PED, pp.684, 39, 311.

၂။ (က) အရှင်ဝိစိတ္တသာရာဘိဝံသ၊ **မဟာဗုဒ္ဓဝင်**၊ ဒုတိယတွဲ၊ နှ်ာ၊ သာသနာရေးဦးစီးဌာနပုံနှိပ်တိုက်၊ ၂၀၀၂၊ စာ-၃၁၃၊ ၃၆။
(ခ) Dr. G.P. Malalasekera, **Buddhism in Sri Lanka,** Colombo, the Ceylon Tourist Board, n.d., p.5.



www.burmeseclassic.com

www.burmeseclassic.com

ညာဘက်လက်တော်သည် တံတောင်ဆစ်နေရာမှ လက်မောင်းတော် (အပေါ်ပိုင်း)နှင့် လက်ဖျံတော်တို့သည် သဘာဝဟန်အတိုင်း ချိုးဆစ်ထားပုံများသာ ဖြစ်ပါသည်။ ညာဘက်လက်တော် ဆန့်ထုတ်ထားသောဟန်ကို **ရတနာသမ္ဘဝ** (Ratna-sambharva) ဟု ခေါ်သော မဟာယာနဗုဒ္ဓဘာသာမှ ရှာနိဗုဒ္ဓ (၅)ဆူအပါအဝင် ကောင်းကင်ဗုဒ္ဓတွင် တွေ့ရှိရပါသည်။ သို့ဖြစ်၍ ဤကဲ့သို့သော ညာဘက်လက်တော်ဟန်မှာလည်း မဟာယာနရုပ်ပွားတော်အသွင် ဆောင်စေပါသည်။

## လလိတာဝိတ္ထာရကျမ်းလာ ကြာနိမိတ်ပုံ

ကြာနိမိတ်ပုံသည် ဒက္ခိဏာသာခါရုပ်ပွားတော်အဂင်္ဂါ အမြစ်ကို လေ့လာရာတွင် အလွန်အရေးပါကြောင်း တွေ့ရသည်။ အကြောင်းမှာ ဒက္ခိဏာသာခါ၏ . . .

ဦးခေါင်းတော်ထက်၌ ကြာဖက်ဆောင်းထားခြင်း၊ ပလ္လင်တော်မှာ ကြာပလ္လင်တော်ဖြစ်ခြင်း၊ အောက်ခြေရေကန်ငွင်ကြာဖူး၊ ကြာပွင့်များ ပါရှိခြင်းတို့သည် ကြာနိမိတ်ပုံများ လွှမ်းမိုးနေကြောင်း တွေ့ရသည်။ သို့ဖြစ်၍ ကြာနိမိတ်ဟန်ကို ဂရုပြု လေ့လာပါလျှင် ဒက္ခိဏာသာခါ၏ အရင်းအမြစ်အား မြင်သာထင်သာရန် အကြောင်းအချက်ဖြစ်ပါဦးမည်။

လလိတာဝိတ္ထာရ[၁]သည် မဟာယာနဗုဒ္ဓဘာသာစာပေ ဝေပုလျသုတြ (Vaipulya Sūtra) မှ ဗုဒ္ဓဝင်ကျမ်းတစ်ဆူ ဖြစ်ပါသည်။ ဤကျမ်းတွင် ဗုဒ္ဓဂေါတမ၏ ဂုဏ်တော်များကို ကြာနှင့်ထပ်တူပြု ရေးဖွဲ့ထားသည်ကို တွေ့ရသည်။ ဗုဒ္ဓဘုရားရှင်အား . . .

မဟာပုရိသ ပဒုမာသ (ယောက်ျားမြတ်တည်းဟူသော ပဒုမ္မာ)ကြာဟုလည်းကောင်း၊ အရဟတ္တမဂ်ပညာဉာဏ်တည်းဟူသော နေရောင်နှင့် ထိတွေ့ခြင်းကြောင့် ကားကားစွင့်စွင့်ပွင့်သော အလွန်စင်ကြယ်သော ပွင့်ချပ်တစ်ရာ ပဒုမ္မာကြာသဖွယ် ဖြစ်ထသော ဗုဒ္ဓဘုရားရှင်ဟုလည်းကောင်း၊[၂]

ထို့အပြင် ဗုဒ္ဓဘုရားလောင်းဖွားတော်မူသည်နှင့် သိကြားနှင့် ဗြဟ္မာမင်းတို့က လုလင်ပျို့အဖြစ် ဖန်ဆင်း၍ မင်္ဂလာသီချင်း ဂါထာတို့ကို သီကျူးရာတွင်လည်း

. . . ပဒုမ္မာကြာပွင့်သည်လည်း မြေမှာအထက်ပေါ်ထွက်လာပါ၏။ ထိုသို့သော အချင်းအရာဖြင့် ကြီးမြတ်သော တန်ခိုးအာနုဘော်ရှိသော လူတို့၏ ကိုးကွယ်ရာဖြစ်တော်မူထသော ဘုရားသည် မချွတ်ဖြစ်ပေလတ္တံ့။[၃]

ဟူ၍ ဖော်ပြထားသည်။ တစ်ဖန် ဘုရားလောင်းသည် မယ်တော်မာယာဒေဝီဝမ်းတွင်းမှ မီးရှူးသန့်စင်သောအခါ ပဒုမ္မာကြာရုံကြီးသည် မဟာပထဝီမြေကြီးကိုခွဲ၍ ဗြဟ္မာပြည်သို့ ရောက်သည်အထိ ပေါ်ပေါက်လာသည်ဟု ဖော်ပြထားသည်။ ကြာညို၊ ကြာဖြူ၊ ကုမုဒြာနှင့် ပုဏ္ဍရိက်ကြာတို့သည် ရေမှ အထက်သို့ တက်၍ ဘုရားလောင်းဖွားမြင်မည်ကို စောင့်မျှော်နေကြ၏။ ထို့နောက် ဗုဒ္ဓဘုရားရှင်သည် အမိမယ်တော်မာယာဝမ်းဗိုက်အတွင်း "ရတနာဗျူဟာဗိမာန်" ပြာသာဒ်တွင် ထက်ဝယ်ဖွဲ့ခွေ ထိုင်တော်မူရာမှ မယ်တော်မာယာ၏ လက်ျာနံဘေးမှ ဖွားမြင်တော်မူသည်ဟု တွေ့ရသည်။[၄] ပုဂံခေတ် ဂူဘုရားများ အတွင်းနံရံတွင် ရေးဆွဲထားသော နံရံဆေးရေးပုံများရှိ ဗုဒ္ဓဝင်ဖွားတော်မူခန်းမှာ လလိတာဝိတ္ထာရကျမ်းလာ ဗုဒ္ဓဝင်ဟန် (တစ်နည်း-မဟာယာနဖွားတော်မူခန်း)ပင် ဖြစ်ပါသည်။

ဘုရားလောင်းဖွားမြင်ပြီးသောအခါ ပဒုမ္မာကြာတို့သည် ပွင့်လာကြ၏။ ထို့ကြောင့် **သဗ္ဗတ္ထိဝါဒဂိုဏ်း** (Sarvāstivādins) **လလိတာဝိတ္ထာရကျမ်းလာ ကြာနိမိတ်ပုံများအရ ဗုဒ္ဓဘုရားရှင်သည် ရေကန်တွင် ကြာပန်းတို့နှင့်အတူ ပွင့်ထွန်းဖွားမြင်လာသည်ဟု တွေ့ရပါသည်။** သို့ဖြစ်၍ ဒက္ခိဏာသာခါရုပ်ပွားတော်တွင် ကြာဖူး၊ ကြာပွင့်များပါရှိသော ရေကန်၊ ကြာဖက်ဆောင်းထားဟန်၊ ကြာပလ္လင်ထက်၌ သီတင်းသုံးဟန်တို့မှာ မဟာယာနဗုဒ္ဓဝင်ဖြင့် အလွန်နီးစပ်နေကြောင်း အနုမာနမှန်းဆရပါသည်။

× × × × ×

---

၁။ လလိတဝိတ္ထာရကျမ်းကို ဘဒ္ဒန္တသုန္ဒရာဘိဝံသဆရာတော်က မြန်မာပြန်ပါသည်။ Bijoya Goswani ကလည်း အင်္ဂလိပ်ဘာသာသို့ The Asirtic Society က ၂၀၁၁ ခုနှစ်တွင် ပြန်လည်ပုံနှိပ်ထားသည်။ မဟာယာနဝိဋကတ်ကျမ်းပေါင်း ၂၈ ကျမ်းခန့် ရှိပါသည်။ လလိတဝိတ္ထာရသည် ဗုဒ္ဓစရိယ၊ သဒ္ဓမ္မပုဏ္ဍရိက၊ သုခဝတီဗျူဟာ အမိတာယုသုတ္တန်များကဲ့သို့ ကျမ်းများဖြစ်သည်။

၂။ သုန္ဒရာဘိဝံသ၊ လလိတာဝတ္ထာရ၊ စာ-၁၇၊ ၁၈။

၃။ သုန္ဒရာဘိဝံသ၊ လလိတာဝတ္ထာရ၊ စာ-၁၅၁။

၄။ သုန္ဒရာဘိဝံသ၊ လလိတာဝတ္ထာရ၊ စာ-၁၅၁။



www.burmeseclassic.com

www.burmeseclassic.com



ဗောဓိသတ္တ အဝလောကိတေသွာရ၊ ဗီဟာဒေသ၊
၁၂ ရာစု (ကြာ ၅ ဆင့် ဆောင်းထားဟန်)

## ကြာဖတ်ဆောင်းထားသော ဗောဓိသတ္တ

ဒက္ခိဏာသာခါရုပ်ပွားတော်သည် အမိတာယ(ခေါ်)ကောင်းကင်ရှိ သုခါဝတီဘုံ(Buddha's country) မှ ဗုဒ္ဓဘုရားရှင် (ဈာနိဗုဒ္ဓ)ဖြင့် အလွန်ဆက်စပ်နေကြောင်း လေ့လာတွေ့ရှိရပါသည်။

မဟာယာနဗုဒ္ဓဘာသာတွင် ဗုဒ္ဓဂေါတမဘုရားရှင်သည် သာမညလူသား (A mere Man) မဟုတ်ဘဲ အနန္တတန်ခိုးရှင်အဖြစ် ယုံကြည်သက်ဝင်ပါသည်။ သို့အားလျော်စွာ ဗုဒ္ဓဘုရားရှင်တွင် "ကာယတော်" (၃)ပါးဖြစ်သော...

ဓရ်မကာယ(Dharmak ya)၊ သမ္ဘောဂကာယ (Sambhogak ya)နှင့် နိရ်မာဏကာယ(Nirm nak ya)ဟူ၍ ရှိသည်ဟု ယုံကြည်ကြ၏။ ဓရ်မကာယတော်သည် မဟာစကြာဝဠာတံတိုင်းအထိ ထိုးဖောက်ပျံ့နှံ့ ရောက်ရှိစေ၏။ သမ္ဘောဂကာယသည် ကောင်းကင်ဘုံ၌ ထာဝရတည်နေသည်ဟု ဆိုပြီး "နိရ်မာဏကာယ"သည် သမ္ဘောဂကာယမှ ထွက်ပေါ်လာပြီး ကမ္ဘာမြေပြင်သို့ ဂေါတမဗုဒ္ဓအဖြစ် ပွင့်ထွန်းလာခဲ့ကြောင်း ယုံကြည်ကြ၏။[၁]

မဟာယာနဗုဒ္ဓတွင် သုခဝတီကောင်းကင်ဘုံ၌ အမိတာဘ (ခေါ်) အနန္တဘုန်းတော်ရှင် (သို့မဟုတ်) အမိတာယ (ထာဝရဗုဒ္ဓအရှင်) ရှိကြောင်း ဂေါတမဗုဒ္ဓ (Histroial Buddha)ဖြစ်တော်မူသော လူသားကို ပေါ်ထွန်းစေသည်ဟု ယုံကြည်သည်။ အဆိုပါ သုခဝတီကောင်းကင်ဘုံသည် အနောက်ဘက်၌ရှိ၍ ကြာမျိုး(၅)ပါးဖြစ်သော ကုမုဒြာ၊ ဥပ္ပလ၊ ပဒုမ္မာ၊ ပုဏ္ဍရိက၊ ကြာဖြူ၊ ကြာဝါ၊ ကြာပြာတို့သည် စိန်စီချယ်အခင်းဖြစ်သော ရေကန်တော်(၈)ကန်၌ ဖူးပွင့်နေကြသည်။ ရတနာ(၇)ပါးတို့ဖြင့်ပြီးသော သစ်ပင်ပန်းမာလ်များ၊ ပျော်ရွှင်မြူးထူးနေသော ကျေးငှက်သာရကာများ၊ ငြိမ့်ညောင်းသော ဂီတရေစီးသံများ၊ ပျော်ရွှင်မြူးထူးနေသော ကလေးသူငယ်များ ရှိနေကြပါသည်။ ရေကန်တော်အတွင်းရှိ အမြင့် (၁၆)တောင်ရှိသော ကြာပွင့်ထက်၌ **အမိတာယဗုဒ္ဓရှင်တော်**သည် သီတင်းသုံးစံပယ်တော်မူပါ၏။ ဝဲ၊ ယာ နံဘေးတစ်ဖက်စီတို့တွင် **ဗောဓိသတ္တဘုရားလောင်း** (၂)ဆူဖြစ်သော **အဝလောကိတေသွားရ**နှင့် **မဟာရ်ထမ**တို့မှာ ကြာပွင့်ထက်၌ ထိုင်တော်မူနေကြပါသည်။ ကြာမိသားစုအနွယ်တော်၏ ဖခမည်းတော်မှာ အမိတာယဗုဒ္ဓရှင်တော်ပင်ဖြစ်၏။ **သားတော်ဗောဓိသတ္တ (၂)ဆူတို့မှာ ရွှေအဆင်းဖြစ်ပြီး မကုဋ (ခေါ်) ဦးဆောင်းမကိုဋ်သည် ရတနာပန်းပေါင်း (၅၀၀)မျှ ပါရှိသော "ပဒုမာကြာပွင့်"**ပင် ဖြစ်ပါသည်။ ပွင့်ချပ်(၅)ချပ်ပါရှိသည်ဟု ရုပ်တုဗေဒတွင် တွေ့ရ၏။[၂] သုခါဝတီဘုံရှိ ကြာပွင့်ချပ်တိုင်းတွင် အမိတာယနှင့် ဗောဓိသတ္တတို့၏ ပုံရိပ်များ ထင်ပေါ်နေကြသည်။

သို့ဖြစ်၍ မဟာယာနပိဋကတ်၊ အမိတာယုဈာနသုတြ (Amit yur-Dhy na S tra)နှင့် သုခါဝတီဗျူဟာ(Sukh vat vy ha) သုတ္တန်များ[၃] အရ **ဦးခေါင်းတော်ထက်၌ ကြာပွင့်/**

၁ Basham **India**, pp. 276-277.

၂ F. Max Muller (ed.) **SBE.** Vol.XLIX, pp. 38, 47, 96, 161, 172, 174, 176, 184m 187 အမိတာယုသုတြတို့ကို နောက်ဆက်တွဲတွင် မူရင်းကျမ်းတိုင်း ပူးတွဲတင်ပြထားသည်။ ထို့အပြင် ဆက်စပ်နေသော ဗောဓိသတ္တဘုရားလောင်းစာရင်းတို့ကိုလည်း နောက်ဆက်တွဲကြည့်ရန်။

၃ မက်(စ်)မူလာဘာသာပြန်ဆိုခဲ့သော မဟာယာနပိဋကတ်ကျမ်းမူရင်း အင်္ဂလိပ်ဘာသာကြည့်ရန်။



www.burmeseclassic.com

www.burmeseclassic.com

**ဖတ်ဆောင်းသောသူမှာ ဗောဓိသတ္တဘုရားလောင်းများပင် ဖြစ်သည်။** ဤသို့ဆိုလျှင် "ဒက္ခိဏာသာခါ"ရုပ်ပွားတော်သည် မဟာယာနဗုဒ္ဓဘာသာမှ ဗောဓိသတ္တဘုရားလောင်းသာလျှင် ဖြစ်နိုင်ပေမည်။ ထို့အပြင် ဒက္ခိဏာသာခါ၌ ရေကန်သည်လည်းကောင်း၊ ရေကန်ရှိ ကြာဖူး၊ ကြာပွင့်၊ ကျေးငှက်တို့သည်လည်းကောင်း၊ "သုခဝတီဘုံ"ဗိမာန်ကိုသာ ဖော်ကျူးထားဟန်ရှိပါသည်။ ထို့ကြောင့် ဒက္ခိဏာသာခါသည် မဟာယာနဗုဒ္ဓဘာသာယုံကြည်မှု "ဗောဓိသတ္တ"သာလျှင် ဖြစ်နိုင်ပါကြောင်းဆိုလျှင် ဤအနုမာန (Hypothesis)သည် ယထာဘူတကျပါလိမ့်မည်။

ထို့အပြင် ဒက္ခိဏာသာခါရုပ်ပွားတော်၏ မျက်နှာတော်အား "အမျိုးသမီးအသွင်ထုဆစ်ကြကြောင်း သိရသည်။"[၁] ဤအယူအဆမှာလည်း မဟာယာန၏ ဗောဓိသတ္တဘုရားလောင်းကိုသာလျှင် ရည်ညွှန်းနေပါဦးမည်။ အကြောင်းမှာ မဟာယာနပိဋကတ် **သုရင်္ဂမသုတ်** (Surangama Sutra) တွင် အဝလောကိတေသွာရဗောဓိသတ္တ၏ အသွင်သဏ္ဌာန် ၃၂ မျိုးကိုလည်းကောင်း၊ သဒ္ဓမ္မပုဏ္ဍရိကသုတ်တွင် အသွင်သဏ္ဌာန် ၃၅ မျိုးကိုလည်းကောင်း ဖော်ပြထားသည်။ ဤအသွင်များတွင် အဝလောကိတေသွာရသည်···

ဗုဒ္ဓအသွင်၊ သိဝနတ်အသွင်၊ အမျိုးသမီးအသွင်၊ ကညာပျိုအသွင်၊ ဂန္ဓဗ္ဗ (နတ်သီချင်းသည်)အသွင်[၂] စသည်ဖြင့် အသွင်အမျိုးမျိုးကို ဖန်ဆင်းနိုင်ကြောင်း သိရသည်။ သို့ဖြစ်၍ ဒက္ခိဏာသာခါသည် ဗောဓိသတ္တဘုရားလောင်းက ဖန်ဆင်းထားသော ဗုဒ္ဓအသွင်၊ ကညာပျိုအသွင်ကို အကြောင်းပြု၍ "အမျိုးသမီး"အသွင် ဟန်ပုံဖော်ထားခြင်းဖြစ်မည်ဟု ယူဆရပါသည်။ အလားတူ မြန်မာ့ယဉ်ကျေးမှုရှိ "လောကနတ်ရုပ်"သည်လည်း လောကနာထဗောဓိသတ္တ၏ ဂန္ဓဗ္ဗ (နတ်သီချင်းသည်)အသွင်ပင် အရင်းအမြစ်ဖြစ်ပါဦးမည်။

မြန်မာသမိုင်းပညာရှင် **ပါမောက္ခဒေါက်တာသန်းထွန်း** (၁၉၂၃-၂၀၀၅)က ဒက္ခိဏာသာခါရုပ်ပွားတော်နှင့်စပ်လျဉ်း၍ အောက်ပါအတိုင်း အကျဉ်းမျှရေးသားတင်ပြခဲ့သည်ကို တွေ့ရသည်။



ကြာဖတ်ဆောင်း ဗောဓိသတ္တဘုရားလောင်းဟန် သီဟာသနပလ္လင်ထက်တွင် အဝလောကိတေသွာရ စံပွာယ်ဟန်၊ ပါလ–ဘင်္ဂလားဟန်၊ ၁၆ ရာစု

···ဘယ်တုန်းက ဒီဘုရားကို စထုလုပ်ကြသလဲမေးရင် မပြောတတ်ပါ။ ရေကန်မှာ ကလေးငယ်တွေ ဆော့ကစားရင်း ဘုရားဖြစ်သွားတယ်ဆိုတဲ့ ပုံပြင်တစ်ပုဒ်အရ **ဒက္ခိဏာသာခါရုပ်ပွားတော်ကို ကလေးငယ်ရဲ့ ကိုယ်လုံးသဏ္ဌာန်ထုရတယ်။** ကြာဖတ်ဆောင်းရတယ်၊ ပလ္လင်အောက်မှာ ရေကန်ကြာနဲ့ ငါးရုပ်တွေ ထည့်လုပ်ရတယ်။[၃] ဟူ၍ ဆိုခဲ့ဖူးသည်။

ကြာဖတ်ဆောင်းခြင်းမှာ ဗောဓိသတ္တဘုရားလောင်းများမှာသာမက ကောင်းကင်ဘုရား (၅)ဆူဖြစ်သော ဈာနီဗုဒ္ဓဘုရားရှင်များ၏ ဦးခေါင်းတော်ထက်၌လည်း **အရိုးတံပါသည့်ကြာ** (သို့မဟုတ်) သမ္ဗုဒ္ဓတရွှေဉာဏ်တော်ရရှိခဲ့သော **ဗောဓိပင်၏**

၁။ ဦးအုန်းမောင် **ဒက္ခိဏာသာခါသမိုင်းနှင့် ဗုဒ္ဓရုပ်ပွားဘုရားပူဇော်နည်း။** ရန်ကုန်၊ ခင်ချိုထွန်းစာပေ၊ ၂၀၀၈။ စာ-၈၆။

၂။ ဦးရည်စိန် "အဝလောကိတေသွာရဗောဓိသတ္တ (၃၂)မျိုး ဖန်ဆင်းနိုင်ခြင်းအကြောင်း" **ကောင်းတုံယွမ်ယင်ဘုရားကျောင်း။** ရန်ကုန်၊ ကောင်းတုံယွမ်ကင်ဘုရားကျောင်း ပေါ်ကာအဖွဲ့၊ ၂၀၀၂ စာ-၁၄၂-၁၄၃။ Prof. W.E. Soothill (Tran.) **The Lotus of the Wonderful Law or The Lotus Gospel: Saddhamma Pundarika Sutra,** Oxfourd, the Clarendon Press, 1930, p. 230.

၃။ ဒေါက်တာသန်းထွန်း။ "ဘုရားဒက္ခိဏာသာခါ" **ခေတ်ဆန်းဂျာနယ်၊** အမှတ် ၅/၀၃၊ အောက်တိုဘာ၊ ရန်ကုန်။ ၂၀၀၃၊ စာ-၄၁။



www.burmeseclassic.com

www.burmeseclassic.com



ကြေးသွန်း ဒက္ခိဏသာခါရုပ်ပွားတော်၊
အမြင့် ၁၆.၀ စင်တီမီတာ၊ ၁၈-၁၉ ရာစု

**အရှက်သဏ္ဍာန်**ရှိကြောင်း ရုပ်တုဗေဒတွင် တွေ့ရှိရသည်။[၁] ကြာဖတ်ဆောင်းခြင်း၊ ကြာမှဖြစ်ပေါ်လာခြင်းနှင့် စပ်လျဉ်း၍ မဟာယာနဂါထာတစ်ပုဒ်လည်း ရှိပါသေး၏။ မြန်မာနိုင်ငံသို့ နီပေါနိုင်ငံဘုရင်မင်းမြတ်နှင့် မိဖုရားတို့က "နာဂစီဝရာ ပဋ္ဌပဋိမာ ဆင်းတုတော်"ကို ဓမ္မလက်ဆောင်အဖြစ် ပေးအပ်ခဲ့သည်။ ထိုဆင်းတုတော်၏ နောက်ကျောတွင် -

**ဥုံ မဏိ ပဒ် မေ ဟုံ**

*( m, ma padme, h m!)*

ဂါထာပါရှိသည်။ ဂါထာ၏ အဓိပ္ပာယ်မှာ **ပဒုမ္မာကြာပွင့်တွင်ရှိ ရတနာ(ဗောဓိသတ္တ)**ဟူပင် ဖြစ်ပါသည်။[၂] ဤဂါထာသည် အမိတာဘ ဗုဒ္ဓဘုရားရှင်က ပဒ်မာဏိ(အဝလောကိတေသွာရ) ဗောဓိသတ္တဘုရားလောင်းအား ချီးကျူးထောပနာပြုသော စကားပင် ဖြစ်ပါသည်။

## မဟာယာနရုပ်တုများနှင့်ကြာ

"**ပဒ်မ**"သည် မဟာယာနဗုဒ္ဓဘာသာ၌ အရေးအပါဆုံးသော အမှတ်တံဆိပ်သင်္ကေတပင် ဖြစ်သည်။ ဗုဒ္ဓနှင့် ဗောဓိသတ္တဘုရားလောင်းများ၏ **သွယမ္ဘူ** (Svayambh ) (ခေါ်) သီးခြားရပ်တည်မှု (self-existant)၊ မိမိဘာသာမိမိ ဖန်တီးမှု (self-creation) ကို ညွှန်ပြနေသော ပြယုဂ်တစ်ရပ်ပင် ဖြစ်သည်။ ထို့အပြင် **ပဒ်မ (ခေါ်) ကြာသည် ငယ်ရွယ်နုနယ်၍ ထက်မြက်သောကလေး (an infant-prodigy)** အဖြစ် ကိုယ်စားပြုနေသေး၏။ ကမ္ဘာဦးအစ၌ အာဒိဗုဒ္ဓ (Adi Buddha) သည် မီးတောက်တွင်းမှ ပွင့်လာသည်ဟု ယုံကြည်ကြ၏။ "ပဒ်မ" (ပဒုမ္မာ)သည် အဝလောကိတေသွာရ လက်တော်အတွင်း၌ရှိပြီး ဖန်ဆင်းနိုင်သော တန်ခိုးဣဒ္ဓိပါဒ်ကို ကိုယ်စားပြုပါသည်။ နီပေါနှင့် တိဗက်တို့တွင် အဝလောကိတေသွာရ (ပဒ်မ ပါဏိ)၏ ကြာမှာ ငွားငွားစွင့်စွင့်ဟန်ဖြစ်၍ တရုတ်၊ ဂျပန်တို့ရှိ ကွမ်ယင်နှင့် ကွမ်ဒွန်တို့၏ကြာမှာ အဖူးပင် ဖြစ်သည်။ အဝလောကိတေသွာရနှင့် တာရာဒေဝီတို့၏ကြာမှာ ပန်းရောင်ဖြစ်သည်။ ဗုဒ္ဓ၏ မဂ္ဂင်(၈)ပါးတရားတော်ကို ကြာပွင့် (၈)ပွင့်ဖြင့် ကိုယ်စားပြုစေ၏။ ကောင်းကင်ဘုံတွင် မွေးဖွားသော နတ်မင်းများ၏ ခြေရင်းတွင် ကြာပွင့်များပါရှိ၏။ မဟာယာန ဗုဒ္ဓဘာသာဝင်တို့သည် အမိတာဘဗုဒ္ဓဘုရား၏ သုခါဝတီ (အနောက်ဘက်ကောင်းကင်ဘုံ)၌ ကြာရေကန်ရှိပြီး ထိုကန်ရေမျက်နှာပြင်ထက်ရှိ ကြာဖူးမှ ပြန်လည်မွေးဖွားမည်ဟု ယုံကြည်ကြ၏။[၃]

---

၁ Alce Getty and et.al. **The Gods of Northen Buddhism: Their History, Iconography** and Progressive Evolution though the Northern Buddhist Countries, Oxford, Clarendon Press. 1928. p-30။ နောက်ဆက်တွဲပုံတွင်ကြည့်။ (နောင်ကိုးကားလျှင် Getty, **GNB**, ဟု အတိုညွှန်း)

၂ Getty, **GNB**, p. 57 ဤကျမ်းတွင် 'Oh! the Jewel is in the lotus! ဟု ဖော်ပြထားပါသည်။

၃ Getty, **GNB**, p. 192



www.burmeseclassic.com

www.burmeseclassic.com

မဟာယာနဗုဒ္ဓဘာသာဝင် ရုပ်တုတော်များသည် ဦးခေါင်းထက်တွင် ကြာပန်းရှိနေပုံကို ဟန်နှစ်မျိုးဖြင့် ဖော်ပြနေသည်။ ပထမမှာ ကြာပန်းပွင့်ကို တင်ထားဟန်ဖြစ်ပြီး ဒုတိယဟန်မှာ ကြာပွင့်ကို မှောက်၍ ဦးခေါင်းတွင် မကိုင့်ဆောင်းထားဟန်ပင် ဖြစ်ပါသည်။ ရှာနိဗုဒ္ဓ (၅)ပါး၏တော်ထက်မှ ကြာသည် ပက်လက်လှန် (အပွင့်)ပုံသဏ္ဌာန်ဖြစ်၍ **ဗောဓိသတ္တဘုရားလောင်းတို့၏ ဦးခေါင်းတော်ထက်ရှိ ကြာပွင့်မှာ မကိုဋ်သဏ္ဌာန်ဖြစ်ပြီး စွပ်၍ဆောင်းထားဟန်များ ဖြစ်ကြသည်။ ထို့ကြောင့် ဤကြာဖက်ဆောင်းဟန်အရ မြန်မာနိုင်ငံ ဒက္ခိဏာသာခါသည် ရှာနိဗုဒ္ဓဖြစ်နိုင်ခြေထက် "ဗောဓိသတ္တဘုရားလောင်း" ဖြစ်နိုင်ခြေမှာ ပိုမိုအားကောင်းလာသည်။**

မဟာယာနရုပ်တုတော်စနစ်တွင် ယေဘုယျအားဖြင့် ခြေတော်ဟန် (အာသန)များသည် ဗုဒ္ဓဘုရား (ရှာနိငါးဆူနှင့် ဂေါတမဗုဒ္ဓ)ရှင်၏ ဟန်နှင့် ဗောဓိသတ္တများ၏ အာသနခြေတော်ဟန်များတွင် မတူပေ။ ဗုဒ္ဓရုပ်တုတော်များသည် ထက်ဝယ်ဖွဲ့ ခွေထိုင်တော်မူဟန်မှာ အများဆုံးဖြစ်ပြီး ဗောဓိသတ္တဘုရားအလောင်းမှာမူ ခြေတစ်ဖက်ချထိုင်ဟန် (လာလိတာသန)နှင့် ရပ်တော်မူများအဖြစ် တွေ့ရသည်။ ဤသို့ဆိုလျှင် ဒက္ခိဏာသာခါသည် ထက်ဝယ်ဖွဲ့ခွေ ထိုင်တော်မူဟန်ဖြစ်ပါသည်။ ဤမုဒြာသည် မြန်မာနှင့်ထိုင်း ဗုဒ္ဓယဉ်ကျေးမှုတွင် အဓိကတွေ့ရသည်။ မဟာယာနတွင် တွေ့ရနည်းပါးပါသည်။ လက်တော်ဟန်မှာ ဘူမိဖဿမုဒြာ (ဘယ်တင်-ညာချ)အမျိုးအစား ဖြစ်ပါသည်။ အဆိုပါ အာသနနှင့် မုဒြာဟန်တို့မှာ ဗောဓိသတ္တနှင့် ကွဲလွဲနေဟန်များအဖြစ်လည်း တွေ့ရှိရပါသည်။

ဒက္ခိဏာသာခါ (ဘူမိဖဿမုဒြာ၊ ရှာနသန)တွင် ညာ **ဘက်လက်တော်သည် တံတောင်ဆစ်၌ အကွေးအညွှတ်မရှိဘဲ တစ်ဖြောင့်တည်းဟန် ဖြစ်ပါသည်။ ယင်းကဲ့သို့ဟန်မျိုးအတိုင်း "ရတနာသမ္ဘဝ"အမည်ရှိသော ရှာနိဗုဒ္ဓ(ဝရမုဒြာ)တွင် တွေ့ရှိရသည်။** ညာလက်ဖဝါးတော် ဖွင့်ပြထားသော (ဝရဒ)ဖြစ်သောကြောင့် ညာလက်တော်ဖြောင့်နေဟန်အဖြစ် တွေ့ရသည်။ သို့ဖြစ်၍ ဒက္ခိဏာသာခါ၏ ဘူမိဖဿ ညာလက်ဟန် ဖြောင့်နေရခြင်းသည် ဝရဒမုဒြာမှ ဘူမိဖဿမုဒြာသို့ ကူးပြောင်းခဲ့ကြောင်း မှန်းဆနိုင်ပါဦးမည်။ တွေ့ရသောဟန်များအနက် နီပေါမှ ရတနာသမ္ဘဝဗုဒ္ဓဆင်းတုတော်မှာ ဒက္ခိဏာသာခါနှင့် နီးစပ်နေကြောင်း လေ့လာတွေ့ရှိရသည်။[၁] သို့သော် လုံးဝတူညီမှု မဟုတ်ပါ။ ထို့ကြောင့် ဒက္ခိဏာသာခါသည် မဟာယာနရုပ်တုဗေဒစနစ်အပေါ်တွင် အခြေခံထားသည်မှာ အလွန်ထင်ရှားစေပါသည်။

## ဖြုဟ္မဏဟိန္ဒူဟန် ကြာနိမိတ်ပုံ

အိန္ဒိယနိုင်ငံ၏ ရှေးအကျဆုံးသော ဘာသာယုံကြည်မှုမှာ ဖြုဟ္မဏဝါဒပင် ဖြစ်ပါသည်။ ယင်းယုံကြည်မှုသည် ထေရဝါဒ၊ မဟာယာနတို့ထက် နှစ်ပရိစ္ဆေဒပေါင်းများစွာကပင် အရင်ပေါ်ပေါက်ခဲ့ပါသည်။ သို့အားလျော်စွာ ဗုဒ္ဓယဉ်ကျေးမှုနယ်ပယ်သို့လည်း ဝင်ရောက်ရောယှက်ဟန်များလည်း ရှိပါသည်။ ထေရဝါဒတွင် အနည်းအကျဉ်းပမာဏမျှသာ ဖြစ်သော်လည်း မဟာယာနဗုဒ္ဓဘာသာတွင်မူ အလွန်သိသာထင်ရှားလွန်းလှသည်။

ထို့ကြောင့် ကြာနိမိတ်ပုံ၌ ရှေးအကျဆုံးမှာလည်း ဟိန္ဒူဖြုဟ္မာပင် ဖြစ်ပါသည်။ ဗိဿနိုးနတ်မင်းကြီးသည် သေသမည်သော နဂါးမင်းထက် လျောင်းတော်မူစဉ် ယင်း၏အချက်တော်မှာ ကြာပွင့်ကြီးပေါ်ထွန်းလာခဲ့သည်။ ထိုကြာပွင့်မှ ဖြုဟ္မာနတ်မင်းကြီးကိုလည်းကောင်း၊ လက္ချမီး (သို့) နတ်သမီးကိုလည်းကောင်း၊ မဟာစကြာဝဠာတိုက်ကိုလည်းကောင်း ဖန်ဆင်းမွေးဖွားပေးခဲ့၏။ ထို့ကြောင့် နေလနက္ခတ်တာရာအပါအဝင်ဖြစ်သော မဟာစကြဝဠာ မဟာပထဝီမြေကြီးနှင့် သတ္တလောကတစ်ခွင်လုံးစုံသည် "ကြာ"၌သာ အရင်းအမြစ် ဖြစ်ပါ၏။ ထို့အပြင် ဖြုဟ္မဏနတ်မင်းကြီးများ၏ ဣတ္ထိအသွင်ဖြစ်သော သွရဿတီ (သူရဿတီ)နှင့် လက္ချမီးနတ်သမီးများသည် ကြာဖြူ၊ ကြာနီထက်၌ စံပယ်နေသည်ဟုလည်း ယုံကြည်ကြသည်။[၂] သို့ဖြစ်၍ ကြာနိမိတ်ပုံများသည် ဖြုဟ္မဏဟိန္ဒူတွင် အရင်းခံခဲ့ပြီး မဟာယာနယုံကြည်မှုတွင် ဆင်းသက်ပြန့်ပွားစေခဲ့သည်။ အကြောင်းမှာ မဟာယာနဗုဒ္ဓဘာသာသည် ဖြုဟ္မဏတို့၏ သက္ကတစာပေအပေါ် ပီတည်ထားခြင်းကြောင့်လည်း ဖြစ်ပါဦးမည်။

× × × × ×

---

၁။ (က) Antoinette K. Gordon **The Iconography of Tibetan Lamaism**, Tokyo, Charlese. Tuttle Company, 1960, p.55.
(ခ) Getty, *GNB*, pp. 76-87. 30,37

၂။ ဒေါက်တာသန်းထွန်း။ **ကိုးကွယ်ရာအပင်နှင့် ပုံပြင်များ။** ရန်ကုန်၊ စာ-၅၇/၅၉။



www.burmeseclassic.com

www.burmeseclassic.com

## ဓာတ်မီးထွန်းသည့်ခါနှင့် ကလေးဘုရားအယူအဆ

မဟာယာနဗုဒ္ဓဘာသာတွင် ကြာ(ပဒုမ)သည် ဗုဒ္ဓနှင့် ဗောဓိသတ္တဘုရားလောင်းတို့ကို ရည်ညွှန်းနေသည်သာမက အလွန်ထက်မြက်သောကလေး (Prodigy) အဖြစ် ကိုယ်စားပြုနေသည်ကို တင်ပြခဲ့ပြီး ဖြစ်ပါသည်။ ဓာတ်မီးထွန်းသည့်ခါရုပ်ပွားတော်အား ကလေးအသွင် ထုဆစ်ထားခြင်းမှာလည်း "ပဒုမ"အား ရည်စူးနေခြင်းဟု ယူဆနိုင်ပါမည်။ မဟာယာနဗုဒ္ဓဘာသာဝင်တို့၏ ဘာသာရေးပွဲတော်တွင် ကဆုန်လပြည့်နေ့လည်း တစ်ရပ်အပါအဝင်ဖြစ်ရာ မြန်မာအစရှိသော ထေရဝါဒဗုဒ္ဓဘာသာဝင်တို့က ဗောဓိပင်တွင် ညောင်ရေသွန်းလောင်းကြသည်။ ယင်းတို့က ထိုနေ့သည် ဗုဒ္ဓမွေးနေ့ဖြစ်သည့်အတွက် ဗုဒ္ဓဝင်ဖွားတော်မူခန်းမှ မွေးကင်းစဖြစ်သော သိဒ္ဓတ္ထဘုရားလောင်းငယ်အား ရေသပ္ပာယ်ကြလေ့ရှိပါသည်။[၁]

အဆို့ရှိ ဘုရားလောင်းဟန်သည် ကောင်းကင်နှင့် မြေကြီးအား လက်ညှိုးညွှန်ပြနေဟန် (သူစိမ့်ဒြာ)ဖြစ်ပါသည်။[၂] မွေးကင်းစဘုရားလောင်းကလေးငယ်ကို ရေဖလားအတွင်းထည့်၍ လက်ဖက်ခြောက်ဖြင့်ပြုလုပ်ထားသော အမွှေးနံ့သာရည်တို့ဖြင့် ရေချိုးသွန်းလောင်းကာ ပူဇော်တတ်ကြသည်။

ထို့အပြင် ဂျပန်နိုင်ငံ တိုကျိုမြို့၏ အနောက်ဘက်ရှိ နာဂါနို(Nagano) ဒေသတွင် **ဇန်ကိုဂျိ**(Zenkoji)**ကျောင်းတော်**ရှိပြီး၊ ထိုကျောင်းပရဝဏ်တွင် **ကလေးဘုရားများစွာ** ရှိပါသည်။ ထိုကလေးဘုရား ရုပ်ပွားတော်များအား ကျောင်းကပ္ပိယများက ကလေးဦးထုပ်(bonnet)နှင့် **ရင်ဘတ်သွားရည်ခံ**(bib) အဝတ်ဖြူများ လဲလှယ်ဆင်မြန်းပေးရသည်။ ထိုကျောင်းတော်သည် ဂျိုဒို(Jodo) မဟာယာနဂိုဏ်းဝင်များဖြစ်ကြပြီး အဝလောကိတေသွာရနှင့် မဟာရှိထမဗောဓိသတ္တတို့ကို ကိုးကွယ်ကြသူများလည်း ဖြစ်ကြသည်။ ထိုဂိုဏ်းသည် တရုတ်၊ အမိတ္တာဘဂိုဏ်း၏ ဆရာတော်ရှန်တို (၆၁၃-၆၈၁ အေဒီ)၏ အရိုက်အရာကို ဆက်ခံပြီး သုခဝတီဗျူဟာသုတ္တန်နှင့် အမိတာယု ဈာနသုတ္တန်ကို လက်စွဲပြုသော မဟာယာနဂိုဏ်းလည်း ဖြစ်၏။[၃] ယင်းကလေးဘုရားများသည် ဂျိဇော(Jizo)ဟု ဂျပန်အခေါ်ဖြစ်ကြပြီး **ရဟန်းအသွင် ထုထားသော ဗောဓိသတ္တဘုရားလောင်းများ**လည်း ဖြစ်ကြသည်။ ဤမလေ့ဆိုင်ရာ အယူအဆသည် တိဗက်တွင်သည်း ရှိနေ၏။[၄]

မဟာယာနပိဋကတ်၊ သခါဝတီဗျူဟာသုတ္တန်တွင် အမိတာဘကောင်းကင်ဘုရား၏ ဘုံဗိမာန်တွင် **ကလေးသူငယ်**



ကလေးဘုရားများပုံ ဇန်ကိုဂျိကျောင်းတော်၊
နာဂါနိုအနောက်မြောက်၊ ဂျပန်။

၁။ **Vesak day & Seoul Louts Lantern Festival, Buddha's Birthday,** *Wikipedia, free encyclopedia.*
၂။ စဝ်ထွန်းမှတ်ဝင်း၊ **မုဒြာများ**၊ စာ-၇၂။
၃။ R.V. Bapat, ed. ***2500 Years of Buddhism***, New Delhi, Ministry of Information and broadcasting, 1956, p. 133
၄။ (a) **Japan, An Illustrated Encyclopedia**, Tokyo, Kodansha Co., Ltd. 1993, p. 1778.
(b) **The Cambridge Encyclopedia of Japan, ed.** Richard Bowming & Peter Kornick, England, Cambridge University Press, 1993, pp. 158, 159, 164.
(c) en wikipedia org/wiki/**zenkoji-temple**



www.burmeseclassic.com


www.burmeseclassic.com

**များ** ပျော်ရွှင်မြူးထူးနေကြသည်။ သို့ဖြစ်၍ ကလေးဘုရား (Baby-Buddha) အယူအဆသည် မဟာယာနဗုဒ္ဓဘာသာဝင်များအကြားတွင် ထင်ရှားစွာ ပေါ်ပေါက်နေသည်။ ထို့အပြင် တိဗက်လားမား မဟာယာနရုပ်တုဗေဒကျမ်းများတွင်လည်း ဖွားတော်မူခန်းမှ ဗောဓိသတ္တဘုရားလောင်းကလေးငယ်ကို ကိုးကွယ်ဟန်အဖြစ် ဖော်ပြထားလေ့ရှိကြောင်း တွေ့ရသည်။ သို့ဖြစ်၍ မြန်မာနိုင်ငံရှိ ဒက္ခိဏာသာခါရုပ်ပွားတော်အား "ကလေးရုပ်အသွင်" ဟုဆစ်သည့် ဓလေ့မှာ မဟာယာနအစဉ်အလာသာလျှင် ဖြစ်နိုင်ဖွယ်ရှိကြောင်း ထပ်၍ပေါင်းစပ်လေ့လာတွေ့ရှိရသည်။ တစ်ဖန် တရုတ်မဟာယာနဗုဒ္ဓဘာသာတွင် "ကွမ်ယင်" (ဗောဓိသတ္တ၏ ဣတ္ထိအသွင်)မှာလည်း ကလေးသူငယ်များကို စောင့်ရှောက်ပေးသည်ဟု ယုံကြည်သည်သာမက (Kuan-Shin-Yin) သည် သားဆုပေးသူ (Giver of Son) လည်း ဖြစ်ပါသည်။[၁]

မဟာယာနဗုဒ္ဓဘာသာဝင်ဖြစ်သော "မဟာဝတ္ထု အဝဒါန" ကျမ်းတွင် ဖွားတော်မူခန်းမှာလည်း "ဒက္ခိဏာသာခါ"၏ အရင်းအမြစ်အတွက် ထည့်စဉ်းစားရန် တွေ့ရှိရသည်။ ဤဗုဒ္ဓဝင်၌ ဒီပင်္ကရာဗုဒ္ဓ (Dipankara Buddha) အလောင်းတော်ကို မွေးဖွားစဉ် မယ်တော်ဖြစ်သူသည် **ကြာကန်တွင်းသို့ ဆင်းသက်ခဲ့ရာ အလယ်၌ ကျွန်းတစ်ကျွန်းပေါ်ထွန်းခဲ့ကြောင်း။** ထိုကျွန်းတွင် အလောင်းတော်ကို ဖွားမြင်ခဲ့ကြောင်း၊ ဖွားမြင်ပြီးနောက် တစ်နေ့တွင် ဒီပင်္ကရာဗုဒ္ဓသည် ကမ္ဘာမြေအနှံ့သို့ ခရီးထွက်ခဲ့ကြောင်း။ ထိုအချိန်မှစ၍ အနှစ်(၁)သိန်းတိုင်အောင် သက်တော်ရှည်စွာ တည်ရှိနေကြောင်း ယုံကြည်ကြသည်။[၂] သို့ဖြစ်၍ "ကြာရေကန်"တွင်းမှ မွေးဖွားသော ဒီပင်္ကရာဗုဒ္ဓသည်လည်း ဒက္ခိဏာသာခါရုပ်တုသဘောကဲ့သို့ အလွန်နီးစပ်နေကြောင်း လေ့လာတွေ့ရှိရ၏။

သို့ဖြစ်၍ အောက်ပါ ဒက္ခိဏာသာခါရုပ်ပွားတော်၏ သမားရိုးကျမဟုတ်သော လက္ခဏာများသည် **မဟာယာနဗုဒ္ဓဘာသာဆိုင်ရာ သွင်ပြင်များပင်** ဖြစ်ပါသည်။

ညာလက်တော်ဖြောင့်တန်းနေဟန်၊ ကလေးအသွင်ဖြစ်ခြင်း၊ ကြာဖတ်ဆောင်းခြင်း၊ ရေကန်ပါရှိခြင်း၊ ရေကန်၌ ကြာပွင့်၊ ဖူးများ ပါရှိခြင်းနှင့် ကြာပလ္လင်ထက်၌ သီတင်းသုံးဟန်ဖြစ်ခြင်း



ကြာဖတ်ဆောင်း ဗုဒ္ဓရုပ်ပွားတော်၊ ကြေးသွန်း၊ အမြင့် ၄၁.၀ စင်တီမီတာ၊ ၁၈၇၃ ခုနှစ်၊ ဝရဒမုဒြာ၊ ကျိုင်းတုံမြို့၊ ရှမ်းပြည်နယ်။

တို့ပင် ဖြစ်ပါသည်။

**ဒေါက်တာနန်းလှိုင်** [Ph.D.(History), Yangon]

**<u>မှီငြမ်း</u>**

ဒက္ခိဏာသာခါရုပ်ပွားတော်
(စာပေ၊ သမိုင်းနှင့် ရုပ်တုဗေဒဆိုင်ရာ သုတေသန)
ဒေါက်တာနန်းလှိုင်[Ph.D.(History), Yangon]

၁။ (က) Antoinette K. Gordon **The Iconography of Tibetan Lamaism**, Tokyo, Charlese. Tuttle Company, 1960, p.55.
(ခ) Getty, **GNB**, pp.76-87

၂။ Getty, **GNB**, pp.11-12




www.burmeseclassic.com

www.burmeseclassic.com

# ဒက္ခိဏာသာခါ
## ထုလုပ်ပုံအာယူအာဆများ

■ **ဒေါက်တာနန်းလှိုင်** [Ph.D.(History), Yangon]



ကြာပတ်ဆောင်း ဒက္ခိဏာသာခါကြေးသွန်းရုပ်ပွားတော်၊
အမြင့် ၂၀ စင်တီမီတာ ၁၈-၁၉ ရာစု
Otto Karow, *BBS*

ဒက္ခိဏာသာခါထုလုပ်ခြင်းနှင့် စပ်လျဉ်း၍ ယေဘုယျအားဖြင့် နှစ်မျိုးခွဲခြားသည်။ ယင်း(၂)မျိုးမှာ -

**သီဟိုဠ်ပုံ** ဒက္ခိဏာသာခါနှင့် **ဗောဓိရိုး** ဒက္ခိဏာသာခါဟူ၍ပင် ဖြစ်သည်။ သီဟိုဠ်ပုံ ဒက္ခိဏာသာခါဆိုသည်မှာ **ယခုခေတ် မြင်တွေ့နေရသော ကလေးအသွင် ဒက္ခိဏာသာခါဟန်ဖြစ်ပြီး**၊ ဗောဓိရိုး ဒက္ခိဏာသာခါဟန် ဆိုသည်မှာ မြန်မာဟန် **ထက်ဝယ်ဖွဲ့ခွေထိုင်တော်မူဟန်ပင်** ဖြစ်ပါသည်။ မြန်မာဟန်သည်လည်း ကြာဖတ်ဆောင်း၍ "မဟာပုရိသလက္ခဏာတော်" ဟန်ဟုပင် ဆိုနိုင်ပါဦးမည်။ သို့ဖြစ်၍ မြန်မာဟန် "ဗောဓိရိုး ဒက္ခိဏာသာခါ" ဆင်းတုတော်မှာ သပ္ပာယ်နေပေ၏။ ထို့ကြောင့် ၁၉၆၈ ခုနှစ်တွင် မြန်မာ့သမိုင်းပညာရှင် **ပါမောက္ခဒေါက်တာသန်းထွန်း**(၁၉၂၃-၂၀၀၅)က -

"...ယနေ့ခေတ်ပုံက **သီဟိုဠ်ပုံလို့ သိရပါတယ်**။ မြန်မာပုံကို သီဟိုဠ်ပုံနဲ့ ကွဲပြားအောင် **ဗောဓိရိုးပုံလို့ခေါ်တယ်**။ အမှန်ကို ပြောရရင် အခုအခါ သီဟိုဠ်ပုံခေတ်စားနေပေမဲ့ ဗောဓိရိုးပုံက ပိုပြီးသပ္ပာယ်ပါတယ်။"[၁]

ဟူ၍ ဆိုခဲ့သည်။ ဤနေရာ၌ သီဟိုဠ်ပုံ(သီရိလင်္ကာ) ဆိုခြင်းသည် ဝေဝဆင့်ခံသာ ဖြစ်ပါသည်။ အကြောင်းမှာ မြန်မာဗုဒ္ဓယဉ်ကျေးမှုရှိ ဗောဓိပင် တောင်ကိုင်းသားကို ဘုရားထုဆစ်ကိုးကွယ်သော ဓလေ့မျိုးသည် သီရိလင်္ကာတွင် မရှိပေ။ ထို့အပြင် ယနေ့ခေတ် ထုလုပ်သော ဒက္ခိဏာသာခါဟန် (ကလေးအသွင် ကြာဖတ်ဆောင်းခြင်း၊ လက်တော်ဆန့်တန်းခြင်း)မျိုးသည်လည်း သီရိလင်္ကာ၌ မရှိကြောင်း သိရသည်။[၂] သီရိလင်္ကာ၌

---


၁။ သန်းထွန်း၊ နယ်လှည့်၊ စာ-၁၃၄။

၂။ (က) မြန်မာနိုင်ငံဆိုင်ရာ သီရိလင်္ကာဒီမိုကရက်တစ် ဆိုရှယ်လစ်သမ္မတနိုင်ငံသံရုံးမှ မစ္စတာ ဒယာနန္ဒ (Mr. Daya Nanda, B.A., Peradeniya University) ရုံးအဖွဲ့မှူး (Attache) နှင့် ၁၂ ရက် ဇူလိုင်၊ ၂၀၁၁ ခုနှစ်၊ အင်္ဂါနေ့၌ တွေ့ဆုံမေးမြန်းချက် (Interview) ဖြစ်သည်။



www.burmeseclassic.com

www.burmeseclassic.com



**သီရိလင်္ကာဗုဒ္ဓရုပ်ပွားတော်ဟန်၊ အမျိုးသားပြတိုက်၊ ကိုလံဘိုမြို့။**

မဟာဗောဓိဒက္ခိဏသာခါ ရက္ခပင်တော်ကြီးကိုပင် ပူဇော်ကြခြင်း၊ အသီးမှ မျိုးစေ့ချ၍ ပွားများစိုက်ပျိုးကြောင်းသာ ရှိသည်ဟု သိရသည်။

ထို့အပြင် "ဘုရားတည်ပိသုကာကျမ်း"[၁] အမည်ရှိသော ပေမူတစ်စောင်တွင်လည်း "မဟာဗောဓိပင်၏ အခက်ဖြစ်သော ဒက္ခိဏသာခါ မဟာဗောဓိပင်"ဟူ၍ ဖော်ပြထားပါသည်။ "ဘုရားစေတီတော် ရုတ္တုတော်စာရင်း"အမည်ရှိသော ပေမူတစ်စောင်တွင်လည်း -

"ကြာဖက်ဆောင်းဒက္ခိဏသာခါ"ဟုလည်းကောင်း၊ "ဒက္ခိဏသာခါအစစ် ကြာဖက်ဆောင်းဘုရားကို အမြကိုးကွယ်၍ထားရန်မှာ ရအောင်ရှာ"[၂] ဟူ၍ တွေ့ရပါသည်။

ထို့အပြင် သီရိလင်္ကာရှိ ဗုဒ္ဓဆင်းတုတော်များစွာကို သမိုင်းစဉ်တစ်လျှောက် ပူဇော်ထားရှိရာ သီရိလင်္ကာ ဗုဒ္ဓအနုပညာဟန်သည် -

ဦးခေါင်းထက်ရှိ ဆံတော်မှာ လက်ျာရစ်ခွေဟန်များဖြစ်ခြင်း၊ ဥဏှိသမှာ မီးလျှံအသွင် မြင့်မားနေခြင်း၊ မျက်နှာတော် တည့်မတ်နေခြင်း၊ မျက်လုံးတော်ဖွင့်ထားဟန်ဖြစ်ခြင်း၊ လည်တိုင်တော် ထင်ရှားနေခြင်း၊ ပခုံးတော်နှစ်ဖက် ကျယ်ပြန့်နေခြင်း၊ ကိုယ်လုံးတော်အလွန်ဖြောင့်မတ်နေခြင်း၊ သင်္ကန်းတော်အ ဘွန့်အရေးအကြောင်းများ စိပ်နေခြင်း[၃] တို့မှာ ဒက္ခိဏသာခါဟန်ဖြင့် အလုံးစုံကွဲလွဲနေခြင်းပင် ဖြစ်သည်။ သီရိလင်္ကာ ထက်ဝယ်ဖွဲ့ခွေ ဗုဒ္ဓရုပ်ပွားတော်များ၏ အထင်ရှားဆုံးဟန်မှာ ပခုံးတော်ကျယ်နေပုံ၊ ကိုယ်လုံးတော်ဖြောင့်မတ်ပုံ၊ စျာနမုဒြာ လက်ဟန်များပင် ဖြစ်ပါသည်။ ဒက္ခိဏသာခါသည် သီရိလင်္ကာမှ ဆင်းသက်လာသည်ကို သိမှတ်ထားရာမှ "သီဟိုဠ်ပုံ"မှာ ရမ်းမှန်း၍ ခေါ်ဆိုင ခြင်းသာဖြစ်ကြောင်း လေ့လာတွေ့ရှိရသည်။

ဒက္ခိဏသာခါရုပ်ပွားတော် (ဘူမိဖဿမုဒြာဟန်)သည် သီဟိုဠ်ပုံစံဟန်များနှင့် လုံးဝခြားနားနေပါသည်။ သီရိလင်္ကာမှ ဒီ၊ တီ ဒေဝိန္ဒရ (D.T. Devandra) ၏ **သီဟိုဠ်ဗုဒ္ဓရုပ်ပွားတော်များ** *(The Buddha Image And Ceylon)* ကျမ်းတွင်

...သီရိလင်္ကာ၌ ဘူမိဖဿမုဒြာ၊ ဝရဒမုဒြာနှင့် ဝိတက္ကမုဒြာများဖြင့် ပုံဖော်ထားသော ဗုဒ္ဓရုပ်ပွားတော်များမရှိပါ။ ကိုလံဘိုပြတိုက်တွင်မူ ဘူမိဖဿရုပ်ပွားတော်(၃)ဆူကို တွေ့ရသည်။ တစ်ဆူမှာ (၉)ရာစုမှ သီဟိုဠ်အက္ခရာဟန်စာပါရှိသော မြေမီးဖုတ်အုတ်ခွက်ဘုရားငယ်တစ်ဆူ ဖြစ်ပါသည်။ တစ်ဆူမှာ ရွှေထည်ခေါင်းပွ အမျိုးအစားဖြစ်ပြီး အ ရ အနောက်ဘက်ဝိဟာရအနီးမှာ တူးဖော်တွေ့ရှိရခြင်း ဖြစ်သည်။ အဆိုပါ ဘူမိဖဿရုပ်ပွားတော်များ၏ မျက်လုံးတော်သည်လည်းကောင်း၊ ကျယ်ပြန့်သော နှုတ်ခမ်းတော်သည်လည်းကောင်း သီဟိုဠ်ဟန်နှင့် ပုံစံများဖြင့် လုံးဝမတူညီပါ။ ထိုကဲ့သို့ ဟန်မျိုးကို မကြာသေး

---

၁။ ရန်ကုန်တက္ကသိုလ်များ ဗဟိုစာကြည့်တိုက်၊ ပေမူအမှတ်-၁၀၈၅၇။

၂။ ရန်ကုန်တက္ကသိုလ်များ စာကြည့်တိုက်၊ ပေမူအမှတ် ၉၅၆၃ နှင့် ၁၀၈၅၇၊ ဇ-ကျော၊ ချုပ်၊ ကြောင်းရေ-၁။

၃။ Paranavitana (Intro.), **Art & Architecture of Ceylon**, Bombay, the Art Council of Ceylon, 1954. ကျမ်းတွင် သီရိလင်္ကာမှ ဗုဒ္ဓသာသနိက ရှေးဟောင်းအဆောက်အဦ၊ ဗုဒ္ဓရုပ်ပွားတော်များကို ဓာတ်ပုံများဖော်ပြထားသည်။ ထို့အပြင် ရန်ကုန်၊ ကမ္ဘာအေးစေတီတော်ပရဝုဏ်၊ မဟာပါသာဏလိုဏ်အနီးရှိ ဆဋ္ဌသင်္ဂါယနာတင် သမိုင်းပြတိုက်၊ မြေညီထပ်တွင် သီရိလင်္ကာမှ ဗုဒ္ဓဆင်းတုတော် (၁)ဆူကိုလည်း ယှဉ်တွဲလေ့လာဖူးမြင်နိုင်ပါဦးမည်။ ထို့ပြင် သီရိလင်္ကာ ထက်ဝယ်ဖွဲ့ခွေဟန်များဖြင့်လည်း နှိုင်းယှဉ်ထားသည်။



www.burmeseclassic.com

www.burmeseclassic.com



သီရိလင်္ကာဗုဒ္ဓရုပ်ပွားတော်၊ ၆ ရာစု အေဒီ အနုရာဓပူရ တောရဝိရဒေသ၊ ကိုလံဘိုပြတိုက်

မီက မြန်မာနှင့် ထိုင်းတို့တွင်သာ တွေ့ရှိရသည်ဟု ရုပ်တုဗေဒ ပညာရှင် **ကုမာရဆွာမိ**(Coomaraswamy) က မှတ်ချက်ပြုခဲ့ပါသည်။[၁]

ထို့အပြင် သီရိလင်္ကာဗုဒ္ဓရုပ်ပွားတော်များ၏ ခါးတော်များသည် သေးငယ်သောခါး (the lower waist) အမျိုးအစားဖြစ်ပြီး ဝမ်းဗိုက်တော်မှာလည်း ချပ်ကပ်နေဟန်(the lower belly)၊ သကင်္န်းတော်မှာ ကြာဖတ်အသွင်နှင့် ထင်ရှားသောအရေးအကြောင်းများဟန်တို့ဖြင့် ဖန်တီးပုံဖော်ကြပါသည်။ တစ်ဖန် မျက်နှာတော်ဟန်သည်လည်း ပြုံးနေဟန်(smiling Buddha) မျိုး မရှိပေ။ အကြောင်းမှာ ဗုဒ္ဓဘုရားရှင်သည် လောဘ၊ ဒေါသ၊ မောဟနှင့် ကိလေသာတို့ကို အောင်မြင်ပြီးသော နိဗ္ဗာန်လမ်းကို ညွှန်ပြနေသော ဆရာသခင်ဖြစ်သည့်အတွက် တည်ကြည်ခံ့ညားသောအသွင် (a lofty, serenity, unruffled mood) အဖြစ်လည်း ထုလုပ်ပူဇော်ကြပါသည်။ ဤကဲ့သို့ ဟန်များမှာလည်း "ဒက္ခိဏသာခါရုပ်ပွားတော်"ဟန်ဖြင့် လုံးဝဥဿုံ ခြားနားလျက်ရှိကြောင်း တွေ့ရပါသည်။ ၁၉၅၀ နှစ်များမှ သီရိလင်္ကာမှ လှူဒါန်းထားသော ထက်ဝယ်ဖွဲ့ခွေထိုင်တော်မူ ဗုဒ္ဓရုပ်ပွားတော်တစ်ဆူကို ရန်ကုန်၊ ကမ္ဘာအေးစေတီကုန်းမြေရှိ ဆဋ္ဌသင်္ဂါယနာပြတိုက်တွင် မျက်မြင်အတိုင်း လေ့လာတွေ့ရှိနိုင်ပါဦးမည်။ သို့ဖြစ်၍ မြန်မာ ဒက္ခိဏသာခါအား သီဟိုဠ်မှုဟုဆိုရာမှာ ဖြစ်နိုင်ချေ အလွန်နည်းလှကြောင်း တွေ့ရသည်။

သို့ရာတွင် ကြာဖတ်ခေါင်းဟန်သည် သီရိလင်္ကာမှ ဗုဒ္ဓရုပ်ပွားတော်များတွင်လည်း တွေ့ရှိရကြောင်း ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ဆိုင်ရာ သီရိလင်္ကာဒီမိုကရက်တစ်ဆိုရှယ်လစ်သမ္မတနိုင်ငံ သံအမတ်ကြီး မစ္စတာ အိ(ချ်)အာ(ရ်) ပိယသိရိ(H.R. Piyasiri) က ပြောကြားချက်အရ မှတ်သားရဖူးပါသည်။ ထို့အပြင် အဆိုပါသံအမတ်ကြီးက သီရိလင်္ကာနိုင်ငံသည် ထေရဝါဒဗုဒ္ဓဘာသာဝင်နိုင်ငံ (The Land of Pure Buddhism) ဖြစ်ကြောင်း၊ လောကီယုံကြည်မှုဆိုင်ရာ ရုပ်တုကိုးကွယ်မှု(Metaphysical statue) မျိုးမရှိကြောင်း ရှင်းလင်းပြောကြားခဲ့သည်ကိုလည်း မှတ်သားရဖူးပါသည်။[၂]

ဂယာမှ ဗောဓိပင်၏ အရွက်၊ အခေါက်၊ အကိုင်းခြောက်များကို အမှုန့်ကြိတ်၍ သစ္စေးနှင့်နယ်ပြီး ဒက္ခိဏသာခါအဖြစ် ထုဆစ်ပူဇော်သော ဓလေ့မှာ မြန်မာယဉ်ကျေးမှုမှာသာ တွေ့ရှိရပါသည်။

ယခုခေတ် နိဗ္ဗာန်ကုန်ဈေးကွက်တွင်းရှိ "ဒက္ခိဏသာခါ" ဆင်းတုတော်ဟန်ကို သီဟိုဠ်ပုံနှင့် ဗောဓိရိုးပုံဟူ၍ နှစ်မျိုးထုဆစ်လျက်ရှိကြောင်း တွေ့ရသည်။ သီဟိုဠ်ပုံ၌ ဦးခေါင်းကြာဖက်ဆောင်းထားရာ ကြာရိုးတံသည် ဆင်းတုတော်နောက်ဘက်သို့ ရှည်လျားစွာ တွဲလောင်းကျနေဟန် ဖြစ်ပါသည်။ နိုင်ငံခြားဧည့်သည်များက ဤကဲ့သို့ဟန်မျိုးမှာ ဆန်းပြားနေသဖြင့် ပို၍နှစ်ခြိုက်ကြကြောင်း သိရသည်။[၃]

ပါမောက္ခ ဒေါက်တာသန်းထွန်း၏ ဖော်ထုတ်တွေ့ရှိချက်အရ အစောဆုံးရက်စွဲနှင့် ဗောဓိရိုး ဒက္ခိဏသာခါပုံတော်ကို မုံရွာခရိုင်၊ သစ်ဆိမ့်ရွာ ရှင်ပင်ချမ်းသာကြီးဘုရားတွင် တွေ့ရှိရ

၁ D.T. Devendra, **The Buddha Image And Ceylon,** Kandy, K.V.G. De. Silva & Sons, 1957, p. 72.

၂ ၂၇ ရက်၊ ဇူလိုင်လ ၂၀၁၀ (ဗုဒ္ဓဟူးနေ့)တွင် ရန်ကုန်မြို့ ပြည်ထောင်စုရိပ်သာရှိ သီရိလင်္ကာဒီမိုကရက်တစ်ဆိုရှယ်လစ်သမ္မတနိုင်ငံဆိုင်ရာသံရုံး၌ သံအမတ်ကြီး H.E. Mr. H.R. Piyasiri နှင့် တွေ့ဆုံမေးမြန်းချက် ဖြစ်ပါသည်။

၃ ပုံတွင်ကြည့်ရန် ရွှေတိဂုံစေတီတော်၊ တောင်ဘက်မုခ်ရှိ ဆန်းသစ်အောင် နိဗ္ဗာန်ကုန်ဆိုင်နှင့် တွေ့ဆုံမေးမြန်းချက်။



www.burmeseclassic.com

www.burmeseclassic.com

ကြောင်း ဖော်ပြထားသည်။[၁]

ယနေ့ခေတ်စားနေသော ဒက္ခိဏသာခါပဟန်နှင့် လုံးလုံး နီးပါးမျှ မတူတော့ကြောင်း တွေ့ရသည်။ အလားတူ ဒက္ခိဏ သာခါတစ်ဆူကို စစ်ကိုင်းမြို့ ထူပါရုံဘုရား၏ အာရုံခံ တန်ဆောင်းတွင် တွေ့ရှိရသေးသည်။



ဒက္ခိဏသာခါရုပ်ပွားတော်၊ ရိုးတံရှည်ကြာပတ်ဆောင်းဟန်

**ရဟန်းရှင်လူ ပညာရှိတို့၏ အမြင်သဘောထား**

ဒက္ခိဏသာခါရုပ်ပွားတော်အကြောင်းကို ပထမဆုံးတင် ပြခဲ့သည့် ရဟန်းပညာရှိမှာ ကုန်းဘောင်ခေတ် ဘိုးတော်ဘုရား (၁၇၈၂-၁၈၁၉)လက်ထက်၌ ထင်ရှားခဲ့သော **မုံရွေးဇေတဝန် ဆရာတော် ရှင်အာဒိစ္စဝံသ** (၁၇၆၆-၁၈၃၅)ပင် ဖြစ်ပါသည်။ ယင်းဆရာတော်၏ "သမန္တစက္ခုဒီပနီ"တွင် ဒက္ခိဏသာခါ အကြောင်း ဖော်ပြထားသည်ကို ဤသို့ တွေ့ရသည်။

. . . ဒက္ခိဏသာခါ မဟာဗောဓိမှန်သည်ဖြစ်စေ၊ မမှန် သည်ဖြစ်စေ၊ စန္ဒကူ၊ သရက္ခန် မှန်သည်ဖြစ်စေ၊ မမှန်သည်ဖြစ် စေ၊ ကျွန်း။ ယမနေ၊ ရေသဖန်း။ သစ်သက်န်း။ ကရဝေး စသော သစ်ထူးသစ်မြတ် မှန်သည်ဖြစ်စေ၊ မမှန်သည်ဖြစ်စေ၊ အရှည် ခိုင်ခံ့ သန့်ပြန့်ချောမွတ်သော သစ်ဟူသမျှကို ဒွစ်မှုအလျောက် လျောက်ပတ်တင့်တယ်စွာ ထုလုပ်ရလျှင်၊ ဗုဒ္ဓရူပ၊ ဗုဒ္ဓပဋိမာ၊ ဥဒ္ဒိသက စေတီချည်းပင် ဖြစ်တော့သည်။ ဥဒ္ဒိသကစေတီဖြစ်က လည်း ကိုးကွယ်ပူဇော်သူမှန်သမျှ သံသရာ၌ လူချမ်းသာ၊ နတ် ချမ်းသာနှစ်ပါးကို ရရှိ၍ အဆုံး၌ ဝိမုတ္တိရသ (နိဗ္ဗာန်)ကို ရကြ မည်သာ ဖြစ်သည်။[၂]

ဟူ၍ တွေ့ရသည်။ သို့ဖြစ်၍ ကုန်းဘောင်ခေတ် ဗုဒ္ဓ ယဉ်ကျေးမှုတွင် ဒက္ခိဏသာခါရုပ်ပွားတော်နှင့် စပ်လျဉ်းရှိခဲ့ သော အငြင်းပွားမှုမှာ **"မဟာဗောဓိပင်သား အစစ် ဟုတ်-မဟုတ်"** ကိစ္စပင် ဖြစ်ပါသည်။

ထို့ကြောင့် မြန်မာဗုဒ္ဓဘာသာယဉ်ကျေးမှုသမိုင်းတွင် ဒက္ခိဏသာခါနှင့် စပ်လျဉ်းနေသော တွေ့ကြုံနေရသည့်ကိစ္စမှာ ၁၉ ရာစု၌ "ဗောဓိပင်အသားစစ်ခြင်း၊ မစစ်ခြင်း"ပင်ဖြစ်ပြီး ၂၀



၂၃-၇-၁၈၅၈ ရက်စွဲပါ ဗောဓိရိုး ဒက္ခိဏသာခါပုံ ရှင်ပင်ချမ်းသာကြီးဘုရား၊ သစ်စိမ့်ရွာ၊ မုံရွာခရိုင်

၁။ သန်းထွန်း။ နယ်လှည့်၊ စာ-၁၃၄၊ (ပုံ-၂·၁၇)တွင် ကြည့်ရန်။

၂။ မုံရွေး။ သမန္တစက္ခု၊ စာ-၄၀၄-၄၀၅။



www.burmeseclassic.com

www.burmeseclassic.com

ရာစုနှောင်းပိုင်းသို့ ရောက်သောအခါ ပဋိမာသိပ္ပံဆိုင်ရာ ဒက္ခိဏာသာခါရုပ်တုအကြောင်းပင် ဖြစ်လာခဲ့သည်ကို တွေ့ရသည်။ ရှေးတုန်းကကဲ့သို့ ဗောဓိပင်သားအစစ် ရခြင်း မရခြင်းအပေါ် အငြင်းပွားမှုမတွေ့ရတော့ပါ။ သို့ဖြစ်၍ ကုန်းဘောင်ခေတ် ဒက္ခိဏာသာခါသည် ဗောဓိရိုးဟန်သာဖြစ်ပြီး သီဟိုဠ်ပုံ ဒက္ခိဏာသာခါဆိုသည်မှာ ကိုလိုနီခေတ်ရောက်မှသာ ဖြစ်ပေါ်လာသော ဟန်ဖြစ်ပါဦးမည်။ မြန်မာနိုင်ငံရှိ ဗုဒ္ဓဘာသာ ဂိုဏ်းဆရာများက စတင်စိတ်ကူး ပုံဖော်လိမ့်မည်ဟု မှန်းဆရပါသည်။

သီဟိုဠ်ပုံ ဒက္ခိဏာသာခါထုလုပ်ခြင်းနှင့် စပ်လျဉ်း၍ ၂၀ ရာစုခေတ်နှောင်းပိုင်း ဗုဒ္ဓဘာသာစာပေတို့တွင် သဘောထား ပြောင်းလဲလာသည်ကို တွေ့ရသည်။ ၁၉၇၅ ခုနှစ်တွင် **ဦးကြီး ခင်** (၁၉၁၅-၁၉၉၀)က **"ဒက္ခိဏာသာခါထုလုပ်နည်း"**ကို ရေးသားထုတ်ဝေခဲ့သည်။ ဦးကြီးခင်က ဒက္ခိဏာသာခါထုလုပ်နည်းအစဉ်အလာကို ပြတ်သားစွာ ဆန့်ကျင်လာသည်ကို တွေ့ရသည်။

. . .ဦးခေါင်းတော်တွင် ကြာပွင့်၊ ကြာဖတ်ဆောင်းရန် မလိုပေ။ ကြည်ညိုဖွယ်ရာကင်းသော လက်တစ်ဖက်ကို ဆန့်တန်း၍ထားခြင်း၊ လည်ကုပ်တိုနှင့် ပုဒအိုင့်စွာထုခြင်း စသော ကြည်ညိုဖွယ်ရာ တင့်တယ်မှု (ပါသာဒိကဂုဏ်) ကင်းသော ပုံသဏ္ဌာန်မျိုး မထုလုပ်မိကြရန်။[1]

ဟူ၍ တွေ့ရသည်။ အလားတူ ၁၉၈၀ ခုနှစ်တွင် ပေါ်ထွက်လာသော မြန်မာ့ရိုးရာပဋိမာသိပ္ပံပညာကျမ်းပြု **စဝ်ထွန်းမှတ်ဝင်း** (၁၉၂၅-၂၀၁၀)ကလည်း. . .

. . .ကာလရွေ့လျော ဖောက်ပြန်သောကြောင့် ဦးခေါင်း မဏီတော် ဖောင်းပွလာခြင်း၊ လည်ပင်းတော် ပုတိုခြင်း၊ ကျောတော်ကုန်းကွခြင်း၊ ဝသော ပုံပျက်ပန်းပျက်များ ပေါ်ထွက်လာရခြင်း ဖြစ်လေသည်။ သကျမုနိမြတ်စွာဘုရားသခင်၏ လက္ခဏာတော်ကြီးငယ်တို့နှင့် ညီညွတ်မှန်ကန်သော ရုပ်ပွားတော်ဖြစ်ပါမူကား အလွန်ကြည်ညိုသပ္ပာယ်တော်မူမည် ဖြစ်ပါသည်။ မကြည်ညိုသေးသောသူတို့ကို ကြည်ညိုလာစေရန်၊ ကြည်ညိုပြီးသော သူတို့ကိုလည်း ပိုမိုကြည်ညိုလာစေရန်လည်းကောင်း၊ ပြန်လည်ပြုပြင်တည့်မတ်ပေးရမည့်တာဝန်သည် ဗုဒ္ဓဘာသာတို့၏ မလွှဲမရှောင်သာသော ကိစ္စရပ်ကြီးပင် ဖြစ်ပါတော့သည်။[2]

ဟူ၍ ဖော်ပြထားသဖြင့် စဝ်ထွန်းမှတ်ဝင်း (မြန်မာ့သမိုင်းအဖွဲ့ဝင် ၁၉၉၆-၂၀၁၀)ကလည်း ဒက္ခိဏာသာခါ၏ မူလဟန်ကို အသင်အရှားဆန့်ကျင်လာသည်ကို တွေ့ရသည်။ သို့ဖြစ်၍ ဦးကြီးခင်နှင့် စဝ်ထွန်းမှတ်ဝင်းတို့ ဆိုလိုသော ဒက္ခိဏာသာခါမှာ အထူးသဖြင့် "သီဟိုဠ်ပုံ ဒက္ခိဏာသာခါ"ဟန်ပင် ဖြစ်ပါသည်။

ထို့နည်းတူစွာ ၁၉၉၇ ခုနှစ်တွင် **ရေစကြိုအရှင်သေီက** (ကလောင်အမည် ဘုန်းနွယ်-ရေစကြို)ကလည်း **"ထေရဝါဒ ဗုဒ္ဓဘာသာ"**တွင် -

. . .နောက်ပိုင်းတွင် ဒက္ခိဏာသာခါရုပ်ပွားပုံများကို ဂိုဏ်းဆရာလုပ်သူတို့က အမျိုးမျိုးစိတ်ကူး၍ ချဲ့ထွင်ပြုလုပ်လာကြသည်။ ရုပ်ပွားတော်တွင် မှို(၉)ချက်ရိုက်ခြင်း စသော အစီအမံများကို ထည့်သွင်းလာကြသည်။ ထိုရုပ်ပွားတော်ကို ကိုးကွယ်လျှင် လာဘ်ပေါမည်၊ အရောင်းအဝယ်ကောင်းမည်၊ ရာထူးတိုးမည်၊ အန္တရာယ်ကင်းမည်၊ မီးဘေးမှလွတ်မည်၊ သိဒ္ဓိပေါင်းစုံပြီးစီးနိုင်သည် စသည်ဖြင့် ဂိုဏ်းဆရာတို့၏ အသုံးချခံ ရုပ်ပွားတစ်ဆူဖြစ်လာပေသည်။ **အဆိုးဝါးဆုံးပြုလုပ်ချက်မှာ ရုပ်ပွားတော်ပုံသဏ္ဌာန်ဖြစ်သည်။ ရုပ်ပွားတော်ပုံစံကို ပန်းပု မထုတတ်သူ ထုသကဲ့သို့ ပုဒအိုင့်သော၊ လည်ကုပ်တိုသော ပုံဆိုးများ ထုလုပ်ကြသည်။** ဗုဒ္ဓဘုရားသည် လက္ခဏာတော်ကြီးငယ် အသွယ်သွယ်တို့ဖြင့် ပြည့်စုံသူဖြစ်၍ အပြစ်ပြောဖွယ်မရှိ၊ တင့်တယ်သော ရူပကာယတော်ရှိပါသည်။ ဤကဲ့သို့ ဆိုးဝါးသော ရုပ်ပုံသဏ္ဌာန်တို့ကို ထုလုပ်ကိုးကွယ်နေသည်မှာ **ဘုရားရှင်၏ ကြည်ညိုမြတ်နိုးဖွယ်ရာ ရုပ်အဆင်းကို ဖျက်ဆီးထားခြင်းပင် ဖြစ်ပါတော့သည်။**[3]

ဟူ၍ ဒက္ခိဏာသာခါရုပ်ပွားတော်ဟန်အား ပြင်းပြင်းထန်ထန် ဝေဖန်တင်ပြလာသည်ကို တွေ့ရှိရပါသည်။

ထို့အပြင် ၂၀၀၈ ခုနှစ်တွင် သီတဂူကမ္ဘာ့ဗုဒ္ဓတက္ကသိုလ်၏ အဓိပတိဆရာတော်ဖြစ်သော **ဒေါက်တာအရှင်ဉာဏိဿရ**၏ **"ဓမ္မဒူတ ကိုးဌာနတရားတော်"**တွင်လည်း အောက်ပါအတိုင်း ဟောကြားခဲ့သည်ကို တွေ့ရသည်။

. . .မူလ မဟာဗောဓိပင်ကြီးရဲ့ တောင်ဘက်ကိုင်းကို ဒက္ခိဏာသာခါခေါ်တယ်။ **ဒက္ခိဏဆိုတာ တောင်ဘက်၊ သာခါ**

---

၁။ ဦးကြီးခင်၊ ဒက္ခိဏာသာခါထုလုပ်ကိုးကွယ်နည်း။ ရန်ကုန်၊ မြန်မာပြည်စာအုပ်တိုက်၊ ၁၉၇၅။ စာ-၄၈၊ ၄၉၊ ၉၁။ Davids, PED, p.456 [*P ā s ā dika*]

၂။ စဝ်ထွန်းမှတ်ဝင်း။ အာသန၊ ၁၉၈၀၊ စာ-၂၆၀-၂၆၁။

၃။ ရေစကြိုအရှင်သေီက၊ ထေရဝါဒဗုဒ္ဓဘာသာ၊ ရန်ကုန်၊ နှလုံးလှစာပေ၊ ၁၉၉၈။ စာ-၁၃၉-၁၄၁။



www.burmeseclassic.com

www.burmeseclassic.com

**ဆိုတာ အကိုင်းပဲနော်၊ လည်ပင်းပုပုကြီးကို ပြောတာမဟုတ်ဘူးနော်။** အဲ…ဘုရားထုလိုက်ရင် ပုပုကွကွ ပုံတော်ကြီးတွေကို ဒက္ခိဏာသာခါခေါ်တာ။ **ဘုရားပီအောင်ထုရမယ် ပရိသတ်ရေ။** တောင်ဘက်ကိုင်းတော့ဖြစ်ရမယ်။ အဲဒီတော့ ဗောဓိပင်ရဲ့ တော်ဘက်အကိုင်းကို အဲဒါမဖြတ်ရဲတော့ စန္ဒကူးသွေးပြီးတော့ အကိုင်းကို ရစ်တယ်။ အရစ်ကလေးလုပ်ပြီးတော့ သီဟိုဠ်သာသနာပြန့်ပွားရေး ပရိဘောဂစေတီအဖြစ်နဲ့ ဒီတောင်ဘက်ကိုင်း သီဟိုဠ်ကိုကြွပါလို့ သားအဖနှစ်ယောက် အဓိဋ္ဌာန်ပြီးတော့ ပင့်တာ။ အသောကမင်းကြီးနဲ့ သင်္ဃမိတ္တာ။ အဲတော့ ရွှေခွက်ထဲ နံ့သာတွေသွေးပြီးတော့ ထည့်ထားတာ။ တောင်ဘက်ကိုင်းက အသာလေး ပြတ်လာပြီးတော့မှ ရွှေခွက်မှာ လာစိုက်တာ။ အဲဒီ ဒက္ခိဏာသာခါဗောဓိပင်ကို သီဟိုဠ်ကျွန်းပင့်သွားပြီး ဒေဝါနံပိယတိဿမင်းက အနုရာဓမှာ စိုက်တာ။ ဒီကနေ့တိုင် အဲဒီ ဒက္ခိဏာသာခါ ဗောဓိပင်တဲ့၊ အနုရာဓမှာ အခုထိရှိပြီးတော့ သီဟိုဠ်ကျွန်းမှာ ကျောင်းတိုက်တည်တိုင်းတည်တိုင်း ဘယ်ကျောင်းတိုက်မဆို ဗောဓိပင်မပါရင် မပြီးဘူး။ သံဃမိတ္တာစိုက်ပေးတဲ့ ဗောဓိပင် သီဟိုဠ်တစ်ကျွန်းလုံး ဒီကနေ့ပြန့်ပွားသွားတယ်။ အဲဒါကြောင့် သီဟိုဠ်သူ၊ သီဟိုဠ်သားတွေက သင်္ဃမိတ္တာကို ကျေးဇူးတင်လွန်းလို့ သင်္ဃမိတ္တာ အခါတော်နေ့ဆိုတာကို တစ်နှစ်တစ်ကြိမ် နှစ်စဉ်ကျင်းပတယ်။[၁]

သို့ဖြစ်၍ ယနေ့တွေ့မြင်ရသော ဒက္ခိဏာသာခါ(သီဟိုဠ်ဟန်)ကို နှစ်ခြိုက်မှုမရှိကြောင်းကို ရက်စွဲစဉ်လိုက် တွေ့ရှိရပါသည်။ သို့သော် **ဤကဲ့သို့ ပုံပန်းတကျမဟုတ်သော မဟာပူရိသလက္ခဏာတော်များနှင့် မကိုက်ညီသော ဆင်းတုတော်ဟန်၏ အရင်းအမြစ်မှာ မည်ကဲ့သို့ဖြစ်နေမည်ကိုလည်း ဆက်လက်ဖော်ထုတ်သင့်ပါသည်။** သို့မှသာ ခြေမြစ်တိကျသော အဖြေကို ရရှိမှာဖြစ်ပြီး ခိုင်လုံသော ဆုံးဖြတ်ချက်ဆီသို့လည်း အရောက်ပို့နိုင်မှာ ဖြစ်ပါသည်။

သို့ဖြစ်၍ ဒက္ခိဏာသာခါဟုဆိုသော အင်္ဂါရပ်များတွင် ကြာဖတ်ဆောင်းခြင်းနှင့် ဗောဓိညောင်ပင်၏ တောင်ဘက်ကိုင်းသားဖြင့် ထုဆစ်ရခြင်းဆိုသော အဓိကအချက် နှစ်ချက်ကို တွေ့ရှိရမှာ ဖြစ်သည်။ သို့ရာတွင် ကြာဖတ်ဆောင်းထားသော သဲကျောက်ဆင်းတုတော်နှစ်ဆူကို ပုဂံခေတ် ၁၃ ရာစုလက်ရာအဖြစ် တွေ့ရှိရသည်။ တစ်ဖန် ပုဂံကျောက်စာ၌ "ညောင်တော်



ဗုဒ္ဓရုပ်ပွားတော်၊
ပြလမ္ဗာသနဟန်
သဲကျောက်
အမျိုးအစား။
ပုဂံရှေးဟောင်း
သုတေသနပြတိုက်

အခက်ဖြင့်ပြုသောဘုရား"ဟုလည်း တွေ့ရသည်။ ထို့ကြောင့် "ကြာဖတ်ဆောင်းခြင်း"နှင့် "တောင်ကိုင်းသားဖြစ်ခြင်း"တို့မှာ တစ်ထပ်တည်းမကျကြောင်းလည်း တွေ့ရသည်။ နောင်ကာလကြာညောင်းလာသည်မှ အဆိုပါအင်္ဂါရပ် နှစ်ချက်မှာ တစ်ပေါင်းတည်းဖြစ်လာခဲ့ကြောင်း တွေ့ရှိသည်။ တစ်ဖန် ပုဂံခေတ် ဗုဒ္ဓဆင်းတုတော်များသည် ကြည်ညိုဖွယ်ရာအဆင်းဖြင့် တင့်တယ်သကဲ့သို့ "ပုံမှန်မဟုတ်သော ထက်ဝယ်ဖွဲ့ခွေဗုဒ္ဓဆင်းတုများ" လည်း ရှိပါသည်။ ယနေ့ခေတ် သီဟိုဠ်ပုံ ဒက္ခိဏာသာခါကဲ့သို့ ဦးခေါင်းတော်အရွယ်အစားကြီးလွန်းခြင်း၊ အလွန်ငုံ့ထားသော ဦးခေါင်းတော် စသည် အချိုးအစားမပြေပြစ်သည်များလည်း အနည်းအကျဉ်းမျှ တွေ့ရသည်။ တမင်သက်သက်ထုလုပ်ခြင်းထက် အချိုးပန်းပုပညာသည်၏ လက်ရာညံ့ဖျင်းမှုကြောင့်ဟု ယူဆရပါသည်။

**ဒေါက်တာနန်းလှိုင်** [Ph.D.(History), Yangon]

**မှီငြမ်း**

ဒက္ခိဏာသာခါရုပ်ပွားတော်
(စာပေ၊ သမိုင်းနှင့် ရုပ်တုဗေဒဆိုင်ရာ သုတေသန)
ဒေါက်တာနန်းလှိုင်[Ph.D.(History), Yangon]

---

၁။ ဘဒ္ဒန္တဒေါက်တာဉာဏိဿရ၊ ဓမ္မဒူတကိုးဌာနတရားတော်၊ ရန်ကုန်၊ ညွှန့်ပုံနှိပ်တိုက်၊ ၂၀၀၈။ စာ-၉၂-၉၃။



www.burmeseclassic.com

www.burmeseclassic.com

# ဒက္ခိဏသာခါ ကိုးကွယ်ပူဇော်ပါ

မောင်စံထား(မနုဖြူ)



တမြန်နေ့က မိတ်ဆွေတစ်ဦးက ၎င်းအိမ်အတွက် ပူဇော်ကိုးကွယ်ရန် ပင့်ဆောင်လာခဲ့သည့် ဒက္ခိဏသာခါဘုရား ရှင်ရုပ်ပွားတော်အား အနေကဇာတင် အခမ်းအနားကို စာရေးသူအား ဖိတ်မန္တကပြုသဖြင့် မိသားစုအလိုက် သွားရောက်ဖူးမြော်ကြည်ညိုခဲ့ပါသည်။ အပြန်၌ ရင်သွေးငယ်များက ဒက္ခိဏသာခါ ဘုရားရှင်ရုပ်ပွားတော်ကို ဆည်းကပ်ကိုးကွယ်ခြင်းဖြင့် မည်သည့်အကျိုးများ ခံစားရပါသနည်းဟု အမေးရှိလာရင် စာရေးသူလေ့လာသိရှိသမျှကို ၎င်းတို့အား ပြောဆိုရှင်းပြခဲ့ရုံမက စာဖတ်သူများအတွက်လည်း စေတနာရှေ့ထား၍ စာတစ်စောင် ပေတစ်ဖွဲ့ ရေးသားလိုက်မိပါတော့၏။

''ဒက္ခိဏသာခါဘုရားကို ကိုးကွယ်ရင် မီးဘေးအန္တရာယ်က ကင်းဝေးတယ်''

ဒီစကားသည် ဒက္ခိဏသာခါဘုရားရှင်အား ကိုးကွယ်သူတို့ ပြောဆိုကြသည့် လက်သုံးစကား ဖြစ်သည်။ စင်စစ်ဒက္ခိဏသာခါဘုရားရှင်အား ကိုးကွယ်ခြင်းဖြင့် မီးဘေးအန္တရာယ်တစ်ခုတည်းမှ ကင်းဝေးသည် မဟုတ်ပါ။ စုန်း၊ တစ္ဆေ၊ သရဲ၊ နာနာဘာဝတို့ ဖမ်းစားခံရသဖြင့် ငိုလိုက်၊ ရယ်လိုက်နှင့် ရူးသွပ်နေပါက ဘုရားပလ္လင်တော်အထိ ရေသပ္ပာယ်ပြီး အဆိုပါရေကို တိုက်ပါက စုန်း၊ တစ္ဆေ နာနာဘာဝတို့၏ ဖမ်းစားမှုဘေးမှ ကင်းဝေးစေနိုင်ပါ၏။

ဒက္ခိဏသာခါဘုရား ရုပ်ပွားတော်အား ကိုးရက်တိတိ ရေသပ္ပာယ်ပြီး အဆိုပါရေကိုသောက်သုံးခြင်း၊ နားကျပ်ခြင်းများ ပြုလုပ်ပါက အကြားအမြင်များ ရနိုင်စွမ်းပါသည်။ ဂြိုဟ်စီးဂြိုဟ်နင်း မကောင်း၍ ကံဆိုးနေပါက ဆီမီးခွက် ခုနစ်ခွက်နှင့် ဒက္ခိဏသာခါဘုရားရှင်အား ပူဇော်ကိုးကွယ်ပါက ဂြိုဟ်ပြေနံ့ပြေ ဖြစ်ပါမည်။ တန်ခိုးအာဏာတည်လိုပါက အမြဲတမ်း ဆွမ်း၊ ရေချမ်း၊ ပန်း၊ ဆီမီး သက်ရေပူဇော်ပြီး ဆုတောင်း



www.burmeseclassic.com

www.burmeseclassic.com

ပါက လိုရာဆန္ဒများ ပြည့်စုံတတ်ပါသည်။

ဒက္ခိဏာသာခါဘုရားရှင်အား ရေသပ္ပာယ်ပြီး အဆိုပါ သပ္ပာယ်ပြီးသောရေနှင့် မျက်နှာသစ်ပါက သွားလမ်းသာ၍ လာလမ်းဖြောင့်ပါမည်။ လူချစ်လူခင်ပေါ်များပါမည်။ မကောင်းကြံခြင်းမခံရပါ။ ရပ်ထဲရွာထဲ၌ ကပ်ရောဂါတစ်ခုခု ကျရောက်နေပါက ဒက္ခိဏာသာခါဘုရားရှင် ရေသပ္ပာယ်ပြီး အဆိုပါ သပ္ပာယ်ပြီးရေကို ရပ်ရွာအနှံ့ဖျန်းပက်ပါက ကပ်ရောဂါဘေးမှ ကင်းဝေးပါလိမ့်မည်။ မိမိအပေါ်မကောင်းကြံစည်ဘေးမှ ကင်းဝေးလိုပါက ဒက္ခိဏာသာခါဘုရားရှင်အား ပန်းခုနစ်ပွင့် ဆက်ကပ်လှူဒါန်း၍ ဆုတောင်းပါ။ ရန်အပေါင်းမှ ကင်းစင်ပါလိမ့်မည်။ ထို့အတူ လက်နက်ဘေး ရန်သူဘေးနှင့်နီးသော အရပ်ဒေသသို့ သွားရမည်ဆိုလျှင် ဒက္ခိဏာသာခါဘုရားရှင် ရုပ်ပွားတော်အား ဦး ခေါင်းထက်ရွက်၍ သွားပါ။ မည်သို့သော ဘေးအန္တရာယ်မျှ မကျရောက်နိုင်ပါ။

ရန်သူပေါများသည့်နေရာ၊ လက်နက်ဘေးနှင့် နီးစပ်သော နေရာတို့၌ ဒက္ခိဏာသာခါရုပ်ပွားတော်အား ရင်ခွင်ထဲထည့်ပြီး သွားပါက ဘေးအန္တရာယ်ကင်းဝေးပါမည်။ ရန်သူ၏ ရန်မူခြင်းကို ဆက်တိုက်ခံနေရပါက ဒက္ခိဏာသာခါရုပ်ပွားတော်အား ပခုံးပေါ် ပင့်ပြီး သွားပါ။ ဘယ်ရန်သူမှ အနောက်ကလိုက်၍ မရပါ။ အမှုအခင်းများနှင့် တွေ့ကြုံနေရပါက ရုပ်ပွားတော်အား ရေသပ္ပာယ်ပြီးဆိုပါ။ သပ္ပာယ်ပြီးရေနှင့် မျက်နှာသစ်သွားပါလျှင် တရားရုံး၌ အမှုအောင်မြင်တတ်ပါသည်။ လူချစ် လူခင်ပေါ်များ စေလိုပါက ဆီသုံးကျပ်သားဖြင့် မီးပူဇော်ပါ။ တစ်ကျပ်သား ခန့်ကျန် သည့်အခါ မီးကိုငြိမ်းလျက် ခွက်ထဲကျန် ဆီအား နဖူး၊ ဆံပင်၊ နားတို့တွင် လိမ်းကျံ၍သွားပါက လူချစ်လူခင် ပေါ်များပါလိမ့်မည်။

အဆိပ်ရှိသတ္တဝါများ ကိုက်ခဲခြင်းခံရပါက ရုပ်ပွားတော် အား ရေသပ္ပာယ်ပါ။ သပ္ပာယ်ပြီးရေဖြင့် တစ်ကိုယ်လုံးလိမ်းကျံ စေခြင်း၊ သောက်စေခြင်းများပြုလုပ်ပါက အဆိပ်ပြေပါလိမ့်မည်။ ထီပေါက်ရန်အတွက် အိပ်မက်နိမိတ်ကို အလိုရှိပါက ပျားဖယောင်း တစ်ဆယ်ကျပ်သားကိုယူပါ။ ချည်ကိုးပင်ကို မီးစာ ပြုလုပ်ပြီး ဖယောင်းတိုင် ခုနစ်တိုင်ပြုလုပ်ပါ။ မွေးနေ့မှစတင်၍ နေ့စဉ်တစ်တိုင်ကျစီ ထွန်းညှိကာ ရုပ်ပွားတော်အား ပူဇော်သမှု ပြုပါ။ ထူးခြားသည့် အိပ်မက်နိမိတ်များ ရရှိလာပါလိမ့်မည်။ မိမိအတွက်မဟုတ်မူဘဲ တစ်ပါးသူအား အိပ်မက်မက်စေလိုပါက ဒက္ခိဏာသာခါဘုရားရှင်အား ဆွမ်း၊ ရေ ချမ်း၊ ပန်း၊ ပေါက်ပေါက်၊ ထီး၊ တံခွန်၊ ကြက်လျှာတို့နှင့် ငါးရက်တိတိ ပူဇော်သမှု ပြုပါ။ အိပ်မက်မက်စေလိုသော ပုဂ္ဂိုလ်၏အမည်အား ရည်ညွှန်း၍ မေတ္တာပို့ပါ။ ငါးရက်ပြည့်ပါက အဆိုပါပုဂ္ဂိုလ် အိပ်မက်နိမိတ် ကောင်းတွေ မက်ပါတော့မည်။

လာဘ်ရွှင်ပြီး စီးပွားကောင်းစေလိုလျှင် ငွေများရလိုလျှင်၊ ဈေးရောင်းဈေး ဝယ်ကောင်းလိုလျှင် ဒက္ခိဏာသာခါဘုရားရှင်၏ ပလ္လင်တစ်ဝက်အား ဆီဖြင့် စိမ်ရပါမည်။ အဆိုပါ စိမ်ထားသော ဆီနှင့် ဒက္ခိဏာသာခါဘုရားရှင်အား နေ့စဉ် ဆီမီးထွန်းညှိပူဇော် ပေးပါက စီးပွားလာဘ်လာဘများ လန်းရွှင်ပါလိမ့်မည်။ လက်ရှိ အလုပ်အကိုင်၌ ရာထူးတိုးတက်လိုလျှင်၊ လက်ရှိနေရာ၌ မြဲနေ လိုလျှင်၊ ဩဇာအာ ဏာတည်မြဲလိုလျှင် ဒက္ခိဏာသာခါရုပ်ပွား တော်အား ခုနစ်ရက်တိတိ ပျက်ကွက်ခြင်း မရှိစေဘဲ ဆွမ်း၊ ရေချမ်း၊ ပန်း၊ ဆီမီး၊ နံ့သာ၊ အမွှေးအကြိုင်တို့အား မွေးနေ့မှ စတင်၍ ပြုလုပ်ပူဇော်ကာ အဓိဋ္ဌာန်ပါ။ လိုအင်ဆန္ဒများ ပြည့်ဝ လာပါလိမ့်မည်။

ဒက္ခိဏာသာခါရုပ်ပွားတော်အား လေးမြတ်ကြည်ညိုစွာ ကိုးကွယ်ခသည်း ဇ ပ်ခြင်းဖြင့် ရန်သူမျိုးငါးပါးတွင် တစ်ပါးအပါ အဝင်ဖြစ်သော မီး၊ ဘေးအန္တရာယ်ထဲမှ ကင်းဝေးပါသည်။ အထူး သဖြင့် နံ့သင့်ဘုရားကို ထုလုပ်ပြီး ကိုးကွယ်ပူဇော်ပါက ပို၍ ကောင်းပါသည်။ ခုနှစ်ညွှန့်၊ ခံညွှန့်၊ ဒန်းညွှန့် စသော ခုနစ်နေ့ ခုနစ်နံ့အညွှန့်များ၊ စုပေါင်းကာ ထောင်းကြိတ်ပြီး ဒက္ခိဏာသာ ခါရုပ်ပွားတော်အား ပန်းပေါင်း ဘုရားအဖြစ် ပီသစွာထုလုပ်ခြင်း၊ ဂုဏ်တော်များ ရွတ်ဖတ်ပူဇော်ခြင်း၊ အနေကဇာတင်ပြီး ကိုးကွယ် မည်ဆိုပါက မိုးကြိုးလောင်မီးခြင်း၊ ကျခြင်းတို့မှ ကင်းဝေးပါ လိမ့်မည်။ ပယောဂလုပ်သည်ဟု ယူဆပါက ရေသပ္ပာယ်ပါ။ သပ္ပာယ်ပြီး ရေကိုတိုက်ပါ။ ပယောဂစင်ပါလိမ့်မည်။ ပလ္လင် တော်နစ်သည်အထိ ရေသပ္ပာယ်ပါက ပယောဂဖြင့် အသက် မဆုံးနိုင်ပါ။

ထို့ပြင် နံ့သာမျိုးငါးပါးကို သွေးပြီး သပ္ပာယ်ကာ အဆိုပါ နံ့သာငါးပါးရေဖြင့် မျက်နှာကိုလိမ်းကျံပေးပါ၊ ဒီယစွမ်းအင် ထက်မြက်ပါလိမ့်မည်။ ကိုယ်ဝန်ဆောင် မီးမွှားနီးပါက သပ္ပာယ် သောရေအား ဦးခေါင်း၌ ဆွတ်ပေးခြင်း၊ တိုက်ကျွေးခြင်းတို့ကို ပြုလုပ်ပေးပါလျှင် လွယ်ကူစွာ မီးဖွားပါလိမ့်မည်။

လောက၌ ဘုရားရတနာသည် အမြတ်ဆုံးဖြစ်ပါသည်။ အမြတ်ဆုံးဘုရားရှင်ကို ကိုးကွယ်ပူဇော်ခြင်းဖြင့် လောကီလောကုတ် နှစ်ဖြာသောအကျိုးများခံစား ရပါတတ်ပါသည်။ သို့ဖြစ်၍ ဒက္ခိဏာသာခါဘုရားရှင်အား ကိုးကွယ်ပူဇော်သင့်ပါကြောင်း နှိုးဆော်တိုက်တွန်းလိုက်ရပါသည်။

■ မောင်စံထား(ဓနုဖြူ)



www.burmeseclassic.com

www.burmeseclassic.com

# ဒက္ခိဏသာခါဆိုသည်မှာ

■ သုတေသီဆရာငြိမ်း



မိမိတို့ မြန်မာနိုင်ငံရှိ ဗုဒ္ဓဘာသာဝင်အိမ်တိုင်း၌ သစ္စာလေးပါးတရားတော်ကို သိမြင်သော ဗုဒ္ဓဘုရားရှင်၏ ရုပ်ပွားဆင်းတုတော်များကို ကိုးကွယ်ပူဇော်လေ့ ရှိကြပါသည်။ ဗုဒ္ဓဘုရားရှင်၏ ရုပ်ပုတော်၊ ရုပ်ပွား၊ ဆင်းတုတော်များတွင် ထူးခြားသော ဝိသေသလက္ခဏာများ ရှိကြသည်။ ထိုထူးခြားသော ဝိသေသလက္ခဏာတို့အား ကြည်ညိုဦးခိုက် ဖူးမြော်လိုက်ရလျှင်ပင် လွန်စွာမှ အေးချမ်းသွားရတော့သည်။ အကြောင်းမူကား ဗုဒ္ဓဘုရားရှင်သည် ရာဂကိလေသာတို့ အကြွင်းမဲ့ ကင်းစင်ပြီး အရဟတ္တမဂ်၊ အရဟတ္တဖိုလ်၊ နိဗ္ဗာန်ကို အာရုံပြုနေသူ ဖြစ်သည့်အတွက် အေးချမ်းရခြင်း ဖြစ်ပေသည်။

ဤ၌ ကျောင်းကန်ဘုရားများနှင့် နေအိမ်အကော်များများတွင် ဒက္ခိဏသာခါရုပ်ပွားတော်၊ ရုပ်ပုတော်၊ ပုံတော်တို့ကို ကိုးကွယ်မှုပြုကြသည်ကို တွေ့ရသည်။ ဒက္ခိဏသာခါ၏ မူလဇာစ်မြစ်မှာ မြန်မာနိုင်ငံမှ မဟုတ်ဟု ဆိုကြသည်။ မုံရွေးဆရာတော်ဘုရားကြီး၏ 'သမန္တစက္ခုဒီပနီကျမ်း'တွင် သက္ကရာဇ် ၇၈၈ ခုနှစ်၊ ညောင်းမင်းတရားကြီး လက်ထက်တွင်မှ သီဟိုဠ်(သီရိလင်္ကာ)မှ မြန်မာနိုင်ငံသို့ စတင်ရောက်ရှိကြောင်း ဖော်ပြထားပါသည်။ 'ဒက္ခိဏသာခါ'ဟူသော ဝေါဟာရမှာ ပါဠိဘာသာအားဖြင့် (ဒက္ခိဏ=တောင်)၊ (သာခါ=အကိုင်းအခက်)ဟု ဆိုလိုသဖြင့် ဒက္ခိဏသာခါဟူသည် တောင်ကိုင်းဟူ၍ အဓိပ္ပာယ်ရပါသည်။

သာသနာတော်သမိုင်း၌ ထင်ရှားလှသော သာသနာ့ဒါယကာ သီရိဓမ္မာသောကမင်းကြီးသည် သာသနာတော် ၂၃၆ ခုနှစ်တွင် သမီးတော် သိင်္ဃမိတ္တာအား အိန္ဒိယမှ သီဟိုဠ်(သီရိလင်္ကာ)ကျွန်းသို့ သာသနာပြုစေလွှတ်ရာတွင် ဒက္ခိဏသာခါခေါ် ဗောဓိပင်၏ တောင်ကိုင်းကို ပင့်ဆောင်တော်မူစေခဲ့၏။ အဆိုပါ ဗောဓိပင်၏ တောင်ကိုင်းမှ ကျိုးပဲ့သည်ဟု ယူဆရသော အချို့အသားများကို ဆင်းတုထုလုပ်ရာတွင် (ယနေ့ကာလ ဖူးမြော်ရသော) ဒက္ခိဏသာခါပုံများ ဖြစ်ပေါ်လာသည်ဟုဆိုကြပါသည်။ အမရပူရ(ပထမ)မြို့တည်နန်းတည် ဘိုးတော် ဗဒုံမင်းတရားကြီးမှ မေးလျှောက်၍ ပထမ မောင်းထောင်သာသနာပိုင် ဆရာတော်ဘုရားကြီး ဖြေဆိုတော်မူသော အမေး



www.burmeseclassic.com

www.burmeseclassic.com

တော်ဖြေ စာအုပ်တွင်လည်း ဒက္ခိဏသာခါ၏ မူလဇာစ်မြစ်မှာ သီဟိုဠ်(သီရိလင်္ကာ)ကျွန်းမှဖြစ်ကြောင်း ဖော်ပြထားပေသည်။

ဒက္ခိဏသာခါရုပ်ပွားဆင်းတုတော်ကို ဗုဒ္ဓဘာသာဝင်များ မြင်တွေ့ဖူးမျှော်ဖူးကြပေလိမ့်မည်။ ဤဒက္ခိဏသာခါ ရုပ်ပွားဆင်းတုတော်၏ ထူးခြားချက်မှာ မျက်နှာတော်နှင့် ကိုယ်တော်တို့ အလျားတူညီမျှတစွာရှိပြီး ပုအိုင့်အိုင့်၊ လည်ကုပ်တိုတိုနှင့် ကိုယ်ခန္ဓာအချိုးအစား မပြေပြစ်သည်ကို တွေ့ရပေလိမ့်မည်။ ထိုသို့ဖြစ်ရခြင်းမှာ မူလဘူတဖြစ်သော သီဟိုဠ်(သီရိလင်္ကာ) ရုပ်ပွားထုလုပ်သူတို့၏ ထုလုပ်မှုအတတ်ပညာ မကျွမ်းကျင်ခြင်းကြောင့်ဟု ယူဆစရာရှိပေသည်။

သမိုင်းကွင်းဆက်ကို လေ့လာကြည့်ပါက ဘုရားအလောင်းတော် သိဒ္ဓတ္ထမင်းသားသည် မဟာဗောဓိပင်အောက်တွင် သဗ္ဗညုတဉာဏ်တော်အလင်းကို ရရှိကာ ဘုရားအဖြစ်သို့ ရောက်တော်မူခဲ့သဖြင့် ထိုဗောဓိညောင်ပင်သည် ဗုဒ္ဓကိုယ်ပွားတော်ပင် ဖြစ်၏။ ဘုရားရှင်ကလည်း ခွင့်ပြုတော်မူခဲ့သည်။ ထို့ကြောင့် ဗောဓိညောင်ပင်၏ တောင်ကိုင်းအသားမှဖြစ်သော ဒက္ခိဏသာခါဆင်းတုတော်သည် အခြားတစ်ပါးသော ရုပ်ဝတ္ထုပစ္စည်းတို့ဖြင့် ထုလုပ်သည့် ရုပ်ပွားတော်တို့ထက် ပိုမိုတန်ခိုးကြီးသည်ဟု ယုံကြည်ရာမှ ပေါ်လာသော သဘောအယူအဆပင် ဖြစ်နိုင်ပေ၏။

ဒက္ခိဏသာခါရုပ်ပွားတော်ဟု အလွယ်သိစေသော အကြောင်းမှာ ဥက္ကောင်းတော်ထက်တွင် ကြာဖက်(ကြာပန်းဖတ်) တင်ထားခြင်းနှင့် ကြာပလ္လင်ပါရှိခြင်း ဖြစ်၏။ သို့ရာတွင် ထို့ထက် ထူးခြားလိုသူတို့က ပုံတော်ကို ကလေးမျက်နှာဖြင့် ပုကွကွ၊ ကုပ်တိုတိုဖြင့် ပုံမကျ ပန်းမကျ ထုလုပ်တတ်ကြသည်။ မည်သည့် ကျမ်းဂန်အယူအဆ၊ မည်သည့်အတွေးအခေါ်ဖြင့် ထုလုပ်သည်ကို မသိရပေ။ အချို့က ကြာဖက်ရိုးကို နောက်ကျောတွင်ချလျက် ထုလုပ်ကြပြန်သဖြင့် ဗုဒ္ဓရှင်တော်၏ ကြည်ညိုဖွယ်တင့်တယ်ခြင်းနှင့် မြင့်မြတ်ခြင်းအသွင်တို့ကို ဖျက်ဆီးသကဲ့သို့ ဖြစ်နေပေသည်။

ဒက္ခိဏသာခါရုပ်ပွားတော်ကို လေ့လာကြည့်လျှင် မြန်မာ့ရိုးရာဟန်ဖြစ်သော ဘယ်တင်၊ ညာချ လက်တော်ဟန်ဖြစ်သည့် ဘူမိဖဿမုဒြာ၊ ထက်ဝယ်ဖွဲ့ခွေဟန်ဖြစ်သည့် ဗျာနသန၊ သင်္ကန်းတစ်ဝက်ရုံဟန်၊ ရှည်သော နားရွက်တော်၊ ဥဏှလုံမွေးရှင်တော်၊ ကြာပလ္လင်ဟန်ဖြစ်သည့် ပဒုမ္မာသနများ ပါရှိနေပါသည်။ ထို့ပြင် သမားရိုးကျမဟုတ်သည့် ပုကွကွဟန် ဗုဒ္ဓဆင်းတုတော်လက္ခဏာရပ်များဖြစ်သော သုံးလသားအရွယ် ကလေးသူငယ်သဖွယ်ဖြစ်နေခြင်း၊ မေးစေ့နှင့် ရင်ဘတ်တော်တို့ကို ထိထားခြင်း၊ ဦးခေါင်းတော်၌ ကြာဖက်ဆောင်းထားခြင်း၊



ယနေ့ခေတ် ဒက္ခိဏသာခါ ရုပ်ပွားတော် ပန်းချီပုံ (ကလေးအသွင် ရေးဆွဲထားဟန်)

လည်ပင်းတော်မပါဘဲ ပုအိုက်နေခြင်း၊ ညာဘက်လက်တော် ဆန့်တန်းနေခြင်း၊ ပလ္လင်အောက်ခြေ၌ ကြာဖူးကြာပွင့်များသာမက ရေကန်ပါရှိနေခြင်းတို့သည် ထူးကဲဆန်းပြားလျက်ရှိပါသည်။

ပညာရှင်များ၏ လေ့လာသုံးသပ်ချက်များအရ ဒက္ခိဏသာခါရုပ်ပွားတော်သည် မဟာယာနဗုဒ္ဓဘာသာမှ ဗောဓိသတ္တဘုရားလောင်းသာလျှင် ဖြစ်နိုင်သည်ဟု ဆိုကြသည်။ ထို့အပြင် ဒက္ခိဏသာခါ၌ ရေကန်သည်လည်းကောင်း၊ ရေကန်ရှိ ကြာဖူး၊ ကြာပွင့်၊ ကျေးငှက်တို့သည်လည်းကောင်း 'သုခဝတီဘုံဗိမာန်' ကိုသာ ဖော်ကျူးထားဟန်ရှိပါသည်။ သို့ဖြစ်၍ ဒက္ခိဏသာခါသည် မဟာယာနဗုဒ္ဓဘာသာယုံကြည်မှု 'ဗောဓိသတ္တ'သာလျှင် ဖြစ်နိုင်ပါကြောင်း ကောက်ချက်ချထားပေသည်။

သုတေသီဆရာငြိမ်း

**ကျမ်းကိုး**

ဒက္ခိဏသာခါရုပ်ပွား
(စာပေသမိုင်းနှင့် ရုပ်တုဗေဒဆိုင်ရာ သုတေသန)
ဒေါက်တာနန်းလှိုင်

www.burmeseclassic.com

www.burmeseclassic.com

# ဒက္ခိဏာသာခါ
# ကိုးကွယ်ရာဝယ်

■ မင်္ဂလာဦးရွှေအိုး



မိမိတို့ မြန်မာနိုင်ငံရှိ ဗုဒ္ဓဘာသာဝင် အိမ်ဂေဟာအတော် များများ၌ ဒိက္ခဏာသာခါရုပ်ပွားတော်ကို ထားရှိပူဇော်ကြသည်ကို တွေ့မြင်နေရပါသည်။

ဒိက္ခဏာသာခါရုပ်ပွားတော်အား ထုလုပ်စီမံထားသော အယူအဆများသည် မြန်မာဗုဒ္ဓဘာသာဝင်များ၏ ထူးခြားသော ဘာသာရေးဆိုင်ရာ စိတ်ကူးနှင့် သဒ္ဓါတရားတို့ ပေါင်းစပ်၍ ဖြစ်ပေါ်လာခြင်းဟု ဆိုနိုင်ကောင်းပါသည်။ အကြောင်းမူ ဗုဒ္ဓရုပ်ပွားတော်ဖြစ်ခြင်း (ဥဒ္ဒိဿစေတီ)၊ ဗောဓိညောင်ကိုင်းသားဖြင့် ထုဆစ်ထားခြင်း (ပရိဘောဂစေတီ)၊ မှို ၉ ချက်၌ ဓာတ်တော်များအား ဌာပနာခြင်း (ဓာတုစေတီ)၊ ပိဋကတ်ကျမ်းဦး ပါဠိဂါထာများ ဌာပနာခြင်း၊ ပဋ္ဌာန်းကတ်ပြာဖြင့် စီမံခြင်းဟုဆိုသည့် (ဓမ္မစေတီ) စသော စေတီ ၄ ပါး အလုံးစုံကို တစ်ပါတည်း ပေါင်းစပ်ဖွဲ့စည်းထားခြင်းကြောင့် ဖြစ်၏။ သို့ဖြစ်၍လည်း ဒိက္ခဏာသာခါအား စေတီ ၄ ပါး အလုံးစုံထိုက်သော ဗုဒ္ဓဆင်းတုတော်တစ်ဆူအဖြစ် ယုံကြည်စွာ ထုလုပ်ကိုးကွယ်ကြခြင်း ဖြစ်ပေသည်။

ဒိက္ခဏာသာခါရုပ်ပွားတော်ကို ယုံကြည်စွာ ကိုးကွယ်ကြသူများအနေဖြင့် ထူးကဲ သောအကျိုးများကို ခံစားရရှိကြောင်း အထောက်အထားများစွာ ရှိပါသည်။ သာဓကအားဖြင့် –

ဒိက္ခဏာသာခါရုပ်ပွားတော်ကို ရေသပ္ပာယ်၍ အဆိုပါရေကို သောက်ပါက ရောဂါဝေဒနာအပေါင်း၊ ပယောဂ

www.burmeseclassic.com

အဖမ်းအဆီးဟူသမျှ ကင်းလွတ်ကြောင်း 'လက်တွေ့ မဟာဒီပံ အင်းသိုက်ကြီး'စာအုပ်တွင် ဖော်ပြထားပါသည်။ တစ်ဖန် ဝက်မစွတ်ဝန်ထောက် ဦးလတ်၏ နေ့စဉ်မှတ်တမ်း၌လည်း –

. . . လယ်ကိုင်းဝန်ပင့်လာသည့် ယင်းတော်ဝန်မင်းထံမှ ပိဋကတ်မံဘုရား မဟာဗောဓိပင် ချိုးတော်ရေကိုတိုက်လျှင် ပယောဂပျောက်သည်ဟု ပြောကြကြောင်း ဖော်ပြထားပါသည်။ အများအားဖြင့် ဒိက္ခဏာသာခါရုပ်ပွားတော်ကို ပူဇော်ပါက 'မီးမလောင်နိုင်'ဟူသော အယူအဆကို စွဲမြဲယုံကြည်နေကြပါသည်။

ဒိက္ခဏာသာခါရုပ်ပွားတော်တွင် ရေကန်ပါရှိခြင်း၊ ကြာရိုး ကြာဖတ်တို့ အုပ်မိုးထားခြင်းနှင့် ဆက်နွယ်နေပေ၏။ အကြောင်းမူကား မီးကိုနိုင်သောအရာမှာ 'ရေ'သာလျှင် ဖြစ်၏။ ရေကန်ရှိသော ကြာပွင့်ထက်မှ ဖြစ်ထွန်းပေါ်တော်မူလာသော ဘုရားရှင်ဖြစ်၍ 'မီးကွင်းသည်'ဟု ယုံကြည်ကြလေ၏။ လောကီပညာရပ်များဖြစ်သော အင်း၊ အိုင်၊ ခါးလှဲ၊ ဂါထာ၊ မန္တန် စသည်တို့တွင်လည်း ဒိက္ခဏာသာခါရုပ်ပွားတော်အား ပူဇော်ရသည့်အတွက် ပစ္စည်း၊ ဥစ္စာ၊ အိုးအိမ်၊ တိုက်တာများ မီးမလောင်နိုင်ဟူ၍ ဖော်ပြပါရှိပေသည်။ ဒိက္ခဏာသာခါရုပ်ပွားတော်အား ထုလုပ်ကိုးကွယ်ရခြင်း၏ အကျိုးတရားဆိုင်ရာများနှင့် စပ်လျဉ်း၍ မုံရွေးဇေတဝန်ဆရာတော်ဘုရားကြီးက သမန္တစက္ခုဒီပနီကျမ်း၌ –

". . . တင့်တယ်စွာ ထုလုပ်ထားသည့် ဗုဒ္ဓဆင်းတုတော်များသည် ဥဒ္ဒိက(ဥဒ္ဒိသ)စေတီချည်းပင် ဖြစ်၍ ကိုးကွယ်ပူဇော်သူများအတွက် ပစ္စုပ္ပန်နှင့် သံသရာတွင် လူ၊ နတ်၊ ချမ်းသာကို ရရှိ၍ အဆုံး၌ ဝိမုတ္တိရသ (နိဗ္ဗာန်)ကို ရရှိမည်ဟု နှလုံးပိုက်ယူသင့်ပါသည်"



ဟု လမ်းညွှန်မိန့်ဆိုခဲ့ပါသည်။

ဒိက္ခဏာသာခါရုပ်ပွားတော်ကို ယခုမှသာ ကိုးကွယ်ကြသည်မဟုတ်။ ရှေးမြန်မာမင်းများ လက်ထက်တော်ကလည်း ပူဇော်ခဲ့ကြကြောင်း လေ့လာတွေ့ရှိရပါသည်။ အနီးစပ်ဆုံး လေ့လာတွေ့ရှိချက်အရ သီပေါမင်းတရား (၁၈၇၈–၁၈၈၅) လက်ထက် ၁၈၇၉ ခုနှစ်၊ ဇူလိုင်လ(၂၀)ရက်နေ့တွင် ဂယာမှ ပင့်လာသော ဗောဓိညောင်သားကို အရပ်တော် ၅ တောင် (၇–၅ ပေ)၊ ထက်ဝယ်ဖွဲ့ခွေ ၄ တောင် (၆ ပေ) အရွယ်တော်မျှ ထုလုပ်၍ သရီရဓာတ်တော်များ၊ ပဋ္ဌာန်းကပ်တော်၊ ကျမ်းဦးဂါထာတော်များ ရေးသော ရွှေပေလွှာများကို ဌာပနာစေ၏။ ထို့နောက် လွှတ်တော်ရှေ့ မှန်ကျောင်းဆောင်တွင် ပူဇော်စေခဲ့သည်။

ထို့အပြင် သီပေါမင်းတရားသည် ၁၈၈၀ ပြည့်နှစ်နှင့် ၁၈၈၃ ခုနှစ်၊ ဧပြီလ(၂၇)ရက်နေ့များတွင် ဒိက္ခဏာသာခါရုပ်ပွားတော်အပါအဝင် ရှင်မတောင်ဘုရား၊ ပခန်းစည်သူရှင်ဘုရား၊ မြတ်ပေါင်းမဥ္ဇူဘုရားတို့ကို နန်းတော်သို့ ပင့်ဆောင်၍ အမွှေးနံ့သာတို့ဖြင့် ရေသပ္ပာယ်ပူဇော်ခဲ့သည်။ ၁၈၈၄ ခုနှစ်၊ ဧပြီလ ၁၃ ရက်နေ့တွင်လည်း အဆိုပါ ရုပ်ပွားတော်များကို နန်းတော်တောင်ဘက် တောင်မြှင့်တွင် အတာသင်္ကြန်ပွဲနှင့်အတူ ရေသပ္ပာယ် ပူဇော်ခဲ့ကြောင်း လေ့လာမှတ်သားရပါသည်။

မိရိုးဖလာယုံကြည်မှုနှင့်အတူ ဗုဒ္ဓဘာသာဝင်များအနေဖြင့် ဒိက္ခဏာသာခါရုပ်ပွားတော်ကို ကိုးကွယ်ပူဇော်ကြသည်မှာ အဆန်းတကြယ်ဟု မဆိုသာပါ။ ရုပ်ပွားတော်အား ဘုရားရှင်အမှတ်ထားကာ ကိုးကွယ်ပူဇော်ခြင်းကား အကျိုးမယုတ်နိုင်သည့်အပြင် အကျိုးတို့ကို တိုးပွားရရှိမည်မှာ သေချာလှပါသည်။ မျက်မှောက်ကာလ၌လည်း ဒိက္ခဏာသာခါဘုရားရှင်ရုပ်ပွားတော်အား ယုံကြည်သဒ္ဓါစိတ်ဖြင့် ရှိခိုးပူဇော်သည့်အတွက်ကြောင့် ရန်သူမျိုးငါးပါးတွင် တစ်ပါးအပါအဝင် ဖြစ်သည့် မီးဘေးအန္တရာယ်မှ ကင်းလွတ်ပါသည်ဆိုသော ဖြစ်ရပ်အသွယ်သွယ်ကို ကြားနေ၊ သိနေ၊ မြင်တွေ့နေရပါသည်။

သို့ဖြစ်၍ ဒိက္ခဏာသာခါရုပ်ပွားတော်မှ မဟုတ်၊ မည်သည့် ရုပ်ပွားတော်ကိုမဆို သဗ္ဗညုတ်တရားတော်အား အကြွင်းမဲ့သိမြင်တော်မူသော မြတ်စွာဘုရားရှင်အမှတ်ဖြင့် ယုံကြည်သဒ္ဓါပွားများစွာဖြင့် ကိုးကွယ်ပူဇော်ထိုက်လှပါကြောင်း တင်ပြလိုက်ရပါသည်။

မင်္ဂလာဦးရွှေအိုး



www.burmeseclassic.com

www.burmeseclassic.com

# ဓမ္မစကြာ ထူးမြတ်ခါ
# ဝါဆိုလပြည့်မှာ

တက္ကသိုလ်သျှင်ဥက္ကာ(မဟာဝိဇ္ဇာ၊ ကျမ်းပြု)

တစ်နှစ်တာ ဆယ့်နှစ်လရှိသည့်အနက် ဝါဆိုလသည် ရဟန်းသူမြတ်တို့အတွက် ဘုရားရှင်က ဝါဆိုရန် ပညတ်ခဲ့သောလဖြစ်သည့်အတွက် ထူးခြားမြင့်မြတ်သောလဟု ယုံကြည်ခဲ့ကြ၏။ ဝါဆိုလပြည့်နေ့ကား ထူးခြားချက်(၈)ချက်ဖြင့် မြင့်မြတ်သည့် အခါတော်နေ့တစ်နေ့ ဖြစ်ကြောင်း ဖော်ညွှန်းနေပေသည်။ ယင်းအချက်များကား ...

၁။ ဂေါတမဘုရားလောင်းလျာ ပဋိသန္ဓေနေသောနေ့ ဖြစ်ခြင်း၊
၂။ ဂေါတမဘုရားအလောင်းတော် သိဒ္ဓတ္ထမင်းသား တောထွက်တော်မူသောနေ့ ဖြစ်ခြင်း၊
၃။ ဂေါတမဘုရားရှင် ဓမ္မစကြာတရား စတင်ဟောကြားတော်မူသောနေ့ ဖြစ်ခြင်း၊
၄။ ရေမီးအစုံစုံတို့ဖြင့် ပေါက္ခရဝဿမိုး ရွာသွန်းစေကာ တန်ခိုးပြာဋိဟာ အဖုံဖုံတို့ကို ပြသသောနေ့ ဖြစ်ခြင်း၊
၅။ ဘုရားအဖြစ် ဝန်ခံတော်မူသောနေ့ဖြစ်၍ ထူးခြားခြင်း၊
၆။ တရားရတနာ စတင်ပေါ်ပေါက်သောနေ့ဖြစ်၍ ထူးခြားခြင်း၊
၇။ သံဃာရတနာ စတင်ပေါ်ပေါက်သောနေ့ဖြစ်၍ ထူးခြားခြင်း၊
၈။ "ဟေ ..ဘိက္ခု"ဟူသော စကားအသုံးကို စတင်ကြားရသောနေ့ဖြစ်၍ ထူးခြားခြင်း၊

စသည့်အချက်များပင် ဖြစ်လေသည်။

ထေရဝါဒဗုဒ္ဓဘာသာ ထွန်းကားသော နိုင်ငံများသည် ဂါဆိုလပြည့်နေ့သို့ရောက်လျှင် 'ဓမ္မစကြာအခါတော်နေ့'ကို ကျင်းပလေ့ရှိကြသည်။ ရည်ရွယ်ရင်းကား မြတ်စွာဘုရားဟောကြားတော်မူသော ဓမ္မစကြာတရားတော်ကို အလေးအနက်ထားရှိခြင်းပင် ဖြစ်၏။

ဓမ္မစကြာတရားတော်ကို မြတ်စွာဘုရားရှင်သည် ဗာရာဏသီပြည်၊ မိဂဒါဝုန်တော၌ မဟာသက္ကရာဇ် (၁၀၃)ခုနှစ်၊ ဝါဆိုလပြည့်နေ့ နေဝင်,လထွက်အချိန်၌ ပဉ္စဝဂ္ဂီငါးဦးတို့အား ဘုရားအဖြစ်ကို ဝန်ခံသောအားဖြင့် ဟောကြားတော်မူခဲ့သည်။ အဲဆိုပါတရားတော်သည် ဝိနည်းမဟာဝါ ပါဠိတော်၌ –

'ပဉ္စဝဂ္ဂိယကထာ'အမည်ဖြင့် လာရှိပါသည်။ ပဋိသမ္ဘိဒါမဂ္ဂပါဠိတော်၌ 'ဓမ္မစက္ကပဝတ္တနဝါရ'အမည်ဖြင့် လာရှိပါသည်။ မဟာဝဂ္ဂသံယုတ်ပါဠိတော်၌ 'ဓမ္မစက္ကပဝတ္တနသုတ္တ'အမည်ဖြင့် လာရှိပါသည်။ ဓမ္မစက္ကပဝတ္တန၏ အဓိပ္ပာယ်မှာ (ဓမ္မစက္က = တရားတော် + ပဝတ္တန = ဖြစ်စေ၊ လည်စေခြင်း) တရားတည်းဟူသော အသိစက်ကို ဖြစ်စေ၊ လည်စေတတ်တော်မူခြင်းဟု အဓိပ္ပာယ်ရပါသည်။ စင်စစ်၊ သစ္စာလေးပါးတရားကို ညွှန်းဆိုဟောကြားသော ဒေသနာဖြစ်၍ ပိဋကတ်သုံးပုံ၏ အနှစ်ချုပ်တရားဟုလည်း ဆိုထိုက်သည်။

သို့ဖြစ်၍ ဓမ္မစကြာတရားတော်ကို စိစစ်သုံးသပ်ကြည့်ပါလျှင် လမ်းစဉ်မှား 'အစွန်းနှစ်ခု' ရှောင်ကြဉ်ရေး၊ မဇ္ဈိမပဋိပဒါတည်းဟူသော အလယ်အလတ် လမ်းစဉ်မှန်ကို ကျင့်သုံးရေးတို့အတွက် ညွှန်ကြားထားပြီး သစ္စာလေးပါးတရားတော်ကို သိမြင်စေရန် ဟောကြားထားသည့်အတွက် ဗုဒ္ဓဝါဒ၏ တိကျခိုင်မာ



www.burmeseclassic.com

www.burmeseclassic.com

ကို တွေ့ရှိရမည် ဖြစ်ပါသည်။

ဤသို့ ဝိသေသထူးများကြောင့် ဝါဆိုလပြည့်နေ့ရောက်လျှင် ဗုဒ္ဓဘာသာဝင် သူတော်စင်တို့သည် ဘုရားကျောင်းကန်များသို့ သွားရောက်၍ ဝါဆိုပန်းများ ကပ်လှူခြင်း၊ ဝါဆိုသင်္ကန်းများ လှူဒါန်းခြင်း၊ ဓမ္မစကြာတရားတော်များ ရွတ်ဖတ်ခြင်းတို့ဖြင့် 'ဝါဆိုလပြည့် ဓမ္မစကြာအခါတော်နေ့'ကို ထူးခြားလေးနက်စွာ ကျင်းပကြလေသည်။

စင်စစ် ဝါဆိုလသည် သာသနာအဦးအစမှာပင် ထူးကဲသော လဖြစ်ချေ၏။ အကြောင်းမူ ပဉ္စဝဂ္ဂီငါးဦးသည် ဘုရားရှင်၏ ဓမ္မစကြာတရားတော်ကို ဝါဆိုလပြည့်နေ့၌ နာကြားတော်မူရပြီးသည့်နောက် အဆိုပါ ဝါဆိုလပြည့်နေ့မှာပင် အရှင်ကောဏ္ဍည၊ ဝါဆိုလပြည့်ကျော်(၁)ရက်နေ့၌ အရှင်ဝပ္ပ၊ ဝါဆိုလပြည့်ကျော်(၂)ရက်နေ့၌ အရှင်ဘဒ္ဒိယ၊ ဝါဆိုလပြည့်ကျော်(၃)ရက်နေ့၌ အရှင်အဟာနာမ်၊ ဝါဆိုလပြည့်ကျော်(၄)ရက်နေ့၌ အရှင်အဿဇိ အသီးသီးတို့သည် သောတာပန်ဆိုက်ခဲ့ကြလေသည်။ ဝါဆိုလပြည့်ကျော်(၅)ရက်နေ့သို့ ရောက်သောအခါ ဘုရားရှင်သည် 'အနတ္တလက္ခဏာ'သုတ်ကို ဟောကြားတော်မူခဲ့သည်။ ထိုသုတ်တော်နှင့်အတူ ပဋိစ္စသမုပ္ပါဒ်ခေါ် အကျိုးဆက် ဓမ္မဒေသနာတော်ကိုပါ ဟောမြွက်ဖော်တော်မူခဲ့ပြီး တရားဒေသနာတော် ဆုံးလေသော် ပဉ္စဝဂ္ဂီငါးဦးစလုံး အရဟတ္တဖိုလ်ဆိုက်ကာ ရဟန္တာများ ဖြစ်ခဲ့ကြလေသည်။

သံဃာတည်းဟူသော ရတနာသည် ဝါဆိုလပြည့်နေ့မှ စတင်ပေါ်ပေါက်ခဲ့ကြောင်း စကားခံထားခဲ့ပါသည်။ ရဟန်းသံဃာတို့မည်သည် ရဟန်းသိက္ခာတော်ဖြစ်သော သိက္ခာတော် ၂၂၇ ပါးကို ထိန်းသိမ်းရသည်။ ဝိနည်းတော်များကို နားလည်အောင် အားထုတ်ကြရသည်။ ရဟန်းဖြစ်ခြင်း၌ အင်္ဂါငါးပါးပြည့်စုံရမည်။ အဆိုပါ အင်္ဂါငါးပါးမှာ –

၁။ ရဟန်းလောင်းဖြစ်ရန် အင်္ဂါနှင့်ပြည့်စုံခြင်း
၂။ ဥတ်၏ ပြည့်စုံခြင်း
၃။ ကမ္မဝါစာ၏ ပြည့်စုံခြင်း
၄။ သိမ်၏ ပြည့်စုံခြင်း
၅။ ပရိသတ်၏ ပြည့်စုံခြင်းတို့ ဖြစ်ကြသည်။ ထိုငါးမျိုးပြည့်စုံမှ ပဉ္စင်း၊ ထိုမှ 'ပဉ္စင်း'ဟူ၍ ဆိုလိုသည်။ ရှေးမြန်မာမင်းများလက်ထက်က ရှင်ဘုရင်တို့သည် ပဉ္စင်းခံပွဲများကို တခမ်းတနား ကျင်းပခဲ့သည်။ အဆိုပါပဉ္စင်းခံပွဲ၌ ဆင်းရဲသူတို့ကို ရွေးချယ်၍ ရှင်သာမဏေပြုစေခြင်း၊ ရဟန်းအဖြစ် ခံယူစေခြင်းတို့ကို ပြုလုပ်စေသည်။ တိုင်းသူပြည်သားတို့မှာလည်း စေတနာသဒ္ဓါတရား ထက်သန်ကြီးမားသူများပီပီ စုပေါင်းရှင်ပြု ပဉ္စင်းခံပွဲများကို ကျင်းပခဲ့ကြကြောင်း လေ့လာသိရှိရပါသည်။

ဝါဆိုလသည် တောင်သူလယ်သမားကြီးများအဖို့ လယ်ယာလုပ်ငန်းခွင်၌ 'လမိုင်း'က ချုပ်ကိုင်ဘိသကဲ့သို့ ရဟန်းသံဃာတော်တို့အဖို့ရာမှာလည်း မိမိတို့ ဝါဆို၊ ဝါကပ်သော ကျောင်းမှ ပြင်ပသို့ ညဥ့်အိပ်ညဥ့်နေ မထွက်ကြရန် ဝိနည်းတော်က ချုပ်ကိုင်ထားလေသည်။ ဝါတွင်းသုံးလကာလပတ်လုံး ထိုရဟန်းသံဃာသည် မိမိ၏ ဝိဟာရကျောင်း အာရာမ်အတွင်းမှာသာလျှင် ကျိန်းစက်ရ၍ အပသို့ ထွက်ခွင့်မရှိပါ။ ဝါတော်ဆိုစဉ် အခါ၌ပင်

"ဣမသ္မိံ ဝိဟာရေ၊
ဣမံ တေမာသံ ဝဿံ ဥပေမိ"ဟူ၍ သုံးလအတွင်း ဝါကပ်မည့်အကြောင်း ဝန်ခံချက်ထားရှိခဲ့သည် မဟုတ်ပါလား။

ဝါဆိုလသည် ဝဿန္တရာသီကာလတွင် ကျရောက်သည့်အလျောက် မိုးသံလေသံများဖြင့် ရိုက်ညောင်းနေတော့သည်။ အာကာတစ်ခွင်လုံးသည် မှိုင်းရိပ်ကယ်တည့် ညိုမှောင်လွင်လျက်။ ပုန်းညက်ညို၊ သရဖီပန်းတို့သည် မိုးရေစက်တွေကြား၌ လန်းရွှင်လျက်၊ သည်လိုမျိုး သဘာဝအလှအပ မြင်ကွင်းအပေါ်အခြေပြုလျက် မဟာအတုလမင်းကြီးက ဝါဆိုလကို ဖွဲ့နွဲ့လိုက်လေသောအခါ အောက်ပါအတိုင်း ကြည်နူးလွမ်းမောဖွယ် ဖြစ်လာရပါတော့သတည်း။

"ကိုးခွင်ငယ် မှိုင်းပါလို့
မြင်တိုင်းမှာတဲ့ မည်းညို၊
လဲ့လဲ့ငယ် ... စို
ယုဂန္ဓိုရ် တောင်မဟာက
ပြုဗ္ဗာသဥ္ဇထွန်းတဲ့ လကိုလေး။
ဆင်တာရာငယ်
ရာသီကရကဋ် ... နရိန္ဒလဲ
ညာတောင်နတ်နှင့်၊ ဖိုလ်မြတ်ကယ်နိဗ္ဗူ
အောင်ဆုယူလို့၊ ရှစ်ဖြူရိပ်စံ
ပဉ္စင်းတော်ခံသောအခါ
ရေလျှံတဲ့ ဝါဆိုမှာ
ပုန်းညက်ညို မာလာမင်းက
သင်းလှတယ်လေး။

တက္ကသိုလ်သျှင်ဥက္ကာ(မဟာဝိဇ္ဇာ၊ ကျမ်းပြု)


**ကျမ်းကိုး**

– ဒဂုန်နတ်ရှင် (စာပေဝတ်ဆံ)
– မာဂဓီသာစည် (အခါတော်နေ့များ)



www.burmeseclassic.com

www.burmeseclassic.com



# သက်ရှည်၊ ဘေးရှင်း၊ ရောဂါကင်း ဘုရားဂါထာတော်

မစိမ်းဇော်(ဝါးခယ်မ)

(ပါဠိ)

နာသတြ ဗောဇ္ဈာ တပသာ၊
နညတြိန္ဒြိယ သံဝရာ၊
နညတြ သဗ္ဗနိဿဂ္ဂါ၊
သောတ္ထိံ ပဿာမိ ပါဏိနံ။

(အနက်)

ဗောဇ္ဈာ-ဗောဇ္ဈင်ခုနစ်ပါး မြတ်တရားပွားများခြင်းနှင့်၊ တပသာ-ဖြူစင်စွာကျင့်သော ရှုတင်အကျင့်ကို၊ အညတြ-မကျင့်မပွား ဖယ်ကြဉ်ထား၍၊ ပါဏိနံ-သတ္တဝါတို့၏၊ သောတ္ထိံ-ချမ်းသာခွင့်ကို၊ နပဿာမိ-ငါဘုရားမြင်တော်မမူ။ ဣန္ဒြိယသံဝရာ-မျက်စိစသော ဣန္ဒြေခြောက်ခု စောင့်စည်းမှုကို၊ အညတြ-ကြဉ်ဖယ်ထား၍၊ ပါဏိနံ-သတ္တဝါတို့၏၊ သောတ္ထိံ-ချမ်းသာခွင့်ကို၊ နပဿာမိ-ငါဘုရားမြင်တော်မမူ။ သဗ္ဗနိဿဂ္ဂါ-အလုံးစုံငြိတွယ်ခြင်းကင်းသော နိဗ္ဗာန်ကို၊ အညတြ-ဖယ်ကြဉ်ထား၍၊ ပါဏိနံ-သတ္တဝါတို့၏၊ သောတ္ထိံ-ချမ်းသာခွင့်ကို၊ နပဿာမိ-ငါဘုရား မြင်တော်မမူ။



www.burmeseclassic.com

www.burmeseclassic.com

ဤဂါထာတော်ကို စာရေးသူသည် ဓမ္မဒါန ပရိတ်သုတ် စာအုပ်ငယ်တွင် ဖတ်ရှုရပါသည်။ သက်ရှည်ကျန်းမာ ဂါထာတော်(ဘုရားဟော)ဖြစ်၍ ကူးယူပြီး မကျန်းမာသူများအား ဝေငှပါသည်။ မိမိလည်း ရွတ်ပါသည်။ ဂါထာပေါ်ပေါက်လာခြင်းနှင့် အဓိပ္ပာယ်ကို မသိခဲ့ပါ။

ကျေးဇူးတော်ရှင် ကျိုက္ကဆံရွှေဟင်္သာဆရာတော်ဘုရားကြီးမှ "နာညတြ ဂါထာတော်"နှင့်စပ်သော အကြောင်းအရာ အကျိုးခံစားခွင့်များကို ရေးသားချီးမြှင့်တော်မူသဖြင့် ဝမ်းမြောက်ဝမ်းသာ မှတ်သားသိထားသည်ကို တင်ပြပူဇော်အပ်ပါသည်။

ဂေါတမဘုရားရှင် သက်တော်ထင်ရှားရှိတော်မူစဉ် တာဝတိံသာမှ သုပြဟ္မာနတ်သားသည် နတ်သမီးတစ်ထောင် ခြံရံ၍ နန္ဒဝန်ဥယျာဉ်သို့ မြူးထူးပျော်ပါးကြရန် သွားကြ၏။ ဥယျာဉ်ရောက်သော် ပင်လယ်ကသစ်ပင်ရင်း ခင်းကျင်းထားရာနေရာ၌ နတ်သားနှင့် နတ်သမီးငါးရာ နေကြ၏။ ကျန်နတ်သမီးငါးရာမှာ သစ်ပင်ပေါ်တက်၍ ပန်းများကို သီချင်းတကြော်ကြော်သီကျူးခူးဆွတ်ပစ်ချ၏။ သစ်ပင်အောက်မှ နတ်သမီးများသည် ပန်းများကို ကောက်၍ ပန်းကုံးသီလျက် သုပြဟ္မာနတ်သား၏ လည်၌ဆွဲပေးကာ ပျော်ပါးမြူးထူးနေကြ၏။

အတန်ကြာသော် သစ်ပင်ပေါ်မှ နတ်သမီးတို့၏ သီချင်းသံများ တိတ်ဆိတ်သွား၏။ နတ်သားသည် နတ်သမီးများကို ဆင်ခြင်ကြည့်ရာ နတ်သမီးငါးရာသည် အဝီစိငရဲ၌ ဆင်းရဲပင်ပန်းစွာ ဒုက္ခခံနေရသည်ကို တွေ့မြင်ရ၏။

နတ်သားသည် အလွန်စိတ်မချမ်းသာစွာဖြင့် မိမိနှင့် ကျန်နတ်သမီးငါးရာသည်း မည်သည့်အချိန် နတ်သက်ကြွေမည်ကို ကြည့်၏၊ လူတို့၏ အတိုင်းအတာဖြင့် ခုနစ်ရက်ကြာတွင် စုတေရမည်။ ငရဲကျမည်ကို သိ၏။ အလွန်ထိတ်လန့်ကြောက်ရွံ့ကာ မိမိအား ထိတ်လန့်ကြောက်ရွံ့မှုမှ ဖယ်ရှားပေးနိုင်သူမှာ မြတ်စွာဘုရားသာရှိကြောင်း စဉ်းစားမိပြီး နတ်သမီးငါးရာနှင့် လူပြည်သို့ဆင်းပြီး ဘုရားရှင်ထံသွားရောက်ဖူးမြော်လျှောက်ထား၏။

သုပြဟ္မာနတ်သားက အရှင်ဘုရား "မဖြစ်သေးသော ဆင်းရဲဒုက္ခ၊ ဖြစ်ပြီးသော ဆင်းရဲဒုက္ခတွေအတွက် တပည့်တော် အမြဲစိတ်ဆင်းရဲ တုန်လှုပ်ခြင်း အမြဲခံစားနေရပါသည်ဘုရား" ဟု ရိုသေစွာ လျှောက်ထား၏။

ထိုအခါ ဘုရားရှင်က "နာညတြ၊ ဗောဇ္ဈာတပသာ" အစရှိဂါထာတော်ကို ဟောကြားချီးမြှင့်တော်မူ၏။ သုပြဟ္မာနတ်သားနှင့် နတ်သမီးငါးရာသည် ဂါထာတော်အဆုံး၌ သောတာပန် ဖြစ်ကုန်၏။ အရိယာသူတော်စင်များအဖြစ်ဖြင့် နတ်ပြည်သို့ ပြန်ကြပြီး နတ်သက်ရှည်သမျှ ချမ်းသာစွာ နေထိုင်ကြရ၏။

လူတို့မှာလည်း ထိုဂါထာတော်ကို ယုံကြည်စွာ ရွတ်ဆိုပူဇော်ပါက လက်တွေ့အကျိုးခံစားခွင့်၊ တမလွန်ခံစားခွင့်များ ရရှိသည်မှာ သာဓကများရှိပါသည်။

ရန်ကုန်မှ ကိုကျော်မင်းညွန့်သည် ဘုရားရှိခိုးရန် ပျင်းရိ၍ ဖြစ်သဖြင့် ဖခင်ဖြစ်သူက ထို "နညတြ"ဂါထာတော်ကို ၁ ၊င်ပေးထား၏။ နေ့စဉ် ကိုးခေါက်ရွတ်၏။ မေ့သည့်အခါ မေ့၏။

ကံ၏အလှည့်အပြောင်းကြောင့် ဇနီးဆုံး၊ အလုပ်ပြုတ်ကာ ကြိုဟ်ဆိုးကြမ္မာ နှိပ်စက်ရာခံနေရ၏။ ထို့ကြောင့် လှည်းကူးမြို့ရှိ အစ်မထံ သွားရောက်နေထိုင်၏။ တစ်နေ့သော် အိမ်သို့ ဗေဒင်ဆရာလာ၍ မေးစမ်းတွက်ချက်ပါသည်။ ကံဆိုးမိုးမှောင်ကျနေသည်။ အသ ၊က် ၃၅ နှစ်အတွင်း ခန္ဓာပျက်မည်ဟောပါသည်။ သေမထူးဒ ဖြစ်နေရင်း ဂါထာတော်ကို သတိရပြီး နေ့စဉ်ရွတ်သည်။ ပရိတ် ၁၁ သုတ်၊ ဓာရဏပရိတ်ရွတ်သည်။

အထူးသဖြင့် နညတြဂါထာတော်ကို တစ်နေ့ ကိုးခေါက်၊ တစ်ခါတစ်ရံ သက်စေ့ရွတ်သည်။ ကူးတို့သမ္ဗန်မှောက်သည်၊ ရေနစ်သည်၊ ကားတိုက်ခံရသည်။ သေဘေးလွတ်၍ လူချမ်းသာ၊ စိတ်ချမ်းသာ ဖြစ်ရသည်ဟု ဆိုပါသည်။

ရွတ်ဆိုသမျှသူတို့လည်း ရောဂါပျောက်ကင်း၊ သက်ရှည်ချမ်းသာ ခံစားရကြောင်း လက်တွေ့များစွာ ရှိပါသည်။

ထို့ကြောင့် တစ်နေ့ ကိုးကြိမ် အနည်းဆုံးနှင့် ကြိုးစား၍ သက်စေ့ရွတ်ကြရန် ဓမ္မဒါနပြုပါသည်။

"သက်ရှည်ဘေးကင်း ရောဂါကင်း" ···ဘက် နိဗ္ဗာန်ရောက်အောင် ကြိုးစားကြပါရန် ဆန္ဒကော ၊င်းနှ ၊ ဆုတောင်းပါသည်။

မခိမ်းရော်(ဝါးခယ်မ)



www.burmeseclassic.com

www.burmeseclassic.com

# ဗုဒ္ဓဖြစ်စဉ် ဓာတ်သက်အမြင်နှင့် ဂမ္ဘီရကျင့်စဉ်ယတြာများ(၂၈)

## ၆။ သစ္စကပရိဗိုဇ်ကို အောင်တော်မူခြင်း ဗုဒ္ဓဖြစ်စဉ်

ဘုန်းပြည့်တေဇာဟိန်း

သစ္စကပရိဗိုဇ်သည် နိဂဏ္ဌတက္ကတွန်း မိဘနှစ်ပါးမှ မွေးဖွားလာသူ ဖြစ်သည်။ အဘဘက်မှ ဝါဒငါးရာ၊ အမိဘက်မှ ဝါဒငါးရာအားဖြင့် ဝါဒတစ်ထောင်ကို သင်ယူ တတ်မြောက်ခဲ့သည်။ ဝေသာလီပြည်၊ လိစ္ဆဝီမင်းတို့၏ ဆရာဖြစ်သည်။ ဝါဒရေးရာ စကားပြိုင်ဆိုင် ပြောဆိုလေ့ရှိသည်။ သူသာ ပညာရှိဟူ၍လည်း ကြွေးကြော်လျက် မာန်တက်နေသူလည်း ဖြစ်သည်။ သူကသာ ပြစ်တင်ပြောဆိုလိုက်လျှင် ဘုရားဟု ဝန်ခံသူတို့ပင် အကြံအိုက်ကာ ချွေးပြိုက်ပြိုက်ကျရမည်ဟု ဆိုသည်။

သူသည် မြတ်စွာဘုရား၏တပည့် အရှင်အဿဇိထံမှ မြတ်စွာဘုရားရှင်၏ အနတ္တဝါဒကို စုံစမ်းလေ့လာ သိရှိခဲ့ရသည်။ ထို့နောက် မြတ်စွာဘုရားရှင်နှင့် ဝါဒပြိုင်ရန် ကြံစည်သည်။ ထိုအကြံအစည်ကို လိစ္ဆဝီမင်းသားငါးရာတို့ လွှတ်တော်၌ ညီလာခံ ကျင်းပနေစဉ် သွားပြောသည်။



www.burmeseclassic.com

www.burmeseclassic.com

သစ္စကပရိဗိုဇ်သည် လိစ္ဆဝီပရိသတ်ကို ခေါ်ဆောင်ပြီး ဝါဒရေးရာ ပြိုင်ရန်အတွက် မြတ်စွာဘုရားရှင်ထံသို့ သွားသည်။ မြတ်စွာဘုရားသည် မဟာဝုန်တောအတွင်းရှိ ကူဋာဂါရ(ပြာသာဒ်ကျောင်း)၌ သီတင်းသုံးနေ၏။ သစ္စကပရိဗိုဇ်သည် ကျောင်းသို့ရောက်သောအခါ မြတ်စွာဘုရားရှေ့၌ နေရာယူ နှုတ်ခွန်းဆက်ပြီးနောက် ဝါဒပြိုင်လိုကြောင်း ပြောသည်။ မြတ်စွာဘုရားရှင်က ခွင့်ပြုတော်မူ၏။

"အရှင်ဂေါတမသည် တပည့်တို့ကို မည်သို့ဟောပြောလေ့ရှိပါသနည်း"

သစ္စကပရိဗိုဇ်က မေးမြန်း၍ ဝါဒပြိုင်ပွဲကို စပေါင်လိုက်သည်။

"သစ္စက···

ငါသည် တပည့်တို့ကို ရုပ်၊ ဝေဒနာ၊ သညာ၊ သင်္ခါရ၊ ဝိညာဉ်တို့သည် အမြဲမရှိ၊ အစိုးမရ၊ အနတ္တသာ ဖြစ်သည်ဟု ပြောလေ့ရှိသည်"

မြတ်စွာဘုရားက ထိုသို့မိန့်တော်မူသောအခါ -

"အရှင်ဂေါတမ···

မျိုးစေ့နှင့် အပင်အားလုံးသည် မြေကြီးကို တည်မှီ၍ ကြီးပွားစည်ပင်ရသည်။ မည်သည့် အမှုကိစ္စမဆို ဤမြေကြီး၌ တည်မှီ၍ ပြုလုပ်ရသည်။ ဤအတူပင် ကောင်းမှု၊ မကောင်းမှု မှန်သမျှ ရုပ်၊ ဝေဒနာ၊ သညာ၊ သင်္ခါရ၊ ဝိညာဉ်တည်းဟူသော အတ္တ၌သာ တည်မှီ၍ ဖြစ်ပွားကြရသည်"

သစ္စကပရိဗိုဇ်က ပြန်ပြောလေ၏။ ရုပ်၊ ဝေဒနာ၊ သညာ၊ သင်္ခါရ၊ ဝိညာဉ်တို့သည် မည်သည့်အခါမှ မပျက်စီးကြောင်း၊ အမာခံအတ္တဖြစ်ကြောင်း မြတ်စွာဘုရား၏ အနတ္တဝါဒကို ဆန့်ကျင်ပြောကြားလိုက်ခြင်း ဖြစ်သည်။

"ရုပ်၊ ဝေဒနာ၊ သညာ၊ သင်္ခါရ၊ ဝိညာဉ်တို့ကို အတ္တဟု သင်ဆိုသလား"

မြတ်စွာဘုရားရှင်က ပြန်မေးလိုက်၏။

"ဟုတ်ပါသည်။ အတ္တဟု ကျွန်ုပ်ဆိုပါသည်။ ကျွန်ုပ်က သာမဟုတ်ဘဲ ဤလူအများလည်း ဤသို့ပင် ဆိုကြပါသည်"

သစ္စကပရိဗိုဇ်က ပရိသတ်များကိုပါ သူနှင့် ဝါဒတူသူအဖြစ် သွတ်သွင်းဆွဲကာ ပြောဆိုလိုက်လေ၏။

"ဤလူအပေါင်း၏ အယူဝါဒကိုထား၍ သင့်အယူဝါဒကိုသာ ဖြေဆိုပါ"

မြတ်စွာဘုရားက မိန့်တော်မူလိုက်ရာ သစ္စကသည်- ရုပ်၊ ဝေဒနာ၊ သညာ၊ သင်္ခါရ၊ ဝိညာဉ်တို့ကို အတ္တဟု ယူဆကြောင်း သူ၏ အယူဝါဒကို ထပ်မံဝန်ခံလိုက်ရလေ၏။

"သစ္စက -

ထိုသို့ဖြစ်လျှင် သင့်အား ငါမေးဦးမည်။ ကောသလသမင်း၊ အဇာတသတ်တို့သည် သူတို့ပိုင်ဆိုင်သော နိုင်ငံအတွင်းမှာ တစ်စုံတစ်ယောက်ကို သတ်ဖြတ်ခြင်း၊ ဥစ္စာပစ္စည်း သိမ်းယူခြင်းနှင့် တိုင်းပြည်မှ နှင်ထုတ်ခြင်းအမှုတို့ကို ပြုလုပ်ရန် အာဏာရှိသလော"

ဘုရားရှင်က သစ္စကပရိဗိုဇ်ကို မေးရာ -

လိုသလို ပြုလုပ်ရန် အာဏာရှိကြောင်း ဝန်ခံလေ၏။

"သစ္စက -

သင်က သင်၏ရုပ်ကို အစိုးရသည်၊ ပိုင်ဆိုင်သည်၊ အစိုးသည်ဟု သင်ယူဆပြောဆိုလျှင် သင့်ရုပ်ကို ဤသို့ဖြစ်စေ၊ ဤသို့မဖြစ်စေနှင့်ပ၊ သင်အာဏာထားနိုင်သလော"

မြတ်စွာဘု ုရားရှင်က ထပ်မံမေးလိုက်သောအခါ သစ္စကပရိဗိုဇ်မှာ ဖြေကြား ရန် အခက်အခဲတွေ့ရလေ၏။ မိမိရုပ်ကို မိမိအစိုးရသည်၊ မိ ုသဘောကျ အာဏာထားနိုင်သည်ဟု ဖြေဆိုလိုက်လျှင် လိစ္ဆဝီမင်းသားတို့က "ဆရာ့ရုပ်ကို ကျွန်ုပ်တို့ကဲ့သို့ လှပအောင် လုပ်ပြပါ"ဆို၍ လုပ်မပြနိုင်ခဲ့သော် အနတ္တကို ထောက်ခံရာ ရောက်ပေတော့မည်ဟု တွေးကာ အဖြေမပေးဘဲ ဆိတ်ဆိတ်နေလေ၏။ မြတ်စွာဘုရားရှင်က ဖြေဆိုရန် ဒုတိယအကြိမ် တိုက်တွန်းသော်လည်း သစ္စကသည် ဆိတ်ဆိတ်နေမြဲနေ၏။

"သစ္စက ယခုပင် ဖြေကြားလော့။ မြတ်စွာဘုရားက သုံးကြိမ်တိုင်တိုင်မေးပါလျက် မဖြေဆိုဘဲနေခဲ့လျှင် ထိုသူ၏ ဦးခေါင်းသည် ဤနေရာ၌ပင် ခုနစ်စိတ်ကွဲ ...သည်"ဟု မိန့်တော်မူမှ သစ္စကသည် မဖြေဆိုဘဲ မနေ...တော့ဘဲ -

"အရှင်ဂေါတမ···

ကျွန်ုပ်၏ရုပ်ကို ဤသို့ဖြစ်စေ၊ ဤသို့မဖြစ်စေနှင့်ဟု ကျွန်ုပ်အာဏာမထားနိုင်ပါ"ဟု ဖြေဆိုလိုက်ရလေ၏။

ထို့နောက် ဝေဒနာ၊ သညာ၊ သင်္ခါရ၊ ဝိညာဉ်တို့ကိုလည်း အစိုးမရသော အနတ္တတရားသာလျှင် ဖြစ်ကြောင်း ဝန်ခံလျှောက်ထားခြင်းဖြင့် မြတ်စွာဘုရားရှင်သည် သစ္စကပရိဗိုဇ်ကို အောင်တော်မူလေ၏။

× × × × ×



www.burmeseclassic.com

www.burmeseclassic.com

## ဓာတ်သဏ်အမြင်နှင့် အကျိုးတရား

သစ္စကာပရိဗိုဇ်သည် ဝါဒတစ်ထောင်နှင့် မည်သူကိုမဆို လှည့်ပတ်ပြောဆိုနိုင်စွမ်းရှိ၏။ စကားပရိယာယ် ကျွမ်းကျင်စွာဖြင့် အနိုင်ယူလေ့ရှိ၏။ မြတ်စွာဘုရားရှင်အား သူ၏ဝါဒစကားဖြင့် ပြိုင်ဘက် အနိုင်ယူရန် ကြိုးစားလေ၏။ ပရိသတ်အလယ်၌ အရှက်ကွဲအောင် ကဲ့ရဲ့နိုင်ရန် ကြိုးစား၏။ နောက်ဆုံး သူသာ မြတ်စွာဘုရားရှင်ကို အရှုံးပေးလိုက်ရလေ၏။

ထိုအတူပင် မိမိထက် အဆင့်နိမ့်သူမှ မိမိနှင့် ပခုံးချင်း ယှဉ်ကာ အနိုင်ယူဖို့ ကြိုးစားလာခြင်း၊ ရှုတ်ချကဲ့ရဲ့ခြင်း၊ အလုပ်ဌာန စီးပွားလုပ်ငန်းတို့၌ နှောင့်ယှက်ခြင်းပြုပါက အောင်မြင်စေသော ဓာတ်သက်ကို ရရှိစေသည်။

× × × × ×

## သစ္စကပရိဗိုဇ်ကို အောင်ခြင်းဂါထာ

သစ္စံ ဝိဟာယ အတိသစ္စကဝါဒကေတုံ၊
ဝါဒါဘိရောပိတမနံ အတိအန္ဓဘူတံ။
ပညာပဒီပဇလိတော ဇိတဝါ မုနိန္ဒော၊
တံတေဇသာ ဘဝတုမေ ဇယမင်္ဂလဂ္ဂံ။

ယော မုနိန္ဒော-အကြင်ရဟန်းတို့ ဥက္ကဋ္ဌ ဘုရားမြတ်သည်၊ သစ္စံ-သစ္စာလောက ဘုံသုံးဝကို အနိစ္စဒုက္ခာ အနတ္တာဟု မြတ်စွာဘုရား ဟောကြားမိန့်သံ စကားမှန်ကို၊ ဝိဟာယ-စိတ်အလည်းပယ် ပျက်ပြယ်သမှု နှုတ်လည်းပြု၍ အတိသစ္စကဝါဒကေတုံ-နိစ္စသုခါ အတ္တသာဟု သညာဖောက်ပြန် ယုတ်မာဉာဏ်ဖြင့် မမှန်သည်ကို မှန်၏ဆိုသော မိစ္ဆာဝါဒတည်းဟူသော မှန်ကင်းတည်း ရှိထသော၊ ဝါဒါဘိရောပိတမနံ-တစ်ပါးသောသူ အယူမှောက်လှန် ငါသာမှန်ဟု ဖောက်ပြန်စိတ်တွင် သူ့ကိုထင်လျက် မြင့်ချင်သော နှလုံးလည်းရှိထသော၊ အတိအန္ဓဘူတံ-သူတစ်ထူးထက် ကျူးကျူးလွန်လွန် မျက်ဂုဏ်မာန်ဖြင့် အလွန်မိုက်လှသော သစ္စကပရိဗိုဇ်ကို၊ ပညာပဒီပဇလိတော-ပညာတော်တည်းဟူသော ဆီမီးတန်ဆောင် ညီးညီးပြောင်ကို ညှိထောက်ထွန်းတော်မူသည် ဖြစ်၍၊ ဇိတဝါ-ဟိန်းဟဲမလှုပ် ဓားတုတ်မမိုး ကြိမ်ကြိုးမပြု မွေ့သြဝါ ဒေသနာဖြင့် ကောင်းစွာအောင်တော်မူလေပြီ။

တံတေဇသာ-ထိုသစ္စကပရိဗိုဇ် အလွန်မိုက်ကို နှစ်မြိုက်အောင်ကျ အောင်တော်မူသော ထိုမြတ်စွာဘုရား၏ တန်ခိုးတော်အာနုဘော်ကြောင့်၊ မေ-အကျွန်ုပ်အား၊ အဂ္ဂံ-မြတ်သော၊ ဇယမင်္ဂလံ-

ရောဂါဘေးဒဏ် ရန်မာန်ပေါင်း ရှိမဲ့လျှင်းကို နှိမ်နင်းအောင်တတ် ကောင်းမြတ်လှစွာ မင်္ဂလာသည်။ ဘဝတု-နေ့ညမကွာ ဖြစ်ရှိပါစေသတည်း။

× × × × ×

## ကျင့်စဉ်ယတြာနှင့် ဓာတ်သဏ်အကျိုး


မိမိအား ဉာဏ်နီဉာဏ်နက်သုံး၍ မိမိသိက္ခာကျအောင်ပြုလုပ်ခြင်း၊ အရှက်ခွဲမည့်ကိစ္စကြံခြင်း၊ မိမိထက် အဆင့်နိမ့်သူမှ မိမိနှင့် ပခုံးချင်းယှဉ်ကာ အနိုင်ယူဖို့ ကြိုးစားလာခြင်း၊ မိမိအား မလိုတမာ စိတ်ယုတ်မာဖြင့် အလုပ်ဌာန၊ လူမှုရေး၊ စီးပွားရေးတို့၌ မဟုတ်မမှန် လုပ်ကြံခြင်း၊ မိမိအတွက် ပြိုင်ဘက်ရှိနေခြင်းတို့ကို အောင်မြင်မှုရရှိကြစေရန်အတွက် သစ္စကပရိဗိုဇ်ကို အောင်ခြင်းဂါထာအား ယုံယုံကြည်ကြည် မြတ်မြတ်နိုးနိုးဖြင့် ရွတ်ပွားနိုင်ပါသည်။

ထိုသို့ ရွတ်ပွားခြင်းဖြင့် မိမိ၏ ဂုဏ်ရောင်သည်လည်း လူအများကြား၌ ပို၍ လင်းလက်လာစေပါသည်။

သီလဆောက်တည်၍ဖြစ်စေ၊ ဆီမီး၊ ပန်း၊ ရေချမ်း၊ ဆွမ်းခဲဖွယ် ကပ်လှူ၍ဖြစ်စေ ရွတ်ပွားပါက ဘုန်းရောင်လင်းလက်၍ စီးပွားတက်စေပါသည်။

ရွှင်လန်းချမ်းမြေ့ကြပါစေ···။

## ဘုန်းပြည့်စေသောဟင်္သာ





www.burmeseclassic.com

www.burmeseclassic.com

# မင်းကွန်းတိပိဋကဓရ ဆရာတော်ဘုရားကြီး

# ၏

# အာဟုနေယျဂုဏ်တော်ပုတီးစိပ်နည်း

## ဒေါက်တာသန်းမှိုင်းလင်း

သံဃာတော်အကြောင်း ဂုဏ်လေးပါးဖြစ်သော

- သံပ္ပဋိပန္နဂုဏ်တော်
- ဥဇုပ္ပဋိပန္နဂုဏ်တော်
- ဉာယပဋိပန္နဂုဏ်တော် တို့ကို တစ်ပါးလျှင် ပုတီး

တစ်လုံးကျ ဆရာတော်ဘုရားကြီးသည် သံဃာတော်၏ အကျိုးဂုဏ်ငါးပါးကို ပုတီးစိပ်တော်မူလို၍ ရှေးဦးစွာ "ယဒိဒံစတ္တာရိ ပုရိသ ယုဂါနိ အဋ္ဌပုရိသ ပုဂ္ဂလာ"ဟူသော ပါဠိကို ရွတ်ဆိုတော်မူပါသည်။ ဤသို့ ရွတ်ဆိုတော်မူခြင်းမှာ ဤပါဠိသည် သံဃာဂုဏ်ကို အာရုံပြု၍ ပုတီးစိပ်တော်မူရာ၌ အာရုံပြုရမည့် ဂုဏ်တော်မဟုတ်သောကြောင့် ဖြစ်ပါသည်။ ဤပါဠိ၏ အနက်အဓိပ္ပာယ်မှာ "ဆိုအပ်သောအကြောင်းဂုဏ်လေးပါးနှင့် ပြည့်စုံတော်မူသော သံဃာတော်သည်၊ အစုံအားဖြင့် လေးစုံ၊ အသီးသီးအားဖြင့် ရှစ်ပါးရှိ၏"ဟု ဆိုလိုပါသည်။

လေးစုံဟူသည်မှာ

(၁) သောတာပတ္တိမဂ္ဂဋ္ဌပုဂ္ဂိုလ် = သောတာပတ္တိမဂ်ပုဂ္ဂိုလ်၊ သောတာပတ္တိဖလဋ္ဌပုဂ္ဂိုလ် = သောတာပတ္တိဖိုလ်ပုဂ္ဂိုလ်။

(၂) သကဒါဂါမိမဂ္ဂဋ္ဌပုဂ္ဂိုလ် = သကဒါဂါမိမဂ်ပုဂ္ဂိုလ်၊ သကဒါဂါမိဖလဋ္ဌပုဂ္ဂိုလ် = သကဒါဂါမိဖိုလ်ပုဂ္ဂိုလ်။

(၃) အနာဂါမိမဂ္ဂဋ္ဌပုဂ္ဂိုလ် = အနာဂါမိမဂ်ပုဂ္ဂိုလ်၊ အနာဂါမိဖလဋ္ဌပုဂ္ဂိုလ် = အနာဂါမိဖိုလ်ပုဂ္ဂိုလ်။

(၄) အရဟတ္တမဂ္ဂဋ္ဌပုဂ္ဂိုလ် = အရဟတ္တမဂ်ပုဂ္ဂိုလ်၊ အရဟတ္တဖလဋ္ဌပုဂ္ဂိုလ် = အရဟတ္တဖိုလ်ပုဂ္ဂိုလ်။

စသည်အားဖြင့် လေးစုံဖြစ်ပါသည်။ အသီးသီးရေတွက်



www.burmeseclassic.com

www.burmeseclassic.com

သော် အရိယာပုဂ္ဂိုလ် လေးမျိုးရှိပါသည်။

ဤအရိယာပုဂ္ဂိုလ်ရှစ်ယောက်သည် အကြောင်းဂုဏ်လေးပါးစလုံးဖြင့် ပြည့်စုံသည်ချည်းပင် ဖြစ်ပါသည်။ စင်စစ်အားဖြင့် အကြောင်းဂုဏ်လေးပါးအနက် တစ်ပါးပါးနှင့် ပြည့်စုံလျှင်ပင် အာဟုနေယျ စသော အကျိုးဂုဏ်ငါးပါးလုံး အလိုလိုပြည့်စုံတော့သည်သာ ဖြစ်ပါသည်။

ဤသို့ အကျိုးဂုဏ်ငါးပါးအနက် ပထမဆုံးဂုဏ်ဖြစ်သော အာဟုနေယျဂုဏ်တော်ကို အာရုံပြု၍ မင်းကွန်းတိပိဋကဆရာတော်ကြီးသည် –

သေဘဂဝတော သာဝကသံဃော အာဟုနေယျောဟူသည် ဘဂဝတော–မြတ်စွာဘုရား၏၊ သေသာဝကသံဃော–ဤတပည့်သံဃာတော်သည်၊ အာဟုနေယျော–အဝေးမှဆောင်ယူ၍ လှူသောပစ္စည်းလေးပါး လှူသည်ကို ခံယူတော်မူထိုက်၏။ သံဃေဒိန္နံမဟပ္ဖလံ–သံဃာအားလှူခြင်းသည် အကျိုးကြီး၏ဟု မြတ်စွာဘုရားရှင် ဟောကြားတော်မူခဲ့ပါသည်။

ထို့ကြောင့် မြတ်စွာဘုရားရှင်အား မိထွေးတော်ဂေါတမီက သင်္ကန်းလှူစဉ်က မြတ်စွာဘုရားရှင်သည် ပုဂ္ဂလိကအဖြစ် အလှူခံတော်မမူဘဲ သံဃာတော်အား လှူဒါန်းရန် တိုက်တွန်းတော်မူခဲ့ပါသည်။

ဗြဟ္မဏတို့ ဒယူအဆမှာ မီးပူဇော်ခြင်းသည် အကျိုးအလွန်ကြီး၏ဟု ဆိုပါသည်။ ဤမီးယဇ်နှင့်ဟူသော သံဃာတော်အား လှူခြင်းသည်လည်း လွန်စွာပင် အကျိုးကြီးလှပါသည်။

သံဃာတော်မှာ သီလ၊ သမာဓိ၊ ပညာ ပြည့်စုံပါက လှူသူအား လွန်စွာအကျိုးကြီးပါသည်။ ထို့ကြောင့် သံဃာတော်သည် လှူသူဒါယကာတို့အဖို့ အလှူအကျိုးကြီးအောင် သီလ၊ သမာဓိ၊ ပညာ၊ သိက္ခာတော်တို့ကို ပြည့်စုံအောင် တတ်နိုင်သလောက် ဖြည့်ဆည်းရပါသည်။ မိမိ၌ သီလမရှိသည်ကို သိရှိကြပါက မည်သူမျှ လှူချင်မည်မဟုတ်ပေ။ မလှူချင်ရုံမျှမက အကြည်ညိုပင် ပျက်တတ်ပါသည်။ သီလရနံ့သင်းနေ၍သာ အလှူရှင်တို့ မြတ်မြတ်နိုးနိုး လှူနေကြခြင်း ဖြစ်ပါသည်။ ထို့ကြောင့်ပင် သံဃာတော်အား ရည်စူး၍ အဝေးအရပ်မှပင် တပင်တပန်း ယူဆောင်ကာ လှူဒါန်းလာသော မွန်မြတ်လှသည့် ခဲဖွယ်ဘောဇဉ်၊ အသုံးအဆောင်၊ သင်္ကန်းလျာစသော အလှူပစ္စည်းတို့ကို ခံယူတော်မူထိုက်ခြင်း ဖြစ်ပါသည်။

သံဃာတော်၏ သီလရနံ့သည် မွှေးလှပါသည်ဟုဆိုသော စန္ဒကူးနံ့သာပန်းနံ့ စသည်တို့ထက် သာလွန်၍ မွှေးပျံ့ပါသည်။ ပန်းရနံ့တို့သည်ကား လေအောက်၌သာ မွှေးကြပါသည်။ လေညာအရပ်သို့ အမွှေးနံ့မဆန်နိုင်ပါ။ သံဃာတော်တို့၏ သီလရနံ့သည် လေညာလေအောက် လူ့ပြည်တို့၌သာမက နတ်ပြည်၊ ဗြဟ္မာပြည်တိုင်အောင် မွှေးပျံ့ပါသည်။

ထို့ကြောင့်ပင်လျှင် သိကြားမင်းသည် ဆင်းရဲသားရက်ကန်းသည် အဘိုးအိုယောင်ဆောင်၍ အရှင်မဟာကဿပမထေရ်ကြီးအား လှူဒါန်းခွင့်ရအောင် ကြံဆောင်ကြိုးစားခဲ့ဖူးပါသည်။ သိကြားမင်းသည် အောင်မြင်စွာ ဆွမ်းလှူခွင့်ရသဖြင့် "အဟောဒါနံ၊ ပရမဒါနံ ကဿပေသုပတိဋ္ဌိတွ" အရှင်မဟာကဿပ မထေရ်မြတ်အား လှူရသော အလှူသည် တကယ့်အလှူ အမြတ်ဆုံးအလှူဟု ဥဒါန်းကျူးရင့်ခဲ့ပါသေးသည်။ ဤသို့ အဝေးမှလာသော တာဝတိံသာ၊ နတ်ပြည်မှလာသော သိကြားမင်း၏ အလှူကို ခံယူတော်မူထိုက်သောကြောင့် သံဃာတော်သည် 'အာဟုနေယျ'ဂုဏ်တော်နှင့် ပြည့်စုံတော်မူပါသည်။

ထို့အပြင် သံဃာတော်၏ သီလစင်ကြယ်မှုကြောင့် "နည်းနည်းလှူလျှင် များများရ၍၊ များများလှူလျှင် အလွန်တရာအကျိုးထူးကို ရရှိစေတတ်သောကြောင့် လောကကြီးတွင် ဖူးတွေ့ရခဲသူများဖြစ်ကြောင်း ယူဇနာထောင်သောင်းမက ဝေးလှသော အရပ်မှပင် ရိက္ခာထုပ်ထမ်းကာ လာရောက်ဖူးထိုက်သူများ ဖြစ်ကြောင်း။ မြတ်စွာဘုရားရှင်က ဂုဏ်တင်မိန့်ကြားတော်မူခဲ့ပါသည်။

ဤသို့လျှင် သံဃာတော်၏ အကျိုးဂုဏ်ငါးပါးအနက် အနီးဆုံးဖြစ်သော 'အာဟုနေယျ'ဂုဏ်တော်ကို အာရုံပြု၍ မင်းကွန်းဆရာတော်ကြီးသည် 'သေဘဂဝတော သာဝကသံဃော၊ အာဟုနေယျော'ဟု စိတ်ကရွတ်ဆိုကာ ပုတီးတစ်လုံး စိပ်တော်မူပါသည်။

သတ္တဝါဟူသရွေ့၊ တရားတွေ့၊ ချမ်းမြေ့သာယာရှိကြပါစေ ...။

**ဒေါက်တာသန်းမှိုင်းလင်း**

စာကိုး

ကျော်လှိုင်(ဝိဇ္ဇာဂုဏ်ထူးမဟာဝိဇ္ဇာသက္ကတ)၏ 'မင်းကွန်းတိပိဋကဓရဆရာတော်ဘုရားကြီး၏ ပုတီးစိပ်နည်း'



www.burmeseclassic.com

www.burmeseclassic.com

# မြတ်ဗုဒ္ဓကို ကိုးကွယ်ဆည်းကပ်ပူဇော်ရခြင်းကြောင့် သိအပ်သောအကျင့်

# နှင့်

# ရနိုင်သောအကျိုးထူးများ

ဖိုးသန်းကျော်(ရေကြည်သား)

**သိအပ်သောအကျင့်နှင့် ရနိုင်သောအကျိုးထူးများ(၁၀)**

လွန်ခဲ့သော အတိတ်ဘဝတွင် သစ္စာမရှိမှု အဝိဇ္ဇာကြောင့် ပြုခဲ့သော ကုသိုလ်သင်္ခါရကြောင့် လူ့ဘဝ၊ နတ်ဘဝ ရကြပြီး၊ အကုသိုလ်သင်္ခါရကြောင့် အပါယ်လေးဘုံကို ရောက်ကြရသည်။ အရှင်ဇနကာဘိဝံသရေးသားသော ကိုယ်ကျင့်အဘိဓမ္မာထဲမှာပါသော ငရဲကြီးရှစ်ထပ်အကြောင်းနှင့် တက္ကသိုလ် ရှင်သီရိ(ဓမ္မာစရိယ ဘီအေ)ရေးသော သေရွာပြန်တို့၏ ဖြစ်ရပ်မှန်ထဲမှ တိရစ္ဆာန်၊ ပြိတ္တာ၊ အသူရကာယ်များအကြောင်း အပြင်၊ မိုးကုတ်ဆရာတော်ဘုရားကြီး အရှင်ဝိမလ တရားတော် ၉-၁၀-၆၁ နေ့ဟောကြားသော ဘုရားတစ်ဆူတစ်ဆူမှာ တစ်ခါသာ ဟောကြားသော တရားနှင့် သစ္စာမသိတာ ငရဲထက်ကြောက်ဖို့ ကောင်းသည် တရားတော်များမှ ထုတ်နုတ်ဖော်ပြလိုက်ပါသည်။

သုစရိုက်ကောင်းမှုကံ ဖြစ်အောင် စိတ်သဘောဆောင်လျှင် သုဂတိရောက်၏။

ဒုစရိုက် မကောင်းမှုကံဖြစ်အောင် စိတ်သဘောဆောင်လျှင် ဒုဂ္ဂတိ အပါယ်လေးဘုံ ရောက်ရ၏။ ငရဲ တိရစ္ဆာန်၊ ပြိတ္တာ၊ အသူရကာယ်ဘုံများမှာ ဖြစ်ရ၏။

ငရဲ ။ ငရဲဆိုသည်မှာ ချမ်းသာကင်းသော ဘုံဌာနဖြစ်၏။ ငရဲဘုံ ရှစ်ဘုံရှိ၏။ သိဉ္စီးငရဲ၊ ကာလသုတ်ငရဲ၊ သင်္ဃာတငရဲ၊ ရောရုဝငရဲ၊ မဟာရောရုဝငရဲ၊ တာပနငရဲ၊ မဟာတာပနငရဲ၊ အဝီစိငရဲတို့ ဖြစ်ကြသည်။

ထိုငရဲ တစ်ထပ်တစ်ထပ်စီမှာ ငရဲငယ် ငါးထပ် ရံပတ်၍ တံတိုင်းခတ်သလို ရံပတ်နေ၏။ လူပြည်နှင့် အဝီစိငရဲဘုံသည် ယူဇနာတစ်သိန်းနှစ်သောင်း ကွာဝေး၏။ မြေထုသည် ယူဇနာနှစ်သိန်းလေးသောင်း အထုရှိသဖြင့် ထိုငရဲသည် ကမ္ဘာမြေ၏ အလယ်ဗဟိုမှာ ရှိမည်ဖြစ်၏။

ငရဲကို စီမံအုပ်ချုပ်သူကို ငရဲမင်းကြီးခေါ်၏။ ယမမင်းလည်း ခေါ်၏။ ထိုငရဲမင်းသည် စတုမဟာရာဇ်နတ်တို့တွင် အပါအဝင်ဖြစ်သော ဝေမာနိကပြိတ္တာမင်း ဖြစ်ပေ၏။ ငရဲမင်းသည် တစ်ယောက်တည်းမဟုတ်။ အများပင် ရှိ၏ဟု သိရ၏။ ငရဲဘုံ၏ တံခါးလေးဖက်မှာ ရုံးစိုက်၍ ငရဲရောက်လာသူတို့ကို စစ်မေးပြီး အပြစ်ရှိက ငရဲကျစေ၍၊ အပြစ်မရှိက လွတ်စေရ၏ဟု ဆိုသည်။ ယမမင်းသည် အပြစ်ပေးလို၍ စစ်မေးသည်မဟုတ်။ ငရဲကျထိုက်၊ မကျထိုက်ကို စစ်မေးသော တရားစောင့်သော မင်းကောင်းမင်းမြတ်ဟု ဆို၏။ ငရဲထိန်းများသည် စတုမဟာရာဇ်နတ်မျိုးအပါအဝင် နတ်ဘီလူး၊ နတ်ယက္ခိုသ်များ ဖြစ်ကြသည်။ ငရဲကျရောက်သူကို လက်မရှိ အာဏာသားကဲ့သို့ ရက်စက်ကြမ်းကြုတ်စွာ ရိုက်နှက်သတ်ပုတ်ကြသူတွေ ဖြစ်၏။

ထိုသို့ စစ်မေးပုံကို ဘုရားတစ်ဆူတစ်ဆူတွင် တစ်ကြိမ်သာ ဟောပြလေ့ရှိသော ဒေဝဒူတ သေမင်းတမန်တရားဟောပြပုံကို ၉-၁၀-၆၁ နေ့၌ မိုးကုတ်ဆရာတော်ဘုရားကြီး ဟောကြားချက်မှ လိုရင်းထုတ်၍ ဖော်ပြလိုပါသည်။ သဗ္ဗညုတဉာဏ်ကို ဟောပြချက်ဖြစ်၏။



www.burmeseclassic.com

www.burmeseclassic.com

သာသနာပနှင့် သာသနာတွင်း ဖြစ်သော်လည်း အရိယာဓမ္မ ဝိပဿနာအကျင့် မကျင့်နိုင်သူများသည် ဒိဋ္ဌိတဏှာ အဝိဇ္ဇာကြောင့် ဒုစရိုက်ကံများသာ ပွားနေကြသဖြင့် ထိုသူများ လူ့ပြည်တွင် စုတေသေလွန်သည်နှင့် တစ်ပြိုင်နက်တည်း အပါယ်မှာ ဘွားခနဲ အပါယ်ကောင်ကြီး သွား၍ဖြစ်ရလေသည်။ ငရဲထိန်းများက ဖမ်း၍ ယမမင်းဆီသို့ စစ်မေးရန် ပြကြရ၏။

## ယမမင်း ပထမစစ်ချက်

အမောင်လူသား . . . လူ့ပြည်မှာ လူမမည်ကလေးငယ် တွေ ကိုယ့်ကျင်ကြီးကျင်ငယ်မှ မသိမ်းနိုင်၍ ခြေထောက်ကလေး တွေ ကလန်ကလန်၊ လက်ကလေးတွေ ဟိုလှုပ်ဒီလှုပ်နဲ့ ကျင် ကြီးကျင်ငယ်ကို သူ့ဟာသူ မသိပေ။ လူးနေပုံ မြင်ဖူးရဲ့လားဟု မေးလိုက်သည့်အခါ ထိုငရဲသားက ကျွန်တော်မျိုး မြင်ဖူးပါသည် ဖြေ၏။ ဒုက္ခတွေမှ လွတ်ရာကျွတ်ရာ ရှာမယ်လို့ အမောင် စိတ်ကူးမပေါ်ဘူးလား မေးပြန်၏။ မပေါ်၍ မပေါ်ပါဘူး ဖြေရ၏။ ထိုကလေးငယ်က ကျွန်တော်ဟာ ဒုက္ခိတလေးပါ။ ဘာမှ အသုံး မကျပါ။ သူပေးလူပေးနဲ့ စားရသောက်ရ၊ သူများထူမှ ထနိုင်ကြ နိုင်ရသည့်ဘဝဟု ပြောဘိအလား ရှိနေသည်ကို မောင်မင်းက ဒီကလေးငယ် ချမ်းသာနေသည်ထင်၏။ သနားစရာမမြင်သဖြင့် ဒုက္ခသစ္စာမှ လွတ်ရေးရှာမည်ဟု စိတ်ကူးမပေါ်ဘူးလား မေးပြန် ၏။ မပေါ်၍ မပေါ်ပါကြောင်း အမှန်ဖြေရ၏။ အမောင် တယ်မေ့ ပါလားဟု ကောက်ချက်ချလိုက်၏။ ထိုကလေးငယ်ကိုမြင်သော် ပွေ့ကာပိုက်ကာ ချီပိုးပြောဆိုကာဖြင့် ကာယသခါရ၊ ဝစီသင်္ခါရ၊ အဝိဇ္ဇာသင်္ခါရ ပြုခဲ့၏။ အဝိဇ္ဇာပစ္စယာသင်္ခါရာမှ သင်္ခါရာပစ္စယာ ဝိညာဏံမို့ အမောင် အပါယ်ဝိညာဏ်ရမယ်။ အမောင်မေ့မှု ကြောင့် ပြုချင်သလို ပြုလုပ်ရောင်းဝယ် လုပ်ကိုင်စားသောက် နေထိုင်ခဲ့သော ကံတွေသည် အမောင်၏ အဖေ၊ အမေ၊ ရဟန်း ပုဏ္ဏား၊ သားသမီး၊ သားမယား၊ ဇနီး၊ ခင်ပွန်း၊ ဆွေမျိုးဉာတကာ တို့နှင့်မဆိုင်၊ အမောင်နှင့်သာ ဆိုင်သဖြင့် အပါယ်ကျမည့် စီရင် ချက် ပထမတစ်ချက် ချလိုက်၏။

## ဒုတိယစစ်မေးချက်

ပထမစီရင်ချက်ချလိုက်သော်လည်း မြှုန်းခနဲ အပါယ်ကျ စေဟု အမိန့်မချသေးဘူး။ ဒုတိယစစ်ချက် မေးပြန်၏။

အမောင် နံရိုးကျဲကျဲနှင့် ခါးကိုင်း၊ နားထိုင်းကာ တောင်ဝှေးအဖော်ပြုနေရသော ပုဂ္ဂိုလ်များ မမြင်ဖူးဘူးလား မေး၏။ မြင်ဖူးသဖြင့် မြင်ဖူးပါသည် ဖြေရ၏။ ဒါဖြင့် ထိုလူအို တို့၏ ဇရာဒုက္ခဆိုသည်ကို အမောင်မသိဘူးလား မေး၏။ အို သည်ကို သိပါသည်၊ ဒုက္ခသစ္စာတော့ မသိပါဟု ဖြေ၏။ ဤသို့ အိုသွားရလျှင် မအိုရာ၊ မသေရာ ရှာမယ်ဟူသော မဂ္ဂင်စိတ် ကလေးများ မပေါ်ဘူးလား မေးပြန်၏။ မပေါ်သဖြင့် မပေါ်ပါဟု အမှန်ဖြေရ၏။ အမောင် တယ်မေ့ပါလား။ အဝိဇ္ဇာပစ္စယာ သင်္ခါရာ မသိ၍ ပြုချင်သလို ပြုလုပ်နေထိုင် လုပ်ကိုင်စားသောက် နေခဲ့သည်။ ထိုပြုလုပ်သည့် ပဋိစ္စသမုပ္ပါဒ်သည် အပါယ်ရောက် စေမည်။ ပဋိစ္စသမုပ္ပါဒ်ကို မြတ်စွာဘုရားပင် တား၍မရပါ။ မိမိ ပြုသော ပဋိစ္စသမုပ္ပါဒ် မိမိသာ ခံရရှာမည် ဖြစ်၏။ ယမမင်းက အမောင် တယ်မေ့ပါကလား။ ရှေ့နည်းအတိုင်းပင် အမောင် ပြုသော မေ့ပြစ်ဟာ အဖေ၊ အမေ၊ ရဟန်းပုဏ္ဏား၊ ဇနီးမယား၊ သားသမီး၊ ခင်ပွန်း၊ ဆွေမျိုးဉာတကာတို့နှင့်မဆိုင်ပါ။ အမောင့် အပြစ် အမောင်သာ ဆိုင်၏။ မောင်မင်း အပါယ်ကျမည်ပြော၍ ကောက်ချက်ချလိုက်၏။ မြုန်းခနဲ အပါယ်မချသေး။ တတိယ စစ်ချက် ထပ်၍မေးပြန်၏။

## တတိယစစ်ချက်

အမောင် . . . လူ့ပြည်၌ ရာဇဝတ်ဘေးဒဏ်သင့်သော ပုဂ္ဂိုလ်များကို မြင်ဖူးရဲ့လား။ လက်ထိတ်ခတ်ထားပြီးသကာလ ကြိမ်တွေနှင့်ရိုက်၊ ခြေထောက်ကို ကြိုးတုပ်၍ ဇော်ထိုးဆွဲပြီး စစ်မေးတာ မြင်ဖူးလားဟု မေးပြန်၏။ မြင်ဖူးပါသည်ဟု ဖြေ၏။

မကောင်းမှု ဒုစရိုက်ပြုလုပ်သော ပုဂ္ဂိုလ်များ ဒိဋ္ဌဓမ္မ အကျိုးပေးပါကလား၊ အရိယာဓမ္မ မရသေးဖြင့် သံသရာမှာ ဤကဲ့သို့ နေရမှာပါလား။ လွတ်ရေး ကျွတ်ရေး အရိယာဓမ္မများ လုပ်မယ်ဟု မတွေးမိဘူးလား မေးပြန်၏။ ကြားတော့ကြားဖူး ပါသည်။ မတွေးမိပါဘူးဖြေ၏။ အမောင် တယ်မေ့ပါလား။ အမောင့်မေ့ပြစ်ဟာ အမောင်သား အဖေ၊ အမေ၊ သားသမီး၊ ခင်ပွန်း၊ သားမယား၊ ရဟန်းပုဏ္ဏားတို့နှင့်မဆိုင်။ အမောင်နှင့်သာဆိုင်၍ မေ့ပြစ်သင့်ပြီး အဝိဇ္ဇာပစ္စယာသင်္ခါရာ သင်္ခါရာပစ္စယာ ဝိညာဏံ၊ အပါယ်ဝိညာဏ် အမောင်ပဲ ရမည်ဟု တတိယကောက်ချက် စီရင်လိုက်၍ စတုတ္ထစစ်ချက် ဆက်မေး ၏။

## စတုတ္ထစစ်ချက်

အမောင် . . . လူ့ပြည်မှာ ဘေးက ဆေးခွက်တွေ ဝိုင်း၍ နေပြီး၊ သူ့အဝတ်မှ သူ့ဟာသူ မဖုံးနိုင်သော လူနာများကို မြင်ဖူးရဲ့လား။ သူ့ရေမှ သူမသောက်နိုင်၊ သူ့ကျင်ကြီးကျင်ငယ်မှ သူမသုတ်သင်နိုင်၊ နဂိုဖုံးလာသော အရုက်အကြောက်တွေကို လုံခြုံအောင် မလုပ်နိုင်၍ မလုံခြုံဖြစ်လာသော လူမမာများ မြင်ဖူး



www.burmeseclassic.com

www.burmeseclassic.com

ရဲ့လား မေးလေ၏။ မြင်ဖူး၍ မြင်ဖူးပါသည် ဖြေရ၏။

ဤသို့ဖြစ်လျှင် 'ဗျာဓိခမ္မောမို့ဗျာဓိ' ဆိုသည့်အတိုင်း ဗျာဓိနာခြင်းတရားကို မလွန်ဆန်နိုင်သော တရားဖြစ်သည်။ ဗျာဓိမရှိရာ လွန်ရာဖြစ်သော နိဗ္ဗာန်ရောက်ကြောင်း အရိယာမဂ္ဂမဂ္ဂင်အလုပ်ကို လုပ်မည်ဟူ၍ စိတ်ကူးပေါ်ရဲ့လား မေးပြန်၏။ မပေါ်၍ ကျွန်တော်မပေါ်ပါဘူး အမှန်ဖြေရ၏။ သိမှု ဝိဇ္ဇာမဂ္ဂင်အလုပ် ရှောင်သဖြင့် မသိမှု အဝိဇ္ဇာမှ အပါယ်ဆောင်သော ဒုစရိုက်ကံများကြောင့် အမောင်၏ ပေပြစ် အမောင်နှင့်သာဆိုင်၏။ အဝိဇ္ဇာပစ္စယာ သင်္ခါရာ၊ သင်္ခါရာပစ္စယာ ဝိညာဏံ၊ အပါယ်ဝိညာဏ် မောင်မင်းရတော့မည်ဟု စတုတ္ထစစ်ချက် စီရင်ချက်ချလိုက်၏။ ပဥ္စမစစ်ချက် မေးပြန်၏။

## ပဥ္စမစစ်ချက်

အမောင် ... လူပြည်မှာ မသာပို့ဖူးရဲ့လား မေးပြန်၏။ ပို့ဖူးပါသည် ဖြေ၏။ ဖူးဖူးရောင်ပြီး အရုပ်အဆင်းပျက်နေသော အသုဘကြီး မြင်ဖူးရဲ့လား မေး၏။ မြင်ဖူးပါသည် ဖြေ၏။ မြင်ဖူးပါလျှင် ဤအသေလွတ်ရာ ရှာမည်ဟု အရိယာစိတ်ကလေးများ မပေါ်ဘူးလား မေး၏။ သေမျိုးမို့ သေသည်ပဲ အောက်မေ့ပါသည်။ ကိုယ်လည်း သေရမှာပဲဟု မရဏာနုဿတိလောက်ပေါ်ပါ၏။ အရိယာမဂ္ဂမဂ္ဂင်အလုပ်လုပ်ရန် သတိမရပါဟု ဖြေ၏။

မရဏာနုဿတိက အောက်တန်းတရား၊ မဂ္ဂင်အလုပ် အရိယာမဂ္ဂက အထက်တန်းတရားဖြစ်၏။

ဤအသေမြင်ဖူး၍ ဤအသေမျိုးသည် အသုဘပါလား၊ ဒုက္ခသစ္စာပါလား၊ ဒုက္ခလွတ်ရာ၊ မသေရာ နိဗ္ဗာန်ရောက်နိုင်သော အရိယာမဂ္ဂ၊ မဂ္ဂင်အလုပ်လုပ်ရန် သတိမရသဖြင့်၊ မေ့သဖြင့် မောင်မင်းတ... ပ်အမေ့သန်ပါလား၊ အဝိဇ္ဇာပစ္စယာ သင်္ခါရမှ သင်္ခါရာပစ္စယာ ဝိညာဏံ၊ မောင်မင်း အပါယ်ဇာတိပဲ ရတော့မည်ဟူ၍ စီရင်ချက် ချလိုက်လေသည်။ ထိုသို့ စီရင်ချက် စစ်ချက် ငါးချက်ချလိုက်ပြီး စစ်မေးစရာ မရှိ၍ ယမမင်းက ငြိမ်နေလိုက်လေသည်။ ထိုအခါမှ ငရဲထိန်းများသည် ထိုငရဲသားကို လက်မောင်းတစ်ဖက်တွင် နှစ်ယောက်စီ ဆွဲကိုင်ပြီး ရဲရဲပူလောင်နေသော သံပြားကြီးပေါ်တွင် ငရဲသားကို အိပ်ခိုင်းလေ၏။ ဘယ်လိုမှ ငြင်းဆန်၍ မရ အိပ်လိုက်ရ၏။ လက်ဝါးနှစ်ဖက်နှင့် ခြေဖဝါးနှစ်ဖက်ကို နီရဲနေသော သံမယ်န သံချောင်းကြီးများနှင့် ရိုက်ကပ်ထား၏။ ဗဟိုအလယ်ဗိုက်ပေါ်မှလည်း ထိုသံမယ်နကြီးများနှင့် ရိုက်လိုက်၏။ ထိုသို့ ငါးချက်ရိုက်ကပ်ထား၍ လွတ်နိုင်စရာမရှိတော့မှ ခေါ်သွားကြ၏။

ငရဲခံရသောအခါ သံမယ်နကြီးတွေ နုတ်ဖယ်ပြီး မီးတောင်ကြီးပေါ်မှာ နွားလုပ်ပြီး ဆင်းချည်တက်ချည် ခိုင်း၏။ အောက်က မီးတောင်၊ အပေါ် ... ငရဲသားကို သွားခိုင်းခြင်းဖြစ်သည်။ ထိုမှတစ်ဖန် လက်ပံတောငရဲသို့ ပို့၏။ လက်ပံပင်ကြီးကလည်း ဆူးများအလွန်သန်၏။ ဆူးက ၁၆ လက်မရှိ၏။ အပါယ်ငရဲသားကို အောက်မှ လှံတွေနှင့် ထိုးပြီး လက်ပံပင်ပေါ်တက်ခိုင်း၏။ ဆူးက အောက်ဘက်လှည့်နေ၏။ ရင်ဘတ်ကို၊ ပခုံးကို ဆူးငြိပြီး စုတ်ပြဲနေ၏။ အောက်မှ လှံနှင့်ထိုးသဖြင့် အတင်းတက်ရလေ၏။ သွေးရဲရဲ သံရဲရဲနှင့် ရောက်သွား၏။ ရောက်ပြီးတစ်ဖန် ကျွမ်းထိုးမှောက်ခုံ ဆင်းခိုင်းပြန်၏။ ထိုအခါ ဆူးများက အပေါ်ထောင်နေပြန်၏။ ဆူးများစူးစေလျက် ဆင်းရ၏။ ရဲရဲပြောင်နေသော၊ အလွန်ပူသော သံပင်ကြီးဖြစ်၍ ခံနိုင်ကြပါ့မလား။ ငရဲသားမို့ မခံနိုင်လည်း ခံရလေ၏။ ငရဲချိုးစည်းခံမည်ဟူသော မလိမ္မာသူတို့စကားသည် မသိ၍ ရမ်းပြောနေခြင်းဖြစ်၏။

အကယ်၍သာ အရိယာမဂ္ဂ မမေ့၍ မဂ္ဂင်အလုပ် အားထုတ်ကာ ဖြစ်ပျက်ရှုနိုင်ပါက ဒိဋ္ဌိပြုတ်လျှင် ငရဲမကျရောက်နိုင်ပါချေ။

ထိုမှတစ်ခါ ဘင်ပုပ်ငရဲသို့ ရောက်သွားပြန်၏။ အပ်သွားလောက်ရှိသော ပိုးလောက်များက အသားကိုဖောက်၊ အကြောကိုဖြတ်ပြီး ရိုးတွင်းခြင်ဆီကို စုပ်ပြီး စားစေ၏။ ထိုအထဲသို့ ငရဲသားကို လွှတ်ပေးလိုက်သည်။ နေရဲကြပါ့မလား။ အဝိဇ္ဇာက ဝိဇ္ဇာဖြစ်အောင်၊ မေ့မှုမှ မမေ့မှုဖြစ်အောင် လုပ်ပါက မဂ္ဂင်အလုပ်လုပ်လျှင် ထိုငရဲမရောက်နိုင်ချေ။ ခန္ဓာဖြစ်ပျက် အနိစ္စ တစ်ချက်ကောင်းကောင်းမြင်လျှင် ဒိဋ္ဌိပြုတ်၍ သောတာပန်တည်လျှင် ထိုငရဲကိစ္စ အကုန်သိမ်းသွားမည်ဖြစ်၏။

ထိုဘင်ပုပ်ငရဲမှတစ်ဖန် ငါးမျှားချိတ်ကြီးနှင့်ဆွဲပြီး ပြန်တက်စေ၏။ ယူဇနာတစ်ရာရှိသော သံတံတိုင်းများ ခတ်ထားသော မီးဟုန်းဟုန်းတောက်နေသော နေရာထဲသို့ ပစ်ထည့်လိုက်၏။ တစ်ခါတလေ အရှေ့တံခါးပွင့်လာ၍ အ... ဘက်ပြေးရပြန်၏။ ခြေတွေလက်တွေ အကုန်မီးလောင်ခံရ၏။ လွတ်မြောက်အောင် ပြေးလေရာ ရောက်သွားသောအခါ တံခါးပြန်ပိတ်သွား၏။ အနောက်တံခါးက ပွင့်ပြန်၍ ပြေးရပြန်၏။ ဤသို့အားဖြင့် အပြန်ပြန်အလှန်လှန် ပြေးနေရ၏။

ဤနေရာမှ မသေပြန်သဖြင့် ငရဲသားတွေက ဆွဲတင်ကြ၏။ အမောင် ဘာစားချင်သလဲ မေး၏။ ထမင်းဆာသည်ဆို၍ ရဲရဲပူနေသော သံပြားပေါ် လှဲအိပ်စေပြီး အင်မတန်ရဲရဲပူနေသော သံချွန်ကြီးများနှင့် ပါးစပ်ကိုဖြဲ၍ သံတွေခဲရဲရဲပူပူခဲတွေ ယူလာပြီး ပါးစပ်ထဲလောင်းထည့်ပြန်၏။ ပါးစပ်လောင်၊ အူသိမ် အူမလောင်၊ ဒွါရပေါက်များက ထွက်သွား၏။ ဤသို့ ခံစားနေရင်းမှ အမောင် ဘာဆာသလဲ မေးပြန်၍ ရေဆာပြန်သည်ဆို



www.burmeseclassic.com

www.burmeseclassic.com

လျှင် ကြေးရည်ပူတွေ ယူလာပြီး ပါးစပ်ထဲ လောင်းထည့်ပြန်၏။ ပါးစပ်လောင်၊ အူသိမ်အူမတွေလောင်ကာ ဥက္ကာရပေါက်များမှ ထွက်လေကုန်၏။ ခံနိုင်ရည်ရှိကြပါ့မလား။ အရိယာမဂ္ဂ မဂ္ဂင် အလုပ်သာ ကယ်ဆေးရှိမည်ဖြစ်၏။

ယခုတစ်ဖန် အရှင်ဇနကာဘိဝံသ ရေးသားသော ကိုယ်ကျင့်အဘိဓမ္မာတွင် ကျမ်းဂန်နှင့်အညီ ရေးသားချက်မှ ငရဲကြီးရှစ်ထပ်တွင် ခံရပုံကို ဖော်ပြလိုပါသည်။

၁။ **သိဉ္စိုးငရဲ** ။ ငရဲထိန်းများက ငရဲသားများကို အပိုင်းပိုင်းပြတ်အောင် ခုတ်ပိုင်းသတ်ဖြတ်ခံရသော ငရဲဖြစ်သည်။ ခုတ်ပိုင်းသတ်ဖြတ်၍ သေကျေပျက်စီးသွားသည် မဟုတ်ချေ။ အကုသိုလ်ကံ မကုန်မချင်း ထပ်ပြန်တလဲလဲ အသက်ရှင်လိုက်၊ ငရဲထိန်းတို့က ခုတ်ပိုင်းသတ်ဖြတ်လိုက်ဖြင့် သတ်ဖြတ်ခံနေရသော ဆင်းရဲဒုက္ခကို ခံရသော ငရဲဖြစ်ပါသည်။

၂။ **ကာဠသုတ်ငရဲ** ။ ဤငရဲတွင် သစ်တုံးကို ရွှေသော လက်သမား တို့ အသုံးပြုသော မျဉ်းဖြင့် မျဉ်းကြိုးချသကဲ့သို့ ငရဲသားကို ငရဲထိန်းတို့က လိုက်ဖမ်းပြီး ကျကျနန မျဉ်းကြိုးချ၍ ပက်လက်တစ်မျိုး၊ မှောက်လျက်တစ်ဖုံ၊ ဝဲယာတစ်နည်း၊ ရှေ့နောက်တစ်သွယ် ချိန်ရွယ်ကာ အသီးသီး ခုတ်ရွေခြင်း ခံနေရသော ငရဲဖြစ်လေသည်။ ကာဠသုတ္တကို မြန်မာလို ကာလသုတ် ခေါ်ခြင်းဖြစ်၏။ အကုသိုလ်ကံမကုန်မချင်း ထိုကဲ့သို့ ခုတ်ရွေခံနေရလေ၏။

၃။ **သင်္ဃာတငရဲ** ။ သင်္ဃာတငရဲမှာ အပြင်းအထန် ကြိတ်ချေသတ်ဖြတ်ခံရသော ငရဲဖြစ်၏။ ငရဲသားတို့မှာ ပူလောင်သော သံမြေပြင်မှာ ခါးအထိ စိုက်ထား၏။ အရှေ့အရပ်မှလာသော သံတောင်ကြီးက စားမည့်ဝါးမည့် ပုံမျိုးဖြင့် တဒိန်းဒိန်း တခြိမ်းခြိမ်းမြည်ဟီးကာ ကြိတ်လျက် အနောက်အရပ်သို့ သွား၏။ တောင်အရပ်မှ သံတောင်ကြီးတစ်ခုကလည်း မြောက်အရပ်သို့ အလားတူ ကြိတ်ကာသွားနေ၏။ အရှေ့မှ အနောက်ဘက်သို့ ရောက်ပြီး တစ်ဖန် အရှေ့ဘက်သို့ ကြိတ်လျက် ပြန်သွားသကဲ့သို့၊ မြောက်ဘက်ရောက်လာသော သံတောင်ကြီးသည်လည်း တောင်ဘက်သို့ ကြိတ်လျက်ပြန်သွားပြန်၏။ ဤကဲ့သို့ အပြန်ပြန်အလှန်လှန် ကြိတ်လာစဉ် ကြိတ်ချေခံရသဖြင့် တစ်ချက်တည်း သေကျေပျက်စီးသွားသည်မဟုတ်။ ငရဲကံ မကုန်မချင်း ကြိတ်ချေခြင်းခံနေရသော အဖြစ်ဆိုးခံရသည့် ငရဲဖြစ်၏။

၄။ **ရောရုဝငရဲ** ။ ရောရုဝသည် ပြင်းစွာ ငိုကြွေးခြင်း အနက်ကို ပြ၏။ ဤငရဲမှာ မီးတောက်တို့သည် တဟုန်းဟုန်း တလျက်ရှိရာ သုံးဂါဝုတ်ပမာဏမြင့်၏။ လေးဂါဝုတ် တစ်ယူဇနာ ဖြစ်၍ တစ်ယူဇနာမှာ ၁၃ မိုင်ခန့်ရှိသဖြင့် သုံးဂါဝုတ်ရှိသော မီးတောက်မှာ ၉ မိုင် ၁၀ မိုင်ခန့်မြင့်၏။ ထိုမီးတောက်သည် ငရဲသားတို့၏ ခန္ဓာကိုယ်ဒွါရကိုးပေါက်မှ အတင်းတိုးဝင်ရောက် လောင်ကျွမ်းသဖြင့် အလွန်အမင်း မခံသာဖြစ်ကာ အားငယ်စွာဖြင့် ပြင်းစွာ ငိုကြွေးလျက် ကံမကုန်မချင်း ခံနေရလေသည်။

၅။ **မဟာရောရုဝငရဲ** ။ မီးတောက်မီးလျှံထက် ပို၍ ပြင်းထန်စွာ ပူလောင်သော အခိုးအငွေ့များဖြင့် တစ်ငရဲလုံးမှာ ဖုံးလွှမ်းနေလေ၏။ ငရဲသို့ ကျရောက်လာသော ငရဲသားတို့မှာ ဒွါရကိုးပေါက်မှ အခိုးအငွေ့တို့ ဝင်ရောက်ကာ အလွန်ပြင်းထန်စွာ ပူလောင်ခံရသဖြင့် နူးနပ်စေပြီး မချိတရိ သည်းထန်ပြင်းပြစွာ ခံရသော ငရဲဖြစ်လေသည်။

၆။ **တာပနငရဲ** ။ တာပနငရဲတွင် ထန်းလုံးလောက်ကြီးမားပြီး မီးလျှံထနေသော သံတံကျင်၌ မလှုပ်နိုင်အောင် ထိုးစိုက်ခံစားရပြီး တံကျင်မှထွက်သော မီးလျှံများ အမြဲလောင်မြိုက်နေသဖြင့် ကြီးစွာသော ပြင်းပြင်းပြပြ အပူလောင်ခံရသော ဒုက္ခကို ခံစားနေရသည့် ငရဲဖြစ်သည်။

၇။ **မဟာတာပနငရဲ** ။ တာပနထက် ပို၍ပို၍ ဆိုးဆိုးဝါးဝါး ပူလောင်ခံစေရသော ငရဲဖြစ်လေသည်။ ဤငရဲမှာ မီးပျံ့ယနေသော သံတောင်ကြီးရှိ၏။ သံတောင်ကြီးအောက်၌ သံတံကျင်များ စိုက်ထား၏။ ဤငရဲသို့ ကျခံရသော ငရဲသားတို့ကို ငရဲထိန်းများက သံတောင်ပေါ်သို့ မတက်တက်အောင် ရိုက်နှက်တင်ကြ၏။ သံတောင်ပေါ်ရောက်သွားသောအခါ ကံကြမ္မာအလျောက် လေမုန်တိုင်းပေါ်ပေါက်ပြီး တိုက်ခတ်လွှင့်ချလိုက်သဖြင့် သံတံကျင် အဖျား၌ ကားခနဲ ငရဲသားတို့ စူးဝင်ခံနေရရာ မီးလျှံ၏ လောင်မြိုက်ခြင်းကိုလည်း ခံစေရသော ငရဲဖြစ်လေသည်။

၈။ **အဝီစိငရဲ** ။ မီးတောက်မီးလျှံများ အကြားအလပ်မရှိ တဟုန်းဟုန်းတောက်လောင်လျက် ဆုံချင်းဆက်နေ၏။ ငရဲသားချင်းလည်း အကြားအလပ်မရှိ ထ ပ်နေ၏။ ဝါးကျည်တောက်အတွင်း မုန်ညင်းစေ့ကလေးတွေ ထည့်ထားသကဲ့သို့ ပြည့်ကျပ်နေ၏။ တစ်ဦးနှင့်တစ်ဦး ထိစပ်ပြည့်ကျပ်နေသဖြင့် ဆင်းရဲဒုက္ခအပေါင်း အကြားအလပ်မရှိ၍ ဒုက္ခမှ လွတ်ကင်းချမ်းသာခွင့် မရနိုင်ချေ။

ပြည့်ကျပ်ထိစပ်နေသောဒုက္ခ၊ မီးလျှံဆင်းရဲဒုက္ခ၊ ငရဲသားဟူသောဒုက္ခ သုံးမျိုးမှ အကြားအလပ်မရှိအောင် ဆက်စပ်ပြီး ခံနေရသော အကြီးမားဆုံးသော ဒုက္ခကို ခံစားနေရသဖြင့် အဝီစိငရဲဟု ခေါ်၏။

ထိုငရဲကြီးရှစ်ထပ်အပြင် အမိ၊ အဖ၊ သူတော်ကောင်းများကို ပြစ်မှား၍ ကျခံရသော မဟာပရိဠာဟ ငရဲကြီးတစ်မျိုးလည်း ရှိသေး၏။



www.burmeseclassic.com

www.burmeseclassic.com

မဟာဂ ကြီးကျယ်ခြင်း၊ ပရိဋ္ဌာဟက ပူလောင်ခြင်း၊ ပဋိစ္စသမုပ္ပါဒ် မဖြတ်နိုင်သူတို့ ဤငရဲကို ကျရောက်သွားလျှင် ငရဲမီးကိုကြည့်မိပါက မျက်လုံးကန်းသွား၏။ ငရဲသားများ အော်သံကြားလိုက်ပါက နားကန်းသွား၏။ အညစ်အကြေးအနံ့တွေ နံသဖြင့် နှာခေါင်းတွေ ပြတ်ထွက်သွား၏။ ငရဲမှာရှိသော အစာတွေ စားလိုက်လျှင် လျှာတွေပူလောင်ပြီး အူတွေထဲမှ ကျင်ကြီးကျင်ငယ်၊ သံရည်ပူတွေ ထွက်လာ၏။ အတွေ့အထိက အသားတွေ လောင်ကျွမ်းကုန်၏။ ကြံစည်တွေးတောပါက ထိုကြံလုံး, ဖန်လုံးစိတ်က ကိုယ်ကို လောင်ပြန်၏၊ တစ်ခုမှ အကောင်းမရှိချေ။

ထိုထိုပြွခဲ့ပြုခဲ့သော ငရဲသည် သစ္စာမသိသော မိမိ ပြုသော ဒုစရိုက်ကံများက တည်ဆောက်ပြီး ခံစေရ ... များ ဖြစ်၏။ ငရဲကြောက်ပါက ဝိပဿနာမဂ္ဂင်အကျင့် ကျင့်ပါဟု တိုက်တွန်းလိုက်ပါသည်။

ယခုတစ်ဖန် သေရွာပြန် ဖြစ်ရပ်မှန်ထဲမှာ တက္ကသိုလ်သျှင်သီရိ(ဓမ္မာစရိယ–ဘီအေ) ဖော်ပြချက်မှ အကျဉ်းချုပ်၍ တိရစ္ဆာန်၊ ပြိတ္တာ၊ အသူရကာယ်အကြောင်း ဖော်ပြပါမည်။

၂။ **တိရစ္ဆာန်** ။ ခြေလေးဖက်ထောက်၊ နှစ်ချောင်းထောက်၊ ခြေမဲ့လက်မဲ့ စသည်အားဖြင့် နံဘေးဖီလာသို့ ကန့်လန့်ရှည်၍သာ ဖြစ်ကုန်ကြ၍ တိရစ္ဆာန်ခေါ်၏။ ဈာန်မဂ်ဖိုလ်တရားမှ ဖီလာဖြစ်၍လည်း တိရစ္ဆာန်ခေါ်၏။ လူနတ်တို့ကဲ့သို့ အထက်မဂ်ဖိုလ်သို့ မတက်နိုင်။ အများအားဖြင့် ငရဲဘုံသို့သာ အောက်သို့သာ စုန်တတ်၏။ နိုင်ရာစားဘဝဖြင့် ဖမ်းယူစားသောက်နေထိုင်၏။ အနိုင်းခံ၊ ဖမ်းယူသတ်ဖြတ်စားသောက်ခံဖြစ်သဖြင့် လုံခြုံမှုမရှိ ဆင်းရဲလှ၏။ ဒုစရိုက်ကံများ၍ သေလျှင် ငရဲကျလိုက်၊ တိရစ္ဆာန်ဖြစ်လိုက် ဘဝများ၏။ သံသရာလည်ရ၏။ ဒုက္ခဆက်လည်နေရ၏။

၃။ **ပြိတ္တာ** ။ ချမ်းသာအပေါင်းမှ ကင်းဝေးသော သတ္တဝါကို ပြိတ္တာခေါ်၏။ တောတောင်၊ မြစ်ချောင်း၊ သုသာန်အရပ်မှာ မှီခိုနေရ၏။ ဘုံသီးခြားမရှိချေ။ သာသနာတော်ဝင် အဋ္ဌကထာဋီကာမှာ ဖော်ပြသော ပြိတ္တာလေးမျိုးရှိ၏။

(i) သူတစ်ပါးကို မှီ၍ အသက်မွေးရသော ပြိတ္တာ၊ သူတစ်ပါးပေးမှ စားရသော ပြိတ္တာဖြစ်၏။
(ii) မစားမသောက်ရဘဲ ငတ်ပြတ်ဆင်းရဲဒုက္ခ နှိပ်စက်ခံနေရသော ပြိတ္တာ။
(iii) တစ်ကိုယ်လုံး ပူလောင်ခြင်းကို အမြဲမပြတ်ခံနေရသော ပြိတ္တာ။
(iv) အသူရကာယ်ဟူ၍ သီးခြားခေါ်ဝေါ်အပ်သော ပြိတ္တာ ဟူ၍ဖြစ်သည်။ ပြိတ္တာတို့ ခံစားရသော ကုသိုလ်ကံ သုံးမျိုး ၏။

(က) ကောင်း ရှင်တို့က သေသူကို ရည်မှန်း၍ အမည်ခေါ်ကာ အမျှပေးဝေသော ကုသိုလ်။
(ခ) အလှူခံပုဂ္ဂိုလ်သည် သီလဝန္တအကျင့်သိက္ခာနှင့်, ပြည့်စုံပြီး အလှူခံ၍ရသော ဒါနကို
(ဂ) အမျှဝေသောအခါ ပြိတ္တာတို့က ဝမ်းမြောက်ဝမ်းသာ သာဓုခေါ်နိုင်မှုကြောင့် ရသော ကုသိုလ်တို့ ဖြစ်သည်။

၄။ **အသူရကာယ်** ။ နတ်များကဲ့သို့ အစိုးရမှု၊ မြူးထူးပျော်ပါးမှုမှစပြီး မရနိုင်၊ မတောက်ပနိုင်သော ပြိတ္တာအကြီးစားကို အသူရကာယ်ခေါ်၏။

သမုဒ္ဒရာ ဂင်္ဂါမြစ်ကမ်း စသော အရပ်တို့မှာပင် နေကြရ၏။ အသူရကာယ်ဘုံ သီးခြားမရှိချေ။ ယုတ်ညံ့သေးသိမ်ကုန်သော စတုမဟာရာဇ်နတ်အမျိုးအစားတစ်မျိုးဖြစ်၏။ သာသနာရေး ဦးစီးဌာနမှ ထုတ် ဝေသော ဗုဒ္ဓဘာသာကောင်းတစ်ယောက်စာအုပ်တွင် အသူရကာယ်ငါးမျိုး ဖော်ပြ၏။

(က) ဝေပိစိတ္တိ အသူရာ၊ ဝိနိပါတိက အသူရာ၊ ဝေမာနိက အသူရာ သုံးမျိုးသည် စတုမဟာရာဇ်နတ်တွင် အကျုံးဝင်၏။ ယခင်က တာဝတိံသာမှာ နေ၏။ သိကြားမင်းကို စစ်ရှုံး၍ မြင်းမိုရ်တောင်ခြေမှာ နေကြရ၏။

(ခ) လောကန္တရိတ် အသူရာသည် ငရဲဘုံများအကြားမှာ ရှိ၏။ ကာလကဥ္စကပြိတ္တာတို့သည် နတ်ဖြစ်ကြောင်းမှ ကင်းသော ပြိတ္တာတို့ ဖြစ်၏ဟု ပါရှိ၏။ ဤနှစ်မျိုးပါလျှင် ငါးမျိုးဖြစ်၏။

မွေးလာကတည်းက အသိလိမ္မာဖြင့် မွေးလာသူ အလွန်နည်း၏။ သာသနာပ၊ သာသနာတွင်း ကာလများအားလုံးမှာ အမှတ်မှား၊ အသိမှား၊ အယူမှားများကြောင့် ဒိဋ္ဌိများဖြစ်လာက အပါယ်ကံများ ရှိနေကြ၏။ သက္ကာယဒိဋ္ဌိ ဥဒ္ဒ ဒ သဿတဒိဋ္ဌိများကို မဂ္ဂင်အလုပ်၊ ဝိပဿနာအကျင့်မြတ်ဖြင့် ဒိဋ္ဌိသုံးမျိုးတစ်နည်း ၆၂ ပါးကို ပယ်သတ်နိုင်လျှင် အပါယ်လေးပါး လွတ်မြောက်၊ နိဗ္ဗာန်လည်းရောက်နိုင်မည်သာဖြစ်၏။ မဂ္ဂင်အကျင့်ကို အားထုတ်ကြပါရန် တိုက်တွန်းလိုက်ရပါသည်။

မေတ္တာ,သစ္စာ,သည်းခံ

**ဖိုးသန်းကျော်(ရေကြည်သား)**



www.burmeseclassic.com

www.burmeseclassic.com

# မင်္ဂလမြတ်စွာဘုရား

■ ဆင်ဖြူကျွန်းအောင်သိန်း

ကောဏ္ဍညအမည်ရှိသော မြတ်စွာဘုရားသည် ပရိနိဗ္ဗာန်စံလွန်တော်မူသည်ရှိသော် ထိုမြတ်စွာဘုရား၏ သာသနာတော်သည် အနှစ်တစ်သိန်းကာလပတ်လုံး တည်ပြီးမှ ဘုရားကိုအမှီပြု၍ သစ္စာလေးပါးတရားကို သိကုန်သော တပည့်ရဟန်းတို့ ကွယ်သဖြင့်လည်း မြတ်စွာဘုရား၏သာသနာကွယ်ခြင်းသို့ ရောက်လေ၏။

ထိုကောဏ္ဍည အမည်တော်ရှိသော မြတ်စွာဘုရား၏နောက်အဖို့၌ တစ်သင်္ချေလွန်၍ တစ်ခုသောကပ်၌ လေးဆူသော မြတ်စွာဘုရားတို့သည် ပွင့်တော်မူကြကုန်၏။ အဘယ်လေးဆူသော ဘုရားတို့နည်းဟူမူကား မင်္ဂလမြတ်စွာဘုရား၊ သုမနမြတ်စွာဘုရား၊ ရေဝတမြတ်စွာဘုရားနှင့် သောဘိတမြတ်စွာဘုရားတို့တည်း။

ထိုလေးဆူသော မြတ်စွာဘုရားတို့တွင် 'မင်္ဂလ'အမည်တော်ရှိသော မြတ်စွာဘုရားသည် ကမ္ဘာတစ်သိန်း အလွန်ရှိသော တစ်ဆယ့်ခြောက်သင်္ချေပတ်လုံး ပါရမီတို့ကို ဖြည့်တော်မူ၍ တုသိတာနတ်ပြည်၌ဖြစ်ပြီး အသက်အတိုင်းတည်လျက် ငါးချက်သော ပုဗ္ဗနိမိတ်တို့ဖြစ်၏။

ထိုသို့ငါးချက်သော ပုဗ္ဗနိမိတ်တို့ ဖြစ်ကုန်သည်ရှိသော် တစ်သောင်းသော စကြဝဠာ၌ နေကုန်သော နတ်ဗြဟ္မာအပေါင်းတို့သည် တောင်းပန်အပ်သည် ဖြစ်၍ ကြည့်ခြင်းငါးရပ် ပြုအပ်ပြီးသော မင်္ဂလာဘုရားလောင်းသည် တုသိနတ်ပြည်မှ စုတေခဲ့၍ အလုံးစုံသော မြို့တကာတို့ထက် မြတ်သော ဥတ္တရမြို့၌ ဥတ္တရမင်းမည်သော မင်းကြီး၏မိဖုရား ဥတ္တရဒေဝီ၏ဝမ်း၌ စွဲလမ်းသန္ဓေတည်နေတော်မူ၏။

ထိုအခါ များစွာသော တန်ခိုးပြာဋိဟာတို့သည် ထင်ရှားစွာ ဖြစ်ကုန်၏။ ထိုတန်ခိုးပြာဋိဟာတို့ကို ဒီပင်္ကရာမြတ်စွာဘုရား၏ ဗုဒ္ဓဝင်၌ ဆိုအပ်ခဲ့ပြီးသောနည်းကို အစဉ်မှီးသဖြင့် သိအပ်၏။ ထိုဥတ္တရမည်သော မင်း၏မိဖုရား ဥတ္တရဒေဝီ၏ ဝမ်းဝယ် စွဲလမ်းသန္ဓေတည်နေတော်မူသော အလုံးစုံသောလောက၏ မင်္ဂလာဖြစ်သော ဘုရားလောင်းသည် ပဋိသန္ဓေစွဲနေသည်မှစ၍ ကိုယ်တော်အရောင်သည် ညဉ့်နေ့ပတ်လုံး အတောင်ရှစ်ဆယ်ပမာဏရှိသော အရပ်ကိုနှံ့၍ လရောင်၊ နေမင်း၏အရောင်တို့သည် မဖိစီး မနှိပ်စက်နိုင်သည်ဖြစ်၍ တည်၏။

ထိုမိဖုရားကြီးသည်လည်း တစ်ပါးသော နေရောင်,လရောင် စသည်တို့နှင့်ကင်း၍ မိမိကိုယ်တော်ရောင်ဖြင့်လျှင် ညဉ့်အမိုက်ကို ဖျောက်လျက် ခြောက်ကျိပ်ရှစ်ယောက်ကုန်သော နို့ထိန်းတို့ဖြင့် စံပယ်လျက် သွားလာ၏။

နတ်တို့သည်လည်း ပြုအပ်ခြင်းရှိသော မိဖုရားကြီးသည် ဆယ်လကို လွန်သဖြင့် ကောင်းမွန်လွန်မြတ်သော အနံ့ရှိသော၊ ပန်းအသီးသီးကို ဆောင်တတ်သော၊ အခက်အရွက် ကြာနီကြာဖြူတို့ဖြင့်အမျှ ကောင်းစွာတန်ဆာဆင်အပ်သော၊ ဆင်၊ ခြင်္သေ့၊ ကျား၊ နွား၊ ကျွဲဟုဆိုအပ်သော အထူးထူးသော သားအပေါင်းတို့၏ သွားလာရာဖြစ်ခြင်းကြောင့် လွန်စွာနှလုံးမွေ့လျော်ဖွယ်ဖြစ်သော ဥတ္တရမဓုမင်္ဂလာဥယျာဉ်၌ ဘုရားလောင်းယောက်ျားမြတ်ကို ဖွားမြင်တော်မူ၏။

ဖွားကာမျှ၌ ထိုမင်္ဂလာဘုရားလောင်းသည်လည်း အလုံးစုံသော အရပ်မျက်နှာတို့ကိုကြည့်လျက် မြောက်မျက်နှာသို့ ခုနစ်ဖဝါး ကြွသွားတော်မူသဖြင့် မကြောက် မရွံ့သောစကားကို မြွက်ဆိုတော်မူ၏။

ထိုခဏ၌ အလုံးစုံ တစ်သောင်းသော လောကဓာတ်ဝယ် ကောင်းစွာ တန်ဆာဆင်အပ်သော ကိုယ်ရှိကုန်သော နတ်တို့သည် ထင်ရှားသောကိုယ်ရှိကုန်သည်ဖြစ်၍ ကိုယ်ထင်ပြကုန်လျက် ထိုထိုအရပ်တို့၌ရပ်လျက် အောင်မြင်သောစကား၊ ချီးမွမ်းသောစကားတို့ကို ဖြစ်စေကုန်၏။

ထိုအလောင်းကို အမည်မှည့်အံ့သောနေ့၌ကား လက္ခဏာဖတ်တတ်သော ပညာရှိတို့သည် အလုံးစုံသောမင်္ဂလာနှင့် ပြည့်စုံစွာ ဖွားရကား ထိုမင်းသားအား 'မင်္ဂလသတို့သား'ဟူသော အမည်ကို မှည့်ကြကုန်၏။ ထိုမင်းသားလည်း ယသဝါပြာသာဒ်၊ သုစိမာပြာသာဒ်၊ သိရိမာပြာသာဒ်ဟူ၍ ပြာသာဒ်သုံးဆောင်တို့သည် ဖြစ်ကုန်သတတ်။

ယသဝတီမိဖုရားအမှူးရှိသော သုံးသောင်းသောကချေသည် မင်းမောင်းမတို့သည်လည်း ရှိကုန်၏။ ထိုပြာသာဒ်၌



www.burmeseclassic.com

www.burmeseclassic.com

ဘုရားလောင်းသည် အနှစ်ကိုးထောင်တို့ပတ်လုံး နတ်၏ချမ်းသာနှင့်တူသော ချမ်းသာကို ခံစားတော်မူ၍ ယသဝတီအမည်ရှိသော မိဖုရားကြီးဝမ်း၌ 'သီလဝ' မည်သော သားတော်ကိုရ၍ သူအို၊ သူနာ၊ သူသေ၊ ရဟန်းတည်းဟူသော နိမိတ်လေးပါးတို့ကိုမြင်လျှင် တန်ဆာဆင်အပ်သော ကောင်းမြတ်သော ပဏ္ဍုရမည်သောမြင်းကို တက်စီးတော်မူ၍ မြတ်သောတောထွက်ခြင်းဖြင့် တောထွက်တော်မူလျက် ရဟန်းပြုတော်မူ၏။

သုံးကုဋေကုန်သော လူတို့သည်လည်း မင်္ဂလသတို့သားရဟန်းပြုကြောင်းကိုကြားလျှင် အတုလိုက်၍ ရဟန်းပြုကြကုန်၏။ ထိုသုံးကုဋေကုန်သော ရဟန်းတို့ခြံရံအပ်သည်ဖြစ်၍ ဘုရားလောင်းသည် ရှစ်လတို့ပတ်လုံး ဒုက္ကရစရိယာကို ကျင့်တော်မူ၏။

ထိုနောက်မှ ကဆုန်လပြည့်နေ့ ဥတ္တရရွာနေ ဥတ္တရသူဌေးသမီး ဥတ္တရာသည် လှူအပ်သော နတ်သြဇာနို့ယနာကို ကောင်းစွာဘုဉ်းပေးတော်မူ၍ ကောင်းမြတ်သောအနံ့ရှိသောပန်းတို့ဖြင့် တန်ဆာဆင်အပ်သော စိမ်းစိမ်းစိုစို ညိုသောအရောင်ရှိသည်ဖြစ်၍ စင်စစ် နှလုံးမွေ့လျော်ဖွယ်ရှိသော အင်ကြင်းတော၌ ရေသန့်စင်ခြင်းကို ပြုတော်မူ၏။

ဘုရားလောင်းသည် ထို့နောင်မှ ဥတ္တရအမည်ရှိသော တက္ကတွန်းသည် လှူအပ်သော မြက်ရှစ်ဆုပ်တို့ကိုယူ၍ မိုင်းညိုမည်းနက် မျက်စဉ်းတောင်ဟု ယုံမှားဖွယ်ရှိသော၊ အထူးထူးအပြားပြား သားအပေါင်းတို့ ကျဉ်းမြောင်းခြင်းမှကင်းသော၊ ညင်းညင်းလာသောလေကြောင့် သာယာနာပျော်ဖွယ်သော အသံရှိသော၊ အပေါက်မရှိ တစ်ခဲနက်သော အခက်ဖြင့် ကောင်းစွာ တန်ဆာဆင်အပ်သော၊ နှစ်သက်ဝမ်းသာ ရွှင်မြူးစွာဖြင့် ကသော လူတို့ကဲ့သို့လည်းကောင်း တင့်တယ်တောက်ပသော ကံ့ကော်တောသို့ ကပ်တော်မူ၏။

ကံ့ကော်ဗောဓိကို လက်ယာရစ်လည်သည်ကိုပြုလျက် အရှေ့မြောက်ထောင့်နံပါး၌ ရပ်တော်မူ၍ ထိုမြက်အခင်း၌ ထက်ဝယ်ဖွဲ့ခွေတော်မူ၍ အင်္ဂါလေးပါးဖြင့်ပြည့်စုံသောဝီရိယကို ဆောက်တည်တော်မူ၍ မာရ်မင်းဗိုလ်ပါ စစ်သည်တို့ကို ဖျက်စီးတော်မူ၏။

ပုဗ္ဗေနိဝါသဉာဏ်၊ ဒိဗ္ဗစက္ခုဉာဏ်တို့ကိုရ၍ ပဋိစ္စသမုပ္ပါဒ်ကို သုံးသပ်ဆင်ခြင်ခြင်းကို ပြုလျက် ခန္ဓာငါးပါးတို့၌ အနိစ္စစသည်တို့၏ အစွမ်းအားဖြင့် နှလုံးသွင်း၍ အစဉ်သဖြင့် အတုမရှိသော သဗ္ဗညုတဉာဏ်သို့ ရောက်တော်မူ၍ အနေကဇာတိသံသာရံ အစရှိသော ဂါထာဖြင့် ဥဒါန်းကျူးရင့်တော်မူ၏။

မင်္ဂလအမည်ရှိသော မြတ်စွာဘုရား၏ ကိုယ်တော်ရောင်ကား တစ်ပါးသောဘုရားတို့ထက် အလွန်အကျူးထူးသော ကိုယ်တော်ရောင်သည်ဖြစ်၏။ တစ်ပါးကုန်သော ဘုရားတို့အားကား **ထက်ဝန်း**ကျင်မှ အတောင်ရှစ်ဆယ်**အတိုင်းအရှည်**ရှိသော အရောင်၊ တစ်ရာ**မျှသော** အရောင်သည် ဖြစ်သကဲ့သို့ ထိုအတူ မင်္ဂလဘုရားအားကားမဖြစ်။

ထိုမင်္ဂလဘုရား၏ ကိုယ်တော်ရောင်သည် အမြဲမပြတ် တစ်သောင်းသော လောကဓာတ်ကို နှံ့၍တည်၏။ သစ်ပင်၊ တောင်၊ အိမ်၊ အာရာမ်၊ တံခါးအစရှိသည်တို့သည် ရွှေပြားဖြင့် မြှေးယှက်ဘိသကဲ့သို့ ဖြစ်ကုန်၏။ ထိုမင်္ဂလဘုရား၏ အသက်တော်ကား အနှစ်ကိုးသောင်း ဖြစ်ပေ၏။ အသက်တော်ရှိသမျှကာလပတ်လုံး လ၊ နေ၊ ကြယ်၊ နက္ခတ်စသည်တို့၏ အရောင်သည် မရှိကုန်။ နေ့ညဉ့်အပိုင်းအခြားသည်လည်း မထင်။

နေ့အခါ၌ နေရောင်မှကင်း၍ သတ္တဝါတို့သည် အမြဲလျှင် ဘုရားအရောင်တော်ဖြင့်သာ အမှုကိစ္စတို့ကို ပြုလုပ်သွားလာကြကုန်၏။ ညချမ်းသောအခါ ပွင့်သောပန်းတို့၏ အစွမ်းအားဖြင့်လည်းကောင်း နံနက်အခါ၌ မြည်တွန်သော ငှက်အစရှိသည်တို့၏ အစွမ်းအားဖြင့်လည်းကောင်း လူအပေါင်းတို့သည် ညဉ့်နေ့အပိုင်းအခြားကို မှတ်သားကြကုန်၏။

ထိုမင်္ဂလဘုရား၏ အရောင်တော်ကား ရှေးဆုတောင်း၏ အစွမ်းအားဖြင့် တစ်သောင်းသော လောကဓာတ်ကို နှံ့၍တည်၏။ ထိုမင်္ဂလဘုရားလောင်းသည် ဝေဿန္တရာမင်း၏ အဖြစ်နှင့်တူသော အတ္တဘော၌ သားမယားနှင့်တကွ ဝင်္ကပါတောင်နှင့်တူသော တောင်၌နေ၏။

ထိုအခါ အလုံးစုံသော လူအပေါင်းကို နှိပ်စက်ညှဉ်းဆဲတတ်သော 'ခရဒါဠိက' မည်သော လူသားကို စားတတ်သော တစ်ယောက်သော တန်ခိုးကြီးသော ဘီလူးသည် ဘုရားလောင်း၏အလှူ၌ အလွန်အလိုရှိသော အဖြစ်ကိုကြား၍ ပုဏ္ဏားအယောင်အသွင်ဆောင်လျက် ဘုရားအလောင်းသို့ ကပ်၍ သူငယ်နှစ်ယောက်တို့ကို တောင်း၏။

ဘုရားလောင်းသည်လည်း "ပုဏ္ဏားအား သားသူငယ်နှစ်ယောက်တို့ကိုလှူအံ့"ဟု ကြံ၍ အလွန်ရွှင်လန်းသော စိတ်ရှိသည်ဖြစ်၍ ရေအဆုံးရှိသောမြေကို တသိမ့်သိမ့်တုန်စေလျက် သူငယ်နှစ်ယောက်တို့ကို လှူတော်မူ၏။ ထိုလှူသောခဏ၌ ဘီလူးသည် ဘုရားလောင်းမြင်စဉ် ပုဏ္ဏားအသွင်ကိုစွန့်၍ မီးလျှံကဲ့သို့ ပြောင်ပြောင်တောက်ကာ ကြောင်သည်ဖြစ်၍ ဖောက်ပြန်သော သဘောရှိသော မျက်စိ၊ မညီမညွတ် ဖောက်ပြန်ကွေ့ကောက်ကြောက်မက်ဖွယ်သောအစွယ်ဟောင်းလောင်းပေါက် ဖောက်ပြန်သော နှာခေါင်း၊ ကြောင်ကျား ကြမ်းတမ်းရှည်လျားသော ဆံ၊ မီးလောင်သစ်စ ထန်းငုတ်နှင့်တူသော ကိုယ်ရှိသည်ဖြစ်၍

www.burmeseclassic.com

သူငယ်တို့ကို ကြာဇွယ်စည်းကဲ့သို့ယူ၍ စားလေ၏။

ဘုရားလောင်းသည် ဘီလူးကို ကြည့်၍ ခံတွင်းကိုဖွင့်ကာမျှဖြင့် မီးလှိုဲကဲ့သို့ သွေးရည်အန်သော ထိုဘီလူး ခံတွင်းကိုမြင်လျှင် ဆံခြည်ဖျားမျှ နှလုံး မသာမဖြစ်မူ၍ "စင်စစ် ခု၏အလှူသည် ကောင်းသော လှူခြင်းပင်တည်း"ဟု ကြံသော ဘုရားလောင်း၏ကိုယ်၌ ကြီးစွာသော နှစ်သက်ခြင်းသည် ထင်ရှားဖြစ်၏။

ထိုဘုရားလောင်းသည် "ဤအလှူ၏အကျိုးဆက်ကြောင့် နောင်သောအခါ ဤသွေးစိမ်းပြောင်ပြောင် တောက်သောနည်းဖြင့် ရောင်ခြည်တော်တို့သည် ထွက်စေသတည်း"ဟု ဆုတောင်းခြင်းကို ပြု၏။ ထိုဆုတောင်းခြင်းကိုမှီ၍ ဘုရားဖြစ်တော်မူသောအခါ ကိုယ်တော်မှ ရောင်ခြည်တော်တို့သည် ထွက်၍ ဤမျှသော စကြဝဠာကို နှံ့၍တည်၏။

ထိုမှတစ်ပါးလည်း ဤမင်္ဂလာမြတ်စွာဘုရားသည် ဘုရားလောင်းဖြစ်စဉ် တစ်ဆူသော မြတ်စွာဘုရား၏ စေတီတော်ကိုမြင်၍ "ဤစေတီအား ငါ့အသက်ကို စွန့်ခြင်းငှာသင့်၏"ဟု ဆီမီးတိုင်အမှတ်ဖြင့် ကိုယ်အလုံးကိုရစ်စေ၍ တစ်ထောင်မျှရှိသော အဖိုးတစ်သိန်းထိုက်သော ရွှေခွက်ကို ကောင်းသောအနံ့ရှိသော ထောပတ်ဖြင့်ပြည့်စေ၍ ထိုရွှေခွက်၌ တစ်ထောင်သော ဆီမီးစာကိုညှိ၍ ဦးခေါင်းဖြင့်ယူလျက် ကိုယ်အလုံးကိုညှိ၍ စေတီတော်မြတ်ကို လက်ယာရစ်လှည့်လည်လျက် ညဉ့်သုံးယံကိုလွန်စေ၏။

ထိုသို့ တစ်ကိုယ်လုံး မီးရှို့ကာ အရုဏ်တက်သည့်တိုင်အောင် လှံ့လပြုသော ဘုရားလောင်းအား မွေးညင်းတစ်ချောင်းမျှလည်း အငွေ့ကို မထွက်စေ။ ပဒုမ္မာကြာတိုက်သို့ ဝင်သောအခါကဲ့သို့ ဖြစ်၏။ သူတော်ကောင်းတို့ တရားမည်သည်ကား တရားစောင့်သူကိုသာလျှင် အစဉ်အမြဲစောင့်တတ်၏။

ထိုမင်္ဂလမြတ်စွာဘုရားသည် ဗြဟ္မာမင်း၏ တောင်းပန်ခြင်းကို ဝန်ခံပြီးမှ ကိုယ်တော်နှင့်အတူတကွ ရဟန်းပြုသော သုံးကုဋေသော ရဟန်းတို့ကို သီရိဝလမြို့ကို အမှီပြု၍နေသောတောဝ်၌ ဓမ္မစက္ကပဝတ္တနသုတ်ကို ဟောကြားတော်မူရာ သုံးကုဋေသောရဟန်းတို့ အရဟတ္တဖိုလ်သို့ ရောက်၍ ကုဋေတစ်သိန်းသော နတ်တို့သည် တရားအထူးကို ထိုးထွင်း၍သိကုန်၏။

ဂေါတမမြတ်စွာဘုရားသည် ကဏ္ဍအမည်ရှိသော ဥယျာဉ်စောင့် စိုက်အပ်သော သရက်ဖြူပင်ရင်း၌ တိတ္ထိတို့ကို နှိမ်နင်းသကဲ့သို့ မင်္ဂလမြတ်စွာဘုရားသည်လည်း စိတ္တမည်သောပြည်၌ တိတ္ထိတို့ကို စကားပင်ရင်း၌ နှိမ်နင်းတော်မူခဲ့ကာ တာဝတိံသာနတ်ပြည် ပင်လယ်ကသစ်ပင်၏အနီး ပဏ္ဍုကမ္ဗလာ မြကျောက်ဖျာ၌ ကောင်းစွာစံနေတော်မူလျက် အဘိဓမ္မာတရားကို ဟောကြားတော်မူ၏။ ထိုအခါ ကုဋေတစ်သိန်းသော နတ်လူတို့သည် အကျွတ်တရားရကြကုန်၏။

မင်္ဂလမြတ်စွာဘုရား ပွင့်တော်မမူမီက သုရဘိမြို့၌ သုနန္ဒမည်သော စကြာမင်းသည် ရှိ၏။ မင်္ဂလမြတ်စွာဘုရား ပွင့်တော်မူသောအခါ စကြာရတနာသည် ဆုတ်ယုတ်၏။ ထိုအခါ စကြာမင်းသည် အကြောင်းကို စုံစမ်းပြီးနောက် မင်္ဂလမြတ်စွာဘုရားသို့ ချဉ်းကပ်ကာ အလှူပေး၏။ တရားတော်ကို နာကြား၏။

တစ်ရံရောအခါ မင်္ဂလမြတ်စွာဘုရားသည် မေခလပြည်၌ နေတော်မူသည်ရှိသော် ထိုပြည်၌ လုလင်ပျိုတစ်ထောင်စီ အခြံအရံရှိသော သုဒေဝနှင့် ဓမ္မသေနအမည်ရှိသော လုလင်နှစ်ယောက်တို့သည် မြတ်စွာဘုရားအထံတော်၌ ရဟန်းပြုကြရာ ဧဟိဘိက္ခုရဟန်းအဖြစ်ကို ရကြကုန်၏။

ထိုမင်္ဂလမြတ်စွာဘုရားသည် တပို့တွဲလပြည့်နေ့၌ ကုဋေတစ်သိန်းသော ရဟန်းတို့၏အလယ်၌ ရှေးဦးစွာသော ပါတိမောက်ကို ပြတော်မူ၏။ တစ်ဖန်လည်း အတုမရှိသော ဥတ္တရာဂမနမြို့တွင် ဆွေတော်မျိုးတော်တို့၏ အစည်းအဝေး၌ ကုဋေတစ်သိန်းသော ရဟန်းတို့အား ပါတိမောက်ကို ပြတော်မူ၏။ တစ်ဖန်တုံ့ သုနန္ဒစကြာမင်းအမှူးရှိသော ရဟန်းကုဋေကိုးဆယ်တို့၏ အစည်းအဝေး၌လည်း ပါတိမောက်ကို ပြတော်မူ၏။

ထိုအခါ ဂေါတမမြတ်စွာဘုရားအလောင်းတော်ကား သုရုစိမည်သော ပုဏ္ဏားဖြစ်၏။ နိဃဏ္ဍုကျမ်းနှင့်တကွ ဗေဒင်သုံးပုံတို့ကို ကမ်းတစ်ဖက်ရောက် တတ်မြောက်သည်ဖြစ်၍ လောကာယတကျမ်း၊ မဟာပုရိသလက္ခဏာကျမ်းတို့ကိုလည်း တတ်မြောက်သဖြင့် မြတ်စွာဘုရားသို့ကပ်၍ ချိုမြိန်လှစွာသော တရားစကားကို ကြားနာရလျှင် ကြည်လင်သော စိတ်ရှိသည်ဖြစ်၍ "နက်ဖြန်တပည့်တော်၏ဆွမ်းကို ရဟန်းသံဃာနှင့်တကွ အလှူခံတော်မူပါ"ဟုပင် ဖိတ်၏။

ကုဋေတစ်သိန်းသော ရဟန်းတော်မြတ်များ နေရာထိုင်ခင်း လုံလောက်စေရန် သိကြားမင်းသည် ဆင်း၍ကူညီ၏။ ပုဏ္ဏားသော်ကား ဂဝေါနအလှူကို ပေး၏။ ထိုအခါ မင်္ဂလမြတ်စွာဘုရားသည် ဖြစ်မည့်အကြောင်း ဗျာဒိတ်ပေးတော်မူ၏။

မင်္ဂလာမြတ်စွာဘုရား သုဒေဝနှင့် ဓမ္မသေန အဂ္ဂသာဝကနှစ်ပါး အလုပ်အကျွေး ပန္တိတရဟန်း သီဝလောနှင့် အသောကာအမည်ရှိသော အဂ္ဂသာဝိကာ အစုံတို့ရှိ၏။ အရပ်တော် ၈၈ တောင်မြင့်ကာ သက်တော်ကိုးသောင်းတွင် ပရိနိဗ္ဗာန်စံဝင်တော်မူ၏။

**ဆင်ဖြူကျွန်းအောင်သိန်း**

*(ငါးခုနှ် မဟာဗုဒ္ဓင် ဝတ္ထုတော်ကြီးမှ)*



www.burmeseclassic.com


www.burmeseclassic.com

# ရောင်ပြန်မဂ္ဂဇင်း ပြက္ခဒိန်

## ၁၃၇၅ ခုနှစ်၊ ဝါခေါင်လ - တော်သလင်းလ

## 2013 SEPTEMBER

| | | |
|---|---|---|
| တနင်္ဂနွေ Sunday | 1 ၁၁ | |
| တနင်္လာ Monday | 2 ၁၂ | |
| အင်္ဂါ Tuesday | 3 ၁၃ | |
| ဗုဒ္ဓဟူး Wednesday | 4 ၁၄ ရက်ရာဇာ ဝါဆိုခေါင်လကွယ် | 18 ၁၄ |
| ကြာသပတေး Thursday | 5 ၁ ရက်ရာဇာ | 19 ၁၅ ရက်ရာဇာ တော်သလင်းလပြည့် |
| သောကြာ Friday | 6 ၂ မဟာရက်ကြမ်း | 20 ၁ အမြိတ္တစုတ်ရက် |
| စနေ Saturday | 7 ၃ ရက်ရာဇာ | 21 ၂ ရက်ရာဇာ မဟာရက်ကြမ်း |
| တနင်္ဂနွေ Sunday | 8 ၄ | 22 ၃ |
| တနင်္လာ Monday | 9 ၅ | 23 ၄ |
| အင်္ဂါ Tuesday | 10 ၆ | 24 ၅ |
| ဗုဒ္ဓဟူး Wednesday | 11 ၇ | 25 ၆ |
| ကြာသပတေး Thursday | 12 ၈ ရက်ရာဇာ ရက်ယုတ်မာ | 26 ၇ ရက်ရာဇာ |
| သောကြာ Friday | 13 ၉ | 27 ၈ ရက်ယုတ်မာ |
| စနေ Saturday | 14 ၁၀ ရက်ရာဇာ | 28 ၉ ရက်ရာဇာ |
| တနင်္ဂနွေ Sunday | 15 ၁၁ | 29 ၁၀ |
| တနင်္လာ Monday | 16 ၁၂ | 30 ၁၁ |
| အင်္ဂါ Tuesday | 17 ၁၃ | |



၁. ၉. ၂၀၁၃ စန်းပြောင်းရက်စွဲ ၁၇. ၉. ၂၀၁၃

၂၀၁၃ ခုနှစ်၊ စက်တင်ဘာလအတွင်း ဂြိုဟ်ပြောင်းချိန်

တနင်္ဂနွေသည် - ၁၇. ၉. ၂၀၁၃ အင်္ဂါနေ့ နံနက် ၀ နာရီ ၃၉ မိနစ် ၄၇ စက္ကန့်တွင် ကန်ရာသီသို့ ပြောင်းသည်။

ဗုဒ္ဓဟူးသည် - ၆. ၉. ၂၀၁၃ သောကြာနေ့ နံနက် ၁ နာရီ ၄၁ မိနစ် ၂၅ စက္ကန့်တွင် ကန်ရာသီသို့ ပြောင်းသည်။

ဗုဒ္ဓဟူးသည် - ၂၅. ၉. ၂၀၁၃ ဗုဒ္ဓဟူးနေ့ နံနက် ၇ နာရီ ၁၉ မိနစ် ၉ စက္ကန့်တွင် တူရာသီသို့ ပြောင်းသည်။

သောကြာသည် - ၆. ၉. ၂၀၁၃ သောကြာနေ့ နံနက်၉ နာရီ ၂၁ မိနစ် ၁၇ စက္ကန့်တွင် တူရာသီသို့ ပြောင်းသည်။

(၂၀. ၉. ၂၀၁၃)ရက်သည် အမြိတ္တစုတ်ကျ၍ အကောင်းဆုံးရက်ဖြစ်သည်။

အမြိတ္တစုတ်ရက်မှာ လုပ်ဆောင်စရာ

တနင်္ဂနွေသားသမီးသည် မြောက်အရပ်တွင် ပုန်းညက်ပင် စိုက်ပါ။

တနင်္လာသားသမီးသည် အရှေ့မြောက်အရပ်တွင် ခရေပင် စိုက်ပါ။

အင်္ဂါသားသမီးသည် အရှေ့အရပ်တွင် သရဖီပင် စိုက်ပါ။

ဗုဒ္ဓဟူးသားသမီးသည် အရှေ့တောင်အရပ်တွင် ကွမ်းသီးပင် စိုက်ပါ။

ကြာသပတေးသားသမီးသည် အနောက်တောင်အရပ်တွင် ဒန်းပင် စိုက်ပါ။

သောကြာသားသမီးသည် အနောက်မြောက်အရပ်တွင် အုန်းပင် စိုက်ပါ။

စနေသားသမီးသည် တောင်အရပ်တွင် ကံ့ကော်ပင် စိုက်ပါ။


www.burmeseclassic.com

www.burmeseclassic.com

## ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်အတွင်း ပွင့်ထွန်းပေါ်ပေါက်တော်မူခဲ့ကြသော

# တိပိဋကဓရ ဓမ္မဘဏ္ဍာဂါရိက တိပိဋကဓရ တိပိဋကကောဝိဒ သာသနာ့အာဇာနည် သုတဗုဒ္ဓ ဆရာတော်အရှင်သူမြတ်တို့၏ ဆုံးမသြဝါဒ တရားများ

ဝိသိဋ္ဌတိပိဋကဓရ မဟာတိပိဋကကောဝိဒ ဓမ္မဘဏ္ဍာဂါရိက ဘဒ္ဒန္တဝိစိတ္တသာရာဘိဝံသ မင်းကွန်းဆရာတော်ဘုရားကြီး၏ ဆုံးမသြဝါဒ



မိမိတို့မှာ ရှေးကုသိုလ်ထောက်မ၍ လူ့အဖြစ်ကို ရရှိကြပြီးလျှင် ဘုရားသာသနာ ပွင့်လင်းရာအခါ ဖြစ်သည့် ဗုဒ္ဓုပ္ပါဒ နဝမ အခွင့်ကောင်းနှင့်လည်း ကြုံတောင့်ကြုံခဲ ကြုံတွေ့ကြရလေပြီ။

'သစ်တစ်ပင်ကောင်း ငှက်တစ်သောင်းခို' ဆိုသကဲ့သို့ သာသနာတော်ကြီး၏ အရိပ်ကြီးကား သစ်ရိပ်ဝါးရိပ်တို့ထက် အဆများစွာ မနှိုင်းသာအောင် သာယာအေးမြလှပါသည်။

ကမ္ဘာသူ ကမ္ဘာသား သတ္တဝါအများ၏ ခိုကိုးရာ အေးရိပ်သာကြီး ဖြစ်သည့်အတိုင်း ထိုသာသနာအရိပ်ကြီး ပွားစီးအောင် ကိုယ်အား ဉာဏ်အား အကြံအားတို့ဖြင့် အားပေးဆောင်ရွက်ကြ၍ မိမိ သူတစ်ပါး နှစ်ဦးသား၏ အစီးအပွားကိုကျင့်သည့် ဥဘယဟိတပဋိပန္နပုဂ္ဂိုလ်များ ဖြစ်ကြပါတန်လော့ဟူ၍ တိုက်တွန်းနှိုးဆော် ဥယျောဇဉ်စကား ပြောကြားအပ်ပါသည် ကလျာဏနွယ်ဝင် သူတော်စင်အပေါင်းတို့. . .။

•

ပခုက္ကူဆရာတော် ဘဒ္ဒန္တနေမိန္ဒ၏ ဆုံးမသြဝါဒ



၁။ ဓမ္မ အဓမ္မ၊ ဤနှစ်ဝ၊ မိန့်ဟမြတ်ဗုဒ္ဓါ။
၂။ ကောင်းမှုကုသိုလ်၊ တရားကို၊ ခေါ်ဆိုဓမ္မသာ။
၃။ မကောင်းမှုမျိုး၊ တရားဆိုး၊ခေါ်ရိုးအဓမ္မာ။
၄။ ဓမ္မ အဓမ္မ၊ မတူကြ၊ ကွဲရအကျိုးမှာ။
၅။ အဓမ္မဆိုး၊ မကောင်းကျိုး၊ပေးရိုး ဧကန်သာ။
၆။ ဓမ္မခေါ်ရိုး၊ ကုသိုလ်မျိုး၊ ကောင်းကျိုးပေးမည်သာ။
၇။ အဓမ္မရှား၊ ဓမ္မများ၊ ကြိုးစားအားထုတ်ပါ။
၈။ ကုသိုလ်ဓမ္မ၊ ရှိသူမှ၊ ဒုက္ခတင်းလွတ်ကွာ။
၉။ ထို့ကြောင့်ဓမ္မ၊ ကုသလ၊ မုချပြုလုပ်ပါ။

•


**လာဘ်မိုးရွှေ စာပေ**
အမှတ် - ၂၁၂၊ (ပထမထပ်)၊ ၃၆ လမ်း(အထက်)၊
ကျောက်တံတားမြို့နယ်၊ ရန်ကုန်။
ဖုန်း - ၀၉ - ၄၃၀၇၅၃၁၁၊ ၀၉ - ၄၂၀၀၅၉၂၅



www.burmeseclassic.com

www.burmeseclassic.com

### ပြည်ဆရာတော် ဘဒ္ဒန္တကောသလ္လ၏ ဆုံးမဩဝါဒ



၁။ မကောင်းမှုရှင်း၊ ကောင်းမှုသွင်း၊ စိတ်ရင်းဖြူပါစေ။

၂။ ဆူဆူဗုဒ္ဓ၊ ဩဝါဒ၊ ဟိကျလိုက်နာစေ။

ဟူသော ဘုရားရှင်များ၏ ဩဝါဒအရ-

(က) အကုသိုလ်မှန်သမျှ ကင်းရှင်း၍

(ခ) ကောင်းမှုမှန်သမျှ အားထုတ်ကြပြီးလျှင်

(ဂ) ဖြူစင်သန့်ရှင်းသော စိတ်ရင်းစိတ်ဓာတ် မပြက်အောင် ထားနိုင်ဖို့ ဘုန်းကြီးတို့နှင့်တကွ သတ္တဝါမှန်သမျှ အားထုတ်ကြိုးစားရပါမည်။ ကြိုးစားကြပါ သူတော်ကောင်းတို့. . .။

•

### ယောဆရာတော် ဘဒ္ဒန္တသိရိန္ဒာဘိဝံသ၏ ဆုံးမဩဝါဒ




အကုသိုလ်မှာ၊ လိုတာမပေး၊ စိတ်မအေးရ ကိုယ်က တစ်ဖန်၊ သူ့ကိုပြန်၊ တာဝန်ယူရပါ။

ကုသိုလ်အစု၊ ကောင်းစွာပြုက၊ စိတ်အေးရအောင်၊ သူက တစ်ဖန်၊ ကိုယ့်ကိုပြန်၊ တာဝန်ယူသွားပါ။

တာဝန်နှစ်ခု၊ မြင်အောင်ရှု၊ ပူမှုကင်းအောင်ကြိုးစားရာ။

•

### မဟာဂန္ဓာရုံဆရာတော် ဘဒ္ဒန္တသုမင်္ဂလာလင်္ကာရ၏ ဆုံးမဩဝါဒ



ဖြူစင်သောစိတ်ထားဖြင့် ဆောင်ရွက်သမျှ အေးမြသောအကျိုးကို ရရှိမည်။ မဖြူစင်သောစိတ်ထားဖြင့် ဆောင်ရွက်လျှင် နောင်အချိန်တွင် အပူအပင်များ ဝင်လာမည်မှာ သေချာပါသည်။ သို့အတွက် အရာရာမှာ ဖြူစင်သောစိတ်ဘားဖြင့် ဆောင်ရွက်ကြစေချင်ပါသည်။

•

### ရေစကြိုဆရာတော် ဘဒ္ဒန္တဝါယာမိန္ဒာဘိဝံသ၏ ဆုံးမဩဝါဒ



**ဝုဏ္ဏိ ဝုဏ္ဏိ နနိန္ဒာယ။**
**ပသံသာယ ဝုဏ္ဏိ ဝုဏ္ဏိ။**
**နိန္ဒံ နိန္ဒံ နကုပ္ပေယျ။**
**နသာဒိယေ ထုတိံ ထုတိံ။**

၁။ ဂုဏ်ရှိသူအား၊ ကဲ့ရဲ့ငြား၊ ဂုဏ်ကား မပျက်ပါ။

၂။ ဂုဏ်မဲ့သူအား၊ ချီးမွမ်းငြား၊ ဂုဏ်ကား မတက်လာ။

၃။ ကဲ့ရဲ့ရှုတ်ချ၊ တွေ့ကြုံက၊ ဒေါသ မဖြစ်ရာ။

၄။ ချီးမွမ်းထောမနာ၊ တွေ့ကြုံလာ၊ သာယာမပြုရာ။

•



www.burmeseclassic.com

www.burmeseclassic.com

မော်ကျွန်းဆရာတော် ဘဒ္ဒန္တသီလက္ခန္ဓာဘိဝံသ၏ ဆုံးမဩဝါဒ



ကုသိုလ်သုံးပါး၊
ကောင်းမှုများနှင့်၊ ကြီးပွား
ဖို့ရန်၊ မှုမျိုးမမှန်၊ မြန်မြန်
ပြုကြလေ။

မပြုမိက၊ ချမ်းသာ
မှု၊ လျှော့ကျရတတ်ချေ။

နောင်ခါပြန်တွေး၊
စိတ်မအေး၊ ပူဆွေးရ
တတ်ပေ။

မလုပ်မပြော၊ လုပ်မှပြော၊ သဘောစင်လှစေ။
အပြောသာချဲ့၊ အလုပ်မဲ့၊ ကဲ့ရဲ့မလွတ်ချေ။
နိဗ္ဗာနဓာတ်၊ ဒုက္ခပြတ်၊ အမြတ်ချမ်းသာပေ။
နိဗ္ဗာန်ရောက်ရေး၊ မျှော်ခေါ်တွေး၊ မနှေးကျင့်ကြံလေ။

•

မြင်းခြံဆရာတော် ဘဒ္ဒန္တဂန္ဓမာလာလင်္ကာရ၏ ဆုံးမဩဝါဒ

**ဓမ္မကျင့်၍ ဘဝမြှင့်ပါ**



မနုဿတ္တ၊ ဒုလ္လဘမို့
ဘဝကောင်းမှာ၊
လူဖြစ်လာ၍၊
သာသနာနှင့်၊
အခွင့်သင့်၏။
ဆင့်ဆင့်ဘဝ
မြှင့်တက်ကြဖို့၊
ဓမ္မလမ်းစဉ်၊
ကျင့်ခွင့်ယှဉ်၏။

လိုအင်ဆန္ဒ၊ ဝီရိယနှင့်
ဉာဏထောက်ကူ၊ ကြိုးစားယူက
နိဗ္ဗူတိုင်ဆင့်၊ ဘဝမြှင့်လိမ့်
အခွင့်ကောင်းသာ၊ ခုချိန်ခါဝယ်
ဆရာမိဘ၊ မိတ်ကောင်းရ၍
ဓမ္မသွန်းလောင်း၊ စိတ်ထားကောင်းကြောင့်
လူကောင်းလူမွန်၊ လူရည်ချွန်နှင့်
လူလွန်အဆင့်၊ လူ့ထက်မြင့်မည်
ဓမ္မကျင့်၍၊ ဘဝမြှင့်ပါ။

•

မြင်းမူဆရာတော် ဘဒ္ဒန္တဝံသပါလာလင်္ကာရ၏ ဆုံးမဩဝါဒ

**ချစ်သူနှင့် မုန်းသူ**



ကိုယ့်ကိုချစ်သူ၊ လောကလူ၊
ဘယ်သူဖြစ်သနည်း။
ကောင်းတာပြုသူ၊ ပြောကြဲသူ၊
ချစ်သူဖြစ်သတည်း။
ကိုယ့်ကိုမုန်းသူ၊ လောကလူ၊
ဘယ်သူဖြစ်သနည်း။
ကောင်းပြုသူ၊ ပြောကြဲသူ၊
မုန်းသူဖြစ်သတည်း။

မုန်းသူမဖြစ်၊ ချစ်သူဖြစ်၊
ပြုကျင့်ကြိုးစားပါ။

•

စွန်းလွန်းဆရာတော် ဘဒ္ဒန္တသုန္ဒရ၏ ဆုံးမဩဝါဒ



**သတိတစ်လုံး အစဉ်သုံး**

အရာရာတိုင်းမှာ
သတိသည် အရေးကြီး
သည်။ သတိမပါက
အလွဲလွဲ အမှားမှား ဖြစ်
တတ်သည်။ ထို့ကြောင့်
ကာယကံဖြင့် မပြုမီသတိ၊
ပြုဆဲသတိ၊ ပြုပြီးသတိ၊
ဝစီကံဖြင့် မပြောမီသတိ၊



www.burmeseclassic.com

www.burmeseclassic.com

ပြောဆဲသတိ၊ ပြောပြီးသတိ၊ မနောက်ဖြင့်၊ မကြံမီသတိ၊ ကြံဆဲသတိ၊ ကြံပြီးသတိအားဖြင့် ကိုးဌာနတို့၌ သတိထားရမည်။

“သတိဉ္စ ခွါဟံ ဘိက္ခဝေ သဗ္ဗတ္ထိကံ ဝဒါမိ”
သတိကိုသာ အရာရာ မှန်စွာလိုအပ်တာ။
“အပ္ပမာဒေါ အမတံ ပဒံ”
သတိသည်သာ မသေရာ နိဗ္ဗာန်ရောက်ကြောင်းပါ။
“အပ္ပမာဒေန သမ္ပာဒေထ”
သတိဖြင့်သာ ချိန်တိုင်းမှာ သေချာပြည့်စုံပါ။
သတိတစ်လုံး အစဉ်သုံးက ချမ်းသာရ
မုချစိတ်အေးမှာ။

•

ရမ္မာဝတီဆရာတော် ဘဒ္ဒန္တကုဏ္ဍလ၏ ဆုံးမဩဝါဒ



**အကြွေး**

ကြွေးကျေမှ ချမ်းသာသည်၊ ကြွေးတင်လျှင် ဆင်းရဲသည်။

မိမိသည် တိပိဋကစာမေးပွဲအတွက် ကြိုးစားအားထုတ်စဉ် ကြွေးကို မမေ့စေရန် မိမိကိုယ်မိမိ သတိပေးသောအားဖြင့် ဝိုက်ဘုတ်တွင် ဤသို့ စာတန်းရေးထားသည်။

“သင့်အား တိပိဋကဖြစ်ရန် အများက မျှော်လင့်နေကြတယ်၊ ပူဇော်ထားကြတဲ့ အဲဒီအကြွေးကို သင် ဒီဘဝ မဖြစ်မနေ ဆပ်ရတော့မယ်” ဟူ၍. . .

၁၃၆၅(၂၀၀၄)ခုနှစ်တွင် တိပိဋကဘွဲ့ကို ဖြေဆို အောင်မြင် ရရှိသဖြင့် ကြွေးဆပ်နိုင်ခဲ့လို့ အမောပြေပါသည်။ ၂၁ နှစ်ကြာ ပေးဆပ်လိုက်ရသည်။ ကြွေးကျေလို့ အမောပြေပါသည်။ အမောပြေနိုင်ကြပါစေ။

•

စစ်ကိုင်းဆရာတော် ဘဒ္ဒန္တအာဘိဓာတာဘိဝံသ၏ ဆုံးမဩဝါဒ



နှိပ်ကွပ်ရှုန်လည်း၊ သူခက်ခဲ၊
ပြောင်းလွဲသူမြန်သည်။
လိုရာအာရုံ၊ အဖုံဖုံ၊
အကုန်သူရောက်သည်။
ထိုစိတ်ကိုပင်၊ ဆုံးမလျှင်၊
အစဉ်ကောင်းလိမ့်မည်။
ယဉ်ကျေးပြီးပါ၊ ထိုစိတ်မှာ၊
ချမ်းသာဆောင်တော့
သည်။

•

ဘုတလင်ဆရာတော် ဘဒ္ဒန္တကုဏ္ဍာစရိယ၏ ဆုံးမဩဝါဒ



**ဘဝနေနည်း**

ကောင်းဆိုးနှစ်တန်၊ လောကဓန်(မ်)၊ ဇကန်တွေ့ရသည်။

တွေ့ကြုံလာက၊ အနိဋ္ဌ၊ ဒုက္ခဆင်ခြင်ကြရမည်။

မဆင်ခြင်လျှင်၊ ထိုသူတွင်၊ မှန်ပင် လောဘ ဖြစ်တတ် ၏။

မဆင်ခြင်လျှင် ထိုသူတွင် မှန်ပင် ဒေါသဖြစ်တတ်သည်။

ထိုသို့ဖြစ်က၊ ဝဋ်ဒုက္ခ၊ မုချမလွတ်ပြီ။
လွတ်ချင်ကြလျှင်၊ အနိစ္စပင်၊ တွင်တွင်ရှုရမည်။
လွတ်ချင်ကြလျှင်၊ ဒုက္ခပင်၊ တွင်တွင်ရှုရမည်။

•

**အင်ကြင်းဖြူဖြူ(မော်ကောင်ငှ**



www.burmeseclassic.com

www.burmeseclassic.com

# ကိလေသာတရားဆိုးအပူမျိုး

မာမက (သုတေသီ)

ကျူမိုးကျူကာ အိမ်အို အိမ်ညံ့၊ မြက်မိုးမြက်ကာ အိမ်အို အိမ်ညံ့ လောင်စွဲလွင့် ထွက်လာသောမီးသည် အိမ်ကြီးအိမ်ကောင်း၊ တိုက်ကြီးတိုက်ကောင်းကို လောင်ကျွမ်းသကဲ့သို့ ဖြစ်ပေါ်လာသမျှ ကြောက်လန့်မှုဘေးအားလုံးတို့သည် သူမိုက်ကြောင့် ဖြစ်ပေါ်လာကုန်၏။ ပညာရှိကြောင့် မဖြစ်ကုန်၊ ဖြစ်သမျှမငြိမ်သက်မှု ဥပဒ္ဒဝေါ အားလုံး သူမိုက်ကြောင့်ဖြစ်ပေါ်ကုန်၏။ ပညာရှိကြောင့် မဖြစ်ပေါ်ကုန်။ ဖြစ်သမျှ စိတ်ဆင်းရဲမှု ဥပသဂ္ဂအားလုံးတို့သည် သူမိုက်ကြောင့် ဖြစ်ပေါ်ကုန်၏။ ပညာရှိကြောင့် မဖြစ်ပေါ်ကုန်။ လူမိုက်တို့သည် ကြောက်လန့်မှုဘေးနှင့် စပ်လျက်ရှိသည်။ ပညာရှိသည် ကြောက်ရွံ့မှုဘေးနှင့် စပ်လျက်မရှိ။ သူမိုက်သည် စိတ်ဆင်းရဲမှု ဥပသဂ္ဂနှင့်စပ်လျက်ရှိသည်။ ပညာရှိသည် စိတ်ဆင်းရဲမှုဥပသဂ္ဂနှင့် စပ်လျက်မရှိဟူ၍ အင်္ဂုတ္တိုရ်တိကနိပါတ် ဘယသုတ်၌ မြတ်စွာဘုရားဟောကြားထားတော်မူပြီး လက္ခဏာသုတ်၌ ဒုစရိုက် ၃ ပါး နှင့် ပြည့်စုံလျှင် လူမိုက်ဖြစ်ကြောင်း၊ သုစရိုက် ၃ ပါး နှင့် ပြည့်စုံလျှင် ပညာရှိဖြစ်ကြောင်း ဟောကြားထားတော်မူသည်။

ရာဇဝတော၀ါ၊ စောရဝတော၀ါ၊ မနုဿတော၀ါ၊ အမနုဿတော၀ါစသည်ဖြင့် မြတ်စွာဘုရားဟောကြားထားတော်မူရာ၌ ဒုစရိုက် ၃ ပါးနှင့် ပြည့်စုံသော လူမိုက်ဘေးသည် ဘေးတကာတွင် အဆိုးဆုံးသော ဘေးဖြစ်သည်။ အခြားဘေးဆိုးများကို ရှောင်တိမ်းနိုင်၊ ကာကွယ်နိုင်သော်လည်း ကောက်ကျစ်စဉ်းလဲသော လူမိုက်လူယုတ်ဘေးကို ရှောင်တိမ်းရန် ခက်ခဲသည်။

ချိုရှိကောင်မယ်၊ တောင်ငါးဆယ်၊ မြင်းဝယ်တောင်တစ်ရာ။

စွယ်ရှိဆင်ပြောင်တောင်တစ်ထောင်၊ ရှပ်ဘောင်လူယုတ်မာ။



www.burmeseclassic.com

www.burmeseclassic.com

ဟူသော လောကနီတိနိယံကဗျာ အဆိုအတိုင်း အရပ်ကို စွန့်ခွာရှောင်တိမ်းမှ ၎င်းဘေးလွတ်ကင်းရန်ရှိသည်။ လူတို့သန္တာန်၌ အနုသယအဖြစ် ကိန်းနေသော လောဘ၊ ဒေါသ၊ မောဟ မာနဒိဋ္ဌိကုက္ကုစ္စ မစ္ဆရိယစသော အပူမျိုးကိလေသာတရားဆိုးများရှိသည်။ ယင်းတရားဆိုးများသည် ပရိယုဋ္ဌာနအဖြစ်ထကြွသောင်းကျန်းလာသောအခါ မှန်သည် မှားသည်၊ ကောင်းသည် ဆိုးသည်ကို မစဉ်းစားနိုင်ဘဲ ဝီတိက္ကမအဖြစ် ကျူးလွန်မှုများဖြစ်လာသည်။ ဤသို့ ကိလေသာအပူမီးတိုက်၍ ကျူးလွန်လိုက်သော ကံ၊ စေတနာ၊ အလုပ်များ၊ လုပ်ရပ်များသည် ကောင်းသောကံ၊ ကောင်းသောအလုပ် လုပ်ရပ်များမဖြစ်ဘဲ လူဘေးအဖြစ် ဖြစ်ပေါ်စေသော မကောင်းကံ မကောင်းလုပ်ရပ်များသာ ဖြစ်နိုင်သည်။ ထို့ကြောင့် လူဘေးဆိုးကြီးအဖြစ် ရောက်အောင် တွန်းပို့နေသော အဓိကလက်သည်မှာ လူတို့သန္တာန်၌ ကိန်းနေသော လောဘ၊ ဒေါသ၊ မောဟ၊ မာန၊ ဒိဋ္ဌိ၊ ကုက္ကုစ္စမစ္ဆရိယစသော ကိလေသာအပူမျိုး တရားဆိုးများသာ ဖြစ်ကြောင်း ထင်ရှားသည်။

ယင်းကိလေသာ အပူမျိုးတရားဆိုးများကို တရားဆိုးများဖြစ်ကြောင်းသိသော လူများသည် ယင်းအပူမျိုး တရားဆိုးများကို နည်းပါးလျော့ပါးခေါင်းပါးအောင် နည်းမှန်လမ်းမှန်ဖြင့် ပြုလုပ်ထိန်းချုပ်နိုင်ကြသဖြင့် အလွန်တိုတောင်းသော လူ့ဘဝကို အထိုက်အလျောက်အေးချမ်းစေနိုင်သော်လည်း ယင်းအပူမျိုးတရားဆိုးများကို မသိသည့်အပြင် အကောင်းထင်နေသော လူများမှာ ၎င်းတို့၏ စိတ်အစဉ်တွင် ယင်းတရားဆိုးများနစ်ဝင်လျက် မည်သူသေသေ ငတေမာပြီးရောလောဘဇောနောက်လိုက်နေကာ သူတစ်ပါးထိခိုက်နစ်နာမှုများဖြစ်အောင် ပြုလုပ်ကြသည်။ ၎င်းတို့၏ ဝိသမလောဘကြောင့် လူအများ ဒုဗ္ဘိက္ခန္တရကပ်ဆိုက်နေကြရသည်။ ဆင်းရဲမွဲတေမှုဖြစ်နေကြရသည်။ တစ်ဖန် လောဘကြောင့် ဒေါသဆင့်ပွားဖြစ်ပေါ်ကာ မာန်မာနပါ ထပ်ဆင့်ဖြစ်ပွားလာသောအခါ လက်နက်များဖန်တီးစုဆောင်းခြင်း၊ ရန်စောင်ခြင်းတိုက်ခိုက်သတ်ဖြတ်ခြင်းစသည်ဖြင့် လူသားအများ သတ္ထန္တရကပ်ဆိုက်နေကြရပြန်သည်။ ဤသို့ ဆင်းရဲမွဲတေမှု၊ အသက်အန္တရာယ်ကျရောက်မှုဒဏ်ကို ခံနေကြရသော လူအများမှာ တွေဝေကာ ဘာလုပ် ဘာကိုင်ရမှန်းမသိမှု မောဟတရား၏ ဖိစီးမှုကို ဆင့်ပွားခံနေကြရပြန်သဖြင့် ရောဂါဆန်းအမျိုးမျိုးဖြင့် ရောဂန္တရကပ်ဆိုက်ရောက်ခဲ့ရပြန်သည်။ ယနေ့ကာလရောဂါဆန်းများ ရာချီထောင်ချီဖြစ်ပွားနေကြရသော်လည်း ယင်းရောဂါဆန်း ၃၀ မျှလောက်ကိုသာ ကုမနိုင်သောဆေးဝါးများရှိပြီး ကျန်ရောဂါဆန်းအများအပြားမှာ ကုရာနတ္ထိဆေးမရှိသေးကြောင်း သိရှိရသည်။

လူအများတွင် ဤသို့တောက်လောင်နေသော အဇ္ဈတ္တကိုယ်တွင်းအပူမီးများသည် စုစည်းမိပြီး ကောင်းကင်သို့ ရောက်ရှိသွားသောအခါ လောဘ၊ ဒေါသ၊ မောဟ ကြီးမားသော လူများ၏ ဖန်တီးပြုလုပ်စွန့်ထုတ်လိုက်သော အပူခိုး အပူငွေ့များ ကောင်းကင်၌ ဖန်လုံအိမ်အဖြစ် တည်ရှိနေသော အပူစု အပူခဲများနှင့် ပေါင်းစပ်မိပြီး ကြီးမားသော အပူစုအပူခဲအဖြစ်သို့ရောက်ရှိကာ သဘာဝဖြစ်သော ရာသီဥတုကို ဖောက်ပြန်မှုဖြစ်အောင် ပြုလာပြန်သဖြင့် မကြုံစဖူး ထူးကဲသော ရေကြီးမှု၊ လေကြီးမှု၊ ငလျင်ကြီးမှု၊ အပူလှိုင်းကျမှု၊ အအေးလှိုင်းကျမှု၊ မြေပြိုမှု၊ လောင်မီးကျမှုစသော ဘေးဆိုးကြီးများကို ခံစားခဲ့ကြရပြန်သဖြင့် လူအများအစုအလိုက် အပြုံလိုက် သေကြေပျက်စီးခြင်း၊ စည်းစိမ်ဥစ္စာပျက်ပြုန်းခြင်းစသည်များနှင့် ကြုံတွေ့နေရကြသည်။ လူတို့၏ ရုပ်ခန္ဓာကို ပြုပြင်စီမံနေသော ကံ၊စိတ်၊ ဥတု၊ အာဟာရ ဟူသောအကြောင်းတရားလေးပါးတွင် ရာသီဥတု၏စီမံမှုများမှာကြောက်စရာအကောင်းဆုံးဖြစ်သည်။ ရာသီဥတုသည် လူတို့ ရုပ်ခန္ဓာကိုပြုပြင်စီမံမှုပြုနေသည့် အပြင် ပြင်ပဗဟိဒ္ဓရုပ်တရားများကိုလည်း ပြုပြင်စီမံနေသောတရားဖြစ်သည်။ ရာသီဥတုဖောက်ပြန်မှုကြောင့် ယခုအခါ လူအစုလိုက် အပြုံလိုက်သာမက နေအိမ်အဆောက်အအုံတောတောင်အများအပြား ပျက်စီးနေရသည်မှာသက်သေခံသာဓကပင်ဖြစ်သည်။

ဤသို့ ရာသီဥတုဖောက်ပြန်မှုဖြစ်လောက်အောင်ပြုလုပ်မှု၏အဓိကလက်သည်ကားလောဘ၊ ဒေါသ၊ မောဟတရားများပင် ဖြစ်သည်။ သာမန် လောဘ၊ ဒေါသ၊ မောဟထက်လွန်ကဲသော ဝိသမလောဘ၊ ဒေါသ၊ မောဟတရားကို ဆိုလိုသည်။ ယနေ့ကာလသည် ဝိသမလောဘ ဒေါသ



www.burmeseclassic.com

www.burmeseclassic.com

မောဟ လွှမ်းမိုးထားသော ခေတ်ကာလ ဖြစ်သည်။

အရင်းအနှီးရှိလူများနှင့် လုပ်ကိုင်ခွင့်ရှိလူများ၏ ဝိသမလောဘ၊ ဒေါသ၊ မောဟ ကြောင့် လူအများဆင်းရဲမွဲတေမှု၊ အသက်အန္တရာယ်ထိခိုက်မှု၊ ရောဂါကူးစက်မှုဖြစ်နေကြရသည်။ စာရေးသူတို့ ငယ်စဉ်က ရွာရှိလူများသည် လယ်သမားများဖြစ်ကြသည့်အတိုင်း မိုးကျသောအခါ လယ်ကွင်းရှိ တဲများသို့ ပြောင်းဆင်းသွားကြပြီး လယ်ထွန်ပျိုးထောင်ကောက်စိုက်လုပ်ငန်းများ ပြုလုပ်ကြပြီးနောက် ရွာသို့ ပြန်လည်ပြောင်းတက်လာကြကာ ဝါတွင်းကာလ လူကြီးများ ဥပုသ်စောင့်ခြင်း၊ လူငယ်လူရွယ်များ အုပ်စုဖွဲ့ကစားခြင်း၊ ဥပုသ်သည်များအား ဥပုသ်ထွက်နေ့ ကျွေးမွေးလှူဒါန်းရန် ပြုလုပ်ခြင်းများကို ပျော်ရွှင်စွာ စုပေါင်းဆောင်ရွက်ခဲ့ကြသည်။ အခြားလုပ်ငန်းများမရှိဟူ၍ ဆိုနိုင်သည်။တစ်ဖန် သီတင်းဝါလကျွတ်သောအခါ လယ်ကွင်းရှိ တဲသို့ပြောင်းရွှေ့သွားကာ ကောက်ရိတ်ခြင်း၊ စပါးနယ်ခြင်း၊ စပါးလှေ့ခြင်း၊ ရောင်းချခြင်းများကို ပြုလုပ်ပြီးနောက် ဝမ်းစာစပါးကိုသယ်၍ရွာသို့ ပြန်လည်ပြောင်းတက်ကာ စပါးကျီငှင်ဝမ်းစာစပါးကို သိုမှီးပြီး တောတောင်များသို့ သွားကာ အလေ့ကျပေါက်သော သစ်များကိုခုတ်၍ တစ်နှစ်စာ ထင်းအဖြစ် သိုမှီးခဲ့ကြသည်။

အခြားလုပ်ငန်းမရှိဘဲ တစ်နှစ်စာ လောက်ငမှုရှိ၍ အပိုအလျှံများဖြင့် ဘာသာရေးကိစ္စများကိုသာ ပျော်ရွှင်စွာ ပေါင်းဆောင်ရွက်ခဲ့ကြသည်။

သို့သော် ယနေ့ကာလ ရွာသူရွာသားများမှာ ရှေးကနဲ့မတူတော့ဘဲ ဝိသမလောဘ ဒေါသ မောဟ လွှမ်းမိုးသော ခေတ်ကာလဖြစ်သည့်အတိုင်း စျေးမြင့်၍ မြင့်၍ တက်တက်လာသော စားနပ်ရိက္ခာများကို အလျှင်မီအောင် ဖြည့်ဆည်းနိုင်ရေးအတွက် မအားလပ်အောင် ရရာအလုပ်ကို လုပ်နေကြရသည်။ ပြည်ပသွား၍ ရရာအလုပ်ကို ကုန်းလုပ်နေကြရသည်။ အလုပ်ကို ပင်ပန်းကြီးစွာလုပ်ချိန်ကို ခေါင်းပုံဖြတ်ခံရပြီး ကုန်းရုန်းလုပ်နေရသော်လည်း ရရှိသည့်လုပ်ခမှာ ခေါင်းပုံဖြတ်ခံရပြန်သဖြင့် မလောက်မငနှင့် လောက်ငရုံမျှသာရှိနေခဲ့ရသည်။ ဘဝကြီးပွားရေးအတွက် ထိဆုကြီးကိုသာ စိတ်ကူးဖြင့် ရှူးနေကြရသည်။ တစ်ဖန် ဝိသမဒေါသကြောင့် အသက်အန္တရာယ်ထိခိုက်နစ်နာမှုမရှိအောင် သတိထားလုပ်ကိုင်နေကြရသည်။ ဝိသမမောဟကြောင့် ဖြစ်ပွားနေသော ရောဂါဆန်းများ အကူးအစက်မခံရရေးအတွက် အစားအသောက်များကိုလည်း သတိထား၍ စားသောက်နေကြရသည်။ဤကား စာရေးသူတို့ရွာအကြောင်းမျှသာ ဖြစ်ပါသည်။ မြို့ကြီးပြကြီးများနေလူများတွင် အချို့မှာ ဖောင်စီးရင်းရေငတ်ဆိုသကဲ့သို့ လုပ်ရင်းကိုင်ရင်း ရရှိသောလုပ်ခနှင့် ကြီးမားသော စားနပ်ရိက္ခာစျေးကြောင့် မလောက်မငပင်ဖြစ်နေကြရသည်။ သို့သော် နိုင်ငံတော်က ဆင်းရဲမွဲတေမှုပပျောက်ရေးကို ဦးစားပေးဆောင်ရွက်နေသဖြင့် ကျေးဇူးတင်ရပါသည်။

အချုပ်အားဖြင့် လောဘ အလောဘ စသည်တို့နှင့်တကွဖြစ်သော စိတ်၏ ပြန်ပြောများပြားသည်၏အဖြစ်ကြောင့် မနုဿ(လူ)မည်၏ဟု အဋ္ဌကထာဆရာ အဓိပ္ပာယ်ဖွင့်ဆိုထားသည်အတိုင်း လူသည် လောဘ ဒေါသ မောဟတရားနှင့် မကင်းပါ။ သို့သော် သူတစ်ပါးထိခိုက်နစ်နာမှုကို မဖြစ်စေသော ဝိသမလောဘ ဒေါသ၊ မောဟ မဖြစ်ရန်လိုသည်။ သို့ပါမှ အေးချမ်းသာယာသော လူ့ဘောင်လောကကြီးကို တည်ဆောက်နိုင်မည်ဖြစ်သည်။ သို့မဟုတ် မလောက်မင မမျှမတ ဖြစ်၍ ဆန္ဒထုတ်ဖော်ရသည့်အခြေအထိဖြစ်ရလျှင် မကောင်းပါ။ လူတွင် လောဘ၊ ဒေါသ၊ မောဟတရားရှိသကဲ့သို့ စိတ်ဆင်ရိုင်းကို သတိဟူသော ချွန်းကိုင်းဖြင့် ထိန်းချုပ်ဆုံးမနိုင်သော လူများတွင် အလောဘ အဒေါသ အမောဟတရားလည်းဖြစ်ပေါ်လာသည်။ လောဘ၊ ဒေါသ၊ မောဟ တရားသည် မကောင်း အကုသိုလ်တရားဖြစ်ပြီး အလောဘ၊ အဒေါသ၊ အမောဟ တရားသည် ကောင်းသော ကုသိုလ်တရား ကုသိုလ်စိတ်ထားဖြစ်သည်။ ထို့ကြောင့် လူ့ဘောင်လောကကြီး အေးချမ်းသာယာဘေးကင်းကွာ၍ တိုးတောင်းလှသော လူ့ဘဝကို ပျော်ရွှင်ချမ်းမြေ့စွာနေထိုင်နိုင်ရေးအတွက် ကုသိုလ်တရားဖြစ်သော အလောဘ၊ အဒေါသ၊ အမောဟ တရားများကို ပွား၍ လုပ်ငန်းဆောင်တာများကို ဆောင်ရွက်နိုင်ကြပါစေဟု ဆန္ဒပြုလိုက်ရပါသည်။

**မာမကာ (သုတေသီ)**



www.burmeseclassic.com

www.burmeseclassic.com

# တရုတ်နက္ခတ္တဗေဒင်ပညာ

## ၂၀၁၃ ခုနှစ်၊ စက်တင်ဘာလ

## တရုတ်နှစ်မွေးသူများအတွက်

## ဆောင်ရန်၊ ရှောင်ရန်နှင့် သတိပြုရန်အချက်များ

### မြင်းနှစ်မွေးသူများအတွက် ဆောင်ရန်အချက်များ

ရိုးရာကန်တော့ပွဲ၊ ဆုတောင်းပွဲ ပြုလုပ်နိုင်ပါသည်။ အကျိုးထူးမည်။ သားကောင်များ ဖမ်းနိုင်၊ အမဲလိုက်နိုင်၏။ ကံကောင်းနေပါလိမ့်မည်။ ထို့ပြင် မြောင်းဖောက်နိုင်ပါသည်။

### ရှောင်ကြဉ်ရန်အချက်များ

လက်ထပ်ထိမ်းမြားခြင်းမပြုရ။ ခဏရှောင်ပါလေ။ မရှောင်နိုင်ဘဲ ဖွတ်လုပ်ပါက အကျိုးယုတ်ရပါလိမ့်မည်။ ထို့ပြင် အိမ်ရာနှင့်အလုပ် မပြောင်းရွှေ့ရပါ။ အကျိုးရှိမည်မဟုတ်ပါ။ အရောင်းအဝယ် စာချုပ် မချုပ်ဆိုရပါ။ အကျိုးရှိမည် မဟုတ်ပါ။ ပြဿနာတက်တတ်၏။ သတိထားပါလေ။ သန့်စင်ခန်း(အိမ်သာ) မဆောက်လုပ်ရပါ။

### ဆိတ်နှစ်မွေးသူများအတွက် ဆောင်ရန်အချက်များ

ခရီးထွက်နိုင်၏။ ဆုတောင်းပွဲလုပ်နိုင်၏။ စေ့စပ်နိုင်၏။ လက်ထပ်နိုင်၏။ မွေးမြူရေးလုပ်ငန်းလုပ်လျှင် အကျိုးပေးမည်။ လုပ်ပါ။ အထည်ချုပ်လုပ်ငန်း လုပ်ပါ။ ကောင်း၏။ စက်တင်ဘာလ ၁၄ ရက်နှင့် ၂၆ ရက်သည် ရက်ကောင်းမင်္ဂလာနေ့ ဖြစ်၏။

### ရှောင်ကြဉ်ရန်အချက်များ

မီးဖိုဆောင်၊ မီးဖိုခန်း၊ မီးဖို မတည်ဆောက်၊ မပြုလုပ်ရပါ။ အခန်းခုတင်နေရာမရွှေ့ကြရ။ စိုက်ပျိုးရေးလုပ်ငန်း မလုပ်ရ။ အရှုံးပေါ်လိမ့်မည်။ အထူးသတိနှင့် ဆင်ခြင်ပါလေ။

■ ကေတီ–အောင်သိန်း(ရန်ကုန်တက္ကသိုလ်) ■



www.burmeseclassic.com

www.burmeseclassic.com

### မျောက်နှစ်မွေးသူများအတွက် ဆောင်ရန်အချက်များ

ခရီးထွက်နိုင်၏။ အိမ်ရာပြောင်းရွှေ့နိုင်၏။ စေ့စပ်နိုင်၏။ လက်ထပ်နိုင်၏။ မိတ်ဆုံနိုင်၏။ ဈေးဆိုင်သစ် တည်နိုင်၊ ဖွင့်နိုင်၏။ မီးဖိုခန်း၊ မီးဖို ဆောက်လုပ်နိုင်၏။ (၃-၉-၂၀၁၃)ရက်နေ့သည် ရက်ကောင်းဖြစ်ပါသည်။

### ရှောင်ကြဉ်ရန်အချက်များ

ရေတွင်း၊ ရေကန် မတူးဖော်ရ။ ရေမြောင်းမဖောက်ရ။ ခိုက်တတ်၏။ လာဘ်တိတ်၏။ သတိထားပါလေ။ စိုက်ပျိုးရေးလုပ်ငန်းဖြင့် အကျိုးပေးမည်မဟုတ်ပါ။ အခန်း၊ ခုတင်နေရာ မချရပါ။

### ကြက်နှစ် ိမွေးသူများအတွက် ဆောင်ရန်အချက်များ

စေ့စပ် နိုင်၏။ မွေးမြူရေးလုပ်ငန်းနှင့် အထည်ချုပ်လုပ်ငန်း အကျိုးပေးမည်။ လုပ်ပါ။ သင်္ချိုင်းမြေနင်းနိုင်၏။ အသုဘပို့ဆောင်ပါ။ စက်တင်ဘာလ (၄)ရက်နေ့သည် ရက်ကောင်းဖြစ်၏။

### ရှောင်ကြဉ်ရန်အချက်များ

ငါးမဖမ်းရ။ ငါးဒိုင်၊ ငါးအရောင်းအဝယ်လုပ်ငန်း မလုပ်ရ။ အကျိုးပေးမည်မဟုတ်ပါ။ ထို့ပြင် လိုင်စင်ခံပြီး အရက်ချက်လုပ်ငန်း မလုပ်ရ။ အကျိုးမဲ့ဖြစ်တတ်၏။ ဈေးဆိုင်သစ်မတည်ရ၊ မဖွင့်ရ။ အရောင်းအဝယ်မလုပ်ရ။ အရှုံးပေါ်တတ်၏။

### ခွေးနှစ်မွေးသူများအတွက် ဆောင်ရန်အချက်များ

မိတ်ဆုံပါ။ အကျိုးထူးမည်။ စိုက်ပျိုးရေးနှင့် မွေးမြူရေးလုပ်ငန်း လုပ်နိုင်ပါသည်။ အကျိုးရှိ၏။ ခရီးထွက်နိုင်၏။ စက်တင်ဘာလ (၅)ရက်နေ့နှင့် (၂၉)ရက်နေ့သည် ရက်ကောင်းဖြစ်၏။

### ရှောင်ကြဉ်ရန်အချက်များ

ကိုဒေါင်မဖွင့်ရ။ အမှုပြဿနာတက်တတ်ပါသည်။ အသုဘမပို့ရ။ သင်္ချိုင်းမြေ မနင်းရ။ လာဘ်ပိတ်တတ်ပါသည်။ ထို့ပြင် စေ့စပ်ခြင်း၊ လက်ထပ်ခြင်းတို့ကိုလည်း ခဏခေတ္တဆိုင်းထားသင့်၏။ မဆိုင်းနိုင်လျှင် အကျိုးယုတ်တတ်၏။

### ဝက်နှစ်မွေးသူများအတွက် ဆောင်ရန်အချက်များ

ကံကြမ္မာနိမ့်ကျနေ၏။ ကုသိုလ်လုပ်ငန်း၊ အလှူအတန်းများများလုပ်ပေးပါ။ ရပ်ရွာအကျိုး သယ်ပိုးဆောင်ရွက်ပေးပါ။ မကြာမီ ကံကောင်းလာပါလိမ့်မည်။

### ရှောင်ကြဉ်ရန်အချက်များ

စေ့စပ်ခြင်း၊ လက်ထပ်ခြင်း၊ မပြုလုပ်ကြရပါ။ ခရီးမထွက်ရ။ ဘေးအန္တရာယ်များ စောင့်ကြို့နေတတ်၏။ ခဏခေတ္တရှောင်နေပါ။ စီးပွားရေးလုပ်ငန်း တိုးချဲ့လုပ်ကိုင်ခြင်း မပြုရ။ ဆိုင်းထားပါဦးလေ။

### ကြွက်နှစ်မွေးသူများအတွက် ဆောင်ရန်အချက်များ

လက်ထပ်နိုင်၏။ ခရီးထွက်နိုင်၏။ စက်တင်ဘာလ (၇)ရက်နေ့သည် ရက်ကောင်းမင်္ဂလာနေ့ ဖြစ်ပါသည်။ အရောင်းအဝယ် စာချုပ်ချုပ်ဆိုနိုင်သည်။ ကူးသန်းရောင်းဝယ်နိုင်သည်။ ဈေးဆိုင်သစ် ဖွင့်နိုင်၏။ မွေးမြူရေးလုပ်ငန်း လုပ်ပါ။ အကျိုးပေးမည်။

### ရှောင်ကြဉ်ရန်အချက်များ

မီးဖိုဆောင်၊ ် ဖိုခန်း မပြုပြင်၊ မဆောက်လုပ်ကြရပါ။ ခိုက်တတ်၏။ ခရီးမထွက်ရ။ အထူးသဖြင့် ရေကြောင်းခရီးကို ရှောင်ပါ။ လှေ၊ သင်္ဘောမစီးကြရ။ အန္တရာယ်များတတ်၏။ ထီမထိုးရ။ ကံနိမ့်နေ၏။

### နွားနှစ်မွေးသူများအတွက် ဆောင်ရန်အချက်များ

ဈေးဆိုင်သစ် တည်နိုင်၊ ဖွင့်နိုင်၏။ ကူးသန်းရောင်းဝယ်နိုင်၏။ စာချုပ်ချုပ်ဆိုနိုင်၏။ လက်ထပ်ထိမ်းမြားနိုင်၏။ လိုင်စင်ခံပြီး အရက်ချက်လုပ်ငန်း လုပ်ပါ။ အကျိုးရှိ၏။ စေ့စပ်နိုင်၏။ စက်တင်ဘာလ (၈)ရက်နှင့် (၂၀)ရက်သည် ရက်ကောင်းမင်္ဂလာနေ့များ ဖြစ်ပါသည်။

### ရှောင်ကြဉ်ရန်အချက်များ

စိုက်ပျိုးရေးလုပ်ငန်း မလုပ်ရ။ အကျိုးပေးမည် မဟုတ်ပါ။ ဆံသခြင်း၊ ခေါင်းလျှော်ခြင်း မပြုကြရပါ။ ခိုက်တတ်ပါသည်။ စီးပွားရေးလုပ်ငန်းသစ်၊ ကုမ္ပဏီသစ် မတည်ထောင်သင့်သေး။



www.burmeseclassic.com

www.burmeseclassic.com

### ကျားနှစ်မွေးသူများအတွက် ဆောင်ရန်အချက်များ

ဆံသ၊ ခေါင်းလျှော်နိုင်၏။ သားကောင်ဖမ်းနိုင်၏။ တောအမဲလိုက်နိုင်၏။ ကံကောင်းနေပါလိမ့်မည်။ ခရီးထွက်နိုင်၏။ ခရီးထွက်လျှင် အကျိုးရှိမည်။

### ရှောင်ကြဉ်ရန်အချက်များ

ခရီးထွက်နိုင်ပါသော်လည်း ရေကြောင်းခရီးကို ရှောင်ပါ။ လှေ၊ သင်္ဘောမစီးကြရ။ ဘေးအန္တရာယ်များတတ်၏။ ဆုတောင်းပွဲ ရိုးရာကန်တော့ပွဲ မလုပ်ကြရ၊ အကျိုးမဲ့ ဖြစ်တတ်၏။ စေ့စပ်၊ လက်ထပ်ခြင်းကို ရှောင်ပါ။

### ယုန်နှစ်မွေးသူများအတွက် ဆောင်ရန်အချက်များ

ကံကြမ္မာညှိုးနွမ်းနေတတ်၏။ ဘာသာရေးလုပ်ငန်းကို ဦးစားပေးလုပ်ပါ၊ ဘုန်းကြီးဆွမ်းကျွေးပါ။ အလှူအတန်းလုပ်ပါ။ မကြာမီ ကံကောင်းလာပါလိမ့်မည်။

### ရှောင်ကြဉ်ရန်အချက်များ

ခရီးမထွက်ရ။ စေ့စပ်ခြင်း၊ လက်ထပ်ခြင်း ခဏခေတ္တ ဆိုင်းပါဦး။ မဆိုင်းနိုင်လျှင် ပြဿနာတက်တတ်၏။ အကျိုးယုတ်မည်။

### နဂါးနှစ်မွေးသူများအတွက် ဆောင်ရန်အချက်များ

စေ့စပ်ခြင်း၊ လက်ထပ်ခြင်း ပြုနိုင်၏။ ခရီးထွက်နိုင်၏။ စက်တင်ဘာလလ (၁၁)ရက်နေ့သည် ရက်ကောင်းမင်္ဂလာနေ့ ဖြစ်ပါသည်။ ဈေးဆိုင်သစ် ဖွင့်နိုင်၏။ အိမ်ရာပြောင်းရွှေ့နိုင်၏။ ကူးသန်းရောင်းဝယ်နိုင်၏။ စာချုပ်ချုပ်ဆိုနိုင်ပါသည်။ အကျိုးရှိပါမည်။ အခန်း၊ ခုတင် နေရာချနိုင်သည်။

### ရှောင်ကြဉ်ရန်အချက်များ

ငါးမဖမ်းရ။ ငါးဒိုင်၊ ငါးအရောင်းအဝယ် မလုပ်ကြရ။ ပိုက်ကွန်မရက်ရ။ ပိုက်ကွန်ရောင်းဝယ်လုပ်ငန်းလုပ်လျှင် အရှုံးပေါ်တတ်သည်။ ခရီးထွက်နိုင်ပါသော်လည်း လေကြောင်းခရီးကို ရှောင်ပါ။

### မြွေနှစ်မွေးသူများအတွက် ဆောင်ရန်အချက်များ

စေ့စပ်ခြင်း၊ လက်ထပ်ခြင်း ပြုလုပ်နိုင်၏။ ဆုတောင်းပွဲ၊ ရိုးရာကန်တော့ပွဲ လုပ်ပါ။ အကျိုးထူးမည်။ စက်တင်ဘာလ (၁၂)ရက်နှင့် (၂၄)ရက်နေ့သည် ရက်ကောင်းမင်္ဂလာနေ့များ ဖြစ်ပါသည်။ အိမ်ရာနှင့် အလုပ် ပြောင်းရွှေ့နိုင်၏။ ပြောင်းရွှေ့လျှင် ကံကောင်းလာပါမည်။ ထူးခြားမှုရှိမည်။ ဈေးဆိုင်သစ်တည်နိုင်၊ ဖွင့်နိုင်၏။ နိုင်ငံခြားကုန်သွယ်မှုလုပ်ပါ။ အကျိုးရှိ၏။ ထို့ပြင် စိုက်ပျိုးရေးလုပ်ငန်းလည်း လုပ်နိုင်ပါသည်။

### ရှောင်ကြဉ်ရန်အချက်များ

ခရီးမထွက်သင့်သေးပါ။ ခဏဆိုင်းပါဦးလေ။ အသုဘ မပို့သင့်သေး။ သင်္ချိုင်းမြေမနင်းရ။ လာဘ်တိတ်တတ်၏။ ခိုက်တတ်၏။ သတိထားပါ။ ထို့ပြင် အမှုမရင်ဆိုင်ရ၊ တရားမစွဲရ။ ရုံးမတက်သင့်သေး။

## ကေတီ–ငံအောင်သိန်း (ရန်ကုန်တက္ကသိုလ်)

Ref:-

တရုတ်နက္ခတ္တဗေဒင်ပညာ
၂၀၁၃ ခုနှစ်၊
Hong Kong (China)





www.burmeseclassic.com

www.burmeseclassic.com

# ထိုင်းနိုင်ငံ နက္ခတ္တဗေဒဆရာကြီး မိုဒူးပိုက်ဆံ ၏

# ၂၀၁၃ ခု၊ ဩဂုတ်လ မြွေနှစ်အဟော

ဦးတိုး(တက္ကသိုလ်)

ဆယ့်နှစ်လရာသီခွင် သတ်မှတ်ချက်သည် အနောက်တိုင်းနှင့်မတူသဖြင့် မိမိ၏မွေးသက္ကရာဇ်နှင့် တိုက်ဆိုင်၍ အဟောကို ဖတ်ရှုစေလိုပါသည်။

### မကာရရာသီဖွား(ဆိတ်ရုပ်)

### (ဇန်နဝါရီလ ၁၄ ရက် မှ ဖေဖော်ဝါရီလ ၁၂ ရက်)

ယခုကာလတွင် ပြဿနာများဖိအားပေးမှုကို မျှော်လင့်ရသည်။ ကိုယ့်ကိုယ်ကို ယုံကြည်စိတ်ချလွန်းစွာ ဆုံးဖြတ်ချက်ချမှုကို ရှောင်သင့်သည်။ ဆုံးဖြတ်ချက်တစ်ခုမချမီ နှစ်ကြိမ်ခန့်စဉ်းစားပါ။ သင်၏ လုပ်ငန်းသစ်နှင့် ပတ်သက်၍ အကြိမ်ကြိမ်ခရီးသွားရခြင်း၊ လုပ်ငန်းတွင် အရောင်းရသွက်အောင် ဆောင်ရွက်ခြင်းများရှိသည်။ သင်၏ အခြေအတင် စကားပြောဆိုရာမှနေ၍ တရားရုံးအထိ ရောက်ရတတ်သည်။

### ကုံရာသီဖွား(ရေထမ်းယောကျ်ားရုပ်)

### (ဖေဖော်ဝါရီလ ၁၃ ရက် မှ မတ်လ ၁၄ ရက်)

ယခုကာလတွင် ပြောင်းရွှေ့ကိန်းရှိသည်။ ပစ္စည်းသစ်တစ်ခုကို စတင်ဈေးကွက်တင်ရလိမ့်မည်။ သင့်တွင် သူဌေးသစ်တစ်ဦးရှိလာပြီး ထမ်းဆောင်ရမည်။ အချစ်သစ်နှင့် ချစ်ရည်မျှရန် ဖြစ်ပေါ်မလာနိုင်သေးပေ။

### မိန်ရာသီဖွား(ငါးနှစ်ကောင်ရုပ်)

### (မတ်လ ၁၅ ရက် မှ ဧပြီလ ၁၂ ရက်)

စိတ်ငြိမ်ငြိမ်ထားပါ။ သင်၏ ထုတ်ကုန်များကို ဖ ြယူရေးအတွက် အဓိကဖောက်သည်က ခေတ္တတုံ့ဆိုင်းနေလိမ့်မည်။ သင်ယုဉ်ပြိုင်မှုတစ်ခုသို့ ဝင်ပြိုင်လျှင် ရှုံးနိမ့်တတ်သည်။ သင်၏ လုပ်ငန်းခွင်တွင် နေရာအပြောင်းအလဲများ ရှိနေသည်။ သင်၏ အရည်အချင်းနှင့် မကိုက်ညီသည့် တစ်နေရာသို့ ပြောင်းရွှေ့ခြင်းခံရမည်။ ကလေးတစ်ဦးရရှိရေးအတွက် ငွေကုန်၊ အချိန်ကုန်၊ လူပန်း ဖြစ်နေပါမည်။ ခရီးသွားရသည့်ကိစ္စတစ်ခုမှာလည်း ချောမွေ့မည်မဟုတ်ပေ၊

### မိဿရာသီဖွား(သိုးထီးရုပ်)

### (ဧပြီလ ၁၃ ရက် မှ မေလ      ရက်)

ယခုလတွင် မမျှော်လင့်ဘဲနှင့် ကား ူက်မှုတစ်ခု ဖြစ်ပွားလိမ့်မည်။ သင့်အနေဖြင့် ရွေးချယ်စရာမရှိဘဲ ကမ်းလှမ်းသည့်အတိုင်း လက်ခံလိုက်ရတတ်သည်။ သင်၏ချစ်သူနှင့် မယ်တစ်ရှာ မောင်တစ်မြို့ ဖြစ်နေဦးမည်။ ရင်းနှီးမြှုပ်နှံမှုများကလည်း အသီးအပွင့် ခံစားရမည်မဟုတ်သေးပေ။

### ပြိဿရာသီဖွား(နွားလားဥဿဘရုပ်)

### (မေလ ၁၄ ရက် မှ ဇွန်လ ၁၄ ရက်)

ယခုကာလတွင် သင့်ဘဝ၌ စိတ်အနှောင့်အယှက်ဖြစ်စရာချည်း တွေ့နေရမည်။ ချိန်းဆိုထားမှုများ၊ အရောင်းကိစ္စများ၊ သို့မဟုတ် ဘဏ်ချေးငွေတိုးမြှင့်ရရှိရေးတို့တွင် အကျိုးကျေးဇူးရှိမည် မဟုတ်သေးပေ။ မီမံချက်တစ်ခု စတင်ခြင်း



www.burmeseclassic.com

www.burmeseclassic.com

သို့မဟုတ် ယာတ်ကုန်ကြော်ငြာခြင်းတို့တွင် ထင်သလောက် ပြည့်ဝ၍ အာရုံစိုက်မှုကို ရရှိမည်မဟုတ်သည့်အပြင် သင်၏ အချစ်ရေးမှာလည်း အရေးကြီးသောအစိတ်အပိုင်းသို့ ရောက်ရှိနေသည့်တိုင် ရွေးချယ်ရန် စဉ်းစားနေရပါလိမ့်မည်။

## မေထုန်ရာသီဖွား-အမြွာရုပ်
## (ဇွန်လ ၁၅ ရက် မှ ဇူလိုင်လ ၁၆ ရက်)

ယခုကာလတွင် ကံကြမ္မာအတိတ်နိမိတ်ကောင်းမည်။ အမွေရရှိသော မြေကွက်၊ သို့မဟုတ် သင်ပိုင်ဆိုင်ထားသည့် ရှယ်ယာများမှနေ၍ ငွေအမြောက်အမြားရရှိမည်။ မည်သည့် ယှဉ်ပြိုင်ရသော ကိစ္စတွင်မဆို သင်ဝင်ပြိုင်လျှင် အနိုင်ရမည်။ ဤအချိန်တွင် လက်ထပ်မင်္ဂလာခေါင်းလောင်းထိုးနေပါပြီ။ ကလေးလိုချင်နေကြသူများ ဆန္ဒပြည့်ဝသွားမည်။ ဆိုးရွားသော ရောဂါတစ်ရပ် ခြုံငုံတောင့်ခံနိုင်အောင် အားတင်းထားပါ။ အဆိုပါရောဂါကို ခွဲစိတ်ကုသမှုခံယူပြီးနောက် ပျောက်ကင်းသွားပါလိမ့်မည်။

## ကရကင့်ရာသီဖွား(ပုစွန်လုံးရုပ်)
## (ဇူလိုင်လ ၁၇ ရက် မှ ဩဂုတ်လ ၁၆ ရက်)

သင်၏ဘဝသည် ကံကောင်းခြင်းများဖြင့် ပြည့်စုံနေပြီး ယခုကာလတွင် အောင်မြင်မှုရှိနေမည်။ သင်၏ အရည်အချင်းရှိမှုဖြင့် ဆုရရှိရန် အခွင့်အရေးကြီးရှိနေသည်။ သို့ရာတွင် မိသားစုအတွင်း အမွေခွဲဝေရာ၌ ပဋိပက္ခမှုဖြင့် ကြုံတွေ့ရတတ်သည်။ စီးပွားရေးလုပ်ငန်းတွင်လည်း သင်၏အစုစပ်များနှင့် အဖွဲ့သားများအကြား အတိုက်အခံပြောဆိုနေရလိမ့်မည်။ သင်နေထိုင်သောနည်းလမ်းဖြင့် ကျန်းမာရေးပြဿနာ ဝင်လာတတ်သည်။

## သိဟ်ရာသီဖွား(ခြင်္သေ့ရုပ်)
## (ဩဂုတ်လ ၁၇ ရက် မှ စက်တင်ဘာလ ၁၆ ရက်)

အပြင်ဘက်တွင် မုန်တိုင်းထန်လျက်ရှိသောကြောင့် အိမ်ပြင်ထွက်၍ လှုပ်ရှားသွားလာခြင်းနှင့် ခရီးထွက်ခြင်းကို ရှောင်ရှားပါလေ။ စတော့ရှယ်ယာရင်းနှီးမြှုပ်နှံမှုမှနေ၍ အကျိုးအမြတ်များများရရှိလိမ့်မည်။

## ကန်ရာသီဖွား(ဘုံ ချိန်ခွင်ရုပ်)
## (စက်တင်ဘာလ ၁၇ ရက် မှ အောက်တိုဘာလ ၁၆ ရက်)

ယခုလတွင် သင့်ကံလိုက်မည်မဟုတ်ပေ။ ခရီးသွားလာခြင်း၊ ညှိနှိုင်းမှုပြုလုပ်ခြင်း၊ စီးပွားရေးလုပ်ငန်းတစ်ခု စတင်ခြင်း၊ သို့မဟုတ် စတော့ရှယ်ယာဈေးကွက်တွင် ရင်းနှီးမြှုပ်နှံခြင်းကို ရှောင်ရှားပါ။

## တူရာသီဖွား(ချိန်ခွင်ရုပ်)
## (အောက်တိုဘာလ ၁၇ ရက် မှ နိုဝင်ဘာလ ၁၆ ရက်)

သင်၏ အလုပ်အကိုင် ပြောင်းလဲရခြင်း၊ သို့မဟုတ် ပြောင်းရွှေ့ခြင်းခံရမည်။ ကန်ထရိုက်စာချုပ် သက်တမ်းကုန်ဆုံးသွားလျှင် သက်တမ်းတိုးခွင့် ရရှိပါလိမ့်မည်။ သင်အလုပ်လုပ်နေသည့် ရုံးလုပ်ငန်းသက်တမ်း နောက်ထပ်တစ်ကြိမ် တိုးမြှင့်ပေးလိမ့်မည်။ သင်၏လုပ်ငန်းမှ မူပိုင်ခွင့်ကို ရောင်းထွက်သွားသဖြင့် သင့်အားပျော်ရွှင်စေပါလိမ့်မည်။

## ဗြိစ္ဆာရ သီဖွား(ကင်းမြီးကောက်ရုပ်)
## (နိုဝင်ဘာလ ၁၇ ရက် မှ ဒီဇင်ဘာလ ၁၅ ရက်)

ယခုလတွင် သတင်းကောင်းများကို မျှော်လင့်နိုင်သည်။ အရေးကြီးသော ကန်ထရိုက်တစ်ခု သင်ရရှိမည်။ ငွေဒလဟော ဝင်ကိန်းရှိသည်။ ဂုဏ်ပြုဆုတစ်ခုခု ရရှိမည်။

## ဓနုရာသီဖွား(လေးစွဲယောကျ်ားရုပ်)
## (ဒီဇင်ဘာလ ၁၆ ရက် မှ ဇန်နဝါရီလ ၁၃ ရက်)

ယခုကာလတွင် အလုပ်အကိုင်တစ်ခုတွင် ထူးတက်ကိန်းရှိနေသည်။ သင်၏ လေ့လာသင်ယူမှုများတွင်လည်း ကောင်း၊ ကန်ထရိုက်စာချုပ် ချုပ်ဆိုမှုတွင်လည်းကောင်း အခွင့်ကောင်းရှိနေသည်။ ကားသစ်တစ်စီးဝယ်ခြင်း၊ သို့မဟုတ် အိမ်သစ်တစ်လုံးဝယ်ခြင်းများတွင် ဖြစ်ပေါ်လာနိုင်ခြေမြင့်မားသည်။ သင်၏ လက်ထပ်ထိမ်းမြားရေးကို ရှောင်လွှဲရနိုင်မည်မဟုတ်ပါ။

ဦးတိုး(တက္ကသိုလ်)



www.burmeseclassic.com

www.burmeseclassic.com

# ဓနသိဋ္ဌနက္ခတ်ဖွားများအတွက် ဟောကိန်း

## (နက္ခတ် ၂၇ လုံး၊ ဘီလူးနက္ခတ်)

ကာလီဒ္ဒါချို(မြန်မာပြည်)

### ဓနသိဋ္ဌနက္ခတ်

မြန်မာ့နက္ခတ် ၂၇ လုံးထဲတွင် တစ်လုံးအပါအဝင် ဖြစ်ပြီး၊ အာကာသမာတ်ကို စိုးမိုးထားသည်ဟုဆိုသည်။ အချို့ နက္ခတ်များ၌မူ ပထဝီမြေဓာတ်ကို အစိုးရသည်ဟူ၏။ နက္ခတ်ကျမ်းများသည် တစ်ကျမ်းနှင့်တစ်ကျမ်း အနည်းငယ်စီ ခြားနားတတ်သည်ကို သတိချပ်သင့်သည်။ ဓနသိဋ္ဌနက္ခတ်ကို အဘိဓာန်ဋီကာကျမ်းတွင် ဥစ္စာဓနများကို မြှုပ်နှံရာနက္ခတ်ဟု ဖော်ပြထားပြီး၊ ရာဇမတ္တဏ်တွင် လုံးရေသချာမပြ၊ လက်ဖွဲ့သဏ္ဌာန်၊ လယုသင်္ဂဟ၌ မုရိုးစည်းသဏ္ဌာန်၊ အာကာသ သုတ္တရကျမ်းတွင်ကား လုံးရေပြ၏။ လေးလုံးသီးနှင့် တူသည်ဟု၍ ဖြစ်သည်။ မြန်မာတို့အဆိုအရ အင်ကြင်းသီးအသွင် သဏ္ဌာန် "အင်ကြင်းသီးသွင် လေးလုံးမြင်၊ မည်တွင် ဓနသိဋ္ဌ ဆို"ဟု စပ်ဆိုထားကြသည်။ ဤနက္ခတ်သည် အနောက်တိုင်း နက္ခတ်အခေါ် လင်းပိုင်ကြယ်စု ဖြစ်သည်။ သရဝဏ်နှင့် ဓနသိဋ္ဌ နက္ခတ်တို့သည် ကုံရာသီရုပ်၊ အိုးကိုင်ရေလောင်းနေပုံ၏ အနောက်မြောက်အရပ်တွင် နီးနီးကပ်ကပ် တည်ရှိနေကြသဖြင့် ရာသီခွင်နှင့် အတော်အလှမ်းဝေးသော်လည်း နေနှင့်လ ကြွှက်သွားလမ်းနှင့် မဝေးကွာ နီးစပ်စွာ တည်ရှိနေကြသော နက္ခတ်များ ဖြစ်သည်။ နက္ခတ်သချာသည် ၂၃ ဖြစ်ပြီး၊ ဘီလူးနက္ခတ် ဖြစ်သည်။ ဇန်နဝါရီလ ၁၅ ရက်မှ ၂၇ ရက်အတွင်း ပါဝင်သော အာကာသနယ်နိမိတ် အစိတ်အပိုင်းများကို ဓနသိဋ္ဌ နက္ခတ်က ပိုင်ဆိုင်ထားသဖြင့် ထိုနက္ခတ်များ အစိတ်အပိုင်းပေါ် နေ့ခေါ် လမင်းကြီး ဖြတ်သန်းကူးမြန်းသွားနေစဉ် မွေးဖွားကြသူများကို ဓနသိဋ္ဌစန်းယှဉ်နက္ခတ်ဖွားများ (သို့) နက္ခတ် ၂၃ လုံး၌ ဖွားမြင်ကြသူများဟု ခေါ်တွင်ကြသည်။ ဤနက္ခတ်ရှင်များသည် မြင့်မြတ်သော စိတ်ရှိကြ၍ လွတ်လပ်စွာ နေထိုင်လိုတတ်မည်။ ကြောက်ရွံ့ထိတ်လန့်ခြင်းကင်း၍ ဘေးအန္တရာယ်များကို ဖွတ်တိုးရင်ဆိုင်ဖယ်ရှားတတ်လိမ့်မည်။ လူကြီးလူကောင်းတို့၏ အလေးအမြတ်ပြုခံရတတ်ပြီး ဂီတအနုပညာကို ခံစားတတ်မည်။ စီးပွားရေးနက္ခတ်ဖြစ်ပြီး၊ ဤနက္ခတ်ရှင်များ၏ ဘဝ ပန်းရထား ခရီးလမ်းသည် အောက်ပါအတိုင်း ဖြစ်ကြလိမ့်မည်။

### အတွေးအခေါ်

ဤနက္ခတ်ရှင်များသည် အများအကျိုးကို တတ်အား သရွေ့ သယ်ပိုးဆောင်ရွက်ပေးတတ်သူများ ဖြစ်ပြီး။ အများက အထင်ကြီး လေးစားခင်မင်ကြကာ လူချစ်လူခင် ပေါများလိမ့်မည်။ မိမိတို့က အများတစ်ခုခုကို ပြောမိ၊ လုပ်မိလျှင်လည်း တောင်းပန်ပြောဆိုရန် ဝန်မလေး။ နှုတ်မနေးကြသူများ ဖြစ်သည်။ နှုတ်ထွက်စကား ချိုသာပြီး ဂီတအနုပညာ၌ မြတ်နိုးစိတ်ဝင်စားတတ်သူများ ဖြစ်ကြသည်မို့ အများနှင့်ဆက်ဆံရေး ကောင်းမွန်ပြေပြစ်တတ်ပြီး အသံကြားလျှင် သနားစိတ်ဝင်စားသူများ၍ မျက်နှာမြင်လျှင် ချစ်ခင်သူ ပေါများလိမ့်မည်။ အမျက် ဒေါသကို မျိုသိပ်ထားနိုင်ပြီး မေတ္တာရှေ့ထား ပြောဆိုဆက်ဆံ တတ်ကြသောကြောင့် မိတ်ဆွေပေါများကာ ရန်သူမရှိသလောက် နည်းပါးလိမ့်မည်။ ဤနက္ခတ်ရှင်တို့သည် မိမိတို့၏ ကိစ္စထက် အများသူတစ်ပါး၏ ကိစ္စများတွင် ပိုမိုစိတ်ဝင်စားတတ်ပြီး၊ တတ်နိုင်သမျှ ပါဝင်ဖြေရှင်းပေးတတ်သော စိတ်နှလုံးကောင်း ကြောင့် ထင်ပေါ်ကျော်ကြားနိုင်မည်။ ထိုသို့ ကူညီလုပ်ကိုင်ပေး သည့်အခါမျိုး၌လည်း လူပန်း၊ စိတ်ပန်းမဖြစ်တဲ့ ကျေကျေနပ်နပ် ဆောင်ရွက်ပေးတတ်သော မိမိတို့ကြောင့် အောင်မြင်သွားသူ များအတွက် ဂုဏ်ယူတတ်မည်။ တည်ကြည်၍ လူကြီးလူ ကောင်းဆန်တတ်ပြီး ကျက်သရေသိက္ခာနှင့် နေထိုင်တတ်သည်။ လူကြီးသူမတို့၏ ကျေးဇူးတရားကို ပဏာမပြုတတ်သူများ ဖြစ် သောကြောင့် အရွယ်သုံးပါးစလုံး၏ အားကိုးယုံကြည်မှုရရှိနိုင် ပါမည်။ ဒေါင်ကျကျ ပြားကျကျ ကျေနပ်တတ်သော ဒဿန ရှင်များ ဖြစ်ကြသည်။

www.burmeseclassic.com

## အလုပ်နှင့် စီးပွားရေး

မနုဿဗိန္ဒနက္ခတ်ရှင်များသည် ငွေနှင့်နီးပြီး ငွေကြေးနှင့် ပတ်သက်၍ မကြာခဏ ကံကောင်းတတ်သည်။ ထီးနှင့်တူသော နက္ခတ်ဖြစ်သောကြောင့် နေဒဏ်၊ လေဒဏ်၊ မိုးဒဏ်ကင်း၍ အရိပ်အာဝါသအောက်တွင် သက်သောင့်သက်သာ လုပ်ကိုင်စားသောက်နိုင်ပြီး ခိုင်ခံ့သော စီးပွားရေးလုပ်ငန်းမျိုးကို တည်ဆောက်အုတ်မြစ်ချနိုင်လိမ့်မည်။ ဤနက္ခတ်ရှင်များသည် အစိုးရဝန်ထမ်းအဖြစ် ပါဝင်လုပ်ကိုင်ရပါက စီမံကွပ်ကဲရေး၊ အုပ်ချုပ်ရေး၊ တရားရေးနှင့် ဒေသန္တရစီမံကိန်းလုပ်ငန်းများတွင် ပါဝင်လုပ်ကိုင်ရတတ်ပြီး၊ ရာထူးဌာနကြီးများတွင် တာဝန်ယူလုပ်ကိုင်ရကိန်း ကြုံတတ်သည်။ ကိုယ်ပိုင်လုပ်ငန်းမျိုးဖြစ်ပါက ဝန်ဆောင်မှုလုပ်ငန်း၊ ဟိုတယ်နှင့် ခရီးသွားလာမှုလုပ်ငန်း၊ စာပေနှင့် စာပေထုတ်လုပ်ဖြန့်ချိရေးလုပ်ငန်းနှင့် ကုန်ထုတ်လုပ်ငန်းများဖြင့် အကျိုးပေးနိုင်သည်။ ဂီတအနုပညာဘက်ကို ဝါသနာထုံ လိုက်စားသူများဖြစ်ပါက ပြည်သူချစ်သော အနုပညာကြယ်ပွင့် ဖြစ်တတ်သည်။ ဤနက္ခတ်ရှင်များသည် ဂီတအနုပညာလောက၌ စန်းရှိသူများ ဖြစ်ကြပြီး ရဲရဲတောက် အောင်မြင်ကျော်ကြားသူအများစုလည်း ဖြစ်ကြသည်။ မည်သို့ပင်ဆိုစေကာမူ မနုဿဗိန္ဒနက္ခတ်ရှင်များ၏ ကံဇာတာသည် နတ်တို့ဖန်ဆင်းသည့်အလား မကြာခဏ ရတနာပုံဆိုက်ကိန်း ကြုံရပါလိမ့်မည်။

## အချစ်နှင့် အိမ်ထောင်ရေး

ဤနက္ခတ်ရှင်များ၏ အချစ်သည် မိမိတို့က စိုးမိုးနိုင်မည့် အိမ်ထောင်ဖက်မျိုးနှင့် အကြောင်းပါတတ်ပြီး၊ သားသမီးရတနာ နည်းပါးတတ်သည်။ အချစ်နှင့် အိမ်ထောင်ရေးလမ်းခရီး၌ ချစ်သူက မိမိအပေါ် နှစ်နှစ်ကာကာ ချစ်မြတ်နိုးတတ်ပြီး အနှစ်နာခံ အလိုလိုက်တတ်သော ဘဝကြင်ဖော်မျိုးနှင့် ဆုံစည်းရေစက်ဆုံရကိန်း ကြုံမည်။ အကြောင်းအမျိုးမျိုးကြောင့် သာသနာ့ဝန်ထမ်း၊ အပျိုကြီး၊ လူပျိုကြီးဖြစ်ရတတ်သော ဇာတာမျိုးဖြစ်သောကြောင့် အရွယ်မလွန်မီ သင့်မြတ်မည့် ဖူးစာရှင်မျိုးနှင့် ထိမ်းမြားလက်ထပ်သင့်သည်။ ချစ်သူနှင့် ကံပေါ်တတ်သလို နှစ်ဖက်သော မိဘ၊ ဆွေမျိုးတို့၏ စီမံနေရာချထားပေးမှုဖြင့် ဆွေမျိုးနီးစပ်သူများနှင့် အကြောင်းပါတတ်ပြီး ဂိဘတို့၏ ပစ္စည်းအမွေဆက်ခံခွင့် ကြုံရတတ်သည်။ အိမ်ထောင်နိုင်မြဲသာယာပြီး အိုးအိမ်အတည်တကျနှင့် အခြေအရံ ပြည့်စုံလိမ့်မည်။ မနုဿဗိန္ဒနက္ခတ်သည် ဘီလူးနက္ခတ်ဖြစ်သောကြောင့် ဘီလူးနက္ခတ်တူချင်း ထိမ်းမြားလက်ထပ်ခြင်းသည် အကောင်းဆုံးဖြစ်သည်။ အကယ်၍ ဘီလူးနက္ခတ်တူ မဆုံစည်းနိုင်ပါက နတ်နက္ခတ်ကို ရွေးချယ်အိမ်ထောင်ပြုသင့်သည်။ လူနက္ခတ်ကို ရှောင်ရှားရပါမည်။

## ပညာရေး

မနုဿဗိန္ဒနက္ခတ်ရှင်များသည် ပညာရပ်မျိုးစုံ၌ အလွယ်တကူ သင်ကြားတတ်မြောက်နိုင်လိမ့်မည်။ စိတ်ဝင်စား ကြိုးစားအားထုတ်ကြမည်ဆိုလျှင် ဘာသာရပ်တိုင်း၌ ထိပ်ဆုံးက အောင်မြင်ထက်မြက်မည်။ ပြည်တွင်း၊ ပြည်ပနှစ်ဌာနတွင် ပညာသင်ယူခွင့်ကြုံပြီး လောကဓာတ်ပညာ၌ ကျွမ်းကျင်အကျိုးပြုလိမ့်မည်။

## ကျန်းမာရေး

ငယ်စဉ်တောင်ကျေး၌ ရောဂါအနည်းငယ် ထူပြောတတ်ပြီး သက်လတ်နှင့် သက်ကြီးပိုင်း၌ ကျန်းမာရေးကောင်းလာလိမ့်မည်။ ဝမ်းတွင် ဉပဒ်အနည်းအကျဉ်းခံစားရတတ်ပြီး မကြာခဏ နှာစေးချောင်းဆိုး ဖြစ်တတ်သည်မှအပ စိုးရိမ်ရန်မရှိပါ။ အအိပ်အစားမှန်လျှင် ကျန်မာရေး ဒေါင်ဒေါင်မြည်ကောင်းနေလိမ့်မည်။

## ရှောင်ရန်၊ ဆောင်ရန်

အဝါရောင်နှင့် အလွန်အကျွံ အယူသီးတတ်ခြင်းမှ ရှောင်ကြဉ်သင့်သည်။ အကောင်းဆုံးတွင်းထွက် ကျောက်မျက်ရတနာသည် ပတ္တမြားနှင့် နီလာဖြစ်သည်။ တစ်မျိုးမျိုးကို လက်စွပ်ကွင်း၍ ဝတ်ဆင်ထားလျှင် ကောင်းကျိုးထူးမည်။ လာဘ်စန်းပွင့်၍ ကံကောင်းစေသည့်အရောင်သည် အနီနှင့် အပြာရောင်ဖြစ်သည်။ ကျန်းမာရေး၊ ကြီးပွားရေး၊ အလုပ်အကိုင်အကြံအစည် မကောင်းလျှင် နှင်းဆီပန်း အနီရောင် (၇)ပွင့်ကို ဘုရားတင်လှူပူဇော်ပြီး အတောင်ပါသော ငှက်(၇)ကောင်ဘေးမဲ့လွှတ်၍ ဆုတောင်းပတ္ထနာပြုလျှင် မကောင်းမှုဟူသမျှကင်းပ၍ ကောင်းခြင်းမင်္ဂလာအဖြာဖြာနှင့် ပြည့်စုံမည်။ မနုဿဗိန္ဒနက္ခတ်ရှင်များသည် လောကီ၌ ခြေမွေးမီးမလောင်၊ လက်မွေးမီးမလောင် နေထိုင်ကောင်းစားပြီး လောကုတ္တရာ၌ မြင့်မားသောနတ်ပြည်နတ်ရွာသို့ စံမြန်းနိုင်ကြသူများ ဖြစ်ရပါလိမ့်မည်။

နိဂါတဖြင့် . . .

**ကာလီဒါ့ချ်(မြန်မာပြည်)**



www.burmeseclassic.com

www.burmeseclassic.com

# တရုတ်ဂမ္ဘီရဆရာကြီး ကြံကုံး

၏

# အိပ်မက်အဖွင့်ကျမ်း

## တက္ကသိုလ်မောင်တံခွန်

### (၁) လေညင်းသာ လမ်းလျှောက်သည်ကို မြင်မက်ခြင်း

(က) မိမိကိုယ်တိုင် လေညင်းသာ လမ်းလျှောက်သည်ကို မြင်မက်လျှင် အတိတ်နိမိတ် ကောင်း၏။

(ခ) အပျို၊ လူပျို လေညင်းသာ လမ်းလျှောက်သည်ကို မြင်မက်လျှင် မကြာမီ အိမ်ထောင်ကျကိန်းရှိ၏။

(ဂ) ဇနီး(မယား)နှင့်အတူ လေညင်းသာ လမ်းလျှောက်နေသည်ကို မြင်မက်လျှင် အိမ်ထောင်ရေး သာယာဝပြော၍၊ အေးချမ်းပျော်ရွှင်မှု ရှိပါလိမ့်မည်။

(ဃ) ပန်းခြံ၊ ဥယျာဉ်ထဲ၌ လမ်းလျှောက်သည်ကို မြင်မက်လျှင် ငွေဝင်ကိန်းရှိ၏။ ကြီးပွားမည်၊ စီးပွားတက်မည်။

(င) ကုန်သည်ဖြစ်သူသည် ဥယျာဉ်ထဲ၌ လေညင်းသာ လမ်းလျှောက်ကြောင်း မြင်မက်လျှင် ဈေးရောင်းကောင်းမည်၊ ကုန်သည်၏ လက်ထဲ၌ ငွေရွှင်နေမည် ဖြစ်၏။

(စ) မီးရထားပေါ်၌ လမ်းလျှောက်နေသည်ကို မြင်မက်လျှင် ခရီးဝေးသွားရန်ရှိမည်။ မိမိလိုအင်ဆန္ဒ ပြည့်ဝပါလိမ့်မည်။ ခရီးရှည်ဦးမည်။

(ဆ) သူငယ်ချင်းများနှင့်အတူ လေညင်းသာ လမ်းလျှောက်ကြောင်း မြင်မက်လျှင် အလုပ်ကိစ္စများ၌ ကူညီမစမည့်သူ ပေါ်ပေါက်မည်။ အကူအညီကောင်း ရရှိမည်။ အလုပ်ကိစ္စပြေလည်အောင်မြင်မည်။

(ဇ) ရန်သူနှင့်အတူ လမ်းလျှောက်သည်ကို မြင်မက်လျှင် ရန်သူက မကြာမီ အညံ့ခံ၊ အောက်ကျို့၊ လက်နက်ချနိုင်ဖွယ် ရှိမည်။

(ဈ) လူနာက လေညင်းသာ လမ်းလျှောက်နေသည်ကို မြင်မက်လျှင် မိမိကျန်းမာရေးအခြေအနေ ကောင်းမွန်လာသဖြင့် မကြာမီ ဆေးရုံမှ ဆင်းခွင့်ရရှိပါမည်။

(ည) တရားခံ၊ အကျဉ်းသားက ပန်းခြံတွင် ဇနီး(မယား)၊ သို့မဟုတ် ချစ်သူနှင့် လေညင်းသာ အတူလမ်းလျှောက်နေသည်ကို မြင်မက်ပါက မကြာမီ ထောင်မှ လျှော့ရက်များရရှိပြီး၊ လွတ်မြောက်လာပါလိမ့်မည်။ စိတ်ချမ်းသာပျော်ရွှင်မည်။

### (၂) အုတ်နံရံကို မြင်မက်ခြင်း

(က) မိမိအရှေ့တွင် အုတ်နံရံတည်ရှိနေသည်ကို မြင်မက်လျှင် အလုပ်ကိစ္စ အခက်အခဲကြုံမည်။ ရှေ့တိုးရန်အတွက် အနှောင့်အယှက်၊ အတားအဆီး၊ အဟန့်အတားများနှင့် ကြုံတွေ့ဖွယ်ရာ ရှိမည်။ အောင်မြင်မှု နှောင့်နှေးကြန့်ကြာမည်။ မျှော်လင့်ချက်ဝေးကွာရပါလိမ့်မည်။

(ခ) အုတ်နံရံကာရံထားသည်ကို မြင်မက်ရပြီး၊ အိမ်ခေါင်မိုးမရှိသော အိုးအိမ်ကိုသာ မြင်မက်ခဲ့လျှင် အတိတ်နိမိတ်မကောင်းပါ။ ကံဆိုးမည်၊ ကံဆိုးမိုးမှောင်ကျဖွယ် ရှိမည်၊ ဘေးအန္တရာယ်များမည်။ ဆင်ဆင်ခြင်ခြင်နေပါ။ သတိထားပါ။

(ဂ) အုတ်နံရံပေါ်သို့ တွယ်တက်နေရသည်ကို မြင်မက်လျှင် အလုပ်ကိစ္စအောင်မြင်ဖို့ရာ ခရီးရှည်နေဦးမည်။ ကြန့်ကြာမည်။ ဘဝရုန်းကန်မှု ဆက်လက်ပြုရပါဦးမည်။

(ဃ) အုတ်နံရံအက်ကွဲ၊ ပြိုလဲနေသည်ကို မြင်မက်လျှင် ဒုက္ခအမျိုးမျိုးနှင့် ကြုံတွေ့ရင်ဆိုင်ကြရပါလိမ့်မည်။

(င) ပန်းရန်သမားတစ်ဦးက အုတ်နံရံပြင်ဆင်နေသည်ကို မြင်မက်လျှင် ငွေရမည်။ ကြီးပွားချမ်းသာမည်။



www.burmeseclassic.com

www.burmeseclassic.com

## (၃) သစ်ကျားသီးကို မြင်မက်ခြင်း

(က) သစ်ကျားသီးများကို ဆွတ်ခူးစုစည်းနေသည်ကို မြင်မက်လျှင် ဒုက္ခဆင်းရဲတွင်း နက်နေပါဦးမည်။

(ခ) အိမ်ရှင်မက သစ်ကျားသီးကို မြင်မက်လျှင် မိမိ၏ မိသားစုအတွင်း၌ စိတ်မချမ်းမြေ့ဖွယ်ရာ ကြုံတွေ့မည်။ စိတ်ဆင်းရဲမည်။

(ဂ) သစ်ကျားသီးစားသောက်နေသည်ကို မြင်မက်ပါလျှင် ကျန်းမာပါလိမ့်မည်။

(ဃ) လူနာက သစ်ကျားသီးစားသောက်နေသည်ကို မြင်မက်လျှင် ကျန်းမာရေးအခြေအနေ ဆိုးဆိုးဝါးဝါး ရှိပါလိမ့်မည်။

(င) သစ်ကျားသီးမျ ား လက်ဆောင်ရရှိသည်ကို မြင်မက်လျှင် ငွေရမည်။ လက်ထဲ၌ ငွေရှင်မည်။

(စ) သူတစ်ပါးအား သစ်ကျားသီးလက်ဆောင်ပေးနေသည်ကို မြင်မက်လျှင် မိမိ၏နာမည်ဂုဏ်သတင်း ကြီးပါလိမ့်မည်။

(ဆ) ခရီးသွားသူ သစ်ကျားသီးစားသောက်နေသည်ကို မြင်မက်လျှင် နိုင်ငံခြားခရီးဝေး၊ ခရီးရှည်ထွက်ရပါလိမ့်မည်။ သို့မဟုတ် ပျော်ပွဲစားခရီးထွက်ရပါမည်။

## (၄) စစ်ပွဲ၊ စစ်မက်ဖြစ်ပွားသည်ကို မြင်မက်ခြင်း

(က) မိမိ၏ ပြည်တွင်း၌ စစ်မက်ဖြစ်ပွားနေသည်ကို မြင်မက်လျှင် ဝတ်မွတ်ဆင်းရဲခြင်း၊ ကူးစက်အနာရောဂါနှိပ်စက်ခြင်း ကြုံမည်။ ဒုက္ခရောက်ဦးမည်။ ကံဆိုးမိုးမှောင်ကျမည်။

(ခ) ကုန်သည်က မိမိနိုင်ငံ ပြည်တွင်းစစ်မက် ဖြစ်ပွားနေသည်ကို မြင်မက်လျှင် ဈေးရောင်းထိုင်းရပါလိမ့်မည်။ အရှုံးပေါ်မည်။ နိုင်ငံခြားသို့ သွားရောက်စီးပွားမရှာလေနှင့်။ မျှော်လင့်ချက်မရှိပါ။

(ဂ) စစ်ထဲ ဝင်ရောက်တိုက်ခိုက်နေရသည်ကို မြင်မက်ခဲ့ပါလျှင် ကံကောင်းမည်၊ ရာထူးတိုးမည်၊ လစာတိုးမည်၊ ဝင်ငွေကောင်းပါမည်။

(ဃ) သူခိုး၊ ဓားပြတစ်ဦးဦးက စစ်ပွဲထဲသို့ ပါဝင်ဆင်နွှဲနေရသည်ကို မြင်မက်လျှင် မကြာမီ အဖမ်းခံရပါလိမ့်မည်။ ထောင်နန်းစံရပါလိမ့်မည်။

(င) တရားခံ၊ အကျဉ်းသားက စစ်ပွဲဝင်ရောက်တိုက်ခိုက်နေရသည်ကို မြင်မက်လျှင် မကြာမီ ထောင်မှလွတ်မြောက်မည်။ ကံကောင်းမည်။

## (၅) သူရဲကောင်း၊ လူစွမ်းကောင်းကို မြင်မက်ခြင်း

(က) သူရဲကောင်း၊ လူစွမ်းကောင်းကို မြင်မက်လျှင် အတိတ်နိမိတ်ကောင်းမည်။ ကံကောင်းမည်။

(ခ) ကိုယ်ဝန်ဆောင်အမျိုးသမီးက သူရဲကောင်းကို မြင်မက်လျှင် မကြာမီ သန်မာသော သားယောကျ်ားလေး ဖွား မြင်ရရှိပါလိမ့်မည်။

(ဂ) ခရီးထွက်သူက သူရဲကောင်းကို မြင်မက်ပါလျှင် လမ်းခရီး၌ မတော်တဆ ထိခိုက်မှု ကြုံမည်။ သွေးထွက်သံယို မှုဖြစ်မည်။ သတိနှင့် သွားလာရပါလိမ့်မည်။

(ဃ) သူရဲကောင်းနှင့် စကားများ၊ ရန်ဖြစ်နေသည်ကို မြင်မက် လျှင် တိုက်ခိုက်မှုခံရမည်။ ဒုက္ခရောက်မည်။ ရန်သူနှင့် တွေ့မည်။ အန္တရာယ်များလှ၏။

(င) တရားခံ၊ အကျဉ်းသားက သူရဲကောင်းနှင့် တွေ့ကြုံရ ကြောင်း မြင်မက်လျှင် ထောင်ကျရက်ရှည်ဦး ည်၊ ထောင်မှ လွတ်ရက်ကြန့်ကြာဦးမည်။ ချုပ်ရက်ရှည်ပါ လိမ့်မည်။ ဒုက္ခရောက်ရပါဦးမည်။

(စ) လူနာက သူရဲကောင်းကို မြင်မက်လျှင် ကျန်းမာရေး ကောင်းမည်။ နေရဦးမည်။ သက်ရှည်မည်။

## (၆) ရေမိုးချိုးနေသည်ကို မြင်မက်ခြင်း

(က) မိမိရေမိုးချိုးနေသည်ကို မြင်မက်ရပါလျှင် ခရီးထွက်ရ ပါလိမ့်မည်၊ နိုင်ငံခြားခရီးထွက်ရမည်။ ကံကောင်းလှ၏

(ခ) ကိုယ်ဝန်ဆောင်အမျိုးသမီးက ရေမိုးချိုးနေသည်ကို မြင် မက်လျှင် မကြာမီ ကိုယ်ဝန်ရရှိပါလိမ့်မည်။

(ဂ) ကုန်သည်က ရေမိုးချိုးနေသည်ကို မြင်မက်ရပါလျှင် နိုင်ငံခြားသို့ သွားရောက် ရောင်းဝယ်ဖောက်ကားရမည် ငွေများဝင်မည်။ ကြီးပွားချမ်းသာမည်။ ကံထူးမည် ထီပေါက်ကိန်းရှိ၏။

(ဃ) တရားခံ၊ အကျဉ်းသားက ရေမိုးချိုးနေသည်ကို မြင်မက် ရပါလျှင် မကြာမီ လွတ်မြောက်ရပါလိမ့်မည်။ စိတ်ချမ်း သာမည်။ ပျော်ရွှင်မည်။

တက္ကသိုလ်မောင်တံခွန်

Ref:- တရုတ်အိပ်မက်အဖွင့်ကျမ်း
(ဟိုင်နန်မြို့၊ တရုတ်ပြည်)၊
၁၉၉၃ ခုနှစ်။



www.burmeseclassic.com

www.burmeseclassic.com


## ကြီးပွားအောင်မြင်ရေးအတွက်

# အကြံပြုချက်

**၁၇.၈.၂၀၁၃ မှ ၁၆.၉.၂၀၁၃ ထိ**

## ကျန်းမာရေး၊ စီးပွားရေးအကြံပြုချက်

ဆရာရွှေ(နက္ခတ္တဗေဒပညာရှင်)




ဇေယျတု သဗ္ဗမင်္ဂလာ၊ ကောဇာသက္ကရာဇ် ၁၃၇၅ ခု၊ ဝါခေါင်လဆန်း ၁၁ ရက်၊ ခရစ်သက္ကရာဇ် ၂၀၁၃ ခု၊ ဩဂုတ်လ ၁၇ ရက်၊ စနေနေ့ နံနက် ၀ နာရီ ၅၀ မိနစ် ၃၁ ဗက္ကန့်အချိန် တနင်္ဂနွေဂြိုဟ်နေမင်းသည် ကရကဋ်ရာသီမှ သိဟ်ရာသီသို့ ပြီသလင်၊ မနုစန်း၊ တနလင်္ာနဝင်း လင်္ဂစီးလျက် ပြောင်းခဲ့ပါသည်။

တနင်္ဂနွေဂြိုဟ် စူဠသင်္ကြန်ပြောင်းအရ လ စန်းဂြိုဟ်တို့၏ အနေအထားအရ ဖြစ်ပေါ်လာနိုင်သော အလုပ်အကိုင်စီးပွားရေး၊ ကျန်းမာရေးတို့ကို အကြံပြုသွားပါမည်။



www.burmeseclassic.com

www.burmeseclassic.com

## ကျန်းမာရေးနှင့် ဘေးဥပဒ်အန္တရာယ်အတွက် အကြံပြုချက်

တနင်္ဂနွေပြောင်းလင်မှ ဂြိုဟ်အများစုတို့သည် စနေ-ရာဟု တို့ လွှမ်းမိုးထားသည်ကို တွေ့ရပါသည်။ ဤအချက်က ကျန်းမာရေးဂရုစိုက်ရန် လိုအပ်၏။ စနေကို စနေမြင်ထား ခြင်းကြောင့် ကျန်းမာရေးအားနည်းမည်ကို ဖော်ပြ၏။ အအေး ပတ်မခံပါနှင့်။ ခမ်း ရင်တို့တွင် ဥပဒ်ပေးနိုင်၍ အစားအသောက် ဂရုစိုက်ပါ။ စနေ၊ ရာဟုတို့ တူရာသီတွင် ပူးယှဉ်ခြင်းသည် လူတို့တွင် ဥပဒ်မကင်းတတ်၍ အသွားအလာ၊ အလုပ်အကိုင်များ ဂရုစိုက်သွားအပ်ပါသည်။

## အလုပ်အကိုင်နှင့် စီးပွားရေးအနေအထား

အလုပ်အကိုင်၊ စီးပွားရေးနှင့်ပတ်သက်၍ ကောင်းကျိုး ဆိုးပြစ်တို့ ရောနေကြောင်း တွေ့ရ၏။ ကောင်းကျိုးများကတော့ အလုပ်အကိုင်၊ အရောင်းအဝယ်များ ထိုက်သင့်စွာ ကောင်းမွန် ပါမည်။

သတိထားရန်မှာ ငွေရေးကြေးရေးကိစ္စများ သတိထားပါ။ ၁၂ တန့်နှင့် ၈ တန့်သခင်တို့ ၂ တန့် ငွေကြေးဌာနတွင် ရပ်တည်နေသည်ကို ရာဟုမြင်ထားခြင်းက ငွေကြေးမတည်ငြိမ် တတ်ကြောင်း ဖော်ပြနေပါသည်။ အလိမ်အကောက်များလည်း ပေါ်များတတ်၏။ ငွေကြေးလက်မလွှယ်ပါနှင့်။ အခက်အခဲများ ရှိတတ်ပါသည်။ အဓိက ငွေကြေးအာမခံပေးခြင်းမျိုး ရှောင်အပ် ပါသည်။

### ၁။ စက်မှုလက်မှုလုပ်ငန်းများ

စက်မှုလက်မှု လုပ်ငန်းကို အကျိုးပြုသော အင်္ဂါဂြိုဟ်သည် ၁၂ တန့်သခင်ဖြစ်ပြီး ရာဟုမြင်ထားခြင်းကြောင့် လုပ်ငန်းများ အခက်အခဲရှိနိုင်ပါသည်။ စက်အပျက်အစီးများတတ်၍ ဂရုစိုက် ပါ။ ထိန်း၍ လုပ်ကိုင်သွားအပ်ပါသည်။ စက်ပစ္စည်းများလည်း အခက်အခဲရှိတတ်ပါသည်။

### ၂။ လယ်ယာလုပ်ငန်း

လယ်ယာလုပ်ငန်းကိုအကျိုးပြုသော တနင်္လာနှင့် သောကြာဂြိုဟ်တို့ ရပ်တန့်မှုအနေအထား အားနည်းကြောင်း တွေ့ရသဖြင့် လယ်ယာလုပ်ငန်းများ အခက်အခဲရှိနိုင်ပါသည်။ သောကြာနိစ်မိထားသဖြင့် ပိုးမွှားရောဂါများ ဝင်တတ်၍ သတိ ထားအပ်ပါသည်။

### ၃။ မွေးမြူရေးနှင့် ရေလုပ်ငန်း

မွေးမြူရေးကိုအကျိုးပြုသော သောကြာဂြိုဟ်နှင့် တနင်္လာ တို့မှာ သောကြာနိစ်၊ တနင်္လာ ၈ တန့်နှင့် ဆက်သွယ်နေသဖြင့် ရောဂါဘယ ဝင်နိုင်ပါသည်။ ဂရုစိုက်သွားအပ်၏။ ရေလုပ်ငန်း များလည်း မှန်းချက်မကိုက်တတ်ပါ။ သတိထားရန်မှာ စနေနှင့် ရာဟုတို့ လေရာသီတွင် ပူးယှဉ်နေသဖြင့် မုန်တိုင်းများ ကျတတ် ၍ ပင်လယ်သွားလုပ်ငန်းများ သတိထားအပ်ပါသည်။

### ၄။ ဆေးပစ္စည်းနှင့် ဆေးဝါးလုပ်ငန်း

ဆေးဝါးကို ဆေးဝါးလုပ်ငန်းကို အကျိုးပြုသော တနင်္ဂနွေ ဂြိုဟ်သည် အနေအထားကောင်းမွန်သဖြင့် ဆေးဝါးနှင့် ပတ်သက်သော လုပ်ငန်းများ ကောင်းမွန်မှုရှိပါမည်။ အဓိက အားဆေးများ ပို၍ရောင်းကောင်းပါမည်။ အစာကြေဆေးများ ကောင်း၏။

### ၅။ အချိုရည်နှင့် အအေးစုံလုပ်ငန်း

အချိုရည်နှင့် အအေးစုံလုပ်ငန်းကို အကျိုးပြုသော တနင်္လာ၊ ကြာသပတေးနှင့် သောကြာတို့ အနေအထား အားနည်းမှုရှိသဖြင့် အချိုရည်နှင့် အအေးစုံလုပ်ငန်းများ အားနည်း မှုရှိ၍ အရောင်းထိုင်းနိုင်ပါသည်။

### ၆။ အထည်အလိပ်လုပ်ငန်း

အထည်အလိပ်ကို အကျိုးပြုသော ဗုဒ္ဓဟူးနှင့် သောကြာ ဂြိုဟ်တို့ အနေအထားအားနည်း၍ အရောင်းထိုင်းနိုင်၏။ ဗုဒ္ဓဟူး ကို စနေမြင်ထားခြင်းက ထုတ်လုပ်မှု အားနည်းစေနိုင်သလို၊ သောကြာနိစ်မိထားခြင်းက အရောင်းထိုင်းနိုင်ပါသည်။

### ၇။ အလှကုန်လုပ်ငန်း

အလှကုန်လုပ်ငန်းကိုအကျိုးပြုသော သောကြာဂြိုဟ်နိစ် မိထားပြီး ၅ တန့်သခင်ကို စနေမြင်ထားခြင်းကြောင့် အလှကုန် နှင့် ပတ်သက်သော လုပ်ငန်းများ အဆင်မပြေတတ်ပါ။ အရောင်းထိုင်းနိုင်၏။ ဤကာလအတွင်း လုပ်ငန်းတိုးချဲ့မှုများ မပြုအပ်ပါ။

### ၈။ စာပေနှင့် စာပုံနှိပ်စက်လုပ်ငန်း

စာပေကိုအကျိုးပြုသော ဗုဒ္ဓဟူးနှင့် ကြာသပတေးဂြိုဟ်



www.burmeseclassic.com

www.burmeseclassic.com

တို့အား စနေ၊ ရာဟုတို့ မြင်ထားသဖြင့် လုပ်ငန်းများ ထင်သလောက် မပေါက်တတ်ပါ။ စာပုံနှိပ်စက်လုပ်ငန်းများလည်း အနည်းငယ် အားနည်းမှုရှိပါမည်။ စာပေထုတ်ဝေမှုများ အားနည်းပါမည်။ မှန်းချက်နှင့် မကိုက်တတ်ပါ။

## ၉။ ရုပ်ရှင်အနုပညာနှင့် ဂီတအနုပညာလုပ်ငန်းများ

ရုပ်ရှင်အနုပညာကို အကျိုးပြုသော သောကြာသည် နိစ်အိမ်ဖြစ်သော်လည်း အနုပညာကို အကျိုးပေးသော ၅ တန့်ဘာဝဖြစ်၍ ရုပ်ရှင်လုပ်ငန်းများ အကျိုးရှိမည်ဖြစ်၏။ နိစ်မိထား၍ အခက်အခဲရှိသော်လည်း အောင်မြင်ပါမည်။ ဂီတလုပ်ငန်းကတော့ အခက်အခဲရှိနိုင်၏။

### ၁၃နစ်ရက်သားသမီးများအတွက် အကြံပြုချက်

**တနင်္ဂနွေသားသမီးများ** အလုပ်အကိုင်များ ကောင်းမွန်မှုရှိမည်။ ကိုယ်ပိုင်လုပ်ငန်းများ ပိုကောင်းပါမည်။ ဝန်ထမ်းများကတော့ ပုံမှန်တိုးတက်မှုမျိုး ရှိမည်။ ကျန်းမာရေးအနေအထားကောင်းပါမည်။

**ပြုအပ်သောယတြာ** - အုန်းညွန့် ၆ ညွန့်ကို ဆီမီး၊ ရေချမ်းတို့ဖြင့် မွေးနေ့တွင် အိမ်ကဘုရားဌ ကပ်လှူပါ။ လိုရာဆုတောင်းပါ။

**တနင်္လာသားသမီးများ** ဂ တန့်တွင် ကြာသပတေးနှင့် ဆက်သွယ်နေသဖြင့် အလုပ်အကိုင်များ အဆင်မပြေမှု ရှိမည်။ ကျန်းမာရေးကို ဂရုစိုက်ပါ။ ငွေကြေးကိစ္စများ လက်မလွှယ်ပါနှင့်။ အာမခံခြင်းမျိုး ရှောင်ပါ။ ပြဿနာပေါ်တတ်ပါသည်။

**ပြုအပ်သော ယတြာ** -ကံ့ကော်ညွန့် ၁၅ ညွန့်ကို ရေသက်စေ့ ဖန်ခွက်တွင်စိုက်ပြီး မွေးနေ့တွင် အိမ်ကဘုရားဌ ကပ်လှူပါ။ လိုရာဆုတောင်းပါ။

**အင်္ဂါသားသမီးများ** အသုံးအစွဲများနေတတ်သော ကာလဖြစ်၏။ စိတ်မြန်ကိုယ်မြန် ဆောင်ရွက်မှုများ ရှောင်ပါ။ မတော်တဆထိခိုက်မှုများ ဖြစ်တတ်ပါသည်။ အလုပ်အကိုင်များအနေနဲ့ သင့်တင့်မှုရှိပါသည်။

**ပြုအပ်သောယတြာ** - စွယ်တော်ညွန့် ၁၉ ညွန့်ကို မွေးနေ့တွင် အိမ်ကဘုရားဌ ဆီမီး၊ ရေချမ်းတို့ဖြင့် ကပ်လှူပါ။ လိုရာဆုတောင်းပါ။

**ဗုဒ္ဓဟူးသားသမီးများ** အနေဖြင့် ကျန်းမာရေး ဂရုစိုက်ပါ။ အလုပ်အကိုင်ကောင်းပါသည်။ ကိုယ်စားလှယ်လုပ်ငန်း၊ ပွဲရုံလုပ်ငန်းများ ကောင်း၏။ အစားမှား၊ အအေးပတ်၍ ကျန်းမာရေးအားနည်းတတ်ပါသည်။

**ပြုအပ်သောယတြာ** - ခရေညွန့် ၁၇ ညွန့်ကို မွေးနေ့တွင် ဆီမီး၊ ရေချမ်းတို့ဖြင့် အိမ်ကဘုရားတွင် ကပ်လှူပါ။ လိုရာဆုတောင်းပါ။

**ကြာသပတေးသားသမီးများ** ငွေရေးကြေးရေး ကိစ္စများ သတိထားပါ။ ချေးငှားခြင်း၊ တစ်ဦးတစ်ယောက်အတွက် အာမခံကြေးပေးခြင်းများ ရှောင်ပါ။ ပြဿနာပါလာတတ်ပါသည်။ ကျန်းမာရေး ဂရုစိုက်ပါ။ အစားမှား၊ ဆေးမှား ရှိတတ်ပါသည်။ အပူအစပ်ရှောင်ပါ။

**ပြုအပ်သောယတြာ**-သပြေညွန့် ၅ ညွန့်ကို မွေးနေ့တွင် အနံ့ကြိုင်ပါးအား ရည်စူး၍ အိမ်ကဘုရားဌ ကပ်လှူပါ။ လိုရာဆုတောင်းပါ။

**သောကြာသားသမီးများ** အလုပ်အကိုင်များ ကောင်းပါမည်။ အခက်အခဲ၊ အတိုက်အခံတော့ ရှိနိုင်၏။ ဝန်ထမ်းများလုပ်ငန်းခွင် အဆင်ပြေတတ်ပါ။ ကျန်သည်များ ကောင်း၏။ ကျန်းမာရေးအနေအထားလည်း ကောင်းပါသည်။

**ပြုအပ်သောယတြာ**-သီဟိုဠ်ညွန့် ၆ ညွန့်ကို မွေးနေ့တွင် အိမ်ကဘုရားဌ ဆီမီး၊ ရေချမ်းတို့ဖြင့် ကပ်လှူပေးပါ။ လိုရာဆုတောင်းပါ။

**စနေသားသမီးများ** အလုပ်အကိုင်များ ကောင်းပါမည်။ ကိုယ်ပိုင်လုပ်ငန်းရော၊ ဝန်ထမ်းပါ ကောင်း၏။ ကူးသန်းရောင်းဝယ်ရေးတော့ အနည်းငယ်အားနည်း၏။ ကျန်းမာရေး ဂရုစိုက်ပါ။ အအေးပတ်မခံပါနှင့်။ ရာဟုပါဝင်နေ၍ အစားအသောက်လည်းများတက်ပါသည်။ အလုပ်အကိုင်ကတော့ ကောင်း၏။

**ပြုအပ်သောယတြာ**-ထန်းညွန့် ၁၀ ညွန့်ကို အဖျားတွင် လက်နှစ်သစ်ခန့် ထုံးသုတ်၍ မွေးနေ့တွင် အိမ်ကဘုရားဌ ကပ်လှူပါ။ လိုရာဆုတောင်းပါ။

သုခိအတ္တာနံ ပရိဟရ န္တု၊

ဆရာရွှေ(နက္ခတ္တဗေဒပညာရှင်)



www.burmeseclassic.com

www.burmeseclassic.com



# ပဋ္ဌာန်းတန်ခိုး အကျိုးအနုဿ(၉)

## ကိုယ်တိုင်ကြုံတွေ့ရသော ပဋ္ဌာန်းတန်ခိုး

**သူတော်စင်မင်းအောင်**

မြင်းခြံမြို့သည် မြန်မာနိုင်ငံ၏ အလယ်ပိုင်းတွင် တည်ရှိသော မိုးခေါင်ရေရှားရပ်ဝန်းအတွင်းမှာ ကျရောက်သဖြင့် ရာသီဥတုမမျှတပါ။ နွေအခါမှာ လွန်စွာပူပါသည်။ အပူဒီဂရီဖာရင်ဟိုက် ၁၁၀ မှ ၁၁၅ အထိ ရှိပါသည်။ ဆောင်းအခါမှာလည်း လွန်စွာအေးပါသည်။ နွေဦးပေါက် တပေါင်း–တန်ခူးရာသီမှာ လေပြင်းလေနီကြမ်းများ တိုက်ခတ်တတ်ပါသည်။ ထိုအချိန်မှာ လေပြင်းမုန်တိုင်းများကို အထူးသတိပြု နေကြရပါသည်။



www.burmeseclassic.com

www.burmeseclassic.com

သက္ကရာဇ် ခုနှစ်တော့ မမှတ်မိတော့ပါ။ တစ်နေ့ညနေပိုင်းမှာ မမျှော်လင့်ဘဲ လေနီကြမ်းကြီး တိုက်ခတ်သဖြင့် မြင်းခြံမြို့ အထက(၁)မှ အမိုးသွပ်ပြားခြောက်ချပ်တွဲကြီး မျှားတန်းသစ်သားပါတွဲလျက် လွင့်လာပြီး ကျွန်တော်တို့အိမ်မြောက်ဘက် ကွက်လပ်ထဲသို့ ကျလာပါသည်။ မြင်းခြံမြို့နယ် အားကစားကွင်း (ဘောလုံးကွင်းမှ) အမိုးသွပ်ပြား သုံးပြားတွဲလျက် မျှားတန်းသစ်သားကြီးက အားကစားကွင်းအရှေ့ဘက်တွင်ရှိသော ဦးအောင်ရွှေတို့အိမ် သစ်သားနံရံကို ဖောက်ထွင်းပြီး အိမ်ထဲအထိ ဖိုးဝင်သွားပါသည်။ ကံကောင်းလို့ အဲဒီနေရာမှာ လူရောက်မနေ၍ ထိခိုက်မှုတော့ လွတ်သွားပါသည်။ ကျွန်တော်တို့ အိမ်ဝိုင်းထဲ ကျလာတဲ့ သွပ်ပြားတွဲကို လာယူဖို့ အထက(၁) ကျောင်းအုပ်ကြီးထံသို့ ကျွန်တော်က သွားပြောသဖြင့် ဆရာကြီးက လက်သမားများကို အယူလွှတ်လိုက်ပြီး ကျေးဇူးတင်စကား ပြောပါသည်။

မြတ်စွာဘုရားသည် ဘုရားအဖြစ်ပွင့်တော်မူပြီးနောက် သတ္တာ-သတ္တာဟ စံနေတော်မူပြီး ပဋ္ဌာန်းဒေသနာတော်ကြီးကို သုံးသပ်ဆင်ခြင်တော်မူသောအခါမှာ ရှင်တော်မြတ်ကို သုံးသပ်ဆင်ခြင်တော်မူသောအခါမှာ ရှင်တော်မြတ်ဘုရား၏ ခန္ဓာတော်မှ ရောင်ခြည်တော် ခြောက်သွယ်တို့ ထွက်ပေါ်ပွင့်မြူးတော်မူကာ စကြဝဠာအနန္တသို့ ပျံ့နှံ့ထွန်းလင်း လွှမ်းမိုးတော်မူကြောင်းကို စာပေထဲမှာ ဖတ်ရှုမှတ်သားထားခဲ့ပါသည်။

ရှေးခေတ်က သက်ပန်းဆရာတော်ကြီးတို့ သီဟိုဠ်(ယခု သီရိလင်္ကာ)နိုင်ငံသို့ မြတ်စွာဘုရား၏ စွယ်တော်ဖူးမြော်ရန် သင်္ဘောဖြင့်သွားရာမှာ လမ်းတွင် လေပြင်းမုန်တိုင်း အန္တရာယ်နှင့် ကြုံတွေ့ရသောအခါမှာ ဆရာတော်ကြီးက သင်္ဘောဦးသို့ ကြွလာပြီး ပဋ္ဌာန်းဒေသနာတော်ကို ရွတ်ဖတ်လိုက်သဖြင့် လေပြင်းမုန်တိုင်း အန္တရာယ်မှ လွတ်မြောက်ခဲ့ကြောင်းကိုလည်း စာပေထဲမှာ ဖတ်ရှုရသဖြင့် မှတ်သားထားခဲ့ပါသည်။

မင်းကွန်းတိပိဋကဆရာတော်ကြီး ဦးဝိစိတ္တ၊ ဆဘိသံဃာယနာ အဖြေ ဆရာတော်ကြီး ပိဋကသုံးပုံ အာရုံပြန်ဖြေဆိုတော်မူစဉ် ပဋ္ဌာန်းဒေသနာတော်ကြီး ဖြေဆိုသောနေ့တွင် မိုးလေဝသဌာနက နောက်(၂)နာရီအတွင်းမှာ ရန်ကုန်မြို့သို့ ဦးတည်လာနေသော တစ်နာရီလျှင် မိုင် ၁၀၀ နှုန်းခန့် ပြင်းထန်သော လေမုန်တိုင်းကြီးလာနေသဖြင့် မြို့သူမြို့သားများ နီးရာမှာ ဝင်ရောက်ခိုလှုံကြဖို့ ရေဒီယိုကလည်း ကြေညာ၊ မြို့တွင်းမှာ အသံချဲ့စက်ဖြင့် လှည့်ပြီး သတိပေးကြေညာနေပါသည်။ လမ်းပေါ်မှာ သွားလာနေကြတဲ့ လူတွေလည်း နီးစပ်ရာမှာ ဝင်ခိုကြ၊ သွားနေတဲ့ ကားတွေလည်း ရပ်နားထားတော့ လမ်းတွေမှာ လူသူရှင်းနေပါတယ်။

နောက်တစ်နာရီခန့်အကြာမှာ မိုးလေဝသဌာနက ရန်ကုန်မြို့ကို ဦးတည်လာနေတဲ့ လေမုန်တိုင်းကြီးဟာ ဦးတည်ချက်လွဲသွားပြီး၊ ဖိလစ်ပိုင်ဘက်ကို ဦးလည်သွားပြီ၊ အန္တရာယ်ကင်းသွားပြီဟု ပြန်ပြီးကြေညာပေးပါသည်။ အဲဒီ လေမုန်တိုင်းကြီး ဘယ်လောက်ပြင်းထန်သလဲဆိုလျှင် ဖိလစ်ပိုင်နိုင်ငံမှာ တိုက်ခတ်သွားတဲ့ တစ်နာရီ မိုင် ၁၀၀ ခန့် လေမုန်တိုင်း တိုက်ခတ်ခံရတဲ့ လမ်းကြောင်းမှာရှိတဲ့ တိုက်တွေဟာ လွှနဲ့ပိုင်းဖြတ်ထားသလိုပဲ ဖြစ်ကျန်ခဲ့ပါသတဲ့ဟု ဘီဘီစီသတင်းမှာ ကြေညာပေးပါသည်။ ထိုအဖြစ်အပျက်အကြောင်းများကို မင်းကွန်းတိပိဋက ဆရာတော်ကြီးကိုယ်တိုင် ကျွန်တော့်အား ပြောပြခဲ့ပါသည်။

မင်းကွန်းတိပိဋက ဆရာတော်ကြီး ပိဋကသုံးပုံဖြေဆိုအောင်မြင်တော်မူပြီး "တိပိဋကဓရ ဓမ္မဘဏ္ဍာဂါရိက" ဘွဲ့တော်ရရှိပြီးနောက် မြင်းခြံမြို့သို့ ဆရာတော် ကြွရောက်တော်မူလာပါသည်။ အဲဒီအချိန်မှာ ဆရာတော်ကြီး၏ ဘုန်းကံ လျှမ်းလျှမ်းတောက်တက်နေတဲ့အခါမို့ ဆရာတော်ကြီးအား ကိုယ်တိုင်ဆွမ်းကပ်ခွင့်ရဖို့ဆိုတာ အလွန်ခက်ခဲပါသည်။ ကျွန်တော်ကလည်း ဆရာတော်ကြီးကို ကိုယ်တိုင်ဆွမ်းကပ်ချင်ပါသည်။ ကျွန်တော့်ဘဝက ပါမွှား၊ အနားကပ်နိုင်ဖို့ပင် မလွယ်ပါ။ သို့သော် အားမလျှော့ပါ။ ဆရာတော်ကြီး ဆွမ်းဘုဉ်းပေးသည့်အခါ ဘယ်ဟင်းကို ကြိုက်တတ်သလဲဆိုတာကို သိသူများဆီမှာ မေးရပါသည်။ မဟာဒုက်ထုံး နှလုံးမူပြီး ဖွဲ့နှံ့စုံစမ်းတော့ ဆရာတော်ကြီးက နက်ဖြန်မနက်မှာ အရုဏ်ဆွမ်းဘုဉ်းပေးပြီး မော်တော်နဲ့ မင်းကွန်းကို ပြန်ကြွမှာဟု သိရပါသည်။

ကျွန်တော်သည် ဈေးသို့သွားကာ ဒန်သတ္တု လေးဆင့်ချိုင့်ထမင်းချိုင့်ကိုဝယ်ပြီး ငါးကြင်းသား၊ ခရမ်းချဉ်သီး၊ ဘူးညွန့်တို့ကို ဝယ်ခဲ့ပါသည်။ ငါးကြင်းကို အရိုးမပါအောင် အလယ်သားကို ကြော်ပြီး ခရမ်းချဉ်သီးနှင့် ငါးကြော်ချက် ချက်ပါသည်။ ဘူးညွန့်ကို အရင့်များ မပါအောင် သေချာစွာသင်ပြီး ဘူးရွက်ကြော်ချက် ဟင်းချိုချက်ပါသည်။ စွန်တာနီပဲခြမ်းကြော်ကို ကြက်သွန်နီ၊ ပဲငံပြာရည်တို့နှင့် သုပ်ပါသည်။ ဆွမ်းတစ်ဆင့်၊ ငါးကြော်ချက်တစ်ဆင့်၊ ပဲကြမ်းကြော်သုပ်တစ်ဆင့်၊ ဘူးရွက်များကို သီးသပ်ပြန်ခပ်ထားပြီး ဟင်းချိုရည်ကို တစ်လုံးချိုင့်(နို့ချိုင့်)ထဲမှာ ထည့်ပါသည်။ ဆရာတော်ကြွမည့် "မော်တော်က စက်ဆရာကို သွားတွေ့ပြီး ဆရာတော်ကို ဆွမ်းကပ်တော့မှ ဟင်းချိုရည်ကို ပူအောင်နွေးပြီးမှ ဘူးညွန့်များ ပြန်ခပ်ပြီး ကပ်ပေးရန် သေသေချာချာ



www.burmeseclassic.com

www.burmeseclassic.com

မှာရပါသည်။

ထိုနေ့နံနက်စောစော အရုဏ်ဆွမ်းကို သပြေရိပ်တိုက်က ဦးဘသောင်း၊ ဒေါ်သောင်းရင်တို့ ကပ်မှာဟု စုံစမ်းသိထားသည့်အတိုင်း အရုဏ်အမီ ကျွန်တော်၏ ဆွမ်းချိုင့်ကိုယူပြီး ထိုတိုက်သို့ သွားပါသည်။ အရုဏ်ဆွမ်းဘုဉ်းပေးတာကို စောင့်ပြီး ဆရာတော်အရုဏ်ဆွမ်းကိစ္စပြီးတာနှင့်တစ်ပြိုင်နက် ဆရာတော်အနီးသို့ ကပ်သွားပြီး၊ ဆရာတော်ဘုရား ‥ ဆရာတော့်ကို နေ့ဆွမ်းကပ်ဖို့ လျှောက်ထားပြီးသူ ရှိပါပြီလားဘုရားဟု မေးလျှောက်တော့ ဒေါ်သောင်းရင်က ကျွန်မတို့ ချိုင့်နဲ့လှူလိုက်မှာပါဟု ပြောပါသည်။ ဒေါ်ဒေါ်တို့အနေနဲ့ အရုဏ်ဆွမ်းကပ်ခွင့်ရပြီးပါပြီ။ နေ့ဆွမ်းကပ်ဖို့ ဆရာတော့်ကို မလျှောက်ထားရသေးဘူးဆိုလျှင် ကျွန်တော့်ကို ခွင့်ပေးပါဟု ဒေါ်သောင်းရင်ကို ပြောရင်းကနေ တစ်ဆက်တည်း ဆရာတော်ကြီးဘုရား ‥‥ သနားသဖြင့် တပည့်တော်၏ နေ့ဆွမ်းအတွက် ဆွမ်းချိုင့်ကို အလှူခံတော်မူပါဘုရားဟု ဆရာတော်ကြီးကို လျှောက်ထားလိုက်ပါသည်။

ဆရာတော်ကြီးက ဒီလူက လူပါးဗျ။ သူနေ့ဆွမ်းကပ်မည့်အကြောင်း သူက ညကတည်းက ဘုရားရှိခိုးပြီး ဘုန်းကြီးကို စိတ်နဲ့ ကြိုတင်လျှောက်ထားပြီးသားဗျ။ ဒါယိကာမကြီး ဒေါ်သောင်းရင်တို့ကလည်း ဘုန်းကြီးကို အရုဏ်ဆွမ်းကပ်ဖို့သာ ပင့်ထားတာဆိုတော့ ဒီတကာလျှောက်ထားတဲ့ဆွမ်းကို ဘုန်းကြီးလက်ခံရတော့မှာဟု ဆရာတော်ကြီးက အမိန့်ရှိပါသည်။ ကျွန်တော်၏ ဝမ်းသာပီတိသည် ဖော်ပြ၍ ရေးသား၍ မရနိုင်အောင်ဖြစ်ရပါသည်။

ဒီနောက် ဆရာတော်ကြီးနှင့် ကျွန်တော် မတွေ့ရတော့ပါ။ သို့သော် ဒီတိပိဋကဆရာတော်ကြီးနှင့် ကျွန်တော်သည် ဘယ်ဘဝက ပဋ္ဌာန်းဆက်၊ ရေစက် နီးခဲ့သည်မသိပါ။ ၁၉၇၂ ခုနှစ်ထဲမှာ ကျွန်တော့်အား တော်လှန်ရေးအစိုးရ ထောက်လှမ်းရေးက ထိန်းသိမ်းပြီး အင်းစိန်ထောင်ထဲမှာ တစ်နှစ်တိတိ ချုပ်ထားခြင်းခံခဲ့ရပါသည်။ ကျွန်တော်ထောင်ကလွတ်ပြီး မကြာမီမှာ မင်းကွန်းဆရာတော်ကြီးက ကျွန်တော့်အား တွေ့ချင်သည်ဟု လူကြုံနှင့် မှာပါသည်။ ကျွန်တော်သည် ဆရာတော်ကြီးကို သွားတွေ့ ကန်တော့ပါသည်။ ဆရာတော်က မင်းထောက်လှမ်းရေးမှာ အနှိပ်စက်ခံခဲ့ရသလားဟု မေးပါသည်။ ကျွန်တော်က မခံခဲ့ရပါဘူးဘုရား။ ထောင်ထဲမှာသာ တိုက်ထဲမှာ ၆–လ နေရပြီး အဆောင်မှာ ၆–လ၊ တစ်နှစ်တိတိ ချုပ်ထားတာ ခံရပါတယ်ဘုရားဟု လျှောက်ထားသောအခါ "အေး ‥ အေး ကောင်းပြီ။ မင်း ‥ နိုင်ငံရေးဆက်မလုပ်နဲ့တော့။ ပုတီးသာ နာနာစိပ်ပြီးနေကွာ" တဲ့။ တပည့်တော် ပုတီးဘာကို စိပ်ရမှာလဲဘုရားဟု ကျွန်တော်က ပြန်မေးတော့ ဆရာတော်ကြီးက ပဋ္ဌာန်း ၂၄ ပစ္စည်းစိပ်ကွာ။ ဒါ့ထက်ကောင်းတာ ဘာမှမရှိဘူးဟု တိုတိုတုတ်တုတ်ပဲ အမိန့်ရှိပါသည်။ တင်ပါ့ဘုရားဟု ဆရာတော်အားလျှောက်ထားပြီးကတည်းက ကျွန်တော်သည် ပဋ္ဌာန်းကို ပုတီးစိပ်ပါသည်။ တစ်ခါတစ်ရံ ပဋ္ဌာန်းပစ္စယ နိဒ္ဒေသပါဠိကို အဓိဋ္ဌာန်ဖြင့် တစ်နှစ်ပတ်လုံး ရွတ်ပါသည်။

တစ်ညနေမှာ လမ်းပေါ်က [illegible]တွေ ဆူဆူညံညံနဲ့ အော်ဟစ်ပြောနေတာကို ကြားသဖြင့် ဘာဖြစ်တာလဲဟုသိရအောင် အိမ်ထဲကထွက်ပြီး နားထောင်လိုက်တော့ မြင်းခြံမြို့ဘက်ကို ဦးတည်တိုက်ခတ်လာတဲ့ လေနီကြမ်းကြီးဟာ ကောင်းကင်နဲ့ အပြည့်၊ နီနီရဲရဲ လေမုန်တိုင်းကြီးကိုကြည့်ပြီး လူတွေ အထိတ်တလန့် အော်ပြောနေတာကို တွေ့ရပါသည်။

ကျွန်တော်သည် အိမ်ဝိုင်းထဲပြန်ဝ
သွားပြီး လေနီကြမ်းကြီးကို ညာလက်ညှိ
နဲ့ထိုးလိုက်ပြီး "ဗုဒ္ဓံသရဏံ ဂစ္ဆာမိ၊ ဓ
သရဏံ ဂစ္ဆာမိ၊ သံဃံသရဏံ ဂစ္ဆာ
ဤသို့ မြတ်သောရတနာသုံးပါးအာ
ရှိသေစွာ ရှိခိုးရသော သစ္စာစကားကြေ
လည်းကောင်း၊ ကျွန်ုပ်နေ့စဉ်ရွတ်ပူဇေ
နေသော ပဋ္ဌာန်းဒေသနာ၏ တန်ခိုးတေ
ဇော် အာနုဘော်ကြောင့်လည်းကော
ယခုလာနေသော လေနီကြမ်းသည် လ
ရာလမ်းအတိုင်း နောက်သို့ပြန်သွားပါစေ
သတည်း"ဟု သစ္စာဆိုပြီးနောက် ပဋ္ဌာ
၂၄ ပစ္စည်းကို ဆက်ရွတ်လိုက်ပါသည်
သုံးခေါက်လောက်အပြီးမှာ လမ်းပေါ်က
လူတွေက "ဟာ ‥‥ ဆန်းလိုက်တာ
အံ့ဩစရာပဲဟော့၊ ကြည့်ကြ၊ ကြည့်ကြ
လေနီကြမ်းကြီး နောက်ပြန်လှည့်သွာ
ကွ၊ နောက်ပြန်လှည့်သွားပြီကွ"ဟု အေ
ပြောသံကြားရသဖြင့် ကျွန်တော် အိမ်
သို့ ထွက်ကြည့်သောအခါ အမှန်
လေနီကြမ်းကြီးသည် လာရာလမ်း
ဦးတည်ပြီး ပြန်သွားတာကို ကိုယ်တ
မျက်မြင်ဖြစ်ရပါကြောင်းပါ သူတေ
ကောင်းအပေါင်းတို့ ‥‥။

သတ္တဝါတွေ အေးချမ်းကြပါစေ
(ဆက်လက်ဖော်ပြပါမည်။)

**သူတော်စင်မင်းအော**



www.burmeseclassic.com

www.burmeseclassic.com



# ကွမ်ရင်မယ်တော်အား ဖူးတွေ့ခြင်း

ယခင်လမှအဆက်

## မျက်မြင်ကိုယ်တွေ့ဖြစ်ရပ်မှန်

## ကောတီအောင်သိန်း(ရန်ကုန်တက္ကသိုလ်)(၂၈-၅-၂၀၀၀)

### နောက်ကိုယ်တွေ့ ဖြစ်ရပ်မှန်တစ်ခု

ဒုတိယ ကမ္ဘာစစ်ကြီးဖြစ်ခါစ၊ ၁၉၃၉ ခုနှစ်၊ တရုတ်ပြည် ချန်းဆား ( 長沙 ) မြို့တွင်၊ အမေအိုကြီးတစ်ယောက်၏ ခြေချောင်းကလေး (ခြေသန်းကလေး)ရောင်ရမ်း ပြည်တည်ခြင်းကြောင့်၊ နာကျင်ကိုက်ခဲ့သည့် ဝေဒနာခံစားခဲ့ရာ လပေါင်းများစွာ မပျောက်ဘဲရှိခဲ့၏။



www.burmeseclassic.com

www.burmeseclassic.com

ကွမ်ရင်မယ်တော်အား တမ်းတရင်း ဂါထာတော်ကို ရွတ်ဆိုခဲ့၏။ ဆုတောင်းမေတ္တာပို့ခဲ့၏။

ၡင်းနောက် ညအိပ်ပျော်သည့်အခါ ကွမ်ရင်မယ်တော်က ထိုအမေအိုကြီးအား ဆေးနည်းပေးအိပ်မက်ပေးခဲ့၏။ အိပ်ရာမှ နိုးလာသည့်အခါ ကွမ်ရင်မယ်တော် အိပ်မက်မှ ပေးခဲ့သော ဆေးမြစ်ကို ဘကြီးဖြစ်သူ၏ အကူအညီဖြင့် ပင်ပန်းခက်ခဲစွာ ရှာဖွေတွေ့ရှိခဲ့လေသည်။

၎င်းဆေးမြစ်ကို ထောင်းပြီး ခြေချောင်းလေးအနာကို အုံပေးလိုက်ရာ ၄-၅ ရက် ခန့်ကြာသည့်အခါ အမေအိုကြီး၏ ပြည်တည်နာမှာ လုံးဝပျောက်ကင်း ချမ်းသာခဲ့သည်ဟု ဆိုပါသည်။ (မူရင်း စာအုပ်၊ စာမျက်နှာ-၁၁၉၊ တရုတ်ပြည်၊ ဖူးကျန်းပြည်နယ်၊ ပော့တျန်ကွမ်ဝှါးစီ ဘုရားကျောင်း ဗုဒ္ဓဘာသာပြန့်ပွားထွန်းကားရေး စာအုပ်စာပေထုတ်ဝေရေးဌာန၊ ၁၉၃၉ ခုနှစ်၊ ကွမ်ရင်မယ်တော်၏ တန်ခိုးကိုယ်တွေ့ ဖြစ်ရပ်မှန်များ ပေါင်းချုပ်စာအုပ်မှ ကောက်နုတ်ပြန်ဆို ဖော်ပြကိုးကားပါသည်။)

## ကွမ်ရင်မယ်တော် ကိုယ်တိုင်ကြွ မကြွ ပြဿနာရှင်းလင်းသုံးသပ်ချက်

ကွမ်ရင်မယ်တော်သည် လူသားတို့က ဂါထာတော်ကို ရွတ်ဆိုတိုင်း၊ တမ်းတတိုင်း၊ ဆုတောင်း မေတ္တာပို့တိုင်း လူနာများ၊ ဘေးဒုက္ခများ တွေ့ကြုံရင်ဆိုင်သူများအတွက် အထူးအိပ်မက်ပေး၍ဖြစ်စေ၊ ကိုယ်တော်တိုင်ကြွရောက်၍ဖြစ်စေ၊ ဆေးကုသပေးခြင်း၊ ကျရောက်နေလျက်ရှိသော ဘေးအန္တရာယ် ဒုက္ခအပေါင်းတို့ကို ဖယ်ရှားကယ်တင်ပေးခဲ့သည်ဟု တရုတ်လူမျိုးများတို့က သက်ဝင်ယုံကြည် ကိုးကွယ်ခဲ့၊ ကိုးကွယ်ဆဲ၊ ကိုးကွယ် လတ္တံ့ဖြစ်ပါသည်။

ထိုသို့ ကွမ်ရင်မယ်တော် ကိုယ်တော်တိုင် ကြွရောက်ခြင်းဟူသော သက်ဝင်ယုံကြည်ချက်မှာ မမှန်ဟု တရုတ်စာရေးဆရာကြီး ဘာသာရေးသမားတစ်ဦးဖြစ်သူ ပင်ပင် (冯 冯 Ping Ping ) က လင်းရောင်ခြည်ဘာသာရေး မဂ္ဂဇင်း ( 内 明 月 刊 =Nei Ming Magazine) တွင် အောက်ပါအတိုင်း သူ၏ကိုယ်တွေ့ ဖြစ်ရပ်မှန်နှင့် ယှဉ်ပြီး တင်ပြထောက်ပြ သုံးသပ်ဝေဖန်ထားသည်ကို တွေ့ရပါသည်။

အဆိုပါ ဆရာကြီးက・・・

ကျွန်ုပ်က ကွမ်ရင်မယ်တော်အား ဖူးတွေ့ခဲ့ဖူးပါတယ်။ ကျွန်ုပ် မြင်တွေ့ခဲ့ဖူးတဲ့ ကွမ်ရင်မယ်တော်ဟာ အိပ်မက်ထဲက ကွမ်ရင်မယ်တော်မဟုတ်ပါ။ စိတ်ကူးယဉ်တဲက ကွမ်ရင်မယ်တော်လဲ မဟုတ်ပါ။ ကျွန်ုပ်က မကြာခဏ ဆိုသလိုဖူးတွေ့ ခဲ့ရပါတယ်။

ဒါပေမယ့် ကွမ်ရင်မယ်တော်ရဲ့ ရုပ်ဒြပ်(ကိုယ်ထည်) ကို ဖူးတွေ့ခဲ့တာမဟုတ်ပါ။

ကျွန်ုပ်အမှန် ဖူးတွေ့ခဲ့တာကတော့ ကွမ်ရင်မယ်တော် လွှတ်လိုက်တဲ့ စွမ်းအင်အလင်းရောင်ခြည်ဟာ ကျွန်ုပ်ရဲ့ ဦးနှောက်ထဲမှ လျှပ်စစ်လှိုင်းနဲ့ ပူးကပ်ဆက်သွယ်မှုဖြစ်သွား ခဲ့တယ်၊ အဲဒီအလင်းရောင်ထဲမှ ကွမ်ရင်မယ်တော်ရုပ်ပုံလွှာ ကိုသာ ဖူးတွေ့ခဲ့ရခြင်းဖြစ်ပါတယ်။

အကြောင်းကတော့・・・ ကျွန်ုပ်ရဲ့ စိတ်လှုပ်ရှား ကျွန်ုပ်ရဲ့ တမ်းတမှု ကျွန်ုပ်ရဲ့ ဂါထာတော်ရွတ်ဆိုမှု တွေးဆမှု မေတ္တာပို့ဆုတောင်းမှု အစရှိတဲ့ ဓမ္မာရုံ (တရားအာရုံ) တွေ စိတ်လှိုင်း၊ စိတ်၏ ဆက်သွယ်မှုတွေဟာ မယ်တော် ဘုရားဆီသို့ ချက်ချင်းရောက်ရှိ ဆက်သွယ်မိသွားခဲ့တယ်

ဒီတော့ ကွမ်ရင်မယ်တော်ဘုရားကလဲ ၎င်းရဲ့ တန်ခိုးစွမ်းအင်ဖြင့် ချက်ချင်းမိနစ် စက္ကန့်မဆိုင်း သိကြား မြင်တွေ့တော်မူတယ် ဆိုလိုသည်မှာ လူသားတို့က တမ်းတ လိုက်တိုင်း ဆုတောင်း မေတ္တာပို့လိုက်တိုင်း၊ ကွမ်ရင် မယ်တော်ဘုရားက ၎င်းရဲ့ တန်ခိုးစွမ်းအင်ဖြင့် ချက်ချင်း ကြားသိ သိရှိနိုင်ပါတယ်။

တစ်နည်းအားဖြင့် ဆိုရသော် ကျွန်ုပ်တို့ရဲ့ ဦးနှောက် ထဲမှာ လျှပ်စစ်လှိုင်းများရှိနေတဲ့အတွက် အဲဒီလျှပ်စစ်လှိုင်း များတွေ စုစည်းလိုက်တဲ့အခါ ထူးခြားသော စွမ်းအင် တစ်မျိုး ဖြစ်ပေါ်လာခဲ့တာပါပဲ။

အဲဒီလျှပ်စစ်လှိုင်း၊ စွမ်းအင်နဲ့ ဆက်သွယ်မှုရရှိသွား တဲ့အခါ ကွမ်ရင်မယ်တော်ရဲ့ကိုယ်စား အလင်းရောင်စွမ်းအင် ဖြစ်ပေါ်လာခြင်းပဲ ဖြစ်ပါတယ်။



www.burmeseclassic.com

www.burmeseclassic.com

အတုမရှိ ကွမ်ရင်မယ်တော်ရဲ့ ထူးခြားသော(စူပါ) တန်ခိုးစွမ်းအင်များတွေဟာ ကွမ်ရင်မယ်တော်ရဲ့ ရုပ်ပုံလွှာ သဏ္ဍာန်ကို ဖန်တီးဖြစ်ပေါ်လာခဲ့တယ်။

ကွမ်ရင်မယ်တော် ကိုယ်တော်တိုင် ကြွရောက် လာခြင်းမဟုတ်ပါ။ ကွမ်ရင် မယ်တော်ကိုယ်တိုင် ကြွရောက် လာနိုင်စရာအကြောင်းလဲ မရှိပါ။ ကွမ်ရင်မယ်တော်အား နေ့စဉ် ညစဉ် ကမ္ဘာအရပ်ရပ်၌ တမ်းတ ဆုတောင်း မေတ္တာပို့သူများမှာ မရေမတွက်နိုင်အောင် များပြားလှတာမို့ ဒီလောက် ကိုယ်ခွဲများများ ဖန်တီးပြီး သွားရောက်ကုသ နိုင်မှာမဟုတ်ပါ။

ဒီတော့ ဘုရားအဖြစ်သို့ရောက်ရှိတော်မူတဲ့ ကွမ်ရင် မယ်တော်ဘုရားဟာ သူရဲ့ တန်ခိုးစွမ်းအင်ဖြင့်သာ ပုံတူ ရုပ်ပုံလွှာ၊ ရုပ်ပုံရိပ်ဖန်တီး၍ လူ့ပြည်သို့ကြွရောက်ပြီး၊ ဆေး ကုသပေးခြင်း၊ ဘေးဒုက္ခ၊ အန္တရာယ်အဖုံဖုံတို့ကို ဖယ်ရှား သုတ်သင်ရှင်းလင်း ပေးတော်မူပါတယ်။

စင်စစ် တန်ခိုးစွမ်းအင်ဆိုသည်မှာ ရုပ်ဝတ္ထု၊ ရုပ်ဒြပ်၊ အကောင်အထည်မရှိပါ။ မြင်သာမြင်နိုင်ပေမဲ့၊ ကိုင်ကြည့်၍ မရနိုင်ပါ။

ဒါပေမဲ့ တန်ခိုးစွမ်းရည် ထက်မြက်လှသဖြင့် တစ်ချိန် တည်း၊ တစ်ပြိုင်နက်တည်း၊ ကမ္ဘာအရပ်ရပ်၊ အရပ်မျက်နှာ သို့တိုင် တန်ခိုးတော်စွမ်းအင်၊ အလင်းရောင်ခြည်တော်များ ဖြာထွက်၊ ကွန့်မြူးတော်မူတယ် (အရပ်ဆယ်မျက်နှာ ဆိုသည်မှာ (၁) အရှေ့အရပ်၊ (၂) အနောက်အရပ်၊ (၃) တောင်အရပ်၊ (၄) မြောက်အရပ်၊ (၅) အရှေ့တောင် အရပ်၊ (၆) အရှေ့မြောက်အရပ်၊ (၇) အနောက်တောင် အရပ်၊ (၈) အနောက်မြောက်အရပ်၊ (၉) အပေါ်အရပ်၊ (၁၀) အောက်အရပ် စသည် တို့ဖြစ်ပါသည်။)

ထိုဆရာကြီးက ဆက်လက်၍ ဆိုထားညွှန်ပြထား သည်မှာ . . .

"စကြဝဠာဆိုတာ၊ အစ အဆုံးမရှိပါ . . .
စကြဝဠာထဲတွင် မမြင်နိုင်တဲ့ စွမ်းအင်တွေ ရှိနေပါတယ်၊ တစ်နည်းအားဖြင့်ဆိုလျှင် ရုပ်ဒြပ်၊ ရုပ်ဝတ္ထု ပစ္စည်းနဲ့ ရုပ်ဝတ္ထုပစ္စည်းမဟုတ်သော စွမ်းအင်များ တစ်ခုနဲ့တစ်ခု ရောထွေးယှက်တင် (ရောပြွမ်း)၍ နေပေတယ်၊

တစ်နည်း ရုပ်ဒြပ် (ရုပ်ဝတ္ထုပစ္စည်း) များ တည်ရှိနေတဲ့ စကြဝဠာထဲမှာ ရုပ်ဒြပ်မဟုတ်တဲ့ စွမ်းအင် (နာမ်)ရှိနေသလို၊ စွမ်းအင် (နာမ်)များ ထဲမှာလဲ ရုပ်ဒြပ် (ရုပ်ဝတ္ထုပစ္စည်း)များ ရှိနေပြန် ပေတယ်။

ဒီတော့ ငါတို့ လူသားတွေဟာ ရုပ်ဒြပ် (ရုပ်ဝတ္ထု) ပစ္စည်းနဲ့သာ စပ်ဆိုင်နေတာပေါ့၊ ငါတို့ လူသားတွေဟာ၊ စွမ်းအင် (နာမ်)ကို မမြင်နိုင် သလို ဗလာနတ္ထိ သဘောရှိသလို၊ စွမ်းအင် (နာမ်)ကလဲ၊ စာရေးသူတို့ လူသားတွေကို မမြင်နိုင်တဲ့သဘော၊ ဗလာနတ္ထိသဘော ရှိပေ တယ်၊ ဆန့်ကျင်ဘက် သဘာဝနိယာမ တရားကြောင့်ပဲ ဖြစ်တယ်လို့ဆိုရမယ်၊ ဒါပေမဲ့ ကွမ်ရင်မယ်တော်ဘုရားမှာ မိမိကိုယ် မိမိ အမျိုးမျိုး ဖန်ဆင်းနိုင်သော အကြားအမြင်ရှိသော တန်ခိုး စွမ်းအင် ဣဒ္ဓိဝိဓ (Supernatural Power) ရှိပေတယ် ( 千种化身 ) ဒါကြောင့် လူသားများကို ဘေးဒုက္ခရောက်ရှိနေတာကို သိမြင်နိုင်စွမ်းရှိပြီး၊ ကယ်တင် မ,စ နိုင်စွမ်း လဲရှိပေတယ် လို့ ဆရာ ... ဆိုထားပြန် တယ်။

## ကွမ်ရင်မယ်တော်အား အသွင်သဏ္ဍာန်အမျိုးမျိုးဖြင့် ဖူးတွေ့ရသည်ဆိုခြင်း

တစ်ခုထူးခြားသည်ကား ကွမ်ရင်မယ်တော်၏ တန်ခိုး စွမ်းရည်ကြောင့်ပင် လူသားတို့က ကွမ်ရင်မယ်တော်အား အမျိုးသမီး အသွင်ပုံသဏ္ဍာန်အဖြစ်နှင့် ဖူးတွေ့လိုက်၊ ယောက်ျားအမျိုးသား ပုံသဏ္ဍာန်အဖြစ်နှင့် ဖူးတွေ့လိုက်၊ တစ်ခါတရံတွင်မူ အမယ်အို၊ အဖွားကြီးရုပ်ပုံသဏ္ဍာန်အဖြစ် နှင့် ဖူးတွေ့လိုက် . . . စသည်ဖြင့် အမျိုးမျိုးမြင်တွေ့ ဖူးတွေ့ ရသည်ဆို၏။



www.burmeseclassic.com

www.burmeseclassic.com

စင်စစ်သော်ကား ကွမ်ရင်မယ်တော်ဘုရားမှာ လူသားတို့မြင်နိုင်စွမ်းမရှိသော တန်ခိုးဣဒ္ဓိဝိဓ (Supernatural Power) ဖြင့် လူသားတို့ကို ဆေးကုသပေးခြင်း၊ ကြုံတွေ့ကျရောက် ရင်ဆိုင်နေရသော ဘေးဒုက္ခအန္တရာယ်အသွယ်သွယ်တို့ကို ပပျောက်အောင်ဖယ်ရှားကာ သုခချမ်းသာခြင်းသို့ ကယ်တင်ပြီး ပို့ဆောင်ပေးလျက်ရှိပေသည်။

သို့ရာတွင် ရှေးအစဉ်အလာလူသားတို့ ယုံမှတ်မှားခဲ့သလို မယ်တော်ဘုရား ကိုယ်တော်တိုင် ကြွရောက်လာခဲ့ခြင်းလုံးဝ မဟုတ်ပေ။ ဤသည်ကို စာဖတ်ပရိသတ်တို့ ရှင်းလင်းသိရှိဖို့ လိုအပ်လှပါသည်။

ကွမ်ရင်မယ်တော်ဘုရားအား အမျိုးသမီးပုံသဏ္ဌာန်နှင့်ပဲ ဖူးတွေ့ ဖူးတွေ့ အမျိုးသားပုံသဏ္ဌာန်နှင့်ပဲ ဖူးတွေ့စေကာမူ ကွမ်ရင်မယ်တော်၏ ကိုယ်စားပြုသော အလင်းရောင်ခြည် တန်ခိုးစွမ်းအင် အစစ်အမှန်ဖြစ်သည်ကိုမူ လူသားတို့လက်ခံယုံကြည်ရပေမည် ဟု ဆရာကြီးက တိုက်တွန်းရေးသားထားပါသည်။

ထို့ကြောင့် လူသား၏ ဘေးရန် ဒုက္ခအန္တရာယ်အပေါင်းနှင့် ရင်ဆိုင်ကြုံတွေ့ဝိုင်း၊ ကွမ်ရင်မယ်တော်ဘုရားအား သတိရ၊ တမ်းတ ဂါထာတော်ရွတ်ဆို ရှိခိုးပူဇော်ကန်တော့လိုက်မည်ဆိုလျှင် သို့တည်းမဟုတ် အတိုကောက်အားဖြင့်...

"န မော ကွမ် စီ အင်း ဖု စပ်
န မော အို မီ့ တို ဖွပ် "

ဟူ၍ သုံးကြိမ်ရွတ်ဆို နံနက်တစ်ခါ၊ နေ့လည်တစ်ခါ၊ ညတစ်ခါ ရွတ်ဆိုဆုတောင်း မေတ္တာပို့လျှင် ဘေးဒုက္ခအန္တရာယ်အပေါင်းတို့မှ လွတ်မြောက်၍ သုခချမ်းသာခြင်းသို့ရောက်ရှိ ရရှိနိုင်မည်ဖြစ်ကြောင်း ကောက်နုတ်ပြန်ဆိုရေးသားနှိုးဆော်တိုက်တွန်းလိုက်ရပေသည်။

ကေတီအောင်သိန်း

(ရန်ကုန်တက္ကသိုလ်)

(၃၀-၅-၂၀၀၀) နံနက်(၂)နာရီ ၃၀ မိနစ်စာပြီး၏။

Ref by : (မှီငြမ်းကိုးကားချက်)

(၁) လင်းရောင်ခြည် ဘာသာရေးမဂ္ဂဇင်း
Nei Ming Magazine
Hong Kong
၁၉၇၉ ခုနှစ်၊ မေလ (၁)ရက်နေ့ ထုတ်ဝေ၊ အတွဲအမှတ် (၈၆)
内明月刊 (86)期

(၂) ကွမ်ရင်မယ်တော်၏ တန်ခိုးဣဒ္ဓိဝိဓနှင့်
ကိုယ်တွေ့ဖြစ်ရပ်မှန်များ ပေါင်းချုပ်။
တရုတ်ပြည်မကြီး ဖူးကျန့်ပြည်နယ်၊ ဗုဒ္ဓဘာသာ ကျမ်းစာအုပ်၊ စာပေထုတ်ဝေရေးဌာန၊
(၁၉၉၃) ခုနှစ်

(၃) ရန်ကုန်မြို့ တရုတ်ဗုဒ္ဓဘာသာအသင်းမှ ထုတ်ဝေသော ကွမ်ရင်မယ်တော်ဂါထာတော်နှင့်
ဖြစ်ရပ်မှန်စာတမ်း (မှတ်စု)
(၁၉၅၅/၅၆ ခုနှစ်)



www.burmeseclassic.com

www.burmeseclassic.com

# ဓမ္မိုဦးသူတော်ကြီး – ၅

လေးသူစံ





www.burmeseclassic.com

www.burmeseclassic.com

"ဟာ ..."

ရင်ထဲမှာ လှိုက်ခနဲ ပီတိတွေတစ်ကိုယ်လုံး စိမ့်ဝင်သွားပြီး ကြက်သီးတွေကို တစ်ကိုယ်လုံး ထလာခဲ့ရတော့သည်။ ရွှေရောင်ဝင်းနေသည့်ဘုရား။ လယ်ထဲမှာ ရွှေစေတီလာပေါ်တယ်ဆိုတော့ တကယ့်ကို ထူးကဲတဲ့ ငါပါလား ..။

လယ်ထွန်နေသည့်အဖြစ်ကို မေ့သွားသည်။ ထွန်ကြိုးကို လွှတ်ချလိုက်သည်။ မိမိ၏အမြင်အာရုံထဲမှာ ဝင်းဝါတောက်ပနေသည့် ရွှေစေတီရှိရာကိုသာ လက်အစုံ ကြာပဒုံချီလျက် ဦးထိပ်မှာထား၍ ရှိခိုးကန်တော့နေမိပါတော့သည်။ မြတ်စွာဘုရား၏ ဂုဏ်တော်များကိုလည်း ရွတ်ဆိုပွားများနေမိခဲ့သည်။ မည်မျှကြာသွားသည်မသိ ...

"အမယ်လေး ... အမယ်လေးတော် ... မတ်တတ်မေ့နေတာလား။ လယ်ထွန်နေရင်းနဲ့ ဘယ်လိုဖြစ်နေတာလဲ။ အမယ်လေးတော် နွားတွေလိမ့်မှာလို့သာပေါ့ ... တော့.. ကိုကြင်ရွှေ ..."

ဇနီးသည်မအေးသိန်း၏ အလန့်တကြားသံကို ကြားရလေမှပင် သူ့အဖြစ်ကို သူသတိရသွားလေတော့၏။ မြတ်စွာဘုရား၏ကိုယ်စားတော်မြတ် ရွှေစေတီကို ဖူးတွေ့ရခြင်းတည်းဟူသည့် ကြည်ညိုသဒ္ဓါစိတ်လေးလည်း ဘယ်သို့ထွက်ပြေးသွားပြီ မသိနိုင်။

"ဟင် ..."

စောစောက ဖူးတွေ့လိုက်ရသည့် ရွှေစေတီလည်းမရှိတော့ပြီ။ ဂဏန်းကျစ်စာ အချွန်အတက်ကိုသာ မြင်နေရတော့သည့်အဖြစ်။

"ပြောပါဦး ... တော်ဘာဖြစ်နေတာလဲ"

"ရွှေစေတီကို အသေအချာဖူးလိုက်ရတာပါ"

"တော့မလည်းနော်၊ ဟိုတစ်လောကလည်း ဝါးပိုးမျှစ်စို့ပေါက်ကြီးတွေကို ဘုရားဆိုပြီး ရှိခိုးလို့ခို။ အင်း ... လူတွေပါးစပ်က ကြောက်စရာကောင်းတယ်တော့"

သူ့ဇနီး၏ စကားအဓိပ္ပာယ်ကို ကောင်းကောင်းနားလည်လိုက်ပါသည်။ သူ့အား ရူးနေပြီလားဟု တီးတိုးပြောဆိုနေကြသည်မှာ အမှန်။ သူကြီးဆိုသည့် အရှိန်ကိုလန့်နေသဖြင့်သာ တည့်တိုးမဝေဖန်ရဲကြတာ ဖြစ်သည်။ လူတိုင်းတစ်မျိုးစီ ရူး ကြသည့်အထဲမှာ ဘုရားရူးရူးနေသည့် သူ့အဖြစ်က လူကြားလို့ကောင်းပါသေးသည်။

ထွန်တုံးဖြုတ်၍ သစ်ပင်ရိပ်မှာနားခါ ရေနွေးကြမ်းသောက်ပြီး သူ့အဖြစ်ကို သူစဉ်းစားနေမိသည်။ သူ၏ဆရာသခင် နာဂဝိဇ္ဇာဘိုးသစ္စာ ဘရသေ့ကြီးနှင့် ဓမ္မိမြို့မှာ ဘုရားလေးဆူတည်ပြီးကတည်းက အချိန်ပြည့် ဘုရားတရားစိတ်သာရှိနေပါတော့သည်။

ဆရာသခင်နောက်သို့ လိုက်မည်ဆိုတော့လည်း ခေါ်မသွားခဲ့။ တာဝန်တွေရှိသေးသည်။ အချိန်တန်လျှင်သာ မငြင်းပယ်ကြနှင့်ဟု မိန့်သွားခဲ့ပါ၏။

ဘရသေ့ မိန့်ခဲ့သည့်အတိုင်းပင် အိပ်မက်နိမိတ်၊ ဓာတ်နိမိတ်တွေနှင့် ဦးသူတော်ဖြစ်လာခဲ့ရသည်။ ဒါတောင်မှ သာသနာရေးဆိုင်ရာအလုပ်တွေကို လုပ်ဆောင်ချိန်ကြမှသာ သူတော်ဝတ်နှင့် နေရခြင်းဖြစ်၏။ အချိန်ပြည့် သူတော်မဝတ်နိုင်သေး။ ထို့ကြောင့်ပင် ဆရာသခင်က ခေါ်မသွားခဲ့တာ ဖြစ်မည်။

ခက်သည်က ဝါးပိုးမျှစ်ဆို့ကြီးတွေ၊ ဂဏန်းကျစ်စာတွေကိုပင် ဘုရားစေတီအဖြစ် မြင်ယောင်လာပြီး ရှိခိုးမိသည်အထိ ဆိုလေတော့ ....

× × × × ×

ဦး[illegible]ရွှေ၏ ပဌာန်းဆက်ကလည်း ဆန်းကြယ်လွန်းပါသည်။ သာသနာရေးဆိုင်ရာအလုပ်တွေကို လုပ်ဆောင်ရတော့မည်ဟုဆိုလျှင် အိပ်မက်နိမိတ်တွေကို ကြိုတင်ရလေ့ ရှိတတ်ပါသည်။ ယခုလည်း ထူးဆန်းသော အိပ်မက်ကို မက်ခဲ့ရပြန်ပါ၏။

အိပ်မက်ထဲတွင် ဇာတိရွာ သစ်ဖြူကွင်းမှနေ ဓမ္မိသို့သူတော်ဝတ်နှင့် သွားခဲ့သည်၊ ဓမ္မိမှတစ်ဆင့် ရထားစီး၍ ဟင်္သာတကိုသွား။ ထိုမှ ဧရာဝတီမြစ်ကိုကူးပြီး သာရဝေါ်ရထားကိုစီး၍ ရန်ကုန်သို့ရောက်ရှိသွားခဲ့သည်။ ရန်ကုန်မြို့တွင် သင်္ဃန်းကျွန်းမှ အိမ်တစ်အိမ်သို့ရောက်သွားခဲ့ပြန်သည်။ ထိုအိမ်မှတစ်ဆင့် မော်လမြိုင်ရထားကို စီးရပြန်သည်။ တောင်စွန်းဘူတာဟု တင်ရှားစွာရေးထားသည့်မြို့ကလေးမှာ ဆင်းခဲ့ရပြန်သည်။ တစ်ဖန် မြင်းလှည်းကို ထပ်မံစီးကိုထပ်မံစီးခဲ့ရပြန်သေးသည်။ ဇုတ်သုတ်ရွာဟု ရေးထားသည့် ရွာကလေးသို့ ရောက်ရှိသွားတော့သည်။ မြင်းလှည်းက ခြံသေ့ကြီးနှစ်ကောင်နှင့် ဘီလူးရုပ်ထုများရှိနေသည့် မုခ်ဝမှာ ရပ်ပေးခဲ့၏။ ရှည်လျားလှသည့် အိပ်မက်က မပြီးနိုင်သေး။

ထုထည်ခိုင်ခံ့ကြီးမားရှည်လျားသည့် တန်ဆောင်းကြီးအကင်း လျှောက်သွားရပြန်ပါသည်။ [illegible]ဆုံးသွားသည်နှင့် ရောမ ဂဝံစေတီတော်ကြီးကို ဖူးမြော်လိုက်ရပါတော့သည်။ ရောမဂဝံတုံးကြီးတွေကို အဆင့်ဆင့်စီ၍ ဆန်းကြယ်လှစွာ တည်ထားသည့် စေတီတော်ကြီးကို အံ့ဩမှင်တက်စွာ ကြည်ညိုနေဆဲ၊ "အဲဒီဘုရားကို ရောက်အောင်သွား" ဆိုသည့် အသံကို ကြားလိုက်ရပြီးနောက် အိပ်မက်မှ လန့်နိုးလာခဲ့ရသည်။ ဆန်းကြယ်လွန်းလှပါတဲ့ အိပ်မက်ရယ် ...။

သူ့ဘဝမှာ အိပ်မက်နိမိတ်၊ ဓာတ်



www.burmeseclassic.com

www.burmeseclassic.com

နိမိတ်တွေအရ ဂန္ဓာရီခရီးတွေကို အကြိမ်ကြိမ်ထွက်ခဲ့ရပါသည်။ ယခုအိပ်မက်ကိုလည်း အကောင်အထည်ဖော်ရန် စိတ်စွဲထားလိုက်၏။ ထုံးစံအတိုင်း သူနှင့်သာသနာပြုဖော်ပြုဖက် ဦးစိုးမြင့်ရှိန်အား အိပ်မက်အကြောင်းပြောပြခဲ့ရာ . . .

"ဦးကြင်ရွှေ . . . ဘာမှစိတ်မပူနဲ့။ ကျွန်တော်လည်းလိုက်မယ်။ ခင်ဗျားရဲ့အိပ်မက်ကို အကောင်အထည်ဖော်ကြမယ်။ သူတော်စင်နဲ့ ရသေ့သွားကြတာပေါ့ဗျာ"

သူတို့နှစ်ယောက်ကတော့ သာသနာအတွက် တူရာတွဲမိနေကြသည့် ဘုရားဖက်ထားသော အဖော်ကောင်းများပင်။ နှစ်ဦးသား ခရီးထွက်မည့်ရက်ကို တိုင်ပင်၍ လုပ်ငန်းများကို လက်စဖြတ်ခဲ့ကြသည်။ မကြာမီရက်ပိုင်းအတွင်း ခရီးထွက်ဖြစ်ခဲ့ကြပါသည်။ အိပ်မက်သည် အံ့ဩဖွယ်ကောင်းလောက်အောင်ပင် အထင်အရှား ပီသစွာ။

ရန်ကုန်မြို့တော်ကြီးသို့ ရောက်ရှိသွားသည့်အခါ သဃ်န်းကျွန်းမြို့နယ်ရှိ အိပ်မက်ထဲမှအိမ်ကို ရှာဖွေရာ အလွယ်တကူပင်တွေ့ရှိခဲ့ပါသည်။ တွေ့ဆုံရသည့်လူများကလည်း အိပ်မက်ထဲတွင် မြင်ခဲ့ရသည့် သေချာမှတ်မိနေခဲ့ပါသော မျက်နှာများပင်။

"ဒီကနေ့ ဦးသူတော်တစ်ယောက် အိမ်ကိုရောက်လာလိမ့်မယ်၊ သေချာပြုစုညှော်ခံလိုက်ပါဆိုတဲ့ အိပ်မက်ကို ညက မက်ထားပါတယ်"

အိမ်ရှင်များက ဘုရားခန်းသို့ ဦးစွာခေါ်သွားပါသည်။ ဘုရားပန်းများ လန်းဆန်းဝေဆာနေပြီး ဘုရားပွဲ၊ ဆွမ်းတော်ပွဲ၊ သစ်သီးပွဲ၊ အလင်းတိုင်၊ အမွှေးတိုင်များဖြင့် ကြည်ညိုညွတ်နူးဖွယ် ဖူးမြင်လိုက်ရ၏။

"အေးအေးဆေးဆေး အနားယူပါဦးခင်ဗျာ။ ပြီးတော့မှ ရေချိုးထမင်းစားကြတာပေါ့။ သက်သက်လွတ်တွေ စီမံပြင်ဆင်ထားပါတယ်"

သူတို့ခမျာ တစ်ယောက်မျက်နှာတစ်ယောက်ကြည့်၍သာ အံ့ဩကြက်သီးထနေရပါတော့သည်။ ဂန္ဓာရီခရီးထွက်လျှင် နဝင်္ဂသီလနှင့် သက်သတ်လွတ်နှင့် နေထိုင်ကျင့်ဆောင်သည်ကို မည်သို့သိခဲ့ကြပါသနည်း။

"အိပ်မက်ထဲမှာ ဦးသူတော်တို့က သက်သတ်လွတ်ပဲစားကြတယ်လို့ ပြောခဲ့ပါတယ်"

ဤစကားကို ထပ်မံကြားရလေသောအခါ ဆရာသခင်၏ အဆိုဆုံးမကို ပြိုင်တူသတိရမိသွားခဲ့ကြသည်။

"သာသနာ့တာဝန်တွေကို သဒ္ဓါတရား ထက်ထက်ထက်သန်နဲ့ သစ္စာကိုက်စွာ ဆောင်ရွက်လာတဲ့အခါ အိပ်မက်တွေမက်ပြီး လာရှာတာတို့၊ ကြိုဆိုတာတို့၊ ခရီးစရိတ်တစ်ပြားမှ မကုန်ဘဲ နေရာအနှံ့ရောက်နိုင်တာတို့ ကြုံဆုံလာရလိမ့်မယ်။ တယ်ဟုတ်တဲ့ ငါပါလားလို့များ ဘဝင်သေမဟပ်လိုက်လေနဲ့။ ငါတော်နေတာထက် သာသနာ့မိခင်ဘဝတွေရဲ့ စောင့်ရှောက်လမ်းညွှန်မှုကြောင့် ဆိုတာကို ချက်ချင်းသတိရ ကြပ်ကြပ်သတိထား။ ငါစွဲကို ပြုတ်အောင်ဖြုတ်"

× × × × ×

ပြောမယုံ ကြုံဖူးမှ သိလိမ့်မည်ဟုသာ ဆိုရပေတော့မည်။ အိမ်ရှင်များသည် ရွှေတိဂုံဆံတော်ရှင်နှင့် ကျိုက္ကစံဆံတော်ရှင်ဘုရားများသို့လည်း လိုက်ပို့ ကုသိုလ်ယူခဲ့ကြပါသေးသည်။ ဤမျှ ဧည့်ဝတ်ကျေပွန်သူများကို တစ်သက်မှာ မတွေ့ဖူးခဲ့ပါချေ။ တစ်ရံတစ်ဆစ်မျှ မတွေ့ဖူး၊ မသိကျွမ်းဖူးသူများက သဒ္ဓါတရားကောင်းလွန်းနေကြခြင်းသည် သာသနာ့တာဝန်ကို သဒ္ဓါတရားအပြည့်ဖြင့် ဆောင်ရွက်ခဲ့ခြင်း၏ အကျိုးကျေးဇူးများပင်။

ညဘက်တွင် အိမ်ဘေးပတ်လည်၌ မြင်းခွာသံများကို ကြားနေခဲ့ရပါသည်။ နံနက်လင်းသောအခါ အိမ်ရှင်များအား ညက မြင်းခွာသံများကြားမိပါသလားဟု မေးမိသည်။ အိမ်ရှင်များက မကြားရကြောင်းပြန်ဖြေခဲ့လေရာ . . .

"ကိုစိုးမြင့်ရှိန်ရေ . . . မြင်းဆိုတာကြာသပတေးနဲ့ပတ်သက်ပြီး ထူးမယ့်နိမိတ်ပဲဗျ။ ပညာလည်းတိုးပွားမယ်၊ တစ်နည်းပြောရရင်လည်း နတ်မြင်းပျံမို့ မြူးမြူးကြွားကြွားဆိုတဲ့ စကားလည်းရှိသမို့လား။ ကျုပ်တို့ရဲ့ဂန္ဓာရီခရီးကို နတ်ဒေဝတာတွေများ စောင့်ရှောက်နေကြောင်း အသိပေးချက်လို့ ယူသော်ရတာ၏ပေါ့။ မြင်းကောင်းခွာလိပ် မဖြစ်ရအောင်သာ ကြိုးစားရမယ်"

အိမ်ရှင်များကို နှုတ်ဆက်ရ၏။ ဘုတာကြီးသို့ သုံးဘီးကား ငှားစီးရ၏။ ကားဆရာက ကားခမယူပြန်။ မော်လမြိုင်ရထားကိုစုံစမ်း၍ လက်မှတ်ဝယ်ယူရာမှာလည်း အလှူရှင်နှင့် ဆုံရပြန်သည်။ ရထားခရီးစဉ် တစ်လျှောက်လုံးလည်း တစ်မျိုးပြီးတစ်မျိုး လှူဒါန်းဒါနပြုကြသူတွေကို ကြုံတွေ့လာရသောအခါ တရားတော်က ပြန်လည်၍ စောင့်ရှောက်ခြင်းဖြစ်ကြောင်းကို နှလုံးသွင်းပူဇော်ခဲ့ရပါသည်။

တောင်စွန်းဘူတာသို့ ရောက်ခဲ့ရပြီ၊ ဇုတ်သုတ်ရွာသို့သွားမည့် မြင်းလှည်းကလည်း တစ်စီးတည်းသာ။

"ကျွန်တော်နာမည် ညွန့်တင်ပါခင်ဗျာ။ ညကအိပ်မက်ထဲမှာ ဘိုးသူတော်ကြီးနဲ့ ရသေ့ကြီးတို့ကို ကျွန်တော့မြင်းလှည်းနဲ့ ကျိုက်ထီးဆောင်းဘုရားကြီးကို လိုက်ပို့ရတယ်လို့ အိပ်မက်ထားပါတယ်။ တက်ပါ ဦးသူတော်ကြီး"

သူတို့နှစ်ယောက်လုံး၏ ရင်ထဲမှာ

www.burmeseclassic.com

ဆရာသခင်ကို သတိရနေသည်က အချိန် ပြည့်ပင်။ ဩော် . . . မြင်ချင်စမ်းပါဘိ တော့လေ . . .။

"ဟာ . . ."

သူ၏ အာမေဋိတ်သံအကျယ်ကြီး ကြောင့် မြင်းလှည်းပေါ်ရှိ ခရီးသည်အား လုံး၏ အကြည့်ကို ခံရသည်။ သူ့မှာတော့ စကားမပြောနိုင်အောင်ပင် ပီတိကြက်သီး တွေ တဖြန်းဖြန်းနှင့်။

သူ့အိပ်မက်ထဲကအတိုင်း ဘီလူး ရုပ်ထုနှင့် ခြသေ့်ကြီးနှစ်ကောင်ရှိသည့် စောင်းတန်းရှည်ကြီးကို တ ာတစ်ခေါ် မြင်လိုက်ရ၏။ စောင်းတ ဆုံးမှာတော့ ဘုရားကြီးတစ်ဆူ။

"အဲဒီဘုရားကို ရောက်အောင် သွား"

အိပ်မက်ထဲမှအသံ . . .။

× × × × ×

ရောက်ပါပြီဘုရား။ ရောက်အောင် လာခဲ့ပါပြီဘုရားဟု စိတ်ထဲမှ တတွတ် တွတ်ရွတ်ရင်း စောင်းတန်းရှည်ကြီးကို ဖြတ်သန်းကာ ဘုရားကြီးခြေတော်ရင်း သို့ ရောက်ရှိသွားခဲ့ပါတော့သည် . . .။ တန်ဆောင်းအဝသည် ကြာသပတေး ထောင့်နှင့် အတည့်ဖြစ်၏။ ကြာသပတေး နာမ်နှင့်ပတ်သက်၍ အကျိုးအထူးပေး တော့မည့် နိမိတ်စတင်ခဲ့ပြီဟု ယုံမှတ် သည်။ ကြာသပတေးထောင့်မှာပဲ ထိုင်ကြ ၍ ဘုရားကြီးကို အားပါးတရ ဖူးမြော် လိုက်သည်။ အိပ်မက်ထဲကအတိုင်း ရောမဂဝံတုံးကြီးများကို အဆင့်ဆင့်စီကပ် ထပ်၍ တည်ထားပါသော အံ့သြကြည် ညိုဖွယ်ရာ ဘုရားကြီးပါတကား။

ဦးကြင်ရွှေတို့ နှစ်ယောက်လုံး အောင်မြင်သောအသံကြီးများဖြင့် အားပါး တရ ဘုရားရှိခိုးအပြီး ခေါင်းမော့ကာ မျက်လုံးဖွင့်အကြည့် . . .

"ဟင် . . ."

ဟုတ်ပါတယ်။ စိတ်စွဲလို့ ထင် ယောင်ထင်မှားဖြစ်ခြင်းမဟုတ်။ ပကတိ မျက်စိဖြင့် ထင်ရှားစွာ မြင်တွေ့နေရခြင်း။

"ဘရသေ့ . . . ဟုတ်ပေါင် . . အရှင်ဘုရား . . နဂဂဝိဇ္ဇာအရှင်ဘုရား"

တစ်ချိန်တုန်းက ဘရသေ့ကို ယခု ကြာသပတေးထောင့်တွင် ဗုဒ္ဓ၏ သား တော်ရဟန်းအသွင်ဖြင့် ကြည်ညိုဖွယ်ရာ ဖူးတွေ့လိုက်ရပါတော့သည်။ နီညိုရောင် သင်္ကန်းတော်နှင့် ဝါဝင်းသောအသား အရေတို့သည် ပဏ္ဍာတင့်လှပါဘိ။

ထွက်ပြူလာစ နေရောင်ဖျော့ဖျော့ လွှမ်းခြုံထားပါသော ဆရာသခင်အား ဖူးမြော်ရင်းဖြင့် ဝမ်းသာဝမ်းနည်းစွာ ရင် ထဲတလှိုက်လှိုက် ခံစားလာရပြီး မျက်ရည် များပင် ဝေ့လည်လာရလို့။

"ဘယ်လိုလဲ ဖိုးသူတော်ကြီးရဲ့။ တို့များ ပြောခဲ့တဲ့စကားတွေ မှတ်မိသေးရဲ့ လား။ သူငယ်တန်းကနေစပြီး တဖြည်း ဖြည်း အတန်းတက်သွားသလို တို့များ လည်း ရောက်နေတဲ့နေရာမှာပဲ ရပ်နေလို့ မဖြစ်ဘူး ဆိုတာလေ။ တက္ကသိုလ်မှာ တောင်မှ ရိုးရိုးဘွဲ့၊ ဘွဲ့လွန်၊ ပါရဂူ ဒေါက် တာဘွဲ့ အဲသလိုမဟုတ်လား။ တို့များ လည်း ဆယ်တန်းအောင်လို့ တက္ကသိုလ် တက်ပြီး အမြင့်ဆုံးဘွဲ့ ယူသလိုပေါ့။ ဘုရားသားတော်ရဟန်းဆိုတာ အမြင့် မြတ်ဆုံးပဲမဟုတ်လား သူတော်ကြီးရဲ့"

"တင်ပါ့ဘုရား"

"အေးပေါ့။ တင်ပါ့ဘုရားဆိုရင် သူတော်ကြီးနဲ့ ရသေ့ကြီးတို့လည်း နက်ဖြန် ရဟန်းဘောင်ဝင်ကြမယ် မဟုတ်လား"

ချက်ချင်း အဖြေမပေးနိုင်ခဲ့။ တစ် ယောက်မျက်နှာကို တစ်ယောက်ကြည့်မိ သွားကြသည်။ တရားကိုတော့ သိပါ၏။ သို့သော် သံသရာဝဋ်နှောင်ထုံးမှ တကယ့် တကယ်ရုန်းထွက်ကြဖို့လေသောအခါ . .

ခြံတောင်ပို့တွေ၊ ဝါးပိုးမျှစ်စို့ကြီး တွေ၊ ဂဏန်းကျစ်စာတွေကိုပင် ဘုရား စေတီအဖြစ် အာရုံထင်မှတ်တတ်သူကြီး အား စိန်ခေါ်ပြီထင့်။ မိသားစုပုံလွှာတွေ က ရင်ထဲသို့ အလုအယက်။ ဩော် . . . လွန်ဆွဲပွဲ . . . လွန်ဆွဲပွဲ။

"ဟေး . . . သူတော်ကြီးနဲ့ ရသေ့ တို့၊ ဘယ်လိုဖြစ်ပြီး ငြိမ်သွားကြတာလဲ။ တို့များက ဘုရားသားတော်အဖြစ် တစ် သက်လုံးခံယူသွားဖို့ မိဋ္ဌာန်ပြုထားပေမယ့် သူတစ်ပါးကိုတော့ မနိုင်ဝန် မထမ်းခိုင်းပါ ဘူးကွယ်။ နဝင်းကိုက်ရက်ပေါင်း ၉ဝ ဟုတ်ပြီလား။ နောက်ကြောင်းကို ဘာမှ မတွေးနဲ့။ ပြန်ရောက်သွားရင် အားလုံး အဆင်ပြေနေကြလိမ့်မယ်။ ကျိုက်ထီး ဆောင်းဆံတော်ရှင်ဘုရားကြီးအထိ အိပ် မက်တွေနဲ့ ရောက်လာခဲ့ကြပြီးပြီပဲကွယ်"

အိပ်မက်နိမိတ်တွေနှင့် ရောက်လာ ကြခြင်းကို မလျှောက်တင်ရသေးဘဲနှင့် . . . ဒါဆို . . . အလုံးစုံကို နားလည်သွားခဲ့ ရလေပြီရော။ သူတို့နှစ်ယောက် တစ်ဦးကို တစ်ဦး ကြည့်မိသွားကြပြန်သည်။ ပြီး တော့မှ သံပြိုင်ပင် –

"တင်ပါ့ဘုရား . . ရဟန်းတက်ပါ မယ်ဘုရား။ ဆရာတော့်အမိန့်ကို နာခံပါ မယ်ဘုရား" ဟု . . .။

မြင့်မြတ်သော ရဟန်းဘဝဆိုသည် မှာ အလွယ်တကူနှင့် ရရှိနိုင်သည်မဟုတ် ဆိုခြင်းကို . . .။

**လေးသူစံ**



www.burmeseclassic.com

www.burmeseclassic.com

# “ဆုတောင်းပြည့် သဒ္ဒါကျောက်တောရ မဟာအောင်မြေ” အတွက် အလှူရှင်များဖိတ်ခေါ်ခြင်း

ဆရာတော်ဦးအာစာရလင်္ကာသီရိသည် ၁၃၅၆-ခုနှစ်၊ တပို့တွဲလပြည့်ကျော် ၂ ရက် (၁၆.၂.၁၉၉၅) ကြာသပတေးနေ့တွင် ရခိုင်ပြည်နယ် သံတွဲမြို့ ရေးနှစ်ပေါင်းများစွာ သာသနာပြုပုဂ္ဂိုလ် ပဋ္ဌာန်းဆက်ပါရမီရှင်များအား စောင့်မျှော်လျက်ရှိသော ဆုတောင်းပြည့် သဒ္ဒါကျောက်တောရ မဟာအောင်မြေသို့ စတင်ရောက်ရှိပြီး တောရရုတင် အကျင့်မြတ်ပဋိပတ်ဖြင့် စတင်ကြွရောက် သာသနာပြုတော်မူပါသည်။

၁၃၅၇ ခုနှစ်၊ တော်သလင်းလဆန်း ၁ ရက်(၂၅.၈.၁၉၉၅) သောကြာနေ့တွင် ပန္နက်တင်၍ ၁၃၅၈ ခုနှစ်၊ တပေါင်းလပြည့်နေ့ (၂၃.၃.၁၉၉၅)နေ့တွင် ဆုတောင်းပြည့် အနောက်ရွှေတိဂုံစေတီတော်နှင့် အရံစေတီရှစ်ဆူတို့ကို တံကြားကုသိုလ်ဖြစ် ထီးတော်တင်အဖွဲ့နှင့် ရွှေထီးတော်တင်လှူခြင်း။ ကုန်ကျငွေ ၇၅ သိန်းကျပ်။ ၁၃၆၁ ခုနှစ်၊ သီတင်းကျွတ်လပြည့် (၂၄.၁၀.၁၉၉၉) တနင်္ဂနွေနေ့တွင် မူလသစ်ကောက်ရွာ အများ‌ေ ကာင်းမှု ကိုးနဝင်းစေတီတော်အ‌ား ကျောက်ထီးတော်ဟောင်းချ၍ ရွှေထီးတော်အသစ်တင်လှူခြင်း ကုန်ကျငွေ ၁၀ သိန်းကျပ်ကျော်။ ၁၃၆၂ ခုနှစ်၊ တော်သလင်းဆန်း ၁ ရက်(၁.၉.၁၉၉၉) သောကြာနေ့တွင် ပန္နက်တင်၍ ၁၃၆၅ ခုနှစ်၊ တန်ခူးလပြည့်ကျော် ၁၁ ရက်(၂၇.၃.၂၀၀၃) တနင်္ဂနွေ ‌နေ့တွင် အမြင့် ၂၁ တောင်ရှိ ရွှေထီးတော် ဘုံနှစ်ဆင့်မြင့် ဓာတ်ပေါင်းစု အနောက်ကျိုက်ထီးရိုးစေတီတော်အား တံကြားကုသိုလ်ဖြစ် ထီးတော်တင်အဖွဲ့နှင့် ရွှေထီးတော်တင်လှူခြင်း။ ကုန်ကျငွေ ၃၀၀ သိန်းကျပ်ကျော်။ ၁၃၆၂ ခုနှစ်၊ တန်ခူးလဆန်း ၅ ရက် (၂၈.၃.၂၀၀၁) ဗုဒ္ဓဟူးနေ့တွင် နှစ်ပေါင်း ၈၀ ကျော် ရွှေထီးတော်ကင်းမဲ့နေသော ဂွမြို့ ရေကျော်ကျေးရွာရှိ ရွာလယ်မင်းဗာကြီးကောင်းမှုစေတီတော် ရွှေထီးတော်အသစ်တင်လှူခြင်း။ ကုန်ကျငွေ ၁၅ သိန်းကျပ်ကျော်။ ၁၃၆၈ ခုနှစ်၊ တန်ဆောင်မုန်းလပြည့်ကျော် ၄ ရက် (၄.၁.၂၀၀၇) ကြာသပတေးနေ့တွင် နှစ်ပေါင်း ၉၀ ကျော် ပြိုကျပျက်စီးနေသော ပိန်းတောလေးကျေးရွာ ကျောင်းတော်မှုရုပ်ပွားတော်မြတ်ကြီးအား စတင်ပြုပြင်ဆောင်ရွက်၍ ၁၃၇၀ ပြည့်နှစ်၊ တပို့တွဲလပြည့်နေ့(၉.၂.၂၀၀၉) တနင်္လာနေ့တွင် ဓမ္မာရုံကြီးအပါအဝင် ရေစက်သွန်းချပြီးစီးခြင်း။ ကုန်ကျငွေ ၁၀၀ သိန်းကျပ်ကျော်။ ၁၃၇၀ ပြည့်နှစ်၊ တန်ဆောင်မုန်းလပြည့်ကျော် ၄ ရက်(၁၆.၁၀.၂၀၀၈) တနင်္ဂနွေနေ့တွင် ဉာဏ်တော်အလျား ၅၄ ပေရှိ အေးငြိမ်းချမ်းသာကျောင်းတော်မှု ရုပ်ပွားတော်မြတ်ကြီးအား စတင်တည်ထားဆောင်ရွက်ပြီး၊ ၁၃၇၁ ခုနှစ်၊ တပို့တွဲလပြည့်ကျော် ၂ ရက် (၃၀.၁.၂၀၁၀)နေ့တွင် ငွေကျပ်သိန်းပေါင်း ၁၀၀၀ ကျော် ကုန်ကျခဲ့ပြီး အားလုံးကောင်းမှုအတွက် ‌ေ ရစက်သွန်းချ အမှူပေးဝေခဲ့ပြီး၊ ဆက်လက်၍ တောင်ခြေရင်ပြင်တော်တွင် သက်ကြီးရွယ်အိုများ၊ တောင်ပေါ်တက်ရောက်ပူဇော်ခြင်း မပြုနိုင်သူများအတွက် ဉာဏ်တော် ၁၅ ပေ အမြင့်ရှိ မုစလိန္ဒနဂါးရုံ ဗုဒ္ဓ‌ုပ်ပွားတော်တစ်ဆူ ‌ေ ဘာင်တော်၏ ကျက်သရေဆောင် အဝင်မုခ်ဦးတစ်ဆောင်နှင့် သောက်ရေ၊ သုံးရေအတွက် အဝီစိစက်ရေတွင်းအား အနက်ပေ ၄၀၀ တူးဖော်သော်လည်း ရေချိုမရရှိပါသောကြောင့် သောက်ရေအတွက် ဂါလံ ၅၀၀၀ ဆံ့ ကွန်ကရစ်သောက်ရေကန်တစ်လုံး ဆောင်ရွက်လုပ်ကိုင်လိုပါသောကြောင့် စသည့် လှူဖွယ်ပစ္စည်းများကို တစ်ဦးတစ်ယောက်သော်လည်းကောင်း၊ အသင်းအဖွဲ့နှင့်သော်လည်းကောင်း ပါဝင်လှူဒါန်းနိုင်ကြပါရန် တိုက်တွန်းနိုးဆော် ဖိတ်ခေါ်ပါသည်။

## လှူဒါန်းနိုင်သော ပစ္စည်းအမျိုးအမည်နှင့် တန်ဖိုး


| | |
|---|---|
| ဉာဏ်တော် ၁၅ ပေ အမြင့် ရုပ်ပွားတော်အပါအဝင် ရောင်တော်ဖွင့်အပြီး | ၅၀ သိန်းကျပ် |
| အကျယ် ၁၅ ပေ အမြင့် ၁၂ ပေ မုခ်ဦးအလှူရှင်အမည်ပါပြီး | ၄၅ သိန်းကျပ် |
| ဂါလံ ၅၀၀၀ ဆံ့ ကွန်ကရစ်သောက်ရေကန် ၁ လုံး | ၄၀ သိန်းကျပ် |

## ဆက်သွယ်လှူဒါန်းလိုသူများ -

| | |
|---|---|
| လာဘ်မိုးစွေစာပေ | ဖုန်း - ၀၉ ၄၃၀၉၅၃၁၁၊ ၀၉ ၄၂၀၀၅၉၂၁၅ |
| နာယကဆရာတော် | ဖုန်း - ၀၉ ၇၃၁၃၉၉၃၆ |
| ဦးကျော်သူထိုက် | ဖုန်း - ၀၉ ၅၁၁၉၄၀၇ |

www.burmeseclassic.com

www.burmeseclassic.com



www.burmeseclassic.com

www.burmeseclassic.com





# နေရာပြန်ချင်သူများ

ရဲမြတ်တင်

(ယခင်လမှအဆက်)

ရင်ပြင်တော်၏ အရှေ့ဘက် အုတ်ံတိုင်းဘေးတွင် ခေါင်းလောင်းတစ်လုံးရှိသည်။ ထိုခေါင်းလောင်းနှင့် မလှမ်းမကမ်းတွင် သင်ပုတ်ပလ္လင်ခေါ် ကျေးစာ၊ ငှက်စာကျွေးသော အုတ်ခုံတစ်ခုရှိသည်။ ကြံချောင်းနှင့် လေးခွတို့နှစ်ယောက်က ထိုအုတ်ခုံနံဘေးမှာပင် ထိုင်ချလိုက်ကြသည်။ ပြီးလျှင် လေးခွကပင် စကားစလိုက်သည်။

"ကိုင်း ... ပြောပါဦး ကိုယ့်လူ။ ဘယ်ကလာလို့ ဘယ်ကိုသွားမှာတုံး။ ကျုပ်ကတော့ ပြောရမှာဖြင့် အိမ်နဲ့ဝေးနေတာကြာပြီ။ အိမ်ကို ပြန်မကပ်ရဲဘူး။ ခုလိုပဲ ခြေဦးတည့်ရာ လျှောက်သွားပြီး ရှောင်နေ၊ ပုန်းနေ၊ ပြေးနေ၊ လွှားနေရတာပဲ"

"ဟုတ်လိုက်လေ။ ကျုပ်လည်း ခင်ဗျားလိုပဲ လျှို့ဝှက်ပြီးနေရတာပဲ။ လူမြင်ကွင်းထဲကိုတောင် ကြာကြာမျက်နှာထွက်မပြရဲဘူး။ ကျုပ်မိန်းမကိုယ်တောင် လူယုံတစ်ယောက်ကတစ်ဆင့် တိတ်တိတ်ပုန်းဆက်သွယ်နေရတယ်"

"တောက် ... မှားတယ်ဗျာ။ ကျုပ်သိပ်မှားတယ်။ ဆရာကြီးမင်းစက္ကစကားအတိုင်း နားမထောင်မိခဲ့တာ ဇောက်တော့်ကိုမှားတယ်။ သူပေးတဲ့အဆောင်ကို တစ်လပြည့်တာနဲ့ မီးရှို့ဖျက်ဆီးပစ်ရမယ်ဆိုတဲ့ကတိကို ဖောက်ဖျက်ခဲ့မိတယ်။ ခင်ဗျားရော ဘယ့်နှယ်တုံး။ ကျုပ်လိုပဲ မဟုတ်လား"

"သိပ်မှန်တာပေါ့။ ခင်ဗျားလိုပဲ။ အဆောင်က သိပ်ကောင်း။ သိပ်ထက်နေတော့ စွန့်ပစ်ရမှာ နှမြောနေမိတယ်။ သူ့စကားအတိုင်း ဖျက်ဆီးမပစ်ဘဲ ဒီအတိုင်း ဆက်သုံးနေခဲ့မိတယ်။ ခုတော့ သောက်ကျိုးတွေနည်းကုန်ပေါ့။ ဒုက္ခတွေလည်း ရောက်လိုက်လာ။ စိတ်တွေလည်း ဘာ

www.burmeseclassic.com

www.burmeseclassic.com

ညစ်သလဲမမေးနဲ့။ ကိုင်း ... ပြောပြစမ်းပါဦး။ အဲဒီအဆောင်စရတဲ့နေ့ကနေ ဒီနေ့အထိ ခင်ဗျားဖြစ်ပျက်ခဲ့တဲ့ ခင်ဗျားရဲ့ ရာဇဝင်အပြည့်အစုံကို''

ကြံချောင်းက စကားခင်းပေးလိုက်သည်တွင် လေးခွက အလုံးစုံသော သူ၏အဖြစ်သနစ်တို့ကို အောက်ပါအတိုင်း ဖွင့်ချပြောပြလေတော့သည်။

''အဟမ်း ... ဒီလိုဗျ။ ကျုပ်လည်း ဆရာကြီးမင်းစက္ကကို ကားဂိတ်လိုက်ပို့ပြီးတဲ့နောက်၊ အဲ ... ခင်ဗျားနဲ့လည်း လမ်းခွဲပြီးတဲ့နောက် ဘုန်းကြီးပျံပွဲက ဂျင်ဝိုင်းဆီကို ချက်ချင်းပဲ ပြန်ရောက်သွားရော ဆိုပါတော့။ ပြီးတော့ ဆရာကြီးလမ်းညွှန်ခဲ့တဲ့အတိုင်း အဆောင်ကလေးကို အသုံးချပြီး ဝိုင်းထဲကို ဝင်ကစားလိုက်တာမှာ အဲဒီအဆောင်လေးဟာ တကယ့်ကိုအစွမ်းပြတော့တာပဲဗျို့ ..။ ကောင်းလိုက်တဲ့အဆောင်၊ နိုင်လိုက်တဲ့ဂျင်ဗျာ။ ထိုးလိုက်တဲ့အလ ာ်တိုင်း တစ်လက်မှကို မရှုံးဘူး။ ရလိုက်တဲ့ပိုက်ဆံတွေ။ သောက်ကျိုးနည်း ဆယ်နှစ်ဆယ်မိုး တစ်ခါမှမရဖူးတဲ့ပိုက်ဆံတွေ။ အဲဒီတစ်ဝိုင်းတည်းနဲ့ကို တစ်ပုံကြီးရတော့တာပဲ''

''ဟန်ကျသွားတာပေါ့။ နို ... အဆောင်ရဲ့ စွမ်းပုံစွမ်းနည်းလေး ပြောပြပါဦး''

''ဒီလိုဗျ ...။ အဲဒီအဆောင်က တကယ့်ကိုသေးသေးကလေး။ သူ့ပုံကလည်း အော်လံကလေးလိုပဲ။သူ့ကို နားတစ်ဖက်ဖက်ထဲ ထိုးထည့်ထားလိုက်ရုံပဲ။ ဒိုင်လုပ်တဲ့သူ၊ အဲ ... ဂျင်လှည့်တဲ့သူက ဂျင်သီးကိုလှည့်လိုက်ပြီး အဖုန်းအုပ်ထားလိုက်တာနဲ့ မကြာခင်မှာပဲ ဂျင်သီးကလေးလဲသွားတဲ့အသံက ပေါ်လာတယ်။ အဲဒီလို ဂျင်သီးငြိမ်သွားတဲ့ 'ကလပ်တပ်တပ်' ဆိုတဲ့အသံကလေး ပေါ်လာပြီးတဲ့နောက် မရှေးမနှောင်းမှာပဲ ကျုပ်နားထဲမှာရှိတဲ့ အော်လံကလေးအထဲကနေ အသံသေးသေးညှောင်ညှောင်ကလေး တစ်ခုကို ချက်ချင်းဆိုသလို ကြားရတော့တာပဲဗျို့။ ဥပမာ ခွက်အောက်က ဂျင်သီးမှာ ပေါ်နေတဲ့အကောင်က ဝက်ဆိုပါတော့၊ ကျုပ်နားထဲမှာလည်း 'ဝက်နော် .. ဝက်နော်' လို့ ကပ်ပြောနေတဲ့အသံကလေးကို တန်းခနဲကြားရတော့တာပဲ။ ဒီအတိုင်းပဲ ခွက်အောက်မှာ ကြက်ပေါ်နေရင် ကျုပ်နားထဲမှာ 'ကြက်ကလေး .. ကြက်ကလေး' ဆိုပြီး လာကြားရတယ်။ ငါ့ရှဉ့်ပေါ်နေရင်လည်း 'အကောင်ရှည် .. အကောင်ရှည်' ဆိုပြီးတော့ ကြားရပြန်တယ်။ သောက်ကျိုးနည်း ... မှန်လိုက်တာမှ အကြိမ်တစ်ရာမှာ တစ်ကြိမ်တောင်မလွဲဘူး။ ကျုပ်ဖြင့် အံ့လည်းအံ့သြ၊ ဝမ်းလည်းဝမ်းသာနဲ့ ကြက်သီးတွေပါထပြီး ကတုန်ကယင်ကြီးကို ဖြစ်နေရရော။ ဆရာကြီးမင်းစက္ကရဲ့မျက်နှာကို မြင်ယောင်ပြီးတော့လည်း ကျေးဇူးတင်လွန်းလို့ မျက်ရည်တောင်လည်မိရတယ်။ စိတ်ထဲကနေလည်း အကြိမ်ကြိမ်ဦးချနေမိတယ်''

''ဟုတ်ပြီ .. ဟုတ်ပြီ။ ကျုပ်နဲ့ ခင်ဗျားနဲ့ ဖြစ်ပုံချင်းက အတူတူပဲ။ ဆက်ပြောပြပါဦး''

''ဒါနဲ့ အဲဒီနေ့ ညနေမှာပဲ ကျုပ်ရှုံးထားတဲ့ ခိုင်းနွားတွေရော၊ ယာကွက်တွေပါ ပြန်ရွေးနိုင်လိုက်တယ်ဆိုပါတော့။ ငွေတွေလည်း အတော်များများကို ပြန်ပါလာသေးတယ်။ ငွေတွေမြင်ရတော့ မိန်းမကလည်း ပြန်ကြည်တာပေါ့ဗျာ။ ဒါနဲ့ ကျုပ်လည်း ဘုန်းကြီးပျံပွဲ မပြီးမချင်း သွားကစားလိုက်တာမှာ အနယ်နယ်အရပ်ရပ်ကိုလှည့်ပြီး ဖုံ့ကျလာတဲ့ ဂျင်ဒိုင်တွေ ခွက်ခွက်လန်အောင် ရှုံးကြတော့တာပေါ့ဗျာ။ ကျုပ်ရဲ့ ဂျင်နိုင်ထူးပုံကိုကြည့်ပြီး သူတို့လည်း အံ့အားသင့်နေကြတယ်။ မယုံနိုင်အောင်ကို ဖြစ်နေကြတယ်။

အဲဒီနောက်တော့ ကျုပ်လည်း ဂျင်ဝိုင်းမှန်သမျှ လိုက်ကစားတော့တာပဲ။ ကစားတိုင်းလည်း နိုင်တာချည်းပဲ။ ရလိုက်တဲ့ပိုက်ဆံတွေမှ ထားစရာကိုနေရာမရှိတော့ဘူး။ ကျုပ်မိန်းမတစ်ကိုယ်လုံးလည်း ရွှေတွေသီးနေလိုက်တာမှ လူမြင်လို့တောင် မကောင်းတော့ဘူး။ ဒီလိုနဲ့ပဲ ဆရာကြီးရက်ချိန်းပေးထားတဲ့ တစ်လတိတိက ပြည့်သွားတယ်။ ဒီအဆောင်ကို မီးရှို့ပစ်ရတော့မယ်။ ဒီတော့ ကျုပ်က ဒီလောက်အဖိုးတန်တဲ့ပစ္စည်းကို ဘယ်စွန့်လွှတ်နိုင်ပါ့မလဲဗျ။ ဘယ်မီးရှို့ရက်ပါ့မလဲ။ ဒါနဲ့ပဲ ဒီအဆောင်ကို ကျုပ်လက်ထဲမှာ ဆက်ထားပြီး ဆက်အသုံးချနေခဲ့တာပေါ့။

ဒီလိုနဲ့ နောက်ခြောက်လလောက်ကြာတဲ့အချိန်မှာ အခြေအနေက တစ်မျိုးတစ်ဖုံ ဖန်တီးလာခဲ့တယ်။ ဘယ်လိုလဲဆိုတော့ ဂျင်သမားတွေကရော၊ ကျုပ်ပတ်ဝန်းကျင်ကပါ ကျုပ်ဂျင်တွေနိုင်ပြီး ချမ်းသာနေတာကို မနာလိုကြတော့ဘူး။ မနာလိုကြရုံမက ကျုပ်ခုလို ဂျင်တွေနိုင်နေတာဟာ ကျုပ်ဂျင်မှော်အောင်ထားလို့ဖြစ်ရမယ်။ ကျုပ်မှာ အဆောင်ရှိကိုရှိရမယ်လို့ လူတချို့က မသင်္ကာဖြစ်လာကြပြီး ကျုပ်ကို ချောင်းမြောင်းစောင့်ကြည့်နေတာမျိုးတွေပါ လုပ်လာကြတယ်။ ဖြစ်ချင်တော့ တစ်ညမှာ ကျုပ်က ကျုပ်အိမ်ဝိုင်းထဲက တမာပင်ကြီးမှာ အမဲသားတွဲကိုတင်ပြီး အစာကျွေးနေတာကို လူတစ်ယောက်က ကောင်းကောင်းမြင်သွားတယ်။ တစ်နည်းအားဖြင့် ကျုပ်ဆီမှာ ဒီအဆောင်ရှိတာကို သေသေချာချာသိသွားတယ်။

ဒါနဲ့ တစ်နေ့ကျတော့ ကျုပ်က ဂျင်ဝိုင်းတစ်ခုကနေ အိမ်ကိုအပြန်မှာ လူတစ်ယောက်က လမ်းကနေစောင့်ပြီး ချောင်းရိုက်တာကို ခံလိုက်ရပါလေရော။ တစ်ချက်က ဖက်ပိုးကိုရိုက်မိသွားတယ်



www.burmeseclassic.com

www.burmeseclassic.com

ရိုက်ချက်ကပြင်းတော့ ကျုပ်လည်း နေရာမှာတင် သတိလစ်သွားတယ်။ ဒါပေမဲ့ သတိလစ်သွားတာက သိပ်တော့မကြာလိုက်ဘူး။ တစ်အောင့်လောက်ကြာတယ်ဆိုရင်ပဲ ကျုပ်သတိပြန်ရလာတယ်၊ သတိရရချင်ပဲ ဖက်ပိုးကနာနေတာတွေ၊ ခေါင်းထဲက မူးနေတာတွေကို ဘာမှဂရုမစိုက်နိုင်ဘူး။ ကျုပ်အဆောင်ကိုပဲ ချက်ချင်းသတိရလိုက်မိတယ်။ ဒါနဲ့ အိတ်ကပ်ထဲကို အမြန်နှိုက်ကြည့်လိုက်တော့ ကျုပ်ထင်တဲ့အတိုင်းပဲ အဆောင်ကိုမတွေ့ရတော့ဘူး။ ကျုပ်တူထူပူပူဖြစ်သွားတယ်။ စိတ်ထဲမှာလည်း တော်တော့်ကို သောကရောက်သွားရတယ်။

ကျုပ်လည်း စိတ်ပျက်လက်ပျက်နဲ့ အိမ်ကိုပြန်လာခဲ့တယ်။ ကျုပ်ကိုရိုက်သွားတဲ့သူဟာ ဘယ်သူမှန်းလည်းမသိဘူး၊ ဘယ်လိုက်ရှာရမှန်းလည်းမသိဘူး။ ဒါနဲ့ အဲဒီညက စိတ်ထဲမှာ တနုံ့နုံ့ဖြစ်နေရင်းနဲ့ တော်တော်နဲ့ကို အိပ်လို့မပျော်နိုင်ဘူး။ ညဉ့်တော်တော်နက်လာတော့မှပဲ အရိုက်ခံထားရတဲ့ ဒဏ်ရာကလည်းငုံ့တာကြောင့် ခေါင်းထဲမှာ ရီဝီဝီဖြစ်လာရာက မှေးခနဲ အိပ်ပျော်သွားတော့တယ်။ အိပ်ပျော်သွားတာမှ တစ်ရေးမှကို မနိုးတော့ဘူး။ မိုးလင်းမှပဲ နိုးတော့တယ်။ အဲဒီမှာတင် ကျုပ်က အိပ်ရာနိုးနိုးချင်း အိတ်ကပ်ထဲကို လက်နဲ့ ယောင်ပြီးနှိုက်လိုက်မိတယ်ဆိုရင်ပဲ လား ... လား ... ပျောက်သွားတဲ့ ကျုပ်အဆောင်လေးက ကျုပ်အိတ်ကပ်ထဲ ပြန်ရောက်နေတာကို တွေ့ရရောဗျို့။ ကျုပ်မှာ အဆောင်လေးကိုကိုင်ကြည့်ရင်း အံ့လည်းအံ့သြ၊ ထူးလည်းထူးဆန်း၊ ဝမ်းလည်းဝမ်းသာပေါ့ဗျာ။ အဲဒါ ကျုပ်ပထမအကြိမ်ကြုံတွေ့လိုက်ရတဲ့ အဖြစ်အပျက်ပဲ။

နောက်တစ်ကြိမ် အဖြစ်အပျက်ကျတော့ ဒီထက်တောင် ပိုထူးနေသေးတယ်။ တစ်နေ့မှာ ကျုပ်နဲ့ ကျုပ်မိန်းမနဲ့က အလှူပွဲတစ်ခုကနေ လှည်းနဲ့ပြန်လာခဲ့ကြတယ်။ ဒါနဲ့ လူပြတ်တဲ့ တောတန်းတစ်ခုနားကိုလည်းရောက်ရော မျက်နှာဖုံးစွပ်ထားတဲ့ လူသုံးယောက်က ဓားကိုယ်စီနဲ့ ချုံထဲကနေထွက်လာပြီး ကျုပ်တို့ကို ဓားပြတိုက်တော့တာပဲ၊ တိုက်တော့ ကျုပ်မိန်းမကလည်း သူ့ကိုယ်ပေါ်က လက်ဝတ်လက်စားတွေကို ချွတ်ပေးတာပဲ။ ဒါပေမဲ့ သူတို့က မလိုချင်ဘဲ ကျုပ်ဆီမှာရှိတဲ့ အဆောင်ကိုသာ လိုချင်ကြသတဲ့။ အဲဒီအဆောင်ကို ထုတ်ပေးဖို့ချည်း ကျုပ်ဆီတောင်းနေကြတယ်။ ကျုပ်တို့ခေါင်းပေါ်မှာလည်း ဓားတွေနဲ့ မိုးထားတာဆိုတော့ ကြောက်လည်း ကြောက်နေရတာပေါ့။ ဒါပေမဲ့ ကျုပ်က ကျုပ်မှာ ဘာအဆောင်မှ မရှိဘူးချည်းပဲ ငြင်းလိုက်တာပဲ။ အဲဒီမှာ ကျုပ်ကို လိမ်ရမလားဆိုပြီး ရိုက်လိုက်၊ နှက်လိုက်၊ ထုလိုက်၊ ထောင်းလိုက်ကြတာဗျာ။ ကျုပ်တော်တော်ခံလိုက်ရတယ်။

အဲဒီနောက် ကျုပ်တစ်ကိုယ်လုံးမှာ လိုက်ရှာကြတယ်။ ဘယ်မှာမှမတွေ့ဘူး။ မတွေ့တော့ လှည်းတစ်စီးလုံးကို ဖြောင်းဆန်နေအောင် ရှာကြပြန်တယ်။ အဲဒီမှာတင် လှည်းဆောင်ပန်းထဲမှာ သေသေချာချာ အံဖုံးကလေးလုပ်ပြီး ဝှက်ထည့်ထားတဲ့ ကျုပ်အဆောင်ကလေးကို သူတို့တွေ့သွားကြတော့တာပဲ။ ပြီးတော့ အဲဒီအဆာင်ကိုယူပြီး တစ်ခါတည်း လစ်ပြေးကြရော၊ ကျုပ်လည်း ထုံးစံအတိုင်းတစ်ခါထပ်ပြီး စိတ်ဆင်းရဲရပြန်တာပေါ့။

ဒါနဲ့ အိမ်ပြန်ရောက်လို့ ကျုပ်လည်း စိတ်ညစ်ညစ်နဲ့ ကွမ်းတစ်ယာစားမယ်ဆိုပြီး ကွမ်းအစ်ကိုဖွင့်လိုက်ရာမှာ သောက်ကျိုးနည်း ... အံ့သြစရာပဲဗျို့။ ကျုပ်အဆောင်ကလေးက အဲဒီကွမ်းအစ်ထဲ ပြန်ရောက်နေပါရောလား။ ဒီမှာတင် ကျုပ်ကောင်းကောင်းသိလိုက်ပြီ။ ဒီအဆောင်ဟာ ကျုပ်ကို ဘယ်တော့မှမစွန့်ဘူး။ ကျုပ်ဆီက ဘယ်တော့မှ မခွာဘူး။ ဘယ်သူက ဘယ်လိုနည်းနဲ့ပဲ ယူသွားယူသွား၊ ကျုပ်ဆီကို ပြန်ကိုပြန်လာရမယ်ဆိုတာ ကျုပ်ကောင်းကောင်းကြီး သဘောပေါက်သွားတယ်။ သူ့အတွက် ဘာမှ စိုးရိမ်စရာမရှိဘူးဆိုတာလည်း လုံးဝစိတ်ချလက်ချ ဖြစ်သွားတယ်။

ဒါပေမဲ့ဗျာ။ ကျုပ်မှာ ဘယ်လိုတွေ ထပ်ပြီးဖြစ်သလဲဆိုတော့ ... ကျုပ်မှာ ဒီအဆောင်ရှိတဲ့သတင်းက ပျံ့နှံ့သွားတာမို့ ကျုပ်ကို ဘယ်ဂျင်းဝိုင်းကမှ လက်မခံကြတော့ဘူး။ ပေးမကစားကြတော့ဘူး။ ဒါ့အပြင် အန္တရာယ်တွေကလည်း ကျုပ်မှာ တစ်နေ့ထက်တစ်နေ့ များများလာတယ်။ ကျုပ်ကို အသေသတ်ပစ်မှသာ ကျုပ်လက်ထဲက အဆောင်ကို အပိုင်ရနိုင်မယ်ဆိုပြီး လူတချို့က ကျုပ်ကို အပြတ်ရှင်းဖို့အထိ ကြံစည်လာကြတယ်။ ကျုပ်လည်း ဒါကိုရိပ်မိလို့ သူတို့ရန်ကလွတ်အောင်ပဲ ရှောင်နေကြတော့တာပဲ၊ ရှောင်ဆို အိမ်ကိုတောင် ပြန်မအိပ်ရဲတော့ဘူး။ ဝေးဝေး တစ်ခါမှသာ မိန်းမနဲ့ ခိုးကြောင်ခိုးဝှက်ပြန်တွေ့ရတယ်။ လွန်ခဲ့တဲ့တစ်ပတ်လောက်ကတော့ မိန်းမက ကျုပ်ကိုငိုကြီးချက်မနဲ့ ဆီးပြောတယ်။ တစ်ညမှာ အိမ်ကို ဓားပြတွေရောက်လာသတဲ့၊ ကျုပ်ဂျင်နိုင်ပြီး စုဆောင်းထားတဲ့ ရွှေတွေငွေတွေ အားလုံးကို ယူသွားကြသတဲ့။ အိမ်မှာရှိသမျှ ကုန်ပြီ၊ ပြောင်ပြီတဲ့။

ကျုပ်ကို ဂျင်ကစားပြီး ငွေထပ်ရှာပေးဖို့ မိန်းမကတိုက်တွန်းသေးတယ်။ ကျုပ်က ဘယ်လာလုပ်ရဲပါ့မလဲ။ ဘယ်ဂျင်ဝိုင်းထဲမှ မဝင်ရဲဘူး။ ဘယ်ရပ်ကွက်ထဲမှ မျက်နှာမပြရဲဘူး။ ကျုပ်နောက်ကို လူတွေက တကောက်ကောက် လိုက်နေကြတဲ့ဥစ္စာ။ ကျုပ်မှန်းသိတာနဲ့ ကျုပ်ကို



www.burmeseclassic.com

www.burmeseclassic.com

တစ်ခါတည်း အပျောက်ရှင်းပစ်လိုက်ကြမှာပေါ့။ ဒါနဲ့ ကျုပ်လည်း ဖြစ်သလိုနေ၊ ဖြစ်သလိုစားပြီး ပုန်းလျှိုးကွယ်လျှိုး လုပ်နေခဲ့ရတာ ဒီကနေ့အထိတိုင်အောင်ပဲ။ ဒီကနေ့မနက်တောင်မှ ကစားဝိုင်းမှာ ဆုံခဲ့ဖူးတဲ့ ဂျင်သမားတစ်ယောက်နဲ့ လမ်းပေါ်မှာဆုံမိရာက ကျုပ်ကိုမှတ်မိသွားမှာစိုးလို့ ရှောင်ထွက်လာရင်း ခင်ပျားနဲ့ လူချင်းတိုက်မိသွားတာပဲ။

ကျုပ်တော့ တော်တော်စိတ်ကုန်သွားပြီ။ အသက်ဘေးနဲ့ယှဉ်ပြီးတော့ ဒီအဆောင်ကိုလည်း ဘာမှ မက်မောချင်တော့ဘူး။ မတွယ်တာချင်တော့ဘူး။ သူ့ကြောင့် ခုလို ဒုက္ခရောက်နေရတာဆိုပြီး စိတ်တောင်နာမိတယ်။ မုန်းလည်းမုန်းလာမိတယ်။ ဂျင်ဝါသနာကိုလည်းစွန့်၊ ဒီအဆောင်ကိုလည်းစွန့်ပြီးတော့ အရင်တုန်းကလိုပဲ မရှိအေးအေး၊ ရှိအေးအေး လုပ်ကိုင်စားသောက်ပြီး နေချင်တဲ့စိတ်တွေသာ ဝင်နေမိတော့တယ်။ ဘဝဟောင်း၊ နေရာဟောင်းကိုသာ တမ်းတနေမိတော့တယ်။

ဒါပေမဲ့ ခက်တာက ဒီအဆောင်ကို ဘယ်လိုမှ စွန့်ပစ်လို့မရဘဲ ဖြစ်နေတယ်။ ဟိုတစ်လောက ဒီအဆောင်ကို လူတစ်ယောက် နှစ်ယောက်ဆီ အတင်းလိုက်ပေးကြည့်တယ်။ သူတို့ကတော့ ယူသွားတာပဲ။ ဒါပေမဲ့ မကြာခင်မှာပဲ ဒီအဆောင် ကျုပ်ဆီပြန်ရောက်လာတယ်။ ဒါနဲ့ လမ်းပေါ်ကို လွှတ်ပစ်ထားခဲ့ကြည့်ပြန်တယ်။ ဒါလည်းမရဘူး။ ရေထဲ မျှောပစ်ကြည့်ပြန်တယ်။ လုံးဝမရဘူး။ ဆရာကြီးပြောသလို မီးရှို့ကြည့်ပြန်တယ်။ ဘာမှမထူးဘူး။ ကျုပ်ဆီကို ပြန်ပြီးတော့ ရောက်လာမြဲပဲ။ ကျုပ်လည်း ဘယ်လိုမှ စွန့်ပစ်လို့မရတဲ့အဆုံး မနှစ်မြို့စွာနဲ့ဘဲ ဆက်ပြီးလက်ခံထားနေရတော့တယ်။

အမယ် . . . ဒီကောင်က ကျုပ်ကိုသာ ဘာမှအကျိုးမပြုတော့တာ၊ သူ့ဘက်ကျ တော့ နည်းနည်းမှ အထိမခံဘူးဗျ။ ကျုပ်က သူ့ကို တစ်ရက်လောက် အစာမကျွေးမိတာနဲ့ သူက ကျုပ်ကို လည်ပင်းထထညှစ်တော့တာပဲ။ သူ့ကို အစာမကျွေးမချင်း လည်ပင်းကို မကြာမကြာလာညှစ်နေတော့တာပဲ။ ကျုပ်ဖြင့် ကြောက်တောင်ကြောက်မိတယ်၊ သူတစ်ခါတစ်ခါ လည်ပင်းလာလာညှစ်ရင် ကျုပ်အသက်တောင် ပါသွားမလား အောက်မေ့ရတယ်။ သူလည်ပင်းမညှစ်ပါမယ့် အရေး အမဲသားကို မှန်မှန်ကျွေးနေရတယ်။ ကိုယ်စားဖို့အတွက် မရှိဘဲနေလို့ ရချင်ရမယ်။ သူ့ကိုကျွေးဖို့အတွက်တော့ မရှိဘဲနေလို့မရဘူး။ ကိုယ်သာအငတ်နေလို့ ရချင်ရမယ်။ သူ့ကိုအငတ်ထားလို့မရဘူး။ ကျုပ်ဖြင့် စိတ်ညစ်တာရော၊ စိတ်ဆင်းရဲတာရော စုံနေတာပဲ၊ တစ်ခါ တစ်ခါ ကိုယ့်ကိုယ်ကို သတ်သေချင်စိတ်တောင် ပေါက်မိတယ်။ ကိုင်း . . . အခုပြောခဲ့တာတွေဟာ ကျုပ်ရဲ့ ဖြစ်ပုံပျက်ပုံ အလုံးစုံတွေပါပဲ''

ဟူ၍ ရှည်လျားစွာ ပြောပြီးနောက် လေးခွက သူ့စကားကို အဆုံးသတ်လိုက်လေသည်။ ကြဲချောင်းကား ခေါင်းကို တဆတ်ဆတ်ညိတ်၍ နေလေသည်။ ထို့နောက် သူကလည်း သူ့အလှည့်၊ သူ့အကြောင်းကို ပြောပြရန်အတွက် စကားစလိုက်သည်။

''သိပ်ဟုတ်တာပေါ့ဗျာ။ သိပ်မှန်တာပဲ။ ခင်ဗျားနဲ့ ကျုပ်နဲ့ ဖြစ်ပုံပျက်ပုံ တစ်ထေရာတည်းပဲ။ အဆောင်က စွမ်းလွန်းတော့ စွန့်ရမယ့်အချိန်မှာ မစွန့်ဘဲ ဆက်ကိုင်ထားမိပုံ၊ ဒီအဆောင်ကို အသုံးချပြီး လောဘနောက်လိုက်ခဲ့မိပုံ၊ ကိုယ့်ဆီကအဆောင်ကို လိုချင်ကြလို့ လူတွေက နည်းမျိုးစုံနဲ့ လုယူကြပုံ၊ သူတို့အန္တရာယ်ကိုကြောက်လို့ ထွက်ပြေးနေရပုံ၊ နောက်ဆုံး ဒီအဆောင်ကို ငြီးငွေ့လာပုံ၊ မုန်းတီးလာပုံ၊ သူ့ကို မလိုချင်တော့လို့ နည်းအမျိုးမျိုးနဲ့ စွန့်ပစ်ကြည့်ပေမဲ့ ဘယ်လိုမှ စွန့်ပစ်လို့မရပုံ၊ သူ့ကို အစာမကျွေးမိတာနဲ့ လည်ပင်းကို လာလာညှစ်တတ်ပုံ၊ အဲဒါတွေအားလုံး အတူတူပဲ။ ခင်ဗျားဖြစ်သလို ကျုပ်လည်းဖြစ်တာပဲ''

''နို့ . . . ခင်ဗျားအဆောင်နဲ့ ကျုပ်အဆောင်က သဘောသွားချင်တော့ မတူဘူးမဟုတ်လား''

''ဟုတ်တယ်။ ကျုပ်အဆောင်က

''သိပ်ဟုတ်တာပေါ့။ ငါလည်း ဘယ်သူ့ကိုမှ လူမြင်မခံဝံ့၊ လူသိမခံဝံ့ဘူး။ ဘယ်နေရာမှာမှလည်း ပေါ်ပေါ်ထင်ထင် မနေရဲတော့ဘူး။ ဒါကြောင့် ခုလို သူတောင်းစားယောင်ဆောင်ပြီး ကြုံသလို နေနေရတာပဲ''



www.burmeseclassic.com

www.burmeseclassic.com

တုတ်ပြီး၊ ဓားပြီးသက်သက် ``` ပြီးတာမှ ဘာပြီးသလဲမမေးနဲ့၊ တိန်တိန်က ``` ည့်နေတာပဲ။ အဲဒီအဆောင်ကို ပါးစပ်ထဲထည့်ပြီး အံသွားနဲ့ တင်းတင်းကြိတ်ထားလိုက်လို့ကတော့ ဘယ်ဓားလာလာ၊ ဘယ်တုတ်လာလာ၊ ဘာကိုမှ မဖြုတော့ဘူး။ နိုက်ချက်၊ ထိုးချက်၊ ခုတ်ချက်တွေမှန်သမျှ ကျုပ်အသားကိုတောင် ထိခွင့်မရဘဲ ဘေးကိုချည်း ချော်ထွက်နေတော့တာပဲ။ တကယ်စွမ်းတဲ့ အဆောင်ပါဗျာ''

''နို့ ... ဒီအဆောင်ကို အံနဲ့ကိုက်ထားလိုက်ရုံနဲ့တင် ကိစ္စပြီးသွားရောလား။ ``` င်ဗျားကို ``` ပေါ်မှာရော တခြားဘာထူးခြားသေးလဲ''

''ထူး ``` ားတယ်ဗျ။ အဲဒီဆောင်ကို အံနဲ့ကြိတ်လိုက်တာနဲ့ တစ်ပြိုင်နက် ကျုပ်တစ်ကိုယ်လုံး ထူထူပူပူ၊ ရှိန်းရှိန်းဖိန်းဖိန်းကြီး ဖြစ်လာတယ်။ ပြီးတော့ ရုတ်တရက်တွင်းတစ်ခုထဲကို ဝင်နေလိုက်ရသလိုမျိုး ပိုက်လုံးတစ်ခုထဲကို ဝင်နေလိုက်ရသလိုမျိုး၊ အဲလိုမျိုးကြီး ခံစားလိုက်ရတယ်ဗျ။ နောက်တော့မှ ကျုပ်သဘောပေါက်သွားတာက တကယ်တော့ အဆောင်ကို အံသွားနဲ့ကြိတ်လိုက်တဲ့ ``` ဟာ သူ့အစောင့်ကို အချက်ပေးပြီး စေခိုင်းလိုက်တာနဲ့ အတူတူပဲဗျ။ ဒါကြောင့် ကျုပ်က အံနဲ့ကြိတ်လိုက်တာနဲ့ အစောင့်က ကျုပ်တစ်ကိုယ်လုံးကို လွှမ်းခြုံပြီး အကာကွယ်ပေးထားလိုက်တဲ့သဘောပဲ။ လာလေသမျှ တုတ်ချက်၊ ဓားချက်တွေကိုလည်း သူကချည်း ရှေ့ကနေ ဆွဲဖယ်ပေးနေတဲ့သဘောပဲ''

''တယ်ကောင်းပါလား။ နို့ ... တုတ်ပြီး၊ ဓားပြီးလောက်ပဲလား။ သေနတ်ရော မပြီးဘူးလားဗျာ''

''ပြီးချင်ပြီးလိမ့်မယ်။ သေနတ်ကိုတော့ တစ်ခါမှ အပစ်မခံဖူးဘူး။ ဓားတွေ၊ လှံတွေနဲ့ကတော့ အပွဲပွဲနွှဲခဲ့ဖူးတယ်။ ကြုံခဲ့ဖူးပေါင်းလည်းများလှပြီ။ များဆို ဒီအဆောင်အားကိုးနဲ့ ကျုပ်က ဓားပြတွေချည်း လျှောက်တိုက်နေတာကိုးဗျ။ ဟား .. ဟား ... ဟား''

''အင်း ... ခင်ဗျားလည်း ကျုပ်လိုပါပဲ။ ခင်ဗျားအတွေ့အကြုံတွေကို ခပ်စုံစုံလေးပြောပြစမ်းပါဦး''

''ဒီလိုဗျ။ ကျုပ်ပထမဆုံးနွှဲရတဲ့ပွဲက ထုံးစံအတိုင်း ကျုပ်ယောက်ဖတွေနဲ့ နွှဲရတဲ့ပွဲပဲ။ တစ်နေ့မှာ ကျုပ်လည်း ဒီအဆောင်အားကိုးနဲ့ ကျုပ်ကောင်မ မိထူကို ခပ်နာနာလေး တီးလိုက်မိတယ်။ အဲ ... သူတို့နှမရဲ့အသံကို ကြားတယ်ဆိုရင်ပဲ ကျုပ်ယောက်ဖတွေက ပြေးလာကြတော့တယ်။ ပထမဆုံး ယောက်ဖတစ်ယောက်က ကျုပ်ကိုဆဲဆိုပြီး ထင်းချောင်းနဲ့ လှမ်းပစ်တယ်။ သူ့ထင်းချောင်းက ကျုပ်အတွက် အယားတောင်မပြေဘူး။ ကျုပ်က အဲဒီ ထင်းချောင်းနဲ့ပဲ သူ့ကိုပြန်ပစ်လိုက်တာမှာ နဖူးကို ဖြောင်းခနဲသွားမှန်ပြီး နေရာမှာတင် ပုံပုံလဲရော။ မကြာဘူး။ နောက်ယောက်ဖတစ်ယောက်က ကျုပ်ကို လှံနဲ့ပစ်ပြန်ရော။ အဲဒီလှံကလည်း အပ်လောက်မှ အသွားမချွန်ဘူး။ ဘေးကို ချော်ထွက်သွားပြန်တာပဲ။ ကျုပ်က လှံကိုကောက်ပြီး သူ့ဆီပြန်လွှတ်လိုက်တာမှာ ကျုပ်ယောက်ဖငနဲရဲ့ ရင်ဝတည့်တည့်ကို တန်းခနဲဝင်သွားရော။ ဒါပေမဲ့ ကျုပ်က အရိုးဘက်ကနေ လှမ်းပစ်လိုက်တာဆိုတော့ သူ့ရင်ပတ် အောင့်သွားရုံလောက်ပါပဲ။

အဲဒီမှာတင် ဒီငနဲတွေ မျက်လုံးပြူးကုန်ကြတယ်။ ရှေ့မတိုးရဲကြတော့ဘူး။ ဒီကြားထဲ ကျုပ်ကလည်း သူတို့ကို ခပ်တည်တည် ခပ်စိမ်းစိမ်း ပြန်ကြည့်နေတော့ ဒီကောင်တွေလည်း လန့်သထက်လန့်ကုန်လာပြီး နောက်ကြောင်းအတိုင်း ပြန်လစ်ကုန်ကြတော့တာပဲ။ အဲဒီလိုနဲ့ ကျုပ်နဲ့ တစ်ပွဲလောက်သာ နွှဲလိုက်ရပါတယ်။ ယောက်ဖတွေအားလုံး တပ်လှန်ကုန်ကြတော့တာပဲ။ ဖြုသွားကုန်ကြတော့တာပဲ။ ပြီးတော့ သူတို့က ကျုပ်ပြီးနေတယ်ဆိုတာကိုလည်း ကောင်းကောင်းကြီးသိသွားကြတယ်။ ကျုပ်ကလည်း နောက်ပိုင်းရောက်တော့ ဘာတက်ကြွသလဲ မမေးနဲ့။ ဘယ်သူ့မှမကြောက်၊ ဘယ်သူ့မှ လူမထင်တော့ဘူး။ ထောင်ထောင်၊ ထောင်ထောင်နဲ့ လုပ်နေတော့တာပေါ့။

အဲ ... တစ်နေ့ကျတော့ ကျုပ်ယောက်ဖတစ်ယောက်ကပဲ ကျုပ်ဆီကို မျက်နှာချိုသွေးပြီး ရောက်လာတယ်။ အကြံတစ်ခုလာပေးတယ်။ မြစ်ဆိပ်မှာ မော်တော်တစ်စီးရောက်နေတဲ့အကြောင်း၊ အဲဒီမော်တော်ဟာ ကုလားသူဌေးတစ်ယောက်ပိုင်တဲ့ မော်တော်ဖြစ်ကြောင်းနဲ့ အဲဒီကုလားသူဌေးကိုယ်တိုင် အခုမော်တော်ထဲမှာ ပါလာတဲ့အကြောင်း၊ ဒီညဒီမှာပဲညအိပ်ဖို့ မော်တော်ကို ကမ်းကပ်ထားတာဖြစ်တဲ့ အကြောင်း၊ အဲဒီကုလားသူဌေးဟာ အထက်ရွှေတွင်းတွေဆီက ပြန်လာတာဖြစ်ပြီး ရွှေတွေတော်တော်များများ ဝယ်လာတယ်လို့ သူတို့ သတင်းအတိအကျရထား ``` ကြောင်း စသည်ဖြင့် ကျုပ်ကို တိုး ``` တ်တိတ် လာပြောပြတယ်။ အဓိက သူဆိုလိုရင်းကတော့ ကျုပ်ဦးဆောင် ပြီး အဲဒီကုလားသူဌေးကို ဓားပြတိုက်ကြဖို့ပဲ။ ကျုပ်ကလည်း မငြင်းပါဘူး။ တက်လည်း တက်ကြွနေတဲ့အချိန်ဆိုတော့ သူ့အကြံကို လက်ခံလိုက်တယ်။

ဒါနဲ့ ညသန်းခေါင်လောက် ရောက်တယ်ဆိုရင်ပဲ ကျုပ်ယောက်ဖလူမိုက်တစ်သိုက်နဲ့အတူ အဲဒီမော်တော်ကို ဓားပြသွားတိုက်တော့တာပဲ။ မော်တော်နားရောက်တာနဲ့ ကျုပ်ယောက်ဖတွေကို အပြင်ကနေဝိုင်းထားခိုင်းပြီး ကျုပ်တစ်ယောက်တည်း အထဲကို ဦးဆုံးဝင်သွား



www.burmeseclassic.com

www.burmeseclassic.com

လိုက်တယ်။ အမယ် ... ကုလားက သက်တော်စောင့်တွေ ဘာတွေနဲ့ဗျ။ ကျုပ် အထဲဝင်လာတယ်ဆိုရင်ပဲ အဲဒီကုလားရဲ့ လူတွေက ကျုပ်ကို ဓားနဲ့ဆီးထိုးတဲ့သူက ထိုး၊ ပုဆိန်နဲ့ခုတ်တဲ့သူကခုတ်နဲ့ ဝိုင်း ဆော်ကြတော့တာပဲ။ ဒါပေမဲ့ ဘာရ မလဲဗျာ။ ကျုပ်ကဘာမှမဖြစ်ဘဲ ဒီကောင် တွေချည်းပဲ တဘိုင်းဘိုင်းလဲနေရတော့ တယ်။ ကျုပ်လည်း ဒီကောင်တွေအားလုံး ကို မြစ်ထဲကန်ချပစ်လိုက်တယ်။ ဒီကောင် တွေရန် အေးသွားပြီဆိုတော့မှ ကျုပ် ယောက်ဖတွေကို အထဲဝင်ခိုင်းလိုက် တယ်။ ပြီးတာနဲ့ ကုလားကိုဝိုင်းထားပြီး ရှိတာအကုန်ထုတ်ခိုင်းတော့တာပေါ့။ ကုလားဆီက ရွှေတွေအတော်များများ ရလိုက်တယ်။

ကျုပ်လည်း အဲဒီတစ်ပွဲအောင်ပြီး ကတည်းက သွေးကြွသွားလိုက်တာများ မိုးမမြင်လေမမြင်ဖြစ်လို့၊ ဒီလိုနဲ့ ကျုပ် ယောက်ဖတွေနဲ့ပဲ နောက်ထပ်တစ်ပွဲပြီး တစ်ပွဲ ဓားပြတွေ လျှောက်တိုက်နေမိ တယ်ဆိုပါတော့။ တိုက်သမျှလည်း အောင်တာပဲ။ ဒါကြောင့်မို့လို့ တစ်လ ပြည့်ရင် ဒီအဆောင်ကို ဖျက်ဆီးပစ်ရမယ် ဆိုတဲ့ ဆရာကြီးမင်းစက္ကစကားကို ပယ် လှန်ပြီး ခင်ဗျားလိုပဲ အဆောင်နဲ့ ဆက် စခန်းသွားနေခဲ့မိတယ်။

ဒါပေမဲ့ နောက်ပိုင်းရောက်တော့ ကျုပ်ယောက်ဖတွေကပဲ ကျုပ်ကို ပြန်ပြီး သစ္စာဖောက်လာကြတယ်။ သူတို့က လောဘတက်ပြီး ကျုပ်လက်ထဲက အဆောင်ကို မရရအောင် ခိုးယူသွားခဲ့ကြ တယ်။ ဒါပေမဲ့ သူတို့ ဘယ်လိုခိုးခိုး ဒီ အဆောင်က ကျုပ်ဆီကိုပဲ ပြန်ပြန်ရောက် လာတယ်။ ခင်ဗျားဖြစ်တဲ့အတိုင်းပဲ။ ဒါနဲ့ သူတို့က ကျုပ်ကိုအဆိပ်ခတ်ပြီး အသေ သတ်ဖို့အထိ ကြံလာကြတယ်။ ကျုပ်က ဓားပြီး တုတ်ပြီးသိုပေမဲ့ အဆိပ်ကျတော့ ပြီးချင်မှ ပြီးမှာကိုး။ အဲဒီမှာ ကျုပ်မိန်းမက အသိဦးပြီး ကျုပ်ကိုသတိပေးလိုက်လို့ သူတို့ကျွေးတဲ့အစာကို ကျုပ်မစားဖြစ် လိုက်တာ။ နို့မို့လို့ကတော့ အဲဒီမှာတင် ကျုပ်တစ်ခါတည်း ကိစ္စပြတ်ပြီးသွားပဲ။

ဒါနဲ့ မကြာခင်မှာပဲ ရဲကလာဝိုင်း တော့တာပဲ။ ဝိုင်းဆို ကျုပ်တို့အဖွဲ့က လည်း တော်တော်နာမည်ကြီးနေပြီလေ။ အဲဒါ ကျုပ်ယောက်ဖတွေအားလုံး အဖမ်း ခံရပြီး ထောင်ထဲ[illegible]တယ်။ ကျုပ် တော့ သီ[illegible]တယ်။ ဒါပေ မဲ့ ကျုပ်[illegible]ကတကောက် ကောက်ဆက်လို[illegible]နေကြတယ်။ ကျုပ် ကိုဖမ်းပေးနိုင်ရင်၊ ဒါမှမဟုတ် ကျုပ် သတင်းကိုပေးနိုင်ရင် ဆုငွေပေးမယ်ဆိုပြီး တော့လည်း ကြေညာထားတယ်။ ကျုပ် နာမည်နဲ့ ဓာတ်ပုံတွေကိုပါ အနယ်နယ် အရပ်ရပ်မှာ လိုက်ပြီးဖြန့်ဝေထားတယ်။ ဒါကြောင့် ကျုပ်လည်း ဘယ်ကိုမှ ပေါ် ပေါ်ထင်ထင် မသွားရဲ မလာရဲတော့ဘူး။ တစ်ပြေးတည်းပြေး၊ တစ်ပုန်းတည်းပုန်း နေရတော့တာပဲ။ အဲဒီနောက်တော့ ဒီ အဆောင်ကို စိတ်ကုန်လွန်းလို့ လွှင့်ပစ် ကြည့်မိပေမဲ့ ဘယ်လိုမှ လွှင့်ပစ်လို့မရ တာတွေရယ်၊ သူ့ကိုအစာမကျွေးရင် ည ညထပြီး လည်ပင်းညှစ်တတ်တာတွေ ရယ်၊ အဲဒါတွေအားလုံး ခင်ဗျားဖြစ်တဲ့ အတိုင်း အတူတူတွေချည်းပဲ။ ကျုပ်ဖြင့် ဒီဆင်းရဲဒုက္ခက ကျွတ်ချင်လှပါပြီ။ ဘယ် လိုလုပ်ရမှန်းကို မသိဘူးဗျာ"

ကြံချောင်းက သေချင်စော်နံ အောင် ညည်းလိုက်ပြီးနောက် သူ့စကား ကို အဆုံးသတ်လိုက်လေသည်။ လေးခွ လည်း သက်ပြင်းကိုသာ ချ၍နေလေ သည်။ စကားစပြတ်သွားပြီး နှစ်ယောက် သား တိတ်ဆိတ်နေမိကြသည်။ အတန် ကြာတော့မှ လေးခွကပင် ညည်းသံတစ် ဝက်ဖြင့် ပြောလိုက်သည်။

"အင်း ... ကျုပ်တို့ကို ဒီ အဆောင်တွေလုပ်ပေးတဲ့ ဆရာကြီးမင်း စက္ကကလည်း ဘယ်ဆီမှာနေမှန်းမသိ ဘူး။ ဘယ်လိုက်ရှာရမှန်းလည်း မသိဘူး။ သွားလေရာမှာ ဆရာကြီးအကြောင်းကို မေးကြည့်ပေမဲ့ ဘယ်လိုမှကို စုံစမ်းလို့မရ ဘူး။ ဒီအစောင့်ကို ဘယ်လိုမောင်းထုတ်ရ မလဲဆိုတာ၊ ဒါမှမဟုတ် ဒီအဆောင်ကို ဘယ်လိုဖျက်ဆီးရမလဲဆိုတာ သူမှတတ် နိုင်မှာပဲ"

"ဟုတ်တာပေါ့ဗျာ။ ဆရာကြီးမင်း စက္ကနဲ့ ပြန်တွေ့ရမှသာ ကျုပ်တို့ ဒီဆင်း ရဲဒုက္ခက လွတ်မှာ။ အမဲသားဖိုးတွေက လည်း ကုန်လွန်းလှပါပြီ။ ရှေ့လျှောက် သူ့ကို အစာမှန်မှန်ကျွေးနိုင်ဖို့တောင် ခပ်ခက်ခက်ပဲ။ အင်း ... ဆရာကြီးမင်း စက္က၊ ဆရာကြီးမင်းစက္က၊ ဘယ်မှာနေလို့ ဘယ်မှာရှိတယ်ဆိုတာ သိချင်စမ်းပါဘိ ဗျာ"

ကြံချောင်းက လေးခွ၏စကား ကို ထောက်ခံ၍ ပြောလိုက်သည်။ သူ၏နှုတ် မှလည်း ဆရာကြီးမင်းစက္က၏ နာမည်ကို ရေရွတ်၍ တမ်းတလိုက်မိလေသည်။ ဤ တွင် အဖြစ်အပျက်က လွန်စွာအံ့သြစရာ ကောင်းလှသည်။ ထိုကဲ့သို့ ကြံချောင်းက ဆရာကြီးမင်းစက္က၏နာမည်ကို တမ်းတမိ လိုက်ချိန်မှာပင် သူတို့ထိုင်နေကြသော အုတ်ခုံ၏ အနောက်ဘ[illegible]မှ ကျယ် လောင်သော ရယ်[illegible]ကြီးတစ်ခုက ရုတ်တရက် ထွက်ပေါ်လာပြီးလျှင် တစ် ပြိုင်နက်တည်းလိုလိုပင် လူကြီးတစ် ယောက်က သူတို့ရှေ့သို့ ဘွားခနဲရောက် လာလေတော့သည်။ ထိုလူကြီးမှာ စွယ်စုံ နှုတ်ခမ်းမွေးကြီးနှင့်ဖြစ်ကာ ဟောင်းနွမ်း ညစ်ထေးသော အဝတ်အစားများကို လည်း ဖိုသီဖတ်သီ ဝတ်ဆင်၍ထားလေ သည်။ ထိုလူကြီးကား သူတို့နှစ်ယောက် ဘုရားပေါ်တက်လာကြစဉ်က စောင်း



www.burmeseclassic.com

www.burmeseclassic.com

တန်းအ၀ ခြသေ့်ကြီးအနီးတွင်ထိုင်ကာ သူတို့နှစ်ဦးကို စူးစူးရဲရဲစောင့်ကြည့်လျက် ရှိသော သူတောင်းစာအဘိုးကြီးပင် ဖြစ်လေတော့သည်။

ရုတ်တရက်မို့ သူတို့က အဘိုးကြီးကို မော့ကြည့်ကာ အံ့အားသင်နေကြသည်။ ထိုအချိန်မှာပင် ထိုအဘိုးကြီးက သူ၏စွယ်စုံနှုတ်ခမ်းမွေးကြီးကို ဖျစ်ခနဲနေအောင် ဆွဲခွာလိုက်ပြီးနောက် သူတို့ကို လှမ်းပြောလိုက်တော့သည်။

"ဟား ... ဟား ကြုံမှကြုံတတ်ပလေကွာ။ ငါ့ကိုတွေ့ချင်နေကြသတဲ့လား။ မင်းတို့တွေ့ချင်နေတဲ့ ဆရာကြီးမင်းစက္ကဂ၊ ဒီမှာလေကွာ၊ ဒီမှာ"

သူတို့ အံ့သြသွားကြသည်။ နှုတ်ခမ်းမွေးအတုကြီးကို ဖြုတ်လိုက်သဖြင့် မူလမျက်နှာထင်ပေါ်လာသော ထိုအဘိုးကြီးကိုကြည့်ကာ ဝမ်းလည်းဝမ်းသာသွားကြသည်။ နှစ်ဦးသား ပျာပျာသလဲပင် အဘိုးကြီး၏ခြေစုံကို ဦးခိုက်လိုက်ကြလေသည်။

"အောင်မယ်လေး ဆရာကြီးရယ်။ ဘုရားသိကြားမလို့ ပြန်တွေ့ခွင့်ရသေးတယ်နော်၊ ကျွန်တော်တို့ဖြင့် ဆရာကြီးကို လိုက်ရှာနေတာ ကြာပေါ့ပေါ့"

နှစ်ဦးသား ဝမ်းသာလွန်း၍ မျက်ရည်များပင် လည်နေကြတော့သည်။ သူတို့၏စကားသံ၌ ငိုသံပင်ပါနေကြတော့သည်။

"အေး ... မင်းတို့နှစ်ကောင် ဘုရားပေါ်တက်လာတည်းက ငါမြင်သားပဲ။ မင်းတို့ ဘာတွေပြောကြမလဲဆိုတာ သိချင်လို့ မင်းတို့နောက်က အသာကပ်လိုက်လာပြီး ချောင်းနားထောင်နေတာပဲ။ ခုတော့ မင်းတို့ပြောသမျှတွေကို ငါအကုန်ကြား၊ အကုန်သိပြီးပြီ"

ထိုသို့ပြောပြီး ဆရာကြီးမင်းစက္ကက သူတို့ရှေ့တွင် ခံ့ခံ့ညားညား ထိုင်ချလိုက်သည်။ လေးခွက အသံတုန်တုန်ဖြင့် ဆရာကြီးကို ပြောလိုက်သည်။

"ဝမ်းသာလိုက်တာ ဆရာကြီးရာ၊ ဝမ်းသာလိုက်တာ။ ဒါနဲ့ ဆရာကြီးက ခုလိုပုံ၊ ခုလိုဘဝကို ဘာပြုလို့ရောက်နေရတာလဲဗျ"

"ရောက်ဆို တမင်ရောက်အောင် လုပ်ထားလို့ပေါ့ကွ။ ငါလည်း မင်းတို့လိုပဲ ပုန်းနေ၊ ကွယ်နေ၊ ပြေးနေ၊ လွှားနေရတာကိုးကွ"

"ခင်ဗျာ .. ဆရာကြီးလည်း ကျွန်တော်တို့လိုပဲ ပြေးလွှားနေရတယ်၊ ဟုတ်လား ..."

"သိပ်ဟုတ်တာပေါ့။ ငါလည်း ဘယ်သူ့ကိုမှ လူမြင်မခံဝံ့၊ လူသိမခံဝံ့ဘူး။ ဘယ်နေရာမှာမှလည်း ပေါ်ပေါ်ထင်ထင် မနေရဲတော့ဘူး။ ဒါကြောင့် ခုလို သူတောင်းစားယောင်ဆောင်ပြီး ကြုံသလိုနေနေရတာပဲ"

သူတို့နှစ်ဦးက ပါးစပ်အဟောင်းသားဖြစ်သွားကြသည်။ တစ်ဦးမျက်နှာကိုလည်း တစ်ဦးက ကြည့်လိုက်မိကြသည်။ ထို့နောက် ဆရာကြီးမင်းစက္ကပင် စိတ်မချမ်းမြေ့သံဖြင့် ဆက်ပြောလိုက်သည်။

"သြော် ... လောဘ၊ လောဘ။ လောဘကြောင့် ခုလိုဖြစ်ရတာပေါ့ကွာ။ လောကမှာ အေးအေးဆေးဆေး၊ ရိုးရိုးသားသား လုပ်ကိုင်စားသောက်ရင်လည်း အနေချောင်နေပါလျက်နဲ့ မတော်လောဘကို သွားဖက်မိလိုက်တော့ ခုလိုဆင်းရဲဒုက္ခတွေနဲ့ ကြုံရတော့တာပေါ့ကွာ"

"ဝန်မလေးဘူးဆိုရင် ဆရာကြီးအကြောင်းကိုလည်း ကျွန်တော်တို့ကို ပြောပြပါလားခင်ဗျာ"

"အေး ....ပြောပြရတာပေါ့။ မင်းတို့က ဘဝတူတွေဖြစ်နေတဲ့အတွက် ငါ့အကြောင်းကို ကောင်းကောင်းကြီး ပြောပြရသေးတာပေါ့။ ငါဟာ တိုင်းတုန်အောင်ကျော်ကြားတဲ့ အောက်လမ်းဆရာကြီးအဖြစ်ကို ရောက်ရှိအောင် နှစ်ပေါင်းများစွာ ကြိုးစားခဲ့ရတယ်။ ဆရာပေါင်းစုံဆီမှာ တပည့်အဖြစ်နဲ့ ဆင်းရဲဒုက္ခကြီးစွာခံယူပြီး သင်ယူခဲ့ရတယ်။ အဲဒါဟာ ဘာကြောင့်လဲဆိုတော့ စောစောကပြောခဲ့တဲ့ မတရားချမ်းသာချင်တဲ့စိတ်၊ မတော်လောဘကို မက်မောမိတဲ့စိတ်ကြောင့်ပဲ။

ဒီတော့ တိုတိုပြောရရင် ငါသူမတူအောင်ထက်မြက်တဲ့ အောက်လမ်းဆရာကြီးဘဝမှာ တရားတာ၊ မတရားတာ၊ မှန်တာ၊ မမှန်တာကို ဘေးချိတ်ပြီး၊ ပိုက်ဆံရရင် ဘာမဆိုလုပ်ခဲ့မိတယ်။ နယ်ပေါင်းစုံ၊ အလွှာပေါင်းစုံက လူပေါင်းစုံဟာ ငါ့ကို ဆည်းကပ်ခဲ့ကြတယ်။ စီးပွားရေးလောက၊ လူမှုရေးလောကနဲ့ နိုင်ငံရေးလောကတွေပါမကျန် ငါ့ဆီကို ရောက်လာခဲ့ကြတယ်။ ငါကလည်း သူတို့ရဲ့ အခက်အခဲတွေကို ချောမောအောင်မြင်သွားအောင် စွမ်းစွမ်းတမံ ကူညီလုပ်ကိုင်ပေးခဲ့တယ်။ အဲဒီလိုလုပ်ပေးတဲ့အတွက် ငါရလိုက်တဲ့ လာဘ်သပ်ပကာတွေ၊ ရွှေငွေပစ္စည်းတွေဆိုရင် ထားစရာနေရာမရှိအောင်ကို ငါ့မှာ ပြည့်စုံကြွယ်ဝနေတော့တယ်။

ဒီတော့ မင်းတို့စဉ်းစားကြည့်စမ်း။ ငါ့ဆီကို လာ[illegible] အ[illegible]ညီတောင်းတယ်ဆိုမှတော့ အဲဒီလူတွေဟာ ဘယ်မှာရိုးသားတဲ့လူတွေ ဟုတ်နိုင်ပါတော့မလဲ။ မတော်လောဘနဲ့ ဖြတ်လမ်းကလိုက်ဖို့ ကြံနေကြတဲ့သူတွေချည်းပဲ မဟုတ်လား။ စီးပွားရေးအရလည်း မတရားနည်းနဲ့ ကြီးပွားချင်တဲ့သူတွေ၊ အမှုအခင်းဆိုရင်လည်း မတရားနည်းနဲ့ အနိုင်ရချင်တဲ့သူတွေ၊ နိုင်ငံရေးလောကမှာလည်း အောက်လမ်းနည်းနဲ့ အသာစီးရချင်သူတွေ ဖြစ်မနေဘူးလား။ ဒီတော့ ... ဒီလိုလူတွေအတွက် အကျိုးဆောင်ပေးရတဲ့ ငါ့မှာလည်း အလိုလိုနေရင်း ရန်များပြီးသားဖြစ်မနေဘူး



www.burmeseclassic.com

www.burmeseclassic.com

လား။ ငါ့ကြောင့် အကျိုးအောင်သွားတဲ့သူတွေကတော့ ငါ့ကို ကောင်းလှချည်ရဲ့၊ **တော်လှချည်ရဲ့လို့** ချီးမွမ်းကြမှာပေါ့။ အဲ ••• ငါ့ပယောဂကြောင့် ဆုံးရှုံးသွားရတဲ့သူတွေ၊ **နစ်နာသွားရတဲ့**သူတွေကတော့ ငါ့ကို **အစိမ်းလိုက်ဝါး**စားချင်လောက်အောင် **မုန်းတီး**မနေကြပေဘူးလား။ အခု ငါဘေးအမျိုးမျိုး၊ ရန်အသွယ်သွယ်နဲ့ အသက်ဘေးကလွတ်အောင် ကိုယ်ဖွတ်ရှန်းခဲပြေးနေရတာဟာ အဲဒီကုသိုလ်တွေ၊ မကောင်းမှုတွေကြောင့်ပဲကွ။ နားလည်ကြပြီလား"

"ဟုတ်ကဲ့ ဆရာကြီး။ နားလည်ပါပြီ။ ဆရာကြီးလည်း ကျွန်တော်တို့လိုပဲ ဖြစ်နေပါပေါ့လား"

"မင်းတို့ထက်တောင်ဆိုးတာပေါ့ကွ။ မင်းတို့ကမှ ကိုယ့်နည်းကိုယ့်ဟန်နဲ့ ဖြေရှင်းရင် ပြေလည်နိုင်သေးတယ်။ ငါက လူပေါင်းများစွာနဲ့ ပတ်သက်ခဲ့ရတာဆိုတော့ ငါ့ကိုငြိုးထားတဲ့သူတွေ၊ ငါ့ကို ပစ်မှတ်ထားတဲ့သူတွေက တစ်ပုံကြီး။ ငါ့ကိုသတ်ချင်တဲ့သူတွေ အရပ်လေးမျက်နှာမှာရှိတယ်။ ငါက သူတောင်းစားယောင်ဆောင်နေတဲ့သူဆိုတော့ နေရာတော်တော်များများကို ရောက်တယ်။ အဲဒီနေရာတိုင်းမှာပဲ ငါ့ ပေါ် စိတ်နာနာနဲ့ အသေသတ်ဖို့ ကြံစည်နေကြတဲ့သူတွေ၊ တိုင်ပင်ပြောဆိုနေကြတဲ့သူတွေကို တွေ့ခဲ့ရတယ်။ ဘယ်အချိန်မှ ဒီဘေးရန်တွေက အေးမလဲမသိဘူး။ ဘယ်ကော့မှ ဒီဘဝက ကျွတ်မလဲမသိဘူး။ အင်း ••• လောဘ၊ လောဘ။ တယ်ကြောက်စရာကောင်းပါလား။ ငါတော့ ငယ်ငယ်က ငါ့မိသားစုနဲ့အတူ ပေါ့ပေါ့ပါးပါး၊ လွတ်လွတ်လပ်လပ်နဲ့ လုပ်ကိုင်စားသောက်ခဲ့ရတဲ့ဘဝကို သိပ်သတိရတာပဲ။ အဲဒီဘဝက ဆင်းရဲပေမဲ့ သိပ်စိတ်ချမ်းသာစရာကောင်းတာပဲ။ အဲဒီ ဘဝဟောင်း၊ နေရာဟောင်းကိုသာ ပြန်သွားချင်၊ ပြန်ရချင်ပါဘိတော့တယ်ကွာ"

ဆရာကြီးမင်းစက္ကက စကားကို အဆုံးသတ်လိုက်သည်။ သူ့မျက်နှာက စိတ်သောကဖြင့် အဆများစွာကို အိုမင်းသွားသကဲ့သို့ ထင်မှတ်နေရသည်။ ကြံချောင်းက စိတ်မကောင်းစွာဖြင့် ဝင်ပြောလိုက်သည်။

"ကြားရတာစိတ်မကောင်းပါဘူး ဆရာကြီးရယ်။ ကျွန်ု ဘ်တို့လည်း နောင်တတွေရနေပါပြီ၊ သားနဲ့ပဲ စားရစားရဆိုသလို နေရာဟောင်းကိုပဲ ပြန်ချင်နေကြပါပြီ"

"မင်းတို့က တော်သေးတာပေါ့ကွာ။ လူငယ်တွေဆိုတော့ ဆင်းရဲဒုက္ခဒဏ်ကို ခံနိုင်ကြသေးတာပေါ့။ ငါ့မှာတော့ အသက်ကကြီး၊ ကျန်းမာရေးကလည်း တယ်မကောင်းချင်တော့ ပိုပြီးဝဋ်ခံနေရတော့တာပေါ့ကွာ။ အခု ငါဘုရားအနောက်ဘက်က အနူတွေနေတဲ့ ရွာတစ်ရွာမှာ သူတို့နဲ့ရောနှောပြီးနေရတယ်။ ငါ့သားလေးတစ်ယောက်က ငါ့ကို တတ်နိုင်သလောက် တိတ်တိတ်ပုန်း ကူညီပံ့ပိုးပေးနေပေမဲ့ ဘယ်ပြည့်စုံပါ့မလဲကွာ ••။ အရင်တုန်းကရထားခဲ့သမျှ ပစ္စည်းဥစ္စာတွေကလည်း ပါနီထဲကရေ ပါနီထဲသွားဆိုသလို ခုတော့ ငါ့မှာကုန်နေပါပြီ၊ မွဲနေပါပြီ။ ဒီတော့ ငါ ဘယ်လောက်ထိ ဒုက္ခရောက်တယ်ဆိုတာ မင်းတို့စဉ်းစားသာကြည့်ကြပေတော့"

ဤတွင် လေးခွက ဆရာကြီးကို ဝင်ပြောလိုက်သည်။

"ဘာမှ အားမငယ်ပါနဲ့ ဆရာကြီး။ ကျွန်တော်တို့ တတ်အားသရွေ့ ဆရာကြီးကို ကူညီပါ့မယ်။ လောလောဆယ်သာ ကျွန်တော်တို့အခက်အခဲကို ဆရာကြီးက ဖြေရှင်းပေးစေလိုပါတယ်"

"ဘယ်လိုအခက်အခဲလဲ။ မင်းတို့အခက်ဒ ..ဘ"

'တခြားဟုတ်ပါရိုးလား။ ကျွန်တော်တို့မှာမှီနေတဲ့ အစောင့်ကို မောင်းထုတ်ပေးဖို့ပေါ့ ဆရာကြီးရယ်။ သူမရှိရင် ဒီအဆောင်လည်းမရှိတော့ဘူး။ ဒီအဆောင်မရှိတာနဲ့ ကျွန်တော်တို့လည်း ကျွတ်ပြီ၊ လွတ်ပြီပေါ့ခင်ဗျာ"

ထိုအခါ ဆရာကြီးမင်းစက္ကက သက်ပြင်းကို လေးလေးကြီးချလိုက်သည်။ ခေါင်းကိုလည်း ခါယမ်းလိုက်သည်။

"မဖြစ်နိုင်တော့ဘူး။ အဲဒီကိစ္စကို ငါမလုပ်ပေးနိုင်တော့ဘူး"

"ဗျာ ••• ကျွန်တော်တို့ကို ဆရာကြီးမကူညီနိုင်တော့ဘူး ••• ဟုတ်လား"

"ဟုတ်တယ်ကွ။ ငါမတတ်နိုင်တော့ဘူး။ ဒီအောက်လမ်းပညာတွေကို ငါစွန့်ပစ်လိုက်ပြီ၊ ငါ့မှာရှိတဲ့ ဆေးဝါးတွေ၊ အဆောင်ပစ္စည်းတွေကိုလည်း အကုန်လုံး ဖျက်ဆီးပစ်လိုက်ပြီ။ ပြောရရင် မင်းတို့က ငါ့ရဲ့နောက်ဆုံးတပည့်တွေပဲ။ မင်းတို့အရင် ကျွန်းရွှေလှဘုန်းကြီးပျံပွဲမှာ ငါ့သားချင်းတစ်ယောက်ကို ဈေးရောင်းကောင်းမယ့်အဆောင် လုပ်ပေးခဲ့သေးတယ်။ အဲဒီနောက် မင်းတို့နဲ့ လမ်းခွဲပြီးတဲ့ နောက်တစ်လလောက်မှာပဲ ဒီပညာရပ်တွေကို စိတ်နာနာနဲ့ ငါစွန့်လွှတ်ပစ်လိုက်တော့ တ..ပဲ"

"ဒုက္ခတော့ ... ပေါ့။ ကျွန်တော်တို့ ဘယ့်နှယ်လုပ်ရပါ့"

"မင်းတို့က ငါပြောတဲ့အတိုင်း တစ်လပြည့်တာနဲ့ ဒီအဆောင်တွေကို စွန့်မှ မစွန့်ဘဲကိုးကွ။ မင်းတို့အဆောင်မှာ ကပ်နေတဲ့ အစောင့်က တစ်လလောက်အတွင်းမှာ မောင်းထုတ်လိုက်ရင် သူ့နေရာသူ ပြန်လို့ရတဲ့အကောင်မျိုးပဲ၊ ခုတော့ မင်းတို့က သူ့ကို တစ်လကျော် အစာကျွေးပြီးဆက်ခိုင်းနေတော့ သူကလည်း မင်းတို့ဆီမှာပဲ မှိန်းပြီးနေတော့တာပေါ့"



www.burmeseclassic.com

www.burmeseclassic.com

"တစ်လကျော်သွားတော့ သူ့နေရာသူ ပြန်လို့မရတော့ဘူးလားဆရာကြီး"

"ဟုတ်တယ်။ မရတော့ဘူး။ ဘာကြောင့်မရတာလဲဆိုတော့ သူ့မှာ ပြန်စရာကို နေရာမရှိတော့လို့ပဲ။ သူတို့လောကမှာလည်း ကြီးနိုင်ငယ်ညှင်းတွေ၊ ခိုက်ရန်ဒေါသတွေ ရှိတယ်ကွ။ သူ့နေရာ၊ သူ့အဆောက်အအုံကို တခြားကောင်က ဝင်ယူသွားလိုက်ပြီ၊ သူ့မှာ ပြန်စရာနေရာ မရှိတော့ဘူး။ နေစရာနေရာ မရှိတော့ဘူး။ ဒါကြောင့် မင်းတို့ဆီမှာပဲ အတင်းခိုကပ်ပြီးနေတော့တဲ့သဘောပဲ"

"ဒါဖြင့် ခက်ကုန်ပေါ့။ သူ့ကိုအစာကျွေးစရာမရှိရင် ကျွန်တော်တို့ဘယ်လိုလုပ်ရပါ့မလဲ"

လေးခွက ငိုသံပါနှင့် ပြောလိုက်သည်။ ကြံချောင်းကလည်း မျက်နှာကြီးရှုံ့မဲ့၍ နေလေသည်။ ဆရာကြီးမင်းစက္ကက အတန်ကြာအောင်ပင် စဉ်းစားနေသည်။ ပြီးတော့မှ–

"တစ်ခုတော့ မင်းတို့ကို ငါအကြံပေးနိုင်ပါတယ်။ အဲဒါက ဘာလဲဆိုတော့ ကလေးတွေလိုပေါ့ကွာ။ ကလေးတွေဟာ စားရမှုန်းသိတော့ ငိုပြီးမုန့်တောင်းတတ်တယ် မဟုတ်လား။ ကလေးဘယ်လောက်ငိုငို မိခင်လုပ်တဲ့သူက မုန့်မကျွေးတော့ဘဲ ပစ်ထားလိုက်ရင် ကြာတော့ ကလေးက မရတော့မှန်းသိပြီး အငိုလည်းရပ်၊ မုန့်လည်းမတောင်းတော့ဘဲ ငြိမ်သွားတယ်မဟုတ်လား။ ဒီအတိုင်းပဲပေါ့ကွာ၊ မင်းတို့လည်း ဒီကောင်တွေကို ပေကပ်ပြီး အစာမကျွေးဘဲ ထားပစ်လိုက်၊ ကြာရင် သူ့အလိုလို လွှင့်သွားလိမ့်မယ်။ မင်းတို့ဆီက ခွာသွားလိမ့်မယ်။ ဒီနည်းပဲရှိတော့တယ်"

"ဒါဖြင့် သူ့ကိုအစာမကျွေးရင် လည်ပင်းလာလာညှစ်နေတာကျတော့ ရောခင်ဗျာ"

"သူကတော့ ညှစ်နေမှာပဲ။ ညှစ်တာကလည်း အစာတောင်းတဲ့သဘောပဲ၊ ငါပြောသလို သူကလာညှစ်ပေမဲ့ ကိုယ်ကသည်းခံနေရမှာပဲ။ ကြာရင် ဒီကောင်လည်း စိတ်ညစ်ပြီး သူ့လမ်းသူ ခွဲထွက်သွားလိမ့်မယ်။ တကယ်တော့ ဒီကောင်မျိုးဟာ ကိုယ့်ဘာသာ ရောက်တတ်ရာရာ လျှောက်သွားပြီး ရှာဖွေစားသောက်နေတဲ့ အကောင်မျိုးပါကွာ။ အခု မင်းတို့က သူ့ကို အစာမကျွေးဘဲထားလိုက်ရင် နေစရာ၊ စားစရာတွေကို သူ့ဘာသာရှာဖွေသွားလိမ့်မယ်။ တစ်နည်းအားဖြင့် သူ့ဘဝဟောင်းကို၊ သူ့နေရာဟောင်းကို ပြန်ရောက်သွားလိမ့်မယ်။ သူ့နေရာသူ ပြန်ရောက်သွားရင် မင်းတို့လည်း မင်းတို့နေရာကိုမင်းတို့ ပြန်နိုင်ကြပြီပေါ့ကွာ"

"ကျွန်တော်တို့က သူ့ဒဏ်ကို ဘယ်လောက်ကြာကြာ သည်းခံနေရမှာလဲဆရာကြီး"

"ဒါတော့ ငါလည်းမသိဘူး။ ဆယ့်ငါးရက်လည်း ဖြစ်နိုင်တယ်။ တစ်လလည်း ဖြစ်ချင်ဖြစ်မယ်။ သူမင်းတို့ဆီက မခွာမချင်း သည်းခံနေရမှာပဲ"

ထိုအချိန်တွင် လူအချို့က ဘုရားရင်ပြင်ပေါ်သို့ တက်လာလေသည်။ ထိုလူစုတွင် ယူနီဖောင်းဝတ်ထားသူ တစ်ဦးနှစ်ဦးပါလာလေရာ နဂိုကပင် ကိုယ့်လိပ်ပြာကိုယ်မလုံကြသော သူတို့သုံးဦးသားမှာ လွန်စွာထိတ်ထိတ်ပျာပျာဖြစ်သွားကြလေသည်။ သို့သော် ထိုလူစုမှာ သူတို့ဘက်သို့ လျှောက်လာခြင်းမရှိဘဲ လက်ဝဲဘက်သို့ ချိုးကွေ့သွားကြလေရာ သူတို့က အနည်းငယ် စိတ်ပြန်အေးသွားကြသည်။

ထိုနေရာတွင်မှ သူတို့ဆက်မနေဝံ့ကြတော့ပေ။ ချက်ချင်းလူစုခွဲရန် ပြင်ကြသည်။ ထိုင်ရာမှ ရုတ်ခနဲထရပ်လိုက်ကြသည်။ ဆရာကြီးမင်းစက္ကက သူ့နေရာသူ ပြန်ရန် ပြင်လိုက်သကဲ့သို့ ကြံချောင်းနဲ့ လေးခွတို့ကလည်း ကိုယ့်ခရီးကိုယ်ဆက်ရန် ပြင်လိုက်ကြသည်။ ဤတွင် ဆရာကြီးက သူတို့နှစ်ဦးကို နောက်ဆုံးအနေနဲ့ မိန့်ခွန်းခြွေလိုက်လေသည်။

သူတို့ကို ဆရာကြီးပါးလိုက်သော ထိုနောက်ဆုံး စကားလက်ဆောင်မှာကား –

"ကိုင်း ... သွားကြပေတော့ ငါ့တပည့်များ။ ကျေးဇူးပြုပြီး ငါနဲ့တွေ့ခဲ့တဲ့ အကြောင်းကို ဘယ်သူ့မှမပြောမိပါစေနဲ့။ အေးလေ ... မင်းတို့မှာ ပြောပြစရာလူလည်း မရှိပါဘူး။ မင်းတို့လည်း ကြိုးစားကြပေါ့ကွာ၊ ကြိုးစားရင် မင်းတို့ပြန်ချင်တဲ့ နေရာဟောင်း ဘဝဟောင်းကို ကျိန်းသေပြန်ရောက်ကြမှာပါ။ မတော်လောဘမှန်သမျှ ဘယ်ဟာမှ အကျိုးမပေးဘူးဆိုတာ မင်းတို့လည်း လက်တွေ့သိကြပြီပဲ။ နောက်ကိုလည်း ရိုးသားပြီး သန့်ရှင်းတဲ့ ဘဝကနေ တစ်လက်မတောင် မခွာမိအောင် ကြပ်ကြပ်သတိပြုကြပေတော့။ ဒီကြားထဲမှာတော့ ငါလည်း ငါမကောင်းခဲ့သမျှအတွက် ဒဏ်ခံနေရဦးမှာဖြစ်သလို မင်းတို့လည်း မင်းတို့ပြုခဲ့တဲ့ အကုသိုလ်ကံတွေအတွက် ပြန်ပြီးပေးဆပ်လိုက်ကြဦးပေါ့ကွာ။

ငါပြောတဲ့အတိုင်း ဟိုအကောင်ကတော့ မင်းတို့ကို လည်ပင်းလာလာညှစ်နေဦးမှာပဲ။ အစာမကျွေးလေ သူကလာညှစ်လေဖြစ်နေမှာပဲ။ တစ်နေ့ကို နှစ်ခါလည်း ဖြစ်ချင်ဖြစ်မယ်၊ သုံးခါလည်းဖြစ်ချင်ဖြစ်မယ်။ ညှစ်ပေစေပေါ့၊ ညှစ်ပေစေ၊ တစ်နေ့ သူ့ကို ငါနိုင်ရမယ်ဆိုတဲ့စိတ်မျိုးနဲ့သာ တောင့်ထားကြပေတော့ ...။ ယောကျာ်းဘသား၊ တောင့်ထားကွ ... တောင့်ထား။ ဟား ... ဟား ... ဟား"

ရဲမြတ်တင်



www.burmeseclassic.com

www.burmeseclassic.com



# လူတို့တွင်ရှိသော

# အစွမ်းထက်ဂမ္ဘီရလက်ချောင်းများ

ကျော်ဇောဟိန်း(နံ့သာ)

ကမ္ဘာတစ်ခွင်တွင် မြန်မာအပါအဝင် လူတို့တွင်ရှိသော လက်ချောင်းများသည် သူ့အစွမ်းနှင့် သူ့သိဒ္ဓိတန်ခိုးများစွာ ရှိကြသည်ဟု ရှေးလူကြီးဆရာများက မှတ်ယူကြပါသည်။ ရှေးအခါက မြန်မာတို့က လူတွင်ရှိသော လက်မ၊ လက်ညှိုး၊ လက်ခလယ်၊ လက်သူကြွယ်၊ လက်သန်းဆိုသော လက်ချောင်းများကို ဤသို့ခေါ်ဝေါ်ကြပါသည်။ လက်မကို ဒေါက်တို၊ လက်ညှိုးကို ရန်လို၊ လက်ခလယ်ကို သူ့ထက်ကဲ၊ လက်သူကြွယ်ကို ရွှေပြည်စိုး၊ လက်သန်းကို ညီပုလေး (ဘုရားဒကာ) ဟု အမည်ပေးခဲ့ကြသည်မှာ အကြောင်းမဲ့တော့ ဟုတ်ဟန်မတူ။ ဤလက်ချောင်းများသည် ဂမ္ဘီရနှင့်ဆက်နွယ်နေသော ကျောထောက်နောက်ခံများ ရှိနေသည်မှာ ကောန်မုချဖြစ်လေသည်။



www.burmeseclassic.com

www.burmeseclassic.com

မြန်မာတိုင်းရင်းဆေးသမားတော်တို့သည် ဆေးဖော်သည့်အခါတွင် လက်ခလယ်ဖြင့် ဆေးကို မွှေလေ့ရှိပြီး၊ ဆေးလိမ်းခြင်း၊ ဆေးထည့်ခြင်း ပြုသည့်အခါ၌လည်း လက်ခလယ်ကို အသုံးပြုကြသည်။ အဘယ်ကြောင့်ဆိုသော် လက်ခလယ်သည် စနေဂြိုဟ်အပူစွမ်းအင်ပါဝါရှိသော လက်ချောင်းဖြစ်သည့်အလျောက် ဂမ္ဘီရပညာများကို ကိုယ်စားပြုနေသည့်အတွက် ထိုသို့ပြုမူကြဟန် တူ၏။

ရှေးဂရိပညာရှိများ၊ ယူနာနီဆေးပညာရှိများကမူ ဝဲဘက်လက်သူကြွယ်နှင့် ဆေးမွှေလေ့ရှိကြသည်၊ သူတို့က ဝဲဘက်လက်သူကြွယ်ကို ဆေးချောင်း၊ ဆေးပညာလက်ဟု ခေါ်ဆိုကြ၏။ ထိုဝဲဘက်လက်သူကြွယ်ဖြင့် ဆေးမွှေနေစဉ် အဆိပ်ကဲ့သို့သော ဘေးဥပဒ်ပေးမည့်အရာများပါနေသော် မွှေနေသော ဆေးဆရာ၏ နှလုံးခုန် မမှန်ကန်ဘဲ ဖြစ်လာသည်ဟု ဆို၏။ ဤကဲ့သို့ဖြစ်ရခြင်းမှာ ထိုလက်သူကြွယ်နှင့် နှလုံးသားတို့ တိုက်ရိုက်ဆက်သွယ်မှုရှိနေသောကြောင့် ဆို၏။ သို့ဖြစ်သောကြောင့်လည်း အချစ်ကိုရည်ညွှန်းသော၊ နှလုံးသားနှင့် ဆက်နွယ်မှုရှိသော လက်သူကြွယ်တွင် လက်ထပ်၊ စေ့စပ် လက်စွပ်များကို ဝတ်ဆင်လျှင် အလွန်ကျေးဇူးများသည်ဟု ယူဆကြသည်။

**လက္ခဏာပညာ၏ ယူဆချက်မှာ**

လက်ညှိုးကို ကြာသပတေးလက်ချောင်း၊ လက်ခလယ်ကို စနေလက်ချောင်း၊ လက်သူကြွယ်ကို တနင်္ဂနွေလက်ချောင်း၊ လက်သန်းကို ဗုဒ္ဓဟူးလက်ချောင်းဟု သတ်မှတ်ထားကြသည်၊ အဘယ်ကြောင့်ဆိုသော် ကြာသပတေးဂြိုဟ်၊ စနေဂြိုဟ်၊ တနင်္ဂနွေဂြိုဟ်၊ ဗုဒ္ဓဟူးဂြိုဟ်တို့က တစ်သီးတခြားစီ စိုးမိုးနေသောကြောင့် ဖြစ်သည်ဟု ယူဆကြသဖြင့် ဖြစ်သည်။ လက်မသည် လက်ငါးချောင်းအနက် အကြီးမားဆုံး၊ အင်အားအကောင်းဆုံး ဖြစ်သည်ဟု ဆိုသည်။ လက်မကို နံဂဏန်းအားဖြင့်ယူသော် လက်-၄၊ မ-၅ (၄+၅=၉) နဝင်းမာတ်ရသဖြင့် နဝင်းလက်ချောင်းဟု ဂမ္ဘီရပညာ၌ ခေါ်ဝေါ်ကြ၏။ လုပ်ဆောင်ဖွယ်ရာကိစ္စတိုင်းတွင် သူမပါလျှင် မပြီးနိုင်ချေ။

လက်ညှိုးသည် ဩဇာတန်ခိုးနှင့် လိုအင်ဆန္ဒ ဖြစ်သည်။ လက်ခလယ်သည် သမာဓိနှင့် စိတ်ငြိမ်မှုဆိုင်ရာ၊ လက်သူကြွယ်သည် စီးပွားဂုဏ်ရှိန်နှင့် ချမ်းသာမှု၊ လက်သန်းသည် ပေါင်းသင်းဆက်ဆံရေးနှင့် ခရီးသွားလာမှုတို့ ဖြစ်ကြလေသည်။

**တိုင်းရင်းဆေးပညာအရ**

လက်မသည် အာကာသပိုင်စိုးသူ၊ လက်ညှိုးသည် ဝါယောပိုင်စိုး၍ လေဓာတ်ဖြစ်သည်။ လက်ခလယ်သည် အပူတေဇောဦးဆောင်၍ မီးဓာတ်ဖြစ်သည်။ လက်သူကြွယ်သည် အာပေါ ရေဓာတ်ဖြစ်သည်၊ ဖွဲ့စီး၊ ယိုစီး၊ လက်သန်းသည် ပထဝီ မြေဓာတ်ဖြစ်သည်။ ခိုင်မြဲသည်။

**လက်ငါးချောင်း၏ သဘာဝကိုယ်စီ အစွမ်းသတ္တိများမှာ . . .**

လက်မသည် အာကာသဓာတ်ကို ပိုင်စိုးသူဖြစ်သဖြင့် လွတ်လပ်စွာနေလိုသဖြင့် ဘယ်လက်မှ အတင်မခံ၊ အကြောမခံလိုပေ။ လူတို့သည် စီးပွားရေး၊ ပညာရေး၊ လူမှုရေး၊ ကျန်းမာရေး စသည် အဆင်ပြေပါက လက်မထောင်၍ စကားပြောကြသည်။ ဤအာကာသဓာတ် အစွမ်းတွေရှိသော လက်မကိုဖွက်ပြီး လက်သီးဆုပ်၍ အာကာသဓာတ်တွေ စုစည်းထားပြီး မမြင်နိုင်သော အစွမ်းဓာတ်တွေရှိလာ၏။ ဤအချိန်တွင် ဂါထာမန္တန်တွေ ရွတ်ဆို၍ ခရီးသွားရာလမ်းတွင် ကိုက်တတ်သော ခွေးများအပြင်၊ မမြင်နိုင်သော အန္တရာယ်အပေါင်း ကင်းဝေး၏။

လက်ညှိုးသည် ဝါယောပိုင်စိုး၍ လေဓာတ်ဖြစ်သဖြင့် မိမိသွားလိုရာခရီးတစ်လျှောက်တွင် လက်ညှိုးထိုးလျက် ဘုရားဂုဏ်တော်ကိုးပါးနှင့် သမ္ဗုဒ္ဓေဂါထာကိုးခေါက်စီ ရွတ်ဆိုပြီးသွားပါက မမြင်နိုင်သော အန္တရာယ်ခပ်သိမ်း ကင်းဝေး၏။ တန်ခိုးရှိသူ၊ ဘုန်းတန်ခိုးကြီးသည့် အလောင်းစည်သူမင်းသည် ဖောင်တော်ဦးတည်ရာသို့ အာရုံကိုင်းညွှတ်လိုက်ပြီးလျှင် လက်ညှိုးညွှန်လိုက်ရာ မြေပထဗျာပြင်သည် ရေဇလာပြင်ဖြစ်သွားပြီးနောက် သူ၏ဖောင်တော်သည် လိုရာခရီးကို အဟန့်အတားမရှိဘဲ ဆက်လက်သွားနိုင်၏။ လက်ညှိုးညွှန်ရာ ရေဖြစ်သည်ဟု ပြောစမှတ်ပြုကြ၏။ သာမန်လူသားတို့ လက်ညှိုးထိုး၍ စကားပြောလျှင် ရန်ဖြစ်ကြ၏။ ဘူးသီးနုနုကို၊ လက်ညှိုးညွှန်လျှင် ပုပ်၏။ မိရိုးဖလာယုံကြည်မှုအရ စုန်းကဝေ၊ အောက်လမ်းအတတ်ပညာများအပြင် လောကီပညာများ၊ ပယောဂပညာ၊ ဝိဇ္ဇာမဟိဒ္ဓိပညာတို့၌ လက်ညှိုးထိုးလျက်ပြုစားခြင်း၊ ကုသခြင်းများ ပြုလုပ်နိုင်၏။ ရေတစ်ခွက်တွင် အစွမ်းထက်သော ဂါထာမန္တန်ရွတ်ပြီးသော် လက်ညှိုးဖြင့် ရေကို တောက်တောက်ပြီး ဖျန်းပေးပါက အန္တရာယ်ခပ်သိမ်းကင်းငြိမ်း၏။

လက်ခလယ်သည် အပူတေဇောဦးဆောင် မီးဓာတ်ဖြစ်၏။ လက်ငါးချောင်းထဲတွင် အရှည်ဆုံးလက်ဖြစ်သည်၊ လောကတွင် အပူဓာတ်ဦးဆောင်သည်။ (ဥပမာ) ကား၊ ရထား၊ လေယာဉ်ပျံ စသောစက်တို့တွင် အပူတေဇောခေါ် လောင်စာဆီ၊ မောင်းဆီရှိမှသာ လိုရာခရီးကို ရောက်နိုင်၏။ လူတို့တွင်လည်း ဝမ်းတွင်းရှိ ဝမ်းမီး



www.burmeseclassic.com

www.burmeseclassic.com

အားကောင်းမှသာလျှင် ကျန်းမာရေးကောင်းနိုင်၏။ ဝမ်းမီးအပူဓာတ်အားနည်းနေလျှင် ဝမ်းတွင်းထဲက အစာများ မကြေမညက်တော့ ကျန်းမာရေးမကောင်းတော့ပါ။ ထို့ကြောင့် ဆေးဆရာသမား၊ မိဘတို့က ဆေးများကို ဖျော်သည့်အခါ လက်ခလယ်ဖြင့် ဖျော်၍ပေးခြင်းသည် အပူဓာတ်အားကောင်းစေခြင်း ဖြစ်ပါသည်။

လက်သူကြွယ်သည် အာပေါရေဓာတ် ဖွဲ့စီး၊ ယိုစီးဓာတ်သောကြောင့် ဘဝတွင် အောင်မြင်လိုသူများ (အောင်မြင်သူများသည်ပင် လက်သူကြွယ် (သို့မဟုတ်) တန်ဖိုးရှိသော လက်စွပ်ကို ဝတ်ဆင်ပေးရ၏။ ဘဝတွင် အောင်မြင်တဲ့သူဌေး၊ လက်ချောင်းဟု ဆိုပါတယ်။

လက်သန်းသည် ပထဝီမြေဓာတ်ဖြစ်၍ နိုင်မြဲဓာတ်ဖြစ်သောကြောင့် လက်တွင် ကိုင်လိုသောအရာဝတ္ထုတို့သည် (ဥပမာ) တုတ်၊ ဓား၊ သန်လျက် စသည်တို့ကိုကိုင်လျှင် လက်သန်းကို (ချန်ထား၍) ကိုင်ကြည့်ပါ။ ဘယ်အရာမှ လက်တွင် မြဲစွာမကိုင်နိုင်ခြင်းကို တွေ့ရပါလိမ့်မည်။ ထို့ကြောင့် လက်သန်းကို ပထဝီမြေဓာတ် နိုင်မြဲသောဓာတ်ဟု ဆိုပါသည်။

## လက်တို့၏ ဘယ်ညာအစွမ်းသတ္တိများ

လက်ဝဲလက်သည် လ(စန္ဒာ) သင်္ကေတဖြစ်ပြီး၊ လက်ယာလက်သည် နေ(သူရိယ) သင်္ကေတဖြစ်သည်။

လက်ဝဲလက်သည် သမထသင်္ကေတဖြစ်ပြီး၊ လက်ယာလက်သည် ဝိပဿနာသင်္ကေတဖြစ်သည်။

လက်ဝဲလက်သည် သတ္တလောက၏ သင်္ကေတဖြစ်ပြီး၊ လက်ယာလက်သည် ဝဇီရာလောက၏ သင်္ကေတဖြစ်သည်။

လက်ဝဲလက်သည် သီလ–သမာဓိ၏ သင်္ကေတဖြစ်ပြီး၊ လက်ယာလက်သည် ပညာ၏ သင်္ကေတဖြစ်သည်။

လက်ဝဲလက်သည် စိတ်ကိုချုပ်တည်းသည့် သဘောဖြစ်ပြီး၊ လက်ယာလက်သည် လှေ့လာဆင်ခြင်တတ်သည့် သဘောပြသည်။

လက်ဝဲလက်သည် မဂ်လမ်း၏ သင်္ကေတကိုပြပြီး၊ လက်ယာလက်သည် ဗဟုသုတအသိဉာဏ်၏ သင်္ကေတဖြစ်သည်။

လက်ဝဲလက်သည် သမုတိသစ္စာ သင်္ကေတဖြစ်ပြီး၊ လက်ယာလက်သည် ပရမတ္ထသစ္စာ၏ သင်္ကေတဖြစ်သည်။

လက်ဝဲလက်သည် သဒ္ဓါသဘောကိုပြပြီး၊ လက်ယာလက်သည် ဒါနသဘောကိုပြသည်။

လက်ဝဲလက်သည် အဇ္ဈတ္တအတွင်းသဏ္ဍာန်ကိုပြပြီး၊ လက်ယာလက်သည် မဟိဒ္ဓ ပြင်ပသဏ္ဍာန်ကိုပြသည်။

လက်ဝဲလက်သည် သမထ၏ သင်္ကေတဖြစ်ပြီး၊ လက်ယာလက်သည် ပညာ၏ သင်္ကေတဖြစ်သည်။

လက်ဝဲလက်သည် မေတ္တာ၏ သင်္ကေတဖြစ်လျက်၊ လက်ယာလက်သည် ကရုဏာ၏ သင်္ကေတဖြစ်သည်။

လက်ဝဲလက်သည် ဖလ–အကျိုး၏ သင်္ကေတဖြစ်၍၊ လက်ယာလက်သည် ဟေတု–အကြောင်း သင်္ကေတ ဖြစ်ပါသည်။

လက်ဝဲလက်သည် ပညာ၏ သင်္ကေတဖြစ်လျက်၊ လက်ယာလက်သည် အဝိဇ္ဇာလောက၏ သင်္ကေတဖြစ်သည်။

လက်ဝဲလက်သည် ပုထုဇဉ်သတ္တဝါတို့၏ သင်္ကေတဖြစ်လျက်၊ လက်ယာလက်သည် အရိယာပုဂ္ဂိုလ်တို့၏ သင်္ကေတဖြစ်သည်။

မြန်မာ့ရိုးရာ ပဋ္ဌမာသိပ္ပံပညာအလိုအရ လက်ဟန်ပန် မုဒြာတို့၏ မူလအရင်းအမြစ်ဖြစ်သော လက်ဝဲလက်၊ လက်ယာလက်တို့၌ ရှိနေသည့် လက်ချောင်း၊ လက်ဝါးတို့၏ သရုပ်သကန်၊ အနက်အနှစ်သာရများကို တန္တရာယန၊ မန္တရာယန၊ ဝဇီရာယန စသော နက်နဲလှို့ဝှက်သည့် ဂမ္ဘီရပညာ၊ ဂန္ဓာရီပညာဆိုင်ရာ အသိုင်းအဝိုင်း၌ ဆရာစဉ်ဆက်၊ သမားစဉ်ဆက် လျှို့ဝှက်စွာ လက်သိပ်ထိုးပေးခဲ့ကြသည်။ ဂမ္ဘီရပညာလက်ချောင်းများ အမှန်ရှိနေလေတော့သည်။

သတ္တဝါမှန်သမျှ ဘေးမခ မအေးမြချမ်းမြေ့ပါစေ။

ကျော်ဇောဟိန်း(နံ့သာ)

ကိုးကား

(၁) ၂၀၀၇ ခုနှစ်၊ နိုဝင်ဘာလထုတ် သူရဇ္ဇမဂ္ဂဇင်းမှ မင်းရှိန်အောင်၏ လက်ဝါးဂမ္ဘီရ၊ လက်ချောင်းဂမ္ဘီရ ဆောင်းပါး။


(၂) မိမိလေ့လာထားသော မှတ်စုများ။





www.burmeseclassic.com

www.burmeseclassic.com



# ဆင်းရဲခြင်းမှ လွတ်ကင်းနိုင်ကြပါစေ

မင်းပေမြင့်(မှဒုံ)

သံသရာသည် ဆင်းရဲလှ၏။ ဘဝပေါင်းများစွာကို ကျင်လည်လာခဲ့ရ၏။ ဝိုကြွေး၊ ပူပန်သောကဖြစ်လာရ၏။ ဝိုကြွေးဖြစ်ရခြင်းကို ဘဝအစ၌လည်း ကြုံလာခဲ့ရ၏။ ဘဝအလယ်၌လည်း ကြုံလာခဲ့ရ၏။ ဘဝအဆုံးတို့၌လည်း ကြုံလာရပေဦးမှာမလွဲပေ။

ဗုဒ္ဓမြတ်စွာဘုရားသည် ဘုရားဖြစ်လျှင်ဖြစ်ချင်း ဤသို့ဤဒါန်းကျူးရင့်တော်မူခဲ့၏။ သံသရာဝဋ်ဆင်းရဲ၌ လည်ပတ်စေသော တဏှာသည်ကား ငါမြင်ခဲ့ပေပြီ။ အဝိဇ္ဇာတည်းဟူသော မသိမှုကြောင့် ခန္ဓာကိုယ်ကို ရရှိလာခဲ့၏။ သံသရာ၏အစကို ရှာ၍မရနိုင်၊ မသိအပ်သော အစသည်သာရှိသည်ဟု မြတ်စွာဘုရားက ဆိုခဲ့၏။ ဤမျှရှည်လျားသော သံသရာ၏အစကို သိရန်လိုက်နေခြင်းဖြင့် အကျိုးသည် မရှိ၊ သံသရာမှလွတ်မြောက်ရာ လွတ်မြောက်ကြောင်းကိုသာ ရှာသင့်သည်ဟု မိန့်တော်မူ၏။ သံသရာသည် ဤခန္ဓာကိုယ်အတွင်း၌သာရှိသည်။

ခန္ဓာရလာခြင်း၏အကြောင်းသည်ကား အကြောင်းကြောင့် အကျိုးရရှိလာခဲ့ခြင်းသာဖြစ်ရာ မည်သည့်အကြောင်းကိုမျှ မဖြစ်စေလိုလျှင် အကျိုးဖြစ်ပေါ်မှုကိုလည်း တားဆီးနိုင်ပါသည်။ ခန္ဓာရရှိလာရခြင်း၏ အကြောင်းခံတရားသည်ကား မသိမှုအဝိဇ္ဇာနှင့် တပ်မက်မှုတဏှာတို့ကြောင့်ဖြစ်၏။ ဤအကြောင်းခံတရားနှစ်ပါးရှိခြင်းကြောင့် သံသရာတွင် တဝဲလည်လည် ဖြစ်နေခဲ့ရ၏။ ဤအကြောင်းခံ တရားနှစ်ပါးကိုပယ်နိုင်



www.burmeseclassic.com

www.burmeseclassic.com

လျှင် သံသရာဝဋ်ဆင်းရဲမှ လွတ်မြောက်နိုင်မည်ဖြစ်၏။ ဤလောကကြီးတွင် မသိမှုများစွာရှိ၏။ လောကီဗဟုသုတကို ဆိုလိုခြင်းမဟုတ်ဘဲ သံသရာလည်ပတ်ရာ၌ အဓိကအရေးကြီးဆုံးဖြစ်သော ပရမတ္ထသစ္စာတရား မသိမှုကိုသာလျှင် ဆိုလိုခြင်းဖြစ်ပါသည်။

တပ်မက်မှု(တဏှာ)သည်တပ်မက်စရာမဟုတ်သည်ကို တပ်မက်စရာဟု အယူမှား၊ အထင်မှားခြင်းကိုအခြေခံ၏။ တစ်နည်းအားဖြင့် ဆိုရပါလျှင် ဆင်းရဲခြင်းတရား(ဒုက္ခ)ဟုသည်ကို ချမ်းသာခြင်းတရား(သုခ)ဟု ထင်မှတ်မှားခြင်းဖြစ်၏။ လူတို့သည် ကာမဂုဏ်အာရုံဆိုးအပေါ် စွဲမက်မှု(ကာမတဏှာ)၊ ရရှိထားသော ဘဝအပေါ် စွဲမက်မှု (ဘဝတဏှာ)၊ဘဝကင်းပြတ်ခြင်းအပေါ် စွဲမက်မှု(ဝိဘဝတဏှာ)ဟူ၍ စွဲမက်မှုများစွာဖြစ်နေကြရ၏။

လူတို့သည် ဆင်းရဲခြင်းဒုက္ခကို ဒုက္ခဟူ၍ မသိခြင်းကြောင့် ၎င်းတို့၏ ဘဝ၊ ၎င်းတို့၏ပတ်ဝန်းကျင်၊ ဇနီး၊ ခင်ပွန်း၊ သား၊ သမီး၊ မိဘ၊ ဆွေမျိုးအစရှိသည်တို့၏အပေါ်တွင် စွဲလမ်းမှု၊ တွယ်တာမှုများ ဖြစ်နေကြရ၏။ လူသည်သာ ဤသို့စွဲလမ်းနေခြင်းမဟုတ်ဘဲ တိရစ္ဆာန်များသည်လည်း ရှိနေပေသေးသည်။ ဤသို့ စွဲလမ်းနေမှုကြောင့်ပင် သတ္တဝါတို့သည် သံသရာဝဋ်ဆင်းရဲမှ မလွတ်မြောက်၊ မထွက်မြောက်လာနိုင်ကြချေ။

သံသရာလည်ပတ်ရာ၌ ကုသိုလ်ကံ၊ အကုသိုလ်ကံများ ပြုလာခဲ့ကြရသဖြင့် လူ့ဘုံ၊ နတ်ဘုံ၊ ဗြဟ္မာဘုံတို့သို့ ရောက်ရသည်။ ထိုမှတစ်ဆင့် အပါယ်လေးဘုံတို့သို့လည်း အကြိမ်ကြိမ်ကျင်လည်လာခဲ့ကြရသည်။

ကျွန်ုပ်တို့သည် ဒုက္ခကိုဒုက္ခမှန်းမသိ။ ရုပ်နာမ်တို့၏ ဖြစ်ပျက်မှုသဘောတရားတို့ကိုလည်း မသိ၊ မတည်မမြဲခြင်း အနိစ္စလက္ခဏာ၊ အစိုးမရခြင်း၊ အနတ္တလက္ခဏာတို့ကိုလည်း မသိ၊ ကံကံ၏အကြောင်းတရားတို့ကိုလည်း နားမလည်၊ သံသရာတည့် နေမှန်းကိုပင် မသိကြသောကြောင့် ကိုယ်ဖြင့်ပြုခြင်း ကာယသင်္ခါရ၊ နှုတ်ဖြင့်ပြုခြင်း ဝစီသင်္ခါရ၊ စိတ်ဖြင့်ပြုခြင်း မနောသင်္ခါရတို့ကို ပြုလုပ်နေကြ၏။

မြတ်စွာဘုရားရှင်သည် ဤလောကတွင် သစ္စာတရားလေးပါးကို သိမြင်ပြီး ဘုရားအဖြစ်သို့ ရောက်ရှိတော်မူခဲ့ပါသည်။ ဤတရားများသည် အချိန်မည်မျှပင် ကြာရှည်သော်လည်း မည်သည့်အခါမျှ မဖောက်ပြန်ဘဲ အစဉ်အမြဲမှန်သော တရားလေးပါးကို သစ္စာတရားလေးပါးဟုခေါ်ဆိုပါသည်။ သစ္စာတရားလေးပါးသည်ကား ဒုက္ခသစ္စာ၊ သမုဒယသစ္စာ၊ နိရောဓသစ္စာ၊ မဂ္ဂသစ္စာဟူ၍ဖြစ်သည်။

ဒုက္ခသစ္စာသည် ခန္ဓာငါးပါး၏ အနိစ္စ၊ ဒုက္ခ၊ အနတ္တ၊ အသုဘအခြင်းအရာအားဖြင့် ခံစားမှု၊ စံစားမှုဟူသမျှကို ဆိုလိုခြင်းဖြစ်သည်။ သမုဒယသစ္စာသည် ဆင်းရဲဒုက္ခအပေါင်းကို ဖြစ်စေသောအကြောင်းကိုဆိုလိုခြင်းဖြစ်သည်။ အထက်ပါ သစ္စာနှစ်ပါးသည် ရှည်လျားသော ဘဝသံသရာတွင် ကာလကြာမြင့်စွာ ဆင်းရဲခြင်းများကို အမှီပြု၍ဒုက္ခမှ မလွတ်တတ်သော တရားစစ်၊တရားမှန်ဧကန်မုချဖြစ်သော သစ္စာမည်၏။

ဒုက္ခသစ္စာ၏သဘောသဘာဝသည်ကား အပြင်းအထန် နှိပ်စက်တတ်သောသဘော၊ အမြဲမပြတ်ပူပြင်တတ်သောသဘော၊ အဖန်ဖန်ကြောင့်ကြပူပန်စေတတ်သောသဘော၊ မတည်မမြဲဖောက်လွဲဖောက်ပြန်တတ်သောသဘောများ ရှိပါသည်။ သို့ဖြစ်၍ ဒုက္ခသစ္စာသည် နံစွာပုပ်လောင်း မစင်ဟောင်းကိုခေါင်း၊ ပခုံး၊ လက်ပေါ်တွင် တင်ဆောင်ထား၍ သွားနေရသော အချိန်ကာလနှင့်တူပါပေသည်။ သမုဒယသစ္စာသည်လည်း ဒုက္ခဖြစ်မှုတို့ကိုသာ အမြဲစုဆောင်းတတ်သောသဘော၊ဒုက္ခလက်စမပြတ်ရလေအောင် အမြဲဆောင်ထားတတ်သောသဘော၊ ဒုက္ခဖြစ်မှုတို့နှင့်သာ အမြဲယှဉ်တွဲပြီး နှောင်ဖွဲ့တတ်သောသဘော၊ ဒုက္ခစက်မှ မထွက်သွားရလေအောင် နှောင့်ယှက်တားမြစ်တတ်သောသဘောများရှိပါသည်။ သို့ဖြစ်ခြင်းကြောင့် သမုဒယသစ္စာသည် နံစော်၍ဖြစ်နေသည့် မစင်ပုပ်ဟောင်းကိုခေါင်း၊ ပခုံး စသည်ဖြင့် စိတ်ထက်သန်စွာနှင့် ရွက်ဆောင်၊ ရှာဖွေကြံဆောင်စုစည်းနေရသော အချိန်ကာလနှင့်တူပေသည်။

နိရောဓသစ္စာသည် ဒုက္ခလက်မှ ကျွတ်ထွက်မြောက်စေသည့်သဘော၊ နှောင့်ယှက်ခြင်းတို့မှ လွတ်ကင်းစေခြင်းသဘော၊ အဖန်ဖန်ပူပြင်ခြင်းမှ လွတ်ကင်းစေသည့်သဘော၊ အဖန်ဖန်သေကြေပျက်စီးခြင်းမှ လွတ်ကင်းစေသည့် သဘောများကို ဆောင်ပါသည်။ ထို့ကြောင့် နိရောဓသစ္စာသည် ညစ်ညမ်းထမ်းရွက်လာသော မစင်ဝန်ထုပ်ကို စက်ဆုပ်ရွံရှာလှ၍ လွှတ်ချရမှ သုခချမ်းသာ အေးငြိမ်းရာ စံနန်းရိပ်ထီးဗိမာန်ကြီး ခိုမှီးသောအခါကာလနှင့်တူပါသည်။ မဂ္ဂသစ္စာသည်လည်း သံသရာဝဋ်ဆင်းရဲမှ လွတ်ကင်းထွက်မြောက်လိုကြောင်းသဘော၊ လောကုတ္တရာဂုဏ်ကျက်သရေအပေါင်းတို့၏



www.burmeseclassic.com

www.burmeseclassic.com

ကောင်းစွာတည်ရာ၏အဖြစ်သဘော၊ သစ္စာလေးအင် နိဗ္ဗာန်ကို အမြင် ပေါက်ရောက်စေခြင်းသဘော၊ တဏှာများ၏ ကျွန်အဖြစ်မှ စင်စစ်လွတ်ကင်းပြီး မိမိအပေါ်တွင် မိမိကသာ အကြီးအကဲဖြစ်စေလိုခြင်းသဘောများ ရှိပါသည်။ မဂ္ဂသစ္စာသည် ထိုသို့ယူဆောင်လာသော မစင်ဝန်ထုပ်ကို မကြည့်ရှုလို၍ ငြိုငြင်ပင်ပန်းစွာ ကောင်းရာအရပ်သို့ အမြတ်တနိုး အားကြိုးမာန်တက်၍ ရှာကြံနေရသော အချိန်ကာလနှင့်တူပါပေသည်။

လူ့လောကကြီးတွင် မည်သူကမှ ဆင်းရဲဒုက္ခဖြစ်ခြင်းကို မလိုလားကြပါ။ သုခချမ်းသာခြင်းကိုသာ လိုလားကြပါသည်။ လောကတွင်တည်ရှိနေသော သက်ရှိသက်မဲ့ အားလုံးတို့သည် မမြဲကြပါ။ သို့သော် လက်ရှိအနေအထားအရ အမြင်အားဖြင့်ကား မြဲနေသည်ဟု အထင်ရှိနေကြပါသည်။ ထိုသို့မြဲနေခြင်းရှိသည်ဟု ယူဆချက်မှာ အချိန်မတန်သေးမီ မြဲနေရခြင်းသည်သာဖြစ်ချေသည်။ အချိန်ကျသောအခါ၌ ပျက်စီးပျောက်ပျက်သွားရမည်သာ ဖြစ်လာရပါသည်။

ဥပမာ ပန်းကလေးတစ်ပွင့်မှာ ပွင့်လာခါစအချိန်တွင် လန်းဆန်းဝေဆာနေပြီး မကြာမီသောအချိန်ကာလအတွင်းတွင် ပျောက်ပျက်လာရမည့်အချိန်သို့ ကျရောက်လာသောအခါ၌ ညှိုးနွမ်းပျက်စီးခြင်းအဖြစ်သို့ ရောက်လာရသည်။ ထို့အတူ ကျွန်ုပ်တို့ သက်ရှိသတ္တဝါများမှာလည်း ဘဝဇာတိတစ်ခုကို ရရှိလာကတည်းက မမြဲကြပါ။ အလှကောင်းမှုကုသိုလ် ပြုလုပ်ရာ၌ လှူသည့်ဝတ္ထုပစ္စည်းများမှာလည်း မမြဲပါ။ ထို့အတူ ပေးလှူသောသူနှင့် အလှူခံသူပုဂ္ဂိုလ်တို့မှာလည်း မြဲသည် မရှိပါ။

ပညတ်ဟူသည်ကား မြဲသည်ရှိသကဲ့သို့ မမြဲသည်လည်း ရှိပါသည်။ အချိန်သည် အမြဲတည်ရှိနေမှုမှာ မမြဲခြင်းကြောင့် နေထွက်လာသည်။ နေဝင်သွားရသည်ကို တွေ့ရှိနေကြရပါသည်။ ရုပ်နာမ်သင်္ခါရတို့သည်လည်း မမြဲပါ။ ဖောက်ပြန်ပျက်စီးခြင်းသဘောသည် ရှိ၏။

၎င်းတို့သည် သင်္ခတတရားဟု ခေါ်သည်။ နိဗ္ဗာန်ကိုမူကား အသင်္ခတဟု ခေါ်ပါသည်။ အဘယ်ကြောင့်ဆိုသော် ဖြစ်ပေါ်ပျက်စီးရန် အကြောင်းခံတရားမရှိသောကြောင့် ဖြစ်ပါသည်။

သက်ရှိသတ္တဝါတို့သည် မွေးပြီးလျှင် သေရခြင်းအဖြစ်သို့ ရောက်သွားရသည်။ ကျွန်ုပ်တို့သည် မမွေးမီအခါကပင် အမိဝမ်းဗိုက်အတွင်းမှာ ခွေအိပ်နေရသည်ဖြစ်ခြင်း၊ အလင်းရောင်ကိုမျှ မမြင်ရဘဲ အမှောင်တွင်သာနေရခြင်း၊ ကိုယ်လက်အင်္ဂါ လှုပ်ရှားသွားလာရခြင်း မရှိသောကြောင့် ပဋိသန္ဓေနေရခြင်းသည်လည်း ဒုက္ခဆင်းရဲခြင်းဖြစ်လာခဲ့ရပါသည်။

လူ့လောက၏ သဘောသဘာဝအရဆိုလျှင် ငယ်သူများသည် အမြန်ကြီးလာစေချင်သည်။ ကြီးသူများကလည်း ပြန်ငယ်လာစေလိုသောစိတ်ဆန္ဒသည် ရှိလာပါသည်။ အချို့သောသက်ကြီးရွယ်အိုလူတို့မှာ ဆံဖြူခါးကိုင်းသွားကျိုး၊ မျက်စိမှုန်ဖြစ်နေပါသော်လည်း ဆံမဖြူအောင် ဆံပင်ဆိုးဆေးများ လူးလိမ်းခြင်း၊ သွားကျိုးဖြစ်နေပါက သွားပြန်စိုက်ကြခြင်း၊ မျက်စိမှုန်က မျက်စိခွဲစိတ်ကုသခြင်း၊ မျက်မှန်တပ်လာရခြင်း၊ ပါးတွန့်လိမ်နေပါက မဖြစ်ရလေအောင် ဆေးအမျိုးမျိုးတို့ဖြင့် လိမ်းကျံပြုပြင်နေကြရဆဲပင် ဖြစ်ပါသည်။ သက်ကြီးရွယ်အိုဖြစ်လာရခြင်းဒုက္ခ၊ သေဆုံးမှုဖြစ်လာရခြင်းဒုက္ခဟူသော သံဝေဂတရားများကို မရရှိနိုင်ဘဲဖြစ်နေကြရပါသည်။

လူတို့သည် မွေး၊ အို၊ နာ၊ သေဘေးကို မည်သူမျှ လွတ်ကင်းသည်ဟူ၍ မရှိပါ။ မွေးလာသည်လည်း ဆင်းရဲဒုက္ခ၊ အိုလာရခြင်းသည်လည်း ဆင်းရဲဒုက္ခ၊

---

ချစ်ခင်သောသူများနှင့် ကွဲရခြင်းမှာ ရှင်ကွဲ၊ သေကွဲ၊ မြင်ကွဲဟူ၍ သုံးမျိုးရှိရာမှာ ရှင်ကွဲ ကွဲခြင်းသည် စိတ်ဆန္ဒအလျောက် တစ်ဦးအပေါ်တစ်ဦး ကျေနပ်ချက်မရှိ၍ ကွဲကွာလျက်နေကြရခြင်း၊ သေကွဲ ကွဲရခြင်းသည် သေဆုံးသွားသဖြင့် ကွဲကွာသွားရခြင်းနှင့်မြင်ကွဲ ကွဲရခြင်းသည် အိမ်ထောင်စုတစ်ခုအတွင်း အတူတူနေထိုင်ရခြင်းရှိသော်လည်း လင်နှင့်မယားနှစ်ဦးသည် တစ်ဦးအပေါ်တစ်ဦး အစေးမကပ်၍ ဇော်ဇော်ဇာန့်လန့် နေထိုင်ပြောဆိုနေကြခြင်းကို ဆိုလိုပါသည်။

---



www.burmeseclassic.com

www.burmeseclassic.com

နာလာရခြင်းသည်လည်း ဆင်းရဲဒုက္ခ၊ သေလာရခြင်းသည်လည်း အဆိုးရွားဆုံးသော ဆင်းရဲဒုက္ခဖြစ်လာကြရသည်။

ဘဝသံသရာတစ်လျှောက်လုံးမှာ ကျွန်ုပ်တို့ သေခဲ့ရဖူးသည်မှာ မြောက်မြားစွာ မရေမတွက်နိုင်အောင် ရှိလာခဲ့ကြပါသည်။ အသေကပ်းသည်ဟူ၍ မရှိပါ။ သူများအိုလာသည်ကို တွေ့မြင်ဖူးသော်လည်း ကိုယ်အိုလာသည်ကိုမူ ကိုယ်က မသိမြင်ပါ။ အမှန်တရားအမြင်ဉာဏ်ဖြင့် မမြင်နိုင်ခဲ့ပါ။ မှန်ကိုကြည့်ပါမှ သိသာမြင်လာနိုင်ပါသည်။

ကျွန်ုပ်တို့သည် မွေး၊ အို၊ နာ၊ သေ သံဝေဂတရားဉာဏ် ရရှိလာပါမှ ဝိပဿနာဉာဏ် ရလာမည်။ အသုဘပို့သွားသူသည် ပို့ရန်သွားသောအခါနှင့် ပို့ပြီးပြန်လာသောအခါနှင့်မတူပါ။ အပို့သွားရာတွင် သတိသံဝေဂတရားရနေပြီး အပြန်တွင် သတိမေ့လျော့လျက် ပေါ့ပေါ့တန်တန်ဖြစ်သွားကြပါသည်။ ထို့အတူ ဖျားနာဖြစ်နေသူကလည်း ဆေးရုံသို့ ဆေးကုသရန်သွားရာ၌ အသွားတွင် ဖျားနာနေသဖြင့် သတိသံဝေဂတရား ရနေပါသော်လည်း နေကောင်းပြီး ဆေးရုံမှအပြန် နေအိမ်သို့ **ပြန်ရောက်**ကြသောအခါ၌ ရောဂါ**ပျောက်**၍ စိတ်သက်သာရာရရှိနေသဖြင့် သံဝေဂတရား လက်လွှတ်နေလျက်ရှိကြောင်း တွေ့ရှိရပေသည်။

ထို့အတူ မချစ်မနှစ်သက်သောသူများနှင့် ပေါင်းသင်းဆက်ဆံနေရခြင်းသည်လည်း ဆင်းရဲဒုက္ခတစ်မျိုးပင်ဖြစ်ပါသည်။ မချစ်သော်လည်း ရှေ့မျက်နှာနောက်ထားပြီး ဆက်ဆံပေါင်းသင်းနေထိုင်သွားရခြင်းသည် ဆင်းရဲခြင်းဒုက္ခတစ်မျိုးပင်ဖြစ်နေပေသည်။ အလားတူပင် ချစ်ခင်သောသူများနှင့် ကွဲရခြင်းမှာ ရှင်ကွဲ၊ သေကွဲ၊ မြင်ကွဲဟူ၍ သုံးမျိုးရှိရာမှာ ရှင်ကွဲ ကွဲခြင်းသည် စိတ်ဆန္ဒအလျောက် တစ်ဦးအပေါ် တစ်ဦး ကျေနပ်ချက်မရှိ၍ ကွဲကွာလျက်နေကြရခြင်း၊ သေကွဲ ကွဲရခြင်းသည် သေဆုံးသွားသဖြင့် ကွဲကွာသွားရခြင်းနှင့်မြင်ကွဲ ကွဲရခြင်းသည် အိမ်ထောင်စုတစ်ခုအတွင်း အတူတူနေထိုင်ရခြင်းရှိသော်လည်း လင်နှင့်မယား နှစ်ဦးသည် တစ်ဦးအပေါ်တစ်ဦး အစေးမကပ်၍ ထော်လော်ကန့်လန့် နေထိုင်ပြောဆိုနေကြခြင်းကို ဆိုလိုပါသည်။ ၎င်းအကွဲခြင်း သုံးမျိုးသည်ပင်လျှင် စိတ်ဆင်းရဲခြင်းဖြစ်ရပါသည်။ ဤသည်များလည်း မမြဲပါ။ သဘာဝ၊ သဘောတရားအရပင် ဖြစ်ပါသည်။

လူ့လောကတွင် နေရာတိုင်း၊ အချိန်တိုင်းတို့၌ ဖြစ်ခြင်း၊ ပျက်ခြင်း သဘောတရားတို့ကြောင့် ဆင်းရဲခြင်းဖြစ်နေရပါသည်။ မမြဲသည့်သဘော၊ အမှန်တရားသည်ပင်လျှင် ဆင်းရဲခြင်းဖြစ်နေရပါသည်။ ဆွမ်းလောင်းခြင်း ကုသိုလ်ပြုရာ၌ ဆွမ်းသည် မမြဲပါ။ လှူဒါန်းသူကလည်း မမြဲပါ။ ဆွမ်းခံလာသူပုဂ္ဂိုလ်ကလည်း မမြဲပါ။ သို့သော် ပြုလုပ်နေသည့် ကုသိုလ်ကသာလျှင် မြဲပါသည်။

သတ္တဝါအားလုံးတို့သည် လက္ခဏာရေး ကမ္မဋ္ဌာန်းကို မစီးဖြန်းကြဘဲ ကိလေသာတဏှာအာရုံကို တပ်မက်ခံစားနေကြသဖြင့် ဘဝဒုက္ခဘေးမှ မလွတ်ကင်းကြဘဲ ဖြစ်နေကြရပါသည်။ နိဗ္ဗာန်ချမ်းသာကို မရဟု မှတ်ယူရမည်ဖြစ်ကြောင်း မြတ်စွာဘုရားရှင်က ဟောကြားထားပါသည်။ ဤသို့ဖြင့် အနိစ္စ၊ ဒုက္ခ၊ အနတ္တ လက္ခဏာရေးသုံးပါးကို နေ့ညမပြတ် စီးဖြန်းရွတ်ဖတ်သရဇ္ဈာယ်ပြီး ဆင်ခြင်နေသောသူသည်သာလျှင် သံသရာဝဋ်ဆင်းရဲမှ လွတ်မြောက်၍ မဂ်ဖိုလ်နိဗ္ဗာန်ကို ရလွယ်သည်ဖြစ်၏ဟု မြတ်စွာဘုရားရှင်က ဟောကြားထားတော်မူခဲ့ပါသည်။ ဤသို့ ဟောကြားထားသည်နှင့်အညီ လူတို့သည် အနှစ်သာရမရှိသော မိမိတို့၏ ခန္ဓာကိုယ်ကို ဖြစ်ပျက်ဖောက်ပြန်ခြင်းသဘော၊ လောကဓံတရားနှင့်တကွ အနိစ္စ၊ ဒုက္ခ၊ အနတ္တတည်းဟူသော လက္ခဏာရေးသုံးပါးဖြင့် နေ့ညမပြတ် သေမိစပ်ကြားကာလတွင် ဆင်ခြင်ပြီး ကောင်းမှုကုသိုလ်ကိုသာလျှင် သွားလေရာရာမှာ ကိုယ်နှင့်ထက်ကြပ်မကွာ အရိပ်ပမာကဲ့သို့ နောင်ဘမလွန်ဘဝအဆက်ဆက်တို့၌ အစဉ်တစိုက် လိုက်နေရမည်ဟု နှလုံးသွင်းထားလျက် ဒါန၊ သီလ၊ ဘာဝနာအစရှိသော ကုသိုလ်ကောင်းမှုတို့ကို ပြုလုပ်အားထုတ်၍ ဆင်းရဲခြင်းကင်းရာ နိဗ္ဗာန်ချမ်းသာကို မျက်မှောက်ပြုသွားကြရမည်ဖြစ်ကြောင်း စေတနာကောင်းဖြင့် တင်ပြလိုက်ရပါသည်။

မင်းဇေမြင့်(မုဒုံ)





www.burmeseclassic.com

www.burmeseclassic.com



# လောကီရိုးရာ မွေ့သောခါဝယ်

ရှင်မွှေပေါ်

**အထွတ်အထိပ်**

လောကကို စောင့်ရှောက်သော တရားကား နှစ်ပါးရှိသည်ဟု မှတ်ရဖူးပါသည်။ ငါးရာငါးဆယ်(သုံးပါးလျှော့) ဇာတ်နိပါတ်တော်လာ ဆုံးမတရားတော်များကို ငယ်စဉ်ကလေးဘဝကပင် ကျေးဇူးရှင်အဘ(အဖေ)၏ ညအိပ်ရာဝင် ပုံပြင်များသဖွယ် နားထောင်ခံယူခဲ့ရသော အကျိုးပါတည်း။

ကုဝေရနတ်မင်းကြီးက ပေးသနားသဖြင့် နယ်မြေအပိုင်စားရရှိသော ဘီလူးတစ်ကောင်သည် ဝင်လာသမျှအားလုံးကို အာဟာရမှီဝဲခွင့်တော့ မရပါ။ သို့သော် လောကပါလတရားကို မသိသောသူများကိုမူ စားသုံးခွင့်ပြုထားပါသည်။ မင်းညီမင်းသားနှစ်ပါးအနက် အစ်ကိုတော်(ဘုရားလောင်းလျာ)၏ မှန်ကန်သော သစ္စာစကားအဖြေကို ကြားနာခွင့်ရခဲ့သည့် ထိုဘီလူးက မူလကတိခွင့်ပြုမိန့်နှင့်အညီ စားခံရမည့် ဘေးအန္တရာယ်မှ ကင်းလွတ်ခွင့်ပေးလိုက်ရသဖြင့် အသက်ချမ်းသာရာရရှိခဲ့ကြောင်း နာခံမှတ်သားရဖူးပါသည်။



www.burmeseclassic.com

www.burmeseclassic.com

တံ ကိသသဟေတု-အဘယ်ကြောင့်ပါနည်း။ ဟီရိ သြတ္တပ္ပ-အရှက်နှင့်အကြောက်တရားတို့ပါတည်း။ မကောင်းမှု ဟူသမျှတို့ကို ပြုမှုကျူးလွန်ရန် ရှက်ခြင်း၊ မကောင်းမှု(အကုသိုလ်) တရားတို့ကို လုပ်ဆောင်ရန် ကြောက်ခြင်း။ ခြုံငုံ၍ အချုပ်ဆို ချင်မိသည်က ကိုယ်၊ နှုတ်၊ နှလုံး သုံးပါးလုံးဖြင့် သတိဉာဏ် ယှဉ်၍ ထိန်းသိမ်းလိုက်နာ စောင့်ရှောက်ခြင်းပင် ဖြစ်ပါသည်။

ယံ ဗာလန်-အကြင်လူမိုက်တို့သည်၊ အတ္ထိ-ရှိကြကုန်၏။ ရှက်ရမည်ကိုမသိကြ၊ ကြောက်ရမည်ကိုမသိကြကုန်၊ ပဏ္ဍိတာ- ပညာရှိသူတော်ကောင်းတို့၏ ဆိုဆုံးမစကား ခံယူရသူတို့မှာ ရှက်၊ ကြောက်တရားဖြင့် ယှဉ်ပါးလိမ္မာကြကုန်၏။

ဗုဒ္ဓဘာသာဝင် ?ကော်စင်တို့သည် သံသရာဝဲဩဃ အမိုက်မှောင်တို့၌ က??ကင်းလျှောက် လည်ပတ်နေရမည်ကို ရှက်ကြောက်ကြကုန်၏။ သို့အတွက်ကြောင့် ထိုဒုက္ခသစ္စာမှ လွတ်မြောက်ရာအမှန် မြတ်နိဗ္ဗာန်ကို ရည်သန်ဦးတည် ကြိုးပမ်း အားထုတ်ကြကုန်ပါသည်။

လူသူတော်ကောင်း ပုထုဇဉ်အပေါင်းတို့မှာလည်း လောကုတ္တရာရေးရာ၊ လောကီရေးရာ အဖြာဖြာတို့တွင် အရှက်၊ အကြောက်တရား နှစ်ပါးဖြင့် နှလုံးမွေ့လျော်ရာ တရားဓမ္မ၊ စည်းကမ်းဥပဒေ အထွေထွေကို ပါရမီဖြည့်ကျက် အားထုတ် ဆောင်ရွက်ကြရပြန်ပါသည်။

"ကောင်းစွာတည်ကြည်ရမည်၊ ကောင်းစွာဆောက်တည် ရမည်"ဟူ၍ ရှင်တော်မြတ်ဘုရား ဩဝါဒကထာ ထားရှိခဲ့ပါ သည်။ သတိသမ္ပဇဉ် ဉာဏ်နှင့်ယှဉ်၍ မမေ့မလျော့ မပေါ့ဆဘဲ နေထိုင်ကျင့်ကြံရပါသည်။ "အပ္ပမာဒေန သမ္ပာဒေထ" နောက်ဆုံး ဩဝါဒစကား မှာကြားခဲ့ဖူးပါသည်။

## ကြုံရဆုံရ

၁၉၉၀ ပြည့်နှစ်၊ သင်္ကြန်ကာလ လွန်ပြီးနောက် ကချင် ပြည်နယ်တွင် ရေတာန်းစစ်ဆင်ရေးတာဝန်များ ထမ်းဆောင်နေရာ မှ တာဝန်ပေးအပ်ချက်အရ နောက်တန်းတပ်ရင်းဌာနချုပ်သို့ ပြန်ခဲ့ရသည်။ ဆွာမြို့ ခမရ(--)၌ အထက်ခွင့်ပြုချက်အရ ဖွင့် လှစ်ထားသော အခြေခံ တသသသင်တန်း(၂/၉၀)တွင် သင်တန်းမှူးတာဝန်ယူရသည်။

အုပ်ချုပ်မှုကိစ္စအဝဝတို့ကို ဆောင်ရွက်ရသော တာဝန်ခံ CQ(တပ်ခွဲတပ်ကြပ်ကြီး)မှာ တပ်ကြပ်ကြီး ဇော်တင်ထူး(အမည် လွှဲ)ဖြစ်သည်။ ၎င်းတို့ဇနီးမောင်နှံမှာ မော်လမြိုင်ဇာတိများ ဖြစ် သည်။ တိုင်းရင်းသားသွေး နှော??သူများဖြစ်သည်နှင့်အညီ စကား အနည်းငယ်ဝဲသည်။

တပ်ကိစ္စ၊ တာဝန်နှင့်ဝတ္တရားများ မည်မျှပင်များပြားကြ စေကာမူ လောကုတ္တရာကိစ္စများကိုလည်း မမေ့မလျော့ ဆောင် ရွက်ကြပါသည်။ အိမ်ထောင်ဇနီး၊ သားသမီးများမှာလည်း ဗုဒ္ဓဘာသာ ယဉ်ကျေးမှုသင်တန်း ဆင့်ပွားပေးရ၏။ တက်ရောက်ကြရ၏။ ထို့ပြင်တစ်ဝ လောကီသားများဖြစ်သည်နှင့်အညီ စဉ်ဆက်ပါ လာခဲ့ကြသော မိရိုးဖလာယုံကြည်မှုများကလည်း ကိုးကွယ်မှု (ဘုရား၊ တရား၊ သံဃာ)၏ နောက်မှ ကပ်လျက် ဆွယ်ပွားပါ လာလေ့ရှိပြန်ပါသည်။ တိုင်းရင်းသားအသီးသီးတို့မှာ ယုံကြည် ရာ ကွဲပြားစွာ တည်ရှိကြသော်လည်း အချိန်အခါတန်လျှင် သူတို့၏ မူလရိုးရာများအလိုက် သတ်မှတ်ချက်များအတိုင်း လိုက်နာကြကာ ပူဇော်ပသလေ့ ရှိကြပြန်ပါသည်။ (ကိုးကွယ် ခြင်းမဟုတ်ပါ။ ဗလိနတ်စာကျွေးခြင်းမှာ ဘုရားဟောကြားမှု ရှိပါသည်။)

"အဖေကြီးရေ…ဈေးရောက်ရင် ဖီးကြမ်းငှက်ပျောသီး မှည့်နဲ့ ရခိုင်ငှက်ပျောသီးစိမ်း ငါးဖီး ဝယ်ခဲ့ပါဦးနော်"ဟု မတင့် က မှာကြားလေသည်။

"ပြီးခဲ့တဲ့ သုံးရက် ဈေးနေ့က ဝယ်ပေးပြီးပြီလေကွာ။ ဘာဖြစ်လို့လဲ"ဟု ဆရာကြီးဇော်တင်ထူးက စိတ်ရှုပ်နေသည့် အသံဖြင့် ပြန်မေးသည်။ သင်တန်းအုပ်ချုပ်မှုကိစ္စများကလည်း ကျယ်ပြန့်သည်။ တပ်သားသစ်သင်တန်းဆိုသည်မှာ လူဟောင်း များ မွမ်းမံသင်တန်းနှင့် သဘောသဘာဝ စရိုက်က မတူ။ သင်တန်းမှူးအသစ်ကလည်း "အူမ မတောင့်၍ သီလမစောင့် နိုင်သော ဒုက္ခမျိုး" လက်မခံ။ အူမ တောင့်နေစေရမည်။ ဗိုက်ဆာလောင်မွတ်သိပ်၍ စိတ်မဝင်စားဖြစ်နေကြလျှင် "အတတ်၊ အသိ"ပေး၍မရ၊ မဝင်နိုင်ဟု အယူရှိသည်။ ဝမ်းမဟာ ဘဲ ကျန်းမ??တ်၊ ကိုယ်)နေမှ ကြံ့ခိုင်သန်စွမ်းအောင် လေ့ကျင့် ပေးနိုင်မည်ဟု ကြပ်မတ်ဆောင်ရွက်နေသည်။ ကိုယ့်ဘက်၊ သူ့ ဘက် တာဝန်ကျေမှ သင်တန်းအောင်မြင်စွာပြီးဆုံးမည်။ အရည် အသွေးပြည့်မီသည့် သွေးသစ်များ မွေးပေးနိုင်မည် မဟုတ်ပါ လား။

"ဟုတ်ပါတယ်တော်။ ပွဲအုန်းကောင်းကောင်းမရသေး တာနဲ့ သေချာတော့ သိမ်းထားတာပဲ။ ကျေးဇူးရှင် ကြွက်မင်း လေးတွေက မနေဘူး။ ပွဲတော်တည်သွားလို့ပါ"ဟု ပြန်ရှင်းသည်။



www.burmeseclassic.com

www.burmeseclassic.com

"မင်းဟာကကြည်းကွာ။ တစ်မျိုးပြီး နောက်တစ်မျိုးပဲ။ မရိုးရပါလား။ အုန်းသီးက ကြွက်မြီးကျိုးလို့ မရသေးလို့။ တစ်ခါက ငှက်ပျောသီးက မကောင်းတော့လို့။ ကွမ်းနဲ့ ဆေးရွက်ကြီးကတော့ ဈေးရောင်းတဲ့အထဲ ရောင်းကောင်းကောင်းနဲ့ ပါသွားပြန်ပြီး ဘး" အစရှိသည်ဖြင့် အဆင်မပြေမှုများကို တသီတတန်းကြီး မှတ်မှတ်ရရ ရေရွတ်နေပြန်သည်။

"အေးပါကွာ။ ဝယ်ခဲ့ပေးပါ့မယ်။ မင်းဘက်ကသာ အဆင်ပြေအောင် ပြင်ထား။ ပွဲတင်မယ့် ဆရာလည်း ချိတ်ထား။ စုံတာနဲ့ အပြီးလုပ်တော့။ ဒါနဲ့ပဲ ဝါဝင်တော့မယ်"ဟု သတိပေးသည်။

ပြောမယ်ဆိုလည်း ပြောစရာ ဖြစ်နေသည်။ ဆွာမြို့ ဆိုတာကလည်း ငါးရက်တစ်ကြိမ် ဈေးကြီးနေ့မှ အားလုံး စုံစုံစေ့စေ့ ရတတ်သည်။ ကြားရက် ပုံမှန်ဈေးတန်းက အမည်မစုံတတ်ပါ။ ဟင်းသီးဟင်းရွက်နဲ့ တောသားလောက်သာ ရံဖန်ရံခါ ရတတ်သည်။ အဆင်မပြေချင်တော့ ၁၀ ရက်လောက်ကုန်သွားပြီ။ တစ်မျိုးရတော့ နောက်တစ်မျိုး အဆင်မပြေ။ နေ့ရွှေ့ ညရွှေ့ဖြင့် ဝါဝင်ရန် သုံး-လေးရက်သာ လိုတော့သည်။

ဖြစ်ချင်တော့ တိုင်းစစ်ဌာနချုပ်ရှိရာ တောင်ငူမြို့သို့ ရိက္ခာထုတ်ကိစ္စဖြင့် ညအိပ်ညနေ သွားရပြန်လေသည်။ သို့ဖြစ်၍ ဝါသာဝင်သွားတော့သည်၊ ၎င်းတို့၏ ရိုးရာတင်ခြင်းကိစ္စမှာ ထိုနှစ်က မလုပ်ဖြစ်ခဲ့တော့ပါ။ ကိစ္စမရှိပါ။ လတ်တလော တောင်းပန်ထားမည်။ ဝါထွက်ချိန်ရောက်မှ မပျက်မကွက် ပသတော့မည်ဟု ဇနီးဖြစ်သူ မတင့်က ဖြေတွေးတွေးခဲ့ရသည်။

## ဖြစ်ရလေတယ်

တပ်တွင်းအိမ်ဆိုင်လေးကလည်း ယခင်ကလို ရောင်းမကောင်းလှပါ။ အကြွေးယူကြတာများသဖြင့် အရင်းက လျော့နည်းပြန်တော့ ပစ္စည်းများ အချိန်မီဝယ်မတင်နိုင်ပါ။ ကျောင်းဖွင့်ချိန်ရောက်ပြန်တော့ အတန်းတက်ကြမည့် သားသမီးများအတွက် ကျောင်းဝတ်စုံအသစ်၊ လွယ်အိတ်အသစ်၊ စာအုပ်စာတမ်းနှင့် အထွေထွေကြေးများ အကုန်အကျများဦးမည်။ မိုးလေး တစ်ဖြိုက်နှစ်ဖြိုက် ရွာလိုက်သည်နှင့် ယခင်ရောဂါ (မ,ဓမ္မတာ)ဟောင်းကလည်း အားမနာတတ်သည့် ဧည့်သည်လို မခေါ်လည်း ရောက်လာပြန်သည်။

"သမီးရေ..ဒီနေ့ ဆိုင်မဖွင့်နဲ့။ မောင်နှမလေး ညီမလေးတွေကို ပြင်ဆင်ပေးပြီး ကျောင်းကားမီအောင် သွားနော်။ ထမင်းချိုင့်တွေ အမေပြင်ပြီးသား။ အငယ်ဆုံးလေးကိုတော့ ဘေးအိမ်က အဖော်နဲ့ပဲ တပ်တွင်းကျောင်း သွားခိုင်းလိုက်မယ်"ဟု မှာကြားပြီး တပ်တွင်းဆေးခန်းသွားဖို့ ပြင်ရလေသည်။

"မတင့်ရေ...နင့်သမီး ငါနဲ့ထည့်လိုက်။ ငါပဲ ကျောင်းပို့ပေးလိုက်မယ်။ ညည်းကြည့်ရတာ အားမရလိုက်တာ၊ ဂရုစိုက်ဦး"ဟု အိမ်နီးချင်းဆေးဆရာကြီးကတော်က တာဝန်ယူအားပေးသည်။

"ဟုတ်တယ် အစ်မရယ်၊ မြင်တဲ့အတိုင်းပဲ ကျန်းမာရေးကလည်း သိပ်မကောင်းဘူး။ ကိုထူးကလည်း အိမ်ဘက် သိပ်လှည့်နိုင်တာ မဟုတ်ဘူး။ ကျေးဇူးတင်ပါတယ် အစ်မရယ်"ဟု ပင့်သန္တာရစကား ဆိုလိုက်ရသည်။

ဆေးခန်းက ထိုးဆေး၊ သောက်ဆေးများနှင့်လည်း မသက်သာချင်ပါ။ တစစ်စစ်ကိုက်ခဲသလိုလို၊ ညောင်းညာသလိုလို၊ ခြေတွေလက်တွေက ထုံကျင်သလိုလို။ တိုင်းရင်းဆေးများ ကောင်းသည်ဆို၍ လိမ်းရ၊ သောက်ရသည်မှာလည်း အချိန်ခွဲလျက် အကြိမ်ကြိမ်ပင်။ ဒီကြားထဲ အိပ်မက်များကလည်း ကောင်းကြောင်း ခင်ပွန်းကိုပြောသောအခါ...

"မင်းစိတ်စွဲနေလို့ပါ မိန်းမရာ။ ဆေးပတ်လည်တော့ ပျောက်သွားမှာပါ။ အရင်ကလည်း ဖြစ်ဖူးတာပဲ။ သိပ်စိတ်မပူပါနဲ့"ဟုသာ အားပေးသည်။

နောက်တစ်နေ့မနက် အိပ်ရာထချိန်တွင်မှ ဇနီးဖြစ်သူကို မမြင်ရသော တန်းစီရာမှ ပြန်လာသည့် ဆရာကြီးဇော်တင်ထူး ပြူးပြူးပျာပျာဖြင့် အိပ်ရာဝင်ကြည့်သောအခါမှ မထနိုင်၍ ငိုယိုနေသော ဇနီးသည် မတင့်ကို တွေ့ရလေတော့သည်။

"အဟင့်...အဟင့်...အစ်ကိုရယ်၊ လုပ်ပါဦး။ တင့်ခြေလက်တွေ မ,လို့မရတော့ဘူး။ အကုန်ထုံကျင်နေတယ်။ ထိမှန်းလည်း မသိဘူး။ ခေါင်းတွေလည်း မူးတယ်၊ မျက်စိလည်း မနည်းဖွင့်ရတယ်"ဟု ဝမ်းနည်းပက်လက် ငိုကြီးချက်မနှင့် ပြောလေသည်။ ဆံပင်များကလည်း ထွေးလိမ်ရှုပ်ပွနေ၏။ အသံက မပီမသ၊ ပါးတစ်ခြမ်းကလည်း အနည်းငယ်ရွဲ့လျက်၊ သနားစဖွယ် မျက်နှာငယ်ငယ်ဖြင့် ခင်ပွန်းဖြစ်သူကို အားကိုးတကြီး ပြောကြားတော့သည်။

ဆရာဇော်တင်ထူးလည်း သက်ဆိုင်ရာသတင်းပို့၊ ခွင့်တောင်း။ မော်တော်ယာဉ်ဌာနမှ လူနာပို့ယာဉ်ဖြင့် တိုက်နယ်ဆေးရုံမှတစ်ဆင့် တောင်ငူမြို့ရှိ စစ်ဆေးရုံသို့ တင်ပို့ကုသရလေသည်။ လိုအပ်သည်များ စစ်ဆေးပြီးနောက် ရန်ကုန် မင်္ဂလာဒုံ



www.burmeseclassic.com

www.burmeseclassic.com

စစ်ဆေးရုံကြီး ခုတင် ၁၀၀၀ သို့ ဆက်သွယ်လွှဲပြောင်းပေးကာ ကုသမှုခံယူရပြန်သည်။

သင်တန်းဆိုင်ရာ ကိစ္စရပ်များကိုတော့ ပေါ့ပါးအောင် စီစဉ်ပေး၏။ သင်တန်းမှူး၏ အစီအစဉ်အရ ဆရာကြီးမြတ်စောကို တွဲဖက်ပေးထားသဖြင့် နှုတ်အားဖြင့် မှာကြားရုံနှင့် ခန့်ခွဲဆောင်ရွက်နိုင်လေသည်။

သမီးကြီးက နဝမတန်းရောက်နေပြီဖြစ်၍ သိတတ်နေပြီ။ အိမ်မှုကိစ္စများ ဝင်ကူထိန်းသိမ်းသည်။ မောင်၊ ညီမငယ်များကို အားပေးကြပ်မတ်သည်။ ဆိုင်ကိုတော့ အခြေအနေအရ အမြဲမဖွင့်နိုင်တော့ပါ။ အိမ်ထောင်သည်လိုင်း ရဲမေများ ပြောကြားချက်အရ မီးယပ်ရောဂါဟု ကြားရသည်။ ဒါမယ့် သွေးဆုံးသည့်အရွယ် မဟုတ်သေးပါ။ ၄၅ နှစ်ခန့်သာ ရှိသည်။ "အစ်မတို့များ လုလို့၊ ဝလို့"ဟု ရဲမေအငယ်များက အားကျသည့်ဟန်နှင့် မကြာခဏ ပြောနေကြသည်မဟုတ်လား။

ခင်ပွန်း ဆရာကြီးဇော်တင်ထူးမှာမူ သင်တန်းကိစ္စ၊ တပ်ကိစ္စ၊ အိမ်ကိစ္စများဖြင့် ထိုက်သင့်သည့်စိတ်ဖိစီးမှုတော့ ရနေ၏။ ဒါတောင်မှ ငယ်စဉ်က သူနာပြုစစ်သည် လုပ်ခဲ့ဖူးသည့်အတွေ့အကြုံနှင့် ဂရုတစိုက် ကြပ်မတ်ခဲ့ပေလို့။ "ဘာတတ်နိုင်မှာလဲ။ ဖြစ်ချိန်တန်လို့ပါ"ဟု ဖြေသိမ့်လျက် နှလုံးသွင်းရသည်။

**အပေါင်းအဖော်တဲ့လား**

သင်တန်းမှူး ဗိုလ်ကြီးရဲမြင့်၏ အစီအမံအရ အနည်းငယ် အသက်ရှူချောင်ခွင့်ရ၏။ သင်တန်းသား စားသောက်နေထိုင်ရေး စိတ်မပူရ၊ ပုံမှန်လည်ပတ်နေသည်။ ကျန်းမာရေးမှာ အများစု အဆင်ပြေကောင်းမွန်သော်လည်း ဆေးရုံကြီးများအထိ ပို့ဆောင်ကုသပေးရသည့် တပ်သားသစ် နှစ်ဦး-သုံးဦးခန့်သာ ရှိနေပြန်သည်။ ဒါလည်း ကိစ္စမရှိ။ တပ်ရေးဗိုလ်ကြီးတာဝန်ကိုပါ တွဲဖက်ထမ်းဆောင်နေသော သင်တန်းမှူး ဗိုလ်ကြီးရဲမြင့်က ဆေးတပ်စု တွဲဖက်/ဆေးနိမ့်စစ်သည်များကို လူနာစောင့်တာဝန် ပေးထားသဖြင့် သင်တန်းသားများမှာ တပ်နှင့် ကင်းကွာသွားမှု မရှိတော့ပါ။

သို့ရာတွင် ဝန်းကျင်မှ မည်မျှပင် ရဲဘော်စိတ်အပြည့်ဖြင့် ဝိုင်းဝန်းကူညီကြစေကာမူ အရာအားလုံး အဆင်ပြေချောမွေ့သွားသည် မရှိလှပါ။ ကိစ္စသေးသေးလေးများ ကြိုကြားကြိုကြား ပေါ်လာတတ်ပြန်သည်။

ဘုရားပန်းညှိုးနေ၍တစ်မျိုး၊ နေကျော်သည်အထိ ဆွမ်းတော်တင် မစွန့်ရသေး၍ ကြွက်များဖွသည်က တစ်ဖုံ၊ ကလေးငယ်များ ချွတ်ပစ်ထားခဲ့သည့် အဝတ်ဟောင်းများ ပြန့်ကြဲနေသည်က တစ်နည်း၊ အိုးခွက်ပန်းကန်များ ဆေးကြောထားသော်လည်း သပ်ရပ်စွာ စီမထားပြန်သည်က တစ်ကြောင်း၊ ညနေစောင်းမှ ရိက္ခာဆန် လာထုတ်တတ်သည့် တပည့်ငေ ာခင်က တစ်သွယ် မရိုးရ မထပ်စေရ။ ဒုက္ခဆိုသည့် ဆင်းရဲခြင်းက ဤလို အုပ်စုဖွဲ့တတ်ပြန်သည် ထင်၏။

တစ်လကုန်ဆုံး၍ လစာထုတ်ပြီးသောတစ်နေ့၊ ညနေပိုင်းအချိန်တွင် ဆရာကြီးဇော်တင်ထူးသည် သင်တန်းမှူး ဗိုလ်ကြီးရဲမြင့်ထံသို့ မျက်နှာမကောင်းလှစွာနှင့် ရောက်ရှိလာပါသည်။

"ဗိုလ်ကြီး…ကျွန်တော့်ဇနီးထံ ငွေပို့သွားချင်လို့ ခွင့်လာတောင်းတာပါ"ဟု တိုရှင်းပြောသည်။ သင်တန်းမှူး နားလည်သဘောပေါက်လိုက်သည်။ ကိုယ်ချင်းစာတရားရှေ့ထားလျက် အကောင်းဆုံးဖြစ်အောင် စီမံဖေးလေသည်။

"ဆရာကြီး . . . ဒီတိုင်းအလွတ်သွားလို့ မရဘူးဗျာ။ ဒီတော့ ဆေးရုံကြီး(မင်္ဂလာဒုံ)မှာတက်နေတဲ့ တပ်သားသစ်တွေဆီကို လစာငွေ သွားရောက်ထုတ်ပေးရင်း တွေ့ဆုံအားပေးပေါ့ဗျာ။ ပြီးမှ ဇနီးနဲ့တွေ့ အုပ်ချုပ်မှုလုပ်ပေါ့။ MO/ ဝရမ်းပေးလိုက်မယ်။ သင်တန်းကိစ္စ နောက်ဆံမတင်းနဲ့။ ငါးရက်ဆို အဆင်ပြေလား။ ရပါတယ်ဗျာ၊ သွား/ပြန်အပါ ၁၀ ရက်ယူသွား။ ရပြီလား"ဟု တရားဝင်အောင် ဘောင်အတွင်းက စီမံပေးလေသည်။

နောက်တစ်နေ့နံနက်တွင် မန္တလေး-ရန်ကုန်လမ်းမဘေး၌ တည်ရှိနေသော တပ်ဂိတ်(တပ်ရဲ)မှလည်း ယာဉ်အကြုံ တားပေးရှာပါသည်။ တောင်ငူရောက်လျှင် ဘူတာကြီးမှာ ဝရမ်းလဲ၊ မီးရထားစီးသွားပါက ညနေ မိုးချုပ်လျှင် ရောက်နိုင်ပါပြီ။ ဒါက ဗိုလ်ကြီးရဲမြင့်၏ မူရင်းအစီအစဉ်သာ ဖြစ်ပြီး ဆရာကြီးက အခြားအစီအစဉ်ဖြင့် ဆောင်ရွက်သွားခဲ့ကြောင်းကို နောင်းမှ သိရပါသည်။ စိတ်မကောင်းရခြင်း များစွာဖြင့်ပေါ့။

ဇင်းနေ့ည ၂း၀၀ နာရီခန့်ဟု ထင်ပါသည်။ ညပိုင်းကိစ္စ ဆောင်ရွက်ရန်အတွက် ရုံးခန်း၌ရှိနေစဉ် တယ်လီဖုန်းလာ၍ ကောက်ယူနားထောင်လိုက်သောအခါ…

"ဟုတ်ကဲ့ အမိန့်ရှိပါ။ တပ်ရေးဗိုလ်ကြီး ပြောနေပါတယ်"

"ဒီလိုပါ ဗိုလ်ကြီးခင်ဗျာ။ ကျွန်တော် အုတ်တွင်းပြည်သူ့ရဲစခန်းက ဟာဝန်မှူးပါ။ ဗိုလ်ကြီးတို့တပ်မှာ တပ်ကြပ်



www.burmeseclassic.com

www.burmeseclassic.com



ကြီး ဇော်တင်ထူးဆိုတာ ဒီကိုလာလား။ အတည်ပြုချင်လို့ပါ"ဟု မိတ်ဆက်၊ သတင်းပို့ပါသည်။ ဘစ်ချက် စိတ်ထဲတွင် ထင့်ခနဲ ဖြစ်သွားသော်လည်း…

"ရှိပါတယ်ခင်ဗျာ။ ဒီနေ့မနက်ပဲ ယာယီတာဝန်နဲ့ ရန်ကုန်ကို စေလွှတ်ထားပါတယ်။ ဘာကိစ္စများ ရှိလို့ပါလဲ"ဟု မေးမြန်းရပါသည်။

"စိတ်မကောင်းစရာပါပဲ ဗိုလ်ကြီးရယ်။ အုတ်တွင်းအလွန် ကားလမ်းဘေး ရေချောင်းမှာ ယာဉ်အက်ဆီးဒင့်(Accident) တစ်ခုဖြစ်လို့၊ အခြားခရီးသည်တွေက ထူးထူးထွေထွေ ထိခိုက်ဆုံးရှုံးမှုတော့ မရှိပေမယ့် အဲဒီဆရာကြီးက ရေနစ်သေဆုံးသွားလို့ ပြည်သူ့ဆေးရုံ တင်ထားပေးပါတယ်။ အရပ်ဝတ်နဲ့ ဖြစ်ပေမယ့် အိတ်ထဲက စာရွက်စာတမ်း အထောက်အထားတွေအရ စုံစမ်းသိရှိရလို့ အခြေအနေ သတင်းပို့တာပါခင်ဗျား"ဟု ဖြစ်စဉ်အကျဉ်းက အတိုချုံး အစီရင်ခံလေသည်။

- "ဖြစ်ပြီးမှတော့ ဘယ်တတ်နိုင်ပါ့မလဲဗျာ။ ဆေးရုံနဲ့ ဆက်သွယ်ပြီး လိုအပ်တာတွေ ဆောင်ရွက်လိုက်ပါ့မယ်။ ဆရာတို့ ဘက်က လုပ်ထုံးလုပ်နည်းအရ ဆောင်ရွက်ပါ။ နောင် ကျွန်တော်တို့တပ်ဘက် Court of Enquiry မှာ လိုအပ်တဲ့ ထွက်ဆိုချက် အထောက်အထားတွေ ကူညီပေးပါဦး။ လေးစားပါတယ်"ဟု အမြန်ဖြတ်လိုက်ရသည်။

နောက်ဆက်တွဲကိစ္စများ ကျန်သေးသည်။ တပ်ရင်းမှူး၊ ဌာနချုပ်တပ်ခွဲမှူးတို့ထံ ပဏာမသတင်းပို့၊ အထက်ဌာနသို့ ပဏာမထူးခြားဖြစ်စဉ် တင်ပြ၊ အုတ်တွင်းသို့ အခမအဖွဲ့စေလွှတ်၊ သင်္ဂြိုဟ်ရေးကိစ္စပါ မှာကြား၊ မိသားစုကိုတော့ ခေတ္တထိန်းထား၊ နောက်တစ်နေ့ သက်ပျောက်ဆွမ်းကို သင်တန်းမှူးတာဝန်ယူ၊ မင်္ဂလာဒုံဆေးရုံကြီးရှိ တပ်သားသစ်လူနာများနှင့် ၎င်းဇနီးထံ ငွေပို့၊ စုံ/ခုံဖွဲ့စည်းစစ်ဆေး…စသည်ဖြင့် ဆက်တိုက်ဆောင်ရွက်ရလေ၏။ သင်တန်းမှူးဇနီးဦးစီး၍ နာရေးအိမ်လူမှုကိစ္စများ ဖြေရှင်းဆောင်ရွက်စေရ၏။ ကလေးများသာ ကျန်ခဲ့သည်မဟုတ်လား။ ဆရာကြီး၏ ယခင်တပ်ခွဲမှ တပည့် မိသားစုများပါ ဝိုင်းဝန်းစောင့်ရှောက်ကြပါသည်။ (တပ်၏ ချစ်စရာဓလေ့တစ်ခုပင်။)

## ဤသို့ဆိုလျှင်

စုံ/ခုံ စစ်ဆေးကြရသည်။ "စစ်မှုထမ်းဆောင်ခြင်းနှင့် အကျုံးဝင်/မဝင်" အပါအဝင် သူတစ်ပါးထိခိုက်မှု အာမခံကြေးကိစ္စ စသည်ဖြင့် အဓိကသက်သေတစ်ဦးဖြစ်သော ယာဉ်မောင်း၏ ထွက်ဆိုပြောပြချက်အရ -

"ကျွန်တော် တောင်ငူ Gate မရောက်မီ လမ်းဘေးမှာ ခဏရပ်ထားတုန်း ဆရာကြီး အရပ်ဝတ်နဲ့ ရောက်လာတာ။ တွယ်စီးပေါ့။ Gate လည်းရောက်ရော ခရီးသည်အတက်အဆင်း လုပ်တော့ ကျွန်တော့်ဘေးမှာ နေရာလပ်သွားတာနဲ့ ဆရာကြီးကို ပေးလိုက်ပါတယ်။ အုတ်တွင်းအလွန် ကုန်းဆင်းအရောက်မှာ ရုတ်တရက် ရှေ့ဘီးပေါက်သွားတာပါ။ ကျွန်တော်လည်း တတ်နိုင်သမျှ ထိန်းပါတယ်။ နောက်ဆုံး လမ်းဘေးက ရေတိမ်ချောင်းထဲ ဆွဲချပြီး အရှိန်သတ်လိုက်တာပါခင်ဗျာ။ Death Stop ဘရိတ်အုပ်ရတာပေါ့။ အဲဒီမှာ ဆရာကြီးက ရှေ့ကို အားလွန်ထွက်ပြီး လေကာမှန်ပါ လွင့်ထက်ကာ ရေချောင်းထဲကျသွားပါတယ်။ ခရီးသည်တွေက နည်းနည်းပါးပါး ပွန်းပဲ့ရှနာ ဒဏ်ရာလောက်ပါပဲ။ ကလေးတစ်ဦးက ရေထဲကျနစ်နေလို့ ရှာပြီးဆယ်လိုက်ရတယ်။ သူကတော့ ဘာမှမဖြစ်ဘူး။ ကောင်းပါတယ်ခင်ဗျာ။ အားလုံး လူပြန်စစ်တော့မှ ကျွန်တော့်ဘေးက ဆရာကြီး လျော့နေလို့ ရေထဲမှာ ပြန်ရှာကြပါတယ်။ ဆယ်ယူရရှိတော့ ၃၀ မိနစ်လောက်တော့ ကြာသွားပြီ ထင်ပါတယ်။ အသက်မရှိတော့ပါဘူး။ ရဲတွေကတော့ လုပ်ထုံးလုပ်နည်းအရ အနီးဆုံး အုတ်တွင်းပြည်သူ့ဆေးရုံကို ပို့ပေးပါတယ် ဗိုလ်ကြီးခင်ဗျား"ဟု ၎င်းနှင့်သက်ဆိုင်သောအပိုင်းကို ထွက်ဆိုလေသည်။ (အလွတ်သဘောအရ သူ့ရေ ရေနင့်သေရပေသည်။)

ခွဲစိတ်ဆရာဝန်၏ အဝေးရောက်ထွက်ဆိုချက်(ရင်ခွဲစစ်ဆေးချက်အရ)ပေါ် မူတည်၍ သေဆုံးရခြင်းအကြောင်းရင်းကို အတည်ပြုရပြန်ပါသည်။ မတော်တဆမှု ဖြစ်ရလေသည်။ ရေထဲတွင် ရေမရှူ၊ ရေနစ်မွန်းသေဆုံးခြင်း မဟုတ်ပါ။ ဦးခေါင်းနောက်စေ့ ထိခိုက်ဒဏ်ရာအရ အတွင်းသွေးယိုစီးမှုကြောင့် ဦးနှောက်တွင်း သွေးခဲသေဆုံးကြောင်း"ဟု ဆေးဘက်ဆိုင်ရာ ထွက်ဆိုချက်ပေးပါသည်။

မည်သို့ပင်ဖြစ်စေကာမူ "စစ်မှုထမ်းဆောင်ခြင်းနှင့် အကျုံးဝင်"သဖြင့် ခံစားခွင့်များရရှိသည်။ ယာဉ်၊ ယာဉ်မောင်းတို့ ပယောဂ(အခြေအနေ လွှဲရှောင်သာ၍) ပါဝင်ပတ်သက်ဆက်နွှယ်မှုကလည်း ရှိနေပြန်သဖြင့် Lime တာဝန်ရှိပုဂ္ဂိုလ်များက လူမှုရေးအကူအညီ(ထိုက်တန်စွာ)ပေးကြပါသည်။ ရဲစခန်းသို့လည်း မတော်တဆ ထိခိုက်မှုအဖြစ် ကျေအေးလွှာပေးလိုက်ပါသည်။ (စေတနာ၊မေတ္တာ တုံ့ပြန်လျက် အကြီးအကဲသဘောတူညီမှုအရ။)



www.burmeseclassic.com

www.burmeseclassic.com

ဖြစ်စဉ်ကို စဉ်းစားသုံးသပ်မိသောအခါ လှနှစ်ဦး ရေထဲကျသည်။ ကလေးငယ်မှာ ဘာမျှမဖြစ်။ အချိန်အတန်လွန်မှ ရှာတွေ့ရသော ဆရာကြီးမှာ ရေနစ်သေဆုံးခြင်းတော့မဟုတ်။ ရေထဲမှာတော့ ဆုံးပါးသွားခဲ့ရရှာပါသည်။ (ဗိုလ်ကြီးရဲမြင့် အစီအမံအရဆိုပါလျှင် တောင်ငူရောက်၊ ဘူတာသွား၊ မီးရထားစီးဤသို့ဖြစ်ရန် မရှိနိုင်ဟု ထင်မိသည်။)

ထိုမျှသာ မကသေးပါ။ ဇနီးမတင့် ဆေးရုံကြီးမှဆင်းလာသောအခါ ချိုင်းထောက်ဖြင့် သွားလာနိုင်မှုတော့ရှိသည်။ အရှင်းမပျောက်သေးပါ။ လေးလခန့်ရှိသောအခါ ဆရာကြီး၏ တပည့်ဖြစ်ခဲ့ဖူးသော ဆက်သွယ်ရေးတပ်စု တပ်ကြပ်ကြီးက ညီမသဖွယ်လည်းဖြစ်နေသော သမီးအကြီးနှင့် အိမ်ထောင်ပြုလက်ထပ်လိုက်ပါသည်။ လိုင်းခန်းဒုက္ခ အေးသွားပါ၏။ ဗိုလ်ကြီးရဲမြင့်တို့ဇနီးမောင်နှံလည်း လိုင်းခန်းများစစ်ဆေးရင်း တပည့်များကြည့်ရှုအကဲခတ်ခြင်းတို့ဖြင့် မတင့်တို့ထံ မကြာမကြာ ရောက်လေ့ရှိပါသည်။ နှစ်သိမ့်အားပေးခြင်းလည်း လုပ်ကြပါသည်။

"မတင့်ရေ…စိတ်တော့မဆိုးနဲ့။ တစ်ခု အကြံပေးချင်တယ်"

"ဗိုလ်ကြီးရယ်…ဆရာတပည့်၊ မောင်နှမလို ဖြစ်နေတာ စိတ်မဆိုးပါဘူး၊ ပြောပါရှင်"ဟု မျှော်လင့်စွာ စကားဆိုပါသည်။

"ကျွန်တော်တို့နှစ်ယောက် တိုင်ပင်မိတာ နည်းနည်းကြာပြီဗျ။ မယုံကြည်တတ်သူကိုပြောမိရင် ဒုက္ခပေးသလို ဖြစ်မှာစိုးရပြန်တယ်"ဟု အစချီလျက် ၎င်းတို့၏ ဝါမဝင်မီက အကြောင်းအမျိုးမျိုး ကြောင့် ပျက်ကွက်ခဲ့ရသော "ရိုးရာတင်မြှောက်ပသခြင်း"မှ အစပြုလျက် ခင်ပွန်းသည် ဆုံးပါးရပြီးသည့်အပြင် လက်ရှိ ဝေဒနာခံစားရမှုများကို စီကာပတ်ကုံး နားဝင်အောင် ဆက်စပ်ရှင်းပြပါသည်။ ထိုအထိ လက်ခံသော အခါမှ ဇနီးဖြစ်သူ အန်တီစန်းဂျ -

"ဒီလို ညီမရဲ့၊ အစကတော့ အစ်မတို့လည်း မယုံတတ်ကြပါဘူး။ တပ်အသီးသီး၊ နယ်အထွေထွေ ရောက်ခဲ့ပြီးနောက်ပိုင်း အသက်အရွယ်ရလာတော့မှ တဖြည်းဖြည်း လက်ခံယုံကြည်မိတယ် ဆိုပါတော့"

"နတ်နဲ့နဂါး မလှည့်စားနဲ့လို့ ဆိုကြတယ်မဟုတ်လား။ ညီမတို့လည်း အောက်အရပ်သူတွေပဲ။ အစ်မတို့အမေကလည်း မွန်လူမျိုးလေ။ ရန်ကုန်သားဖြစ်တဲ့ အဖေက အမြဲတမ်း ဝါဝင်/ဝါထွက် ဦးရှင်ကြီး တင်ပေးခဲ့တာ။ အခုတော့ အိမ်မှာ ဗိုလ်ကြီး ခွင့်ပြုချက်နဲ့ ပုံမှန်လုပ်ပေးရ ပေါ့"ဟု လမ်းကြောင်းဆွဲကာ တဖြည်းဖြည်း စကားခေါ်ရလေသည်။

"ပြီးတော့ အခြားပယောဂတွေလည်း ရှိတာပဲ။ ကံနိမ့်ပြီဆိုမှဖြင့် မကျေနပ်ချက်ရှိသူတွေက အကုန်လုပ်တတ်တယ်။ ဒီတော့ ညီမ အခုခံစားနေရတဲ့ဝေဒနာကိုလည်း ဆေးရုံကြီးက သမားတော်တွေက တစ်ပိုင်းထားပေါ့။ နားလည်တတ်ကျွမ်းတဲ့ ပယောဂဆရာ(ရွှေရင်ကျော်)တွေ ရှိပါတယ်။ ပင့်ဖိတ်ပြီး စမ်းသပ်ကုသကြည့်ပါလား"ဟု လိုရင်းကို စကားထည့်ရသည်။

"စိတ်ချပါ အစ်မရယ်။ စိတ်လည်းမဆိုးပါဘူး။ ညီမ ကျဖြစ်အောင် ကုကြည့်ပါမယ်"ဟု ဝန်ခံပြန်ကြားချက် ပေးလေသည်။

ကံကောင်းချိန်တန်ပြီ ထင်ပါသည်။ နောက်နှစ်လခန့်ကြာသောအခါ အဆိုပါ မုဆိုးမ မတင့်မှာ ရောဂါဝေဒနာများ အရှင်းပျောက်ကင်း ပွားသည့်အပြင် စီးပွားရေးများလည်း (မိသားစုများ အားထုတ်မှုကြောင့်) အဆင်ပြေကာ ကိုယ်ကျန်းမာ၊ စိတ်ချမ်းသာလျက် တစ်ခုလပ်နှင့်အပျိုစင် ဘယ်ဒင်းသာလို့ ယဉ်ပါပေ"ဆိုရလောက်အောင် စိုပြည်လန်းဆန်းလျက် ရှိနေပေတော့သည်။ (နောင်သောအခါ တစ်ပင်လဲမှ တစ်ပင်ထူ၊ အကြပ်ကြီးတစ်ဦးနှင့် ဖူးစာဆုံသွားသောဟူ၏။)

"သုံးလူထွဋ်ထား မြတ်ဘုရား"နှင့် ရတနာသုံးပါးတို့ကိုလည်း ဆည်းကပ်ကိုးကွယ်သည်။ "ရေငန်တစ်ရိုး ပိုင်ကာစိုးပါတဲ့…" အစချီ ရိုးရာလည်းမပျက် ပသပူဇော်သည်။ မေတ္တာပို့၊ ကုသိုလ်အမျှဝေသည်။ အသင်ကော မည်သို့ နားလည်ယုံကြည် လက်ခံပါမည်နည်း။ ဟုတ်ကဲ့…လွတ်လပ်စွာ ကွဲပြားခြားနား ယုံကြည်နိုင်ပါသည်။

သုခချမ်းသာ ပြည့်စုံပါစေ…

■ ရွှင်မဟော်



www.burmeseclassic.com

www.burmeseclassic.com

ကြော်ငြာဆောင်းပါး




လိုင်စင် ၇/

အဆီကျအကြောခမြဲ ဆီး၊ ဝမ်း၊ မှန်စေတဲ့

# မုံရွာ ဆရာမိုး ရဲ့

# ရောက်တစ်လုံးဝမ်းမှန်ဆေး

ကြော်ငြာခွင့်ပြုချက်အမှတ်တဆဝက (စာနယ်ဇင်း) ၁၃၀/၀၁၁၁၄

"ကိုဇော်ရဲနိုင်ကို ကြည့်လိုက်ရင် သွက်လက်ပေါ့ပါးဖျတ်လတ်နေတာပဲ။ အသားအရေ စိုပြည်ပြီး အဆီတွေလည်းကျ၊ **အသားတွေလည်း** ကျစ်လျစ်လာတယ်။ ဆေးကောင်းတစ်လက်တွေ့ထားပြီထင်တယ်။ ဆေးကောင်းရှိရင် လက်တို့သတင်း**ပေး ပါဦး**"

"သွက်လက်ပေါ့ပါးဖျတ်လတ်ဆို **မုံရွာဆရာမိုးရဲ့ ရောက်တစ်လုံးဝမ်းမှန်ဆေး** လက်ကိုင်ထားလို့ပါ။ ကျန်းမာရေး**ရှုထောင့်** ကကြည့်ရင် နေ့စဉ်နေ့တိုင်း ဆီး၊ ဝမ်း၊ သွေး၊ လေ မှန်,မမှန် မိမိကိုယ်တိုင် ဆန်းစစ်ပြီး ပြုပြင်နေထိုင်သွားဖို့လိုတယ်မ**ဟုတ်လား။** လူသားတိုင်း ကျန်းမာဖို့ ဓာတ်ကြီးငါးပါးညီညွတ်မျှတပြီး မဖောက်ပြန်ဘဲ ဝင်လမ်း၊ ထွက်လမ်း မှန်ကန်ခြင်းရှိဖို့ လိုအပ်ပါတယ်။ ဗိတနယ်မှာ စည်းနဲ့ဝါးဟာ အဓိကကျသလို လူသားတိုင်း ကျန်းမာဖို့ဆိုရင် ဆီးနဲ့ဝမ်းဟာ အဓိကကျပါတယ်။ ဝမ်းတစ်လုံး**ကောင်း ခေါင်းမခဲဆိုတဲ့** စကားရပ်လည်းရှိတယ်မဟုတ်လား'

"ဟုတ်ပါ့ဗျာ. . . ဒါထက် ကိုဇော်ရဲနိုင် အမြဲသုံးစွဲနေတဲ့ မုံရွာဆရာမိုးရဲ့ ဝမ်းမှန်ဆေးဟာ ဝမ်းမှန်ရုံသက်သက် စားတာလား၊ ဘယ်လိုရောဂါတွေအတွက် သုံးစွဲနိုင်တယ်ဆိုတာ ပြောပြဦးမှပေါ့"

"ကျွန်တော်တို့မိသားစု အမြဲသုံးစွဲနေတဲ့ မုံရွာဆရာမိုးရဲ့ ရောက်တစ်လုံးဝမ်းမှန်ဆေးဟာ ဝမ်းနုတ်ဆေးမဟုတ်သလို ဝမ်းမှန်ရုံသက်သက်မဟုတ်ဘဲ ဘယ်လိုရောဂါတွေအတွက် သုံးစွဲနိုင်သလဲဆိုရင် အဲဒီဆေးကို နေ့စဉ်မှန်မှန် သုံးစွဲခြင်းဖြင့် လေငန်း လေဖြတ်ရောဂါဖြစ်ခြင်း၊ သွေးတိုးသွေးတက်ခြင်း၊ နှလုံးအဆီဖုံး, အသည်းအဆီဖုံးခြင်းတို့ကို ကာကွယ်ပြီး ဇက်ကြောထိုးခြင်း၊ ခြေ၊ လက်များ ထုံကျဉ် ကိုက်ခဲလေးလံခြင်း၊ အစာအိမ်ရောဂါဖြစ်ခြင်း၊ လေကြောင့်ဖြစ်သော ဗိုက်နာ, ဗိုက်အောင့်ဖြစ်ခြင်း၊ **အတွင်းလိပ်**, အပြင်လိပ်ဖြစ်ခြင်း၊ သွေးကျခြင်း၊ ဆီး,ဝမ်း,လေ ချုပ်ခြင်း၊ ဆံပင်ဖြူခြင်း၊ မျက်စိမှုန်ခြင်း၊ ကိုယ်လက်လေးလံထိုင်း**မှိုင်း**ပြီး ညောင်းညာကိုက်ခဲခြင်း၊ ခံတွင်းနံ့ဆိုးခြင်း၊ ချွေးနံ့မကောင်းခြင်း၊ မျက်နှာပေါ်တွင် ဝက်ခြံ, တင်းတိပ်များထွက်ခြင်း၊ **အသားအရေ** အက်ကွဲခန်းခြောက်ခြင်း၊ စိတ်ဖိစီးမှုများ၍ ကိုယ်လက်မအီမသာဖြစ်ခြင်း စတဲ့ ရောဂါများကို သက်သာ**ပျောက် ကင်းစေပါတယ်။**

**ခန္ဓာကိုယ်တွင်းရှိ** ပိုလျှံနေသောအဆီများကို လျော့ကျစေပြီး အပူ၊ အပုပ်၊ အညစ်ကို ယူထုတ်ပစ်သလို **ကင်းစင်စေရုံ မက** ကိုယ်ဝန်ဆောင်မိခင်များ နေ့စဉ်သုံးစွဲခြင်းဖြင့် ဆီး၊ ဝမ်း၊ လေ မှန်ကန်၍ မွေးဖွားရလွယ်ကူပြီး ကလေးတွင် **လေနာကင်း ကာ** ကျန်းမာစေခြင်း စတဲ့ အကျိုးကျေးဇူးတွေ ခံစားစေနိုင်ပါတယ်"

"ကိုဇော်ရဲနိုင်တို့မိသားစု သုံးစွဲနေတဲ့ မုံရွာဆရာမိုးရဲ့ ရောက်တစ်လုံးဝမ်းမှန်ဆေးဟာ ကျား/မ စွယ်စုံရတဲ့ ဆေးကောင်း တစ်လက်ပဲဗျို့။ ကျွန်တော်လည်း သုံးမယ်ဗျာ။ ကျွန်တော်တို့ ခင်ဗျားတို့လို စာရေးဆရာ၊ ပန်းချီဆရာ၊ ကွန်ပျူတာသမားတွေ၊ အပြောင်းထိုင်သူတွေ၊ အဆီများ အဝလွန်သူတွေ၊ တစ်ကိုယ်လုံးလေးလံထိုင်းမှိုင်း ညောင်းညာကိုက်ခဲနေသူများအတွက် ဒီဆေးက ဝမ်းနုတ်ဆေးမဟုတ်လို့ နေ့စဉ်မှန်မှန်သုံးစွဲဖို့ လက်ကိုင်ထားရမယ့် ဆေးကောင်းတစ်လက်မို့ ဆေးရဲ့ကောင်းခြင်းဂုဏ်သတင်းကို အပေါင်းအသင်းတွေသိအောင် ရေးသွင်းကြေညာလိုက်ချင်ပါရဲ့ဗျာ"

**ရန်ကုန်မြို့ မန္တလေးမြို့နှင့် မုံရွာမြို့ မော်လမြိုင်မြို့ရှိ မြန်မာ့ဆေးမျိုးစုံဖြန့်ချိရေးဆိုင်ကြီးများမှတစ်ဆင့် တစ်ပြည်လုံးသို့ဖြန့်ချိပေးနေပါပြီ။**

**ပင်ရင်း - မုံရွာ-ဆရာမိုး တိုင်းရင်းဆေးဝါးထုတ်လုပ်ရေးနှင့်ဆေးကုခန်း**

အမှတ်-၅၂/၁၅၆၊ မေဓာဝီလမ်းမကြီး၊ မြောက်ဥက္ကလာပမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း-၀၁-၆၉၀၅၈၇၊ ၀၉-၅၁-၈၈၆၁၂

မုံရွာဆရာမိုး - ဖုန်း-၆၉၉၆၁၀ လိုင်း ... ၆၉၀၄၅၆ လိုင်းခွဲ (၁၄၇)

www.burmeseclassic.com




www.burmeseclassic.com

www.burmeseclassic.com



# နှေသူမဟာ။

ဘကြီးဇော်

**(ဤစာမှာ ၂၀၀၅ ခုနှစ်၊ အောက်တိုဘာလထုတ် မနုစာရိမဂ္ဂဇင်း၌ ပါခဲ့သော 'ညနက်တွင် တွေ့တတ်သူများ' ၏ အဆက်ဖြစ်ပါသည်။)**

ရွှေတောင်ကြားလမ်းရှိ ကိုအုံးသန်း၏အိမ်ကို ကျွန်တော်ဖုန်းဆက်လိုက်ရာ ကိုအုံးသန်း၏ဖုန်း မြည်သွားပြီး "ဟဲလို၊ ပြောပါ"ဟူသော မိန်းမတစ်ဦး၏အသံကို ကြားရလေ၏။ ထိုအသံနှင့်အတူ ဆရာတော်ကြီးများ၏ ပရိတ်ရွတ်ဖတ်သံများကိုလည်း ကြားနေရလေရာ ကျွန်တော် ဘာဆက်ပြောရမည်မသိဘဲ ဖုန်းကိုအသာကလေး ပြန်ချထားလိုက်ရလေသည်။

မနေ့ည ၁၁ နာရီကျော် ကိုဘလှစိုး အိမ် ဧည့်ခံပွဲကအပြန် ကိုအုံးသန်းနှင့် ကိုဟန်ဝင်းတို့ ပြန်လာကြရာ အင်းယားလမ်း၊ အင်းယားဆောင်အလွန် လက်ပံပင်ကြီးနား၌ မိန်းကလေးနှစ်ယောက်က သူတို့ကားကိုတားပြီး ရွှေတိဂုံဘုရားတောင်ဘက်မုခ်ကို အပို့ခိုင်းသည်ဆို၏။ မိန်းကလေးတို့က လိုက်ပို့ပေးပါရန်၊ ကားခကိုလည်း ပါလာသည့် ပိုက်ဆံ ၅၀၀ ပေးပါမည်ပြောသည်ကို ကိုအုံးသန်းက လိုက်ပို့မှာလည်း မဟုတ်ဘဲနှင့် ကားခ ၁၅၀၀ ရမှ ပို့ပေးမည်ဆိုပြီး ကားမောင်းအထွက် ပလက်ဖောင်းပေါ်ရပ်နေသည့် အစိမ်းရောင်ဝမ်းဆက်နှင့် မိန်းကလေးက ကိုအုံးသန်း၏ ပါးပြင်ကို လျှာနှင့်လှမ်းလျက်လိုက်သည်ဆို၏။ လှမ်းလျက်လိုက်သော မိန်းကလေး၏ လျှာမှာ ရေခဲတုံးကဲ့သို့ အေးစက်နေသဖြင့် ကိုအုံးသန်းတို့မှာ ကြောက်လန့်ပြီး ယနေ့နံနက် ဆရာတော်ကြီးများကို ပင့်၍ အန္တရာယ်ကင်း ပရိတ်ရွတ်၊ ဆွမ်းကပ်လုပ်နေကြခြင်း ဖြစ်လေသည်။

ကျွန်တော်လည်း ဖုန်းကိုအသာပြန်ချထားပြီး မဖြစ်သေးပါဘူး၊ လိုက်သွားကြည့်ဦးမှပါဟု စိတ်ကူးကာ ရွှေတောင်ကြားလမ်း ကိုအုံးသန်းအိမ်သို့ ကားမောင်းပြီး ထွက်ခဲ့လေသည်။ ကိုအုံးသန်း

www.burmeseclassic.com

www.burmeseclassic.com

အိမ်ရောက်သွားတော့ ဆရာတော်ကြီးများမှာ အရပ်ဆယ်မျက်နှာနှင့်တကွ ၃၁ ဘုံရှိ သတ္တဝါအပေါင်းတို့ကို အမျှပေးဝေနေကြပြီဖြစ်လေသည်။ ကိုအုံးသန်းကိုယ်တိုင်လည်း ပါးစပ်က တတွတ်တွတ် ရွတ်၍ ကြေးစည်ကို ကိုယ်တိုင်ထုနေလေ၏။ ကိုအုံးသန်းနောက်တွင် ကိုဟန်ဝင်းထိုင်နေသည်ကိုလည်း တွေ့ရ၏။ ၎င်းနောက် ဆရာတော်ကြီးများအား ဆွမ်းကပ်ကြလေသည်။ နောက်နားမှာ ကျွန်တော်ထိုင်နေသည်ကို ကိုအုံးသန်းမြင်သွားရာ ပြုံးပြီး ကျွန်တော့်နား ရောက်လာ၏။ ကိုဟန်ဝင်းလည်း ပါလာလေသည်။

"ကိုယ့်လူတွေ ဘယ်လိုဖြစ်ကြတာလဲ"

"မပြောချင်တော့ပါဘူးဗျာ။ တကယ်ပဲ လူဆိုတာ ကိုယ်တွေ့၊ နဖူးတွေ့၊ ဒူးတွေ့ ကြုံမှပဲ ယုံတော့တာပဲ။ ကိုဟန်ဝင်းသာ မေးကြည့်တော့"

"နေပါဦး။ ကျုပ်က ကိုဘလှစိုး ဖုန်းဆက်လာမှ သိလို့ ဖုန်းချပြီး လိုက်လာတာ။ အစက နောက်နေတာထင်နေလို့ ဘယ်လိုဖြစ်ကြတာလဲ"

"မကောင်းဆိုးဝါး ကောင်မလေးတွေပေါ့ဗျာ။ သူတို့နှစ်ယောက်ကို တောင်ဘက်မှန် ပို့ပေးဖို့ပြောတယ်။ သူတို့က ငါးရာပေးတယ်၊ ကျွန်တော်က နောက်ပြီး ထောင့်ငါးရာ လိုချင်တာလို့ ပြောလိုက်တာ၊ တကတဲဗျာ။ ပလက်ဖောင်းပေါ်က အစိမ်းရောင်ကောင်မလေးက ကျွန်တော့်ကို စိုက်ကြည့်နေပြီး သူ့ပါးစပ်ဟလိုက်တယ်။ ပါးစပ်ထဲက သူ့လျှာကြီး ရှောခနဲ ထွက်လာတာ ကျွန်တော်မီးရောင်မှာ အတိုင်းသားမြင်နေရတယ်။ နှစ်ပေခွဲ သုံးပေလောက် ရှိမယ်ဗျာ။ ဟောဒီ ကျွန်တော့်ညာဘက်ပါးကို လှမ်းလျက်လိုက်တာ ပါးလာထိတော့ အေးစက်နေတာပဲ။ ကျွန်တော် တုန်သွားတယ်။ ဒီဟာမလေးတွေ လူမဟုတ်ဘူး။ မကောင်းဆိုးဝါးလေးတွေပါလားဆိုတဲ့ အသိက ခေါင်းထဲဝင်လာတယ်။ ကျွန်တော်ကားမောင်းပြေးတော့ ကျွန်တော့်ခန္ဓာကိုယ်က ကြောက်ပြီး ကဆတ်ဆတ်တုန်နေတာ သတိထားမိတယ်၊ ကိုဟန်ဝင်းလည်း မြင်တယ်လေ၊ မေးကြည့် ..."

ကိုဟန်ဝင်းက –

"ကျွန်တော်ကလည်း ညအချိန်မတော် အရွယ်ကောင်းမိန်းကလေးနှစ်ယောက် အခက်အခဲဖြစ်နေတာကို လိုက်ပို့သင့်ရင်လည်း လိုက်ပို့ရအောင် ပြောမလို့ပါ။ မထင်ရဘူးဗျာ။ လူအတိုင်းပဲ။ သူ့မျက်နှာ၊ ကိုယ့်မျက်နှာကြည့်ပြီး အပြန်အလှန် ပြောနေကြတာ နောက်မှ အစိမ်းရောင်ကောင်မလေး ပါးစပ်ထဲက လျှာကြီး ရှောခနဲထွက်လာတာ မြင်လိုက်ရတော့မှ ဟိုက် ... သွားပဟလို့ ဒိတ်ခနဲဖြစ်သွားတယ်၊ မကောင်းဆိုးဝါးလေးတွေဗျာ ..."

ဆရာတော်ကြီးများ ဆွမ်းစားပြီးပြီဖြစ်၍ –

"သွား ... သွား ... ဟိုမှာ အချိုပွဲကပ်လိုက်ဦး"ဟု သူတို့ကို ပြောလိုက်ရလေ၏။

ဆရာတော်ကြီးများ အချိုပွဲဘုဉ်းပေးပြီး ဟိုဒီအကြောင်းများပြော၍ ပြန်သွားကြသောအခါ ကျွန်တော်တို့ချည်းကျန်ရစ်လေသည်။ စားပွဲဝိုင်းအနိမ့်တွင် ဝိုင်းဖွဲ့၍ ကျွန်တော်တို့ ထမင်းဆက်ပြီး စားကြသည်။

ကိုအုံးသန်းတို့နှင့် ခြံနီးချင်း အငြိမ်းစားအရာရှိကြီး ဦးစိုးဝင်းလည်း ထမင်းစားစားပွဲ၌ ဝိုင်းဖွဲ့ထိုင်စားကြရင်း ၎င်းက –

"ဒီလိုရှိတယ်ကွဲ့ မောင်အုံးသန်း၊ နာနာဘာဝ၊ ဝိနာဘာဝဆိုတာတွေကို ကံနိမ့်တဲ့အခါတွေမှာ တွေ့ရတတ်တယ်လို့ ဦးလေးတို့ အကြမ်းဖျင်း မှတ်သားထားကြတယ်။ ဒါ ဟုတ်လောက်မယ် မထင်ဘူး။ည လိုအပ်တဲ့အချိန်တွေမှာလည်း မလွဲမရှောင်သာ တွေ့တတ်တာမျိုးတွေ ရှိတယ်။ နေ့မှ ညမှလို့လည်း မဟုတ်ဘူး"

"ဟုတ်ကဲ့၊ ဦးလေးတွေ့ဖူးကြုံဖူးတာရှိရင် ကျွန်တော်တို့ကို ပြောပြပါဦး။ ဗဟုသုတရအောင်လို့ပါ"

"အေး ... ဦးလေးတို့အမျိုးထဲက တက္ကစီကားမောင်းနေတဲ့ မောင်သိန်းငွေး ကိုယ်တွေ့ကို ပြောပြမယ်။ လွန်ခဲ့တဲ့ တစ်နှစ်ကပေါ့။ ညနေပိုင်းလောက်မှာ လူနှစ်ယောက်က မောင်သိန်းငွေးရဲ့ အငှားကားကို တားပြီး ကားငှားတယ်။ ဘယ်ပို့ရမလဲ ဆိုတော့ မြို့ပြင် ထောက်ကြန့်ဘက်။ ဈေးဘာညာပြောပြီး တည့်သွားတော့ အဲဒီလူ

သူတို့ဆွဲလာတဲ့ ကြွပ်ကြွပ်အိတ်ကို ဖွင့်ကြည့်လိုက်တော့ အထဲမှာ မိန်းမတစ်ယောက်ရဲ့ လက်ပြတ်ကြီး ရွှေလက်ကောက်တွေနဲ့ သွေးတွေပေကျံလို့။ ခရီးသည်နှစ်ယောက်က ဘာမှရေရေရာရာ မပြောနိုင်ဘူး။



www.burmeseclassic.com

www.burmeseclassic.com

နှစ်ယောက်က နောက်ခန်းကားတံခါးဖွင့်ပြီး တက်ထိုင်ကြတယ်။ သူ့ လက်ထဲမှာ ကြွပ်ကြွပ်အိတ်တစ်လုံး ဆွဲလို့ ပါလာတယ်။ ပြည်လမ်းအတိုင်း မြို့ပြင်ဘက်မောင်းလာတာ ဝါယာလက်ကျော်တော့ မောင်သိန်းဌေးရဲ့စိတ်ထဲ ဘာလိုလို တစ်မျိုးကြီး ဖြစ်လာတယ်။ ဒါနဲ့ ကားမျက်နှာကြက်မှာ တပ်ထားတဲ့ နောက်ကြည့်မှန်ထဲ ကြည့်လိုက်တော့ အဲဒီလူနှစ်ယောက်ကြားမှာ မိန်းမတစ်ယောက်က ထိုင်နေပြီး မောင်သိန်းဌေးကို ကြည့်နေသတဲ့ ...။ မောင်သိန်းဌေးလည်း လန့်ပြီး နောက်ပြန်လှည့်ကြည့်လိုက်တော့ ကားငှားစီးတဲ့ လူနှစ်ယောက်ပဲ ထိုင်နေတာတွေ့သတဲ့။ တစ်ခါ နောက်ကြည့်မှန်ထဲ ကြည့်လိုက်ပြန်တော့ နုနုက မြင်တဲ့မိန်းမ ထိုင်လိုက်လာတာ တွေ့ရပြန်တယ်။ နောက်လှည့်ကြည့်တော့ မရှိ။ နောက်ကြည့်မှန်ထဲမှာတော့ ငုတ်တုတ်ထိုင်လို့။ ဒါနဲ့ ကောင်လေးလည်း ဘယ့်နှယ်ဖြစ်ပါလိမ့်။ ထူးဆန်းလှတယ်၊ နောက်ကလူတစ်ယောက်ကလည်း ဘာလို့ လှည့်လှည့်ကြည့်နေတာလဲလို့ မေးနေပြီ။ ဒီတော့ မောင်သိန်းဌေးက အကြံရပြီး ဒီလိုပါ၊ အုံနာရဲ့ကလေးတစ်ယောက်ကို ကျူရှင်ကြိုရမှာမေ့ပြီး မြို့ပြင်လိုက်လာမိလို့ပါ။ အဲဒါ အိမ်ကို ကျွန်တော် ကျူရှင်မကြိုနိုင်တဲ့အကြောင်း ဖုန်းဆက်ပြောချင်လို့ နောင်ကြီးတို့ကို တောင်းပန်ချင်လို့ပါ။ လမ်းဘေး ဖုန်းတစ်ခုခုကနေ ခဏဆင်းပြီး ဆက်ချင်လို့ပါလို့ ပြောတော့ နောက်ကလူက ဆက်,ဆက်လို့ ခွင့်ပေးသတဲ့။

မောင်သိန်းဌေးလည်း လမ်းဘေးဖုန်းတစ်ခုတွေ့တော့ ကားကို ခပ်လှမ်းလှမ်းမှာ ရပ်ထားပြီး ဖုန်းဆင်းဆက်တယ်။ ဘယ်လိုဆက်တာလဲဆိုတော့ အရေးပေါ်ဌာနကို သူ့ကားနံပါတ်နဲ့ သူ့ကား ဘယ်နေရာရောက်နေတယ်၊ ဘယ်ကိုဦးတည်ပြီး ဆက်သွားမယ်။ သူ့ကားကို အရေးပေါ် စစ်ဆေးပေးပါလို့ သတင်းပို့တယ်။ ဖုန်းဆက်ပြီး သူ့ကားပေါ် ဟန်မပျက်တက်ထိုင်ပြီး မောင်းရင်း နောက်ကြည့်မှန်ကြည့်ပြန်တော့ ခုနက မိန်းမက ငုတ်တုတ်ကြီးထိုင်လို့ နောက်ကြည့်မှန်ထဲမှာ ပေါ်နေတဲ့ မောင်သိန်းဌေးရဲ့ မျက်လုံးတွေကို စိုက်ကြည့်နေတုန်းပဲတဲ့။

လမ်းကွေ့တစ်ကွေ့ ရောက်တော့ ရဲအရာရှိတစ်ဦးနဲ့ ရဲသားတွေက မောင်သိန်းဌေးရဲ့ အငှားကားကို တားတယ်။ ရဲကားက လမ်းဘေးမှာ ရပ်လို့။ ယာဉ်မောင်းလိုင်စင်တွေ ဘာတွေ စစ်ဆေးအပြနိုင်းပြီးမှ နောက်ခန်းက ခရီးသည်နှစ်ယောက်ကို ဘယ်သွားမှာလဲ ဘာညာမေး၊ သူတို့ဆွဲလာတဲ့ ကြွပ်ကြွပ်အိတ်ကို ဖွင့်ကြည့်လိုက်တော့ အထဲမှာ မိန်းမတစ်ယောက်ရဲ့ လက်ပြတ်ကြီး ရွှေလက်ကောက်တွေနဲ့ သွေးတွေပေကျံလို့၊ ခရီးသည်နှစ်ယောက်က ဘာမှရေရေရာရာ မပြောနိုင်ဘူး။ သူတို့နှစ်ယောက်ကို ရဲကားပေါ် ခေါ်တင်၊ မောင်သိန်းဌေးကားပေါ် ရဲသားနှစ်ယောက်တက်၊ ရန်ကုန်ဘက် ပြန်မောင်းလာကြတယ်။ မောင်သိန်းဌေးက နောက်ကြည့်မှန်ထဲ ကြည့်လိုက်တော့ စောစောပိုင်းက ကားနောက်ခုံပေါ် ငုတ်တုတ်ထိုင်လိုက်လာတဲ့ မိန်းမကို မတွေ့ရတော့ဘူး။ မောင်သိန်းဌေးကိုစစ်ဆေးပြီး အာမခံနဲ့ လွှတ်ပေးလိုက်တယ်။ ဟိုလူနှစ်ယောက်ကိုတော့ ရဲစခန်းက ခေါ်ထားလိုက်တယ် ပြောတယ်''

အငြိမ်းစားအရာရှိကြီး ဦးစိုးဝင်းမှာ ထမင်းစားလိုက်၊ အဖြစ်အပျက်ကို ပြောလိုက်နှင့် ...

''ကဲ ... မောင်အုံးသန်း။ ဒီအဖြစ်အပျက်ကိုကြည့်။ နေ့ခင်းကြီး နေမဝင်သေးဘူး။ လက်ပြတ်ပိုင်ရှင် အမျိုးသမီးဟာ ဘောလောပတ်လတ် သေဆုံးသွားရှာပြီဖြစ်လို့သာ သူ့ရဲ့ လက်ပြတ်တစ်ဖက်နဲ့ လက်ဝတ်လက်စားတွေနောက်ကို ဝိညာဉ်အနေနဲ့ ကားပေါ်တက်လိုက်လာပြီး မောင်သိန်းဌေးကို ကိုယ်ရောင်ပြတာဖြစ်မှာပေါ့။ လှည့်ကြည့်တော့မရှိဘူး။ မှန်ထဲမှာသာ ငုတ်တုတ်ကြီးထိုင်ပြတယ်။ မောင်သိန်းဌေးကလည်း ပါးနပ်တော့ တကယ့်အမှုကြီး ပေါ်တော့တာပဲ။ ဒါကြောင့် ဦးလေးပြောချင်တာက ပရလောကသားတွေဟာ နေ့ရယ်၊ ညရယ်မဟုတ်ဘူး။ လိုအပ်ရင် လိုအပ်သလို လူတွေကို ပြနိုင်ကြတယ်ဆိုတာ လက်တွေ့သိကြရတာပဲ''

ဦးလေးကြီးဦးစိုးဝင်း ပြောပြသည်ကို ကျွန်တော်အံ့သြစွာဖြင့် နားထောင်ခဲ့ရလေသည်။

မည်သို့ပင်ဖြစ်စေ ပရလောကသားတွေ တကယ်ရှိကြပြီး လူတွေနှင့်အတူယှဉ်တွဲနေထိုင်ကြသည်ကိုတော့ ဤအဖြစ်အပျက်များအရ ကျွန်တော်တို့ လက်ခံကြရပေမည်။ မြတ်စွာဘုရားကိုယ်တော်တိုင် ၃၁ ဘုံအကြောင်း ဟောကြားထားသည် မဟုတ်လား။

ကျွန်တော်တို့သည် သူတို့တစ်တွေအား စာနာစိတ်၊ မေတ္တာစိတ်တို့ဖြ . ကျွန်တော်တို့[illegible]ကြသမျှသော ကုသိုလ်အပေါင်းကို အမျှ[illegible]းဝေနေကြရမည် ဖြစ်ပေသည်။ ဒါမှ သူတို့တစ်တွေ 'သာဓု' ခေါ်ဆိုနိုင်ကြပြီး ဘုံစဉ်အဆင့်ဆင့် တိုးတက်ရရှိ၍သော်လည်းကောင်း၊ ထိုဘဝများက ကျွတ်လွတ်၍သော်လည်းကောင်း အခွင့်အရေးများ ရရှိနိုင်ကြရှာမည် ဖြစ်ပေသတည်း။

(တကယ့်အဖြစ်အပျက်အား အနည်းငယ် လွှဲ၍ တင်ပြပါသည်။)

ဘကြီးဇင်



www.burmeseclassic.com

www.burmeseclassic.com



# အစိမ်းမတောင်

## မကြောက်ဘူးကွယ်

မာလာရုံ

ကျွန်မ ဘိုးဘွားများ ပြောခဲ့သည့် ပရလောကသား၊ နာနာဘာဝ၊ ဝိနာဘာဝ များထဲတွင် ရုတ်တရက်သေဆုံးသူများ၊ ကလေးမီးမဖွားနိုင်ဘဲ သေဆုံးသူများကို အစိမ်းသရဲဟု ခေါ်သည်ဟု ကြားဖူးပါသည်။ ထိုအစိမ်းသရဲများထဲမှ လူရွတ်၊ လူပျော် ကျွန်မဖခင်နှင့် ကြုံဆုံခဲ့ရသော အစိမ်းမတို့၏ အကြောင်းမှာ စိတ်ဝင်စားဖွယ် ကောင်းလှပါသည်။

ကျွန်မဖခင်သည် တစ္ဆေသရဲ၊ နာနာဘာဝဆိုသည်များကို အယုံအကြည်လည်းမရှိ၊ ကြောက်လည်းမကြောက်တတ်ခဲ့ပါ။ ငယ်စဉ်လူပျိုပေါက်ဘဝကတည်းကပင် အိမ်မှလူကြီးများ ယုံကြည်စွာ ကိုးကွယ်ထားသည့် နတ်များကို ဆက်သထားသော ကြက်ကြော်များကို အောက်မှ လိုက်၍ နိုက်စားပြီး လူကြီးများမသိအောင် အကောင်မပျက် ပြန်ထားတတ်ပါသည်။ ဘဲဥထိပ်ကို သံသေးသေးလေးဖြင့် အရာမထင်အောင် ဖောက်ပြီး အထဲမှ အရည်အနှစ်များကို ကုန်စင်အောင် ထုတ်ယူပြီး နတ်ဆက်ထားသော ဘဲဥနှင့် အလုံးမပျက်လဲထားတတ်ပါသည်။ အရက်ပုလင်းထဲမှာ အရက်များကို ပုလင်းတစ်လုံးထဲသို့ လှယ်ထည့်ပြီး လက်ဖက်ခြောက်ဖတ်မပါအောင် စစ်ထည့်ထားသော ရေနွေးကြမ်းများ အစားဘိုးထည့်ထားပါသည်။ ထိုအရက်များနှင့် စားစရာများကို သူငယ်ချင်းများနှင့် ဟာ[illegible] နောက်ပြောင်ပြီး သောက်စား[illegible]ပါသည်။

ထိုသို့ရွတ်လွန်းသော ဖခင်ကြီးကို လူကြီးများက ဆံပင်လေးကွက်ကြားရိတ်၊ ခြင်းကျားကြီးဖြင့်အုပ်ကာ လမ်းဆုံလမ်းခွမှာ ချထားခြင်းဖြင့် နောက်မလုပ်အောင် ဆုံးမပါသော်လည်း ဖခင်ကြီးသည် အရာရှိဘဝရောက်သည်အထိ ထိုဝါသနာကို မစွန့်လွှတ်ပါ။ သစ်လွင်လစ်သလို နတ်နှင့်ပတ်သက်၍ အပျော်သဘောဖြင့် အမျိုးမျိုး အနောင့်အယှက်ပေးပါသည်။

တစ္ဆေ သရဲနှင့်ပတ်သက်၍လည်း သတ္တိကောင်းလှသော ဖခင်ကြီးသည်



www.burmeseclassic.com

www.burmeseclassic.com

အလွန်သရဲခြောက်ပါသည်ဆိုသော နေရာများ၊ တစ္ဆေသောင်းကျန်းလှပါသည်ဆိုသော လမ်းများကို တမင်ရွေး၍ သွားလာ ဘတ်ပါသည်။ ထူးဆန်းသည်မှာ လူ အကာ အခြောက်ခံရသော နေရာများ၊ ဒေသများကို အကြိမ်ကြိမ်သွားလာခဲ့ပါ သော်လည်း လုံးဝအခြောက်မခံခဲ့ရပါ။ လူကြမ်းတော့ နတ်ကြမ်းမခံနိုင်ဆိုသလို ဖခင်ကြီးကြမ်းတော့ သရဲမခြောက်နိုင်ပြီ လား မသိတော့ပါ။ ဖခင်ကြီးလက်ကိုင် ထားသော မူဝါဒမှာ "ဘုရားစကားနား ထောင်၊ တရားထိုင်၊ စိတ်ကောင်းထားပါ လျှင် မည်သည့်လောကသားမှ ကြောက် စရာမလိုပါ"တဲ့။

ထိုသို့ လူပျော်လူရွှတ်ပုံစံနှင့် အစိုးရ အရာထမ်းဘဝတွင် တနင်္သာရီတိုင်းဒေသ ကြီးမှ မြို့တစ်မြို့သို့ တာဝန်ဖြင့် မိသားစု လိုက် ပြောင်းရွှေ့ခဲ့ရပါသည်။ ထိုအချိန် က ကျွန်မသည် (၆)နှစ်သမီးအရွယ် တစ် တန်းကျောင်းသူဘဝဖြင့် ထိုမြို့တွင် စာ သင်ကြားနေဆဲ ဖြစ်ပါသည်။ ထိုမြို့သို့ ရောက်ပြီး ၄-၅ လလောက်တွင် ဖခင် ကြီး၏ တပည့်တစ်ယောက်က ပြောလာ ပါသည်။

"ဆရာ ‥ သရဲတစ္ဆေမယုံဘူးလို့ ပြောတယ်။ အဲဒါဟုတ်သလား"

ဟု မေးသောအခါ ဖခင်ကြီးက

"အေး …ဟုတ်တယ်ကွ၊ ဘာ ဖြစ်လို့လဲ"

ဟု ပြန်မေးပါသည်။ ထိုတပည့်က

"ဆရာ့ကို ဒီမြို့က အလွန်နာမည် ကြီးနေတဲ့ အစိမ်းသရဲမနဲ့ တွေ့ပေးမယ်။ ဆရာမေးချင်တာ မေးလို့ရတယ်၊ ခိုင်းချင် တာလည်း ခိုင်းလို့ရတယ်။ ဆရာအတွေ့ အကြုံရချင်တယ်ဆိုရင် ကျွန်တော်နဲ့ ဒီည သွားကြတာပေါ့"

ဟု ပြောပါသည်။ ဖခင်ကြီးက ဟားဟားနှင့်ရယ်ပြီး -

"အေး…

မင်းအစိမ်းမ

ကြောက်မှာပေါ့ကွ။

ငါ့အလှည့်ရောက်ရင်

အသံထွက်တဲ့နေရာကို

မှန်းပြီး အစိမ်းမ

လက်ကိုလှမ်းဆွဲ၊

မျက်နှာကို ဓာတ်မီးနဲ့

ထိုးကြည့်မလို့

ငါကြံစည်ထားတာကို

မင်းအစိမ်းမက

ဘယ်လိုသိသွားသလဲ

မသိပါဘူးကွာ…

ဟဲဟဲဟဲ"

"အေး …ကောင်းပါပြီကွာ။ အစိမ်းမကို ဘယ်သူ့အိမ်မှာ လာတွေ့ရ မှာလဲ။ အစိမ်းမ လာရင်ရော ဘယ်လိုပုံစံ နဲ့ လာမှာလဲ။ ဘာစည်းကမ်းချက်တွေ သတ်မှတ်ထားလဲ။ လုပ်ပါဦးကွ"

ဟု ခပ်ပြုံးပြုံးနှင့် မေးလိုက်သော် တပည့်လုပ်သူက -

"ဆရာတို့လမ်းထိပ်က ဦးကြင်အိမ် ကို ဒီည ၁၁ နာရီအရောက် လာခဲ့ပါ။ ဟိုရောက်ရင် ဆရာအကြောင်းစုံသိပါလိမ့် မယ်။ ဆရာ့အမျိုးသမီး မကြောက်တတ် ရင်လည်း ခေါ်လာခဲ့ပါ"

ဟု ပြောပါသည်။

ထိုနေ့ည ၁၁ နာရီမထိုးမီ ဖခင်နှင့် မိခင်တို့သည် ချိန်းထားသည့်အိမ်သို့ ရောက်သွားပါသည်။ ဖခင်ကြီးတို့ရောက် ပြီး နာရီဝက်ခန့်အကြာတွင် မိမိတို့ အကြောင်းကိစ္စကြီးငယ်များကို အစိမ်းမ နှင့် မေးလို၊ ပြောလို၊ အကူအညီတောင်း လိုသည့် လူ(၁၀)ယောက်ခန့်တို့သည် အိမ်အလယ်ကောင်တွင် ဝိုင်းထိုင်လိုက် ကြပါသည်။ အိမ်ရှင်ဦးကြင်က -

"ကဲ …အားလုံးကိုပြောပြမယ်။ နားထောင်ကြပါ။ အစိမ်းမ ရောက်မလာ ခင် အားလုံး စက်ဝိုင်းလိုဝိုင်းထိုင်ပြီး တစ် ယောက်လက်နဲ့တစ်ယောက် ထိထားကြ မယ်။ အစိမ်းမနဲ့အတူ သူ့ကိုထိန်းတဲ့ အဘွားကြီးတစ်ယောက် ပါလာမယ်။ သူတို့ရောက်လာပြီဆို အသံပေးလိမ့်မယ်၊ ဝိုင်းအလယ်ကောင်မှာ ဝင်ထိုင်လိမ့်မယ်။ အဲဒီအချိန်မှာ မေးချင်တဲ့မေးခွန်းကို တစ် လှည့်စီ မေးလို့ရပါပြီ"

ဟု ပြောပါသည်။ အားလုံး ဝိုင်း ထိုင်လိုက်ကြပြီး ၁၁ နာရီထိုးရန် ၅ မိနစ် ခန့်အလိုတွင် တစ်အိမ်လုံး မီးမှောင်ချ ထားပြီး ဝင်ပေါက်တစ်ခုသာ ဖွင့်ထားပေး ပါသည်။ ခဏအကြာတွင် စူးရှသော အသံသေးသေးလေးတစ်ခု ကြားရပြီး



www.burmeseclassic.com

www.burmeseclassic.com

လေတစ်ချက်တိုက်လိုက်သလို အေးခနဲ ဖြစ်သွားပါသည်။

"အစိမ်းမ ရောက်ပြီလား"

ဟု ဦးကြင်က မေးလိုက်သောအခါ

"ရောက်ပါပြီ"

ဟု စူးစူးရှရှ မပီမသအသံဖြင့် ဖြေပါသည်။

"ကဲ ... မေးချင်သူတွေ မေးကြပါ"

ဟု ဦးကြင်ပြောအပြီး မေးမည့်သူများ တစ်လှည့်စီ မေးကြပါသည်။ မေးသူများ ကျေနပ်သည်အထိ ထိုအစိမ်းမက ပြောပေးပါသည်။ ကျွန်တော်လည်း မှန်ကန်သည်ကို တွေ့ရပါသည်။ အဓိကမှာ သေဆုံးသွားသော မိမိဆွေမျိုးသားချင်း မိဘ၊ မောင်နှမ၊ သားသမီးများ အသက်ရှင်စဉ်က ခေါ်သည့်အတိုင်း လာမေးသူများ၏နာမည်ကို မှန်ကန်စွာခေါ်ဆိုပြီး မှာစရာရှိသည်များကို မှာပါသည်။ မေးသူနှင့် နှစ်ယောက်ချင်းသာသိသည့် ကိစ္စများကိုလည်း တိကျစွာ ပြန်ပြောပါသည်။ မိမိဘာရောဂါဖြင့် သေဆုံးကြောင်း၊ ဘယ်ဘဝရောက်နေကြောင်းကို ပြောနိုင်ပါသည်။ အခြား စီးပွားရေး၊ လူမှုရေး ကိစ္စအတော်များများကိုလည်း စူးရှသော အသံလေးဖြင့် မှန်အောင် ဖြေနိုင် ပြောနိုင်ပါသည်။

ထို့နောက် ဖခင်ကြီးအလှည့်သို့ ရောက်ပါပြီ။ ထိုအခါ အစိမ်းမက သူ ခေတ္တနားဦးမည်ဟုပြောပြီး လေတစ်ချက် တိုက်သလို အေးခနဲဖြစ်ကာ တိတ်ဆိတ်သွားပါသည်။ မီးမှောင်ချထား၍ နာရီကို မမြင်ရသော်လည်း ခန့်မှန်းချိန် ည ၉ နာရီခန့် ရှိပါပြီ။ နောက်ထပ် တစ်နာရီခန့် ထပ်စောင့်သော်လည်း ထိုအစိမ်းမ ပြန်ရောက်မလာတော့ပါ။ ထိုအခါ အစိမ်းမက –

"ကဲ ... မင်းတို့ အစိမ်းမ ငါ့ကို ကြောက်ပြီး မလာတော့ဘူးထင်ပါကယ်။ ငါပြန်တော့မယ်"

ဟု ပြောပြီး ပြန်လာခဲ့ပါသည်။

နောက်တစ်နေ့မနက် ရုံးသို့ရောက်သော် တပည့်လုပ်သူကို ဖခင်ကြီးက –

"မင်းတို့အစိမ်းမ ညက ပြန်လာရဲ့လား"

ဟု မေးသောအခါ –

"ပြန်လာတာပေါ့ ဆရာရယ်။ သူက ပြောသေးတယ်၊ မင်းဆရာက ငါ့ကို မယုံဘူးမဟုတ်လား။ စိန်ခေါ်ချင်လို့ ပညာလာစမ်းတာ သိသားပဲ။ ကံမြင့်နေတဲ့အချိန်မှာ မင်းဆရာဘာမှမဖြစ်ဘူး။ အေး ... ကံနိမ့်တဲ့အချိန်မှာ ငါနဲ့ ထပ်မတွေ့မိပါစေနဲ့လို့ ပြောတယ်ဆရာရေ။ နို့ ... နေပါဦး။ ဆရာက ဘယ်လိုပညာစမ်းမလို့လဲ။ ကျွန်တော့်ကိုလည်း ပြောပါဦးဆရာ"

ဟု အံ့သြတကြီးမေးပါတော့သည်။

ထိုအခါကျမှပင် ကျွန်မဖခင်ကြီးက တဟားဟားနှင့် အော်ရယ်ပြီး –

"အေး ... မင်းအစိမ်းမ ကြောက်မှာပေါ့ကွ။ ငါ့အလှည့်ရောက်ရင် အသံထွက်တဲ့နေရာကိုမှန်းပြီး အစိမ်းမလက်ကိုလှမ်းဆွဲ၊ မျက်နှာကို ဓာတ်မီးနဲ့ထိုးကြည့်မလို့ ငါကြံစည်ထားတာကို မင်းအစိမ်းမက ဘယ်လိုသိသွားသလဲ မသိပါဘူးကွာ ... ဟဲဟဲဟဲ"

ဟု ရယ်မောနေပါတော့သည်။

"ဟာ ... ဆရာကလည်း အစိမ်းသရဲဆိုကတည်းက လူတိုင်းနီးပါး တုန်နေအောင်ကြောက်ရတာကို ... ဆရာမို့ မကြောက်မရွံ့ဗျာ။ ဒါပေမဲ့ အစိမ်းမကိုတောင် မကြောက်တဲ့ ဆရာ့ကို လေးစားသလို၊ ဆရာ့အကြံအစည်ကို သိနေတဲ့ အစိမ်းမကိုလည်း ကျွန်တော်တော့ ပိုယုံကြည်သွားပြီ ဆရာရေ"

ဟု ပြောဆိုပြီး တပည့်လုပ်သူ ထွက်သွားပါတော့သည်။

ကျွန်မဖခင်ကြီးသည် ထိုသို့သော လူစားမျိုးပါတည်း။ သို့သော် ခေတ်ပညာတတ်၊ လူရှုတ်လူပျော်၊ နတ်များ၊ နာနာဘာဝများကို အယုံအကြည်မရှိခဲ့သော ဖခင်ကြီးသည် အသက် ၅၀ ကျော် အရွယ်၌ ဗုဒ္ဓဘာသာကို တကယ်နက် နက်နဲနဲ လေ့လာလိုက်စားလာသောအခါ လောကကြီးမှာ မြင်အပ်၊ မမြင်အပ်အရာများရှိသည်ဆိုခြင်းကို ဘုရားဟော သုတ် ဒေသနာတော်တွေဖြစ်တဲ့ ငါးရာ့ငါးဆယ် ဇာတ်တော်ကြီးများ၊ နိကာယ်ငါးရပ်၊ အဝ ဒါန်၊ သီလက္ခန်၊ ဓမ္မပဒ၊ အင်္ဂုတ္တို၊ ပေတ ဝိမာန စသည့် ကျမ်းဂန်ဝတ္ထုများ၊ တဖ ဒီပနီ၊ ကဝေသာရ စသည့် လောကီကျမ် များကို ဖတ်ရှုလိုက်နာ ကျင့်ကြံခြင်းအ ဖြင့် လက်ခံလာသည်ကို တွေ့ရပါသည် ကျွန်မတို့ကိုလည်း အကြောင်းအရာတ ခု၏ ယုံသင့်၊ မယုံသင့် ကိစ္စရပ်များကို အကြောင်းအကျိုးဆက်စပ်ပြီး မိမိ နောက် ဆင်ခြင်တုံတရားဖြင့် ဆုံးဖြတ် ရမည်။ ဘယ်အရာမဆို တစ်ဖက်စွ တွေးခေါ်ပြီး မဆုံးဖြတ်ရဘူးဟု ကွယ်လွ သည်အထိ အမြဲဆုံးမသွားခဲ့ပါသည်။


ဤသည်မှာ ဖခင်ကြီးငယ်စဉ် ကြုံခဲ့ရသော အစိမ်းမအကြောင်းကို စိ ဝင်စားဖွယ်ရာ ဖြစ်ရပ်မှန်အဖြစ် ရေးသ ရင်း ဖခင်ကြီးကို ကန်တော့ပန်းဆင်အ ပါသည်။

မာလာရုံ



www.burmeseclassic.com

www.burmeseclassic.com



# ပင့်ကူ(Spider)အကြောင်း သိကောင်းဖွယ်ရာ

သဒ္ဓါကျောက်ဆရာတော်(သံတွဲမြို့)

၂၀၁၂ ခုနှစ်၊ ဇွန်လဆန်းပိုင်းတွင် ဖြစ်ပေါ်ခဲ့သည့် အခြေအနေအရပ်ရပ်ကြောင့် ကျိုးနိုပ်သည် လက်ရှိသီတင်းသုံးနေထိုင်ရာဖြစ်သော ရခိုင်ပြည်နယ်၊ သံတွဲမြို့၊ ကျောက်ကလပ်ကျေးရွာအုပ်စု၊ ဆုတောင်းပြည့်သဒ္ဓါကျောက်တောရ မဟာအောင်မြေ ပင်မသဲအင်းဂူ အဖွဲ့ချုပ်ဌာနခွဲ အမှတ် ၂၁ အရိယာဓမ္မာရုံတော်ကြီးမှ ၂၀၁၂ ခုနှစ်၊ ဇူလိုင်လ ၂၅ ရက်နေ့မှ စတင်၍ ရန်ကုန်တိုင်းဒေသကြီး၊ မင်္ဂလာဒုံမြို့နယ်၊ ထောက်ကြန့်မြို့၊ ပုလဲမြို့ သစ်အပိုင် ကုန်းတလဘောင် စံပြကျေးရွာမြောက်ပိုင်း အမှတ် ၅၈၀၊ ဘီ၊ ရွှေအင်ကြင်းလမ်းသွယ်၊ ခင်ပွန်းကြီးဆယ်ပါး ကမ္မဋ္ဌာန်းရိပ်သာသစ် တည်ထောင်၍ ပြောင်းရွှေ့သီတင်းသုံးခဲ့ရသည်။ အရေးပေါ်လတ်တလော ဆောက်လုပ်ခြင်းဖြစ်သောကြောင့် အနံ ၁၂ ပေ၊ အလျား ၂၅ ပေရှိ ကျောင်းဆောင် (သွပ်မိုး၊ ပျဉ်ကာ၊ ပျဉ်ခင်း၊ အုတ်ဖိနပ်)လေးပင် ကျပ်သိန်းပေါင်း ၄၀ ကျော် ကုန်ကျမှုရှိခဲ့သည်။ အဓိကပင်တိုင် မတည်အလှူဒါယကာမှာ ဦးကျော်သူထိုက်(ငြိမ်း-တပ်မတော်ရေ) + ဒေါ်အိအိခိုင်၊ သမီး ရွှေရည်လင်းလဲ့ ရန်ကုန်မြို့မှ ဖြစ်သည်။



www.burmeseclassic.com

www.burmeseclassic.com

ထိုသို့ ပြောင်းရွှေ့သီတင်းသုံး၍ မကြာမီအချိန်ကာလအတွင်းမှာပင် ပထမဆုံးတွေ့ကြုံရသည့် ဆင်းရဲခြင်းဒုက္ခအကြောင်းကား တစ်ဆောင်လုံး ပင့်ကူအိမ်များ လာဖွဲ့နေထိုင်ကြခြင်း ဖြစ်သည်။ ညဘက်ရောက်သည်နှင့် ပင့်ကူများ စတင်လှုပ်ရှားကြပါတော့သည်။ အုံကျင်းဖွဲ့၍ပင်မကဘဲ အညစ်အကြေးများကို နေရာအနှံ့ စွန့်ပစ်ကြသည်။ ထိုသောအခါ ခြင်ထောင်အမိုးများတွင် ပင့်ကူချေး အညစ်အကြေးများနှင့် မိုးလင်းလာလျှင် စက်ဆုပ်ရွံရှာဖွယ် တွေ့မြင်ရတတ်မြဲ ဖြစ်သည်။

ပင့်ကူဆို၍ လူတိုင်းနီးပါး တွေ့မြင်ဖူးကြသူချည်း ဖြစ်သည်။ အထူးသဖြင့် လူနေနည်းသော၊ လူဝင်ထွက်မရှိ လွန်စွာနည်းပါးနေသော အိမ်၊ တိုက်တာအဆောက်အအုံများ၊ စွတ်စိုထိုင်းမှိုင်းသော နေရာများ၊ ပစ္စည်းပစ္စယများဖြင့် ရှုပ်ပွနေသောနေရာများတွင် ၎င်းတို့ကိုယ်ပိုင်အစေးမှရရှိသော အမျှင်တို့ဖြင့် ရက်လုပ်ထားသော ပင့်ကူနေအိမ်များကို တွေ့မြင်ရကြစမြဲဖြစ်သည်။ ပင့်ကူမှာ အရွယ်အစားအမျိုးမျိုး ရှိကြပါသေးသည်။ ဆန်စေ့၊ စပါးလုံးအရွယ်မှစ၍ အဆိပ်ရှိသော မြွေသတ္တဝါဦးနှောက်များပင် ဖောက်စားနိုင်သော စွမ်းပကားရှိသည့် ပင့်ကူကြီးများထိ အရွယ်အစားအမျိုးမျိုး ရှိတတ်ကြပါသေးသည်။ ရာဇဝင်နိပါတ်တော်၌ ဂူထဲတွင်ရှိနေသော ဟသ်ာကိုးသောင်းအား အပြင်ပြန်ထွက်မရအောင် ပိတ်ထားသောပင့်ကူ၏သာဓကရှိခဲ့ဖူးသည်။

ပင့်ကူတွင် ကျားပင့်ကူ၊ ပင့်ကူနက်သည် ရှားပါးသောသတ္တဝါဖြစ်ရုံမက အဆိပ်ရှိသည့် အပြင်းပြဆုံးဖြစ်သည်။ ပင့်ကူအကိုက်ခံရပါက ချက်ချင်း အရေပြားများ တင်းရောင်သွားတတ်ပါသည်။ ပရုတ်ဆီ၊ တေဇောပန်းတို့ကို လက်လွတ်စပယ် မလိမ်းသင့်ပေ။ ပျောက်ကင်းလိုက မီးကင်ပေးခြင်းဖြင့် ပြုလုပ်နိုင်ပါသည်။ အနောက်တိုင်းနိုင်ငံတွင် မိမိနေအိမ်၊ တိုက်တာ၊ ခြံမြေဥယျာဉ်အတွင်း တွေ့ရမြင်ရမှု ပင့်ကူများအပေါ် အတိတ်နိမိတ်ကောက်ယူတတ်ကြသည်။ တိကျမှန်ကန်မှု ရာနှုန်းပြည့်မရှိသော်လည်း ဗဟုသုတအလို့ငှာ ရေးသားလိုက်ရပါသည်။

မိမိနေထိုင်ရာပတ်ဝန်းကျင်၌ တွေ့မြင်ရသော အမြင်အာရုံပေါ် –

၁။ နံရံကို ဖြတ်သန်းလျက်ရှိသော ပင့်ကူတွေ့မြင်ရက ကံကောင်းခြင်းလက်ဆောင် ရရှိတတ်သည်။

၂။ အင်္ကျီပေါ်၌ဖြစ်စေ၊ ခန္ဓာကိုယ်ပေါ်၌ဖြစ်စေ ပင့်ကူတွေ့မြင်ရက ငွေကြေးဥစ္စာဝင်လာတတ်သည်။

၃။ အနီရောင်တန်းသော ပင့်ကူတွေ့မြင်မိက ဆိုးနေသောကံများ ကောင်းလာပါတော့မည်။

၄။ ပင့်ကူကို သတ်ရန်မကြိုးစားပါနှင့်။ သတ်မိက ကံဆိုးမိုးမှောင်ကျတတ်သည်။

၅။ အိပ်ရာထ နံနက်စောစော ပင့်ကူတွေ့မြင်မိက ဆိုးရွားသောအခြေအနေ တစ်ခုခုနှင့် ရင်ဆိုင်ရတတ်သည်။

၆။ နေ့လယ်နေ့ခင်း ပင့်ကူတွေ့မြင်က စိုးရိမ်ကြောင့်ကြမှုဖြင့် တွေ့ကြုံရတတ်သည်။

၇။ ညအချိန် ပင့်ကူတွေ့မြင်ပါက ငွေကြေးကိစ္စ ဆုံးရှုံးရတတ်သည်။

၈။ အိမ်ဆောက်နေသော ပင့်ကူတွေ့မြင်ပါက လက်ဆောင်ပစ္စည်းရတတ်သည်။

၉။ နံနက်စောစော ပင့်ကူအိမ်ဆောက်သည်ကို တွေ့မြင်ပါက ကံကောင်းပါတော့မည်။

၁၀။ နေ့လယ်နေ့ခင်း ပင့်ကူအိမ်ဆောက်သည်ကို တွေ့မြင်ပါက ခရီးယာယီထွက်ရတတ်သည်။

၁၁။ တံခါးပေါက်အနီး ပင့်ကူတက်နေသည်ကို တွေ့မြင်ပါက အိမ်သို့ ဧည့်သည်များရောက်လာတတ်သည်။

၁၂။ ပင့်ကူအမျှင်အပေါ် ပင့်ကူတက်နေသည်ကို တွေ့မြင်ပါက သတင်းကောင်းတစ်ပုဒ် ကြားရတတ်သည်။

၁၃။ ပင့်ကူမျှင်အောက်သို့ ပင့်ကူကျုဆင်းသည်ကို တွေ့မြင်ပါက ကံကောင်းပါတော့မည်။

၁၄။ ပင့်ကူမျှင်အောက်ဘက်သို့ ပင့်ကူတစ်ဝက်တစ်ပျက် ကျဆင်းလာသည်ကို တွေ့ရပါက ကံဆိုးတတ်သည်။

နိမိတ်–အတိတ်–တဘောင် စနည်းနာ၍ ကြီးပွားနိုင်ကြပါစေ။

**သဒ္ဒါကျော်ဆရာတော်**
**(သံတွဲမြို့)**



www.burmeseclassic.com

# အောင်မြင်ချမ်းသာ
# အောင်ရှစ်ချက်သစ္စာပန္နက်ဂါထာ

■ နှင်းအာဥ္ဇလီ

လူတို့သည် အခက်အခဲကြုံတွေ့တိုင်း စိတ်ညစ်ပြီး ကြံရာမရ ဖြစ်ကြရပါသည်။ ထိုအချိန်တွင် အောင်မြင်ချမ်းသာ အောင်ရှစ်ချက်သစ္စာပန္နက်ဂါထာတော်ကို ရွတ်ဖတ်၍ စီးပွားရေး အခက်အခဲ၊ ပညာရေးအဆင်မချောမှုများ၊ လူမှုရေး အဓနှောင့်အယှက်များ ကင်းဝေးပြီး အောင်မြင်ချမ်းသာသောဘဝသို့ ရောက်ရှိပါမည်။ အင်္ဂါနေ့မနက် (၈)နာရီမှ (၉)နာရီအတွင်း ရွတ်ရပါမည်။

အိမ်ဘုရား၊ အလုပ်ဘုရား၊ ဆိုင်ဘုရားတွင် စာအိတ်ပေါ်တွင် ကျန်ဂါထာကိုရေးပြီး လှူဒါန်းပါ။ (၈)ခေါက်ကို ရွတ်ပါ။

"ဇယစက္ကော၊ ဇယဗ္ဗောယော၊
ဇယိတဗ္ဗော၊ ဇယာသနေ။
ဇယာပေသိ၊ ဇယေသိနံ၊
ဇယံဒေတု၊ ဇယုတ္တရော။"

နေ့သား/သမီးနာမည် စီးပွားရေးအခက်အခဲ၊ ပညာရေးအဆင်မချောမှု၊ လူမှုရေးအနှောင့်အယှက်များ ကင်းဝေးပြီး အောင်မြင်ချမ်းသာသော ဘဝကို ပိုင်ဆိုင်ရပါစေဟု ဆုတောင်းပါ။ နေ့သား/သမီးများအလိုက် ဖော်ပြထားသော နှစ်များတွင် ပြုလုပ်ပါ။

**တနင်္ဂနွေသားသမီး** – ၆ နှစ်၊ ၁၄ နှစ်၊ ၂၂ နှစ်၊ ၃၀ နှစ်၊ ၃၈ နှစ်၊ ၄၆ နှစ်၊ ၅၄ နှစ်၊ ၆၂ နှစ်၊ ၇၀ နှစ်၊ ၇၈ နှစ်၊ ၈၆ နှစ်။

**တနင်္လာသားသမီး** – ၅ နှစ်၊ ၁၃ နှစ်၊ ၂၁ နှစ်၊ ၂၉ နှစ်၊ ၃၇ နှစ်၊ ၄၅ နှစ်၊ ၅၃ နှစ်၊ ၆၁ နှစ်၊ ၆၉ နှစ်၊ ၇၇ နှစ်၊ ၈၅ နှစ်။

**အင်္ဂါသားသမီး** – ၄ နှစ်၊ ၁၂ နှစ်၊ ၂၀ နှစ်၊ ၂၈ နှစ်၊ ၃၆ နှစ်၊ ၄၄ နှစ်၊ ၅၂ နှစ်၊ ၆၀ နှစ်၊ ၆၈ နှစ်၊ ၇၆ နှစ်၊ ၈၄ နှစ်။

**ဗုဒ္ဓဟူးသားသမီး** – ၃ နှစ်၊ ၁၁ နှစ်၊ ၁၉ နှစ်၊ ၂၇ နှစ်၊ ၃၅ နှစ်၊ ၄၃ နှစ်၊ ၅၁ နှစ်၊ ၅၉ နှစ်၊ ၆၇ နှစ်၊ ၇၅ နှစ်၊ ၈၃ နှစ်။

**ကြာသပတေးသားသမီး** – ၉ နှစ်၊ ၁၇ နှစ်၊ ၂၅ နှစ်၊ ၃၃ နှစ်၊ ၄၁ နှစ်၊ ၄၉ နှစ်၊ ၅၇ နှစ်၊ ၆၅ နှစ်၊ ၇၃ နှစ်၊ ၈၁ နှစ်၊ ၈၉ နှစ်။

**သောကြာသားသမီး** – ၇ နှစ်၊ ၁၅ နှစ်၊ ၂၃ နှစ်၊ ၃၁ နှစ်၊ ၃၉ နှစ်၊ ၄၇ နှစ်၊ ၅၅ နှစ်၊ ၆၃ နှစ်၊ ၇၁ နှစ်၊ ၇၉ နှစ်၊ ၈၇ နှစ်။

**စနေသားသမီး** –၁၀ နှစ်၊ ၁၈ နှစ်၊ ၂၆ နှစ်၊ ၃၄ နှစ်၊ ၄၂ နှစ်၊ ၅၀ နှစ်၊ ၅၈ နှစ်၊ ၆၆ နှစ်၊ ၇၄ နှစ်၊ ၈၂ နှစ်။

**ရာဟုသားသမီး** – ၈ နှစ်၊ ၁၆ နှစ်၊ ၂၄ နှစ်၊ ၃၂ နှစ်၊ ၄၀ နှစ်၊ ၄၈ နှစ်၊ ၅၆ နှစ်၊ ၆၄ နှစ်၊ ၇၂ နှစ်၊ ၈၀ နှစ်၊ ၈၈ နှစ်။

နှင်းအာဥ္ဇလီ

www.burmeseclassic.com



www.burmeseclassic.com

www.burmeseclassic.com

TN/C/ MD /29.


နောက်တစ်ဦးက ဂန်တူး (ခေါ်) မိန်းမလျာဘိုးတော်၊ သူ့နာမည်ကိုတော့ မဖော်ပြတော့ပါ။ မိန်းမလျာဘိုးတော်ဟု သုံးရပါမည်။

မိန်းမလျာဘိုးတော်မှာ ယခင်က နတ်ကတော်ပါ။ ဘိုးတော်တွေ ခေတ်စားလာသည့်အချိန်တွင် ဘိုးတော်လုပ်ပစ်လိုက်သည်။ ဘိုးတော် အမည်ခံလိုက်သည်။

ယောက်ျားသည် မြင့်မြတ်၏။ မိန်းမသည် ယုတ်ညံ့၏ဟူသောအယူအဆမှာ ယနေ့သိပ္ပံခေတ်တွင် မရှိတော့ပါ။ သို့သော် ယောက်ျားလည်းမဟုတ်၊ မိန်းမလည်းမဟုတ်သည့် မိန်းမလျာများကိုမူ ယုတ်ညံ့သည့်စာရင်းတွင် သွင်းထားကြ၏။

မိန်းမလျာတို့၏အလုပ်မှာ လိင်တူခြင်း ဟိုဒင်းပြုခြင်း။ နတ်ကခြင်းနှင့် ရောက်သီးဆေးပြား ရောင်းခြင်းအလုပ်သာရှိရာ သူတို့ကို မြင်သူတိုင်းက နှာခေါင်းရှုံ့ကြ၏။ အော့နလုံးနာကြ၏။ သူတို့နှင့် မဆက်ဆံလိုကြ၊ မလွှဲမရှောင်သာမှ ဆက်ဆံကြသည်။

သို့စေကာမူ မိန်းမလျာက ဘိုးတော်ဖြစ်လာသည့်အခါ ဆက်ဆံသူတွေက များကြသည်။




# ဘိုးတော်ကောင်း

ယခင်လမှ အဆက်-၈

ကျော်မြသန်း

သူကလည်း နုယ်နုယ်ရရမဟုတ်။ နာမည်ကြီး ဘိုးတော်၊ ဘုရားတွေဘာတွေတည်၊ ဘုရားဒကာအမည်ခံနေသည့် ဘိုးတော်။

သူ့ကို ကိုးကွယ်သူများတွင် ယောက်ျားပရိသတ်ထက် မိန်းမပရိသတ်က ပို၍များသည်။

မိန်းမလျာဘိုးတော်မှာ လာသမျှပရိသတ်ကို အသံဖြင့် ထိန်းထားပြီး စားနေသူပါ။

သို့သော် သူက အခြားဘိုးတော်များလို ခမ်းခမ်းနားနား ပွဲအပြင်အဆင် လုပ်မထားပါ၊ ရေအိုးတင်သည့် သုံးချောင်းထောက်စင်ပေါ်တွင် ဇလုံတစ်လုံးနှင့် ပွဲပြင်ထားသည်။ ထူးခြားသည်မှာ အခြားပွဲများလို အုန်းတစ်လုံးနှင့် ငှက်ပျောသုံးဖီးမဟုတ်။ အုန်းတစ်လုံးနှင့် ငှက်ပျောနှစ်ဖီးမျှသာ။

အဆိုပါ ပွဲရှေ့တွင် ခုံမြင့်ကလေးတစ်ခု ရှိ၏။ ခုံမြင့်ကလေးပေါ်တွင် အမျိုးအမည်မတပ်နိုင်သော ရုပ်ထုတစ်ခု ရှိ၏။ အမျိုးအမည်မတပ်နိုင်ဟုဆိုရခြင်းမှာ ရုပ်ထုတစ်ခုလုံးဖုံးနေအောင် စံပယ်ကုံးတွေ လွှမ်းထားသောကြောင့် ဖြစ်၏။

ကျွန်တော်ရောက်သွားချိန်တွင် အမျိုးသမီးခြောက်ယောက် ရှိနေသည်။ နှစ်ယောက်က ခပ်



www.burmeseclassic.com

www.burmeseclassic.com

ကြီးကြီး၊ လေးယောက်က အပျိုဖျန်းကလေးများ၊ အပြင်အဆင်နှင့် အပြောအဆိုပာန်များ ကြည့်ရခြင်းအားဖြင့် တက္ကသိုလ်ကျောင်းသူများဟု ထင်ရသည်။

မိန်းမလျာဘိုးတော်မှာ အခြားဘိုးတော်များထက် ပြတ်သည်။

ပြတ်သည်ဆိုသည်မှာ စေတနာတို့၊ မေတ္တာတို့၊ သဒ္ဓါတွေကိုကယ်ဖို့ ကုသိုလ်ပြုပါသည်ဟုမပြော။ ပညာတန်ဖိုးကို စကားပြောသည်။ သူ့ကို မေးလိုလျှင် ငွေငါးကျပ်တစ်မတ် ရှေ့သို့ချလိုက်ရသည်။ ကျပ်တန်လက်မခံ၊ ငါးကျပ်တန်အဟောင်းလက်မခံ၊ ယခုလာ ယခုမေး၍မရ။ တစ်ရက် ကြိုတင်စာရင်းပေးထားရသည်။

ကန့် သတ် ထား သည့် အချိန် ၁၅-မိနစ်ထက် ပိုမေးလိုသေးလျှင် နောက်ထပ် ငါးကျပ်တစ်မက်။

သူပြောနေစဉ် ကြားဖြတ်မမေးရ။ သူ့အဟောအ းမှ မေးလိုရာ မေးနိုင်သည်။

အမည်ခံထားသည်မှာ အကြားအမြင်အဟော။

တစ်ယောက်လာမေးလျှင် ဘိုးတော် တစ်ခါပင့်လိုက်သည်။ ကြွလာသည့်ဘိုးတော်အမည်ကို ပြောသည်။ အင်္ဂလိပ်အမည်နှင့်ဘိုးတော်၊ တရုတ်အမည်နှင့်ဘိုးတော်၊ ကုလားအမည်နှင့်ဘိုးတော်၊ မွန်၊ ရခိုင်၊ ကရင်၊ ရှမ်းဘိုးတော် စသည်ဖြင့် အတော်စုံသည်၊ ဘိုးတော်တစ်မျိုးဝင်လာလျှင် အသံတစ်မျိုးပြောင်းသည်။ အင်္ဂလိပ်မကြီးများ မေးတုန်သည့်အသံ၊ ကုလားဆာဒူးကြီး မေးခိုက်သည့်အသံ၊ တရုတ်ဘိုးဘိုး၏ ဒေါ်သသံ၊ မွန်၊ ရခိုင်၊ ကရင်၊ ရှမ်းတို့၏ မပီကလာ ပီကလာအသံ၊ ဝဲတဲတဲအသံများ စုံလင်လှ၏။

အခြားသူများအတွက် အဟော မှန် မမှန်မသိ၊ ကျွန်တော့်ကိုဟောသည့်အခါ နှစ်ဝ(?)ုံးသာမှန်၏။ အားလုံးလွဲသည်။ မိန်းကလေးများဆိုလျှင် ပို၍မှန်သည်ဟု ပြောသံကြားခဲ့ရသည်။ သူဆီလာသည့် ဘိုးတော်များမှာ ယောက်ျားကလေးများကို မဟောချင်ဘူးထင်ပါ့။

ကျောင်းသူလောကတွင်မူ သူ့သတင်းက ကြီးသည်။ စာမေးပွဲအတွက် စိတ်ချရသည်ဟု။

အကြားအမြင်အဟောအတွက် ငါးကျပ်တစ်မတ်ယူရုံနှင့် မပြီးပါ။ သူ့အဓိဋ္ဌာန် ဘုရားတည်ဖို့ ပါရမီဖြည့် အလှူခံပါသေးသည်။

မိန်းမလျာဘိုးတော်မှာ အပြောအဟော သတင်းကြီးသလို ဘိန်းဖြူ သောက်ရာတွင်လည်း နာမည်ကြီးသည်။ သူ မိန်းမလျာဖြစ်ပေမယ့် ယောက်ျားယူထားသည်။ သူ့ငနဲက ဖြူဖြူချောချောကလေး။ ခေါင်းလောင်းဘောင်းဘီအမြဲဝတ်၍ ရွှေဖြင့်လုပ်ထားသည့် နဂါးပုံခါးပတ်ခေါင်းပါသော သားရေခါးပတ်အပြားကြီး ပတ်ထားပြီး ဆံပင်ရှည်ကို ခဝါမချသူပါ။

သူ့ အသုံးစရိတ်အတွက် မိန်းမလျာဘိုးတော်က တစ်နေ့နှစ်ဆယ်ပေးသည်။ ငနဲကလေးက တစ်နေကုန်လည်၍ ရုပ်ရှင်ကြည့်၊ ငွေနှစ်ဆယ်ကုန်အောင် သုံးပြီး ညနေ ၆-နာရီခွဲလျှင်တော့ သူ့ဆီအရောက် ပြန်ရသည်။ နှစ်ယောက်အတူ ထမင်းစား၍ ည ၇-နာရီမှစ၍ တစ်ယောက်လျှင် ဘိန်းဖြူဖိုးကရက်နှစ်လိပ် သောက်ပြီး ကျူကြသည်။ ဖက်အိပ်ကြသည်။ နောက် ဘာဘွဲ့ဆက်လုပ်ကြမည်ကို ငွေ ဂင်ပိတ်ကားပေါ်တွင် စာဖတ်သူ ျား စိတ်ကူးအတွက် ချန်ထား ပါမည်။

မယုံလျှင် ကျွန်တော့်ထံလာ၍ သူတို့၏ဓာတ်ပုံများကို ကြည့်ကြပါဟု။

သူ၏သတင်းတွေ ပြင်ပတွင် မကြားချင်အဆုံး၊ မကောင်းသတင်းတွေ မည်သို့ပျံ့နှံ့စေကာမူ သူ၏အကြားအမြင်အတွက် ဝင်လာသူတွေ မစဲပါ။ မေးမြန်းသူတွေက တန်းစီလျက်ပါ။

မိန်းမလျာ ဘိုးတော်၏အကြောင်း လေ့လာပြီးနောက် ဆုံးဖြတ်ချက်တစ်ခု ချမိ၏။

လောကတွင် လိမ်သူတွင် အပြစ်မရှိ။ အလိမ်ခံနေသူတွေသာ အပြစ်ရှိသည်ဟု။

စာရေးဆရာရေးဟန်နှင့် ဖွင့်ရသော် . . .

ပသို့ဆိုစေ၊ မိန်းမလျာဘိုးတော်ကို ခေတ်စကားနှင့် အမည်ပေးရလျှင် "ဖိုး" ဆွဲသည့်ဘိုးတော် (ဝါ)ဘိန်းဖြူဘိုးတော်ဟု။

တိုက်ပေါ်ကဘိုးတော်၊ တဲပေါ်ကဘိုးတော်၊ ပလက်ဖောင်းဘိုးတော်၊ မိန်းမလျာဘိုးတော်များအကြောင်း ဖော်ပြပြီးနောက် ရှီးဘိုးတော်အကြောင်း ဆက်ပါဦးမည်။

## ရှီးဘိုးတော်

ရှီးဘိုးတော်မှာ လူဝတ်နှင့်မဟုတ်၊ ရဟန်းဝတ်နှင့်။

ဤနေရာတွင် ရှီးဘိုးတော်အကြောင်းမရေးမီ ၂၂၇-သွယ်သောသိက္ခာပုဒ် ထိန်းသိမ်းနေကြသည့် သံဃာတော် အရှင်မြတ်အား တပည့်တော် ခြေတော်ဦးခိုက်၍ တောင်းပန်လျှောက်ထားအပ်ပါသည်။ တပည့်တော်သည် သံဃာစစ်၊ ရဟန်းစစ်များအား ထိပါးလိုသည့်စေတနာ လုံးဝမပါပါ။ သံဃာတု၊ ရဟန်းတုအကြောင်းကိုသာ ရေးသားသည်ဖြစ်ပါသဖြင့် ရဟန်းစစ်၊ သံဃာစစ်များက တပည့်တော်အပေါ် ခွင့်လွှတ်တော်မူကြရန် လျှောက်ထားအပ်ပါသည်ဘုရား။

သစ်ခေါက်ဆိုး တက်ထရွန်သင်္ကန်းဝတ်ထားသည့် ဦးပြည်စိမ်းစိမ်း။ ဒ. [illegible] ဖြူ နှာတံပေါ်ပေါ်၊ ရွှေမျက်မှန်နှင့် ကိုယ်တော်ကလေးမှာ ရှုချင်စဖွယ် တင့်တယ်သော ရုပ်အဆင်းနှင့် ပြည့်စုံပါပေသည်။

မြင်ရလျှင် ချစ်ချင်စရာကိုယ်တော်ကလေးပါ။ ကြည်ညိုစရာထက် ချစ်စရာဟန်ရှိသူဟု ဆိုပါရစေ။

အသံမှာ ကြည်၍ တရားဟောလည်း ကောင်း၏။

အသံဝိဇ္ဇာ တိုင်းချစ်သန်းဇော်၏



www.burmeseclassic.com

www.burmeseclassic.com

အသံမျိုး။ ဟစ်လိုက်လျှင် တိုင်းချစ်သန်းစိန် တရားဟောပလ္လင်ပေါ် ရောက်နေသလားဟု ထင်မှတ်မှားလောက်အောင်ပင် အသံကောင်းလှ၏။

အလွတ်ပညာသင်ကျောင်းတွင် အင်္ဂလိပ်ဘာသာလည်း သင်ယူထားသည်မို့ အင်္ဂလိပ်လို ပြောလိုက်သည့်အခါ အောက်စဖို့တက္ကသိုလ်ထွက်လား အောက်မေ့ရလောက်အောင် အသံ အထားအသို၊ အဆက်အပေါက် ပြေပြစ်လှသူပါ။

မူလကတော့ တရားဟော ဓမ္မကထိကဖြစ်ဖို့ ရည်ရွယ်ကြိုးစားခဲ့သော်လည်း ဘိုးတော်ခေတ် ထလာသောအချိန်တွင် မူလရည်ရွယ်ချက်ကို စွန့်လွှတ်ပြီး ဘိုးတော်လိုင်းသို့ ကူးပြောင်းခဲ့သူ ဖြစ်ပါသည်။

ရဟန်းငယ်ဘဝကတည်းက ဆန်းကျမ်း ဗေဒင်ကျမ်းများ သင်ယူခဲ့သည်မို့ လိုင်းပြောင်းသည့်အခါ သူ့အတွက် အခက်အခဲမရှိတော့ပေ။ ဓမ္မကထိကလိုင်းတွင် နာမည်ရခဲ့ပြီဖြစ်သည့်ပြင် ဗေဒင်၊ လက္ခဏာများ တတ်ကျွမ်းသည်ကို မသိကြသဖြင့် လိုင်းပြောင်းလိုက်သည်နှင့် ရွှေမျက်မှန် အကြားအမြင် ကိုယ်တော်ကလေးဟု တစ်ဟုန်ထိုး နာမည်ကြီးသွားသည်။

တရားဟော ဓမ္မကထိက ဝိဝိ စကားပြောကလည်း ကောင်းလှသဖြင့် ရွှေမျက်မှန်ဘိုးတော်ဘဝတွင် တစ်နှစ်မပြည့်မီ ဟီလမင်ကားပိုင်ရှင် ကိုယ်တော်ကလေး ဖြစ်လာသည်။ ဆွမ်းချိုင့်ပို့လိုသူတွေက အလုအယက်။ သူ့နေ့နှင့်သူ ခွဲတမ်းချပေးနေရသည်။ ဒါကိုပင် လိုချင်သည့်နေ့ မရသဖြင့် တဆူဆူ တပူပူ လုပ်ကြသူတွေကို ကျေနပ်အောင် တောင်းပန်ရသည်။

တရားဟောဓမ္မကထိကဘဝတွင်လည်း အောင်မြင်ပါသည်။ သို့သော် ဘိုးတော်ဘဝတွင် ပို၍ အောင်မြင်သည်။ သူ့လိုချင်သော၊ ဖြစ်ချင်သောအဆင့်ကို ရောက်လာသည်။

သူ့အနားတွင် ပတ်ချာလည် ဝိုင်းနေသည့် တဝင်းဝင်း တလက်လက် တောက်ပနေသည့် စိန်တွေနှင့် ပိတ်သင်္ကန်းမှာ မလိုက်ဖက်တော့။ ဖော့နှင့်မှ လိုက်ဖက်မည်။ ယူနီဖောင်းသေတ္တာထဲက ပိတ်သင်္ကန်းတွေကို စွန့်ပစ်လိုက်သည်။ ရက်ရက်ရောရော စွန့်ပစ်လိုက်သည်။ မစွန့်၍လည်း မဖြစ်တော့။ ဖော့သင်္ကန်းတွေထားစရာနေရာ ပေးရသည်။

ရွှေအစစ်နှင့်လုပ်ထားသည့် မျက်မှန်ဝိုင်းနှင့် သုံးဘီးရောင် ဖော့သင်္ကန်းမှာ လိုက်ဖက်လှပါသည်။ ရွှေနှင့် မြ၊ နေနှင့် လ အလားပမာသို့ တင့်တယ်ပါပေတီ။

ရွှေမျက်မှန်ဘိုးတော်ပွဲပြင်ဆင်ပုံမှာ တစ်ဘာသာထူးခြား၏။ အခြားသော ဘိုးတော်အမည်ခံများ ပွဲပြင်ဆင်ပုံနှင့် လားလားမှ မတူပေ။ တစ်မျိုးတစ်ဘာသာ ဆန်းသစ်ထား၏။ အများသူငါလို လုပ်လျှင်မထူး။ အများနှင့်မတူ၊ တစ်မူထူးခြားအောင် လုပ်နိုင်မှ ပို၍စိတ်ဝင်စားမည်ကိုသိသည့် ရွှေမျက်မှန်ဘိုးတော်က ပွဲပြင်ပုံ တစ်ဘာသာ ထူးခြားဆန်းသစ် တီထွင်လိုက်ပါသည်။

ပွဲပြင်ဆင်ပုံမှာ . . .

ဝဲယာစားပွဲနှစ်ဖက်တွင် ပွဲနှစ်ပွဲစီ။ အလယ်ကောင်အနိမ့်အမြင့် အဆင့်ငါးဆင့်ရှိသည့်ခုံပေါ်တွင် ပွဲငါးပွဲ ပြင်ထားသည်။ အလယ်ကောင်ပွဲငါးပွဲမှာ အနိမ့်အမြင့်ဆိုသော်လည်း အထက်အောက်တည့်တည့်မဟုတ်။ လှေကားထစ်သဖွယ် အဆင့်ခံထားသည့်ခုံဖြစ်ရာ ပွဲများမှာ စောင်းစောင်းကလေးတွေ အမြင့်မှအနိမ့်သို့ လျှောဆင်းလာသည်။

မြင်ကွင်းတစ်မျိုး ဆန်းပါသည်။

မြင်ကွင်း ဆန်းသည်ထက် စိတ်ဝင်စားစရာမှာ ပွဲများပေါ်ရှိ နှပူးစီးကတ္တီပါအနက်ပေါ်တွင် ငွေရောင်စာလုံးများဖြင့် စီခြယ်ထားသည့်စာတန်းပင်။

"ကိုးနဝင်း မိုးလင်းလျှင် သိရမည်"

ပွဲကိုးပွဲပေးထားသည့် အဓိပ္ပာယ်ကို ရည်ညွှန်းထားဟန် တူပါသည်။

ပွဲကိုးပွဲနှင့် ကိုးနဝင်းစာလုံးများမှာ လိုက်ဖက်သည်ဟု ဆိုရပေမည်သာ။

ရွှေမျက်မှန် ဘိုးတော်မှာ ကောင်းပေဆိုသည့် အညွှန့်အဖူး ဟင်းလျာများဖြင့်သာ ဘုဉ်းပေးတတ်၏။ ချိုင့်ထဲကဟင်းလျာများကို စိတ်နှင့်မတွေ့လျှင် တရုတ်ဟိုတယ်မှ ဟင်းလျာအသစ်အဆန်းများကို ချက်ချင်းမှာ၍ ဘုဉ်းပေးတတ်၏။

ဟင်းကောင်းများဖြင့် ဘုဉ်းပေးတတ်သည့် ကိုယ်တော်ကြီး၏ အဘိဓမ္မာမှာ . . .

အာရောဂျံ ပရမံ လာဘာ၊ ကျန်းမာခြင်းသည် လာဘ်တစ်ပါး။ ကျန်းမာမှ စိတ်ချမ်းသာမည်။ ကျန်းမာစိတ်ချမ်းသာမှ သတ္တဝါတို့အကျိုးကို အားရပါးရကြိုး သယ်ပိုးဆောင်ရွက်နိုင်မည်ဟူ၍တည်း။

ထို့ကြောင့် ကောင်းကောင်းစားရမည်။

သက်သတ်လွတ်ဆွမ်းကိုသာ ဘုဉ်းပေးနေ၍မဖြစ်။

ကောင်းကောင်းစားခြင်းသည် (၆) အာဟာရဖြစ်စေမည့် အစာများကို စားနေခြင်းသည် မိမိအကျိုးအတွက် သက်သက်မဟုတ်။ သတ္တဝါတွေ၏အကျိုးအတွက် ဖြစ်ပါသည်ဟူ၏။

ရွှေမျက်မှန်ဘိုးတော်ကလေး၏ အဘိဓမ္မာသည်လည်း စဉ်းစားစရာပါ။ မဟုတ်မမှန်ဟု မငြင်းနိုင်စရာပါ။

ရုပ်ကို အာဟာရစောင့်သည်ဟု အဟောရှိသည် မဟုတ်ပါလား။

ရွှေမျက်မှန်ဘိုးတော်၏ အကြားအမြင်အဟောကို ကြားနာလိုပါလျှင် ချက်ချင်းမရပါ။ တပည့်ကပ္ပိယထံတွင် အမည်၊ မွေးသက္ကရာဇ်၊ အချိန်၊ နာရီ၊ နေ့ မည်သည့်အရပ်တွင် မွေးဖွားသည်ဆိုသည်ကို စာရွက်နှင့် ရေးပေးရသည်။

ကပ္ပိယကြီးက ပြက္ခဒိန်နှင့် ဒိုင်ယာရီစာအုပ်ကလေးကို လှန်ပြီး ရက်ချိန်းပေးလိုက်ပါမည်။



www.burmeseclassic.com

www.burmeseclassic.com

ရက်ခွာ၍ ချိန်းပါမည်။ သည်နောက် ကပ္ပိယကြီး၏အဟောကို နားသောတဆင်ရပါဦးမည်။

ဆရာတော်က လူတစ်ယောက်ကိစ္စကို ပေါ့ပေါ့ဆဆ မဟော၊ ချက်ချင်းမပြော၊ ပေးထားသည့် သက္ကရာဇ်၊ နေ့နံများ အတိုင်း အမိဋ္ဌာန်ဝင်ပြီး ဘိုးတော်များပင့်၍ မေးမြန်းပြီးမှ အသေအချာ၊ အတိအကျ ဟောပါလိမ့်မည်။ စိတ်ကျေနပ်မှု ဖြစ်စေပါလိမ့်မည် ဟူ၍တည်း။

ရုတ်တရက်သော် သူ့နည်း သူ့ဟန်က တစ်မျိုးဟု ထင်ရ၏။ အမှန်တော့ ရိုးရိုးတစ်မျိုးမဟုတ်ပါ။ လှည့်စားခြင်းတစ်မျိုးသာ ဖြစ်၏။

လှည့်စားပုံမှာ လှည့်စားသည်ဟု မရိပ်မိလောက်အောင် ပိရိသည်။

အကြားအမြင် အဟောကြားချင်သူ၏ မွေးသက္ကရာဇ်၊ နေ့နံများကို ယူထားပြီး ရွှေမျက်မှန်ဘိုးတော်ကလေးက သူတတ်ထားသည့် ဆေးကျမ်း၊ ဗေဒင်၊ လက္ခဏာပညာများဖြင့် တွက်ချက်လိုက်၏။ ထိုသို့ တွက်ချက်ပြီး အဟောထွက်လာသည့်အထဲမှ အရေးကြီးသော အချက်များကို မှတ်ထားလိုက်၏။

လိုအပ်သည့် ပြင်ဆင်မှုအားလုံးကို အသေးစိတ် အကွက်ချပြင်ဆင်ပြီးမှ အဟောခံမည့် အမေးပုဂ္ဂိုလ်ရောက်လာသည့်အခါ သူ၏ပွဲရှေ့တွင် ထိုင်နိုင်းပြီး ငါးပါးသီလ ယူစေသည်။

အမေးလာသူ ငါးပါးသီလ ယူပြီးသည်နှင့် ရွှေမျက်မှန်ဘိုးတော်က ဝိဇ္ဇာများကို အသံနေ၊ အသံထားနှင့် ပင့်နေသည်မှာ နားထောင်နေရသူအဖို့ ပီတိသောမန ဖြစ်စေရုံမက ကြက်သီးတဖျန်းဖျန်း ထလာစေသည်။

"စကြဝဠာ ကမ္ဘာမြေမျိုး ဖြန်းဖြန်းကျိုး၊ တန်ခိုးသိဒ္ဓိအပေါင်းနှင့် ပြည့်တော်မူသော စူဠဂန္ဓာရီ ဆရာသခင်သည် သန့်ရှင်းတူမြတ်သည့် ကိုးနဝင်းပွဲတော်ပေါ်သို့ ကြွရောက်ပါမည့်အကြောင်း ရှိသေဦးခိုက်လျက် ပင့်ဖိတ်အပ်ပါသည် ဆရာသခင် ကျေးဇူးရှင်"

"ခန သိဒ္ဓိ။

အာယုသိဒ္ဓိ။

စိန္တာမဏိသိဒ္ဓိ။

အာဟာရသိဒ္ဓိ။

ကာယသိဒ္ဓိ။

အာရောဂျသိဒ္ဓိ။

ပဌဝီသိဒ္ဓိ။

အာကာသသိဒ္ဓိ။

သိဒ္ဓိအယ်ပါးကို အောင်မြင်တော်မူပြီးသည့် ဆရာသခင် ကျေးဇူးရှင်သည် အကျွန်ုပ်၏ဦးခေါင်းပေါ်တွင် ရပ်တည်တော်မူပါ"

"အို...ဂန္ဓာရီရသေ့၊ စကြပါနိရသေ့၊ ဝါမရရသေ့၊ ဝိဂ်လရသေ့ အစရှိကုန်သော ဆရာကောင်း၊ ရသေ့ပေါင်းတို့သည် ဂန္ဓာရီအတတ်ပညာများကို ကျင့်ကြံအားထုတ်နေသည့် အကျွန်ုပ်အား ကိုယ်နှင့်မကွာ စောင့်ရှောက်တော်မူပါ၊ လှူပ်ရှားတော်မူပါစေသတည်း"

"နဂါး၊ ဂဠုန်၊ ဂုမ္ဘာန်၊ ယက္ခ၊ ဂန္ဓမနတ်တို့နှင့်တကွ တန်ခိုးရှိန်စော် အာနုဘော်ကြီးလှသော မဟာဓတရဋ္ဌ၊ ဝိရူဠှက၊ ဝိရူပက္ခ၊ ကုဝေရ နာမခေါ်မည့် စတုလောကပါလ နတ်မင်းကြီးတို့သည်လည်းကောင်း၊ ဘုမ္မစိုး၊ ရုက္ခစိုး၊ အာကာသစိုး၊ ကိုယ်စောင့်နတ်၊ အိမ်စောင့်နတ်၊ ရွာစောင့်နတ်၊ တောဇစောင့်နတ်၊ တောင်စောင့်နတ်၊ သာသနာစောင့်နတ်၊ ကမ္ဘာစောင့်နတ်၊ အင်းစောင့်နတ်၊ ဆေးစောင့်နတ်တို့သည် အကျွန်ုပ်၏ပင့်ဖိတ်မှုကို သိကြပါစေ၊ ကြားကြပါစေသတည်း"

"အကျွန်ုပ်အား အရာခပ်သိမ်း စောင့်ရှောက်ပေးတော်မူပါ"

ဤစာသားများကို ဌာန်းကရိုဏ်းကျကျ၊ ဒေါ်မာန်ပါပါ၊ အသံနေအသံထားဖြင့် ရွတ်ဖတ်နေစဉ် ပွဲရှေ့တွင်ထိုင်နေသည့် အကြင်ပုဂ္ဂိုလ်မှာ ကြက်သီးဖျန်းဖျန်း ထနေသည်။

ရွှေမျက်မှန် ဘိုးတော်က ဘာမှ မဟောသေးခင်မှာပင် သူ့အပေါ် ရာနှုန်းပြည့် ယုံကြည်နေပြီ ဖြစ်ပါသည်။

သူဟောသည်ကို မဟုတ်မှန်ပါ၊ ဟုတ်မှ ဟုတ်ပါ့မလားဟု သံသယမရှိတော့။ ဟုတ်ရမည်၊ ဖြစ်ရမည်ဟု နှလုံးပိုက်သိုက်ကြသည်။

အမှန်တော့ ရွှေမျက်မှန်ဘိုးတော်က အပိုင်လုပ်ထားသည်။

အကြားအမြင် ရွှေမျက်မှန်ဘိုးတော် ဟောပါတော့မည်။

ဟောတော့မည်ဟု ပြင်ပြီးသည့်အခါ လက်မနှင့် လက်ညှိုးကို မျက်ခုံးနှစ်ခုကြားရှိ နဖူးထိပ်ကို ကိုင်လိုက်ပြီး မျက်စိမှိတ်လျက် တဒေါက်ဒေါက်နှင့် ကရားရေလွှတ်သလို ဟောချသွားပါသည်။

ဘေးမှ ကြားရ၊ မြင်ရသူများအဖို့တော့ ဒီ့သြစရာကြီးပါ။

သူကတော့ လွယ်လွယ်ကလေး။ ဆန်းကျမ်း၊ ဗေဒင်ကျမ်း၊ လက္ခဏာသဘောအရ တွက်ချက်ထားသည်များကို ဟောသွားခြင်းပင်။

သို့သော် လက္ခဏာကို ကြည့်သည့်သဘောမျိုးဖြင့်၍ မကြည့်ဘဲ မာတ်ကူးသည့်သဘောမျိုးဖြင့် ကြည့်တတ်သည်။

လူသည် အစစအဆင်ပြေနေသည့်အချိန်၊ အောင်မြင်နေသည့်အချိန်တွင် ဗေဒင်မေးလျှင် ဆန်ကုန်သည်ဟု ပြောလေ့ပြောထရှိသော်လည်း လုပ်ငန်းကိုင်ငန်း အပေါက်အလမ်းမတည့်သောအခါ ဗေဒင်တို့၊ လက္ခဏာတို့၊ အကြားအမြင်တို့နောက်သို့ တကောက်ကောက်လိုက်ကြ၏။

အားငယ်နေသည့်အချိန် အောင်မြင်မည်ဟု ကြားရလျှင် အကြွင်းမဲ့ယုံကြည်တတ်ကြ၏။ အောင်မြင်သည်၊ မအောင်မြင်သည်မှာ အပထား။ အကယ်၍ တိုက် ဆိုင် မှု ကြောင့် ဖြစ် စေ၊ အောင်မြင်စရာအကြောင်း အထောက်အပံ့ပေါ်လာလျှင်ဖြစ်စေ အောင်မြင်သွားလျှင် ထိုဆရာ၏ အကြောင်းကို မိုးရွာထဲ ထီးထမ်း၍ လမ်းလျှောက်ပြောတတ်ကြပေသည်။

ရင်းနှီးသူမှန်သမျှကို ထိုဆရာဆီရောက်အောင် သွားနိုင်းတတ်ကြသည်။



www.burmeseclassic.com

www.burmeseclassic.com

အလျဉ်းသင့်သဖြင့် ကျွန်တော် ဖတ်ဖူးသော အင်္ဂလိပ်လူလိမ်တစ်ယောက်၏အကြောင်းကို ဖော်ပြပါရစေ။

အင်္ဂလိပ် လူလိမ်ကြီးမှာ နယ်နယ်ရရပုဂ္ဂိုလ်ကြီး မဟုတ်ပါ။ အလုပ်အကိုင်မှာ အင်ဂျင်နီယာကြီးတစ်ဦးဖြစ်၏။ အင်္ဂလန်မှ ယူထောင်ထားသည့် ဟောင်ကောင်ရှိ ဆောက်လုပ်ရေးကန်ထရိုက်အဖွဲ့သို့ အလုပ်လာလုပ်သူဖြစ်၏။ အရက်အလွန်သောက်ပြီး အလုပ်ခွင်တွင် အမှားတစ်ခုလုပ်မိရာမှ အလုပ်မှ ထုတ်ပယ်ခြင်းခံရသည်။

ရှက်လည်းရှက်၊ ဘိုင်ကလည်း ကျနေသဖြင့် အင်္ဂလန်သို့ ချက်ချင်း မပြန်နိုင်သေးဘဲ ဟောင်ကောင်ပျို့ဖြူများကြားတွင် ပွေချင်တိုင်း ပွေနေခဲ့ရသည်။ သို့သော် သူ့မှာရှိသောငွေမှာ ပွန်းပဲ့လာခဲ့ပြီဖြစ်သည့်တိုင် အင်္ဂလန်သို့ မပြန်နိုင်သေး။ ဟောင်ကောင်ပျို့ဖြူများ၏ရင်ခွင်မှ မထွက်နိုင်ဖြစ်နေသည်။

လှပသော တရုတ်မကလေးများ၏ ကျင်လည်စွာ ကိုင်တွယ်ထားသည့် ဆင်စွယ်တူကလေးများဖြင့် ခွံ့ပေးသည့် အစားအသောက်များ၏အရသာကို မစွန့်နိုင်၊ မခွာရက် ဖြစ်နေသည်။

ဟောင်ကောင်တွင်ဆက်နေဖို့မှာ ငွေလိုလာသည်။ ငွေရှာရမည်။ ရနိုင်သည့်နည်းလမ်းတွေကို အမျိုးမျိုးအကြံထုတ်သည်။

တစ်ရေးနိုးသော် အကြံပေါ်ဟူသည့် ဆိုစကားရှိသော်လည်း သူက ညနေစောင်းသော် အကြံပေါ်လာသည်။

တစ်နေ့ ဟောင်ကောင်ကမ်းနားသွားရင်း အကြံတစ်ခု ရလာသည်။

ဟောင်ကောင်သည် တရုတ်လူမျိုး အများစုနေထိုင်ရာဒေသ၊ တရုတ်လူမျိုးများသည် မွေးလာသော ရင်သွေး၊ ရင်နှစ်များထဲမှ မိန်းကလေးထက် ယောက်ျားကလေးကို ပို၍ချစ်တတ်သည်။ ပို၍မြတ်သည်ဟု ယူဆကြသည်။ မိန်းကလေးတက် ယောက်ျားကလေးကို မြှောက်စားသည်။

ငွေလိုသဖြင့် ကြံမိကြံရာကြံလိုက်သည့်အကြံ။

လုပ်မိလုပ်ရာ စွန့်စားလိုက်ခြင်းဖြစ်စေကာမူ သူ့အကြံမှာ တင်းပြည့်ကျပ်ပြည့် အောင်မြင်သွား၏။

သူ့တွင်ရှိသည့်ငွေဖြင့် ပုလင်းလွတ်ကလေးများနှင့် ဗီရိုတစ်လုံးဝယ်ပြီး ခံ့ညားသပ်ရပ်သော ဆိုင်းဘုတ်ကြီးကြီးတစ်ခုကို သူနေသော အိမ်ခန်းရှေ့တွင် စတိုင်လ်တင်းတင်းဖြင့် ချိတ်ဆွဲလိုက်သည်။

ထို့နောက်တော့ လှပသော ပုလင်းတံဆိပ် ကပ်ထားသည့် အနီရောင်ဆေးပုလင်းများကို ဗီရိုထဲတွင် အစီအရီ ထည့်ထားလိုက်၏။

တရုတ်စာများဖြင့် ရေးထားသည့် ဆိုင်းဘုတ်နှစ်ခုကို သူ့အခန်း၏ ဝဲယာဘက်တွင် ဆွဲချိတ်ထား၏။

ယောက်ျားကလေး လိုချင်သူများအတွက် ယောက်ျားကလေးမွေးသည့်ဆေးကို အင်္ဂလန်မှ မစ္စတာ(····) စမ်းသပ်ဖော်ထုတ်လိုက်ပြီ။

ဤဆေးကို သောက်ရင် ယောက်ျားကလေးမမွေးလျှင် ငွေပြန်ပေးဖို့ စာချုပ်ဖြင့် အာမခံသည်။

အခမဲ့ ဝင်ရောက်ဆွေးနွေးတိုင်ပင်ပါ။

သူက ဗီရိုရှေ့တွင် စားပွဲတစ်လုံးနှင့် ခပ်တည်တည် ထိုင်နေသည်။

တစ်ရက်၊ နှစ်ရက်တော့ လူမလာ၊ သူ့အခန်းရှေ့ ဖြတ်သွားကြသည့် တရုတ် အထီး၊ အမများက သူ့ဆိုင်းဘုတ်က စာကို ဖတ်ပြီး ပြုံးစိစိလုပ်သွားကြသည်။ ကွိကွိကွကွတွေ ပြောသွားကြသည်။

နှစ်ရက် မြောက်နေ့အထိ သူ့ဆေးပုလင်းမှာ မရောင်းရသေးပေ။

သူကတော့ ဇွဲနှင့်ပင်။

တရုတ်တွေ နှစ်ယောက်တစ်တွဲ၊ သုံးယောက်တစ်တွဲ၊ သူ့ဆိုင်းဘုတ်ကစာကို ဖတ်ပြီး ကွိကွိကွကွလုပ်နေကြသည်။ သူကတော့ ဆိုင်းဘုတ်လာဖတ်သမျှလူများကို အပြုံးဖြင့် နှုတ်ဆက်လျက်သာ။

လေးရက်မြောက်နေ့တွင် ဆေးအကြောင်းစုံစမ်းရန်လာသူ ၈-ဦးအနက် ၆-ဦးက ဆေးပုလင်းဝယ်သွား၏။

ဆေးတန်ဖိုးက မပါသေးပါ။ တစ်ပုလင်း ဟောင်ကောင်ဒေါ်လာ ငါးဆယ်၊ တစ်နေ့တည်း ဒေါ်လာ သုံးရာ ရလိုက်သည်။ ဆေးတစ်ပုလင်း၏ကုန်ကျငွေမှာ သုံးဒေါ်လာရှိရာ သူရလိုက်သည့် အမြတ်က မနည်း။

သူ့ဆေးအတွက် ကုန်ကျငွေမှာ ပုလင်းကြီး၊ ပုလင်းကပ်တံဆိပ်ရိုက်ခ၊ ဆေးညွှန်းသည့် ဆိုင်းဘုတ်နှစ်ခုကို သူ့အခန်း၏ ဝဲယာဘက်တွင် ဆွဲချိတ်ထား၏။

ယောက်ျားကလေး လိုချင်သူများအတွက် ယောက်ျားကလေးမွေးသည့်ဆေးကို အင်္ဂလန်မှ မစ္စတာ(····) စမ်းသပ်ဖော်ထုတ်လိုက်ပြီ။

ဤဆေးကို သောက်ရင် ယောက်ျားကလေးမမွေးလျှင် ငွေပြန်ပေးဖို့ စာချုပ်ဖြင့် အာမခံသည်။

အခမဲ့ ဝင်ရောက်ဆွေးနွေးတိုင်ပင်ပါ။

သူက ဗီရိုရှေ့တွင် စားပွဲတစ်လုံးနှင့် ခပ်တည်တည် ထိုင်နေသည်။

တစ်ရက်၊ နှစ်ရက်တော့ လူမလာ၊ သူ့အခန်းရှေ့ ဖြတ်သွားကြသည့် တရုတ် အထီး၊ အမများက သူ့ဆိုင်းဘုတ်က စာကို ဖတ်ပြီး ပြုံးစိစိလုပ်သွားကြသည်။ ကွိကွိကွကွတွေ ပြောသွားကြသည်။

နှစ်ရက် မြောက်နေ့အထိ သူ့ဆေးပုလင်းမှာ မရောင်းရသေးပေ။

သူကတော့ ဇွဲနှင့်ပင်။

တရုတ်တွေ နှစ်ယောက်တစ်တွဲ၊ သုံးယောက်တစ်တွဲ၊ သူ့ဆိုင်းဘုတ်ကစာကို ဖတ်ပြီး ကွိကွိကွကွလုပ်နေကြသည်။ သူကတော့ ဆိုင်းဘုတ်လာဖတ်သမျှ



www.burmeseclassic.com

www.burmeseclassic.com

လူများကို အပြုံးဖြင့် နှုတ်ဆက်လျက်သာ။

လေးရက်မြောက်နေ့တွင် ဆေးအကြောင်းစုံစမ်းရန်လာသူ ၈-ဦးအနက် ၆-ဦးက ဆေးပုလင်းဝယ်သွား၏။

ဆေးတန်ဖိုးက မပါသေးပါ။ တစ်ပုလင်း ဟောင်ကောင်ဒေါ်လာ ငါးဆယ်၊ တစ်နေ့တည်း ဒေါ်လာ သုံးရာ ရလိုက်သည်။ ဆေးတစ်ပုလင်း၏ ကုန်ကျငွေမှာ သုံးဒေါ်လာမျှသာရှိရာ သူရလိုက်သည့်အမြတ်က မနည်း။

သူ့ဆေးအတွက် ကုန်ကျငွေမှာ ပုလင်းကြီး၊ ပုလင်းကပ်တံဆိပ်ရိုက်ခ၊ ဆေးညွှန်းရိုက်ခမျှသာ ကုန်သည်။ ပုလင်းထဲတွင်ရှိသည့်ဆေးရည်မှာ မွှေးသောအရောင်၊ ဆိုးထားသည့် ရေသက်သက်မျှ ဖြစ်သည်။

ဆေးအညွှန်းတွင် . . .

(၁) ဆေးကို ဆားနှင့် သောက်ရမည်။

(၂) ကိုယ်ဝန်ဆောင်ထားစဉ် ယောက်ျားကလေးများကိုသာ ချီရမည်။

(၃) လှပသော ယောက်ျားကလေးဓာတ်ပုံများ အိပ်ခန်းထဲ ချိတ်ဆွဲထားရမည်။

(၄) ကိုယ်ဝန်ဆောင်ထားစဉ် မိန်းကလေးများကို မနမ်းရ။

(၅) ဤဆေးရည်ကို အညွှန်းအတိုင်း မွေးဖွားသည့်ရက်အထိ မှန်မှန်သောက်ရမည်၊ ဆေးဝယ်သူ၏နေရပ်လိပ်စာအပြည့်အစုံကို မှတ်တမ်း စာအုပ်ကြီးထဲတွင် ရေးမှတ်ပြီး ယောက်ျားကလေးမမွေးရင် ငွေပြန်ပေးမည့်အကြောင်း အာမခံစာချုပ်တစ်ခု ပေးလိုက်သည်။

သူ့ဆေးမှာ တစ်နေ့ထက်တစ်နေ့ ဝယ်သူများလာသည်။ ကျော်ကြားလာသည်။

သူ့အိတ်ကပ်ထဲသို့ ငွေတွေ ဝင်လာမစဲ တသဲသဲ။ ဘဏ်စာရင်းပင် ဖွင့်ရသည်။

ဟောင်ကောင်သူရင်ခွင်ထဲတွင် စိတ်ကြိုက်အနားယူနိုင်ပြီ။

ခုတော့ ကားနှင့် တယ်လီဖုန်းနှင့်။

တစ်နှစ်လောက်ကြာသည့် အချိန်တွင် သူ့ဆေးဆိုင်သို့ လူအဝင်အထွက် ပိုရှုပ်လာသည်။

လက်ဆောင်ပစ္စည်းတွေ တပွေ့တပိုက်ပိုက်ပြီး ပြုံးပြုံးရွှင်ရွှင် ဝင်လာသူများနှင့် သူပေးလိုက်သည့် စာချုပ်ကြီးတွေကို ကိုင်လျက် မဲ့မဲ့ရွဲ့ရွဲ့ဝင်လာသူများ။

ပြုံးသူမှာ ယောက်ျားကလေးမွေးသူ။

မဲ့သူမှာ မိန်းကလေးမွေးသူ။ သူကတော့ မည်သူလာစေ ပြုံးလျက်သာ။

ယောက်ျားကလေးမွေးသူက လက်ဆောင်တွေပိုက်ပြီး ဝင်လာရင် သူက သူ့ဆေး၏အာနိသင်တန်ခိုးကို ပို၍ ကြွားလုံးထုတ်လိုက်သည်။

မိန်းကလေးမွေးသူက စာချုပ်ကြီးကိုင်၍ မဲ့မဲ့ရွဲ့ရွဲ့ဝင်လာလျှင် သူက ပြုံးပြုံးကလေး စာချုပ်အတိုင်း ငွေပြန်ပေးသည်။

ဒါပေမဲ့ သူက ကာယကံရှင်တို့တော့ အာလူးပေးလိုက်သေးသည်။ သူ့ဆေးမှာ မစွမ်း၍မဟုတ်၊ သူ့ဆေးမှာ အလွန်စွမ်းသည်၊ အာနိသင်ရှိသည့်ဆေး ဖြစ်သည်။ ကာယကံရှင်က အညွှန်းအတိုင်း မလိုက်နာ၍သာ၊ ဆေးကို မှန်မှန်မသောက်၍သာ မိန်းကလေးမွေးခြင်း ဖြစ်သည်။ မယုံလျှင် ဟောဒီမှာကြည့်ပါ။

သူ့ မှတ်တမ်းစာအုပ်ကြီး လှန်၍ ယောက်ျားကလေးမွေးသူစာရင်းကို ပြလိုက်၏။ မယုံလျှင် လိပ်စာအတိုင်း သွားမေးနိုင်ကြောင်း ရဲရဲကြီးပြောဆိုလိုက်၏။ စာအုပ်ထဲကြည့်လိုက်တော့လည်း ဟုတ်နေသည်၊ မငြင်းသာတော့။

ကာယကံရှင်က ငွေပြန်ယူရမည်ကို အားနာနေပြီ။ သူကတော့ ကတိအတိုင်း ပြန်ပေးသည်၊ ပြန်ပေးရသူအတွက် အရှုံးငွေမှာ သုံးဒေါ်လာ။

ယောက်ျားကလေးမွေးသူထံမှ ရလိုက်သည့်ငွေက အဆမတန်။

သူ့လိမ်နည်းကလေး ရှင်းရှင်းကလေးပါ။ ကိုယ်ဝန်ဆောင်များသည် ယောက်ျားကလေးချည်းမမွေး၊ မိန်းကလေးချည်း မမွေး။ ထို့ကြောင့်လည်း သူ့မှတ်တမ်းစာအုပ်ကြီးထဲတွင် ယောက်ျားကလေးမွေးသူစာရင်းနှင့် မိန်းကလေးမွေးသူစာရင်းမှာ မျှမျှတတ ရှိနေသည်။

သို့သော် သူ့ကို လိမ်သည်ဟု မည်သူက စွပ်စွဲနိုင်ပါမည်နည်း။

ယနေ့ မြန်မာပြည်တွင် အကြားအမြင် ဒ. ဟာသမားများလည်း ဤပုံစံအတိုင်းပါဟု ဆိုပါရစေ။

တိုက်ဆိုင်မှုကြောင့်သာ မှန်သူရှိမည်။ မတိုက်ဆိုင်မှုကြောင့် မမှန်သူရှိမည်။ ကွာခြားသည်မှာ မမှန်သူက ငြိမ်ဒြိမ်ကလေးနေတတ်ကြသော်လည်း မှန်သူတွေက အခမဲ့ မဟောမပန်း ဝါဒဖြန့်ပေးတတ်ကြ၏။

ဤသို့ဆိုသော် သူတို့ကိုလည်း လိမ်သည်ဟု မဆိုသာပေ။

ရွှေမျက်မှန် **ဘိုးတော်မှာ** တစ်နေ့ထက်တစ်နေ့ ကျော်ကြားလာသည်။ ပရိသတ်တွေ ပိုများလာသည်။ အနားယူချိန် မရှိလောက်အောင် ဖြစ်နေသည်။ ပရိသတ်များသလို ဝင်ငွေလည်း များလာသည်။

ဟောခန်းထားကိုပင် သုံးဆယ်ကျပ်အထိ တက်ယူခဲ့ပြီ ဖြစ်၏။

သူ့မှာ အလုပ်ငှာပ်ချိန်မရှိသဖြင့် မေးသူနည်းအောင် တမင်ငွေပိုယူသည်ဟု အကြောင်းပြ၏။ ဤသည်ကလည်း လှည့်စားချက်တစ်မျိုးပင်။

မည်သူမဆို မည်မျှလောက်အရေးကြီးသည့်ကိစ္စ ရှိပါစေ၊ ညနေငါးနာရီထိုးပြီးနောက် ရွှေမျက်မှန်ဘိုးတော်နှင့် တွေ့ခွင့်မရနိုင်ပေ။ ငါးနာရီထိုးပြီးသည့်နောက်တော့ ညပိုင်းအဓိဋ္ဌာန်အလုပ်တွေ ရှိသည်ဟု အကြောင်းပြထားသည်။

အတွင်းကျကျ လေ့လာသည့်အခါ အဖြစ်မှန် ပေါ်လာသည်။ အဖြစ်မှန်က ဤသို့ပါ။

ရွှေမျက်မှန်ဘိုးတော်သည်



www.burmeseclassic.com

www.burmeseclassic.com

ဘိုးတော်အမည်မခံမီ ဓမ္မကထိက ဘ၀ကပင် တစ်ချပ်မှောက်ဖဲ ကစားခြင်းတွင် အလွန်မွေ့ထုံသူ ဖြစ်သည်။ ဖဲမကစားရလျှင် မနေနိုင်။

ညဘက်များတွင် အချိန်းအချက်လုပ်ထားသော ဖဲဝိုင်းရှိသည့်နေရာတွင် ကျက်စားလေ့ရှိသည်။ ဓာတ်သိများက ကိုယ်တော်ကြီး ရှိုးအုံးမလားမေးရင် ဘယ်တော့မှမငြင်း။ ခေါင်းညိတ်တတ်သည်သာ။

ဘိုးတော်ဖြစ်လာတော့ အသေးစားရှိုးဝိုင်းများသို့ မဝင်တော့။ အကြီးစားရှိုးဝိုင်းများသို့ ခြေဦးလှည့်ခဲ့ပြီ ဖြစ်သည်။

ညနေ ၇-နာရီထိုးလျှင် သူ၏ ခေါင်းတုံးပေါ်သို့ ကတ္တီပါ ဘဲရီကက်ကလေး အသင့်ရောက်နေပြီ ဖြစ်သည်။ အဝါရောင်သင်္ကန်းများမှာ ကြိုးတန်းပေါ်တွင် တွဲလွဲခိုနေရရှာသည်။ သူ့ကိုယ်ပေါ်တွင် အဝတ်အစားအမျိုးမျိုးကို စမတ်ကျကျဝတ်၊ တစ်ကိုယ်လုံး အကောင်းစားရေမွှေးဖျန်း။ မျက်နှာကို ပေါင်ဒါလေးသပြီးသည်နှင့် ရှိုးဝိုင်းရှိရာသို့ ကျော့ကျော့ကလေး ထွက်တော့၏။

နေ့လယ်ဘက်တွင် ကိုးနဝင်းပွဲတော်ရှေ့တွင် ဘိုးတော်ဟန်အပြည့်၊ ညဘက် ရှိုးဝိုင်းတွင် သူဌေးကလေးအိုက်တင်အပြည့်။

မကြာပါ။ သတင်းစာများတွင် သူ့ကို ဖဲဝိုင်းတွင် ဖမ်းလိုက်ကြောင်း သတင်းပါလာသည်။ ဘိုးတော်အမည်နှင့်မဟုတ်။ ဘုန်းကြီးဘွဲ့အမည်နှင့်။

ဘွဲ့အမည်ကိုတော့ မဖော်ပြတော့ပါ။ သူ့ကို ကျွန်တော်ပေးလိုသည့်နာမည်မှာ . . .

ရှိုးကစားသည့်ဘိုးတော်။

ဤအပိုင်းအထိ ဣတ္ထိယသိုက်တူးသည့်ဘိုးတော်၊ ဈာန်ထုသည့်ဘိုးတော်၊ "ဗိုး"ဆွဲသည့်ဘိုးတော်၊ ရှိုးကစားသည့်ဘိုးတော်များအကြောင်း ရေးခဲ့ပါပြီ။ သူတို့၏ နာမည်နာမ၊ နေရာဌာနအမှန်ကို ဖော်ပြနိုင်သော်လည်း စာရေးသူတစ်ယောက် စောင့်ထိန်းရမည့်စည်းကမ်းအရ ချန်ထားခဲ့ပါသည်။

ဆက်လက် ဖော်ပြရမည့် အမည်ခံဘိုးတော်များအကြောင်း အများအပြား ရှိပါသေး၏။

ဂူအောင်းဘိုးတော်။

ဘုရားမီးဘိုးတော်။

လမ်းလျှောက်ဘိုးတော်။

မျက်လှည့်ဆရာတဖြစ်လဲ ဘိုးတော် စသည် စသည်များ။

ယခု သူတို့အကြောင်း မဖော်ပြမီ သူကိုယ်တိုင်က ဘိုးတော်အမည်လည်းမခံ၊ ဘိုးတော်အကျင့်လည်း မကျင့်ခဲ့ရုံမက သူ့နာမည်သူ မပြောနိုင်အောင် ရူးနေသူတစ်ယောက်ကို လူတွေက အတင်းလိုက်၍ ဘိုးတော်လုပ်နေသည့်ဖြစ်ရပ်ကလေးတစ်ခုကို ဖော်ပြပါဦးမည်။

ရယ်စရာကောင်းသလို အံ့သြစရာလည်း ကောင်းပါသည်။

စိတ်နှောက်နေသည့် ကုလားအရူးကြီးတစ်ယောက် ဆံပင်တွေ ဖုန်အလိမ်းလိမ်းတက်၍ ပြစ်ခဲကြီးဖြစ်ပြီး အလိပ်လိပ်ဖြစ်နေသည်။ တစ်ကိုယ်လုံးတွင် ချေး(ကျိုး)တွေက အထပ်ထပ်မည်းနေ၊ သဲနေသည်။ နဂိုအသားရောင် လုံးဝမရှိတော့။ အထပ်ထပ်ကပ်နေသည့် ချေး(ကျိုး)များသည် သူ့အသားရောင်၊ ဝတ်ထားသည်မှာလည်း ဂုန်နီအိတ်အစုတ်အပြတ်များ ဖြစ်၏။

အိပ်ချင်သည့်နေရာတွင် အိပ်သည်။ အမှိုက်ပုံထဲက တွေ့သမျှ စားရောမှန်သမျှကို ကောက်စားသည်။

ဘယ်ဘက်လက်တွင် ဒန်ကရားကလေးတစ်လုံးနှင့် ညာဘက်လက်တွင် သံကွင်းလေးကွင်းပါသည့် လေးပေခန့်ရှည်သော သံချောင်းနှစ်ချောင်း။ ဤသည်မှာ သူပိုင်ဆိုင်သမျှ၊ ချမ်းသာသမျှ၊ သူ့လက်က ဘယ်တော့မှ မချသည့်ပစ္စည်းများ ဖြစ်၏။

သူသည် အငြိမ်မနေ၊ မနက်မိုးလင်း အိပ်ရာထသည့်အချိန်မှ အိပ်ရာဝင်သည့်တိုင် နည်းနည်းကလေးမှ မငြိမ်။ ထိုင်၍လည်းမနေ၊ တစ်နေကုန် တစ်နေခန်း သွားချင်ရာသို့ လျှောက်သွားနေသည်။ စိတ်မမှန်သဖြင့် ခြေဦးတည့်ရာ လျှောက်သွားနေခြင်းပါ။

သူလမ်းလျှောက်သည့်အခါ ညာဘက်လက်တွင်ရှိသည့် သံချောင်းနှစ်ချောင်းကို လက်နှင့်ဆုပ်လျက် တီးခတ်သွားတတ်သည်။ သံချောင်းတွင် သံကွင်းကလေးများ တပ်ထားသဖြင့် တချွင်ချွင် မြည်နေသည်။

တချွင်ချွင်လုပ်ပြီး လမ်းလျှောက်နေရင်း မြန်းခနဲရပ်လိုက်သည်။ ရပ်သည့်အခါ ခြေချောင်းနှစ်ချောင်းဖြင့် မရပ်၊ တစ်ချောင်းတည်း ရပ်သည်။

ကျန်တစ်ချောင်းက ရပ်ထားသည့်ဒူးပေါ်သို့ လှမ်းချိတ်ထားလိုက်သည်။ မတ်တတ်ရပ်သည့်အခါ လက်ထဲမှ သံချောင်းတီးခြင်းကိုပါ ရပ်လိုက်ပြီး မိုးပေါ် မော့၍ "ရှရီ ရှရီ၊ ဆာရဆွတ်" ဟု မနားတမ်း ရွတ်နေသည်။

ဤသို့ ရွတ်လိုက်၊ ဆက်သွားလိုက်ဖြင့် တစ်နေ့လုံး မနားတမ်းသွားသလို၊ မနားတမ်းရွတ်နေသည်။

သူသည် မည်သူ့ကိုမှ စကားမပြော၊ လှည့်မကြည့်၊ သူ့အလုပ်ကို သူလုပ်နေတတ်သည်။ သူ့အလုပ်က သူစိတ်ရူးပေါက်သလို လုပ်နေသည့်အလုပ်။

မည်သူက စလိုက်သည် မသိ။ ရူးချင်သယောင်ဆောင်နေသော ဆာဒူးဘိုးတော်ဟု နာမည်ထွက်လာသည်။

သူသွားရာနောက် လိုက်ကြသည်။

အမှိုက်ပုံထဲက ကောက်ရသည့် အစားအစာ၊ စားကြွင်းစားကျန်များ၊ လွှတ်ပစ်သည်ကို စောင့်ယူသူက ယူကြသည်။

သူအိပ်သည့် နေရာတွင် ခြေဆုပ်လက်နယ်လုပ်ပေးသူက ပေးသည်။

ကဲ . . .ဘယ်လောက်များ ရူးလိုက်ကြသလဲလို့။

ရှေ့လဆက်ပါဦးမည်။

ကျော်မြသန်း



www.burmeseclassic.com

www.burmeseclassic.com

# သက္ကရာဇ်ဖြိုသောမင်းများ နှင့် ကျောက်စာပါ သက္ကရာဇ်ဖြိုမှတ်တမ်း

■ တင်နိုင်တိုး

သက္ကရာဇ်ဖြိုခြင်းဟူသည် တစ်စတစ်စ များပြားလာသော သက္ကရာဇ်ကိန်းဂဏန်းများကို လျှော့ချပေးခြင်းဟု ဆိုနိုင်ပါသည်။ ဦးကုလား၏ မဟာရာဇဝင်ကြီး (ပထမအုပ်)တွင် သက္ကရာဇ်ဖြိုခြင်းအကြောင်းများကို တွေ့ရှိရသည်။ ဗုဒ္ဓမြတ်စွာ ပရိနိဗ္ဗာန်ပြုသောနှစ်တွင် ရှင်မဟာကဿပ အမှူးရှိသော ၅၀၀ သောရဟန္တာမြတ်တို့သည် အဇာတသတ်မင်းနှင့် တိုင်ပင်တော်မူ၍ မဟာသက္ကရာဇ် ၁၄၈ ကို ဖြိုကာ သာသနာတော်နှင့်အမျှရှိစေဟူ၍ တစ်ခုတည်ကာ ထားခဲ့သည်။ ယနေ့တိုင် သာသနာသက္ကရာဇ်ဟူ၍ အမှတ်အသားပြုကြပါသည်။

ပထမဆုံး သက္ကရာဇ်ဖြိုရန် ကြိုးပမ်းခဲ့သည့် မြန်မာဘုရင်မှာ မြန်မာရာဇဝင်ကျမ်းများအရ သရေခေတ္တရာမင်းဆက်မှ ၂၅ ဆက်မြောက် သုမုန္ဒရီမင်းဖြစ်ပါသည်။ သုမုန္ဒရီမင်းသည် သာသနာသက္ကရာဇ် ၆၁၇ ခု (အေဒီ ၇၃)တွင် နန်းတက်ခဲ့သည်။ နန်းစံ(၇)နှစ်အရ သက္ကရာဇ် ၆၂၄ ခုနှစ် (အေဒီ ၈၀)တွင် သက္ကရာဇ်ဖြိုကိန်းရောက်၍ သိကြားမင်းက မဟာလွှကပုဏ္ဏားအယောင်ဆောင်ကာ ၆၂၂ ကို ဖြိုပြီး 'သက္ကရာဇ်ကို ဒွေး ၂ ခု'ဟု ကျောက်ဖျာထက်တွင် ရေးခဲ့သည် ဆိုပါသည်။ သုမုန္ဒရီမင်းသည်လည်း သက္ကရာဇ်ဖြိုသောနှစ်တွင် နတ်ရွာစံသွားပါသည်။

သုမုန္ဒရီမင်း သက္ကရာဇ်ဖြိုသည့်ကိန်းကို 'ဒေါဒေါရသ'ကိန်းဟု ခေါ်ဆိုကြသည်။ ဒေါဟူသော ဝေါဟာရသည် ဒွေးမှ ဆင်းသက်လာပြီး (၂)ဟု အဓိပ္ပာယ်ရ၏။ သို့ဖြစ်၍ ဒေါဒေါမှာ (၂၂)ဖြစ်ပါသည်။ ရသမှာ ဂဏန်းသင်္ချာအရ (၆)ဖြစ်ပါသည်။ သို့ဖြင့် ဒေါဒေါရသမှာ (၂၂၆)ဖြစ်လာသည်။ ရှေးခေတ် သင်္ချာကိန်းများမှာ ပြောင်းပြန်ကောက်ယူရလေ့ရှိရာ ဒေါဒေါရသကိန်းသည် (၆၂၂)ဖြစ်ပါ၏။ သက္ကရာဇ် ၆၂၄ ခုနှစ်အရောက်တွင် အကြွင်း(၂)သာထားပြီး (၆၂၂)ကို ဖယ်ရှားပစ်ခြင်းဖြစ်ပါသည်။

ပုဂံမင်းဆက် (၅၅)ဆက်၏ ၂၀ ဆက်မြောက် ပုပ္ပါးစောရဟန်းမင်း (၆၁၃–၆၄၀)လက်ထက် သက္ကရာဇ် ၅၆၂ ခုနှစ် (အေဒီ ၆၄၀)သို့ ရောက်သောအခါ သက္ကရာဇ်ဖြိုကိန်း ကြုံကြိုက်လာပြန်ပါသည်။ ပုပ္ပါးစောရဟန်းမင်း နန်းစံ ၂၇ နှစ်အရတွင် ခဆပဥ္စကိန်းအရ ၅၆၀ ကို ဖြိုကာ အကြွင်း ၂ မှ စတင်ရေတွက်ခြင်းဖြစ်ပါသည်။ တိုက်တိုက်ဆိုင်ဆိုင် ဆိုသကဲ့သို့ ယင်းနှစ်၌ပင် ပုပ္ပါးစောရဟန်းမင်း နတ်ရွာစံလွန်သွားခဲ့သည်။

ပုပ္ပါးစောရဟန်းမင်း သက္ကရာဇ်ဖြိုသည့် 'ခဆပဥ္စ'ကိန်း၏ အမည်အရှည်မှာ 'ခန်းဆပဉ္စာ'ဖြစ်သည် ဆိုပါသည်။ ခန်းသည် ခန်းခြောက်ခြင်းအဓိပ္ပာယ် '၀ (သုည)'ကို ရည်ညွှန်းခြင်းဖြစ်ပြီး၊ 'ဆ'မှာ ဆဋ္ဌ (၆)၊ ပဥ္စမှာ (၅) ဖြစ်ရာ (၀၆၅)ဟု အဓိပ္ပာယ်ရပါသည်။ ဂဏန်းသင်္ချာ ကိန်းစနစ်အရ ပြောင်းပြန်ယူလျှင် ၅၆၀ ဖြစ်ပါသည်။ သက္ကရာဇ် ၅၆၀ ပြည့်နှစ်သို့ အရောက်တွင် အကြွင်း ၂ ထား၍ ဆက်လက်ရေတွက်ခြင်း ဖြစ်သည်။ ထူးခြားသည့် တိုက်ဆိုင်မှုတစ်ရပ်အနေဖြင့် သက္ကရာဇ်ဖြိုခဲ့သည့် မင်းနှစ်ပါးစလုံးမှာ သက္ကရာဇ်ဖြိုသော နှစ်၌ပင် နတ်ရွာစံလွန်ခဲ့ကြပါသည်။

အင်းဝခေတ် မိုးညှင်းသတိုးမင်း (၁၄၂၆–၁၄၃၈) လက်ထက်တွင်လည်း သက္ကရာဇ်ဖြိုကိန်းနှင့် ကြုံလာပြန်ပါသည်။ ယခုတစ်ဖန် ကြုံကြိုက်လာသည့် သက္ကရာဇ်ဖြိုကိန်းမှာ 'ဗသျှူဆိဒြမုနိကိန်း' ဖြစ်သည်ဆိုပါသည်။ ဗသျှူ=၈၊ ဆိဒြ=၉၊ မုနိ=၇ ဖြစ်ရာ ပြောင်းပြန်ဆိုပါက ၇၉၈ ဖြစ်၍ သက္ကရာဇ် ၈၀၀ ပြည့်အရောက်တွင် ၇၉၈ ကိုဖြိုကာ အကြွင်း ၂ ဖြင့် ပြန်လည်ရေတွက်ခြင်း ဖြစ်ပါသည်။



www.burmeseclassic.com

www.burmeseclassic.com



**သက္ကရာဇ် ဖြိုသောမင်းများ အကြောင်း ဖော်ပြထားသည့် ဦးကုလား၏ မဟာရာဇဝင်ကြီး**

ယင်းသက္ကရာဇ်ဖြိုကိန်းသို့ မရောက်မှီမီ တစ်နှစ်အလို သက္ကရာဇ် ၇၉၉ ခု (ခရစ်နှစ် ၁၄၃၇ ခုနှစ်)ကပင် ပညာရှိအများက သက္ကရာဇ်ဖြိုရေးကိစ္စကို ဘုရင်မင်းမြတ်အား ကြိုတင်လျှောက်ထားခဲ့ကြသည်။ ဤအကြောင်းကို ဦးကုလား၏ မဟာရာဇဝင်ကြီး(ဒုတိယအုပ်)တွင် –

"သက္ကရာဇ် ၇၉၉ ခု၊ နယုန်လပြည့် (၁၈ မေ၊ ၁၄၃၇) ရတနာပူရသို့ ရောက်တော်မူသည်။ ရွှေနန်းတော်သို့ ရောက်တော်မူလျှင် ပြည်ထဲရေးအဖြာဖြာရှိသည်ကို ပိဋကတ်ဗေဒင်တတ်သော ဆရာတော်အပေါင်းနှင့် တိုင်ပင်တော်မူသော် စကြိုသူမြတ်၊ မင်းကျောင်းသူမြတ်တို့က ယခု သည် ဗသျှူဆိဒြမုနိကိန်းရောက်ပြီဖြစ်၍ မဖြိုချေသော် မသင့်လျောက်သည်ကို မိုးညှင်းမင်းတရားလည်း သက္ကရာဇ်ဖြိုကိန်းရောက်၍ မဖြိုသော် အပြစ်အတီသို့ ရှိသနည်းဟူ၍ မေးတော်မူ၏။ ပညာရှိတို့ကလည်း ဖြိုကိန်းရောက်၍ မဖြိုချေသော် ပြည်ရွာမငြိမ်မသက်၊ သတ္တဝါတို့ မချမ်းသာကုန်ဟူ၍ သင်္ကေတကျမ်းဆရာတို့ မှာကုန်သည်ဟူ၍ လျှောက်ကုန်၏။

ယင်းသောအခါ ရာဇသကြံလျှောက်သည်။သည်။ အထက်က သက္ကရာဇ်ဖြိုကုန်သော မင်းတို့သည် သက်တော်မရှည်ချေ။ ဖြိုသည့်နှစ်တွင်ပင် အနိစ္စရောက်တော်မူသည် ဟူ၍ လျှောက်၏။ မိုးညှင်းမင်းတရားလည်း ခပ်သိမ်းသောသတ္တဝါအပေါင်းတို့ ချမ်းသာခြင်းသို့ ရောက်မည်ကို သိမြင်လျက် ငါသို့သော မင်းသည် သေဘေးကို ကြောက်၍ ဖြိုကိန်းရောက်လျက် မဖြိုချေသော်ကမ္ဘာမကျေသရွေ့ ဥဒါန်းမော်ကွန်း ဖြစ်ရစ်လေတော့မည်ဟူ၍ မိန့်တော်မူပြီးလျှင် ပိဋကတ်၊ ဗေဒင်တတ်သော ပညာရှိအပေါင်းနှင့် တိုင်ပင်တော်မူ၍ သက္ကရာဇ် ၈၀၀ ပြည့်တွင် နှစ်ခုနုတ်၍ ၇၉၈ ကို ဖြိုပြီးလျှင် ဒွေး (အတို) ၂ ခုတည်းတည်၍ ထားတော်မူ၏။"

ဟု အသေးစိတ်ဖော်ပြထားသည်ကို တွေ့ရှိရပါသည်။ မိုးညှင်းသတိုးမှာလည်း ယင်းနှစ်၌ပင် နတ်ရွာစံလွန်သွားပါသည်။

ဤတွင် မိုးညှင်းသတိုး သက္ကရာဇ်ဖြိုခဲ့ခြင်းနှင့် ပတ်သက်၍ ဦးကုလား၏ ရာဇဝင်ကြီး၌သာမဟုတ်ဘဲ ကျောက်စာအထောက်အထားဖြင့်လည်း တိကျခိုင်မာစွာ တွေ့ရှိရပါသည်။ ပုဂံမြို့ ဝက်ကြီးအင်းကျောင်းတိုက်အတွင်း၌ တည်ရှိသည့် 'တက်နွယ်ကျောင်းကျောက်စာ'တွင် ရေးထိုးဖော်ပြထားခြင်း ဖြစ်ပါသည်။ တက်နွယ်ကျောင်းကျောက်စာတွင် မိုးညှင်းသတိုးက သက္ကရာဇ်ဖြိုပွဲ အခမ်းအနားလုပ်ဆောင်ခဲ့ပုံကို စာကြောင်းရေ (၁၂–၁၅)၌ ရေးထိုးဖော်ပြထား၏။

ယင်းအထောက်အထားအရ အဝမြို့(အင်းဝမြို့) တောင်ဘက် လဟာပြင်ငွေစင်စျေးအရပ်တွင် မဏ္ဍပ်ကြီးကို ဆောက်လုပ်ထားပြီး မင်းသား၊ မင်းသမီး၊ မင်းမြေး၊ မင်းဆွေမင်းမျိုး၊ ရဟန်း၊ ပုဏ္ဏား၊ မှူးမတ်ဗိုလ်ပါတို့နှင့် ထီးဖြူ ကနက္ကတန်ခင်းလျက် ရွှေ၊ ငွေ၊ ရတနာ၊ ဆင်၊ မြင်း၊ ခြေကျူးကျွန်၊ ကျွဲနွား၊ အဝတ်အစား၊ ဆန်စပါးတို့ကို ပေးကမ်းစွန့်ကြဲကာ သက္ကရာဇ် ၇၉၈ ကိုဖြို၍ သက္ကရာဇ်တို ၂ ခု ထားခဲ့သည်။

သက္ကရာဇ်ဖြိုခြင်း မှတ်တမ်းကို ကျောက်စာတွင် ရေးထိုးထားခြင်းကြောင့် သာ အထောက်အထား ခိုင်ခိုင်မာမာ တွေ့ရှိကြခြင်း ဖြစ်သည်။ မိုးညှင်းသတိုး ဖြိုသောနှစ်ကို ရသနှစ်ဟု ခေါ်ကြသည်။ တက်နွယ်ကျောင်းကျောက်စာ၌ မိုးညှင်းသတိုးဖြိုခဲ့သည့် သက္ကရာဇ်တိုဖြင့် ရေးထိုးထားပါသည်။ သို့သော် သက္ကရာဇ်တိုကို အများစုက ဆက်လက်သုံးစွဲခြင်း မပြုလုပ်ကြသဖြင့် မိုးညှင်းသတိုးဖြိုသော သက္ကရာဇ်ကို မဖြိုဟု ဆိုကြပါသည်။

ယခုလက်ရှိ သုံးစွဲနေသော မြန်မာသက္ကရာဇ်မှာ ပုပ္ပါးစောရဟန်းမင်းလက်ထက် အကြွင်း ၂ ထား၍ ရေတွက်ခဲ့သည့် သက္ကရာဇ်ဖြစ်ပါသည်။ ယခု မြန်မာသက္ကရာဇ် ၁၃၇၄ ခုနှစ်ဖြစ်ပြီး ခရစ်နှစ်မှာ ၂၀၁၂ ခုနှစ်ဖြစ်ပါသည်။ မြန်မာသက္ကရာဇ်ကို (၆၃၈)ပေါင်းလျှင် ခရစ်နှစ် ရပါသည်။ အကယ်၍ မိုးညှင်းသတိုးဖြိုသည့် သက္ကရာဇ်သာဖြိုခဲ့လျှင် ယခု မြန်မာသက္ကရာဇ် ၅၇၆ ခုနှစ်ဟူ၍ ဖြစ်နေပေလိမ့်မည်။

## တင်နိုင်တိုး

<u>ကျမ်းကိုး</u>

၁။ မဟာရာဇဝင်ကြီး (ပ) (ဒု) (ဦးကုလား)

၂။ တက်နွယ်ကျောင်း ကျောက်စာ လေ့လာချက် (ဒေါ်အုန်းကြည်)



www.burmeseclassic.com

www.burmeseclassic.com

# လူ့ဘဝနှင့် ကျန်းမာရေး

ဦးတိုး(တက္ကသိုလ်)

Reflexology-လက်နှိပ်ပညာနှင့် ကျန်းမာရေးကုထုံးသည် သင်၏ခြေဖဝါးများကို ပွတ်သပ်ပေးခြင်းဖြင့် ခန္ဓာကိုယ်အခြားအစိတ်အပိုင်းများကို သက်သာမှုရစေခြင်း ဖြစ်သည်။ တစ်နည်းအားဖြင့် အပြောင်းအလဲပြုလုပ်၍ စိတ်ချမ်းမြေ့အောင် ဆောင်ရွက်ပေးသော ကုထုံးတစ်မျိုးပင် ဖြစ်သည်။ လက်နှိပ်ပညာ၌ ခြေဖဝါးကုထုံးပြုလုပ်ပေးခြင်းမဟုတ်ဘဲ လက်ချောင်းများနှင့် လက်ဖဝါးများကို ဖျစ်ညှစ်နှိပ်နယ်၍ စိတ်သက်သာအောင် ပြုလုပ်ပေးခြင်းဖြစ်၍ Foot Reflexology ကို ခဏ ဘေးဖယ်ထားကာ Hand Reflexology အကြောင်းကို ဖော်ပြပေးမည် ဖြစ်ပါသည်။

ပထမဦးစွာ တင်ပြလိုသည်မှာ တင်းတင်းကျပ်ကျပ်နှိပ်နယ်ပေးရမည် ဖြစ်သော်လည်း လူသတ်သလိုမျိုး တအားဖျစ်ညှစ်ခြင်းကို ရှောင်ရှားစေလိုပါသည်။ သင်၏လက်မဖြင့် ငါးစက္ကန့်ခန့် ဖိပေးပြီး ပြန်လွှတ်၍ သုံးစက္ကန့်နားပါ။ နှစ်မိနစ်သုံးမိနစ်ခန့် ထိုသို့လုပ်ဆောင်ပေးပါ။ သင်ကိုယ်တိုင် လက်ကိုဖျစ်ညှစ်သည့် ကုထုံးကို ၁၀ မိနစ်ခန့် ပြုလုပ်ပေးရန် ဖြစ်ပါသည်။

အဆင့်(၁)-သင်၏ညာဘက်လက်မှ လက်ချောင်းများနှင့် လက်မထိပ်ကို ဖျစ်ညှစ်လိုက်ပါ။ လက်ချောင်းတစ်ခုချင်းစီကို ဖိညှစ်အားသည် တင်းမာနေရမည်။ သို့သော်လည်း နာကျင်စေခြင်း မရှိအောင် သတိပြုပါ။ စက္ကန့်အနည်းငယ်လောက်သာ လက်ချောင်းတစ်ခုချင်းစီကို လုပ်ပေးလျှင် လုံလောက်နေပါပြီ။ နောက်ထပ်တစ်ဖန် လက်ဝဲလက်သို့ နှိပ်ပေးရန် ဖြစ်ပါသည်။

အဆင့်(၂)-လက်ချောင်းထိပ်များ၏ ဘေးဘက်များကို ဖိညှစ်ပေးပါ။

အဆင့်(၃)-လက်ချောင်းကို ပြင်းပြင်းထန်ထန် ပွတ်ပေးပါ။

အဆင့်(၄)-ယခု လက်ချောင်းထိပ်များနှင့် အောက်ခြေများနှင့် လက်ချောင်းများ၏ ဘေးဘက်များကို ပိုမို၍ ပွတ်ပေးပါ။

အဆင့်(၅)-လက်ချောင်း ဆောင့်ဆွဲခြင်း၊ လက်မအပါအဝင် လက်ချောင်းတစ်ခုချင်းစီကို အမိအရဆုပ်ကိုင်၍ ခပ်တင်းတင်းဆောင့်ဆွဲပါ။

အဆင့်(၆)-သင်၏လက်ချောင်းများ အကြားရှိ နေရာများကို ဖျစ်ညှစ်ပြီးဆွဲပါ။

အဆင့်(၇)-သင်၏လက်ဖမိုးအပေါ်ပိုင်းထိပ်ကို လက်မဖြင့် ညင်သာစွာနှိပ်ပေးပါ။

အဆင့်(၈)-လက်ကောက်ဝတ်များ၏ အတွင်းပိုင်းကို ညင်သာစွာနှိပ်ပါ။

အဆင့်(၉)-သင်၏လက်ဖဝါးကို ခပ်တင်းတင်းနှိပ်ပေးပါ။

အဆင့်(၁၀)-လက်ဖဝါး၏အလယ်၌ သင်၏လက်မဖြင့် ခပ်နက်နက်ရောက်အောင် ဖိနှိပ်ပေးပါ။

ဤသို့ဆောင်ရွက်ပေးခြင်းဖြင့် သင်၏ဘဝတွင် ကျန်းမာရေး ပြည့်စုံလာနိုင်ပေသည်။

ဦးတိုး(တက္ကသိုလ်)

*Ref:* **Life of Health (16-1-KSA)**



www.burmeseclassic.com

www.burmeseclassic.com

# အဘဘိုးဘိုးအောင်၊ ဘိုးမင်းခေါင်နှင့် ထွက်ရပ်ပေါက်ပုဂ္ဂိုလ်များ၏

## ညွှန်ပြခေါင်မမှုရရှိပုံ

## ကျွန်ုပ်၏အတွေ့အကြုံများ

ဖိုးသန်းကျော်(ရေကြည်သား)

ယခင်အပတ်တွင် ဗိုထိုးနည်းများအတွက် ဓာတ်ပဋိသန္ဓေ၊ ဓာတ်နု၊ ဓာတ်ရင့်၊ ဓာတ်လတ်၊ ဓာတ်သေနှင့် ဓာတ်သေတွဲလုံးများကို ဖော်ပြခဲ့ပြီး ယခုတစ်ဖန် ဓာတ်လုံးထိုးရာတွင် ရွှေဖြစ်ငွေဖြစ် စသည်တို့အတွက် ပါရှိသည်ကို ဆက်လက်ဖော်ပြပါမည်။

(က) သွပ်

(၁) စစ်စီး ၅၊ ကလောဆံ ၅ ထန်းလျက် ၅၊ ရောဂါ ဤဆေးသုံးပါးကို အထက်အောက်နှံ၍ သွပ် ၁ ကို လုံပိတ်ပြီး ထိုးပါက ပြင်း၏။ ၎င်းအပြင်းကို ကျောက်ချဉ် ၁ (တစ်မတ်)၊ လက်ချား ၁ (တစ်မတ်)၊ ဆား ၁ (တင်မတ်)နှင့် ယမ်း ၈ (ရှစ်ပဲ)တို့ကို အားလုံးစု၍ အထက်အောက်နှံ၍ ၇ လုံထိုးပါက အခိုးငြိမ်း၏။

(၂) ကြေးနီ ၁၀ ဂွတ် ၆ ကြေးအရည်လည်အောင် ပထမထိုး၊ ထို့နောက် ဂွတ် ၆ ကို ကုန်အောင်ပေါက်၍ ထိုး၊ ဖွဲမီးထဲတွင် မီးနှပ်၍ တစ်နေကုန်အောင်ထားပါက ရလာသော ဓာတ်သားသည် ကျိုတ်ကျောဖြစ်၍၊ အမှုန့်ပြု၍ထားပါ။

သွပ်ဖြူ ၅ ကို အရည်ကျို၊ အရည်ဖြစ်ခမှာ အောက်သို့ချထား၍ ပြဒါး ငါးမူးသား (၅ျူး)ထည့်၍ အအေးခံပါ။ ထို့နောက် ဓာတ်မှုန့်ကို အပေါ်ကထည့်၍ လုံပိတ်ပြီး မီးသွေးတစ်စိတ်ခန့် ကုန်အောင် သဲထိပ်ခတ်၍ထိုး။ လုံထဲမှ အော်လာလိမ့်မည်။ အော်လာလျှင် လုံကိုမြှောက်ပေး။ မီးသွေး ၂ ပြည်ခန့်ကုန်အောင် ထိုး၍ ချထားပါ။ အေးသော် လုံကိုခွဲ၍ ယူပါက လုံဖင်မှာ သွပ်လုံးကိုရ၏။ အပေါ်မှ ဓာတ်ရင်းကိုတစ်ဖန်ယူ၍ထားပါ။ ၎င်းသွပ်သေကို ကြို၍ ဆီးနှစ်ခြောက်နှင့် မိုက်လုည့်ပြီးလျှင် ကျို၍ ဆီးနှစ်ရေမှာ ခုနစ်ကြိမ်လောင်းပါက ဝါ၍ သေ၏။



www.burmeseclassic.com

www.burmeseclassic.com

(၃) သွပ်ရွှေဝါလမ်း

သွပ်ရွှေဝါ ၃ိ သားကို အရည်ကျို၊ အရည်ဖြစ်လျှင် (i) ဆေးဒါန်း ၅ိ၊ ဆား ၅ိ၊ ရောထားသောဆေးကို ဟင်းသောက်ဇွန်းနှင့်ခပ်၍ ပေါက်ကာ ပေါက်ကာ ထိုးပါ။ ၎င်းဆေးကုန်လျှင် (ii) စိန်၊ ဆေး၊ ကန့်၊ ဟင်း ဓာတ်လေးပါးကို ၈ဲ (ရှစ်ပဲ) စီစု၍ ညက်စွာထောင်းပြီးလျှင် ကော်ဖီဇွန်းနှင့် ခပ်၍ ပေါက်ကာထိုး။ (iii) ကုန်လျှင် ဇဝက်သာ ၂ိ၊ ယမ်း ၂ိ၊ လက်ချား ၂ိ ထည့်၍ ထိုးပါ။ သွပ်ရွှေဝါရ၏။

**အထူးမှတ်ချက်** ။ ဓာတ်ပျော့ဆေး

ကျောက်ချဉ်၊ လက်ချား၊ ယမ်း၊ ဆား၊ ဇဝက်သာ အမျှစု၍ ၎င်းတို့၏ အလေး ပရုပ်ကဲပါ။ ၎င်းသေးများကို ချော်ချက်၍ လုံပိတ်ပြီးထိုး။ ဓာတ်ဟူသမျှ အပျော့ဆိုက်သော ဆေးဖြစ်၏။ ပျော့လျှင် သည်းခြေဟူသမျှ လောင်းပေးလေ။

(၄) ရွှေသတ်နည်း။ အထူးကောင်းလှ၏။

(က) အင်တွဲ၊ စိန်၊ လက်ချား၊ ကျောက်ချဉ်၊ ယမ်း၊ ဆား၊ ဇဝက်သာ၊ ခုနစ်ပါးသော ဆေးအမျှစုကို ဆေးစု အလေး ဒုတ္တာကဲပြီး ဆေးရှစ်ပါးအလေး ကန့်ကဲ၍ အမှုန့်ပြု၍ ညက်စေ။

(ခ) ထိုအမှုန့်ပြုထားသော ဆေးမှုန့်ကို မိမိတို့ထိုးလိုသော ရွှေကို လုံတွင်ထည့်၍ ဖြူးကာ ဖြူးကာ ထိုးပါက ရွှေသေ၏။

(ဂ) ရွှေသေ၏။ လက္ခဏာကား သပြေသီးအဆင်းနှင့် တူ၏။ နီညိုရောင်ဖြစ်၏။ ရွှေသေခဲ (တစ်ပဲသား)ကို ငွေ (ဘော်) ၁ိ သားမှာ ပစ်၍ ဖိုထိုးပါက ဓမ္မစ်ရ၏။ ဆိုလိုသည်မှာ ဘော်သည် ရွှေဖြစ်လာ၏။

(၅) မှတ်စရာ။ ဒန်နာသုတ၊ ရဇတ ခေါ်ဆို အင်္ဂလိပ်အလိုတွင် ဒန်ကို ကြေး၊ နာကခဲ၊ သုတမှာ ပြဒါး၊ ရဇတမှာ ဘော်ဟု ထင်သည်။

(၆) ရွှေဖြစ်လမ်း ထပ်ပြောဦးမည်။

(က) လင်းတသည်းခြေတစ်လုံး၊ ဆိပ်သည်းခြေတစ်လုံး၊ စိန်နီမြင်းသွား ၁ိ၊ ၎င်း ၃ ပါး သံပရာရည်နှင့် ကြိတ်၍ နေလှန်းထား။ ကြေးနီတစ်ပိဿာ အရည်ကျိုထားသော အထဲသို့ ထိုဆေးအကုန်ဖြစ်ပါက သုဝဏ္ဏရွှေဖြစ်၏။

(ခ) နာ ၅ံ (ငါးမတ်)သား၊ ပြဒါးတစ်မူး (၂ သား) ထည့်၊ လက်ချား ၁ိ သားထည့်ပြီး ချောရည်ဖြစ်အောင် ထိုးပြီးလျှင် ရေနံမှာ (၁၃)မီးလောင်းပါက နုဏီရွှေဖြစ်၏။

(ဂ) ဘော်ရွှေဓာတ်လုံး

ဘော် ၁ံ (တစ်မတ်)၊ ဘင် ၁ံ (တစ်မတ်)၊ ဂျုတ် ၁ံ (တစ်မတ်)၊ ရွှေ ၁ံ (တစ်မတ်)၊ ၎င်းဓာတ်လေးပါးကို လုံပိတ်၍ ၁ံ (တစ်မတ်)တင်အောင် ထိုးလေ။ ၎င်းဓာတ် ၁ံ (တစ်မတ်)တင်လျှင် ရွှေ ၁ျူး ကျွေးပါက ပြာအန်၏။ ၎င်းပြာလေးရွေးကို ဘော် ၁ပိ သားမှာ ပစ်၊ သုဝဏ္ဏ (ရွှေ)ဖြစ်၏။

(ဃ) ဆေးဒါန်းသတ္တု ဖြူး(ခြောက်မူး)၊ ရွှေပရပိုက်ခေါက် ၃ျူး (သုံးမူး)၊ ဆီးဖြူကန့် ၄ျူး(လေးမူး)ကို လုံပိတ်ချော်သိပ်၍ သုံးလုံထိုးလေ။ ပြာကျ၏။ ၎င်းပြာတစ်ရွေးကို ဘော် ၁၀ မှာ အရည်ကျို၍ ပစ်၊ သုဝဏ္ဏရွှေဖြစ်၏။

(ဇ) ငွေ'ဘော်လုပ်နည်း' (စိန်၊ ဆေး၊ ကန့်၊ ဟင်း)

စိန်နီ၊ ကန့်၊ ဆေးဒါန်း၊ ဟင်းရိုင်း လေးမျိုးကို တစ်မျိုးလျှင် ၈ဲ စီ စု၍ ပျားရည်နှင့် ညက်စွာကြိတ်၍ ဘော် ၁ိ သားမှာ အထက်အောက်နီး၍ ဖွဲတစ်တင်းမှာ ပထမဖုတ်ပါ။ ၁၀ ကြိမ်ဖုတ်ပါက ဘော်ပြာကျ၏။ ထိုပြာကို ဒါန်း၊ ဘင်မှာ ပစ်သော် အဖြူလမ်းဘော်(ငွေ) ဖြစ်၏။

နောက်တစ်နည်း ...

ဘော်ဇင် ၁ိ တစ်ဖင်စာချ၊ ပြဒါး ၁ိ နှင့် ခဲအောင်ကြိတ်။ ထို့နောက် ဆေးဒါန်း ရွှေဝါ ၂ိ–၈ဲ ထည့်၍ ကြိတ်။ ထို့နောက်တစ်ဖန် ဟင်းရိုင်း ၂ိ–၈ဲ ထည့်၍ ကြိတ်ပြီးလျှင် ဖန်ဘူးဆို့၊ ရေမွှေးပုလင်းတွင်ထည့်၍ ဖော်သုံးသစ်ခန့် ဘေးပတ်လည် ဖင်ပိတ်ပါ။ မကျန် ဖော်မံ၍ ပထမ ဖွဲ ၁၀ တင်းနှင့် ဖုတ်ပါ၊ ပြာကျ၏။

ထိုရသောပြာကို ကြေးမှ ပစ်၊ ငွေဓမ္မစစ်ရ၏။

ဖော်ပြချက် ရေမွှေးပုလင်း ရှစ်မျက်နှာပတ်လည်ကို လက်သုံးသစ်ခန့် သရွတ်ကိုင်၊ ဖော်မံ၍ ဖွဲတစ်တင်းနှင့် မီးစိုက်ပါ။ ဖွဲတင်း ၃၀ ကုန်အောင် မီးစိုက်ရမည်၊ ဖွဲဆယ်တင်းကုန်လျှင် ပုလင်းတစ်လုံး ထပ်၍လဲပေးပါ။ ဖွဲ ၃၀ တင်း ကုန်လျှင် ပြာကျ၏။ ကြေးမှာပစ်၊ ကြေးတစ်ဆယ်သားတွင် ငွေဒင်္ဂါး ၃၀ ထည့်ပါ၊ အဖြူလမ်း။

ယခု သုံးကြသည့် သတ္တုရေဖလား ဆင်တံဆိပ်ခွက်၌ စင်ကြယ်သော ပြဒါး ၁ိ(တစ်ကျပ်)ကို ထည့်၍ နေပူတွင်ထား။ ၎င်းပြဒါးသည် နခမ်းတက်၍ ပြာဖြစ်လိမ့်မည်။ ၎င်းပြာကို ကြေးမှာပစ်သော် ဘော်ငွေဖြစ်၏။

(၈) ဓာတ်လေးပါးဂုဏ်ရည်

ဘော်၊ ဂျုတ်၊ သွပ်၊ ပြဒါး၊ ထည့်လေးပါ။ ဆေးဒါန်း၊ ဒုတ္တာ၊ ဇဝက်သာ၊ ဆပ်ပြာ၊ ယမ်းစိမ်း၊ ဆား၊ ညက်ညက်ကြိတ်ပါ။ သံပရာမှန်ပါ ဆေးမြောက်ပါ။ ဖွဲ ၃ တင်းမှာ ဖုတ်သောအခါ ပမာထုံးကျောက်လား၊ ကိုးဆယ့်ခြောက်ဖြာ ဝေဒနာ၊ သကာပျားနှင့်စား။ အဆင်းအင်္ဂါ သဏ္ဌာန်မှာ ဒေဝါမိုးသကြား။ ခုန်လွှားကျော်ပျံ အာကာယံ ဆဒ္ဒန်ဆင် ဆယ်အား၊ မဟုတ်မမှန်ဆိုထားပြန်၊ ပယ်ခံရစေသား တဲ့ဗျာ။



www.burmeseclassic.com

www.burmeseclassic.com

လုပ်နည်းလုပ်ဟန် လက်တွေ့ပြာချနည်း

ဘော် ၁၊ ဂျွတ် ၁၊ သွပ်ဖြူ ၁၊ ပြဒါး ၁ တို့တွင် ဘော်နှင့် ဂျွတ်ကို ရှေးဦးစွာတွဲပြီးမှ သွပ်နှင့် ပြဒါးကို မီးအေးအေးမှာ တွဲပါ။

တွဲပုံမှာ သွပ်ကို အရည်လုပ်အောင် ကျိုပြီးလျှင် ချထားပါဦး။ ပြဒါးကို ပြာပူမှာ လုံထဲထည့်၍ထား။ ကျို၍ထားသော သွပ်ကို ဝါးခြမ်းစိမ်းငယ်ငယ်နှင့် စိုက်ကြည့်ပါ။ ဝါးခြမ်းစိမ်းမှာ မည်း၍ ကျွမ်းသေးလျှင် အသာထားဦး။ ဆိုနေလျှင် တစ်ဖန် ဝါးခြမ်းစိမ်းစိုက်၍ ဝါးခြမ်းစမှာ မကျွမ်းဘဲ နီရုံသာရှိလျှင် ပြာပူတွင်ထားသော လုံထဲမှ ပြဒါးကို သွပ်ရည်ထဲသို့ လောင်းချလိုက်ပါ။ အားလုံး ခွပ်ခနဲဝင်သွားသိမ့်မည်။ အလေးချိန်ကြည့်ပါ။ မလျော့စေရပါ။

ဤကဲ့သို့ ၂ ပါးတွဲပြီး သားဓာတ် ၄ ပါးကို ရော၍ သံဆုံတွင် ထောင်းပြီး အမှုန့်နုစေပါ။ ပျားရည်နှင့် တစ်ဖန် ညက်စွာကြိတ်ပြီးမှ နေသွေ့အောင်လှန်းပါ။ မှိုင်းခံစက္ကူနှင့် ခပ်ပါးပါး သေချာစွာ စက္ကူစသေးသပ်အောင် ချည်မျှင်နှင့် ရစ်ပတ်ပြီးမှ မန်ဆေး ၆ ပါးတို့တွင်

(i) ဆေးဒါန်း ၁ ကို သံပုရာရည်နှင့် ကြိတ်၍ ဆေးဒါန်းပေးကာမံ။

(ii) နောက်ကျန်သော ဇဝက်သာ၊ ဆပ်ပြာ၊ ယမ်းစိမ်း၊ ဆား၊ ၁ စီကို ရှေ့နည်းအတိုင်း ရော၍ကြိတ်ပြီးလျှင် ဒုတ္ထာပေါ်က ထပ်၍ ညီညွတ်အောင်မံ။

(iii) မှိုင်းခံစက္ကူ နှစ်ထပ်နှင့် ပတ်၍ ချည်မျှင်နှင့် ကောင်းစွာစည်းပြီးလျှင်

(iv) နောက်ဆုံးမှ မြေနီနှင့် ဇော်ဂျီသုံးထပ်မံပါ။ မြေနီမရလျှင် မီးကော်လုပ်ပါ၊ မံပါ။ မီးကော်လုပ်နည်းမှာကား ငှက်ပျောသီးပျော့ပျော့ကို ပြာနုနုနှင့် နယ်၍ ကြိတ်ပြီးမှ ထစ်လက်ခထုခန့်သာ ထူစေ၍ သပ်သပ်ရပ်ရပ် ဖြစ်စေရမည်။

အထူးသတိပြုရန်မှာ ဓာတ်သား ၄ ကျပ်သားဖြစ်၍ ၄ သားတင်မှ အကျိုးသာ၍ ရှိမည်ဖြစ်သောကြောင့် ဖွဲ ၃ တင်းဆိုသော်လည်း တစ်ခါတည်း ၃ တင်းကုန်အောင် မဖုတ်ရပါ။ ပထမတွင် တစ်ပြည်က စ၍ ဖုတ်ရမည်။

ဖုတ်ပုံဖုတ်နည်းမှာ မြေကျင်းကို ဇလားပုံ အဝကျယ်ကျယ်တူး၍ ဖွဲတစ်ခွက်ထည့်၍ မီးရှို့ပါ။ ၎င်းဖွဲခေါင်းဖြူလျှင် ဆေးထုပ်ကိုထည့်၍ အပေါ်က ဖွဲတစ်ခွက်ထပ်၍အုပ်ပြီး မီးရှို့ပါ။ ၎င်းတစ်ပြည်ကုန်မှ ဖွဲ ၂ ပြည် ၂ ပြည် နှစ်ကြိမ်။ ထို့နောက် ၄ ပြည် ၄ ပြည် နှစ်ကြိမ် ကုန်ပြီးမှ ၈ ပြည် ၈ ပြည် ထည့်ပါ။ ကုန်မှ ဖွဲတစ်တင်း တစ်တင်းထည့်၍ ဖုတ်ရမည်။ ဤကဲ့သို့ ဖုတ်ပြီးသော် ရသောဆေးထုပ်ထဲက ပြာကို သေမသေ စမ်းသပ်ရမည်။

ဓာတ်ပြာသေမသေ စမ်းနည်း

(က) သံပြားကို မီးရဲအောင်ဖုတ်ပြီး ထိုသံပြားပေါ်တွင် ပြာကို အနည်းငယ်ထည့်စမ်းပါ။ အခိုးထ၍ ထွက်လျှင် ၎င်းအရည်ဖြစ်လျှင် ၎င်းပြာမသေသေးဟု သိပါ။

(ခ) နောက်ထပ် ၂ ပြည်၊ ၂ ပြည်ကစ၍ ဖုတ်လေဦး။ ဓာတ်ပြာသေလျှင် ပြာအတိုင်း သံပြားပေါ်မှာ ကျန်ခဲ့ရမည်။ ပြာအတိုင်းကျန်သော် ပြာသေရမည်ဖြစ်၏။

(ဂ) ဓာတ်ပြာမသေလျှင် စားသုံးမိပါက ဥပဒ်ဖြစ်နိုင်သည်။

(ဃ) ဓာတ်ပြာသေလျှင် ရွှေ ငွေ ဖြစ်နိုင်သည်ကို သတိပြုပါ။

(င) ရွှေ ငွေ ဖြစ်သည်ဆိုရာမှာလည်း ရုပ်ကြမ်းက ရုပ်နုကို ပြောင်းခြင်းဖြစ်သည်။ လူများမှာလည်း အိုသောရုပ်က ပျိုသောရုပ်သို့ ပြောင်းခြင်း၊ မကျန်းမာသောရုပ်က ကျန်းမာသောရုပ်သို့ ပြောင်းခြင်းမှာလည်း ယုံမှားဖွယ်မရှိရာ။ ထိုနည်းအတိုင်း တိုးတက်၍ ကြံတတ်လျှင် အမှန်ပင် ရွှေ ငွေ ဖြစ်သောဟူ၏။

(စ) ၎င်းဓာတ်ပြာ ၁၂ ဆင့်တက်လိုသော် ၎င်းဓာတ် ၄ ပါး ၁ သားမှ ၄ သား ဓာတ်ရင်းအတိုင်း တက်နိုင်၏။ ဓာတ်ရင်းထက် ပို၍မတက်နိုင်ပါ။ နောက်ထပ်တက်လိုသော် ဓာတ်ရင်းအတိုင်း ဖော်စပ်ပြီး ၁ မှ ၂၊ ၂ မှ ၄ အထိ လုံမှာထည့်ပြီး ဖွဲ ၃ တင်းနှင့် ရှေ့နည်းအတိုင်း တက်ပါ။ ၁၂ ဆင့်အထိ တက်နိုင်သည်။

အထူးသတိပြုပါ။

(i) လက်ဝဲလမ်းတက်လိုသော် 'ဘော်' ထည့်ပါ။

(ii) လက်ျာလမ်းတက်လိုသော် 'ကိတ်' ထည့်ပါ။

(ဇ) ရွှေဘိုသံလမ်း

သံနုနုကောင်းကောင်းရလျှင် ရှားစောင်းကြီးကို ပြာချ၍ ဆားချက်၊ ၎င်းဆားနှင့် သံ ၁၊ ဆား ၁ ရော၍ လုံပိတ်ပြီး မီးသွေး ၅ ပြည် ကုန်အောင်ထိုးပါ။ ဤကဲ့သို့ 'ဂ' လုံးကျအောင် ထိုးပါက နေ့ပန်း ညပန်း ငြိမ်း၏။ ၎င်းသံကို ကြိတ်လျှင် ကြေ၏။ အဆင်းဖြူ၏။ ၎င်းသံကို အလင်းကျို၍ နွမ်းဆီမှာ မီးပေါင်း ၅၀ ခံရည်လောင်း။ (က) မီးပေါင်း ၃၀ ကျလျှင် ခေါင်ရမ်းပွင့်အဆင်းရှိ၏။ ကာယသိဒ္ဓိမြောက်၏။ (ခ) ၎င်းသံကို သုဘာလေးတူသွင်း မီးကစားပါ။

ပြာရိုက်လိုသော် (က) လိပ်စရွေးအမြစ်၊ (ခ) ရေးဖြူအဆံ၊ (ဂ) ဒေါက်ရက်ခေါက်၊ (ဃ) ဒုန်းမြစ်၊ (င) ကြက်ဟင်းခါးအဆံ၊ (စ) ရှောက်သီးအဆံ၊ (ဆ) ကလောအဆံ၊ (ဇ) သခေါ်ဘိုအမွေး။ ၎င်းဆေးရှစ်ပါးကို ပျားရည်နှင့် စော၍ထားပါ။

ရပြီးသား ဓာတ်သားတစ်ဆနှင့် ဆေးနှစ်ဆကို လုံထဲထည့်၍ ဖော် ၃ ထပ်



www.burmeseclassic.com

www.burmeseclassic.com

မံ၍ ဖွဲ့တစ်တင်းနှင့် မီးတိုက်၊ ပြာကျ၏။

(i) ၎င်းပြာ ကွမ်းရိုးတစ်ရိုးနှင့် နာ တစ်ပိဿာမှာတို့။ ငွေခမ္မစစ်(ဘော်)ဖြစ်၏။

(ii) သစ်သီးပွဲမှာ သုတ်ပေးလျှင် ပြန်၍ စိမ်း၏။

(iii) သိဒ္ဓိလိုသော် နှမ်းဆီမှာ မီးပေါင်း ၅၀ လောင်း။ ထောပတ်မှာ မီးပေါင်း ၃၀ လောင်း၊ ချော်ဝါ၏။

(iv) ဘော်ကို လုံကချင်း၊ နှရဏီ ရေအဖြစ်၏။ ပျားရည်မှာ စိမ်၍သောက်ပါက ပထဝီသိဒ္ဓိမြောက်၏။

(v) ထောပတ်၊ ဝက်ဂျီ၊ နှမ်းဆီ အဆီ ၃ ပါးပေါင်း၍ ၂၁ မီးလောင်း၊ ချော်ဖြူ၏။ ဥဒကသိဒ္ဓိမြောက်၏။

(vi) ဆေးဥတစ်လုံး အဝါ၊ ဂမုံးရွှေဝါ၊ ၎င်း ၂ ပါးနှင့်ခံပြီးလျှင် ဥသျှစ်သီးတွင် သွင်း၍ ဖော်သုံးထပ်မံ ဖွဲ့ ၃ တင်းနှင့် မီးဖုတ်သော် သောကြာကြယ်ကဲ့သို့ အရောင်အဆင်းရှိ၏။ အပပ္ပိန္နရောက်၏။ လူကိုဆောင်နိုင်၏။ ၎င်းပေါ်ဓာတ်လုံးဖြစ်၍ အသက်ရောက်၏။ ကြိုးပေါ်၏။ သိဒ္ဓိ အပေါင်းနှင့် ပြည့်စုံ၏။ (ရွှေဘိုလမ်းပြီး)

(၁၀) ပြဒါးဓာတ်သေဖမ်းနည်း (ထွက်ရပ်ပေါက် ဆရာကြီးဦးအေး ချီးမြှင့်သောနည်း)

ဆရာကြီးဦးအေးမှာ အငြိမ်းစား အလကကျောင်းအုပ်ဆရာကြီး ဖြစ်၏။ မူလက အထကကျောင်းအုပ်ကြီး ဖြစ်ခဲ့ပြီး မိသားစုနှင့် ဝေးလံသော နယ်စပ်မြို့တွင် နေရသဖြင့် အလကကျောင်းအုပ်အဖြစ် လျှောက်ထားကာ ဒေါပုံကျောင်း အလကကျောင်းအုပ်အဖြစ်နှင့် အငြိမ်းစားယူပြီးမှ အထက–၅ ဗိုလ်တထောင် လူငယ်ရေးရာညကျောင်း ဆရာဦးသိန်းအေးနှင့် ပတ်သက်၍ ရင်းနှီးရသော ဆရာကြီးဖြစ်၏။

ဆရာကြီးသည် ကျောင်းဆရာလည်းဖြစ်၏။ စိတ်ထားလည်း ကောင်း၏။ ရိုးသား၏။ ကျွန်ုပ်သည် ဆရာကြီး ဖိုထိုးခြင်းကိစ္စ လိုအပ်သော မီးသွေးစသည်ကို လှူခဲ့၏။ စားဖွယ်သောက်ဖွယ်များ ပေးကမ်းလှူဒါန်းခဲ့၏။ နောက်ပိုင်းတွင် စိတ်ချ၍ ကျွန်ုပ်ကို ပေးခဲ့သောနည်းလည်း ဖြစ်၏။ အမှန်တကယ်ပင် ရွှေဖြစ်ခဲ့လေသည်။

ဆရာကြီးပေးခဲ့သော အနှစ်ချုပ်ကို နောင်လူများနှင့် စိတ်ဝင်စားသူများ နည်းမှန်အောင် လုပ်နိုင်က အောင်မြင်မည်ဖြစ်၏။ သို့သော် လောဘအားကြီးမှုကို ရှောင်ရမည်။ သူ့ကိုတိုင်တည်၍ အားထုတ်ပါက၊ လေးလေးစားစားပြုပါ။ ထွက်ရပ်ပေါက်ပုဂ္ဂိုလ်လည်းဖြစ်၏။ မဟာဒွိ အစည်းအဝေးတိုင်းတွင် ထိပ်တန်းစာရင်းမှာ နေခွင့်ရသူဖြစ်၏။

## ဆရာကြီးဦးအေး ညွှန်ပြချက်

(၁) ဂဠုန်ကုတ်သတ် နဂါးရပ်၊

(၂) ဂဠုန်ပျံကြွ နဂါးအသေရ

(၁) ဂဠုန်ကုတ်သတ် နဂါးရပ်တွင် ဂဠုန်ခဲ ၅ ကျပ်သားကို အရည်ဖျော် (မီးဖြင့်) လုံထဲမှာ ဖျော်၍ ပျော်လျှင် ပြဒါး (နဂါး) ၅ သားကိုထည့်ပါ။ နည်းမှန်ပါက စုပ်ခနဲ ဝင်သွားမည်။

ယင်းသို့ ဝင်သွားပါက သံဆုံထဲသို့ လောင်းချပါ။ အအေးခံ၍ ခဲသွားပါက လုံဖွင့်၍ အပူပေး၊ အရည်ပျော်ရုံမျှသာ။ အရည်ပျော်လျှင် သံဆုံထဲ လောင်းထည့်၊ အအေးခံ၊ ထိုနည်းဖြင့် ၁၀၈ ကြိမ်တိုင်တိုင် လုပ်ရမည်။ ယင်းသို့ ပြုလုပ်ခြင်းကို ဂဠုန်ကုတ်သတ်၊ နဂါးရပ်ခေါ်၏။

(၂) ဂဠုန်ပျံကြွ နဂါးအသေရ

(က) တြိကဋုတ် သုံးပါး၊ ငရုတ်ကောင်း၊ ပိတ်ချင်း၊ ဂျင်း တစ်ကျပ်သားစီ အမှုန့်ထောင်း။ (ခ) ဆေးရွက်ကြီးတစ်ရွက်၊ (ဂ) ကွမ်းရွက်ကြီးတစ်ရွက်ဖြင့် ငါးမျိုးကို ရောထောင်းပြီး ဂဠုန်ကုဘ်း ဘ် ထားသော နဂါးရပ်ကို လုံထဲထည့်ပြီး အပေါ်မှ ထိုထောင်းထားသောဆေးရော၍ လုံကို ဖော်မံပြီး ခြောက်စေပါ။

ခြောက်သောအခါ ဖိုတိုက်ထဲမှာ လုံကိုထည့်၍ သဲဖုံးပါ။ သဲပေါ်က မီးသွေးထည့်ပါ။ မိနစ် ၄၀ ခန့် မီးဖြင့် ဖြည်းဖြည်းချင်းထိုးပါ။ နောက်တွင် မီးပြင်းတိုက်ပါ။ ထိုအခါ အအေးခံကြည့်လျှင် (၁) ပြဒါးသေမှာ ဖြူဝင်းပြီး လုံ၏အောက်ခြေဘက်မှာရှိနေမည့် ဓာတ်သေနဂါးရမည်။

ဂဠုန်ခဲမှာ ပျံကြွ အပေါ်ကရမည်။ ထောင်းဆေးမှာ အပေါ်ဆုံးမှာ ရှိနေမည်။ မီးဘယ်လောက်ပြင်းပြင်း ပြာမကျ။ အရည်မပျော်ပါ။ ထိုသို့ ဖြူဝင်းနေသော နဂါးအသေ ပြဒါးသေရမည်။ ပြဒါးသေအစစ်ဖြစ်၏။

(၃) ရွှေဓာတ်လုံး

ဆေးဒါန်း ပြဒါး တစ်မူး၊ ပြဒါးသေတစ်မူး၊ အခေါက်ရွှေတစ်မတ်၊ ထိုသုံးမျိုးကို ပေါင်း၍ လုံထဲထည့်ပြီး ထိုးပါက ရွှေဓာတ်လုံးရမည်။

(၄) ရွှေလုပ်နည်း

(က) လုံထဲမှာ ရွှေဓာတ်လုံး ထည့်ထိုးပါ။ သိဒ္ဓိပြီးသော လုံခွံရမည်။

(ခ) ထိုလုံမှာ ရွှေဓာတ်လုံးထည့်ပြီး အပေါ်က ပြဒါးသေတစ်မူးသား တင်၍ ထိုး။ ငရဲမီးခံသော ရွှေတစ်မူးသားရမည်။

(ဂ) ထိုနည်းအတိုင်း ဆက်၍လုပ်လေ။ ပဒေသာပင် စိုက်တာမည်၏။

အောင်မြင်လိုက ဆရာကြီးဦးအေးကို ပွဲထိုးပူဇော်ပြီး နည်းခံပါ။ အဘဘိုးမင်းခေါင်၏ လက်ရင်းတပည့်ကြီးလည်းဖြစ်၏။ ကြွလည်း ကြွမည်။ ပညာဖော်ထုတ်လို၍သာ ဖော်ပြလိုက်ရပါသည်။ မည်သူမျှ မပေးရဟု မှာခဲ့၏။

မေတ္တာ၊ သစ္စာ၊ သည်းခံ


**ဖိုးသန်းကျော်(ရေကြည်သား)**



www.burmeseclassic.com

www.burmeseclassic.com




www.burmeseclassic.com

www.burmeseclassic.com



www.burmeseclassic.com

www.burmeseclassic.com

# လူထဲကဘဝ ဘဝထဲကလူ

## ၆၂

ယခင်လမှအဆက်

BURMESE CLASSIC .com

### စိတ်က ရုပ်ကို စေစားနိုင်သည်

"ကျွန်ုတော်တို့ ကုတယ်ဆိုတာ တကယ်တော့ ရုပ်ကို ရုပ်နဲ့ပဲ ကုစားနိုင်တာပါဗျာ။ စိတ်ကို တိုက်ရိုက်ကုနိုင်တာ မဟုတ်ပါဘူး"

အထက်ပါစကားမှာ စိတ်ရောဂါအထူးကုဆရာဝန်ကြီး တစ်ဦး ပြောခဲ့ဖူးသော စကားဖြစ်ပါ၏။ ကျွန်ုပ်တို့ သင်ယူရရှိထားခဲ့ဖူးသော "**မေတ္တာကုထုံး**"မှာ စိတ်က စိတ်ကို အကြံပြုရင်း ရုပ်ကိုပါ ပြုပြင်သွားနိုင်သော ကုထုံးတစ်မျိုး ဖြစ်ပါ၏။ သို့ဖြစ်၍ လွန်စွာ စိတ်ဝင်စားဖွယ်ရာ ကောင်း၏။ ကျွန်ုပ်သည် ထိုပညာရပ်ဖြင့် အသက်လေးဆယ်ကျော် အရွယ်ကတည်းက လူများ၏ ဝေဒနာအမျိုးမျိုးကို ကုသပေးခဲ့ဖူး၏။ ကံကောင်းထောက်မသဖြင့် ဝင့်နှာကံနာဝေဒနာရှင်များနှင့် မတွေ့ရဘဲ အနိုက်အလုည့်မသင့်၍ ဝေဒနာခံစားရသူများသာ တွေ့ခဲ့ရလေရာ ပျောက်ကင်းကြသူများလေ၏။

စိတ်ရောဂါအထူးကုဆရာဝန်ကြီးပြောသော ရုပ်ကို ရုပ်နဲ့ပဲ ကုစားတာပါဟု ဆိုရာတွင် စိတ်ဝေဒနာရှင်များကိုပင် ရုပ်ကိုပြုပြင်ထုတ်လုပ်ထားသည့် သောက်ဆေးများဖြင့်ပင် ကုသခြင်းကို ဆိုလိုပါ၏။ သောက်ဆေးများသည် ကမ္ဘာသုံးဆေးများ ဖြစ်၍ ကောင်းမွန်ကောင်း ကောင်းမွန်ပါလိမ့်မည်။ သို့သော် စိတ်ရောဂါကို လုံးဝဥသုံပျောက်ကင်းအောင် ကုသနိုင်ခြင်းမရှိသည်က များပါ၏။

ကျွန်ုပ်၏ တူတော်မောင်တစ်ယောက်ဆိုလျှင် လွန်ခဲ့သည့် ဆယ့်ငါးနှစ်ခန့်က စိတ်ဝေဒနာဖြစ်ခဲ့ရာ ယခုအချိန်ထိ ရှင်းရှင်းပျောက်ကင်းသွားသည် မရှိဘဲ သက်သာရုံမျှသာ ရှိ၏။ နေ့စဉ် စားဆေးများ စားနေရ၏။ ထိုစားဆေးများထဲတွင် အိပ်ဆေးများလည်းပါ၏။ ရံဖန်ရံခါတွင် အိပ်ဆေးသောက်အိပ်သည့်တိုင် အိပ်မပျော်ဘဲ ရှိလေရာ "ဆေးကြောင့်လေး"ဟူသော စကားကဲ့သို့ နောက်နေ့တွင် မူးယစ်ဆေးသုံးစွဲထားသူကဲ့သို့ ထုံထုံထိုင်းထိုင်း လေးလေးပင်ပင် ရှိနေခဲ့၏။ ထိုကဲ့သို့ ရက်များ များပြားခဲ့ရာ သူ့ပုံစံသည် အရက်ဖောဖောသူကဲ့သို့ပင် အသားအရေပွစိစိ ဖြစ်နေရှာ၏။

သို့သော် မည်သို့မျှ မတတ်နိုင်။ မိုဝဲလက်စနှင့် ခေတ်ပေါ်ဆေးများကိုပင် မှီဝဲနေရရှာ၏။ ကျွန်ုပ်သင်ယူရရှိထားသော မေတ္တာကုထုံးမှာ အကုအသခံယူသူ၏ ယုံကြည်မှုသည် အဓိကကျပါ၏။ ကာယကံရှင်လူနာက ယုံကြည်မှု ၆၀% ကိုအပ်ပြီး ကုသပေးသူဆရာက ၄၀% သာ တော်တည့်မှန်ကန်ရန် လိုသည်ဟု ဆိုထုံးရှိ၏။ ကုသခံယူမည့်သူ အထူးသဖြင့် လူနာရှင်များ၏ ယုံကြည်ထက်သန်စွာ ကုသပေးစေလိုမှု စေတနာဇောကြီးမားရန်လို၏။ ကုသပေးမည့် ဆရာက ရေလာမြောင်းပေး လုပ်ပေးရုံသာ ရနိုင်ပြီး ကုသခံသူများထက် ပို၍ တက်ကြွယုံကြည်စွာ ခံယူရန် အသင့်ရှိရမည်ဖြစ်၏။ လိုလိုချင်ချင် ရှိရမည်ဖြစ်၏။

**လင်းကျော်တင်**



www.burmeseclassic.com

www.burmeseclassic.com

**နှစ်နှစ်သမီးကတည်းက အကြောညပ်ဝေဒနာရှိခဲ့သူ**

နှစ်နှစ်သမီးအရွယ် ငယ်ငယ်က ဖျားနာ၍ ဆေးခန်းပြခဲ့ရလေရာ အခန့်မသင့်သဖြင့် ဆေးထိုးရာမှ တင်သားနေရာတွင် အကြောညပ်သွားခဲ့သည့် မိန်းကလေးငယ်တစ်ဦး ရှိခဲ့၏။ ငယ်စဉ်က သူမ၏ မိဘများသည် စားဝတ်နေရေးအတွက် ရုန်းကန်နေရရာ ကလေးမလေး၏ အကြောညပ်ဝေဒနာကို ပျောက်ကင်းချမ်းသာသွားအောင် မကုသနိုင်ခဲ့ကြပေ။ သို့ဖြစ်၍ ထိုအကြောညပ်ဝေဒနာကို မွေးထားသလို ဖြစ်ကာ တဖြည်းဖြည်းဆိုးရွားလာခဲ့၏။ ခြေထောက်တစ်ဖက် ထော့ကျိုးထော့ကျိုးဖြင့်သွားလာခဲ့ရာမှ အပျိုအရွယ်ရောက်သည်အထိ ကြီးပြင်းလာခဲ့ရ၏။

အသက်နှစ်ဆယ်ကျော်သောအခါ လမ်းလျှောက်ရာတွင် ထော့ကျိုးထော့ကျိုးသာမက ကော့လန်ကော့လန်ဖြင့် မြင်၍ရှု၍မကောင်းအောင် ရှိခဲ့ရ၏။ ကလေးမလေးမှာ ရှက်ရှာသကဲ့သို့ လူကြီးမိဘများကလည်း သူ့အတွက် စိတ်ထိခိုက်ခဲ့ရရှာ၏။ ဤသို့ဖြင့် ကလေးမလေး၏ ဖခင်သည် နိုင်ငံရပ်ခြားသို့ စွန့်စားသွားရောက်၍ အလုပ်အကိုင်လုပ်လေရာ လေးငါးဆယ်နှစ်အတွင်းမှာ ထိုနိုင်ငံ၌ အခြေတကျဖြစ်လာ၏။ သို့ဖြစ်၍ မြန်မာပြည်ရှိသူ၏မိသားစုကို တစ်ဖက်နိုင်ငံသို့ ခေါ်ယူရန် ကြိုးစားလေ၏။ ထိုအခါ ခုက္ခိတသမီးအပျိုမလေးအတွက် ဖခင်ကြီးသည် ရတက်မအေးရှိရှာ၏။

"ဟိုနိုင်ငံကိုလာတဲ့အခါ သမီးဒီပုံစံကြီးနဲ့ လိုက်လာလို့တော့ မဖြစ်ဘူး မိန်းမရေ။ အရိုးအကြော စပယ်ရှယ်လစ်တွေနဲ့ ဘယ်လောက်ဖြစ်ဖြစ် ကုသခံပြီးမှ ခေါ်လာခဲ့ရင် ကောင်းမယ်ထင်တယ်"

ဟူ၍ ဖခင်ကြီးက ဖုန်းဆက်ရှာ၏။ ထိုအခါ မိန်းကလေး၏ မိခင်လည်း ရန်ကုန်မြို့ကြီးတွင်ရှိနေသော အရိုးအကြောအထူးကုဆရာဝန်ကြီးများထံသို့ သွားရောက်၍ တိုင်ပင်စနည်းနာရလေ၏။ နှစ်ပေါင်းများစွာက စတင်ဖြစ်ပွားခဲ့သော အကြောညပ်ဝေဒနာကို လွယ်လွယ်ကူကူဖြင့် ခွဲစိတ်ကုသ၍ မရနိုင်ကြောင်း ဆရာဝန်ကြီးများက ပြောကြ၏။ ပျမ်းမျှ(လွန်ခဲ့သည့်ဆယ်နှစ်က) သိန်းနှစ်ဆယ်ကျော်ခန့် ကုန်ကျနိုင်သည်ဟုလည်း ဆိုကြ၏။ "လမ်းကောင်းကောင်းလျှောက်နိုင်အောင် ခွဲစိတ်ကုသပေးနိုင်မှာလား"ဟု မေးကြည့်သောအခါ…

"ဒါကတော့ ကလေးမရဲ့ကံပဲ။ ဖစ်ဖတီး,ဖစ်ဖတီပေါ့။ ငါးဆယ်ရာခိုင်နှုန်းပဲ ပြောနိုင်မယ်။ အခုလမ်းလျှောက်နိုင်သေးတယ်။ ခွဲစိတ်မှုအောင်မြင်ရင် ပိုးချဲ့နဲ့ဖြစ်သွားနိုင်တယ်။ ဒါမှမဟုတ် ကုသချိန်လွန်ပြီး သွေးလွန်ခဲ့ရင် အသက်အန္တရာယ်ပါထိခိုက်တယ်"

ဟု ပြန်ဖြေခဲ့ကြသည် ဆို၏။ ထိုစကားများကို ကြားရသောအခါ ကလေးမလေး၏ မိခင်သည် ရတက်မအေးနိုင်ဘဲရှိခဲ့ရ၏။ ခွဲစိတ်ကုသပေးရန် မဝံ့မရဲရှိနေခဲ့၏။ ဤကဲ့သို့ ကြံရာမရဖြစ်နေချိန်တွင် မမျှော်လင့်ဘဲ မိန်းကလေး၏အမေနှင့် ကျွန်ုပ်တို့ လမ်းတွင် တိုက်ဆိုင်စွာ တွေ့ဆုံဖြစ်ကြ၏။ သူမက ဘာလုပ်ရဘာကိုင်ရမှန်းမသိကြောင်း ညည်းညူပြောဆိုလေ၏။ ကျွန်ုပ်လည်း အကျိုးအကြောင်းသိရသောအခါ ကျွန်ုပ်တတ်မြောက်ထားသည့် "**မေတ္တာကုထုံးနည်းပညာ**"ဖြင့် ကုသပေးရန် အကြံပြုရလေ၏။

"ဒီနည်းက တချို့နိုင်ငံကြီးတွေမှာ ထဲထဲဝင်ဝင် ဖြစ်ဖြစ်မြောက်မြောက် ကုသနေကြပေမယ့် မြန်မာပြည်ထဲမှာတော့ သိပ်ပြီး ခေတ်မစားသေးဘူး။ တချို့နိုင်ငံတွေမှာ ဒီနည်းနဲ့ ကုသတဲ့ ဆေးခန်းတွေ ရှိနေကြပြီ။ တစ်နာရီ ဒေါ်လာတစ်ရာနှုန်းယူပြီး ကုသပေးတဲ့ အဆင့်မြင့်နည်းပညာတစ်ခုပဲ"

ကျွန်ုပ်က ထိုသို့ အကြံပြုသောအခါ ကလေးမကလေး၏ မိခင်သည် မျက်နှာတစ်ခုလုံး ဝင်းလက်တောက်ပသွားပြီး

"ဒါဆိုရင် သမီးလေးကို ကျွန်မအပ်ပါတယ် ကိုလင်းရောင်တင်ရယ်…ကုပေးပါ။ အိမ်လာကုမှာလား"

ဟု အားတက်သရော မေးခဲ့လေ၏။

"ဟုတ်တယ်၊ တစ်ရက်ခြား ငါးခါ ကုရမယ်။ အိမ်ကိုလာကုပေးပါ့မယ်။ ပျောက်ကင်းချမ်းသာဖို့ကံပါရင် ဘယ်ရောဂါမဆို ငါးခါထက် ပိုမကုရဘူး။ ဝဋ်နာကံနာဆိုရင်လည်း အဲဒီမှာသိသာလာမှာပဲ။ ကံအကြောင်းတိုက်ဆိုင်ရင်တော့ အဆင်ပြေမှာပေါ့ဗျာ"

ကျွန်ုပ်ပြောသည်ကို ကလေးမလေး၏ မိခင်သည် ခေါင်းတညိတ်ညိတ်ဖြင့် နားထောင်၏။ ထို့နောက် သဘောတူညီသဖြင့် သူတို့နေအိမ်သို့ သွားရောက်ကုသပေးခဲ့ရ၏။ ထိုအချိန်ကာလတွင် ကျွန်ုပ်သည် "ပါဝါဂျာနယ်"ဟုခေါ်သော ဂမ္ဘီရလောက၏ အဦးအစဖြစ်သော ဂမ္ဘီရဂျာနယ်တစ်စောင်ကို အယ်ဒီတာချုပ်အဖြစ် တာဝန်ယူ၍ ဆောင်ရွက်နေရချိန်ဖြစ်၏။ ပိုးလင်းကမ်းချုပ် အလုပ်မအားလပ်သည့်ကြားက တစ်ရက်ခြား ရောက်အောင်သွားခဲ့၏။ သူတို့ကလည်း အသွားအပြန် အငှားကားခ ကျခံပေး၏။



BURMESE CLASSIC .com

www.burmeseclassic.com

www.burmeseclassic.com

**မေတ္တာပို့ အိပ်မွေ့ချကုသ**

ကျွန်ုပ်တို့၏ မေတ္တာဂု ဏ်းနည်းအရ အိပ်မွေ့ချကုသနည်းမှာ စိတ်ပညာဆရာဝန်တို့ အိပ်မွေ့ချသည့် နာရီချိန်သီး၊ သို့မဟုတ် ထောက်ကူပြုပစ္စည်းဖြင့် အိပ်မွေ့ချခြင်းမျိုးမဟုတ်ဘဲ လူနာအနားမှာနေ၍ လူနာ၏ ခန္ဓာကိုယ် ခြေဖျားမှ ဦးခေါင်းထိတိုင် အကြောများကို လေသံဖြင့် ပြောဆိုလျှော့ချပေးသည့်နည်းဖြစ်ပါ၏။

လူနာကို ကုလားထိုင်၊ အိပ်ရာ၊ ဒရင်းမ်ဘက် စသည်တို့ပေါ်တွင်(တစ်ခုခုပေါ်၌) သက်သောင့်သက်သာ ထိုင်စေခြင်း၊ လဲလျောင်းစေခြင်းဖြင့် စတင်ကုသရ၏။ ပထမဆုံး ဘယ်ဘက်ခြေချောင်းလေးငါးချောင်းက အကြောတွေ ပြေလျော့သွားနေပြီ၊ ပြေလျော့နေပြီ···ပြေလျော့နေပြီဟူ၍ အကြံပေးစကားပြောရ၏။ ခြေချောင်းလေးငါးချောင်း အကြောင်များပြေလျော့သွားပြီဆိုရင် ဘယ်ဘက်ခြေဖဝါး၊ ခြေဖမိုးအတွင်းမှာရှိတဲ့ အကြောတွေကို ပြေလျော့နေပြီဟူ၍ ပြောရ၏။ ထို့နောက် ခြေမျက်စိ၊ ခြေသလုံး၊ ဒူးခေါင်း၊ ပေါင် စသည်ဖြင့် တဖြည်းဖြည်း ခန္ဓာကိုယ်အစိတ်အပိုင်းတစ်ခုစီတက်၍ တက်၍ ပြေလျော့စေရ၏။

ထို့နောက် ညာဘက်ခြေချောင်းလေး ငါးချောင်း၊ ထို့နောက် ညာဘက်ခြေဖဝါး၊ ခြေဖမိုးတွင်းက အကြောတွေ၊ ထို့နောက် ညာဘက်ခြေမျက်စိ၊ ညာဘက်ခြေသလုံး၊ ညာဘက်ဒူး၊ ညာဘက်ပေါင် စသည်ဖြင့် တဖြည်းဖြည်း အထက်ကို တက်၍ တက်၍ သွားရ၏။ ကာယကံရှင်က အမှန်တကယ် အကြောတွေ ပြေလျော့လာပြီဟု ထင်မြင်လာသည်အထိ စိတ်ရှည်ရှည်ဖြင့် ဖြည်းဖြည်းချင်း တိုးတိုးညင်ညင်သာသာ ပြောဆိုပေးရ၏။ ခါးအောက်ပိုင်း ပြေလျော့ပေးပြီးလျှင် ခါးအထက်ပိုင်း ဘယ်လက်ချောင်းများ၊ လက်ဖျံ၊ လက်မောင်း၊ ပခုံး၊ ထိုမှ ညာလက်ချောင်းများ၊ လက်ဖျံ၊ လက်မောင်း၊ ပခုံး စသည်ဖြင့် ဘယ်ညာနှံ့စပ်အောင် ဖြည်းဖြည်းချင်း ပြေလျော့ပေးရ၏။

ထို့နောက်မှ ခန္ဓာကိုယ်အတွင်းရှိ အူသိမ်အူမ၊ အသည်း၊ နှလုံး၊ သရက်ရွက်၊ ကျောက်ကပ် စသည့် အတွင်းကလီစာများကို အာရုံပြု၍ သွေးလွှတ်ကြော၊ သွေးပြန်ကြောတွေ ပုံမှန်လည်ပတ်သွားလာနေကြောင်း အကြံပြုပြောဆိုရ၏။ ထို့နောက်မှ မျက်နှာအစိတ်အပိုင်းများ၊ ဦးခေါင်းအတွင်း ဦးနှောက် စသည့်အစိတ်အပိုင်းများကို တစ်ခုချင်းစီ စိတ်ရှည်ရှည်ပြောဆို၍ လျှော့ပေးလိုက်သောအခါ တစ်ကိုယ်လုံး အကြောအခြင်များ ပြေလျော့ကာ နေထိုင်၍ကောင်းလာ၏။ အိပ်ချင်စိတ်တွေ ပေါ်လာ၏။ အိပ်ပျော်မလို ဖြစ်လာ၏။

ထိုအချိန်သည် ရောဂါသည်အတွက် အကောင်းဆုံး အကြံပြုချိန်ဖြစ်၏။ အိပ်မပျော်သည့်သူ၊ အစားအသောက်ပျက်သည့်သူဆိုပါက အိပ်ချင်ငိုက်မျဉ်းလာသည့်အချိန်တွင် -

"နေလို့ကောင်းနေပြီ၊ အိပ်လို့ကောင်းနေပြီ၊ အစားအသောက်စားလို့ကောင်းနေပြီ၊ ကျန်းမာလာပြီ"

ဟု အကြံပေးစကား တိုးတိုးသက်သာ ပြောရ၏။ အကြောညပ်နေသည့်မိန်းကလေးအတွက်···

"မင်း ကျန်းမာရေးကောင်းလာပြီ၊ မင်းရဲ့ ညပ်နေတဲ့ အကြော ပြန်ကောင်းသွားပြီ၊ သွေးလွှတ်ကြော၊ သွေးပြန်ကြောတွေ သူ့နဂိုအတိုင်း လည်ပတ်နေကြပြီ၊ မင်း လမ်းကောင်းကောင်းလျှောက်နိုင်လာပြီ···လျှောက်နိုင်လာပြီ"

ဟူ၍ အကြံပေးစကား ပြောပေးရ၏။ တစ်ရက်ခြားသုံးကြိမ် ကုသပေးအပြီး၊ လေးကြိမ်မြောက်နေ့တွင် "မင်းရဲ့ ညပ်နေတဲ့အကြော ပြန်ကောင်းလာပြီ"ဟု အကြံပြုပြောပေး(အမိန့်ပေး)နေစဉ်မှာပင် အိပ်ပျော်သလောက်ဖြစ်နေသော မိန်းကလေးသည် အလန့်တကြား···

"အမလေး"ဟူ၍ ထအော်လေတော့၏။ ကျွန်ုပ်လည်း သူ့ခန္ဓာကိုယ်ပေါ်သို့ အနန္တမနောဓာတ်(ပရာရဏဓာတ်)ကို သွန်းလောင်းပေးနေစဉ်ဖြစ်၍ ရုတ်တရက်လန့်ဖျပ်မိမလို ရှိသွား၏။ သို့သော် စိတ်ကိုရ ည်း၍ ချက်ချင်း တည်ငြိမ်စေလိုက်ပြီး အသက်ဓာတ်ဟုလည်း ခေါ်ကြသော ပရာရဏဓာတ်ကို ဆက်လက်သွန်းလောင်းပေးရ၏။

နှစ်ပေါင်းနှစ်ဆယ်နီးပါး ညပ်နေသော အကြောသည် ပုံမှန်အနေအထားသို့ ဖျတ်ခနဲ ရောက်ရှိသွ ားသဖြင့် ရုတ်တရက် နာကျင်သွားလေရာ မိန်းကလေးက "အမလေး"ဟု တမ်းတကာ စုတ်တသပ်သပ်ဖြစ်သွားရာမှ စတင်၍ ကောင်းမွန်စ ပြုလာတော့၏။ လမ်းလျှောက်သောအခါ အလျင်ကလို ကော့လန်ကော့လန်ဖြင့် မဆိုးတော့ဘဲ ဆူးစူးသလောက် ထော့နဲ့ထော့နဲ့ဖြစ်ရုံမျှသာရှိပြီး လေ့ကျင့်ခန်းမှန်မှန်လုပ်ပေးပါက များစွာကောင်းမွန်လာတော့မည့် အနေအထားသို့ ရောက်ရှိလာလေတော့၏။

ဤသို့ဖြင့် ထိုမိန်းကလေးမိသားစု နိုင်ငံရပ်ခြားသို့သွားသည့်နေ့ လေယာဉ်ကွင်းဆင်းသောအချိန်တွင် မိန်းကလေးသည် အရုပ်ဆိုး အကြည်းတန်စွာ ကော့လန် ကော့လန် မလျှောက်တော့ဘဲ များစွာ ဣန္ဒြေရသွားသည်ဟု လေယာဉ်



www.burmeseclassic.com

www.burmeseclassic.com

ကွင်းသို့ လိုက်ပို့သူများက မှတ်ချက်ချခဲ့ကြလေ၏။

နလုံးလေးဘက်နာ ဝေဒနာရှင်၊ မြေကိုင်သည်ဟု ဆိုကြသော၊ အမြင့်မှပြုတ်ကျ၍ လမ်းမလျှောက်နိုင်သော ဝေဒနာရှင်၊ အကြောညပ်သောဝေဒနာရှင်၊ စိတ်ဝေဒနာရှင် စသည့် ဝေဒနာများသာမက အမောင့်ပယောဂဝေဒနာရှင်၊ စကားပြောထစ်သည့် ဝေဒနာရှင်တို့ကိုပါ ထိုမေတ္တာကုထုံးဖြင့် ကုသပေးရာမှ ပုံမှန်စကားပြောနိုင်သူတစ်ဦးကဲ့သို့ ဖြစ်ခဲ့ရသည့် အဖြစ်အပျက်လည်း ရှိခဲ့ပါ၏။

## ကျောင်းဝင်းထဲလိုက်လာတဲ့ ကွင်းပိုင်

တစ်ခုသောကာလက ကျွန်ုပ်သည် ရွှေကျင်စာသင်တိုက်ကြီးတစ်ခု၌ ဒုလ္လဘရဟန်း ခုနစ်ရက်ခန့် ခံဖူးခဲ့လေ၏။ (ယခုအခါတွင်ကား ကျွန်ုပ်သည် ဒုလ္လဘရဟန်းကို ဆယ်ကြိမ်ထက်မနည်း ခံဖူးပြီဖြစ်ပါ၏။) ထိုကျောင်းတိုက်ကြီးရှိ ရွှေကျင်ဆရာတော်ကြီးအဆက်ဆက်ကို ကျွန်ုပ်တို့၏ မိဘဘိုးဘွားများက ခေတ်အဆက်ဆက် ကိုးကွယ်လှူဒါန်းခဲ့ကြလေရာ ကျွန်ုပ်တို့လက်ထက်တွင်လည်း ထိုကျောင်းတိုက်ကြီးသို့ ဝင်ထွက်သွားလာ ကုသိုလ်များပြုဖြစ်ခဲ့ကြပါ၏။ ကျွန်ုပ်၏ အစ်မများ ဆောက်လုပ်လှူဒါန်းခဲ့ကြသည့် ကျောင်းသင်္ခမ်းများသည်ပင်လျှင် ထိုကျောင်းတိုက်ကြီးဝင်းအတွင်း၌ သုံးကျောင်းရှိနေပြီဖြစ်၏။

ထိုကျောင်းတိုက်ကြီး၏ ဒုတိယမြောက်ဆရာတော် ဦးဆန္ဒသည် ကျွန်ုပ်၏ ဘကြီးတော်ဖြစ်ခဲ့၏။ ကျွန်ုပ် ထိုကျောင်းတိုက်တွင် ဒုလ္လဘရဟန်းခံတိုင်း တတိယမြောက်ဆရာတော် ဦးအာစိန္နက . . .

"စာရေးဆရာရဲ့ ဘကြီးတော် ဆရာတော်ကြီးဦးဆန္ဒ သီတင်းသုံးခဲ့တဲ့ ကျောင်းတိုက်မှာပဲ သီတင်းသုံးပေ့ါ။ ပြုသမျှကုသိုလ်အဖို့ဘာဂကို အဆွေအမျိုးတွေအားလုံးနဲ့ ဘကြီးတော် ဦးဆန္ဒကို အမျှဝေ အနုမောဒနာပြုရင် ပိုအကျိုးရှိတာပေ့ါ"

ဟူ၍ မိန့်ကြားခဲ့သောကြောင့် ထိုအခါက ဆရာတော်ကြီးဦးဆန္ဒ သီတင်းသုံးခဲ့ဖူးသည့် နှစ်ထပ်တိုက်ကျောင်းကြီးမှာပင် ကျွန်ုပ်သည် သီတင်းသုံးကျိန်းစက်ရ၏။ တရားထိုင်၊ ပုတီးစိပ်လုပ်ရ၏။ နေ့လယ်နေ့ခင်း လူရှင်းသော ဆွမ်းစားကျောင်းအကျယ်ကြီးမှာ "ဒွိကြီး"ဟုခေါ်သော ပိဋကတ်သုံးပုံတွင် နှစ်ပုံအောင်ထားသော ဦးပဥ္စင်းကြီးက ကျွန်ုပ်နှင့် တူတော်မောင်မောင်သန်းနိုင်ကို ဝိပဿနာတရား ပို့ချ၏။ သမထ ဝိပဿနာတရားများ ထိုင်ခိုင်း၏။ တစ်ခါထိုင်ခိုင်းလျှင် တစ်နာရီမှ နှစ်နာရီထိ တက်၍ ထိုင်ခိုင်း၏။ နှစ်နာရီထိုင်နိုင်လာသောအခါ သုံးနာရီထိုင်ခိုင်း၏။ သုံးနာရီဆက်တိုက် တရားထိုင်ရန်မှာ လွယ်ကူသောအလုပ်တော့ မဟုတ်ချေ။

သို့သော် ကျွန်ုပ်တို့တူဝရီးနှစ်ပါးမှာ အချိန်ပြည့်အောင် ဇွဲတင်း၍ ထိုင်ကြ၏။ တူတော်မောင်က . . .

"တပည့်တော် ထပြေးချင်ပြီ ဘုရား။ တင်ပါးအောက်က မီးစကြီးနဲ့ ထိုးထားသလို အရမ်းပူတာပဲ ဘုရား"

ဟု ဆိုသောအခါ ကျွန်ုပ်က -

"ယောက်ျားပဲ ကိုယ်တော်ရယ်။ အားတင်းပြီးထိုင်မှပေ့ါ။ အရှုံးမပေးချင်စမ်းပါနဲ့"

ဟု အားပေးကာ ဆက်ထိုင်နိုင်ရန် ဆွဲထားခဲ့၏။

ဤသို့ဖြင့် တရားထိုင်ရက်များ အတော်ရလာခဲ့သောအချိန်တွင် ဆွမ်းဘာဆောင်နှင့် ကပ်လျက် နံဘေးခန်းတွင် ဆူညံဆူညံဖြစ်နေကြသော အသံဗလံများကို တရားထိုင်နေစဉ် ကြားနေရ၏။

"အခုဝင်လာနေတာ ဘယ်သူတုံး . . . ပြောစမ်း"

တိုက်အုပ်ဘုန်းကြီးအသံ ဖြစ်၏။

"ကွင်းပိုင်လို့ ပြောနေတယ်ဘုရား"

တစ်စုံတစ်ယောက်က အဖြေပေးလိုက်ခြင်းဖြစ်၏။

"ဘယ်က ကွင်းပိုင်လဲ၊ ဘာဖြစ်လို့ ဒီအထိ လိုက်လာရတာလဲ"

"အခု ဆေးရုံတက်နေနတဲ့ ဆရာတော်ရဲ့အစ်ကို လုပ်တဲ့ လယ်ကွင်းထဲက ကွင်းပိုင်လို့ ပြောနေတယ်ဘုရား။ အဲဒီ လယ်လုပ်တဲ့ အစ်ကိုကြီးက ကွင်းပိုင်ကို စပါးပေါ်ပြီးရင် အရက်နဲ့ ကြက်ကြော် ပသမယ်လို့ ပြောထား . . ၂နှစ်ထိ သူ့ကို တစ်ပွဲမပေးသေးလို့ မကျေနပ်တာနဲ့ သူ့ရဲ့သားကို ကပ်လိုက်လာခဲ့တာလို့ ပြောတာပဲဘုရား"

"ဒါ လယ်ကွင်းထဲမှာဖြစ်တဲ့ ကိစ္စပဲ။ ဘုန်းကြီးကျောင်းဝင်းထဲ လိုက်လာစရာ မလိုဘူး။ ဒီနေရာ ဒီဒေသက မင်းတို့နဲ့ မဆိုင်ဘူး။ အခုထွက် . . . အခုထွက်သွား"

တိုက်အုပ်ဘုန်းကြီးက ခေါ်နင့်မောနင့် ပြောပြီး ကြမ်းပြင်ကို ခြေဖနောင့်ဖြင့် တစ်ချက် "ဒုန်း"ခနဲ ပေါက်သံကြားရ၏။ မရှေးမနှောင်းမှာပင် နောက်ထပ် "ဒုန်း"ခနဲ မြည်သံကြီး ကြားရ၏။



www.burmeseclassic.com

www.burmeseclassic.com

"အမလေးဘော်···သားလေး နဖူးကွဲသွားပါ့မယ်"

ဒုတိယ "ဒုန်း"ခနဲ မြည်သံနောက်တွင် စိုးရိမ်တကြီး "နဖူးကွဲသွားပါ့မယ်"ဟု မိန်းမတစ်ယောက်၏အသံ ကြားရ၏။

"ဧအောင်မာ···ဒင်းက ငါ့ကို အာခံတယ်ပေါ့လေ၊ ကဲဂျာ"

"ဒုန်း···"

"ဒုန်း···"

"အောင်မလေး···သေပါပြီတော်"

တိုက်အုပ်ဘုန်းကြီး၏ ခြေဖနောင့်ပေါက်သံတစ်ချက်နောက်တွင် နောက်ထပ် "ဒုန်း"ခနဲ ကြားလိုက်ရပြန်ပြီ။ မိန်းမတစ်ယောက်၏အသံကို ကြားရပြန်၏။ ကျွန်ုပ်သည် အသံဗလံများကြောင့် ယောင်ယမ်းလျက် နာရီကို မော့ကြည့်မိရာ ဆယ်မိနစ်ခန့် လိုသေးသဖြင့် မျက်စိကို ပြန်၍မှိတ်ထားလိုက်ရ၏။ တရားအားထုတ်နေသည့် သမာဓိတရားများလည်း ဘယ်သို့ထွက်ပြေးကုန်သည် မပြောတတ်တော့ချေ။

လောကီကိစ္စ အတွေ့အကြုံနည်းပါးသော ဘုန်းဘုန်းသည် ကွင်းပိုင်ကို မေတ္တာရပ်ခံ ဆက်ဆံရမည့်အစား အမိန့်ပေး၍ နှင်နေသောကြောင့် မာကျောဒေါသကြီးသော ကွင်းပိုင်ကလည်း အရှုံးမပေးဘဲ ကြမ်းနင့်နဖူး ပြေးပြေးတိုက်နေတော့လေရာ ကာယကံရှင် ကွင်းပိုင်အဝင်ခံနေရသော လူငယ်ကလေးခမျာ အတော်နာရှာမှာပဲဟု တွေးမိသဖြင့် သူ့မိခင်ကြီးက စိုးရိမ်ကြီးစွာ အော်ဟစ်ညည်းညူနေခြင်း ဖြစ်ပါ၏။

ကျွန်ုပ်လည်း စိတ်မချမ်းသာခြင်းဖြစ်လျက် အချိန်ပြည့်သောအခါ ခပ်သွက်သွက ဘုရားကန်တော့ပြီး ရေတစ်ဖန်ခွက်ခပ်ကာ ဘုရားဂုဏ်တော်များ ရွတ်ဆိုရ၏။ သစ္စာအဓိဋ္ဌာန်ပြုရ၏။ ထိုရေမန်းဖန်ခွက်လေးအား ယူဆောင်ခဲ့ပြီး ထိုအခန်းသို့သွားလေရာ အခန်းဝတွင် ကေသီဖရီဖရဲ ရှုံ၍ ထွက်လာသော တိုက်အုပ်ဘုန်းကြီးနှင့် ပက်ပင်းတိုးလေ၏။

"ကိုယ်တော်က ဂမ္ဘီရဆရာဆိုတော့ ပိုပြီးနားလည်လိမ့်မယ်။ ကျုပ်နှင်လို့မထွက်ဘူးဗျ။ ကွင်းပိုင်က အာခံနေတယ်"

ဟု ဆိုလေ၏။

"မှန်ပါဘုရား။ တပည့်တော် ကြည့်လုပ်ပါ့မယ်ဘုရား"

ဟု ကျွန်ုပ်က လျှောက်ထားလိုက်ပြီး တစ်ဆက်တည်းမှာပင် ရေဖန်ခွက်ကလေးကိုကိုင်ကာ ထိုအခန်းတွင်းသို့ လှမ်းဝင်လိုက်၏။ ကြမ်းပေါ်တွင် ငုတ်တုတ်ထိုင်နေသော လူငယ်ကလေးသည် အသက်အစိတ်ခန့်သာရှိပြီး ကျွန်ုပ်ကို စေ့စေ့စူးစူးစိုက်ကြည့်လျက်ရှိ၏။ သူ့ဆံပင်ဘိုကေသည် ဖရိုဖရဲ ဖွာလန်လျက်ရှိပြီး ထူးခြားသည်မှာ သူ့မျက်လုံးအစုံပင် ဖြစ်ပါ၏။ မျက်လုံး၏ မျက်သားများအားလုံး ရဲရဲတွတ်တွတ် နီမြန်းလျက်ရှိနေကြ၏။

"ကဲ···ကွင်းပိုင်ကြီး ခင်ဗျားကို ကျုပ်မေတ္တာပို့ပါတယ်"

ကျွန်ုပ်က လှမ်းလျှောက်သွားနေရင်းက ကွင်းပိုင်ကို မေတ္တာပို့၏။ ထို့နောက် သူ့အနီးသို့ ရောက်သောအခါ ရေမန်းဖြင့် တောက်ဖျန်းရင်း···

"ကွင်းပိုင်ကြီးရဲ့ ဆန္ဒကို ဒီမိသားစုက ဖြည့်ပေးပါလိမ့်မယ်။ ဆန္ဒမဖြည့်ပေးနိုင်သေးတာလည်း ကတိပျက်တာမဟုတ်ဘူး။ ဒီကလေးတွေရဲ့ အဖေက ရောဂါဖိစီးပြီး ဆေးရုံတက်နေရလို့ပါ။ မကြာခင်ရက်အတွင်းမှာ သူတို့ရွာကိုပြန်ရောက်ရင် ကွင်းပိုင်ကြီးရဲ့ ဆန္ဒကို ဖြည့်ဆည်းပေးကြပါလိမ့်မယ်။ ဒီမိသားစုကို ဆက်မနှောင့်ယှက်ဘဲ အသင့်ရဲ့နေရာဌာနကို အေးအေးသက်သာ ပြန်သွားပေးပါ။ ဦးဇင်း မေတ္တာရပ်ခံပါတယ်"

ဟု ကွင်းပိုင်ကြီးဝင်နေသူကို မေတ္တာပို့ရင်း သေသေချာချာ ရှင်းပြရလေ၏။ ထိုအခါ မကြာခင်ကပင် ကွင်းပိုင်ကြီးဝင်နေသော လူငယ်ကလေးသည် "ဟင်း"ခနဲ သက်ပြင်းချသံကြီးတစ်ချက်ပေးလျက ငြိမ်ကျသွားလေတော့၏။ ကွင်းပိုင်ကြီးထွက်ခွာသွားလေပြီ။ ယခုတော့လည်း သူ့ဘာမျှမဖြစ်သလို လူငယ်ကလေးမှာ ကြောင်စီစီအမူအရာကလေးဖြင့်···;

"ကျွန်တော်ဘာဖြစ်သွားတာလဲ"

ဟူ၍ နံဘေးရှိလူများကို မေးရှာ၏။ သူ့ဆွေမျိုးသားချင်းများက အဖြစ်အပျက်ကို ရှင်းပြရ၏။ ထူးဆန်းသည်မှာ စောစောတုန်းက ကြမ်းပြင်နှင့် တဒုန်းဒုန်းပြေးတိုက်နေခဲ့သော လူငယ်ကလေး၏ နဖူးပြင်မှာ ဘာအဖုအပိမ့်မျှမရှိ၊ နီရဲခြင်း၊ ညိုမည်းခြင်းလည်းမရှိဘဲ ပကတိပုံမှန်အသားပြင်အတိုင်း တွေ့ရလေ၏။ မျက်ထောင့်များလည်း မနီတော့ချေ။

## အပမှီတယ်ဆိုတာ

ရံဖန်ရံခါ အိမ်အပြင်သွားရာတွင် နေဝင်မိုးချုပ်ကာလဖြစ်နေခြင်း၊ သို့တည်းမဟုတ် အစားအသောက်၊ အသားဟင်းလျာများ ယူဆောင်လာခြင်း စသည့်အခါကာလများတွင် တစ္ဆေ၊ သရဲ၊ သင်းကွဲ၊ ပြိတ္တာ စသည့် ပြင်ပလောကသား (နာမ်လောကသားများ)သည် ပူးကပ်လိုက်ပါလာတတ်၏။ အထူးသဖြင့် လိပ်ပြာငယ်သူများ(စိတ်အားငယ်သူ၊ ကြောက်ရွံ့တတ်သူ၊ ဘာသာ



www.burmeseclassic.com

www.burmeseclassic.com

တရားနည်းပါးသူ၊ ငယ်ရွယ်သူကလေးသူငယ်များ)တို့ကို ကူးကပ်လိုက်ပါလာတတ်၏။

အထူးသဖြင့် ကလေးငယ်များတွင် ဝင်ရောက်နိုကပ်တတ်လေ၏။ ထိုအခါ တက်မတတ် ချက်မတတ် အော်ဟစ်ငိုယိုခြင်း၊ သို့တည်းမဟုတ် မျက်ဖြူလန်၍ တက်တတ်ခြင်း စသည့် ပုံမှန်မဟုတ်သော အမူအရာများကြောင့် အခြေအနေမှန်မဟုတ်သည်ကို သိသာ၏။ ထိုအခါမျိုးတွင် စိတ်လှုပ်ရှားလျက်များစွာကြောက်ရွံ့မှု မဖြစ်စေဘဲ စိတ်ကိုငြိမ်အောင်ထိန်းသိမ်း၍ လုပ်သင့်လုပ်အပ်သည်ကို လုပ်ရ၏။

ယခုခေတ်တွင် အိမ်အတော်များများ၌ မန္တလေး မဟာမြတ်မုနိဘုရားကြီး မျက်နှာသစ်တော်ရေ၊ သို့မဟုတ် ဇလွန်ပြည်တော်ပြန်ဘုရားကြီး မျက်နှာသစ်တော်ရေ၊ သို့မဟုတ် တန်ခိုးကြီး ပုဂ္ဂိုလ်တစ်ပါးပါး၊ ဆရာတော်၊ သမားတော်များ၏ ပရိတ်ရေ စသည်တို့ဖြင့် မျက်နှာသစ်ပေးခြင်း၊ ပက်ဖျန်းပေးခြင်းတို့ဖြင့် အလွယ်တကူ နှင်ထုတ်နိုင်ပါ၏။ ကျွန်ုပ်ကိုယ်တွေ့အရမူ မြေးများခပ်ငယ်ငယ်တွင် ထိုကဲ့သို့ဖြစ်ပါက ကျွန်ုပ်ကိုယ်တိုင်ပင် ကုသရန်မလိုဘဲ ဘုရားတရားကို ယုံကြည်အားကိုးသောသားသမက် မောင်ငြိမ်းဇော်ခိုင်က ဘုရားကြီးများ မျက်နှာသစ်တော်ရေဖြင့် သူ့ကလေးများကို ဖျန်းပက်ကုသပေးလေ့ရှိပါ၏။ ယုံကြည်မှုသည် တန်ခိုးတည်း။

ထိုကဲ့သို့ မျက်နှာသစ်တော်ရေ ပရိတ်ရေတို့ အလွယ်တကူ မဆောင်ထားမိပါက ဘုရားသောက်တော်ရေကို စွန့်၍ဖြစ်စေ၊ ရေသန့်ဖန်ခွက်တွင် မေတ္တာသုတ်၊ ဂုဏ်တော် စသည့် တန်ခိုးထက်မြက်သည့် ဂါထာများကို ရွတ်ဖတ်၍လည်း ကုသနှင်ထုတ်နိုင်ပါ၏။ အထူးမှတ်သားရန်မှာ ရေစင်တော်မန်းမှုတ်သူသည် အသားကြီးငါးကြီး (အထူးသဖြင့် အမဲသားမစားသူ) မစားသောက်သူဖြစ်ပါက ရေမန်းသည် ပို၍စွမ်းတတ်၏။ ငါးပါးသီလ လုံခြုံသူဖြစ်က ပိုကောင်းပါ၏။

## မှတ်သားစရာ မိန့်ကြားချက်

လွန်ခဲ့သည့် အနှစ်သုံးဆယ်ခန့်က ကျွန်ုပ်နှင့်ရင်းနှီးသူ ဦးပဥ္စင်းကြီးတစ်ပါးက အပမှီခြင်းနှင့် ပရလောကသားများနှင့်ပတ်သက်သောကိစ္စမျိုးကို ဤကဲ့သို့ မိန့်ကြားဖူးပါ၏။

"အပမှီတယ်ဆိုတာက လိပ်ပြာငယ်တဲ့သူ၊ ဒါမှမဟုတ် ဘုရားတရား အာရုံနည်းတဲ့သူ၊ ဂုဏ်တော်ဂါထာတွေ၊ ပရိတ်တော်တွေ ရွတ်ဖတ်မှုနည်းတဲ့သူတွေ အထူးသဖြင့် ဖြစ်တတ်တယ်။ တကာကြီးတို့လို အချိန်ရှိသမျှ ဗုဒ္ဓါနုဿတိပွားနေတဲ့သူမျိုးကျတော့ ပရလောကသားတွေက မမှီနိုင်၊ မကပ်နိုင်တဲ့အပြင် သူတို့က ကြောက်ရွံ့ကြတယ်။ ဗုဒ္ဓါနုဿတိပွားတဲ့သူနားကို သူတို့မကပ်နိုင်ကြဘူး။ အဲဒါကြောင့် အချိန်အခါကြည့်ပြီး လမ်းထွက်ရတယ်။ ညသန်းခေါင်လောက် အချိန်ဆိုတာ တစ္ဆေသရဲ၊ ပြိတ္တာတွေ အစာရှာတဲ့အချိန်။ အရပ်ထဲက အမှိုက်ပုံတွေမှာ အစားအစာ ရှာစားရတဲ့အချိန် မဟုတ်လား။ အဲဒီတော့ ဗုဒ္ဓါနုဿတိပွားတဲ့သူတွေဟာ သန်းခေါင်အချိန်မှာ အိမ်ပြင်မထွက်သင့်ဘူး"

"ဘာဖြစ်လို့လဲ ဘုရား"

"ကိုယ်အနားရောက်လာရင် သူတို့က မနေနိုင်လို့ အဝေးကို ထွက်ပြေးကြရတယ် မဟုတ်လား။ ကိုယ့်ကြောင့် အစာရှာစားနေရတဲ့သူတို့ အေးအေးဆေးဆေး မရှာဖွေနိုင်ဘဲ ဒုက္ခရောက်ကြရရှာတယ်လေ။ အဲဒါကြောင့် ဗုဒ္ဓါနုဿတိပွားအမြဲပွားနေသူတွေဟာ ညသန်းခေါင်ကို အကြောင်းမဲ့ အပြင်ထွက်မလျှောက်သင့်ဘူး"

ဗဟုသုတအဖြစ် ကျွန်ုပ်မှတ်သားခဲ့ရဖူးပါ၏။ အမှန်တကယ်လည်း ဘုရားဂုဏ်တော် အမြဲပွားလာလေ့ရှိသည့်ကာလမှစ၍ တစ္ဆေသရဲဆိုသည်ကို မြင်ချင်၍ပင် မမြင်ခဲ့ရတော့ချေ။

## မင်းသားကြီးခင်မောင်ရင်မြင်ဖူးတဲ့ မှင်စာ

ရုပ်ရှင်မင်းသားကြီး ခင်မောင်ရင်ဟုဆိုလျှင် မြန်မာတွေ အတော်သိကြ၏။ ဗိုလ်အောင်ဒင် ခင်မောင်ရင်ဟု ဆိုလျှင် ပို၍ ရင်းနှီး၏။ ဗိုလ်အောင်ဒင်အပြုံးဟူ၍ပင် ခေတ်စားခဲ့ဖူး၏။ မင်းသားကြီး ဦးဘချစ်၊ မင်းသမီး မေမေဝင်းတို့နှင့် တွဲဖက်ရိုက်ကူး တင်ဆက်ထားသည့် ဗိုလ်အောင်ဒင်ရုပ်ရှင်ဇာတ်ကားသည် မြန်မာ့အသံတွင် မကြာခဏ ပြန်ပြလေ့ရှိ၏။ ပြန်ပြန်ပြနေသော်လည်း ဓားပြဗိုလ် ဗိုလ်အောင်ဒင် ရန်ကုန်မြို့ပေါ်တွင် ဓားပြတိုက်သည့် တိုက်ကွက်များကိုမူ အများပြည်သူ အတုခိုးများမည်စိုး၍ဟူသော ရည်ရွယ်ချက်ဖြင့် အခန်းတော်တော်များများကို ဆင်ဆာဖြတ်ထား၏။

"ဖားတုလို့ ခရုခုန်ရင် အိုင်ပျက်ရုံသာ ရှိတော့မှာပေါ့ ရာမရာ...ဟင်း...ဟင်း...ဟင်း...ဟင်း"

ဟု ခနဲ့တဲ့တဲ့ ရယ်မောပြောဆိုသည့် စကားသည်



www.burmeseclassic.com

www.burmeseclassic.com

ပရိသတ်ထဲ၌ ပြောစမှတ်ပြုရသည့် ဇာတ်ဝင်စကားတစ်ခု ဖြစ်၏။ ထိုစကားစုကိုပင် ထိုခေတ်က လူရွှင်တော်များက…

"ဖားကုလို့ ခရုခုန်ရင် ဖင်ကျိုးရုံသာ ရှိတော့မှာပေါ့ ရာမရာ"

ဟူ၍ စကားကိုဖုက်၍ ရယ်စရာပြောခဲ့ကြသည်ကို မှတ်မိ၏။ "ဗိုလ်အောင်ဒင်အပြုံး"ဟု ဆိုကြသောသူ၏ ခန့်ပြုံးမှာလည်း ရေပန်းစားခဲ့၏။ ခင်မောင်ရင်ဟုခေါ်သော မင်းသားကြီးမှာ တစ်ခေတ်တစ်ခါမှာ ကျော်ကြားခဲ့၏။ ကျောင်းဆရာဘဝကနေ ရုပ်ရှင်မင်းသားဘဝကို အသက်လေးဆယ်ကျော်မှ ရောက်လာခဲ့သူဖြစ်ကြောင်း သူ၏ ညီအငယ်ဆုံးဖြစ်သူ ဦးခင်မောင်ချစ်က ကျွန်ုပ်အား ပြောပြခဲ့ဖူး၏။ ဦးခင်မောင်ချစ်သည် ကျွန်ုပ်နှင့် လွန်စွာရင်းနှီးလျက် သူ့အစ်ကို မင်းသားခင်မောင်ရင် အကြောင်း တော်တော်များများ ပြောပြနိုင်ခဲ့၏။

"တကယ်တော့ ကိုကိုက ရုပ်ရှင်မင်းသား သိပ်ဖြစ်ချင်တာမဟုတ်ပါဘူးဗျာ။ သူက သီချင်းဆိုတာပဲ ဝါသနာပါတာ။ ဒါရိုက်တာရွှေဒုံးဘီအောင် အတင်းတွန်းတင်လို့ မင်းသားဖြစ်ခဲ့တာ။ အဝတ်အစားအသစ်အဆန်းတွေတောင် ဝယ်တာခြမ်းတာ ကျွန်တော့်လောက် ဝါသနာပါတာ မဟုတ်ဘူး။ ဗိုလ်အောင်ဒင် ရုပ်ရှင်ကားထဲမှာ 'ချက်နှာမှာ စည်းတဲ့ပဝါ၊ ဆောင်းတဲ့ဦးထုပ်၊ မျက်မှန် အားလုံးပဲ ကျွန်တော့်ပစ္စည်းတွေ သူငှားဝတ်တာ"

ဟူ၍ ပြောပြခဲ့ဖူး၏။

"ခင်ဗျားတို့ ဗိုလ်အောင်ဒင်လည်း သရဲခြောက်ခံရဖူးတယ်ဗျ။ သူကျောင်းဆရာလုပ်တုန်းက နယ်မြို့လေးတစ်ခုက ဗိုလ်တဲမှာ တည်းနေတုန်း မြင်ခဲ့ဖူးတာလို့ ပြောတယ်"

စကားစပ်မိ၍ ရုပ်ရှင်မင်းသားကြီးခင်မောင်ရင် သရဲခြောက်ခံရဖူးသည့်အကြောင်းကို ကျွန်ုပ်အား ပြောပြခဲ့ဖူး၏။

"သရဲခြောက်ခံရတယ်ဆိုပေမယ့် သူ့ကို ခြောက်တာ မှင်စာလေးလို့ ပြောတယ်ဗျ။ မည်းမည်းသတ္တဝါလေးတဲ့။ ကြောင်အရွယ်လောက်ရှိပေမယ့် ကြောင်တော့မဟုတ်ဘူးတဲ့။ သူ့ဗိုလ်တဲအရှေ့မှာရှိနေတုန်း ဗန်ဒါပင်ကြီးပေါ်ကို ဖက်တက်သွားတာ တွေ့လိုက်တာတဲ့။ ဗန်ဒါပင်အထက်က ကိုင်းပေါ်မှာ တကာ့ေသား တွေနေတဲ့ အိမ်ကလေးရှိတယ်။ အိမ်က အတော်ကလေးကြီးသတဲ့။ အဲဒီထဲဝင်ပြီး ပျောက်သွားတာ ဆင်းလာတာမတွေ့ရဘူးတဲ့။ ဖြစ်ပုံက အဲဒီလိုတွေ့လိုက်ရတာ။ ညဘက်မဟုတ်ဘူး။ နေ့ခင်းဘက်ကြီးတဲ့။ ကြောင်လည်းမဟုတ်၊ လူလည်းမဟုတ်၊ ကြောင်လိုလို လူလိုလို မည်းမည်းသတ္တဝါလေးလို့ ပြောတယ်။ မှင်စာနေမှာပေါ့ ဆရာရယ်…"

ကျွန်ုပ် စာအုပ်များထဲတွင် ဖတ်ရှုဖူးသော မှင်စာမှာ လူပုံသဏ္ဌာန် ငယ်ငယ်ကလေးများဖြစ်၏။ နားရွက်ရှည်ရှည်၊ မျက်လုံးပြူးပြူး နီနီရဲရဲနှင့် ခန္ဓာကိုယ်၌ မည်းနက်သော အမွေးများရှိ၍ အမြီးရှည်ရှည်လည်းရှိသည်ဟု ဆိုသည်။ ကျွန်ုပ်ကိုယ်တိုင်ကမူ မှင်စာဆိုသော ပရလောကသတ္တဝါကို ယနေ့ထိတိုင် မမြင်ဖူးခဲ့ပါချေ။

တစ္ဆေအကြောင်းကို ပြောဆိုကြသူ များပြားလှသော်လည်း တစ္ဆေကို ကိုယ်တိုင်မြင်တွေ့ဖူးသည့် အဖြစ်အပျက်မှာ လွန်စွာရှားပါးလှလေ၏။

(ရှေ့လစောင့်မျှော်ဖတ်ရှုပါ။)

ဗေဒပညာသုဓမ္မက်လံ

လင်းရောင်တင်

BURMESE CLASSIC .com

ဆရာကြီးလင်းရောင်တင်
ဇေယျက္ကဋ္ဌာသုဓ လိုတရဟောခန်းမှ
ကျန်းမာရေး၊ စီးပွားရေး၊ ပညာရေး၊ လူမှုရေး စသည့်
အရေးကိစ္စများကို ကူညီဆောင်ရွက်ပေးနေပြီ။
နေ့စဉ်-နံနက်(၉)နာရီမှ (၁၂)နာရီအတွင်း။ ဥပုသ်နေ့တစ်ရက် နားသည်။
အခန်း(၃၀၆)၊ တိုက်အမှတ်(၁၀၁/B)၊ (၃)လွှာ၊ လမ်းသစ်လမ်း၊
လမ်းမတော်မြို့နယ်၊ ရန်ကုန်မြို့။ ☎ – 09 420014614



www.burmeseclassic.com

www.burmeseclassic.com

# ပုန္နာဂဏ္ဍူရတနာအရှုပ်တော်ပုံ

## ဒေါင်သန်းချစ်

BURMESE CLASSIC .com

အခန်း(၅)

(ယခင်လမှအဆက်)

## မြင်းပြိုင်ပွဲ

မြင်းပြိုင်ပွဲသွားရမယ်ဆိုတဲ့ သတင်းက အားလုံးကို ဝမ်းသာသွားစေခဲ့ပါတယ်။ သူ့မြင်း အီဘိုနီ ပြိုင်ပွဲမှာ ဝင်ရမယ်ဆိုတာကြောင့် ကိမ်လည်း ခေါင်းမူးနေတာကိုတောင် ခပ်မေ့မေ့ဖြစ်ခဲ့ရပါတယ်။ မြင်းသစ်တန်းပြိုင်ပွဲမှာ ဝင်ပြိုင်ဖို့ ကုန်ကျသလောက်ကို ပါမောက္ခက ထုတ်ပေးမယ်ဆိုတဲ့အတွက်လည်း ကိမ်ပိုပြီး ဝမ်းသာနေပါတယ်။

သူကလည်း ဝင့်ဝင့်ကြွားကြွားနဲ့-

"အီဘိုနီက တစ်ရွာလုံး ရှိသမျှမြင်းတွေထဲမှာတော့ ဗိုလ်စွဲနေတာပါ။ ခုပွဲကတော့ သူ့အတွက် အစွမ်းပြဖို့ အခွင့်အရေးတစ်ရပ်ပါ"

သူက ကျေးဇူးတင်တဲ့အနေနဲ့ ဝပ်စင်းပြီး အရိုအသေပေးလိုက်ပါတယ်၊ ပါမောက္ခ ရုက်သွေးဖျန်းသွားပါတယ်။

ကုန်တင်ကားနောက်ပိုင်းကို မြင်းတင်သွားနိုင်အောင် ပြန်လည် ပြင်ဆင်ကြရပါတယ်။ တစ်ဖက်ကို မြက်ပျော့ပျော့တွေနဲ့ သစ်ရွက်တွေ ခင်းကြရပါတယ်။ အလယ်မှာတော့ သစ်ကိုင်းတွေကို ပူးတွဲချည်နှောင်ခဲ့ကြပါတယ်။

အီဘိုနီလျှောကျလဲပြို မသွားရလေအောင် စနစ်တကျစီမံကြရပါတယ်။ မြင်းကလည်း သူ့အတွက် တစ်ခုခုတော့ စီစဉ်နေကြပြီဆိုတာကို သိနေပုံပါ။

ရာကီဒါဆီသွားတဲ့ ခရီးရှည်ကြီးတစ်လျှောက်လုံးမှာ သူက ကန်ကြောက်ခြင်း၊ ရုန်းကန်ခြင်း၊ အန္တရာယ်ပြုခြင်း၊ အလန့်တကြားဖြစ်ခြင်း စတာတွေကို လုံးဝမလုပ်ခဲ့ပါ။

ဘုရင့်နန်းတော်နဲ့ ပုလိပ်ဌာနကို သူတို့ဖြတ်ခဲ့ကြပါတယ်။ မြင်းပြိုင်ပွဲကွင်းဆီသွားတဲ့လမ်းဖက်ကို လမ်းကျဉ်းကွေးလေးကနေပြီး သူတို့ ချိုးဝင်ခဲ့ကြပါတယ်၊ ပရိသတ်ကြီးကိုတော့ လမ်းစတင်မှာဆုံနေရပါပြီ၊ လော်လီကားတွေ၊ ဂျစ်ကားတွေနဲ့ ကုန်တင်ကားမောင်းသူတွေကတော့ လူအုပ်ကြီးပိတ်ဆို့နေတာကို လမ်းတောင်းပြီး ဖြည်းဖြည်းချင်းသာ ရွေ့လျားနေကြရပါတယ်။



www.burmeseclassic.com

www.burmeseclassic.com

မြင်းပြိုင်ပွဲလာ ပရိသတ်ကြီးက လည်း ခြေလျင်ကော ဆိုင်ကယ်တွေ၊ ကုလားအုပ်တွေနဲ့ မြည်းတွေကုိ သုံးပြီး အင်တိုက်အားတိုက် ချီတက်နေကြပါ တယ်။

ဆရာဝန်ကတော့ ပြိုင်ပွဲဝင်ပေါက် နဲ့ အနီးက မော်တော်ကားဂိတ် အစွန် မှာ သူ့ကားကို ထားလိုက်ပါတယ်။ သစ် ပင်တွေရဲ့ အရိပ်အောက်မှာ ကားထိုးရပ် ပြီးတာနဲ့ ဆရာဝန်က ဝမ်းပန်းတသာ-

"မြင်းကလွဲပြီး အကုန်ဆင်းကြပါ"

သူက မြင်းပြိုင်ပွဲကာလအတွက် အစားအစာနဲ့ ရေကော အရိပ်ကောင်း ကောင်းကိုပါ ကြိုတင်စီမံပြီးခဲ့ပါပြီ။ ပြိုင်ပွဲ ဝင်ဖို့ တစ်နာရီအလိုကျမှသာ အီဘိုနီကို အထဲသွင်းသွားကြပါလိမ့်မယ်။ ကွင်းထဲ မှာက သိပ်ပူပါတယ်။

"ခင်ဗျားကတော့ လူတွေကော မြင်းကိုပါသက်တောင့်သက်သာရှိအောင် ကြိုတင်ပြင်ဆင်ထားလို့ သိပ်ကိုကျေးဇူး တင်ပါတယ်"

ပါမောက္ခရဲ့ စကားအဆုံးမှာဆရာဝန် က…

"ခင်ဗျားစကားကြားရတာ ဝမ်းသာ ပါတယ် ဆီရေးလ်။ ခင်ဗျားသွားလေရာ ကို ပက်ထရစ်နဲ့ ကိမ်ကိုခေါ်သွားပါဗျာ။ ကျွန်တော်ကတော့ ခွန်ဘာကို ဦးဆောင် သွားရပါမယ်။ အထဲဝင်ဖို့ သိပ်တော့ မလွယ်ဘူးဗျ"

သူပြောတာမှန်ပါတယ်။ ဂိတ်ဝမှာ လူရာပေါင်းများစွာ တိုးဝှေ့နေကြပါတယ်။ လူတိုင်းအော်ဟစ် တိုးဝှေ့နေကြတာပါ။ တစ်ချို့ကလည်း ဝင်ကြေးမပေးဘဲ ဝင်ရ လေအောင်ကြားညှပ်တိုးဝှေ့ပြီး ဝင်နေ ကြပါတယ်။ တစ်ချို့ဆို မြင်းပြိုင်ကွင်းရဲ့ ခပ်မြင့်မြင့် အကာတွေကိုတောင် ကျော် တက်ပြီး ဝင်ကြပါတယ်။ သက္ကလတ် ဦးထုပ်နီတွေဆောင်းထားတဲ့ လက်တစ် ဆုပ်စာပုလိပ်တွေက နံပါတ်တုတ်တွေနဲ့ ရိုက်ပြီး လူအုပ်ကြီးကို ထိန်းပါတယ်။

တချို့ ရုပ်အင်္ကျီတွေကိုဆွဲပြီးအကာ အရံတွေပေါ်က ဆင်းနိုင်းပါတယ်။ ဂီတ သမားတွေ၊ ဘင်ခရာသမားတွေနဲ့ အဆို တော်တွေကလည်း ဂိတ်တွေရဲ့ နှစ်ဖက် မှာ ကျယ်ကျယ်လောင်လောင် သီဆို တီးမှုတ်နေကြပါတယ်။

ရွှေပွဲလာ ပရိသတ်ကြီး ကိုလည်း သူတို့ဆီငွေတွေကြဲဖို့ တောင်း ဆိုကြပါ တယ်။

အထဲရောက်တော့ ယာယီတဲတွေ ဖက်ညှန့်ပြီး ကိမ်ကို ငွေပေးလိုက်ပါ တယ်။

"မင်းတို့ သုံးယောက်စားသောက်ဖို့ သွားဝယ်ပါ။ ငါကတော့ မြင်းဇောင်းတွေ နားမှာ အီဘိုနီကို စာရင်းသွားသွင်းရ မယ်။ ကမ္ဘာကျော်အာရပ်မြင်းတွေပြဖို့ ခင်ဗျားကို စောင့်မနေနိုင်တော့ဘူး ဆီရေးလ်ရေ"

ပါမောက္ခက…

"သည်မှာ တို့ရောက်နေတာကို ကြီးကြပ်ရေးမှူးဆီ အကြောင်းကြားရင် မကောင်းဘူးလား။ အာဒါမူးသတင်း လည်း သူ့ထံက ရနိုင်တာပေါ့"

"မြင်းဇောင်းကို အရင်သွားရမယ်။ ကိစ္စအားလုံးပြီးရင် ပုလိပ်တဲမှာ အားလုံး ကို သွားတွေ့လို့ရပါတယ်။

တစ်နာရီအတွင်း ကိစ္စအားလုံး ပြေနိုင်ဆိုနိုင်အောင် တို့စီစဉ်ရလိမ့်မယ်"

"ဟုတ်ကဲ့ပါ။ အခုကနေ တစ်နာရီ ပါ"

ကိမ်က လိမ္မော်သီး၊ ကိတ်မုန့်၊ ဘီစကစ်နဲ့ ငှက်ပျောသီးခြောက်တွေဝယ် ခဲ့ပါတယ်။ သူတို့နားနားနေနေ စား သောက်ကြရင်း အရောင်အသွေးစုံ ပရိသတ်ကြီးကို ကြည့်ရင်း ရွှင်မြူးနေကြ ပါတယ်။

အချို့ အမျိုးသားတွေက ထီ လက်မှတ်တွေ ရောင်းနေကြပါတယ်။ မြင်းပွဲလောင်းဖို့ ခေါ်သူတွေကခေါ်နေပါ တယ်။ မိန်းမပျိုလေးတွေကလည်း ကလေးကစားစရာတွေ၊ မီးခြစ်တွေနဲ့ စီးကရက်ဘူးတွေပြည့်နေတဲ့ခြင်းတောင်း တွေလွယ်ပြီးရောင်းနေကြပါတယ်။

> 'ဒီလောက်မဖြစ်စလောက် ငွေ လေး ရှုံးသွားတာများ မင်းက ဘာ့ကြောင့် ငြီးနေရတာလဲ။ ညက တို့လုပ်ခဲ့တဲ့ ပူနာကူလုပ်ငန်းက ငွေတွေအများကြီး ရမှာပါ'



www.burmeseclassic.com

www.burmeseclassic.com

သူတို့ ဒစ်မတွေကတော့ ခေါင်းတွေပေါ်မှာ ဇန်းတွေရွက်ပြီး သစ်သီးတွေ၊ နို့ဘူးတွေ၊ ငါးသေတ္တာတွေ အပြည့်နဲ့ပါ။ သစ်သီးတွေ၊ ချင်းဂန်းတွေ၊ သကြားလုံးတွေ လက်ဘက်ခြောက်ထုပ်တွေ လောက်ကိုတော့ ဖော်ပြမနေတော့ပါ။

သူဝတ်လေ့ရှိတဲ့ ဥရောပ အဝတ်အစား ရှပ်အင်္ကျီနဲ့ ဘောင်းဘီတိုနဲ့မတူ ကွဲပြားတဲ့ ဝတ်စားဆင်ယင်မှုတွေကို မြင်ရလို့ ပက်ထရစ် က ဝမ်းသာနေပါတယ်။

"ကျွန်တော်နဲ့ လုံးဝမတူတဲ့လူတွေပဲဗျ။ လေးရှိစ်ရောက်စတုန်းက အားလုံး အတူတူပဲလို့ ထင်ခဲ့ပါတယ်။ ဘယ်လူမျိုးစုတွေက ဘာတွေဝတ်တယ်ဆိုတာ ကျွန်တော်ကို အတိအကျပြောပြပါလား"

"ဟောက်ဆက်နဲ့ ဖူလာနစ်လူမျိုးစုတွေက ရီဂက်စ်ဆိုတဲ့ အရောင်ဖျော့ဖျော့ ကြိုးရှည်ရှည်ကို သုံးကြတယ်။

အထူး သဖြင့်တော့ပွဲလမ်းသဘင်တွေ သွားတဲ့အခါမျိုးမှာ သုံးကြတယ်။ တောင်ပိုင်းက ဗ..မျိုးသမီးတွေထက် မြောက်ပိုင်းသူတွေက အရောင်တောက်တောက်တွေကို ပိုပြီး ဝတ်ကြတယ်"

ကိမ်က အဝတ်အစားတွေအကြောင်း ပြောနေရာကနေ . . .

"အခုလောလောဆယ် ဖြတ်သွားတဲ့ အရိုင်းအစိုင်းလူတွေကို ခင်ဗျား သတိပြုမိရဲ့လား။ လေးတွေ မြှားတွေ သယ်သွားသူတွေကတော့ မုဆိုးတွေပါ။ သူတို့နားမှာ ရပ်နေတဲ့အသားခပ်လတ်လတ်နဲ့ ဆံပင်တွေကို ဖွတ်မီးထိုးထားတဲ့ လူမျိုးစုတွေနဲ့တော့ သူတို့က နည်းနည်း ဆင်ပါတယ်"

ပက်ထရစ်က လှမ်းကြည့်လိုက်ပြီး

"သူတို့ရဲ့ ခပ်ကားကားရှည်ရှည် ဦးထုပ်တွေက သူတို့ကို အရပ်ပိုရှည်တယ်ထင်စေပေးပါတယ်"

ကိမ်က ပြန်ပြီး . . .

"အဲဒါတွေကတော့ တစ်နေရာက နေ တစ်နေရာဆီ ကျွဲနွားအုပ်ကြီးနဲ့ ရွှေ့ပြောင်းကျက်စားလေ့ရှိကြတဲ့ နိုင်ငံဒစ် ဖူလနစ်တွေပါ" ဘာ့ကြောင့် သူတို့ကို ခင်ဗျား စိတ်ဝင်တစားကြည့်နေတာလဲ ပက်ထရစ်"

"သူတို့ထဲမှာ တစ်ယောက်တည်း အထီးကျန်ဖြစ်နေလို့ပါ။ ဖူလနီနစ်တွေလိုပဲ ဝတ်စားထားပေမယ့် အားလုံးနဲ့ စကားတစ်ခွန်းမှ မပြောဘဲ အထီးကျန်ဖြစ်နေတယ်လေ။ အဲဒါဘာ့ကြောင့်လဲလို့ တွေးနေတာပါ"

"သူက ဖူလနီနစ် မဟုတ်ပါဘူး။ ဒါကြောင့်ပါ"

ကိမ်က အဲဒီလူကို အသေအချာ စိုက်ကြည့်လိုက်ပြီး . . .

"ဦးထုပ်ကို မျက်နှာဝက်ဆောင်းထားတဲ့လူက အာဒါမူးပါ"

ဒုတိယအကြိမ်အံ့သြရတာကတော့ အဲဒီဖူလနီနစ်လို့ ထင်နေရတဲ့ လူထူးလူဆန်းထံ လူနှစ်ယောက်ရောက်လာပါတယ်။ သူတို့က ကျွမ်းကျွမ်းဝင်ဝင်ရှိနေကြပုံပါ။ အဲဒီလူနှစ်ယောက် ကတော့ ဂျူးဂျူးဘုန်းကြီးနဲ့ ဆရာဆာနီတို့ပါ။ ခွန်ဘာလည်း သူ့မျက်လုံးတွေကိုတောင် သူမယုံချင်တော့ပါ။

ကိမ်က စူးစမ်းလိုက်ပြီး . . .

"ဆရာဆာနီက မှတ်ဆိတ်တောင် ရှည်နေပြီပဲ။ သိပ်ကို အံ့သြစရာပဲ"

အသံချဲ့စက်မှနေပြီး . . .

ပထမပြိုင်ပွဲကတော့ ကိုးဖာလုံပါ၊ နံပါတ်(၁) ဒါန်ဆန်ဒါ၊ နံပါတ်(၂) ဟက်ဆန်၊ နံပါတ်(၃)မိုက်တီးဟန်တာ ဆိုပြီး ကျန်တဲ့နံမည်တွေကိုဆက် ကြေညာနေပါတယ်။

ဒါပေမယ့် ကလေးတွေကတော့ အာဒါမူးနဲ့ မျှော်လင့်မထားတဲ့ သူ့မိတ်ဆွေနှစ်ဦးဆီမှာသာ အလုပ်ရှုပ်နေကြပါတယ်။

"ကိုယ့်နေရာမှာ ကိုယ်အမြန်ဆုံးနေကြပါ၊ လူကြီးမင်းများခင်ဗျာ၊ တစ်မိနစ်ကြာရင် ပြိုင်ပွဲစပါလိမ့်မယ်"

ဆိုတဲ့ အသံက ဟိန်းထွက်လာပါတယ်။

တာထွက်သေနတ်ဖေါက်လိုက်ပါတယ်။ လူအားလုံး မြင်းပြိုင်ကွင်းဆီ မျက်လုံးတွေစုပြုံရောက်သွားပါတယ်။ စူလီမာနူး၊ အာဒါမူးနဲ့ဆရာတို့လည်း တို့အတူပါ။ အကာတန်းတွေအနီးမှာ သူတို့နေရာရခဲ့ကြပါတယ်။ ခေါင်းပေါင်းဖြူနဲ့ ဝဝဖိုင့်ဖိုင့် ဟောဆ..အကြီးအကဲတစ်ယောက်လည်း သူတို့နောက်မှာ ရပ်နေပါတယ်။ အခိုင်းအစေတစ်ယောက်က သူ့ကိုနေရောင် မထိုးရလေအောင် ထီးနီကြားကြီးမိုးပေး ထားပါတယ်။ အဲဒီအခိုင်းအစေရဲ့ ပခုံးကို ကျော်ပြီးကြည့်လိုက်ရင် အာဒါမူးတို့ သုံးဦးကို မြင်နိုင်ပေမယ့် အဲဒီသုံးဦးကတော့ ကလေးတွေကို မမြင်နိုင်ပါ။



www.burmeseclassic.com

www.burmeseclassic.com

ဆာနီနဲ့အဖွဲ့ကတော့ အဝေးက မြင်းတွေပြေးနေတာကိုသာ ိ ာ်ဝင်စား နေကြတာမို့ ဝန်းကျင်ကို သူတို့ဂရုမပြု အားကြပါ။ မိုက်တီးဟန်တာက ပန်းဝင် ခါနီးတစ်လံလောက်အလိုမှာ နောက်ကျ ကျန်ခဲ့တော့ စူလီမာနူးစိတ်ဓါတ်အကြီး အကျယ်ကျသွားခဲ့ပါတယ်။ ပါးစပ်မှ လည်း···

"ငါ့ရှိသမျှငွေတွေတော့ အကုန် ပြုတ်သွားပြီ"

ကျောင်းဆရာက····

"ဒီလောက်မဖြစ်စလောက် ငွေ လေး ရှုံးသွား တာများ မင်းကဘာ့ကြောင့် ငြီးနေရတာလဲ။ ညက တို့လုပ်ခဲ့တဲ့ ပူနာကူလုပ်ငန်းက ငွေတွေအများကြီး ရမှာပါ"

စူလီမာနူးက အသံမာမာနဲ့···

"ငါတို့ ငွေသွားထုတ်ရုံပဲ မဟုတ် ပါလား။ အသံခဲ့စက်တဲသွားပြီး ဂျုံကျိရာ ကို အချိန်အတိအကျ ချိန်းလိုက်ရင်ပြီး တာပဲ"

ထူးထူးဆန်းဆန်း အရောင်အသွေး စုံလူအုပ်ကို ကွဲကွဲပြားပြား မြင်လို့ရတဲ့ ထိ နီးကပ်လာခဲ့ကြပါပြီ၊ စူလီမာနူးက တော့ သူ့ခြေလှမ်းတိုင်း ကြောက်ရွံ့ ထိတ်လန့်နေပုံပါ။ သူဖြတ်သွားခိုက်မှာ အရိုင်းအစိုင်းတွေက သူတို့သားတွေကို ထောက်ပြီး မန္တန်တွေရွတ်ပြီး သူ့ကို မလိုလားကြောင်းပြသခဲ့ကြပါတယ်။ သူ့ ဦးထုပ်က ဂျူးဂျူး အမှတ်တံဆိပ်ကို မြင်ကြရတော့ တခြားသူတွေကလည်း သူ့ကို မျက်နှာလွှဲပစ်ခဲ့ကြပါသေးတယ်။ စီးဝါးမကျတဲ့ နားငြီးဖွယ်ဂီတသံတွေကို ထုတ်လွှင့်ပေးနေတဲ့ မြက်တဲကြီးတစ်တဲ ဆီ သူတို့ လျှောက်သွားကြပါတယ်။ ဟောင်းနွမ်း စုတ်ချာနေတဲ့ ဦးထုတ်မဲ တစ်လုံးကို ဆောင်းထားတဲ့ အရပ်ရှည် ရှည် မျက်စိခပ်စွေစွေ လူတစ်ယောက် ကဝင်ပေါက်မှာနေပြီးရုံဝင်ခကို အော်ဟစ် ကောက်ခံနေပါတယ်။ စူလီမာနူးနဲ့ သူ့ မိတ်ဆွေတွေက အဲဒီဂိတ်စောင့်ကို နှုတ်ဆက်လိုက်ကြပါတယ်။

"ဟက်စန်ရေ မစ္စတာဘာလူးတီကို လည်း၊ ကျွန်းခံသာလို့မှာစေကြောင်း၊ တို့က ဆုတောင်းလိုက်ပါတယ်။ ဒါနဲ့ အထဲမှာ ဂျုံကျိရာရှိသလား"

ဂိတ်စောင့်က ခေါင်းငြိမ့်ပြပြီး ရုံဝင်ခ မယူဘဲ သူတို့ကို အထဲဝင်ခွင့်ပြုလိုက်ပါ တယ်။

ပြတွဲကြည့်ဖို့ စိတ်စောနေကြတဲ့ ကလေးတစ်အုပ်နဲ့ အတူတူရောပြီး ကိမ်၊ ခွန်ဘာနဲ့ ပက်ထရစ်တို့ ရုံထဲကိုဝင်ခဲ့ကြ ပါတယ်။ များပြားလှတဲ့ ပရိသတ်ရယ် ရုံထဲက အမှောင်ထုရယ်ကြောင့် သူတို့ သုံးဦးကို ဘယ်သူကမှ သတိမပြုမိခဲ့ကြ ပါ။ ရုံအလယ်ဗဟိုက ဖျာတွေတဝိုက် မှာပဲ မြေပဲဆီဗူးလေးတွေကို ထွန်းညှိ ထားတဲ့ အလင်းရောင် ခပ်ဖျော့ဖျော့ ရှိနေပါတယ်။

ကိမ်က ခွန်ဘာကို နှစ်ကိုယ်ကြား လေးကပ်ပြီး ···

"တို့မုန့်စားဖို့ ပေးလိုက်တဲ့ ငွေတွေ ကို ရုံဝင်ဖို့ လက်မှတ်ဝယ်လိုက်မိတာ ကံကောင်းသွားတယ်" ယာအစွန်မှာ ထိုင်နေတဲ့ အတီးသမားနှစ်ယောက်နား မှာ သူတို့သုံးယောက်သွားထိုင်နေတာ ကိုပါ ကောင်းကောင်းမြင်နေရတယ်။ သိပ်မှောင်နေပြီ သိပ်ရှုပ်နေတာကြောင့် တို့ကို သူတို့ သတိထားမိမှာ မဟုတ်တာ သေချာပါတယ်။ တတ်နိုင်သမျှ သူတို့ အနီးကို တိုးသွားကြစို့"

အတီးသမား တစ်ယောက်က ဘင် နှစ်လုံးကို တစ်လုံးပြီးတစ်လုံး ခပ်မြန်မြန် ရိုက်ပုတ်နေပါတယ်။ သူ့အဖွဲ့သားတွေ ကလည်း တူရိယာသုံးမျိုးကို အပြန် အလှန် တီးမှုတ်နေကြပါတယ်။

အဲဒါ တွေကတော့ ရေနံဆီပုန်းရဲ့ အဖုံးကို ကြိုက်ပုံပြုလုပ်ထားတဲ့ တူရိယာ ပစ္စည်းရယ် ဦးချိုအရှည်ကြီးတစ်ခုကို ပန်းပေါ်မှာတင်ပြီး မှုတ်နေတဲ့အပြင် ဗူးတောင်း တူရိယာ တစ်စုံလည်း ပါဝင် ပါတယ်။

ဂီတသမားတွေအားလုံး အဝတ် အစား ခပ်နွမ်းနွမ်းတွေပါ။ ပျော်စရာ အကောင်းဆုံးကတော့ ကချေသည် အမျိုးသား ငါးယောက်နဲ့ အမျိုးသမီး ငါးယောက်တို့ရဲ့ အဖွဲ့လိုက် ကျူးရင့် လိုက်တဲ့ ရစ်သမ်တွေ လေထဲမှာ ပျံ့လာ ချိန်မှာပါ။ သူတို့က အိပ်မက်ထဲက နိုးထလာဘိအလား ဖျာကြမ်းတွေပေါ်မှာ မြူးမြူးကြွကြွ ကခုန်ရင်း ၎င်းတို့ ရဲ့ အကျယ်လောင်ဆုံး အသံတွေနဲ့ စည်း လွတ်ဝါးလွတ် ဆူညံနေပါတော့တယ်။

ဒါ့အပြင် ကချေသည်အမျိုးသား တွေက သူတို့ခြေကျင်းဝတ်မှာချည်ထား တဲ့သူတွေကို မကြာခဏ ခါယမ်းပြီး အသံပြုကြသလိုအမျိုးသမီးတွေကလည်း သူတို့ခါးတွေက ငုက်တောင်တွေကို တရှဲရှဲမြည်အောင် ပွတ်တိုက်ကြပါတယ်။



www.burmeseclassic.com

www.burmeseclassic.com

ဂီတသံက မရပ်မနား တီးမှုတ်ပေးနေပေမယ့် ကချေသည်တွေကတော့ မကြာခဏ ရပ်နားပြီး တဲထဲမှ ထွက်ခွာသွားကြပါတယ်။ ဒါကြောင့် ရုံဝင်ခကောက်ခဲ့တဲ့ ဂိတ်စောင့် ဟက်စန်က ဂိတ်ပေါက်မှနေပြီး . . .

"အခု ခေတ္တနားတာပါ။ အတီးအမှုတ်နဲ့ ဖျော်ဖြေနေပါ့မယ်၊ မကြာခင် ကျားသစ်အကနဲ့ ဖျော်ဖြေမှာပါ။ ကချေသည်တွေ လာနေကြပါပြီ။ ခေတ္တလောက်ဂီတသံနားဆင်ရင်း စောင့်စားနေကြပါ၊ ခေတ္တလောက် ဂီတသံနားဆင်ရင်း စောင့်စားကြပါ။ ရုံအပြင်ဖက် မထွက်ကြပါနဲ့"

အချို့ပရိသတ်သာ ထွက်သွားကြပြီး အများစုကြီးက ဖျာတွေ တစ်ဝိုက်မှာ ထိုင်လျက်စောင့်နေကြပါတယ်။ ဦးချိုမှုတ်သမား နားနေခိုက် ဆရာဆာနီက သွားရောက် နှုတ်ဆက်နေတာကို ကလေးသုံးဦးက တွေ့နေရပါတယ်။

"ဂျုံဂျီရာရေ . . . မစ္စတာဘာလူးတီ ကျန်းခံ့သာလို့ မ ပါစေကြောင်း ဆုမွန်သလိုက်ပါတယ်။ အတီးအမှုတ် ခဏ ရပ်ပါဦး။ ကျွန်တော့်မှာပြောစရာလေးပါလာပါတယ်။"

"စာချုပ်က ဘယ်လောက်လို့ ရေးထားလဲ"

"မစ္စတာဘာလူးတီက ကြိုတင်ပြောပြထားတယ်။ ခင်ဗျားကို အသိပေးမှာတွေကို သူကိုယ်တိုင်ပြောမယ်တဲ့။ ကျွန်တော်တို့ကို ငွေပေးလိုက်ပါဆိုတဲ့ သူ့ရဲ့ သဘောတူစာချုပ်ပဲ ခင်ဗျားကို ပြနိုင်းလိုက်ပါတယ်"

"ကောင်းပါပြီ၊ ကောင်းပါပြီ၊ ခင်ဗျားတို့ကို နန်းတော်က အမှုထမ်းဆီခေါ်သွားပြီးတစ်ခါတည်းငွေအပြည့် ချေနိုင်းပါ့မယ်"

ဆူလီမာန္နူး ကဝင်ပြီး မာန်ဖီလိုက်ပါတယ်။

"ငွေမရဘဲ ကျုပ်တို့ ဘယ်ကိုမှ မသွားဘူး"

ဦးချိုမှုတ်သမားလည်း သူ့အိတ်ထဲ ထိုးနှိုက်လိုက်ပြီး ကြိုးချည်ထားတဲ့ ငွေစက္ကူတစ်ထုပ်ကို ဆွဲထုတ်ခဲ့ပါတယ်။ ကြိုးကိုဖြည်ပြီးတာနဲ့ ဘင်သမားကို ခပ်ကျယ်ကျယ်ထုဖို့ အမိန့် ပေးလိုက်ပါတယ်။

ဘင်သံနဲ့အတူ သူက ငွေစက္ကူတွေကို စတင်ရေတွက်ပါတော့တယ်။

"တစ်ဆယ် နှစ်ဆယ်"

ဘင်သံရဲ့ အောက်မှာ သူ့အသံ ငုပ်ရှိုးကွယ်ပျောက်သွားခဲ့ရပါတယ်။ ငွေစက္ကူခပ်များများကို ဆူလီမာန္နူးလက်ထဲ ထည့်ပေးလိုက်ပါတယ်။ ငွေရတာနဲ့ တပြိုင်နက် ဆူလီမာန္နူးက တဲအပြင်ဖက်ထွက်သွားပါတော့တယ်။

ဒါပေမယ့် ကျားသစ်ရေဝတ်စုံတွေ ဆင်မြန်းထားတဲ့ ကချေသည် တစ်အုပ်က အော်ဟစ် သီဆိုကခုန်ရင်း တဲထဲကို ဝင်လာကြပါတယ်။ ဆူလီမာန္နူးကလည်း ဆဲဆိုကြိမ်း မောင်းတွန်းထိုးပြီး တိုးထွက်နေပါတယ်။

တစ်ချိန်တည်းမှာပဲ ဆရာနဲ့ အာဒါမ္မူးတို့ကလည်း ငွေယူလာတဲ့ ဆူလီမာန္နူးကို မျက်ခြေပြတ်မခံဘဲ မတ်တတ်ထရပ်ပြီး ကြည့်နေကြပါတယ်။

ဆူဆူညံညံ အသံတွေနဲ့ ရှုပ်ရှုပ်ထွေးထွေးဖြစ်နေချိန် အတောအတွင်းမှာ ကလေးသုံးယောက်ကလည်း အခွင့်ကောင်းယူပြီး ဆူလီမာန္နူးနဲ့ အပ္ပဲခင် နှစ်ဦးတို့ကို နောက်ယောင်ခံလိုက်ခဲ့ကြပါတယ်။ မြင်းပြိုင်ပွဲကို လုံးဝဂရုမပြုတော့ဘဲ တစ်ချက်ကလေးတောင် စောင်းငဲ့မကြည့်ဘဲ အပြင်ထွက်ပေါက်ဆီ အပြန်ဆုံးလျှောက်သွားကြပါတယ်။ တစ်ခါကားရပ်နားစခန်းဖက် ဦးတည်သွားပြန်ပါတယ်။ သစ်ပင်ကြီးတစ်ပင်ကို ကွယ်ပြီး ကလေးတွေက ချောင်းကြည့်ခဲ့ကြတာကြောင့် ဆူလီမာန္နူးက အပြာရောင်ဘက်ဖို့ဒ်လော်လီကားတစ်စီးကို မောင်းသွားတဲ့အပြင် ဆာနီကတော့ အာဒါမ္မူးနဲ့အတူ ခပ်တောက်တောက် အစိမ်းရောင် ချက်ပလက်ကားနဲ့ ထွက်သွားတာကိုပါ မြင်ခဲ့ကြရပါတယ်။

ခွန်ဘာက . . .

"အခုမှ တို့ ဒုက္ခလှလှကြီးတွေ့ကြရပြီ။ သူတို့နောက်ကို ဘယ်လိုလုပ်ပြီး နောက်ယောင်ခံလိုက်ကြမလဲ"

*** *** ***

ဆက်လက်ဖော်ပြပါမည် . . .

အောင်သန်းချစ်

www.burmeseclassic.com



www.burmeseclassic.com



www.burmeseclassic.com

www.burmeseclassic.com

# အရှုံးကြမှ အပြေရှာသော်

**နေမျိုး**

လွန်ခဲ့သော နှစ်ပေါင်း ၃၀ ခန့်က ဖြစ်သည်။ မြန်မာဘောလုံးအသင်း အာရှတစ်ခွင်၌ လျှမ်းလျှမ်းတောက် အောင်မြင်မှုများ ဆင့်ကဲဆင့်ကဲ ရရှိနေစဉ်ကာလ။

ရန်ကုန်အနောက်ပိုင်းတွင် ဖိတ်ခေါ် "W"ဘောလုံးပြိုင်ပွဲတစ်ခု ကျင်းပနေသည်။ "မာဃ" ဒိုင်းဟု အမည်တွင်၏။ "မာဃ"ဒိုင်း ဘောလုံးပြိုင်ပွဲကို ကြီးမှူး ကျင်းပသည့်အဖွဲ့က ရန်ကုန် အနောက်ပိုင်း တန်ဆောင်တိုင်မီးထွန်းပွဲတော်တွင် အထင်ကရနာမည်ကြီးလှသော ဂီတပဒေသာ မာဃစင်တော်ကြီးမှ ဦးဆောင်ပုဂ္ဂိုလ်များပင် ဖြစ်၏။ ထိုစဉ်ကာလက လူငယ်မျိုးဆက်သစ်များသည် ဘောလုံးကြီးထက် "W"ဘောလုံးကစားခြင်းကို ပိုမိုနှစ်သက်ကြ၏။ "W"ဘောလုံးတွင် ထူးထူးချွန်ချွန်ကစားနိုင်ပြီးမှသာ ဘောလုံးကြီးဘက်သို့ ကူးပြောင်းလေ့ရှိကြသည်။ "W" ဘောလုံး ကစားခြင်းမှတက်လာသော ဘောလုံးသမားများသည် ဘောလုံးကြီးတိုက်ရိုက်ကစားသော ဘောလုံးသမားများထက် ဘောလုံးထိန်းသိမ်းမှု၊ ဖြန့်ဝေမှုတို့တွင်ပိုမိုသာလွန်ကြောင်း တွေ့ရသည်။

* * *



www.burmeseclassic.com

www.burmeseclassic.com

"မာယဒိုင်း"

အဆင့်မြင့် "W"ဘောလုံး ဖိတ်ခေါ်ပြိုင်ပွဲကို နှစ်စဉ်ဆောင်းနှောင်းကာလတွင် ကျင်းပသည်။ ချီးမြှင့်သည့်ဆုကြေးကလည်း သူ့ခေတ်သူ့အခါ၌ စွဲမက်စရာဆုကြေးဖြစ်သောကြောင့် ဘောလုံးသမားများ စိတ်ဝင်စား[illegible]သည်။ ယခုနှစ်ပြိုင်ပွဲ[illegible] အသင်းများက မနည်း[illegible] စုစုပေါင်း ၂၅ သင်း။ [illegible]တော်တော်များများတွင် [illegible]ရွေးစင်အကျများ၊ ပထမ[illegible]၊ ဒုတိယတန်း ဘော[illegible]သမားများ ပါသည်။ ပြိုင်ပွဲကို မော်တင် ကမ်းနား ဂိုဒေါင်ကြားတွင် ကျင်းပသည်။ ပြိုင်ပွဲကား ရှုံးထွက် စနစ်ဖြစ်သည်။ တစ်သင်းလျှင် ကစားသမား ၆ ဦး၊ ဂိုး ၁ ဦး၊ ပေါင်း ၇ ဦး ယှဉ်ပြိုင် ကစားရသည်။ အရန်ဘောလုံးသမား ၂ ဦးနှင့် အသင်းကို ၉ ဦးနှင့် ဖွဲ့စည်းရ၏။ ကစားပွဲကို ကြီးကြပ်သည့် ဒိုင်လူကြီးကလည်း ထိုစဉ်က ရန်ကုန်တိုင်း ဒိုင်လူကြီး (နောင်တွင် ဘောလုံးအဖွဲ့ချုပ် ဒိုင်လူကြီး၊ အပြည်ပြည်ဆိုင်ရာ ဒိုင်လူကြီးဖြစ်သွားသည်ဟု သိရ၏) ဖြစ်သည်။ တိကျသည်၊ မှန်ကန်သည်။ သို့သော် ပြိုင်ပွဲတွင် လူကျုံ့ ဥပဒေ မပါ။ ထောင့်ကန်ကို ကွင်းလယ်ဗဟိုစည်းမှ ကန်ရသည်။ ထိုပြိုင်ပွဲတွင် မာယဒိုင်းကို ကာကွယ်မည့် အိမ်ခံ အသင်း နှစ်သင်းပါသည်။ မာယ(A)နှင့်(B) အသင်းတို့ဖြစ်သည်။(A)အသင်းကို ကစားနိုင်သူများနှင့်သာ ဖွဲ့စည်းထားသော်လည်း (B) အသင်းကို အကောင်းဆုံးဖွဲ့စည်းထားသည်။ (B)အသင်း တစ်သင်းလုံး အောင်ဆန်းကွင်း၌ နာမည်ရဘောလုံးသမားများပင်။ ထိုအသင်း၏ ကွင်းလယ်ဖန်တီးရှင်ကား အခြားသူမဟုတ်။ ကျွန်ုပ် စာရေးသူပင် ဖြစ်ပါ၏။

ယနေ့ကား . . ကွာတား ဖိုင်နယ်ပွဲစဉ်များ၏ နောက်ဆုံးပွဲစဉ်ဖြစ်[illegible] ကျွန်ုပ်တို့၏ မာယ (B)အသင်းနှင့် ကြက်ဘဲဒိုင် အသင်းတို့ ယှဉ်ပြိုင်ရမည်ဖြစ်၏။ ကျွန်ုပ်တို့အသင်းမှာ တစ်ပွဲနိုင်ပြီး [illegible] အဆင့်ရောက်သော်လည်း ကြက်ဘဲဒိုင်အသင်းမှာမူ ပွဲစဉ်များ မဲနှိုက်ခဲ့ဉ်က "ဘိုင်" ရပြီး [illegible]အဆင့်မှ စောင့်နေသည့် အသင်းဖြစ်သည်။ ဤအသင်း၏ ဖွဲ့စည်းပုံ အနေအထားနှင့် အဆင့်အတန်းကိုကား ကျွန်ုပ်တို့အသင်းနှင့် မကြာမကြာချိန်းကစားဖူးသည့် အသင်းဖြစ်သည့်အတွက် သိပြီးသားဖြစ်၏။ ထူးထူးခြွန်ခြွန်ကစားနိုင် သူ တစ်ဦးတစ်ယောက်မှ မပါ။ ကစား[illegible]တ်သည်ဟု ပြော၍ရရုံ အဆင့်သာပင်။

* * *

ပရိသတ်ကား ကမ်းနား ဂိုဒေါင်ကြားတွင် ပြည့်ကြပ်နေသည်။ ကမ်းနားမှ ကာယလုပ်သားများကကြက်ဘဲဒိုင်အသင်းကို တစ်ခဲနက် အားပေးသည်။ ပေးရမည်ပေါ့။ သူတို့နှင့် မော်တင်ကမ်းနားတွင် ဖွင့်လှစ်ထားသော ကြက်ဘဲဒိုင်မှ ကြက်သမားများက အပေါင်းအဖော်များ မဟုတ်ပါလား။ ဘောလုံးပွဲကတော့လုံးဝကြည့်မကောင်း။ အနူကို [illegible]တုပ်ရိုက်သလို ကစ်ဖက်သတ်ကြီး ဖြစ်နေပြီ။ မာယအသင်း၏ ကစားကွက်အောက်တွင် ကြက်ဘဲဒိုင် အသင်း ထိန်းချုပ်ခံနေရသည်။ မာယအသင်းက ကွင်းတစ်ဝက်ခန့်စီး[illegible] ဖြီး ဂိုးများ တဒိုင်းဒိုင်းသွင်းသည်။ သို့သော် တစ်ဂိုးမှ မရသေး။ ပထမပိုင်း ကစားချိန် မိနစ်သုံးဆယ်ကားပြည့်တော့မည်ဖြစ်သည်။ ကြက်ဘဲဒိုင်အသင်းသား[illegible]းလုံး နောက်ပြန်ဆင်းကာ ပိတ်ခံသည်၊ သည်ကြားထဲမှာပင် ကျွန်ုပ်တို့အသင်းမှ ကန်သွင်းသည့် သေချာပေါက်ဂိုး ၅ လုံးခန့်သည် တိုင်ထိ၊ ဘားထိ၊ ဂိုးသမားထိနှင့် ဆုံးရှုံးခဲ့ရသည်။ ကျွန်ုပ်ကိုယ်တိုင်ကန်သွင်းသည့် သေချာ ပေါက်ဂိုးတစ်လုံးမှာလည်း ဂိုးတိုင်အတွင်း ဝင်အံ့ ဆဲဆဲမှ ဝေ့ဝိုက်ကာ ဂိုးတိုင်ဘေးမှ ပွတ်၍ ဘေးထွက်ဘောဖြစ်သွားရ၏။ ကျွန်ုပ်၏ ရှေ့တန်းကစားဖော်များသွင်းသည့် ဘောလုံးများလည်း ဤသို့ ဤပုံပင်။ ကျွန်ုပ်တို့ အသင်းသားများ ဂိုးရလိုသော ဇောကြီးနေသည်ကပင် ဂိုးမရခြင်းပေလော။ ခက်သည်က အဖွင့်ဂိုးမရခြင်းပင်။ အဖွင့်ဂိုးရသည်နှင့် ဆက်တိုက်ဂိုးရမည်ကို အတွေ့အကြုံအရ ကျွန်ုပ် သိနေသည်။ ကွင်းလယ်ကစားကွက်ကို ထိန်းချုပ် ကစားရင်း တိုက်စစ်ကစားကွက်ကို ဖော်ဆောင်ပေးနေသော ကျွန်ုပ်သည် ကစားရင်း



www.burmeseclassic.com

www.burmeseclassic.com

ပင် တစ်ဖက်ဂိုးတိုင် ‌နောက်မှ ရပ်အားပေးနေသော သူတစ်ဦး အား သတိပြုမိသည်။ သို့သော် အမှတ် မထားခဲ့။ သတိပြုမိ သည့် ဟာ ကြက်သမားများ အလယ်မှထိုသူ၏ထင်ရှားသော ရပ်သွင်ကြောင့်ပင် . . ။ ကြက် ကုလား အုပ်စုရှေ့တွင် ထိုသူ ရပ်နေသည်။ ဖြူနီစပ်သော အသားအရေကြောင့်လည်း ကောင်း၊ ရိုးရာဝတ်စုံဝတ်ဆင် ကာ ထိပ်ပြောင်၊ မေးရိုးကား၊ နှုတ်ခမ်းမွေးကားကားကြောင့် လည်းကောင်း၊ အောက်ခံ အင်္ကျီမပါဘဲ အပေါ်ဖုံးတိုက် ပုံအင်္ကျီကို ကြယ်သီးမတပ်ဘဲ ဝတ်ထားသောကြောင့် ဟနေ သော ရင်ဘတ်အပေါ်မှ ဆေး မင်ကြောင်ကွက်များကြောင့် လည်းကောင်း သတိပြုမိခြင်း ပင်တည်း။ ပထမပိုင်းပြီးဆုံး ကြောင်း ဒိုင်လူကြီး၏ ခရာသံ ထွက်လာသည်။ ကျွန်ုပ်တို့ အသင်းကား အသံသာမြည်ပြီး အဆံမပါသည့်သကြံန်အမြောက် နှယ် ဖြစ်နေသည်။

ဂိုးကားမရသေး။

* * *

အသင်း၏ အုပ်ချုပ်သူ နည်းပြဖြစ်သူ ကိုငြိမ်းထံမှ အသံထွက်လာသည်။

"တောက် . . ဒီနေ့နဲ့ ဒီ အဆင့်ကွာ ဘာမှမဆိုင်ဘူး။ မင်းတို့ လုပ်ချင်တိုင်းလုပ်လို့ ရနေတဲ့အသင်းကို ခုထက်ထိ ဂိုးမသွင်းနိုင်ဘူး။ ဟိုဘက် အသင်းမှာ ဘောလုံးတောင် ဖြောင့်ဖြောင့်ကန်နိုင်တဲ့သူ မပါ ဘူး။ ဒီအသင်းကို မင်းတို့ ပထမပိုင်းတင် သုံးလေးဂိုးက တော့ ရသင့်ပြီ"

မကျေမချမ်းနှင့် မြည် တွန်တောက်တီးနေသော ကို ငြိမ်းအား ကျွန်ုပ် ပြန်ပြော လိုက်၏။

"ကျွန်တော်တို့လည်း ရတဲ့ အခွင့်အရေးမှန်သမျှ တရစပ်သွင်းနေတာ ကိုငြိမ်း အမြင်ပဲလေ။ ဂိုးကံခေနေ သလား မသိပါဘူးဗျာ"

ကျွန်ုပ်၏စကားကြောင့် ကိုငြိမ်းတစ်ယောက် တရှူးရှူး တရှားရှား ဖြစ်သွားသည်။

"အေး . . မင်းတို့ တရ စပ်ပဲ သွင်းသွင်း၊ တဒိုင်းဒိုင်း ပဲသွင်းသွင်း၊ ဂိုးမရတာ မရ တာပဲ။ ဒီတော့ ဒုတိယပိုင်းမှာ ပရိယာယ်သုံးကစားမှရတော့ မယ်။ ဒီကောင်တွေက တစ် သင်းလုံးဆင်းခံနေတာကို ကိုယ့် ဘက်ပြန်ဖိလာအောင် မျှား ခေါ်ပြီး တန်ပြန်တိုက်စစ်နဲ့မှ ဂိုးရလိမ့်မယ်။ တို့တွေလုပ်ထား တဲ့ အလုပ်က ငါးဂိုးပြတ်မှ ပွဲ အောင်မှာနော်၊ ရသလောက် သွင်းတော့။ ခု ပရိသတ်တွေ အော်နေကြပြီ။ တို့အောက်ပြန် ရိုက်ပြီး ထစ်နေတယ်လို့"

ကိုငြိမ်းကား ကျွန်ုပ်အား လွန်စွာယုံကြည်အား ကိုးသူ ဖြစ်၏။ ပထမတန်းသို့ ကျွန်ုပ် ထက် ၁၀ နှစ်နီးပါး စောကာ ရောက်နှင့်နေသူ ဖြစ်၏။ တစ် သင်းတည်း အတူကစားခဲ့သူ လည်း ဖြစ်၏။ ပြိုင်ပွဲတစ်ခုတွင် ဒူးဒဏ်ရာရပြီးဘောလုံးလောက မှ အနားယူခဲ့သူတစ်ဦးပင်။

"ရှိ . . ."

ဒိုင်လူကြီး၏ ဒုတိယပိုင်း ပြန်စရန် နှိုးဆော်သည့် ခရာသံ ထွက်လာ၏။ ကိုငြိမ်းသည် ကစားကွင်းသို့ပြန်ဝင်ရန် တာစူ နေသော ကျွန်ုပ်တို့ အသင်း သားများအား တဖွဖွ မှာကြား နေသည်။

* * *

ဒုတိယပိုင်းကား ပြန် လည်စတင်ပေပြီ။ ကျွန်ုပ်တို့ သည် နည်းပြဆရာမှာကြား သည့်အတိုင်း မိမိကွင်းဘက် ခြမ်းတွင်း အသင်းသားများ အချင်းချင်း အပေးအယူလုပ် ကာ တစ်ဖက်အသင်းသားများ ရှေ့တက်လာစေရန် မျှားခေါ် ကစားကြသည်။ တစ်ဖက် အသင်းသားများသည် ကျွန်ုပ် တို့ ပရိယာယ်ကိုမသိ၍ နောက် ခံလူတစ်ယောက် ချန်ကာ ကျွန်ုပ်တို့ ကွင်းဘက်သို့ ၅ ဦး တက်၍ တိုက်စစ်ဆင်တော့ ၏။ ထိုအခါ တစ်ဖက်အသင်း တိုက်စစ်ကစားသူများနှင့် နောက်ချန်ထားခဲ့သော ခံစစ် သမားကြား ကွက်လပ်တစ်ခုက ဖြစ်ပေါ်လာခဲ့ရ၏။ ဤသည်မှာ ကျွန်ုပ်တို့လိုချင်သော အနေ အထား။ ဤသို့ အခွင့်အရေး ရသည်နှင့် ကျွန်ုပ်တို့ တန် ပြန် တိုက်စစ်က စတင်၏။ ကွက် လပ်နေရာသို့ ပြေးဝင်နေရာ ယူလိုက်သော ကျွန်ုပ်ထံသို့ မိမိ အသင်းသား ပေးပို့လိုက်သော ဘောလုံးက ကွက်တိရောက် လာသည်။ထိုအချိန်တွင် ကျွန်ုပ် ထံမှ ဘောလုံးကို ဖျက်ထုတ်ပစ် ရန် တစ်ဖက်နောက်တန်းမှ အားနှင့်ပြေးဝင်လာ၏။ ခံစစ် ကစားသမား ကျွန်ုပ်အနီး အရောက် သူ၏ ဟနေသော



www.burmeseclassic.com

www.burmeseclassic.com

ခြေထောက်နှစ်ချောင်းကြား ဘောလုံးအနေတော်ထိုးကာ သူ့အား ရှောင်၍ ပတ်ပြေးလိုက်သည်။ဘောလုံးမှာ ကျွန်ုပ်ထိန်းချုပ်မှုအောက်တွင် ဖြစ်နေပြီး တစ်ဖက်ဂိုးဆီသို့ ဦးတည်ဆွဲပြေးလိုက်၏။ ထိုစဉ် ကျွန်ုပ်၏ မျက်လုံးအစုံက ဂိုးတိုင်အတွင်းမှ ပြေးထွက်လာသော ဂိုးသမားကို လှစ်ခနဲတွေ့လိုက်ရသည်။ ကျွန်ုပ်သည် ဘောလုံးကို ပြေးရင်း လှားရင်း တွေ့ပြီး ပြေးထွက်လာသော ဂိုးသမား၏ ခေါင်းပေါ်မှ ကျော်ကာ .. ဂိုးတိုင်အတွင်းသို့ အမြောက်ဘောကန်သွင်းလိုက်၏။ ဘောလုံးသည် ကတ္တရာလမ်းမပေါ်၌ ထောက်ကာ ထောက်ကာတစ်ဖက်ဂိုးအတွင်းသို့ ဦးတည်လျက်။ ကျွန်ုပ်သည် ကျွန်ုပ်ကန်ထည့်လိုက်သောအား၊ ဘောလုံး၏ သွားနှုန်းကို ကြည့်ရင်း တွက်ရင်း ကျွန်ုပ်တို့ အသင်းအတွက် ဗွေဆော်ဦးဂိုးဟုသတ်မှတ်လိုက်၏။ ပရိသတ်များထံမှ အသံထွက်ပေါ်လာသည်။

"ဟာ .. ဟင် .."

"ဂိုး"ဟု ထွက်ပေါ်လာရမည့်အစား အာမေဍိတ်သံများ ထွက်လာသည်။ ပရိသတ်အားလုံးက ဂိုးပြီဟု ထင်ထားသော ဘောလုံးမှာ ဂိုးတိုင်အနီး ၆ ပေ၊ ၇ ပေခန့်ရောက်မှ လမ်းကြောင်းသွေဖည်ကာ ဂိုးတိုင်ထိ၍ ပြန်ထွက်လာသည်။ သေချာ ပေါက်ဂိုးပြီဟု သတ်မှတ်လိုက်သဖြင့် ဘောလုံးနောက် ထက်ကြပ်မကွာလိုက်မသွားမိသဖြင့် တိုင်ထိပြန်ထွက်လာသော ဘောလုံးကို ထပ်ဆင့် ကန်ခွင့် ကျွန်ုပ်မရတော့။ နောက်တန်းမှ ဖျက်ထုတ်လိုက်သဖြင့် ထောင့်ကန်ဘောဖြစ်သွားတော့၏။ဘောလုံးကောက်နေစဉ်မှာပင် ကျွန်ုပ်မျက်လုံးများသည် တစ်ဖက်အသင်း ဂိုးတိုင်နောက် ပရိသတ်များထံသို့ ရောက်သွား၏။ ပထမပိုင်းတွင် ကျွန်ုပ်သတိပြုမိသည့် ပုဂ္ဂိုလ်ကြီးသည် ဒုတိယပိုင်းတွင်လည်း (တောင်မြောက်ဂိုးလဲပြီးချိန်)တစ်ဖက်အသင်း ဂိုးတိုင်နောက်၌ မားမားကြီးရပ်လျက်။ မမှတ်မိစရာမရှိ။ ဖြူနီစပ်အသား၊ လေးထောင့်မေးရိုး ကားကား၊ ရှိုးရာဝတ်စုံ၊ ကားနေသည့် နှုတ်ခမ်းမွှေးနှင့် ထိပ်ပြောင်ပြောင် ဝိသေသတို့သည် ထူးခြားနေသည် မဟုတ်ပါလား။ သို့သော် သူ့အား အရေးထားမနေနိုင်။ ဂိုးရလို ဇောသာ ကပ်နေသည်။ ဒုတိယပိုင်းတွင် ကျွန်ုပ်ရသည့် အခွင့်အရေးမျိုး ကျွန်ုပ်၏ အသင်းသားများ ထပ်၍ ၅ ကြိမ်တိတိရ၏။ သို့သော် ဂိုးမရ။ တိုင်မှန်သည်က နှစ်ကြိမ်၊ ဂိုးဘားကို ထိသည်က တစ်ကြိမ်၊ ဂိုးသမားနှင့် ထိထွက်သည်က နှစ်ကြိမ်ဖြစ်သည်။ ပွဲပြီးရန် ၁၀ မိနစ်ခန့်အလိုတွင် တစ်ဖက်အသင်းက တစ်သင်းလုံး ဆင်း၍ ပိတ်ခံသည်။

ချုပ်၍ ပြောရသော် ထိုပွဲတွင် အချိန်ပို ပိုင်နယ်တီအဆုံးအဖြတ်ကန်အပြီးတွင် ကျွန်ုပ်တို့အသင်း ရှုံး၏။ ပိုင်နယ်တီ ၅ ယောက်ကန်ရာတွင် တစ်ယောက်မှ မဝင်။ သူတို့က ၅ ယောက်ကန် ၁ ဂိုးဝင်ပြီး အနိုင်ရသွားသည်။ ဘောလုံးပွဲအပြီး ကျွန်ုပ်တို့စုရပ်ဖြစ်သော "အောင်ချမ်းကဖိး" အရောက်တွင် ကိုငြိမ်းက ကျွန်ုပ်အား စာရင်းဇယားတစ်ခု ထုတ်ပြသည်။ အသင်းသားများ တစ်ဦးချင်း သေချာပေါက် ဂိုးသွင်းခွင့်ရသော အကြိမ် ၁၅ ကြိမ်၊ ဂိုးဘား ထွက် ၅ ကြိမ်၊ ဂိုးတိုင်ထိထွက် ၄ ကြိမ်၊ ဘေးထွက် ၃ ကြိမ်၊ ဂိုးသမား ထိထွက် ၃ ကြိမ် မှတ်သားထားသည့် စာရင်း။

"တောက်"

ကျယ်လောင်သော .. တောက်ခေါက်သံက လိုက်ပါနေသည်။ ကိုငြိမ်း ဒေါသထွက်နေမှန်း သိသာသည်။ သို့သော် ကျွန်ုပ်တို့ကို ဘာတစ်ခုမှ မပြော။ ကျွန်ုပ်တို့ အသင်းသားများအားလုံး သေသေကြေကြေ အလဲအကွဲ ကစားခဲ့ကြသည်ကို သူသိနေသောကြောင့် ဖြစ်သည်။ ကိုငြိမ်းထံမှ ထွက်လာသည့်အသံက မချင့်မရဲ အသံ။

"ဒီပွဲမှာ တို့တစ်တွေ မြွေခြောက် အကိုက်ခံရတာကွ။ တို့တွေ အမှားအယွင်း တစ်ခုခုကို ရင်ဆိုင်ခဲ့ရတာပဲ။ အဲဒီ အမှားအယွင်းကဘာလဲ။ မင်းတို့ အဖြေရှာကြစမ်း"

ကိုငြိမ်း၏စကားကြောင့် ကျွန်ုပ်၏အတွေးဝယ် တစ်စုံတစ်ရာ ဖျပ်ခနဲပေါ်လာ၏။ သို့သော် ထိုအကြောင်းအရာ ကျွန်ုပ်ထုတ်ဖော် မပြောမိ။ အောင်ချမ်းကဖိးမှ လူစုအခွဲတွင် ကိုငြိမ်းက ကျွန်ုပ်အား တီးတိုးမှာသည်။



www.burmeseclassic.com

www.burmeseclassic.com

"ဒီည ၇ နာရီ မဟူရာ မှာ ငါစောင့်နေမယ်"

ကျွန်ုပ် ခေါင်းညိတ်ပြလိုက်သည်။

* * *

"မဟူရာ"

ကျွန်ုပ်တို့ မြို့နယ်၏ နာမည်ကြီး စားသောက်ဆိုင်တစ်ခု ဖြစ်၏။ အရက်မှန်၏။ ...ကြော်အ...လှ၏၊ အသ...ပ် ...က်ရာကေ...င်းသည်။ ဈေးနှုန်းချိုသာ၏။ ရန်ကုန်မြစ်နှင့် မလှမ်းမကမ်း၌ တည်ရှိသည်။ ပထမထပ်ဖြစ်သဖြင့် မြစ်ပြင်ကို ဖြတ်သန်းလာသော လေပြည်အေးကြောင့် သက်ရက်မင်းစည်းစိမ်ကို ပြည့်ပြည့်ဝဝ ခံစားနိုင်၏။ ထို့ကြောင့် ...ညနေချုပ်ရီတိုင်းတွင် ယ...ကာလုလင်များ စုဝေးကြသည်မှာ မဆန်း။

ယနေ့ည မဟူရာသို့ ကျွန်ုပ်ရောက်တော့ ည ၇ နာရီထိုးရန် ၁၀ မိနစ်လိုသေးသည်။ ကိုငြိမ်းကား မရောက်သေး။ ည ၇ နာရီတိတိတွင် ကိုငြိမ်းရောက်လာမည်။

ကိုငြိမ်းကား အချိန်အင်မတန် လေးစားသူဖြစ်ကြောင်း ကျွန်ုပ်သိ၏။ ထိုအကြောင်းကြောင့်ပင် ကျွန်ုပ်မှာ ...၁ မိနစ်စောရောက်အောင် ထွက်လာခြင်းဖြစ်၏။ ကိုငြိမ်းသည် အရက်ကို စည်းနှင့် ကမ်းနှင့်သောက်သူတစ်ဦး။ ကျွန်ုပ်က မသောက်လျှင် အလျှဉ်း။ သောက်လျှင် မူးမှဆိုသည့် လူစားမျိုးဖြစ်၏။ သူနှင့်သောက်လျှင် အရက်ကို ၄ ပက်ထက်ပို၍ သောက်ခွင့်မပေး။ သူကိုယ်တိုင်လည်း ၄ ပက်ပဲ သောက်သည်။ ကျွန်ုပ်နှင့်ကိုငြိမ်းတို့က ပထမတန်းတွင်တစ်သင်းတည်း အတူကစားလင့်ကစား သူသည် အသင်းကပ္ပတိန်၊ အသက်ကလည်း ၈ နှစ်၊ ၉ နှစ်ခန့် ပိုမိုကြီးသဖြင့် ကျွန်ုပ်လေးစားရိုသေရ၏။ ကိုငြိမ်း၏ အလေ့အထ သိထားသူ ဖြစ်သောကြောင့် မဟူရာသို့ရောက်ရောက်ချင်း ကောင်တာ၌ပင် ရမ် ၃ ပက် မှာကာရေရောက်သောက်လိုက်သည်။ ပိုက်ဆံရှင်းပြီး လွတ်နေသော ကမ်းနား ဘက် မျက်နှာမူထားသော စားပွဲတစ်လုံးတွင် နေရာယူလိုက်သည်။

ယနေ့ည မဟူရာ၌ လူအတန်ငယ်ကျဲ၏။ စားပွဲလွတ် ၃-၄ ဝိုင်းခန့်ရှိနေသည်။ စားပွဲထိုးအား ရမ်တစ်ပိုင်း၊ ဆိုဒါ၊ ရေခဲနှင့်ဝက်နံရိုးကြော်၊ ကန်စွန်းပလိန်း စသည်...ကိုမှာကြားလိုက်၏။ မကြာခင်မှာပင် ကျွန်ုပ်၏ စားပွဲပေါ်သို့ အရက်၊ ဆိုဒါ၊ ရေခဲနှင့် ကိုင်းခွက်နှစ်ခွက်ရောက်လာသည်။ ထိုစဉ်ဆိုင်၏ တိုင်ကပ်အော်ဂင် နာရီမှ ၇ နာရီထိုးသံထွက် လာ၏။ နာရီထိုးသံမဆုံးခင်ပင် စားပွဲပေါ်သို့ ထိုးကျလာသော အရိပ်တစ်ခုကြောင့် မော့ကြည့်လိုက်ကော့ . . . ကိုငြိမ်း။ ကျွန်ုပ် နေရာပေးလိုက်၏။

"ထိုင် . . ကိုငြိမ်း၊ ကျွန်တော်လည်း ခုနလေးကမှ ရောက်တာ။အရက်နဲ့အမြည်းမှာပြီး ကိုငြိမ်းကို စော...င့်နေတာ"

ကိုငြိမ်းက ကုလားထိုင်တစ်လုံးကိုဆွဲပြီး ထိုင်ရင်း မေးလိုက်သည်။

"မင်း ဘာတွေအမြည်းမှာထားလဲ"

ကျွန်ုပ်က မှာထားသော အမြည်းများအား ပြောသောအခါ ကိုငြိမ်းက ငါးရှဥ့်ခြောက်စပ်တစ်ပွဲထပ်မှာသည်။ ကျွန်ုပ်သည် ဖန်ခွက်နှစ်ခွက်အတွင်းသို့ ရမ် ၁ ပက်ခန့်စီထည့်ကာ ဆိုဒါ၊ ရေခဲရောလိုက်ပြီး တစ်ခွက်ကို ကိုငြိမ်းရှေ့သို့ ပို့လိုက်သည်။ ကိုငြိမ်းသည် သူ၏ ရှေ့သို့ရောက်လာသော အရက်ခွက်အား ယူ၍ တစ်ကျိုက်ခန့်မော့သောက်လိုက်သည်။ စားပွဲထိုးလာချသော ကန်စွန်းပလိန်းအား တူနှင့် ညှပ်၍ ဝါးနေသည်။ပြီးမှ

"မင်း ဒီနေ့ပွဲ ဘယ်လောက်ပါသွားလဲ"

ဟု မေး၏။

ကျွန်ုပ်က -

"မများပါဘူး။ ချည်ပြီး တုပ်ပြီး အပိုင်ရိုက်ရတဲ့ပွဲ ရှုံးရတာထက် ကျွန်တော်တို့ အပိုင်ရတဲ့ဂိုးတွေ ဂိုးမရတာ ဘာကြောင့်လဲဆိုတဲ့အဖြေကို ခုထက်ထိ ရှာမရတာ ရင်ထဲမှာ တနုံ့နုံ့ဖြစ်နေတယ်"

ဟု ...ပြောသောအခါ ကိုငြိမ်းသည် အရက်ကို တစ်ကျိုက်သောက်လိုက်ကာ . .

"အေး . . ငါလည်း မင်းလိုပဲ။ ငွေရှုံးတာက အပရိကပါကွာ။ ဒါပေမယ့် ဒီလောက်ဂိုးသွင်းခြေမှန်တဲ့ မင်းတို့အားလုံးဟာ ကန်လိုက်သမျှ တိုင်ထိ၊ ဘားထိ၊ ဂိုးသမားထိ ဖြစ်ရတာကို ဘဝင်မကျတာ။



www.burmeseclassic.com

www.burmeseclassic.com

မင်းတို့ တကယ် ကန်နေမှန်းလည်း ငါသိတယ်။ မင်းတို့ ပိုက်ဆံတွေလည်း ထည့်ထားတာ ပဲ။ ညနေက ငါပြောခဲ့တဲ့ အမှားအယွင်းဆိုတာကို အဖြေရှာစမ်းကွာ"

ဟု ပြောပြီး အရက်ခွက်ကို အကုန်မော့ချလိုက်တော့၏။ ကျွန်ုပ်လည်း ကိုငြိမ်း၏ အရက်ခွက်ကိုယူ၍ နောက်ထပ် ၁ ပက်၊ ဆိုဒါ၊ ရေခဲရောကာ သူ့ရှေ့သို့ ပြန်ပို့လိုက်သည်။ မဟူရာအတွင်း လူပြန်စည်လာသည်။ ကျွန်ုပ်တို့ နေရာယူထားသည်က ဝင်ပေါက်ကို ကျောပေး၍ကမ်းနားဘက်သို့မျက်နှာမူ ထားသည့်ဝိုင်း။ ထို့ကြောင့် နောက်မှ ဝင်လာသူများကို မမြင်ရသော်လည်း စကားပြောသံများ အရင်ကထက် ပို၍ ဆူလာသဖြင့် လူစ...လာပြီဟု ပြောနိုင်ခြင်းပင်။

ကျွန်ုပ်ကကိုငြိမ်းအား . .

"ညနေက အောင်ချမ်းမှာ ကိုငြိမ်းပြောကတည်းက ကျွန်တော်အဖြေရှာပါတယ်။ ကျွန်တော့် ကစားသမားတွေမှာ ဘာအမှားအယွင်းမှ မရှိဘူး။ ကျွန်တော် စဉ်းစားမိတာက ပြင်ပ ပယောဂတစ်ခုခုကြောင့်များလားလို့ ထင်မိတယ်"

ဟု ပြောလိုက်သောအခါ ကိုငြိမ်းက . . .

"တော . . ပြင်ပ ပယောဂ၊ ဘာပြင်ပ ပယောဂလဲ။ ငါ့ကို ရှင်းရှင်းပြောစမ်းပါ။ ငါ လည်း ကွင်းပြင်မှာ တစ်ချိန်လုံးရှိနေတာပဲ။ မင်းတို့ကို ဘယ်သူက နှောင့်ယှက်လို့ လဲ"

ဟု ပြောလေ၏။

ကျွန်ုပ်၏ မျက်လုံးထဲ၌ ညနေက ဘောလုံးပွဲမှာ ပထမပိုင်း၊ ဒုတိယပိုင်းတစ်ချိန် လုံး တစ်ဖက်ဂိုးစည်းနောက် တွင် ရပ်နေသော ထိပ်ပြောင်၊ မေးရိုးကား၊ နှုတ်ခမ်းမွေး ကားကားနှင့် ရိုးရာဘက်စုံ ဝတ်ဆင်ထားသူ၏ ပုံရိပ်ထင် ဟပ်လာ၏။ ထိုပုဂ္ဂိုလ်သည် ကျွန်ုပ်တို့၏ ဘောလုံးပွဲ အရှုံးအနိုင် ကို ကပြောင်းကပြန် လုပ်သူဟု ထင်မိ၏။ ထိုအကြောင်းကို ကိုငြိမ်းအား ပြောသောအခါ . . .

"ဟာကွာ . . မင်းလည်း သိပ္ပံဘွဲ့ရတစ်ယောက် ဖြစ်ပြီး မဖြစ်နိုင်တာတွေ မပြောစမ်းပါနဲ့။ ငါတော့ အယုံအကြည် မရှိဘူး"

ဟု ပြောသည်။ ကျွန်ုပ်က . .

"ကိုငြိမ်း . . မဖြစ်နိုင်ပါဘူးဆိုတဲ့ စကားကိုတော့ အပြောမစောပါနဲ့။ ကျွန်တော်တို့ ပထမတန်းကစားတုန်းက အုပ်ချုပ်သူ ခိုင်းတဲ့အတိုင်း ဖိနပ်ထဲ အရွက်တွေထည့်စီး၊ ဂျာစီထဲ အပွင့် အရွက်တွေဆောင်၊ ဂိုးသမားကို လက်ကိုင်ပဝါကို ဂိုးတိုင်ထဲချထားလုပ်ခိုင်းပြီး တကယ့်အ သင်းကြီးတွေကို အနိုင်ကစားခဲ့တာ မှတ်မိမှာပေါ့"

ကျွန်ုပ်စကား ကြောင့် ကိုငြိမ်း တွေသွားသည်။ ထို စဉ် ကျွန်ုပ်တို့နှင့်ကျောချင်း ကပ်ဝိုင်းမှ အသံများထွက်လာသည်။

"ဆရာရယ် . . ဆရာ့အစွမ်းကို မျက်မြင်ကိုယ်တွေ့ မြင်ခဲ့ရပါပြီ။ ဆရာတို့ရွာက တောက်ထိန်ပြောတုန်းက မယုံတစ်ဝက် ယုံတစ်ဝက်ပါ။ တောက်ထိန်က ကျွန်တော်တို့ဒိုင်ကို ကန်ပို့နေကျ။ တစ်ရက် ကန်ပို့အပြီး ဒီမှာ ဝိုင်းထိုင်ရင်း စကားစပ်လို့ ဆရာ့အကြောင်းကိုသိရတာ။ ဒီမှာ ဆရာ့အတွက် ပညာပူဇော်ခ တစ်သောင်းပါ။ ကျွန်တော်တို့ ဒီနေ့ ရှစ်သောင်းလောက် ရလိုက်ပါတယ်။ ကူညီလက်စနဲ့ နောက်ပွဲပါ ဆက်ပြီး ကူညီပါဦး ဆရာ"

လူမျိုးခြား ဝဲတဲတဲစကားသံသည် ကျွန်ုပ်နှင့်တရင်းတနှီး ရှိလှသောအသံ။ စကားသံက ဆက်လက်ထွက်ပေါ်လာသည်။ ဝဲတဲတဲ အသံပင်။ သို့သော် ဗိုဝဲတဲတဲက တရုတ်၊ ကုလားလူမျိုး ခြားဝဲသံမျိုးမဟုတ်။

"ဒီမှာ ဟာရှင်၊ နဂိုရှိမှ နဂိုင်းထွက်တာကွ။ မင်းတို့က ဝမရှိဘဲ ဝိလုပ်ချင်တဲ့ကောင်တွေ။ ငါနှုတ်ကတိလွန်ထားပြီးဖြစ်တာမို့ လုပ်ပေးလိုက်တာ။ မင်းတောက်ထိန်နဲ့ရွာကို လာပြောတုန်းက အဆင့် ချင်း သိပ်မကွာဘူးထင်လို့ လုပ်ပေးမယ်လို့ကတိပေးမိတာနောင်တရမိတယ်။ ခု ဟာက မင်းတို့က အနူလက်နဲ့ ...ခွက်နှိုက်ဖို့ ကြံတဲ့ အကောင်တွေပဲ။ ငါ အပြတ်ပြောမယ်။ နောက်ပွဲအတွက် ငါ့အကူအညီ လုံးဝ မစဉ်းစားနဲ့၊ မလုပ်ပေးနိုင်ဘူး"

ကျွန်ုပ် ဆတ်ခနဲနောက်သို့ လှည့်ကြည့်လိုက်သည်။ ကျောချင်းကပ်ဝိုင်းတွင် ဟာရှင် ဦးဆောင်သည့် ကြက်သမား



www.burmeseclassic.com

www.burmeseclassic.com

၃ ဦးနှင့် ရိုးရာ ဝတ်စုံဝတ်ငေ သူတို့ဝိုင်းထိုင်နေကြ၏။ ဟာရှင်သည် ကျွန်ုပ်နှင့် ကျောချင်းကပ် ထိုင်နေ၍ ကျွန်ုပ်အား မမြင်ခြင်းပင် ဖြစ်၏။ ဟာရှင်သည် ကျွန်ုပ်၏ မိဘပိုင် ပုံနှိပ်တိုက်တွင် သူ၏ ကြက်ဘဲဒိုင်ပြေစာများ၊ စာအိတ်များ၊ လေဘယ်ကတ်များ မကြာမကြာ လာရောက်ရိုက်နှိပ်သူဖြစ်ရကား ကျွန်ုပ်နှင့် ရင်းနှီးနေသူ ဘစ်ဦး ဖြင သည်။ ရိုးရာဝတ်စုံဝတ်ဆင်ထားသူကား ညနေက ဘောလုံးပွဲတွင် ကြက်ဘဲဒိုင်အသင်း၏ ဂိုးစည်းနောက်၌ အမြဲတမ်းရှိနေသူပင် ဖြစ်တော့၏။ ကျွန်ုပ် ကိုငြိမ်းအား လက်တို့ပြီး သူတို့ဝိုင်းကို ညွှန်လိုက်သည်။ ကိုငြိမ်းလှည့်ကြည့်ပြီး ဘာလဲ ဟူသော အမေးကို ကျွန်ုပ် လက်ကာပြပြီး နောက်မှဟု ပြောလိုက်သည်။ နောက်ဝိုင်းမှ အသံဆက်ထွက်လာသည်။ ရိုးရာဝတ်စုံ ဝတ်ဆင်ထားသူက ပြောခြင်းပင်။

"ငါ ဒီတစ်ခွက်သောက်ပြီး ပြန်မယ်။ ငါ့အကောင်ကြီးလည်း ခြေပစ်လက်ပစ် ဖြစ်နေပြီ။ အောက်မှာစောင့်ခိုင်းထားတယ်။ မင်းတို့စကားအတိုင်း ဟင်းတွေ၊ ထမင်းတွေ ဘျက်ရင် အသင့်ထုပ်ခိုင်းထားတော့။ နောက်ပြီး ငါ့အတွက် ရမ်တစ်လုံး ကြက်ကြော်တစ်ပွဲ ပါဆယ်ထုပ်ပေး၊ သမ္ဗာန်စီစဉ်ပေး"

ဟု ပြောကာ စားပွဲပေါ်မှ ပိုက်ဆံထုပ်ကိုယူ၍ တိုက်ပုံအကျီအတွင်း အိတ်ထဲသို့ ထည့်လိုက်သည်။ ပြီးမှ ရှေ့မှ အရက်ခွက်ကို တစ်ရှိန်ထိုး မော့ချလိုက်သည်။

ကျွန်ုပ်နှင့် ကိုငြိမ်းတို့သည် သောက်လက်စ လက်ကျန်အရက်ကို ခွက်နှစ်ခွက် မျှထည့်ကာ ဖြတ်လိုက်ကြသည်။

ကိုငြိမ်းက ပိုက်ဆံရှင်းသည်။ ကျွန်ုပ်က ကျွန်ုပ်ရှင်းမည် ပြောသည်ကို လက်မခံ။ ကိုငြိမ်းသည် ဝါသနာအရ ဘောလုံးကန်သူဖြစ်သော်လည်း မိဘပိုင်ပွဲရုံကြီးကို ဦးဆောင်လုပ်ကိုင်နေရသူဖြစ်သဖြင့် ဤမျှငွေကြေးသည် သူ့အဖို့ အသေးအမွှားပင်။ ကျွန်ုပ်တို့ဝိုင်းမှ ထချိန်၌ နောက်ဝိုင်းတွင် ဟာရှင်တို့ အုပ်စုမရှိတော့။

တပို့တွဲလပြည့်တော့မည် ဖြစ်သဖြင့် လမင်းကြီး-ာ ထိန်ထိန်သာနေသည်။ ဆောင်းနှောင်းကာလဖြစ်သည့်အားလျော်စွာ ခပ် ့စိမ့်အေးနေသည်။ ရန်ကုန်မြစ်ရေယဉ်သည် လရောင်ပက်ဖျန်းမှုကြောင့်တဖိတ်ဖိတ်တလက်လက် ထနေ၏။ မြစ်ပြင်ကို ဖြတ်သန်းလာသည့် လေညင်းများကလည်း တသုန်သုန်ဖြူးလျက်။

ဆောင်းနှောင်းကာလ၏ အအေးဓာတ်ကို စစ်ကူပေးနေသည်။ သို့သော် ကျွန်ုပ်နှင့် ကိုငြိမ်းအဖို့မူ အအေးဒဏ်ကို ကာကွယ်နိုင်သည့် ပါဝက တေဇောဓာတ်က ဝမ်းတွင်း၌ သိုလှောင်ထားပြီး ဖြစ်သည်ကြောင့် သိပ်မမှုလှ။

မော်တင်ဆိပ်ကမ်းသို့ ကျွန်ုပ်တို့နှစ်ဦးရောက်နေသည်မှာ ၅ မိနစ်ခန့်ရှိနေပြီ ဖြစ်၏။ မဟူရာ စားတော်ဆက်မှ အပြန်တွင် လမ်း၌ ကိုငြိမ်းအား ကျွန်ုပ်တို့နောက်ဝိုင်းမှ ကြက်သမားများနှင့် ရိုးရာဝတ်စုံဝတ်ထားသူမှာ စောစောပိုင်းက ကျွန်ုပ်ပြောခဲ့သော ပြင်ပပယောဂဆိုသော ကိစ္စနှင့် တိုက်ဆိုင်နှီးနွယ်နေပြီ ဖြစ်ကြောင်းပြောတော့ ကိုငြိမ်းက လိုက်ကြည့် ကြမည်ဟုဆိုသဖြင့် ကျွန်ုပ်တို့ နှစ်ဦးသား မော်တင်ကမ်းနား ပုသိမ်ဆိပ် အနီးစောင့်နေကြခြင်းပင် ဖြစ်၏။ သိပ်ကြာကြာ မစောင့်လိုက်ရ။ ဟာရှင်တို့အဖွဲ့နှင့် သူတို့ တလေးတစားရှိသော ပုဂ္ဂိုလ်ကြီးသည် ကျွန်ုပ်တို့ ခိုနေသော မှောင်ရိပ်ရှေ့မှ ဖြတ်ကျော်သွားလေပြီ။ ဟာရှင်၏ တပည့်နှစ်ဦးကား တစ်ဦးမှာ ငါးဆင့်ချိုင့်အကြီးကိုဆွဲလျက် တစ်ဦးမှာမူ ဖောင်းကားနေသောကြွတ်ကြွတ်အိတ်ကြီးတစ်လုံးကို ဆွဲကာ နောက်မှ လိုက်ပါသွား၏။ သူတို့ ဝါးတစ်ရိုက်ခန့်အကွာရောက်မှ ကျွန်ုပ်နှင့် ကိုငြိမ်းတို့ မှောင်ရိပ်မှ ခွာကာ သူတို့နောက်သို့ လိုက်၏။ ဟာရှင်တို့ အုပ်ဟု ကီလီကုန်စိမ်းဒိုင်ရှေ့ အရောက်တွင်ရပ်ကာလူတစ်ဦးနှင့် စ ားပြောနေသည်ကို တွေ့ရ၏။ ထိုလူက ကမ်းနားတွင် အစီအရီဆိုက်ကပ်ထားသော သမ္ဗာန်များဘက်သို့ လှမ်း၍ အော်လိုက်သည်။

"ဟေး . . စံနက်ကျော်ရေ . . ဒီမှာ ဆရာဟာရှင်တို့ သမ္ဗာန်လိုချင်လို့တဲ့"

ပြန်ထူးသံပေါ်လာသည်။ ကမ်းနားသမ္ဗာန်များပေါ်က



www.burmeseclassic.com

www.burmeseclassic.com

မဟုတ်။ ကျွန်ုပ်တို့ ကွမ်းယာဝယ်နေသောဆိုင်အနီး မိတ်ကပ် အဖွေးသား၊ နှုတ်ခမ်းနီရဲရဲဆိုးထားသော အမျိုးသမီးငယ်ငယ်တစ်ဦးနှင့် စကားပြောနေသော ညို့ခမောင်းမောင်းပုဂ္ဂိုလ်ထံမှဖြစ်သည်။

"အေး . . အေး . . လာပြီဟေ့၊ ဒီမှာမပြတ်သေးလို့"

ဟု ပြောရင်း အမျိုးသမီးငယ်အား စကားတီးတိုးပြောကာ ထွက်သွားတော့၏။

* * *

ကိုငြိမ်းထံမှ စကားသံထွက်ပေါ်လာသည်။

"ဟေ့ကောင် တို့ ဆက်လိုက်မယ်။ ခုမှ ၉ နာရီပဲရှိသေးကာ။ ခါတိုင်းလည်း တို့ ရဲ့ အိမ်ပြန်ချိန် ည ၂ နာရီ၊ ၁ ချက်ပဲဟာ"

ကျွန်ုပ်က . . .

"ကိုငြိမ်းသဘော"

ဟု ပြောလိုက်သော်လည်း ကျွန်ုပ်ကိုယ်တိုင်ပင် အကြောင်းအရာတစ်ခုကို စိတ်ဝင်စားမိလျှင် စလယ်ဆုံးသိရမှ ကျေနပ်သူဖြစ်ရကား ခရီးစဉ်အတွက် တက်ကြွနေမိသည်။ ကျွန်ုပ်တို့ ကမ်းနဖူးရောက်ချိန်တွင် ရိုးရာဝတ်စုံဝတ်ဆင်ထားသည့် ဆရာဆိုသူမှာ သမ္ဗာန်ပေါ်သို့ လှမ်းတက်နေပြီဖြစ်၏။ ထိုပုဂ္ဂိုလ် လှမ်းအတက်တွင် လှေ၊ သမ္ဗာန်ကို့ သဘာဝအတိုင်း လူအလေးနှင့်ကြောင့်သမ္ဗာန်မှာ ရေပြင်ပေါ်မှ အိဆင်းသွား၏။ ပုဂ္ဂိုလ်ကြီးမှာ သမ္ဗာန်သမားစံနက်ကျော်၏ ရှေ့နှစ်ကန့်ခန့် အကွာတွင် ထိုင်လိုက်၏။ ပြီးမှ ဟာရှင်လှမ်းပေးသော ချိုင့်နှင့်အထုပ်ကို လှမ်းယူကာ ရှေ့တွင် ချ၏။ ထိုစဉ် သမ္ဗာန်ဦးမှ ငြိမ့်ကနဲတစ်ချက်ဖြစ်သွား၏။ စံနက်ကျော်သည် လှော်တက်နှစ်ချောင်းကို နောက်သို့ ပြန်ပတ်ပြီး လှော်သည်။ သမ္ဗာန်ကား မရွေ့။

"ဆရာကြီး သမ္ဗာန်ဦး လေးနေတယ်။ နောက်ကို ရွှေ့ပါဦး"

ဟု ပြောသည်။ ပုဂ္ဂိုလ်ကြီးကား နောက်သို့ မရွှေ့။

"ငါတစ်ယောက်တည်း သမ္ဗာန်ဦးလေးရအောင် မင်း သမ္ဗာန်ပေါက်နေလို့လား"

ဟု ခပ်ထန်ထန် ပြောလိုက်၏။

"ဟာ . . မပေါက်ပါဘူး ဆရာကြီး၊ ဒီသမ္ဗာန်က ဒိန့် ရေချတာပါ"

ဟု ပျာပျာသလဲ ဖြေလိုက်စဉ်မှာပင် သမ္ဗာန်ဦးမှာ ဇွေ့ကနဲ မြောက်တက်ကာ စံနက်ကျော်၏ လှော်ခတ်မှုတွင် တစ်ပတ်လည်ကာ မြစ်လယ်သို့ ဦးတည်ရွေ့လျားသွားသည်။ ထိုအခြင်းအရာကို မြင်လိုက်ရသော ဟာရှင်မှာ ပါးစပ်အဟောင်းသား။ ဟာရှင်၏ တပည့်တစ်ဦးထံမှ အသံထွက်လာသည်။

"ဟရေး . . ဘဘာ . . ကယ်တော်မူပါ"

ကျွန်ုပ်နှင့် ကိုငြိမ်းတို့လည်း တစ်ယောက်မျက်နှာ တစ်ယောက်ကြည့်ကာ ဘာဘာလုပ်ကြမည်နည်းဟူသော မေးခွန်းကို အသံတိတ်မေးနေကြသည်။ ကျွန်ုပ်က -

"ကဲ . . ကိုငြိမ်း၊ ကျွန်တော်တို့ ဘာလုပ်ကြမှာလဲ။ ဆက်လိုက်မှာလား၊ ပြန်မှာလား"

ဟု မေးလိုက်သောအခါ ကိုငြိမ်းထံမှ ပြတ်သားသော အဖြေထွက်လာ၏။

"ဆက်လိုက်မယ်၊ ခုည မှာ တိကျတဲ့အဖြေတစ်ခု ငါ လိုချင်တယ်"

ကိုငြိမ်းက ပြောပြောဆိုဆို ရေစပ်သို့ ဆင်းသွားကာ သမ္ဗာန်တစ်စီးပေါ်သို့ တက်လိုက်၏။ ကျွန်ုပ်လည်း သူ့နောက်မှ သုတ်သုတ်လိုက်တက်၏။

သမ္ဗာန်နေ ိုင်းမှ ခပ်နွဲ့နွဲ့အသံတစ်သံထွက်ပေါ်လာသည်။

"အစ်ကိုတို့ . . သူများလည်း ရေလယ်ကို လိုက်ရမှာလားဟင်"

ကိုငြိမ်းထံမှ မာထန်သော အသံထွက်သည်။

"တယ် . . ဒီသောက်ကန်းမ၊ ဆင်း . . မချက်ချင်း သမ္ဗာန်ပေါ်က ဆင်း၊ မဆင်းရင် ကန်ချမှာနော်"

ကိုငြိမ်း၏ အသံအဆုံးတွင် ကျွန်ုပ်တို့ နံဘေးမှ ဆေးဆိုးပန်းရိုက်မျက်နှာနှင့် မိန်းမငယ်တစ်ဦး ပြေးသွားကာ ကုန်းပေါ်တက်သွား၏။ အပေါစား ရေမွှေးနံ့ကကျန်ခဲ့သည်။ ကိုငြိမ်းက သမ္ဗာန်သမားအား . .

"ညီလေး . . ဟိုမှာ ရှေ့က သွားနေတဲ့ စံနက်ကျော်ရဲ့ သမ္ဗာန်တွေ့လား၊ သူ့သမ္ဗာန်ကို ဝါးတစ်ရိုက်လောက်အကွာထိ မီအောင်လိုက်ကွာ။ ကျသင့်တဲ့



www.burmeseclassic.com

www.burmeseclassic.com

ငွေထက် အစ်ကိုဘို့ ပို့ပေးပါ့မယ်"

ဟု စံနက်ကျော်၏ သမ္ဗာန်အား ညွှန်ပြရင်း ပြောလိုက်၏။

သမ္ဗာန်သမားလေး သည် ကျသင့်ငွေထက်ပိုရမည်ဆိုသည့်အတွက် လေတစ်ချက်ချွန်ကာ

"ဒိုကေ . . အစ်ကိုတို့ စိတ်တိုင်းကျ ဖြစ်စေရမယ်"

ဟု ပြောပြီး ခတ်ကွင်းကို ပြင်ကာအားစိုက်၍ လှော်တော့၏။ ကျွန်တော်တို့၏ သမ္ဗာန်ကား ရန်ကုန်မြစ်ပြင်ဝယ် တရိပ်ရိပ်ပြေးနေသည်။ မြစ်ပြင်ကို ဖြတ်သန်းတိုက်ခတ်လာသည့် လေပြည်ညင်းကြောင့် ကျွန်ုပ်တို့ လန်းဆန်းလာသည်။ ရန်ကုန်မြစ်ပြင်ကား လရောင်ကြောင့် ဘော်ငွေရောင်တဖိတ်ဖိတ်ထနေသည်။ ကျွန်ုပ်တို့ သမ္ဗာန်ကား *စံနက်ကျော်၏ သမ္ဗာန်*နှင့်တစ်စတစ်စ နီးလာသည်။ ဝါးတစ်ရိုက်ခန့်အရောက်တွင် ကိုငြိမ်းက သမ္ဗာန်သမားအား -

"ညီလေး . . ဒီအကွာအဝေးအတိုင်းပဲ မှေးလိုက်ကွာ"

ဟု ပြောလိုက်သည်။

* * *

စံနက်ကျော်တို့ သမ္ဗာန်ကား မီးပြလေးကို ကျော်လွန်ကာ ဆိပ်ကြီး-ခနောင်တိုသို့ ဦးတည်နေသည်။ မကြာလှသော အချိန်လေးမှာပင် စံနက်ကျော်တို့ သမ္ဗာန်မှာ ဆိပ်ကြီး-ခနောင်တိုသမ္ဗာန်ဆိပ်သို့ ရောက်ရှိသွားသည်။ မရှေးမနှောင်းပင် ကျွန်ုပ်တို့ သမ္ဗာန်လည်း ဆိပ်ကမ်းသို့ ရောက်ရှိသွားသည်။ ရိုးရာဝတ်စုံဝတ် ပုဂ္ဂိုလ်ကြီးမှာ ကြွတ်ကြွတ်အိတ်နှင့် ချိုင့်ကိုဆွဲကာ ကုန်းပေါ်သို့ တက်နေပြီဖြစ်၏။ ထိုပုဂ္ဂိုလ်ကြီး သမ္ဗာန်ပေါ်မှ အဆင်းတွင် သမ္ဗာန်ဦး အဆမတန်ထောင်သွား၍ စံနက်ကျော်မှာ ပါးစပ်အဟောင်းသားနှင့် ဖြစ်ကျန်ခဲ့၏။ ကိုငြိမ်းသည် ကျွန်ုပ်တို့၏ သမ္ဗာန်လေးအား ရာတန်တစ်ရွက်ထုတ်ပေး၏။ ပြန်*အမ်းစရာမလိုဟု ပြောသော* အခါ သမ္ဗာန်သမားလေးမှာ ဝမ်းသာအားရဖြစ်သွား၏။ ထိုအချိန်ဒ‌ေါက သမ္ဗာန်တစ်စီး လူအပြည့်တင်ကာ ဆိပ်ကြီး-ခနောင်တိုသို့ သွားပါက ငွေငါးဆယ်ကျပ်ခန့်သာရသောအချိန် ဖြစ်၏။

ကုန်းပေါ်သို့ သုတ်သုတ်တက်ကာ ရိုးရာဝတ်စုံဝတ်ပုဂ္ဂိုလ်ကြီးနောက်သို့ မလှမ်းမကမ်းမှ လိုက်သည်။ ပုဂ္ဂိုလ်ကြီးသည် ရွာတွင်းဘက်သို့ မဝင်ဘဲ ရွာပြင်ဘက်သို့ဦးတည်လျှောက်လှမ်းနေသည်။ ကမ်းနားမှ တက်ပြီး ညာဘက်လမ်းသည် ရွာတွင်းသို့ သွားရာ လမ်းဖြစ်ပြီး ဘယ်ဘက်လမ်းမှာ ရွာပြင်သို့ ထွက်ရာလမ်း ဖြစ်၏။

ပုဂ္ဂိုလ်ကြီးသည် ရွာပြင်သို့ မရောက်မီ ရွာအစွန်ဆုံး **ခြံဝိုင်းတစ်ခုအတွင်းသို့ ဝင်ရောက်သွားသည်ကို ကျွန်ုပ်တို့ တွေ့လိုက်ရ၏။ ခြံဝိုင်း၏** တစ်ဖက်၌ကား လယ်ကွင်းပြင်ကြီးသာ ရှိတော့၏။ ခြံဝိုင်းကား သိပ်မကျယ်လှသော်လည်း အပင်ကြီးများကြောင့် အုပ်ဆိုင်းနေသည်ကို လရောင်အောက်*တွင် တွေ့ရှိရသည်။ ကျွန်ုပ်တို့*ကား ခြံဝိုင်းအစပ်သို့ ရောက်ရှိနေပြီဖြစ်၏။ ရှေ့သို့တိုးရန် ခြေလှမ်းပြင်နေသော ကျွန်ုပ်အား ကိုငြိမ်းက တားလိုက်သည်။

"ဟော့ကောင် . . စွတ်

မသွားနဲ့ဦး၊ ခဏ အခြေအနေ

ကျွန်ုပ်နှင့် ကိုငြိမ်းလည်း စောင့်ကြည့်ဦး"

ကိုငြိမ်း စကားကြောင့် ကျွန်ုပ်၏ ခြေလှမ်းများ တန့်သွားသည်။ ခြံဝိုင်းအတွင်းရှိ အိမ်ငယ်လေးမှ မီးရောင် ထွက်ပေါ်လာသည်။အိမ်ထုတ်တန်းတွင် ချိတ်ဆွဲထားသော ဖန်မီးအိမ်လေးမှ အလင်းရောင်ဖြစ်ကြောင်း ကျွန်ုပ်တို့ လှမ်းမြင်နေရ၏။ ဖန်မီးအိမ်၏ အလင်းရောင်အောက်တွင် ပုဂ္ဂိုလ်ကြီး၏ လှုပ်ရှားမှုအလုံးစုံကို တွေ့နေရ၏။

ပုဂ္ဂိုလ်ကြီးသည် ပထမ **ဦးဆုံး** ထမင်းစား စားပွဲခုံကို ချခင်း၏။ ၎င်းနောက် ချိုင့်အဆင့်များကို တစ်ဆင့်ပြီး တစ်ဆင့် ဖြုတ်ကာ စားပွဲဝိုင်းပေါ်တွင် စီ၍တင်သည်။ ကြွတ်ကြွတ်အိတ်အတွင်းမှ ရမ်ပုလင်းကို စားပွဲပေါ်တင်၏။ ထိုင်ရာမှထကာ ကြောင်အိမ်*အတွင်းမှ ပန်းကန်ပြားနှင့်* ဖန်ခွက်နှစ်လုံးယူ၏။ ကြွတ်ကြွတ်အိတ်အတွင်းမှ ကြက်ကြော်ပါဆယ်ထုပ်ကို ယူကာ ပန်းကန်ပြားအတွင်း ဖွင့်၍ ထည့်၏။ ထို့နောက် တစ်ဖန်ထ၍ မဟ်ခွက်နှင့် ရေခပ်သည်ကို တွေ့ရ၏။

ကိုငြိမ်းထံမှ . .



www.burmeseclassic.com

www.burmeseclassic.com

"ဟော့ကောင် .. တို့ဝင်ရအောင်၊ သတိရှိပါစေနော်"

ကိုငြိမ်းက ရှေ့က ဦးဆောင်ကာ မြဲဝိုင်းအတွင်းသို့ ဝင်၏။ ကျွန်ုပ်က နောက်မှ ကပ်လိုက်သည်။ ထိုစဉ်အခါမှာပင်မထင်မှတ်သောအကြောင်းများက ဖြစ်ပေါ်လာသည်။ ကျွန်ုပ်တို့ မြဲဝိုင်းအတွင်း ခြေလှမ်း ငါးလှမ်းမျှအရောက် [illegible]င် ကျွန်ုပ်တို့နှင့်အနီးဆုံး သစ်ပင်ကြီးထက်မှ မည်းမည်းအရာတစ်ခု ဝုန်းကနဲ ခုန်ဆင်းလာသည်။ ကိုငြိမ်းက နောက်သို့ ခုန်ဆုတ်သဖြင့် ကျွန်ုပ်နှင့် ရင်ဘောင်တန်းအနေအထား ဖြစ်သွားသည်။ ထိုမည်းမည်း အရာကား လူတစ်ယောက်၏ခန္ဓာဖွဲ့စည်းမှုနှင့် သဏ္ဍာန်တူ သော်လည်းမျက်နှာကိုမူ မတွေ့ရ။ မျက်နှာဖုံးစွပ်ထားသကဲ့သို့ ပြောင်ချောကြီးဖြစ်နေ၏။ ခန္ဓာကိုယ်မှာ ကျွန်ုပ်တို့ နှစ်ယောက်ပေါင်းထားသည့် ခန္ဓာကိုယ်အနေအထားရှိပြီး အရပ်မှာ ကျွန်ုပ်တို့ထက် တစ်တောင်ခန့် ပိုမြင့်နေသည်ကို တွေ့ရ၏။ ထို မည်းမည်းကြီးကပင် ကျွန်ုပ်တို့ကို စတင်တိုက်ခိုက်လာသည်။ ကိုငြိမ်းသည် ကွန်ဖူးပညာရပ်တွင် ဆရာဖြစ်ရထားသူဖြစ်သလို ကျွန်ုပ်ကလည်း ပယ်၊ ခုတ်၊ မ၊ ခွဲ ဟူသောအချက်များကို အခြေပြုထားသော သိုင်းပြောင်းပြန်သမားတစ်ဦး။ ကျွန်ုပ်နှင့် ကိုငြိမ်းတို့မှာ အပွဲပွဲနွှဲခဲ့ဖူးသည်ဖြစ်ရကား ပညာရပ်ချင်းမတူညီသော်လည်းတစ်ယောက်အထာကိုတစ်ယောက်က သိနေသည်။

မည်းမည်းပုဂ္ဂိုလ်၏ တိုက်ခိုက်မှုကို နှစ်ဦးစလုံး ရှောင်တိမ်းနိုင်သလို တန်ပြန်တိုက်စစ်လည်း ဆင်နိုင်ခဲ့၏။ ကိုငြိမ်း၏ခြေကန်ချက်များ၊ ကျွန်ုပ်၏ လက်ဝါးစောင်းခုတ်ချက်များက မည်းမည်းသဏ္ဍာန်အား အထိနာစေ၏။

"ဝှီး .. ဝှစ်"

"ဘုန်း .. ဘုန်း"

"အီး .. အီး .. အား"

မည်းမည်းသဏ္ဍာန်ကား အထိနာသော်လည်းအတိုက်မရပ်။ ဦးရာလူကို သည်းသည်းမဲမဲတိုက်သည်။ ကျွန်ုပ်နှင့် ကိုငြိမ်း လူခွဲကာ ညှပ်တိုက်သည်။

"ဘုန်း .. ဘုန်း .. ဘုန်း"

"ယား .. အီး .. ယား"

ကျွန်ုပ်တို့၏တိုက်ကွက်များမှာ မည်းမည်းသဏ္ဍာန်ကြီးအား ထိသော်လည်း ဖွဲအိတ်ကြီးကို ကန်ကျောက်ထိုးနှက်နေရသကဲ့သို့ ခံစားရသည်။ ကျွန်ုပ်တို့နှစ်ဦးစလုံး ချွေးများ ရွဲနစ်နေပြီဖြစ်၏။ မြဲဝိုင်းအတွင်း ကျွန်ုပ်တို့၏ မာန်သွင်းသံ၊ တိုက်ခိုက်ထိရှသံများက တရစပ်ထွက်ပေါ်နေသည်။

ထိုစဉ် လက်နှိပ်ဓာတ်မီးရောင်က ကျွန်ုပ်တို့အပေါ် ဖြာကျလာသလို အမိန့်ပေးသံကလည်း တစ်ဆက်တည်း ထွက်ပေါ်လာသည်။

"မိုးမှောင် .. ကိုယ့်နေရာကိုယ် သွားစမ်း"

ကျွန်ုပ်တို့ရှေ့မှ မည်းမည်းသဏ္ဍာန်သည် သစ်ပင်ကြီးပေါ်သို့ ခုန်တက်ပျောက်ကွယ်သွားတော့၏။ တိုင်းရင်းသား ဝတ်စုံဝတ်ပုဂ္ဂိုလ်ကြီးသည် တဖြည်းဖြည်း ကျွန်ုပ်တို့နှင့် နီးကပ်လာသည်။

"အော် .. ဒီနေ့ ကစားတဲ့ မာယာအသင်းက မောင်ရင်လေးတို့ကိုး .. လာကြပါ၊ လာကြပါ။ ငါကလည်း မောင်ရင်[illegible]တို့ကို တွေ့ပြီး တောင်းပန်စကား ဆိုချင်နေတာ။ အိမ်ပေါ်တက်ပါ၊ အေးအေးဆေးဆေး စကားပြောတာပေါ့"

ပုဂ္ဂိုလ်ကြီးသည် ကျွန်ုပ်အား မှတ်မိသွားပုံရ၏။ တိုင်းရင်းသားပုဂ္ဂိုလ်ကြီး စကားသံကဝဲသော်လည်း ပီသအောင်ပြောနိုင်စွမ်းရှိ၏။ ကျွန်ုပ်နှင့် ကိုငြိမ်းလည်း ပုဂ္ဂိုလ်ကြီးနောက်က လိုက်ကာ အိမ်ပေါ်သို့ တက်လိုက်၏။

"ကဲ .. ထိုင်ကြပါ၊ ထိုင်ကြပါ"

ကျွန်ုပ်တို့ကို ထိုင်ခိုင်း[illegible]သော်လည်း ပုဂ္ဂိုလ်ကြီးမှာ မထိုင်သေးဘဲ ကြောင်အိမ်လေးထဲက ဖန်ခွက်နှစ်လုံးကို ထုတ်ယူကာ ကျွန်ုပ်တို့ရှေ့တွင် ချပြီးမှသူ့နေရာတွင် ထိုင်လိုက်သည်။ ရမ်ပုလင်းကို ဖွင့်ကာ စားပွဲပေါ်ရှိ ဖန်ခွက် ၄ လုံးထဲသို့ နှစ်ပက်ခန့်မျှ၍ ထည့်ပြီး ..

"မောင်ရင်လေးတို့အမော ပြေရင် သောက်လိုက်ကြပါ၊ အမြည်းလည်း စား၊ ပြီးမှ ငါတို့ စကားပြောကြတာပေါ့။ မတ်ခွက်ထဲမှာ ရေရှိတယ်။ ကိုယ့်အကြိုက်ရောပါ။ ငါတို့ တိုင်းရင်းသားတွေက ကျွေးမွေးစား



www.burmeseclassic.com

www.burmeseclassic.com

တိုက်ရင် သောက်မှ စိတ်ချမ်းသာတာ။ စိတ်ချလက်ချ သောက်ပါ။ ငါ မင်းတို့အပေါ်ဘာမှမကောင်းမကြံပါဘူး။ ငါ ဒီနေ့တော်တော်ကြီးကို စိတ်မကောင်းဖြစ်ရသလို၊ ဟာရှင်တို့အဖွဲ့ကိုလည်း အရမ်း ဒေါသထွက်ရတယ်။ ကဲ . . သောက်ပါ၊ ငါလည်းသောက်ပြီ"

ပုဂ္ဂိုလ်ကြီးသည် ပြောပြောဆိုဆိုနှင့် သူ့ရှေ့မှ ဖန်ခွက်အတွင်းသို့ ရေအနည်းငယ်ထည့်ကာ တစ်ရှိန်ထိုး မော့ချလိုက်သည်။ ပြီးမှ ကြက်ကြော်တစ်ဖတ်အား ကောက်ယူကာ ဝါးနေတော့၏။ ကိုငြိမ်းသည် မတ်ခွက်ကို ယူကာ သူ၏ ခွက်နှင့် ကျွန်ုပ်၏ခွက်အတွင်းသို့ ရေအလောတော်ရောလိုက်ပြီး ကျွန်ုပ်အား သောက်ရန်အချက်ပြလိုက်သည်။ ကျွန်ုပ်တို့လည်း တစ်ငုံခန့်သောက်ပြီး ကြက်ကြော်တစ်ဖတ်စီယူကာ ဝါးလိုက်သည်။

"အေး . . ဒီလိုမှ ငါကကြိုက်တာ၊ဒီနေ့ဖြစ်ရပ်အတွက် ငါမင်းတို့ကို စိတ်ရင်းနဲ့ တောင်းပန်ပါတယ်။ ငါ စိတ်မကောင်းပါဘူး။ ဟာရှင်တို့အဖွဲ့လာပြီး အကူအညီတောင်းတုန်းက မင်းတို့အသင်းနဲ့ သူတို့အသင်းဟာ ခြေရည်တူ၊ သူမသာ ကိုယ်မသာအနေအထားလို့ ပြောပြီး အကူအညီတောင်းလို့ သူတို့အင်တဲ့အလုပ်ကို လုပ်ပေးပါမယ်လို့ ကတိပေးခဲ့တယ်။ တကယ်တမ်းပွဲကို ကြည့်လိုက်တော့ မင်းတို့အသင်းနဲ့ သူတို့အသင်းက မြင့်မိုရ်တောင်နဲ့ ဆီးစေ့လို ကွာနေတာ၊ ငါက ငါ့ကတိအတိုင်း လုပ်ပေးနေရပေမယ့် တစ်စက်မှ စိတ်မချမ်းသာဘူး။ ငါတို့တိုင်းရင်းသားတွေဟာ ရိုးသားတယ်။ ဖြူစင်တယ်။ ကတိတည်တယ်။ မဟုတ်တာ မမှန်တာလုပ်ရင် မကြိုက်ဘူး။ ငါဟာ ကံမကောင်းအကြောင်းမလှလို့ ဒီအောက်တန်းစားပညာတွေနဲ့ အသက်မွေးဝမ်းကြောင်းနေရပေမယ့် တရားမျှတမှုကို နှစ်သက်သူပါ"

ပုဂ္ဂိုလ်ကြီးသည် ရှည်လျားစွာ စကားပြောပြီး သူ၏ ဖန်ခွက်အတွင်းသို့ အရက်ထည့် ရေရောကာ တရှိန်ထိုး သောက်ပြန်၏။ ကျွန်ုပ်က -

"ကျွန်တော်တို့ နောင်ကြီးနဲ့ ဟာရှင်တို့အဖွဲ့ကို မဟူရာမှာ တွေ့တယ်။ နောင်ကြီးနဲ့ ဟာရှင်တို့အဖွဲ့ ပြောတဲ့ စကားတွေလည်း ကြားခဲ့ရတယ်။ အဲဒီမှာ နောင်ကြီးက ဘယ်ပုံ ဘယ်နည်းနဲ့ ကူညီခဲ့တယ်ဆိုတာ သိချင်လို့ . . နောင်ကြီးနောက်ကို လိုက်ခဲ့တာပါ။ နောင်ကြီးဘယ်လို ကူညီခဲ့ရတယ်ဆိုတာသိပါရစေ"

ဟု မေးလိုက်၏။

"အင်း . . ဒီဇာတ်လမ်းမှာ အဓိက ဇာတ်ဆောင်ကတော့ ခြံအဝင်ဝမှာ မောင်ရင်လေးတို့နဲ့ တိုက်ခိုက်ခဲ့တဲ့ မိုးမှောင်ပဲ။ မောင်ရင်လေးတို့ မမြင်ရပေမယ့် ပွဲကစားချိန်မှာ သူဟာ ကွင်းထဲမှာရှိ နေတယ်။ ငါကတော့ . . . နောက်က အမိန့်ပေးနေတာပါ။ သူက ကွင်းထဲမှာ မောင်ရင်လေးတို့ ကန်သွင်းတဲ့ ဘောလုံးတွေ လမ်းကြောင်း ပြောင်းပေးနေတာပါ။ ခြေရည်မတူတဲ့ပွဲမို့ သူလည်း တော်တော် ဟိုက်သွားတယ်။ ခုလည်း ခြံအဝင်မှာ မောင်ရင်လေးတို့ရဲ့ တိုက်ခိုက်မှုဒဏ် တော်တော်ကြီး ခံလိုက်ရတယ်။ သူရထားတဲ့ ဒဏ်ရာဒဏ်ချက်က မနည်းဘူး"

"ဒါကို နောင်ကြီးက ဘယ်လိုသိလဲ"

ဟု မေးသောအခါ . .

"ခု အိမ်ပေါက်ဝမှာ သူရှိနေတယ်။ ငါ မခေါ်သေးလို့ သူမလာရဲဘူး။ ရထားတဲ့ ဒဏ်ရာတွေ ငါတွေ့နေရတယ်"

ဟု ပြော၏။ ပုဂ္ဂိုလ်ကြီးသည် လက်ခုပ်သုံးချက်တီးကာ . .

"မိုးမှောင် ဒီမှာလာ ထိုင်၊ အမောပြေသောက်၊ အမြည်းလည်း စား"

ဟု ပြောလိုက်၏။

ကျွန်ုပ်တို့ထိုင်နေရာ၏ အနီး လွတ်နေသော နေရာတွင် သိမ့်ကနဲ တစ်ချက်ဖြစ်သွား၏။ ကျွန်ုပ်နှင့် ကိုငြိမ်းတို့မှာ တစ်ယောက်မျက်နှာတစ်ယောက် ကြည့်ကာ မင်တက်နေစဉ်မှာပင် ဖန်ခွက် ၄ ခွက်အနက် မသောက်ရသေးသော ဖန်ခွက်မှာ လေထဲသို့ အလိုအလျောက်မြင့် တက်ကာ လူတစ်ယောက် သောက်နေသည့်ပုံစံအတိုင်း ဖြစ်နေသည်ကို တွေ့လိုက်ရ၏။

"အို . . ဟင် . ."

ကျွန်ုပ်တို့ နှစ်ဦး၏ နှုတ်ဖျားမှ ထွက်ပေါ်လာသော အာမေဋိတ်သံ။ ၎င်းနောက်



www.burmeseclassic.com

www.burmeseclassic.com

ကြက်ကြော်တစ်တုံးသည်လည်း အထက်ပါပုံစံအတိုင်း လူတစ်ယောက်စားနေသည့် သဏ္ဌာန်အတိုင်းဖြစ်နေသည်။

"ကဲ . . မောင်ရင်လေးတို့ တွေ့ပြီမဟုတ်လား။ အဲဒီကောင်က မင်းတို့ကို ဒုက္ခပေးခဲ့တာ။ ငါက ခိုင်းတဲ့သူ၊ အဲဒါကြောင့် မောင်ရင်လေးတို့ကို ငါအနူးအညွတ် တော င်းပန်နေတာပေါ့။ မိုးမှောင် . . ကိုယ်နေရာကိုယ် ပြန်ပေတော့။ ဧည့်သည်တွေ ပြန်တော့ ထမင်းစားဖို့ ငါ ခေါ်လိုက်မယ်"

ပုဂ္ဂိုလ်ကြီး၏ စကားအဆုံးတွင် ကျွန်ုပ်တို့ ထိုင်နေသော ကြမ်းပြင်မှာ ဒိမ့်ကနဲတစ်ချက်ဖြစ်သွားပြန်၏။ ကျွန်ုပ်တို့မှာ မကြုံစဖူး အဖြစ်ထူးနှင့် ကြုံဆုံခဲ့ရသဖြင့် အံ့ဩတကြီးဖြစ်ကြရ၏။ ကိုငြိမ်းက . .

"ယုံပါပြီ နောင်ကြီး၊ ကျွန်တော်တို့ နောင်ကြီး နောက်ကို လိုက်ခဲ့ကြတာဟာ အရှုံးကြမှာ အဖြေရှာဖို့ပါ။ ခုတော့ ကျွန်တော်လိုချင်တဲ့ အဖြေရပါပြီ။ ကျွန်တော်တို့ကို ပြန်ခွင့်ပြုပါခင်ဗျာ"

ဟု ပြန်ခွင့်တောင်းလိုက်၏။ ပုဂ္ဂိုလ်ကြီးက . .

"ကမ်းနားကို ငါလိုက်ပို့ပါ့မယ်။ ဒီအချိန်ဆို မောင်ရင်တို့ သမ္ပာန်ရဖို့ မလွယ်တော့ဘူး။ ငါ သမ္ပာန်ခေါ်ပေးမယ်။ မပြန်ခင် တစ်ခွက်တစ်ဖလားတော့ သောက်သွားပါဦး"

ဟု ပြောကာ ကျွန်ုပ်တို့ ဖန်ခွက်နှစ်ခွက်နှင့် သူ၏ ခွက်အတွင်းသို့ အရက်တစ် ပက်မျှစီထည့်ကာပေး၏။ ရင်း ခေ[illegible] သုံးယောက် သား [illegible] မော့ချလိုက်ကြ၏။ ကြက်ကြော် တစ်တုံးစီပါးရင်း ထိုင်ရာမှ ထလိုက်ကြ၏။ ကျွန်ုပ်ကား ညနေက ပွဲကစားထား၍ ပင်ပန်းသည့်ဒဏ်၊ မိုးမှောင်နှင့် တိုက်ခိုက်ရ၍ ပင်ပန်းသည့်အတွက် ယိုင်တိုင်တိုင်ဖြစ်နေပြီဖြစ်၏။

ပုဂ္ဂိုလ်ကြီးက ကျွန်ုပ်တို့အား ကမ်းနားသို့ လိုက်ပို့သည်။ ကမ်းနားတွင် သမ္ပာန်များရှိသော်လည်း သမ္ပာန်သမားတစ်ဦးမှ မရှိ။ ပုဂ္ဂိုလ်ကြီးသည် ကမ်းနားစောင်းရှိ အိမ်တစ်လုံးရှေ့တွင် ရပ်လိုက်ပြီး -

"ဟေ့ကောင် . . တိမ်တစ်လုံး၊ ဟေ့ကောင် . . တိမ်တစ်လုံး"

ဟု ခေါ်လိုက်၏။

"ဟေ့-ဘယ်ကောင်လဲကွ၊ ငါ့ကို အိမ်ရှေ့က လာခေါ်နေတာ"

အိမ်အတွင်းမှအာလေးလျာလေးအသံကြီး ထွက်လာသည်။

"ဒီခွေးသားကတော့ သေတော့မှာပဲ။ ငါဒိဗ္ဗကွ . . ဒိဗ္ဗ"

ပုဂ္ဂိုလ်ကြီးက ဒေါနှင့်မောနှင့် အော်ပြောလိုက်၏။

"ဗျာ . . ဆရာကြီး၊ လာပါပြီခင်ဗျာ . . လာပါပြီ"

အိမ်အတွင်းမှ လူတစ်ယောက် ကုပ်ချောင်းချောင်းထွက်လာပြီး ပုဂ္ဂိုလ်ကြီးကို အရိုအသေပေးနေသည်ကို ကျွန်ုပ်တွေ့လိုက်ရသည်။

"ဟောဒီက ငါ့မိတ်ဆွေနှစ်ယောက်ကို ကီလီဆိပ်ကမ်း လိုက်ပို့လိုက်၊ ပိုက်ဆံ မယူရဘူး။ မနက်ကျ ငါ့အိမ်လာခဲ့ကြားလား"

"ဟုတ်ကဲ့ပါ ဆရာကြီး"

ပုဂ္ဂိုလ်ကြီးသည် ကျွန်ုပ်တို့ဘက်လှည့်ကာ . .

"မောင်ရင်လေးတို့ သူ လိုက်ပို့လိမ့်မယ်။ ငါ မင်းတို့ကို တောင်းပန်လိုက်ရလို့ စိတ်ထဲ ပေါ့သွားပြီ . . . သွားကြတော့။ အချိန်က တော်တော်လင့်နေပြီ"

ဟု ပြော၏။ ကိုငြိမ်းက ပုဂ္ဂိုလ်ကြီးအား နှုတ်ဆက်စကားဆိုသည်။

* * *

ကျွန်ုပ်တို့ စီးလာသော သမ္ပာန်လေးမှာ မီးပြကျော်လာပြီဖြစ်၏။ သမ္ပာန်ခတ်သူ တိမ်တစ်လုံးမှာ စောစောက မူးနေသော်လည်း ယခုတော့ လူကောင်းပကတိ။ လှိုင်းကြက်ခွပ်လေးများ တအိအိနှင့် ရှိနေသည်။ မြစ်ပြင်ကို ဖြတ်သန်းလာသည့် လေနုအေး'က ကျွန်ုပ်တို့အား ဆက်ရက်မင်း စည်းစိမ်ကို ပေးနေသည်။ သမ္ပာန်ဦးတွင် ထိုင်နေသော ကိုငြိမ်းထံမှ သီချင်းညည်းသံသဲ့သဲ့ကို ကြားနေရသည်။ အဆိုတော်ကြီး ဒိုရာသန်းအေး၏ "လှေကလေးကို လှော်မည်"။

ကျွန်ုပ်၏ပါးစပ်မှ တဖွဖွ ရေရွတ်သံကား . . .

"အရှုံးကြမှာ အဖြေရှာသော်"

"အရှုံးကြမှာ အဖြေရှာသော်"

နေပုည

www.burmeseclassic.com

# ဂဠုန်ဦးစော ၏ ဇာတာအား စစ်ဆေးခြင်း

■ နျူမာန်(မိုးတား)

၂၊ ၁၀၊ ဩဂုတ်လ၊ သူရဇ္ဇမဂ္ဂဇင်းတွင် ဆရာ ဒလမင်းခေါင်၏ ဆောင်းပါး အမည် ' နိုင်ငံတော်လုပ်ကြံမှု အဓိကတရားခံ ဂဠုန်ဦးစောအား မြန်မာ့ဗေဒင်ပညာဖြင့် သုံးသပ်ခြင်း'' ဆောင်းပါးကို ကျွန်တော် ဖတ်မိလိုက်ပါသည်။ ဤဆောင်းပါးတွင် လိုအပ်သော အရေးပါသည့် အချက်များကို ဖော်ပြပေးသည့်အပြင်၊ တစ်ဆက်တည်း မဟာဘုတ်ပညာဖြင့် သုံးသပ်ပေးသွားသော ဆရာ ဒလမင်းခေါင်အား ကျေးဇူးတင်ရှိပါကြောင်း ပြောလိုပါသည်။

ကျွန်တော် ငယ်ရွယ်စဉ် ကလေးဘဝက အဘွားဖြစ်သူပြောပြသော မြတ်စွာဘုရားနှင့် စိဥ္စမာနအမျိုးသမီးတို့၏ အကြောင်းတွင် တရားနာပရိသတ်ကြီးက မြတ်စွာဘုရားရှင်အား လာရောက်စွပ်စွဲ အရှက်ခွဲသော စိဥ္စမာနအား အပြစ်တင်ရှုံ့ချနေချိန် အချို့ကလည်း သို့လောသို့လောနှင့် ဒွိဟဖြစ်နေကြချိန်တွင် မြတ်စွာဘုရားက "စိဥ္စမာနရယ် ... ဒီကိစ္စက နင်နဲ့ငါပဲ သိပါတယ်''ဟု အတိတ်ဘဝကို ဆိုလို၍ မိန့်ကြားခဲ့သည်ဟု အဘွားမှ ပြောပြခဲ့ပါသည်။

နောက်ပိုင်းတွင်လည်း မြတ်စွာဘုရားရှင်အား အလွန်ကြည်ညိုသော သာမာဝတီနှင့် အခြွေအရံများကို မာဂဏ္ဍီမိဖုရားမှ မီးရှို့သတ်ဖြတ်ပြန်သောအခါ ကျွန်တော့်အနေဖြင့် မကျေမနပ် ဖြစ်ခဲ့ရပြန်ပါသည်။ ထို့နောက်တွင်တော့ အတိတ်ဘဝက သာမာဝတီနှင့် အခြွေအရံများ၏ ဝဋ်ကြွေးရှိခဲ့ပုံကို နားလည်ခဲ့ရပြန်ပါသည်။

ကျောင်းတက်ပြန်တော့ အာဇာနည်နေ့တွင် ကျောင်းမှ လွမ်းသူပန်းခွေချသောအခါတိုင်း၊ ဝမ်းနည်းကြောင်းဥသြဆွဲသည့်အခါများတွင် အာဇာနည်ခေါင်းဆောင်ကြီးများအတွက် ဝမ်းနည်းခဲ့ရသလို၊ ၎င်းတို့အား လုပ်ကြံသူတို့ကိုလည်း လွန်စွာ မကျေမနပ် ဖြစ်ခဲ့ရပြန်ပါသည်။

သူတို့အနေဖြင့် ကျွန်တော်မသိခဲ့တဲ့ ဂင်္ဃကြွေးများ၊ ဘဝအဆက်ဆက်က အငြိုးအတေးများ ရှိကောင်းရှိကြပါလိမ့်မည်။ ထို့ကြောင့်လည်း လူ့လောကတွင် မရှိကြရှာတော့ပြီဖြစ်သော ဦးစောအား ကျွန်တော့်အနေဖြင့် ဒေါမနဿ မပွားနိုင်တော့ပါ။ အတိတ်ကံတို့၏ ဆက်စပ်နေမှုများကို သာမန်လူသားတို့အနေဖြင့် နားမလည်နိုင်ပါ။

ဤဆောင်းပါးကို ရေးသားယင်းဖြင့် အာဇာနည်ခေါင်းဆောင်ကြီးများနှင့် တကွ လုပ်ကြံသူ ဦးစောအပါအဝင် သေဒဏ်စီရင်ခံခဲ့ရသူတို့အား ကျွန်တော့်အနေဖြင့် အမျှဝေရင်း နောက်နောင် ဘဝများစွာတို့တွင် အငြိုးအတေး၊ အမုန်းတရား၊ အာဃာတတရားများ သင်ပုန်းချေကြပါစေရန် ဆုတောင်းပေးလိုက်ပါသည်။ ဦးစောနှင့် ကျန်ရစ်သူမိသားစုတို့အနေဖြင့် ဂုဏ်သိက္ခာထိခိုက်စေရန် လုံးဝမရည်ရွယ်ဘဲ ကျွန်တော်လေ့လာသော နက္ခတ်ပညာဖြင့် ချိန်ထိုးကြည့်ရင်းဖြင့် ဝေဒပညာလေ့လာသူများအတွက် အကျိုးရှိမည် ယူဆသောကြောင့် ဤဆောင်းပါးကို ရေးရခြင်း ဖြစ်ပါသည်။

## ဦးစော၏ ဘဝအကျဉ်းချုပ်

ဦးစောအား ခရစ်သက္ကရာဇ် ၁၉၀၀၊ မေလ ၁ ရက်၊ မြန်မာသက္ကရာဇ် ၁၂၆၂ ခုနှစ်၊ ကဆုန်လပြည့်ကျော် ၄ ရက်၊ ဗုဒ္ဓဟူးနေ့တွင် အုတ်ဖိုကိုင်းကြီးရွာ အဘ ဦးဘိုးကြူ၊ အမိ ဒေါ်ပန်းတို့မှ မွေးဖွားခဲ့သည်။ ဦးစော၏ ကိုယ်တိုင်ထွက်ဆိုချက်အရ ည ၇း၃၀ တွင် မွေးဖွားခဲ့သည်ဟု ဆိုပါသည်။

ကျောင်းပညာ အရည်အချင်း ၅ တန်းအောင်သာ ဖြစ်သော်လည်း ကိုယ်ပိုင်ကြိုးစားမှုဖြင့် ၁၉၂၇ အောက်တန်းရှေ့နေစာမေးပွဲ အောင်ခဲ့သည်။

– ထို့နောက်တွင်တော့ ဂျီစီဘီအေ ဝံသာနုအသင်းဝင်ဖြစ်ပြီး နိုင်ငံရေးလောကတွင် လှုပ်ရှားခဲ့သည်။



www.burmeseclassic.com

www.burmeseclassic.com

– ၁၉၄၀ မှ ၁၉၄၂ အထိ နန်းရင်းဝန် ဖြစ်ခဲ့သည်။

– ၁၉၄၂။ ဇန်နဝါရီလတွင် အင်္ဂလန်မှအပြန် ယူဂန်ဒါနိုင်ငံတွင် အင်္ဂလိပ်အစိုးရ၏ ဖမ်းဆီးထားခြင်းကို ခံခဲ့ရသည်။

– ၁၉၄၆ ခုနှစ်၊ စက်တင်ဘာလ ၂၁ ရက်နေ့၊ ညနေ ၅ နာရီတွင် တစ်စုံတစ်ယောက်မှ သေနတ်ဖြင့် လိုက်ပစ်၍ မျက်စိဒဏ်ရာရခဲ့သည်။

– ၁၉၄၇ ခုနှစ်၊ ဇူလိုင်လ ၁၉ ရက်တွင် နိုင်ငံတော်လုပ်ကြံမှုကြီး ပေါ်ပေါက်ခဲ့သည်။

– ၁၉၄၈ မေလ ၈ ရက်တွင် သေဒဏ် စီရင်ခြင်း ခံရသည်။

**ဦးစော၏ မွေးချိန်အား ပြန်လည်စစ်ဆေးခြင်း**

ဦးစော၏ ကိုယ်တိုင်ထွက်ဆိုချက်အရ ည ၇း၃၀ တွင် မွေးဖွားခဲ့သည်ဟု ဆိုသော်လည်း MOTAA စနစ်ကို အသုံးပြု၍ ထိုအချိန်နှင့် တွက်ကြည့်သောအခါ ဘဝဖြစ်ရပ်များနှင့် အံချော်နေသဖြင့် ကျွန်တော့်အနေဖြင့် တစ်မိနစ်ချင်း စမ်းကြည့်ခဲ့ရာတွင် နောက်ဆုံး ည ၇း၃၂ တွင်မှ သူ့ဇာတာနှင့် သူ့ဖြစ်ရပ်များ ကိုက်ညီလာသည်ကို တွေ့ရပါသည်။


ထို့ကြောင့် မွေးချိန်တိကျရေးသည် ဇာတာတစ်စောင်တွင် ဘဝဖြစ်ရပ်များကို တွက်ချက်နိုင်ရန်အတွက် အရေးအကြီးဆုံး ဖြစ်ပါသည်။ ထို့ကြောင့် ဦးစော၏ ဇာတာအား ည ၇း[illegible] ဖြင့် တွက်ချက်ထားပါသည်။


**လက်အား လေ့လာခြင်း**

ဇာတာရှင်သည် ဗြိစ္ဆာလက် ဖြစ်သည်။ အတိအကျဆိုသော် ဗြိစ္ဆာရာသီ ၁၇း၁၄ တွင် လက်တည်ရှိနေပါသည်။


လက်သည် ထိရရာသီလည်းဖြစ်၊ ရေရာသီလည်းဖြစ်သော ဗြိစ္ဆာရာသီတွင် တည်ခြင်းကြောင့် ဇာတာရှင်၏ ပင်ကိုစရိုက်သည် ခံစားလွယ်သော ရေဓာတ်၊ ရောင်ပြန်[illegible]တ်သော ရေဓာတ်သည် နိုင်မြဲသော၊ ပြုပြင်ပြောင်းလဲရန် မလွယ်တတ်သော ထိရရာသီဖြင့် ပေါင်းစည်းထားခြင်းဖြင့် ဇာတာရှင်သည် ခံစားမှုလွယ်သည်။ ထိုသို့ခံစားရသော ခံစားမှုသည်လည်း ထိရရာသီ၏သဘောကြောင့် အလွယ်တကူ မပျောက်ပျက်သွားတတ်ဘဲ ရင်ထဲတွင် တမြေ့မြေ့ဖြစ်နေတတ်သော သဘောရှိသည်။ မိမိအနေဖြင့် ခံစားခဲ့ရသည်ကို အမြဲလိုလို သတိရနေတတ်၊ နာကြည်းနေတတ်သည်။ ထို့ကြောင့် ရန်ငြိုးသိုသိပ်ထားတတ်သော သဘာဝရှိသည်။ အခြားသော ဂြိုဟ်များနှင့် ပတ်သက်၍ မကောင်းသည့်အနေအထားများ ရှိနေပါက ဤဇာတာရှင်တို့သည် နာကြည်းမှုအငြိုးဖြင့် တုံ့ပြန်လက်စားချေရမှ ကျေနပ်တတ်သော သဘောရှိသည်။ ထိုမျှမက လုပ်သည့်အလုပ်တစ်ခုကို အစွန်းရောက်အောင် တစောက်ကန်းလုပ်တတ်သော သဘာဝရှိတတ်

- ၁၉၄၈-မေလ ၈-ရက်တွင် သေဒဏ် စီရင်ခြင်း ခံရသည်။












www.burmeseclassic.com

www.burmeseclassic.com

ဦးစောရဲ့ ဘဝတစ်သက်တာ ကံကြမ္မာပြ ဂရပ်




သဖြင့် အခြား ကောင်းသောအချက်များ ရှိနေလျှင် ဤဇာတာရှင်တို့သည် ထိပ်ပိုင်း ရောက်သည်အထိ ထူးချွန်တတ်သူများ ဖြစ်သည်။ ထို့ကြောင့် ဤလက်ပိုင်ရှင်တစ်ဦးအနေဖြင့် ကောင်းသော အခြားအနေအထားများ ရှိနေပါက မိမိ၏ ခံစားချက်တို့ကို ဆုံးဖြတ်ချက် အသွင်ပြောင်း၍ မဖြစ်မနေ လုပ်တတ်သူများ ဖြစ်သလို၊ ဆိုးသောအနေအထားများ ရှိနေပါက ခေါင်းမာ၍ ရန်ငြိုးထား၊ အခဲမကျေ၊ လက်တုံ့ပြန်တတ်သူများ ဖြစ်တတ်သည်။

ဆက်လက်၍ ကြည့်လိုက်ပါက လဂ်သည် ဗြိစ္ဆာရာသီ ၁၅း၁၄ တွင်တည်၍၊ ကြာသပတေးသည် ဗြိစ္ဆာရာသီ ၁၄း၅၆ တွင် တည်ထားသည်။ ထို့ကြောင့် လဂ်သည် သဘာဝ သောမဂြိုဟ် ကြာသပတေးဖြင့် နီးကပ်စွာ ပူးနေသော အနေအထားဖြစ်သည်။ ကြာသပတေးသည် ဗြိစ္ဆာလဂ်အတွက် သဘာဝ သောမဂြိုဟ်မျှသာ မဟုတ်၊ ကဗ္ဗမှ ဘာဝဆိုသော ၂ တန့်ဘာဝ၏ သခင်(မူလတြိဂေါဏ အိမ်ရှင်)လည်း ဖြစ်နေသည်။ ၂ တန့်ဘာဝသည် အဆင့်အတန်း မြင့်မားမှု၊ ဉာဏ်အစွမ်းအစ ထက်မြက်မှု စသော ရုပ်ဝတ္ထု ပိုင်ဆိုင်မှု အရည်အချင်းတို့ကို ဖော်ပြနေခြင်းလည်းဖြစ်၊ ကြာသပတေးသည် ဉာဏ်ပညာကို ဖော်ဆောင်သော ဂြိုဟ်ဖြစ်နေခြင်းကြောင့် ဇာတာရှင်အနေဖြင့် အခြားအကြောင်းကြောင့် အတန်းပညာ မရှိလျှင်သော်မှ အသိဉာဏ်ကြီးမားသူ၊ အရည်အချင်းထက်မြက်သူ၊ အစွမ်းအစရှိသူဖြစ်နေကြောင်းကို ဖော်ပြနေသည်။

သို့သော် ရာဟုသည် ဗြိစ္ဆာရာသီအား ၁၈း၂၈ တွင် တည်နေကာ လဂ်အား နီးစပ်စွာ ပူးကပ်ထားသည်။ အကွက်ချ ခြယ်လှယ်မှု၊ ရုပ်ဝတ္ထု၊ လောကီအာရုံတို့ကို ရရှိအောင် လှည့်ပတ်တတ်သော ရာဟု၏ လွှမ်းမိုးမှုသည် ဇာတာရှင်အား မိမိဘဝအတွက် တိုးတက်အောင် အကွက်ချ၊ စီစဉ်လှည့်ပတ် ကြံစည်တတ်ခြင်းကို ဖော်ပြ၏။

အကယ်၍ ဆိုးသောဂြိုဟ်များ၏ လွှမ်းမိုးမှုကို ရာဟုက ရရှိထားမှု မရှိခြင်း၊ ရာဟုသည် ကောင်းသော နဝင်းသခင်၊ ကောင်းသော နက္ခတ်သခင်၊ ကောင်းသော ရာသီသခင် ပိုင်သော ရာသီတွင် ရပ်နေခဲ့ပါမူ ဤဇာတာရှင်သည် ပါးနပ်လိမ္မာခြင်း၊ စီစဉ်ကြံရွယ်မှုကောင်းခြင်း စသော အနေအထားမျိုးရှိသော်လည်း မကောင်းသော နဝင်းသခင်၊ မကောင်းသော နက္ခတ်သခင်၊ မကောင်းသော ရာသီသခင် ပိုင်သော ရာသီတွင် ရပ်နေခဲ့ပါမူ ဇာတာရှင်သည် မိမိဘဝ တိုးတက်အောင်မြင်ရေးအတွက် အတ္တကြီးစွာဖြင့် မည်သည့်အလုပ်ကိုမဆို အကွက်ချ၊ ကြံစည်ဆောင်ရွက်တတ်ခြင်းတို့ကို ဖြစ်စေပါသည်။

ယခု ဇာတာတွင် ရာဟုသည် ကြာသပတေး[illegible]သော နဝင်း၊ ဗုဒ္ဓဟူးပိုင်သော နက္ခတ်နှင့် အင်္ဂါပိုင်သော ရာသီတွင် တည်နေခြင်းဖြင့် မိမိစီစဉ်သော လုပ်ရပ်တို့ကို အသေးစိတ် စီစဉ်၍ ရဲတင်းစွာ လုပ်ရဲသည့် လူမျိုးဖြစ်ကြောင်း တွေ့ရသည်။

မည်သို့ပင်ဆိုစေ လဂ်အား ရာဟုမှ ပူးထား၍ ကိတ်မှ အင်အားကောင်းစွာ အမြင်ပြုခံထားရခြင်းဖြင့် ဇာတာရှင်သည် မိမိဘဝ အောင်မြင်ရေးအတွက် စီစဉ်မှု (ရာဟု)ထားသမျှကို **ဆုံးရှုံးပျက်စီးစေခြင်း** အတွက် မိမိကိုယ်တိုင် **ဆောင်ရွက်မည်** ဖြစ်နေသည်ကို **မြင်ရတော့သည်**။



www.burmeseclassic.com

www.burmeseclassic.com

### တနင်္ဂနွေဂြိုဟ်အား လေ့လာခြင်း

တနင်္ဂနွေဂြိုဟ်သည် ၁၀ တန့်ဘာဝ၏ သခင်ဖြစ်၍ ၇ တန့်ဘာဝ ဖြစ်သော ပြိဿရာသီတွင် ရပ်တည်သည်။

၁၀ တန့်ဘာဝသခင်၊ ၇ တန့်တွင် တည်ခြင်းသည် နိုင်ငံရေးသမားတစ်ဦးတွင် တွေ့ရသော အနေအထားကောင်းတစ်ခု ဖြစ်သည်။ ၁၀ တန့်ဘာဝသည် အလုပ်ဘာဝ၊ အသက်မွေးဝမ်းကျောင်း အလုပ်အကိုင်ကို ဖော်ပြသော ဘာဝဖြစ်၍ ၇ တန့်ဘာဝသည် အများနှင့် ဆက်ဆံရသော အချက်ကို ဖော်ပြသော ဘာဝ ဖြစ်သည်။ တစ်နည်းအားဖြင့် ၁၀ တန့်ဘာဝဆိုသည်မှာ အများက အနေဖြင့် သူ့အပေါ်တွင် မည်သို့မည်ပုံ ရှုမြင်သုံးသပ်နေမည်ကို ဖော်ပြသော ဘာဝဖြစ်သည်။ ထိုအချက်ကို အကြောင်းပြု၍ ဟိန္ဒူနက္ခတ်ပညာနှင့် မြန်မာနက္ခတ်ပညာတို့တွင် ၁၀ တန့်သည် ဇာတာရှင်၏ အလုပ်အကိုင်ကို ဖော်ပြသော ဘာဝဟု သတ်မှတ်ထားခြင်းဖြစ်သည်။

ထင်ရှားမှု၊ ကျော်ကြားမှု၊ လူတကာအလယ်တွင် ထင်ပေါ်မှုနှင့်ဆိုင်သော တနင်္ဂနွေသည် အလုပ်အကိုင်ကို ဖော်ပြနေသော ၁၀ ဘာဝသခင် (မူလ တြိဂေါဏအိမ်ရှင်)လည်းဖြစ်၍ ၎င်းသည် အများတကာနှင့် ဆက်ဆံလုပ်ကိုင်ရသော အနေအထားဖြစ်သည့် ၇ တန့်တွင် တည်နေခြင်းသည် ဇာတာရှင်အား နိုင်ငံရေးသမားတစ်ယောက် ဒါဖြစ်ကို ဖြစ်စေရခြင်းအကြောင်းတစ်ခု ဖြစ်ပါသည်။

တစ်ဖက်တွင် ထိရရာသီလည်းဖြစ်၊ မြေရာသီလည်းဖြစ်သော ပြိဿရာသီတွင် ဇာတာရှင်အနေဖြင့် လူအများအပေါ်တွင် ဆက်ဆံပုံ ဆက်ဆံနည်းကို သဘောဆောင်သော တနင်္ဂနွေဂြိုဟ်ရပ်တည်ခြင်းဖြင့် ဇာတာရှင်သည် အများနှင့် ဆက်ဆံရာတွင် မိမိရပ်တည်သော အနေအထားကို လွယ်လင့်သလို ပြောင်းလဲဆက်ဆံတတ်သော သဘောမရှိဘဲ မိမိအနေဖြင့် ယုံကြည်လက်ခံချက်ကို အများကိုတင်ပြရာတွင် တစ်သမတ်တည်း ရပ်တည်၍ ပြောတတ်သော စရိုက်ရှိသည်ကို တွေ့ရသည်။ ခေါင်းမာတတ်သူဖြစ်သည်။ ဤအချက်သည် အထက်က ဖော်ပြခဲ့သော လဂ်၏ အခြေအနေဖြင့် ပေါင်းမိသော အခါ အလွန်မှ နာ ရန် ခက်ခဲတတ်သူမျိုး ဖြစ်နေတော့သည်။

ဝတ်စားဆင် င်ရာတွင် သမားရိုးကျ သီးသီးသန့်သန့် ဝတ်ဆင်တတ်ခြင်း၊ သို့သော်လည်း မိမိအား အများက သတိပြုမိစေရန် ရည်ရွယ်လုပ်ဆောင်တတ်ခြင်းတို့ကို တွေ့ရသည်။

တနင်္ဂနွေဂြိုဟ် ရပ်တည်ရာ ဇာတာရှင်၏ ၇ တန့်ဘာဝ အလယ်ချက်မှတ်(ပြိဿရာသီ ၁၇း၁၄)အား ၁ တန့်ဘာဝတွင် တည်နေသော ကြာသပတေးမှ သမသတ်အမြင်အား ၈၈% ထောက်ပံ့ပေးထားသဖြင့် တနင်္ဂနွေဂြိုဟ်အား အတိုင်းအတာတစ်ခုအထိ အင်အားရှိစေနဲ့ပါသည်။

သို့သော်လည်း တနင်္ဂနွေရပ်တည်ရာ ဇာတာရှင်၏ ၇ တန့်ဘာဝ အလယ်ချက်မှတ်(ပြိဿရာသီ ၁၇း၁၄)အား ရာဟုနှင့် ကိတ်တို့မှ တိုက်ရိုက်လွှမ်းမိုးထားခြင်းဖြင့် မိမိ၏ အောင်မြင်ရေးအတွက် အကွက်ချစီစဉ်ထားသော အရာတို့သည် ရုတ်တရက် အဆုံးသတ်၊ ပျက်စီးရမည်ကို ဖြစ်စေရခြင်း ဖြစ်သည်။

### တနင်္လာဂြိုဟ်အား လေ့လာခြင်း

တနင်္လာဂြိုဟ်သည် ၉ တန့်ဘာဝ၏ သခင်ဖြစ်၍ ၁ တန့်ဘာဝ ဖြစ်သော ဗြိစ္ဆာရာသီတွင် ရပ်တည်သည်။ ရပ်တည်မှုအားဖြင့် ကြည့်ပါက ကောင်းသော အနေအား ဖြစ်ပါသည်။ သုဘ ဘာဝ တစ်နည်းအားဖြင့် အတိတ်က ကုသိုလ်ကံနှင့်ဆိုင်သော ၉ တန့်ဘာဝသခင် (မူလ တြိဂေါဏအိမ်ရှင်)သည် ဇာတာရှင်၏ ကိုယ်ကာယနှင့်ဆိုင်သော အရေးပါသည့် ၁ တန့်ဘာဝတွင် ရပ်တည်ခြင်းမှာ ရှေးဘုန်းရှေးကံရှိသည်ဟု ဆိုရပါမည်။

ဆက်လက်၍ လေ့လာကြည့်ကြပါစို့၊ ဗြိစ္ဆာရာသီသည် ထိရရာသီ၊ ရေရာသီဖြစ်သည်။ ရေဓာတ်သည် ခံစားတတ်မှုဖြစ်၍ ထိရဓာတ်သည် ခိုင်မြဲသော သဘာဝကို ဖော်ပြသည်။ တနင်္လာဂြိုဟ်သည ဇာတာရှင်၏ စိတ်နှင့်ခံစားမှုကို ဖော်ပြသော ရာသီဖြစ်သည်။ (တနင်္ဂနွေသည် စရိုက်၊ တနင်္လာဂြိုဟ်သည် စိတ်ခံစားမှုဟု မှတ်နိုင်ပါသည်။) ထို့ကြောင့် ဇာတာရှင်သည် စိတ်ခံစားမှုလွယ်သလောက် တစ်ခါခံစားရလျှင် မမေ့နိုင်တတ်သောသူမျိုး ဖြစ်သည်။ ထိုမျှမက မိမိဘဝ မတည်မငြိမ်ဖြစ်ရမည်ကို အလွန်ကြောက်ရွံ့တတ်သော သဘာဝရှိသည်။ အထက်တွင် မြင်ခဲ့ရသည့်အတိုင်း စရိုက်ကိုဖော်ပြသော တနင်္ဂနွေ၊ စိတ်ကိုဖော်ပြသော တနင်္လာတို့သည် ထိရရာသီတို့တွင် တည်နေခြင်းဖြင့် ဇာတာရှင်သည် ခေါင်းမာတတ်သူတစ်ယောက် ဖြစ်ကြောင်းကို မြင်နိုင်ပါသည်။

သို့သော်လည်း ဗြိ ာသီသည် တနင်္လာအတွက် နိမ့်ော ရာသီဖြစ်သည်။ ဤအချက်သည် ဇာတာရှင်အနေဖြင့် မိမိဘဝကို လုံခြုံမှု မခံစားရတတ်သော စိတ်ဓာတ်သဘာဝကိုလည်း ဖော်ပြနေသည်။

ထူးဆန်းသည်က ဤတနင်္လာသည် နိစ္စဘင်္ဂ ရာဇ ယောဂကို ရနေခြင်းဖြစ်သည်။ ဤယုဂ်ရရှိရသည့် အကြောင်းရင်းသည် အောက်ပါအချက်ကြောင့်ဖြစ်သည်။



www.burmeseclassic.com

www.burmeseclassic.com

နိစ်မိနေသော ဂြိုဟ်သွားရောက်ရပ်နေည်နေသော ရာသီ၏အိမ်ရှင်သည် ၎င်းပိုင်အိမ်တွင် နိစ်ဖြစ်သည့် နိစ်သခင်ဂြိုဟ်နှင့် ပူးခြင်း၊ မြင်ခြင်း၊ ဆက်စပ်ထားခြင်းဖြင့် ဤယုဂ်ကို ရရှိသည်။

နိစ်မိနေသော တနင်္လာသည် အင်္ဂါဂြိုဟ်ပိုင်သော ရာသီတွင် ရပ်တည်သည်။ အင်္ဂါသည် မိဿရာသီတွင် တည်လျက် ၎င်းပိုင်အိမ်တွင် ရပ်တည်သော တနင်္လာအား ၈ တန့်အမြင်ဖြင့် မြင်ထားသည်။ ဤအနေအထားသည် သမားရိုးကျ ဆန်းစစ်ချက်တို့တွင် နိစ္စဘင်္ဂရာဇ ယောဂ စစ်စစ်ဖြစ်ပါသည်။ သို့သော် MOTAA နည်းစနစ်ဖြင့် တိုင်းတာသောအခါ အင်္ဂါသည် ၈ တန့်ကို မြင်သည်မှာ မှန်သော်လည်း ၎င်း၏အမြင်မှတ်နေရာနှင့် တနင်္လာ၏ တည်နေရာသို့ ဝေးကွာနေခြင်းကြောင့် အင်အားကင်းမဲ့သွားသည်ကို တွေ့ရသည်။ ထို့ကြောင့် ဇာတာရှင်အနေဖြင့် ကိုယ့်ဒူးကိုယ်ချွန် ကြိုးစားအားထုတ်၍ အောင်မြင်မှုရလာခဲ့သော်လည်း ထိုအောင်မြင်မှုအား ထိန်းသိမ်းနိုင်စွမ်း မရှိတော့သည့်အဖြစ်ပင် ဖြစ်တော့သည်။

တနင်္လာနှင့်ပတ်သက်၍ နောက်ထပ် စိတ်ဝင်စားစရာ ရှိပါသေးသည်။ ထိုအချက်သည်ကား ဖလဒီပကကျမ်း(ဂျ၊ ဂျ)အရ ရာဇ ယောဂ ရနေခြင်းဖြစ်၏။

"တနင်္လာသည် လွန်စွာအရောင်တောက်နေပြီး ၎င်းအား မိမိအိမ်တွင်၊ ဥစ်အိမ်တွင်နေသော ဂြိုဟ်များက မြင်ထားပါက ဤရာဇယောဂကို ရသည်။ (ဖလဒီပက ဂျ၊ ဂျ)"

ဇာတာတွင် ကြည့်လိုက်မည်ဆိုပါက လပြည့်ကျော် ၄ ရက်ကာလ အနေအထား ထွန်းလင်းနေသော တနင်္လာ(လ)အား မိမိပိုင်သော ရာသီဖြစ်သည့် မိဿရာသီတွင် ရပ်တည်သော အင်္ဂါ ၈ တန့်အမြင်ဖြင့် မြင်ထားခြင်းကိုပင် ပြန်ပြောရပါလိမ့်မည်။ သို့သော်လည်း အထက်တွင် ဖော်ပြခဲ့သည့်အတိုင်း ထိုအမြင်အင်အားအား စစ်ဆေးလိုက်ပါက ထင်ရှားခိုင်မာမှု မရှိသဖြင့် အင်အားမဲ့သော ရာဇယောဂအဖြစ်သို့ ရောက်သွားခဲ့ရပါသည်။

ဆက်လက်၍ လေ့လာလိုက်မည်ဆိုလျှင် တနင်္လာ၏ မူလအချက်အချာသောချက်နေရာဖြစ်သော၊ တစ်နည်းအားဖြင့် ၎င်း၏ မူလတြိကောဏအိမ်ဖြစ်သော ၉ တန့်ဘာဝ၏ အလယ်ဗဟိုချက်မှတ်(ကရကဋ်ရာသီ ၁၇း၁၄)အား ကြာသပတေးမှ ၉ တန့်အမြင်ဖြင့် အင်အားကောင်းစွာ လွှမ်းမိုးပေးထား၏။ ကြာသပတေးသည် ၂ တန့်ဘာဝ၏ သခင်(မူလတြိကောဏအိမ်ရှင်) ဖြစ်၏။ ၂ တန့်ဘာဝသည် အဆင့်အတန်းမြင့်မားမှုကို ဖော်ဆောင်သော ဘာဝဖြစ်သဖြင့် ဇာတာရှင်အနေဖြင့် ကြာသပတေးလွှမ်းမိုးသည့် ကာလများ၊ ကြာသပတေး ဒသာစားသည့် ကာလများတွင် အဆင့်အတန်းမြင့်မားခြင်း၊ အောင်မြင်မှုများ ပေါ်ထွန်းလာခြင်း၊ ကုသိုလ်ကံ ကောင်းလာခြင်းတို့ကို ကြုံရမည်ဖြစ်၏။

သို့သော် တစ်ဆက်တည်းမှာပင် ထို ၉ တန့်ဘာဝ၏ အလယ်ဗဟိုချက်မှတ်ကိုပင် ရာဟုက ၉ တန့်အမြင်ဖြင့် အလွန်အားကောင်းစွာ လွှမ်းမိုးထား၏။ ပါးနပ်ခြင်း၊ ပရိယာယ်ကြွယ်ခြင်းတို့နှင့် တကွ ရုပ်ဝတ္ထုတို့ ပိုင်ဆိုင်ရေးအတွက် လှည့်ပတ်ဖန်တီးတတ်သော ရာဟုသည် ဇာတာရှင်၏စိတ်ကို ကိုယ်စားပြုသည့် တနင်္လာတွင် လွှမ်းမိုးထားခြင်းကြောင့် ဇာတာရှင်သည် ရာထူးအဆင့်အတန်းမြင့်မားအောင် ကြံဆောင်ဖန်တီးနိုင်သည့်သူမျိုး ဖြစ်သည်ကိုလည်း တွေ့ရပါသည်။

မည်သို့ပင်ဖြစ်စေ တနင်္လာဂြိုဟ်အနေဖြင့် နိစ်ဖြစ်နေခြင်း၊ နိစ္စဘင်္ဂ ရာဇယောဂယုဂ်နှင့် ရာဇယုဂ်တို့သည် အင်အားမဲ့နေခြင်း၊ ရာဟု၏ လီဆယ်တတ်ခြင်းတို့သည် ကြာသပတေးမှ ထောက်ပံ့ပေးထားသော ပမာဏကို ကျော်လွန်သွားသည်အထိ ဇာတာရှင်၏ တနင်္လာအား နိမ့်ကျသွားစေခဲ့ပါသည်။

ထို့ကြောင့်လည်း ဇာတာရှင်အနေဖြင့် မြင့်မားသော အဆင့်အတန်းကို ရေရှည်ထိန်းထားနိုင်ရန် မလွယ်ကူခဲ့ခြင်းပင် ဖြစ်သည်။

**အင်္ဂါဂြိုဟ်အား လေ့လာခြင်း**

အင်္ဂါဂြိုဟ်သည် ၆ တန့်ဘာဝ၏ သခင်ဖြစ်၍ ၆ တန့်ဘာဝဖြစ်သော မိဿရာသီတွင် ရပ်တည်သည်။ ဤဇာတာတွင် အင်္ဂါဂြိုဟ်သည် အင်အားအကောင်းဆုံး ဂြိုဟ်ဖြစ်ပါ၏။ ဂြိုဟ်ဆိုးများ၊ တစ်နည်းအားဖြင့် မကောင်းသောဂြိုဟ်များ၊ မကောင်းသော အတန့်တွင် ရပ်တည်လျှင် ကောင်းသည်ဆိုသော အဆိုကို MOTAA က မထောက်ခံပါ။ သို့သော် ထိုဂြိုဟ်ဆိုးသည် အခြားသော မကောင်းသော အတန့်ဘာဝမဟုတ်ဘဲ မိမိပိုင် အတန့်ဘာဝတွင် ရပ်တည်လျက် အခြားသော ဂြိုဟ်များ၊ ဘာဝများကို ဒုက္ခမပေးလျှင် ကောင်းပါသည်။

ဤဇာတာတွင် ၎င်းအတွက် အလွန်သင့်တော်သော မူလတြိကောဏအိမ်ဖြစ်သည့် မိဿရာသီတွင် ရပ်တည်နေခြင်းသာမက ၆ တန့်ဘာဝ၊ တစ်နည်းအားဖြင့် အာရီဘာဝခေါ်သော ဘာဝပိုင်ရှင်အတွက် သူ့နေရာသူနေခြင်းသည် အလွန်ကောင်းသော အနေအထားဖြစ်ပါသည်။

၆ တန့်ဘာဝဆိုသည်မှာ အလုပ်တာဝန်ထမ်းဆောင်သော ဘာဝဖြစ်သည်။ အင်္ဂါဆိုသည်မှာလည်း အကောင်အထည်ဖော်ခြင်းကို တာဝန်ယူရသည့် စစ်သူကြီး ဂြိုဟ်ဖြစ်၏။ ဤအချက်သည် ဇာတာရှင်အနေဖြင့် အလုပ်တစ်ခု လုပ်ပါက အခြားသူများကို စိတ်တိုင်းမကျတတ်ဘဲ မိမိကိုယ်တိုင် လုပ်တတ်သော၊ တာ



www.burmeseclassic.com

www.burmeseclassic.com

ဝန်ကျေပွန်တတ်သော အနေအထားဖြစ်သည်။ ထိုမျှမက ထိုဂြိုဟ်သည် အင်္ဂါဂြိုဟ်ဖြစ်နေသဖြင့် ဖင့်နွဲနှောင့်နှေးခြင်းများကို အလွန်မုန်းတီးသည်။ လုပ်စရာရှိလျှင် အကြွေးမထားဘဲ ချက်ချင်းထလုပ်ရမှ ကျေနပ်သောသူမျိုး ဖြစ်သည်။

ထိုကဲ့သို့ ၆ တန့်ဘာဝသခင် အင်အားကောင်းနေသဖြင့် လက်အောက်ငယ်သားများအပေါ်တွင် မီးသေခြင်း၊ မိမိနှင့်အတိုက်အခံ ပြိုင်ဘက်တို့အပေါ်တွင် အနိုင်ရအောင် ယူနိုင်ခြင်း၊ အလုပ်တာဝန်ကျေပွန်မှုကြောင့် အထက်လူကြီးများက မိမိအား သဘောကျခြင်းဆိုသော အနေအထားတို့ကို ဇာတာရှင်အနေဖြင့် ရထားပါသည်

ထိုမျှမကသေး၊ အင်္ဂါရပ်တည်ရာ ၆ တန့်ဘာဝ၏ အလယ်မှတ်(မိဿ ၁၃း၁၄)အား ၁၁ တန့်ဘာဝသခင် ဗုဒ္ဓဟူးမှ အလွန်နီးစပ်စွာ ပူးကပ်ထားသည်။ (အင်္ဂါနှင့် ဗုဒ္ဓဟူး ပူးသည်ဟုဆိုလိုခြင်းမဟုတ်သည်ကို သတိပြုပါ။ ၎င်းတို့နှစ်ခု၏ အံသာအံနေအထားသည် ကွာခြားနေသဖြင့် အင်္ဂါနှင့် ဗုဒ္ဓဟူးတို့သည် တစ်ရာတည်း အတူနေကြသော်လည်း မပူးကြပါ။)

ထိုအချက်သည် အင်္ဂါဂြိုဟ်အား အင်အားဖြစ်စေသည်။ ပါးနပ်ချက်ချာမှု၊ အသေးစိတ် လုပ်ကိုင်တတ်မှုတို့နှင့်ဆိုင်သော ဗုဒ္ဓဟူးသည် အလုပ်ကို အကြွေးမထားသော အင်္ဂါနှင့် ပူးပေါင်းမိသောအခါ တာဝန်ကျေပွန်သော၊ သတ္တိရှိသော၊ အထက်အောက် လူကြီး၊လူငယ်များက လေးစားရသော အနေအထားကိုရပါတော့သည်။

## ဗုဒ္ဓဟူးဂြိုဟ်အား လေ့လာခြင်း

ဗုဒ္ဓဟူးဂြိုဟ်သည် ၁၁ တန့်ဘာဝ၏ သခင်ဖြစ်၍ ဒုဿနဘာဝဖြစ်သော ၆ တန့်ဘာဝ မိဿရာသီတွင် ရပ်တည်သည်။ သို့သော်လည်း ဉစ်နဝင်းစီးနင်းထား၏။ အဆင့်အတန်း၊ ဂုဏ်သိက္ခာတို့ကို ဖော်ညွှန်းရာဖြစ်သော ၁၁ တန့်ဘာဝသခင်သည် ပျက်စီးဆုံးရှုံးရာ ဖြစ်သော ၆ တန့်တွင် ရပ်တည်ထားခြင်းမှာ ဇာတာရှင်အနေဖြင့် ထိတ်ထိတ်ကြဲအောင်မြင်ပြီးမှ မရှုမလှကျဆုံးရမည်ကို ဖော်ပြနေသည်။

ထိုအချက်ကို ထောက်ခံနေသော နောက်ထပ်အချက်တစ်ခုမှာ ဗုဒ္ဓဟူးဂြိုဟ်ပိုင်သော ၁၁ တန့်ဘာဝ၏ အလယ်ဗဟိုချက်မှတ်(ကန်ရာသီ ၁၆း၄၇)အား ပျက်စီးဆုံးရှုံးမှုတို့ ဖြစ်စေသည့် ကိတ်ဂြိုဟ်မှ ၅ တန့်အမြင်ဖြင့် အင်အားပြည့် လွှမ်းမိုးထားခြင်း ဖြစ်သည်။

တစ်နည်းအားဖြင့်လည်း ဗုဒ္ဓဟူးသည် စဉ်းစားဉာဏ်၊ ကျိုးကြောင်းတွေးခေါ်တတ်သော ဉာဏ်ကို ကိုယ်စားပြုသော ဂြိုဟ်ဖြစ်ပါသည်။ ဤအနေအထားသည် ဇာတာရှင်အနေဖြင့် အထက်တွင် ဖော်ပြခဲ့သော လက်တွေ့လုပ်ဆောင်ရမှ ကျေနပ်တတ်သော၊ အချိန်မဆိုင်းတတ်သော၊ ရဲတင်းသော စရိုက်တို့သည် အတွေးအခေါ်တစ်ချက် မှားသွားသည်နှင့် ဘာဝအဆင့်အတန်းအားလုံး ပျက်စီးဆုံးရှုံးရသည်ကို ဖော်ပြနေတော့သည်။

## ကြာသပတေးဂြိုဟ်အား လေ့လာခြင်း

ကြာသပတေးဂြိုဟ်သည် ၂ တန့်ဘာဝ၏ သခင်ဖြစ်၍ ၁ တန့်ဘာဝ၊ ပြိဿာရာသီတွင် ရပ်တည်သည်သည်။ အလွန်ကောင်းသော ရပ်တည်မှုဖြစ်သည်။

ထိုမျှမကသေး၊ ဤအနေအထားသည် ရှေးကျမ်းများအဆိုအရ 'ဂဇကေသရီ ယောဂ'ကို ရနေခြင်းပင် ဖြစ်သည်။ ရှေးကျမ်းများမှ ဆိုထားသည်မှာ "ကြာသပတေးသည် တနင်္လာနှင့်အတူ ၁ တန့်ဘာဝတွင် ရပ်တည်ပါက ဤယော ဂကိုရသည်"ဟု ဖြစ်သည်။

'ဂဇ'ဆိုသည် ဆင်ကိုဆိုလိုသည်ဖြစ်၍ 'ကေသရီ'ဆိုသည်မှာ ခြင်္သေ့ကိုဆိုလိုခြင်းဖြစ်သည်။ တောတောင်အလယ်တွင် ကေသရာဇခြင်္သေ့မင်းနှင့် ဆင်တို့သည် ထင်ရှားသော စွမ်းအားကြီးသော သတ္တဝါများ ဖြစ်ကြသကဲ့သို့ ဤယောဂကို ရထားသူများသည် ထင်ရှားကျော်ကြားသောသူများ ဖြစ်ကြသည်။ ပုံမှန်အားဖြင့် ထိုယောဂကို ရသူများသည် သေဆုံးပြီးသည့်တိုင် လူအများအနေဖြင့် ထိုသူတို့၏အကြောင်းကို အမှတ်ရ ပြောစရာကျန်ရစ်တတ်သောသူများ ဖြစ်ကြသည်။ ကမ္ဘာကျော် ကွန်ဖူးရှပ်ရှင်မင်းသားဘရုစ်လီသည်လည်း ဤယောဂကိုရသူဖြစ်သည်။ ကောင်းသော ယောဂတစ်ခုကို အောင်မြင်စွာရနိုင်စေရန်အတွက် သက်ဆိုင်ရာဂြိုဟ်များသည် ကာရကသောမ(တစ်နည်းအားဖြင့် ကောင်းမွန်သော ဘာဝပိုင်ရှင်)ဂြိုဟ်များ ဖြစ်ရန် လိုအပ်သည်။

ဤဇာတာအတွက် ကြာသပတေးနှင့် တနင်္လာတို့သည် ၂ တန့်ဘာဝနှင့် ၉ တန့်ဘာဝ မူလတြိကောဏ အိမ်ရှင်များဖြစ်သဖြင့် ဤယောဂသည် ကောင်းမွန်စွာ ရရှိထားသော ယောဂတစ်ခုဖြစ်ပါသည်။

ဆက်လက်၍ လေ့လာကြပါဦးစို့။ ကြာသပတေးသည် ပညာကို အစိုးရသော ဂြိုဟ်ဖြစ်သည်။ ၂ တန့်သည် အဆင့်အတန်းမြင့်မားမှု၊ ပိုင်ဆိုင်ရရှိမှု၊ စည်းစိမ်ချမ်းသာကို ဖော်ဆောင်သော ဘာဝဖြစ်သည်။ ထို့ကြောင့် ၂ တန့်ဘာဝသခင် ကြာသပတေးသည် ဇာတာရှင်၏ ဂုဏ်ဒြပ်အဆင့်အတန်းကို ဖော်ပြနေသည်။ ၎င်းသည် ဇာတာတစ်ခုတွင် အရေးအကြီးဆုံး ဘာဝဖြစ်သည့် ၁ တန့်ဘာဝတွင် ရပ်တည်ခြင်းကြောင့် ဇာတာရှင်အနေဖြင့် ဂုဏ်ဒြပ်မြင့်မားသောသူ ဖြစ်



www.burmeseclassic.com

www.burmeseclassic.com

ရခြင်းဖြစ်သည်။

သို့သော် . . . ထိုကဲ့သို့မြင့်မားသော ဂုဏ်ဒြပ်အဆင့်အတန်းကို လုံးဝချေမှုန်း ဖျက်ဆီးမည့် အန္တရာယ်ကိုလည်း တွေ့နေရသည်။

ပထမအချက်အနေဖြင့် ဇာတာရှင်၏ အသက်ဇီဝိန်၊ ကိုယ်ခန္ဓာကို ကိုယ်စားပြုသည့် ၁ တန့်ဘာဝအား ရာဟုနှင့် ကိတ်တို့သည် အင်အားကောင်းစွာ ဖျက်ဆီးထားသည်။ ၁ တန့်ဘာဝ၏ အလယ်ဗဟိုချက်ဖြစ်သော ပြိဿရာသီ ၁၄း၁၄ အား ပြိဿရာသီ ၁၈း၂၈ တွင်ရှိသော ရာဟု၊ ပြိဿရာသီ ၁၈း၂၈ တွင်ရှိသော ကိတ်တို့မှ တစ်စမကျန် ဖျက်ဆီးထားသည်။

ထိုမျှမကသေး။ ၂ တန့်ဘာဝ၏ အလယ်ဗဟိုချက်ဖြစ်သော မိန်ရာသီ ၁၄း၁၄ အား မေထုန်ရာသီ ၁၆း၂၈ တွင် တည်နေသော ၁၂ တန့်ဘာဝပိုင်ရှင် သောကြာမှ အတိအကျ ဖျက်ဆီးလိုက်သည်။

၁၂ တန့်ဘာဝဆိုသည်မှာ ဆုံးရှုံးခြင်း၊ အကျဉ်းထောင်တို့ကို ဖော်ဆောင်သော ဘာဝဖြစ်နေသဖြင့် သဘာဝ သောမဂြိုဟ် သောကြာမှာ သောမတာဝန်အစား ဒုဋ္ဌာနဘာဝ၏ မူလတြိဂေါဏသခင်အဖြစ်ဖြင့် ဤဇာတာရှင်၏ အဆင့်အတန်း၊ ပိုင်ဆိုင်မှုတို့ကို ဖျက်ဆီးလိုက်ခြင်း ဖြစ်သည်။

## သောကြာဂြိုဟ်အား လေ့လာခြင်း

သောကြာဂြိုဟ်သည် ၁၂ တန့်ဘာဝ၏ သခင်ဖြစ်၍ ၈ တန့်ဘာဝ မေထုန်ရာသီတွင် ရပ်တည်သည်။ မကောင်းသော အတန့်ဘာဝပိုင်ရှင် မကောင်းသောအတန်းတွင် ရပ်တည်ခြင်းပင် ဖြစ်ပြန်ပါသည်။

ဆက်လက် လေ့လာကြည့်ကြပါစို့။

သောကြာသည် ဥစ်နဝင်းကို စီးနင်းထားသည်။ ဤအချက်သည် အထိုက်အလျောက်သော အင်အားကို ဖြစ်စေ၏။ ထိုမျှမက သောကြာဂြိုဟ်၏ မူလတြိဂေါဏအိမ်ဖြစ်သော ၁၂ တန့်ဘာဝ၏ ဗဟိုချက် (တူရာသီ ၁၄း၁၄)အား ၁၁ တန့်ဘာဝပိုင်ရှင်လည်းဖြစ်၊ သဘာဝ သောမဂြိုဟ်လည်းဖြစ်သော ဗုဒ္ဓဟူးမှ ၇ တန့်အမြင် အတိအကျဖြင့် အမြင်ပြုပေးထားခြင်းဖြင့် ၁၂ ဘာဝကို အင်အားကောင်းစေသည်။ ထို့ကြောင့် ထိုဘာဝ၏ သခင်ဖြစ်သော သောကြာမှာ အင်အားထပ်ကောင်းသွားရပြန်သည်။

ထို ၁၂ တန့်ဘာဝသည် ဘာကို ဆိုလိုပါသနည်း။ ၁၂ တန့်ဘာဝသည် ၁၂ ရာသီခွင်၏ အဆုံး၊ တစ်နည်းအားဖြင့် ၁ တန့်ဘာဝဆိုသော မွေးဖွားခြင်း၏ အဆုံးစွန်ဘာဝလည်း ဖြစ်သည်။ ထို့ကြောင့် ၁၂ တန့်ဘာဝသည် ရပ်ဝေးမြေခြား နိုင်ငံခြားတို့အားလည်း အဓိပ္ပာယ်ဆောင်သည်။ ဆုံးရှုံးမှု၊ လွတ်လပ်မှု ဆုံးရှုံးမှုကိုလည်း အဓိပ္ပာယ်ဆောင်သည်။ သို့သော် ကောင်းသော အဓိပ္ပာယ်အားဖြင့် ၁၂ တန့်ဘာဝ အင်အားကောင်းသူများအနေဖြင့် ဘဝတွင် ပန်းမွေ့ရာတွင် စက်မြန်းရသည်ဆိုသော အခြေအနေတို့ကိုလည်း ဖြစ်စေနိုင်သည်။

သောကြာအနေဖြင့်ရော ဘာအဓိပ္ပာယ်ရှိနေပါသနည်း။ သောကြာသည် စည်းစိမ်ခံစားခြင်း၊ ဇိမ်ခံပစ္စည်းများ၊ အလှအပ စသည်တို့ကို ဖော်ဆောင်နေသည် ဖြစ်သည်။

၁၂ တန့်ဘာဝ၏သခင် သောကြာအနေဖြင့် အထိုက်အလျောက် အင်အားရှိမှုကြောင့် ဇာတာရှင်အနေဖြင့် စည်းစိမ်ဥစ္စာ၊ ဇိမ်ခံပစ္စည်းများ ကြွယ်ဝသော အနေအထားကို ရောက်ရပါ၏။ သို့သော် ၎င်းသောကြာသည် ဒုဋ္ဌာန ဘာဝဖြစ်သော ၈ တန့်တွင် ရောက်ရှိနေ၏။ မြန်မာတို့၏ ဝေဒအမည်အားဖြင့် မရဏဘာဝဟု ခေါ်တွင်သော ၈ တန့်ဘာဝသည် သေဆုံးမှု၊ အန္တရာယ် စသည်တို့ကို ရည်ညွှန်းနေ၏။ ထိုစည်းစိမ် ဥစ္စာတို့၏ ဆုံးရှုံးပျက်စီးခြင်းကို ဖော်ညွှန်းနေ၏။ စောစောက ရထားသော သောကြာဂြိုဟ်၏ အင်အားကို ပျက်သုဉ်းစေသော အခြေအနေကို တွေ့မြင်ရ၏။ ထပ်သေချာအောင် ထိုသောကြာရပ်တည်နေသော နေရာကို လေ့လာလိုက်သောအခါ သောကြာသည် ရာဟုပိုင်သော အဒြနက္ခတ်ကို စီးနင်းနေ၏။ ရာဟုသည် မမျှော်လင့်သော ဖြစ်ရပ်များ၊ အောင်မြင်လိုမှုကြောင့် လှည့်ပတ်ဆောင်ရွက်မှုများကို ဖော်ဆိုနေသော ဘာဝဖြစ်သည်။

နောက်ဆုံးတွေ့ရသည်က အရေးအကြီးဆုံး အချက်ဖြစ်၏။ ဒုဋ္ဌာနဘာဝပိုင်ရှင်၊ တစ်နည်းအားဖြင့် ဆုံးရှုံးမှုများ၏ ပိုင်ရှင် ၁၂ တန့်ဘာဝသခင် သောကြာသည် အသက်ရှင်သန်ရေးအတွက် အရေးအကြီးဆုံး ဘာဝတစ်ခုဖြစ်သည့် ၈ တန့်ဘာဝ၏ ဗဟိုချက်မှတ်(မေထုန်ရာသီ ၁၄း၁၄)အား အတိအကျနီးပါး လွှမ်းမိုးလိုက်ခြင်းဖြင့် ၈ တန့်ဘာဝသည် သုံးမရအောင် ပျက်စီးသွား၏။ အသက်ဆုံးရှုံးခြင်းကို ဖော်ပြနေသော အနေအထားကို မြင်ရ၏။

## စနေဂြိုဟ်အား လေ့လာခြင်း

စနေဂြိုဟ်သည် ၄ တန့်ဘာဝ၏ သခင်ဖြစ်၍ ၂ တန့်ဘာဝ၊ မိန်ရာသီတွင် ကောင်းသော ရပ်တည်ခြင်း ဖြစ်ပါသည်။

ဇာတာရှင်တစ်ဦးအနေဖြင့် အသက်ရှည်နိုင်မှုနှင့် ပတ်သက်၍ စနေဂြိုဟ်သည် အရေးကြီးသော ဂြိုဟ်တစ်လုံးဖြစ်၏။ ၄ တန့်သခင် ၂ တန့်ဘာဝတွင် ရပ်တည်ခြင်းဖြင့် ဇာတာရှင်သည် မှတ်ဉာဏ်ကောင်းသူ ဖြစ်၏။ ၄ တန့်သည် မှတ်



www.burmeseclassic.com

www.burmeseclassic.com

ဉာဏ်ကို အဓိပ္ပာယ်ဆောင်ပါသည်။

စနေဂြိုဟ်အားသည် ရပ်တည်သော အနေအထားကောင်းခြင်း၊ ကောင်းသော အတန့်တွင် ရပ်တည်ခြင်းကြောင့် ဇာတာရှင်သည် ဖွံ့ကောင်းသူ၊ အပင်ပန်းခံနိုင်သူတစ်ဦး ဖြစ်သည်။ သို့သော် ...

၎င်းရပ်တန့်ရာ ၂ တန့်ဘာဝ၏ အလယ်ချက်မှတ်(ဓနုရာသီ ၁၇း၁၄)အား ပြိဿရာသီ ၁၆း၅၂ တွင် တည်နေသော သောကြာသည် သမသတ် အမြင်အားဖြင့် ၉၉% ဖြင့် လွှမ်းမိုးထား၏။ သောကြာသည် အထက်တွင် ဖော်ပြခဲ့သည့်အတိုင်း ၁၂ တန့်ဘာဝသခင်၊ ကာရက ပါပဂြိုဟ် ဖြစ်နေ၏။ ထို့ကြောင့် ၂ တန့်ဘာဝ၏ အခြေအနေသည် ပျက်သုဉ်းသွားရပြန်ပါသည်။ ၎င်းရပ်တည်ရာ ၂ တန့်ဘာဝ ပျက်စီးသွားခြင်းကြောင့် ထိုအိမ်တွင် လာရောက်နေထိုင်သော စနေမှာလည်း အင်မဲ့အားမဲ့ ဖြစ်သွားရပါတော့သည်။

ဤအချက်သည်ကား ဇာတာရှင် အနေဖြင့် အသက်ရှည်နိုင်ရေးကို ဖျက်ဆီးလိုက်သော အခြေအနေတစ်ရပ် ဖြစ်ပါသည်။

အသက်ရှည်ရေးကို ကြည့်မည်ဆိုပါက ၁ တန့်ဘာဝ(ကိုယ်ကာယနှင့်ဆိုင်သော ဘာဝ)၊ ၃ တန့်ဘာဝ (ရှင်သန်မှုအင်အားကို ပေးစွမ်းသော ဘာဝ)၊ ၈ တန့်ဘာဝ (အသက်ရှည်နိုင်မှု မရဏဘာဝ)နှင့် တနင်္ဂနွေဂြိုဟ်၊ လဂ်သခင်၊ စနေဂြိုဟ်တို့ကို လေ့လာရပါသည်။

ယခုအခါ ဇာတာရှင်၏ ၁ တန့်ဘာဝ အလယ်မှတ်(လဂ်) ဗြိစ္ဆာရာသီ ၁၇း၁၄ အား ရာဟုနှင့် ကိတ်တို့မှ အင်အားကောင်းစွာ လွှမ်းထားသည်။ ထို့ကြောင့် လဂ်မှာ ပျက်စီးသွားရသည်။ လဂ်သခင်ဖြစ်သော တနင်္လာသည် နိစ် ဖြစ်နေသည်။

ရှင်သန်မှုအတွက် အရေးကြီးသော ၃ တန့်ဘာဝ၏ အလယ်ဗဟိုချက် မကာရရာသီ ၁၇း၁၄ အား ပြိဿရာသီ ၁၈း၂၈ တွင် တည်သော ကိတ်မှ ၉ တန့်အမြင်ဖြင့် ထိရောက်စွာ ဖျက်ဆီးထားပြန်သည်။

၈ တန့်ဘာဝနှင့် စနေဂြိုဟ်ကို သောကြာမှ ဖျက်ဆီးထားကြောင်းကို အထက်တွင် ရှင်းပြပြီး ဖြစ်ပါသည်။

တနင်္ဂနွေဂြိုဟ်တည်ရာ ၇ တန့်ဘာဝ၏ အလယ်ဗဟိုချက် ပြိဿရာသီ ၁၇း၁၄ အား ရာဟုမှ သမသတ်အမြင်အား ကိတ်မှ အနီးကပ်ပူးကပ်နေမှုတို့ဖြင့် ဖျက်ဆီးထားပါသည်။ ဤအခြေအနေအားလုံးတို့သည် ဇာတာရှင်အနေဖြင့် သက်တမ်းစေ့အောင် မနေရဟူသော အခြေအနေကို ပြဆိုနေပါတော့သည်။

## ရာဟုနှင့် ကိတ်ဂြိုဟ်အား လေ့လာခြင်း

ရာဟုဂြိုဟ်သည် ၁ တန့်ဘာဝ၊ ဗြိစ္ဆာရာသီတွင် ရပ်တည်သည်။ အင်္ဂါဂြိုဟ်ပိုင်သော ရာသီတွင် ရပ်တည်ခြင်း ဖြစ်သည်။ အင်္ဂါသည် လုပ်ရဲ၊ ကိုင်ရဲသော စရိုက်ကို ဖော်ဆောင်သော ဂြိုဟ်ဖြစ်၏။ အကွက်ချစီစဉ်ခြင်း၊ လုည့်ပတ်ခြင်းတို့ကို သရုပ်ဖော်သည့် ရာဟုသည် လက်ရဲဇက်ရဲနိုင်သော အင်္ဂါပိုင်ရာသီတွင် ရပ်တည်ခြင်းကြောင့် သူများတွေ စိတ်ကူးရုံမျှကူးမိသော ကိစ္စများကို ဤဇာတာရှင်က လက်တွေ့ဖြစ်အောင် လုပ်တတ်သည်။

ဤအနေအထားသည် အခြားသော ဂြိုဟ်အနေအထားများ ကောင်းမန့်ပါက ကောင်းသော အနေအထားဖြစ်သော်လည်း မကြံသင့်သော ကိစ္စများကို ကြံမိလျှင်မူ နောက်ဆက်တွဲအကျိုးဆက်တို့ ဖြစ်လာမည်မှာ မြေကြီးလက်ခတ်မလွဲပင် ဖြစ်ပါသည်။

ကိတ်ဂြိုဟ်နှင့် ပတ်သက်၍ ထူးထူးခြားခြားပြောစရာမရှိပါ။

## နိုင်ငံတော်လုပ်ကြံမှုကြီး ဖြစ်ပေါ်ခဲ့စဉ်က

ထိုစဉ်က ဦးစောအနေဖြင့် တနင်္လာ–သောကြာ–တနင်္ဂနွေ ဒသာစားသော ကာလဖြစ်ပါသည်။

ထူလဒသာရှင်ဖြစ်သော တနင်္လာသည် အထက်တွင် ဖော်ပြခဲ့သည့်အတိုင်း လက်ရဲဇက်ရဲနိုင်သည့် သွေးသံကို အစိုးရသည့် အင်္ဂါဂြိုဟ်ပိုင်သော ရာသီတွင် ရပ်တည်သည်။ ထိုအင်္ဂါသည် မိဿရာသီတွင်တည်လျက် ၎င်းပိုင်အိမ်တွင် ရပ်တည်သော တနင်္လာအား ၈ တန့်အမြင်ဖြင့် မြင်ထားသည်။

အန္တရဒသာသခင်သည် ဒသာဆန်းစစ်မှုများတွင် အလွန်အရေးပါသော အနေအထားတွင် ရှိပါသည်။ ယခု အန္တရဒသာသခင်သည် ၈ တန့်တွင် ရပ်တည်နေသော ၁၂ တန့်ဘာဝသခင် သောကြာပင် ဖြစ်ပါသည်။ ၁၂ တန့်ဘာဝသည် အချုပ်အနှောင် အဖမ်းအဆီးတို့ကို ရည်ညွှန်းနေသော ဘာဝလည်း ဖြစ်ပါသည်။

နောက်ဆုံးအနေဖြင့် တနင်္ဂနွေကို ကြည့်ပါက အထက်တွင်ဖော်ပြခဲ့သည့်အတိုင်း တနင်္ဂနွေရပ်တည်ရာ ဇာတာရှင်၏ ၇ တန့်ဘာဝ အလယ်ချက်မှတ်(ပြိဿရာသီ ၁၇း၁၄)အား ရာဟုနှင့် ကိတ်တို့မှ တိုက်ရိုက်လွှမ်းမိုးထားခြင်းဖြင့် တနင်္ဂနွေသည် အားနည်းနေသဖြင့် သူ့အတွက် ဤကာလသည် မကောင်းသောကာလ တစ်ခု ဖြစ်ပါသည်။


ဆက်လက်၍ ထိုကာလတွင် ဂောစာဂြိုဟ်များ၏ လွှမ်းမိုးမှုကို ကြည့်ပါမည်။

ဇာတာတွင် မြင်ရသည့်အတိုင်း ဂောစာအင်္ဂါသည် ပြိဿရာသီ ၁၉း၃၀ တွင် တည်နေ၏။ မူလဇာတာတွင် လဂ်သည် ဗြိစ္ဆာရာသီ ၁၇း၁၄ တွင်ရှိသဖြင့် ဘာဝအားလုံး၏ အလယ်ချက်မှတ်များသည် ၁၇း၁၄ ဖြစ်သည်။ မူလကိုယ်တိုင်အားဖြင့်လည်း သဘာဝ ပါပဂြိုဟ်ဖြစ်




www.burmeseclassic.com

www.burmeseclassic.com




| | Sun | Moon | Mars | Mercury | Jupiter | Venus | Saturn | Rahu | Ketu |
|---|---|---|---|---|---|---|---|---|---|
| Afflicted (Natal) | 0% | 0% | 0% | 0% | -154% | 0% | 0% | -100% | -100% |
| Benefited (Natal) | 0% | 0% | 0% | 0% | 0% | 0% | 0% | 77% | 77% |
| Strength (Natal) | -24% | 71% | 249% | 143% | 69% | 37% | -82% | 78% | -30% |






| | H1 | H2 | H3 | H4 | H5 | H6 | H7 | H8 | H9 | H10 | H11 | H12 |
|---|---|---|---|---|---|---|---|---|---|---|---|---|
| Afflicted | -195 | -99% | -97% | 0% | -97% | 0% | -195 | -99% | -97% | 0% | -97% | 0% |
| Benefited | 88% | 0% | 0% | 0% | 88% | 100 | 88% | 0% | 88% | 0% | 0% | 100 |
| House Strength | 0% | -133 | 0% | -26% | 0% | 125 | 0% | 0% | -53% | -52% | 0% | 0% |

သော စရိုက်အားဖြင့်လည်း လက်ရဲဇက်ရဲ အကောင်အထည်ဖော်သော၊ အင်္ဂါသည် ရန်ကို အစိုးရသော ၆ တန့်ရာသီ၏ မူလ တြိဂေါဏအိမ်ရှင်ဖြစ်သည်ကို အထက်တွင် တွေ့ရှိခဲ့ပြီး ဖြစ်သည်။ ထိုအင်္ဂါသည် ၁ တန့်၊ ၂ တန့်၊ ၇ တန့်၊ ၁၀ တန့် စသော ဇာတာရှင်၏ အရေးပါသော ဘာဝများကို ပြင်းထန်သော အင်အားဖြင့် (အဆိုးဓာတ် ၉၀%) သက်ရောက်လွှမ်းမိုး ဖျက်ဆီးလိုက်ပါသည်။

ကယ်တင်ရှင်ဖြစ်နိုင်သည့် သောမ ဂြိုဟ် ကြာသပတေးမှာလည်း ဝင်ရောက်ကူညီ လွှမ်းမိုးပေးထားခြင်းမရှိပါ။ ထိုမျှမကသေး။ ဒုဋ္ဌာနဘာဝပိုင်ရှင် ၁၂ တန့်ဘာဝ၏ မူလတြိဂေါဏအိမ်ရှင်ဖြစ်သော ကေတုဇာသောကြာသည် မေထုန်ရာသီ ၁၉း၅၁ တွင် တည်ထားခြင်းဖြင့် ၂ တန့်နှင့် ၈ တန့် ဘာဝတို့၏ အလယ်မှတ်များကို အဆိုးဓာတ်အင်အား (၈၇%)ဖြင့် လွှမ်းမိုးဖျက်ဆီးလိုက်ပြန်သေးသည်။

ထိုအခြေအနေသည် ဇာတာရှင် ဘနေဖြင့် အင်မတန်ကြောက်စရာကောင်းနေသော ကေတု အင်္ဂါ၏ လွှမ်းမိုးမှုကြောင့် မုန်းတီးမှု၊ ရန်လိုမှုတို့ဖြင့် ရက်စက်သောလုပ်ရပ်ကို လုပ်မိခဲ့စေခြင်း၏ အကြောင်းတစ်ရပ်ဖြစ်နေပါသည်။ အောက်တွင်ဖော်ပြထားသော ဂရပ်ဖ်ကိုကြည့်ပါက ဂြိုဟ်ဆိုးများ၏ စုပေါင်းလွှမ်းမိုးဖျက်ဆီးနေမှုကို ထင်ရှားစွာ မြင်ရပါလိမ့်မည်။






www.burmeseclassic.com

www.burmeseclassic.com

**သေဒဏ်စီရင်ခြင်းခံရစဥ်က**

ထိုစဥ်က ဦးစောအနေဖြင့် တနင်္လာ-သောကြာ-စနေ ဒသာစားနေသော ကာလဖြစ်ပါသည်။ တနင်္လာနှင့် သောကြာ၏ အနေအထားကို အထက်တွင် တင်ပြခဲ့ပြီးဖြစ်ပါသည်။

မူလဇာတာတွင် လွန်စွာအားနည်းနေသော စနေသည် သူပိုင်သော ပြက္တရ ဒသာကာလကွင် မည်သည့်နည်းနှင့်မျှ အထောက်အကူမပြုနိုင်တော့ပါ။ မူလဇာတာ စနေ၏ အနေအထားနှင့် ဂရပ်ဖ်ကို ပြန်ကြည့်ပါ။

**ကောဇာဂြိုဟ်တို့ လွှမ်းမိုးမှု လေ့လာကြပါစို့။**

စောစောက သွေးသံရဲရဲကိစ္စကို အကောင်အထည်ဖော်စေခဲ့သည့် အင်္ဂါသည် ယခုအခါ လွှမ်းမိုးမှု မရှိတော့ပါ။ သို့သော် သူ၏ လက်ချက်ကြောင့် ဖြစ်ပေါ်ခဲ့သည့် အကျိုးဆက်များကတော့ ကျန်ရစ်ခဲ့ပါပြီ။


ဖော်ပြပါ ကောဇာ ဇာတာနှင့် မူလဇာတာတို့ကို ယှဥ်ကြည့်လိုက်ပါ။ ကောဇာရာဟုသည် မိဿရာသီ ၂၀း၅၇ တွင် တည်နေသည်။ ဤသို့ တည်နေခြင်းဖြင့် ဇာတာရှင်၏ ၂ တန့်ဘာဝ၊ ၄ တန့်ဘာဝ၊ ၆ တန့်ဘာဝ၊ ၈ တန့်ဘာဝ၊ ၁၀ တန့်ဘာဝ၊ ၁၂ တန့်ဘာဝတို့၏ ဗဟိုချက်နေရာများကို ရာဟုနှင့် ကိတ်မှ ပူးပေါင်းဖျက်ဆီးလိုက်ကြပါပြီ။ အောက်တွင် ဖော်ပြထားသော ဂရပ်ကို ကြည့်ပါ။

ဆက်လက်၍ အခြားသော အခြေအနေတို့ကို ထပ်ကြည့်သည့်အနေဖြင့် အရေးကြီးဆုံး ဂြိုဟ်များဖြစ်သော ကောဇာ တနင်္ဂနွေနှင့် တနင်္လာကို ကြည့်လိုက်သောအခါ တနင်္ဂနွေနှင့် တနင်္လာ ၂ ခု စလုံးသည် ဒုဋ္ဌာနဘာဝ၊ အာရီ ဘာဝ ၆ တန့်ဖြစ်သော မိဿတွင် ရောက်နေ၏။ ထိုမျှမကသေး ရာဟုမှ တနင်္ဂနွေအား အနီးကပ်ပူးထားပြီး ကိတ်မှ အမြင်ပြုထားခြင်းဖြင့် တနင်္ဂနွေနှင့် တနင်္လာတို့၏ အခြေအနေပါ ဆိုးရွားနေသဖြင့် အကြောင်းတစ်မျိုးမျိုးဖြင့် ပြန်လည်လွှတ်မြောက်စရာလမ်း မရှိပါပေ။ တနင်္ဂနွေသည် အသက်ဓာတ်ကိုအစိုးရပြီး တနင်္လာသည် စိတ်ကိုအစိုးရသောကြောင့် ၎င်းတို့ကိုပါ စစ်ဆေးကြည့်ခြင်း ဖြစ်သည်။

သို့သော် အသိဉာဏ်ပညာကို အစိုးရသည့် ကြာသပတေး တစ်နည်းအားဖြင့် ကောင်းမြတ်သော ၂ တန့်ဘာဝ၏ မူလတြိဂေါဏသခင် ကြာသပတေးသည် ၆ တန့်သခင် အင်္ဂါကိုလည်းကောင်း၊ ၁၂ တန့်သခင် သောကြာကိုလည်းကောင်း လွှမ်းမိုးထားပေသည်။


ထို့ကြောင့် ဦးစောအနေဖြင့် နောက်ဆုံးအချိန်တွင် သံဝေဉာဏ်များ ရရှိခြင်း မိမိဘဝတွင် လျှောက်လှမ်းခဲ့သော ခရီး

**၁၉၄၇-ဇူလိုင်-၁၉-ကောဇာ ဂြိုဟ်များက ဇာတာရှင်၏ ဂြိုဟ်ကို လွှမ်းထားပုံ**




| | Sun | Moon | Mars | Mercury | Jupiter | Venus | Saturn | Rahu | Ketu |
|---|---|---|---|---|---|---|---|---|---|
| Trans to Nat Aff | 0% | 0% | 0% | 0% | -56% | -83% | 0% | -98% | -98% |
| Trans to Nat Ben | 0% | 0% | 0% | 100% | 0% | 0% | 0% | 0% | 0% |
| Afflicted (Natal) | 0% | 0% | 0% | 0% | -154% | 0% | 0% | -100% | -100% |
| Benefited (Natal) | 0% | 0% | 0% | 0% | 0% | 0% | 0% | 77% | 77% |
| Strength (Natal) | -24% | 71% | 249% | 142% | 69% | 37% | -82% | 76% | -30% |

**၁၉၄၇-ဇူလိုင်-၁၉-သွင် ကောဇာဂြိုဟ်များက ဇာတာရှင်၏ ဘာဝများကို လွှမ်းထားပုံ**






| | H1 | H2 | H3 | H4 | H5 | H6 | H7 | H8 | H9 | H10 | H11 | H12 |
|---|---|---|---|---|---|---|---|---|---|---|---|---|
| Trans to Nat (Aff) | -90 | -178 | 0% | 0% | 0% | 0% | -90 | -88 | 0% | -90 | 0% | 0% |
| Trans to Nat(Ben) | 0% | 0% | 199 | 0% | 0% | 100 | 0% | 0% | 199 | 0% | 0% | 0% |
| Afflicted | -195 | -99 | -97 | 0% | -97 | 0% | -195 | -99 | -97 | 0% | -97 | 0% |
| Benefited | 88% | 0% | 0% | 0% | 88% | 100 | 88% | 0% | 88% | 0% | 0% | 100 |
| House Strength | 0% | -133 | 0% | -26 | 0% | 125 | 0% | 0% | -53 | -52 | 0% | 0% |




www.burmeseclassic.com

www.burmeseclassic.com








၁၉၄၈-၁၀-၈-ရက်၊ ဂောစာဂြိုဟ်များက မွေးဂြိုဟ်များကို လွှမ်းထားပုံ




| | Sun | Moon | Mars | Mercury | Jupiter | Venus | Saturn | Rahu | Ketu |
|---|---|---|---|---|---|---|---|---|---|
| Trans to Nat (Aff) | 0% | 0% | 0% | -153% | 0% | -71% | -58% | 0% | 0% |
| Trans to Nat (Ben) | 91% | 0% | 93% | 66% | 0% | 0% | 0% | 0% | 0% |
| Afflicted (Natal) | 0% | 0% | 0% | 0% | -154% | 0% | 0% | -100% | -100% |
| Benefited (Natal) | 0% | 0% | 0% | 0% | 0% | 0% | 0% | 77% | 77% |
| Strength (Natal) | -34% | 71% | 249% | 143% | 69% | 37% | -82% | 76% | -30% |

၁၉၄၈-၁၀-၈-ရက်၊ ဂောစာဂြိုဟ်များမှ ဘာဝများကို လွှမ်းထားပုံ




| | H1 | H2 | H3 | H4 | H5 | H6 | H7 | H8 | H9 | H10 | H11 | H12 |
|---|---|---|---|---|---|---|---|---|---|---|---|---|
| Trans to Nat (Aff) | 0% | -76 | 0% | -76 | 0% | -152 | 0% | -76 | 0% | -76 | 0% | -152 |
| Trans to Nat(Ben) | 0% | 0% | 0% | 0% | 0% | 66% | 0% | 0% | 0% | 0% | 0% | 66% |
| Afflicted | -195 | -99 | -97 | 0% | -97 | 0% | -195 | -99 | -97 | 0% | -97 | 0% |
| Benefited | 88% | 0% | 0% | 0% | 88% | 100 | 88% | 0% | 88% | 0% | 0% | 100 |
| House Strength | 0% | -133 | 0% | -26 | 0% | 125 | 0% | 0% | -53 | -52 | 0% | 0% |

လမ်းကို ပြန်လည်သုံးသပ်မိခြင်းတို့ ဖြစ်ခဲ့ရခြင်း ဖြစ်သည်။ ထိုစဉ်က ဦးစော အသက်အားဖြင့် ၄၈ နှစ်ပြည့်ရန် ၈ ရက်မျှသာ လိုပါတော့သည်။ အသက် ၄၈ နှစ်ဆိုသည်မှာ သေဆုံးချိန်တန်သော ကာလတစ်ခု မဟုတ်ပါပေ။

ဦးစောသည် ဖွဲ့လုံ့လရှိသော ကြိုးစားသော၊ တက်ကြွသော၊ ရဲရင့်သည့် လူတော်တစ်ယောက် ဖြစ်ခဲ့သော်လည်း လက်ရှိအနေအထားကို ထိန်းသိမ်းထားလိုသည့်စိတ်၊ အငြိုးအတေးထားမိသောစိတ်၊ အကောင်းအထည်ဖော်ဖြစ်သည် ဒေါသ လုပ်မိသော စိတ်တို့ကြောင့် သူကိုယ်တိုင်၏ ဘဝသာမက နိုင်ငံ့အာဇာနည်များ၏ ဘဝ၊ နိုင်ငံတော်၏ ဘဝပါ မလှမပ ဖြစ်ခဲ့ရပါသည်။ သူ၏ ဘဝကို သင်ခန်းစာ ယူတတ်သည်ဆိုပါက နောင်တွင် မလှပသော သမိုင်းတို့ရှိလာတော့မည် မဟုတ်ပါ။ ထို့ကြောင့်လည်း သွားလေသူများ အားလုံးကို ကောင်းရာမွန်ရာ ရောက်နိုင်ကြပါစေဟု ဆုမွန်ကောင်းတောင်းပေးရင်း ဤဆောင်းပါးကို အဆုံးသတ်ပါသည်။

**ချူမာန်(မိုးတား)**



www.burmeseclassic.com

www.burmeseclassic.com

# ရန်ဘေးကျည်လွှဲ
# ဂမ္ဘီရအဆောင် အစီအရင်ကလေး

မော်တင်သိန်းဇော်ဖ

ရန်ဘေးကျည်လွှဲ ဂမ္ဘီရအစီအရင်၊ အစီအမံကလေးတစ်ရပ်ကို တင်ပြလိုပါသည်။ တစ်ဖက်သားက မတရားသဖြင့် လုပ်ကြံသတ်ဖြတ်၊ ပစ်ခတ်လာသော တုတ်၊ ဓား၊ ခဲ၊ မြား၊ လောက်စာလုံး၊ သံချွန်၊ ပုဆိန်၊ အဆိပ်ရည်၊ သေနတ်ကျည်ဆန်၊ လက်နက်ဘေးရန်များကို လွှဲဖယ်စေနိုင်၊ ရှောင်ရှားတိမ်းရှောင်စေနိုင်၊ ကာကွယ်စေနိုင်သော ဂမ္ဘီရဆန်းကြယ် ကိုယ်ခံအစီအရင်ကလေး တစ်ရပ်ပင် ဖြစ်ပါသည်။ ထို့ပြင်သာမက မတရားသဖြင့် တစ်ဖက်သားက စွဲချက်တင်စွပ်စွဲ၊ အပြစ်ပုံချ၊ ထိုးနှက်ပုတ်ခတ်လာသော မတရားဘေးနုတ်ထွက်ဝစီစကားများ ပြုမူကြိုးပမ်းလာချက်များကိုလည်း ဟန့်တား၊ ကာကွယ်နိုင်စေသော လွယ်ကူတိုတုတ် ဆန်းကြယ်လှသော ဂမ္ဘီရအစီအမံကလေးလည်း ဖြစ်ပါသည်။ ယင်းရန်ဘေးလက်နက် ပြောဆိုစကား ကျည်လွှဲ၊ ဂမ္ဘီရအစီအရင်ဆန်း ပညာရပ်ကလေးကို အထူးသဖြင့် တာ ၁န်ကြီးထမ်းဆောင်ရသူများ၊ ဓားပြလူဆိုး၊ သူခိုး၊ သောင်းကျန်းသူ စသဖြင့် ဒုစရိုက်နယ်မြေတစ်ကြောဆီကို ရောင်းဝယ်သွားလာ ခရီးသွားရသူများ၊ ကျေးလက်တောရွာနေသူများ၊ လောကီရေးရာဆိုင်ရာ ပညာရှင်များတို့အနေနှင့် လုပ်ဆောင်နိုင်ကြပါသည်။ လေ့လာသင့်ကြပါသည်။

ယင်းရန်ဘေးကျည်လွှဲ ဂမ္ဘီရအစီအရင် အစီအမံကလေးကို ကျင့်သုံးလုပ်ဆောင်ရန်နည်းမှာ ဂမ္ဘီရအစီအရင်ကို အသုံးပြုလိုသူအနေနှင့် အသုံးပြုလိုသည့်အချိန်အခါ၌ နေအိမ်မှ မထွက်ခွာခင်တွင် မိမိအကျီ၏ အပေါ်ဆုံးဆီက ပထမဆုံးကြယ်သီးပေါက် အပေါက်နေရာကို အောက်ရှိ ဒုတိယမြောက်ဖြစ်ရာနေရာ၌ရှိသော ကြယ်သီးကို လှမ်းကျော်ကာ တပ်ဆင်၍ သံပရာသီးအစိမ်းတစ်လုံးကို အိတ်ကပ်ထဲတွင် ဆောင်သလျက် ရန်ဘေးကျည်ကိုလွှဲ၊ ကြယ်သီး၊ ကျည်သီးလွှဲ၊ ကိန်းကြေယတြာနှင့် နိမိတ်စဉ်၊ ဂမ္ဘီရအစီအရင်၊ အစီအမံကို ခံယူ၍ လိုရာချိန်းဆိုရာ၊ ဆန္ဒရှိရာ နေရာဒေသဆီသို့ သရဏဂုံသုံးပါး တည်ပွားနှလုံးသွင်းပြီး သွား ေရာက်ရင်ဆိုင်ရန်ပင် ဖြစ်ပါသည်။

ယင်းဘေး န် ရန်ဘေးဥပဒ်၊ လက်နက်ကျည်လွှဲ ဂမ္ဘီရအစီအရင်ကလေးဒ နေနှင့် ငါးပါးသီလလုံခြုံသူ၊ ရိုးသားဖြောင့်မတ် မှန်ကန်သူ၊ မိဘ္ဘာဇီဝ ကင်းရှင်းသူ၊ အမှန်တရားကို ကျင့်ကြံလုပ်ဆောင် ရပ်၊ ာည်သူများကို အထူးပင် အကျိုးပြု၊ ထူးခြား၊ စောင့်ရှောက်တတ်ပါသည်။

'ဂမ္ဘီရကုထုံး' (Occult Therapy) တစ်ရပ် အကာအကွယ်၊ ကိုယ်ခံအဖြစ် အသုံးဝင်ပါသည်။ လျှော့တွက်အထင်သေးရန် မသင့်သော 'ဂမ္ဘီရကိုယ်ခံအစီအရင်' တစ်ခုလည်း ဖြစ်ပါသည်။ ကျယ်ပြောနက်ရှိုင်း ဆန်းကြယ်လွန်းလှသော လောကပြင်ကြီးတစ်ခို၌ အံ့ချီးမခန်း အလွန်တရာဆန်းကြယ်လှသော ဂမ္ဘီရသိပ္ပံပညာရပ် (Cooult Science) နှင့် ထူးကဲဖြစ်စဉ်များ အစီအရင် အစီအမံများ၊ ဖြစ်ရပ်ဆန်းနှင့် အကြောင်းခြင်းရာများ၊ လူသားပုဂ္ဂိုလ်များနှင့် ဟတ်သိကျွမ်းကျင်သော ပညာရှင်များ၊ အနန္တအများအပြားပင် ရှိတတ်ကြပါသည်' ။ ၁မန်မျက်စိ၊ ဦးနှောက်အတွေးအခေါ်တို့နှင့် သိပ္ပံနည်းကျ လက်နက်၊ ကိရိယာ၊ တန်ဆာပလာ၊ စမ်းသပ်ပစ္စည်းတို့နှင့်ပင် အလွယ်တကူ စမ်းသပ်စစ်ဆေးနိုင်မှုများနှင့် မမြင်၊ မသိ၊ မတွေ့၊ မဖော်ထုတ် မလုပ်နိုင်ပါသော 'ဂမ္ဘီရပညာနှင့် လောက' ကို ကမ္ဘာ့နိုင်ငံကြီးငယ်မဟူ အားလုံးတို့ကပင် ယုံကြည်လက်ခံ အသုံးပြုတတ်ကြပါသည်။ လေ့လာနိုင်ကြပါသည်။ 'ဂမ္ဘီရ အစီအရင်ဆန်းကလေးတစ်ရပ်အဖြစ်' ဂါရဝ၊ စေတနာမွန်များနှင့် လေးမြတ်စွာ တင်ပြအပ်ပါသည်။

မော်တင်သိန်းဇော်ဖ

www.burmeseclassic.com

# တိရစ္ဆာန်လောကမှ သချာ်ပါရဂူများ

လှမိုး(ပညာရေး)

ကျွန်တော်သည် ရောင်ပြန်မဂ္ဂဇင်း အထူးထုတ်တွင် "စကားပြောသော **တိရစ္ဆာန်များ**"အမည်ဖြင့် ဆောင်းပါး **တစ်စောင်** ရေးသားဖော်ပြခဲ့သည်သာမက "တိရစ္ဆာန်တို့၏ စိတ်စွမ်းအင် အမည်ဖြင့် အခန်းဆက်ဆောင်းပါးရှည် တစ်စောင်ကို ၆-လခန့် ရေးသားဖော်ပြခဲ့ပါသည်။ ရောင်ပြန်မဂ္ဂဇင်းအယ်ဒီတာချုပ်ဖြစ်သူ ဦးမောင်မောင်မြင့်အေးနှင့် အယ်ဒီတာအဖွဲ့သည် ယင်းဆောင်းပါးများကို စိတ်ရှည်ရှည်ထား၍ ဖော်ပြခဲ့ကြပါသည်။

အထက်ဖော်ပြပါ အခန်းဆက်ဆောင်းပါးများတွင် နိုင်ငံတကာမှ တိရစ္ဆာန်များကို စောင့်ကြည့်လေ့လာသူများ အမေရိကန်ပြည်ထောင်စု ဂျူး Duke တက္ကသိုလ် ပရစိတ်ပညာဌာနမှ ပါမောက္ခ ဂျေဘီရိုင်းနှင့် ဇနီးဖြစ်သူ လူဝီဇာရိုင်းတို့၏ နှစ်ပေါင်း ၃၀ နီးပါး စူးစမ်းသုတေသနပြုထားသည့် စာတမ်းများနှင့် ထိုတက္ကသိုလ်မှ တိရစ္ဆာန်များ၏ ထူးခြားအာရုံကို လက်တစ်ဆုံးနှိုက် လေ့လာထားသော ဒေါက်တာပရက်၏ မှတ်တမ်းများကို အထောက်အထားပြု၍ ရေးသားခဲ့ပါသည်။


ဤဆောင်းပါးများကို တစိုက်မတ်မတ် ဖတ်ရှုခဲ့သော ရန်ကုန်မြို့ ၂၇ လမ်းမှ စာဖတ်ဝါသနာပါသူနှင့် စာအုပ်စုဆောင်းသူ ကိုသန်းအောင်သည် "Unexplained Phenomena" အမည်ရှိ စွယ်စုံကျမ်းကြီးတစ်အုပ်ကို ကျွန်တော်လိုအပ်သလို အသုံးပြုရန် လက်ဆောင်အဖြစ် ပေးခဲ့ပါသည်။

ဤစွယ်စုံကျမ်းတွင် နိုင်ငံတကာမှ ထူးထူးဆန်းဆန်း သချာ်ကိန်းဂဏန်းအပေါင်း၊ အနုတ်၊ အမြှောက်အစားများကို လူတစ်ယောက်ကဲ့သို့ မှန်ကန်အောင်တွက်ချက်ပြသနိုင်သော တိရစ္ဆာန်များ အကြောင်းကို အထောက်အထား၊ သာဓကစုံစုံလင်လင်နှင့် ဖော်ပြထားသည်



www.burmeseclassic.com

www.burmeseclassic.com



များကို ဖတ်ရှုခဲ့ရသဖြင့် ယခုဆောင်းပါးကို ရေးသားဖော်ပြခြင်း ဖြစ်ပါသည်။ သို့ဖြစ်၍ ယခုရေးသားဖော်ပြသော ဆောင်းပါးသည် ယခင် ဤရောင်ပြန်မဂ္ဂဇင်းကြီးတွင် ရေးသားဖော်ပြခဲ့သော အခန်းဆက်ဆောင်းပါးများ၏ အဆက်ဟု ဆိုနိုင်ပါသည်။

ကျွန်တော် ယခင်ရေးသားခဲ့သော ဆောင်းပါးများ အားလုံးသည် တိရစ္ဆာန်တို့၏ ထူးခြားသော ပရစိတ်စွမ်းအင်နှင့် ပတ်သက်သည့် ဖြစ်ရပ်ဆန်းများကို ၎င်းအမေရိကန်ပြည်ထောင်စု ပရစိတ်စွမ်းအင် သုတေသီများနှင့် တိရစ္ဆာန်များကို စောင့်ကြည့်လေ့လာသူများ ရေးသားသည့် မှတ်တမ်းများကို ဆီလျော်အောင် မြန်မာဘာသာပြန်ဆိုရေးသား ဖော်ပြခဲ့ခြင်းသာ ဖြစ်ပါသည်။

အမှန်အားဖြင့် အင်းဆက်ပိုးမွှားများ အပါအဝင် တိရစ္ဆာန်အားလုံးလိုလိုပင် ကျွန်တော်တို့ သာမန်လူသားများ နားမလည်နိုင်သော ထူးခြားစွမ်းအင်ရှိကြပါသည်။ ထိုစွမ်းအင်ကို သဘာဝတရားကြီးက ပေးအပ်ခဲ့သည်ဟု သုတေသီအများက ဆိုကြပါသည်။ သာဓကအားဖြင့် လင်းနို့များသည် မှောင်မိုက်သောညများတွင် ပျံသန်းသွားလာ ကျက်စားနိုင်ကြပါသည်။ ထို့အတူ သိမ်းငှက်များသည် ပေပေါင်းများစွာမြင့်သော ထက်ကောင်းကင်မှ သူတို့အစာကို မြင်နိုင်စွမ်းရှိကြပါသည်။ ပျားများသည် ပျားအုံမှ လေး,ငါးမိုင်ဝေးသောနေရာရှိ ပန်းခင်းများ၏ ရနံ့ကို ရကြသဖြင့် ထိုပန်းခင်းများမှ ပန်းများ၏ ဝတ်ရည်ကို စုပ်ယူကြပြီး သူတို့အုံရှိရာသို့ တန်းတန်းမတ်မတ် ပျံသွားနိုင်ကြပါသည်။

ဥရောပတိုက်မှ ဆောင်းခိုသော ပျံလွှားငှက်များ၊ ခိုများနှင့် အခြားငှက်များသည် မိုင်ပေါင်း ရာပေါင်းများစွာဝေးကွာသော အာဖရိကတိုက်နှင့် အတ္တလန္တိတ်သမုဒ္ဒရာအတွင်းရှိ ကျွန်းများတွင် ခေတ္တနေထိုင်ကြပြီး ဆောင်းရာသီကုန်ဆုံးသည်နှင့် မိမိတို့ဒေသသို့ တန်းတန်းမတ်မတ် ပျံသွားနိုင်ခဲ့ကြသည်။

မှန်ပါသည်။ အစွမ်းထက်သော စိတ်အင်အားသည် လူသားတို့သာ ပိုင်ဆိုင်သည် မဟုတ်ပါ။ တိရစ္ဆာန်များတွင်လည်း ပိုင်ဆိုင်ကြသည်ဟု မနောသုတေသီများနှင့် တိရစ္ဆာန်များကို စောင့်ကြည့်လေ့လာသူများက ဆိုကြသည်။ ကျွန်တော်တို့ငယ်စဉ်က ဖတ်ရှုခဲ့ရသည့် ဇာတ်နိပါတ် ပုံပြင်များ၊ ကျမ်းဂန်များတွင် လူတို့၏စကားကို နားလည်သော တိရစ္ဆာန်များ၊ လူတို့၏ ကျေးဇူးကို သိတတ်သဖြင့် ပြန်ဆပ်ရန် နည်းလမ်းအမျိုးမျိုးနှင့် ကြိုဆိုကြပုံများကို ဖတ်ရှုခဲ့ကြရသည်။ ထို့အတူ တစ်ထောင့်တစ်ည ပြောရသော ပုံပြင်များတွင် တိရစ္ဆာန်တို့အချင်းချင်း ပြောကြသောစကားကို တတ်မြောက်သော ပုဂ္ဂိုလ်များအကြောင်းကိုလည်း ကျွန်တော်တို့ ဖတ်ရှုခဲ့ကြရသည်။

ကျွန်တော်တို့ မြန်မာနိုင်ငံမှ ၁၉၆၄ ခုနှစ်၊ ဇွန်လ ၇ ရက်နေ့ထုတ်ဝေသော မြန်မာ့အလင်းသတင်းစာတွင် ထူးဆန်းသော လူစကားပြောသော ကြောင်တစ်ကောင်အကြောင်း ဓာတ်ပုံသာဓက အထောက်အထားများ စုံစုံလင်လင်တင်ပြထားသည်။

ထိုကြောင်ကလေး၏ ပိုင်ရှင်များမှာ မအူပင်မြို့ ဗောဓိကျောင်းအနီးနေထိုင်သော ဆေးဆရာ ဦးဘရိန်၊ ဒေါ်ထွေးကြည်တို့ဖြစ်သည်ဟု ဆိုသည်။ ယင်းကြောင်ကလေးအား ထမင်းစားရအောင်ဟု ခေါ်သောအခါ ဟင်းညှို့ဖျင်းလျှင် "မစားဘူး" ဟုလည်းကောင်း ကလေးငယ်တစ်ယောက်၏အသံဖြင့် ပြောသည်ဟု ရေးသားဖော်ပြထားပြီး ကြောင်ကလေး၏ ဓာတ်ပုံကိုလည်း ဖော်ပြထားခဲ့သည်။

၁၉၅၈ ခုနှစ်၊ စက်တင်ဘာလထုတ် မြန်မာ့အလင်းသတင်းစာတွင်လည်း "လူစကားပြောသော ပြည်တော်သာကံကောင်း" အမည်ရှိသည့် ကြောင်ကလေးတစ်ကောင်အကြောင်းကိုလည်း



www.burmeseclassic.com

www.burmeseclassic.com



ဓာတ်ပုံအထောက်အထားများနှင့် ဝေဝေဆာဆာ ဖော်ပြထားသည်ကို ကျွန်တော်တို့ ဖတ်ရှုခဲ့ရဖူးသည်။ ထိုအတူ ယနေ့ အင်တာနက်သတင်းများနှင့် အနောက်ဂိုင်း ရုပ်သံလွှင့်အစီအစဉ်များမှ ထုတ်လွှင့်သော သတင်းများတွင် နေအိမ်မီးလောင်နေသည်ကို သိရှိသော ကြောင်နက်ကလေးတစ်ကောင်က သတိပေးမှုကြောင့် မိသားစုတစ်စုလုံး မီးဘေးအန္တရာယ်မှ ကင်းလွတ်ရသည့်သတင်းများ။ ပြန်ပေးဆွဲခံရသော ကလေးငယ်အားလူဆိုးလက်မှ ကယ်တင်ခဲ့သော ခွေးကလေး စသော သတင်းများ။ မိုင် ၁၅၀ ဝေးသော ယာတောအိမ်သို့ အရောက်ပြန်လာသည့် အုံ့ဖွယ်ခွေးကလေး စသော တိရစ္ဆာန်တို့၏ ထူးခြားသောစွမ်းအင်များကို ကျွန်တော်တို့သည် မကြာခဏ ဖတ်ရှုခဲ့ကြရသည်။

ယခုရေးသားဖော်ပြမည့် ဖြစ်ရပ်ဆန်းများမှာမူ သချာၤပါရဂူဟု ကင်ပွန်းတပ်ခံရသော မြင်းများအကြောင်း ဖြစ်ပါသည်။ ထိုမြင်းများအကြောင်းကို မှတ်တမ်းတင်သူအများမှာ တက္ကသိုလ်ကျောင်းတိုက်ကြီးများမှ ပါမောက္ခများ၊ စိတ္တဗေဒပညာရှင်များ၊ မနောသုတေသီများနှင့် လူအများလေးစားယုံကြည် စိတ်ချရသော ပုဂ္ဂိုလ်များ ဖြစ်သည်သာမက ထိုမှတ်တမ်းများကို သက်ဆိုင်ရာ နိုင်ငံများမှ အစိုးရများကပါ စနစ်တကျ ခိုင်ခိုင်မာမာ မှတ်တမ်းတင်ထားသဖြင့် ခိုင်မာတိကျသော ဖြစ်ရပ်ဆန်းများဟု ဆိုနိုင်ပါသည်။

ကမ္ဘာ့သမိုင်းတွင် သချာၤပါရဂူ



မြင်းမကြီးဟု ကင်ပွန်းတပ်ခံရသူမှာ ပြင်သစ်နိုင်ငံတွင် ၁၇ ရာစုနှစ်ဦးပိုင်းက ဟိုးဟိုးကျော်ခဲ့သော မော်ရကိုပြည်ပေါက် မြင်းမကြီး "Lady Moroco" မော်ရကိုလေဒီဟူသော မြင်းမကြီး ဖြစ်သည်။ သူ၏ပိုင်ရှင်မှာ John Bank ဂျွန်ဘင့်ဆိုသူ ဖြစ်သည်ဟု မှတ်တမ်းများက ဖော်ပြခဲ့သည်။ မော်ရကိုဒေဝီမှာ သူ့သခင် ဗစ္စတာဂျွန်ဘင့် ခိုင်းစေသည့်အတိုင်း ပြုလုပ်ပြသနိုင်သည်သာမက အန်စာတုံးများကို အများအယွင်းမရှိစေရအောင် ရေတွက်ပြသနိုင်သည်။ အန်စာတုံးအပုံထဲမှ အန်စာတုံးမည်မျှကို ထုတ်ယူပါဟု သူ့သခင်က စေခိုင်းလျှင် မော်ရကိုဒေဝီသည် အမှားအယွင်းမရှိစေရအောင် အန်စာတုံးများကို အန်စာတုံးအပုံအတွင်းမှ သူ့ပါးစပ်ဖြင့် ဆွဲထုတ်ယူ ပြသနိုင်သည်ဟု သိရ၏။ မော်ရကိုဒေဝီ၏ ပိုင်ရှင်ဖြစ်သူ ဂျွန်ဘင့်သည် သူ့မြင်းမကြီးအား ပြင်သစ်နိုင်ငံ ပါရီမြို့၊ ဂျာမဏီနိုင်ငံ ဘာလင်မြို့အပါအဝင် ဥရောပတိုက်နိုင်ငံအများတွင် ရုံသွင်းပြသခဲ့ရာ သောက်သောက်လဲဝင်ငွေရခဲ့သည်သာမက ဟိုးဟိုးကျော်ခဲ့သည်။ ထိုစဉ်ကာလက သိပ္ပံပညာမှ ယခုခေတ်ကဲ့သို့ တိုးတက်မှုမရှိသည်သာမက မနောသုတေသနလုပ်ငန်းများမှာလည်း တိုးတက်မှုမရှိရကား တိရစ္ဆာန်များ၏ မနောစွမ်းအင်ကို အလေးအနက်မထားခဲ့ကြ။

မော်ရကိုဒေဝီသည် သာမန်မြင်းမမဟုတ်နိုင်။ ပိုင်ရှင်ဖြစ်သူ ဂျွန်ဘင့်မှာ မှော်ဝိဇ္ဇာတစ်ဦးဖြစ်သဖြင့် မော်ရကိုဒေဝီအား ကွယ်လွန်သူတို့၏ ဝိညာဉ်ကို ပူးကပ်စေခြင်းဖြင့် သချာၤအတွက်အချက်များကို ပြုလုပ်ပြသခြင်း ဖြစ်သည်ဟု စွပ်စွဲခဲ့ကြသည်။

၂၀ ရာစုအစပိုင်းကာလတွင်



www.burmeseclassic.com

www.burmeseclassic.com

အင်္ဂလန်နိုင်ငံမှထုတ်ဝေသော **သတင်းစာ**များ၊ ဂျာနယ်များ၊ **ပြင်သစ်နိုင်ငံနှင့်** ဂျာမဏီနိုင်ငံတို့မှ ထုတ်ဝေသော သတင်းစာများ၊ ဂျာနယ်များနှင့် အင်္ဂလန်နိုင်ငံမှ ကမ္ဘာကျော် မနော့သုတေသနအသင်းမှ ထုတ်ဝေသော သုတေသနဂျာနယ်များတွင် ထိပ်ဆုံးမှနေရာယူထားသောသတင်းတစ်ပုဒ်မှာ ဂျာမဏီ၊ ဘာလင်မြို့မှ အထက်တန်းကျောင်းတစ်ကျောင်းမှ ကျောင်းဆရာ ဝီလီယန်ဗွန်ဩစတင်း ဆိုသူ မွေးမြူထားသော ဟင်(စ်)(Hans) ဟူသော မြင်းကြီးတစ်ကောင်၏ အံ့ဖွယ်သူရဲ ထူးဆန်းသောသတင်း ဖြစ်သည်။ ပထမတွင် လူအများကမူ "ဒါဘာဆန်းသလဲ။ ယခင် ၁၇ ရာစုကလည်း မော်ရကိုဒေဝီဟူသော မြင်းမကြီးတစ်ကောင် ပေါ်ပေါက်ဖူးသည်"ဟု ဆိုသည်။ သို့သော် ဟင်(စ်)၏ အောင်မြင်ပေါက်ရောက်မှုမှာ ကြားရသူများအဖို့ မယုံနိုင်စရာ ဖြစ်သည်။

ဟင်(စ်)မှာ ရုရှားမြင်းမျိုးမှ ပေါက်ဖွားလာသူဖြစ်သည်။ ငယ်စဉ်ကပင် အခြားမြင်းများနှင့်မတူ ထူးခြားထက်မြက်သော မြင်းတစ်ကောင် ဖြစ်သည်ဟု ဟင်(စ်)၏ ပိုင်ရှင်ဖြစ်သူ ကျောင်းဆရာ ဝီလီယန်ဗွန်ဩစတင်းက သတင်းမီဒီယာများကို ထုတ်ဖော်ပြောဆိုခဲ့သည်။ ဟင်(စ်)မှာ အမှန်အားဖြင့် ဆပ်ကပ်များတွင် ပြသလေ့ရှိသော မြင်းလိမ္မာအမျိုးအစား ဖြစ်သဖြင့် သူ၏ အခြားမြင်းများနှင့်မတူသော လိမ္မာပါးနပ်မှုမှာ အထူးအဆန်းမဟုတ်နိုင်ဟု ဆရာဝီလီယန်ဗွန်ဩစတင်းက မှတ်ယူထားသည်။ သို့သော် ဟင်(စ်)သည် သူ့သခင်ကျောင်းဆရာ ဟင်(စ်) တွက်နေသော မူလတန်းအဆင့် သင်္ချာများကို ဘေးမှ စူးစိုက်ကြည့်ပြီး သူ့သခင်များလျှင် ဦးခေါင်းယမ်းပြပြီး **သူ့သခင် တွက်ပြနေသော သင်္ချာပုစ္ဆာ၏** အဖြေမှန်သည်ဟုဆိုလျှင် ဦးခေါင်းညိတ်ပြသည်ကို တွေ့ရသော ကျောင်းဆရာ ဝီလီယန်ဗွန်ဩစတင်းသည် အံ့အားသင့်သွားသည်။ ပထမတွင် ဟုတ်မှဟုတ်ပါ့မလား။ ဇာရွှာန်တို့သဘာဝ ပြသခြင်းသာဖြစ်နိုင်သည်၊ တိုက်ဆိုင်မှုလည်း ဖြစ်နိုင်သည်ဟု ယူဆခဲ့သည်။ သို့သော် အကြိမ်ကြိမ် တိုက်ဆိုင်လာသောအခါ တိုက်ဆိုင်မှု မဖြစ်နိုင်တော့ဟု ဆိုကာ ဆရာဝီလီယန်သည် သူ့ကျောင်းမှ ဆရာများအကူအညီနှင့် ဟင်(စ်)အား သင်္ချာကိန်းဂဏန်းများ တွက်ချက်ခြင်းသာမက မူလတန်းအဆင့် သင်္ချာအပေါင်း,အနုတ် ပုစ္ဆာများကိုပါ တွက်ချက်၍ ဟင်(စ်)ကို ပြသခဲ့ရာ ဟင်(စ်)သည် ရာခိုင်နှုန်းပြည့် မှန်ကန်အောင် တွက်ပြနိုင်ခဲ့သဖြင့် ဟိုးဟိုးကျော်ခဲ့ရတော့၏။ [သင်္ချာပါရဂူ ဟင်(စ်)အား စမ်းသပ်နေသည့်ဓာတ်ပုံကို မိတ္တူကူးယူဖော်ပြထားပါသည်။]

ဤတွင် ကျောင်းဆရာ ဝီလီယန်ဗွန်ဩစတင်းအား မိတ်ဆွေများက ဟင်(စ်)အား ရုံသွင်းပြသရန် အကြံပြုခဲ့ကြသည်။ ပထမတွင် ကျောင်းဆရာဝီလီယန်က သဘောမတူခဲ့ပေ။ သို့သော် အများ၏ဆန္ဒအရ ဟင်(စ်)အား ရုံသွင်း၍ ပြသခဲ့ရာ ဂျာမဏီနိုင်ငံတစ်နံတစ်လျား ဟိုးဟိုးကျော်ခဲ့ရသည်။ ဘာလင်မြို့မှ ထုတ်ဝေသော သတင်းစာကြီးများက "သင်္ချာပါရဂူ ဟင်(စ်)"ဟု ကင်ပွန်းတပ်ခဲ့သဖြင့် ကမ္ဘာ့နိုင်ငံအသီးသီးကပါ စိတ်ဝင်စားလာခဲ့ကြသည်။ အမေရိကန်ပြည်ထောင်စုမှ ဆပ်ကပိုင်ရှင်သူဌေးကြီးများသည် ဟင်(စ်)အား စိုစိုပိုပိုပေး၍ ဝယ်ယူရန် ကြိုးစားခဲ့သော်လည်း သူ့သခင်ကျောင်းဆရာဝီလီယန်က ရောင်းချခြင်း မပြုခဲ့ပေ။

ဟင်(စ်)၏သတင်းမှာ တဖြည်းဖြည်း ဟိုးဟိုးကျော်လာခဲ့ရာ ထိုစဉ်က သတင်းမီဒီယာများက ရေးသားဖော်ပြချက်အရ ဟင်(စ်) ခက်ခဲနက်နဲသော မူလတန်းအဆင့် သင်္ချာပုစ္ဆာများသာမက မိုးလေဝသကြိုတင်ခန့်မှန်းချက်များကိုလည်း ဟောကိန်းထုတ်ခဲ့သည်ဟု သိရ၏။ ဤတွင် ဟင်(စ်)၏ အံ့ဖွယ်စိတ်စွမ်းအင်ကို စနစ်တကျ သိပ္ပံနည်းကျလေ့လာမှုပြုလိုကြသော နိုင်ငံတကာတက္ကသိုလ်ကျောင်းတိုက်ကြီးများမှ ပါမောက္ခများ၊ ပညာရှင်များနှင့် သုတေသီအများသည် ဂျာမဏီနိုင်ငံ၊ ဘာလင်မြို့သို့ လာရောက်ခဲ့ကြပြီး သင်္ချာပါရဂူ ဟင်(စ်)အား စူးစမ်းသုတေသနပြုခဲ့ကြသည်။ ဘာလင်တက္ကသိုလ် စိတ္တဗေဒဌာနမှ ပါမောက္ခအော်စကာဖန်း(ဂ်)သည် ဟင်(စ်)၏သခင် ကျောင်းဆရာဝီယီယန်ဗွန်ဩစတင်း၏ အကူအညီနှင့် ရက်ပေါင်း၊ လပေါင်းများစွာ သိပ္ပံနည်းကျ သုတေသနပြုလုပ်ခဲ့သည်။ ခရစ်နှစ် ၁၉၀၇ ခုနှစ်တွင်မူ ဘာလင်တက္ကသိုလ် စိတ္တဗေဒဌာနမှ "Der. Kluge-Hans" လိမ္မာပါးနပ်သော ဟင်(စ်)အမည်ရှိ စာအုပ်တစ်အုပ်ကို ရေးသားထုတ်ဝေခဲ့ရာ သောက်သောက်လဲရောင်းချရသည့် စာအုပ်တစ်အုပ်ဖြစ်ခဲ့သည်ဟု ဆိုကြပါကြောင်း။

**လှမိုး(ပညာရေး)**

<u>ကျမ်းကိုး</u>

Unexplained Phenomena



www.burmeseclassic.com

www.burmeseclassic.com

# ပြည်တွင်းပြည်ပ
## ဝိညာဉ်လောကယုံကြည်ချက်များ

လှထိုး [ဓိတ်မညာ]

စာရေးသူသည် အထက်ပါ ခေါင်းစီးကိုတပ်၍ ရောင်ပြန်မဂ္ဂဇင်းအတွက် ဆောင်းပါးတစ်ပုဒ် ရေးမည်ပြုစဉ် ဧပြီ (၁)၊ ၂၀၁၃ နေ့ထုတ် မြန်မာ့အလင်း သတင်းစာမှ ပြည်တွင်းသတင်းတစ်ပုဒ်ကို ဖတ်ရှုရပါသည်။

အကျွတ်အလွတ်ဒါနပြုပွဲ ကျင်းပဟူသော ခေါင်းစီးဖြင့် ကျောက်ပန်းတောင်းမှ သတင်းဖြစ်ပါ၏။ သတင်းအပြည့်အစုံမှာ မန္တလေးတိုင်းဒေသကြီး၊ ကျောက်ပန်းတောင်းမြို့တွင် မြို့နယ်လုံးဆိုင်ရာ လူမှုကူညီရေးအသင်းများနှင့် အလှူရှင်၊ စေတနာရှင်များစုပေါင်း၍ ဒုတိယအကြိမ်မြောက် အကျွတ်အလွတ်ဒါနပြု အမျှဝေပွဲကြီးကို ဧပြီလ ၂ ရက်နှင့် ၃ ရက်များတွင် ကျောက်ပန်းတောင်းမြို့ အမှတ်(၁)သုသာန်၌ ကျင်းပမည်ဖြစ်ကြောင်း။ အဆိုပါ အကျွတ်အလွတ်အမျှပေးဝေပွဲတွင် ဓမ္မဒါနအကြိုတရားပွဲအဖြစ် မန္တလေးမြို့ မစိုးရိမ်တိုက်သစ် ဆရာတော် အရှင်ဥတ္တမ(သာသနာဓဇ ဓမ္မာစရိယ)က နိဗ္ဗာန်ရောက်ကောင်းတရားတော်များကို ဧပြီ ၂ ရက်၊ ည ၇ နာရီခွဲတွင် အမှတ်(၁) သုသာန်၌ ဟောကြားချီးမြှင့်မည်ဖြစ်ပြီး ည ၁၁ နာရီတွင် မကျွတ်မလွတ်ကြသေးသည့်သူများအား အစားအစာများဖြင့် ဧည့်ခံကျွေးမွေးမည်ဖြစ်ကြောင်းနှင့် ဧပြီလ ၃ ရက် နံနက် ၈ နာရီတွင် ဆရာတော်၊ သံဃာတော်များအား ပင့်ဖိတ်၍ လှူဖွယ်ဝတ္ထုအစုစုတို့ကို ကွယ်လွန်နိစ္စရောက်ပြီးကြသူများကိုယ်စား ကုသိုလ်ပြုလှူဒါန်းကြပြီး ရေစက်ချတရားနာကြားကာ အမျှပေးဝေကြမည်ဟု ဖော်ပြပါရှိလေသည်။

အဆိုပါ အကျွတ်အလွတ်ဒါနပြုပွဲသတင်းကို စာရေးသူဖတ်ရှုရသောအခါ စာရေးသူ ပြည်သူ့ဝန်ထမ်းအဖြစ် တာဝန်ထမ်းဆောင်လုပ်ကိုင်ခဲ့သော လူမှုဝန်ထမ်းဌာနမှ အမေဒေါ်မြတ်မွန်(ကွယ်လွန်)ကို အထူးသတိရမိပါသည်။

### အမေဒေါ်မြတ်မွန်

ရန်ကုန်မြို့၌ ၁၉၈၀ ပြည့်နှစ်က စတင်ကျင်းပခဲ့သော ပထမအကြိမ် အကျွတ်အလွတ်ဒါနပြုပွဲ ဖြစ်မြောက်အောင် ဦးဆောင်စီစဉ်ခဲ့သော ပုဂ္ဂိုလ်မှာ အမေ ဒေါ်မြတ်မွန်(လူမှုဝန်ထမ်းဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးအငြိမ်းစား)ဖြစ်ပါသည်။

အမေဒေါ်မြတ်မွန် ဦးဆောင်သောအဖွဲ့သည် အကျွတ်အလွတ်အလှူဒါနပွဲ ဖြစ်မြောက်ရေးအတွက် ထိုအချိန်က ကမ္ဘာအေးကုန်းမြေ ဓမ္မဒီပကျောင်းတွင် သီတင်းသုံးတော်မူသော ကျေးဇူးရှင် မင်းကွန်းဆရာတော်ဘုရားကြီး ဦးဝိစိတ္တ



www.burmeseclassic.com

www.burmeseclassic.com

သာရာဘိဝံသယ် ချဉ်းကပ်လျှောက်ထား ဩဝါဒခံယူကြရသည်။ မဟာစည်ဆရာတော်ဘုရားကြီးနှင့်တကွ အခြားသီလ သိက္ခာနှင့် ပြည့်စုံသော ဆရာတော်ကြီးများထံသို့လည်း လျှောက်ထားကြသည်။ ဆရာတော်များ ဖိတ်ကြားခြင်းကို ဆရာကြီးဦးအေးဖေ(ရန်ကုန်တက္ကသိုလ်) (ယခု ဦးအဂ္ဂသာရ)နှင့် အမေ ဒေါ်မြတ်မွန်တို့က တာဝန်ယူခဲ့ကြသည်။

## အကျွတ်အလွတ်ဒါနပြုပွဲ

အကျွတ်အလွတ်ဒါနပြုပွဲ ဟူသည် ဘဝများစွာ သံသရာအဆက်ဆက်က ဆွေမျိုးတော်စပ်ခဲ့ကြဖူးသော ပုဂ္ဂိုလ်များ ဝေမာနိကပြိတ္တာဘုံ၌ မကျွတ်မလွတ်သေးဘဲရှိနေကြလျှင် ထိုဆွေမျိုးများ ပြိတ္တာဘုံ၊ ပြိတ္တာဘဝမှ ကျွတ်လွတ်အောင်ရည်မှန်း လှူဒါန်းပြီး အမျှအတန်းပေးဝေသော ပွဲဖြစ်ပါ၏။ လူသားတိုင်းတွင် ရှည်လျားလှသော သံသရာခရီးတစ်လျှောက်၌ မိဟောင်း၊ ဖဟောင်း၊ ဆွေဟောင်း၊ မျိုးဟောင်းတို့ ရှိခဲ့ကြစမြဲ ဖြစ်ပါ၏။ ယင်းမိဘ ဆွေမျိုးများအနက်မှ အချို့သည် အကြောင်းအမျိုးမျိုးကြောင့် မကျွတ်မလွတ်ဘဲ ကျန်ရှိနေပါက ရောက်ရှိခံစားနေရသော ဘဝဆိုးမှ ကျွတ်လွတ်ကြ[illegible]ရန်အတွက် ရည်စူးလှူဒါန်း ဒါနပြုပေးကြရမည်မှာ သားသမီးတို့၏ ဝတ္တရား၊ ဆွေမျိုးတို့၏ တာဝန်တစ်ရပ် ဖြစ်ပါသည်။

၇ ရက်သားသမီး စေတနာရှင်များ စုပေါင်းကျင်းပကြသော အကျွတ်အလွတ် ဒါနပြုပွဲကို ၁၉၈၀ ပြည့်နှစ်မှစ၍ ရန်ကုန်မြို့တွင် ကျင်းပခဲ့ပါသည်။ နှစ်စဉ်သီတင်းကျွတ်လပြည့်ကျော် ၁ ရက်နေ့တိုင်း ကျင်းပခဲ့ရာ ၁၉၉၆ ခုနှစ်တွင် ၁၇ နှစ်မြောက် အကျွတ်အလွတ်ဒါနပြုပွဲကို ကျင်းပခဲ့ပါသည်၊ ထိုအချိန်က အကျွတ်အလွတ်ဒါနပြုပွဲများကို မန္တလေး၊ ပခုက္ကူနှင့် ကျိုင်းတုံမြို့တို့တွင် ကျင်းပခဲ့ကြောင်း သိရပါသည်။

အကျွတ်အလွတ်ဒါနပြုပွဲကို ပြုလုပ်သော စေတနာရှင်များအဖွဲ့အနေဖြင့် ဒါနပြုရန် တစ်နှစ်အတွင်း အလှူခံရရှိသော လှူဖွယ်ပစ္စည်းများနှင့် ဝတ္ထုငွေများကို နှစ်ကူးမခံဘဲ မကျွတ်မလွတ်သူ ဝေမာနိကများအားလုံးကို ရည်စူးပြီး ကုန်စင်အောင် လှူဒါန်းကြရပါသည်။

သီတင်းကျွတ်လပြည့်ကျော် ၁ ရက်နေ့ နံနက်[illegible] အကျွတ်အလွတ်လှူဒါန်းပွဲ [illegible]ကျင်းပရာသုသာန်အတွင်းရှိ သရဏာဂုံ[illegible]ရန် ဇရပ်ကြီးသို့ သီလ၊ သမာဓိ၊ ပညာ၊ သိက္ခာတရားမြင့်မားတော်မူကြသော ဆရာတော်ဘုရားကြီးများကို ပင့်ဆောင်ကြသည်။

## အလှူပစ္စည်း

ဘဝများစွာ သံသရာအဆက်ဆက်က ဆွေမျိုးတော်စပ်ခဲ့ကြသည့် ဝေမာနိက ပြိတ္တာဘဝမှ မကျွတ်မလွတ်ကြသေးသော မိဘဘိုးဘွား၊ ဆွေမျိုးသားချင်းအားလုံးအတွက် ရည်မှန်းကြ၍

(၁) ဆွမ်းခဲဖွယ် ဘောဇဉ်၊ စားစရာအာဟာရ (၂) သောက်သုံးရန်ရေ၊ (၃) ဆေး၊ (၄) အဝတ် အထည်၊ သင်္ကန်း၊ (၅) ဖိနပ်၊ (၆) ထီး၊ အိပ်ရာခင်း၊ နေထိုင်ရာ၊ ဆပ်ပြာ၊ ဖယောင်းတိုင် စသော အထွေထွေပစ္စည်းများ၊ (၇) အဆောက်အဦ၊ သီးခြားဆောက်လုပ် မလှူနိုင်သည့်တိုင်အောင် ဆောက်လုပ်လှူဒါန်းဆဲ သိမ်၊ ကျောင်း၊ ဇရပ်၊ ဓမ္မာရုံ စသည်တို့တွင် အလှူငွေပါဝင်နိုင်ပါသည်၊ လှူဖွယ်ပစ္စည်းအရေအတွက်များရန် မလိုသော်လည်း အမျိုးအစားစုံလင်ရန် လိုအပ်သည်ဟု သိရပါသည်။

လှူဖွယ်ပစ္စည်းများ လှူဒါန်းပြီး၍ မိမိတို့ လက်ဝယ်ရရှိထားသော ဒါနကုသိုလ်အ[illegible]ကို ဘဝများစွာသံသရာအဆက်[illegible]က ဆွေမျိုးတော်စပ်ခဲ့ကြဖူးသော ဝေမာနိကပြိတ္တာဘဝမှ မကျွတ်မလွတ်ကြသေးသူ၊ ဘိုးဘွား၊မိဘ၊ဆွေမျိုးသားချင်းတို့အား အမျှအတန်းပေးဝေသောအားဖြင့် ချီးမြှောက်မြှင့်တင်ကြရပါသည်။

## မြတ်ဗုဒ္ဓသာသနာမှ ပထမဆုံးသော အကျွတ်အလွတ်ဒါနပြုပွဲ

ဤအလှူဒါနပြုပွဲမှာ ဂေါတမမြတ်စွာ၏ သာသနာတွင် အဆန်းမဟုတ်ပါချေ။ သက္ကရာဇ် ၁၀၃ ခုနှစ်၊ ပြာသိုလပြည့်ကျော် ၂ ရက်နေ့တွင် ရာဇဂြိုဟ်ပြည်၊ ဝေဠုဝန်ကျောင်းတော်၌ သီတင်းသုံးတော်မူနေသော ဘုရားရှင်ကိုယ်တော်မြတ်ကြီး၏ ညွှန်ကြားပြဆိုဆုံးမချက်အရ ဘုရင်ဗိမ္ဗိသာရက လွန်ခဲ့သော ၉၂ ကမ္ဘာအထက်က ဘဝတစ်ပါးပြောင်းသွား ကွယ်လွန်ခဲ့ကြပြီး ကျူးလွန်ခဲ့မိသော မကောင်းမှုအရ အတိဒုက္ခရောက်နေကြသော ဆွေဟောင်းမျိုးဟောင်းများအတွက် ပထမဆုံးသော အကျွတ်အလွတ်ဒါနပြုပွဲကို ကျင်းပပေးခဲ့လေသည်။ ကျွတ်ချိန်တန်သူတွေ ကျွတ်စေပြီး အစာငတ်သူတွေ အစာအာဟာရစားရစေခဲ့သည်။ အဝတ်မရှိသူကို အဝတ်ရစေခဲ့သည်။

## ပြိတ္တာတိုင်း အမျှမရနိုင်ပုံ

ဘုရားရှင် ကိုယ်တော်မြတ်ကြီးသည် ဤကိစ္စမျိုးနှင့် ပတ်သက်၍ ဇာဏုသောဏိပုဏ္ဏားကြီး၏ မေးလျှောက်ချက်အရ ...

"လောကတွင် အချို့ပုဂ္ဂိုလ်များသည် ကောင်းသောအကျင့်တရား သုစရိုက် ၁၀ ပါးကို ကျင့်သုံးကြ၍ –

၁။ ဒေဝဂတိ–နတ်ဘဝ၊

၂။ မနုဿဂတိ–လူ့ဘဝကို ရကြ



www.burmeseclassic.com

www.burmeseclassic.com

ဏ်။ အချို့ပုဂ္ဂိုလ်တို့သည် ေ ကောင်းသော အကျင့်တရား ဒုစရိုက် ၁၀ ပါးကို ကျင့်သုံးမိကြသောကြောင့်၊

၃။ နိရယဂတိ–ငရဲသားဘဝ၊

၄။ တိရစ္ဆာန်ဂတိ–တိရစ္ဆာန်ဘဝ၊

၅။ ပေတဂတိ–ပြိတ္တာဘဝကို လားကြရ၏။

ယင်းဂတိ ၅ ပါးအနက်မှ ၁ မှ ၄ အထိ လားသူများအား ဆွေမျိုးများက ဒါနပြုအမျှဝေသည့်တိုင် မရနိုင်၊ သာဓု မခေါ်နိုင်ကြ။ အမှတ်–၅ ပေတဂတိတွင် ရောက်နေသူများအနက်တွင်လည်း ရောက်သူတိုင်း (ဝါ) ပြိတ္တာတိုင်း အမျှမရနိုင်ကြ။ ပြိတ္တာဒ. မျိုး ၄ ပါးရှိရာတွင် –

၁။ ဥပ္ပိပါသိက ပြိတ္တာ၊

၂။ နိဇ္ဈာမတဏှိကပြိတ္တာ၊

၃။ ကာလကဉ္စိကပြိတ္တာ၊

၄။ ပရဒတ္တုပဇီဝိတပြိတ္တာဟု ခေါ်ဝေါ်လျက် အမှတ်(၄) ပရဒတ္တုပဇီဝိတပြိတ္တာခေါ် ဝေမာနိကပြိတ္တာသာလျှင် လူတို့ပြုအပ်သော အလှူဒါနအတွက် အမျှဝေမှုကို သာဓုခေါ်ယူခံစားနိုင်ကြ၏။ ပရဒတ္တုပဇီဝိတပြိတ္တာဟူသည် သူတစ်ပါးပေးသော အစာကို အမှီပြု၍ အသက်ရှင်နေရသော ပြိတ္တာမျိုးဖြစ်၏''ဟူ၍ ဟောကြားတော်မူခဲ့လေသည်။

## သားသမီးကျင့်ဝတ်

ထို့ပြင် မြတ်စွာဘုရားရှင် ကိုယ်တော်မြတ်ကြီးသည် ဘုရင်ဗိမ္ဗိသာရအား လွန်ခဲ့သော ၉၂ ကမ္ဘာက သူ၏ဆွေမျိုးများ ပြိတ္တာဘဝရောက်ရှိနေပြီး မင်းကြီး၏ အလှူဒါန အမျှဝေမှုကို စောင့်မျှော်နေကြောင်းကိုလည်း ဟောကြားခဲ့၏။ သိင်္ဂါလသတို့သားအား ဟောကြားဆုံးမရာတွင်လည်း သားသမီးကျင့်ဝတ်၌ –

၁။ ကျွေးမွေးမပျက်၊ ၂။ ဆောင်ရွက်စီမံ၊ မွေခံထိုက်စေ၊ ၄။ လှူမျှဝေ၍၊ ၅။ စောင့်လေမျိုးနွယ်ဟု ဆိုရာ၌ သားသမီးတို့သည် အနန္တကျေးဇူးရှင် မိခင်၊ ဖခင်တို့အား အသက်ထင်ရှားရှိစဉ်ကာလ ကျွေးမွေးပြုစုပေးမှုသာမက ကွယ်လွန်လေပြီးသောအခါတွင်လည်း အလှူဒါနများပြု၍ အမျှအတန်းပေးဝေမှုပြုကြရမည် ဖြစ်ကြောင်း ဟောကြားဆုံးမခဲ့လေသည်။

လူတိုင်းလူတိုင်းသည် မိမိနှင့် ရင်းနှီးသူ၊ ချစ်ခင်သူ၊ မြတ်နိုးသူတို့ ကွယ်လွန်လေသောအခါ ကောင်းရာသုဂတိဘုံသို့သာ ရောက်ရှိစေလိုသည်မှာ ဓမ္မတာပင်ဖြစ်ပါသည်။ ကောင်းရာသုဂတိဘုံမှ သာဓုခေါ်ပါဟုပင် လူသိရှင်ကြား မှာကြားတတ်ကြပေသည်။

## သံယောဇဉ်တဏှာ

ဝေမာနိကပြိတ္တာခေါ် ပရဒတ္တုပဇီဝိတပြိတ္တာဟူသည် လူ့ဘုံဘဝနှင့် နီးစပ်လှသည်ဖြစ်ရာ လူတို့၏ဘဝနိဂုံးအဆုံးသတ်ရာအချိန်၊ ကွယ်လွန်ခါနီးကာလတွင် ပုထုဇဉ်ပီပီ လင်သံယောဇဉ်၊ မယားသံယောဇဉ်၊ သားသမီးသံယောဇဉ်၊ ပစ္စည်းဥစ္စာသံယောဇဉ် တွယ်တာစွဲလမ်းမှုများအရ လူ့ဘဝမှာ ကောင်းမှုပြု၍ နတ်ပြည်သို့ ရောက်နိုင်သူများပင်လျှင် မှောက်မှောက်မှားမှား နတ်ပြည်ရောက်မသွားဘဲ ကြားကာလဘဝတစ်ခုအဖြစ် မကောင်းမှုစိတ်စွဲဖြင့် ရောက်လေ့ရှိကြသေးသည်ကို သိရှိကြရပါသည်။

## မဟာတာဝန်

ထို့ကြောင့် ရှည်လျားလှသော သံသရာဆွေမျိုးများအနက် အကုသိုလ်ကံနောက်၍ ဘဝဆိုးသို့ ရောက်နေကြရသော မိဟောင်း၊ ဖဟောင်း၊ ဆွေဟောင်းမျိုးဟောင်းတို့အတွက် တာဝန်ကျသော သားသမီးများ၊ ဆွေမျိုးများအနေဖြင့် မလွဲမသွေ ပြုလုပ်ဆောင်ရွက်ပေးကြရမည်မှာ ကံကောင်းထောက်မ လူ့ဘဝကိုရောက်လာကြပြီး သာသနာတော်အတွင်း သံဃာတော်အရှင်သူမြတ်တို့၏ အဆုံးအမအောက်ဝယ် ရောက်ရှိ၊ ရှိနေကြသော လူသားတိုင်း၏ မဟာတာဝန်ဖြစ်ပါသည်။

## ရည်ရွယ်ချက်

အကျွတ်အလွတ် ဒါနပြုပွဲ၏ ရည်ရွယ်ချက်မှ ဘဝများစွာ သံသရာမှ မိဘ၊ ဆွေမျိုး အကုသိုလ်အကျိုးကြောင့် ဘဝဆိုး 'ပေတ' ရောက်နေကြသူများ ဒုက္ခမှလွတ်၊ ဘဝဆိုးမှ ကျွတ်ကြစေရန် ဖြစ်ပါသည်။

ခုနစ်ရက်သားသမီး စေတနာရှင်များအဖွဲ့က ဤအလှူကြောင့် အောက်ပါ အကျိုးတရားများ ခံစားရသည်ဟု ယုံကြည်ကြပါသည်။

၁။ ဘဝဆိုးသို့ ရောက်နေသူများအနက် ကျွတ်သင့်ကျွတ်ထိုက် အချိန်ကိုက်သူများ ကျွတ်လွတ်သွားကြရသည်။ ဝဋ်မကုန်၍ လုံးဝမကျွတ်သည့်တိုင်အောင် အစားအစာ၊ အဝတ်အစား၊ နေစရာများ ရရှိကြမည်ဟု ယုံကြည်ပါသည်။

၂။ ဒါနပွဲသို့ ကြွရောက်ချီးမြှင့်ကြသော ဆရာတော်အရှင်သူမြတ်တို့အား ပါရမီဖြည့်ပေးရာလည်း ရောက်ပါသည်။

၃။ မိမိကိုယ်တိုင်လည်း ဒါနပါရမီဖြည့်ဆည်းရာရောက်ပြီး သားသမီးဝတ်၊ ဆွေမျိုးဝတ်ကို မချွတ်စေရ ကျေပွန်သူလည်း ဖြစ်ရပါသည်။

၄။ ထေရဝါဒဗုဒ္ဓဘာသာဝင်ကောင်း ပီသစွာ မြတ်ဘုရား၏ သွန်သင်ဆုံးမ ဩဝါဒကို အကြွင်းမရှိ ခံယူကျင့်သုံး ဆောက်တည်ရာလည်း ရောက်ပါသည်။

## သူတို့ရောက်ကြရှာပါသည်

ပထမအကြိမ် အကျွတ်အလွတ်



www.burmeseclassic.com

www.burmeseclassic.com

စုပေါင်းဒါနပြုပွဲ အလှူနေ့ ဖြစ်ပါသည်။ နေရာထိုင်ခင်း အဆင်အပြင်တွင်လည်း 'ဝေမာနိကများသာ'ဟု စာရေးကာ သူတို့အတွက် သီးခြားနေရာပေးထားပါသည်။ ကြဲတောသုသာန် တိုက်ဇရပ်ကျယ်ကျယ်တွင် လာမည့်သူဦးရေက နည်းသဖြင့် ဇရပ်လူမပြည့်ပါ။ လူပရိသတ် ၂၀၀ ကျော်ခန့်သာ ရှိပါသည်။ မင်းကွန်းဆရာတော်ကြီးဦးဝိစိတ္တက အလှူပွဲကိုဦးဆောင်ကာ ကျင်းပသွားသည်။

ဆရာတော်ကြီးကိုယ်တိုင် သီလပေးခြင်း၊ တရားရေအေး တိုက်ကျွေးခြင်း၊ အလှူရေစက်ချခြင်းများကို ဦးဆောင်ပေးသွားသည်။ မှတ်သားဖွယ် အောင်မြင်လေးနက်သော အသံဩဇာနှင့် ပြည့်စုံလှစွာသော ကျေးဇူးရှင် ဆရာတော်ဘုရားကြီး၏ အသံတော်သည် အလှူဇရပ်အတွင်းဝယ် ကြည်ညိုဖွယ် လွှမ်းမိုးလျက်ရှိနေပါတော့သည်။

အမေဒေါ်မြတ်မွန်သည် ရေစက်ခွက်ကို ကိုင်ရင်း "သက်ဆိုင်သူတို့လာမှ လာကြပါ့မလား၊ အမျှမှ ရယူနိုင်ကြပါ့မလား"ဟု တွေးနေမိသည်။ လာမည်ဟုလည်း ယုံကြည်သည်။ ရှိနေကြမည်ဟုလည်း သိသည်။ သို့ရာတွင် သူတို့ကို ကိုယ်တိုင်မမြင်ရ၍ အမေ မကျေနပ်နိုင်ဘဲ စိတ်ပူမိခြင်းဖြစ်ပါသည်။

မကြာပါချေ။ သူတို့ ရောက်ပါကြောင်း၊ သိရှိကြောင်း သူတို့စွမ်းသမျှ အသိပေးကြပါသည်။

ရေစက်ချပြီး အားလုံးကြားကြားသမျှ အမျှ အမျှ အမျှဟု ဆရာတော်ဘုရားကြီးကဦးဆောင်၍ ပရိသတ်အားလုံးက သုံးကြိမ်အမျှပေးဝေကြရသည်။ တစ်ကြိမ်အမျှပေးပြီးတိုင်းလည်း သာဓုသုံးကြိမ်ခေါ်ကြရပါသည်။ ယုံကြည်မှုအပြည့်ဖြင့် ပါဝင်ရောက်ရှိနေကြသူပရိသတ်ကြီးသည် ရင်တွင်းမှ ဖြစ်ပေါ်လာသော မေတ္တာဖြင့် လှိုက်လှဲစွာ အမျှပေးဝေကြပါသည်။

သုံးကြိမ်သော အမျှပေးဝေပြီးသည်နှင့် တစ်ပြိုင်နက် ကြိုတင်ချိန်းချက်ထားသည့်အဆိုင်း ဆိုးဝါးလှသော အပုပ်နံ့ကြီးသည် ဇရပ်နောက်ပိုင်း စည်းတားထားသော သူတို့နေရာမှစ၍ ထွက်ပေါ်လာသည်ကို လူတိုင်းသတိထားမိနေပါတော့သည်။ ဤတွင် သူတို့ရောက်ရှိနေကြသည်ကို အားလုံးသိသွားရပါတော့သည်။

တစ္ဆေခြောက်နည်း အမျိုးမျိုးရှိသည်ဟု ဆိုရာ၌ အပုပ်နံ့ပေး၍ ခြောက်ခြင်းလည်း ပါဝင်သည်ဟု ဆို၏။ ဥစ္စာစောင့်များကိုယ်ထင်ပြခါနီးတွင် မွှေးကြိုင်သောအနံ့ကို ပထမပေးသည်။ မီးနေသည်များသေ၍ တစ္ဆေဖြစ်သောအခါ၌ နံစွင်းနံ့ပေးခြင်းဖြင့် ခြောက်တတ်သည်ဟူသော အယူအဆများမှာ မြန်မာတိုင်းလိုလို ကြားဖူးသော မြန်မာအယူအဆများ ဖြစ်ပါသည်။

မည်သို့ပင်ဖြစ်ပါစေ ဇရပ်အတွင်းသို့ ဖြတ်သန်းဝင်ရောက်လာသော အပုပ်နံ့ကြီးကြောင့် အမေဒေါ်မြတ်မွန်၏ ရင်တွင်းဝယ် ဝမ်းသာကြည်နူးမှုနှင့် ဝမ်းနည်းကြေကွဲမှုကို ပြိုင်တူခံစားမိပါတော့သည်။ ဝမ်းသာကြည်နူးမှုမှာ သူတို့တွေရောက်ရှိနေကြကြောင်း အလှူရှင်များ သိရှိရခြင်းဖြစ်ပြီး၊ ဝမ်းနည်းခြင်းမှာ သူတို့၏ဘဝကို သနားမိခြင်းကြောင့် ဖြစ်ပါသည်။ သူတို့တွေသည် ဆွေဟောင်းမျိုးဟောင်းနှင့် ဒါနပြုပွဲလာ ဧည့်ပရိသတ်တို့ကို မြင်နေကြရပါလိမ့်မည်။ ကျေနပ်ဝမ်းသာ သာဓုလည်းခေါ်ကြပါလိမ့်မည်။ သူတို့ရောက်လာကြောင်းကိုလည်း သိစေလိုကြပါလိမ့်မည်။ အကုသိုလ်ကံဆိုးကြောင့် အရုပ်ဆိုးလှသော သူတို့ရုပ်ကိုလည်း မမြင်စေလို၊ မပြလိုကြ။ ကံမတူသဖြင့် သာမန်လူတို့ကလည်း မမြင်နိုင်ကြ။ သူတို့ယခုရောက်ရှိကြောင်း သိစေလိုသော ခမျာများမှာ သူတို့ပိုင် 'အနံ့ဆိုး'ကို ထုတ်လွှင့်ပေးကြခြင်းသာ ဖြစ်ပါလိမ့်မည်။ သနားဖွယ်ကောင်းလှသော သူတို့ဘဝကို အမေဒေါ်မြတ်မွန်နှင့် ပရိသတ်အားလုံးက တွေးမိရင်း ဝမ်းနည်းကြေကွဲမိပါတော့သည်။

တကယ်တော့ ဝေမာနိကပြိတ္တာဘဝဆိုး 'ပေတ'ရောက်နေကြသူတို့မည်သည် အကုသိုလ်တရားကြောင့် အပယ်ခံ၊ အဖယ်ခံများသာဖြစ်၍ **စေ့စေ့တွေး**လျှင် သနားစရာသတ္တဝါများ**သာ ဖြစ်ပါ**သည်။ သူတို့တွေ ကျွတ်လွတ်**ကြစေရန်** စာရေးသူတို့ စေတနာရှင်**များအဖို့က** ကုသိုလ်ပြုလုပ်ကြရပေမည်။

အကျွတ်အလွတ် **ဒါနပြုပွဲများ** အတွက် အလှူသည် ယုံကြည်မှု၊ သဒ္ဓါစင်ကြယ်မှု၊ စေတနာရိုးသားမှု လုပ်ရပ်တို့ဖြင့် စေတနာရှင်များအဖို့က ဖွဲ့စည်းဆောင်ရွက်ကြရသည်ဖြစ်ရကား ပကာသနမပါ၊ အနှစ်အသားများသာ ဖြစ်ပါတော့သည်။

လှတိုး(စိတ်ပညာ)

စာညွှန်း

၁။ ဘဒ္ဒန္တကောသလ္လထေရ် (နိုင်ငံတော်သံဃမဟာနာယက ) စီစဉ်ရေးသားသည့် 'ဆွမ်းပွတ်အလှူပွဲ' စာအုပ်၊ ၁၉၈၈ ခု၊ ဇန်နဝါရီလ။

၂။ တိုးထက်၏ စိတ်နယ်လွန်လောကမှ အံ့ဖွယ်ဖြစ်ရပ်ဆန်းများ။

*(နောက်တစ်လတွင် ပထမအကြိမ် အကျွတ်အလွတ်ဒါနပြုပွဲနှင့် အမေဒေါ်မြတ်မွန်၏ ကိုယ်တွေ့အတွေ့အကြုံများကို ဆက်ရေးပါမည်။)*



www.burmeseclassic.com

www.burmeseclassic.com




www.burmeseclassic.com

www.burmeseclassic.com



www.burmeseclassic.com

www.burmeseclassic.com



# ဝင့်ရွှေ (၈)

( ယခင်လမှအဆက် )

အဘိုးသူတော်ကြောင်သည် ကျွန်ုပ်အဆင်ပြေခိုက်တွင် လာခဲ့လေ့ရှိသည်။ ကျွန်ုပ်မင်္ဂလာဆောင်စဉ်ကတစ်ခါ ပန်းချီကားလေး လက်ဖွဲ့ပေးရင်း တစ်ကြိမ်လာဖူးသည်မှလွဲ၍ လာသည်မရှိပေ။ အဘိုးသူတော်ကြောင်သည် ထိုစဉ်က ထူးဆန်းသော ပန်းချီကားလေးအား မင်္ဂလာလက်ဖွဲ့အဖြစ် ပေးခဲ့သဖြင့် ကျွန်ုပ်သည် နောင်တွင် ပန်းချီကားလေးထဲကအတိုင်း မွှားကြီးတစ်ကောင်ကဲ့သို့ ဆင်းရဲပင်ပန်းစွာ မိသားစုကို ရှန်းကန်ကျွေးမွေးခဲ့ရဖူးပေသည်။ ယခုလည်း ပိုးရုတ်မင်္ဂလာဝင့်ကြွေးဟူသော ထူးဆန်းသော စကားတစ်လုံး လက်ဆောင်ပေးသွားပြန်လေ၏။ ဘာတွေဖြစ်လာဦးမလဲဟု စိတ်ထဲတွင် မတင်မကျဖြစ်နေမိလေ၏။

ကျွန်ုပ်တို့မိသားစုမှာလည်း ယခင်ကလို စားဝတ်နေရေး ကျပ်တည်းခြင်းမရှိတော့ဘဲ အတော်အတန် ချောင်လည်လာပြီဖြစ်၏။ ခယ်မလေးနှစ်ယောက်မှာလည်း အရွယ်ရောက်နေသူများ ဖြစ်သဖြင့် သူတို့လည်း အချိန်တန်လျှင် သူတို့ကြင်ဖက်ကိုရှာ၍ သွားကြမည်ဖြစ်ရာ ကျွန်ုပ်နှင့် ရွှေမြစိန်သာလျှင် နှစ်ယောက်တည်း ကျန်ခဲ့မည်ကို ကျွန်ုပ်အား ရွှေမြစိန်က သတိပေးလေ၏။ ဒါဆို မင်းက ဘာဖြစ်ချင်လို့တုံးဟု ကျွန်ုပ်က မေးလိုက်ရာ -

"ဘာဖြစ်ချင်ရမှာတုံး။ ရှင်ကလည်း ဒုံးဝေးလိုက်တာ လွန်ပါရော။ အချိန်အခါ

www.burmeseclassic.com

www.burmeseclassic.com

ရှိတုန်း သားသမီးလေးဘာလေး ယူရမှာပေါ့"

ဟု ရွှေမြစိန်က ရုက်စနိုးအမူအရာဖြင့် ပြောလိုက်ရာ -

"သြော်…ဟုတ်သားပဲ။ ကိုယ်မေ့နေလိုက်တာကွယ်။ မင်းပြောမှပဲ သတိရမိတော့တယ်။ ကိုယ့်ကိုခွင့်လွှတ်ပါကွယ် ရွှေမြစိန်ရယ်။ တို့ဘဝတစ်လျှောက်လုံးမှာ ဒုက္ခ၊ သုက္ခတွေနဲ့ နပန်းလုံးနေရတာနဲ့ သားသမီးကိစ္စကို မေ့နေမိတယ်။ ဟုတ်လိုက်တာကွယ်။ မင်းပြောတာ သိပ်မှန်တာပဲ။ သားသမီးဆိုတာ အိမ်တစ်အိမ်ရဲ့ဆည်းလည်းပဲ။ တို့အိမ်မှာ ဆည်းလည်းလေးလိုနေတာ ကိုယ် အခုမှ သတိထားမိတယ်ကွယ်။ ရွှေမြစိန်ကို သိပ်ကျေးဇူးတင်တာပဲ"

ဟု ပြောလိုက်ရ၏။

ထိုအချိန်မှစကာ ရွှေမြစိန်သည် သားသမီးရနိုင်၊ မရနိုင် စစ်ဆေးရာ သားသမီးရနိုင်ကြောင်း၊ ပဋိသန္ဓေတားဆေးများ၊ ထိုးဆေးများကို ယခင်က ကာလကြာရှည်စွာ သုံးစွဲခဲ့သဖြင့် သားသမီးအရနှောင့်နှေးနေခြင်းဖြစ်ကြောင်း၊ ယခုအချိန်တွင် ယင်းဆေးများကို ရှောင်ကြဉ်ရမည်ဖြစ်ကြောင်း၊ အားရှိသောအစားအသောက်များကို စားသောက်ခြင်း၊ အိပ်ရေးဝဝအိပ်ခြင်း၊ ကျန်းမာရေးဂရုစိုက်ခြင်း ပြုလုပ်ရမည်ဖြစ်ကြောင်းများကို ဆရာဝန်မှ ညွှန်ကြားလိုက်ရာ ရွှေမြစိန်က တစ်သဝေမတိမ်း လိုက်နာဆောင်ရွက်လေ၏။ ထို့အပြင် ဗေဒင်မေးခြင်း၊ ကျန်းမာရေးဆိုင်ရာ စာအုပ်များဖတ်ခြင်းတို့အပြင် သားဆုပန်ခြင်းဟူသော ကိစ္စရပ်များကိုပင် မရှက်နိုင် မကြောက်နိုင် လိုက်၍လုပ်လေတော့၏။ ၎င်းအပြင် သားသမီးရပါက သားသားလေး လိုချင်သလား၊ မီးမီးလေးလိုချင်သလားဟူသော ကိစ္စရပ်သည်လည်း တစ်မှောင့်ဖြစ်၏။ ကျွန်ုပ်ကမူ ဘာလေးမွေးမွေး ကိုယ့်သားသမီးမို့ ချစ်မှာပဲဖြစ်ကြောင်းပြောရာ ရွှေမြစိန်ကတော့ -

"ကျွန်မကတော့ သမီးမိန်းကလေးလိုချင်တယ်။ သမီးမိန်းကလေးကမှ အမေ့အားကိုးရတာ"

ဟု ပြန်၍ပြောလေ၏။

ကျွန်ုပ်သည် ရုံးသို့ရောက်သောအခါ စကားစပ်မိသဖြင့် ဇနီးသည်က သမီးမိန်းကလေး လိုချင်ကြောင်းပြောမိရာ ကိုမောင်မောင်ဌေးဆိုသူ စာရေးကြီးက ဒီကိစ္စ ဒီလိုရှိတယ်ကွဟု အစချီကာ သားယောက်ျားလေးလိုချင်ရင် ဘယ်လို၊ သမီးမိန်းကလေးလိုချင်ရင် ဘယ်ပုံ စသည်ဖြင့် သူကြားဖူးနားဝရှိဖူးသည့် ညစ်ညစ်ညမ်းညမ်းကိစ္စများအား မြိန်ရေရှက်ရေ ပြောပြလေရာ ကျွန်ုပ်က -

"နေပါစေတော့ ကိုမောင်မောင်ဌေးရာ။ ဘာလေးပဲမွေးမွေး ကိစ္စမရှိပါဘူး။ ကိုယ့်သားသမီးက ကိုယ့်သားသမီးပါပဲ"

ဟု ပြန်၍ပြောလိုက်မှ ငြိမ်သွားလေတော့၏။

ကျွန်ုပ်တို့ ဇနီးမောင်နှံမှာ ယခုဆိုလျှင် အိမ်ထောင်သက် လေးနှစ်ကျော်ခဲ့ပြီဖြစ်၏။ မိသားစုအခက်အခဲများကြောင့်လည်းကောင်း၊ အိမ်ထောင်သက်နုနယ်ချိန်တွင် သားသမီးယူလိုက်ပါက အိမ်ထောင်ထိန်းသိမ်းရာတွင် မနိုင်မနင်းဖြစ်မှာကို စိုးရိမ်သဖြင့်လည်းကောင်း၊ လွတ်လွတ်လပ်လပ်နေချင်သေးသည့်တစ်ကြောင်းတို့ကြောင့် နှစ်ဦးသဘောတူ သားသမီးမယူဘဲ နေလာခဲ့ခြင်းဖြစ်၏။ ယခုမူ ရွှေမြစိန်က သတိပေးလိုက်ချိန်မှစကာ ကျွန်ုပ်၏ခေါင်းထဲတွင် သားသမီးရရှိရေးကိစ္စသာလျှင် အမြဲတမ်းလိုလို ရောက်ရှိ၍ နေလေတော့၏။ ယခုအချိန်တွင် ကျွန်ုပ်တို့မိသားစု စားဝတ်နေရေးမှာ ပူပင်စရာမလိုတော့လောက်အောင် အဆင်ပြေနေပြီဖြစ်၏။ ကျွန်ုပ်တို့၏ ကွမ်းယာဆိုင်ကလေးမှာ ရောင်းကောင်းလှပြီး ဖောက်သည်များဖြင့် စည်ကားနေပြီဖြစ်သည့်အပြင် အော်ဒါများပင် လက်ခံရရှိကာ အထုပ်များဖြင့်လည်းကောင်း၊ ဘူးများဖြင့်လည်းကောင်း ကြိုတင်၍ ထုတ်ထားရလောက်အောင်ပင် ရောင်းကောင်းလှ၏။ ထို့အပြင် အိမ်အသုံးအဆောင်ပစ္စည်းများ၊ အလွယ်တကူရရှိနိုင်မည့် စားသောက်ကုန်ပစ္စည်းများအပြင်၊ တိုင်းရင်းဆေးမျိုးစုံကိုပါ ရောင်းချလျက်ရှိရ၏။ ကျွန်ုပ်တို့၏ ဆိုင်ကလေးမှာ ရန်ကုန်ဆိပ်ကမ်းနှင့်နီးစပ်သဖြင့် ရန်ကုန်မြို့ရှိ တိုင်းရင်းဆေးဂုတ်လုပ်သော ဆေးဝါးလုပ်ငန်းကြီးတစ်ခုမှ ထုတ်လုပ်သော ဆေးများအား ကိုယ်စားလှယ်သဘောမျိုးဖြင့် ဧရာဝတီတိုင်းရှိ ဒေသများသို့ သင်္ဘောခရီးစဉ်ဖြင့် ဖြန့်ချိပေးလျက်ရှိရာ အတော်လေးအောင်မြင်လျက်ရှိ၏။ ကြာလာသောအခါ နယ်မှ ကိုယ်စားလှယ်ကြီးများ၏ တောင်းဆိုမှုအရ အခြားဆေးများကိုပါ ကျွန်ုပ်တို့ထံသို့ မှာလေရာ One Stop Service ခေါ် တစ်နေရာတည်းတွင် ဝန်ဆောင်မှုပေးခြင်းစနစ်ဖြင့် ဆောင်ရွက်ခဲ့ရာ ဝမ်းဖြည်းဖြည်းနှင့် တိုင်းရင်းဆေးကိုယ်စားလှယ်ဌာနလေးတစ်ခု ဖြစ်မှန်းမသိ ဖြစ်၍လာလေ၏။

ကျွန်ုပ်တို့ဆိုင်ကလေးမှာ နံနက်မိုးလင်းမှ မိုးချုပ်၊ မိုးချုပ်မှသည် ညကိုးနာရီ၊ ဆယ်နာရီထိပင် မအားလပ်အောင် ရောင်းချရလေရာ ကြာသော် မိန်းကလေးများချည်း မတတ်နိုင်တော့သဖြင့် အကူယောက်ျားလေးများအား နေ့စားခပေး၍ ခေါ်ထားရလေ၏။ ကျွန်ုပ်၏ဇနီးမအေးယမ



www.burmeseclassic.com

www.burmeseclassic.com

မှာမူ ကွမ်းယာယာခြင်းအလုပ်တစ်ခုတည်းကိုသာ လုပ်နိုင်၏။ ဖောက်သည်များကလည်း သူ့လက်ရာကို အခြားသူများလက်ရာထက် ပို၍ကြိုက်ကြ၏။ ရွှေမြစိန်မှာလည်း အားလပ်လျှင် အားလပ်သလို ဝင်ရောက်ကူညီ လုပ်ကိုင်ပေးရသည့်အပြင် ယခုအခါ စီမံကွပ်ကဲခြင်းအလုပ်ကိုပါ လုပ်ကိုင်လာရလေ၏။ ကျွန်ုပ်သည်ပင်လျှင် ရုံးသွားချိန်မှလွဲ၍ နံနက်စောစောထ၍လည်းကောင်း၊ ညဘက် မိုးချုပ်သည်အထိလည်းကောင်း ဝိုင်းဝန်းကူညီလုပ်ကိုင်ပေးရလေ၏။ ကျွန်ုပ်တို့မိသားစုမှာ တက်တက်ကြွကြွ ညီညီညာညာဖြင့် လုပ်ကိုင်ရင်း အဆင်ပြေနေကြချိန်တွင် အိမ်၏ဆည်းလည်းလေးတစ်ခု လိုအပ်နေသည်မှာ သိသာလာ၏။ အားလုံးအနားယူကြချိန်တွင် ကွက်လပ်ကလေးတစ်ခုရှိနေကြောင်းကို တွေ့မြင်လာကြလေ၏။ ကျွန်ုပ်တို့နှစ်ဦးမှာ မည်သို့ပင် ကြိုးစားစေကာမူ ကလေးမရနိုင်သေးသဖြင့် ရွှေမြစိန်က စိတ်ပျက်လျက်ရှိ၏။ ရရောရနိုင်ပါဦးမလားဟုလည်း ပူပန်လျက်ရှိ၏။ ကျွန်ုပ်ကမူ နှစ်ဦးစလုံးတွင် အားနည်းချက်မရှိသဖြင့် ရနိုင်သည်ဟု ဆရာဝန်က ပြောထားကြောင်း၊ ထို့ကြောင့် အားမလျှော့သင့်ကြောင်း၊ တစ်နေ့နေ့ရမှာ သေချာကြောင်းတို့ဖြင့် အားပေးစကားပြောရလေ၏။ အမှန်တကယ် ကျွန်ုပ်ကိုယ်တိုင်ပင်လျှင် သံသယစိတ်ဝင်မိကြောင်းကိုမူ ရွှေမြစိန်အား မပြောမိရန် မနည်းကြိုးစားခဲ့ရပေသည်။ ချစ်စဖွယ်ကလေးရုပ်ပုံကလေးများပါရှိသော ပိုစတာများအားလည်း အိမ်အနှံ့တွင် ကပ်ထားသည်ကို တွေ့ရရာ ရွှေမြစိန် မည်မျှပင်ကလေးလိုချင်ကြောင်း ထင်ရှား၍နေလေ၏။

တစ်နေ့ ကျွန်ုပ်ရုံးကပြန်လာစဉ် ရွှေမြစိန်ကို မတွေ့မိသဖြင့် မေးမြန်းကြည့်ရာ နေမကောင်းသဖြင့် အိပ်နေကြောင်း သိရ၏။ ကျွန်ုပ်သည် လွန်စွာမှ စိတ်ပူသွားပြီး အိမ်ထဲသို့ အပြေးဝင်ကာ အိပ်ရာထဲတွင် ခွေခွေကလေးအိပ်နေသော ရွှေမြစိန်အနားသို့ ကပ်သွားလိုက်ရာ ရွှေမြစိန်မှာ ကျွန်ုပ်ထင်ထားသကဲ့သို့မဟုတ်ဘဲ မျက်နှာပြုံးရွှင်လျက် ရှိနေကြောင်းကို တွေ့ရ၏။ ကျွန်ုပ်က -

"ဘယ့်နယ်လဲ၊ နေမကောင်းလို့ဆို။ ကိုယ့်မှာတော့ စိတ်ပူလိုက်ရတာ ရွှေမြစိန်ရယ်။ မင်းကြည့်တော့လည်း ပြုံးလို့ရွှင်လို့ပါလား။ ကိုယ့်ကိုများ ပြောပြပါဦးတော့လား အချစ်ရယ်"

ဟု ပြောလိုက်ရာ ရွှေမြစိန်က သူ၏ဗိုက်ကလေးအား ပွတ်ကာ ကျွန်ုပ်အား ပြုံးပြုံးကြီး စိုက်၍ကြည့်နေရာ -

"အောင်မယ်လေး···တကယ်ပဲလား ရွှေမြစိန်ရယ်။ ကိုယ်ဖြင့် ဝမ်းသာလိုက်တာကွယ် တကယ်ပါပဲ။ ဒါနဲ့ သေရောသေချာရဲ့လား ရွှေမြစိန်လေးရယ်"

ဟု ကျွန်ုပ်က စောဒကတက်လိုက်ရာ -

"ဟုတ်လောက်တယ် ကိုရဲ့။ မနက်က ရွှေမြစိန် ခေါင်းထဲမူးနောက်နောက်ဖြစ်ပြီး အန်ချင်သလို ဖြစ်လာလို့ ထိုးအန်လိုက်တော့ ဘာမှလည်း ဟုတ်တိပတ်တိ မအန်ဘူး။ နောက်ပြီး ရင်ထဲလည်း တလှပ်လှပ်နဲ့။ ဘယ်လိုဖြစ်မှန်းမသိတာနဲ့ အိပ်ရာထဲ လှဲနေရင်း သေချာစဉ်းစားကြည့်လိုက်တော့ မိန်းမတို့ ဓမ္မတာလာရက်မှာလည်း ဓမ္မတာမလာတာ နှစ်လရှိသွားပြီ ကိုရဲ့။ အင်း···နောက်ပြီးတော့ ရွှေမြစိန် ဖတ်ဖူးတဲ့ ဆေးပညာစာအုပ်တွေထဲမှာ ကိုယ်ဝန်ရခါစ မိန်းမတွေမှာဖြစ်တတ်တဲ့ သဘာဝတွေနဲ့ တူနေတော့ သေချာပါတယ် ကိုရယ်။ ကိုယ်ဝန်ရှိနေပါပြီ။ ရွှေမြစိန်ဖြင့် ဝမ်းသာလိုက်တာရှင်ရယ်၊ ပြောမပြတတ်အောင်ပါပဲ"

ဟု ဆိုကာ ကျွန်ုပ်၏ ရင်ခွင်တွင်းသို့ တိုးဝင်ပြီး ကျွန်ုပ်အား ပွေ့ဖက်၍ထားလေတော့၏။ ကျွန်ုပ်ကလည်း ရွှေမြစိန်၏ ခေါင်းကလေးအား မော့ကာ နဖူးလေးအား နမ်းရှုပ်မည်ဟု ကြံလိုက်သောအခါမှ နားထင်ရှိ ဆံစလေးများ ခြောက်နေကြောင်းကို သတိထားမိသွားလေ၏။

ရွှေမြစိန်ကိုယ်ဝန်အား စမ်းသပ်စစ်ဆေးခြင်းများ ပြုလုပ်ရာ ကိုယ်ဝန်မှာ (၃)လခန့်ရှိပြီဖြစ်ကြောင်း သိရ၏။ ရွှေမြစိန်တွင် ကိုယ်ဝန်ရှိနေကြောင်း သိရှိပြီးနောက်ပိုင်း အားလုံးက ရွှေမြစိန်အား အရိပ်လို တကြည့်ကြည့်ဖြစ်နေကြ၏။ ရွှေမြစိန်ကလည်း အစားအသောက်ကို အရင်လို ကြုံရာမစားတော့ဘဲ ရွေးချယ်၍ စားလေ၏။ ကျွန်ုပ်က -

"ရွှေမြစိန်ရယ်···ကိုယ်ဝန်ဆောင်မိန်းမဆိုတာ အစားအသောက်ကို ချေး(ဂျီး)မများရဘူးကွယ့်။ များများစားနိုင်လေ အားရှိလေ။ အားရှိမှ ကိုယ့်ဗိုက်ထဲက ကလေး ကျန်းမာဖွံ့ဖြိုးပြီး သန်စွမ်းမှာပေါ့"

ဟု ပြောရာ -

"ကိုက ဘာသိလဲ။ သားသမီးဆိုတာ မိခင်ပြုသမျှ နရတာကိုရဲ့။ မိခင်ရဲ့အစာအိမ်ကို ခေါင်းမှာရွက်ပြီး အစာဟောင်းအိမ်ကို ဖင်ခုထိုင်ထားရတဲ့ကလေးက မိခင်က အပူတွေစားရင် ပူတဲ့ဒဏ်ကို ကလေးခမျာ ခံရရှာတာ။ သူ့ခမျာ ပူတယ်ဆိုပြီးတော့လည်း ရှောင်ထွက်ပြေးလို့ရတာ မဟုတ်ဘူး။ စပ်တာစားရင်လည်း ဒီအတိုင်းပဲ။ စပ်တဲ့ဒဏ်ကို ခံရတာပဲ။ နုနယ်လွန်းတဲ့ အရွယ်လေးမှာ



www.burmeseclassic.com

www.burmeseclassic.com

သူခံစားရမယ့် ခံစားချက်ကို ကိုယ်ချင်းစာကြည့်စမ်းပါ ကိုရယ်။ အဲဒီတော့ မိခင်ဖြစ်တဲ့သူမှ မဆင်ခြင်ရင် ကိုယ့်ကလေးကို ဒုက္ခပေးသလို ဖြစ်နေတော့မှာပေါ့"

ဟု ပြန်၍ပြောလေရာ -

"အဲဒါတွေက ဟိုးအရင်ခေတ်က အယူအဆတွေပါ ရွှေမြစိန်ရယ်။ ခုခေတ်မှာ ဒီအယူအဆတွေ မရှိတော့ပါဘူး။ ဒါပေမယ့် ဘာပဲဖြစ်ဖြစ် ဆရာဝန်ညွှန်ကြားတဲ့ အားဆေးတွေတော့ သောက်ပါကွယ်"

ဟု ပြောရလေ၏။

တစ်နေ့တွင် ရွှေမြစိန်သည် ကျွန်ုပ်အား ထူးဆန်းသောစကားတမ်ခွန်းကို ပြောလေ၏။

"ကိုရေ . . . ရွှေမြစိန်တော့လေ သမီးသာမွေးလို့ရှိရင် နာမည်ကို ပိုးရတုပွင့်ဖြူလို့ ပေးမယ်သိလား"

ဟု ပြောလေ၏။

"ရွှေမြစိန်ကလည်းကွာ။ ဘာလေးမွေးမယ်မှန်းမသိသေးဘဲနဲ့များ စိတ်ကူးယဉ်နေလိုက်တာ"

ဟု ကျွန်ုပ်က ဝေဖန်ရာ -

"ဘာလေးမွေးရမှာလဲ၊ မိန်းကလေး မွေးရမှာပေါ့"

ဟု ကျွန်ုပ်အား နှုတ်လုံထိုးလေ၏။

"ကောင်းပါပြီဗျာ မွေးပါ။ ဒါပေမယ့် ကြာသပတေးသမီးမဟုတ်ဘဲ တခြားနေ့သမီးလေးဖြစ်နေရင် ဘယ့်နှယ်လုပ်မတုံး"

ဟု ကျွန်ုပ်က ပြောရာ -

"ဘာနေ့သမီးဖြစ်ဖြစ် ကျွန်မကတော့ ဒီနာမည်ပဲ ပေးမယ်"

ဟု ငွတ်ပြောလေ၏။ ကျွန်ုပ်သည် ယခုအချိန်၌ ရွှေမြစိန်နှင့် အတိုက်အခံမပြင်းချင်သဖြင့် လက်လျှော့လိုက်လေ၏။ ကျွန်ုပ်သည် ရွှေမြစိန် စဉ်းစားထားသော နာမည်လေးဖြစ်သည့် "ပိုးရတုပွင့်ဖြူ" ဆိုသော နာမည်လေးအား လွန်စွာမှ သဘောကျမိလေ၏။ သူသည် ကျွန်ုပ်တို့၏ မင်္ဂလာလေးနှစ်ပြည့် ပိုးရတုမင်္ဂလာ အထိမ်းအမှတ်နှင့် တိုက်ဆိုင်စွာ ရလာသော ကလေးဖြစ်သဖြင့်လည်း ထိုနာမည်ကို ရွေးခြင်းဖြစ်နိုင်ပေသည်။

အရင်းစစ် အမြစ်မြေက ဆိုသကဲ့သို့ ဤနာမည်၏ အရင်းအမြစ်ကိုလိုက်သော် အဘိုးသူတော်ကြောင်သည်သာလျှင် အမိကဖြစ်လေ၏။ အဘိုးသူတော်ကြောင်ကသာ ကျွန်ုပ်တို့၏ မင်္ဂလာလေး၍ အမှတ်ရနေမိ၏။ ထိုအကြောင်းကို တွေးမိလျှင် ကျွန်ုပ်၏စိတ်ထဲတွင် မတင်မကျဖြစ်မိ၏။ အဘယ်ကြောင့်ဆိုသော် အဘိုးသူတော်ကြောင်သည် စကားကို အကြောင်းမဲ့ ပြောခဲ့သောကြောင့် ဖြစ်လေ၏။ မည်သို့ပင်ဖြစ်စေ ကျွန်ုပ်သည် ကလေးရမည့်အရေးအတွက် ပျော်ရွှင်နေမိလေ၏။

ရွှေမြစိန်၏ကိုယ်ဝန်သည် အတော်လေး ရင့်လာပြီဖြစ်၏။ ကိုယ်ဝန်အရင့်အမာ ဖြစ်သည့်တိုင် ရွှေမြစိန်သည် ချက်ရေးပြုတ်ရေးတွင်လည်းကောင်း၊ ဆိုင်ကိစ္စ

ကျွန်ုပ်သည် ဒုက္ခများကို ကြောက်နေပြီဖြစ်၏။
ကျွန်ုပ်၏မျက်လုံးများသည် အဝေးသို့
ကြည့်နေသည်ဟု ထင်ရဖွယ်ရှိသော်လည်း
အဝေးသို့မမြင်ချေ။ သို့တိုင်
အနီးရှိ ရုပ်ဝတ္ထုများကိုလည်း မမြင်ဘဲ
ကြောင်တောင်ကန်းတစ်ယောက်ကဲ့သို့ ဖြစ်၍နေ၏။

နှစ်ပြည့်အား ပိုးရတုမင်္ဂလာဖြစ်ကြောင်း မပြောခဲ့ပါက ရွှေမြစိန်လည်း ဤကဲ့သို့ စိတ်ကူးမည် မဟုတ်ပေ။ ရွှေမြစိန်၏ စိတ်ကူးကောင်းပုံကိုလည်း ချီးကျူးမိလေ၏။ ကံကောင်းထောက်မစွာဖြင့် ကြာသပတေးသမီးလေး မွေးပါစေဟုပဲ ဆုတောင်းရမည်ဖြစ်၏။

သို့သော် အဘိုးသူတော်ကြောင် ကျွန်ုပ်အား ပြောခဲ့သောစကားတစ်ခွန်းမှာ ပိုးရတုမင်္ဂလာဝင့်မကြွေးကို ဆပ်ဖို့သာပြင်ပေတော့ဟူသော စကားအား ပြန်လည်တွင်လည်းကောင်း ကြီးကြပ်ရုံမျှမက ကိုယ်တိုင်ပါဝင် လုပ်ကိုင်လျက်ပင် ရှိသေး၏။ မလုပ်ပါနဲ့ပြောသော်လည်း မရဘဲရှိ၏။

"ဆရာဝန်ကပြောတယ် ကိုရဲ့၊ ကိုယ်ဝန်ဆောင်အမျိုးသမီးဟာ ကိုယ်လက်လှုပ်ရှားနေရမယ်တဲ့။ ဒါမှ အထဲက ကလေးရော မိခင်ရော ကျန်းမာမှာတဲ့။ နောက်ပြီးတော့လေ သမီးမိန်းကလေး ကိုယ်ဝန်ဆောင်ထားရတဲ့ မိခင်ဟာ ပေါ့ပါးပြီး၊ သားယောကျ်ားလေး ကိုယ်ဝန်ကတော့ လေးလံတယ်တဲ့ ပြောကြတယ်



www.burmeseclassic.com

www.burmeseclassic.com

ကိုရဲ့။ ရွှေမြစိန်ကိုယ်ဝန်ကတော့ သမီးမိန်းကလေးဖြစ်မှာ သေချာတယ်လို့ လမ်းထိပ်က အဒေါ်ကြီးက ပြောတယ်"

ဟုလည်း ပြောပြန်၏။ ယခုအချိန်သည် ရွှေမြစိန် စိတ်ချမ်းသာရေးကိုသာ ဦးစားပေးနေရသောအချိန် ဖြစ်သဖြင့် ကျွန်ုပ်အပါအဝင် တစ်အိမ်သားလုံးသည် ရွှေမြစိန်အလိုကျအတိုင်းသာလျှင် ဖြစ်လေ၏။ သူ၏ကိုယ်ဝန်အား နာမည်ကြီးမီးယပ်သားဖွားဆရာဝန်ကြီးနှင့် အပ်ထားပြီး ၎င်းဆရာဝန်ကြီးထိုင်သော နာမည်ကြီး ပုဂ္ဂလိကဆေးရုံကြီးတွင်ပင် မွေးရန်လည်း ဆုံးဖြတ်ပြီးဖြစ်သည့်အပြင် မွေးချင်သည့်အချိန်နှင့် နေ့ရက်အချိန်ကိုပါ ဗေဒင်ဆရာများနှင့် တွက်ချက်ထားပြီးဖြစ်သည့်အားလျော်စွာ အချိန်ကိုက်မွေးရန် စီစဉ်ထားပြီး ဖြစ်လေ၏။

ကျွန်ုပ်မှာလည်း ကလေးအဖေဖြစ်တော့မည့်အရေးကြောင့် ရင်ထဲတွင် တဒွေးဒွေးဖြင့် ရင်ခုန်လျက်ရှိလေ၏။ အာထရာဆောင်းခေါ် ဓာတ်မှန်အဖြေကို ရရှိလေရာ သမီးမိန်းကလေးဖြစ်သဖြင့် ရွှေမြစိန်သည် နာမည်ကိုကြိုတင်ပေးထားပြီးဖြစ်သည်နှင့်အညီ မွေးမည့်နေ့ရက်၊ အချိန်တို့ကိုပါ ဗေဒင်ဆရာတွက်ချက်ပေးထားသည့်အတိုင်း ကြိုတင်စီစဉ်မှုများ ပြုလုပ်လေတော့၏။ ဆရာဝန်ကြီးနှင့် ညှိနှိုင်းတိုင်ပင်ခြင်း၊ ဆေးရုံတွင် ရက်ချိတ်ခြင်း၊ သူနာပြုဆရာမ စီစဉ်ခြင်း စသည်တို့အား သူ့စိတ်တိုင်းကျ ပြုလုပ်လေတော့၏။ ငွေကြေးကုန်ကျစရိတ် လိုအပ်သည်ထက် ပိုမိုကုန်ကျသည်မှလွဲ၍ "ပိုးရတုပွင့်ဖြူ"လေးသည် လူ့လောကသို့ အောင်မြင်ချောမောစွာ ရောက်ရှိခဲ့ပြီဖြစ်၏။ ဆေးရုံတွင် သုံးရက်ခန့်နေပြီး ကလေးရော၊ မိခင်ပါ ကျန်းမာသဖြင့် ဆေးရုံမှ ဆင်းခွင့်ရ၏။

ရွှေမြစိန်တစ်ယောက် ဆေးရုံမှ ဆင်းလာပြီဖြစ်သဖြင့် သတင်းမေးသူ၊ ကလေးလာကြည့်သူများဖြင့် စည်ကားနေ၏။ ကလေးမှာ ချစ်စရာကောင်းကြောင်း၊ အမေနဲ့တူသည်ဟု ပြောသူကပြော၏၊ အဖေနဲ့ ချွတ်စွပ်ပဲဟု ပြောသူက ပြော၏။ ကွယ်လွန်သူ ဒေါ်ခင်မြကြီးအတိုင်းပါပဲဟု ပြောသူပင် ရှိသေး၏။ တကယ်တော့ ကလေးမှာ မွေးကင်းစလေးမို့ ဘယ်သူနှင့်တူသည်ဟု ပြောဖို့ရာ အလွန်ခက်သေး၏။ ကလေးအတွက် လက်ဆောင်ပစ္စည်းကလေးများလည်း ပါလာတတ်ကြ၏။ အချို့က မိခင်ဖြစ်သူအတွက် သင့်တော်သည့် စားသောက်စရာများ ယူလာကြ၏။ ကျွန်ုပ်၏ ခယ်မလေးများကလည်း လာရောက်သည့် ဧည့်သည်များအား လက်ဖက်၊ ကွမ်း၊ ဆေးလိပ်၊ ရေနွေးကြမ်း စသည်တို့ဖြင့် ဧည့်ခံရ၏။ အချို့ကို ထမင်း ဂင်ကျွေးရသေး၏။ လာရောက်ကြသည့် ဧည့်သည်များတွင် အများစုမှာ မိန်းမများဖြစ်၏။ ထိုအထဲတွင် ကျွန်ုပ်၏သူငယ်ချင်းဖြစ်သူ ဉာဏလည်း သတင်းကြားသဖြင့် ရောက်၍လာ၏။ ကျွန်ုပ်တို့ဆိုင်ကလေး ရောင်းကောင်းသည်ကို မြင်ရသဖြင့် သူမှာ ဝမ်းသာလျက်ရှိ၏။ လိုအပ်သည့် အကြံဉာဏ်များပေး၏။ ကျွန်ုပ်တို့အိမ်တွင် ညဥ့်အိပ်ညဥ့်နေ နေပြီးမှ ပြန်သွား၏။

ကျွန်ုပ်သည် ရွှေမြစိန်မီးမထွက်မချင်း ရုံးမတက်သေးဘဲ ခွင့်ယူထား၏။ အိမ်ပေါ်တွင် မိန်းမများ ရောက်တတ်ရာရာစကားများ ပြောနေကြသဖြင့် အိမ်ရှေ့ရှိ ကွပ်ပျစ်ကလေးတွင် တစ်ယောက်တည်း ထွက်၍ထိုင်နေမိ၏။ ညနေစောင်းကလေးဖြစ်ရာ ဆိုင်တွင်လည်း ဈေးဝယ်သူများကျလျက်ရှိ၏။ ခယ်မလေးနှစ်ယောက်မှာ အိမ်ပေါ်တွင် တက်၍ ဧည့်ခံလိုက်၊ ဈေးဆင်းရောင်းလိုက်နှင့် အလုပ်ရှုပ်လျက်ရှိ၏။ သို့သော် သူတို့၏မျက်နှာတွင် ပျော်ရွှင်လျက်ရှိကြောင်း တွေ့ရသဖြင့် ကျွန်ုပ်မှာ စိတ်အေးရ၏။ ကျွန်ုပ်သည် ကျွန်ုပ်၏ဘဝအကြောင်းများကို ပြန်၍တွေးနေမိ၏။ အခက်အခဲဒုက္ခများ ကျော်ဖြတ်ရချိန်တွင် ရှုးသွပ်ချင်လောက်အောင် စိတ်ပျက်ရသကဲ့သို့ ယခုကဲ့သို့ အဆင်ပြေနေချိန်များကျပြန်တော့လည်း ပျော်ရွှင်ရပြန်၏။ ကျွန်ုပ်၏ဘဝသည် တစ်သမတ်တည်းမသွားဘဲ နိမ့်တစ်ခါ၊ မြင့်တစ်လှည့်ဖြင့် သွားနေသည်ကို သတိပြုမိ၏။ ယခုအချိန်သည် အမြင့်သို့ရောက်နေချိန်ဖြစ်သဖြင့် ပျော်ရွှင်နေရပြီ၊ နောက်ဘယ်အခါ အနိမ့်သို့ ရောက်ဦးမည်လဲဟု တွေးကာ စိုးရိမ်စိတ်များ ဝင်နေမိ၏။

ကျွန်ုပ်သည် ဒုက္ခများကို ကြောက်နေပြီဖြစ်၏။ ကျွန်ုပ်၏မျက်လုံးများသည် အဝေးသို့ ကြည့်နေသည်ဟု ထင်ရဖွယ်ရှိသော်လည်း အဝေးသို့မမြင်ချေ။ သို့တိုင် အနီးရှိ ရုပ်ဝတ္ထုများကိုလည်း မမြင်ဘဲ ကြောင်တောင်ကန်းတစ်ယောက်ကဲ့သို့ ဖြစ်၍နေ၏။ သို့သော် ကျွန်ုပ်၏နားများကမူ အဝေးသို့ရောက်နေသည်ဟု ပြောရမည်ဖြစ်၏။ ကျွန်ုပ်၏နားထဲတွင် အဝေးတစ်နေရာမှ တဒေါက်ဒေါက်ထောက်၍လာသော တောင်ဝှေးထောက်သံကို ကြားယောင်နေမိ၏။ တောင်ဝှေးထောက်သံမှာ တစ်စထက်တစ်စ နီး၍လာသည်ဟုလည်း ထင်နေမိ၏။ ကျွန်ုပ်ထံသို့ အဘိုးသူတော်ကြောင် လာနေသည်ဟု စိတ်ထဲတွင် မြင်ယောင်နေမိ၏။

မကြာမီ အဘိုးသူတော်ကြောင်သည် ကျွန်ုပ်၏ မြင်ကွင်းထဲသို့ ရောက်၍လာ၏။ ကျွန်ုပ်သည် ဝမ်းသာ၍သွား၏။



www.burmeseclassic.com

www.burmeseclassic.com

အဘိုးသူတော်ကြောင်အား နေရာထိုင်ခင်းများပေး၏။ ရေနွေးကြမ်း၊ လက်ဖက်သုပ်စသည်များ ချပေးရန် လှမ်း၍အော်ရာ အဘိုးသူတော်ကြောင်က -

"လူလေးက တော်တော် အမှတ်သညာနည်းပေသကိုးကွ"

ဟု ကျွန်ုပ်အား အပြစ်တင်လေ၏။ ထိုအခါမှ ကျွန်ုပ်သည် ဥပုသ်နေ့မှန်း သတိရသွားပြီး ကန်တော့ပါအဘိုးရယ်ဟု လက်အုပ်ချီကာ တောင်းပန်လိုက်ရ၏။

"အေးပါလေ။ လူလေးက သမီးမိန်းကလေးတစ်ယောက်ကား ..ဥ်းရ၊ စီးပွားရေးကလည်း အဆင်ပြေ ..မ ဘာ့ ဒါတွေ မေ့နေမှာပေါ့လေ"

ဟု ခနဲ့တဲ့တဲ့ ပြောလေ၏။ ကျွန်ုပ်မှာ အဘိုးသူတော်ကြောင်ပြောသည့်အတိုင်း မှန်နေသဖြင့် ဘာမှပြန်မပြောတော့ဘဲ ငြိမ်၍ ဝန်ခံလိုက်ရ၏။ ထိုအခါ အဘိုးသူတော်ကြောင်က -

"ဒီလိုရှိတယ် လူကလေးရဲ့။ တို့ဗုဒ္ဓဘာသာဝင်များမှာ သားသမီးတစ်ယောက်ရလာရင် လောကီမင်္ဂလာ ၁၂ ပါးနဲ့အညီ ဆောင်ရွက်ပေးရတယ်ဆိုတာရှိတယ် မောင်ရဲ့။ အဲဒါတွေကို လူလေးသိပြီးသား ဖြစ်ချင်ဖြစ်နေမယ်"

"ဟုတ်ကဲ့၊ သိပါတယ်အဘိုး"

ဟု ဆိုကာ -

"(၁) ဝိဇာယန ဖွားမြင်ခြင်းမင်္ဂလာ၊ (၂) ဖွားမြင်သည်မှ သုံးရက်မြောက်သောနေ့၌ ရတနာသုံးပါး ဘိုးဘွားမိဘဟု ဆိုအပ်သော နန္ဒီမုခနတ်အား ရှိခိုးပူဇော်ခြင်းဟူသော မုဒ္ဒသာနမင်္ဂလာ၊ (၃) ဖွားပြီးသည်မှ ခုနစ်ရက်မြောက်သောနေ့၌ ဆံချရိတ်ခြင်းတည်းဟူသော ကေသစ္ဆေဒနမင်္ဂလာ၊ (၄) ကောင်းမြတ်သောနေ့ရက်တို့၌ ဒေါလာကရဏဟူသော ပုခက်တင်ခြင်းမင်္ဂလာ၊ (၅) ဖွားပြီးသည်မှ ၇၅ ရက်မြောက်သောနေ့၌ ကွမ်းဦးခွံ့ခြင်းဟူသော တမ္ဗူလပဋ္ဌမင်္ဂလာ၊ (၆) ဖွားပြီးသည်မှ သုံးလမြောက်သောနေ့၌ နေ့လတို့ကို ရှုမျှော်စေသော ရဝိန္ဒုဒဿနမင်္ဂလာ၊ (၇) ဖွားပြီးသည်မှ ရက်ပေါင်း ၁၀၀ ပြည့်မြောက်သော် နားမည်မှည့်ခြင်းတည်းဟူသော နာမကရဏမင်္ဂလာ၊ (၈) ဖွားပြီးသည်မှ ခြောက်လမြောက်သောနေ့၌ ထမင်းဦးခွံ့ခြင်းတည်းဟူသော ပဌမဘတ္တမင်္ဂလာ၊ (၉) ဇာတာကာလ ပက္ခနစ်တန်သုမင်္ဂလအခါမှာ ဆံပွဲထုံးခြင်း ကေသဗန္ဓနမင်္ဂလာ၊ (၁၀) လ,နေ နက္ခတ်ကောင်းမြတ်သည့် တိထိ၌ နားထွင်းတန်ဆာဆင်ခြင်းဟူသော ကဏ္ဏဝိဇ္ဈနမင်္ဂလာ၊ (၁၁) သင့်ရွယ်လျောက်လတ် ကောင်းမြတ်သည့်ချိန်ခါ၌ သာသနာ့နဂ္ဂဟ ပဗ္ဗဇ္ဇ ရှင်ပြုမင်္ဂလာ၊ (၁၂) ရွေးချယ်ထိုက်လျောက်ရွယ်ရောက်သင့်ပြား ထိမ်းမြားခြင်းတည်းဟူသော ဒ..ဝါဟ ဝိဝါဟကရဏ လက်ထပ်ထိမ်းမြားခြင်းမင်္ဂလာတို့ ဖြစ်ပါတယ်အဘိုး"

ဟု ပြောပြလိုက်ရ၏။

"အေး...ဟုတ်လိုက်လေ လူလေးရယ်။ မိဘရယ်လို့ဖြစ်လာရင် မိဘတို့ဝတ္တရားရှိသည့်အတိုင်း ပြုဖွယ်အမှုတွေကို ပြုရတယ်ကွယ့်။ လူလေးမှာလည်း သမီးရတနာလေး ရထားပြီဆိုတော့ မင်္ဂလာ ၁၂ ပါးနဲ့အညီ ပြုဖွယ်မှုတွေကို ပြုဖို့ ဝတ္တရားရှိပေတယ်ကွယ့်။ ဒါမှ မင်္ဂလာတရားနဲ့အညီ ဖြစ်ပေမယ်။ တို့မြတ်စွာဘုရားရှင်ကိုယ်တော်မြတ်ကြီး မဖြစ်ခင် သိဒ္ဓတ္ထမင်းသားဘဝတုန်းကတော့ လောကီရေးရာတွေကို စိတ်ပျက်ညစ်ညူးနေတဲ့ တို့ဘုရားအလောင်း..က်ဟာ တောထွက်ဖို့ ကြံရွယ်နေတုန်း ..း တော်လေး မွေးဖွားကြောင်း မှူးကြီးမတ်ရာတွေက လာရောက်လျှောက်တင်ကြတဲ့အခါ 'ဘန္ဓနံ ဇာတံ ရာဟုလော ဇာတော'လို့ ညည်းညူလိုက်တယ်ကွယ့်။ ဆိုလိုတာကတော့ကွယ် ...ရာဟုလာသားတော်လေး မွေးဖွားလာခြင်း(..)ဘ သူ့အတွက် အနှောင်အဖွဲ့ပါပဲဆိုတဲ့သဘောပေါ့။ ခေတ်စကားနဲ့ပြောရရင်တော့ လူ့ရှုပ်ကလေးတစ်ယောက် မွေးလာပြန်ပြီဆိုတဲ့ သဘောပေါ့ကွာ။ ရွှေမန်းတင်မောင်ရဲ့ ဗုဒ္ဓဝင်ဇာတ်တော်တွေထဲမှာ လူလေးကြားဖူးမှာပေါ့။ အင်းလေ...လေးသချေ်နဲ့ ကမ္ဘာတစ်သိန်း၊ ရှစ်သချေ်နဲ့ ကမ္ဘာတစ်သိန်း ပါရမီတော် ဖြည့်ကျင့်တော်မူခဲ့လို့ နောက်ဆုံးဘဝမှာ မုချဧကန် နိဗ္ဗာန်ဉာဏ်ကို ရ..တော်မူမည့် ပုဂ္ဂိုလ်ပေကိုးကွယ့်။ လူလေးတို့လို ပုထုဇဉ်တွေများ ကျပြန်တော့ အနှောင်အဖွဲ့တွေက မလွတ်နိုင်သေးဘူးဆိုတော့ ရှန်းပေဦးဟော့ပေါ့လေ။ တစ်နည်းအားဖြင့် ပြောရရင်တော့ လောကီဝဋ်ကြွေးပေါ့လေ။ ဝဋ်ကြွေးဆိုတာ တင်လာရင် ကျေအောင်ဆပ်ရတယ်ကွ လူလေးရ။ မကျေမချင်းတော့ ဆပ်ပေဦးတော့ပေါ့ လူလေးရာ"

ဟု ပြောဆိုကာ ကျွန်ုပ်အနီးမှ ထွက်ခွာသွားလေတော့၏။ ကျွန်ုပ်အနေဖြင့် ဘာစကားမျှပြောချိန်မရလိုက်ဘဲ အဘိုးသူတော်ကြောင်၏ ကျောပြင်ကြီးအား ငေးကြည့်နေမိလေ၏။ မောင်ရိုပျိုးစ ဖြစ်နေပြီဖြစ်သဖြင့် မကြာမီအချိန်အတွင်း အဘိုးသူတော်ကြောင်သည် ကျွန်ုပ်မြင်ကွင်းမှ ပျောက်ကွယ်၍သွားလေတော့၏။

ပြီး



www.burmeseclassic.com

www.burmeseclassic.com

# ကိုးထပ်ကြီးဘုရားရှိခိုး

မောင်ပုတ်စည်

ဤဆောင်းပါးရေးသူသည် ရှေ့ဆောင်းပါးများ၌ ရွှေတိဂုံစေတီတော်မြတ်ကြီးအား ရှိခိုးသည့် ရွှေတိဂုံစေတီဘုရားရှိခိုး၊ ငါးထပ်ကြီးဘုရားအားရှိခိုးသည့် ဘုရားရှိခိုးများကို ရေးသားခဲ့ပါသည်။ ရွာမှ ဆွေမျိုးများ ရန်ကုန်ရောက်စဉ် ဘုရားဖူးလိုက်ပို့ရင်း တူ၊ တူမကလေးများ နှိုက်နှိုက်ချွတ်ချွတ် မေးမြန်းသဖြင့် ရှာဖွေဖတ်ရှုကာ ဖြေကြားခဲ့ခြင်းအကြောင်းများ ဖြစ်ပါသည်။

ႏၶတို့ကိုပင် ကျေးဇူးတင်ရ ါမည်။ သူတို့မေးသဖြင့် အဖြေပေး ချင်း ရေးဖြစ်ခဲ့ပါသည်။ သူတို့မမေးကြသော်လည်း တစ်ဆက်ငး ည်း စိတ်ကူးရလာသဖြင့် ယခု ကိုးထပ်ကြီးဘုရားရှိခိုးကိုလည်း ဆက်လက်ရေးသားဖော်ပြလိုက်ပါသည်။

## ကိုးထပ်ကြီး တြင်းကျေ၊ နဝင်းကျေ ဘုရားရှိခိုး

သောဘိတံ ထောမိတံ ဗုဒ္ဓံ၊
ကိုးထပ်ကြီးတိ သုမင်္ဂလံ။
ဇားဂရာရာမေ နိမ္မိတံ၊
ဝန္ဒာမိ သိရသာ မဟံ။

ကိုးထင်ကြီးဘုရားဖူးသည့်အခါ အသင့်ရှိခိုးရန်ဖြစ်ပါသည်။ ကိုးနဝင်းကိုက် ကိုးခေါက်ရွတ်ဆို ရှိခိုးပူဇော်နိုင်ပါသည်။ ကိုးရက်အဓိဋ္ဌာန်ဝင်၍လည်း ရှိခိုးနိုင်ပါသည်။ သို့ဆိုလျှင် ကိုးထပ်ကြီးဘုရားဖူးသည့်အခါ ဩကာသဖြင့်သာမက တိတိကျကျ ရှိခိုးဖူးမြော်ရန်အတွက် အဆင်ပြေသွားပါပြီ။

ထိုသို့ ရှိခိုးပူဇော်သည့်အခါ ပါဠိပါဌ်သားများကို ဌာန်ကရိုဏ်းကျကျ ပီပီသသ ရွတ်ဆိုရန် အရေးကြီးသလို၊ အနက်အဓိပ္ပာယ်ငှ ိုလည်း မိမိရရသိဖို့၊ ပုံတော်ကို အာရုံမပြုဘဲ ဂုဏ်တော်ကို အာရုံပြုနိုင်ရန် လွန်ခဲ့သော အနှစ် ၁၀၀ က သမိုင်းသွားအစဉ်ကို အတိုင်းသားထင်အောင် ကွင်းကွင်းကွက်ကွက် ရှင်းလင်းချက်ဖြင့် ဘဒ္ဒန္တစရိယ (နိုင်ငံတော် ဗဟိုသံဃာ့ဝန်ဆောင်) စီစဉ်ရေးသားအပ်သော ကိုးထပ်ကြီးဘုရားသမိုင်းကျောက်စာမှ တင်ပြအပ်ပါသည်။

သတ္တသဋ္ဌိ ဒွေကေ လူတို့ဝေါဟာ၊ ကောဇာတွက်စစ်၊ သက္ကရာဇ် ၁၂၆၇ ခုနှစ်၌ ဇားဂရာရာမေ ရန်ကုန်တိုင်း၊ စမ်းချောင်းမြို့နယ်တွင် မချို့ငယ်အောင် အခြေချ၍ ကေဆယ်လေးလွန်တုံသေး၍ တွက်ရေးသတ်မှတ်၊ တစ်မတ်သာလွန်၊ အမွှန်များစွာ၊ အလားအလာကောင်း၊ တရားဘာဝနာမစောင်းသော ဇားဂရာကျောင်းတိုက်ကြီးအတွင်း၌။

နိမ္မိတံ–ဇမ္ဗူတစ်ခွင်၊ တူယှဉ်ပြိုင်ပြရလျှင်ဖြင့်၊ လူတွင်မကာ၊ နတ်တွေကပါ၊ ဖန်ဆင်းလာ၍၊ ဝိလာသဂ္ဂ၊ စိတြဇေတာ၊ ဣသရရွှေဉာဏ်ဖြင့်၊ မသေွအမှန်ဝင့်ထည်၊ ဝေကံတင့်ဟယ်အောင်၊ ဖူးချင့်စဖွယ် ဉာဏ်သွင်း၍၊ ဖန်ဆင်းတော်မူအပ်ပေထသော။

သောဘိတံ–မြန်မာမှာ စံပြုရတဲ့၊ မဟာဗန္ဓုလ စစ်ခမောက်ပုံလို၊ မျိုးဂုဏ်ဇာတိ၊ တန်ခိုးဂုဏ်အဌာကြည့်လျက်၊ မြန်မာ့၏ကျမ်းအရကို၊ မှန်းဆကြည့်၍၊ ဂန္ဓကုဋိကျောင်းတော်အမိုးတို့ဖြင့်၊ သောင်းကျော်အောင်တန်ခိုးဝင့်တည်သောကြောင့်၊ အမျိုးမျိုးတင့်တယ်ခြင်းလည်း ရှိတော်မူပေထသော။ ထောမိတံ–ပူးမြော်သူကို ခရီးပန်းပေမဲ့၊ အထူးကျော်လိုမူ တစ်နည်းဆန်းတာက၊ စည်းကမ်းအရာရာအဖုံဖုံ၊ ချီးမွမ်းစရာစုံအောင်၊ တန်ခိုးဂုဏ်တို့နှင့်လည်း ပြည့်စုံတော်မူပေထသော။ ကိုးထပ်ကြီး တိတိနာဝမံ–မုနိကိုးဝ၊ နောက်ဆုံးပြု၍ အစစမညှိုးနွမ်း၊ တစ်စဏစ်စတန်ခိုးအစွမ်းတို့ကြောင့်၊ ကိုးဂဏန်းနဝင်းကျေ၊ တြင်းကျေခြင်းနှင့်လည်း ပြည့်စုံတေ ်မူပေထသော။ သုမင်္ဂလံ–ဂွမ်းဆီထိဝ်၊ ရွှန်းပီတိဖြာ၊ သညာတင့်ကာ၊ အစဉ်လာကောင်းသဖြင့်၊ မင်္ဂလာအပေါင်းနှင့်လည်း ပြည့်စုံတော်မူပေထသော။

သုနိဟိတံ–သက်တော်ထင်ရှား၊ မြတ်ဘုရား၏၊ ကိုယ်စားတော်မှတ်၊ ဓာတ်တော်မြတ်တို့၊ ကိန်းဝပ်စံပျော်၊ ရွှေကြုတ်တော်ကို၊ 'ရွှေစေတီ၊ ငွေစေတီ၊ ရွှေဆင ်တု၊ ငွေဆင်းတုကို အစုစုအဝဝ စုပေါင်းကြ၍၊ ကျနထင်လင်း၊ ဝမ်းဗိုက်တော်မှာသွင်း၍၊ ထာပနာခြင်းလည်း ရှိတော်မူပေထသော။

ဗုဒ္ဓံ–ပလ္လင်ဗွေမှ၊ သကေ်ာတဖြင့်၊ ဃဏသေချာ၊ ပေတိုင်းပါသော်၊ ထိပ်တော်မဏိ၊ အမြင့်ထိကာ၊ ခုနစ်ဆယ့်နှစ်ပေမျှ ပမာဏဖြင့်၊ ကာယပြည့်ဖြိုး၊ ထာဝရအာသိတိုးအောင်၊ ကိုးဂဏန်းအရ၊ တန်ခိုးအစွမ်း ပြတော်မူနိုင်သော၊ 'အတုလာဓိပတိမဟာမုနိသကျ'ဘွဲ့တော်သသား၊ ရှင်တော်မြတ်ဘုရားကို။

အဟံ–လောကမှာလည်း ချမ်းသာ၊ သံသရာမှာလည်း တစ်ပန်းသာ၊ နိဗ္ဗာန်တိုင်အောင် လျှမ်းဖြာဖို့၊ မှန်းကာရည်ရော်၊ တပည့်တော်သည်။ သိရသာ–ဦးခေါင်းရတနာ၊ မြတ်အင်္ဂါဖြင့်။ ဝန္ဒာမိ–ဆယ်ချောင်းအစုံ၊ ကြာပဒုံကို၊ ထိပ်မှာတင်မိုး၊ ဦးနှိမ်ချီးလျှက်၊ ရှိခိုးကန်တော့ပါ၏အရှင်ဘုရား။

မောင်ပုတ်စည်



www.burmeseclassic.com

www.burmeseclassic.com



ဘဝအမောလျှာ ခွာချင်လား

# လှတောရွာဟာသများ

ဦးကောင်းထူး

### ကောင်းတာကို စဉ်းစားလိုက်တော့

လှတောသားတစ်ယောက်၏ ဇနီးသည်မှာ ဒီးယပ်ပိန်၊ မီးယပ်ကျိုး ဝေဒနာဖြင့် အိပ်ရာထဲ လဲနေခဲ့သည်မှာ ကာလအတန်ကြာခဲ့ပြီ ဖြစ်၏။

သည့်အတွက် ကောင်းမည်ထင်သော ဆေးဆရာတို့ကို အိမ်သို့ပင့်ပင့် ဖိတ်ကာ လူမမာဇနီးသည်အား ကုသစေ၏။ ဇနီးသည် လူမမာလည်း ဆေးဆရာရောက်လာစဉ် ရောဂါဝေဒနာအတော်အသင့် သက်သာပုံရ၏။ သို့ရာတွင် ဆေးဆရာပြန်ကြွသွားလေသော် ဒုံရင်းကဒုံရင်း ဆိုသလိုပင်။

တစ်နေ့သ၌ ထိုလူမမာရှင်အား သူငယ်ချင်းတစ်ယောက်က လူမမာသတင်းမေးလေ၏။

"ဟေ့ ••• သူငယ်ချင်း၊ မင့်မိန်းမအခြေအနေ ဘယ်လိုလဲဟေ့"

"သိပ်တော့မထူးလှပါဘူးကွာ။ ကုတုန်းခဏပဲ။ ပြီးတော့လည်း ဒုံရင်းကဒုံရင်းအတိုင်းပါပဲ"

"ဒါဖြင့် ဆက်ကုရဦးမှာပေါ့"

"ငါတော့ စိတ်တောင်ကုန်လာပါပြီကွာ။ ငါ့မိန်းမက ဆေးဆရာလာတုန်းသက်သာတာဆိုတော့ ••• အင်း ••• ဒင်းကို ငါနဲ့ကွာရှင်းခိုင်းပြီး ဆေးဆရာနဲ့ ပေးစားလိုက်ရရင် ကောင်းမလားလို့"

"အယ် •••"

✦

### ကွန်တိန်နာတောင် မဆံ့ပါ

ဝက်လက်ရွာဘုရားပွဲ၌ ဘောလုံးပြိုင်ပွဲလည်းပါ၏။

အဆိုပါ ဘောလုံးပြိုင်ပွဲ ဗိုလ်လုပွဲတွင် နောက်ဆုံးဗိုင်နယ် ထိပ်တိုက်တွေ့ကြရသည်က ရွာခံ ဝက်လက်အသင်းနှင့် လှတောအသင်းတို့ ဖြစ်ကြ၏။ ထိုပွဲ၌ ဝက်လက်အသင်းက လှတောအသင်းအား တဒိုင်းဒိုင်းနှင့် ဂိုးများစွာရှုံးခဲ့ရာ လှတောအသင်းခမျာ မရှုမလှ၊ ရှပ်ပျက်ဆင်းပျက် ရှုံးနိမ့်ခဲ့ရ၏။ အချို့က လှတောအသင်းအား •••

"မင်းတို့အသင်း မရှုံးခံနိုင်ဘူးလားကွာ။ ဝက်လက်က လူလည်ကျသွားတာ။ မြို့နယ်လက်ရွေးစင်တွေ ရှပ်ဖျက်ပြီး ထည့်ကစားသွားတာ မင်းတို့မရိပ်မိဘူးလား"

ဟူ၍ မသိမသာ တို့ထောင်ပေး၏။ သို့ရာတွင် အသင်းအုပ်ချုပ်သူတို့က အကျယ်အကျယ် မငြိမ်းဖွယ်တွေ ဖြစ်မလာရလေအောင် သည်စကားကို သည်မှာပဲ ရပ်တန့်စေ၏။ သို့ဖြင့် လှတောအသင်းလည်း အရှုံးကို ရင်ဝယ်ပိုက်လျက် ပြန်လာခဲ့ကြရ၏။ ရွာသို့ရောက်လေသော် ရွာခံများက ဆီးကြို၍ မေး



www.burmeseclassic.com

www.burmeseclassic.com

မြန်းကြလေ၏။

"ဟေ့ ... လှတောဒ. သင်းရှုံးတယ်ဆို။ ဝက်လက်က ဘယ်နှဂိုးများတောင် သွင်းလိုက်လို့လဲ"

ဤတွင် အသင်းအုပ်ချုပ်သူက

"သူတို့ရှုံးတဲ့ ဘောလုံးတွေကို တစ်လုံးချင်းသာ သိမ်းခွင့်ပေးမယ်ဆိုရင် ကွန်တိန်နာတစ်စီးနဲ့တောင် ဆံ့မှာမဟုတ်ဘူး"

ဟုသူသတည်း။

✦

## စ ဂိုတောင် ရေမဆွတ်ဘူး

ဒ.ပင်စိုက် လှတောသားတောင်သူဦးကြီးတ. အဖို့ စိုက်ပျိုးရေးအောင်မြင်ဖြစ်ထွန်းဖို့ရာအတွက် ရေသည် မရှိမဖြစ်။

အထူးသဖြင့် တူးမြောင်းအတွင်းသို့ မူးရေ မြန်မြန်လာစေရန်အတွက် ဆုတောင်းရသည်မှာ အမောသား။ ရေကလည်း မြန်မြန်မရ၊ မှန်မှန်လည်း မလာလို့ကတော့ ရင်ထဲ ဗလောင်ဆူကာ ကျွက်စီကျွက်စီ ပူညံပူညံ ဖြစ်ရပါပေ၏။

တစ်နေ့သ၌ လှတောသားဦးကြီးသည် မူးရေတူးြေ ာင်းသို့ ရေလာမလာသိဖို့အရေး သားတော်မောင်ကို သွားကြည့်ခိုင်းလေ၏။ သားတော်မောင်ကလည်း ပေတိပေကတ်။

"ဟကောင် ... ရ၊ ရေလာမလာသိရအောင် ကိုယ့်ဘာက်က သွားစောင့်ရမှာပေါ့"

"ဟာ ... ခြင်ကိုက်ခံ၊ ဖြုတ်ကိုက်ခံနဲ့ဗျာ။ အဖေ့ရေက ဘယ်လောက်လာမှာတဲ့လဲ။ လာတဲ့အခါ နှပ်တစ်ခါ ညှစ်တောင် ကြာတာမဟုတ်ဘဲနဲ့"

"ဘာပဲဖြစ်ဖြစ် အကျိုးတော့မမဲ့နိုင်ပါဘူး လူလေးရယ်"

ဤတွင် သားတော်မောင်ကလည်း လှတောသွေးပီသစွာဖြင့် –

"အကျိုးရှိပါလိမ့်မယ် အားကြီး။ အဖေ့ မူးရေက ဘယ်လောက်များ လွှတ်မှာမို့လို့လဲ၊ ရေလာပြီဆို ပက်လက်လှဲကြည့်လိုက် ... အဖေ့ရေက စအိုတောင် ဆွတ်မသွားဘူး"

ဟု ပြောချလိုက်လေသတည်း။

✦

## ကင်းသမားမို့ တော်ရော့သည်

ကျေးရွာအုပ်ချုပ်ရေးမှူးထံသို့ လှတောသားတစ်ယောက် သူမွေးထားသော ဆိတ်ကလေးပျောက်သွားသည့်အတွက် မျက်နှာကလေးရှုံ့မဲ့ရှုံ့မဲ့ဖြင့် လာရောက်တိုင်ကြားလေ၏။

"ဒါထက် မောင်ရင့်အလုပ်က"

"အခကြေးငွေယူပြီး မီးကင်းစောင့်ပါတယ်ခင်ဗျာ"

"အိုကွယ် ... ဖြစ်ရလေ။ သည်လိုလူမျိုးဆီက ပစ္စည်းကို နိုးဝှက်ယူငင်တာ တော်တော်လေး ရက်စက်တာပဲ"

"ဟုတ်ပါတယ်ခင်ဗျာ။ ကျွန်တော့်မှာ ပိုင်ဆိုင်တဲ့ဥစ္စာဆိုလို့ အဲသည်ဆိတ်ကလေးတစ်ကောင်တည်း ရှိတာပါ။ ကျွန်တော့်ဘဝအတွက် စဘူးပေါ့ခင်ဗျာ"

"အင်း .. ဟုတ်ပါပြီ မောင်ကင်းသမားရယ်။ ဒါထက် မောင်ရင့်ဆိတ်ကလေးကို ဘယ်မှာချည်ထားရင်း ပျောက်သွားတာတဲ့လဲ"

သည်အခါ ကင်းသမားပြောလိုက်သည့်စကားကြောင့် ကျေးရွာအုပ်ချုပ်ရေးမှူးမျက်နှာမှာ ထန်းလျက်တစ်ခြမ်း၊ သံပရာတစ်ခြမ်း ဖြစ်သွားပါတော့သည်။

ပြောပုံကိုလည်း ကြည့်ပါဦး။

"ဟုတ်ကဲ့ ... ကျွန်တော် မီးကင်းစောင့်တဲ့ မျှော်စင်တဲရဲ့ အောက်ခြေတိုင်မှာ ချည်ထားတာပါ"တဲ့။

ကိုင်း ... ကောင်းပါလေရော။

✦

## ကူလီနဲ့တောင် တူလာပြီ

လှတောရွာသားကြီးသည် လက်ဖက်ရည်ဆိုင်၌ထိုင်ရင်း ဖြတ်သွားဖြတ်လာတို့ကို ရေနွေးကြမ်းသောက်ရင်း ငေးကြည့်နေလေ၏။

ဤတွင် ၎င်း၏မြင်ကွင်းထဲသို့ ကျောင်းသားငယ်လေးတစ်သိုက် ဝင်ရောက်လာလေ၏။

ကလေးများ၏ ဒ.ရွယ်မှာ ငယ်လွန်းလှသည်။ အသက်အားဖြင့် ၅,၆,၇ ဝန်းကျင်ခန့်သာ ရှိ၏။ အရပ်တွေကလည်း ခပ်ပုပု။ အတန်းတွေကို မေးကြည့်တော့ သူငယ်တန်း၊ ပထမတန်း၊ ဒုတိယတန်း စသည်တို့လောက်သာ။ သို့ရာတွင် ၎င်းတို့လွယ်ထားသော လွယ်အိတ်မှာကား ခန္ဓာကိုယ်အရွယ်အစားနှင့် မလိုက်ဖက်လောက်အောင် ကြီးမားလှ၏။ စာအုပ်တွေက လွယ်အိတ်ထဲမှာပင် မဆံ့၍ထင့်။ လက်ကတောင် ကိုင်ထားရပါသေး။ သည်လိုမြင်ကွင်းကြောင့် လှတောသားကြီးလည်း အေးနေပြီဖြစ်သော ရေနွေးကြမ်းဖြင့် ပလုတ်ကျင်းကာ ထွေးထုတ်လိုက်ပြီး ...

"အလိုလေး .. လေး ... မင်.တို့ကိုကြည့်ရင ၁ ကျောင်းသွားမယ့်ကလေးတွေနဲ့ မပ႗ ူး။ ကုန်တင်ကုန်ချလုပ်နေတဲ့ အထမ်းကူလီတွေနဲ့ တူမှန်းမသိ တူလာပြီ"

ဟု တုတ်ထိုးအိုးပေါက် ပြောချလိုက်လေသတည်း။

✦

## ဒေးတာလောက်တော့ မပြောနဲ့

ဟစ်နေ့သ၌ လှပောရွာရှိ သမီးရှင်တစ်ဦး၏အိမ်သို့ သားရှင်နှင့်ပတ်သက်သော လူကြီးသူမအချို့ ရောက်လာကာ သားရေးသမီးရေး ကိစ္စများကို ပြောဆိုကြောင်းလမ်းကြလေ၏။



www.burmeseclassic.com

www.burmeseclassic.com

ဤတွင် သမီးရှင်ဘက်မှ လူများက သားရှင်ဘက်မှ လူများအား တီးခေါက်မေးမြန်းရာ တစ်ဖက်ကလည်း မေးလာသမျှကို ပြေလည်ရာပြေလည်ကြောင်း ပြောဆိုကြလေ၏။

"နေစမ်းပါဦးဗျာ။ နောင်ကြီးတို့ ပြောတဲ့ ကောင်လေးက ရိုးရိုးအအရှိပါရဲ့လား"

"ရိုးအလွန်းတာများတော့ ပြောမဆုံးပေါင်ပါဗျာ။ ပါးစပ်ထဲ ရေဝင်သွားတာတောင်မှ ငုံနေသေးတယ်။ မျိုချဆိုမှ မျိုချတာဗျ။ အဲသလောက်ထိ ရိုးအတာ"

"ဟုတ်ပါပြီဗျာ။ ဒါထက် အနေအထိုင်ကော အေးဆေးရဲ့လား"

"အေးတာတော့ မပြောနဲ့တော့ဗျာ။ ခိုက်ခိုက်တုန်အောင်ချမ်းတဲ့ ဆောင်းတွင်းကြီးမှာ ရေခဲချောင်းကို ယပ်ခတ်ပြီး စားရင်း အအေးပတ်ခံနေတတ်တဲ့ကောင်လေးဗျ"

✦

## ခိုင်းနိုင်းလိုက်ပုံများ

လှတောရွာ ကျေးလက်ဆေးပေးခန်းသို့ လှတောသူတစ်ဦး အပြေးအလွှားရောက်ရှိလာပြီး ကျန်းမာရေးမှူးနှင့် တွေ့ဆုံလေ၏။

"ဆရာ ... လုပ်ပါဦး။ ကျွန်မယောက်ျား ဝမ်းတွေ ဒလဟောသွားနေလို့"

"ဟာ ... ဒါဆို ဝမ်းလျှောတာပဲ။ ကဲ ... ပြောပါဦး၊ သူဝမ်းလျှောတဲ့ အနေအထား"

"ဝမ်းလျှောလိုက်ပုံများကတော့ ဝရော,ဝရောနဲ့ မိလ္လာပိုက်ကြီး ပေါက်သလိုပါပဲ ဆရာရယ်"

"အယ် ... ခင်ဗျားယောက်ျား အစားတွေစုံတယ် ထင်ရဲ့"

"စုံတာတော့ ပြောမနေနဲ့ ဆရာ။ သူ့ကို 'ဆိတ်ပါးစပ်နဲ့ နတ်မျက်စိ'လို့တောင် ပြောကြတယ်။ စားစရာမှန်သမျှ သူ့မျက်စိမှ မြင်တတ်တယ်။ စားပြီဆိုလျှင် တွေ့ကရာ ဘာမှ အလွတ်ပေးတာ မဟုတ်ဘူး။ သူမစားတာဆိုလို့ မစင်နဲ့ အန်ဖတ်ပဲ ရှိလိမ့်မယ်ထင်တယ်"

"ကိုင်း ... ဟုတ်ပါပြီ။ ခင်ဗျားသည့်ကိုလာတော့ သူ့ရဲ့အခြေအနေက ဘယ်လိုလဲ"

"ဟလိုလေး ... ဆရာရယ်။ ငရုတ်သီးဖေင်ပြုယ ပြုတ်ကျသွားတဲ့ ပိုးဟပ်ပေါက်လိုပါပဲ။ တစ်ကိုယ်လုံးပျော့အိပြီး ဖြူရော်နေလေရဲ့"

✦

## ပြိတ္တာလေလော၊ ဘီလူးလော

တစ်နေ့သ၌ လှတောရွာရှိ အိမ်တစ်အိမ်သို့ ဧည့်သည်တစ်ဦး ရောက်လာ၏။

ဧည့်သည်ရောက်လာချိန်က စားချိန်သောက်ချိန်ဖြစ်နေသည့်အတွက် အိမ်ရှင်လည်း ရှိသမျှ ထမင်းဟင်းလျာတို့ကို ခူးခပ်ပြင်ဆင်လျက် ဧည့်သည်အား ဧည့်ခံကျွေးမွေးရလေ၏။

ဧည့်သည်လည်း မည်မျှလောက်ဆာလောင်နေသည်မသိ။ အိမ်ရှင်ချထားပေးသမျှကို အားပါးတရ ဖိတွယ်လေရာ စားပွဲပေါ်၌ ရှိသမျှ ထမင်းဟင်းလျာတို့မှာ တက်တက်ပြောင်သွားကြလေတော့၏။ ထိုမြင်ကွင်းကို အပေါ်ထပ်ခိုးသို့ အပို့ခံထားရသော အိမ်ရှင်၏သားနှစ်ယောက်မှာ မကျေမနပ်ဖြင့် စကားဆိုမိကြလေ၏။

"အစ်ကိုကြီးရေ ... သည်ဧည့်သည်ကြည့်ရာ လူနဲ့ကို မတူဘူး။ စားရမဲ့သောက်ရမဲ့ ပြိတ္တာနဲ့ကို တူ .. တူလာသနော်"

"အလိုလေးကွာ။ မင်းက ပြိတ္တာနဲ့တူတယ် ပဲ့ ပြောနေတယ်။ ငါ့အမြင်ကတော့ ဝေသာလီပြည်ကနေ ခုန်ကူးလာတဲ့ ဘီလူးကြီးများလားလို့၊ တောက် .. တို့စားဖို့ရာတွေ ကုန်ပါပြီဗျာ၊ ကုန်ပါပြီ"

✦

## နေ့ကလေးထိန်းကျောင်းနဲ့ မှားနေလို့

လှတောသားတစ်ယောက် ကိုယ်ရေးကိုယ်တာကိစ္စဖြင့် ရန်ကုန်သို့ရောက်လာ၏။ ဤတွင် တောင်ဥက္ကလာရှိ မိတ်ဆွေတစ်ဦးက ရန်ကုန်သို့ရောက်လာလျှင် မိမိ၏အိမ်၌ တည်းခိုပါရန် မကြာခဏဆိုသလို ဖိတ်ခေါ်ထားလေရကား လှတောသားလည်း မိတ်ဆွေပေးထားသည့် လိပ်စာအတိုင်း တောင်ဥက္ကလာသို့ ရောက်သွားလေ၏။

မိတ်ဆွေပေးထားသော လိပ်စာအတိုင်း အိမ်သို့ဝင်သွားရာ တစ်အိမ်လုံးကလေးငယ်တွေချည်း တွေ့မြင်ရရာ ထိုကလေးငယ်များကြားမှပင် မိတ်ဆွေလင်မယားကို မနည်းပင် ရှာဖွေရလေ၏။ မိတ်ဆွေလင်မယားလည်း ဧည့်သည်လှတောသားကို မြင်လျှင် ဝမ်းသာအယ်လဲဖြင့် ဆီးကြိုလေ၏။ ကလေးတွေကို ကြည့်ရင်း လှတောသားလည်း မနေနိုင်မထိုင်နိုင်ဖြစ်သဖြင့် မေးမြန်းလေရာ မိတ်ဆွေလင်မယားမှ ပေါက်ဖွားသော ရင်သွေးရတနာများဖြ[illegible] း သိရလေ၏။

ဤတွင် လှတောသားလည်း ..

"ဟမယ်လေးလေ .. မသိပေါင်ဗျာ။ ကျုပ်က ခင်ဗျားတို့လင်မယား နေ့ကလေးထိန်းကျောင်းများ ဖွင့်ထားသလားလို့"

ဟု ထင်မြင်သည့်အတိုင်း ရင်ဖွင့်လိုက်လေသတည်း။

ဦးကောင်းထူး



www.burmeseclassic.com

www.burmeseclassic.com

# ကေမ္ဘာ

မှ

ဖော်စပ်ဖြန့်ချိလျက်ရှိသောဆေးများ



အား! ဦးဘညွန့် သား
စတုမဂ္ဂ ကိုစား



လေနဲ့ပတ်သက်သမျှ
တကဲ့လေဆေး မှ ရသဗျ



သက်ရှည်ဘူများသုံးစွဲတာက ဦးမောင်ရဲ့
သက်ရှည်ကျန်းမာ ကေမ္ဘာ ဆေးလုံးပါ



မြင်းခွာဆေးလုံး အစဉ်သုံး
မျက်စိအကြောအတွက် တန်ခိုးထက်



ဖြူကြွက်သွန် နဲ့ နှစ်လွန်းချား
ကျန်းမာလိုသူများ အမြဲစား



ရွှေသွားတိုးလေဝင်းကာဖွယ်ထား
နန္ဒင်းခါးဆေးလုံး နေ့စဉ်စား

ကျန်းမာရေး မြန်မာ့ဆေး

## ကေမ္ဘာ

မှ

အစဉ်ပေး



ပျိုမေတို့တွေ
အသားအရေ
ဝါဝင်းဖို့
ကေမ္ဘာ
ဆန္ဒင်းလုံး ကို
သုံးကြစို့

## ကေမ္ဘာဆေးတိုက်မှ ထုတ်လုပ်သည်။

❁ ၁၃၄၊ တက္ကသိုလ်ရိပ်သာလမ်းသစ်၊ ကုက္ကိုင်း၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း - ၅၄၉၁၁၆၊ ၅၉၁၂၃၉
❁ ၂၈၊ ဗိုလ်ချုပ်ဈေး (မြောက်ဘက်တန်း အပေါ်ထပ်)၊ ရန်ကုန်မြို့။ ဖုန်း - ၃၂၅၆၅၉၊ ၂၄၀၉၆၆-လိုင်းခွဲ-၄၁၅

www.burmeseclassic.com

www.burmeseclassic.com



www.burmeseclassic.com

www.burmeseclassic.com

# ခေါင်းတလားမှ သဲလွန်စ

မနုဿကျော်ဝင်း(အမျိုးသားစာပေဆုရ)

"ဟာ…အတော့်ကို စိတ်ဝင်စားစရာကောင်းတဲ့ ပစ္စည်းပဲ။ ဒီသဲလွန်စကို အကြောင်းပြုပြီး နောက်ထပ်ပစ္စည်းတွေ အများကြီး တွေ့ရလိမ့်ဦးမယ်။ ဟန်ကျလိုက်လေကွယ်"

၁၉၆၃ ခုနှစ်တွင် ဖြစ်၏။ ကိုယ့်ဒူးကိုယ်ချွန် သန်းကြွယ်သူဌေးကြီး အီတာလျံလူမျိုး "ကာလိုလေရီးချို"သည် သူ့မိတ်ဆွေထံမှ စာကိုဖတ်ရင်း အထက်ပါအတိုင်း ကြွေးကြော်လိုက်ခြင်း ဖြစ်၏။

သူ့မိတ်ဆွေက လူသေအလောင်းထည့်သည့် ရှေးဟောင်းခေါင်းကြီးတစ်လုံးကို ရောမမြို့ ပြတိုက်တစ်ခုထဲတွင် မိမိတွေ့ရှိထားကြောင်း၊ လင်မယားနှစ်ယောက်တို့၏ ရုပ်ပုံသဏ္ဍာန်ကို အဖုံးပေါ်တွင် ရုပ်ကြွအဖြစ် ပုံဖော်ထားသည့် မြေထည် ခေါင်းတလားကြီးဖြစ်ကြောင်း ထိုစာထဲတွင် ဖော်ပြထား၏။

"ဒါဟာ ရှေးဟောင်းအီထရုစကင်းလူမျိုးတွေ အသုံးပြုခဲ့တဲ့ ခေါင်းတလားပဲ။ ငါရောမကိုသွားပြီး အဲဒီခေါင်းကို သေသေချာချာ လေ့လာရမယ်။ ဒါမှ ငါ့ရဲ့ ရည်ရွယ်ချက်ကို ဆက်ပြီးအကောင်အထည်ဖော်နိုင်မှာ"

သူတွေးထင်ချက်အတိုင်း မှန်ပါသည်။ ထိုပစ္စည်းသည် ရှေးခေတ် အီထရုစကင်းလူမျိုးတို့က အသုဘကိစ္စအတွက် အသုံးပြုခဲ့သည့် ခေါင်းကြီးဖြစ်ကြောင်း သူကိုယ်တိုင် မျက်ဝါးထင်ထင် တွေ့မြင်ရသောအခါ၌ တပ်အပ်သေချာ သိခဲ့ရတော့သည်။

ရှေးခေတ် ဂရိနှင့် ရောမတို့၏ ယဉ်ကျေးမှုအကြောင်းကို ကမ္ဘာက ကျယ်ကျယ်ပြန့်ပြန့် သိရှိခဲ့ကြ၏။ အီထရုစကင်းလူမျိုးတို့၏ ယဉ်ကျေးမှုအကြောင်းကိုမူကား သိသူအလွန်နည်းပါးလှ၏။ အကြောင်းကား ထိုလူမျိုးတို့သည် ခရစ်တော်မပေါ်မီ နှစ်ပေါင်းအတန်ကြာကပင် ကမ္ဘာမြေပေါ်မှ ပျောက်ကွယ်သွားခဲ့ကြသောကြောင့် ဖြစ်၏။

သူတို့၏ ယဉ်ကျေးမှုအမွေအနှစ်ပစ္စည်းများသည် မြေသားထုအောက်တွင် နှစ်ပေါင်းအတန်ကြာအောင် ကိန်းဝပ်တိမ်မြုပ်နေခဲ့ရာ အပျော်တမ်း ရှေးဟောင်းသုတေသနပညာရှင် "ကာလိုလေရီးချို"က ကြိုးပမ်းရှာဖွေတော့မှသာ ဘွားခနဲ စိတ်ဝင်စားစဖွယ် ပေါ်ထွန်းလာခဲ့ရပေတော့သည်။

တကယ်တော့ ကာလိုလေရီးချို လေ့လာတတ်ကျွမ်းသည်မှာ ဘူမိရူပဗေဒပညာဖြစ်၏။ မြေကြီးထဲမှ ရေနံကြောကို စမ်းသပ်ရှာဖွေသည့် ပစ္စည်းကိရိယာတွေ သူ့လက်ဝယ် မြောက်မြားစွာ ရှိနေ၏။

"ဒီပစ္စည်းကိရိယာတွေနဲ့ မြေအောက်မှာရှိတဲ့ ရှေးဟောင်းပစ္စည်းတွေကို စမ်းသပ်ရှာဖွေမယ်ဆိုရင်ကော မဖြစ်နိုင်ဘူးလား။ လိုလျှင်ကြံဆ နည်းလမ်းရမှာပေါ့"

သူသည် ဤလိုစိတ်ကူးမျိုးကို ရလျှင်ရချင်းပင် လက်တွေ့အကောင်အထည်ဖော်လေတော့သည်။

## တောင်းတင်ခေတ်ပုံ

အဆောက်အအုံပျက်များ၊ ကျင်းဟောင်းများကို ဖုံးလွှမ်းထားသော မြေသားသည် ရိုးရိုးသဘာဝမြေသားနှင့်



www.burmeseclassic.com

www.burmeseclassic.com

အရောင်အဆင်းချင်းကွဲပြားခြားနားၾ။ မြေသားထူပြီး မြေဩဇာကောင်းသော နေရာမျိုး၌ ပေါက်သည့်အပင်တို့သည် စိမ်းလန်းစိုပြည်ပြီး ရှင်သန်ကြီးထွား ကြ၏။

မြေသားထူပါးသည့်နေရာ (ဝါ) မြေသားအောက် အဆောက်အအုံရှိသည့် နေရာမျိုး၌ ပေါက်သောအပင်တို့မှာမူကား မြေဩဇာဓာတ် ကောင်းမွန်စွာ မရသဖြင့် အရောင်အဆင်း ဖျော့တော့၏။ သေးငယ်ကြုံလှီ၏။ မြေသားနှင့် အပင်များ၏ အရောင်အဆင်းကွဲပြားခြားနားမှုကို မြေပြင်ပေါ်၌ သာမန်မျက်စိဖြင့် ကြည့်ရှုသိရှိခွဲခြားနိုင်ရန် ခက်ခဲသော်လည်း လေယာဉ်ပျံပေါ်မှ ရိုက်ကူးထားသည့် ဓာတ်ပုံများထဲတွင်မူကား ပေါ်လွင်ထင်ရှားလှပေသည်။ ကာလိုလေရီးချီသည် ထိုကောင်းကင်ဓာတ်ပုံမျိုးတို့ကို အသုံးပြုလျက် အီထရူးစကင်းလူမျိုးတို့၏ သင်္ချိုင်းဟောင်းနေရာများကို ရှာဖွေခဲ့၏။

နေရာကို သေသေချာချာတွေ့ရှိရပြီဆိုလျှင် ထိပ်တည့်တည့်လောက်ဆီမှ အပေါက်ငယ်ဖောက်ပြီး ဓာတ်မီးနှင့် ယှဉ်တွဲထား ်သည့် ပယ်ရီစကုပ်မှန်ဘီလူးကို ယင်းအပေါက်ငယ်မှ ...ဆင့် အောက်ဘက်သင်္ချိုင်းဂူထဲသို့ ပို့သွင်း၏။ သင်္ချိုင်းဂူထဲတွင် မည်သို့သော အနေအထားမျိုးနှင့် မည်သည့်ပစ္စည်းမျိုးတွေ ရှိသည်ကို ပယ်ရီစကုပ်ဖြင့် ကြည့်ရှု၏။ သင်္ချိုင်းဂူတွင် ပန်းချီရုပ်ပုံများကို တွေ့ရှိရသည်ဆိုပါစို့။ ပယ်ရီစကုပ်ကိုဖြုတ်၍ ကင်မရာကို အစားထည့်သွင်းပြီး ဓာတ်ပုံများ ရိုက်ကူးရယူ၏။ ဤသို့ ပဏာမ စူးစမ်းပြီးပါက စနစ်တကျ တူးဖော်လျှင် အကျိုးရှိနိုင်မည့် သင်္ချိုင်းဂူဟောင်းနေရာမျိုး ဟုတ်မဟုတ် ဆန်းစစ်သုံးသပ် သိရှိနိုင်၏။

## တူးဖော်သုတေသန၏ ရလဒ်

ပဏာမ စူးစမ်းမှုအရ တူးဖော်သင့်သည့်နေရာမျိုး ဖြစ်ကြောင်း ဆန်းစစ်တွေ့ရှိရလျှင် ကာလိုလေရီးချီသည် သက်ဆိုင်ရာအာဏာပိုင်များထံသို့ ချက်ချင်းအကြောင်းကြား၏။ တူးဖော်သုတေသနပြုနိုင်ရေးအတွက် ဆက်လက်စီစဉ်ဆောင်ရွက်၏။ သင်္ချိုင်းဂူနံရံပန်းချီ ရုပ်ပုံတစ်ခု၌ အီထရူးစကင်း...မျိုးတို့၏ နိစ္စဓူဝ လုပ်ငန်းများ ...ဆောင်ရွက်နေပုံကို ဖော်ပြထားကြောင်း တွေ့ရှိခဲ့ရ၏။ ယခင်အခါက နံရံပန်းချီရှိသည့် အီထရူးစကင်း သင်္ချိုင်းဂူဟောင်းပေါင်း ၂၈ ခုလောက်ကိုသာ တွေ့ရှိခဲ့ကြဖူး၏။ ကာလိုလေရီးချီ၏ ကြိုးပမ်းမှုကြောင့် ရှစ်နှစ်တာ ကာလအတွင်း ထိုသို့သော သင်္ချိုင်းဂူဟောင်းပေါင်း ၆၀ ခန့်ကို ထပ်မံတွေ့ရှိနိုင်ခဲ့ရ၏။

၁၉၇၁ ခုနှစ်အကုန်တွင် စာရင်းချုပ်လိုက်သောအခါ သူသည် အီထရူး...ကင်းလူမျိုးတို့၏ သင်္ချိုင်းဂူဟောင်းပေါင်း ၈၀၀၀ ခန့်ကို စူးစမ်းလေ့လာနိုင်ခဲ့ပြီး ...ဖြစ်ကြောင်း သိရှိရ၏။ ရှေးဟောင်းပစ္စည်းပေါင်း ၃၀၀၀၀ ခန့်တို့ကိုလည်း ရရှိစုဆောင်းနိုင်ခဲ့သည်။ ယင်းပစ္စည်းတို့မှာ ပန်းအိုးအမျိုးမျိုးများ၊ မြေအိုးများနှင့် ကြေးရုပ်တုများ စသည်တို့ ဖြစ်ကြ၏။

## သူတို့အကြောင်း တဇစ်တစောင်း

အီထရူးရီးယားနိုင်ငံကို တည်ထောင်ခဲ့သော အီထရူးစကင်း လူမျိုးတို့၏ အချက်အချာမြို့တော်ကြီးသည် ရောမမြို့၏မြောက်ဘက် ၁၂ မိုင်အကွာတွင် တည်ရှိခဲ့၏။ ခရစ်တော်မပေါ်မီ နှစ်ပေါင်း ၆၀၀ ခန့်ကတည်းကပင် အီထရူးစကင်း လူမျိုးတို့သည် အလွန်အဆင့်အတန်းမြင့်မားလှသော ယဉ်ကျေးမှုမျိုးကို ပိုင်ဆိုင်နိုင်ခဲ့ကြ၏။ အနောက်ဥရောပတစ်ခွင်၌ ယဉ်ကျေးမှုအာဖြင့် ထိပ်ဆုံးအဆင့်တွင် တည်ရှိခဲ့သည်ဟူ၍ပင် ဆိုနိုင်လောက်ပေ၏။

သံသတ္တု အလွန်ပေါကြွယ်သောဒေသဖြစ်ရကား အီထရူးရီးယားနိုင်ငံသည် အလွန်ကြွယ်ဝပြီး တန်ခိုးဩဇာလည်း ကြီးမားခဲ့၏။ ဘီစီ ၆၀၀ မှ ဘီစီ ၄၇၅ ခုနှစ်အထိ ယခုလက်ရှိ အီတလီနိုင်ငံ၏ နယ်မြေသုံးပုံတစ်ပုံခန့်ကို စိုးမိုးထားနိုင်ခဲ့သည်။ သို့တစေ အီထရူးစကင်းလူမျိုးတို့သည် စည်းလုံးညီညွတ်သူများ မဟုတ်ကြလေရကား နှစ်များမကြာမီအတွင်း၌ပင် သူတစ်ပါး၏ လက်အောက်သို့ ကျရောက်သွားခဲ့ရလေသည်။ မြောက်ပိုင်းမှ ဂေါလ်လူမျိုးတို့ကလည်းကောင်း၊ တောင်ဘက်မှ အီတာလျံလူမျိုးစုများကလည်းကောင်း သူတို့ကို တစ်စတစ်စနှင့် လွှမ်းမိုးလာခဲ့ကြသည်။ နောက်ဆုံးတွင် . . . အီထရူးရီးယားနိုင်ငံ၏ မြောက်ဘက်ဒေသသည် ဂေါလ်လူမျိုးတို့၏ လက်အောက်သို့ လုံးဝကျရောက်သွားခဲ့ရလေတော့၏။

ဘီစီ ၂၅၀ တွင် အီထရူးစကင်းတို့၏ အချုပ်အခြာအာဏာအားလုံးသည် ရောမတို့၏လက်တွင်းသို့ ...ဆင်းသွားခဲ့ရတော့၏။ ရောမတွင် မာ...ရီးယတ်(စ်)နှင့် ဆူလာအမည်ရှိ ခေါင်းဆောင်နှစ်ဦးတို့ အားပြိုင်နေကြရာ အီထရူးစကင်းလူမျိုးတို့က မားရီးယတ်(စ်)ဘက်မှ ထောက်ခံမိခဲ့ကြ၏။ မားရီးယတ်(စ်) အရေးနိမ့်သွားသောအခါ ဆူလာက လက်စားချေသည့်အနေဖြင့် သူတို့၏ မြို့ပြနှင့် အထိမ်းအမှတ်အဆောက်အအုံများကို မီးရှို့ခဲ့၏။ မှတ်တမ်းများကိုလည်း မီးရှို့ဖျက်ဆီးပစ်ခဲ့သည်။ သို့နှင့် နောက်ဆုံး



www.burmeseclassic.com

www.burmeseclassic.com

ပွင် အီထရူးရီးယားနိုင်ငံသည် ကမ္ဘာ့မြေပုံပေါ်မှ လုံးဝပျောက်ကွယ်သွားခဲ့ရလေတော့သည်။ သို့တစေ သူတို့၏ ယဉ်ကျေးမှုအမွေအနှစ်အမတော်များများကိုတော့ ရောမသားတို့က ဆက်ခံခဲ့ကြရ၏။ ရောမဘုရင် ခုနစ်ဆက်အနက် နောက်ဆုံးသုံးဆက်တို့မှာ အီထရူးစကင်းအနွယ်ဝင်များ ဖြစ်ခဲ့ကြ၏။

အီထရူးစကင်းလူမျိုးတို့သည် ကမ္ဘာပေါ်၌ ပထမဦးဆုံးနှင့် အကြီးဆုံးသော ဆပ်ကပ်(စ်)ကပွဲရုံကြီး၊ ခံတပ်ကြီးနှင့် ဆာဗီယံမြို့ရိုးကြီးတို့ကို ဘည်ဆောက်ခဲ့ကြ၏။ ထို့ပြင် ခေဟ်မီ မိလ္လာနှင့် ရေဆိုးပြွန်ကြီးကို သွယ်တန်းအသုံးပြုခဲ့ကြသည်။ ယင်းပြွန်ကြီးသည် မျက်မှောက်ခေတ်အထိပင် အကောင်းပကတိ ရှိနေသေးသည်ကို တွေ့ရ၏။

ရောမတို့၏ အချုပ်အခြာအာဏာကို ပြဆိုသည့် သင်္ကေတဖြစ်သော ပုဆိန်တွင် တုတ်များ ချည်နှောင်ထားသည့် ရုပ်ပုံမှာ အီထရူးစကင်းလူမျိုးများထံမှ အမွေဆက်ခံခဲ့ခြင်းဖြစ်၏။

ထို့အပြင် တိရစ္ဆာန်ဟို့၏ ဝမ်းဗိုက်ကိုခွဲပြီး အသည်းကို ကြည့်၍လည်းကောင်း၊ လျှပ်စီးလက်သည်ကို ကြည့်၍လည်းကောင်း အတိတ်နိမိတ်ကောက်ပြီး ဗေဒင်တွက်ချက်နည်းများသည် အီထရူးစကင်းတို့ထံမှ အမွေရရှိခဲ့ခြင်းပင် ဖြစ်၏။

အီထရူးစကင်းတို့သည် အချုပ်အခြာအာဏာကို စွန့်လွှတ်ပြီးသည့်နောက်ပိုင်းတွင်ပင် စတိုင်ကျကျ ဇိမ်ခံ၍ နေထိုင်သွားခဲ့ကြ၏။ အိမ်တွင်းပုန်း ကျွန်မများကဲ့သို့ ရောမအမျိုးသမီးများ နေထိုင်ရချိန်၌ အီထရူးစကင်းအမျိုးသမီးများက လွတ်လပ်စွာ လည်ပတ်သွားလာနိုင်ခဲ့ကြ၏။ ကပွဲများသို့ တက်ရောက်ဆင်နွှဲနိုင်ခဲ့ကြ၏။ အီထရူးစကင်းအမျိုးသမီးများသည် ခေတ်မီသူများပီပီ ဆံပင်ကို ဆေးရောင်အမျိုးမျိုး ဆိုးခဲ့ကြ၏။ ကော့စမစ်တစ်ကို အသုံးပြုခဲ့ကြ၏။ နှုတ်ခမ်းဆိုးခဲ့ကြ၏။ သူတို့အသုံးပြုခဲ့သည့် နှုတ်ခမ်းဆိုးဆေးဘစ်တောင့်ကို တူးဖော်တွေ့ရှိခဲ့ရရာ မျက်မှောက်ခေတ်တိုင်အောင်ပင် အခြေအနေကောင်းမွန်ဆဲဖြစ်ကြောင်း ဆန်းစစ်တွေ့ရှိခဲ့ရ၏။ (ရုပ်ရှင်မင်းသမီးတစ်ဦးက ယင်းနှုတ်ခမ်းဆိုးဆေးတောင့်ကို အသုံးပြုကြည့်ရာ နှုတ်ခမ်းဆိုး၍ရသေးကြောင်း တွေ့ရှိခဲ့ရပါသည်။)

ကျွမ်းကျင်လှသော ရွှေပန်းထိမ်နှင့် ငွေပန်းထိမ်ပညာရှင်များ၊ ဆေးပညာရှင်ဆရာဝန်များနှင့် သွားဘက်ဆိုင်ရာ ဆရာဝန်များလည်း ထိုခေတ်တွင် ပေါ်ထွန်းခဲ့ကြောင်း သိရှိရ၏။ တူးဖော်တွေ့ရှိခဲ့ရသော လူ့ဦးခေါင်းခွံမှ သွားအတုများသည် မျက်မှောက်ခေတ်တွင် ပြုလုပ်သည့် သွားအတုများကဲ့သို့ပင် အရည်အသွေးပြည့်မီကြောင်း အံ့ဩစဖွယ် ဆန်းစစ်တွေ့ရှိခဲ့ရပါသည်။ ရောမသားတို့သည် ၎င်းတို့၏ ရင်သွေးများကို အီထရူးစကင်းတို့၏ မြို့ကြီးများဆီသို့ စေလွှတ်၍ ပညာဆည်းပူးစေခဲ့ကြောင်း သိရှိရပါသည်။

## လုပ်စရာတွေ

"အီထရူးစကင်း ယဉ်ကျေးမှုအကြောင်း ဟောဒီပုဂ္ဂိုလ်လောက် သိတဲ့လူ ဒီကမ္ဘာပေါ်မှာ ရှိလိမ့်မယ်လို့ ကျုပ်တော့ မထင်မိပေါင်ဗျာ"

ပညာရှင်တစ်ဦးက ကာလိုလေရီးချီကို လက်ညှိုးညွှန်ပြပြီး တအံ့တဩ ချီးကျူးခြင်း ဖြစ်သည်။

"အလုပ်လုပ်လေ လုပ်စရာတွေက များလေ ဆိုတာကို သိလာရတယ်ဗျာ။ အီထရူးစကင်းလူမျိုးတွေရဲ့ ကျန်တဲ့သင်္ချိုင်းဂူဗိမာန်ပေါင်းတွေကို အမြန်ဆုံး ဖော်နိုင်ဖို့ တစ်ကျ တူးဖော်သုတေသနမပြုနိုင်ရင်တော့ ကျွန်တော်ရင်ကျိုးရမှာ အမှန်ပဲ။ ဘာ့ကြောင့်လဲဆိုတော့ မြေပိုင်ရှင်တချို့က သူတို့ရဲ့ မြေကွက်တွေမှာ ဓာတ်မြေဩဇာတွေ တအားသုံးပြီး ထွန်ရေးနက်နက် ထွန်ကြ၊ စိုက်ကြတော့ မြေသားထုအောက်မှာရှိနေတဲ့ သင်္ချိုင်းဂူဗိမာန်ထဲက ဂူနံရံဆေးရေးပန်းချီတွေ ပျက်စီးသွားနိုင်တယ်။ ဒါ့အပြင် အီထရူးစကင်းတွေရဲ့ ရှေးဟောင်းပစ္စည်းတွေကို သိုက်သမားတွေက ငွေနဲ့ပေါက်ပြီး လိုက်ဝယ်နေကြတော့ သူတို့ရဲ့ အန္တရာယ်ကလည်း တစ်မှောင့်ပါပဲဗျာ" ကာလိုလေရီးချီက စိတ်ပူပန်စွာ ပြောဆိုခဲ့ခြင်း ဖြစ်၏။

## နမူနာယူစရာ

အထက်ပါ ကာလိုလေရီးချီ၏ ဖြစ်ရပ်မှာ ကျွန်ုပ်တို့အတွက် နမူနာယူစရာပင်ဖြစ်၏။ မြန်မာပြည်တစ်ဝန်းတွင် အတိတ်ခေတ်ဆိုင်ရာ သဲလွန်စပစ္စည်းများကို မကြာခဏဆိုသလို မတော်တဆ တွေ့ရှိရတတ်ကြသည်။ အမှုမဲ့အမှတ်မဲ့ မနေဘဲ အီတာလျံသူဌေးကြီး ကာလိုလေရီးချီကဲ့သို့ ယင်းသဲလွန်စပစ္စည်းတို့ကို ဆန်းစစ်၍ ခြေရာခံကြမည်ဆိုလျှင် မျက်ကွယ်တွင် တိမ်မြုပ်ပျောက်ကွယ်နေဆဲဖြစ်သော ရှေးဟောင်းမြေနေရာများ၊ မြို့တော်များကို ထပ်မံတွေ့ရှိနိုင်ကြလိမ့်မည် ဖြစ်သည်။

**မနုသဿကျော်ဝင်း**
(အမျိုးသားစာပေဆုရ)



www.burmeseclassic.com

www.burmeseclassic.com

# ဥပဒေပညာရှင် ဆရာဦးကျော်ဇောနိုင်

## တကွသိုလ်သခင်



[illegible]ကျော်ဇောနိုင်က မူပိုင်ခွင့်ဆိုင်ရာ
[illegible]များ ဟောပြောခဲ့ပါတယ်

ဆရာဦးကျော်ဇောနိုင် မတ်လ ၂၁ ရက်နေ့တွင် ကွယ်လွန်ခဲ့ကြောင်း သတင်းစကားကြားရပြီး သိရပြီး နောက်တစ်နေ့သတင်းစာတွင် နာရေးကြော်ငြာ ပါလာသည်။ သည်တော့မှပင် ဆရာသည် မွန်ပြည်နယ်၊ မော်လမြိုင်ဇာတိ ဖြစ်သည်ကို သိရ၏။

ဆရာနှင့် ကျွန်တော် သိကျွမ်းခင်မင်ခဲ့သည်မှာ လွန်ခဲ့သည့် ၁၀ နှစ်ခန့်ကပင်။ ဆရာ့ကို မော်လမြိုင်သားမှန်းလည်း မသိ။ ကျွန်တော် မြန်မာနိုင်ငံစာပေနှင့်စာနယ်ဇင်းအဖွဲ့တွင် အချိန်ပြည့် တာဝန်ထမ်းဆောင်စဉ်က ဆရာသည် ကျွန်တော်တို့ရုံးသို့ ဝင်ထွက်သွားလာလေ့ရှိ၏။ ဆရာသည် ဥပဒေပညာရှင် ဖြစ်သည်နှင့်အညီ WIPO (ဉာဏပစ္စည်းမူပိုင်ခွင့်)နှင့် ပတ်သက်၍ ကျွမ်းကျင်သူလည်း ဖြစ်၏။



www.burmeseclassic.com

www.burmeseclassic.com

မြန်မာနိုင်ငံ စာပေနှင့် စာနယ်ဇင်း
အဖွဲ့. WIPO ဌာနချုပ်တို့ ပူးတွဲကျင်းပ
သည့် ဉာဏပစ္စည်း မူပိုင်ခွင့်ဆိုင်ရာ
အလုပ်ရုံဆွေးနွေးပွဲများ၊ နီးနှောပွဲများတွင်
ဆရာသည် ဆရာဦးမျိုးသန့်(မောင်ဆုရှင်)
နှင့်အတူ ရှေ့တန်းက ပါဝင်ခဲ့၏။ ဆရာ
တို့နှစ်ဦးသည် WIPO နှင့်ပတ်သက်လာ
လျှင် မြန်မာနိုင်ငံစာပေနှင့် စာနယ်ဇင်း
အဖွဲ့က အားထားရသူများ ဖြစ်၏။ ဆရာ
တို့နှစ်ဦးကြောင့် ကျွန်တော်တို့အဖွဲ့ကြီး
ဂုဏ်ဝင့်ထည်ခဲ့ပါ၏။ ထိုစဉ်ကပင် ဆရာ
ဦးကျော်ဇောနိုင်ကို ကျွန်တော် လေးစား
ခဲ့ရ၏။

ဆရာသည် တက္ကသိုလ်ဆရာတစ်
ဦး ဖြစ်သဖြင့်လည်း အဟောအပြော
ကောင်း၏။ မဂ္ဂဇင်း၊ ဂျာနယ်များတွင်
ဆရာရေးသော ဆောင်းပါးများမှာ အတွေး
အမြင်ပါသဖြင့် ကျွန်တော်ကြိုက်သည့်
အတွက် "အောင်ဆု"လူငယ်ဂျာနယ်ကို
ကျွန်တော်တာဝန်ခံထုတ်ဝေသည့်အခါ
ဆရာ့ဆောင်းပါးများကို ဦးစားပေးဖော်ပြ
ခဲ့၏။ ဆရာ၏ အတွေးနှင့် အရေးအသား
ပွင့်လင်း၏၊ ရဲရင့်၏။ ဆရာ့ရေးဟန်က
တစ်မျိုးတစ်ဘာသာမို့ ဖတ်၍ကောင်း
သည်။ ခေါင်းစဉ်ပေးပုံကလည်း ဆန်း
သည်။ အောင်ဆုဂျာနယ်ကို ခြောက်လ
ခန့်ထုတ်ပြီးနောက် ထုတ်ဝေသူက ရပ်
ဆိုင်းလိုက်သည့်အခါ ဆရာ့ဆောင်းပါး
များနှင့် ကျွန်တော်ကင်းကွာသွား၏။ သို့
ရာတွင် ဆရာ့ကို အစည်းအဝေးများ၊
အခမ်းအနားများတွင် တွေ့နေရ၏။

ဆရာသည် ဥပမိရုပ်ကောင်းသည်။
အသားဖြူဖြူနှင့် ခန့်သည်။ မွန်ပြည်နယ်
သားဖြစ်၍လား မဆိုနိုင်။ လူပုံက ချော
သည်၊ တစ်ခုပဲရှိသည်။ ဆံပင်တစ်ခေါင်း
လုံး ဖြူဆွတ်နေသည့် ဆရာ့ကို တစ်ခါ



**အများပြည်သူဝန်ဆောင်မှု သတင်းစာအုပ်ချုပ်ရေးအဖွဲ့**
**ဖိလစ်ပိုင်နိုင်ငံမှ ပြန်လည်ရောက်ရှိ**

တွေ့ဖူးလျှင် မှတ်မိလွယ်သည်။ ဆရာ့
စကားသံက မော်လမြိုင်သံ ထွက်နေ
သည်။ ကျွန်တော့်စကားသံသည်လည်း
မော်လမြိုင်သံထွက်နေကြောင်း ခင်မင်
ရင်းနှီးသူများက ဆိုကြသည်။

**ဆရာသည် စာရေးရာတွင် ပွင့်**
**လင်းသကဲ့သို့ စကားပြောဆိုရာတွင်**
**လည်း ပွင့်လင်းသည်။ ဟောဟောဒိုင်း**
**ဒိုင်းရှိသည်။ အစည်းအဝေးများတွင်**
**ပြောစရာရှိလျှင် အားမနာတမ်း ပြော**
**တတ်၏။**

ဆရာ့ကို ကျွန်တော်တွေ့စက
တက္ကသိုလ်ဆရာမှန်း လုံးဝမသိ။ ရှေ့နေ
တစ်ဦးဟုပင် ထင်ခဲ့သည်။ ဆရာ့နှာရေး
ကြော်ငြာကို ဖတ်ရတော့မှပင် ဆရာသည်
ဥပဒေပညာဌာန၏ တွဲဖက်ပါမောက္ခ တစ်
ဦးဖြစ်ကြောင်း သိတော့သည်။ အဘယ့်
ကြောင့်ဆိုသော် ဆရာသည် ဟိတ်ဟန်
မရှိ၊ ပကာသနမရှိ၊ အနေအထိုင် ရိုးစင်း
၏။ ဆရာနှင့် ရင်းနှီးမှုမရှိလျှင် ဆရာသည်
တက္ကသိုလ်ဆရာတစ်ဦး၊ အရာရှိကြီးတစ်
ဦးအဖြစ် ခန့်မှန်းနိုင်မည် မဟုတ်ပေ။

ကျွန်တော် ဆရာ့ကို တွေ့သည့်အခါတိုင်း
ဆရာသည် သားရေလက်ဆွဲအိတ်တစ်
လုံးနှင့် အလုပ်များနေတတ်သည်။ အမြဲ
လိုလို လှုပ်လှုပ်ရှားရှားနေသည်။

**ဆရာသည် လူမှုရေးကိစ္စများ**
**တွင် အားတက်သရော ပါဝင်လေ့ရှိသူ**
**ဖြစ်သည်။ ကျွန်တော်တို့ ဉာဏပစ္စည်း**
**ဆိုင်ရာ မူပိုင်ခွင့်ကိစ္စ လုပ်စဉ်ကဆို**
**လျှင် ဆရာသည် အိမ်ကိုပင်မပြန်ဘဲ**
**ဆရာမောင်ဆုရှင်နှင့်အတူ ဟိုတယ်**
**တွင် အိပ်ပြီး အလုပ်လုပ်သည်။ ထိုသို့**
**လုပ်သည့်အတွက် ဆရာ မည်သည့်**
**အခကြေးငွေမျှ မရ။ စေတနာ့ဝန်ထမ်း**
**သက်သက်သာ ဖြစ်သည်။**

ယခုလည်း ဆရာ၏နာရေးကြော်
ငြာကို ဖတ်ရသောအခါ ဆရာသည် နိုင်ငံ
တော် ပရိယတ္တိသာသနာ့တက္ကသိုလ်တွင်
တွဲဖက်ဌာနမှူးတာဝန် ယူထားသည်ကို
တွေ့ရ၏။ မည်သည့်ခံစားခွင့်များ ရရှိသည်
ကို ကျွန်တော်မသိ။ စေတနာ့ဝန်ထမ်း
(သို့မဟုတ်) ကုသိုလ်ဖြစ်လည်း ဖြစ်ချင်
ဖြစ်နိုင်သည်။

www.burmeseclassic.com

www.burmeseclassic.com

ထို့အပြင် နိုင်ငံပိုင်သတင်းစာများကို အများပြည်သူဝန်ဆောင်မှုသတင်းစာ (Public Service Media-PSM) များအဖြစ် ပြောင်းလဲရာတွင် လိုအပ်သော မူဝါဒများ၊ ကျင့်ဝတ်များ၊ အယ်ဒီတာများအတွက် လမ်းညွှန်ချက်များ ချမှတ်နိုင်ရန် အဖွဲ့ဝင် ငါးဦးပါ သတင်းစာအုပ်ချုပ်ရေးအဖွဲ့(Governing Body)ကို ၂၀၁၂ ခုနှစ် အောက်တိုဘာလ ၁၈ ရက်နေ့တွင် ပြန်ကြားရေးဝန်ကြီးဌာနက ဖွဲ့စည်းပေးခဲ့၏။

အဆိုပါ အဖွဲ့ဝင် ငါးဦးတွင် ဆရာဦးကျော်ဇောနိုင် ပါဝင်သည်။ ဆရာသည် ဥပဒေပညာရှင်ဖြစ်သ ဖြင့်သည်။ ဥပဒေနှင့် ဆက်စပ်ပတ်သက်သော ကိစ္စများတွင် ဆရာ၏ ကျွမ်းကျင်မှုနှင့် ဝါသနာအရ ဆရာ့အား လူကြီးများက ယုံကြည်စွာ တာဝန်ပေးခြင်းဖြစ်သည်ဟု သဘောရပါ၏။ မကြာသေးမီက ဆရာသည် ယင်းအဖွဲ့ ဥက္ကဋ္ဌ ဦးရဲတင့်(ရဲတင့်)၊ အဖွဲ့ဝင် ဦးတင်ခ(တက္ကသိုလ်ဘင်ခ)တို့နှင့်အတူ ဖိလစ်ပိုင်သမ္မတနိုင်ငံရှိ မီဒီယာလုပ်ငန်းများကို ၂၀၁၃ ခုနှစ်၊ မတ်လ ၄ ရက်မှ ၉ ရက်အထိ လေ့လာခဲ့သေးကြောင်း သိရ၏။

ဆရာမကွယ်လွန်မီ ရက်အနည်းငယ်ခန့်ကပင် (ရက်အတိအကျဆိုရလျှင် ၂၀၁၃ ခုနှစ်၊ မတ်လ ၁၆ ရက်နေ့) မြန်မာနိုင်ငံစာရေးဆရာအသင်းနှင့် မြန်မာနိုင်ငံ စာပေထုတ်ဝေသူနှင့် ဖြန့်ချိသူများအသင်းတို့ ပူးတွဲကျင်းပသည့် "စာရေးသူနှင့် ထုတ်ဝေသူတို့၏ မူပိုင်ခွင့်ဆိုင်ရာ သိကောင်းစရာ ဟောပြောပွဲ"ကို မြန်မာနိုင်ငံစာရေးဆရာအသင်း၌ ကျင်းပခဲ့ရာ "မူပိုင်ခွင့်ဆိုင်ရာ သိကောင်းစရာများ" အကြောင်းကို ဆရာတက်ရောက်ဟောပြောခဲ့သည်။

ဆရာဦးကျော်ဇောနိုင် ကွယ်လွန်ခဲ့သည့်အချိန်တွင် အနီးကပ်ရှိခဲ့သူ ဆရာဝန်လည်းဖြစ်၊ နိုင်ငံခြားသတင်းထောက်တစ်ဦးလည်း ဖြစ်သည့် ဆရာဇော်သန်းက ပေါ်ပြူလာဂျာနယ်ကို ဤသို့ပြောဆိုရှင်းပြခဲ့သည်ဟု ဖတ်ရသည်။

"၂၀၁၃ ခုနှစ်၊ မတ်လ ၂၁ ရက်နေ့မှာ ယုဇနဂါးဒင်းဟိုတယ်၌ ကျင်းပပြုလုပ်တဲ့ နိုင်ငံတကာ သတင်းမီဒီယာနဲ့ မြန်မာစာနယ်ဇင်းသမားများ ပါဝင်တဲ့ ဆွေးနွေးပွဲမှာ ဦးကျော်ဇောနိုင် Heart Attack ရတယ်။ ပါးစပ်က အမြှုပ်တွေထွက်၊ လက်တွေကပ်ပြီး တက်သွားတယ်။ နှလုံးခုန်ရပ်သွားတယ်။ မျက်နှာတစ်ခုလုံးက အောက်ဆီဂျင်မရလို့ ပြာနမ်းနေတယ်။ အောက်ဆီဂျင်မရလို့ သွေးက ဦးနှောက်ကို မရောက်တော့ဘူး။ မျက်နှာတစ်ခုလုံး ပြာတက်လာတယ်။ နှလုံးခုန်အောင် ပြန်လုပ်တော့ မျက်နှာ နည်းနည်း ပြန်ဖြူလာတယ်။

Green Cross ဆေးရုံကိုရောက်တော့ ဆရာဝန်က အသက်မရှိတော့ဘူးလို့ ပြောတယ်။ ရန်ကုန်ဆေးရုံကြီးမှာလည်း ထပ်စမ်းသပ်တယ်။ အသက်မရှိတော့ဘူးဆိုပြီး Confirm လုပ်တာပေါ့။ ရုတ်တရက် နှလုံးရပ်ပြီး သေဆုံးခြင်းလို့ ကျွန်တော်ထင်တယ်။

သူက ပြီးခဲ့တဲ့ရက်ပိုင်းအတွင်းမှာ တော်တော်လေး ပင်ပင်ပန်းပန်း ဖြစ်ခဲ့ပုံရတယ်။ အဲဒီ ဒဏ်ပိမှုတွေကို မခံနိုင်တော့တဲ့အခါကျတော့ အခုလိုဖြစ်သွားတာလို့ ထင်ပါတယ်။

သူက ဥပဒေနဲ့ပတ်သက်လို့ ဒေါက်တာဘွဲ့ရထား‌တာ။ Social Science ရော Law ရော အဲဒီလို ဥပဒေနဲ့ ပတ်သ[illegible]လို့ အင်မတန်ကျွမ်းကျင်တဲ့သူပါ။ မူ[illegible]င့်နဲ့ ပတ်သက်တဲ့ ဥပဒေတွေ၊ သူလုပ်ခဲ့တာတွေ အများကြီးပဲ။ သူ့ရဲ့ နောက်ဆုံးအချိန်မှာ ကျွန်တော်က ဆရာဝန်တစ်ယောက်အနေနဲ့ တတ်နိုင်သမျှ ကူညီပေးလိုက်နိုင်တာကတော့ တစ်ခ[illegible]က်တာ ဘယ်တော့မှ မေ့မရနိုင်တော့တဲ့ အငြ[illegible]ပါပဲ"

ဆရာဦးကျော်ဇောနိုင်သည် အသက် ၆၅ နှစ်ရှိပြီ ဖြစ်သော်လည်း သူ၏ ဗီဇ စိတ်ဓာတ်အခြေခံဖြင့် လူမှုရေးလုပ်ငန်းများကို မနားမနေ လုပ်ကိုင်ရင်း ကွယ်လွန်ခဲ့ခြင်း ဖြစ်ပါ၏။ ဆရာသည် ၎င်းကျွမ်းကျင်သည့် မူပိုင်ခွင့်ဆိုင်ရာအကြောင်းကို ဟောပြောပြီး စင်ပေါ်မှဆင်း၍ အောက်သို့ရောက်သည်နှင့် "မူးတယ်၊ မူးတယ်" ဟုဆိုကာ မြန်မာနိုင်ငံသတင်းစာဆရာအသင်း၊ တွဲဖက်အတွင်းရေးမှူး(၁) ဒေါက်တာမျိုးမင်းထိုက်၏ လက်ပေါ်တွင် ကွယ်လွန်ခဲ့ခြင်းဖြစ်ကြောင်း သိရ၏။

ဆန့်သောလက် မကွေးမီ၊ ကွေးသောလက် မဆန့်မီ ကွယ်လွန်ခဲ့ကြသူများ အမြောက်အမြားရှိပါ၏။ ယခု ဆရာဦးကျော်ဇောနိုင်သည်လည်း ထိုသဘောပင် ဖြစ်ပါ၏။ လူမှုရေးလုပ်ငန်းများကို အားတက်သရော ထမ်းဆောင်ရင်း ကွယ်လွန်သွားခဲ့သော ဆရာ့အား ကောင်းရာ သုဂတိရောက်စေရန် ဆုတောင်းလိုက်ပါ၏။

တက္ကသိုလ်သခ်



www.burmeseclassic.com

www.burmeseclassic.com



# တေးသံရှင် ကိုခင်မောင်တိုး

နှင့်

# ကြိုးကြာသံ

ဘကြီးဇင်

မိုးအကုန် ဆောင်းအကူးဆီသို့ ရောက်လာခဲ့လေပြီ၊ အေးမြသော မြောက်ပြန်လေသည် ကျွန်တော်နေထိုင်ရာ အဆောင်အတွင်းသို့ ဝင်ရောက်တိုးဝှေ့တိုက်ခတ်လျက်ရှိလေ၏။

ကျွန်တော်သည် မန္တလေးမြို့၊ အောင်ပင်လယ်အရပ်ရှိ အရှေ့သို့ မျက်နှာမူနေသော သုံးထပ်တိုက်အပေါ်ဆုံးထပ်တွင် စာရေးခြင်း၊ စာဖတ်ခြင်းအလုပ်တို့ဖြင့် ဘဝကို တိတ်ဆိတ်ငြိမ်သက်စွာ ဖြတ်သန်းလျက်ရှိလေသည်။

နေဝင်ရိုးရီအချိန်၌ တယ်လီဖုန်းသံမြည်လာသဖြင့် နားထောင်လိုက်ရာ တစ်ဖက်က မိတ်ဆွေတစ်ဦး၏ အသံကိုကြားရပြီး ကျွန်တော်တို့ ချစ်ခင်လေးစားကြသော တေးသံရှင် ကိုခင်မောင်တိုး (၁၅. ၁၁. ၂၀၁၂) တနင်္ဂနွေနေ့က စင်ကာပူနိုင်ငံ၌ ဆေးကုသွားရင်း ကွယ်လွန်အနိစ္စရောက်ရှာကြောင်း သတင်းပို့လေသည်။

ကျွန်တော်သည် သတင်းပို့သွားသော မိတ်ဆွေကြီး ဖုန်းချသွားသည့်တိုင် ကျွန်တော့်လက်ထဲကဖုန်းကို ပြန်မချနိုင်ဘဲ "ဖြစ်ရလေ ..."ဟု ဝမ်းနည်းကြေကွဲလျက် ငေးငိုင်နေမိပါသည်။

ကျွန်တော်၏ စိတ်အစဉ်တို့သည် ဟိုး ... လွန်ခဲ့တဲ့ ၁၅ နှစ်ဝန်းကျင်သို့ ပြန်လည်ရောက်ရှိသွားလေ၏။

ကျွန်တော့်စိတ် အမှတ်မမှားလျှင် ဟိုး ... လွန်ခဲ့တဲ့ ၁၅ နှစ်ဝန်းကျင်ကပဲလို့ ဆိုကြပါစို့ ...။

• • • • •

www.burmeseclassic.com

ရှပ်ရှင်မင်းသားကိုဇော်ဝမ်းရယ်၊ ကျောက်မဲကိုအေးလွင်ရယ်၊ ကျွန်တော်ရယ် သုံးယောက်သား ရန်ကုန်တက္ကသိုလ် ဘွဲ့နှင်းသဘင်ခန်းမဆောင်၏ နောက်ကျောဘက် အင်းယားကန်နံဘေး စားသောက်ဆိုင်တစ်ခု၌ အဆာပြေစားသောက်ကြပြီး မြို့ထဲသို့သွားရန် ကျွန်တော်၏ကားလေးဖြင့် ထွက်လာကြရာ အင်းယားလမ်းပေါ်အရောက် ကိုဇော်ဝမ်းက ကားမောင်းနေသော ကျွန်တော့်ဘက်လှည့်ပြီး ...

"အစ်ကို ... အချိန်ရရင် ရှေ့နားလေးတစ်နေရာ ခဏဝင်ကြရအောင်။ အားရဲ့လား ..."ဟု ပြောရာ –

ကျွန်တော်က –

"ဆို ... အားပါတယ်၊ ဝင်လေ။ ဘယ်နေရာလဲ၊ လမ်းပြော"

ဟု ပြန်ပြောလိုက်ပါသည်။

ကိုဇော်ဝမ်းက လမ်းအညွှန်းပြောပြီး သူပြောသည့်အညွှန်းအတိုင်း ဝင်သွားကြရာ (လင်းစတူဒီယို)သို့ ရောက်သွားကြပါသည်။ အထဲဝင်သွားတော့ အသံသွင်းထားသော သီချင်းများကို ပြန်ဖွင့်၍ နားထောင်နေကြတာ တွေ့ရလေ၏။

ကျွန်တော်က ကိုဇော်ဝမ်းကို "ဘာလဲ"ဟု မေးထိုးပြီး အမူအရာလေးနှင့်မေးရာ ကိုဇော်ဝမ်းက –

"ကိုခင်မောင်တိုး ဒီမှာ အသံသွင်းနေတာ"

ပြောလေ၏။ ကျွန်တော်တို့လည်း ငြိမ်၍ သီချင်းနားထောင်ကြလေသည်။

ကိုခင်မောင်တိုးအသံမှာ ငြိမ်၍ 'လုံ'လေ၏။ စာသားများလည်း ပီသလေသည်။

"ရိုးမပေါ် ဖြတ်ကျော်သွားချိန် ××× စီးလမ်းလေကြောင်းလွှာထဲ ××× ချင်းနှင်းဝင်ရောက်လာပြီးရင် ××× အားစိုက်မျှောလိုက်နဲ့ ××× မိုင်ထောင်ချီ ပျံလေပြီ ××× ကြိုးကြာငှက်တို့ရဲ့ မိုင်ထောင်ချီခရီးစဉ် ×××"

ကျွန်တော်က ကိုဇော်ဝမ်းအနားကပ်ပြီး –

"ကိုဇော် ... စာသားတွေကောင်းလှချည်လား။ ဘယ်သူရေးတာလဲ"

ဟု မေးရာ ကိုဇော်ဝမ်းက –

"အဥ္စလီမောင်မောင်"

ဟု နှုတ်ကဖြေပြီး မျက်စိမှိတ်၍ သီချင်းအပေါ် အာရုံစိုက်နေလေ၏။ ကိုခင်မောင်တိုးက ခပ်လှမ်းလှမ်းတွင် တစ်ယောက်တည်းရပ်ရင်း သီချင်းကို နားထောင်နေလေသည်။ သီချင်းပြီးဆုံးသွားသောအခါ ကိုဇော်ဝမ်းက သူ့အနားတွင်ရှိသော သူ့မိတ်ဆွေတစ်ယောက်အား ပြုံးပြပြီး –

"ကောင်းတယ်ဗျာ ...။ သီချင်းနာမည်လေးက ..."

ဆိုပြီးမေးသောအခါ ထိုမိတ်ဆွေက "ကြိုးကြာသံ"ဟု ဖြေလေ၏။

ဘဝခရီးကို ဖြတ်သန်းနေကြသော
ကျွန်တော်တို့မှာလည်း ဆွေမျိုးသားချင်း
မိတ်ဆွေရင်းများ တစ်ယောက်ပြီးတစ်ယောက်
မီးရထားကြီးပေါ်က ဆင်း၍ ကျန်ရစ်ခဲ့ကြသလို
ဖြစ်ခဲ့ကြသည်မှာလည်း များလှလေပြီ။

"လုပ်ပါဦးဗျာ။ တော်တော်ကောင်းတာပဲ။ တစ်ကျော့လောက် လုပ်စမ်းပါဦး"

ဟု ပြောသောအခါ ထိုမိတ်ဆွေက ခွင့်ပြုချက်ယူသည့်သဘောဖြင့် ကိုခင်မောင်တိုးကို လှမ်းကြည့်ရာ ကိုခင်မောင်တိုးက ပြုံး၍ ခေါင်းညိတ်ပြလေ၏။ ကျွန်တော်တို့လည်း ပူပူနွေးနွေး အသံသွင်းထားသည့် 'ကြိုးကြာသံ'ကို တစ်ကျော့ပြန်၍ နားထောင်ခွင့်ရကြလေသည်။

"မိုးဦးဝင်ရောက်လာတဲ့အခါ ××× ရိုးမပေါ်ဖြတ်ပျံရင်း ××× မြောက်ဘက်ကိုဦးတည်လှည့်ကာ သားပေါက်ရာအရပ်ဆီ မိုင်ထောင်ချီ ပျံလေပြီ ××× ကြိုးကြာငှက်တို့ရဲ့ မိုင်ထောင်ချီခရီးစဉ် ××× မျိုးဆက်ရဲ့အားမာန်တစ်ခုပါ ××× လမ်းကြောင်းမှန်ရွေးချယ်ခြင်း ××× အများနည်းတူ သက်လုံမကောင်းရင် မွေးဖွားရာအရပ်ဆီ ××× မိုင်ထောင်ချီ ပျံနေရင်း ××× ကြိုးကြာငှက်တချို့လေ ××× ချီလာစဉ် ကျန်ရစ်ပြီ ××× ဆုံးဖြတ်ချက်တစ်ခုချမယ် ××× အရှုံးနဲ့ အောင်မြင်ခြင်းဟာ ရှိသင့်တဲ့ အားနဲ့မာန် ××× ဟန်နိုင်မှ ×××

ရိုးမပေါ် ဖြတ်ကျော်လွှားချိန် ××× စီးလမ်း လေကြောင်းလွှာထဲ ××× ချင်းနှင်းဝင်ရောက်လာပြီးရင် ××× အားစိုက်မျှောလိုက်နဲ့ ××× မိုင်ထောင်ချီ ပျံလေပြီ ××× ကြိုးကြာငှက်တို့ရဲ့ မိုင်ထောင်ချီခရီးစဉ် ××× ဆုံးဖြတ်ချက်တစ်ခုချမယ် ××× အရှုံးနဲ့ အောင်မြင်ခြင်းဟာ ရှိသင့်တဲ့ အားနဲ့မာန် ××× ဟန်နိုင်မှ ×××"

သီချင်းဆုံးသွားသောအခါ ကျွန်တော်တို့လည်း ကိုခင်မောင်တိုး လက်ကို ဆွဲ၍ –

"ကောင်းတယ်ဗျာ။ တေးသွားရော၊ စာသားရော သိပ်ကောင်းတာပဲ။ ကိုမောင်မောင်က သိပ်မြင်တတ်တာပဲ"



www.burmeseclassic.com

www.burmeseclassic.com

''ဘာကိုမြင်တတ်တာလဲ''

''ဘဝကိုပေါ့ဗျာ။ တချို့စာရေးဆရာတွေက ဘဝကို ဖြတ်သန်းကြတဲ့အခါ မီးရထားကြီး စီးသွားနေကြတဲ့ ခရီးသည်တွေနဲ့ နိုင်းနှိုင်းကြတယ်။ လမ်းဘူတာတွေမှာ ခရီးသည်တွေဆင်းသွားကြရင် ခရီးဆုံးမရောက်ခင် သူတို့ရဲ့ခရီးပြီးဆုံးသွားခဲ့ကြပြီလို့ သနားစဖွယ်ရေးကြတယ်။ ကိုမောင်မောင်ကတော့ ဘဝခရီးတစ်ခုလုံးကို မိုင်ထောင်ချီပျံသန်းကြရတဲ့ ကြိုးကြာငှက်တွေရဲ့ခရီးနဲ့ နိုင်းနှိုင်းပြသွားတယ်။ သူမို့ မြင်တတ်တယ်ဗျာ။ ဒါကို မစဉ်းစားမိကြဘူး။ ကြိုးကြာငှက်တွေရဲ့ ပျံသန်းကြရတဲ့ ခရီးနဲ့ ယှဉ်ပြသွားတာ သိပ်လှတယ်ဗျာ''

ကြိုးကြာငှက်တွေ ပျံသန်းနေကြရင်း လမ်းခုလတ်မှာ ကျန်ရစ်ခဲ့ကြတဲ့ ကြိုးကြာငှက်တချို့ကို ရေးပြသွားတာကလည်း အချိန်မစေ့မီ ကွယ်လွန်သွားကြရှာတဲ့ လူတွေကို ဖော်ပြသွားတာပဲ။ တင်ပြပုံ သိပ်လှတယ်။ တေးသွားကလည်း သိပ်ကောင်းတာပဲ''

ဟု ဝိုင်းပြီး ချီးကျူးကြလေ၏။

*****

ဖော်ပြပါ ဖြစ်စဉ်လေးမှာ နှစ်ပေါင်းများစွာ ကြာခဲ့ပါပြီ။ ကိုခင်မောင်တိုး၏ ကြိုးကြာသံမှာလည်း ယနေ့ထက်တိုင် မရိုးနိုင်ဘဲ ဘယ်အချိန်ဖွင့်ဖွင့် ဘယ်အချိန် နားထောင် နားထောင် ကောင်းနေတုန်းပဲ ရှိသေးသည်။

ဆောင်းရာသီကို ကူးပြောင်းလာ၍ နေ့တာတိုပြီး ညတာရှည်လာလေပြီ။ အမှောင်ထုသည် ဖြည်းဖြည်းချင်း လွှမ်းခြုံလာ၏။

ကျွန်တော်ထိုင်နေရာက အရှေ့ဘက်စူးစူး လှမ်းမျှော်လိုက်လျှင် ရှမ်းရိုးမတောင်တန်းကြီးတွင် ဟိုနေရာတစ်ကွက်၊ ဒီနေရာတစ်ကွက် တောမီးများ လောင်ကျွမ်းလျက်ရှိသည်ကို မြင်နေရလေ၏။ တစ်ခါတစ်ရံ ထိုတောမီးများသည် တောင်တန်းတစ်လျှောက် တစ်နေရာနှင့်တစ်နေရာ လောင်ကျွမ်းရင်း ဆက်သွားလေရာ မီးစောင်းတန်းကြီးသဖွယ် တောင်တန်းတစ်လျှောက်လုံး လောင်ကျွမ်းနေသည်ကို မြင်ရလေသည်။

ဘဝခရီးကို ဖြတ်သန်းနေကြသော ကျွန်တော်တို့မှာလည်း ဆွေမျိုးသားချင်း မိတ်ဆွေရင်းများ တစ်ယောက်ပြီးတစ်ယောက် မီးရထားကြီးပေါ်က ဆင်း၍ ကျန်ရစ်ခဲ့ကြသလို ဖြစ်ခဲ့ကြသည်မှာလည်း များလှလေပြီ။

အတူတကွ သွားလာနေခဲ့ကြသော ရုပ်ရှင်မင်းသား ကိုဇော်ဝမ်း၊ ကျောက်မဲကိုအေးလွင်၊ ခုဆို တေးသံရှင် ကိုခင်မောင်တိုး၊ ဒို့ပြင် အများကြီး ... အများကြီး။ (အဩလီကိုမောင်မောင်၏ စာသားနှင့် ပြောရလျှင် ကြိုးကြာငှက် တချို့လေ ချီလာစဉ် ကျန်ရစ်ပြီ ...)

ဟုတ်ကဲ့၊ ချီလာစဉ် ကျန်ရစ်ခဲ့ကြပါလေပြီ။

နောက်ပြီးတော့ ပြောရမှန်းမသိ၊ မပြောရမှန်းမသိ ကျွန်တော်တို့တစ်တွေ အတူတကွ စီးနင်းသွားလာနေခဲ့ကြသည့် (ကျွန်တော့်လက်ထဲ အနှစ် ၃၀ နီးပါး အတူရှိနေခဲ့သည့်) မော်တော်ကားကလေးသည်ပင် အင်းစိန်ရွာမ သံရည်ကြိုစက်၌ ကျန်ရစ်ခဲ့ရရှာလေပြီ။

တစ်ပတ်ခန့်ကြာသောအခါ သတင်းဓာတ်ပုံတစ်ခုကို တွေ့ရလေ၏။ ချင်းတွင်းမြစ်ရိုး မင်းကင်းဇာတိ ကိုခင်မောင်တိုး၏ အရိုးပြာအိုးကို စင်ကာပူနိုင်ငံမှ မြန်မာပြည်သို့ ပြန်ယူလာပြီး ဧရာဝတီမြစ်ရေပြင်တွင် ရေမျှောနေသည့်ပုံ ဖြစ်ပါသည်။

ကျွန်တော်သည် ထိုပုံကို ကြေကွဲလွမ်းဆွတ်စွာဖြင့် အချိန်အတော်ကြာအောင် ကြည့်နေမိပါသည်။

ကိုခင်မောင်တိုးသည် သူချစ်သော မန္တလေးအရပ်၌ပင် အိပ်စက်အနားယူခဲ့ပါပြီကော ...။ တစ်ဖန် ကျွန်တော်၏ ရှေ့တူရူ၌ မြင်နေရသော အရှေ့အရပ်က ရှမ်းရိုးမတောင်ကြီးကို ငေးမျှောနေမိလေ၏။ တောမီးများက လောင်ကျွမ်းလျက်။

ကျွန်တော်ချစ်ခင်လေးစားသော တေးသံရှင်ကိုခင်မောင်တိုးနှင့်တကွ ရုပ်ရှင်မင်းသား ကိုဇော်ဝမ်း၊ ကျောက်မဲကိုအေးလွင်၊ ဒို့ပြင် အများကြီး ... အများကြီး။ သူတို့ကို သတိတရနှင့် ကျွန်တော့်ရင်မှာလည်း လောင်ကျွမ်းလျက်ရှိနေပါ၏။

တစ်နည်း စဉ်းစားပြန်လျှင်လည်း ကျွန်တော်တို့ယုံကြည်ကိုးကွယ်သော ထေရဝါဒဗုဒ္ဓဘာသာတရားတော်၏ အဆုံးအမအရ မြတ်စွာဘုရားဟောကြားတော်မူခဲ့သည့် အနိစ္စ၊ ဒုက္ခ၊ အနတ္တ မမြဲခြင်းတရားတို့ကို စဉ်းစားမိကာ ပူလောင်ကြေကွဲနေသော ကျွန်တော့်အား သတိတရားရနေစေလေ၏။

မည်သို့ပင်ဆိုစေ ကြိုးကြာငှက်များကဲ့သို့ မိုင်ထောင်ချီပျံသန်းနေရင်း ကျန်ရစ်ခဲ့ကြရရှာသည့် တေးသံရှင်ကိုခင်မောင်တိုးနှင့်တကွ အခြား အခြားသော ကျန်ရစ်ခဲ့ကြရှာသည့် မိဘဆွေမျိုး မိတ်ဆွေအပေါင်းအသင်းအားလုံးတို့သည် မြင့်မြတ်သော ဘုံဘဝသို့ ရောက်ရှိစံစားနိုင်ကြပါစေဟု ဝမ်းနည်းကြေကွဲသော နှလုံးသားဖြင့် လှိုက်လှိုက်လှဲလှဲ ဆုတောင်းနေမိပါတော့သည်။

---


**ဘကြီးဖင်**

---



www.burmeseclassic.com

www.burmeseclassic.com



# US ခရီးသည်

■ မောင်ကောင်းမြင့်

ပါတီရှင်းလမ်း
ရန်ဆဲလ်လာ၊ NY
၂၇-စက်တင်ဘာလ ၁၂

သမီးများနှင့် မြေးကလေး မောင်ကောင်းထိုက်အောင်

ဘိုးဘိုးကြီး အခု စာရေးလိုက်တဲ့ မြို့ကလေးက နယူးရောက်ပြည်နယ်က အယ်ဘာနေ (Albany County) နှင့် ဆက်ပြီး(မြစ်တစ်ဖက်သာခြား)နေတဲ့ ရန်ဆဲလ်လာ(Rensselaer) မြို့ကလေးဖြစ်တယ်။ နယူးရောက်က မိုင် ၂၃၀ ကျော်ဝေးတယ်။ အယ်ဘာနေနှင့် ရန်ဆဲလ်လာက ပုဂံ-ညောင်ဦးလို တစ်တွဲတည်း ခေါ်ကြပြီး တစ်ဆက်တည်း ဖြစ်နေတယ်။ မြစ်ကလေးပဲ ခြားတယ်။ ရန်ဆဲလ်လာမြို့ကလေးဟာ မြင်သာအောင်ပြောရရင် ကလော-အောင်ပန်း(ဒါမှမဟုတ် မေမြို့)လို တောင်ပေါ်မြို့ကလေး ဖြစ်တယ်။ ကုန်းဆင်း ကုန်းတက်တွေနှင့် သစ်ပင်တွေကလည်း အုံ့ဆိုင်းနေတော့ နယူးရောက်တို့၊ ဝါရှင်တန်တို့နှင့် မတူဘဲ အေးငြိမ်းတဲ့ဘက်ကို ပိုဆောင်နေတယ်။ (အယ်ဘာနေက နယူးရောက်ပြည်နယ်ရဲ့ ရုံးစိုက်မြို့တော် ဖြစ်တယ်။) ရန်ဆဲလ်လာဟာ



www.burmeseclassic.com

www.burmeseclassic.com

အေးငြိမ်းတဲ့ အနေအထားရှိပေမယ့် မြစ်ဆိပ်၊ ရထားဘူတာ၊ ကားဂိတ်တွေက ပြည့်စုံကောင်းမွန်နေတယ်။ သွားလာရေးက လွယ်ကူတယ်။ သည်မြို့လေးမှာ မြန်မာ(မြန်မာနိုင်ငံကလာတဲ့ တိုင်းရင်းသားအားလုံး) ထောင်ဂဏန်းမျှ ရှိတယ်လို့ ဆိုတယ်။ သည်ကနေ မိုင် ၉၀ လောက် ထပ်သွားရတဲ့ ယူဆီကာ(Utica) ဆိုတဲ့ မြို့ကလေးမှာလည်း မြန်မာပြည်ထဲကလာတဲ့သူတွေ များတယ်လို့ဆိုတယ်။ (မြန်မာပြည်ကလာသူ အများဆုံးမြို့က နယူးရောက်စီတီနှင့် ကာလီဖိုးနီးယားလို့ ဆိုကြတယ်။ သောင်းဂဏန်းအထိလို့ ဆိုကြတယ်။)

ရန်ဆဲလ်လာမှာ ရောက်ပြီး နောက်တစ်နေ့ ၂၃-၉-၁၂ နံနက်မှာ "ဓမ္မဝါဒီ အောင်မြေမင်္ဂလာ ဘုန်းတော်ကြီးကျောင်း"ကိုသွားကြတယ်။ ကျောင်းထိုင်ဆရာတော်က ဦးဣန္ဒသာရိယ (သက်တော် ၅၇) မိုးကုတ်ဇာတိဖြစ်တယ်။ ဆရာတော်ကျောင်းမှာ မြန်မာတိုင်းရင်းသားအားလုံး စုဝေးရာ ဖြစ်တယ်။ သည်နေ့က ဦးသုမင်္ဂလ(ဒယ်ဒိုးဆရာတော်) တရားပွဲလည်း ရှိနေတော့ အနီးဝန်းကျင်က လူတွေလာကြတာ အတော်များတာပဲ။

ဆရာတော်ရဲ့ ကျောင်းနေသံဃာကတော့ နှစ်ပါးပဲ အမြဲရှိတယ်။ သီလရှင် ဆရာအိုကြီးတစ်ပါးလည်း ရှိတယ်။ ကျောင်းမှာ ဘာပဲလုပ်လုပ် သီးခြားချက်ပြုတ်တဲ့ အခနေအထားမထားဘဲ လာကြတဲ့တကာ၊ တကာမတွေက တစ်အိမ်ဆွမ်းဟင်းတစ်ခွက် (အချို့ကလည်း ပိုတတ်နိုင်သလောက်) ယူလာပြီး စုပေါင်းဆွမ်းကပ်ကြ (ပြီးတော့ ပိုတာကို စုပေါင်းစားသောက်ကြ)တာမို့ တစ်မျိုးကောင်းတယ်။ နောက်ပြီး ဆရာတော်ကလည်း ကျောင်းအောက်ထပ်မှာ စားပွဲတစ်လုံးထားပြီး ပိုသမျှ အားလုံး ပြင်ဆင်ထားတာ။ အနီးအနားက နှစ်ဦး-သုံးဦး အလှည့်ကျ ဆွမ်းပို့နေတာမို့ ပြီးပြည့်စုံနေတယ်။

တစ်ဆက်တည်း ဘာသာရေးအကြောင်း ရေးရရင် ရန်ဆဲလ်လာက ကားဖြင့် တစ်နာရီနီးနီးလောက် သွားရတဲ့က Grafton က ငြိမ်းချမ်းရေးစေတီ Peace Pagoda ကို သွားကြတယ်။ စေတီရဲ့ ပုံတော်ကတော့ အောက်က ခုံအဝိုင်းပေါ်မှာ အဆင့်ဆင့်တင်ထားတဲ့ စေတီပုံ (ဂျပန်စေတီမျိုး။ တစ်နည်းပြောရရင် မဟာယာနပုံစံ) ဖြစ်တယ်။ စေတီအဝင်မှာ ငြိမ်းချမ်းရေးချိုးဖြူနှင့် ပန်းကြာပွင့်(အောက်ခြေ)နှင့် ဗုဒ္ဓဖွားတော်မူခန်းရုပ်ကြွ (အထက်)မှာ ကျောက်ဖြူသားနှင့် ထွင်းထုထားတယ်။ တည်ထောင်ဖို့ စတင်သူကတော့ ဂျပန်က သီလရှင်ကြီး ယန်ယာစုဒါ (Jun Yasuda) ဖြစ်တယ်။ ၁၉၈၅ ခုနှစ်က စတင်တည်ဆောက်ခဲ့တယ်။ ၁၉၉၃ မှာ ပြီးတယ်။ အတိုချုပ်ပြောရရင် ၁၉၇၈ ခုနှစ်က ခရီးရှည်ငြိမ်းချမ်းရေး လမ်းလျှောက်ပွဲ (ဆန်ဖရန်စစ္စကိုမှ ဝါရှင်တန်ဒီစီသို့) အထိမ်းအမှတ်အတွက် ဘာသာပေါင်းစုံက ပါဝင်ပြီး လုပ်အား၊ ငွေအားဖြင့် တည်ဆောက်ခဲ့တာ ဖြစ်တယ်။ [Web-site မှာ ကြည့်နိုင်။ Grafton Peace Pagoda ဟု ရိုက်ပါ။]

တောလမ်းကလေးထဲမှာ တည်ဆောက်ထားတာမို့ ဝေးလံသီခေါင်တယ်။ ဒါပေမယ့် သီလရှင်ကြီးနှင့် အမေရိကန်သီလရှင်မလေး သုံးပါးပဲ ရှိနေတယ်။ [သီလရှင်ကြီးက အိန္ဒိယကို ခရီးထွက်နေတာမို့ မတွေ့ခဲ့ရပါ။ ဘုရားရှိခိုးနေတဲ့ သီလရှင်ကလေးသုံးပါးပဲ တွေ့ရတယ်။] သည်လောက် ဝေးလံပြီး တောအုပ်တွေကြောင့် ညနေ ၅ နာရီခွဲလောက်မှာပဲ အေးစိမ့်နေတဲ့ ကျောင်းသေးသေးလေး (ပေ ၂၀ × ပေ ၄၀ လောက်ပဲ)မှာ နေကြတာဟာ အံ့သြချီးမွမ်းစရာပဲ။ [အမေရိကန်ရဲ့ လုံခြုံရေးကတော့ စိတ်ချရပါတယ်။ ဒီအကြောင်း နောက်မှ သီးခြားရေးဦးမယ်။] အမှုကိစ္စ၊ တွယ်တာမှုနည်းပြီး နေထိုင်နိုင်တဲ့ သာသနာပြုခြင်းကို လေးစားစရာပါပဲ။ ခဏထားဦးစို့။

ရန်ဆဲလ်လာမှာ သည်စာရေးနေတဲ့အချိန် နံနက်စောစော မိုးရွာ(ဖွဲဖွဲကလေး)ပြီးစ ဖြစ်တယ်။ မြန်မာပြည်က ဆောင်းနံနက်နှင့်တူတယ်။ Fall သစ်ရွက်ကြွေချိန်ခေါ်တဲ့ တစ်နည်းအားဖြင့် အမေရိကန်က Autumn ဆောင်းဦးရာသီ စပြီမို့ သစ်ပင်အချို့က အရောင်တွေ စပြောင်းနေပြီ။ ဝါကြင်စ၊ နီလိမ္မော်ရောင်ပြောင်းစ (အချို့ပိုပြီး နည်းနည်းအေးတဲ့ဒေသမှာ) အနီဘက်ကို ပြောင်းနေပြီ။ အစိမ်း၊ အဝါ၊ အနီ အရောင်အသွေးစုံတာမို့ ကြည့်လို့ကောင်းတယ်။ မေပဲလ်ခေါ်တဲ့ အပင်က အရွက်တွေက အရွက်ပုံကလည်း လှတာမို့ ပိုကြည့်ကောင်းတယ်။ နောက်မကြာမီ ကြွေတော့မယ်။ အားလုံးကြွေကျပြီးရင် ဆောင်းဝင်ပြီ။ နှင်းတွေကျလာရင် အရိုးပြိုင်းပြိုင်း သစ်ကိုင်းတွေပဲ ကျန်တော့မယ်လို့ ဆိုတယ်။ [အပူချိန်က ၅၄-၆၂ ဒီဂရီဖာရင်ဟိုက်လောက်အထိပဲ ရှိတယ်။]

• တည်းနေတဲ့အိမ်က ကိုဒီနှင့် ကိုထွန်း+မချိုတို့အိမ်ရှေ့မှာ ကန်စွန်း၊ သင်္ဘော၊ ခရမ်းချဉ်၊ ပျဉ်းတော်သိမ်၊ ပင်စိမ်း၊ ပူစီနံ၊ ခရမ်းသီး စတဲ့ အပင်လေးတွေက ဆောင်းဝင်လာရင် သေကုန်တော့မှာမို့ ခူးပြီး ဝေပေးကြ၊ အမြန်ကုန်အောင် စားကြရတယ်။ လေးလပင်လို့ ဆိုတယ်။ [နောက် ဆောင်းကုန်တော့

www.burmeseclassic.com

ပြန်ပြီး ပုံးတွေထဲမှာ စိုက်ကြပြန်တယ်။]

အမေရိကန်မှာ ဆောင်းရာသီနှင်းတွေဟာ လမ်းပေါ်မှာ ထူထပ်ပြီး တစ်ပေလောက်အထိ ရှိဘာမို့ သွားလာရေးခက်တယ်။ လူတွေကလည်း အဝတ်တွေနှင့် ထုပ်ထားသလို ဝတ်ရတာရယ်၊ အသွားအလာခက်တာရယ်ကြောင့် (နေ့စဉ် အလုပ်ဆင်းရတဲ့ သူတွေအဖို့) ပိုပြီး ကသိကအောက်နိုင်တာမို့ မကြိုက်ကြပါဘူး။ ဘိုးဘိုးကြီးနှင့် စကားပြောဖူးတဲ့ ဦးဇော်ဆိုတဲ့(အသက် ၇၀ ကျော်)သူကတော့ "ကျွန်တော်တို့အရွယ်ကတော့ ဒီအချိန်ဆို အိမ်ထဲမှာပဲ နေရတယ်။ သိပ်အသွားအလာ မလုပ်တော့တာမို့ ဒုက္ခနည်းတာပေါ့"လို့ ဆိုပေမယ့် ဝမ်းရေးနေ့စဉ် ထွက်ရှာနေရသူတွေကတော့ နွေဦးနှင့် နွေကိုပဲ မျှော်ရတာ သဘာဝကျပါတယ်။

ဝမ်းရေးဆိုလို့ ပြောရဦးမယ်။

သည်ကိုမလာမီက ဘိုးဘိုးကြီးမိတ်ဆွေ စာရေးဆရာတစ်ဦးက "မြန်မာပြည်က အမေရိကန်သွားကြတဲ့သူတွေထဲမှာ ---က ညစောင့်လုပ်တယ်လို့ဆိုတယ်"လို့ ပြောဖူးတယ်။ ဟုတ်တယ်။ သည်မှာလာကြသူတွေက မြန်မာပြည်မှာ ဘာပဲလုပ်ခဲ့လုပ်ခဲ့ သည်ရောက်ရောက်ချင်း စားဝတ်နေရေးအတွက် ယာယီအားဖြင့် ရရာလုပ်ပြီးမှ သည့်ထက်ကောင်းတဲ့အလုပ်ရှာရတာအများစုပါပဲ။ သည်မှာက မြန်မာပြည်က ဘွဲ့တွေ၊ လက်မှတ်တွေထက် သည်က အသိအမှတ်ပြု ကျောင်း၊ သင်တန်း၊ တက္ကသိုလ်တစ်ခုခုက လက်မှတ်ရမှ (ပိုပြီး အလုပ်ခွင်ဝင်ဖို့) အဆင်ပြေတာမို့ ပြန်ပြီး သင်တန်း၊ ကျောင်း တက်ရတယ်။ တက်နိုင်အောင်လည်း လမ်းဖွင့်ပေးထားတဲ့နည်းတွေ ရှိတယ်။ [အနည်းဆုံး အင်္ဂလိပ်စကား ပြောနိုင်ဖို့ သင်တန်းတွေရှိတယ်။ အသက်မွေးဝမ်းကျောင်းတွေအတွက်လည်း ရှိတာမို့ ကိုယ်က တက်နိုင်အောင် ကြိုးစားကြရတယ်။ ဒါကြောင့် အားလုံးသောသူတွေဟာ အလုပ်ခွင်၊ သင်တန်းတွေနှင့် လည်နေကြတယ်။]

ဝါရှင်တန်-နယူးယောက်တို့ကို ရောက်ပြီဖြစ်တာမို့ အယ်ဘာနေနှင့် ရန်ဆဲလ်လာကို နှိုင်းယှဉ်ကြည့်တော့ သူက ပိုပြီး အေးငြိမ်းသက်သာ ရှိတယ်။ သဘာဝ အလှအပပိုတာကို တွေ့ရတယ်။ ရန်ဆဲလ်လာမှာ တိုက်မြင့်ကြီးတွေမရှိဘဲ လုံးချင်းအိမ်ကလေးတွေဟာ ခြံကလေးတွေ၊ တောင်ကုန်းမြင့်ကလေးတွေနှင့် သစ်ပင်၊ ပန်းပင်တွေနှင့် လှပနေတယ်။ Garden Place၊ Flower စတဲ့ အမည်ပေးထားတဲ့ လမ်းကလေးတွေနှင့် ပန်းဥယျာဉ်လှလှ အိမ်ကလေးတွေက ပန်းချီကားတစ်ချပ်လိုပဲ။

အယ်ဘာနေဘက် ကူးလိုက်တော့ ဟက်ဆန်မြစ်ကူးတံတားက အထပ်ထပ်၊ သုံးဆင့်ထပ် ကားလမ်းတွေနှင့်။ ပြည်နယ်မြို့တော် ရုံးစိုက်ရာဆိုတော့ မြို့ဟန်ပါနေတယ်။ ကြီးမားတဲ့ရုံးတွေ၊ အဆောက်အဦတွေနှင့် လမ်းတွေကလည်း ဖြောင့်ဖြောနေတာပါပဲ။

အခုရောက်ဖူးသလောက် မြို့တိုင်းမှာ တွေ့ရတာကတော့ လမ်းကူးတဲ့နေရာတိုင်းမှာ ကားတွေဟာ ခြေလျင်ဖြတ်သူကို ဦးစားပေးကြတာရယ်၊ ယာဉ်စည်းကမ်းအတိုင်း (လမ်းညွှန်ဆိုင်းဘုတ်ကလည်း အရေးဆုံးပါပဲ) လိုက်နာကြတာရယ် တွေ့ရတယ်။ ယာဉ်မှတ်တိုင်မှာ ရပ်ပေးတာကအစ အေးဆေးသက်သာပါပဲ။ တန်းစီတက်ကြတာ (ယာဉ်စီးသမျှ အတွေ့အကြုံအရ ပြည့်ကျပ်နေတာ မကြုံဖူးသေးဘူး) အားလုံးပြီးမှ ယာဉ်မောင်းသူ(တစ်ဦးတည်းပါတယ်)က တံခါးပိတ်ပြီး ထွက်ကြတာဟာ မြန်မာပြည်ကို လွမ်းစရာပါပဲ။ လမ်းညွှန်ဆိုင်းဘုတ် အရေးဆုံးဖြစ်သလို နေရာတိုင်းလိုလိုမှာ အထိမ်းအမှတ်ဆိုင်ရာ ရုပ်တုတွေ အနှံ့တွေ့နေရတယ်။ ရုပ်တုတွေ၊ သင်္ကေတပုံတွေ အမျိုးမျိုး ထုလုပ်ဂုဏ်ပြုကြတယ်။

တစ်ညမှာ အယ်ဘာနေက Capital buffect ဆိုင်မှာ လိုက်ကျွေးလို့ သွားစားကြတော့ တစ်ယောက် US ၁၄ ကျပ်လောက် ကျတယ်။ အသားစုံ၊ ချက်နည်းစုံ(အရှေ့ /အနောက်ဟင်းမျိုးစုံ)နှင့် သီးနှံ၊ အအေး မျိုးစုံနေတာရယ်၊ လူမျိုးစုံ(ဖြူ၊ ဝါ၊ နက်၊ နိုင်ငံစုံကမို့) အတွေ့အကြုံတစ်ခုပေပဲ။ သူတို့ဆီမှာ Good Friday ဆိုတာ သောကြာနေ့ညနေမှာ ပေါပေါများများ စားကြသောက်ကြတဲ့ အလေ့ကို တွေ့ရတယ်။ သာမန်အားဖြင့်တော့ ပုံမှန် US ၄ ကျပ်ဖိုးလောက်ပဲ စားကြပါတယ်။ (မြန်မာတွေက အိမ်မှာပဲ မြန်မာဟန်မပျက် အားလုံးချက်စားကြတယ်။ မြန်မာပြည်နှင့် ထိုင်းကဝင်လာတဲ့ အသီးအနှံ သားငါးဟာ မြန်မာပြည်အတိုင်းပဲ။ ငါးပိရည်နှင့် တညင်းသီးတို့စရာမှအစ ငါးပိထောင်း အစုံရနေပါတယ်။)

ကဲ • • • ခရီးသွား အတွေ့အကြုံမို့ သည်လောက်ဆို ခဏရပ်ကြပါစို့။

ဘိုးဘိုးကြီး



www.burmeseclassic.com

www.burmeseclassic.com




www.burmeseclassic.com

www.burmeseclassic.com



www.burmeseclassic.com

www.burmeseclassic.com

# နတ်ချိုဆေး

မြနန်းရှင်

သာဝတ္ထိမြို့အတွင်း တစ်လမ်းဝင်၊ တစ်လမ်းထွက် သွားလာနေသော လူတစ်ယောက်၏ မြင်ကွင်းကား စိတ်မကောင်းစရာပေ။ ကာယကံရှင်သက်ဆိုင်သူ သား၊ သမီးတွေကတော့ ဥပေက္ခာပြုနိုင်ရက်ကြလေသည်။

ကြည့်စမ်းပါဦး...။

အသက်အရွယ်က အိုမင်း၊ ခန္ဓာကိုယ်အရိုးစုကိုမျှ အနိုင်နိုင်သယ်ရ။ တုန်ယင်ချည့်နဲ့စွာ တောင်ဝှေးအားကိုးပြီး ခြေတစ်လှမ်းပင် မနည်းအားယူ လှမ်းကာ တစ်လမ်းဝင်၊ တစ်လမ်းထွက် တောင်းရမ်းစားသောက်နေရသူကား သာဝတ္ထိပြည်ရှိ လူချမ်းသာစာရင်းဝင် ပုဏ္ဏားကြီး ဖြစ်ပေသည်။

သူ၏ဘဝကား နေဝင်ချိန်ရောက်ပြီမှန်သော်လည်း သေမင်းက အခေါ်နောက်ကျလေသဖြင့် အားကိုးစရာမရှိဘဝနှင့် ခန္ဓာကိုယ်ပေါ် ဝတ်ဆင်ထားလေသော အဖြူရောင် ဝတ်ရုံပင် လဲလှယ်စရာ မရှိ။ နွမ်းရိကာ ညှိုညစ်ညစ်အသွင်ပြောင်းကာ ရုပ်ပင်မပေါ်ချင်တော့။

ဒုက္ခဆင်းရဲပေါင်း ဖိစီးထုထောင်းခံရသောအခါ လောကဓံဘယာကွတ်လေတော့မှ ဘုရားရှင်အပေါ် အားကိုးတကြီးတမ်းတ၊ သတိရကြသည်မှာ လောကီကာမဂုဏ် လူသားတို့၏ ဓမ္မတာပင်။

ယခုလိုအချိန်တွင် ပုဏ္ဏားကြီးအတွက် တစ်ခုတည်းသော မှီခိုအားထားစရာ အမှီအတွယ်ကား ဇေတဝန်ကျောင်းတော်တွင် သီတင်းသုံးတော်မူသော ဂေါတမမြတ်စွာဘုရားရှင်သာ ဖြစ်ပေတော့သည်ဟု ပုဏ္ဏားကြီး စိတ်နှလုံးမှာ သတိရသွားကာ -

"ရဟန်းဂေါတမသည် ဘယ်ခါကြည့်ကြည့် သူ့မျက်နှာမြင်ရတာနှင့် စိတ်နှလုံးကြည်လင် အေးမြလှပေသည်။ အယုတ်အလတ် အမြတ်မရွေး တစ်တန်းစားတည်းထားကာ ပြောရဆိုရ လွယ်ကူပေသည်။ ရဟန်းဂေါတမသည် သူတစ်ပါး စိတ်နှလုံးညှိုးနွမ်းစကား မဆို၊ စိတ်ချမ်းသာစေရန် အကြောင်းကိုသာ ညွှန်ကြားပေးတတ်လေတယ်။ ငါသည် ရဟန်းဂေါတမထံ သွားတွေ့လျှင် အကောင်းဆုံးဖြစ်မယ်ထင်တယ်"

သည်လိုစိတ်ကူးနှင့် ခန္ဓာကိုယ်မနိုင့်တစ်နိုင် ခပ်ယိုင်ယိုင် တောင်ဝှေးအားကိုးနှင့် ဇေတဝန်ကျောင်းတော်သို့သွားကာ ဘုရားရှင်၏ ရှေ့တော်မှောက် ရောက်ရှိသွားလေသောအခါ မြတ်စွာဘုရားရှင်သည် ပုဏ္ဏားအိုကြီးအား မြင်တာနှင့် ကရုဏာတော်ပြည့်လျှမ်းသော စကားဖြင့် ကြိုဆိုကာ မေးလေသည်။

"အဆွေပုဏ္ဏားကြီး၊ သင့်ကိုမြင်ရတာ ရွှင်လန်းခြင်းရှိပုံမရ။ အဝတ်စားတွေလည်း ညစ်နွမ်းနွမ်း၊ သင့်ခန္ဓာကိုယ်ကလည်း ပိန်ချုံးကြုံလှီလှပေတယ်။ ကျန်းကျန်းမာမာရှိပုံမရဘူး ထင်ပေတယ်"

ဟု ဘုရားရှင်က မေးလေသောအခါ ဘုရားရှင်၏ ကရုဏာတော် လွှမ်းပတ်ခံရသဖြင့် ပုဏ္ဏားအိုကြီး စိတ်ဆင်းရဲခြင်းများ ရင်ထဲပြည့်သိပ်ထားခဲ့ရသမျှ မိဘရင်ခွင်ငွေ့ ခိုလှုံရသည့် သားငယ်သဖွယ် ဝမ်းပန်းတနည်း မျက်ရည်များ ယိုစီးကျလာရတော့သည်။ မျက်ရည်များကြားမှ အားယူကာ ဘုရားရှင်အား လျှောက်ထားလေသည်။

"ကျွန်ုပ်ကား သာဝတ္ထိမြို့မှ ပုဏ္ဏားကြီးဘဝနှင့် ငွေအသပြာရှစ်သိန်း ပိုင်ဆိုင်ထားပြီး သားလေးယောက်မွေးဖွားပြီး ကြီးပြင်းစေလျက် အရွယ်ရောက်လာသောအခါ မိဘဝတ္တရားအရ ထိမ်းမြား



www.burmeseclassic.com

www.burmeseclassic.com

မင်္ဂလာပြုပေးပြီးနောက်တွင် ရင်းနှီးစားရန် ငွေတစ်သိန်းစီ အမွေခွဲပေးခဲ့ပါတယ် ဘုရား"

ပြောရင်းကနေ မောပန်းလာဟန်ရှိကာ ခဏမျှ နားရင်းက ဝမ်းနည်းစွာခံစားရင်း မျက်ရည်များ တသွင်သွင်စီးကျကာ မျက်ရည်သုတ်ရင်းကနေ -

"မကြာမီက ကျွန်ုပ်၏ဇနီး သေလွန်သောအခါမှာ သားတွေအချင်းချင်း စုဝေးတိုင်ပင်ကြပါသည်။

သားကြီးက စတင်ပြီး အငယ်သုံးဦးကို ပြောလေသည်မှာ -

"ငါ့ညီတို့၊ အခုဆို ငါတို့အမေလည်း မရှိတော့ဘူး။ အဖေဆိုတာက နောက်ဇနီး ယူချင်ယူနိုင်တယ်"

"ဟုတ်ပေသားပဲ။ နောက်မိန်းမယူလို့ နောက်ထပ် သားသမီးရလာလျှင် ငါတို့၏အမွေပုံ လျော့ပါးပျက်စီးကုန်လိမ့်မယ်"

"အေး…ဒါဆိုရင် ငါတို့ အဖေ့ထံမှ အမွေရရန်ရှိတာကို ခွဲဝေယူကြပြီး အဖေ့ကို ငါတို့ တစ်လှည့်စီ ပြုစုစောင့်ရှောက်ကြတာပေါ့"

"ထိုကဲ့သို့ သားများက သူတို့အကြံအစည်နှင့်သူတို့ ရှိကြပေမယ့် ကျွန်ုပ်ကတော့ ဖခင်ဆိုတဲ့ မေတ္တာစိတ်သက်သက်ရှုမြင်ကာ ကျွန်ုပ်အပေါ် ခြေဆုပ်လက်နယ်ပြုစုပေးသည့် အပေါ်မှာ -

"ကြည့်စမ်း…ငါ့သားတွေ ငါ့အပေါ်လိမ္မာသိတတ်လိုက်တာဆိုပြီး ကြည်နူးကျေနပ် ပီတိဖြစ်ရတာ အမှန်ပင်။ သားများကိုလည်း ချီးကျူးပြောဆိုရတာအမောပင်။ ဒါ့အပြင် သားတွေကလည်း အလိုက်သိတတ်စွာ ဖခင်ဆန္ဒကို မေးရှာပါတယ်"

"အို…အဖေ၊ အဖေက အသက်ကြီးပြီဆိုတော့လည်း ဆေးပေးမီးယူ နောက်အိမ်ထောင်ပြုရန် ဆန္ဒရှိသေးသလား"

ကျွန်ုပ်အဖို့ကတော့ သိုက်သိုက်ဝန်းဝန်းနှင့် သားတွေ၊ ချွေးမတွေက ဝိုင်းဝန်းပြုစုစောင့်ရှောက်နေတော့လည်း -

"အိုကွယ်…အဖေ့မှာ မီးစာကုန်ဆီခန်း၊ ကိုယ့်ခန္ဓာဝန်ကိုယ် မနည်းသယ်ရသည့်အရွယ်ပါကွယ်။ နောက်အိမ်ထောင်ပြုရန် ဆန္ဒမရှိပါဘူး"

ပုဏ္ဏားကြီး၏ စကားအဆုံးမှာ သားတွေက ဝမ်းသာအားရ အလုအယက်သူ့ထက်ငါ အဖေဖြစ်သူအပေါ်မှာ ဂရုစိုက်ကြပုံမှာ -

"ဒါဆိုရင် အဖေ့မှာ မိန်းမယူရန်ဆန္ဒမရှိဘူးဆိုလျှင် ယခုလို တစ်ယောက်တည်း နေဖို့ မသင့်တော်ပါ။ သားတို့ရဲ့ အိမ်များမှာ တစ်လှည့်စီ အလုပ်အကျွေးပြုချင်လို့ ခွင့်ပေးပါ အဖေရယ်"

အမှန်တကယ်က ကျွန်ုပ်ကိုယ်တိုင်က သားနှင့် ချွေးမတွေ၏ လျှာပေါ်ကသကာပျားကို ဖခင်ရဲ့မေတ္တာစိတ်နှင့် သံသယမြူမှုန်မျှမမြင်၊ ပကတိအသွင်နှင့် ယုံကြည်အားထားခဲ့ပေသည်။

"အိမ်း • • • ငါ့သားတွေပြောတာ ကောင်းပါပေတယ်။ ငါ့သားများကို အဖေ့မှာကျန်ရှိတဲ့ အသပြာလေးသိန်းကို အညီအမျှ ခွဲဝေယူကြပေတော့ဆိုပြီး ထပ်မံအမွေခွဲပေးလိုက်ကာ ပထမဦးစွာ သားကြီးရဲ့အိမ် ကျွန်ုပ်သွားရောက်နေထိုင်ခဲ့ပေသည်။ ရောက်ခါစမှာ သားကြီးနှင့် ချွေးမက မငြိုမငြင် ပြုစုစောင့်ရှောက်ကြပါသည်။ သည်လိုနှင့် ရက်မှလ ကြာလာသည့်အခါ ငြိုငြင်မှု ပြုလာတာနှင့် သားလတ်၊ သားငယ်၊ သားထွေးအိမ်တွေမှာ တစ်လှည့်စီနေလည်း သည်လိုပုံစံ၊ သည်လိုအချိုးနှင့် ကျွန်ုပ်အပေါ်မှာ ကြည်ကြည်ဖြူဖြူ ကျွေးမွေးချင်စိတ် မရှိကြသည့်အတွက် ကျွန်ုပ်ဘဝကား သားတွေအပေါ် ရှိသမျှ အကုန်ပုံအပ်ခဲ့ပြီးပြီ။ ကျွန်ုပ်မှာ ပိုင်ဆိုင်တာ ဘာမျှမရှိတော့ပါ။ ပြီးတော့ ကျွန်ုပ်ကို အိမ်မှ ဝိုင်းနှင်ကြလေတယ် ဘုရား"

"သည်လောက် စိတ်ထားယုတ်ညံ့လှသည့် သားများထံ ခိုကပ်နေလိုစိတ်မရှိတော့လို့ ဆုံးဖြတ်ပြီး အဝတ်တစ်ထည်နှင့် ကိုယ်တစ်ခုနဲ့ အသက်အရွယ် အိုမင်းမစွမ်း ရှိလေမှ ခွက်လက်ခွဲပြီး တောင်းစားနေရသည့်အခါ အသွား၊ အလာ၊ အအိပ်အနေလည်း ချို့ယွင်း။ အသက်ကြီးရင်တော့ အလုပ်ကလည်း မလုပ်နိုင်နှင့် ကျွန်ုပ်ဘဝကား အင်မတန် ဆင်းရဲဒုက္ခတွင်း သက်ဆင်းရောက်ရှိနေရပါပြီဘုရား"

ပုဏ္ဏားကြီးပြောသမျှ ကရုဏာသက်စွာ နာကြားပြီး ဘုရားရှင်က မိန့်လေသည်။

"သည်လိုဆိုလျှင် ပုဏ္ဏားကြီး စိတ်ရော၊ လူပါ သိပ်ပြီး ဆင်းရဲနေရလေပြီ။ ဆင်းရဲကင်းပျောက်တဲ့နည်းရရင် မလိုချင်ပေဘူးလား"

"လိုချင်ပါတယ်ဘုရား။ ဆင်းရဲခြင်း ပျောက်ကင်းနိုင်သည့်အခွင့်ရှိလျှင် မစတော်မူပါဘုရား"

"ကောင်းပေပြီ ငါ...ါတမ ပြောကြားတာ နာခံဆောင်ရွက်လျှင် ဆင်းရဲပျောက်ကင်းဂါထာ သင်ပေးမယ်။ အဲဒီဂါထာကို သာဝတ္ထိမြို့အလယ်မှာရှိတဲ့ မြို့သူမြို့သား အစည်းဝေးသော ဇရပ်ကို သိတယ်မဟုတ်လား"

"သိပါတယ်ဘုရား"

"ငါသင်ပေးသော ဂါထာကို မြို့လယ် ဇရပ်အတွင်း အစည်းအဝေးလုပ်သော လူပုံအလယ်မှာ အများကြား



www.burmeseclassic.com

www.burmeseclassic.com

လောက်အောင် အော်ဟစ်ရွတ်ဆိုနိုင်ရမယ်"

"ရွတ်နိုင်ပါတယ်ဘုရား"

"ကောင်းပြီ။ သင့်အား ဂါထာတော် သင်ကြားပေးတော့မည်။ သေချာစွာ မှတ်ယူလော့"

"ယေဟိဇာတေဟိ နန္ဒိသံ၊
ယောသဒ္ဓ ဘဝမိစ္ဆိသံ။
တေမံဒါရေဟိ သံပန္န
သာဝဝါရေန္တိ သူကရံ။

**အနက်**

ငါက ချစ်မက် သားဖြစ်လျက်သည်။ ငါ့လက်ပစ္စည်း ဆောင်ယူပြီးသော်၊ ဇနီးနှင့်သား တိုင်ပင်ထားဖြင့်၊ မညှာရက်စက်၊ ခွေးကဝေကို ကိုက်လျက်ဟောင်သား၊ မောင်းထုတ်ပြားသို့ ငါ့အား မောင်းထုတ်ခဲ့လေပြီ။

အသန္တာ ကိရမံ ဇမ္မာ၊
တာတ တာတာတိ ဘာသရေ၊
ရက္ခသာ ပုတ္တရူပေန တေဇဟိ
ယောဂဇာ။

**အနက်**

ဘီလူးအလား လူသားစားတို့၊ သား၏ရုပ်သွင် ပမာဆင်၍ ဖခင် ဖခင် နှုတ်သံလွင်ဖြင့် ရချင်တာယူ ငါ့ကိုမူလား၊ ပယ်ထားစွန့်ပစ်ခဲ့လေပြီ။

အာသောဝဇ္ဇော နိဗ္ဗောဂေါ၊
ခါဒနာ အပနီယတိ။
ဗာလကာနံ ပိတာထေရော၊
ပရာဂါရေသု ဘိက္ခတိ။

**အနက်**

အားအင်ကုန်ပြီး မြင်းအိုကြီးကို၊ မြက်လည်းမကျွေး ရင်တဝေးသို့၊ ထွက်ပြေးစေတန်၊ လူတို့ဖန်သို့၊ ခန့်လည်းချို့အားအံ့ရှိသည့် ငါတို့အားလည်း။ ထိုနည်းရက်စက်၊ မောင်းထုတ်တွက်ကြောင့်၊ တောင်းလျက်စားနေရချေပြီ။

ဒဏ္ဍေနဝကိရမေ သေယျော၊
ယဉ္စေ ပုတ္တာ အနဿဝါ။
စဏ္ဍမ္ပိ ဂေါဏံ ဝါရေတိ၊
အထော စဏ္ဍမ္ပိ ကုက္ကုရံ။
အန္ဓကာရေ ပုရေဟောတိ၊
ဂမ္ဘီရေ ဂါဓမေဓတိ၊
ဒဏ္ဍဿ အာနုဘာဝေန၊
ခလိတွာ ပတိ တိဋ္ဌတိ။

**အနက်**

ငါ့အား ဤတုတ်ခလုတ် ဆေးဒဏ်တားဆီး ခံ၏။ ရန်သူအလား၊ ငါ့သားများကား၊ ငါ့အားမညှာ ရက်စက်ပါသည်၊ ငါ့မှာ တောင်ဝှေးသာရှိ၏။"

ပုဏ္ဏားကြီးသည် ဘုရားရှင်ထံမှ ဂါထာရယူပြီး ပုဏ္ဏားကြီး သွက်လက်စွာ မြို့လယ်ဇရပ်သို့ သွားလေလျှင် မြို့သူ မြို့သားများ အစည်းအဝေးပြုနေကြလေသည်။ ပုဏ္ဏားကြီး၏ သားလေးယောက်ကလည်း လူကြီးလူကောင်း မြင့်သောနေရာမှာ ထိုင်နေကြလေသည်။

ပုဏ္ဏားကြီးကတော့ ခံစားချက်အပြည့်နှင့်လူမို့ -

"အင်း...အရှင်ဂေါတမပေးသည့် ဂါထာကို ခုနေ လူပုံအလယ်မှာ ရွတ်ဆိုလျှင် အသင့်တော်ဆုံး ဖြစ်ပေမယ်"ဟု ဆုံးဖြတ်ပြီး အစည်းအဝေး လူပုံအလယ်သွားကာ လက်ကိုမြှောက်ကာ ဆန့်တန်းပြီး ဂါထာကို အော်ကာရွတ်လေတော့သည်။ ရတ်တရက်အဖြစ်မို့ ပရိသတ်အပေါင်း အံ့အားတသင့်ဖြစ်ရကာ ငေးစိုက်နားထောင်ပြီးမှ မြတ်စွာဘုရားရှင်သက်တော်ထင်ရှားကာလဖြစ်၍ လူတို့သည် ကတိသစ္စာတည်ရှိတာ၊ ကျေးဇူးသိတတ်တာ များလေ၏။ လောကဋ္ဌသား၊ သမီးတို့အတွက် အကြီးမားဆုံးအရာကား မိဘကျေးဇူးပင် ဖြစ်လေသည်။

ပရိသတ်အပေါင်းက စဉ်းစားကြလေရာ -

"မိဘကျေးဇူး မသိတတ်ကြသောထိုသူများကား အခြားဘယ်လိုကျေးဇူးကိုမှ သိတတ်ကြမှာ မဟုတ်ပေ"ဟု မြို့သူမြို့သားများက တွေးဆကာ -

"ကျေးဇူးကန်းသော သားသမီးကို လောကမှာ မထားသင့်ပေ၊ သတ်ပစ်ခြင်း အပြစ်နှင့်သာ ထိုက်တန်ပေသည်"ဟု ပြောဆိုဆုံးဖြတ်ကြကာ ပရိသတ်လူပုံ လှုပ်လှုပ်သဲသဲ ဖြစ်လာပြီး -

"သည်အထဲမှာ မိဘကျေးဇူးမသိတတ်ဘဲ မိဘကို မောင်းထုတ်စွန့်ပစ်တဲ့လူ ဘယ်သူတွေ။ အခုပင် ဝိုင်းဖမ်းကြပါလော့"ဟု အော်ဟစ်တောင်းဆိုနေတော့သည်။

ဖခင်ပုဏ္ဏားကြီးအပေါ် ကျေးဇူးကန်းခဲ့သော သားများ ကမ္ဘာပျက်မတတ် တုန်လှုပ်ချောက်ချားနေရလေတော့သည်။

ကြောက်ရွံ့ထိတ်လန့်စွာ ဖခင်ပုဏ္ဏားကြီး၏ ခြေအစုံကို အားကိုးတကြီး ဖက်တွယ်ထားကြပြီး ငိုယိုကာ တောင်းပန်ကြသည့်အခါ -

"အဖေ၊ အမလေး...အဖေရဲ့ သားတို့အသက်ကို ကယ်ပါဦးအဖေရဲ့"

"အဖေ့အပေါ်မှာ သားတို့ပြစ်မှားခဲ့တာ တောင်းပန်ပါတယ် အဖေရဲ့။ အဖေ့ကို သားတို့ စိတ်ထားဖြူဖြူစင်စင်နဲ့ ပြုစုလုပ်ကျွေးပါ့မယ်"

"အီး...ဟီး။ အဖေမကယ်ရင် သားတို့ သေရပါတော့မယ်...အီး"

သားတွေက ငိုကာယိုကာ ဝန်ချတောင်းပန်ပြီး ဝမ်းနည်းမျက်ရည် တွင်တွင်ကျတာ မြင်တော့လည်း ဖခင်ဆိုသည့် မေတ္တာစိတ်အဟုန်က မမြင်ရက်၊



www.burmeseclassic.com

www.burmeseclassic.com

မကြားရက်၊ ဥပေက္ခာမပြုရက်ပြန်ပေ။ နှလုံးသားမှ မေတ္တာငွေ့တို့ဖြင့် မိဘကျေးဇူး မသိတတ်သူတွေကို ဖမ်းကြ၊ ဆီးကြ၊ ပြုကြတော့မည့် လူအုပ်ကြီးအား လက်ကာပြ တောင်းပန်တားဆီးလိုက်ရတော့သည်။

"အို…မြို့သူမြို့သား မိတ်ဆွေများခင်ဗျား။ ကျွန်ုပ်၏ သားများကို မဖမ်းကြ၊ မသတ်ကြပါနှင့်။ ယခု သားများက ဝန်ချတောင်းပန်ကာ ကျွန်ုပ်အား စောင့်ရှောက်ကျွေးမွေးပါ့မည်ဟု ပြောဆိုကတိပေးကြကုန်ပြီ။ ခွင့်လွှတ်ပေးကြပါခင်ဗျား"ဟု ပုဏ္ဏားကြီးက တောင်းပန်လေမှ သားများသေဘေးဒဏ်က လွတ်မြောက်ရလေ၏။ သည်တော့မှ မြို့လူကြီးက သားလေးယောက်ကို ခေါ်ယူပြီး လူပုံအလယ်မှာ ကတိတောင်းခံ ဆုံးမလေသည်။

"ဟေ့ကောင်တွေ၊ သည်နေ့ကစပြီး မင်းတို့အဖေကို ကောင်းမွန်စွာ မကျွေးမွေး မပြုစုလျှင် လေးယောက်စလုံး အသတ်ခံရမယ်၊ ကြားရဲ့လား"

"ဟုတ်ကဲ့၊ ကျွန်တော်တို့ ကတိပေးပါတယ်"

သားလေးယောက်ခမျာ သေရမှာကြောက်လန့်ပြီး ဖခင်ပုဏ္ဏားကြီးအား ထမ်းပိုးခေါ်ဆောင်သွားကြလေသည်။ အိမ်သို့ရောက်တာနှင့် သူတို့ဇနီးများကို ခေါ်ယူပြီးလျှင် -

"ကဲ…ရှင်မရေ၊ ငါတို့မှာ သည်တစ်နေ့ အသက်နီးသော သေဘေးပြဿနာကြီးနှင့် ကြုံတွေ့နေရလေပြီ။ သည်ပြဿနာကြီးကို ငါ့ဖခင်ကြီးက မိဘမေတ္တာ ကရုဏာစိတ်အပြည့်နှင့် ဝင်ရောက်ကာကွယ်ပေးခဲ့၍သာ ငါတို့အား အသက်ရှင်လျက် မြင်တွေ့ကြရတာမှတ်။ ဒါကြောင့် သည်နေ့ကစပြီး ဖခင်ကြီးအပေါ် စိတ်နှလုံးကြည်ဖြူစွာဖြင့် ဂရုတစိုက် ဝိုင်းပြုစု ကျွေးမွေးကြပါစို့"ဟု တိုက်တွန်းပြောကြားလေသဖြင့် ပုဏ္ဏားကြီးလည်း ကောင်းမွန်စွာ စားသောက်နေထိုင်ခွင့် ရလေတော့သည်။ အစာအာဟာရလည်း မှန်လာသဖြင့် အားအင်ပြန်လည်ပြည့်ဝလာလေသည်။ ပုဏ္ဏားကြီးကား မိမိကိုယ်ကို ကြည့်ရှုသုံးသပ်ကာ -

"ငါသည် ရှင်ဂေါတမကို အမှီပြုကာ ယခုလို စည်းစိမ်ချမ်းသာကို ရလေခြင်းဖြစ်ရာ ရှင်ဂေါတမအား ငါနိုင်စွမ်းသမျှ လှူဒါန်းလေဦးမှ"ဟု စိတ်မှာဆုံးဖြတ်ကာ ဘုရားရှင်ရှေ့မှောက် ရောက်လာရပြန်လေသည်။ ဘုရားရှင်အား အဝတ်၊ ပုဆိုးအစုံ ဆက်ကပ်လှူဒါန်းပြီးနောက်-

"ရှင်တော်ဂေါတမ…ကျွန်ုပ်သည် အရှင်ဘုရားကျေးဇူးကြောင့် နေ့စဉ် သားလေးယောက်ထံမှ ဆွမ်းလေးအုပ် နေ့စဉ် ရရှိပါသည်။ ထို့ကြောင့် ဆွမ်းနှစ်အုပ်ကို ဘုရားရှင်အား လှူဒါန်းကပ်လှူခွင့် ပေးတော်မူပါဘုရား"

"အိမ်း…သာဓု သာဓု သာဓု"

တစ်နေ့သောအခါ ဘုရားရှင်အနီးအပါးဝယ် ပုဏ္ဏားကြီးနှင့် သားလေးယောက် အတူရောက်ရှိလာကြရာ သားလေးယောက်က ဘုရားရှင်အား လျှောက်တင်ကြလေသည်။

"ရှင်တော်ဘုရား၊ တပည့်တော်တို့သည် ဖခင်ကြီးအား ယခုအခါ ကောင်းစွာ အလုပ်ကျွေးပြုစုကြ၍ ယခုအခါမှာ ကျန်းမာချမ်းသာစွာ နေထိုင်နေရပါပြီ အရှင်ဘုရား"

"သာဓု…သာဓု…သာဓု။ မိဘအပေါ်မှာ ယခုကဲ့သို့ ပြုစုလုပ်ကျွေးခြင်းသည် မှန်ကန်မွန်မြတ်လှပေသည်။ မိဘ၏ ကျေးဇူးသည် အနှိုင်းမဲ့ကြီးမားလှပေ၏။ ကြီးကျယ်မြင့်မြတ်သော မိဘတို့၏ကျေးဇူးကို တုံ့ပြန်ပေးဆပ်ခြင်းသည်ကား ရှေးက ဖြစ်ကုန်ပြီးသော သူတော်ကောင်းတို့၏ အလေ့အကျင့်သာတည်း"ဟု မြတ်စွာဘုရားရှင်က သာဓုခေါ်ကာ မိန့်ကြားလေ၏။

မိဘတို့သည် သားသမီးအပေါ် ချစ်သောအချစ်ကား ဘာမှ မျှော်လင့်ချက် မရှိချေ။

ပကတိစင်ကြယ်သော မေတ္တာ၊ ကရုဏာ၊ မုဒိတာ၊ ဗြဟ္မစိုရ်စိတ်ထားဖြင့် ချစ်ကြလေသည်။

ထို့ကြောင့် မိဘက သားသမီးထံမှ ဘာမျှမလိုချင်။ မိဘကသာ သားသမီးအပေါ် ကျွေးမွေးပြုစု စောင့်ရှောက်ချင်ပါသည်။

မိဘအား လုပ်ကိုင်ကျွေးမွေးသူကို လူ၊ ဗြဟ္မာတို့က ချီးမွမ်းကြပေသည်။ သေလွန်သောအခါ သုဂတိဘုံ၌သာ စံစားကြရလေသည်။

ထို့ကြောင့် မမေ့မလျော့ မပေါ့မဆသော အသိတရားဖြင့် မိဘတို့အား စွမ်းအားရှိသလောက် ချီးမြှောက်ပြုစု လုပ်ကျွေးကြပါကုန်။

ဩနန်းရှင်

ကျမ်းကိုး:

- ဓမ္မပဒ အဋ္ဌကထာတော်မှ "ပရိဇိဏ္ဏ ဗြာဟ္မဝတ္ထု"
- အဂ္ဂမဟာသဒ္ဓမ္မ ဇောတိကဓဇ ထီးချိုင့်မြို့ တည်တောဆရာတော်၏ "မိဘဟူသည်"မှ မှီငြမ်းပါသည်။



www.burmeseclassic.com

www.burmeseclassic.com

# နှင်းဆီနီနီ လှူကြပါ

■ နှင်းအဥ္ဇလီ

ဗေဒင်တွက်သော ဘုန်းတော်ကြီးအချို့၊ ဗေဒင်ဆရာအချို့သည် ယတြာပေးလျှင် ဆူးရှိသောကြောင့် ရှောင်ကြသည်မှာ လွဲမှားသော အယူအဆ ဖြစ်ပါသည်။ အာရှနိုင်ငံ၊ အနောက်နိုင်ငံများနှင့် နိုင်ငံတကာတို့တွင် နှင်းဆီနီနီကို အောင်မြင်မှု၊ ပျော်ရွှင်မှု၊ တက်ကြွမှုများ ပေးစွမ်းနိုင်သည်ဟု လက်ခံခဲ့ကြပါသည်။ လုပ်ငန်းဖွင့်ပွဲများတွင် နှင်းဆီနီနီကို ထိုးကြပါသည်။ ပန်းစည်း၊ ပန်းခြင်းများဖြင့် ပြုလုပ်ထားခြင်းသည် လုပ်ငန်းများ လျှင်မြန်တိုးတက်စေသော နိမိတ်။

ဆုံးရှုံးထားသော ငွေကြေးများ ပြန်လည်ရချင်လျှင်သော်လည်းကောင်း၊ ငွေကြေးအခက်များ ကြုံနေလျှင်၊ အကြွေးများ ကျေချင်လျှင်၊ ငွေကြေးအကူအညီရလိုလျှင် အိမ်ဘုရားစင်တွင် နှင်းဆီနီနီ (၁၀)ပွင့်ကို အဆူးခြွေ၍ ပန်းအိုးလှလှလေးထဲတွင် ထိုး၍ လှူဒါန်းထားပါ။ အခြားသော ဘာသာဝင်များလည်း ငွေကြေးအဆင်ပြေလိုလျှင် နှင်းဆီနီနီ (၁၀)ပွင့်ကို အဆူးခြွေပြီး ပန်းအိုးလှလှထဲတွင် ထည့်ထိုးပြီး သီးသန့်စားပွဲခုံတွင် တင်ထားပြီး ဧည့်ခန်းထဲတွင် ထားပေးပါ။

မွေးသား/မွေးသမီးများ၏ အသက်များကို ဖော်ပြထားပါသည်။ ဤဖော်ပြထားသော အသက်များတွင် ပြုလုပ်ပါက ထူးခြားစွာ ငွေဝင်ပါလိမ့်မည်။

**တနင်္ဂနွေသားသမီး** – ၁၁ နှစ်၊ ၁၂ နှစ်၊ ၁၉ နှစ်၊ ၂၀ နှစ်၊ ၂၇ နှစ်၊ ၂၈ နှစ်၊ ၃၅ နှစ်၊ ၃၆ နှစ်၊ ၄၃ နှစ်၊ ၄၄ နှစ်၊ ၅၉ နှစ်၊ ၆၀ နှစ်၊ ၆၇ နှစ်၊ ၆၈ နှစ်၊ ၇၅ နှစ်၊ ၇၆ နှစ်၊ ၈၃ နှစ်၊ ၈၄ နှစ်။

**တနင်္လာသားသမီး** – ၁၀ နှစ်၊ ၁၁ နှစ်၊ ၁၈ နှစ်၊ ၁၉ နှစ်၊ ၂၆ နှစ်၊ ၂၇ နှစ်၊ ၃၄ နှစ်၊ ၃၅ နှစ်၊ ၄၂ နှစ်၊ ၄၃ နှစ်၊ ၅၀ နှစ်၊ ၅၁ နှစ်၊ ၅၈ နှစ်၊ ၅၉ နှစ်၊ ၆၆ နှစ်၊ ၆၇ နှစ်၊ ၇၄ နှစ်၊ ၇၅ နှစ်၊ ၈၂ နှစ်၊ ၈၃ နှစ်။

**အင်္ဂါသားသမီး** – ၉ နှစ်၊ ၁၀ နှစ်၊ ၁၇ နှစ်၊ ၁၈ နှစ်၊ ၂၅ နှစ်၊ ၃၃ နှစ်၊ ၃၄ နှစ်၊ ၄၁ နှစ်၊ ၄၂ နှစ်၊ ၄၉ နှစ်၊ ၅၀ နှစ်၊ ၅၇ နှစ်၊ ၅၈ နှစ်၊ ၆၅ နှစ်၊ ၆၆ နှစ်၊ ၇၃ နှစ်၊ ၇၄ နှစ်၊ ၈၁ နှစ်၊ ၈၂ နှစ်။

**ဗုဒ္ဓဟူးသားသမီး** – ၈ နှစ်၊ ၉ နှစ်၊ ၁၆ နှစ်၊ ၁၇ နှစ်၊ ၂၄ နှစ်၊ ၂၅ နှစ်၊ ၃၂ နှစ်၊ ၃၃ နှစ်၊ ၄၀ နှစ်၊ ၄၁ နှစ်၊ ၄၈ နှစ်၊ ၄၉ နှစ်၊ ၅၆ နှစ်၊ ၅၇ နှစ်၊ ၆၄ နှစ်၊ ၆၅ နှစ်၊ ၇၂ နှစ်၊ ၇၃ နှစ်၊ ၈၀ နှစ်၊ ၈၁ နှစ်။

**ကြာသပတေးသားသမီး** – ၆ နှစ်၊ ၇ နှစ်၊ ၁၄ နှစ်၊ ၁၅ နှစ်၊ ၂၂ နှစ်၊ ၂၃ နှစ်၊ ၃၀ နှစ်၊ ၃၁ နှစ်၊ ၃၈ နှစ်၊ ၃၉ နှစ်၊ ၄၆ နှစ်၊ ၄၇ နှစ်၊ ၅၄ နှစ်၊ ၅၅ နှစ်၊ ၆၂ နှစ်၊ ၆၃ နှစ်၊ ၇၀ နှစ်၊ ၇၁ နှစ်၊ ၇၈ နှစ်၊ ၇၉ နှစ်။

**သောကြာသားသမီး** – ၄ နှစ်၊ ၅ နှစ်၊ ၁၂ နှစ်၊ ၁၃ နှစ်၊ ၂၀ နှစ်၊ ၂၁ နှစ်၊ ၂၈ နှစ်၊ ၂၉ နှစ်၊ ၃၆ နှစ်၊ ၃၇ နှစ်၊ ၄၄ နှစ်၊ ၄၅ နှစ်၊ ၅၂ နှစ်၊ ၅၃ နှစ်၊ ၆၀ နှစ်၊ ၆၁ နှစ်၊ ၆၈ နှစ်၊ ၆၉ နှစ်၊ ၇၆ နှစ်၊ ၇၇ နှစ်၊ ၈၄ နှစ်၊ ၈၅ နှစ်။

**စနေသားသမီး** – ၇ နှစ်၊ ၈ နှစ်၊ ၁၅ နှစ်၊ ၁၆ နှစ်၊ ၂၃ နှစ်၊ ၂၄ နှစ်၊ ၃၁ နှစ်၊ ၃၂ နှစ်၊ ၃၉ နှစ်၊ ၄၀ နှစ်၊ ၄၇ နှစ်၊ ၄၈ နှစ်၊ ၅၅ နှစ်၊ ၅၆ နှစ်၊ ၆၃ နှစ်၊ ၆၄ နှစ်၊ ၇၁ နှစ်၊ ၇၂ နှစ်၊ ၇၉ နှစ်၊ ၈၀ နှစ်၊ ၈၇ နှစ်၊ ၈၈ နှစ်။

**ရာဟုသားသမီး** – ၅ နှစ်၊ ၆ နှစ်၊ ၁၃ နှစ်၊ ၁၄ နှစ်၊ ၂၁ နှစ်၊ ၂၂ နှစ်၊ ၂၉ နှစ်၊ ၃၀ နှစ်၊ ၃၇ နှစ်၊ ၃၈ နှစ်၊ ၄၅ နှစ်၊ ၄၆ နှစ်၊ ၅၃ နှစ်၊ ၅၄ နှစ်၊ ၆၁ နှစ်၊ ၆၂ နှစ်၊ ၆၉ နှစ်၊ ၇၀ နှစ်၊ ၇၇ နှစ်၊ ၇၈ နှစ်၊ ၈၅ နှစ်၊ ၈၆ နှစ်။

နှင်းအဥ္ဇလီ



www.burmeseclassic.com

www.burmeseclassic.com

# ကံတရားများဆန်းကြယ်လှပါ၏ သို့သော် ...

(တစ်)

ကမ္မနိယာမအရ ကောင်းသောအလုပ် (ဝါ) ကုသိုလ်ကံသည် ကောင်းကျိုးကို ဖန်တီး၍၊ မကောင်းသောအလုပ်(ဝါ) အကုသိုလ်ကံသည် မကောင်းသော ဆိုးကျိုးကို ဖန်တီးဖြစ်ပေါ်စေ၏။

တစ်နေ့က ခိုငှက်ကလေးတစ်ကောင် မိမိနေအိမ်အနီးအစွန်းထွက်နေသည့် အမိုးသွပ်တန်းတစ်ခုဝယ် ချိတ်ဆွဲကျနေသော ပလတ်စတစ်ကျွတ်ကျွတ်အိပ်ကွင်းထဲ လည်ပင်းကလေးငြိပတ်ပြီး တွဲလောင်းကျကာ သေဆုံးနေသည်ကို အမှတ်မထင်တွေ့လိုက်မိသည်။ ငှက်ကလေးက ကံဆိုးလိုက်လေခြင်း။

ထောင်ချောက်ကျော့ကွင်းဖြင့် ထောင်ဖမ်းတောင်မှ မလွယ်လှသည့် သူတို့လေးတွေ၊ တောင်ပံခတ်ကာ အမြဲတမ်းလေထဲပျံဝဲနေသည့်သူတို့ ခုတော့ မည်သူတစ်ဦးတစ်ယောက်၏ အမှောင့်ပယောဂမပါဘဲ မိမိဘာသာမိမိ ဆွဲကြိုးချသေရသလို ကံဆိုးမိုးမှောင်ကျခဲ့သည့် ငှက်ကလေး။ အတိတ်ဘဝဆိုးကံများက သူ့အား မည်သို့ ဖန်လာလေသည်မသိ။

ပြီးခဲ့သည့် တစ်နှစ်ကျော် ဌနှလအတွင်းကလည်း မိမိနှင့် အလွန်ရင်းနှီးခဲ့သည့် မိတ်ရင်းဆွေရင်းတစ်ဦး မမျှော်လင့်ဘဲ ကွယ်လွန်ခဲ့သည်။ ထိုသူ မကွယ်လွန်မီ ရက်သတ္တတစ်ပတ်လောက်က သူ့ညီအရင်းတစ်ဦး ကွယ်လွန်ခဲ့ရာ ညီ၏ အသုဘရက်လည် ဆွမ်းကိစ္စအဝဝကို အစ်ကိုတစ်ဦးအနေဖြင့် စိတ်ရောကိုယ်ပါ စီစဉ်ဆောင်ရွက်နေဆဲ သေဆုံးခြင်းဖြစ်၍ လွန်စွာထူးဆန်းအံ့သြနေကြသည်။

ထိုသို့ ညီအစ်ကိုနှစ်ဦး တစ်ပတ်မျှခြားလျက် ထူးခြားစွာ ထိုသို့သေဆုံးခြင်းအတွက် ကျန်ရစ်သူမိသားစုနှစ်ခုအတွင်း ပူဆွေးသောကဖြစ်ရသည်မျှမဟုတ်၊ တုန်လှုပ်ချောက်ချားခြင်းပါ ဖြစ်ပေါ်ခံစားကြရသည်။ ထိုအကြောင်းကြောင့် တစ်ရပ်ကွက်လုံး၊ တစ်မြို့လုံး သို့လော သို့လော ဖြစ်ကုန်ကြသည်။ သူတို့ညီအစ်ကို အဘယ်ကြောင့် ထိုသို့ ဆက်တိုက်ကွယ်လွန်ကြသနည်း။ အဖြေရှာကြသည်။ အဖြေတွေ့သွားသည်။

မြေမြှုပ်သင်္ဂြိုဟ်ရန် ညီအတွက်မြေကျင်းတူးစဉ် အဆင်မပြေသဖြင့် နောက်တစ်ကျင်းထပ်တူးမိသောကြောင့်ဟု ဆိုလေသည်။ အမှတ်မထင် ကျင်းနှစ်ကျင်းတူးမိ၍ ညီအစ်ကိုနှစ်ဦး တစ်ဦးနောက်တစ်ဦး လိုက်ပါသေဆုံးရခြင်းဖြစ်သည်ဟုဆိုကာ သုသာန်မြေကျင်းတူးသူအပေါ် တရားခံအဖြစ် စွပ်စွဲပြစ်တင်ကြလေသည်။

အမှန်တကယ် မြေကျင်းတူးသူနှင့် မြေကျင်းမှာ သေသူ၏ကံကို မည်သို့မျှ ပြုလုပ်နိုင်စွမ်းရှိသည်မဟုတ်။ အသက်ကုန်

နန္ဒာမောင်(သံဖြူဇရပ်)



www.burmeseclassic.com

www.burmeseclassic.com

ဆုံးခြင်းအပါအဝင် သတ္တဝါတို့၏ကံကို မိမိတို့ကိုယ်တိုင် ပြုခဲ့ပြီးသော ရှေးရှေးနောက်နောက် ကံဇာတ်ဆရာကသာ ဖန်တီးပြုပြင်နိုင်သည်။ ကံတရားသူကြီးကသာ စီရင်ဆုံးဖြတ်နိုင်သည်။ အနန္တတန်ခိုးရှင်အပါအဝင် မည်သူတစ်ဦးတစ်ယောက်ကမှ ကြားဝင်စေ့စပ် ညှိနှိုင်းဆုံးဖြတ်ခြင်းငှာ မပြုနိုင်ပေ။

ကိစ္စက ထိုမျှမရပ်။ တစ်ဆင့်တိုးကာ သေသူအတွက် သပိတ်သွတ်ဆွမ်း၊ သံဃာဆွမ်း ဆက်ကပ်ရေး၊ မကပ်ရေး ပြဿနာဆက်လာသည်။ အချို့က ကုသိုလ်လုပ်ခြင်းဖြစ်၍ လုပ်သင့်သည်ဟု ဆိုသည်။ အချို့က လုပ်လျှင် နောင်ဘဝသို့ အထုံအစွဲလိုက်ပါကာ သူတို့ညီအစ်ကိုနှစ်ဦး ယခုကဲ့သို့ အဖြစ်ဆိုးနှင့် ဆက်လက်ကြုံရနိုင်သည်ဟု ထင်ကြေးပေးကြသည်။ ကြားတွင် ကာယကံရှင်မိသားစု ဗျာပါများရ၊ ဝမ်းနည်းကြေကွဲရနှင့် မဆုံးဖြတ်တတ်အောင် ဖြစ်ရလေသည်။

ထိုအခါ မိမိက တတ်နိုင်သမျှ ဖေးကူပြောရသည်။ "သူတို့နှစ်ဦးသည် သည်မှာဘက်ဘဝမှာ အတိတ်ကရှိခဲ့ဖူးသည့် ကံကြွေးများကို ဆပ်လိုက်ကြပြီး၍ သည်လိုအဖြစ်မျိုး နောင်ဘဝသို့ ကူးဆက်ကျရောက်နိုင်စရာမရှိတော့ကြောင်း။ နောင်ဘဝမှာ နောက်ကံသစ်ကသာ သူတို့ကို သူ့ကံနှင့်သူသာ စီရင်ဦးမှာဖြစ်ကြောင်း၊ ညီအစ်ကိုအဖြစ်နှင့်လည်း ပြန်လည်ဆုံစည်းမည်၊ မဆုံစည်းမည်ကို မည်သို့မျှ တပ်အပ်သေချာစွာ မပြောနိုင်ကြောင်း။ မိမိတို့ဘက်က ကုသိုလ်ဆက်ခြင်းအပါအဝင် လုပ်သင့်လုပ်ထိုက်သည်ကို လုပ်ပေးဖို့သာလိုကြောင်း၊ အကယ်၍ သူတို့နှစ်ဦးအနက် တစ်ဦးစီသော်လည်းကောင်း၊ နှစ်ဦးလုံးသော်လည်းကောင်း မိမိတို့ကုသိုလ်အဖို့ကို မျှော်လင့်နိုင်သော ဝေမာနိကပြိတ္တာမျိုးဖြစ်လျှင် မိမိတို့ပြုပေးသော ကုသိုလ်အရှိန်ကြောင့် ကောင်းမွန်သော ဘုံဘဝသို့ ရောက်ရှိနိုင်ကြောင်း" စသည် စသည်ဖြင့် ရှင်းပြတော့မှ ကျန်ရစ်သူမိသားစုများ အထိုက်အလျောက် စိတ်သက်သာမှု ရကြလေသည်။

## (နှစ်)

သေဆုံးခြင်းဆိုင်ရာ ရိုးရာဓလေ့ထုံးတမ်းအစဉ်အလာများက ဒေသနှင့် လူမျိုးအလိုက် မတူကွဲပြားခြားနားလေ့ရှိသည်။ လူတစ်ဦးတစ်ယောက် သေဆုံးလျှင် သူ့ဓလေ့သူ့ယုံကြည်ချက်အရ ပြုလုပ်ဆောင်ရွက်ကြမည်ဖြစ်ကြသော်လည်း ဗုဒ္ဓဘာသာဝင်များအဖို့ ဗုဒ္ဓဒေသနာနှင့်အညီ သဘာဝကျကျ၊ အကျိုးရှိရှိ ဆောင်ရွက်တတ်ဖို့ လိုလေသည်။

ပုထုဇဉ် သတ္တဝါတစ်ဦးဦး သေဆုံးခါနီးတွင် မရဏာသန္နနိမိတ်ဟုဆိုသော သေခါနီးနိမိတ်ထင်မြဲဖြစ်သည်။ နောင်ဘဝပဋိသန္ဓေနေခြင်းမရှိသော ရဟန္တာများနှင့် အသညသတ်ပြဟ္မာတို့မှလွဲလျှင် ကျန်သတ္တဝါအားလုံးတို့သည် မရဏာသန္နနိမိတ်ထင်ပြီးမှသာ အသက်ကုန်ဆုံးခြင်းသို့ ရောက်ရလေသည်။

လူသာမဟုတ်၊ မည်သည့်သတ္တဝါမဆို သေဆုံးခါနီးတွင် နိမိတ်သုံးပါး တစ်ခုခုထင်မြင်ပြီးမှ သေဆုံးကြရသည်။ အိပ်ပျော်စဉ် သေဆုံးသူ၊ ရုတ်တရက်သေဆုံးသူများပါ နိမိတ်ထင်ကြပါသည်။ တစ်ခါတစ်ရံ "တူ"ထုနေစဉ် တူထိပ်တွင် နားမိသော ယင်ကောင်အား ထုမိ၍ သေဆုံးရလျှင်ပင် မသေမီ ထိုယင်ကောင်၌ နိမိတ်ထင်ပါသည်။

သတ္တဝါတစ်ဦးဦး သေဆုံးခါနီးတွင်. . .

(၁) ကံနိမိတ်၊ (၂) ကမ္မနိမိတ်၊ (၃) ဂတိနိမိတ်ဟူ၍ သုံးမျိုး တစ်မျိုးမျိုးထင်လေသည်။

ဒါန၊ သီလ စသော ကောင်းမှုကုသိုလ်များ ဆည်းပူးအားထုတ်ထားကြသော ပုဂ္ဂိုလ်များသည် များသောအားဖြင့် ကွယ်လွန်ခါနီးတွင် ကောင်းသောနိမိတ်များ ထင်လာတတ်သည်။ သူ့အသက်သတ်ခြင်း စသော မကောင်းမှု အကုသိုလ်များ ပြုလုပ်မှုများကြသော ပုဂ္ဂိုလ်များသည် အများအားဖြင့် မကောင်းသော နိမိတ်များ ထင်လာတတ်ကြပါသည်။

(၁) ကံနိမိတ်ဆိုသည်မှာ အသက်ရှင်ခိုက် ပြုခဲ့သော ကုသိုလ်ကံနှင့် အကုသိုလ်ကံစေတနာများ ဖြစ်သည်။

(၂) ကမ္မနိမိတ်ဆိုသည်မှာ ထိုကုသိုလ်နှင့် အကုသိုလ်ပြုစဉ်က ကုသိုလ်လည်း ကုသိုလ်အလိုက် တွေ့ထိလှူဒါန်းရသော ရဟန်းသံဃာ၊ လူပုဂ္ဂိုလ်များ၊ အလှူအဆင်တန်ဆာများ၊ အကုသိုလ်လည်း အကုသိုလ်အလိုက် သတ်ဖြတ်ခဲ့သည့် သားကောင်၊ သုံးစွဲခဲ့ရသည့် အရာဝတ္ထု၊ ဓားလှံလက်နက်များ ဖြစ်သည်။

(၃) ဂတိနိမိတ်ဆိုသည်မှာ သေဆုံးပြီးနောက် ရောက်ရမည့် ဘုံဌာန(ဒုတိယဘဝ)တွင် မိမိတို့ရောက်သွားရမည့် ကောင်းသောဘုံဘဝ၊ မကောင်းသော ဘုံဘဝဟူသော ဖြစ်ရာဌာနများပင် ဖြစ်သည်။

ကွယ်လွန်သူတို့ မည်သို့သော ဘုံဘဝထဲ ကျရောက်မည်ကို ကာယကံရှင်တို့ သေဆုံးခါနီး ပုဂ္ဂိုလ်တို့၏ မျက်နှာ



www.burmeseclassic.com

www.burmeseclassic.com

အမူအရာကို အကဲခတ်ကြည့်ရှုခြင်းဖြင့် ကောင်းသောသေခြင်း၊ မကောင်းသောသေခြင်းဖြစ်သည်ဟု မှန်းဆရုံမျှထက် ပို၍သိနိုင်မည် မဟုတ်ပေ။

(သုံး)

ယခုခေတ်တွင် ပုဂ္ဂိုလ်သတ္တဝါတစ်ဦးဦး အသက်အရွယ်ကြီးရင့်ပြီး ၉၆ ပါးရောဂါတစ်ပါးပါးဖြင့် ကွယ်လွန်သေဆုံးလျှင် ဝေဖန်ပြောဆိုမှုမပြုကြသော်လည်း အမှောင့်ပယောဂတစ်ခုခုကြောင့် စုန်းကဝေပြုစား၍၊ အပင်းထည့်(သွတ်)၍ ဘီလူးအစိမ်းသရဲဖမ်း၍၊ ဖုတ်ဝင်စား၍ စသည် စသည်ဖြင့် သေဆုံးလျှင်မူ နာမည်ဆိုးတစ်ခုခုမှည့်(တပ်)ပြီး ကျန်ရစ်သူတို့ မျက်နှာမသောက်ဘဲ ထင်လျှင်ထင်သလို၊ မထင်လျှင် မထင်သလို အားမနာပ မပြောသင့်ပေ။

သေဆုံးခြင်းအတူတူ လူတကာ ကဲ့ရဲ့ပြစ်တင်သည့် အသေမျိုးဖြစ်ပါက လောကသံသရာနှစ်ဖြာသော ဆိုးကျိုးကို ဖြစ်စေနိုင်သည့်အတွက် ထိုအဖြစ်မျိုး မကြုံမိအောင် မိမိဘဝကို ကောင်းစွာနှလုံးသွင်းနေထိုင်တတ်ဖို့ လိုပေသည်။

သတ္တဝါတစ်ဦးဦး သေဆုံးတော့မည်ဆိုလျှင်...

(၁) ကံကုန်၍ သေဆုံးခြင်း၊ (၂) အသက်ကုန်၍ သေဆုံးခြင်း၊ (၃) ကံနှင့်အသက်ပါကုန်၍ သေဆုံးခြင်း၊ (၄) အချိန်အခါမဟုတ် အမှောင့်ပယောဂကြောင့် သေဆုံးခြင်း ဟူ၍ သေဆုံးခြင်း ၄-မျိုး ရှိလေသည်။ သေဆုံးပြီးလျှင်လည်း ကျရောက်မည့် လားရာဂတိ ၅-မျိုးရှိသေးရာ...

(၁) ငရဲဘဝသို့ ကျရောက်ခြင်း၊ (၂) ပြိတ္တာဘဝသို့ ကျရောက်ခြင်း၊ (၃) တိရစ္ဆာန်ဘဝသို့ ကျရောက်ခြင်း၊ (၄) လူ့ဘုံဘဝသို့ ရောက်ရှိခြင်း၊ (၅) နတ်ပြဟ္မာဘုံဘဝသို့ ရောက်ရှိခြင်းတို့ ဖြစ်ပါသည်။ သတ္တဝါမှန်သမျှ သေနည်း ၄-မျိုး တစ်မျိုးမျိုးဖြင့် သေဆုံးပြီး၊ ဘုံဘဝ ၅-မျိုးအနက် တစ်ခုခုသော ဘုံဘဝမျိုးတွင် ကျရောက်ဖြစ်ပေါ် ခံစားရမည်သာ ဖြစ်လေသည်။

ထိုသို့ သေဆုံးခြင်း၊ လားရာဂတိသို့ ကျရောက်ခြင်း၊ ဘဝသစ်တစ်ဖန် ဖြစ်ပေါ်ခြင်း စသည်တို့မှာ မည်သည့်အကြောင်း၊ မည်သည့်တန်ခိုးရှင်မျှ ဖန်ဆင်းသည်မဟုတ်ဘဲ အဝိဇ္ဇာတဏှာ၊ ဥပါဒါန်ကံဆိုသည့် အကြောင်းကြောင့်သာ ဖြစ်ရလေသည်။ ဘဝရ၍ လူဖြစ်ပြန်သော် ကံ၊ စိတ်၊ ဥတု၊ အာဟာရကိုမှီ၍ အသက်ရှင်ကြီးပြင်းရသည်။ ထိုဓာတ်ကြီးလေးပါး တစ်ပါးပါး လွန်ကဲ၍သော်လည်းကောင်း၊ လျော့နည်းယိုယွင်း၍သော်လည်းကောင်း ဖောက်ပြန်ပျက်စီးလျှင် ကာယကံရှင်တို့အဖို့ အသက်ကုန်ဆုံးသည်အထိ ခံစားဖြစ်ပေါ်ရသည်။ ဖြစ်စဉ်ကား ဇာတိ၊ ဇရာ၊ ဗျာဓိ၊ မရဏဆိုသည့် မီး ၁၁-ပါး တစ်ပါးပြီးတစ်ပါး လောင်ကျွမ်းနေခြင်းသာဖြစ်၍ ဆင်းရဲခြင်းအတိ ဖြစ်လေသည်။

မွေးသည်မှ သေဆုံးသည်အထိ အချိန်ကာလကို ဘဝဟု သတ်မှတ်ကြသည်။ ဘဝတစ်ခုပြီးတစ်ခု ဖြစ်လိုက်၊ ပျက်လိုက်၊ ပြန်ရလိုက်နှင့် ဘဝတစ်ခုပြီးတစ်ခု ဆက်နေခြင်းကို သံသရာဟု ခေါ်ဆိုကြသည် မဂ်ဖိုလ်မရမချင်း ထိုသံသရာဝဲဂယက်ထဲမှ ရုန်းထွက်နိုင်ခြင်းမရှိဘဲ မဆုံးနိုင်တော့သော ကန္တာရခရီးကြမ်းထဲ သူ့ထက်ငါ အပြိုင်ပြေးနေကြရသည်။

မိမိမိတ်ဆွေ ညီအစ်ကိုနှစ်ဦးနှင့် ခိုင်ငှက်ကလေးသည် သံသရာခရီးသွားများ ဖြစ်ကြသည့်အလျောက် အဘယ်ဘုံ၊ အဘယ်ဘဝ ဆိုက်ရောက်ပြီး အဘယ်ဆီသို့ လျှောက်လှမ်းနေသည်မသိ။ မသိပါဘဲလျက် သိသယောင်ယောင်ပြုကာ သာသာထိုးထိုး အကြောင်းမဲ့၊ အကျိုးမဲ့ ဝေဖန်ပြောဆိုခြင်းမပြုသင့်ပေ။

မိမိနှင့် သေလူတို့မှာ ပြဒါးတစ်လမ်း၊ သံတစ်လမ်း ခြားနားပြီးဖြစ်ရာ တမလွန်ဘဝရောက်ရှိသွားသောသူတို့အတွက် အသက်ရှင်ကျန်ရစ်သူ မိမိတို့က တတ်နိုင်သမျှ ကုသိုလ်ကောင်းမှု အစုစုကို သီလ၊ သမာဓိရှိသော ဆရာတော်၊ သမားတော်များ ပင့်ဖိတ်၍ သန့်ရှင်းသောဝတ္ထုပစ္စည်း၊ ကောင်းမွန်သော စေတနာ၊ ကြည်လင်သော သဒ္ဓါဖြင့် ပြုလုပ်ပေးဖို့သာ လိုရင်းဖြစ်ပါသည်။ သေသူမိဘများဖြစ်လျှင် အဆိုပါကုသိုလ်မျိုး သားသမီးများက တစ်ကြိမ်သာမက နှစ်ကြိမ်၊ သုံးကြိမ် အကြိမ်ပေါင်းများစွာ ပြုလုပ်ပေးပါက အကောင်းဆုံးပင် ဖြစ်လေသည်။

## နန္ဒာမောင်[သံဖြူဇရပ်]


**<u>စာကိုးစာရင်း</u>**

(၁) ဘဒ္ဒန္တဝဏ္ဏိတ၊ သုခကာရီရိပ်သာ(၃)၊ သံဖြူဇရပ်မြို့၏ ရတနာသုံးပါးဂုဏ်တော်များနှင့် သရဏဂုံအကြောင်း သိကောင်းစရာအဖြာဖြာ။

(၂) ဒေါက်တာမင်းတင်မွန်၏ ရှေ့ဘဝ၊ နောက်ဘဝ သိပ္ပံနည်းကျ အထောက်အထားများ။

(၃) ဒေါ်အေးမြင့်(မဟာဝိဇ္ဇာ)၏ သေခြင်းကောင်းသော ဘဝ၊ လားရာကောင်းသော ဂတိ။




www.burmeseclassic.com

www.burmeseclassic.com



■ ဒေါက်တာနန်းလှိုင်

# ကြက်ပွဲမှ စစ်ပွဲ

ကြက်ပွဲသည် ခရစ်တော်မပေါ်မီ ၂၅၀၀ ဘီစီကတည်းက အိန္ဒိယ၌ ပေါ်ခဲ့ပြီးဖြစ်သည်။ ဟိန္ဒူမြစ်ဝှမ်း ယဉ်ကျေးမှုကို ဖော်ထုတ်သုတေသနပြုကြရာမှ အဲဒီအချိန်ကစပြီး ကြက်တိုက်သည့် ဓလေ့ရှိခဲ့ကြောင်း သိခဲ့ရ၏။ မြန်မာနိုင်ငံတွင်လည်း သမိုင်းကြိုကာလကတည်းက ကြက်တိုက်သည့် အလေ့အထကို တွေ့ရှိခဲ့သည်။ ကြက်ပွဲသည် စင်စစ်အားဖြင့် ဖျော်ဖြေမှုတစ်ရပ် ဖြစ်သော်လည်း လောင်းကစားဖြစ်သည်။ လောင်းကစားဆိုလျှင် ဗုဒ္ဓဘာသာက တားမြစ်ထားသည်။ လောကအကျိုးစီးပွားကို ဆုတ်ယုတ်ပျက်စီးစေတတ်သည့် အလုပ်ဟုလည်း သတ်မှတ်သည်။ လူ့လောက၌ ကြီးပွားတိုးတက်လိုသူတို့က လောင်းကစားကို ရှောင်ရှားဖို့ လိုပါလိမ့်မည်။ နိုင်ငံတော်အစိုးရကလည်း ရာဇဝတ်မှုအဖြစ် သတ်မှတ်၏။ ကျူးလွန်လျှင် ထိုက်တန်သည့် အပြစ်ကို ချမှတ်စီရင်၏။

ဖဲဝိုင်း၊ ကြက်ဝိုင်းမှ ရိုက်မှု၊ ခိုက်ရန်ဖြစ်ပွားမှု၊ လူသတ်မှုများကိုပါ မထိန်းနိုင်မသိမ်းနိုင်၍ ကျူးလွန်ခဲ့သည်မှာ ဒုနှင့်ဒေးဟုပင် ရှိခဲ့၏။ နောက်ဆုံးပေါ် လောင်းကစားမှာ ချဲနှင့် နှစ်လုံးတိုက်ထီအထိမှာ လောင်းကစားဟု သတ်မှတ်ပါ၏။ မမှန်ကန်သော ကြီးပွားနည်း၊ ဒုက္ခရောက်မည့်နည်းဟုလည်း ဆိုနိုင်ပါလိမ့်မည်။

ထို့ကြောင့် ဗုဒ္ဓတားမြစ်ခဲ့သော လောင်းကစား၏ ဆိုးကျိုးမည်မျှ ကြီးမားခဲ့ကြောင်း ကျွန်တော်က သမိုင်းနောက်ခံတစ်ခုကို တင်ပြလိုပါသည်။ ဒုတိယမြန်မာနိုင်ငံကို တည်ဆောက်ခဲ့သည့် ဟံသာဝတီဆင်ဖြူများရှင်(အများအခေါ်) ဘုရင့်နောင်လက်ထက်တွင် ထိုင်းနှင့် စစ်ပွဲများဖြစ်ပွားခဲ့ကြသည်။ ယင်းစစ်ပွဲများမှာ ပဒေသရာဇ်ခေတ် ထုံးစံအတိုင်း သမားရိုးကျဖြစ်လေ့ရှိသည့် စစ်ပွဲများပင်။

ယိုးဒယားက မြန်မာပိုင်နက်ဖြစ်သည့် တနင်္သာရီကို ကျူးကျော်သကဲ့သို့ မြန်မာတို့ကလည်း ယိုးဒယားကို ဘုရင့်သားတော်၊ သမီးတော်တို့ကိုပါ သိမ်းပိုက်ခဲ့ဖူး၏။ ယိုးဒယားဆိုသည်မှာ အယုဒ္ဓယနိုင်ငံငယ်ကို မြန်မာတို့က ယိုးဒယားဟု သုံးနှုန်းခြင်း ဖြစ်သည်။ ဒွါရဝတီဟုလည်း ခေါ်သည်။ ဤနေရာတွင် ယိုးဒယားရာဇဝင်ကို အကျဉ်းမျှခင်းပြရန် လိုပါလိမ့်မည်။


### သမိုင်းနောက်ခံ

ဒွါရာဝတီမင်း မဟာစက္ကဝတ္တိရာဇ (ငယ်နာမည် ပြတင်း) ထိုင်းအခေါ်



www.burmeseclassic.com

www.burmeseclassic.com



ကျက္ကရာဖတ် (Maha Chakrapat) က ထီးနန်းရလာသည့်အခါ ညီငယ် ဖြဗေယကို ပိစ္စလုစ်(P'itsanulote ပိဿလောက်ဟု မှန်နန်းရာဇဝင်တွင် သုံးသည်) မြို့ကို မင်းအဖြစ် မြှောက်စားခဲ့သည်။ မြို့စားအဆင့်ထက်မြင့်ပြီး မင်းစည်းစိမ်၊ အာဏာ ရာထူးအတိုင်း ချီးမြှောက်ခဲ့ခြင်းဖြစ်သည်။

မြန်မာဘုရင် ဟံသာဝတီဆင်ဖြူများရှင်က ဒွါရဝတီကိုတိုက်သည့်အခါ ညီတော် ပိဿလောက်မင်းက ပါဝင်ကူညီတိုက်ခိုက်ခဲ့သည်။ ဤသို့ ပါဝင်ခဲ့ခြင်းမှာ ဒွါရဝတီနောင်တော်က တူတော် ဖြမဟိန်ကို နန်းတင်မည်ဆိုသည့်သတင်း ကြားကတည်းက ဖြစ်သည်။ ဖြမဟိန် နန်းတက်မည်ကို ဦးရီးတော် ပိဿလောက်က နှစ်မြို့ပုံမရချေ။ ထိုစဉ် ဟံသာဝတီဆင်ဖြူများရှင်က ပိဿလောက်ကို ဝိုင်းရံလိုက်သောအခါ ဒွါရဝတီကို ထောင်ထားခြားနားရန် အခန့်သင့်သွား၏။

အကျဉ်းချုံ့ပြောရလျှင် ဒွါရဝတီကို မြန်မာမင်း ဆင်ဖြူများရှင် အောင်မြင်သောအခါ ပိဿလောက်မင်းသား ဖြနရာဇ်ကို ဘုရင့်နောင်ဆင်ဖြူများရှင်က ဟံသာဝတီ(ပဲခူး)သို့ ခေါ်ခဲ့ပြီး သားအရင်းပမာ အဆောင်အယောင်ကြီးစွာဖြင့် ချီးမြှောက်၏။ သမီးတော် သုဝဏ္ဏကလျာကို မိဖုရားအရာ တင်မြှောက်ခဲ့၏။

## ကြက်ပွဲမှ ရန်စ

ထိုင်းလူမျိုးတို့သည် ကြက်တိုက်သည့်ဓလေ့ကို ဝါသနာထုံ၏။ တစ်လောကပင် ထိုင်း၌ ကြက်ရိုးရာပွဲကို ပြည်ပနိုင်ငံများကိုပါ ဖိတ်ခေါ်ကျင်းပခဲ့၏။ တစ်နေ့သော် ဟံသာဝတီအိမ်ရှေ့မင်းသားနှင့် ပိစ္စလုစ်မင်းသား ဖြနရစ်တို့ ကြက်တိုက်ကြ၏။ ဟံသာဝတီအိမ်ရှေ့မင်းသားက ကြက်ပွဲ၌ရှုံး၏။ ကြက်နိုင်သူ ဖြနရာဇ်မင်းသားကို မခံချင်အောင် ရှက်ရှက်ဖြင့် ပခုံးစွန်းကိုကိုင်၍ -

"လက်ရမင်း ကြက်နိုင်ပေသည်" ဟု ပြက်ရယ်စကားဆို၏။ ခေတ်စကားဖြင့်ဆိုသော် ရိလိုက်၊ ခနဲ့လိုက်ခြင်းပင်ဖြစ်သည်။ ထိုအခါ ဖြနရာဇ်မင်းသားကလည်း မခံချင်စိတ်များ ဖြစ်ပေါ်လာတော့သည်။ ပြန်၍ ပက်လိုက်သည်မှာ -

"ကျွန်ုပ် ကြက်ကို ကြက်မည်ကာ ထင်တော်မမူနှင့်။ တိုင်းပြည်ထိုက်သော ကြက်ဖြစ်သည်" ဟု ဆို၏။ (ယိုးဒယားရာဇဝင်ပေမူ၊ ခေါ်-ကျော၊ ကြောင်းရေ ၂ မှ ၅ အထိ)

ထိုရန်စ အာဃာတကို အကြောင်းခံ၍ မြန်မာနှင့်ထိုင်း စစ်ပွဲများ ဖြစ်ခဲ့ရပြန်သည်။ လောင်းကစား၏ သဘာဝအတိုင်း ရှုံးသူကို မကျေမချမ်းဖြစ်သကဲ့သို့ နိုင်သူကိုလည်း အန္တရာယ်တစ်လှည့် ပြန်စေသည်။ တရားကိုယ်ကောက်သော် နှစ်ဖက်စလုံး ဆိုးကျိုးပေးသည့် အလုပ်ဖြစ်သည်။

ဤစာကို တင်ပြရခြင်းမှာ ဖတ်ကောင်း၊ မှတ်ကောင်းရန်မျှ ရည်ရွယ်ရေးသားခြင်း မဟုတ်ဘဲ လောင်းကစားကို ကြောက်လန့်တတ်စေ [illegible] ရည်ရွယ်သည်။ ကြောက်လန့်တ[illegible]ပါ[illegible] ဟီရိဩတ္တပ္ပတရား လုံ့ခြုံရာ ရောက်ပါတော့သတည်း။

ဒေါက်တာနန်းလှိုင်

**ကိုးကားချက်**

ယိုးဒယားရာဇဝင်ပေမူ

တက္ကသိုလ်စာကြည့်တိုက် စက်မူ ၃၆၅၅၀၃။



www.burmeseclassic.com

www.burmeseclassic.com



# စိတ်စွမ်းအားကြီးမား ရဟန္တာကိုရင်လေးပါး

■ ရေကျော်စိုးအောင်

အလှူဒါနပြုလိုစိတ်ရှိသည့် ပုဏ္ဏား လင်မယားရှိ၏။ သို့သော် လှူလိုသည်က သက်ကြီးဝါကြီး ရဟန်းကြီးများကိုသာ ဖြစ်၏။ ပုဏ္ဏားကြီးပင့်ဆောင်လာသည့် ခုနစ်နှစ်အရွယ် ကိုရင်လေးပါးကို မြင်လိုက်ရသည့်အခါ ပုဏ္ဏေးမ၏ သဒ္ဓါတရားပျက်ခဲ့သည့်စိတ်ကြောင့်ပင် ဤဇာတ်လမ်း ဖြစ်ပေါ်ခဲ့ရသည်။

ကိုရင်လေးများဟုသာ ဆိုရပေပြား ကိုရင်ငယ်လေးပါးသည် ရဟန္တာကိုရင်လေးများဖြစ်ပြီး အသက်အရွယ်အားဖြင့် ခုနစ်နှစ်အရွယ်မျှသာ ဖြစ်သည်။

ပုဏ္ဏေးမသည် ရဟန်းလေးပါးအတွက် ဆွမ်းခဲဖွယ်များစီစဉ်ပြီး ပုဏ္ဏားကြီးကို ကျောင်းသို့လွှတ်၍ ရဟန်းကြီးများကို ပင့်ဆောင်စေခဲ့၏။ ကျောင်းတွင်လည်း ရဟန်းကိုရင်လေးပါးကိုပင် ပုဏ္ဏားကြီးအတွက် ညွှန်ချပေးခဲ့သည်။ ယင်းကိုရင်လေးပါးကား ...

သံကိစ္စ၊ ပဏ္ဍိတ၊ သောပါက၊ ရေဝတအမည်ရ ရဟန္တာကိုရင်လေးများပင်တည်း။ ရဟန်းအိုကြီးများကိုသာ အလိုရှိသည့် ပုဏ္ဏေးမကြီးသည် ကိုရင်လေးများကို မြင်လိုက်ရသည်နှင့် စိတ်ဆိုးသွားပြီး ပုဏ္ဏားကြီးအား ...

"သင်ဟာ ကိုယ့်မြေးအရွယ်လေးများကိုသာ ခေါ်လာသည်"

ဟု ပြောပြောဆိုဆိုနှင့် ကိုရင်လေးပါးကို နိမ့်သောနေရာတွင်သာ ပျဉ်ချပ်ခင်းကာထိုင်စေပြီး နောက်တစ်ကြိမ် ကျောင်းသို့သွားပြီး ရဟန်းကြီးများကို ဆွမ်းပင့်စေပြန်သည်။

ကျောင်းတွင် အရှင်သာရိပုတ္တရာတွေ့၍ ပင့်ဆောင်လာခဲ့ပြန်သည်တွင် ပုဏ္ဏားကြီးအိမ်တွင် ကိုရင်ငယ်လေးပါးကို တွေ့သည်နှင့် ...

www.burmeseclassic.com

"ကိုရင်တို့ ဆွမ်းရပြီးပြီလား"

ဟုမေး၏။ ဆွမ်းမရသေးမှန်း သိသည်နှင့် လေးပါးအတွက် စီစဉ်ထားမှန်း သိ၍ သပိတ်ယူပြီး ဖဲသွားခဲ့သည်။ ထိုအဖြစ်ကို မကျေနပ်သည့် ပုဏ္ဏေးမကြီးက ကျောင်းသို့ပြန်စေပြီး ရဟန်းကြီးများသာ ပင့်နိုင်းပြန်ရာ အရှင်မောဂ္ဂလာန်ကို ပင့်ဆောင်လာသည်တွင် ရှေးနည်းအတိုင်း ဖဲသွားပြန်သည်။

ပုဏ္ဏားကြီးက မန္တန်ရွတ်ပွဲသွားပြီး ပုဏ္ဏားအိုကြီးတစ်ပါးကို ထပ်ပင့်စေပြန်သည်။ သည်တွင် နံနက်စောစောကတည်းက ထိုင်နေရသည့် ကိုရင်ငယ်လေးများ အကြောင်းစုံကိုသိရသည့် သိကြားမင်းသည် မနေသာသည်ဖြစ်၍ ပုဏ္ဏားအိုယောင်ဆောင်ကာ မန္တန်ရွတ်ပွဲမှာ ဦးဆုံးထိုင်နေခဲ့သည်ကို ပုဏ္ဏားကြီးတွေ့ပြီး ပင့်လာခဲ့သည်။

ကိုရင်(၄)ပါးကို မြင်လိုက်သည်နှင့် ထိခြင်းငါးပါးနှင့် ဦးချသည်ကို မြင်လိုက်သည့် ပုဏ္ဏေးမကြီးသည် ခင်ပွန်းသည်အား ...

"အသင့်ကို ပုဏ္ဏားတစ်ဦးပင့်ခိုင်းသည်။ သင်သည် မြေးအရွယ် ကိုရင်လေးများကို ရှိခိုးနေသည့် ပုဏ္ဏားအရူးကြီးကို ခေါ်လာသည်။ ပုဏ္ဏားအိုနဲ့ ဘာအကျိုးရှိမှာလဲ"

ဟု ပြောပြောဆိုဆိုနှင့် ပုဏ္ဏားအိုကို **ဆွဲထုတ်စေ၏။** ပုဏ္ဏားအိုသည် မူလနေရာမှာပင်ရှိနေသည်ကို မြင်တွေ့ရသည်နှင့် ပုဏ္ဏားကြီးဖနီးမောင်နှံ ကြောက်ရွံ့နေသည်ကိုတွေ့မှ ပုဏ္ဏားအိုကြီးက ဤသို့ဆို၏။

"ငါသည် ... သိကြားမင်းတည်း။ သင်တို့အလှူသည် ခွဲခြားမှုရှိနေ၍ ငါကိုယ်တိုင်မနေသာ၍ ဆင်းလာရသည်"

ဟု ပြောမှ ကိုရင်လေးပါးနှင့် သိကြားမင်းတို့အား အာဟာရများကို ပေးလှူခဲ့ရတော့သည်။ ဤတွင် တစ်ပါးက အထွက်ချက်ဝန်း၊ တစ်ပါးက အမိုးရဲ့ရှေ့ပိုင်း၊ တစ်ပါးက အမိုးနောက်ပိုင်း၊ တစ်ပါးက မြေကြီးထဲငုပ်လျှိုးသွားသလို သိကြားမင်းလည်း တစ်နေရာက ထွက်သွားကြလို့ ပုဏ္ဏားကြီးအိမ်မှာ အပေါက်ငါးပေါက်ရှိသည့်အိမ်ဟူ၍ပင် ခေါ်ဝေါ်ခဲ့ကြတော့သည်။

> တစ်ပါးက
> အထွက်ချက်ဝန်း၊
> တစ်ပါးက
> အမိုးရဲ့ရှေ့ပိုင်း၊
> တစ်ပါးက
> အမိုးနောက်ပိုင်း၊
> တစ်ပါးက
> မြေကြီးထဲ
> ငုပ်လျှိုးသွားသလို
> သိကြားမင်းလည်း
> တစ်နေရာက
> ထွက်သွားကြလို့
> ပုဏ္ဏားကြီးအိမ်မှာ
> အပေါက်ငါးပေါက်
> ရှိသည့်အိမ်ဟူ၍ပင်
> ခေါ်ဝေါ်ခဲ့ကြတော့သည်။

ကျောင်းပြန်ရောက်သည့်အခါ ရဟန်းတို့က –

"ငါ့ရှင်တို့ ဘယ်လိုလဲ"

ဟုမေးကြသည်တွင် ဖြစ်ကြောင်းကုန်စင် ပြန်ပြောပြသည့်အခါ ရဟန်းများက –

"ကိုရင်တို့ကို သည်လိုလုပ်ကြလို့ လုပ်တဲ့သူတို့အပေါ် စိတ်မဆိုးကြဘူးလား"

ဟုမေးသည့်အခါ ကိုရင်ငယ်တို့က

"စိတ်မဆိုးကြပါ"

ဟု ပြန်လျှောက်ထားသည်တွင် ကိုရင်ငယ်တို့ စိတ်မဆိုးကြဟု မဟုတ်မမှန်တာပြောပြီး အရဟတ္တဖိုလ်ကိုသာ ဖြေဆိုကြပါသည်ဟု ဘုရားရှင်အား လျှောက်ထားကြ၏။ ဘုရားရှင်က –

"ရဟန်းတို့ ... ရဟန္တာတွေဆိုတာ စိတ်ဆိုးလို့ ဆန့်ကျင်နေသူတို့အပေါ် မှာပင် မဆန့်ကျင်ကြ"

ဟု မိန့်တော်မူခဲ့သည်။ ကိုရင်ငယ်လေးပါးသည် အရွယ်အားဖြင့်သာ ငယ်ကြ ပင်ဖြစ်ငြားလည်း စိတ်စွမ်းအားသည် ကြီးမားလှပါပေ၏။ သာမန်ကိုရင်များ ဖြစ်ငြားအား ပုဏ္ဏားဖနီးမောင်နှံအား ဆွမ်းဆာလောင်မှုဖြင့် ဒေါသစိတ်များ ဖြစ်မိကြပေမည် ဖြစ်၏။ ယခု ရဟန္တာကိုရင်လေးပါး၏ စိတ်စွမ်းအင်သည် ကြီးမားရုံမျှမက လောဘ၊ မောဟ၊ ဒေါသကင်းနေကြသည်မှာ အတုယူ သာဓုခေါ်ဆိုဖွယ်ဟူ၍သာ ဆိုချင်ပါတော့သည်။

**ရေကျော်စိုးအောင်**

<u>ကျမ်းကိုး</u>

သာမဏေကျော်၏ ၇ နှစ် အရွယ် ရဟန္တာ ကိုရင်လေးများ။



www.burmeseclassic.com

www.burmeseclassic.com

# မနောကံ

ရှယ်လီသိန်းမောင်(စိန်မိုက်ကယ်)

ဗုဒ္ဓဘာသာဝင်တိုင်း စောင့်ထိန်းအပ်သော "မနောကံ" သည် အလွန်အရေးပါ အရာရောက်ပြီး၊ အပြစ်အကြီးဆုံးနှင့် ကောင်းကျိုးအများဆုံးကို ပေးစွမ်းနိုင်သော ကံတစ်ပါးပင် ဖြစ်ပါသည်။

ဘုရားရှင်လက်ထက်တော်က မနောကံသည် မည်မျှပင် အရေးပါကြောင်း ဘုရားရှင်မှ ဒိဋ္ဌိတို့အား အောက်ပါအတိုင်း ဆုံးမတော်မူလေသည်။

နာလကမြို့ရှိ ဒိဋ္ဌိဆရာကြီး ခြောက်ယောက်တို့၏ တပည့်တစ်ဦးဖြစ်သူ ဒီကာသပတ္တိသည် ဘုရားရှင် တရားဟောကြားရာနေရာသို့ ရောက်ရှိလာရာ ဘုရားရှင်မှ ဒီကာသပတ္တိအား ဤသို့ မိန့်တော်မူလေသည်။

"ဒီကာသပတ္တိ・・・သင်တို့၏ဆရာသည် မကောင်းမှု၌ မည်သို့သတ်မှတ်သနည်း" ဟု မေးရာ ဒီကာသပတ္တိက -

"ကျွန်ုပ်တို့ဆရာသည် မကောင်းမှု၌ ဒဏ်ဟု သတ်မှတ်ပါသည်"

"ဒါဖြင့် သင်တို့တွင် ဒဏ်ဘယ်နှမျိုးရှိပါသနည်း"

"ကျွန်ုပ်တို့တွင် ကာယဒဏ်၊ ဝစီဒဏ်၊ မနောဒဏ်ဟူ၍ ဒဏ်သုံးမျိုးရှိပါသည်" ဟု ဖြေလေ၏။

ထို့နောက် ဘုရားရှင်မှ -

"ဒါဖြင့် သင်တို့သည် မည်သည့်ဒဏ်ကို အပြစ်အကြီးဆုံးဟု သတ်မှတ်သနည်း"

"ကျွန်ုပ်တို့တွင် ကာယဒဏ်ကို အပြစ်အကြီးဆုံးဖြစ်သည်ဟု သတ်မှတ်ပါသည်"ဟု ဖြေလေ၏။ ဘုရားရှင်မှ ထိုမေးခွန်းအား သုံးကြိမ်သုံးခါ မေးမြန်းသော်လည်း ဒီကာသပတ္တိသည် သုံးကြိမ်သုံးခါတိုင် မေးမြန်းသော်လည်း ၎င်းတို့သည် ကာယဒဏ်ကိုသာ အပြစ်အကြီးဆုံးဟု သတ်မှတ်ပါသည်ဟု လျှောက်တင်မြဲ လျှောက်တင်လေ၏။

ဒီကာသပတ္တိကလည်း "ရဟန်းကြီး၊ သင်တို့တွင်လည်း မကောင်းမှု၌ မည်သို့သတ်မှတ်သနည်း"ဟု မေးလေ၏။

ဘုရားရှင်က -

"ကျွန်ုပ်တို့သည် မကောင်းမှု၌ ကံဟုသတ်မှတ်ပြီး ကာယကံ၊ ဝစီကံ၊ မနောကံ ဟူ၍ ကံသုံးပါးရှိပါသည်"ဟု ဖြေလေတော့၏။

"သို့ဖြစ်လျှင် သင်တို့သည်လည်း ထိုကံသုံးပါး၌ မည်သည့်ကံကို အပြစ်အကြီးဆုံးကံဟု သတ်မှတ်ပါသနည်း"ဟု မေးရာ ဘုရားရှင်က -

"ကျွန်ုပ်တို့သည် မနောကံကို အပြစ်အကြီးမားဆုံးကံဟု သတ်မှတ်ပါသည်"ဟု ဆိုလေရာ ဒီကာသပတ္တိ ရယ်မောလျက်

"ရဟန်းကြီး၊ သင်တို့သည် ရိုးစင်းလွယ်ကူပြီး ကိုင်တွယ်ဖြေရှင်း၍ရသော ကာယဒဏ်ကို အပြစ်ကြီးသည်ဟု မသတ်မှတ်ဘဲ ကိုင်တွယ်ဖြေရှင်း၍မရသော မနောကံကို အပြစ်အကြီးဆုံးဟု အဘယ်ကြောင့် သတ်မှတ်ပါသနည်း"ဟု ဆိုလေ၏။

ထိုအခါ ဘုရားရှင်မှ သင်နှင့် ငါ သစ္စာတည်က ဆွေးနွေးမည်။ မှန်ကန်က လက်ခံရန် သဘောတူညီချက်ဖြင့် တရားဆွေးနွေးကြလေသည်။

ဘုရားရှင်မှ ရှေးဦးစွာ အောက်ပါအတိုင်း မေးမြန်းတော်မူလေ၏။

"သင်တို့သည် ရေအေးကို တမ်းတရင်း ရေနွေးကိုသာ သုံးရပြီး သေသွားသူအား မည်သို့သတ်မှတ်သနည်း"ဟု ဆိုလေသည်။

"ကျွန်ုပ်တို့သည် ရေအေးကိုတမ်းတရင်း ရေအေးမရ၍ သေဆုံးသူအား စိတ်၏ဖြစ်ပေါ်လာသော စွဲလမ်းမှုကြောင့် ရေအေးကိုတမ်းတသော နိကဋ္ဌနတ် ဖြစ်သည်"ဟု ပြောလေ၏။

"ဒီကာသပတ္တိ・・・သင့်စကား ရှေ့နောက်မညီပါလား။ သင်တို့ပြောတော့ ကာယဒဏ်သည် အပြစ်ကြီးဆုံးဟု သတ်မှတ်ပြီး၊ ယခု စိတ်ကြောင့်ဖြစ်ပေါ်လာသော စွဲလမ်းမှုသည် မနောကံပင် မဟုတ်ပါလော"ဟုဆိုပြီး ဒုတိယအမေးကို ဆက်လက် မေးတော်မူ၏။

"သင်တို့သည် လမ်းလျှောက်ရင်း ပိုးကောင်လေးများအား တက်နင်းမိ၍ ပိုးကောင်လေးများ သေကျေပျက်စီးသော်



www.burmeseclassic.com

www.burmeseclassic.com

မည်သို့ သတ်မှတ်သနည်း"

"ဤအချင်းအရာ၌ ကျွန်ုပ်တို့သည် ပိုးကောင်လေးများအား သေစေလိုသောစိတ်ဖြင့်မဟုတ်ဘဲ မတော်တဆ တက်နင်းမိပါက အပြစ်မဖြစ်နိုင်ပါ"

ဟုဆိုရာ ဘုရားရှင်မှ "ဒုတိယအကြိမ်လည်း သင်တို့စကား ရှေ့နောက်မညီပါလား"ဟုဆိုပြီး တတိယမေးခွန်းကို မေးတော်မူလေ၏။

"မြို့တစ်မြို့၌ လူတစ်ယောက်သည် တိရစ္ဆာန်အားလုံးအား သတ်ဖြတ်ပြီး အရိုးကတစ်ပုံ၊ အသားကတစ်ပုံ တစ်ခဏချင်း ပြုလုပ်ဆောင်ရွက်နိုင်ပါသလော"

"ဤမေးခွန်း၏အဖြေမှာ စိတ်တန်ခိုးကြီးမားသော တန်ခိုးရှင်များသာလျှင် ပြုလုပ်ဖန်တီးနိုင်ပါသည် ရဟန်းကြီး" ဟု ပြန်လည်ဖြေကြားလေတော့သည်။

ထိုအခါ ဘုရားရှင်မှ "ဒီကာသပတ္တိ···ကံသုံးပါးအနက် မနောကံသည် အလွန်ပင်အရေးကြီးဆုံး၊ အပြစ်ကြီးဆုံးကံဆိုသည်ကို သင်လက်ခံပြီလား"ဟု မေးမြန်းရာ ဒီကာသပတ္တိက

"ရဟန်းကြီး၏ ပထမဦးဆုံးမေးခွန်း၏ အဖြေ၌ပင် သင့်အား ယုံကြည်စွာ လက်ခံပြီဖြစ်ပါသော်လည်း ရဟန်းကြီး၏ ပညာများအား နှစ်ခြိုက်ခြင်းဖြစ်ပါက တရားထူးများ ရရှိနိုင်စေရန် တိတ်ဆိတ်နေခြင်း ဖြစ်ပါသည်"ဟု လျှောက်ထားပြီး ဘုရားရှင်အားကန်တော့လျက် တပည့်အဖြစ် ခံယူတော်မူလိုက်လေသည်။

ငင်းနောက် ဘုရားရှင်မှ ဖြစ်ရပ်တစ်ခုတည်းမှာပင် အတွေးအမြင်ချင်းမတူညီသော လူနှစ်ဦး၏ ရလဒ်အား အောက်ပါအတိုင်း ဟောတော်မူလေ၏။

တစ်ရံရောအခါက ကောသလမင်းကြီးသည် တုငွေပေါင်း တစ်ဆယ့်လေးကုဋေအား သံဃာတော်များနှင့်တကွ အယုတ်၊ အလတ်၊ အမြတ်မရွေး လူပုဂ္ဂိုလ်အားလုံးတို့အား ကြီးကျယ်ခမ်းနားသော မဏ္ဍပ်ကြီးတစ်ဆောင် ဆောက်လုပ်ပြီး အလှူကြီးပေးတော်မူလေသည်။

ထိုအလှူပွဲကြီးအား တစ်ယောက်သူက သူဌေးကြီးသည် ဤမျှချမ်းသာလှသော ငွေကြေးများကို အကြောင်းမဲ့လှူဒါန်းနေ၏။ သံဃာတော်များသည် အလှူကြီးရသဖြင့် ပျော်ရွှင်စွာ ခေါင်းမြီးခြုံပြီး ဇိမ်ခံ၍ အိပ်နေကြမည်ကို မမြင်ဘဲ၊ မတွေးဘဲ လှူဒါန်းနေသကဲ့သို့ လူပုဂ္ဂိုလ်အမျိုးမျိုးတို့အား လှူဒါန်းနေခြင်းမှာလည်း အကျိုးရှိမည်မဟုတ်ဟု သူဌေးကြီး၏ အလှူအား ဝန်တိုမိခြင်းဖြစ်နေ၏။

ဒုတိယတစ်ဦးမှာ သူဌေးကြီးသည် ကုဋေပေါင်းမြောက်မြားစွာကို ပေးလှူနေ၏။ ငါတို့သည် ဆင်းရဲနွမ်းပါးသဖြင့် သူကဲ့သို့မလှူနိုင်ချေ။ သူဌေးကြီးလှူသောအလှူအား ဝမ်းမြောက်ပီတိဖြစ်ပြီး အလှူကြီးအောင်မြင်ရေးအတွက် ဝိုင်းဝန်းကူညီပေးခြင်း၊ ခရီးသွားများအား အလှူမဏ္ဍပ်ရှိရာသို့ ညွှန်ကြားပေးခြင်းဖြင့် ကျေနပ်နေမိ၏။

ငင်းတို့နှစ်ဦး သေဆုံးသော် ပထမတစ်ဦးသည် သူတစ်ပါးအလှူအား ဝန်တိုမိသော မနောကံကြောင့် စားရသောက်ရမဲ့ဖြစ်သော ပြိတ္တာကြီးဘဝသို့ ရောက်ရှိပြီး ကျန်တစ်ဦးမှာ မနောကံ၏ ကောင်းကျိုးပေးမှုကြောင့် လက်ညှိုးညွှန်ရာ ရွှေဖြစ်သော ရုက္ခစိုးဘဝသို့ ရောက်ရှိသွားလေတော့သည်ဟု ဟောကြားတော်မူလေသတည်း။

ထို့ကြောင့် ယနေ့ ကမ္ဘာပေါ်တွင် မနောကံ၏ တစ်ခဏတွင်း ဖြစ်ပေါ်လာသော စိတ်၏ စေခိုင်းလှုံ့ဆော်မှုကြောင့် စူးစမ်းလိုစိတ်များ၊ တီထွင်ဆန်းသပ်မှုများ၏ အကျိုးဆက်အား လက်နက်တီထွင်ခြင်း၊ အထုမြူပုံးစမ်းသပ်ခြင်းတို့၏ ဒဏ်ကြောင့် ကမ္ဘာပေါ်တွင် လူပေါင်းမြောက်မြားစွာ သေကျေပျက်စီး ဆုံးရှုံးနစ်နာရသကဲ့သို့။

ယနေ့ ဗုဒ္ဓဘာသာဝင်များ၏ အတိတ်မှ ပြုလုပ်ခဲ့ကြသော မနောကံ၏ ကောင်းမှုကြောင့် ကျွန်ုပ်တို့အားလုံးတို့သည် သာသနာနှင့် ကြုံကြိုက်ရပြီး ဘုရားရှင်၏ ဟောကြားတော်မူခဲ့သော တရားများအား လေ့လာဆည်းပူး၊ နာကြား၊ ရှုမှတ်ပွားများနေရခြင်း ဖြစ်ပါသည်။

သို့ပါ၍ မနောကံ၏ မကောင်းမှုနောက်သို့ မလိုက်မိစေဘဲ မနောကံ၏ ကောင်းမှုနောက်သို့ အစဉ်လိုက်လျက် ဘဝနောင်ရေး စိတ်အေးရအောင် သစ္စာလေးပါး မြတ်တရားကို ကျင့်ကြံအားထုတ် ကြိုးပမ်းကြပါစို့ဟု ဖြူစင်သောစိတ်ဖြင့် ရေးသားတင်ပြလိုက်ပါသည်။

စာဖတ်ပရိသတ်များအား အစဉ်လေးစားလျက်···

ရှယ်လီသိန်းမောင်(စိန်မိုက်ကယ်)


မှတ်ချက် ။ သစ္စာရွှေစည်ဆရာတော် ရှင်ဥတ္တမ၏ စိတ်တို့၏အစွမ်း တရားတော်အား အခြေခံထားပါသည်။

[ဆရာတော် အရှင်ဥတ္တမ(သစ္စာရွှေစည်ဆရာတော်) အား ဤဆောင်းပါးဖြင့် ပူဇော်ပါ၏ အရှင်ဘုရား။]



www.burmeseclassic.com

www.burmeseclassic.com



"ဟိုအမေကြီးက . . . မလှူချင်၊
ဟိုအဘကြီးက . . . မလှူချင်
အထုတ်ကြီး ရယ်တဲ့ တပြင်ပြင်
အထုတ်ရှင်သေလို့သွား
ကျန်တဲ့သူ ဝေလို့စား
အထုတ်ရှင်မှာတော့ အလကား"

# သစ္စာမိုးတွေ ရွာစေသော်

ခင်မေမိုး(မင်းကျိုက်)

ဒီအတိုင်းဆိုရင်တော့ ခက်ကြပြီပေါ့၊ စပါးပင် တွေက လဲသေတော့မယ်။ ဒီစပါးရမှ ဆန်စားရတာလေ၊ မြေကြီး တွေလည်း ပတ်ကြားအက်ကုန်ပြီ၊ မိုးခေါင်ရေရှားဒေသ၊ အင်း . . ရေက ရှားပါတယ် ဆိုခါမှ မိုးကခေါင်ရသေးတယ်။ မိုးခေါင်မှုဖြင့် အခြေမလှဖြစ်ရော့မယ်။

"မောင်စို" ရတာက်မအေးဖြစ်ရတာက နွားစာအတွက် ကိုင်း . . . ဒီပုံစံနဲ့ဆိုရင် နွားတွေ ဘာကျွေးမလဲ၊ ဘစ်ရွာလုံးတော့ ဒုက္ခရောက်ကြ တော့မှာပဲ။

မဖြစ်သေးပါဘူး။ ကျောင်းဆရာ ကိုကြင်ဆောင် တို့ ဘကြီးကြည်မောင်တို့ သွားမေးဦးမှပါ။

"အေး . . မောင်စိုကြီးရ ငါတို့လည်း ဒါပဲ ပြောနေကြတာ" ခုတိုင်းဆိုရင်တော့ မလွယ်ဘူးဟေ့၊ တို့ ဒီကိစ္စ "ဦးပေါ်" ဆီသွားတိုင်ပင်ရရင် မကောင်းဘူးလား"

ဒါနဲ့ပဲ ကျောင်းဆရာ ကိုကြင်ဆောင်ရယ်၊ ကိုစိန်အေး ရယ်၊ ဦးပေါ်တို့တည်းခိုတဲ့ အိမ်ဘက်ကို ထွက်ခဲ့တယ်။ ဒီနေရာမှာ ဦးပေါ်အကြောင်း နဲနဲပြောဦးမှဖြစ်မယ်။

www.burmeseclassic.com

www.burmeseclassic.com

ဦးပေါ်ဆိုတာက ဟို ချောက်မြို့ကတဲ့၊ နယ်လှည့်ပြီးတော့ ဘုရားပုံတွေလည်ရောင်းတာတဲ့၊ သူ့ဈေးရောင်းပုံက ထူးခြားတယ်။

သူ့မှာ အသံခဲ့စက်ကလေး တစ်လုံး ပါတယ်။ ဒီလိုဘုရားပုံတွေ လည်ရောင်းတယ်ဆိုတာကလည်း ကျုပ် တစ်ခါမှ မကြားဖူးပါဘူး။ သူက မနက်အစောကြီး ၄ နာရီလောက်ထတယ်။ ဘုရားပင့်၊ ပရိတ်ရွတ်၊ မေတ္တာဘွေ့ပို့တယ်။ သူ့အသံက ကြည်လင်ပြတ်သားပြီးတော့ ရွတ်ဖတ်တာတွေက ဗျာန် ကရိဏ်း ကျတော့ အိပ်ရာထဲက နားထောင်ရတာ အတော်ကိုကြည်ညိုဖွယ် ကောင်းတယ်။

တစ်ခါတရံ နွားစာ စဉ်းရင်း နွားကျွေးရင်း နား ထောင်ရတာပေါ့။ ကြာတော့ ဦးပေါ်ရဲ့ အသံကပင်လျှင် နှိုးစက်တစ်ခုလို၊ ကျုပ်အမေ ခင်သိန်း ဆိုရင်လည်း ဆွမ်းထချက် ဦးပေါ် အတွက်ပါ အမြဲပါသတဲ့။ သူ့ဈေးရောင်းပုံကလည်း ဆန်းတယ်။ မေမြို့ ပြည်ချစ်ဘုရားပုံတော် တစ်မျိုးတည်းရယ်၊ ဒီဘုရားက သူ့ကို "မ" လိုက်တယ်ပြောတာပဲဗျာ၊ ပြီးတော့ ဈေးရောင်းနေတာနဲ့ မတူဘူး။ ဘုရားဂုဏ်တော်တွေ, တရားဂုဏ်တော်တွေ ကြည်ညိုဖို့ အထူးတိုက်တွန်းတယ်။ သူ့ပြောပုံကို ကျုပ်မှတ်မိသလောက် ပြောဦးမယ်...

"ဘုရားကို ဝယ်တယ်၊ ရောင်းတယ်လို့ မအောင်းမေ့ကြပါနဲ့၊ ဘုရားကို ပူဇော်တယ်၊ ပင့်ဆောင်တယ်လို့ မှတ်ကြပါ။ အိမ်မှာ ဘုရားကားတွေ၊ ပုံတော်တွေ ပြည့်နေတယ်ဆိုလည်း မဝယ်ကြပါနဲ့ခင်ဗျ။ အိမ်ကဘုရားနဲ့ ကျွန်တော့်ဆီပါတဲ့ ဘုရား ဂုဏ်တော်ခြင်း အတူတူပါပဲခင်ဗျ။ တကယ်လို့ တစ်ဖက်လူက ပုံတော်အကြီးကြီး ဝယ်မယ်ဆိုရင်တောင်-

"ပုံတော်အကြီးကြီးနဲ့ အသေးလေး ဂုဏ်တော်အတူတူပါပဲခင်ဗျ။ တန်တယ်ဆိုမှ ဝယ်ပါခင်ဗျာ၊ ပိုက်ဆံဆိုတာ ရှာခဲသလိုခဲမရပါဘူးခင်ဗျ။ ရှာရ၊ ဖွေရ မလွယ်ပါဘူး"

"ဒါကြောင့် ချင့်ချိန်ပြီး ဝယ်ကြပါခင်ဗျာ"

သူ့ဆီကို ပစ္စည်းတစ်ခုခု သွားအပ်မယ်ဆိုရင်လည်း စေတနာနဲ့ ပြုံးပြုံးလုပ်ပေးနေတတ်ပြန်ပါ သေးတယ်။ ညနေဖက်ဆို တရားဟောတတ်ပြန်သေးတယ်။ အိမ်ကကြားရပေမဲ့ သူ့နား သွားနားထောင်ရတာက ပိုအရသာရှိလို့ ကျုပ်အမေနဲ့ ဟိုက ကြီးမေတို့အပါဝင် ၄၊ ၅ ယောက် နေ့စဉ်သွားနာကြသေးတယ်။ သူ့တရားထဲက ဟိုစာလေးဆိုရင် ကျုပ်တို့ တစ်ရွာလုံး အလွတ်ကို ရနေကြတယ်။ ဘာတဲ့ ...

"ဟိုအမေကြီးက . . .မလှူချင်၊ ဟိုအဘကြီးက...မလှူချင် အထုတ်ကြီးရယ်တဲ့ တပြင်ပြင် အထုတ်ရှင်သေလို့သွား၊ ကျန်တဲ့သူဝေလို့စား၊ အထုတ်ရှင်မှာတော့ အလကား" စဉ်းစားမိရဲ့လား။

အဲဒီတရားကြောင့် တစ်နေ့မှာ ပေါ့ဗျာ၊ ကျုပ်တို့ ရွာထဲမှာရှိတဲ့ အမေကြီး ဒေါ်သိန်းမှီ ငွေအိုးကြီး တစ်လုံးလာအပ်သတဲ့၊ အမေသိန်းမှီ ဆိုတာကလည်း ငယ်တုန်းက လွတ်ချမ်းသာဆိုပဲ၊ ခုတော့ အသက် ၇၀ လောက်ရှိပါပြီ။ ရွာထဲမှာ ချေး,တား တောင်းရမ်းစားသောက်နေတယ်။ ချေး,တားပြီးရင်လည်း အမှတ်တရပြန်ပေးတတ်ပါတယ်။ သူ့ကို အရှုးမကြီး တစ်ယောက်လိုပဲလူတွေက သတ်မှတ်ကြ ပါတယ်။ တစ်နေ့ -

"ဟော့ မောင်စို ငါ့အမေသိန်းမှီကြီးက ဒီပစ္စည်းကြီး ထားခဲ့တယ်ကွာ၊ ကိုကြင်ဆောင်တို့ ကိုစိန်အေးတို့ သွားခေါ်စမ်း"

လူကြီး ၄၊ ၅ ယောက်ရှေ့မှာ ငွေဒင်္ဂါးတွေ ရေကြတယ်။ အပြား ၈၀၀ ကျော်လောက်ရှိတယ်။

"ကိုင်း ကိုကြင်ဆောင်၊ ကိုစိန်အေးတို့ ဒါဘယ်လို လုပ်ကြမလဲ၊ ဦးပေါ် ကြိုက်တာလုပ်ပါ။ ဘယ်သူ့ မှမသိပါစေနဲ့လို့ ပြောသွားတယ်"

"ဦးပေါ် ဘယ်လိုစိတ်ကူးတာသလဲ"

"ကျုပ်ကတော့ ဒီပစ္စည်းတွေကို ထုခွဲရောင်းချပြီး ရွာဦးက သူ့တို့ရဲ့ ဘိုးဘွားဘုရားကို ရွှေသင်္ကန်းကပ်၊ ကျန်တာကိုလည်း သူ့အတွက် ခင်ဗျားတို့ သင့်သလို စီစဉ်ပေးစေချင်တယ်"

ဦးပေါ်က အဲဒီလို လူစားမျိုး၊ ဒါကြောင့်လည်း ညှိသည့်ဆိုပေမဲ့ တစ်ရွာလုံးက သူ့ကိုဝိုင်းချစ်ကြတယ်။ နောက်ပြီးတော့ မြွေမကိုက်တဲ့ဂါထာတဲ့၊ ကျုပ်တို့ကိုလည်း သင်ပေးတယ်။ အဲဒီစာရွက် ကလေးတွေကိုလည်း အိမ်တိုင်းမှာ ကပ်ထားကြတယ်။ ပြောရဦးမယ်၊ ကျုပ်တို့ရွာဘက်မှာက မြွေက လွတ်ပေါတာ၊ နှစ်စဉ် တစ်ယောက်နှစ်ယောက် အကိုက်ခံရတယ်။ ဒီနှစ် ဦးပေါ်လာတဲ့နှစ်ကျတော့ မြွေကိုက်သံ မကြားရဘူး။ (မှတ်ချက်- အလျဉ်းသင့်လျှင် မြွေမကိုက်တဲ့ဂါထာ ထည့်ပေးပါမည်။)

အခုမိုးမရွာတဲ့ ကိစ္စလည်း မိုးရွာအောင် "ဦးပေါ်" လုပ်ပေးနိုင်လိမ့်မယ် ထင်တယ်။



www.burmeseclassic.com

www.burmeseclassic.com

"ကဲ ဒီလိုလုပ်ကြဗျာ၊ ဒီညတော့ ထိုက်ဝီစွ အတွက် ကျုပ်မေတ္တာပို့ပါဦးမယ်၊ ဟော့ မောင်စို မင်း ဖိုးဆစ်တို့ လုငွေ တို့ကိုခေါ်သွား၊ ငါ ငါးရံ့အရှင် လေးတွေ လိုချင်တယ်။ မင်းတို့ကို အရေးကြီးတာ တစ်ခု ငါမှာမယ်နော်၊ အဲဒီငါးတွေ ရှာနေတဲ့အချိန်မှာ ကျွန်တဲ့ငါးတွေ ပါလာ ရင်လည်း မသေစေရဘူး၊ အကုန် ပြန်လွှတ်ရမယ်နော်၊ မင်းတို့ စိတ်နဲ့ တောင် မပြစ်မှားနဲ့ ငါးအရှင်လေးတွေကို ရေအိုးထဲကို ထည့်ခဲ့ကြ"

နောက်တစ်နေ့ ဦးပေါ်မှာတဲ့ ငါး အရှင်လေးတွေကို ဦးပေါ်ဆီ ပို့ကြ တယ်။ အိမ်ရှေ့ ကွပ်ပျစ်ပေါ် စားပွဲဝိုင်းခင်း အဲဒီပေါ်တင်ရတယ်။ သပြေ, မြေဇာ, သြဇာ, တမာတွေကို ရေအိုးတစ်အိုးထဲ ထည့်တယ်။ ဦးပေါ်ရေမိုးချိုး အဝတ် သန့်များဝတ်ပြီးတော့ အဲဒီစားပွဲရှေ့မှာ ထိုင်တယ်။

"အို...မိုးဒေဝါနတ်မင်းကြီးနှင့် တောစောင့် နတ်၊ တောင်စောင့်နတ်၊ နယ်စောင့်နတ်တို့ ငါသစ္စာ ဆိုပါမည်။ ဤနယ်တစ်ဝိုက်မှာ ငါပိုင်ဆိုင်သော မြေ ဟူ၍ လက်တဝါးခန့်မျှမရှိပါ။ ငါစိုက်ပျိုးထားသော ကောက်ပဲသီးနှံလည်း လုံးဝမရှိပါ။ ငါ့မှာ ငါပိုင်တဲ့ ကျွဲ၊ နွား၊ အိမ်ရာလည်း လုံးဝမရှိပါ။ ငါတစ် ယောက်ထဲ ခံစားမှုအတွက် မဟုတ်ကြောင်း သစ္စာ ဆိုပါမည်။ လူ့တိရစ္ဆာန်တွေ အတော်များများ ဒုက္ခရောက်နေကြပါပြီ။

အို... မိုးဒေဝါနတ်မင်းကြီး ၇ - ရက် သားသမီးများ ကယ်တင်ခြင်းငှာ ငါသစ္စာဆိုပါမည်။ ငါသည် သိတတ်သည့် အရွယ်မှစ၍ အမဲသား, ကျွဲသား, နွားတွေရဲ့ အသက်ကို သနားသဖြင့် မစားခြင်းဖြစ်ပါသည်။ ဤသစ္စာစကား အမှန်အကန် ဖြစ်ပါတယ်။ ဤသစ္စာ စကားကြောင့် မိုးဒေဝါ နတ်မင်းကြီးရယ် အမြန်ဆုံး မိုးတွေရွာပေးပါ"

ဆိုပြီးတော့ ဂါထာမန္တန်တွေ ရွတ် တော့တာပဲ။ (ငါးရံ့မင်းပရိတ်နှင့် ပထဝီ ဇယမန္တန်ဟု သိရပါသည်) အခေါက်ရေ လဲ အတော်များပါပြီ၊ ဦးပေါ်လည်း မနားတမ်းရွတ်နေသည်။ မိုးပေါ်ကို လည်း ကြည့်ကြည့်ပြီး ရွတ်ပါသည်။ ဦးပေါ်ရဲ့ ပုံစံကြည့်ရတာ စိတ်ရောကိုယ်ပါ ညွတ်ပြီးလုပ်နေပုံပါ။

ဟော မကြာပါ ထူးဆန်းစွာ တောင်ဘက် မိုးသားတွေတက်လာပြီ၊ လူကြီး ၄၊ ၅ယောက်လည်း ဝမ်းသာ အားရ မိုးသားတွေတက်လာကြောင်း ပြောပါသည်။ ဦးပေါ်မှ အသံချဲ့စက်လေး ဖွင့်ပြီးတော့ ရွာထဲက အိမ်တိုင်းကို သတိပေးလိုက်တယ်။

"မိုးဒေဝါ နတ်မင်းကြီးကို ရွာထဲမှာ ရှိတဲ့ အိမ်တိုင်း၊ လူတိုင်းမှ မိမိတို့အိမ်မှာ ရှိတဲ့ ပန်းတွေနဲ့ မိုးနတ်ကို ကြိုဆိုကြပါ။ အိမ်ရှေ့စားပွဲမှာ ပန်းအိုးချပြီး "မိုးဒေဝါ နတ်မင်းကြီးရယ် ကြိုဆိုပါတယ်" ဆိုပြီး ကိုယ်ရွတ်ဆိုတတ်သလို ရွတ်ဆိုကြပါ"

ပြီးနောက် ဂါထာမန္တန်များကို ဆက်ပြီး ရွတ်ဆို နေပါတယ်။

"ဟော...ရွာပြီ"

"ဟေး...မိုးရွာပြီဟေ့...မိုးရွာပြီကွ" မိုးများသည်းထန်စွာ ရွာပါ သည်။ ဦးပေါ်ဆီ ရွာသားအချို့ ပြေးလာ ကြပြီး ဦးပေါ်လည်း မိုးရွာထဲမှာထိုင်ပြီး ရွတ်မြဲရွတ်လျက်ပဲ၊ ထီးမိုးတော့လည်း အမိုးမခံဘူးမိုးတွေကလည်း သည်းသည်း မည်းမည်းရွာလျက်၊ ဦးပေါ်ကလည်း ရွတ်လျက်ပဲ။ ဟော ရွာထဲမှာ ရေတွေ စီးကုန်ပြီ မိုးရေတွေ မိုးရေတွေ ကျုပ်တို့ လည်း ဦးပေါ်ကို အားပေးတဲ့ အနေနဲ့ ဦးပေါ်ဘေးမှာ ဝိုင်းထိုင်နေကြတယ်။

မကြာခင်မှာပဲ ရေအိုးထဲမှ ငါးတွေ လည်း ခုန်ပေါက်ပြီးတော့ ရေအိုးထဲမှ ထွက်ကြတယ်။ ကျုပ်တို့က လိုက်ဖမ်း မယ်လုပ်တော့ ဦးပေါ်က မဖမ်းနဲ့ဆိုပြီး လက်ကာပြတယ်။ ငါးတွေလည်း မိုးမျှော်ပြီး မိုးရေနဲ့အတူ မျှောပါကုန်ကြတယ်။

ကျုပ်တို့ရွာမှာ မကြုံစဖူး ထူးထူး ကဲကဲ ဦးပေါ် ဆိုတဲ့ လူတစ်ယောက် ရောက်လာပြီး ခြောက်သွေ့နေတဲ့ ကျုပ် တို့ရွာကြီးကို မိုးလိုနေတဲ့ ကျုပ်တို့ ရွာကြီး ကို မိုးတွေရွာအောင်လုပ်ပေးနိုင်ခဲ့တယ်။

အဲဒီအချိန်ကစပြီး ဦးပေါ်ဆိုတဲ့ လူတစ်ယောက် ပျောက်သွားလိုက်တာ၊ နှစ်များတောင် အတော်ကြာခဲ့ပြီ သတင်း တစ်ခုကြားလို့ စုံစမ်းလိုက်တော့ အတိ အကျပါပဲ။ ကျုပ်တို့ ပျော်ဘွယ်မြို့ရဲ့ အနောက်ဘက် နတ်မောက်မြို့ရဲ့ အရှေ့ ဘက် "ရွှေနတ်ကယ်တောင်" ဆိုတဲ့ နေရာမှာ ဦးပေါ်ဆိုတဲ့ လူတစ်ယောက် လူ့လောကကြီးထဲကနေ အပြီးအပိုင် စွန့်ခွာ သာသနာ့ဘောင်ကိုဝင် အားလုံး လူတွေ ဘဝချမ်းမြေ့စေဖို့ "ဦးမာနိတ" ဆိုတဲ့ ဘဝကိုအရယူ ရွှေနတ်ကယ် တောင်ဆရာတော်ဘုရားကြီးရဲ့ သြဝါဒ ကိုခံယူပြီး သာသနာပြုလုပ်ငန်းတွေနဲ့ အတူ လူသားတွေအတွက် မေတ္တာမိုး တွေ, သစ္စာမိုးတွေ, ရတနာမိုးတွေ ရွာ စေဖို့ ကြိုးစားအားထုတ်နေတယ်ဆိုတာ သိရလို့ ကျုပ်နှင့်အတူ မိတ်ဆွေ ဆွေမျိုး တွေ ရွှေနတ်ကယ်တောင် ဘက်ကို ထွက်ခဲ့ပါပြီဗျာ။

ဆရာတော် ဦးမာနိတ၏ လူ့ဘဝ အကြောင်းတစ်စိတ်တစ်ပိုင်းကို ကျောင်း ရွာမှ ကိုမောင်စို၏ ပြောပြချက်အရ ခံစားတင်ပြလိုက်ရပါသည်။

ဆရာတော်ပေးသော
ရွှေလက် ငွေလက်ဖြင့်...

ခင်မေမိုး (မင်းကျိုက်)



www.burmeseclassic.com

www.burmeseclassic.com

# ယကျာကြောင့်ငြိမ်

ဆရာကြီးမင်းသိင်္ခ
ဘိုးမောင်မောင်မြင့်အားကို
ပေးသော ပညာရပ်များ



ကိုကြီးကျော်မပလိပါ

www.burmeseclassic.com

www.burmeseclassic.com

# ကိုကြီးကျော်မပလီပါ

မောင်မောင်မြင့်အေး

ထို အချိန်က ကျွန်တော်သည် စမ်းချောင်း မဟာမြိုင်စာပေတိုက်မှနေပြီး ရောင်ပြန်မဂ္ဂဇင်းကို စီစဉ်နေစဉ်ဖြစ်၏။

ဆရာကြီး မင်းသိခ်သည် ထိုစဉ်က အမှတ်(၂၂)၊ အခန်း(၆)၊ မာကျူရီလမ်း၊ ၂၄-ရပ်ကွက်၊ သုဝဏ္ဏတွင် နေထိုင်စဉ် ကာလဖြစ်၏။

ကျွန်တော်တို့အိမ်မှ ဆရာကြီးစားရန် အတွက် ထမင်းချိုင့်ကို နေ့စဉ်ပို့နေ၏။

ထို ထမင်းချိုင့်ကို ကျွန်တော့် အမျိုး သမီးကချက်လည်းကောင်း၊ ကျွန်တော် က သော်လည်းကောင်း၊ နေ့လယ် ၁၂ နာရီခန့် အရောက်ပို့နေကျဖြစ်၏။

တစ်ခါတစ်ရံတွင် ကျွန်တော့်တပည့် ဟုဆိုရမည့် မောင်မြေသွေးက ပို့ပေး၏။ ထမင်းချိုင့်တွင် ဆရာကြီးကြိုက်သော ဝက်သားဟင်းကို အချိုချက်လိုက်၊ အစပ် ချက်လိုက်နှင့် ချဉ်ပေါင်ဟင်း၊ ငါးမြင်း စသည်တို့နှင့် အမြဲပို့လေ့ရှိ၏။

ထိုနေ့က ကျွန်တော် ကိုယ်တိုင်ပို့၏။ ကျွန်တော့် အိမ်မှ သုဝဏ္ဏသို့ သွားရာတွင် ကားကိုအဆင့်ဆင့် စီးရ၏။

[ ထိုကာလက ကျွန်တော့်တွင် မော်တော်ကား မရှိသေးပေ။]

ဗိုလ်တထောင်လမ်းထိပ်မှ ဆိုက်ကားဖြင့် ဘုရင့်နောင်ဈေးသို့စီးရ၏။

ဘုရင့်နောင်ဈေးမှ အမှတ်-၅၆ ဟိုင်း လက် ကားစီးရ၏။ ထို ၅၆ ကားသည် ဘုရင့်နောင်မှ ဆင်မလိုက် ကမ်းနားလမ်း၊ ဗားကရာကိုးထပ်ကြီး၊ စမ်းချောင်း မီးသတ်၊ ပဒုမ္မာကွင်း၊ လေဟာပြင်ဈေး အုတ်လမ်း၊ ရွှေဂုံတိုင်၊ ခြောက်ထပ်ကြီး၊ တာမွေ၊ အာသောကာ၊ ပုသိမ်ညွှန့် ၆-လမ်း ရောက် သော်ဆင်းရ၏။

ထိုမှ သုဝဏ္ဏသို့ သွားသောကားကို အောဘီစီ မှတ်တိုင်မှ စောင့်စီးရ၏။ ထိုကား သည် ရေစက်မှတ်တိုင်တွင်ရပ်၏။ ထိုနား က ဈေးလေးကိုဖြတ်သော် မာကျူရီလမ်းရှိ ဆရာကြီး အိမ်သို့ရောက်၏။

ထိုနေ့က ကျွန်တော်က ဆရာကြီး အိမ်မှ သံတံခါးကြီး တွန်းဖွင့်လိုက်သည်နှင့် ဟော လာပြီ လာပြီဟု ဗိုင်းပြီး အော် လိုက်သံ ကြားလိုက်ရ၏။

ဆရာကြီးအိမ်ရှေ့တွင် သွတ်မိုးကြီး အဖီ ချထားပြီး ဓာတ်ခန်းလုပ်ထား၏။

ဓာတ်ခန်းတွင် ပုံတော်စုံများရှိ၏ မြတ်စွာဘုရားမတ်ရပ် ကိုယ်တော်ပုံ ပုံကြီး ၂ ဆူရှိ၏။

ဘိုးမင်းခေါင်၊ ဘိုးဘိုးအောင် ပုံတော် များ အခြားဝိဇ္ဇာများ၏ ပုံတော်များနှင့် ဝေဝေဆာဆာရှိ၏။ ထိုနေ့က ထိုဓာတ်ခန်း ထဲတွင် ဦးမင်းကျော် ပုံတော်ကြီး တွေ့ရ၏။ ၄ ပေ× ၃ ပေခန့် ဆီဆေး ပန်းချီကြီး ဖြစ်၏။ တစ်ဖက်က VAT-69 ပိုက်ထား၏။ တစ်ဖက်က ကြက်ပိုက်ထား၏။ ကြက်နှစ် ကောင် အားပါးတရ ခွပ်နေ၏။

ထို ကြက်အောက်တွင် ငွေစက္ကူများ ကြဲထား၏။ ဦးမင်းကျော်က နှုတ်ခမ်းမွေး စစနှင့် တစ်ခေတ်က နာမည်ကျော်ရုပ်ရှင် မင်းသား တစ်ဦးနှင့်ဆင်နေ၏။

ထိုပုံတော်ကြီးကို ဆရာကြီး၏ အဖေ ပန်းချီဆရာကြီးဦးစံရှိန်၏ တပည့်တစ်ဦးကို ဆရာကြီးမှ ရေးဆွဲစေခဲ့ခြင်းဖြစ်၏။

များစွာကြည့်ကောင်း၏။

ပန်းချီထဲမှ ဦးမင်းကျော်၏ မျက်လုံး သည် ဝင်းလဲ့ပြီး ညို့ဓာတ်ပါနေ၏။

ထိုပုံကြီး၏ ရှေ့တွင် ခုံတစ်လုံး ချထား၏ ထိုခုံပေါ်တွင် ကြက်ကြော်၊ အရက်၊ စီးကရက်များရှိနေ၏။ ထိုပုံတော် ကြီးရှေ့တွင် ဆရာကြီးကထိုင်ပြီး စီးကရက် သောက်နေ၏။

ကျွန်တော်ကိုမြင်သည်နှင့် ဆရာကြီး က···

"လာဟေ့ မောင်မောင်မြင့်အေး မင်းကို စောင့်နေတာ"

ဟုပြောလိုက်၏။

အနားတွင်ရှိနေသော စာရေးဆရာ ဘငြိမ်းဝေ က "အစ်ကို့ကို မနက်ကတည်း က မျှော်နေတာ၊ အစ်ကိုလာ လိမ့်မယ် လို့ပြောတယ်" ဟု ပြောလိုက်၏။

ဆရာကြီးက ···

"မောင်မောင်မြင့်အေး ဒီမှာထိုင်"

ဟု ပြောပြီးခုံရှေ့တွင် ထိုင်ခိုင်းလိုက်၏ ဆရာကြီးက ကျွန်တော့် လက်ထဲသို့ မုန့်ဝိုင်းလေးနှစ်ချပ် ထည့်ပေးလိုက်၏။

ထို့နောက်

"ကိုကြီးကျော်ခင်ဗျား···

လိပ်ပြာ လုတဲ့သူလာပါပြီ ကိုကြီး ကျော် ဒီဓာတ်ခန်းမှာ ကြွပြီး ကျွန်တော်တို့ ကပ်လှူထားတဲ့ စားဖွယ် သောက်ဖွယ်တွေ သုံးဆောင်ပါ၊ ကျွန်တော်နှင့် ခုနစ်ရက် သားသမီးများကို မ,စပေးပါ"

ဟု ပြောပြီး [illegible]ျန်တော့် နဖူးကို သူ့လက်ဝါးနှင့် ပု[illegible]ာ်က်၏။

ငါနေတဲ့ နေရာ
နောက်က
ခြေသံကြားတော့
မိန်းကလေးတစ်ယောက်
ပန်းချီဆရာမလေး
သူ့ လက်ထဲမှာ
အထုပ်တစ်ထုပ်နဲ့



www.burmeseclassic.com

www.burmeseclassic.com

အရောင်တစ်ချက် လက်သွားပြီး နှုတ်ခမ်း မွေးစစနဲ့ မင်းညီ မင်းသားလို ဝတ်ထားတဲ့ လူ တစ်ယောက် ရောက်လာတယ်။

ကျွန်တော်ကိုင်ထားသော မှန်ဝိုင်းလေးနှစ်ချပ်သည် တဖြည်းဖြည်း လှုပ်လာ၏။ ကျွန်တော့် ကိုယ်သည်လည်း လှုပ်လာ၏။

ထို့နောက်ဆရာကြီးက ကျွန်တော့် နဖူးကို ထပ်ပုတ်လိုက်ပြန်၏။

ကျွန်တော့်ကို ဘငြိမ်းဝေက အစ်ကို ဘာဖြစ်သွား လဲဟုမေး၏။ ကျွန်တော်ဘာမှ မသိကြောင်းပြောလိုက် ၏။

ဆရာကြီးက . . .

"ဒီလိုကွာ မောင်မြင့်အေးရ မင်းတို့နဲ့ငါကွဲ သွားပြီး တဲ့နောက် ငါတစ်နေရာပြီး တစ်နေရာရှေ့တာ အင်းလျားကန်စောင်းလေးက ကင်းတဲလို တဲလေးထဲမှာ တစ်ယောက်တည်းရှိနေတုန်း၊ မှေးခနဲ ဖြစ်သွားတယ်။

အဲဒီ အချိန်မှာ အရောင်တစ်ချက် လက်သွားပြီး နှုတ်ခမ်း မွေးစစနဲ့ မင်းညီ မင်းသားလို ဝတ်ထားတဲ့ လူ တစ်ယောက် ရောက်လာတယ်။

ငါက ခင်ဗျားဘယ်သူ လဲလို့မေးလိုက်တော့ ကိုကြီးကျော်တဲ့ ငါက ခင်ဗျားမနောက်နဲ့ဗျာလို့ ပြောတော့ သူက မင်းကို ကူညီမလို့တဲ့၊ ငါက မဖြစ်နိုင်တာဗျာ၊ ကျုပ်က စိတ်ညစ်နေတာ၊ ကူညီတာထား၊ ကျုပ်က လက်တွေ့မှ ကြိုက်တာ လောလောဆယ် ကျုပ် စီးကရက် သောက်ချင်တယ်၊ ဒံပေါက် စားချင်တယ်၊ အဲဒါရရင် ကျုပ်ယုံမယ်၊ ခင်ဗျားကို အားကိုးမယ်လို့ ပြောတော့ သူကရယ်တယ်၊ သူရယ်တော့ ရုပ်ရှင် မင်းသားနဲ့ တူတယ်၊ သူက ဒါလောက်လေးနဲ့တော့ ငါ့ကို မယုံပါနဲ့ကွာ၊ မင်းကို ဒီထက်မက ကူညီမှာပါ လို့ပြောပြီး ဖျက်ခနဲ ပျောက်သွားတယ်။

ငါလဲ ရုတ်တရက် အိပ်ရာက နိုးသလို ဖြစ်သွားတယ်။

နောက် ငါနေတဲ့ နေရာ နောက်က ခြေသံကြားတော့ မိန်းကလေးတစ်ယောက် ပန်းချီဆရာမလေး သူ့ လက်ထဲမှာ အထုပ်တစ်ထုပ်နဲ့ သူက ဆရာ ဒီမှာ ရှိတယ်ဆိုလို ဆရာစားဖို့ ဒံပေါက်ဝယ်လာ တယ်၊ ဆရာ့အတွက် စီးကရက်လည်း ပါတယ် ဆိုပြီး ငါ့ကို လှမ်းပေးတယ်။

ငါ အံ့အားသင့်သွားတယ်။ ဒံပေါက်လည်းစားရတယ်၊ စီးကရက်လည်းသောက်ရတယ်၊ အိမ်နဲ့ အဆက်အသွယ်ရတော့ အိမ်ကနေပြီး သူ့ကိုရည်ရွယ်ပြီး ဆက်နိုင်းရတယ်၊ အဲဒီကတည်းက သူ့ပုံကို ငါ့စိတ်ထဲစွဲနေတော့ ပန်းချီပုံဆွဲနိုင်း လိုက်ရတယ်။

ပုံဆိုတာ ဒီတိုင်း ထားရင်တော့ Picture ပစ်ချာပေါ့ကွာ၊ အသက်ဝင်အောင် အသက်သွင်းရတယ်၊ ရုပ်မှန်ဖို့လည်းလိုတာပေါ့၊ ရုပ်မှန်ရင် နာမ်မရွေးဘူးဆိုတာလည်းရှိတယ်။

အသက်သွင်းတာက သူတို့နဲ့ အဆက်ရှိတဲ့ သူမှ သွင်းလို့ရတယ်၊ မင်းက အဲလို ပုဂ္ဂိုလ်တွေနဲ့ အဆက်အသွယ်ရှိတယ်၊ အဲဒါကြောင့် မင်းကို စောင့်နေတာ၊ ဒါနဲ့ ဘာချက်သလဲ၊ ထမင်းစားရ အောင်ဟု ပြောလိုက်ရာ ကျွန်တော်က . . .

"ဝက်သားပေါ့ ဆရာကြီး ရယ်"

ဟု ပြောလိုက်ရာ အားလုံးကဝိုင်းရယ်လိုက်ကြတော့၏။

ကျွန်တော်သည် ဆရာကြီးပြောသည့်အတိုင်း တစ်ခါတစ်ရံ ထိုပုဂ္ဂိုလ်တို့နှင့် ဆက်သွယ်ကြည့်၏။ တစ်ခါတစ်ရံ ရ၏။

တစ်ခါတစ်ရံ သူတို့အဆက်အသွယ်များနှင့်ဆုံရ၏။

တစ်ခါတစ်ရံ ကိုယ့် အခက်အခဲများကို သူတို့ကိုပြောပြရ၏။

အထက်ပါ အဖြစ်အပျက်များဖြစ်ပြီးနောက် ဆရာကြီးသည် ဂန္ဓာရီခရီးထွက်သွား၏။

ပဲခူးတိုင်းဒေသကြီး စည်ကြီးတင်ဘုရားတွင် စခန်းချ၏။


ထို့နောက် ဒေးစွန်ပါ၊ ထို့နောက် မော်ဘီ စသည် တို့မှနေ၍ ခနစ် ရက်သားသမီး တို့ကို ကယ်တင်ခဲ့၏။

တစ်နေ့တွင် ဆရာကြီးက . . .

"မောင်မြင့်အေး မင်းအိမ်ကို ဒီပုံကြီးသယ်သွားကွာ"

ဆိုပြီး ကိုကြီးကျော်ပုံကြီး" ပေးလိုက်၏။

ကျွန်တော်လည်း ကျွန်တော့် အိမ်တွင် ကိုကြီးကျော်ပုံကြီးကို ထားလိုက်ရပေတော့သတည်း။



မှတ်ချက်

ငွေရေး ကြေးရေး အခက်အခဲ ဖြစ်ပါက

ဝင်း ကိုကြီးကျော်ပုံတော်ကြီးတွင် ကိုကြီးကျော်ကို ကပ်လှူပါက

အောင်မြင်ကြောင်း

လက်တွေ့ဖြစ်ပါသည်။



www.burmeseclassic.com

www.burmeseclassic.com


Professor Dr. ဦးစံတင်အောင်(ရွှေဘို)၏တပည့်

# ဒေါက်တာကျော်လွင် (လက္ခဏာပညာပါရဂူ)

## Ph.D (Palmistry) (Kol-India)

▶▶ လက္ခဏာပညာဟောပြောမှု

သင့်လက်ဖဝါးအစုံကို စက္ကန့်ပိုင်းမျှ ဆရာ့ထံမှာပြကြည့်ပါ သင့်ဘဝအတွက် ဆိုးကျိုးများတို့ ရှောင်ဖျက်၍ ကောင်းကျိုးများကိုဆောင်ရွက်ခွင့်ရရှိစေပါမည်။ လက္ခဏာလာကြည့်သူများအား ဆရာ ဟောပြောမှုနှင့် ဆွေးနွေးမှုအားလုံး (ချက်ချင်း) VCD ခွေသွင်း၍ ပေးပါမည်။ လက္ခဏာအကြောင်း သိကောင်းစရာ အနာဂတ် ပြတင်းပေါက် VCD ခွေလက်ဆောင်ပေးပါမည်။

▶▶ ၄ ဂူမြောက် လက္ခဏာပညာ (ကျွမ်းကျင်မှု) အတတ်သင်တန်း

ကျွမ်းကျင်၍ ပြန်လည်ဟောပြောနိုင်သည်အထိ တာဝန်ယူသင်ကြားပေးမည်။

ကလေးအမည်၊ ဆိုင်အမည်၊ ကုမ္ပဏီအမည်၊ လုပ်ငန်းအမည်၊ ခွဲစိတ်မီးဖွားရက်၊ နေ့ကောင်းရက်မြတ် မင်္ဂလာအခါ ရွေးချယ်ပေးသည်။

တိုက်အိမ်၊ မြေ၊ ယာဉ်၊ ကား ရောင်းထွက်ရန် ဆောင်ရွက်ပေးပါသည်။ ဆရာကိုယ်တိုင် သတ်မှတ်ပေးသော ရက်အတွင်း ရောင်းထွက်ပြီးမှ ဥာဏ်ပူဇော်ခ ပေးရပါမည်။

### လက္ခဏာ ဟောခန်းနှင့် ဟောပြောချိန်

ဟောခန်း (၁) - တိုက် (၂)၊ အခန်း (၁၀၅)၊ ပထမထပ်၊ ပါရမီအိမ်ရာ၊ ပါရမီလမ်း၊ (၁၆)ရပ်ကွက်၊ (ရန်ကုန်အင်းစိန်လမ်းနှင့် ပါရမီလမ်းထောင့်)၊ လှိုင်မြို့နယ်၊ ရန်ကုန်။ "စိန်ဂေဟာ" ကုန်တိုက်အနီး။

ဟောပြောချိန် - နံနက် (၈း၀၀) နာရီမှ နေ့လည် (၁း၀၀)နာရီအထိ

• • • • • • • • • • • • • • • • • • • • • • • • • • • • • • • • • • • • • • •

ဟောခန်း (၂) - အခန်း (၆)၊ အဆောင် (၁၁)၊ မြောက်ဘက်မုခ်၊ မဟာဝိဇယစေတီတော်၊ ရန်ကုန်။

ဟောပြောချိန် - နေ့လည် (၂း၁)နာရီမှ ည (၇း၀၀)နာရီအထိ (လပြည့်လကွယ်နေ့တိုင်းပိတ်သည်)

စုံစမ်းရန်နှင့် စာရင်းပေးသွင်းရန် 09-450025482, 01-522250 Ext :-364

---

ဒေါက်တာကျော်လွင် (လက္ခဏာပညာပါရဂူ)၏ ညီ

# ဆရာသိန်းဌေး(ပါရဂူမြောက်လက္ခဏာပညာရှင်)

## Expertise Palmist (Y.G .N)

▶▶ ဟောပြောမှု - သင့်လက်ဖဝါးအစုံကိုကြည့်၍ သင့်ဘဝအခက်အခဲအားလုံးဖြေရှင်းပေးမည်။

▶▶ ဟောပြောချိန် - ရုံးဖွင့်ရက်တိုင်း ညနေ (၄း၀၀) နာရီမှ (၇း၀၀) နာရီ
ရုံးပိတ်ရက်တိုင်း နံနက် (၇း၀၀) နာရီမှ ညနေ (၄း၀၀) နာရီ

▶▶ လိပ်စာ - တိုက်(၃၃)၊ အခန်း (၄) စံပယ်(၅) ရိပ်သာ၊ နေပြည်တော်။


www.burmeseclassic.com

www.burmeseclassic.com



www.burmeseclassic.com

www.burmeseclassic.com



# ဥစ္စာစောင့်သိုက် မှ အမှတ်တရ ရတနာကျောက်ခဲတုံး

ထွန်းလူ

သိုက်ဆရာတစ်ဦးနှင့် တပည့်နှစ်ဦးတို့သည် ဥစ္စာစောင့်သိုက်ကို တူးဖော်အနိုင်ရရှိပြီး 'သိုက်'ထဲသို့ ရောက်ဖူးကြပါတယ်။ 'သိုက်'မတူးမီက သိုက်အောင်ရင် ကြိုက်ရာတစ်မျိုးစီသာ ယူရမည်ဟု ထားခဲ့သည့် ကတိအတိုင်း သိုက်ဆရာက ပြဒါးရှင်ခဲတတ်လုံး၊ ကျန်တပည့်များက ပတ္တမြားတုံးနှင့် ကျောက်စိမ်းတုံးယူခဲ့ပါတယ်။ နောက်တစ်ရက်မှာ အကြောင်းတစ်ခုခုကြောင့် ၎င်းတို့ယူလာခဲ့သည့် ပြဒါးရှင်လုံးနှင့် ရတနာတုံးများသည် ကျောက်ခဲ၊ ကျောက်တုံးများသာ တွေ့ရတော့တယ်။ ဒါကြောင့်လည်း သိုက်ထဲက ရခဲ့သော ရတနာကျောက်ခဲကျောက်တုံးများလို့ ကင်ပွန်းတပ်လိုက်ရခြင်း ဖြစ်ပါတယ်။ ဒီအဖြစ်အပျက်ကတော့ ၁၉၀၀ ပြည့်နှစ်လောက်က တကယ်ဖြစ်ပျက်ခဲ့တဲ့ သိုက်ဆရာနှင့် တပည့်တွေရဲ့ ကိုယ်တွေ့အဖြစ်အပျက်ပါ။ နေရာဒေသကတော့ ရွှေတောင်မြို့မှာ ဖြစ်ပါတယ်။ ဒီဖြစ်ရပ်မတင်ပြမီ ဆရာတော်ကြီးများ မိန့်ကြားဖူးသော ဥစ္စာစောင့်များအကြောင်း အနည်းငယ်ဖော်ပြချင်ပါတယ်။ လူများသိကြတဲ့ ဥစ္စာစောင့်ဆိုတာ ပြိတ္တာမျိုးနွယ်ဝင်ပါ။ ပစ္စည်းဥစ္စာ ရတနာများကို တာဝန်ပေးအပ်ခံရလို့ စောင့်ရှောက်နေရသည့်အတွက် 'ဥစ္စာစောင့်'လို့ အမည်ပေးထားခြင်းဖြစ်ပါတယ်။ ၎င်းတို့သည် ပြိတ္တာဘုံသားများဖြစ်ပြီး ငရဲကြီးရှစ်ထပ်အထက် လူ့ပြည်လူ့ရွာသားများနေထိုင်ရာ ပတ်ဝန်းကျင် မြေအောက်ဂူများ၊ ဘုရားပျက်များ၊ တောင်ကမူတွေမှာ နေထိုင်ကြတယ်လို့ မိန့်ကြားဖူးပါတယ်။ ကျွတ်၊ ပြိတ္တာတွေကတော့ မျိုးတူစုအလိုက် ရွာတည်ပြီး နေထိုင်တတ်ကြလို့ လူတွေက ကျွတ်ရွာလို့ ခေါ်ကြတယ်။ ဥစ္စာစောင့်တွေကတော့ သီးခြားစီနေတတ်ကြတယ်။ တစ်ခါတစ်ရံ ဆွေမျိုးရင်းချာ တစ်ဦးနှစ်ဦးနှင့်အတူ နေတတ်ကြတယ်။ တာဝန်ပေးထားခြင်းခံရသူများသာ ဥစ္စာများကို စောင့်ထိန်းနေရသည့်အတွက်ကြောင့် မျိုးတူစုများနှင့် ရောနှောနေထိုင်ခြင်းမရှိတာ ဖြစ်နိုင်ပါတယ်။ ၎င်းတို့ထက် အဆင့်မြင့်သည့် ပုဂ္ဂိုလ်များက တာဝန်ချထားပေးတယ်လို့ သိရတယ်။ အများအားဖြင့် ဘုရားပစ္စည်းများသာ ဖြစ်တယ်။ ဘုရားပျက်များ၊ မြေအောက်သို့ရောက်နေသည့် ဘုရားပစ္စည်းများအား မသမာသူများ လာရောက်မယူနိုင်ရန် စောင့်ထိန်းပေးခြင်း ဖြစ်တယ်။ ဘုရားပစ္စည်းများမဟုတ်သည့် ပစ္စည်းများလည်း တစ်ခါတစ်ရံ ၎င်းတို့ စောင့်ထိန်းထားတတ်ကြတယ်။ ၎င်းတို့အား ဥစ္စာများကို စောင့်ရှောက်နေ၍ ဥစ္စာစောင့်ဟုခေါ်ပြီး ၎င်းတို့နေထိုင်တာဝန်ယူ စောင့်ရှောက်

www.burmeseclassic.com

www.burmeseclassic.com

နေသည့် နေရာကို 'သိုက်'ဟုခေါ်သည်။ ဒါကြောင့် ၎င်းတို့၏အမည်နှင့် ၎င်းတို့၏ နေရာကို 'ဥစ္စာစောင့်သိုက်'လို့ လူအများ သိကြပါတယ်။ ဥပမာတစ်ခု ပြရရင်တော့ မြေပြင်အောက် သဘာဝဖြစ်တည်နေတဲ့ 'ရေနံ'တို့ 'ဓာတ်ငွေ့'တို့ 'သတ္တု'တို့ များ များတစ်စုတစ်ဝေးတည်း ရှိနေရင် 'သိုက်' လို့ လူများ အမည်ပေးထားသလို၊ ဥစ္စာ စောင့်များ စောင့်ကြပ်နေတဲ့ ရတနာ အများ စုစည်းထားသည့် နေရာကို ဥစ္စာ စောင့်သိုက်လို့ လူတွေက မှည့်ခေါ်အမည် ပေးထားတာ ဖြစ်နိုင်ပါတယ်။ ဥစ္စာစောင့် သိုက်တွေကတော့ ဘုရားသိုက်က များပါ တယ်။ ဘုရားသိုက်မဟုတ်သည့် မင်းစိုး ရာဇာ၊ သူဌေးသူကြွယ်သိုက်များလည်း ရှိတတ်ပါတယ်။ စာပေတွေထဲမှာ ဥစ္စာ စောင့်များသည် ချောမောလှပတယ်၊ ယဉ်ကျေးသိမ်မွေ့ပြီး ချိုသာစွာ ပြော တတ်တယ်၊ ဖန်ဆင်းနိုင်စွမ်းရှိတယ်၊ လူ သားများနှင့် စကားပြောနိုင်တယ်၊ ရည်စူး ကာသိုလ်ကိုလည်း ရနိုင်တယ်လို့ သိရ တယ်။ လူသားတွေကို ဒုက္ခမပေးတတ် ဘူး။ ပြိတ္တာနွယ်ဝင်တွေထဲက ဥစ္စာစောင့် ကိုတော့ လူသားများလည်း ကြောက်စိတ် သိပ်မထားကြဘူး။ အသိမိတ်ဆွေတွေလို ပဲ သဘောထားတတ်ကြတယ်။ ဒီလိုဖြစ် ရတာလည်း သိုက်သမိုင်းဝတ္ထုတွေ၊ ရုပ် ရှင်တွေကြောင့်လည်း ဖြစ်နိုင်ပါတယ်။ ဘာကြောင့်လဲဆိုတော့ သိုက်သမိုင်း ရုပ်ရှင်ကားတွေထဲမှာ 'တောမြိုင်စွန်းက လွမ်းအောင်ဖန်'ဆိုတဲ့ အသံတိတ်ခေတ် က ရုပ်ရှင်ကားသည် အစောဆုံး သိုက် သမိုင်း ရုပ်ရှင်ကားလို့ ထင်ပါတယ်၊ ဥစ္စာ စောင့်အသွင်ဆောင်ရတဲ့ မင်းသမီး မမြ ညွန့်သည် ချောမောလှပတယ်။ နေတဲ့ သိုက်ကလည်း နန်းတော်ကြီးလို ကြီး ကျယ်ခမ်းနားပြီး အသုံးအဆောင်ပစ္စည်း တွေကလည်း တန်ဖိုးရှိရှိနှင့် ခံ့ညားထည် ဝါသည့် အသုံးအဆောင်တွေ မြင်တွေ့ရ တယ်။ အဝတ်အစားကလည်း မင်းသား၊ မင်းသမီးတွေလိုဝတ်ပြီး တန်ဖိုးရှိ လက် ဝတ်ရတနာတွေပါ ဝတ်ဆင်ထားတာကို ပွဲကြည့်ပရိသတ်တွေ မြင်ရတော့ ဥစ္စာ စောင့်ကို ပြိတ္တာလို့မမြင့်တော့ဘဲ လူသား လိုပဲ စိတ်ထဲမှာ ထင်မှတ်ကြတယ်လို့ ထင်ပါတယ်၊ သိပ်ပြီး ကြောက်စိတ်မထား ကြတော့ဘူး။ ဒါ့အပြင် ရှေးယခင်က ဥစ္စာစောင့်များသည် လူသားများနှင့် နီးနီး စပ်စပ်နေတတ်ကြတယ်။ လူသားများကို ငွေငှားခြင်း၊ ပစ္စည်းငှားခြင်းများ ရှိတယ် လို့ သိခဲ့ရတယ်။ တစ်ခါတစ်ရံ ဈေးသည် များထံမှ ဈေးဝယ်ခြင်း၊ လိုသောပစ္စည်း များလည်း မှာတတ်တယ်လို့ ရှေးလူကြီး များ ပြောပြဖူးပါတယ်။ လူသားအချို့ရဲ့ သစ္စာမဲ့မှု၊ ကတိမတည်မှု၊ လောဘကြီး မှုတို့ကြောင့် ယုံကြည်မှုမရှိတော့ဘဲ နောက်ပိုင်းတွင် ခပ်ကင်းကင်းနေလာကြ တယ်လို့ သိရတယ်။ ဒီခေတ်လူငယ်၊ လူ လတ်ပိုင်းတွေကတော့ စိတ်လည်းမဝင် စားကြတော့ဘူး။ ယုံကြည်မှုလည်း မရှိ သလောက် ဖြစ်သွားပါပြီ။ ရှေးယခင်က ခံ့ညားထည်ဝါတဲ့ နန်းတော်ကြီးမျိုးလို ဖန် ဆင်းထားတဲ့ သိုက်ထဲသို့ ရောက်ဖူးတဲ့သူ၊ ချောမောလှပတဲ့ ဥစ္စာစောင့်အမျိုးသမီး၊ အမျိုးသားများနှင့် တွေ့ဖူးမြင်ဖူးတဲ့သူ တကယ်ရှိချင်လည်း ရှိခဲ့မှာပါ။ ၎င်းတို့၏ ပြောပြချက်အရ ဝတ္ထုတွေရေးကြ၊ ရုပ်ရှင် တွေရိုက်ကြတာလား၊ ဒါမှမဟုတ် စိတ် ကူးယဉ် ဖန်တီးထားတာလားဆိုတာကို တိတိကျကျ မသိပါဘူး။ ဒါပေမဲ့ ဝတ္ထုတို့ ရုပ်ရှင်တို့တွေထဲမှာတော့ တကယ့်ကို ချောမောလှပပြီး 'သိုက်'တွေက ခမ်းနား ထည်ဝါတာ တွေ့မြင်ရပါတယ်။ စာရေး သူ တင်ပြမည့် သိုက်ဆရာနှင့် တပည့် နှစ်ဦးရောက်ခဲ့တဲ့ သိုက်ကတော့ နန်း တော်ကြီးလို ထည်ဝါခမ်းနားတဲ့ အဆောက် အဦ မဟုတ်ပါဘူး။ တောင်ကမူအောက် မှာ အလင်းရောင်မရှိသည့် ဂူလေးတစ်ဂူ ဖြစ်ပါတယ်။ ဒီဂူသည် မူလက ဘုရား သိုက်ပါ။ ဘုရားသိုက်ဆိုပေမဲ့လည်း နောက်ပိုင်းတွင် အစောင့်က မြေအောက် ရှိ ပိုင်ရှင်မဲ့နှင့် ပိုင်ရှင်ရှိ ပစ္စည်းတွေကို တရွေ့ရွေ့ ရွေ့ယူထားလို့ ဘုရားပစ္စည်း နှင့် ဘုရားပစ္စည်းမဟုတ်သေးသည့် ပစ္စည်းများရှိသည့် သိုက်ဖြစ်ပါတယ်။ ဒီ သိုက်ကိုတော့ လူသူတော်ကြီးတစ်ဦးက စောင့်ရှောက်နေရတယ်။ အထက်ဖော်ပြ ခဲ့သည့် သိုက်ဆရာနှင့် တပည့်နှစ်ဦးသည် ဒီသိုက်ကို အောင်နိုင်ပြီး သိုက်ထဲအထိ ရောက်ခဲ့ကြတယ်။ ဒီရောက်ခဲ့တဲ့ တပည့် နှစ်ဦးအနက် တစ်ဦးသည် စာရေးသူ၏ ဘိုးအေ ဦးလှမင်းဖြစ်ပါတယ်။ ဦးလှမင်း ၁၄ နှစ်သားအရွယ် မူလတန်းအောင်ပြီး ဘုန်းတော်ကြီးကျောင်းမှာ အကူအညီပေး ရင်း စာဆက်သင်နေတဲ့ အချိန်ဖြစ်ပါ တယ်။ ဦးလှမင်းတို့မိသားစုက ရွှေတောင် မြို့၊ ကြာနီကန်တန်းမှာ နေပါတယ်။ မိဘ မျိုးရိုးကတော့ ပိုးကုန်သည်တွေပါ။ ပိုး ထည်လည်း ရက်လုပ်ပါတယ်။ ဦးလှမင်း က အကြီးဆုံးသားပါ။ ၎င်းတို့နေတဲ့အိမ် နောက်ဘက်မှာ ဆွေစဉ်မျိုးဆက် ကိုး ကွယ်တဲ့ ဆရာတော်များ သီတင်းသုံးနေ သည့် 'ဂန္ဓာရုံ'ကျောင်းတိုက် ရှိပါသည်။ ဒီကျောင်းတိုက်၏ မျက်နှာချင်းဆိုင်မှာ 'ရွှေပြောင်ပြောင်'စေတီရှေးဟောင်းဘုရား တစ်ဆူ ရှိပါတယ်။ ဘုရား၏အနောက် ဘက်မှာ 'ဆေးရိုးတန်း'လို့ အမည်ပေး ထားသည့် မြေလမ်းတစ်လမ်း ရှိပါတယ်။ ဒီမြေလမ်းနှင့် ဘုရားကြားရှိ မြေကွက် လပ်တွေမှာ ရပ်နီး၊ ရပ်ဝေးမှ လာကြ သည့် ဘုရားဖူးများ တည်းခိုနိုင်ရန် ဇရပ် များ ဆောက်ထားပါသည်။ တစ်ရက်မှာ မည်သည့်ဒေသမှ ရောက်လာမှန်းမသိ သော ပုဂ္ဂိုလ်တစ်ဦး ညအိပ်ညနေ တည်း ခိုနေပါတယ်။ ရှမ်းဘောင်းဘီအ[illegible]က်ဝတ် ထားတဲ့ လူစိမ်းသည် ငှက်ပျောပွဲ၊ အုန်းပွဲ များ ပွဲထိုးပြီး အဓိဋ္ဌာန်ဝင်နေတာကို ဖြတ်



www.burmeseclassic.com

www.burmeseclassic.com

သွားဖြတ်လာ မြို့ခံလူများ တွေ့မြင်ကြရတယ်။ စူးစမ်းလိုစိတ်နှင့် လူစိမ်းကို အကဲခတ်သွားကြတယ်။ ဒီထဲမှာ စိတ်အဝင်စားဆုံးသူကတော့ မောင်မြအောင်ဆိုတဲ့ လူငယ်လေးတစ်ယောက် ဖြစ်တယ်။ အထူးသဖြင့် ဇရပ်မှာ ငှက်ပျောပွဲ၊ အုန်းပွဲတွေရှေ့ အမိဋ္ဌာန်ဝင်နေတဲ့ လူစိမ်းပုဂ္ဂိုလ်၏ လုပ်ရပ်တွေကို စိတ်ဝင်စားပြီး သိချင်နေပါတယ်။ မောင်မြအောင်သည် မောင်လှမင်းနှင့် သူငယ်ချင်းဖြစ်ပြီး ဂန္ဓာရုံကျောင်းတိုက်တွင် အတူပညာသင်နေသူ ဖြစ်ပါတယ်။ မောင်လှမင်းသည် မောင်မြအောင်ပြောပြသည့် ဇရပ်တွင် တည်းခိုနေသည့် ပုဂ္ဂိုလ်အား စိတ်ဝင်စားပြီး သိလို၍ နှစ်ဦးသဘောတူ သွားရန် ဆုံးဖြတ်လိုက်ကြသည်။ ဇရပ်မှာ တည်းခိုနေသည့် ပုဂ္ဂိုလ်ကတော့ တခြားသူ မဟုတ်ပါဘူး။ နာမည်ကြီးသိုက်ဆရာတစ်ဦးပါ။ သိုက်ဆရာဆိုတာ ဥစ္စာစောင့်သိုက်တွေကိုနိုင်တဲ့ ပညာတတ်ထားလို့ သိုက်ဆရာလို့ ခေါ်တာပါ။ ရုက္ခစိုးနိုင်တဲ့ပညာတတ်တဲ့သူကိုတော့ ရုက္ခစိုးမှော်အောင်တဲ့ ဆရာလို့ ခေါ်ကြတယ်။ ဒီသိုက်ဆရာကြီးကတော့ သိုက်တူးရန်ရောက်လာတဲ့ ပုဂ္ဂိုလ်ဖြစ်ပါတယ်။ ၎င်း၏ အဓိကရည်မှန်းချက်ကတော့ ပြဒါးရှင်လုံးရှိသည့်သိုက်ကို ရှာဖွေတူးယူရန် ဖြစ်ပါတယ်။ သိုက်စာအညွှန်းအရ ပြဒါးရှင်လုံးသည် ရွှေတောင်မြို့နယ်အတွင်းရှိ လေးကျွန်းဆီမီး အမည်ရတဲ့ အရပ်မှာရှိပါတယ်။ ဒီအရပ်သည် ထိုအချိန်က လူသူအသွားအလာနည်းတယ်။ ဘုရားတွေနှင့် ဘုရားအပျက်တွေ ပေါများတယ်။ တောအုပ်လည်းကောင်းပြီး၊ စိတ်အေးချမ်းတယ်။ တရားဓမ္မ မွေ့လျော်သူများနှင့် ထွက်ရပ်ပေါက်ပုဂ္ဂိုလ်များ တရားကျင့်တဲ့အရပ်ဖြစ်တယ်။ ဒီအရပ်တွင်ရှိသော သိုက်ကို အောင်မြင်ရန်အတွက် ဆရာကြီးသည် အမိဋ္ဌာန်ဝင်နေခြင်း ဖြစ်ပါတယ်။ ဒါ့အပြင် သိုက်တူးရာ၌လည်း တပည့်လိုအပ်ပါတယ်။ သိုက်စာအညွှန်းအရ စနေ (သို့) ဗုဒ္ဓဟူးသား ပါဝင်ကူညီမှ သိုက်အောင်မည်ဟု ပါရှိသည့်အတွက် အမိဋ္ဌာန်ဝင်ရင်း တပည့်ရှာနေတာ ဖြစ်တယ်။ တစ်ရက်မှာ သူငယ်ချင်းနှစ်ဦးသည် လူစိမ်းတည်းခိုနေသည့် ဇရပ်သို့ သွားရောက်ခဲ့ကြတယ်။ မောင်လှမင်းတို့ကို မြင်လိုက်တာနဲ့ လူစိမ်းက လာကြကွဲ၊ အထက်ပုဂ္ဂိုလ်တွေက ဒီနေ့ ဆရာ့ရဲ့ ပါရမီဖြည့်ဘက်တွေ လာလိမ့်မယ်လို့ ညွှန်ကြားထားလို့ ဆရာစောင့်နေတာလို့ ဖော်ဖော်ရွေရွေပြောပြီး ခရီးဦးကြိုပြုတယ်။ လာ . . ရေနွေးကြမ်းသောက်ကြလို့ ညွှန်ခံတယ်။ လူစိမ်း၏ ထူးဆန်းသည့်စကားများသည် သူငယ်ချင်းနှစ်ဦးအတွက် စဉ်းစားစရာ ဖြစ်လာတယ်။ အံ့လည်းအံ့ဩသွားတယ်။ ပါရမီဖြည့်ဘက်တို့၊ အထက်ပုဂ္ဂိုလ်ဆိုတဲ့ စကားတွေသည် သူတို့ နားမလည်နိုင်တဲ့ စကားတွေ ဖြစ်နေတယ်။ ဒီဇရပ်ကို မည်သူမှ မလွှတ်ဘဲ မိမိတို့ ဆန္ဒအရသာ လာခြင်းဖြစ်တယ်။ လူစိမ်းပြောသလို မိမိတို့စိတ်ကိုများ အထက်ပုဂ္ဂိုလ်များ စေ့ဆော်လိုက်လို့များ သွားချင်စိတ် ပေါ်လာပြီး ရောက်လာရသလားဆိုတာ စိတ်ထဲမှာ သံသယဝင်လာတယ်။ သူငယ်ချင်းနှစ်ဦးသည် ဆရာကြီးရှေ့မှာ ထိုင်လိုက်ကြတယ်။ အင်္ကျီအဖြူလက်ရှည်၊ ရှမ်းဘောင်းဘီအနက် ဝတ်ထားသည့် ဆရာကြီးသည် အသားခပ်လတ်လတ်၊ ဆံပင်ရှည်နှင့် လေးစားကြည်ညိုစရာကောင်းသော ဥပဓိရုပ်ရှိတယ်။ အသံသြဇာလည်း ပြည့်ဝတယ်။ အသက်ကလေးဆယ်ကျော်ကျော်လောက် ရှိသေးတယ်။

"မင်းတို့လာကြတဲ့ကိစ္စကို ဆရာကြီးသိပါတယ်။ တို့တွေဟာ ပဋ္ဌာန်းဆက်တွေဖြစ်လို့ ယခုလိုတွေ့ကြတာ။ ဆရာကြီး ဘယ်ကလာပြီး၊ ဘာလုပ်တာလဲ၊ ဘယ်သူလဲဆိုတဲ့ မင်းတို့စိတ်ထဲမှာ သိချင်နေတဲ့ ဆန္ဒတွေကို ဆရာကြီး သိခွင့်ပေးပါမယ်"

လို့ပြောပြီး လာရခြင်းအကြောင်းကို ပြောပြတယ်။

"ဆရာကြီးကို အထက်ပုဂ္ဂိုလ်က လွှတ်လိုက်လို့ လာတာပါ။ ဆရာ အမိဋ္ဌာန်ဝင်တာ ဒီဘုရားသည် ကိုးဆူမြောက်ဘုရားဖြစ်တယ်။ ဒီလို အမိဋ္ဌာန်ပင်ရခြင်းသည် ဆရာ၏ ရည်ရွယ်ချက်နှင့် ဆရာ၏ ပါရမီကို ဖြည့်ဆည်းမယ့် ပစ္စည်းတစ်ခု ရယူရန်အတွက် လာရောက်ခြင်းဖြစ်တယ်"

လို့ ပြောတယ်။ ပြီးတော့ ဆရာကြီးသည် စကားကို ပြည့်ပြည့်စုံစုံ ဆက်မပြောဘဲ စကားလမ်းကြောင်း ပြောင်းလိုက်တယ်။ လူငယ်လေးနှစ်ဦးအား ပိုမိုစိတ်ဝင်စားလာရန် ရည်ရွယ်ခြင်း ဖြစ်ပါတယ်။ ဆရာကြီးသည် –

"ပဋ္ဌာန်းဆက်လည်းဖြစ်၊ ပါရမီဖြည့်ဘက်လည်းဖြစ်လာမည့် မင်းတို့အတွက် အန္တရာယ်ကင်း၊ ဘေးကင်း၊ စီးပွားလာဘ်ရွှင် အဆောင်ပေးမယ်။ ဘုရားကန်တော့ကြ"

လို့ ဆရာကြီးက ပြောလိုက်တယ်။ ဘုရားကျောင်းဆောင်နှင့် ငှက်ပျောပွဲများသည် ဆရာကြီး၏ ဘယ်ဘက်တွင်ရှိပါတယ်။ သူငယ်ချင်းနှစ်ဦးသည် ဘုရားကန်တော့လိုက်ကြပြီး ဆရာကြီးပြောသည့်အတိုင်း ရေထည့်ထားသည့် ခွက်ကလေးများကို လက်နှစ်ဖက်နှင့် ဦးထိပ်တင်ထားလိုက်တယ်။ အနန္တောအနန္တငါးပါးကို အာရုံပြုကြလို့ ပြောပြီး အထက်ပုဂ္ဂိုလ်များထံတွင် တိုင်တည်လိုက်တယ်။ မကြာမတင်မှာပင် သူငယ်ချင်းနှစ်ဦး လက်နှစ်ဖက်နှင့် ဦးထိပ်တင်ထားသည့် ခွက်များထဲသို့ ဂျောက်–ဂျောက်လို့ အသံကြားလိုက်ရပြီး ခွက်ထဲကရေတွေ ဘေးသို့စင်သွားတာ မြင်လိုက်ရတယ်။ ခွက်ထဲမှာ ဓာတ်လုံးလေးတွေ ရောက်နေတာ



www.burmeseclassic.com

www.burmeseclassic.com

တွေ့ရတယ်။ ဒီအဆောင်တွေသည် အန္တရာယ်ကင်း၊ ဘေးကင်းမယ်၊ စီးပွားလာဘ်ရွှင်မယ် ဆောင်ထားပါလို့ ဆရာကြီးက မှာတယ်။ သူငယ်ချင်းနှစ်ဦး၏ ရှေ့ရှိ အုန်းပွဲ၊ ငှက်ပျောပွဲများအကြောင်း ဆရာကြီးက ဆက်ရှင်းပြတယ်။

"အပေါ်ဆုံးက ဘုရားပွဲ၊ အောက်ကပွဲတွေကတော့ ဒီမြို့ရဲ့အပိုင် မြို့တော်ရှင်ကို ပသထားတာပါ။ အလယ်ပွဲကတော့ သိုက်နန်းချုပ်ပွဲပါ။ အစွန်ဆုံးပွဲကတော့ ဒီနယ်တစ်ဝိုက်ရှိ နတ်ဒေဝါ အပေါင်းကို ပသထားတာ"

လို့ ရှင်းပြတယ်။ မောင်လှမင်းသည် ဆရာကြီးရှင်းပြနေသည့် ငှက်ပျောပွဲ၊ အုန်းပွဲများထက် ဆရာကြီးပြောခဲ့တဲ့ **ပါရမီဖြည့်မည့်**ပစ္စည်းဆိုတာကိုသာ စိတ်**ဝင်စားနေတယ်။** ဒါ့ကြောင့် ဆရာကြီး နောက်ပြောမည့်စကားကို နားထောင်မနေတော့ဘဲ ...

"ဆရာကြီးလိုအပ်နေတဲ့ ပစ္စည်းဆိုတာ ဘာလဲ၊ ဘယ်မှာရှိတာလဲ၊ ကျွန်တော်တို့က ဘယ်လိုပါရမီဖြည့်ရမှာလဲ"

ဟု ရင်းသိချင်တာများကို မေးလိုက်တယ်။ ဆရာကြီးသည် ခေတ္တစဉ်း**စားပြီးမှ** မောင်လှမင်းအမေးကို အေးအေးဆေးဆေးလေး ပြန်ရှင်းပြပါတယ်။

"ဆရာကြီးရဲ့လုပ်ငန်းကို ပါရမီဖြည့်မယ့် ပစ္စည်းကတော့ ပြဒါးရှင်လုံးပါ။ **ဒီပစ္စည်းက** ဥစ္စာစောင့်သိုက်ထဲမှာရှိတယ်။ **ဒီသိုက်ရှိတဲ့**နေရာကတော့ ရွှေတောင်မြို့**အနီးမှာရှိတဲ့** လေးကျွန်းဆီမီးအရပ် ဖြစ်တယ်။ ဒီပစ္စည်းရယူနိုင်ဖို့ ဆရာကြီးနဲ့ ပဋ္ဌာန်းဆက်ရှိသူများသာ ဆရာကြီးကို ပါရမီဖြည့်ဆည်းကူညီမှသာ ရနိုင်မယ်"

လို့ ရှင်းပြတယ်။

"ပြဒါးရှင်လုံးဆိုတာတော့ ကြားဖူးမှာပါ။ မြင်ဖူးတဲ့သူကတော့ ရှားပါတယ်။ ဆရာကြီးလည်း စာထဲမှာသာ ဖတ်ဖူးတာ။ မမြင်ဖူးသေးပါဘူး။ တို့ငယ်ငယ်ကတည်းက ကြားဖူးခဲ့တဲ့ ပဋိက္ခရားမင်းသားလေးဟာ ပြဒါးရှင်လုံးကိုငုံပြီး သူ့ချစ်သူထံ ကောင်းကင်ကနေ သွားတယ်ဆိုတာလေ။ အဲဒီပြဒါးရှင်လုံးမျိုးကို ပြောတာပါ။ ပြဒါးရှင်လုံးဟာ တန်ခိုးထက်တယ်၊ လိုတရတယ်၊ ကျန်းမာခြင်းနဲ့ ချမ်းသာခြင်းကိုလည်း ဖန်တီးနိုင်တယ်၊ မြေလျှိုးမိုးပျံနိုင်တဲ့ အစွမ်းရှိတယ်"

လို့ ရှင်းပြတယ်။ ပြီးတော့ ဆရာကြီးက ဆက်ပြီးရှင်းပြတယ်။

"ဆရာကြီးကတော့ ဒီမင်းသားလေးလို လုပ်မှာမဟုတ်ဘူး။ ကိုယ်ရေးကိုယ်တာကိစ္စထက် ပြည်သူပြည်သားများအတွက် ကျန်းမာခြင်း၊ ချမ်းသာခြင်း ဖြည့်ဖို့ အများအကျိုးရှေးရှုဆောင်ရွက်သွားမှာ"

လို့ ရှင်းပြတယ်။

"အထက်ပုဂ္ဂိုလ်များရဲ့ တာဝန်ပေးချက်အရ လုပ်ရမှာဖြစ်တယ်။ ဒီလုပ်ငန်းကလည်း ပါရမီရှိသူများသာ ဆောင်ရွက်နိုင်တယ်။ သိုက်နန်းချုပ်ထံ ခွင့်တောင်းပြီး သိုက်စာအညွှန်းအရ ဒီအရပ်ကို လာခဲ့တာပါ"

ပြောပြောဆိုဆိုနှင့် ဆရာကြီးသည် သိုက်နန်းချုပ်ပွဲတွင် တင်ထားသည့် 'ပေရွက်'ကို ယူလိုက်တယ်။

"ဒါကတော့ သိုက်စာပါ။ ဆရာတို့တူးမယ့်သိုက်နဲ့ ပတ်သက်တဲ့ အကြောင်းအရာတွေ ရေးထားတာပါ။ ရှင်းပြရရင်တော့ ဒီသိုက်က ရွှေတောင်မြို့နဲ့ လေးမိုင်ကွာ လေးကျွန်းဆီမီးအရပ်မှာ ရှိတယ်။ သိုက်စောင့်ကတော့ ဖိုးသူတော်တစ်ဦး ဖြစ်တယ်။ ဒီသိုက်က အရင်က ဘုရားသိုက်ပါ။ အခု ပိုင်ရှင်မဲ့ပစ္စည်းတွေ ရောနေတဲ့သိုက် ဖြစ်တယ်။ အစောင့်သူတော်ကြီးက မြေအောက်က ပိုင်ရှင်မဲ့နဲ့ ပိုင်ရှင်ရှိ ပစ္စည်းတွေကို တတိတတိနဲ့ ရွှေ့ယူထားတာပါ။ သူတော်ကြီးရွှေ့ယူထားတဲ့ ပစ္စည်းတွေထဲမှာ ဆရာရှာနေတဲ့ ပြဒါးရှင်လုံး ပါတယ်။ ပြဒါးရှင်လုံးတစ်မျိုးတည်းသာ ဆရာယူမယ်ဆိုတာကို သိုက်နန်းချုပ်ထံ ကတိပေးပြီး လာခဲ့ခြင်းဖြစ်တယ်။ ဒါ့အပြင် ဆရာနဲ့ လိုက်ပါ ပါရမီဖြည့်မယ့်သူများအတွက်လည်း ပါရမီအကျိုးခံစားခွင့်ပါ တောင်းခံထားပြီးသား ဖြစ်တယ်"

လို့ ရှင်းပြတယ်။ မောင်လှမင်းသည် ဆရာကြီးရှင်းပြသည်များကို အသေအချာနားထောင်ပြီးမှ ...

"လူကြီးမိဘများနဲ့ ဆရာတော်ကြီးများက မိန့်မှာဖူးပါတယ်၊ ဥစ္စာစောင့်သိုက်က ပစ္စည်းများ မယူကောင်းဘူး။ အဲဒီပစ္စည်းတွေဟာ ဘုရားတည်ဖို့ ရည်ရွယ်ထားတဲ့ ပစ္စည်းများနဲ့ ဘုရားပစ္စည်းများသာဖြစ်တယ်။ ယူမိရင် ဒုက္ခအမျိုးမျိုး၊ ဘေးဆိုးအမျိုးမျိုးနဲ့ ကြုံရတတ်ပြီး ပိုင်ရှင်ခွင့်မပြုဘဲ ဝင်ယူရင် လုယူတာမျိုးဖြစ်နေမှာ"

လို့ စိတ်ထဲရှိသည့်အတိုင်း မောင်လှမင်းသည် ပြောလိုက်သည်။ သိုက်ဆရာကြီးသည် ခပ်ပြုံးပြုံးဖြင့် ...

"မောင်လှမင်းပြောတာ မှန်ပါတယ်။ ဘုရားပစ္စည်း မယူကောင်းပါဘူး။ ယူမိရင်လည်း မောင်လှမင်းပြောသလို ဘေးဒုက္ခတွေ တွေ့နိုင်ပါတယ်။ မလုပ်သင့် မလုပ်အပ်တဲ့ ကိစ္စတွေပါ။ ကံငါးပါးကို လုံရမှာပါ။ အခု ဆရာတို့လုပ်မယ့် အလုပ်က အထက်ပုဂ္ဂိုလ်တွေရဲ့ စေခိုင်းချက်အရ သာသနာပြုရန်နဲ့ အများကောင်းကျိုးအတွက် ပြုလုပ်ရန် ဖြစ်တယ်။ ဒီသိုက်ထဲကိုဝင်ဖို့နဲ့ ပြဒါးရှင်လုံး ယူဖို့ကိုလည်း သိုက်နန်းချုပ်ထံ ခွင့်ပြုချက်တောင်းခံပြီးပြီ၊ မှန်မြတ်တဲ့ လုပ်ငန်းတစ်ခုကို ဆောင်ရွက်ရန် ဖြစ်တယ်။ ဆရာကြီးတို့ယူမယ့် ပစ္စည်းဟာ ဘုရားပစ္စည်း မဟုတ်ပါဘူး။ သူတော်ကြီး ရွှေ့ယူထားတဲ့ ပစ္စည်းများထဲက ဖြစ်တယ်။ သိုက်တူးရာမှာလည်း သိုက်နန်းချုပ်ထံမှာ သစ္စာဆိုခဲ့တဲ့အတိုင်း ကတိတည်ရတယ်။



www.burmeseclassic.com

www.burmeseclassic.com

လောဘကိုလည်း ချုပ်တည်းရတယ်။ ကတိမတည်၊ သစ္စာမရှိ၊ လောဘသားများဟာ ဒုက္ခတွေ့တတ်တယ်။ မည်သည့်လုပ်ငန်းလုပ်လုပ် အောင်မြင်မှာမဟုတ်ဘူး''

လို့ ဆရာကြီးက ရှင်းပြတယ်။

''အခု ဆရာကြီးတို့က သိုက်နန်းချုပ်ထံ ခံယူထားတဲ့ ကတိထက် ကျော်လွန်ပြီး ဘာမှလုပ်မှာမဟုတ်ဘူး။ သိုက်နန်းချုပ်ထံမှာ ဆရာ့အတွက် ပြဒါးရှင်လုံးနဲ့ ပါရမီဖြည့်ဘက်များအတွက် ကြိုက်ရာတစ်မျိုးစီ အကျိုးခံစားနိုင်အောင် ခွင့်တောင်းထားပြီး ဖြစ်တဲ့အပြင် သိုက်တံခါးကိုဖွင့်ပြီး သိုက်ထဲဝင်ဖို့လည်း ခွင့်တောင်းထားပြီးဖြစ်လို့ တရားမျှတပါတယ်။ ပြီးတော့လည်း ဒီဓာတ်လုံးကို ဆရာကြီးတစ်သက်ပဲ အသုံးပြုမှာ။ ဆရာကြီးမရှိရင် မူလနေရာပြန်ပို့ရမှာ ဖြစ်တယ်''

လို့ ရှင်းပြတယ်။

သူငယ်ချင်းနှစ်ယောက်သည် ဆရာကြီး၏ ယုတ္တိရှိသောစကားကို ယုံကြည်လိုက်တာလည်း ပါတယ်၊ ပြီးတော့ သိုက်ဆရာ တကယ်ရှိလား၊ မရှိလားဆိုတာကို သိချင်တာရယ်၊ သိုက်တကယ်ရှိလျှင် သိုက်ထဲရောက်ဖူးချင်တာရယ်၊ ပြဒါးရှင်လုံးကို မြင်ဖူးချင်တာတွေကြောင့် ဆရာကြီးအား ပါရမီဖြည့်ရန် သူငယ်ချင်းနှစ်ယောက် ကတိပေးလိုက်တယ်။ နောက်ရက်များတွင် သူငယ်ချင်းနှစ်ဦးသည် သိုက်နန်းချုပ်ပွဲရှေ့တွင် အဓိဋ္ဌာန်ဝင်ခြင်း၊ ကတိခံယူခြင်းများ ပြုလုပ်ရင်း အချိန်အခါကို စောင့်နေကြတယ်။ အဓိဋ္ဌာန်ဝင်ပြီး သုံးရက်မြောက်နေ့မှာ ဆရာကြီးက

''ဒီနေ့ဒီအချိန် အခါရောက်ပြီ။ ညနေ ငါးနာရီတိတိမှာ ဒီဇရပ်ကနေ လေးကျွန်းဆီမီးအရပ်ကို ထွက်ခွာမယ်။ ညခုနစ်နာရီတိတိမှာ လုပ်ငန်းစမယ်။ ဆရာကြီး ထပ်ပြီး သတိပေးမှာကြားချင်တာကတော့ သိုက်နန်းချုပ်ပွဲရှေ့မှာ ကတိခံယူထားတဲ့အတိုင်း ကတိသစ္စာတည်ရမယ်။ သိုက်ထဲရောက်ရင် လိုချင်တာတွေတွေ့လည်း လောဘမတက်ရဘူး။ ဘုရားပစ္စည်းမဟုတ်တဲ့ ပစ္စည်းသာ ယူရမယ်။ ယူတဲ့အခါမှာ ကတိအတိုင်း ကြိုက်ရာတစ်မျိုးသာယူရမယ်။ ပေးထားတဲ့ကတိကို မချိုးဖောက်ရဘူး။ ဒါဟာ သိပ်အရေးကြီးတယ်၊ ပြီးတော့ တို့လုပ်ငန်းမှာ အမျိုးမျိုးသော အတားအဆီးအနှောင့်အယှက်များလည်း တွေ့ရှိနိုင်တယ်။ မည်သည့် အတားအဆီး အနှောင့်အယှက်ကိုမျှ ဂရုမစိုက်နဲ့။ မိမိလုပ်ရမယ့် အလုပ်ကိုသာ လုပ်ပါ။ ခြောက်လှန့်လည်း မကြောက်ကြနဲ့၊ ဆရာက စည်းဝိုင်းနှစ်ထပ်ဝိုင်းထားပေးမယ်။ ဒီစည်းဝိုင်းဟာ အနှောင့်အယှက်အားလုံးရဲ့ အကာအကွယ်ဖြစ်တယ်။ စည်းဝိုင်းထဲကို မည်သူတစ်ဦးတစ်ယောက်မျှ မဝင်နိုင်ဘူး။ အကယ်၍ တို့အထဲက တစ်ယောက်ယောက်က စည်းပြင်ပကတစ်စုံတစ်ဦးနဲ့ စကားပြောမိရင်၊ ခြောက်လှန့်ခံရလို့ လန့်ပြီး ထွက်ပြေးရင် စည်းပေါက်သွားမယ်။ စည်းပေါက်သွားရင် ဥစ္စာစောင့်က တို့ကို အနိုင်ရသွားပြီး သူတို့လုပ်သလို တို့ခံရမယ်။ ဒါကြောင့် သတိမြဲမြဲထားပါ''

လို့ ဆရာကြီးက အထပ်ထပ်မှာတယ်။ သတ်မှတ်ထားသည့်အချိန်တွင် ဆရာကြီးတို့ သုံးဦးသားသည် လေးကျွန်းဆီမီးအရပ်သို့ စထွက်ခဲ့ကြတယ်။ တစ်နာရီလောက်ပဲ လမ်းလျှောက်လိုက်ရတယ်။ လေးကျွန်းဆီမီးသို့ ရောက်သွားကြတယ်။ သိုက်စာအညွှန်းအရ တောင်ကမူနှစ်လုံး တွေ့ရတယ်။ ဆရာကြီးက ဒီကမူနှစ်လုံးစလုံး သိုက်တွေလို့ ပြောတယ်။ ကမူတစ်ခုနှင့်တစ်ခု ပေလေးရာလောက်ကွာတယ်။

''တို့တူးမယ့်သိုက်ကတော့ ဒုတိယကမူဖြစ်တယ်''

၎င်းနေရာတွင် ဆရာကြီးတို့သုံးဦးသည် နေရာယူလိုက်ကြတယ်။ ဆရာကြီးနှင့် မောင်လှမင်းသည် အုန်းပွဲ၊ ငှက်ပျောပွဲတွေ ပြင်တယ်။ ဖယောင်းတိုင် မီးထွန်းပူဇော်တယ်။ ကျန်တစ်ယောက်က ဝါးခုတ်၊ မီးတုတ်ပြုလုပ်နှင့် အချိန်နာရီဝက်လောက် ကြာသွားတယ်၊ အားလုံးအဆင်သင့်ဖြစ်တာနဲ့ ပွဲရှေ့မှာ ကန်တော့ကြရတယ်။ ဆရာကြီးသည် ဆယ်မိနစ်လောက် ရွတ်ဖတ်အမျှဝေတယ်။ ပြီးတာနဲ့ ဆရာကြီးသည် အင်းချထားသည့် သပိတ်ကွဲလေးခုနှင့် သိမ်ဝင်အပ်စိုက်ထားသည့် တုတ်ကို ယူလိုက်တယ်။ ၎င်းကိုယ်တိုင် သိမ်ဝင်အပ်စိုက်ထားသည့် တုတ်ဖြင့် ကမူကို လက်ယာရစ် စည်းဝိုင်းဝိုင်းလိုက်တယ်။ နောက်ပထမစည်းနဲ့ ဆယ်ပေအကွာလောက်မှာ အပြင်စည်းဝိုင်းဝိုင်းလိုက်တယ်။ အပြင်စည်းရဲ့ ထောင့်လေးထောင့်မှာ ဝါးတိုင်လေးတိုင် စိုက်ပြီး၊ အင်းချပ်များ ချည်ထားလိုက်ပါတယ်။ ယခုအချိန်ကစပြီး စည်းဝိုင်းအပြင်သို့ မည်သူမျှမထွက်ရဟု အမိန့်ပေးပါတယ်။ ညခြောက်နာရီကျော်တာနှင့် မှောင်စပြုလာပါတယ်။ တစ်ဦးနှင့်တစ်ဦး သဲသဲကွဲကွဲမြင်နိုင်သေးသော်လည်း ခပ်လှမ်းလှမ်းမြင်ကွင်းများကတော့ မသဲမကွဲ ဝိုးတဝါးသာ မြင်ရတယ်။ တဖြည်းဖြည်းနှင့် အလင်းရောင်ပျောက်သွားပြီး အမှောင်ထုက လွှမ်းမိုးလာတယ်။ ဆရာကြီးသည် အိတ်ဆောင်နာရီကို ထုတ်ကြည့်လိုက်ပြီး အချိန်ကျပြီလို့ ပြောလိုက်တယ်။ စိုက်ထူထားသည့် မီးတုတ်များကို မီးထွန်းလိုက်ကြတယ်၊ အလင်းရောင်ကြောင့် သဲသဲကွဲကွဲမြင်လာရတယ်။ ဆရာကြီးသည် ပွဲတင်ထားသည့်ရှေ့ရှိ ပန်းများနှင့် ရေတစ်ခွက်ကိုယူပြီး တောင်ကုန်းပေါ်သို့ ပက်ဖျန်းကြဲချလိုက်တယ်။ ဘုရားသိုက်အတွင်းရှိ ဘုရားများအား ပူဇော်ခြင်းဖြစ်တယ်လို့ သိရတယ်။ ထို့နောက် ဆရာကြီးသည် ပေါက်ပေါက်များအား ကမူ၏ အနောက်



www.burmeseclassic.com

www.burmeseclassic.com

မြောက်ဘက်သို့ ကြဲချလိုက်တယ်။ ပေါက်ပေါက်များသည် မြေပြင်၌ ပြန့်ကြဲသွားသည်။ သည်နေရာသည် သိုက်အပေါက်ဝဖြစ်တယ်လို့ ဆရာကြီးက ပြောတယ်။ ဆရာကြီးသည် အသံကျယ်ကျယ်၊ ခပ်မာမာဖြင့် –

“ငါသည် နာမည်ကြီး သိုက်ဆရာဖြစ်တယ်။ ဒီသိုက်ကို စောင့်နေသော အစောင့်များ ဝိုင်းဝန်းကူညီကြလော့။ အနှောင့်အယှက်မပေးကြနှင့်။ ငါဆရာ အမိန့်ပေးနေသည်။ နာခံကြလော့ … နားထောင်ကြလော့၊ သိုက်နန်းချုပ်ထံ ခွင့်ပန်ပြီး အများအကျိုးအတွက် ရောက်လာခြင်းဖြစ်တယ်။ အစောင့်အရှောက်များ သိုက်တံခါးဝအား ညွှန်ပြလော့ … ညွှန်ပြလော့။ ငါ့ဆရာ အမိန့်ပေးနေသည်။ သိုက်နန်းချုပ်ရဲ့အမိန့်၊ လိုက်နာကြလော့၊ လိုက်နာကြလော့”

ဟု အောင်မြင်သောအသံကြီးဖြင့် ဟိန်းသွားအောင် အမိန့်ပေးလိုက်ပြီး၊ လက်တွင်ကိုင်ထားသော ဆေးကြိမ်လုံးဖြင့် မြေပြင်သို့ သုံးကြိမ် ခပ်ပြင်းပြင်း ရိုက်လိုက်တယ်။ ကြိမ်ရိုက်သံနှင့် မရှေးမနှောင်းမှာပင် ပြန့်ကြဲနေသော ပေါက်ပေါက်များသည် သံလိုက်နှင့် ဆွဲယူလိုက်သည့်အလား အပြေးအလွှား လာစုသွားတာကို သူငယ်ချင်းနှစ်ယောက် တအံ့တဩ မြင်တွေ့လိုက်ရတယ်။ ဆရာကြီးသည် အောင်ပွဲရမျက်နှာမျိုးဖြင့် …

“တပည့်တို့၊ ပေါက်ပေါက်တွေစုသွားတဲ့နေရာဟာ သိုက်အပေါက်ဝဖြစ်တယ်။ စုနေတဲ့ ပေါက်ပေါက်တွေကို ဖယ်ပြုပြီး လေးပေပတ်လည် ကျင်းတူးကြ။ လက်ခုပ်တစ်ဘောင်စာလောက် အနက်ရောက်ရင် ဆရာ့ကိုပြော”

လို့မှာပြီး ပွဲတွေရှေ့မှာ အဓိဋ္ဌာန်ပြန်ဝင်နေတယ်။

ဆရာကြီး ညွှန်ကြားသည့်အတိုင်း သူငယ်ချင်းနှစ်ဦးသည် မြေတူးသူကတူး၊ မြေသယ်သူကသယ်နှင့် ခွန်စိုက်အားစိုက် အမြန်ဆောင်ရွက်နေကြတယ်။ မိုးအကုန်ဆောင်းအကူးဖြစ်လို့ မြေသားက မမာသေးပါ။ တူးလို့အကောင်းဆုံးအချိန် ဖြစ်တယ်။ သိပ်မကြာပါဘူး။ နှစ်ပေအနက်ရောက်သွားတယ်။ အဲဒီအချိန်မှာ တောထဲကနေ ကြေးစည်သေးသေးလေး တီးလိုက်တဲ့အသံ ကြားရတယ်။ ပြီးတော့ ဆက်ကာ ဆက်ကာ ကြားရတယ်၊ ကြေးစည်အသံသည် တဖြည်းဖြည်းနှင့် နီးလာတယ်။ နောက် ကြေးစည်သံနှင့် လူတစ်ယောက်၏ ခြေနင်းသံ ကြားလိုက်ရတယ်။ မောင်လှမင်းက သူငယ်ချင်းအား လက်နှင့်တို့လိုက်တယ်။ သူငယ်ချင်းက လှည့်ကြည့်ပြီး ဆက်ပြီးအလုပ်လုပ်ရန် လက်ဖြင့်ပြလိုက်တယ်။ မကြာခင်မှာ ၎င်းတို့ မြေတူးနေသည့် နေရာတည့်တည့် အပြင်စည်းဝိုင်းနားတွင် လူတစ်ဦးလာရပ်တာ သိလိုက်ရတယ်။ နှစ်ဦးစလုံး ဂရုမထားဘဲ လုပ်ရမည့်အလုပ်သာ သဲသဲမဲမဲ ဆက်လုပ်နေကြတယ်။ ဒီအခါမှာ လူတစ်ဦးလာရပ်နေသည့်ဘက်မှ အသံဩဩကြီးနှင့် …

“သူငယ်တို့၊ သူတော်ကြီး မေတ္တာရပ်ခံပါတယ်။ ဒါ ဘုရားပစ္စည်းတွေပါ။ မတူးကြပါနဲ့။ မယူကောင်းပါဘူး။ ယခုဘဝမှာလည်း ဒုက္ခအမျိုးမျိုးတွေ့မယ်။ နောင်ဘဝလည်း အပါယ်ရောက်ရဲလားမယ်။ ဒါကြောင့် သူတော်ကြီးက မေတ္တာရပ်ခံတာပါ”

လို့ ပါးစပ်က တတွတ်တွတ်ပြောရင်းနှင့် အပြင်စည်းဝိုင်းအထိ ကပ်လာတယ်။ မောင်လှမင်းသည် လာရောက်မေတ္တာရပ်ခံနေသော စည်းဝိုင်းနားက သူတော်ကြီးအား ဘယ်လိုပုံလဲဆိုတာ ကြည့်ချင်တာနှင့် သူတော်ကြီး၏ ရှေ့နားလောက်သို့ ၎င်းသယ်ယူလာသော မြေခြင်းအား သွားပြီးသွန်ရင်းနှင့် သူတော်ကြီးကို ကြည့်လိုက်တယ်။ သူတော်ကြီးသည် အသားဖြူဖြူ၊ ခပ်ဝဝ၊ အရပ်မြင့်မြင့်နှင့် အင်္ကျီမပါ၊ အဝတ်ဖြူသိုင်းထားတယ်။ အောက်ပိုင်းမှာလည်း အဝတ်ဖြူဝတ်ထားတယ်၊ လက်တစ်ဖက်က ကြေးစည်၊ တစ်ဖက်က တောင်ဝှေးတစ်ချောင်း ကိုင်ထားတယ်၊ မောင်လှမင်းနှင့် အကြည့်ချင်း ဆုံကြတယ်။ မောင်လှမင်းသည် သူတော်ကြီးအား ဆက်မကြည့်တော့ဘဲ အလုပ်ဆက်လုပ်ရန် လှည့်ပြန်ခဲ့တယ်။ ဒီအချိန်မှာ ဆရာကြီးသည် ဆေးလွယ်အိတ်ကိုကိုင်ပြီး မီးတုတ်တစ်ချောင်းကိုင်ကာ သူတော်ကြီးရပ်နေသည့်နေရာသို့ လာခဲ့တယ်။

“အနှောင့်အယှက်လာမပေးနဲ့။ နောက်ဆုတ် … နောက်ဆုတ်”

လို့ အသံမာမာဖြင့်အော်ပြီး သူတော်ကြီးအား အမိန့်ပေးလိုက်တယ်။ သူတော်ကြီးသည် ဆရာကြီး၏အမိန့်ကို နာခံပုံမပေါ်ဘူး။ အပြင်စည်းနားတွင် ရပ်မြဲရပ်နေပြီး ပြောမြဲပြောနေတယ်။ ဂရုမစိုက်သည့်ပုံစံဖြင့် စည်းဝိုင်းနားထိ တိုးကပ်လာတယ်။ ဆရာကြီးသည် …

“ငါ့အမိန့်အား မနာခံလျှင် နဂါးမီးလုံးနှင့် ပေါက်မယ်”

လို့ သတိပေးလိုက်တယ်။ သူတော်ကြီးသည် ဆရာကြီး၏ အမိန့်အား နာခံပုံမပေါ်သဖြင့် ဆရာကြီးသည် လက်တွင်ကိုင်ထားသည့် မီးတုတ်အား သူတော်ကြီး၏ရှေ့တည့်တည့်သို့ ဝှေ့ယမ်းလိုက်ပြီး လက်တစ်ဖက် ဆေးလွယ်အိတ်ထဲက ဆေးအမှုန့်များဖြင့် မီးတောက်ကို ဖြတ်ပြီး ပေါက်လိုက်တယ်။ မီးလုံးကြီးဖြစ်သွားပြီး သူတော်ကြီး၏ ရင်ဘတ်ကို ထိမှန်သွားတယ်၊ သူတော်ကြီးသည် လေထဲတွင် တစ်စုံတစ်ဦးက မြှောက်ပစ်လိုက်သလို နောက်သို့ လေးငါးပေလောက်လွင့်ပြီး ဖင်ထိုင်ကျသွားတယ်။ သူတော်ကြီးသည် ဖင်ထိုင်ကျသည့်နေရာမှသာ ငုတ်တုတ်ထိုင်နေပြီး ရှေ့သို့ တိုးမလာဝံ့တော့



www.burmeseclassic.com

www.burmeseclassic.com

ဘူး။ သူငယ်ချင်းနှစ်ဦးသည် ဆက်ပြီးတူးရာ သတ်မှတ်ထားသည့် အတိုင်းအတာသို့ မကြာခင် ရောက်သွားသည်။ ဆရာကြီးသည် တပည့်နှစ်ဦးအား တွင်း၏ အရှေ့ဘက် မျက်နှာဘက်သို့ ဆက်တူးရန်နှင့် အုတ်ခဲများတွေ့လျှင် ၎င်းအား ခေါ်ရန် မှာကြားပြီး ပွဲများရှေ့တွင် အဓိဋ္ဌာန် ပြန်ဝင်ရင်းနှင့် သူတော်ကြီးအား အကဲခတ်စောင့်ကြည့်နေတယ်။ အုတ်ချပ်များပေါ်လာသည်နှင့် ဆရာကြီးသည် တွင်းထဲဆင်းလာခဲ့တယ်။ တပည့်များအား အုတ်ချပ်များဆက်ခွာရန် ညွှန်ကြားလိုက်တယ်။ အုတ်ချပ်နှစ်ဆယ်လောက်ခွာမိတာနဲ့ လူတစ်ကိုယ်စာသင်ပေါက် တစ်ခုပေါ်လာတယ်။ မီးတုတ်တွေ ထွန်းလိုက်တယ်။ အထဲတွင် မှောင်နေတယ်။ သဲသဲကွဲကွဲ မမြင်ရဘူး။ အထဲကို သေသေချာချာ ကြည့်လိုက်တော့မှ အလင်းရောင်မှိန်မှိန်လေး လင်းနေတာ တွေ့ရတယ်။ ဒါဟာ ပြဒါးရှင်လုံးရဲ့ အလင်းအားဟု နောက်မှ ဆရာကြီးရှင်းပြလို့ သိရတယ်။ ဆရာကြီးသည် သိုက်အပေါက်ပွင့်သွားသည်နှင့် မီးတုတ်ကိုယ်စီ ထွန်းလိုက်တယ်။ ချက်ချင်း အထဲသို့မဝင်သေးဘဲ မီးတုတ်တစ်ခုအား ဂူအတွင်းသို့ ပစ်သွင်းလိုက်တယ်။ မြေအောက်ဂူတွေအတွင်းမှာ လူကို အသက်အန္တရာယ်ပေးနိုင်သည့် အဆိပ်ငွေ့တွေရှိတယ်။ ဒါကြောင့် လေသန့်သွားရန် ပြုလုပ်ခြင်းဖြစ်တယ်လို့ ပြောပြတယ်။ ဂူအတွင်း မီးတုတ်အလင်းရောင်ကြောင့် ပတ်ဝန်းကျင်ကို မြင်ရတယ်။ သိုက်ဆရာနှင့် တပည့်နှစ်ဦးသည် မီးတုတ်ကိုယ်စီဖြင့် အထဲသို့ ဝင်လိုက်ကြသည်။ ဂူတစ်ခုလုံး လင်းထိန်သွားပြီး မြင်ကွင်းက သဲသဲကွဲကွဲမြင်လာရတယ်။ ဂူအမြင့်က ရှစ်ပေလောက်မြင့်တယ်။ တစ်ဆယ့်ငါးပေလောက် ကျယ်တယ်။ မျက်နှာချင်းဆိုင်နံရံမှာ ကျောက်သေတ္တာကြီးသုံးလုံးတွေ့ရတယ်။ ရတနာသေတ္တာတွေဖြစ်တယ်။ နံရံမှာ ရွှေ၊ ငွေ၊ ကြေးဖြင့် သွန်းလုပ်ထားသည့် ရှေးဟောင်း ဘုရားပုံတော် ဆယ့်ဆူ ဖူးတွေ့ရတယ်။ ပုံတော်တွေ၏ အောက်တက်အဆင့်တွင် ကျောက်စိမ်း၊ ပတ္တမြား၊ နီလာ ရတနာများဖြင့် ထုလုပ်ထားသည့် ဘုရားသုံးဆူ ဖူးတွေ့ရတယ်။ ရွှေခေါင်းလောင်း၊ ငွေခေါင်းလောင်း၊ ဆင်စွယ်ပန်းပုများ တွေ့ရတယ်။ ဒါတွေက ဘုရားဌာပနာပစ္စည်းတွေလို့ ဆရာကြီးက ရှင်းပြတယ်။

"တို့ အချိန်သိပ်မရဘူး။ ဒီအထဲက နေ မြန်မြန်ထွက်ဖို့ လိုအပ်တယ်"

ဘုရားပစ္စည်းများနှင့် မျက်နှာချင်းဆိုင်တွင် သူတော်ကြီး ရွှေ့ယူထားသည့် ပစ္စည်းများ ထားသည့်နေရာ ဖြစ်တယ်။ ဘုရားပစ္စည်းများနှင့် စည်းတားထားတာ တွေ့ရတယ်။ ဒီပစ္စည်းတွေကို မည်သည့် ရည်ရွယ်ချက်ဖြင့် ရွှေ့ယူထားသလဲဆိုတာကိုတော့ သူတော်ကြီးမှလွဲပြီး မည်သူမှ တိတိကျကျ မသိနိုင်ဘူး။ သူတော်ကြီး ရွှေ့ယူထားသည့်ပစ္စည်းများ ရှိသည့်နေရာကို မီးတုတ်များ၏အလင်းရောင်ကြောင့် ကောင်းစွာ မြင်ကြရတယ်။ ကျောက်သေတ္တာကြီးတစ်လုံး၊ အသေးနှစ်လုံးနှင့် ရွှေဒင်္ဂါး၊ ငွေဒင်္ဂါးအပြည့် ထည့်ထားသည့် ကျောက်အိုးများ တွေ့ရသည်။ အပေါ်နံရံတွင် ဘုရားနှစ်ဆူ ဖူးတွေ့ရသည်။ ဘုရားရှေ့ရှိ ကလပ်တွင် ပြဒါးရှင်လုံးကို တွေ့မြင်ရသည်။ ဆရာကြီးသည် ပြဒါးရှင်လုံးကို တရိုတသေယူပြီး လက်ကိုင်ပဝါဖြင့် ထုပ်ကာ ခေါင်းပေါင်းထဲတွင် သိမ်းလိုက်သည်။ သိုက်ဆရာသည် ၎င်း၏ လိုအင်ဆန္ဒ ပြည့်သွားပြီဖြစ်သဖြင့် တပည့်များအား ကြိုက်နှစ်သက်ရာ တစ်မျိုးစီယူရန် ခွင့်ပြုလိုက်တယ်။ ရတနာအိုးများနှင့် ကျောက်သေတ္တာများ၏ ဘေးတွင် စုပုံထားသော ကျောက်အရိုင်းတုံးများရှိပါသည်။ ဖုန်များတင်[illegible]၍ သဲသဲကွဲကွဲ အမျိုးအမည်ကို မသိနိုင်ပါ။ ဒါကြောင့် ဆရာကြီးသည် ၎င်းကိုင်ထားသည့် မီးတုတ်အား ကျောက်ပုံအထက်သို့ ဘယ်ပြန်ညာပြန် ဝှေ့ယမ်းလိုက်သည့်အခါ ဖုန်များ လွင့်စဉ်သွားပြီး မီးကျီးခဲပုံကို ယပ်နှင့်ခပ်လိုက်သလို ရဲခနဲ ရဲခနဲ မီးရဲရဲတောက်သွားသလို မြင်လိုက်ရတယ်။

"ဒါဟာ အရည်အသွေးကောင်းတဲ့ ပတ္တမြားတုံးတွေ"

လို့ ဆရာကြီးက ပြောတယ်။ မောင်လှမင်းသည် ဆရာကြီးပြသည့် ပတ္တမြားပုံထဲမှ အရည်အသွေးအကောင်းဆုံး ပတ္တမြားတစ်တုံး ရွေးယူလိုက်တယ်။ အရှည်တစ်ထွာလောက်၊ ဖြက်လက်တစ်ဆုပ်စာကျော်ကျော်လောက် ရှိတယ်။ ပတ္တမြားအစင် တစ်တုံးပါ။ မီးရောင်အောက်တွင် ရဲရဲတောက်နေတယ်။ မောင်လှမင်းသည် အသင့်ပါလာသည့် အဝတ်အိတ်ထဲသို့ ထည့်လိုက်ပြီး သေသေချာချာ ချည်လိုက်တယ်။ မီးရောင်ကြောင့် ပတ္တမြားအရောင်သည် အိတ်၏ အပေါ်အထိ အရောင်ထွက်လာတယ်။ ပတ္တမြားပုံဘေးရှိ ကျောက်တုံးကြီးတွေကတော့ ကျောက်စိမ်းတုံးတွေပါ။ မီးတုတ်နှင့် ဝှေ့ယမ်းလိုက်တာနဲ့ ဖုန်များ လွင့်စဉ်သွားပြီး မီးရောင်အောက်တွင် စိမ်းစိုနေတဲ့ ကျောက်စိမ်[illegible]များ တွေ့လိုက်ရတယ်။ မောင်မြ[illegible]င်သည် အရည်အသွေးအကောင်းဆုံး ကျောက်စိမ်းတုံး တစ်တုံးကို ရွေးယူလိုက်တယ်။ အလေးချိန် ဆယ်ပိဿာနီးနီးလောက်ရှိမယ်။ ၎င်းတို့သုံးဦးသည် ပစ္စည်းများယူပြီးတာနဲ့ သိုက်ထဲမှ အမြန်ဆုံးထွက်ခဲ့ကြတယ်။ သူတော်ကြီးကို မလှမ်းမကမ်းသစ်ပင်တစ်ပင်အောက်မှ မကျေနပ်တဲ့မျက်နှာကြီးနဲ့ ထိုင်ကြည့်နေတာ တွေ့လိုက်ရတယ်။ သိုက်ဆရာနှင့် တပည့်နှစ်ဦးသည် သိုက်ပေါက်ပြန်ပိတ်ခြင်း၊ သိုက်စောင့်များ သိုက်ထဲပြန်ဝင်နိုင်ရန် အဆီးအတားများ ရုပ်သိမ်းပေးခြင်းများပြုလုပ်ပြီး လာလမ်း



www.burmeseclassic.com

www.burmeseclassic.com

အတိုင်း ရွှေတောင်မြို့သို့ ပြန်ခဲ့ကြတယ်။ ရှေ့ဆုံးမှ တပည့်မောင်မြအောင်၊ အလယ်မှ မောင်လှမင်း၊ သိုက်ဆရာသည် လမ်းတွင် အနှောင့်အယှက်များ မပေးနိုင်ရန် အစီအမံများလုပ်ပြီး နောက်ဆုံးမှ လိုက်လာခဲ့တယ်။ သိပ်မကြာခင်မှာ ၎င်းတို့နောက်ကနေ သူတော်ကြီးသည် ...

"လိုက်ဟ ... လိုက်ဟ၊ ပစ္စည်းတွေယူသွားပြီ ... လိုက်ဟ"

လို့ အသံကျယ်ကြီးဖြင့် အော်ပြီး လိုက်လာတယ်။ သူတော်ကြီးအသံသည် တောတစ်ခုလုံး ဟိန်းသွားပြီး ပဲ့တင်သံထပ်သွားတယ်။ အရပ်ရှစ်မျက်နှာမှလည်း အသံတွေ ဝိုင်းအော်သလို ခံစားလိုက်ရတယ်။ ဆရာကြီးနှင့် တပည့်များသည် ပထမတော့ ဖြည်းဖြည်းမှန်မှန် လျှောက်ကြတယ်။ သူတော်ကြီးရဲ့အသံက နောက်ကနေ နီးလိုက်ဝေးလိုက် ထက်ကြပ်မကွာ အော်ပြီး လိုက်လာသဖြင့် ဖြည်းဖြည်းမှန်မှန်ကနေ သွက်သွက်လေး လျှောက်ကြတယ်။ သွက်သွက်ကနေ မြန်လာတယ်။ နောက်တော့ အပြေးနီးနီး မြန်မြန်လေး လျှောက်ကြတယ်။ သိပ်မကြာခင်မှာ ရွှေတောင်မြို့ထိပ်က ဘုရားနီစေတီကို လှမ်းဖူးမြင်ရတယ်။ မြို့ထဲရောက်တော့မယ်ဆိုတာ သိလိုက်ကြရတယ်။ ဘုရားရှေ့မရောက်ခင် တောစပ်ထဲကနေ အလွန်ကျယ်လောင်သောအသံတစ်ခု ကြားလိုက်ရတယ်။ ဒီအသံကြောင့် သိုက်ဆရာနှင့် မောင်လှမင်းသည် အပြေးကလေး သွားနေရာမှ ရုတ်တရက်လန့်ပြီး ရပ်လိုက်တယ်။ ရှေ့ကနေ သွားနေတဲ့ မောင်မြအောင်သည် အပြေးလေးလျှောက်နေရာမှ ဒုန်းစိုင်းပြေးပါတော့တယ်။ ဆရာကြီးနှင့် မောင်လှမင်းသည် မောင်မြအောင်အား အချိန်မီတားသော်လည်း မရလိုက်ပါ။ ခဏအကြာ ဘုရားရှေ့မရောက်တရောက်မှာ မောင်မြအောင် မှောက်လျက်လဲကျသည့်အသံကို ကြားလိုက်ရတယ်။ ကျောက်စိမ်းတုံးတခြား လူတခြားဖြစ်နေတဲ့ မောင်မြအောင်ကို အကူအညီပေးပြီး ဆရာကြီးတည်းခိုနေသည့် ဇရပ်သို့ အရောက်သွားခဲ့ကြသည်။ သိုက်ထဲက ယူခဲ့တဲ့ပစ္စည်းများကို မီးရောင်အောက်တွင် ပြန်ပြီးကြည့်ကြတယ်။ ပစ္စည်းတွေက အစစ်အတိုင်း တွေ့ရတယ်။ ဆရာကြီးယူလာသည့် ပြဒါးရှင်လုံးလည်း ကြည့်ခွင့်ရတယ်။ မောင်လှမင်းသည် အိမ်ရောက်သည့်အခါ မိသားစုအား သိုက်မှရခဲ့သော ပတ္တမြားတုံးအား ပြတယ်။ အတွေ့အကြုံတွေကိုလည်း ပြောပြတယ်။ အရည်အသွေးကောင်းတဲ့ ပတ္တမြားတုံးကြီးပဲ၊ တန်ဖိုးဖြတ်ရခက်မယ်လို့ အဘိုးကပြောတယ်။ ပြီးတော့ အဘိုးက ...

"သိုက်ပစ္စည်း မယူကောင်းဘူး၊ ဘုရားသိုက်ဆိုရင် ပိုဆိုးတယ်။ ဒုက္ခတွေ့တတ်တယ်။ ပြီးတော့ သိုက်စောင့်က ပစ္စည်းပြန်ယူဖို့ အမြဲချောင်းနေတတ်တယ်။ ဒုက္ခလည်းပေးတတ်တယ်လို့ပြောတယ်"

မောင်လှမင်းသည် ဆရာကြီးရှင်းပြသည့်အတိုင်း ၎င်းတို့မိသားစုကို ရှင်းပြလိုတယ်။ မောင်လှမင်းသည် ၎င်းယူလာခဲ့သည့် ပတ္တမြားအား အဝတ်နှင့် အထပ်ထပ်ထုပ်ပြီး သေတ္တာထဲတွင် သော့ခတ်သိမ်းဆည်းထားလိုက်တယ်။ မောင်လှမင်းသည် ပင်ပန်းလာသဖြင့် ခဏနှင့် အိပ်ပျော်သွားတယ်။ သန်းခေါင်ကျော်လောက်မှာ သူတော်ကြီး၏အသံလိုလို ကြားလိုက်ရ၍ လန့်နိုးသွားတယ်။ ပတ္တမြားထုပ်သိမ်းထားသည့် သေတ္တာအား ဖွင့်ကြည့်လိုက်တယ်။ ပစ္စည်းထုပ်ကို လက်ရာမပျက်တွေ့ရလို့ စိတ်ချလက်ချ ပြန်အိပ်လိုက်တယ်။ နံနက်မိုးလင်းမှ အိပ်ရာမှ နိုးလာတယ်။ နိုးနိုးချင်း နေရောင်တွင် ညကယူလာခဲ့တဲ့ ပတ္တမြားတုံးကို ကြည့်ရန် အထုပ်ဖြေလိုက်တယ်။ ညက မီးရောင်အောက်တွင် ရဲရဲနီနေသော အရည်အသွေးကောင်းသည့် ပတ္တမြားကြီးသည် နေရောင်အောက်တွင် အင်ကြင်းကျောက်တုံး ဖြစ်နေတာကို တအံ့တသြ မြင်လိုက်ရတယ်။ အဘိုးကတော့ ဥစ္စာစောင့်တွေ ပြန်ယူသွားပြီလို့ ပြောတယ်။ မောင်လှမင်းသည် အင်ကြင်းကျောက်တုံးကိုယူပြီး ဇရပ်သို့ အမြန်ပြေးလာခဲ့တယ်။ မောင်မြအောင်သည် ဆရာကြီးထံ ကြိုရောက်နှင့်နေတာ တွေ့ရတယ်။ မျက်နှာမရွှင်မလန်းနှင့် ဂဝံကျောက်တုံးတစ်တုံး ရှေ့ချပြီး ထိုင်နေတာ တွေ့ရတယ်။ ဆရာကြီးလည်း စိတ်ဓာတ်ကျနေပုံပေါ်တယ်။

"ဒီပွဲမှာ ရှုံးနိမ့်သွားပြီ။ ညက မောင်မြအောင် လဲလိုက်တာ ပစ္စည်းနဲ့လူ ကင်းကွာပြီး ဥစ္စာစောင့်က ပစ္စည်းတွေ လဲယူသွားတာဖြစ်တယ်"

လို့ ရှင်းပြတယ်။

"သူတို့အကြံ အောင်သွားတယ်။ တို့နဲ့ မထိုက်သေးလို့ပေါ့ကွာ။ ထိုက်တဲ့နေ့ကျ ပြန်ရမှာပါ။ တပည့်တို့ နောက်မှတွေ့ကြမယ်"


လို့ ပြောကာ ဆရာကြီးသည် အထုပ်အပိုးများနှင့် ဇရပ်ကနေ ထွက်ခွာသွားပါတော့သည်။ မောင်မြအောင်သည် သူ့ကြောင့် ဖြစ်ရသည့်အတွက် စိတ်မကောင်းစွာဖြင့် ပင်ပန်းခံရတာ အကျိုးမရှိပါဘူးလို့ ပြောပြောဆိုဆိုနှင့် ၎င်းရှေ့ရှိ ကျောက်စိမ်းဘဝပြော[illegible]ကျောက်တုံးကြီးအား ဇရပ်ပေါ်[illegible]နေ ဟန်ဖိုးမရှိတဲ့ ကျောက်တုံးဆိုပြီး စိတ်တိုတိုနှင့် လွှင့်ပစ်လိုက်တယ်။ မောင်လှမင်းကတော့ သိုက်ထဲကရခဲ့တဲ့ ပတ္တမြားတုံးကနေ ပြောင်းလဲသွားတဲ့ အင်ကြင်းကျောက်တုံးကို သိုက်ထဲကရခဲ့တဲ့ ပစ္စည်းအဖြစ် အမှတ်တရ သိမ်းထားမယ်ဆိုပြီး အိမ်သို့ ပြန်ယူသွားပါတော့သည်။

ထွန်းလူ



www.burmeseclassic.com

www.burmeseclassic.com




www.burmeseclassic.com

www.burmeseclassic.com



www.burmeseclassic.com

www.burmeseclassic.com



# ဘုန်းပွင့်တော်ဗော
# မှန်များသကဲ့
# သုက္ကာဘုမ္မိလမှန်

( ဓေ၁တ် သိမ်းပိုင်း )

### ဓာရ(၂၄)
### မနုဟာမင်းနှင့် ပိဋကတ်သုံးပုံအရေး

မနုဟာမင်းတရားသည် လေသာဆောင်ပြတင်းမှ သိင်္ဂနိက်တောင်ရှိ မြသပိတ်ဆံတော်ရှင်အား လှမ်းမျှော်ငေးကြည့်နေ၏။ မြသပိတ်ဆံတော်ရှင်သည် ကြည်လင်၍ အပြာရောင်လွှမ်းသော ကောင်းကင်ထဲမှာ စံပယ်တည်ရှိနေသကဲ့သို့ ထင်ရ၏။ သိင်္ဂနိက်တောင်ရှိ သစ်ပင်စိမ်းစိမ်းမြမြတို့က မနုဟာ၏ရင်ကို ငြိမ်းချမ်းအောင် မစွမ်းသာချေ။ ရေပုပ်ချောင်းခေါ် ရွှေချောင်းမှ စီးဆင်းရစ်နေသော ရေကြည်ချမ်းမြတို့ကလည်း မနုဟာ၏ စိတ်တော်ကိုလန်းဆန်းအောင် မဆောင်ရွက်နိုင်ပါချေ။

"မောင်တော်မင်းမြတ်ဘုရား၊ ပိဋကတ်တော်ရဲ့အရေးကို ဘယ်လိုဆုံးဖြတ်လိုက်သလဲ ဘုရား"

သီရိကောင်းစော၏ လေသံက တိုးတိုးဖွဖွ။

"မောင်တော်အနေနဲ့က အတော်ဆုံးဖြတ်ရခတ်နေတယ်"

မနုဟာ ပြန်လည်ပြောကြားလိုက်လေ၏။

"ဘယ်လိုအကြောင်းအရာတွေရှိနေလို့ ဆုံးဖြတ်ရခက်နေတာလဲဘုရား"

"ပိဋကတ်တွေ ပေါက်ကုံရာမကို ပေးတဲ့အရေးမှာ စိတ်ဝမ်းမညီဘဲ ဝိဒါဒကွဲပြားနေကြတယ်"

"ဘယ်လိုစိတ်ဝမ်းမညီရတာလဲ မောင်တော်"

သီရိကောင်းစောက သိလိုစိတ်ဖြင့် မေးလေ၏။

"ညီလာခံမှာ ပိဋကတ်တော်များ ပေါက်ကုံရာမကိုပေးဖို့ ဆွေးနွေးတိုင်ပင်တဲ့အခါ အတော်တော်များများက မပေးလို

www.burmeseclassic.com

www.burmeseclassic.com

ကြဘူး။ ပိဋကတ်တော်တွေကို အထွတ်အမြတ်အလေးထားကြတယ်။ သုဝဏ္ဏဘုမ္မိတိုင်းကနေ ပိဋကတ်တော်ကို အရွှေ့မခံနိုင်ကြတဲ့ ဝန်မင်းနဲ့ မှူးမတ်တွေရဲ့ အင်အားက ပိုများနေတယ်နှမတော်။

အချို့ကလည်း . . . အရှေ့ရေး၊ အနောက်ရေးကို တွေးထောက်ဆင်ခြင်ပြီး ပေါက္ကံရာမက တောင်းခံထားတဲ့ ပိဋကတ်တော်ကို ပေးသင့်တယ်လို့ ဆိုကြတယ်။ ပေးသင့်တယ်လို့ပြောကြားတဲ့ အမတ်တွေကိုယ်တိုင်က ပိဋကတ်တော်ကိုပေးရမှာ အသည်းနှလုံးကို ထုတ်ယူပေးလိုက်ရသလို ခံစားနေကြရတယ်''

မနုဟာက သီရိကောင်းစောအား ပြောပြည့်ည့်ညူလိုက်လေ၏။ လတ်တလောမှာ မင်းမိဖုရားနှစ်ပါးတို့သည် ပြန်လည်တိတ်ဆိတ်သွားကြ၏။ အပြင်မှာ လေညင်းတို့ တိုးဝင်လာ၏။

''သံဃာတော် အရှင်မြတ်တို့ကိုရော တိုင်ပင်တော်မူပြီးပြီလား''

''ဘယ်နေပါ့မလဲ နှမတော်ရယ်။ မေးလျှောက်ကြည့်ခဲ့တာ ပါပဲ။ မထေရ်ကြီးတွေကိုယ်တိုင်က ပြတ်ပြတ်သားသား ဆုံးဖြတ်ချက်မပေးဝံ့ကြပါဘူး။ ဓမ္မန္တရာယ်ဖြစ်မှာစိုးလို့ နှုတ်ဆိတ်နေကြတယ်၊ အရှင်ပြာဏဒဿီနဲ့ အချို့ကသာ သာသနာတော် ပုဂံကိုရောက်စေချင်တဲ့ အာသီသရှိတော်မူကြတယ်။

ရဟန်းငယ်တွေကတော့ သူတို့ကိုယ်တိုင် လေ့ကျက်သင်အံ့နေကြရတဲ့ ပိဋကတ်တော်တွေကို သူတို့တွေရဲ့ မိဘတွေလို တွယ်တာနေကြတယ်။ အင်း . . . ခက်ပါတယ်လေ''

''မောင်တော်ရဲ့ ဆန္ဒတော်ကရော''

သီရိကောင်းစော မနုဟာ၏ ဆန္ဒကို တီးခေါက်ကြည့်လိုက်လေ၏။

''မောင်တော်နှင့် နှမတော်တို့က ဆရာတော်အရှင်မြတ် ဓမ္မဒဿီပုဂံကို မကြွမြန်းခင်က ဩဝါဒဆုံးမစကားတွေကို ကြားနာခဲ့ရသူတွေ မဟုတ်လား။ သာသနာကို ကြည်ညိုလွန်းပြီး ကိုယ်တစ်ပါးတည်း အပိုင်စီးကိုးကွယ်နေတာထက်စာရင် ကိုယ့်လိုပဲ အခြားသာသနာမထွန်းကားသေးတဲ့ ဒေသဆီကသူတွေပါ သာသနာရဲ့အဆီအနှစ်ကို သုံးစွဲစေချင်တာပါပဲ။

ပုဂံမှာ သုဝဏ္ဏဘုမ္မိလို စေတီပုထိုးကျောင်းကန်တွေနဲ့ ရွှေရောင်ဝင်းလျှံပြီး သက်န်းတော်ဝါဝါနှင့် ရဟန်းသံဃာတော်များ သီတင်းသုံးကြမယ်ဆိုရင် အရှင်ပြာဏဒဿီ ဆုံးမတော်မူခဲ့သလို ဝမ်းမြောက်ကြည်နူးစရာပေါ့ နှမတော်''

မနုဟာက ရင်တွင်းစကားကို သီရိကောင်းစောအား ပြောကြားလိုက်လေ၏။

''နှမတော်လည်း မောင်တော်လိုပဲ ဆန္ဒတော်ဖြစ်မိပါတယ်''

သီရိကောင်းစောကလည်း သူမ၏ ရင်တွင်းစကားကို ပြောကြားလိုက်လေ၏။

''ဆရာတော် ဓမ္မဒဿီဆီကလည်း မောင်တော်ဆီကို လူကြုံစကားနဲ့ အမှာတော်ပါးလိုက်သေးတယ်''

''ဘာတွေ အမှာပါးတော်မူလိုက်သလဲ''

''ပေါက္ကံရာမ အရှင်အနော်ရထာဟာ အရည်းဝါဒကို နန်းမတက်ခင်းကတည်းက စက်ဆုပ်ရွံရှာခဲ့တယ်တဲ့။ ဒါကြောင့်မို့ မှန်တဲ့အယူကိုရဖို့ တောင့်တခဲ့တယ်။ အခု သူတောင့်တတဲ့အတိုင်း မှန်တဲ့အယူဝါဒကိုရသွားပြီ။ အရည်းဝါဒအစား သူရဲ့ပြည်သူတွေကို မှန်တဲ့ ဗုဒ္ဓအယူနဲ့ ဖလှယ်ပေးဖို့ စိတ်အားတော်သန်နေတယ်။ အရှင်ဓမ္မဒဿီအပြင် သုဝဏ္ဏဘုမ္မိက ရဟန်းအချို့ကိုပါ ကြွတော်မူလာစေချင်တယ်။ ပုဂံပြည်သူတွေကို ပိဋကတ်သုံးပုံ သင်ကြားပို့ချစေချင်တဲ့ ဆန္ဒတွေ ထက်သန်နေတဲ့ ရှေးပါရမီရှင် မင်းတစ်ပါးဖြစ်တယ်တဲ့။

ပိဋကတ်သုံးပုံ အစုံ ၃၀ ထဲက အချို့ကို ခွဲဝေပေးလိုက်ဖို့ မေတ္တာရပ်ခံလာတာကိုလည်း မောင်တော်မပယ်ရှားချင်ဘူး။ ဒါပေမယ့် . . .''

မနုဟာက စကားများကို ပြောဆိုရင်း ဒါပေမယ့်မှာ ခေတ္တရပ်လိုက်လေ၏။

''ဒါပေမယ့် ဘာဖြစ်သလဲမောင်တော်''

''ဒါပေမယ့် ဒီပေးလိုက်တဲ့ ပိဋကတ်သုံးပုံဟာ အရည်းတွေရဲ့လက်ထဲရောက်သွားပြီး ပျက်စီးသွားနိုင်တယ်လို့ ယူဆနေကြတယ်။ အရည်းတွေဟာ ဘုရားရှင်လက်ထက်တော်က တိတ္ထိတက္ကတွန်းတွေလိုပဲ ဆိုးသွမ်းယုတ်မာကြတယ်တဲ့၊ မောင်ဖတော့်အနေနဲ့က သူတို့ကို ပေါက္ကံရာမရဲ့ အနေအထားအရပ်ရပ်ကို ရှင်းပြပြီး သူတို့ရဲ့စိတ်တွေ ပြောင်းလဲလာအောင် ဆောင်ရွက်ချင်တယ်။အဲ့ဒီလို အလုံးစုံသိရှိဖို့ဆိုတာက လေ့လာဖို့အချိန်က သိပ်နည်းပါးသွားပြီ။

မင်းတစ်ပါးဟာ ပြည်သူကို ကိုယ်စားပြုရမယ့် တာဝန်ရှိတယ်။

ဒီပိဋကတ်တော်တွေကိုသာ ပေးလိုက်ရင်တော့ စိတ်ဝမ်းမညီမှုနဲ့ စိတ်ညှိုးနွမ်းမှုတွေ ဖြစ်ကြတော့မှာမို့ . . .''

မနုဟာက စကားကို ဆုံးအောင်မပြောဘဲ ရပ်လိုက်ပြန်၏။ သီရိကောင်းစောကလည်း ထက်မြတ်သူပီပီ အတွေးပေါက်နေပြီ ဖြစ်လေ၏။ မနုဟာအရှင်ဘာကိုဆုံးဖြတ်ချက်ချလိုက်ပြီ ဆိုခြင်းကို သိနေ၏။ ထို့ကြောင့် ထပ်၍မမေးတော့ဘဲ မနုဟာကို စိတ်ရှင်လန်းမှုရှိစေရန်အတွက် ကြိုးစားရန်သာ စိတ်ကူးလိုက်လေတော့၏။

× × × × ×



www.burmeseclassic.com

www.burmeseclassic.com

## စာစု(၂၅)
## ပုဂံနှင့် သုဝဏ္ဏဘုမ္မိ

တစ်ဖက်နှင့်တစ်ဖက် စစ်ရေးမြှူနေသံများ၊ စစ်ပြင်နေသံများက အရပ်ဝန်းကျင်မှာ ပျံ့နှံ့၍နေ၏။ တစ်ဖက်နှင့်တစ်ဖက် စစ်သတင်းများကိုသာ နားထောင်နေကြ၏။

ဆင်အော်သံ၊ မြင်းအော်သံများက ဆူညံနေ၏။

သုဝဏ္ဏဘုမ္မိ၏ ဆင်တပ်၊ မြင်းတပ်၊ ခံတပ်မြို့များမှာ အလုံးအရင်း အင်အားကြီးလှ၏။ ဆင်၊ မြင်း၊ ခြေသည်အင်အားများလှ၏။ ကျွန်ုပ်တို့သည် ခက်ခဲစွာ အားကြိုး၍တိုက်သော်လည်း ဖွဲ့မာန်ကြီးသော သုဝဏ္ဏဘုမ္မိသားတို့က ကြံ့ကြံ့ခံနေကြ၏။ နောက်မဆုတ်တမ်း တိုက်ပွဲဝင်ကြလေ၏။

ကျွန်ုပ်တို့ တပ်မှူးကြီးလေးဦးကလည်း ထောင့်စေအောင် ဆော်ဖန်ကြီးကြပ်တိုက်ခိုက်ကြရာ ရက်မှလသို့ ချဉ်းလာ၏။ သုံးလတာမျှ အပြင်းအထန်လုပ်ကြံမှ သုဝဏ္ဏဘုမ္မိ၏ ဆင်တပ်၊ မြင်းတပ် ခံတပ်မြို့ကြီး ပြိုကွဲသွားလေ၏။

[ဆင်တပ်၊ မြင်းတပ် ခံတပ်မြို့မှာ ဘီးလင်းမြို့နယ်၊ ဖုတ်သုတ်ရွာမှာ ရှိသည်။ ကြီးမားသောဂဝံအုတ်တုံးများဖြင့် တံတိုင်းကာထားသည်။ ယင်းဂဝံအုတ်တုံးများတွင် ထုထွင်းတားသော ဆင်,မြင်းစစ်သည် အရုပ်များရှိသည်။ ရှေးဟောင်းသုတေသနဦးစီးဌာနက မပျက်စီးအောင် ဝင်းခတ်၍ ထိန်းသိမ်းထားရှိသည်ကို ယခုတိုင် မြင်တွေ့နိုင်သည်။]

စစ်ဦးအကြိုဖြစ်သော ခံတပ်မြို့ကို သိမ်းပိုက်နိုင်ပြီဆိုသောအခါ သုဝဏ္ဏဘုမ္မိသို့ ဆက်လက်၍ တပ်တော်များချီတက်ကြသည်။ သုဝဏ္ဏဘုမ္မိသည် မြို့ရိုးသုံးတန်၊ ကျုံးသုံးတန်ဖြင့် အခိုင်အလုံနေသည်။ လူသူ,လက်နက်,ရိက္ခာ အလုံအလောက်သွင်းထားပြီး မြို့တံခါးကိုအလုံပိတ်၍ ရပ်ခံသည်။

ကျွန်ုပ်တို့၏တပ်တော်များ သုဝဏ္ဏဘုမ္မိကို အလုံးအရင်းနှင့် အထပ်ထပ်ဝန်းရံလုပ်ကြံသော်လည်း မရပေ။

ကျွန်ုပ်တို့ ဘဝရှင်မင်းတရားကလည်း ပိဋကတ်တော်များမရမချင်း ပုဂံသို့ ပြန်ရန် စိတ်ကူးတော်မမူပေ။ ဤပိဋကတ်တော်များရရှိမှသာလျှင် ပုဂံ၌ မှန်သောအယူဖြစ်သည့် ဗုဒ္ဓသာသနာကို အခိုင်အခံ့တည်တော်မူနိုင်မည်ဟု ဆန္ဒဇောများ စောလျက်ရှိလေသည်။

အချိန်က တစ်နှစ်နီးပါးမျှ ကြာလာခဲ့သည်။ သုဝဏ္ဏဘုမ္မိမြို့တွင်းသားတို့မှာလည်း လယ်ယာလုပ်ကိုင်ခွင့် မရကြသောကြောင့် မျိုးရေရိက္ခာများ ရှားပါးစပြုလာလေ၏။

တစ်နေ့တွင် ကျွန်ုပ်ထံသို့ သတင်းတစ်ခု ရောက်ရှိလာလေ၏။ ကျွန်ုပ်၏ အထောက်တော်များကို ကျွန်ုပ်စုံစမ်းခိုင်း၍ သိရသော သတင်းပင်ဖြစ်လေ၏။ ထိုသတင်းကို ရရှိလိုက်သော ကျွန်ုပ်အဖို့ မကြာခင် သုဝဏ္ဏဘုမ္မိအတွင်းသို့ ကျွန်ုပ်တို့ ဝင်ရောက်နိုင်တော့မည်ကို သိရှိရလေ၏။

ရရှိသောသတင်းအရ ကျွန်ုပ်သည် ဖြစ်နိုင်၊ မဖြစ်နိုင် လေ့လာကြည့်ရှု အကဲခတ်သောအခါ ဖြစ်နိုင်သည်ကို တွေ့ရှိရလေ၏။ သုဝဏ္ဏဘုမ္မိ၏ အထူးလျှို့ဝှက်ချက်နေရာတစ်ခု ဖြစ်လေသည်။, ထိုအထူး လျှို့ဝှက်ချက်ကို ကျွန်ုပ်တို့၏ အထောက်တော်တစ်ဦးက ရရှိလာခြင်းဖြစ်လေ၏။ ကျွန်ုပ်တို့သည် စစ်ကိုရပ်နား၍ ညအချိန်ကို စောင့်ကြလေ၏။

ညအချိန်သို့ ရောက်လာသောအခါ ထိုလျှို့ဝှက်ပေါက်မှ ကျွန်ုပ်တို့ ဝင်ကြလေ၏။ ကျွန်ုပ်တို့လူများ လျင်မြန်ဖျတ်လတ်စွာ လှုပ်ရှားလိုက်ကြရလေ၏။ မကြာမီ သုဝဏ္ဏဘုမ္မိ၏ မြို့ရိုးလေးရပ်တံခါးသည် တားဆီးမနိုင်ဘဲ ပွင့်သွားလေ၏။ ထိုပွင့်သွားသော တံခါးပေါက်များမှ ကျွန်ုပ်၏ ပုဂံစစ်သည်တော်များသည် ဒလဟောဝင်လာကြလေ၏။ အရုဏ်မကျင်းမီမှာပင် သုဝဏ္ဏဘုမ္မိအား သိမ်းပိုက်ထိန်းသိမ်းမိသွားလေတော့၏။

ညဘက်တွင် အပျို့,လုပျို
စကားထာဝှက်ကြသော
အလေ့အထရှိလေ၏။
ရှုံးသူက ပန်းပေးလေ၏။
ထိုသို့ စကားထာဝှက်ရင်း
တစ်ယောက်နှင့်တစ်ယောက်
အကဲခတ်ကြည့်ရှုကြလေ၏။
စကားထာထဲမှာ
တစ်ဦးနှင့်တစ်ဦး
ချစ်ကြိုက်နေကြကြောင်း
ဆောင်းပါးရိပ်ခြည်
ပြောတတ်ကြလေ၏။

အနော်ရထာမင်းစောသည် သုဝဏ္ဏဘုမ္မိ မင်းမြတ်မနုဟာထံသို့ လေးစားစွာ သွားရောက်ခစားရာတွင် ကျွန်ုပ်တို့ စစ်သူကြီးလေးဦးလည်း ပါလေ၏။

''နောင်တော် သာသနာပြုမင်းမြတ် ...သုဝဏ္ဏဘုမ္မိမှာ နောင်တော် သာသနာပြုခဲ့ပြီးပြီ။ အခုတစ်ဖန် ပုဂံကို ကြွရောက်ပြီး ညီတော်နှင့်အတူ ပုဂံမှာ သာသနာထွန်းလင်းအောင် ဆောင်ရွက်ပေးပါ။ ပုဂံမှာ သာသနာ့ဒါယကာအဖြစ် ခံယူပါ။ ပုဂံပြည်သူတွေကို ကရုဏာ



www.burmeseclassic.com

www.burmeseclassic.com

သက်သောအားဖြင့် ပုဂံပြည်သူတို့ကို မှန်တဲ့အမြင်၊ မှန်တဲ့အယူ ရရှိအောင် ဆောင်ရွက်ပေးပါရန် ညီတော်ဖိတ်ခေါ်ပါတယ်''

အနော်ရထာမင်းစောက မနုဟာကို အကြည်အသာ ပြောကြားလိုက်လေ၏။

''ပုဂံပြည့်ရှင်ညီတော်ရဲ့ ဘုန်းကံပါရမီ ကြီးမားလှပေတယ်။ ညီတော်က ပုဂံကိုဖိတ်ခေါ်တော့လည်း နောင်တော်က မနေသာပေဘူး။ ပုဂံကိုလိုက်ရပေတော့ပေါ့ကွယ်''

**မင်းနှစ်ပါးတို့၏ လေသံက မာန်မာနကင်းနေကြလေ၏။**

× × × × ×

## စာစု(၂၆)
## ပုဂံနဲ့ သုဝဏ္ဏဘုမ္မိသားတို့ ရင်းနှီးကျွမ်းဝင် ကမ္ဘည်းတင်စေ

အနော်ရထာမင်းစောသည် ပိဋကတ်တော်များကို သုံးဆယ့်နှစ်စီးသော ဆင်ဖြူတော်တို့ဖြင့် ပင့်ဆောင်တော်မူ၏။ ပိဋကတ်သုံးပုံတတ်ကျွမ်းသော သံဃာတော်မထေရ်မြတ်တို့ကိုလည်း ရိုကျိုးစွာဖြင့် ပုဂံတွင် သာသနာဖြန့်ဖြူးပေးနိုင်ရန် ပင့်လျှောက်တော်မူလေ၏။ အခြားသော အတတ်ပညာရှင်အသီးသီးတို့ကိုလည်း ၎င်းတို့၏ အိမ်ထောင်မိသားစုနှင့်တကွ ပုဂံသို့ ခေါ်ဆောင်တော်မူလေ၏။

ကျွန်ုပ်သည် ကျွန်ုပ်၏စစ်သည်အမှုလုပ်များအား သုဝဏ္ဏဘုမ္မိမှ လိုက်ပါလာသော ရှင်လူရဟန်းများ၏ စိတ်မညှိုးနွမ်းရလေအောင် လိုအပ်သမျှ ဖြည့်ဆည်းဆောင်ရွက်ပေးရန် အမိန့်ပေးထားလေ၏။

လမ်းတစ်လျှောက်တွင် ကျွန်ုပ်တို့ ပုဂံသားများနှင့် သုဝဏ္ဏဘုမ္မိသားတို့ ရင်းနှီးကျွမ်းဝင်မှုရရှိကြကာ တစ်ဦးနှင့်တစ်ဦး ဖက်လဲတကင်း အရောတဝင် ရှိကြလေ၏။ ပုဂံသို့ဝင်လာသောအခါ ပုဂံပြည်သူအပေါင်းတို့ လှိုက်လှဲစွာကြိုဆိုကြလေ၏။ ပိဋကတ်တော်များကို ပန်းပေါက်ပေါက်ကြဲကာ ပူဇော်ကြလေ၏။

သုဝဏ္ဏဘုမ္မိရဟန်းတော်များကို လှူဖွယ်ဝတ္ထုများ ကပ်လှူကြလေ၏။ လိုက်ပါလာကြသော သုဝဏ္ဏဘုမ္မိသားများကို ရေကြည်များ၊ မုန့်ပဲသရေစာများ ကျွေးမွေးကြဖြင့် သုဝဏ္ဏဘုမ္မိသားများ စိတ်ရွှင်လန်းနေကြလေ၏။

အနော်ရထာမင်းစောသည် မြင်းကပါအရပ်ကို အထွတ်အမြတ်ထားရှိလေ၏။ ထိုမြင်းကပါသည် သူ့အား ပေါက္ကံရာမပြည့်ရှင်မင်းတရားအဖြစ် ပို့ဆောင်ခဲ့သော နေရာဖြစ်လေ၏။ ထို့ကြောင့် သူအထွတ်အမြတ်ထားရှိရာ မြင်းကပါ၌ သုဝဏ္ဏဘုမ္မိ အရှင်မနုဟာမင်းမြတ်ကို နန်းဆောက်၍ အခြွေရံများနှင့်တကွ ထားရှိခံစားစေ၏။

သုဝဏ္ဏဘုမ္မိရဟန်းတော်များကို ပုဂံပြည်အဝန်း သာသနာတစ်ပြိုင်နက်ပြုနိုင်ကြစေရန် အနော်ရထာမင်းစောသည် အရှင်အရဟံမထေရ်မြတ်နှင့် မနုဟာမင်းမြတ်တို့၏ အကြံဉာဏ်ကိုရယူကာ တူရွင်းတောင်မှာ သံဃာတော်အပါးတစ်ထောင်ကို သိမ်တင်းသုံးစေပြီး စံကျောင်းတော်များလှူဒါန်းကာ ပစ္စည်းလေးပါးကို ပြည့်စုံလုံလောက်အောင် အမြဲမပြတ်ဖြည့်တင်းလှူဒါန်းတော်မူလေ၏။

မင်းဘူး၊ မြင်းကပါ၊ ပုပ္ပား အစရှိသည်တို့၌လည်း ကျောင်းဆောက်သိမ်တင်းသုံးစေကာ သုဝဏ္ဏဘုမ္မိမှ သာသနာပြုတပ်မကြီးဖြစ်သော သံဃာတော်အရှင်မြတ်များသည် အရည်းတို့၏ ဝါဒဆိုးကို အမြစ်မှ တူးလှန်ပစ်ကာ ပုဂံပြည်သူတို့ကို တရားရေအေးများ တိုက်ကျွေးကော်မူလေ၏။

ပုဂံပြည်သူတို့သည် သုဝဏ္ဏဘုမ္မိမှ လိုက်ပါလာသော လူသူပညာရှင်မိသားစုများနေထိုင်ရန် နေအိမ်များကို ဆောက်လုပ်ပေးကြ၏။ လိုအပ်သော အဝတ်အစား အသုံးအဆောင်များကိုလည်း ပေးကမ်းကြလေ၏။ အသက်မွေးဝမ်းကျောင်းအလုပ်များကို မလုပ်ဆောင်နိုင်ကြသေးမီ စပ်ကြား ရိက္ခာထုပ်များကိုလည်း မပြတ်မလပ် ပေးပို့ကျွေးမွေးကြလေ၏။

အချို့ တရင်းတနှီး အိမ်သို့ဖိတ်ခေါ်ကျွေးမွေးကြလေ၏။ သုဝဏ္ဏဘုမ္မိသားနှင့် ပုဂံသားတို့သည် ထွေးရောယှက်တင် တစ်သားတည်းဖြစ်နေကြလေ၏။

အမြော်အမြင်ကြီးမားသော အနော်ရထာမင်းစောသည် ပုဂံသားတို့အား မွန်စကားနှင့် မွန်စာတို့ကိုလည်း သင်ကြားကြစေ၏။ ပိဋကတ်တော်များကိုလည်း မွန်ဘာသာမှ မြန်မာဘာသာသို့ ကြိုးစားပြန်ဆိုစေလေသည်။

အိုမိသင်သည် မြင်းကပါရွာသူတစ်ဦးဖြစ်လေ၏။ အိုမိသင်မှာ ရက်ကန်းခတ်နေ၏။ ထိုအချိန်မှာ ဗညားစိုက်သည် သောအောင်နှင့် အပေါင်းအဖော်ဖြစ်ကာ အိုမိသင်တို့အိမ်သို့ လာလေ၏။ အိုမိသင်က ဗညားစိုက်နှင့် သောအောင်ကို ရက်ကန်းခတ်နေရာမှ အိမ်ပေါ်သို့ခေါ်တင်၍ ဧည့်ခံလေ၏။ အိုမိသင်က ရေနွေးကြမ်းနှင့် ပုန်းရည်ကြီးသုပ်ကို ချပေးလေ၏။ အိုမိသင်ကို ဗညားစိုက်က စိတ်ဝင်စားနေ၏။

ညဘက်တွင် အပျို၊လူပျို စကားထာဝှက်ကြသော အလေ့အထရှိလေ၏။ ရှုံးသူက ပန်းပေးလေ၏။ ထိုသို့စကားထာဝှက်ရင်း တစ်ယောက်နှင့်တစ်ယောက် အကဲခတ်ကြည့်ရှုကြလေ၏။ စကားထာထဲမှာ တစ်ဦးနှင့်တစ်ဦး ချစ်ကြိုက်နေကြကြောင်း ဆောင်းပါးရိပ်ခြည်ပြောတတ်ကြလေ၏။

ဗညားစိုက်က စကားထာမဝှက်တတ်၍ သောအောင်က သင်ပေးရလေ



www.burmeseclassic.com

www.burmeseclassic.com

ဏ်။ ဗညားစိုက်မှာ သုဝဏ္ဏဘုမ္မိမှပါလာသော ဗိသုကာပညာရှင် နိုင်ဝဏ်သားဖြစ်လေ၏။ ဖခင်၏ ဗိသုကာလုပ်ငန်းတွင် ပါဝင်လုပ်ဆောင်ရင်း ဖခင်၏ ဗိသုကာပညာကို အတော်ကျွမ်းကျင်နေသူလည်း ဖြစ်လေ၏။ ဖခင်နိုင်ဝဏ သားဖြစ်သူ ဗညားစိုက်ကို ပုဂံမှအရည်းတွေနဲ့ ပတ်သက်ပြီး ပြောထားလေ၏။ အရည်းတွေက သုဝဏ္ဏဘုမ္မိမှ ပိဋကတ်တော်များကို ဖျက်ဆီးမည်စိုး၍ သုဝဏ္ဏဘုမ္မိသို့ ပိဋကတ်တော်များမပေးလိုခဲ့ကြောင်း။ ပုဂံကို ရောက်သောအခါ အရည်းကြီးနှင့် တူသူဟူ၍ ဝ စ်ယောက်မှ မတွေ့ရတော့ဘဲ ရှင်အရဟံမထေရ်၏ အဆုံးအမတော်အောက်မှာ ပုဂံသားအားလုံး ယဉ်ကျေးပျူငှာရှိကြသည်ကို တွေ့ရကြောင်း။ ဤသို့များ အရည်းကြီးတွေကို အနော်ရထာမင်းစောကရှင်းလင်းထားပြီးမှန်းသာ သိခဲ့ရပါက ဤသို့ မင်းနှစ်ပါးကြား ပုဂံနှင့် သုဝဏ္ဏဘုမ္မိ အချင်းပွားစရာမရှိကြောင်း ပြောကြားခဲ့လေ၏။

အိုမိသင်နှင့် ဗညားစိုက်တို့ကဲ့သို့ပင် ပုဂံသူနှင့် သုဝဏ္ဏဘုမ္မိသား၊ သုဝဏ္ဏဘုမ္မိသူနှင့် ပုဂံသား အချစ်မေတ္တာဇာတ်လမ်းလေးများလည်း ဆွတ်ပျံ့ကြည်နူးဖွယ်ရာ ဖြစ်ပေါ်နေလေ၏။

အနော်ရထာမင်းစောသည် သာသနာအပေါ် လွန်စွာကြည်ညိုလျက် စစ်ချီရာတိုင်းမှာ စေတီပုထိုးကျောင်းကန်များ တည်စေ၏။ ပြည်သူတို့အတွက် ဆည်မြောင်းတာတမံများ တည်လုပ်နိုင်သောနေရာမှန်သမျှ မနားတမ်း ရွက်ဆောင်တော်မူလေ၏။

အနော်ရထာမင်းစောသည် ပုဂံမှာ ကိုးကွယ်ကြည်ညိုနိုင်ရန်အတွက် သီဟိုဠ်မှ စွယ်တော်ပွားများကို အခက်အခဲများ၊ ကြမ်းတမ်းသောခရီးလမ်းများကို ဖြတ်သန်း၍ ပင့်ဆောင်ခဲ့လေ၏။ သရေခေတ္တရာမှ သင်းကျစ်တော်ကိုလည်း ပင့်ဆောင်တော်မူခဲ့၏။ ဓာတ်တော်မွေတော် သရီရတို့ကိုလည်း ကြိုးပမ်းပင့်ဆောင်ကာ ကြီးစွာသော ပူဇော်သက္ကာရကိုပြု၍ တန့်ကြည်တောင် လောကနန္ဒာအရပ်၊ တူရွင်းတောင်၊ သာလျောင်းတောင်၊ ခရွေတောင်၊ ပြတောင်တို့တွင် စေတီတည်ရာ ပုဂံသူပုဂံသားများ ကြည်ညိုစွာ လုပ်အားပေးကြလေ၏။ သုဝဏ္ဏဘုမ္မိသားတို့သည်လည်း မိမိတတ်ကျွမ်းသော ဗိသုကာပညာအစွမ်းဖြင့် ဘာသာ သာသနာကိစ္စများတွင် ပါဝင်ဆောင်ရွက်ကြလေ၏။

× × × × ×

## စာစု(၂၇)
## မနုဟာ၏ဆန္ဒတော်ကို ဖော်ပြသော လောကဦးသျှောင် မနုဟာဘုရား

ဤယနေ့သည် ပေါက်ကျရာမ ပုဂံပြည်တွင် ထူးခြားသောနေ့ ဖြစ်လေ၏။

ပုဂံအနီး ဝန်းကျင်တစ်ဝိုက်မှ လှည်းကြီး၊ လှည်းငယ် အသွယ်သွယ်တို့သည် ဖုန်တထောင်းထောင်းနှင့် မြင်းကပါသို့ ချီတက်လာကြလေ၏။

ထူးခြားသည်မှာ ပုဂံသားများသည် ဗုဒ္ဓသာသနာတော်ကို အထူးကြည်ညိုကြလျက် အထက်၌ ဗုဒ္ဓဝင်ဇာတ်ကြီးဆယ်ဘွဲ့ကို အခန်းအစဉ်အလိုက် သူ့အလှည့်ကိုယ့်အလှည့် အပြိုင်အဆိုင် သရုပ်ဖော်ဝတ်ဆင်လာကြလေ၏။

မနုဟာသည် မြင်းကပါရှိ သူ၏ စံရာနန်းမှနေ၍ ယင်းတို့ကို တွေ့မြင်နေရ၏။ ချူသံ၊ ခလောက်သံများ တညံညံဖြင့်

"မောင်တော်မနုဟာမင်းမြတ်"

သီရိကောင်းစော၏ ခေါ်သံကြောင့် လှည်းကြီးလှည်းငယ်နှင့် လူသူပရိသတ်တို့ကို ငေးကြည့်နေရာမှ သီရိကောင်းစောဘက်သို့ လှည့်ကြည့်လိုက်လေ၏။

"ဟိုး . . . လှည်းထက်မှာ ကြည့်လိုက်စမ်း မောင်တော်"

သီရိကောင်းစော ညွှန်ရာသို့ မနုဟာက ကြည့်လိုက်သည်။

"မဟော်သဓာလေး မဟုတ်လား"

"အင်း . . . ဟုတ်တယ်လေ၊ အဲ့ဒါကိုပဲ မောင်တော်ကို မြင်တွေ့အောင် ညွှန်ပြတာပါ"

သီရိကောင်းစော၏စိတ်မှာ အထူးရွှင်လန်းနေလေ၏။

"မောင်တော် အားလုံးကိုမြင်တွေ့ပါတယ်။ ဟောဟို လှည်းမှာက ဝိဓူရအမတ်၊ ဟိုဘက်က လှည်းမှာတော့ သုဝဏ္ဏသာမ။ လှည်းတွေက နည်းတာမဟုတ်ဘူး။ နောက်ထပ်လည်း လှည်းတွေ လာနေကြတယ်။ လှည်းတိုင်းမှာ ဘုရားရှင်ရဲ့ အတိတ်ဘဝဇာတ်ကြီးဆယ်ဘွဲ့ရဲ့ ဇာတ်ရုပ်တွေအတိုင်း ဝတ်ဆင်လာကြတယ်။ အရင်ရောက်တဲ့ လှည်းကဆိုရင် သူ့ဇာတ်ကွက်ကိုသူ သရုပ်ဖော်နေပြီ"

မနုဟာက သီရိကောင်းစောကို ပြန်ပြောလိုက်လေ၏။

"သူတို့အားလုံးဟာ မောင်တော်တည်ထားတဲ့ ဘုရားဆီကို လာကြတာနော် . . .။ မေ့ ာ်တည်တဲ့ဘုရားအတော်ကိုတန်ခိုး...ကြီးတာပေပဲ။ မြင်းကပါတစ်ခုလုံးဟာ မောင်တော်ရဲ့ဘုရားကို ဖူးမြော်ဖို့လာတဲ့သူတွေနဲ့ လူပြည့်လယ်လို့တောင် ဆိုရမလားပဲ မောင်တော်။ ဒီတစ်သက်မှာတော့ သီရိကောင်းစောအနေနဲ့ အကြည်နူးရဆုံး မြင်ကွင်းနဲ့ အမှတ်ရစရာပါပဲ"

သီရိကောင်းစော၏ မျက်နှာက ဝင်းလက်နေသည်။ ဤလို ဝင်းနေပုံမျိုးမှာ လဝန်းကြီးသာနေပုံနှင့် တူလေ၏။

"မောင်တော်တို့တည်တဲ့ ဘုရားကြီးကတော့ ပြီးသွားခဲ့ပြီ သီရိ၊ ဒါပေမယ့်



www.burmeseclassic.com

www.burmeseclassic.com

ညီတော် အနော်ရထာတည်နေတဲ့ ရွှေစည်းခုံစေတီကတော့ တော်ရုံနဲ့ ပြီးနိုင်ဦးမယ်မထင်ဘူး။ အဲဒါ ဘာကြောင့်လဲဆိုတာ နှမတော်သိရဲ့လား''

''နှမတော် မသိပါလား မောင်တော်။ မောင်တော်ရှင်းပြမှပဲ သိခွင့်ရပေတော့မယ်''

သီရိကောင်းစောက ပြန်မေးလိုက်သည်။

''ညီတော်အနော်ရထာ၏ သာသနာကို ကြည်ညိုတဲ့စိတ်နဲ့ ပုဂံပြည်သူတွေမှာ ကြည်ညိုကိုးကွယ်နိုင်အောင်ဆိုပြီး ဓာတ်တော်မွေတော်တွေကို အတိုင်းတိုင်းအပြည်ပြည်မှ ဒုက္ခခံပြီးရယူခဲ့တယ်။ အဲဒီရယူခဲ့တာတွေကို ရွှေစည်းခုံစေတီတော်တည်ပြီး ဌာပနာဖို့ ပြုလုပ်တယ်။ ရွှေစည်းခုံစေတီကို မောင်တော်တို့ရဲ့ဘုရားမတည်မီကတည်းက တည်ခဲ့တာကွဲ့။

မောင်တော်က ဒီပုဂံမှာ ဘုရားတစ်ဆူတည်ချင်တယ်ဆိုတာနဲ့ ညီတော်အနော်ရထာက အင်တိုက်အားတိုက်အကူညီပေးခဲ့တာ။ လူအင်အားအတော်များများကို မောင်တော်တို့ဘုရားတည်တဲ့ဆီကို ကူဖို့ပေးခဲ့တော့ ရွှေစည်းခုံစေတီတည်တဲ့နေရာမှာ လူအင်အားနည်းသွားတော့တာပေါ့။ ဒါကြောင့်မို့ ရွှေစည်းခုံစေတီမပြီးတာ။ ညီတော်ရဲ့စေတနာက ကြီးမားပါပေတယ်''

မနုဟာက သူတွေးမိသောအချက်ကို ပြောပြလိုက်လေ၏။

''အင်း ... သီရိတောင် အဲဒါကို မတွေးမိခဲ့ဘူး''

''သီရိ မတွေးမိသေးတာတွေ ရှိသေးတယ်''

''သီရိမတွေးမိတာ ဘာတွေရှိသေးသလဲ မောင်တော်''

''သုဝဏ္ဏဘုမ္မိမင်းအဆက်ဆက်ဟာ ဟောဒီပုဂံမှာ ဘုရားမတည်ဖူးခဲ့ကြဘူး။ မောင်တော်တို့သာ ညီတော်က ပုဂံမှာ သာသနာပြုဖို့ ပုဂံကိုဖိတ်ခေါ်ချက်အရ လိုက်ခဲ့တဲ့အတွက် ဟောဒီပုဂံမှာဖြင့် ကြည်ညိုဖွယ်ရာ ဘုရားတစ်ဆူကို တည်ခွင့်ရလိုက်တာပဲ။ ဒါဟာ သုဝဏ္ဏဘုမ္မိရဲ့ သာသနာ့အောင်လံတော် မောင်တော်တို့ပုဂံမှာ လာစိုက်ထူတာနဲ့ အတူတူပဲ''

မနုဟာက သီရိကောင်းစော၏ မျက်နှာတော်ကို ရွှန်းရွှန်းစားစားကြည့်ရင်း ပြောကြားလိုက်လေ၏။

''အို ... ဟုတ်ပါရဲ့ မောင်တော်ရယ်။ ဒါတွေကို သီရိတွေးမိဖို့ကောင်းတယ်။ အတော်ဝမ်းမြောက်ကြည်နူးစရာကောင်းပါလားမောင်တော်။ ဂုဏ်ယူစရာလည်းကောင်းပေရဲ့''

သီရိကောင်းစောမှာ မနုဟာ ပြောသမျှကို ကြည်နူးစိတ်ဖြင့် နားထောင်နေ၏။

''နောက်ပြီး ရှိသေးတယ်''

''ဘာတွေရှိသေးတာလဲ မောင်တော်။ သီရိမတွေးမိတာတွေ အတော်များသေးတာပဲ''

''မောင်တော်တို့ တည်ထားတဲ့ဘုရားက သာသနာတော်မကွယ်မချင်း ဒီပုဂံမှာ ထာဝရတည်ရှိနေလိမ့်မယ်။ ယိုယွင်းလာရင် ပုဂံသားတွေပြုပြင်ကြလိမ့်မယ်။ ဘုရားဖူးတွေ အမြဲမပြတ်လာကြလိမ့်မယ်။

အဲဒီအခါ ဒီဘုရားကတော့ဖြင့် သုဝဏ္ဏဘုမ္မိမင်း မနုဟာတည်ခဲ့တဲ့ဘုရားပဲလို့သိကြလိမ့်မယ်။ လောကဦးသျှောင်မနုဟာဘုရားရယ်လို့ ဆိုပြီး မောင်တော်တည်ခဲ့တဲ့ဘုရားကို မောင်တော်ရဲ့အမည်နဲ့ တွဲယှဉ်ပြီး ခေါ်ဝေါ်ကြလိမ့်မယ်။ မောင်တော်မရှိတော့ပေမယ့် နှစ်ပရိစ္ဆေဒ ဘယ်လောက်ပဲကြာကြာ သုဝဏ္ဏဘုမ္မိမင်းမနုဟာဆိုတဲ့ အမည်ဟာ ဒီဘုရားကြောင့် အမြဲတမ်း တည်ရှိကျန်ရစ်နေမှာပါ။ နောက်ပိုင်း လောကဦးသျှောင်ပျောက်ပြီး မနု ဘာ ညည်တဲ့ဘုရား။ မနုဟာဘုရားရယ်လို့တောင် ဘွဲ့တော်တပ်ပြီး ခေါ်နေကြပေဦးမယ်''

''ကြည့်စမ်းပါဦး၊ အံ့ဖွယ်ပါပဲ။ မောင်တော်က ပစ္စက္ခကိုလွန်ပြီး အနာဂတ်ကိုပါ လှမ်းမျှော်ပြီး အတွေးတွေရောက်နေပေတာကိုး''

လောကဦးသျှောင် မနုဟာဘုရားကို သီရိဇေယျဘုံကုန်းတော်အား သန့်ရှင်းအောင်သုတ်သင်ပြီး တည်ထားခဲ့သည်။ ကုလားကျောင်းခံပြီး ပစ္စယာများ

ကျွန်ုပ်သည် မွန်အနွယ် ရာဂဏမန်းနှင့်
မြန်မာအနွယ် ရင်သွေးတော် ရွှေအိမ်သည်တို့မှ မွေးဖွားလာမည့်
မွန်-မြန်မာသွေးပါဝင်သော မြေးတော်လေး
ပေါက်ဖွားသန္ဓေစင်လာခဲ့လျှင် ခမည်းတော် အနော်ရထာမင်းနှင့်
ကျွန်ုပ်တို့၏ အသက်သွေးချွေးတို့ဖြင့် တည်ဆောက်ထားသော
မြန်မာနိုင်ငံတော်ကြီးကို ရင်ခွင်ပိုက်အုပ်စိုးဖို့
လွှဲပြောင်းပေးရန် စိတ်ကူးပါ၏။

www.burmeseclassic.com

အပေါ်၌ ဗောဓိပက္ခိယတရား ၃၇ ပါးကို ရည်ညွှန်းကာ စေတီသုံးဆယ့်ခုနစ်ဆူကို တည်ထားကာ ထိုင်တော်မူ ဘုမ္မိဖဿ မုဒြာဆင်းတုတော်ကြီးတစ်ဆူနှင့် အရန်ဆင်းတုလတ် တစ်ဆူစီကို ဘေးတစ်ဖက်တစ်ချက်တွင် တည်ထား၏။ အနောက်ဘက်တွင် လျောင်းတော်မူ ဗုဒ္ဓမြတ်စွာ ပရိနိဗ္ဗာန်စံတော်မူဟန် ရှင်ပင်သာလျောင်း တစ်ဆူ တည်ထားသည်။

ဆင်းတုတော်များမှာ လွန်စွာကြီးမားပြီး ဂန္ဓကုဋိတိုက်လိုဏ်ဂူတော်နှင့် ညဏ်တော်မှာ အချိုးအစားမမျှဘဲ ပြည့်ကျပ်နေလေ၏။

"ဒီဘုရားကို မောင်တော်တည်တော့ ဘယ်ပုံပုံစံမျိုးနဲ့ တည်ရင်ကောင်းမလဲလို့ စဉ်းစားခဲ့တယ်။ အဲဒီအချိန်မှာ မောင်တော်ရဲ့စိတ်ထဲမှာ လိုအင်ဆန္ဒတွေ ဖြစ်ပေါ်နေတယ်။ အဲဒီလိုအင်ဆန္ဒတွေကိုလည်း ပြည့်ဝစေချင်တာမို့ မောင်တော်ရဲ့ စိတ်ဆန္ဒလိုအင်နဲ့အညီ ဒီဘုရားကို အကောင်အထည်ဖော်တည်လိုက်တာပဲ"

မနုဟာမင်းက စကားထပ်ဆက်လေ၏။

"မောင်တော်ရဲ့ လိုအင်ဆန္ဒဆိုတာတွေက ဘာတွေလဲ၊ သီရိသိခွင့်မရှိနိုင်ဘူးလား"

သီရိကောင်းစောက မနုဟာ၏ရင်ထဲမှာ ပြည့်သိပ်နေသော တံခါးတစ်ချက်ကို အသာတွန်းဖွင့်ကြည့်လိုက်၏။

"စေတီ သုံးဆယ့်ခုနစ်ဆူကတော့ မြတ်စွာဘုရားရှင်ရဲ့ ဓမ္မဒေသနာတော်ကို ဦးခိုက်တာပဲ။ ဒီလို ဦးခိုက်ပြီးတော့ ဂန္ဓကုဋိတိုက်တော်အပြည့် ရုပ်ပွားတော်မြတ်ကြီးကို တည်လုပ်ရတဲ့ ရည်ရွယ်ချက်ဟာ ဂန္ဓကုဋိတိုက်တော်ကို လောကကြီးလို့ ပမာထားတည်ထားတာပါ။ လောကကြီးမှာ မြတ်စွာဘုရားရှင်လောက်ကြီးမြတ်တဲ့သူဆိုတာ မရှိဘူး။ မြတ်စွာဘုရားရှင်ဟာ လောကရဲ့ဦးသျှောင်တော်ပါပဲ။

အဲဒီလို မြတ်စွာဘုရားရှင်ဟာ လောကရဲ့ဦးသျှောင်တော်၊ အမြင့်မြတ်ဆုံး အသာဆုံးဖြစ်တယ်ဆိုတာကို ရည်ရွယ်ပြီး လောကနဲ့အလားတူတဲ့ ဂန္ဓကုဋိတိုက်တော်အပြည့် ကြီးမားတဲ့ ရုပ်ပွားတော်ကြီးကို တည်လုပ်ပူဇော်လိုက်ပါတာပါ။

ပြီးတော့ . . . ပြောရဦးမယ်ဆိုရင် မောင်တော်ရဲ့ဘုန်းကံပါရမီတော်များဟာ လာမယ့် ဘဝသံသရာမှာ ကြီးမားတဲ့ ရုပ်ပွားတော်ကြီးကို တည်ထားလိုက်တာပဲ။ ဒါတင်မက ဂန္ဓကုဋိတိုက်အပေါ်မှာ စေတီတွေ တည်ထားလိုက်တာ မောင်တော်ဟာ သာသနာကို အထောက်အပံ့ပြုတဲ့ မင်းတစ်ပါးဖြစ်ချင်လို့ဆိုတာတွေဟာ မောင်တော်ရဲ့ဆန္ဒပဲ"

"မောင်တော်ရဲ့စိတ်ကူးနဲ့ ဆန္ဒတော်တွေက ကောင်းမွန်မြင့်မြတ်လှပေတယ်။ ဒါကြောင့်မို့ လောကဦးသျှောင် မနုဟာဘုရားရယ်လို့ ဘွဲ့တော်အမည်သမုတ်တော်မူပေတာကိုး"

လောကဦးသျှောင် မနုဟာဘုရားသို့လာကြသော လှည်းယဉ်များသည် သူတို့အစုနှင့်သူတို့ ဝိုင်းဖွဲ့နေကြသည်။ သူတို့မှာပါလာသော အသီးအနှံများဖြင့် ချက်ပြုတ်ကာ လာသမျှအရပ်မျက်နှာစုံမှလူများကို ကျွေးမွေးနေကြသည်။

အဖွဲ့လိုက် အလှူဒါနပြုနေသူများကို တွေ့မြင်ရသည်မှာ ကြည်နူးဝမ်းသာစရာကောင်းသည်။

ပုဂံသားများနှင့် သုဝဏ္ဏဘုမ္မိသားတို့မှာ ဘုရားပွဲခင်းထဲ၌ အရောရော အထွေးထွေး သွားလာနေကြသည်ကို မြင်ရ၏။

× × × × ×

## စာစု(၂၈)
## မွန်-မြန်မာသွေး မွေးပျံ့သင်းကြူ
## အလောင်းစည်သူ

"မောင်တော်"

ကျွန်ုပ်သည် အတွေးများလွန်နေရာမှ အပါယ်ရတနာခေါ်လိုက်သောကြောင့် သတိပြန်ဝင်လာ၏။

"သားတော်နဲ့ သမီးတော်တို့ . . . ပူဇော်ကန်တော့ဖို့လာကြပြီ"

ကျွန်ုပ်ကြည့်လိုက်သောအခါ ကျွန်ုပ်၏ သားတော်၊ သမီးတော်များက ကျွန်ုပ်အားကန်တော့နေကြသည်ကို တွေ့ရှိလိုက်ရ၏။

ကျွန်ုပ်သည်ပင် ဤမျှ ဝမ်းသာကြည်နူးနေလျှင် သူတို့၏ အဘိုးများဖြစ်ကြသော အနော်ရထာမင်းစောနှင့် မနုဟာမင်းမြတ်တို့များ တွေ့မြင်လိုက်ရလျှင် ရှိနေကြသေးလျှင် မည်မျှကြည်နူးကြပါမည်နည်း။

ကျွန်ုပ်သည် မွန်အနွယ် ရာဂသမန်းနှင့် မြန်မာအနွယ် ရင်သွေးတော်ရွှေအိမ်သည်တို့မှ မွေးဖွားလာမည့် မွန်-မြန်မာသွေးပါဝင်သော မြေးတော်လေး ပေါက်ဖွားသန္ဓေစင်လာခဲ့လျှင် ခမည်းတော် အနော်ရထာမင်းနှင့် ကျွန်ုပ်တို့၏ အသက်သွေးချွေးတို့ဖြင့် တည်ဆောက်ထားသော မြန်မာနိုင်ငံတော်ကြီးကို ရင်ခွင်ပိုက်အုပ်စိုးဖို့ လွှဲပြောင်းပေးရန် စိတ်ကူးမိ၏။

ကျွန်ုပ်သည် ဘယ်မှာမှန်းမသိသေးသော မြေးတော်လေးကိုပေးမည့် အမည်နာမကိုပင် ကြိုတင်စဉ်းစားထားပြီး ဖြစ်သည်။

ထိုအမည်နာမကား . . .

'အလောင်းစည်သူ'ဟူ၍ ဖြစ်သတည်း။

*ကြိုးစားပါဦးမည်။*

**ဘုန်းမွှင့်တေဇာ**




www.burmeseclassic.com

www.burmeseclassic.com

# ရေလည်းမြင့် ကြာလည်းတင့်စေ

အောင်အုံကြီးမောင် (ဂန္ဓာရီ)



ရေလည်းမြင့် ကြာလည်းတင့် ဓာတ်ပန်းချီ

ဤပုံကို မိမိတို့၏ ဘုရားကျောင်းဆောင်၌ တနင်္ဂနွေနေ့ နံနက် ၉း၃၀ နာရီ ... တွင် ချိတ်ထားပူဇော်၍ မိမိအိမ်မှ ဗုဒ္ဓရုပ်ပွားတော်အား ဖလားတစ်လုံးနှင့် ကြည်လင်သန့်ရှင်းသော ရေတစ်ဖလား နေ့စဉ် ကပ်လှူပေးပါ။

မကြာသေးသော ကာလတစ်ခုဆီက ကျွန်တော့်မိတ်ဆွေရင်း "ပိုင်"လက်ဖက်ရည်ဆိုင်က ကိုပိုင်သူတို့ဆုံတွဲ ရောက်လာကြပြီး...

"ဆရာအုံရေ..ခုရက်ပိုင်းမှာ ဆိုင်က အရောင်းအဝယ် ပုံမှန်ဖြစ်နေပေမယ့် အရင်းနဲ့အမြတ် ဘယ်လိုမှ တွက်လို့ ခွဲလို့မရဘူး ဖြစ်နေတယ် ဆရာရေ။ ဒီကြားထဲ ဆိုင်ကလည်း ဟိုဟာပြင်၊ ဒီဟာထည့်နဲ့ ပိုက်ဆံက အမြဲလိုနေတယ်။ အရေးကြီးဆုံးက ရေလထဲမှာ ကျွန်တော့်အစ်ကို ဘုန်းကြီးကျောင်းမှာ ပင်မပဒေသာပင်သီးဖို့နဲ့ ကထိန်မှာ အချို့ပွဲတာဝန်ယူထားတာတွေအတွက် ရင်ပူနေရလို့ ဆရာအုံဆီ ပြေးလာခဲ့ရတာ"

"ဟုတ်တယ် အစ်ကိုပိုင်ရေ၊ အစ်ကိုတို့လိုပဲ ငွေမလည်တဲ့ စီးပွားရေးသမားလုပ်ငန်းရှင်တွေ ကျွန်တော့်ဆီကို



www.burmeseclassic.com

www.burmeseclassic.com

ရောက်ရောက်လာကြလို့ ကျွန်တော်တောင် အံ့ဩနေတာ။ သူတို့တွေတောင် မပြေလည်ရင် ငါတို့တော့ ဒုက္ခပဲလို့တွေးနေတာ"

ကျွန်တော့်စကားဆုံးတော့ ကိုပိုင်သူ့မဟေသီ အစ်မ မဝင်းသိန်းက…

"ငို့မောင်ကလည်း ငါတို့ကို အထင်ကြီးနေပြန်ပြီ။ လုပ်ငန်းရှင်မဖြစ်သေးပါဘူးဟယ်။ ခုမှ ပြေးရ လွှားရ ဘဝက ကျွတ်တာပါ။ ဒါတောင် နင့်အစ်ကိုက ငါ့ကို အသုံးအစွဲလက်ကြီးတယ်၊ စည်းကမ်းမရှိဘူး တဖျစ်ဖျစ်ပြောနေတာ၊ နားကိုပူနေတာပဲ"

"အေးလေ…နင်က မီးဖိုထဲမှာပဲ အချိန်ကုန်နေတာ။ အလုပ်သမားစရိတ်၊ မီတာခ၊ ဆိုင်လခတွေ စုလာရင် ခေါင်းကြီးရတာက အစ်ကိုပဲ ဆရာအံ့ရ။ အဲဒီတော့ ရှာရဖွေရ၊ လုပ်ရတာ ကြာတော့ စိတ်ပျက်လာပြီ။ ကြံ့တုန်းလေး နည်းလမ်းကောင်းလေး ငါတို့ကို မဇပါဦး"

လို့ ပြောလာပါတယ်။

"ဒီလိုလုပ်ပါ အစ်ကိုရာ။ အစ်မ မဝင်းသိန်းက ပုတီးစိပ်၊ ဘုရားရှိခိုးလုပ်နိုင်တဲ့သူ၊ မီးဖိုချောင်ကိစ္စလုပ်နိုင်တဲ့သူဆိုတော့ နေ့စဉ် ဆိုင်မဖွင့်ခင်မှာ ဆိုင်အရောင်းအဝယ် ပိုတိုးတက်ပြီး ဆိုင်ရောင်းကောင်းလာအောင် နေ့စဉ် အရက်ဆွမ်းနှစ်ပွဲကို နွားနို့နဲ့ဆွမ်း (နို့ထမင်းပဲ ခေါ်ခေါ် နို့ဆွမ်းလို့ပဲခေါ်ခေါ်) ထည့်ပြီး ကပ်ပါ။ ဆိုင်ရှေ့ကို ကြွလာတဲ့ သံဃာတန်းဆွမ်းနဲ့ ထိုင်ဆွမ်းကို ကျကျနန တစ်ပါးစာဆွမ်းနဲ့ ဆွမ်းဟင်း ကိုယ်တိုင်သန့်သန့်ရှင်းရှင်း ပြင်ဆင်လှူဒါန်းပါ။ ညဆိုင်ပိတ်ပြီးရင် ကျွန်တော်ရေးပေးလိုက်တဲ့ သဗ္ဗယျမင်္ဂလာဂါထာကို ၃၇ အုပ် မအိပ်မီ ငါးပါးသီလခံ၊ မေတ္တာပို့ ပရိတ်၊ပဋ္ဌာန်း၊ မမွှစကြာ သုတ်တော်တွေကို မပျက်မကွက် ရွတ်ပွားပူဇော်ပြီးတိုင်း အမျှအတန်းပေးဝေပြီး အိပ်ပါ။ အဲဒီအတိုင်း ရက် ၃၀ (တစ်လ)လောက် လုပ်ပြီးတာနဲ့ အစ်မ နားလည်းပူတော့မှာမဟုတ်ဘူး၊ ကထိန်ပဒေသာပင်အတွက်လည်း အဆင်ပြေသွားမှာပါ။ ကျွန်တော်ပြောတဲ့အတိုင်းသာ စိတ်ပါလက်ပါ သဒ္ဓါ/စေတနာနဲ့ လုပ်ပါ"

လို့ အကြံပေးလိုက်ပါတယ်။ စကားရပ်ပြီး ကျွန်တော့်လက်က အလုပ်စားပွဲ အံဆွဲထဲက ကြာပန်းပွင့်နေတဲ့ ပုံလေးကို ယူပြီး အစ်ကိုပိုင်သူကို…

"အစ်ကိုကတော့ အခု ကျွန်တော်ပေးလိုက်တဲ့ ရေနံ့ကြာပန်း ခွာတ်ပန်းချီပုံကို ငွေနံ့သင့်တဲ့ ကြာသပတေးနေ့ နံနက် ၉း၄၅ တိတိမှာ အိမ်ဘုရားကျောင်းဆောင်မှာ ချိတ်ပါ။ ပြီးတော့ နေ့စဉ် မျက်နှာသစ်၊ အိပ်ရာထတဲ့ အဝတ်တွေကို လဲလှယ်ပြီး ဘုရားရှင်ကို မျက်နှာသစ်တော်ရေ တစ်ဖလား လက်နှစ်ဖက်နဲ့ ဆက်ကပ်လှူဒါန်းပြီး အများသိတဲ့ "နမောတဿ ဘဝဂတော၊ အရဟတော၊ သမ္မာသမ္ဗုဒ္ဓဿ"ဂါထာ ကိုးခေါက်နဲ့ ပူဇော်ပါ။ ပိုငွေ၊ ထွက်ငွေတွေ မထင်မှတ်ဘဲ များနေတာ ရပ်သွားရအောင် ဘုရားတစ်ဆူဆူမှာ မြသပိတ်တစ်လုံးထဲကို နာနတ်သီးစိတ် ခုနစ်စိတ်ထည့်ပြီး အစ်ကို့မွေးနေ့ တနင်္ဂနွေနေ့ ၁၀း၃၀ နာရီ နံနက်ပိုင်း တစ်လတစ်ခါ-နှစ်ခါလောက် လှူဖြစ်အောင် လှူပေးပါ"

ကျွန်တော့်စကားဆုံးတော့ ကိုပိုင်သူက…

"အဲဒီ မြသပိတ်ကိုရော လှူခဲ့ရမှာလား"

"အစ်ကိုတတ်နိုင်ရင်တော့ ဘုရားမှာ လိုရာသုံးဖို့ လှူခဲ့ပေါ့။ နောက်တစ်ခါလှူတော့ နောက်တစ်လုံးထပ်ဝယ်လှူတော့ ကုသိုလ်ပိုရတာပေါ့။ အောင်ပန်းရတနာဦး နိဗ္ဗာန်ကုန်ဆိုင်မှာ ဈေးသက်သာတယ်။ တစ်လုံးမှ ၃၀၀ဝိ/-လောက်ပဲ ရှိပါတယ်"

အစ်မ မဝင်းသိန်းက…

"ကြာပန်းပုံက ကပ်ရုံပဲလား။ ဘာတွေပြောရဦးမလဲ"

"ကပ်ရုံပဲ ကပ်ထားပါ။ ပိုကောင်းချင်ရင် အတိအကျ လုပ်ရင်တော့ ပုံကပ်/နမောတဿဂါထာ ကိုးခေါက်ရွတ်ပြီးတာနဲ့ အိမ်နီးနားချင်း ကလေးခုနစ်ယောက် (ကလေးဆိုတော့ ၃ နှစ်နဲ့ ၁၂ နှစ်ကြားပေါ့)ကို ချိုချဉ်သကြားလုံး ဝေပေးလိုက်ပေါ့ အစ်မရယ်"

ကျွန်တော်ပြောလိုက်တဲ့အတိုင်း ပိုင်ကဖီးက အစ်ကို ကိုပိုင်သူနဲ့ သူ့မဟေသီ မဝင်းသိန်းတို့ အချိန်ကျတဲ့ မွေးနေ့ကစပြီး အစီအစဉ်တစ်ခုချင်း ကျကျနန လုပ်ကြပါတယ်။

နာနတ်သီးစိတ်နဲ့ မြသပိတ်ကိုတော့ ကျွန်တော်ကိုယ်တိုင်ပဲ အစ်ကိုပိုင်သူ အကူအညီတောင်းလို့ ဟသ်တာ၊ မြစ်ကွေ့ကျောင်းနားက အောင်ပန်းရတနာဦး နိဗ္ဗာန်ကုန်ဆိုင်မှာ ၃၀၀ဝိ/-နဲ့ လိုက်ဝယ်ပေးပြီး သူတို့လက်ဖက်ရည်ဆိုင်နားက "ကိုးနဝင်းဓာတု ဆုတောင်းပြည့်စေတီ"မှာ လှူဒါန်းပေးခဲ့ပါတယ်။ နောက်နှစ်လလောက်ကြာတော့ လင်မယားနှစ်ယောက် ဆိုင်ကာယ်နဲ့ ကျွန်တော့်ဟောခန်းကို ရောက်လာကြပြီး…

"ဗိုလ်အံ့ရေ…အလှူလာဖိတ်တာ။ မဖြစ်မနေ လာရမှာနော်။ မင်းလုပ်ခိုင်းတာတွေ အစ်ကိုရော၊ မင်းအစ်မရော သေချာတိတိကျကျ လုပ်နေရင်း ၁၅ ရက်

www.burmeseclassic.com

လောက်ကြာတော့ အစ်ကို့ဆိုင်နားက ကညနရုံးမှ တစ်ခရိုင်လုံးကို ဆိုင်ကယ်တွေ လိုင်စင်ပြန်လုပ်ပေးတယ်။ နေ့စဉ် ဆိုင်ကယ် အစီး ၅၀၀၀-၆၀၀၀ လောက် လာပြီး တန်းစီလုပ်ရတော့ ဆိုင်လည်း လူတော်တော်ကျတယ်။ ထမင်းကလည်း တစ်ရက်ကို နှစ်သိန်းဖိုးလောက် ရောင်းရတယ်ကွာ။ လိုင်စင်တိုးတဲ့ လူအုပ်ကလည်း သောင်းချီရှိတော့ ညတောင် ဆိုင်မပိတ်ရလို့ ဆရာအဲ့ဆီတောင် မရောက်ဖြစ်ဘူး။ ခုတော့ လိုင်စင်လုပ်တာ မြို့ထဲက ဆယ်ထပ်ကြီးဘက်ကို ပိုကျယ်တဲ့ ဘုရားဝန်းထဲ ပြောင်းလိုက်လို့ အလုပ်ပါးတုန်း အလှူဖိတ်ရအောင် တကူးတက လာရတာ"

"အလှူမလာလို့ကတော့ သေခန်းဖြတ်နော်"

လို့ အစ်မ မဝင်းသိန်းက ဝင်ပြောပါတယ်။

"ဟုတ်တယ် ဗိုလ်အဲ့ရေ။ အလှူအတွက် စိတ်ပူနေတာ။ အခု မောင်ရင့်စေတနာ ကျင့်စဉ်တွေကြောင့် ပဒေသာပင်သီးရုံမဟုတ်ဘူး၊ ကထိန်တစ်ခုလုံးပါ ကိုယ်တို့တာဝန်ယူလိုက်နိုင်ပြီ။ ချွေးနဲ့စာနဲ့ လှူရတာဆိုတော့ ပိုပြီးပီတိဖြစ်ရတယ်"

လက်ထဲရောက်လာတဲ့ အလှူဖိတ်စာကို ဖတ်လိုက်တော့ ပင့်သံဃာ အပါး ၆၀ ကျော်ကို တာဝန်ယူလှူထားသလို၊ အစ်ကိုဖြစ်တဲ့ ကျောင်းထိုင်ဆရာတော်ကိုလည်း ကံဆင့် သိက္ခာထပ်အလှူပါ ထပ်ဆင့် ကုသိုလ်ယူထားတာမို့ ကျွန်တော်က

"ဟာ···ကိုပိုင်တို့ကတော့ လုပ်လိုက်ရင် လက်ကုန်ကို ထုတ်ထားတာပါလား။ ဒါနဲ့ ပင့်သံဃာတစ်ပါး ဘယ်လောက်လှူဖို့ စီစဉ်ထားသလဲ"

"ဆရာတော်ရဲ့ ဩဝါဒအတိုင်း ကထိန်အနုမောဒနာ တရားဟောမယ့် ဆရာတော်ကို ဝတ္ထုငါးသောင်း၊ ပင့်သံဃာ ၆၂ ပါးကို တစ်ပါး တစ်သောင်း၊ ဆရာတော်ကို သိက္ခာထပ်ဖို့ ငါးသိန်း၊ စုစုပေါင်း ဆိုင်းဖိုး/ညှော်ခံစရိတ်ပါ သိန်း ၃၀ လှူထားတယ်။ လိုခဲ့ရင်လည်း ထပ်တော့ လှူရမှာပေါ့ မောင်လေးရယ်"

"သာဓုခေါ်ပါတယ်ဗျာ။ သာဓု··· သာဓု···သာဓု"

ရင်ထဲက လှိုက်လှိုက်လှဲလှဲ ပီတိစကား ပြောမိပါတယ်။

"ဆရာအဲ့ရော၊ ညီမလေးရော တစ်မိသားစုလုံး သန်ဘက်ခါ အိမ်မှာ လာအိပ်ရမှာနော်။ မနက်ကို ၇ နာရီ ဆိုင်ရှေ့ကနေ ဆင်တော်မင်္ဂလာနဲ့ ဦးတိုက်ပြီး ကထိန်ခင်းမယ့် ဒူးယားရွာကို ကားတွေ စထွက်မှာ"

"မပူနဲ့ အစ်ကိုရေ။ ကျွန်တော် လိုက်ဖြစ်အောင် လိုက်ပါ့မယ်လို့ ကတိပေးလိုက်ပါတယ်"

ကိုပိုင်သူက ကျွန်တော့်မဟေသီ ဆရာမထက်မင်းဘုံ ချပေးတဲ့ လက်ဖက်သုပ်ပန်းကန်ကို လက်ကမချဘဲ တစ်ဇွန်းပြီးတစ်ဇွန်း ခပ်စားရင်း···

"ကျွန်တော့်အိမ်မှာ ငွေမြို့ လာဘ်ရွှင်အောင် ရေနဲ့ ကြာပန်း ချိတ်နိုင်းတာ ဘယ်လိုအဓိပ္ပာယ်လည်း ဆရာရဲ့။ အိမ်ကို လာတဲ့လူတွေက ကျွန်တော့်ကို ခဏခဏ စပ်စုကြတယ်။ အဲဒီကြာပန်းပုံနဲ့ ဘုရားကိုရေလှူတဲ့အကြောင်းလေး ကျေးဇူးပြုပြီး ရှင်းပြပေးပါလား"

လို့ ပြောလာတော့···

"ကြာနဲ့ ရေဆိုတာက အစ်ကိုရယ် ဓာတ်သဘောအရ ကြာက 'ငွေ'နံ၊ တနင်္လာဓာတ်နဲ့ဆိုင်သလို၊ 'ဣဋ္ဌာ'နိမိတ် ကောင်းဆောင်တယ်လေ။ ဝေဒ/ဗေဒ သဘောအရလည်း လူတွေကို ကျပ်တည်းစိတ်ပျက်စေတဲ့ (သူ့အို-စောထွေး-ရှားမီး)ကိန်းတွေ ကျရောက်နေချိန်မှာ ကောလီဓာတ်နဲ့ ဓာတ်ပြန်ချေတဲ့၊ ဓာတ်ဆင်တဲ့သဘောအရ ကြာနဲ့ရေကို ဆောင်ခိုင်းတာပါ။ အစ်ကိုတို့က စီးပွားရေးလုပ်ငန်း ပုံမှန်သင့်တင့်ပေမယ့် လူတွေ စိတ်ပန်း၊ ဝင်ငွေကမမျှ ထွက်ငွေက များနေတာမို့ ရေမြင့်ကြာတင့် ဓာတ်ပန်းချီဘိသိက်ကို ဆရာကြီးမင်းသိခ်ရဲ့ မနောစေတနာအတိုင်း ကျွန်တော်စီစဉ်ပေးတာပါ။ အစ်ကိုတို့ အမြဲဖတ်နေတဲ့ ရောင်ပြန်မဂ္ဂဇင်းမှာဆို ဆရာဦးမောင်မောင်မြင့်အေးတို့၊ ဆရာဦးသန့်တို့က ဒီလို ဓာတ်ဘိသိက် 'ဣဋ္ဌာ'နိမိတ်ပုံတွေကို အမြဲစီစဉ်ဖော်ပြနေကျပါ။ အစ်ကိုသတိမထားမိလို့ပါ။ ပြီးတော့ အဘဘိုးမင်းခေါင်ကလည်း 'အတိတ်တဘောင်၊ နိမိတ်ဆောင်တာဖြင့် ရေကန်အသင့် ကြာအသင့် ဝင့်ဝင့်ထည်ထည် ရှိပါစေ'ဆိုပြီး ရှေးလူကြီးသူမတွေကို ဩဝါဒပေးဖူးတာတွေကြောင့် ကျွန်တော်လည်း လက်လှမ်းမီသလောက် ဉာဏ်ရှိသလို စီရင်ပေးလိုက်တာ"

ဟု ရှည်ရှည်ဝေးဝေး ရှင်းပြလိုက်ပါတယ်။

"ဒီလောက်ဆို သဘောပေါက်ပြီ ဆရာအဲ့ရေ။ အလှူပြီးမှ ဗိုလ်အဲ့ပေးတဲ့ ပုံကို ၄ ပေ × ၆ ပေ ဗီနိုင်းပုံချဲ့ပြီး ဘုရားကျောင်းဆောင်မှာ ချိတ်ဦးမယ်"

လို့ပြောပြီး ပြုံးပြုံးရွှင်ရွှင်နဲ့ ကျွန်တော့်ကို ငွေငါးသောင်း စာအိတ်ထဲထည့်လှူပြီး ပြန်သွားကြပါတော့တယ်။

သုခိတာ ဟောထ သဗ္ဗဒါ။

စွန့်လျှင် စွန်းမည်

---

အောင်အံ့ကြီးမောင်(ဂန္ဓာရီ)



www.burmeseclassic.com

www.burmeseclassic.com



# ဆရာကြီးမင်းသိခ်၏ ရုပ်ပုံလွှာတစ်ပိုင်းတစ်စများ

**လေးသူစံ**

၈၈ ခုနှစ် အရေးအခင်းကာလမှ အကြောင်းအရာအမျိုးမျိုးအစုံစုံ အဖုံဖုံ အလင်လင်တို့ကို လွတ်လပ်စွာ ရေးသားတင်ပြနေကြသည့် ဆောင်းပါးများစွာတို့ကို ဖတ်ရှုနေရသည့်အခါတွင် တင်ပြရေးသားချင်ပါလျက်နှင့် မျိုသိပ်ခဲ့ရသောအကြောင်းအရာတစ်ခုကိုလည်း ဖွင့်ဟချင်ပါသည်။ သို့သော် အခြားဆရာများ ရေးသားကြသကဲ့သို့ တကယ့်သည်းထိတ်ရင်ဖို နိုင်ငံရေးလှုပ်ရှားမှုတွေ မဟုတ်။ ၈၈ အရေးအခင်းဖြစ်မည်ဟု ကြိုတင်ဟောကိန်းထုတ်ခဲ့သော ဆရာကြီးမင်းသိခ်၏ ပညာရပ်အကြောင်းသာ ဖြစ်ပါသည်။

၁၉၈၇ ခုနှစ်၊ ဒီဇင်ဘာလ ၃၁ ရက် ည ၉ နာရီ အမြန်ရထားကြီးဖြင့် မန္တလေးသို့ လိုက်ပါခဲ့ကြသည့် စာရေးဆရာများမှာ ဆရာကြီးမောင်ကိုယု၊ ဆရာကြီးမင်းသိခ်၊ ဆရာကြီးမောင်ရွှေစွန်နှင့် ကျွန်မတို့ ဖြစ်ကြပါသည်။ နွားထိုးကြီးမြင်းခြံ၊ ပခုက္ကူနှင့် ကျွန်းချောင်းစာတော်မြေ ဩဇာစက်ရုံတို့မှာ စာပေဟောပြောကြရန် ဖြစ်ပါသည်။

တကယ်တော့ . . . ဆရာကြီးမောင်သော်ကကိုယ်စား ကျွန်မလိုက်ပါလာခဲ့ရခြင်းပင်။ ဆရာကြီးမှာ ခါးနာနေ၍ဆိုလား၊ နေမကောင်းဖြစ်နေ၍ဆိုလား မလိုက်နိုင်ခဲ့သောကြောင့်၊ ကျွန်မအဖြစ်က

www.burmeseclassic.com

www.burmeseclassic.com

လည်း ဆရာကြီးစန်းသမိန် ဖိတ်ကြားထားသည့် မြောက်ဥက္ကလာပပွဲကို ဖျက်၍ လိုက်ပါသွားခဲ့ရခြင်း ဖြစ်သည်။ ပြန်လည်ရောက်ရှိလာတော့မှ တောင်းပန်ရပါတော့သည်။

အထက်တန်းတွဲလက်မှတ်မရ၍ ရိုးရိုးတန်းမှ စီးခဲ့ကြရာ ဆရာကြီးမင်းသိခ်ကိုယ်က ဝသောကြောင့် နှစ်ယောက်ထိုင်ခုံမှာ တစ်ယောက်တည်း နေရာယူပါသည်။ အဲသည်တုန်းကတော့ ပိန်နေပါသေးသော ကျွန်မကိုလည်း နှစ်ယောက်ထိုင်ခုံမှာ တစ်ယောက်တည်း သက်သောင့်သက်သာစွာ ထိုင်စေခဲ့ပါသည်။ စာပေမောင်နှမများအပေါ်၌ မြူစင်လုသောစိတ်စေတနာနှင့် စောင့်ရှောက်တတ်ပါသော ဆရာကြီး၏စိတ်ဓာတ်ကို စာပေခရီးများစွာ အတူတကွ သွားလာကြရင်းနှင့် ပိုမိုသိလာခဲ့ရပါသည်။ ရထားပေါ်သို့ စတင်ရောက်ရှိလာခဲ့ကတည်းက မင်းသိခ်မှန်းသိကြပြီး လာရောက်မိတ်ဆက်ကြသူများကို တောင်းပန်၍ ရထားထွက်သည်နှင့် အိပ်ရန်ဟန်ပြင်ပါတော့သည်။ ဟောပြောပွဲခရီးစဉ်များ ဆက်နေသောကြောင့် ကောင်းစွာမအိပ်ရသေးကြောင်း ရှင်းပြပြီး ကျွန်မကို မှာကြားခဲ့ပုံက -

"လေးသူစံ ၁၂ နာရီထိုးဖို့ ၁၅ မိနစ်အလိုမှာ ငါ့ကိုနှိုးနော်။ မမေ့နဲ့"

"ဆရာက ဟက်ပီးနယူးရီးယားလုပ်မလို့လား"

"အေး…ဟုတ်တယ်။ နယူးရီးယားကိုကြိုမလို့။ အိပ်မနေနဲ့နော်"

ပြောပြောဆိုဆိုနှင့် ရထားနံရံကိုမှီပြီး မျက်လုံးစုံမှိတ်သွားပါသောကြောင့် အလိုက်တသိ ငြိမ်လိုက်ရပါတော့သည်။ ကျွန်မလည်း မြတ်စွာဘုရား၏ ပရိတ်ပဌာန်းများကို ရွတ်ဖတ်ပူဇော်လာခဲ့ရင်းနှင့် ညသန်းခေါင်ဖြစ်ရန် ၁၅ မိနစ်အလိုတွင် ၁၉ဂဂ ခုနှစ်ကို ကြိုဆိုရန် စိတ်သန်နေသည့် ဆရာ့ကို နှိုးလိုက်ပါသည်။ ဆရာကြီးသည် သန့်ရှင်းမှုများ ပြုလုပ်ဆောင်ရွက်ပြီးသည်နှင့် သွားလေရာပါလေ့ရှိသည့် လွယ်အိတ်ကြီးထဲမှ ယွန်းသေတ္တာလုလုတစ်ဘူးကို ထုတ်ယူလိုက်ပါသည်။

ယွန်းသေတ္တာကို ဖွင့်လိုက်သောအခါ နက်ပြာရောင် ကတ္တီပါအထုပ်တစ်ခု။ ကတ္တီပါစကို ဖြန့်လိုက်ရာ လေးထောင့်ပုံသဏ္ဍာန်ဖြစ်ပြီး တလက်လက်တောက်ပပြီးပြက်နေသော စီးကွင့်ဒီဇိုင်းများကလည်း အချွန်အတက်များနှင့် လုပဆန်းကြယ်နေခဲ့ပါသည်။ ပညာရပ်ဆိုင်ရာ ဒီဇိုင်းမှန်နားလည်လိုက်သော်လည်း ဘာအဓိပ္ပာယ်မှန်းတော့ မသိ။ ကျွန်မ တစ်ခါမျှ မမြင်ဖူးခဲ့ပါ။ အခြားခရီးသည်များကလည်း ဆရာကြီးဘာလုပ်မည်နည်းဟု စိတ်ဝင်စားစွာဖြင့် စူးစမ်းလေ့လာနေခဲ့ကြပါသည်။

ဆရာကြီးသည် ကတ္တီပါစ၏ ထောင့်စွန်းနှစ်ဖက်ကို ကျွန်မအား ကိုင်ခိုင်းပြီးနောက် ခရီးသည်များဘက်သို့ လှည့်၍ -

"အရက်မသောက်တတ်တဲ့လူ တစ်ယောက် လာကိုင်နိုင်ပါတယ်။ ညာပြီးတော့ မကိုင်နဲ့။ ဒုက္ခရောက်သွားမယ်"

ထိုအခါ မွန်ရည်သပ်ရပ်လှသော လူရွယ်တစ်ဦး ရောက်လာပါသည်။

"ကျွန်တော် မသောက်တတ်ပါဘူး ခင်ဗျာ။ ညာမပြောပါဘူး။ ဆရာကြီးရဲ့ စာဖတ်ပရိသတ်ပါ။ ဆရာကြီးကို လေးစားလွန်းလို့ ကိုင်ပေးပါရစေ"

ဆရာကြီးက ထိုလူကို ကိုင်ခွင့်ပေးလိုက်ပါသည်။ ဆရာကြီးမောင်ကိုယုနှင့် မောင်ရွှေစွန်တို့က သူတို့၏ ထိုင်ခုံများမှ ထလာကြပြီး ကိုင်ပေးမည်ဟု ဆိုကြပါသည်။ ဆရာကြီးသည် ရေချိန်ကိုက်နေပြီဖြစ်သော ဆရာနှစ်ဦးကိုကြည့်ပြီး မူးရင်မကိုင်ရဘူး၊ ကြည့်ရုံပဲကြည့်နေ၊ အားလုံးတိတ်တိတ်နေကြပါဟု ပန်ကြား၍ နာရီကို ကြည့်ပါသည်။ ၁၂ နာရီတိတိ။

"၁၉ဂဂ ခုနှစ်အတွက် မြန်မာပြည်ကံကောင်းပါစေ"

ဤကဲ့သို့ ဆုတောင်းပြီးနောက် ယွန်းသေတ္တာအတွင်းမှ ဖဲချပ်လေးတွေကို ထုတ်ယူပါသည်။ တားရော့ဗေဒင်ဆိုသည်ကို ကျွန်မဘဝမှာ ပထမဦးဆုံးအကြိမ် တွေ့မြင်ဖူးခဲ့ရခြင်းပင်။ ဆရာကြီးသည် ဖဲချပ်များကို စီးကွင့်အကွက်များပေါ်သို့ တစ်ချပ်ပြီးတစ်ချပ် နေရာချထားရင်းနှင့် မျက်နှာကလည်း မကောင်း။ ခေါင်းတယမ်းယမ်းလည်း ဖြစ်နေခဲ့ပါသည်။

"ဇန်နဝါရီ၊ ဖေဖော်ဝါရီ ထိတ်လန့်နေရမယ်။ မတ်မှာ အုံကြွမှုတွေ စလာပြီ။ ဧပြီမှာ ခဏသက်သာမယ်။ မေ၊ ဇွန်၊ ဇူလိုင်၊ ဩဂုတ်…ဘုရား…ဘုရား…ဘုရား ဆိုးဝါးလှပါလား"

ဆရာကြီးသည် ၁၉ဂဂ ခုနှစ်၏ ၁၂ လလုံးကို ရွတ်ဆိုပြည်တမ်းနေရင်းနှင့် ခေါင်းကို ခါယမ်းနေခဲ့သည်မှာ စက်တပ်ထားသည့်အလား။ ထို့နောက် ကတ္တီပါစနှင့် ဖဲချပ်များကိုသိမ်းထုပ်၍ ယွန်းသေတ္တာအတွင်း သေချာစွာ ထည့်သိမ်းပြီးနောက် ကြည့်ရှုနေကြသည့် လူအားလုံးတို့အား လေးနက်တည်ကြည်စွာ ပြောဆိုခဲ့သည့် စကားမှာ -

"မတ်လကစပြီး တိုင်းပြည်မငြိမ်မသက်ဖြစ်မယ်။ ထကြွမှုတွေစပြီး သွေးထွက်သံယိုမှုတွေ မြင်နေတယ်။ ဂဂ ခုနှစ်တစ်နှစ်လုံး မြန်မာပြည်ရဲ့ ကံကြမ္မာကအတော့်ကို ဆိုးဝါးလွန်းတယ်။ ရှစ်လပိုင်း

www.burmeseclassic.com

# ထူးထူးခြားခြား ပုံပြင်များ

## မြေမြို့သူ၏ ငဲ့

မြတ်စွာဘုရား ဇေတဝန်ကျောင်း၌ နေတော်မူစဉ် ဖြစ်သည်။

မြတ်စွာဘုရားသည် အမြိုက်တရားကို အမြဲမပြတ်ဟောတော်မူ၍ မရေမတွက်နိုင်သော နတ်လူအပေါင်းတို့ ပူဇော်ကြလေသည်။

ထိုအချိန်ဝယ် အရိယာ ပုဂ္ဂိုလ်များဖြစ်ကြသော တိတ္ထိတို့မှာ လာဘ်လာဘ ပူဇော်သက္ကာယ လွန်စွာဆုတ်ယုတ်ပြီး တောင်းရမ်းစားသောက် ၍ပင် ဖြစ်နေကြရသ ၏။

ထိုအခါ တိတ္ထိတို့သည် တိုင်ပင်ကြပြီး မိမိတို့ကိုးကွယ်သည့် နတ်သမီးကဲ့သို့ အရောင် တဖိတ်ဖိတ်နှင့် အလွန်လှပသော "စိဉ္စမာဏဝိကာ"အမည် ရှိ အမျိုးသမီးအား . . .

"သင်သည် ငါတို့ချမ်းသာခြင်းကို အလိုရှိလျှင် ငါတို့ ဒုက္ခရောက်အောင် လုပ်နေသည့် ရဟန်းဂေါတမအား ဂုဏ်ကျေးဇူးမဲ့ခြင်းကိုပြု၍ လာဘ်ပူဇော်သက္ကာကို ဖျက်ဆီးကာ အကြည်ညိုမဲ့အောင် ပြုပေးပါလော့"

ဟု ဆိုလေသည်။



www.burmeseclassic.com

www.burmeseclassic.com

စိဥ္စမာဏာသည် တိတ္ထိများအား ကတိပေးခဲ့သည်။

သူမ အကြံအစည်အတိုင်း ညနေအချိန်အခါ၌ ပန်းနံ့သာစသည်တို့ စွဲကိုင်၍ ဇေတဝန်ကျောင်းသို့ ရှေးရှုသွားလေ၏။

ဘုရားထံ၌ တရားနာပြီး ပြန်လာကြသည့် လူတို့က စိဥ္စမာဏာအား မယုံသင်္ကာဖြင့်

"ဒီလိုအချိန်မှာ ဘယ်ကို သွားမည်နည်း"

ဟု မေးသော် စိဥ္စမာဏာက -

"ငါ သွားရာအရပ် သိလျှင်ဖြင့် သင်တို့ ဘာအကျိုးရှိအံ့နည်း"

ဟုဆိုကာပြောလေသည်။

သူမသည် ဇေတဝန်ကျောင်းအနီးရှိ တိတ္ထိတို့ကျောင်းသို့သွားပြီး နံနက်စောစော မြို့သို့ ပြန်လာလေသည်။ နံနက်စောစော ဘုရားရှင်အား ဖူးမြော်ပူဇော်ရန် သွားကြသူတို့ကား . .

"သင် ဘယ်အရပ်သွားသနည်း"

ဟုဆိုသော် စိဥ္စမာဏာက-

"ငါ နေရာအရပ်ဖြင့် သင်တို့အား အဘယ်အကျိုးရှိအံ့နည်း"

ဟု ဆိုလေသည်။

သုံးလေးလ ကြာသော အခါ စိဥ္စမာဏာသည် ပုဆိုးကြမ်းတို့ဖြင့် ဝမ်းဗိုက်ကို ရစ်ပတ်ပြီး အပေါ်က အဝတ်နီကို ခြုံကာ ကိုယ်ဝန်ဆောင်အသွင်ကို ပြ၍ . . .

"ရဟန်းဂေါတမဖြင့် ငါ ကိုယ်ဝန်ရနေ၏"

ဟု ပြောဆိုလျက် လူမိုက်တို့ကို ယုံကြည်စေ၏။ ရှစ်လကိုးလာကြာသော် သူမသည် ဝမ်းဗိုက်၌ ဝိုင်းဝန်းသော သစ်သားကို ဖွဲ့ချည်ကာ အပေါ်က ခြုံထည်ကို ခြုံလျက် လက်ဖမိုး၊ ခြေဖမိုးတို့ကို အသားမို့မို့တက်အောင် ရိုက်နှက်ပြီး ပင်ပန်းနွမ်းနယ်လေဟန်ဖြင့် ညချမ်းအခါ ဇေတဝန်ကျောင်းသို့ သွားလေသည်။

သူမသည် ပလ္လင်ပေါ်၌ လူတို့အား တရားဟောနေသည့် ဘုရားရှင်ရှေ့သို့သွားပြီး ရပ်ကာ . . .

"ရဟန်းကြီး . . သင်ကား လူအပေါင်းတရားဟောနေဘိ၏။ ကျွန်ုပ်ကား သင်ကို စွဲ၍ ကိုယ်ဝန်ရပြီး အခု ကိုယ်ဝန်ရင့်လေပြီ။ ကျွန်ုပ်အတွက် သားဖွားမှုကိစ္စကို လုပ်ပေးရမှန်း မသိ၊ သင်သည် ပျော်မွေ့ခြင်းတစ်ခုကိုသာ သိ၏"

ဟု စွပ်စွဲပြောဆိုလေ၏။ မြတ်စွာဘုရားသည် တရားကို ခေတ္တရပ်ထားပြီး-

"နှမ . . သင်ပြောသော စကား မှန်၊ မမှန်သည်ကို ငါနှင့် သင်သာ သိ၏"

ဟု မိန့်တော်မူသော် . . သူမက -

"ဟုတ်ပေ၏။ သင်နှင့် ကျုပ်သာ သိသောအရာကို အဘယ်သူတို့က သိနိုင်ကြမည်နည်း"

ဟု ဆိုလေ၏။ ထိုအဖြစ်အပျက်ကို သိမြင်သော သိကြားမင်းမှာ နတ်သားလေးဦးနှင့်အတူ ကျောင်းသို့သွားကာ နတ်သားတို့မှာ ကြွက်ငယ်ယောင် ဖန်ဆင်းကြပြီး သူမ၏ သစ်သားဝန်း၌ ချည်ထားသော ကြိုးများကို တစ်ပြိုင်နက်တည်း ကိုက်ဖြတ်လေသည်။

သစ်သားဝန်းသည် ပြုတ်ကျပြီး သူမ၏ ခြေဖမိုးပေါ် ကျသဖြင့် ခြေဖျားနှစ်ဖက်တို့ ကျိုးကုန်လေ၏။

ထိုအခါ . . တရားနာပရိသတ်တို့သည် . .

"ဟယ် . . အလွန်တစ်ရာမှ ယုတ်မာသည့် သူယုတ်မ၊ ဘုရားရှင်ကို မကြံစည်အပ်တာ ကြံစည်ပေ၏"

ဟု ဆိုကာ တံတွေးဖြင့် ထွေးသူထွေး၊ ခြိမ်းခြောက်ရိုက်နှက်သူ ရိုက်နှက်ကြပြီး နှင်ထုတ်လေသည်။

စိဥ္စမာဏာသည် ဘုရားရှင်မမြင်လောက်သည့်အရပ်ကို ရောက်လျှင် မြေကြီးမှာ တုန်ဟီးပြီး မြေမျိုခံရကာ အဝီစိငရဲမှ မီးလျှံတို့နှင့် အဝီစိသို့ ကျသွားလေတော့သတည်း။

စိုးဝင်းထွဏ်း(တာမွေ)

ဝါစာဖရှသ်၊
ဓားနယ်ခုတ်လျက်၊
ကြမ်းကြုတ်မျက်ရှိန်၊
နှုတ်ပုဆိန်ဖြင့်၊
မငြိမ်ငေါက်ဆတ်၊
သူယုတ်မြတ်အား၊
ပြောတတ်ကုန်ဘိ၊
လူ့ပါပိတို့၊
မိမိကိုယ်ကို၊
အပျက်လို၍၊
တူး၍ ခုတ်ဆက်၊
မိမိဖျက်သည်၊
မည်တုံလတ်။
(မဃဒေဝ)

www.burmeseclassic.com

# သရဲ့တစ္ဆေ

## ပုံပြင်များ

### မမြင်ရသော စီညာဉ် ကျေးဇူးတရား

သတိုးသိမ်း

တစ်ခါတုန်းက ဖြစ်ပါသည်။

ဧရာဝတီတိုင်း၊ မအူပင်မြို့နယ်ရှိ မလက်တိုရွာလေးဝယ် ကိုသံခဲနှင့် မကျင်လှတို့ လင်မယားမှာ ဘဲမွေးမြူရေးလုပ်ငန်းကို တစ်နိုင်တစ်ပိုင် လုပ်ကိုင်ကြသည်။

ကိုသံခဲအလုပ်က ညနေစောင်းလျှင် ချောင်းရိုးတစ်လျှောက် ဘဲတွေကိုမောင်းရသည်။

ဘဲခြံထဲအထိ ဘဲကောင်ရေပျောက်,မပျောက်ကို စစ်ရသည်။

တစ်ညနေ ဘဲများကို မောင်းနေရင်း ကိုသံခဲ နှာခေါင်းထဲ အပုပ်နံ့ရသလိုခံစားရပြီး စိတ်ထဲမှာနည်းနည်းတော့ စိုးရိမ်သွားသည်။

သူ့ဘဲ တစ်ကောင်ကောင်များ သေပြီး ပုပ်နေပြီလား၊ ဒါ မှမဟုတ် ဘဲတွေ ခွေးသေကောင်ပုပ်ကို စားမိပြီလား။ ဘဲများ ခြံထဲမောင်းသွင်းနေရင်း ဇနီးဖြစ်သူကို လှမ်းအော်သည်။



www.burmeseclassic.com

www.burmeseclassic.com

"မကျင်လှရေ . . မှောင်ကလည်း မှောင်နေပြီကွ၊ ဓာတ်မီးလေး ဘာလေး ယူခဲ့ပါဦး။ ဒီမှာ ဘာကောင်သေနေလဲ မသိဘူး"

ကိုသံခဲ အသံကြောင့် မကျင်လှ ဘဲခြံနားသို့ ဓာတ်မီးယူကာ ဆင်းလာခဲ့သည်။ လင်မယားနှစ်ယောက်လုံး ဘဲတွေကို စစ်ဆေးကြည့်တော့လည်း အတိပင်။ မကျင်လှက ယောက်ျားဖြစ်သူအား . .

"ရှင့်ဟာက ဟုတ်ကောဟုတ်ရဲ့လားရှင်"

"တစ်ကောင်ကောင်များ သေနေလားမှ မသိတာ"

ကိုသံခဲက သွေ့လောင်းလှေကလေဖြင့် ချောင်းရိုးထဲ လှော်ခတ်ကာ ဓာတ်မီးဖြင့် ဟိုရှာ ဒီရှာ လုပ်သေးသည်။ ဘာဆိုဘာမှမတွေ့။ ကမ်းစပ်မှာ မီးခွက်ဖြင့် စောင့်နေသော မကျင်လှက . .

"ကိုသံခဲရယ် . . ဘာမှလည်းမတွေ့လည်း ရှာမနေပါနဲ့။ မိုးလင်းမှ ရှာတာပေါ့။ ညမိုးချုပ်ပြီတော့ . . "

ကိုသံခဲ စိတ်ထဲမချင့်မရဲနှင့် ပြန်လာခဲ့သည်။ အပုပ်နံ့က ညမှောင်လေ ပိုပို၍ နံလာသည်။ ကိုသံခဲက . . .

"တောက် . . ဒီအနံ့ကလည်း အိပ်ရပါ့မလားမသိဘူးကွာ။ နံစော်နေတာပဲ"

လင်မယားနှစ်ယောက် ညစာ စားဖို့ ပြင်ဆင်ကြလေပြီ။ မကျင်လှက မအူပင်မှ ပဲ့ထောင် လမ်းကြုံ၍ မှာလိုက်သော ဝက်ကလီစာကို ဆီပါးပါးလေးနှင့် ချက်ပြုတ်ထားသည်။ ကိုသံခဲက ဗိုက်ဆာဆာနှင့် စားမည်ကြံတိုင်း ထမင်းစားပွဲဝိုင်းနားဝယ် အပုပ်နံ့က နံနေပြန်သေးသည်။

မကျင်လှက ဟိုကြည့်သည်ကြည့်နှင့် မျက်လုံးက ကြောက်ရိပ်သန်းနေပြီး . .

"ကိုသံခဲရေ . . ရှင်တော့ တစ်ခုခုကပ်ပါလာပြီထင်တယ်"

ကိုသံခဲက ဒါမျိုးကိစ္စကို လုံးဝမယုံ။ စားနေကျအတိုင်း ဆက်စားနေသည်။

"စားမှာ စားစမ်းပါ . . မကျင်လှရာ၊ သိပ်ဂရုမစိုက်နဲ့"

မကျင်လှက ကြောက်ကြောက်နှင့် စားမဝင်သော်လည်း ကိုသံခဲက ဆာဆာနှင့် စားနေလေ၏။ ပါးစပ်မှလည်း-

"ဟေ့ကောင်တွေ . . စားချင်ရင် ဝင်စား . . လာမနှောင့်ယှက်နဲ့၊ ငါက ကြောက်တတ်တဲ့ကောင်မဟုတ်ဘူး"

ကိုသံခဲ စကားကြောင့် မကျင်လှက မျက်လုံးပြူးကာ ဝိုင်းစက်သွားသည်။

"ရှင်ဘာတွေပြောနေတာလဲ၊ မဟုတ်တရုတ်ရှင်"

လက်ဆေးရည်နှင့် ဆေးနေရင်းမှ မကျင်လှကို ကိုသံခဲက စိုက်ကြည့်လိုက်ပြီး . .

"မင်းအိပ်ချင်အိပ်တော့ကွာ၊ ငါကတော့ ငါ့ကို စိတ်အနှောင့်အယှက်ပေးတဲ့သူနဲ့ တွေ့ချင်သေးတယ်"

မကျင်လှကကိုသံခဲအနားမှ ထသွားပြီး လက်အမြန်ဆေးကြောကာ ခြင်ထောင်ထဲဝင်ပြီး ခေါင်းမြီးခြုံကာ အိပ်လေသည်။

ကိုသံခဲက ဆေးပေါ့လိပ်တစ်လိပ်ကို ကောက်ညှိရင်း ဖွင့်ထားသော ထမင်းစားပွဲဝိုင်းကို လှမ်းကြည့်ရင်း . .

"စားတာလည်း စားပေါ့ကွာ၊ ပြီးရင်လည်း ငါတို့ကို အနှောင့်အယှက်မပေးဘဲ တန်ရာတန်ဖိုးလေး ပြန်ရှာပေးဦး"

ထမင်းဝိုင်းက အနည်းငယ် လှုပ်သွားသည်။

စူးရှပြီး ပုပ်အက်အက်အနံ့က ပျောက်သွားလေသည်။

ကိုသံခဲလည်း မကျင်လှဘေး ဝင်အိပ်လိုက်သည်။

ခဏကြာတော့ အိပ်ပျော်ကာ ဟောက်တောင် ဟောက်နေရှာသည်။

နံနက်မိုးလင်း၍ ဘဲများကို လွှတ်ပေးရမည့်အချိန်ရောက်တော့ ကိုသံခဲ ဘဲများကို လွှတ်ပေးသော်လည်း ဘဲများက ခြံပြင်သို့မထွက်၍ ကိုသံခဲ အံ့သြနေသည်။ နောက်ဘာတွေးမိသည်မသိ။ ဘဲခြံနားသို့ ရောက်တော့ တစ်ခုခုတိုက်မိသလိုဖြစ်သောကြောင့် ငုံ့ကြည့်လိုက်ရာ . . .

"အားပါးပါး . . ငါးတန်ကြီးပါလား'

ကလေးငယ်တစ်နှစ်သားရွယ်လောက်ရှိသည့် ငါးတန်ကြီးက ဘဲခြံဝ ဝယ် တင်နေသည်။ ငါးတန်ကြီးကို ဘဲခြံမှနေ၍ အိမ်ပေါ်မတင်တာပင် မနည်းတင်ရသည်။ မကျင်လှခမျာလည်း မျက်လုံးပြူးကာ ပိုမိုအံ့သြနေသည့်ပုံဖြင့် . .

မိုးလင်းတော့ ငါးဒိုင်မှာ ငါးတန်ကို သွားသွင်းသောအခါ ငွေနှစ်သောင်းကျော်ရလိုက်သည်။ ငါးဒိုင်ပိုင်ရှင်ကိုယ်တိုင်ကလည်း တစ်သက်နဲ့တစ်ကိုယ် ဒီလောက်အချိန်စီးသည့်ငါးကို မတွေ့ဘူးပေ။ ကိုသံခဲက ပိုက်ဆံများကို ရေတွက်နေရင်း မိန်းမဖြစ်သူ မကျင်လှအား . . .

"တွေ့တယ်မလား . . ကျေးဇူးတရားဆိုတာ ရောင်ပြန်ဟပ်တတ်ပါတယ် ဆိုတာလေ"

ဟူ၍ပင် ဖြစ်လေတော့သတည်း။

**သတိုးသိန်**



www.burmeseclassic.com

www.burmeseclassic.com

# လွတ်လပ်ရေးမျိုးစေ့ချပေးခဲ့သော
# ဆရာတော်ဦးဥတ္တမ
# အတ္ထုပ္ပတ္တိကောက်ကြောင်း

**ကိုမောင်သန်းဝင်း**

သာသနာနှစ် ၂၆၀၀ ပြည့် အထိမ်းအမှတ် ကျင်းပပြုလုပ်သည့် ရွှေတိဂုံစေတီတော်သို့ စာရေးသူမိသားစု ရောက်ခဲ့သည်။ ဘုရားဝတ်ပြု ပန်း,ရေချမ်း,ဆီမီး ပူဇော်ပြီး ဘုရားဈေးပွဲတော်ကို လိုက်လံကြည့်ရှုသည်။ လွန်စွာစည်ကားသည်။ ထို့နောက် **ကန်တော်မင်ပန်းခြံ(ကန်တော်မင်္ဂလာပန်းခြံ)**သည် **ရွှေတိဂုံဘုရား** တောင်ဘက်ခြေရင်းတွင် ရှိသည်။ တစ်ချိန်က ဆရာတော်ဦးဥတ္တမအား ဂုဏ်ပြုသောအားဖြင့် ဦးဥတ္တမပန်းခြံဟု မှည့်ခေါ်ခဲ့ကြောင်း အမှတ်ရမိသည်။

ဆရာတော်ဦးဥတ္တမ ဘဝနတ်ထံ စံမြန်းခဲ့သည်မှာ နှစ်ပေါင်း ၁၃၇ နှစ် ရှိခဲ့လေပြီ။

မြန်မာဘုရင် ပါတော်မူပြီးနောက် နယ်ချဲ့အင်္ဂလိပ်ကို တော်လှန်ခဲ့သော မြန်မာသူရဲကောင်းများစွာ ရှိကြသည်။ ထိုများစွာသော သူရဲကောင်းများတွင် လူပုဂ္ဂိုလ်များသာမဟုတ်ဘဲ ရဟန်းတော်များပါ ပါဝင်သည်မှာ အလွန်ထူးခြားသော အချက်တစ်ရပ် ဖြစ်သည်။ မြန်မာ့လွတ်လပ်ရေးသမိုင်းစဉ်တစ်လျှောက်တွင် နယ်ချဲ့အင်္ဂလိပ်ကို နည်းအမျိုးမျိုးဖြင့် တော်လှန်ခဲ့ကြရာတွင် တော်လှန်ရေးမျိုးစေ့ကို ချပေးခဲ့သော ရဟန်းတော်တစ်ပါး ထူးခြားစွာ ပေါ်ထွန်းခဲ့သည်။ ယင်းပုဂ္ဂိုလ်ကား ဆရာတော် ဦးဥတ္တမပင် ဖြစ်လေသည်။

ဆရာတော်ကို အဖ ဦးမြ၊ အမိ ဒေါ်အောင်ကျော်သူတို့မှ ၁၂၄၁ ခုနှစ်၊ ပြာသိုလပြည့်ကျော် ၁ ရက်၊ စနေနေ့ (၂၈. ၁၂. ၁၈၇၉)တွင် စစ်တွေမြို့၊ ရှုပရပ်ကွက်တွင် မွေးဖွားသည်။ ငယ်မည်မှာ ပေါ်ထွန်းအောင်ဖြစ်သည်။ မွေးချင်းသုံးယောက်ရှိသည်။ ညီ ကျော်ထွန်းအောင်နှင့် ညီမ မအိမ်စိုးတို့ ဖြစ်ကြသည်။

ဆရာတော်ဦးဥတ္တမလျောင်းလျာဖြစ်သော မောင်ပေါ်ထွန်းအောင်နှင့် ညီဖြစ်သူ ကျော်ထွန်းအောင်တို့သည် ငယ်စဉ်က ပညာသင်ရန် လွန်စွာပြင်းပြသူများ ဖြစ်သည်။ အစ်ကို ၉ နှစ်၊ ညီ ၆ နှစ်အရွယ်တွင် မိဘများအား အင်္ဂလိပ်ကျောင်းတွင် ပညာသင်ခွင့်ရရန် ပူစာသည်။ မိဘများက သဘောမတူ။ သို့



www.burmeseclassic.com

www.burmeseclassic.com

ဖြင့် ညီအစ်ကိုနှစ်ငါးဘက် အိမ်မှထွက်ပြေးသည်။ ၁၅ ရက်ကြာမှ လမ်းဘေး သစ်ပင်အောက် ပြန်တွေ့သည်။ စစ်တွေမြို့ မူလတန်း အင်္ဂလိပ်စာသင်ကျောင်းတွင် သင်ယူခွင့်ရသည်။

ကျောင်းအပ်စဉ်က ကျောင်းအုပ်ဆရာကြီးသည် ပေါ်ထွန်းအောင်တို့ ညီနောင်အား ထုံးစံအတိုင်း K.G ခေါ် သူငယ်တန်းတွင် ထားသည်။ ပေါ်ထွန်းအောင်က သူ့ကို တတိယတန်းတွင်ထားရန် အရေးဆိုသည်။ ပထမတန်း၊ ဒုတိယတန်းစာများကို ၎င်းမှ ဖတ်နိုင်ကြောင်းပြောရာ အင်္ဂလိပ်လူမျိုး ကျောင်းဆရာကြီးသည် ပေါ်ထွန်းအောင်အား ပထမတန်း၊ ဒုတိယတန်း ပြဋ္ဌာန်းစာအုပ်များကို ဖတ်စေသည်။ အထစ်အငေါ့မရှိ ဖတ်နိုင်သဖြင့် ဒုတိယတန်းတွင် ပညာသင်ယူခွင့်ပြုခဲ့သည်။ ပေါ်ထွန်းအောင်သည် အိမ်နီးနားချင်း အင်္ဂလိပ်ကျောင်းသားများထံမှ အင်္ဂလိပ်စာများကို သင်ယူတတ်မြောက်ခဲ့ခြင်းကို မိဘများပင် မသိခဲ့ပေ။

ပညာသင်ကြားရန် (၂)နှစ်မျှ ကြာသောအခါ အတန်းတင်စာမေးပွဲတွင် ဉာဏ်စမ်းသချာကို နှုတ်ဖြင့်မေး၍ သင်ပုန်းတွင် အဖြေရေးပေးရလေရာ ပေါ်ထွန်းအောင် ဒုတိယရသည်။ ပေါ်ထွန်းအောင်က ငါးတန်း၊ ညီငယ်က လေးတန်းဖြစ်သည်။ သချာတွင် ဒုတိယရသည်။ ဆုအသီးသီးရခဲ့သည်။ ညီအစ်ကိုနှစ်ယောက် ရယူခဲ့သော ဒုတိယဆု စာအုပ်၊ ခဲတံများကို ဆုတ်ခြေကာ ကုလားတန်မြစ်ထဲ ပစ်ချပြီး အစ်ကိုသည် ညီငယ်အား "ဒီမှာ ငါ့ညီ၊ ဒုတိယဆု၊ တတိယဆုတွေကို ဘယ်တော့မှမယူနဲ့၊ ပထမဆုရအောင် ကြိုးစားရမယ်ကွ"ဟု ဆုံးမသည် ပေါ်ထွန်းအောင်ကား ငယ်စဉ်ကပင် တက်ကြွမြင့်မားသော စိတ်ထားရှိသူဖြစ်သည်။

စစ်တွေ မူလတန်းကျောင်း ပဉ္စမတန်းတွင် ပညာသင်ကြားစဉ်မှာပင် အင်္ဂလိပ်မျက်နှာဖြူ ခရစ်ယာန်ဘုန်းကြီးတစ်ပါး ကာလကတ္တားမှ စစ်တွေသို့ ရောက်လာသည်။ အဆိုပါကျောင်းမှ ဉာဏ်ကောင်းသော ကလေးနှစ်ဦးအလိုရှိကြောင်း၊ သားအဖြစ်မွေး၍ ပညာသင်ပေးလိုကြောင်း ကျောင်းအုပ်ကြီးကို ပြောသည်။ ကျောင်းအုပ်ကြီးမှ ပေါ်ထွန်းအောင်တို့ ညီအစ်ကိုအား မှတ်ဉာဏ်ကောင်းသူတွေဖြစ်ကြောင်း ထုတ်ဖော်ပြောသည်။ ဘုန်းတော်ကြီးက စမ်းသပ်ပြီး နှစ်သက်လေရာ ဆရာကြီးမှတစ်ဆင့် မိဘများထံ ခွင့်တောင်းသည်။ မိဘများက သားတို့နှင့် မခွဲလိုကြောင်းဖြင့် ကန့်ကွက်သည်။ ပေါ်ထွန်းအောင်က အလျှော့မပေး။ "အဖေတို့၊ အမေတို့ မလွှတ်လည်း တစ်နေ့အိမ်ကပြေးမှာပဲ"ဟု ဆိုကာ ဘုန်းတော်ကြီးနေရပ်လိပ်စာကို ယူထားလိုက်သည်။

၁၃ နှစ်သား ပေါ်ထွန်းအောင်သည် နိုင်ငံခြားသို့သွား၍ ပညာသင်ရန် အမျိုးမျိုးအဖုံဖုံ ကြိုးစားသည်။ အကြောင်းအမျိုးမျိုးကြောင့် ပျက်ခဲ့သည်။ ထိုစဉ် စစ်တွေမြို့တွင် ပရိယတ္တိသင်ကြားမှု၌ အထူးကျော်ကြားနေသော ရွှေစေတီကျောင်းဆရာတော်ဘုရားထံ သွားသည်။ ပေါ်ထွန်းအောင်က ရဲရင့်စွာဖြင့် ပညာသင်ကြားလို၍ ပညာအမွေချီးမြှင့်ပါရန် လျှောက်သည်။ ဆရာတော်လည်း သူငယ်၏ စိတ်ဆန္ဒပြင်းပြပုံကို အထူးနှစ်သက်သဖြင့် လူဝတ်ကြောင်ဖြင့် ပညာသင်ယူမည့်အစား သာမဏေပြုသင်ယူလျှင် အဆင်ပြေမည်ဖြစ်ကြောင်း၊ ထိုမှတစ်ဆင့် ရဟန်းဘောင်ဝင်၍ လေ့လာလျှင် ပို၍အောင်မြင် သင့်လျော်ကြောင်း မိန့်ကြားသည်။ ပေါ်ထွန်းအောင်သည် မိဘများထံခွင့်ပန်ပြီး သာမဏေပြုခွင့်မရမီစပ်ကြား လူဝတ်ကြောင်ကိုစွန့်ကာ ဖိုးသူတော်ဝတ်လျက် မင်္ဂလသုတ်၊ ပရိတ်ကြီး၊ သဒ္ဒါ၊ သင်္ဂြိုဟ် စသည်များ သင်ယူသည်။ ၂ နှစ်အကြာ ၁၅ နှစ်သားအရွယ်တွင် ယင်းကျမ်းတို့ကို နှုတ်စပ်တတ်သိပြီး ဖြစ်သည်။

၁၆ နှစ်သားအရွယ်တွင် သာသနာ့ဘောင်သို့ဝင်ကာ သာမဏေပြုသည်။ ညီအစ်ကိုနှစ်ယောက်စလုံး သာမဏေပြုသည်။ ရှင်ဥတ္တမနှင့် ရှင်အရိယဟူသော ဘွဲ့မည်တွင်သည်။ ရှင်ဥတ္တမဘွဲ့မည်ရ ပေါ်ထွန်းအောင်သည် ဗုဒ္ဓစာပေများကို သင်ယူသည်။ ပခုက္ကူမြို့သို့ရောက်၍ ဗုဒ္ဓပိဋကတ်စာပေများ သင်ယူသည်။ ဗုဒ္ဓစာပေများ သင်ယူရာတွင် မအူပင်မြို့သို့လည်း ရောက်သည်။ ရန်ကုန်သို့လည်း ရောက်သည်။ တောင်ငူမြို့တွင် ရှင်သာမဏေစာပြန်ပွဲ ကျင်းပရာ သွားရောက်၍ ပြန်ဆိုသည်။ ပထမရရှိခဲ့သည်။ စာပြန်ပွဲတွင် ပထမရ၍ လူသိများခဲ့သည်။

တောင်ငူမြို့ ကျွန်းကုန်းရပ်ကွက်တွင်နေသော ရှမ်းအမျိုးသမီးတစ်ဦးက မွေးစားလိုကြောင်း ဆရာတော်ထံမှ ပေါ်ထွန်းအောင်ကို တောင်းသည်။ ပေါ်ထွန်းအောင်က သားအဖြစ် မွေးစားလိုက ကာလကတ္တားသို့ ပညာသင်လွှတ်ရန် ပြောသည်။ အမျိုးသမီးကြီးက သဘောတူသည်။ သို့ဖြင့် အသက် ၁၇ နှစ်သားအရွယ်တွင် လူဝတ်ကြောင်ဖြင့် ရှမ်းအမျိုးသမီးကြီး၏ အထောက်အပံ့ရယူကာ ကာလကတ္တားသို့ ပညာသင်သွားခဲ့သည်။ ၁၉ နှစ်သားအရွယ်တွင် အင်္ဂလိပ်ပညာ ၁၀ တန်းစာမေးပွဲ အောင်သဖြင့် မြန်မာပြည်သို့ ပြန်လာခဲ့သည်။

ပခုက္ကူ ရေစကြိုတိုက်တွင် ရှင်ဝတ်ဖြင့် ဗုဒ္ဓစာပေကျမ်းဂန်များ လေ့လာသင်ကြားသည်။ ထိုသို့ သင်ကြားနေစဉ် စစ်တွေတွင် ရှိစဉ်က သိဟောင်းကျွမ်းဟောင်းဖြစ်သော ဘုံဘေဘားမားကိုယ်စားလှယ် ဦးထွန်းအောင်ကျော်ဆိုသူက ဒါယကာခံသဖြင့် ရဟန်းဘောင်သို့ ဝင်သည်။ ရဟန်းပြုပြီး ပခုက္ကူမှ အိန္ဒိယပြည်

www.burmeseclassic.com

ကာလကတ္တားသို့ ဒုတိယအကြိမ်ပြန်သွားသည်။

ဒုတိယအကြိမ် အိန္ဒိယသို့ ရောက်လေသော် အိန္ဒိယနိုင်ငံရေးအခြေအနေမှာ ပြောင်းလဲနေချေပြီ။ အိန္ဒိယအမျိုးသားခေါင်းဆောင်များ နိုင်ငံလွတ်လပ်ရေးအတွက် ထကြွနိုးကြားအောင် ဆောင်ရွက်နေကြပြီ ဖြစ်သည်။ မြန်မာနိုင်ငံတွင်လည်း လွတ်လပ်ရေးအတွက် ကြိုးပမ်းဆောင်ရွက်ရန် စိတ်ဖြစ်တည်ခဲ့သည်။

ဆရာတော်သည် အိန္ဒိယတွင်နေစဉ် သက္ကဋ္ဌ ဘင်္ဂလီ၊ နာဂလီ စသော အိန္ဒိယရှေးဟောင်းကျမ်းများ၊ စာများကို သင်ယူသည်။ အိန္ဒိယမှ ပြင်သစ်သို့သွား၍ ပညာရှာပြန်သည်။ ပြင်သစ်တွင်ရှိစဉ် ရုရှားနှင့် ဂျပန် စစ်ဖြစ်ပွားပြီး ဂျပန်က အနိုင်ယူလိုက်သဖြင့် တစ်ကမ္ဘာလုံးက ဂျပန်နိုင်ငံကို အာရုံပြုစိတ်ဝင်တစားရှိနေချိန် ဖြစ်သည်။ ဆရာတော်ဦးဥတ္တမသည် အာရှက ဂျပန်အတွက် ဂုဏ်ယူမိပြီး ဂျပန်သို့ သွားရောက်ရန် ဆုံးဖြတ်ခဲ့သည်။

သို့ဖြင့် ဆရာတော်သည် ဂျပန်သို့ ရောက်ခဲ့ပြီး သုံးနှစ်ကြာနေခဲ့သည်။ ဂျပန်မှပြန်လာသောအခါ ဂျပန်အကြောင်း စာတစ်အုပ်ရေးသည်။

ဆရာတော်သည် ၁၉၀၇ ခုနှစ်၊ ဖေဖော်ဝါရီလ ၄ ရက် (၁၂၆၈ ခုနှစ်၊ တပို့တွဲလဆုတ် ၈ ရက်)နေ့တွင် ရန်ကုန်မှ စင်္ကာပူသို့ သွားရောက်သည်။ ထိုမှ ၁၈ ရက်တွင် စင်္ကာပူမှ ဂျပန်သို့ သင်္ဘောဖြင့် ထွက်ခွာသည်။ ဆရာတော်သည် ဂျပန်ပြည်သို့ရောက်စဉ်က ရဟန်း ၉ ဝါရှိပြီဖြစ်သည်။ ဂျပန်မှ ပြန်လည်ကြွလာသောအခါ ဆရာတော်သည် ဘာသာပေါင်း ၉ ဘာသာကို ရေး၊ ဖတ်၊ ပြော ကျွမ်းကျင်စွာ တတ်မြောက်ခဲ့သည်။ တတ်မြောက်ခဲ့သော ဘာသာရပ်များမှာ (မြန်မာ၊ ပါဠိ၊ ဘင်္ဂလီ၊ နာဂလီ၊ သင်သကရိုက်၊ အင်္ဂလိပ်၊ တိဘက်၊ ပြင်သစ်၊ ဂျပန်) ဘာသာများ ဖြစ်သည်။

ဆရာတော်သည် အိန္ဒိယရှိ ဟင်ဒူမဟာသဗ္ဗခေါ် ဘာသာရေးအသင်းကြီး၏ ဥက္ကဋ္ဌအဖြစ်ဖြင့် ဆောင်ရွက်ခဲ့သည်။ ဥက္ကဋ္ဌတာဝန်ကို အလွယ်နှင့်ရခဲ့သည်မဟုတ်ပေ။ ပဏ္ဍိတ်ဗာဗီးယားဆိုသူ ပုဂ္ဂိုလ်နှင့် ယှဉ်ပြိုင်ရယူခဲ့ရခြင်း ဖြစ်သည်။ အဆိုပါပုဂ္ဂိုလ်မှာ အိန္ဒိယဝန်ကြီးချုပ်ဖြစ်ခဲ့သူ နေရူး၏ဖခင် ပဏ္ဍိတ်မိုဘာရလာနေရူးတို့နှင့် တစ်တန်းတည်းထားရသော ခေါင်းဆောင်ကြီးဖြစ်သည်။ ဤသို့သော ပုဂ္ဂိုလ်နှင့် ယှဉ်ပြိုင်အနိုင်ရယူခဲ့ခြင်း ဖြစ်သည်။

ဆရာတော်သည် ဂျပန်တွင် ပါမောက္ခအဖြစ် ဆောင်ရွက်ခဲ့စဉ်က အခကြေးငွေမယူပေ။ နေစရာနှင့် ဆွမ်းစားရန်အတွက်သာ တောင်းခံသည်။ ဆရာတော် ဂျပန်မှပြန်လာသောအခါ အမတ်ကြီး အိုတာနီက ခရီးစရိတ် အလုံအလောက်ပေးခဲ့သည်ဟူ၏။

ဆရာတော်သည် ဂျပန်၌ရှိစဉ် ဂျပန်သို့ ခေတ္တထွက်ပြေးတိမ်းရှောင်လာသော တရုတ်ပြည်၏ ဖခင်ကြီး ဒေါက်တာဆွန်ယက်ဆင်နှင့် တွေ့ရှိခင်မင်ခဲ့သည်။ တရုတ်ပြည်၏ အရေးအခင်းနှင့်ပတ်သက်၍ မည်သို့မည်ပုံ ဆောင်ရွက်သင့်ကြောင်း ဩဝါဒပေးခဲ့သည်ဟု ဆိုသည်။

ဆရာတော် ဂျပန်မှအပြန်တွင် တရုတ်ပြည်သို့ ဝင်သည်။ ယင်းမှတစ်ဆင့် ပြင်သစ်ပိုင် အင်ဒိုချိုင်းနားရှိ ဆေးဂုံမြို့သို့ ရောက်သည်။ ဆေးဂုံတွင်ရှိစဉ် မြန်မာပြည်မှ ဘာသာမျိုးစုံတတ်သော ဆရာတော်ဦးဥတ္တမ ရောက်ရှိနေကြောင်း **သတင်း**စာများတွင် ပါရှိလေရာ ထိုစဉ်က ဆေးဂုံသို့ ရောက်ရှိနေသော မြင်ကွန်းမင်းသားကြီးက ပင့်၍ ဆွမ်းကပ်သည်။ မြင်ကွန်းမင်းသားကြီးက မြန်မာပြည်ကို ပြန်လည်ရယူရန် ကြိုးစားမည်ဖြစ်ကြောင်း လျှောက်ထားရာ ဆရာတော်က မြန်မာပြည်၏အခြေအနေအရပ်ရပ်ကို ရှင်းပြပြီး "မြန်မာပြည်အနေနဲ့ အသံမြည်မှာ မဟုတ်တော့ဘူး တကာကြီး"ဟု မိန့်ကြားရာ မြင်ကွန်းမင်းသားကြီး မျက်ရည်ဖြိုင်ဖြိုင် ကျခဲ့သည်။

ဆရာတော်သည် အင်္ဂလိပ်အစိုးရ စုံထောက်များက တကောက်ကောက်လိုက်နေသဖြင့် ပြင်သစ်ပိုင် နယ်မြေသို့ ကူးသည်။ ထိုမှတစ်ဆင့် အင်္ဂလိပ်တို့ ဖမ်းယူသွားသော မြန်မာဘုရင် သီပေါမင်းနှင့် ချိန်း၍ တွေ့ဆုံခဲ့သည်။ နန်းကျဘုရင် သီပေါမင်းကို အင်္ဂလိပ်တို့က ဖြစ်သလိုထားသည်။ သစာရိက္ခာထောက်ပံ့ကြေး မလုံမလောက်။ စိတ်ပင်ပန်း ညှိုးငယ်နေသည်ကို တွေ့ရှိခဲ့ရသဖြင့် ဆရာတော် စိတ်မကောင်းဖြစ်ခဲ့ရသည်။

ဆရာတော်သည် ဂျပန်မှ မြန်မာပြည်သို့ ပြန်ရောက်လာသောအခါ ဝိုင်အမ်ဘီအေ အသင်းမှ လူများက စိတ်ဝင်စားကြသည်။ လေးစားကြသည်။ မြန်မာထဲမှ ဘာသာမျိုးစုံတတ်ပြီး အိန္ဒိယနှင့် ဂျပန်ပြည်တွင် ပရော်ဖက်ဆာ(ပါမောက္ခ)အဖြစ်ဖြင့် တာဝန်ထမ်းဆောင်ခဲ့သော ဆရာတော်အဖြစ်ဖြင့် 'မြန်မာ့တာရာသတင်းစာ'တွင် ထည့်သွင်းဖော်ပြလိုက်ရာ မြန်မာများအတော်အတန် မျက်စိပွင့်လာကြသည်။

ဆရာတော်သည် မြန်မာပြည်အနှံ့ အတန်အသင့် လှည့်လည်တရားဟောပြီးနောက် ၁၉၁၂ ခုနှစ်တွင် ဂျပန်သို့သွားပြန်သည်။ နှမဖြစ်သူ မအိမ်စိုးနှင့် မြန်မာလူငယ်သုံးဦးကို ခေါ်ယူသွားပြီး ဂျပန်၌ ပညာသင်ပေးသည်။ ၁၉၁၉ ခုနှစ်တွင် ဂျပန်ပြည်မှပြန်လာပြီး ဆူးလေဘုရားလမ်းရှိ သူရိယသတင်းစာတိုက်တွင် နေသည်။ ဆရာတော် ဂျပန်ပြည်တွင် ရေးသားလာသော



www.burmeseclassic.com

www.burmeseclassic.com

ဂျပန်ပြည်အကြောင်းစာအုပ်ကို သူရိယတိုက်မှ တိုက်ရိုက်ထုတ်ဝေသည်။ ဆရာတော်သည် သူရိယသတင်းစာတိုက်မှ ကမာရွတ်ရပ်ကွက်ရှိ ကျောင်းတစ်ကျောင်းတွင် တစ်ပါးတည်း သီတင်းသုံးသည်။

၁၉၂၀–၁၉၂၁ ခုနှစ်က မြန်မာပြည်ကို အုပ်ချုပ်သူမှာ ဘုရင်ခံ ဆာရက်ဂျီနယ် ကရက်ဒေါက် ဖြစ်သည်။ ၁၉၂၂ ခုနှစ်တွင် ဆရာတော်သည် မြန်မာပြည် အရပ်ရပ်သို့ လှည့်လည် တရားဟောရင်း ဖျာပုံခရိုင် ကျောင်းကုန်းသို့ ရောက်သည်။ ဆရာတော်တရားဟောနေစဉ် (ရဲ)က ဖမ်းသည်။ ဆရာတော်သည် နိုင်ငံအကျိုးကို ဆောင်ရွက်ခဲ့သဖြင့် နယ်ချဲ့အစိုးရ လက်ပါးစေတို့က ဖမ်းဆီးခဲ့ခြင်း ဖြစ်သည်။

ဆရာတော်အား အင်္ဂလိပ်အစိုးရက အစိုးရအပေါ် အကြည်ညိုပျက်ရန် ဟောပြောမှု ပုဒ်မ ၁၂၄(က)အရ မအူပင် အရေးပိုင်ရုံးတွင် တရားစွဲဆို စစ်ဆေးသည်။ ၁၂၈၃ ခုနှစ်တွင် မအူပင်ထောင်၌ ထောင်ဒဏ်လေးနှစ် ကျခံခဲ့ရသည်။

၁၂၈၆ ခုနှစ် မန္တလေးတွင် ဖြစ်ပွားသော အဓိကရုဏ်းတွင် အာဇာနည် ၁၇ ဦး ကျဆုံးခဲ့ရသည်။ အဓိကရုဏ်းဖြစ်ချိန်တွင် ဆရာတော် မန္တလေးသို့ကြွလာသည်နှင့် ကြုံသည်။ မန္တလေးသို့ ဆရာတော် တရားဟောရန် ကြွလာစဉ် အဓိကရုဏ်းဖြစ်ခြင်း ဖြစ်သည်။ ဆရာတော်အား မန္တလေးပရိသတ်မှ သောင်းသောင်းဖြဖြ ကြိုဆိုကြလေရာ ထိုနေ့မှာပင် ဆရာတော်အား ပုလိပ်(ရဲ)များက ခေါ်ယူ၍ ညဥ့်ရထားဖြင့် ရန်ကုန်သို့ပို့သည်။ ဆရာတော်သည် အဓိကရုဏ်းဖြစ်ရသည်ကို စိတ်မချမ်းသာပေ။

ဆရာတော်သည် မန္တလေးအရေးအခင်းနှင့် ပတ်သက်၍ ဟောပြောရာတွင် ဖြစ်စဉ်ဖြစ်ရပ်များနှင့်တကွ ပရိသတ်များကို ဖွင့်ဆိုရှင်းပြ ဟောပြောသည်။ သို့ဖြင့် ဆရာတော်ဦးဥတ္တမအား ရန်ကုန်ခရိုင်တရားသူကြီး ဆစ်ဆလာရုံးတွင် စစ်ဆေးသည်။ ဆရာတော်ဦးဥတ္တမနှင့်အတူ ဘုန်းတော်ကြီးအချို့ လိုက်ပါလာသည်။ လူပရိသတ်များမှာ တရားရုံးအပြည့်ဖြစ်သည်။

ဆရာတော်အား တရားရုံးမှ စစ်ဆေးရာ ဆရာတော်က မည်သို့မျှ ခုခံပြောဆိုခြင်းမပြုပေ။ တရားသူကြီးနှင့် အစိုးရအား ဆုံးမစာတစ်စောင်ရေးပေးကာ "အပြစ်ရှိတယ်ဆိုရင် ထောင်ချတော့"ဟု ပြတ်သားစွာ မိန့်ကြားသည်။ ခရိုင်တရားသူကြီးကလည်း ဆရာတော်အား အလုပ်ကြမ်းနှင့် ထောင်ဒဏ်သုံးနှစ် အပြစ်ပေးလိုက်သည်။ ဤသို့ဖြင့် ဆရာတော်သည် ဒုတိယပို့ ထောင်နန်းစံရပြန်သည်။

ဆရာတော်ထောင်ကျစဉ်တွင် ဆရာတော်အတွက် ရန်ပုံငွေ(ဦးဥတ္တမရန်ပုံငွေ)ကောက်ခံကြသည်။ ဆရာတော်ထောင်မှထွက်လာသောအခါ ဆရာတော်ကို ပေးအပ်ခဲ့ကြသည်။

ဆရာတော် ထောင်မှထွက်လာပြီးအချိန်တွင် နိုင်ငံရေးအခြေအနေ ရှုပ်ထွေးနေသည်။ တစ်ချိန်က စွမ်းစွမ်းတမံ တက်တက်ကြွကြွ ခေါင်းဆောင်ခဲ့သူအချို့လည်း ရာထူးရသူရ၊ အမတ်ဖြစ်သူဖြစ်၊ ဝန်ကြီးလုပ်သူလုပ်နေကြပြီ ဖြစ်သည်။ နိုင်ငံအရေး ပြည်သူအရေးထက် မိမိတို့၏ အရေးကိုသာ လက်ကိုင်ထားနေကြပြီ ဖြစ်သည်။ ထိုကဲ့သို့သော စိတ်မချမ်းမြေ့စဖွယ် အခြေအနေအရပ်ရပ်ကို မြင်တွေ့ရသော ဆရာတော်သည် များစွာ စိတ်ဆင်းရဲရရှာသည်။ ယခင်က အတူတကွ တွဲ၍ခေါင်းဆောင်ခဲ့ကြသော နိုင်ငံရေးသမားများသည် ရာထူးစည်းစိမ် ယစ်မူးကာ ဆရာတော်အား ပစ်ပယ်ကြတော့သည်။

နောက်ပိုင်း၌ ဆရာတော်သည် အခြေအနေမဲ့သကဲ့သို့ပင် ဖြစ်ခဲ့သည်။ ဖြစ်သလိုနေ၊ ဖြစ်သလိုစား၊ အခြေအနေဆိုးဖြင့် ၁၉၃၉ ခုနှစ်၊ စက်တင်ဘာ ၉ ရက် (၁၃၀၁ ခုနှစ်၊ ဝါခေါင်လဆုတ် ၁၁ ရက်၊ စနေ)နေ့တွင် ဆရာတော်ဦးဥတ္တမသည် ရန်ကုန်ဆေးရုံကြီး၌ ပျံလွန်တော်မူသည်။

ဆရာတော် ပျံလွန်တော်မူပြီးနောက် လွတ်လပ်ရေးရပြီး ယနေ့အထိ မြန်မာနိုင်ငံ၏ သမိုင်းစဉ်ကို မှတ်တမ်းတင်ကြသည့်အခါ ဆရာတော်၏ ဂုဏ်ကျေးဇူးကို အထူးလေးစားချီးကျူးခဲ့ကြရပေသည်။ ဆရာတော်၏ ကျေးဇူးကြောင့်ပင် မြန်မာကို့ မျက်စိပွင့် နားပွင့်ခဲ့ကြသည်။ လွတ်လပ်ရေးရရှိရန်အတွက် ခေတ်အဆက်ဆက် နှစ်အလည်လည် ကာလရှည်ရှည် ကြိုးပမ်းခဲ့ကြသည်။ ဆရာတော်ကား မိမိတစ်ဦးတည်းအတွက် လူဖြစ်လာသော သာမန်ပုဂ္ဂိုလ်မဟုတ်၊ အများအတွက်၊ ပြည်သူအတွက် ပေါ်ထွန်းလာရသော ပုဂ္ဂိုလ်ထူးဖြစ်သည်။


အဆိုပါ ပုဂ္ဂိုလ်ထူးအတွက် ဆိုခဲ့သလို ရန်ကုန်ရှိ ကန်တော်မင်(ကန်တော်မင်္ဂလာ)ပန်းခြံအား ဦးဥတ္တမပန်းခြံဟူ၍ ဂုဏ်ပြုသတ်မှတ်ခဲ့သလို ဆရာတော်ဦးဥတ္တမ အထိမ်းအမှတ် ကြေးရုပ်တုကြီးကို ရခိုင်ပြည်နယ်၊ စစ်တွေမြို့ရှိ ဦးဥတ္တမပန်းခြံတွင် သွင်းထုစိုက်ထူထားသည်။ ထို့ပြင် နှစ်စဉ်နှစ်တိုင်း ဆရာတော်ဦးဥတ္တမ ပျံလွန်တော်မူခဲ့သည့် စက်တင်ဘာလ ၉ ရက်နေ့ရောက်တိုင်း ရခိုင်ပြည်နယ်အတွင်းရှိ မြို့နယ်တိုင်းတွင် 'ဦးဥတ္တမ' နေ့ကို စနစ်တကျ စည်ကားသိုက်မြိုက်စွာ ကျင်းပလျက်ရှိသည်။ မြန်မာနိုင်ငံ အချို့မြို့နယ်များရှိ လမ်းများကိုလည်း 'ဦးဥတ္တမလမ်း'ဟု ဂုဏ်ပြုမှည့်ခေါ်ပေးခဲ့ကြသည်။

ကိုမောင်သန်းဝင်း



www.burmeseclassic.com

www.burmeseclassic.com



www.burmeseclassic.com

www.burmeseclassic.com



# ရဲဘော်ခိုင်ကြယ် လွမ်းဆွတ်ရသော… နေ့ရက်များ

ညီတော်ရှင်အာနန္ဒာအဖို့ နောင်တော်ဖြစ်သော၊ ခမည်းတော်သဖွယ်လည်း
ဖြစ်သော ဗုဒ္ဓဘုရားရှင် ပရိနိဗ္ဗာန်စံလွန်လေပြီးသည့်သမယ ဖြေမနိုင် . . .
ရေဆိုင်ဝဲသို့ မှိုင်ပွဲတို့ သစ်ခဲ့ရလေပြီ။ သွားလေရာ၊ စားလေရာ၊ နားလေရာသာမက
ကျိန်းစက်ရာမှာပင်လျှင် အနှိုင်းမဲ့ ကျေးဇူးတော်ရှင်မြတ်ဗုဒ္ဓအား
တရစ်ဝဲဝဲနှင့် မေ့ဖျောက်နိုင်ခြင်းငှာ မစွမ်းသာခဲ့။
ဗုဒ္ဓဘုရားရှင်ကား အတ္တကိုယ်ကျိုးကို လုံးဝမငဲ့ခဲ့။

www.burmeseclassic.com

www.burmeseclassic.com

သတ္တဝါဝေနေယျအပေါင်းကို သံသရာဝဋ္ဋဆင်းရဲတွင်းမှ ကယ်ထုတ်ရန်အတွက် လေးသင်္ချေနှင့်ကမ္ဘာတစ်သိန်းတိုင် ပါရမီဖြည့်တော်မူလျက် ဘုရားပွင့်တော်မူလာခဲ့ခြင်းဖြစ်သည်။ နောင်တော်ဘုရားရှင်ကား လောက၌ အပင်ပန်းခံ၊ အဆင်းရဲခံသည့်နေရာဝယ် အနှိုင်းမဲ့ ပုဂ္ဂိုလ်မြတ်ကြီးဖြစ်ချေသည်။

ရှင်အာနန္ဒာအဖို့ အလုပ်အကျွေးအဖြစ်နှင့် အနီးစပ်ဆုံး ထိကပ်နေရသူဖြစ်တော့ ... ဘုရားရှင်၏ နိစ္စရူပ တစ်နေ့တာကို အတွေးကားချပ်၌ တဖျတ်ဖျတ် ပုံရိပ်တွေထင်စေခဲ့လေတော့သည်။

♦♦♦

နံနက် (၄)နာရီ ...။

သည်အချိန်ရောက်ပြီဆိုလျှင် မြတ်ဗုဒ္ဓဘုရားရှင်အဖို့ ကျိန်းစက်ရာမှ ထတော်မူ၍ မျက်နှာ၊ ကိုယ်၊ လက်တို့ သန့်ရှင်းစေပြီးသည့်သကာလ မဟာကရုဏာတော်စျာန်သမာပတ်ဝင်စားလျက် စကြဝဠာတိုက်တစ်သောင်းရှိ ကျွတ်ထိုက်သော ဝေနေယျသတ္တဝါအပေါင်းအား ရှာဖွေကြည့်ရှုတော်မူစမြဲ။

ကျွတ်ထိုက်သူ တွေ့ပြီဆိုလျှင်လား ...။

ယူဇနာပေါင်း ကုဋေကုဋာမကဝေးကွာစမ်းပါစေ။ ကျွတ်ထိုက်သူရှိရာ အရပ်ဒေသသို့ မြန်းကြွလှမ်းလင့်ကာ သွားရောက်ချွတ်တော်မူစမြဲပင်။

သည်လိုနှင့် မိုးစင်စင်လင်းသွားခဲ့ရသည်။

ထိုအခါဝယ် ကျောင်းတိုက်တွင်းရှိ သံဃာတော်အပေါင်းခြံရံလျက် ဦးဆောင်ကာ ဆွမ်းခံကြွတော်မူခဲ့သည်။ ထိုသို့ဆွမ်းခံကြွတော်မူရင်းမှပင် ကျွတ်သင့်ကျွတ်ထိုက်သူတို့နှင့် ဆုံတွေ့ရပါက တရားဒေသနာတော်များ ဟောကြားလျက် ချွတ်ကယ်တင်တော်မူစမြဲ။

ပမာဆိုရလျှင်... တိတ္ထိဆရာကြီးများ၏ တပည့်ရင်းဖြစ်ခဲ့ဖူးသော 'သုရမ္ဗဋ္ဌ' အား သောတာပန်အဖြစ်သို့လည်းကောင်း၊ ဒိဋ္ဌေဒိဋ္ဌမတ္တံ အစရှိသော အတိုဆုံးသောတရားဖြင့် 'ဗာဟိယဒါရုစီရိယ' အား ရဟန္တာဖြစ်မြောက်အောင်လည်း ချွတ်ကယ်တင်ခဲ့သည်မှာ ဆွမ်းခံရင်းမှ ဖြစ်လေသည်။

ဆွမ်းခံရာမှ ပြန်ကြွလာပြီးသကာလ ခြေဆေးနေရင်းမှာပင်လျှင် ဒုလ္လဘတရားငါးပါး... ...ကြားတော်မူပြန်ပါ ...

... နေ့ဆွမ်းကို ဥတုသပ္ပါယမျှ... ... ဘုန်းပေးတော်မူသည်။

နေ့ဆွမ်းကိစ္စအပြီး မွန်းတည့် (၁၂)နာရီခန့်ရှိလေသော် ရဟန်းအပါးငါးရာကျော်တို့က ကမ္မဋ္ဌာန်းတရားနှင့်ပတ်သက်သည့် ပုစ္ဆာပြဿနာများကို မေးလျှောက်ကြပြန်သည်။ အချို့အချို့သော ရဟန်းတွေက ၄င်းတို့နှင့် သင့်တော်လျှောက်ပတ်မည့် ကမ္မဋ္ဌာန်းတရားတော်တို့ကို တောင်းခံကြပြန်သည်။

ဒါတွေကိုလည်း နောင်တော်ဘုရားရှင်သည် ပြေလည်အောင်ဖြေရှင်းတည့်မတ်ပေးခဲ့သည်ချည်း။

သို့ဖြင့် ... ည (၇)နာရီသို့ ရောက်ရှိသွားခဲ့သည်။

ထိုအချိန်၌ တရားတော်နာကြားရန် ရောက်လာကြသည့် ရပ်နီးရပ်ဝေးမှ ဒါယကာ၊ ဒါယိကာမအပေါင်းလည်း ကျောင်းတော်၌ ပြည့်လျှံနေခဲ့ပါပကော။

သည်အခါတွင်လည်း နောင်တော်ဘုရားရှင်သည် အနားမယူ၊ ညည်းငြူမှုမရှိဘဲ မဂ်ဖိုလ်ရကြောင်း တရားတော်များကိုဆက်ပြီး ဟောကြားတော်မူရပြန်ပါသည်။ ထိုသို့ လူပရိသတ်အပေါင်းအား တရားဓမ္မများဟောကြားပြီးချိန်မှာတော့ အချိန်ကာလသည် ည (၁၁) နာရီသို့ ရောက်ရှိခဲ့ပါပြီ။

ထိုအခါတွင် တရားဟောပလ္လင်ထက်မှ ဆင်းသက်လိုက်သည်။

ကျိန်းစက်ရာ ဂန္ဓကုဋီတိုက်သို့ လှမ်းကြွတော်မူလိုက်သည်။

သို့ပါသော်ငြား ... ညောင်စောင်းထက် မလဲလျောင်းနိုင်ပါသေး။

အကြောင်းမူ ဂန္ဓကုဋီတိုက်အတွင်းဝယ် တရားနာယူရန် ပြဿနာများမေးလျှောက်ရန် သိကြားမင်းနှင့်တကွ နတ်ဒေဝတာပရိသတ်အပေါင်းက စောင့်စားနေကြသည်မဟုတ်ပါလား။

သည်တော့လည်း တရားဒေသနာတော်များကို ဟောကြားရပြန်သည်။

ပြဿနာများရှင်းလင်းသွားစေရန် မိန့်ကြားရပြန်သည်။

သို့ဖြင့် ည - တစ်နာရီခွဲခန့် ရောက်ရှိသွားခဲ့ရပြန်သည်။ သို့သော် ဘုရားရှင်အဖို့ကျိန်းစက်တော်မမူပါသေး။ အကြောင်းမူ တရားနာယူရန် ဗြဟ္မာများ ရောက်ရှိလာသောကြောင့်ဖြစ်သည်။

ဗြဟ္မာများအား တရားဒေသနာအပေါင်းကို ဟောကြားအပြီးမှာတော့ နောက်တစ်ရက်ကူးသွားပြီဖြစ်သည့် သုံးနာရီဝန်းကျင်သို့ ရောက်ရှိသွားခဲ့သည်။ ထိုအချိန်ကျမှသာလျှင် နောင်တော်ဘုရားရှင်အဖို့ ပင်ပန်းနွမ်းနယ်မှုအပေါင်းအား ဥပေက္ခာပြုလျက် ကျိန်းစက်အနားယူခွင့်ရတော့သည်။

ဒါကလည်း အချိန်နာရီ ရှည်ရှည်လျားလျားမဟုတ်။

မနက် (၄)နာရီထိုးသည်နှင့် ကျိန်းစက်ရာမှထ၊ ကိုယ်လက်သန့်ရှင်းပြီးတော့ မဟာကရုဏာ စျာန်သမာပတ်တွေဝင်စားပြီး တစ်နေ့တာ၏အလျားကို ကူးခတ်ရဦးမည်ဆိုတော့ ဘုရားရှင်၏ ကျိန်းစက်ခွင့်ကာလတာသည် တစ်နာရီနှင့် မိနစ် (၂၀)ခန့်မျှသာ။

အမှန်တကယ်လည်း တစ်နေ့တာ၌ (၂၄)နာရီရှိသည့်အနက် (၂၂)နာရီ



www.burmeseclassic.com

www.burmeseclassic.com

ကျော်ကျော်မှာ သတ္တဂါဝေနေယျအပေါင်းအတွက် မေတ္တာကရုဏာတော်ကြီးမားစွာဖြင့် နိဗ္ဗူရပေးဆပ်ဖြစ်နေသောအချိန်တွေရယ်ပါတည်း။

ရှင်အာနန္ဒာအဖို့ နောင်တော်ဘုရားရှင်၏ ဂုဏ်ကျေးဇူးတော်တို့အား ရည်မှန်းလျက် ပူဇော်မဝ၊ တမ်းတ၍လည်း မဆုံး။

"အရှင်ဘုရား ...

အရှင်ဘုရားဟာ အဲသည်လောက်တောင်မှ အပင်ပန်းခံတယ်ဆိုတာ ဒါနပြုကတ်ရုံ၊ သီလဆောက်တည်တတ်ရုံ၊ သမထပွားတတ်ရုံလောက်အတွက် မဟုတ်ဘူးဆိုတာ တပည့်တော်သဘောပေါက်ပါပြီဘုရား...။

အဲသည်ကုသိုလ်တွေဆိုတာကတော့ သာသနာတွင်းမှာလည်းရှိ၊ သာသနာမှာလည်းရှိနေကြတဲ့ တရားတွေပါပဲ။ အချိန်မရွေး ဆောက်တည်ကျင့်ကြံလို့ ရပါတယ်။ ဒါပေမဲ့ ဝိပဿနာ ဘာဝနာတရားကတော့ သာနသာတွင်းမှာသာပဲ ရရှိနိုင်တဲ့တရားပါ။ မဂ်ဖိုလ်ကို တိုက်ရိုက်ပေးနိုင်တဲ့ တရားပါဘုရား"

အမှန်တကယ်လည်း ရှင်အာနန္ဒာအတွက် ယူဆယုံကြည်ထားသည့် အတိုင်းပင်။

ဘုရားရှင်သည် ဘုရားအဖြစ်သို့ ရောက်ရှိပြီးသည့်သကာလ ရသမျှအချိန်လေးများ၌ သတ္တဝါဝေနေယျအပေါင်းအပေါ် မဟာကရုဏာတရားကြီးစွာထားလျက် ချွေချွတ်တော်မူခဲ့ခြင်းဖြစ်သည်။ ပမာဆိုရလျှင် ...ပရိနိဗ္ဗာန်စံလွန်အံ့ဆဲဆဲမှာပင် ကျွတ်သင့်ကျွတ်ထိုက်သူကို ကျွတ်စေခဲ့၏။ မဂ်ဖိုလ်ဆိုက်နိုင်မည့်သူအား ကိုက်ညီအက်စပ်မည့် ပဋ္ဌာန်းတရားမဂ်တရားတို့ကို လမ်းညွှန်ပြခဲ့၏။ ကိုယ်တိုင်ဆင်းရဲပင်ပန်းကြီးစွာခံစားနေရသည့် ဝေဒနာကို ဂရုမထားခဲ့။

မှတ်မိသေးတော့သည်။

နောင်တော်ဘုရားရှင် ပရိနိဗ္ဗာန်စံဝင်ခါနီးဆဲအချိန်မို့ ရဟန်းအများစုသည် ဘုရားရှင်အနီး၌ ဝိုင်းဝန်းပြုစုနေကြသည်။

ထိုအချိန်ဝယ် ရဟန်းတစ်ပါးဖြစ်သည့် 'ရှင်အတ္တဒတ္တ' သည် ဘုရားရှင်၏ အနီးအပါးတွင်မရှိ။

"ငါရှင်တို့ အတ္တဒတ္တကို မမြင်ပါလား"

"မမြင်ဆို တောအုပ်တစ်ခုထဲသွားပြီး တရားအားထုတ်နေသတဲ့ဘုရား"

"ဘယ့်နှယ်ကွယ် ဘုရားရှင်ကိုယ်တော်မြတ်ကြီး သည်လောက်ဒုက္ခခံစားနေရတာကို သင်က အနီးကပ်လာရောက်ပြုစုခြင်းမရှိဘဲ တစ်ကိုယ်ကောင်းဆန်ဆန် လစ်ထွက်သွားရတယ်လို့"

"ဟုတ်ပါရဲ့ သည်အချိန်မှာ တို့များလိုပဲ အနီးကပ်ပြုစုပေးနေသင့်တာပေါ့။ လုပ်ကျွေးပူဇော်သင့်တာပေါ့။ သင့်ရဲ့လုပ်ပုံကတော့ မဟုတ်သေးပါဘူး"

ရဟန်းသံဃာတော်တော်များများက အတ္တဒတ္တအပေါ်၌ အမြင်ကြည်လင်မှုမရှိကြ။ ပြစ်တင်ကဲ့ရဲ့ရှုတ်ချသော စကားသံတွေက တစ်ယောက်တစ်ပေါက် ပေါ်ထွက်လာကြသည်။ သည်အထဲမှာ ဘုရားရှင်၏ ရွှေနားတော်သို့ပေါက်ကြားအောင် လျှောက်ထားသူက ရှိနေသေးသည်။ သည်တော့လည်း အနီးကပ်အလုပ်အကျွေးဖြစ်သော ရှင်အာနန္ဒာအဖို့ ရှင်အတ္တဒတ္တအား ဘုရားရှင်၏ ရှေ့တော်မှောက်သို့ အရောက်ပို့ပေးခဲ့ရပြန်ပါသည်။

သည်အဖြစ်ကလေးကလည်း မမေ့သာသောအဖြစ်ရယ်ပါတည်း။

သည်အဖြစ်နှင့်ယှဉ်လျက် ဘုရားရှင်၏ ပြကတေ့နှလုံးသားကို ဦးခိုက်ပူဇော်ခွင့်ရလိုက်ချေသည်။ ရှင်အတ္တဒတ္တ ဘုရားရှင်ရှေ့တော်မှောက်သို့ ရောက်ရှိခဲ့ပါပြီ။

"အရှင်ဘုရား ... တပည့်တော် အတ္တဒတ္တပါဘုရား"

အတ္တဒတ္တ၏ လျှောက်ထားသံ ကြားလိုက်ရ၍ ဘုရားရှင်လည်း မှိန်းနေရာမှ မျက်လွှာတော်ကို ဖွင့်လှပ်လိုက်ချေသည်။

"ချစ်သား ... အတ္တဒတ္တ

တခြားတခြားသော ရဟန်းတော်တွေဟာ ငါဘုရားရှင် ပရိနိဗ္ဗာန်စံခါနီးတာကိုသိကြတဲ့အတွက် ငါဘုရားရှင်ရဲ့ အနီးမှာနေပြီး ပြုစုနေကြတယ်။ လူတွေ၊ နတ်တွေ၊ ဗြဟ္မာတွေကလည်း ငါဘုရားရှင်သက်တော်ထင်ရှားရှိလုရှိသေးတဲ့အခိုက် နောက်ဆုံးပူဇော်ခြင်းအနေနဲ့ အကြီးအကျယ်ပူဇော်နေကြလေရဲ့။ ဒါပေမဲ့ ချစ်သား အတ္တဒတ္တကတော့ ဘယ်လိုမျိုးရည်ရွယ်ချက်နဲ့ ငါဘုရားရှင် အနားမှာမရှိဘဲ အနီးကပ်ပူဇော်လုပ်ကျွေးခြင်းမပြုဘဲ တောထဲသွား ... သွားနေရတာလဲ ချစ်သား"

အနီးအပါးတွင်ရှိကြကုန်သော ရဟန်းအပေါင်းအဖို့ ဘုရားရှင်ထံမှ မေးမြန်းတော်မူလိုက်သည့်အပေါ် အတ္တဒတ္တ ဘယ်လိုများ တုံ့ပြန်လျှောက်ထားမှာပါလိမ့်ဟု သိချင်စိတ်တွေ တဖွားဖွားဖြစ်ပေါ်လာခဲ့ကြသည်။ အလုံးစုံသောအာရုံတို့သည် အတ္တဒတ္တအပေါ်တွင် သွန်းဖြိုးလျက်။

"အရှင်ဘုရား ...

တပည့်တော် အတ္တဒတ္တ ရည်ရွယ်ချက်ရင်းအမှန်ကို တင်ပြလျှောက်ထားရမယ်ဆိုရင် မြတ်စွာဘုရားရှင် ပွင့်တော်မူလာတာဟာ ဝေနေယျသတ္တဝါအပေါင်းမဂ်ဖိုလ်ရဖို့ပဲလို့ သိနားလည်ထားပါတယ်ဘုရား ...

အခုဆိုရင် အရှင်ဘုရားဟာ ပရိနိဗ္ဗာန်စံဝင်လုဆဲဆဲအနေအထားကို ရောက်ရှိနေခဲ့ပါပြီ။ သည်တော့ တပည့်တော်ဟာ ဘုရားရှင် ပရိနိဗ္ဗာန်မစံဝင်



www.burmeseclassic.com

www.burmeseclassic.com

**သက်တော်ရှည်သည့် အခြား၊ အခြားသော ဘုရားရှင်တို့သည် ပရိနိဗ္ဗာန်ဝင်စံသည့်အခါ၌ သာသနာကို တစ်ခါတည်းရုပ်သိမ်းသွားတော်မူခဲ့သည်။ ပမာအားဖြင့် အသက်နှစ်သောင်းတမ်း၌ ပွင့်တော်မူခဲ့သည့် ကဿပဘုရားရှင်ဆိုလျှင် ပရိနိဗ္ဗာန်စံသည်နှင့် သာသနာတော်သည်လည်းကွယ်ပသွားတော့သည်သာပင်။ စင်စစ် သာသနာကွယ်သည်ဆိုခြင်းမှာ မဂ်ဖိုလ်ရကြောင်း ဝိပဿနာတရားအား ဟောပြောပြသသူ ကင်းပသွားခြင်းကို ဆိုလိုသည်။ ဤဂေါတမဘုရားရှင်ကျတော့ သက်တမ်းက တစ်ရာတမ်း။ သည်သက်တမ်းကလေး၌ ချေချွတ်ကယ်တင်ရမည့် သတ္တဝါဝေနေယျ တွေဆိုသည်မှာအများကြီး။ သည်တော့**

အချိန်ကလေးမှာ လေးမဂ်လေးဖိုလ်ရအောင် ကျင့်ကြံအားထုတ်ပြီး တပည့်တော်ရလာမယ့် မဂ်ဖိုလ်နဲ့ ဘုရားရှင်ကို နောက်ဆုံးပူဇော်မယ်ဆိုတဲ့ ရည်ရွယ်ချက်နဲ့တောထဲသွားပြီး မဂ်ဆိုက်၊ ဖိုလ်ဆိုက်အောင် ကျင့်ကြံအားထုတ်နေခဲ့တာပါဘုရား''

အတ္တဒတ္ထ၏ တင်လျှောက်မှုအဆုံးမှာတော့ အားလုံးသော ပရိသတ်အဖို့ ဘုရားရှင်ထံမှ မည်သို့သော ဆုံးဖြတ်မိန့်ကြားမှုများ ပွင့်အန်လာမှာလိမ့်ဟု စိတ်ဝင်စားခြင်းကြီးစွာဖြင့် ငံ့လင့်နေခဲ့ကြလေသည်။ မြတ်စွာဘုရားရှင်၏ နှုတ်လွှာတော်မှ ကာလမကြာခင်မှာပင် အသံများ ပေါ်ထွက်လာခဲ့လေသည်။

''သာဓု .. သာဓု .. သာဓုပါ ချစ်သား ...

ငါဘုရားရှင်ကို ပူဇော်ခြင်းမျိုးစုံ ပြုကြတဲ့အထဲမှာ ချစ်သားလို ဝိပဿနာ ပဋိပတ်အကျင့်တရားနဲ့ ပူဇော်တာဟာ အမြတ်ဆုံးပါပဲ ချစ်သား ''

နောင်တော်ဘုရားရှင်ကား ဤသို့သော နှလုံးသားပိုင်ရှင်ပေတည်း။

''သတ္တဝါဝေနေယျတွေအပေါ် မနေမနားချေချွတ်တော်မူတဲ့ မြတ်စွာဘုရားရှင်ရဲ့ မေတ္တာ၊ စေတနာကို လေးစားတဲ့အနေနဲ့ ဝိပဿနာဘာဝနာ တရားကို ပွားများအားထုတ်ရမယ်''

သည်အသိတရားသည် ရှင်အာနန္ဒာ၏ရင်ထဲသို့ လွင်စာသိမ့်သိမ့် ငြိမ့်ငြိမ့်ကလေး စီးမျောဝင်ရောက်လာခဲ့သည်။

သက်တော်ရှည်သည့် အခြား၊ အခြားသော ဘုရားရှင်တို့သည် ပရိနိဗ္ဗာန်ဝင်စံသည့်အခါ၌ သာသနာကို တစ်ခါတည်းရုပ်သိမ်းသွားတော်မူခဲ့သည်။ ပမာအားဖြင့် အသက်နှစ်သောင်းတမ်း၌ ပွင့်တော်မူခဲ့သည့် ကဿပဘုရားရှင်ဆိုလျှင် ပရိနိဗ္ဗာန်စံသည်နှင့် သာသနာတော်သည်လည်းကွယ်ပသွားတော့သည်သာပင်။ စင်စစ် သာသနာကွယ်သည်ဆိုခြင်းမှာ မဂ်ဖိုလ်ရကြောင်း ဝိပဿနာတရားအား ဟောပြောပြသသူ ကင်းပသွားခြင်းကို ဆိုလိုသည်။

ဤဂေါတမဘုရားရှင်ကျတော့ သက်တမ်းက တစ်ရာတမ်း။

သည်သက်တမ်းကလေး၌ ချေချွတ်ကယ်တင်ရမည့် သတ္တဝါဝေနေယျတွေဆိုသည်မှာအများကြီး။ သည်တော့ ပရိနိဗ္ဗာန်စံဝင်ခဲ့ပြီးသည့်နောက် သာသနာ မကွယ်ပရလေအောင် မဂ်ဖိုလ်ရနိုင်ကြောင်းအတွက် သာသနာအနှစ်ငါးထောင်အား မှတ်မှတ်ရရထားသွားခဲ့သည်ကား မဟာကရုဏာတော်၏ ပြယုဂ်တစ်ခုပဲဟု ဆိုရပေတော့မည်။

ထို့ပြင်တစ်ဝ သက်တော်ရှည်သည့် ကဿပဘုရားရှင်သည် ဓာတ်တော်ကို တစ်လုံးတည်း တစ်ခဲတည်းထားတော် မူခဲ့သည့်တိုင် သက်တော်ရှည်သည့် ဂေါတမဘုရားရှင်ကမူ 'နောင်တစ်ချိန်၌ ငါ၏ ဓါတ်တော်တို့အားဖူးတွေ့ပြီး ဝိပဿနာ တရားများကို အားထုတ်ဖြစ်ကြပါစေ' ဟူသည့် စေတနာမေတ္တာဖြင့် အစိတ်စိတ် အမွှာမွှာဖြစ်အောင် အဓိဋ္ဌာန်တော်မူခဲ့သည်မှာလည်း ကြီးမားသော မဟာကရုဏာတော်ပါပေ။

ပြီးတော့ ပရိနိဗ္ဗာန်စံတော့မည့်အချိန်ဆိုက်ရောက်လာစဉ် နောက်ဆုံးစကားအဖြစ် ...

''ချစ်သား ချစ်သမီးတို့

ငါဘုရား နောက်ဆုံးမှာကြားခဲ့ချင်တာကတော့ ရုပ်နာမ်ခန္ဓာ၊ သင်္ခါရတရားတွေဆိုတာ ပျက်စီးခြင်းသဘောရှိကြပါတယ်။ သည်တော့ ဝိပဿနာတရားနဲ့ပြည့်စုံအောင်ဖြည့်ဆည်းကြရင်း မမေ့မလျော့ မပေါ့ဆကြပါနဲ့''

သည်စကားကလည်း ရှင်အာနန္ဒာ၏ နားယံထဲမှမထွက်။

သည်တော့လည်း သည်းဖျားနာကျင်ဆွတ်မြစွာဖြင့် ရက်ပေါင်း၊ လပေါင်းများစွာကို ကျော်ဖြတ်ရပေဦးတော့မည်တကား။

ကျမ်းကိုး။ ။ ကြည်ညိုဖွယ်ရာ ဗုဒ္ဓတစ်နေ့တာ (မေတ္တာရှင် ရွှေပြည်သာ)

နန္ဒာမိုးကြည်



www.burmeseclassic.com


www.burmeseclassic.com

# တစ်လအတွင်း

## ကောင်းခြင်းမင်္ဂလာဒိုင်ယာရီ


**၁.၈.၂၀၁၃ မှ ၃၁.၈.၂၀၁၃ အထိ**

ဆရာရွှေ (နက္ခတ္တဗေဒပညာရှင်)





**၁.၈.၂၀၁၃ ခု၊ ၁၃၇၅ ခု၊ ဝါဆိုလပြည့်ကျော် ၁၀ ရက်၊ ကြာသပတေးနေ့**

မကောင်းသောရက် ၁၀ ပါးမှလွတ်၍ **ကောင်း၏။ သဗ္ဗအတ္ထသိဒ္ဓိယုဂ်လည်းရ၍** အထူးကောင်း၏။ မည်သည့်လုပ်ငန်းသစ်မဆို **စတင်ဆောင်ရွက်ပါ။** အောင်မြင်ပါမည်။ တောင်အရပ်မျက်နှာမူ၍ လုပ်ငန်းစပါ။ စန်းပွင့်၏။ **နံနက် ၉ နာရီမှ ၁၀** နာရီအတွင်း အခါကောင်းပါသည်။ မြောက်အရပ် ယောဂနီသင့်၍ **ခရီးမသွားအပ်ပါ။ ဆောင်ပန်း**–ကံ့ကော်ညွန့်ဆောင်ပါ။ **ကံကောင်းသောဂဏန်း** (၅–၆–၁–၂–၄)




**၂.၈.၂၀၁၃ ခု၊ ၁၃၇၅ ခု၊ ဝါဆိုလပြည့်ကျော် ၁၁ ရက်၊ သောကြာနေ့**

သမားညီရက် ၁ ရက်မိ၏။ သဗ္ဗအတ္ထသိဒ္ဓိယုဂ်လည်းရ၍ ကောင်း၏။ လုပ်ငန်းသစ်များ လုပ်ပါ။ အောင်မြင်ပါမည်။ တောင်အရပ်မျက်နှာမူ၍ လုပ်ငန်းစပါ။ စန်းပွင့်၏။ နံနက် ၇ နာရီမှ ၈ နာရီအတွင်း အခါကောင်းပါသည်။ အရှေ့တောင်အရပ် ယောဂနီသင့်၍ ခရီးမသွားအပ်ပါ။ **ဆောင်ပန်း**–ဆီးညွန့်ဆောင်ပါ။ **ကံကောင်းသောဂဏန်း**(၆–၆–၂–၂–၄)





**၃.၈.၂၀၁၃ ခု၊ ၁၃၇၅ ခု၊ ဝါဆိုလပြည့်ကျော် ၁၂ ရက်၊ စနေနေ့**

သမားညီရက် ၁ ရက်မိ၏။ ကျန်ရက်များလွတ်၍ သင့်ပါသည်။ မလုပ်မဖြစ် လုပ်ငန်းများလုပ်ပါ။ သင့်တင့်ကောင်းမွန်ပါမည်။ အနောက်အရပ်မျက်နှာမူ၍ လုပ်ငန်းစပါ။ စန်းပွင့်၏။ နံနက် ၇ နာရီမှ ၈ နာရီအတွင်း အခါကောင်းပါသည်။ အနောက်**တောင်အရပ်**ယောဂနီသင့်၍ ခရီးမသွားအပ်ပါ။ **ဆောင်ပန်း**–ရွက်လှညွန့်ဆောင်ပါ။ **ကံကောင်းသောဂဏန်း** (၇–၄–၃–၂–၄)




www.burmeseclassic.com

www.burmeseclassic.com





**၄.၈.၂၀၁၃ ခု၊ ၁၃၇၅ ခု၊ ဝါဆိုလပြည့်ကျော် ၁၃ ရက်၊ တနင်္ဂနွေနေ့**

မကောင်းသောရက် ၁၀ ပါးမှ လွတ်၍ ကောင်း၏။ မည်သည့်လုပ်ငန်းမဆို လုပ်ကိုင်ပါ။ အောင်မြင်ပါမည်။ အနောက်အရပ်မျက်နှာမူ၍ လုပ်ငန်းစပါ။ စန်းပွင့်၏။ နံနက် ၇ နာရီမှ ၈ နာရီအတွင်း အခါကောင်းပါသည်။ တောင်အရပ် ယောဂနီသင့်၍ ခရီးမသွားအပ်ပါ။ ဆောင်ပန်း–သပြေညွန့် ဆောင်ပါ။ **ကံကောင်းသောဂဏန်း**(၁–၄–၈–၂–၄)





**၅.၈.၂၀၁၃ ခု၊ ၁၃၇၅ ခု၊ ဝါဆိုလပြည့်ကျော် ၁၄ ရက်၊ တနင်္လာနေ့**

မကောင်းသောရက် ၁၀ ပါးမှ လွတ်၍ ကောင်း၏။ သဗ္ဗအတ္ထသိဒ္ဓိယုဂ်လည်းရ၍ အထူးကောင်း၏။ လုပ်ငန်းသစ်များ စတင်လုပ်ပါ။ အောင်မြင်ပါမည်။ အနောက်အရပ်မျက်နှာမူ၍ လုပ်ငန်းစပါ။ စန်းပွင့်၏။ နံနက် ၈ နာရီမှ ၉ နာရီအတွင်း အခါကောင်း၏။ အနောက်အရပ် ယောဂနီသင့်၍ ခရီးမသွားအပ်ပါ။ **ဆောင်ပန်း**–သီဟိုဠ်ညွန့်ဆောင်ပါ။ **ကံကောင်းသောဂဏန်း**(၂–၄–၅–၂–၄)





**၆.၈.၂၀၁၃ ခု၊ ၁၃၇၅ ခု၊ ဝါဆိုလပြည့်ကျော် ၁၅ ရက်(လကွယ်နေ့)၊ အင်္ဂါနေ့**

ပြဿဒါး ၁ ရက်မိ၏။ ကျန်ရက်များလွတ်၍ သင့်ပါသည်။ မလုပ်မဖြစ် လုပ်ငန်းများလုပ်ပါ။ အောင်မြင်ပါမည်။ မြောက်အရပ်မျက်နှာမူ၍ လုပ်ငန်းစပါ။ စန်းပွင့်၏။ နံနက် ၈ နာရီမှ ၉ နာရီအတွင်း အခါကောင်း၏။ အရှေ့မြောက်အရပ်ယောဂနီသင့်၍ ခရီးမသွားအပ်ပါ။ **ဆောင်ပန်း**–စွယ်တော်ညွန့်ဆောင်ပါ။ **ကံကောင်းသောဂဏန်း** (၃–၂–၇–၂–၄)




**၇.၈.၂၀၁၃ ခု၊ ၁၃၇၅ ခု၊ ဝါခေါင်လဆန်း ၁ ရက်၊ ဗုဒ္ဓဟူးနေ့**

မဟာရက်ကြမ်း ၁ ရက်မိ၏။ ကျန်ရက်များလွတ်၍ ကောင်းမွန်ပါသည်။ လုပ်ငန်းသစ်များ လုပ်ကိုင်နိုင်ပါသည်။ မြောက်အရပ်မျက်နှာမူ၍ လုပ်ငန်းစပါ။ စန်းပွင့်၏။ နံနက် ၉ နာရီမှ ၁၀ နာရီအတွင်း အခါကောင်းပါသည်။ အရှေ့အရပ်ယောဂနီသင့်၍ ခရီးမသွားအပ်ပါ။ **ဆောင်ပန်း**–အုန်းညွန့်ဆောင်ပါ။ **ကံကောင်းသောဂဏန်း** (၄–၂–၄–၂–၄)





**၈.၈.၂၀၁၃ ခု၊ ၁၃၇၅ ခု၊ ဝါခေါင်လဆန်း ၂ ရက်၊ ကြာသပတေးနေ့**

ပြဿဒါး ၁ ရက်၊ နဂါးပေါ်ရက် ၁ ရက်၊ မကောင်းရက် ၂ ရက် မိထား၍ မည်သည့်လုပ်ငန်းသစ်မျှ စတင်မလုပ်သင့်ပါ။ ခရီးဝေးထွက်ခြင်းများ ရှောင်အပ်၏။ **ဆောင်ပန်း**–ကံ့ကော်ညွန့်ဆောင်ပါ။ **ကံကောင်းသောဂဏန်း** (၅–၁–၉–၂–၄)




www.burmeseclassic.com

www.burmeseclassic.com





**၉.၈.၂၀၁၃ ခု၊ ၁၃၇၅ ခု၊ ဝါခေါင်လဆန်း ၃ ရက်၊ သောကြာနေ့**

သမားဖြူရက် ၁ ရက်၊ ဝါရမိတ္တုကြီး ၁ ရက်၊ မကောင်းရက် ၂ ရက် မိထား၍ မည်သည့်လုပ်ငန်း သစ်မျှ မလုပ်သင့်ပါ။ ခရီးဝေးထွက်ခြင်းများ မပြုအပ်၊ **ဆောင်ပန်း**–ဆီးညွန့်ဆောင်ပါ။ **ကံကောင်း သောဂဏန်း** (၆–၁–၆–၁–၉)





**၁၀.၈.၂၀၁၃ ခု၊ ၁၃၇၅ ခု၊ ဝါခေါင်လဆန်း ၄ ရက်၊ စနေနေ့**

ပြဿဒါး ၁ ရက် မိ၏။ ရဝိယုဂ်ရ၍ ကောင်းပါသည်။ လုပ်ငန်းသစ်များ စတင်လုပ်ပါ။ ကောင်းမွန်၏။ အရှေ့အရပ်မျက်နှာမှ၍ လုပ်ငန်းစပါ။ စန်းပွင့်၏။ နံနက် ၇ နာရီမှ ၈ နာရီအတွင်း အခါကောင်း၏။ အနောက်တောင်အရပ် ယောဂနီသင့်၍ ခရီးမသွားအပ်ပါ။ **ဆောင်ပန်း**–ရွက်လှညွန့်ဆောင်ပါ။ **ကံကောင်းသောဂဏန်း**(၇–၁–၁–၁–၉)





**၁၁.၈.၂၀၁၃ ခု၊ ၁၃၇၅ ခု၊ ဝါခေါင်လဆန်း ၅ ရက်၊ တနင်္ဂနွေနေ့**

သမားညိုရက် ၁ ရက် မိ၏။ သဗ္ဗအတ္ထသိဒ္ဓိယုဂ်ရ၍ ကောင်းပါသည်။ လုပ်ငန်းသစ်များ စတင် လုပ်ပါ။ အောင်မြင်ပါမည်။ တောင်အရပ်မျက်နှာမှ၍ လုပ်ငန်းစပါ။ စန်းပွင့်၏။ နံနက် ၇ နာရီမှ ၈ နာရီအတွင်း အခါကောင်းပါသည်။ တောင်အရပ် ယောဂနီသင့်၍ ခရီးမသွားအပ်ပါ။ **ဆောင်ပန်း** –သပြေညွန့်ဆောင်ပါ။ **ကံကောင်းသောဂဏန်း**(၁–၄–၂–၁–၉)




**၁၂.၈.၂၀၁၃ ခု၊ ၁၃၇၅ ခု၊ ဝါခေါင်လဆန်း ၆ ရက်၊ တနင်္လာနေ့**

သမားညိုရက် ၁ ရက်၊ သမားဖြူရက် ၁ ရက်၊ မကောင်းရက် ၂ ရက် မိထား၍ လုပ်ငန်းသစ်များ စတင်မလုပ်သင့်ပါ။ အနောက်အရပ် ယောဂနီသင့်၍ ခရီးမသွားအပ်ပါ။ **ဆောင်ပန်း**–သီဟိုဠ် ညွန့်ဆောင်ပါ။ **ကံကောင်းသောဂဏန်း** (၂–၄–၃–၁–၉)





**၁၃.၈.၂၀၁၃ ခု၊ ၁၃၇၅ ခု၊ ဝါခေါင်လဆန်း ၇ ရက်၊ အင်္ဂါနေ့**

မကောင်းသောရက် ၁၀ ပါးမှလွတ်၍ ကောင်း၏။ လုပ်ငန်းသစ်များ စတင်လုပ်ပါ။ အောင်မြင်ပါမည်။ အနောက်အရပ်မျက်နှာမှ၍ လုပ်ငန်းစပါ။ စန်းပွင့်၏။ နံနက် ၈ နာရီမှ ၉ နာရီအတွင်း အခါကောင်း ပါသည်။ အနောက်မြောက်အရပ် ယောဂနီသင့်၍ ခရီးမသွားအပ်ပါ။ **ဆောင်ပန်း**–ထန်းညွန့် ဆောင်ပါ။ **ကံကောင်းသောဂဏန်း**(၃–၆–၈–၁–၉)




www.burmeseclassic.com

www.burmeseclassic.com





**၁၄.၈.၂၀၁၃ ခု၊ ၁၃၇၅ ခု၊ ဝါခေါင်လဆန်း ၈ ရက်၊ ဗုဒ္ဓဟူးနေ့**

မကောင်းသောရက် ၁၀ ပါးမှလွတ်၍ ကောင်း၏။ သဗ္ဗအတ္ထသိဒ္ဓိယုဂ်ရသဖြင့် စင်ကြယ်သောနေ့ဖြစ်၍ လုပ်ငန်းသစ်များ လုပ်ပါ။ အောင်မြင်ပါမည်။ အနောက်အရပ်မျက်နှာမှ၍ လုပ်ငန်းစပါ။ စန်းပွင့်၏။ နံနက် ၉ နာရီမှ ၁၀ နာရီအတွင်း အခါကောင်းပါသည်။ အရှေ့အရပ် ယောဂနီသင့်၍ ခရီးမသွားအပ်ပါ။ ဆောင်ပန်း–အုန်းညွန့်ဆောင်ပါ။ ကံကောင်းသောဂဏန်း(၄–၆–၅–၁–၉)





**၁၅.၈.၂၀၁၃ ခု၊ ၁၃၇၅ ခု၊ ဝါခေါင်လဆန်း ၉ ရက်၊ ကြာသပတေးနေ့**

ပြဿဒါး ၁ ရက်၊ ရှမ်းရက် ၁ ရက်၊ မကောင်းရက် ၂ ရက် မိထား၍ လုပ်ငန်းသစ်များ စတင်မလုပ်သင့်ပါ။ အရှေ့အရပ် ယောဂနီသင့်၍ ခရီးမသွားအပ်ပါ။ ဆောင်ပန်း–ကံ့ကော်ညွန့်ဆောင်ပါ။ ကံကောင်းသောဂဏန်း (၅–၂–၇–၁–၉)





**၁၆.၈.၂၀၁၃ ခု၊ ၁၃၇၅ ခု၊ ဝါခေါင်လဆန်း ၁၀ ရက်၊ သောကြာနေ့**

သမားဖြူရက် ၁ ရက် မိထား၍ လုပ်ငန်းသစ်များသာ လုပ်ပါ။ အရေးကြီးလုပ်ငန်းများတော့ ရှောင်ပါ။ မြောက်အရပ်မျက်နှာမှ၍ လုပ်ငန်းစပါ။ စန်းပွင့်၏။ နံနက် ၇ နာရီမှ ၈ နာရီအတွင်း အခါကောင်း၏။ မြောက်အရပ် ယောဂနီသင့်၍ ခရီးမသွားအပ်ပါ။ ဆောင်ပန်း–ဆီးညွန့်ဆောင်ပါ။ ကံကောင်းသောဂဏန်း (၆–၃–၄–၁–၉)




**၁၇.၈.၂၀၁၃ ခု၊ ၁၃၇၅ ခု၊ ဝါခေါင်လဆန်း ၁၁ ရက်၊ စနေနေ့**

ပြဿဒါး ၁ ရက်မိ၏။ ရဝိယုဂ်ရသဖြင့် အပြစ်ဒေါသများကို ပယ်နိုင်သဖြင့် ကောင်းပါသည်။ လုပ်ငန်းသစ်များ စတင်ဆောင်ရွက်ပါ။ အောင်မြင်ပါမည်။ အရှေ့အရပ်မျက်နှာမှ၍ လုပ်ငန်းစပါ။ စန်းပွင့်၏။ နံနက် ၇ နာရီမှ ၈ နာရီအတွင်း အခါကောင်းပါသည်။ အရှေ့ပေ ်င် ျပ် ယောဂနီသင့်၍ ခရီးမသွားအပ်ပါ။ ဆောင်ပန်း–ရွက်လှညွန့်ဆောင်ပါ။ ကံကောင်းသောဂဏန်း (၇–၅–၉–၁–၉)





**၁၈.၈.၂၀၁၃ ခု၊ ၁၃၇၅ ခု၊ ဝါခေါင်လဆန်း ၁၂ ရက်၊ တနင်္ဂနွေနေ့**

သမားညိုရက် ၁ ရက်၊ ဝါရမိတ္တုငယ် ၁ ရက်၊ မကောင်းရက် ၂ ရက် မိထား၍ လုပ်ငန်းသစ်များ စတင်မလုပ်သင့်ပါ။ အနောက်တောင်အရပ် ယောဂနီသင့်၍ ခရီးမသွားအပ်ပါ။ ဆောင်ပန်း–သပြေညွန့်ဆောင်ပါ။ ကံကောင်းသောဂဏန်း (၁–၅–၆–၁–၉)




www.burmeseclassic.com

www.burmeseclassic.com





**၁၉.၈.၂၀၁၃ ခု၊ ၁၃၇၅ ခု၊ ဝါခေါင်လဆန်း ၁၃ ရက်၊ တနင်္လာနေ့**

သမားညှိုရက် ၁ ရက်မိ၏။ ကျန်ရက်များလွတ်၍ လုပ်ငန်းသစ်များ လုပ်နိုင်ပါသည်။ တောင်အရပ် မျက်နှာမူ၍ လုပ်ငန်းစပါ။ စန်းပွင့်၏။ နံနက် ၈ နာရီမှ ၉ နာရီအတွင်း အခါကောင်းပါသည်။ တောင်အရပ်ယောဂနီသင့်၍ ခရီးမသွားအပ်ပါ။ ဆောင်ပန်း–သီဟိုဠ်ညွန့်ဆောင်ပါ။ **ကံကောင်းသောဂဏန်း** (၂–၇–၁–၁–၉)





**၂၀.၈.၂၀၁၃ ခု၊ ၁၃၇၅ ခု၊ ဝါခေါင်လဆန်း ၁၄ ရက်၊ အင်္ဂါနေ့**

မကောင်းသောရက် ၁၀ ပါးမှလွတ်၍ ကောင်း၏။ မည်သည့်လုပ်ငန်းမျိုးမဆို ဆောင်ရွက်ပါ။ အောင်မြင်ပါမည်။ တောင်အရပ်မျက်နှာမူ၍ လုပ်ငန်းစပါ။ စန်းပွင့်၏။ နံနက် ၈ နာရီမှ ၉ နာရီ အတွင်း အခါကောင်းပါသည်။ အနောက်အရပ် ယောဂနီသင့်၍ ခရီးမသွားအပ်ပါ။ **ဆောင်ပန်း–** စွယ်တော်ညွန့် ဆောင်ပါ။ **ကံကောင်းသောဂဏန်း** (၃–၇–၂–၁–၉)





**၂၁.၈.၂၀၁၃ ခု၊ ၁၃၇၅ ခု၊ ဝါခေါင်လပြည့်၊ ဗုဒ္ဓဟူးနေ့**

မကောင်းသောရက် ၁၀ ပါးမှလွတ်၍ ကောင်း၏။ မည်သည့်လုပ်ငန်းသစ်မဆို စတင်ဆောင် ရွက်ပါ။ အနောက်အရပ်မျက်နှာမူ၍ လုပ်ငန်းစပါ။ စန်းပွင့်၏။ နံနက် ၉ နာရီမှ ၁၀ နာရီအတွင်း အခါကောင်း၏။ အနောက်မြောက်အရပ် ယောဂနီသင့်၍ ခရီးမသွားအပ်ပါ။ **ဆောင်ပန်း–**အုန်းညွန့် ဆောင်ပါ။ **ကံကောင်းသောဂဏန်း** (၄–၇–၃–၁–၉)




**၂၂.၈.၂၀၁၃ ခု၊ ၁၃၇၅ ခု၊ ဝါခေါင်လပြည့်ကျော် ၁ ရက်၊ ကြာသပတေးနေ့**

ပြဿဒါး ၁ ရက်၊ မဟာရက်ကြမ်း ၁ ရက်၊ မကောင်းရက် ၂ ရက် မိထား၍ လုပ်ငန်းသစ်များ စတင်လုပ်ကိုင်ခြင်း မပြုအပ်ပါ။ အရှေ့အရပ် ယောဂနီသင့်၍ ခရီးမသွားအပ်ပါ။ **ဆောင်ပန်း–** ကံ့ကော်ညွန့်ဆောင်ပါ။ **ကံကောင်းသောဂဏန်း** (၅–၇–၈–၁–၉)





**၂၃.၈.၂၀၁၃ ခု၊ ၁၃၇၅ ခု၊ ဝါခေါင်လပြည့်ကျော် ၂ ရက်၊ သောကြာနေ့**

မကောင်းသောရက် ၁၀ ပါးမှလွတ်၍ ကောင်း၏။ လုပ်ငန်းသစ်များ စတင်လုပ်ကိုင်ပါ။ အောင်မြင် ပါမည်။ မြောက်အရပ်မျက်နှာမူ၍ လုပ်ငန်းစပါ။ စန်းပွင့်၏။ နံနက် ၇ နာရီမှ ၈ နာရီအတွင်း အခါကောင်း၏။ အရှေ့တောင်အရပ် ယောဂနီသင့်၍ ခရီးမသွားအပ်ပါ။ **ဆောင်ပန်း–**ဆီးညွန့် ဆောင်ပါ။ **ကံကောင်းသောဂဏန်း** (၆–၅–၅–၁–၉)




www.burmeseclassic.com

www.burmeseclassic.com





**၂၄.၈.၂၀၁၃ ခု၊ ၁၃၇၅ ခု၊ ဝါခေါင်လပြည့်ကျော် ၃ ရက်၊ စနေနေ့**

ပြဿဒါး ၁ ရက် မိ၏။ သဗ္ဗအတ္ထသိဒ္ဓိတိထိယုဂ်ရသဖြင့် ကောင်းမွန်မှု ရှိပါသည်။ လုပ်ငန်းသစ်များ စတင်လုပ်ကိုင်ပါ။ အောင်မြင်ပါမည်။ မြောက်အရပ်မျက်နှာမှ၍ လုပ်ငန်းစပါ။ စန်းပွင့်၏။ နံနက် ၇ နာရီမှ ၈ နာရီအတွင်း အခါကောင်းပါသည်။ အနောက်တောင်အရပ် ယောဂနီသင့်၍ ခရီးမသွားအပ်ပါ။ **ဆောင်ပန်း–ရွက်လှညွှန့်ဆောင်ပါ။ ကံကောင်းသောဂဏန်း** (၇–၀–၅–၁–၆)





**၂၅.၈.၂၀၁၃ ခု၊ ၁၃၇၅ ခု၊ ဝါခေါင်လပြည့်ကျော် ၄ ရက်၊ တနင်္ဂနွေနေ့**

သမားညိုရက် ၁ ရက်၊ နဂါးပေါ်ရက် ၁ ရက်၊ မကောင်းရက် ၂ ရက် မိထား၍ လုပ်ငန်းသစ်များ စတင်လုပ်ကိုင်ခြင်း မပြုအပ်ပါ။ တောင်အရပ် ယောဂနီသင့်၍ ခရီးမသွားအပ်ပါ။ **ဆောင်ပန်း–**သပြေညွှန့်ဆောင်ပါ။ **ကံကောင်းသောဂဏန်း** (၁–၅–၄–၁–၆)





**၂၆.၈.၂၀၁၃ ခု၊ ၁၃၇၅ ခု၊ ဝါခေါင်လပြည့်ကျော် ၅ ရက်၊ တနင်္လာနေ့**

သမားညိုရက် ၁ ရက်မိ၏။ ကျန်ရက်များလွတ်၍ သင့်ပါသည်။ လုပ်ငန်းသစ်များ လုပ်နိုင်ပါသည်။ အရှေ့အရပ်မျက်နှာမှ၍ လုပ်ငန်းစပါ။ စန်းပွင့်၏။ နံနက် ၈ နာရီမှ ၉ နာရီအတွင်း အခါကောင်းပါသည်။ အနောက်အရပ်ယောဂနီသင့်၍ ခရီးမသွားအပ်ပါ။ **ဆောင်ပန်း–**သီဟိုဠ်ညွှန့်ဆောင်ပါ။ **ကံကောင်းသောဂဏန်း** (၂–၃–၉–၁–၆)




**၂၇.၈.၂၀၁၃ ခု၊ ၁၃၇၅ ခု၊ ဝါခေါင်လပြည့်ကျော် ၆ ရက်၊ အင်္ဂါနေ့**

သမားဖြူ ၁ ရက်၊ ရက်ပုတ် ၁ ရက်၊ မကောင်းရက် ၂ ရက် မိထား၍ လုပ်ငန်းသစ်များ မလုပ်သင့်ပါ။ အနောက်မြောက်အရပ် ယောဂနီသင့်၍ ခရီးမသွားအပ်ပါ။ **ဆောင်ပန်း–** သိတော်ညွှန့်ဆောင်ပါ။ **ကံကောင်းသောဂဏန်း** (၃–၃–၆–၁–၆)





**၂၈.၈.၂၀၁၃ ခု၊ ၁၃၇၅ ခု၊ ဝါခေါင်လပြည့်ကျော် ၇ ရက်၊ ဗုဒ္ဓဟူးနေ့**

မကောင်းသောရက် ၁၀ ပါးမှလွတ်၍ ကောင်း၏။ တိထိယုဂ်လည်းရ၍ ပိုကောင်းပြီး စင်ကြယ်သောရက်ဖြစ်၍ လုပ်ငန်းသစ်များ ဆောင်ရွက်ပါ။ တောင်အရပ်မျက်နှာမှ၍ လုပ်ငန်းစပါ။ စန်းပွင့်၏။ နံနက် ၉ နာရီမှ ၁၀ နာရီအတွင်း အခါကောင်း၏။ အရှေ့မြောက်အရပ် ယောဂနီသင့်၍ ခရီးမသွားအပ်ပါ။ **ဆောင်ပန်း–**အုန်းညွှန့်ဆောင်ပါ။ **ကံကောင်းသောဂဏန်း** (၄–၆–၁–၁–၆)




www.burmeseclassic.com

www.burmeseclassic.com





**၂၉.၈.၂၀၁၃ ခု၊ ၁၃၇၅ ခု၊ ဝါခေါင်လပြည့်ကျော် ၈ ရက်၊ ကြာသပတေးနေ့**

ပြဿဒါး ၁ ရက်၊ ဝါရမိတ္တုငယ် ၁ ရက်၊ မကောင်းရက် ၂ ရက် မိထား၍ လုပ်ငန်းသစ်များ စတင်မလုပ်သင့်ပါ။ အရှေ့အရပ် ယောဂနီသင့်၍ ခရီးမသွားအပ်ပါ။ ဆောင်ပန်း–ကံ့ကော်ညွန့် ဆောင်ပါ။ **ကံကောင်းသောဂဏန်း** (၅–၆–၂–၁–၆)




**၃၀.၈.၂၀၁၃ ခု၊ ၁၃၇၅ ခု၊ ဝါခေါင်လပြည့်ကျော် ၉ ရက်၊ သောကြာနေ့**

ရှမ်းရက် ၁ ရက် မိ၏။ ကျန်ရက်များလွတ်၍ သင့်ပါသည်။ လုပ်ငန်းသစ်များ စတင်လုပ်ပါ။ အနောက်အရပ်မျက်နှာမူ၍ လုပ်ငန်းစပါ။ စန်းပွင့်၏။ နံနက် ၇ နာရီမှ ၈ နာရီအတွင်း အခါကောင်းပါသည်။ မြောက်အရပ် ယောဂနီသင့်၍ ခရီးမသွားအပ်ပါ။ ဆောင်ပန်း–ဆီးညွန့်ဆောင်ပါ။ **ကံကောင်းသောဂဏန်း** (၆–၄–၃–၁–၆)




**၃၁.၈.၂၀၁၃ ခု၊ ၁၃၇၅ ခု၊ ဝါခေါင်လပြည့်ကျော် ၁၀ ရက်၊ စနေနေ့**

ပြဿဒါး ၁ ရက်၊ ရက်ယုတ်မာ ၁ ရက် မကောင်းရက် ၂ ရက် မိထား၍ လုပ်ငန်းသစ်များ စတင်မလုပ်သင့်ပါ။ မြောက်အရပ်ယောဂနီသင့်၍ ခရီးမသွားအပ်ပါ။ ဆောင်ပန်း–ရွက်လှညွန့် ဆောင်ပါ။ **ကံကောင်းသောဂဏန်း** (၇–၀–၄–၈–၁–၆)

**မှတ်ချက်**

၁–၈–၂၀၁၃ မှ ၁၇–၈–၂၀၁၃ အထိ အင်္ဂါသားသမီးများနှင့် ရာဟုသားသမီးများ (ဗုဒ္ဓဟူးမွန်းလွဲမွေးသူ) လဒဏ်သင့်၍ အားနည်းပါသည်။ ခရီးဝေးသွားလာခြင်းများ ရှောင်အပ်၏။ ရေကြောင်းခရီး မသွားအပ်ပါ။

၁၈–၈–၂၀၁၃ မှ ၃၁–၈–၂၀၁၃ အထိ ကြာသပတေးသမီးများနှင့် စနေသားသမီးများ လဒဏ်သင့်၍ အားနည်းပါသည်။ ခရီးဝေးမသွားအပ်။ ရေကြောင်းခရီးရှောင်ပါ။

**ပြုအပ်သောယတြာ**

အင်္ဂါသားသမီးများအနေဖြင့် စွယ်တော်ညွန့် ၈ ညွန့်ကို မွေးနေ့တွင် အိမ်ကဘုရား၌ ဆီမီး၊ ရေချမ်းတို့ဖြင့် ကပ်လှူပါ။ လိုရာဆုတောင်းပါ။ ဆီမီး၊ ရေချမ်းပါ ကပ်ပါ။

ရာဟုသားသမီးများအနေဖြင့် ရှောက်ရွက် ၁၂ ရွက်ကို မွေးနေ့တွင် အိမ်ကဘုရား၌ ဆီမီး၊ ရေချမ်းတို့ဖြင့် ကပ်လှူပေးပါ။ လိုရာဆုတောင်းပါ။ ဆီမီး၊ ရေချမ်းပါ ကပ်ပါ။

ကြာသပတေးသားသမီးများအနေဖြင့် သပြေညွန့် ၁၉ ညွန့်ကို မွေးနေ့တွင် အိမ်ကဘုရား၌ ဆီမီး၊ ရေချမ်းတို့ဖြင့် ကပ်ပါ။ လိုရာဆုတောင်းပါ။ ဆီမီး၊ ရေချမ်းပါ ကပ်ပါ။

စနေသားသမီးများအနေဖြင့် ထန်းညွန့် ၁၀ ညွန့်ကို မွေးနေ့တွင် ဆီမီး၊ ရေချမ်းတို့ဖြင့် အိမ်ကဘုရား၌ ကပ်လှူပါ။ လိုရာဆုတောင်းပါ။

သုခိအတ္တာနံ ပရိဟရန္တု . . . လိုရာဆန္ဒပြည့်ဝပါစေ

ဆရာရွှေ(နက္ခတ္တဗေဒပညာရှင်)



www.burmeseclassic.com

www.burmeseclassic.com

၂၁ ၁၄ ၂၃
၆ ၈ ၂၂
၂၁ ၇

# သည်လအတွက်ကောင်းသောရက်

**၂၀၁၃–ခုနှစ်၊ စက်တင်ဘာလအတွက်**

**နွယ်သာကီအောင်**

> ပတ်ဝန်းကျင်မှာတော့ ရာသီဥတုအနေအထားက ကြည်ကြည်လင်လင် မရှိသေး။
>
> ငှက်ခါးရောင် တိမ်သားတိမ်လိပ်တွေက ရာသီအိပ်မက်ဆွေကို မက်စေတုန်း။ မိုးစွေရွာ၍ ပျိုးတွေသာခဲ့ရပါပြီ။ မိုးရေကို ဝလင်စွာ သောက်သုံးရသည့်အတွက် ပျိုးပင်ကလေးများမှအစ ဟင်းသီးဟင်းရွက်၊ ကောက်ပဲသီးနှံများ အလယ်၊ သဘာဝသစ်တောတွေအဆုံး စိမ်းစိုသာမောခဲ့ကြပေသည်။ သစ်ပင်သစ်တောတို့သည် ကျေးဇူးတရားကို နားလည်ပါသည်။ နားလည်သည့်အလျောက် ရာသီဥတုတွေကို မှန်ကန်စေခဲ့သည်။ သဘာဝ သားရဲတိရစ္ဆာန် ကျေးငှက်တို့ကို ငြိမ်းချမ်းစွာ နေထိုင်ခွင့်ပြုရုံမက အပင်မှ ဖြစ်ထွန်းလာသော အသီးအရွက်များဖြင့်လည်း အစားအသောက်တွေ ဖန်တီးပေးခဲ့ပြန်သည်။
>
> ဤသို့ သစ်ပင်တွေအပေါ် ကျေးဇူးပြန်စွပ်သည်က သဘာဝသားရဲတိရစ္ဆာန် ကျေးငှက်တို့မဟုတ်။ လူသားထဲမှ ငါ့တစ်ကိုယ်ကောင်းစားရေးအတွက် အတ္တမာန်ကြီးသော တစ်ဘို့တည်းသမားများပေတည်း။ ၎င်းတို့ကြောင့်ပင် ပတ်ဝန်းကျင်သည် ကျိန်စာသင့်နေရပြီကော။ သည်သို့သော အနိဋ္ဌာရုံတို့ကို ခဝါချပြီးသကာလ···။

၁။ **နေအိမ်တိုက်တာဝယ်ဖို့ရာ**

စက်တင်ဘာလ (၄)၊ (၅)၊ (၁၄)၊ (၂၁) စသောရက်များသည် နေအိမ်တိုက်တာများဝယ်ယူဖို့ရာ အကောင်းဆုံးရက်များဖြစ်ကြပါသည်။

၂။ **ကား/ယာဉ်စုံစွာ ဝယ်ဖို့ရာ**

စက်တင်ဘာလ (၁၀)၊ (၁၇)၊ (၂၉) စသောရက်များသည် ကားများ၊ ယာဉ်များ ဝယ်ယူဖို့ရာ အကောင်းဆုံးရက်များဖြစ်ကြပါသည်။



www.burmeseclassic.com

www.burmeseclassic.com

၃။ **ရေသတ္တဝါဖမ်းဖို့ရာ**

စက်တင်ဘာလ (၅)၊ (၆)၊ (၂၅)၊ (၂၉) စသောရက်များသည် ရေနေသတ္တဝါများအား ဖမ်းဆီးရန် အကောင်းဆုံးရက်များ ဖြစ်ကြပါသည်။

၄။ **ရွှေတွင်း၊ ကျောက်တွင်း တူးဖော်ဖို့ရာ**

စက်တင်ဘာလ (၅)၊ (၂၀)၊ (၂၁)၊ (၂၆) စသောရက်များသည် ရွှေတွင်းများ၊ ကျောက်တွင်းများ တူးဖော်ဖို့ရာ အကောင်းဆုံးရက်များ ဖြစ်ကြပါသည်။

၅။ **ယှဉ်ပြိုင်ကိစ္စ ဆောင်ရွက်ရာ**

စက်တင်ဘာလ (၉)၊ (၁၅)၊ (၂၁)၊ (၂၆) စသောရက်များသည် ယှဉ်ပြိုင်ကိစ္စများဆောင်ရွက်နိုင်ဖို့ရာ အကောင်းဆုံးရက်များ ဖြစ်ကြပါသည်။

၆။ **ကျောင်း/အိမ်ဂေဟာ ဆောက်ဖို့ရာ**

စက်တင်ဘာလ (၇)၊ (၉)၊ (၁၂)၊ (၁၄)၊ (၁၇)၊ (၂၀)၊ (၂၁)၊ (၂၆) စသောရက်များသည် ကျောင်းများ၊ အိမ်ဂေဟာများ ဆောက်လုပ်ဖို့ရာ ကောင်းသောရက်များ ဖြစ်ကြပါသည်။

၇။ **ပဋ္ဌင်းခံ၊ ရှင်ပြု၊ နားသမင်္ဂလာ ဆောင်ရွက်ရာ**

စက်တင်ဘာလ (၅)၊ (၁၃)၊ (၁၉)၊ (၂၀)၊ (၂၅)၊ (၂၈) စသောရက်များသည် ရှင်ပြုခြင်း၊ နားသခြင်း စသော မင်္ဂလာကိစ္စများ ဆောင်ရွက်ဖို့ရာ အကောင်းဆုံးရက်များ ဖြစ်ကြပါသည်။

၈။ **အိမ်ပြောင်းရွှေ့ရာ၊ အိမ်သစ်ဆောက်ရာ**

စက်တင်ဘာလ (၇)၊ (၁၂)၊ (၂၀)၊ (၂၁)၊ (၂၆) စသောရက်များသည် အိမ်ပြောင်းရွှေ့ခြင်း၊ အိမ်သစ်ဆောက်ခြင်းတို့ ပြုလုပ်ရန် အကောင်းဆုံးရက်များ ဖြစ်ကြပါသည်။

၉။ **အမည်ပေးရာ၊ ဆိုင်းဘုတ်တင်ရာ**

စက်တင်ဘာလ (၇)၊ (၁၂)၊ (၁၅)၊ (၂၁)၊ (၂၆) စသောရက်များသည် အမည်ပေးခြင်း၊ ဆိုင်းဘုတ်တင်ခြင်းတို့ ပြုလုပ်ရန် အကောင်းဆုံးရက်များ ဖြစ်ကြပါသည်။

၁၀။ **ခရီးသွားလာကောင်းဖို့ရာ**

စက်တင်ဘာလ (၁၂)၊ (၁၅)၊ (၁၇)၊ (၂၆) စသောရက်များသည် ခရီးသွားလာခြင်းကိစ္စအတွက် အကောင်းဆုံးရက်များ ဖြစ်ကြပါသည်။

၁၁။ **လယ်ထွန်မင်္ဂလာပြုဖို့ရာ**

စက်တင်ဘာလ (၇)၊ (၁၂)၊ (၁၅)၊ (၁၇)၊ (၂၁)၊ (၂၆) စသောရက်များသည် လယ်ထွန်မင်္ဂလာပြုလုပ်ဖို့ရာ အကောင်းဆုံးရက်များ ဖြစ်ကြပါသည်။

၁၂။ **ရောင်းပန်းဝယ်ပန်းပွင့်ဖို့ရာ**

စက်တင်ဘာလ (၇)၊ (၁၂)၊ (၁၅)၊ (၁၇)၊ (၂၁)၊ (၂၆) စသောရက်များသည် အရောင်းအဝယ်ကိစ္စများ ဆောင်ရွက်ရန် အကောင်းဆုံးရက်များ ဖြစ်ကြပါသည်။

၁၃။ **သီးနှံမျိုးစေ့ကြဲဖို့ရာ**

စက်တင်ဘာလ (၇)၊ (၁၂)၊ (၁၅)၊ (၁၇)၊ (၂၁)၊ (၂၆) စသောရက်များသည် လယ်ယာ၊ တောင်ယာ၊ ဥယျာဉ်ခြံမြေများ၌ သီးနှံမျိုးစေ့များ ကြဲချစိုက်ပျိုးဖို့ရာ ရက်ကောင်းများ ဖြစ်ကြပါသည်။

၁၄။ **ရေတွင်းရေကန် တူးဖို့ရာ**

စက်တင်ဘာလ (၅)၊ (၇)၊ (၁၂)၊ (၁၅)၊ (၁၉)၊ (၂၁)၊ (၂၅)၊ (၂၆) စသောရက်များသည် ရေတွင်းရေကန်များ တူးဖော်ဖို့ရာ အကောင်းဆုံးရက်များ ဖြစ်ကြပါသည်။

၁၅။ **ပညာစတင်သင်ကြားလျှင်**

စက်တင်ဘာလ (၉)၊ (၁၇)၊ (၁၈)၊ (၂၈)၊ (၃၀) စသောရက်များသည် အတတ်ပညာများ စတင်သင်ကြားရန် အကောင်းဆုံးရက်များ ဖြစ်ကြပါသည်။

၁၆။ **အောင်ဘာလေထီထိုးဖို့ရာ**

စက်တင်ဘာလ (၃)၊ (၈)၊ (၁၅)၊ (၂၀) စသောရက်များသည် အောင်ဘာလေထီကံစမ်းခြင်းအတွက် အကောင်းဆုံးရက်များ ဖြစ်ကြပါသည်။

၁၇။ **မင်္ဂလာအခါပေးဖို့ရာ**

စက်တင်ဘာလ (၁)၊ (၂)၊ (၃)၊ (၄)၊ (၅)၊ (၇)၊ (၈)၊ (၉)၊ (၁၃)၊ (၁၄)၊ (၁၅)၊ (၁၆)၊ (၁၉)၊ (၂၀)၊ (၂၂)၊ (၂၄)၊ (၂၆)၊ (၂၇)၊ (၂၈)၊ (၂၉) စသောရက်များသည် မင်္ဂလာအခါပေးရန် အကောင်းဆုံးရက်များ ဖြစ်ကြပါသည်။

နွယ်သာကီအောင်



www.burmeseclassic.com

www.burmeseclassic.com

# စိုက်ပျိုးရေးရာ သည်လမှာ

## ၂၀၁၃-ခုနှစ်၊ စက်တင်ဘာလအတွက်

■ တောကကိုရင် ■

မိမိတို့နိုင်ငံသည် စိုက်ပျိုးရေးကိုအဓိကထားသော စိုက်ပျိုးရေးနိုင်ငံတစ်နိုင်ငံ ဖြစ်ပေ၏။ စိုက်ပျိုးရေးမှ ရရှိလာသော နိုင်ငံခြားငွေတို့ဖြင့် တိုင်းပြည်ထူထောင်ရေး၊ နိုင်ငံတော်ဖွံ့ဖြိုးရေးလုပ်ငန်းရပ် ကိစ္စအဝဝကို လုပ်ဆောင်လျက်ရှိပေ၏။ ဤ၌ စိုက်ပျိုးရေးကို လုပ်ကိုင်ကြသည့် တောင်သူဦးကြီးများအဖို့ မိမိတို့လုပ်ငန်းခွင်အတွက် အထောက်အကူပြုသည့် လောကီလုပ်ငန်းရပ်များကို သိရှိထားဖို့ လိုပါသည်။ လုံ့လဝီရိယကို အခြေတည်၍ လောကီပညာရပ်များနှင့် ပေါင်းစပ်လိုက်သည်ရှိသော် ပဒေသာ မြေက ပေါက်လာသည့်အလားဝေဆာသောအကျိုးကို ခံစားရလိမ့်မည်ဖြစ်ကြောင်း တင်ပြရင်း ...

၁။ <u>သီးနှံမျိုးစေ့များကြဲရန်အတွက်</u>

စက်တင်ဘာလ (၇)၊ (၁၂)၊ (၁၅)၊ (၁၇)၊ (၂၁)၊ (၂၆) စသောရက်များသည် သီးနှံမျိုးစေ့ကြဲရန်အတွက် အကောင်းဆုံးရက်များ ဖြစ်ကြပါသည်။

၂။ <u>အပွင့်၊ အသီး၊ အနှံ၊ အရွက်များ စိုက်ပျိုးရန်နှင့် ကိုင်းကူးစိုက်ခြင်း၊ နေရာပြောင်းရွှေ့စိုက်ခြင်းတို့အတွက်</u>

စက်တင်ဘာလ (၁)၊ (၈)၊ (၁၁)၊ (၁၆)၊ (၁၉)၊ (၂၇)၊ (၂၉) စသောရက်များသည် အပွင့်၊ အသီးအနှံ၊ အရွက်များ စိုက်ပျိုးရန်နှင့် ကိုင်းကူးစိုက်ခြင်း၊ နေရာပြောင်းရွှေ့စိုက်ခြင်းတို့အတွက် အကောင်းဆုံးရက်များ ဖြစ်ကြပါသည်။

၃။ <u>ဥ၊ အမြစ်၊ အပင်များ စိုက်ပျိုးရန်၊ အကိုင်းအခက်များ ခုတ်ရန်အတွက်</u>

စက်တင်ဘာလ (၂)၊ (၉)၊ (၁၂)၊ (၁၇)၊ (၂၀)၊ (၂၈)၊ (၃၀) စသောရက်များသည် ဥ၊ အမြစ်၊ အပင်များ စိုက်ပျိုးရန်နှင့် အကိုင်းအခက်များ ခုတ်ရန်အတွက် အကောင်းဆုံးရက်များ ဖြစ်ကြပါသည်။

၄။ <u>ထွန်ယက်ခြင်း၊ ပိုးသတ်ဆေးဖျန်းခြင်း၊ ပေါင်းပင်ချုံနွယ် မီးရှို့ခြင်း၊ သီးနှံရိတ်သိမ်းခြင်းနှင့် ဥအမြစ်များ တူးရန်အတွက်</u>

စက်တင်ဘာလ (၃)၊ (၁၀)၊ (၁၅)၊ (၁၈)၊ (၂၆)၊ (၂၉)၊ (၃၀) စသောရက်များသည် ထွန်ယက်စိုက်ပျိုးခြင်း၊ ပိုးသတ်ဆေးဖျန်းခြင်း၊ ပေါင်းပင်ချုံနွယ်တို့ကို မီးရှို့ခြင်း၊ သီးနှံရိတ်သိမ်းခြင်းနှင့် ဥအမြစ်များ တူးရန်အတွက် အကောင်းဆုံးရက်များ ဖြစ်ကြပါသည်။

တောကကိုရင်



www.burmeseclassic.com

www.burmeseclassic.com

# စက်တင်ဘာမှာ ဆောင်ရွက်ပါ

## ၂၀၁၃-ခုနှစ်၊ စက်တင်ဘာလအတွက်

နေမျိုးထွင့်ခေါင်

စက်တင်ဘာလ (၁)၊ (၆)၊ (၁၁)၊ (၁၆)၊ (၂၀)၊ (၂၅) စသောရက်များသည် '**နန္ဒာတိထိ**'တွင် ကျရောက်၏။ သို့ဖြစ်၍ ထိုရက်များ၌ ဘုရား၊ ဂူ၊ ကျောင်း၊ ဇရပ်များ ဆောက်လုပ်ခြင်း၊ တံတားခင်းခြင်း၊ ပျိုးကြဲခြင်း၊ ကောက်စိုက်ခြင်း၊ သစ်ပင်စိုက်ခြင်း၊ မြေတူးဆွခြင်း စသောအမှုတို့ကို ပြုလုပ်နိုင်ပါသည်။

စက်တင်ဘာလ (၂)၊ (၇)၊ (၁၂)၊ (၂၁)၊ (၂၆) စသော ရက်များသည် '**ဘဒြာတိထိ**'တွင် ကျရောက်၏။ သို့ဖြစ်၍ ထိုရက်များ၌ အမည်ပေးခြင်း၊ နားထွင်းခြင်း၊ ထိမ်းမြားမင်္ဂလာ ကျင်းပခြင်းတို့ကို ပြုလုပ်နိုင်ပါသည်။

စက်တင်ဘာလ (၃)၊ (၈)၊ (၁၃)၊ (၁၇)၊ (၂၂)၊ (၂၇)၊ (၂၈) စသောရက်များသည် '**ဇယာတိထိ**'တွင် ကျရောက်၏။ သို့ဖြစ်၍ ထိုရက်များ၌ စစ်ချီခြင်း၊ စစ်တက်ခြင်း၊ ကင်းလှည့်ခြင်း၊ ကင်းချခြင်း၊ သစ္စာဆိုခြင်း၊ အမှုကိစ္စ စုံစမ်းထောက်လှမ်းခြင်းတို့ ပြုနိုင်ပါသည်။

စက်တင်ဘာလ (၄)၊ (၉)၊ (၁၄)၊ (၁၈)၊ (၂၃)၊ (၂၉) စသောရက်များသည် '**ရိတ္တာတိထိ**'တွင် ကျရောက်၏။ သို့ဖြစ် ၍ ထိုရက်များ၌ ဆေးဖော်ခြင်း၊ ဆေးထိုးခြင်း၊ လက်ဖွဲ့ထိုးခြင်း၊ သိဒ္ဓိတင်ခြင်း၊ ပစ္စည်းသိမ်းခြင်း၊ သစ်ပင်ခုတ်ခြင်း၊ လှေကား ထောင်ခြင်း စသည့် အမှုကိစ္စတို့ကို ကောင်းစွာ ဆောင်ရွက်နိုင်ပါ သည်။

စက်တင်ဘာလ (၅)၊ (၁၀)၊ (၁၅)၊ (၁၉)၊ (၂၄)၊ (၃၀) စသောရက်များသည် '**ပုဏ္ဏာတိထိ**'တွင် ကျရောက်၏။ သို့ဖြစ် ၍ ထိုရက်များ၌ ရတနာပစ္စည်းများ ရောင်းဝယ်ခြင်း၊ ရှင်ပြုခြင်း၊ ပဥ္စင်းခံခြင်း စသော လောကီ၊ လောကုတ်မင်္ဂလာကိစ္စများကို ဆောင်ရွက်နိုင်ပါသည်။

စက်တင်ဘာလ (၂၀) ရက်နေ့သည **အမြိတ္တစုတ်**'တွင် ကျရောက်၏။ သို့ဖြစ်၍ ထိုရက်၌ အဘယ်မျှပင် မိမိအပေါ် မကောင်းကြံစည်စေကာမူ ကိစ္စအဝဝကို အောင်မြင်ပြီးမြောက်စွာ ဆောင်ရွက်နိုင်ပါသည်။

စက်တင်ဘာလ (၄)၊ (၅)၊ (၇)၊ (၁၂)၊ (၁၄)၊ (၁၉)၊ (၂၁)၊ (၂၆)၊ (၂၈) စသောရက်များသည် '**ရက်ရာဇာ**'တွင် ကျရောက်၏။ သို့ဖြစ်၍ ထိုရက်များ၌ လူမှုရေးကိစ္စများ၊ ကိစ္စအလုံးစုံပြီးမြောက်နိုင်ပြီး နာမည်ဂုဏ်သတင်းလည်း ထင်ရှား ကျော်စောတတ်ပါသည်။

နေမျိုးထွင့်ခေါင်



www.burmeseclassic.com

www.burmeseclassic.com

# အလုပ်အကိုင်အောင်မြင်စေရန်

## ၂၀၁၃–ခုနှစ်၊ စက်တင်ဘာလအတွက်

### မဟာဒွိကျော်ခေါင်

**တနင်္ဂနွေသားသမီးများအဖို့**

စက်တင်ဘာလ (၂)၊ (၉)၊ (၁၁)၊ (၁၃)၊ (၁၆)၊ (၁၈)၊ (၁၉)၊ (၂၅)၊ (၃၀) စသောရက်များသည် အလုပ်အကိုင်အောင်မြင်မည့် ရက်ကောင်းများဖြစ်ကြ၏။

**တနင်္လာသားသမီးများအဖို့**

စက်တင်ဘာလ (၁)၊ (၁၁)၊ (၁၂)၊ (၁၅)၊ (၁၈)၊ (၁၉)၊ (၂၂)၊ (၂၄)၊ (၂၅)၊ (၂၆)၊ (၂၇)၊ (၂၉) စသောရက်များသည် အလုပ်အကိုင်အောင်မြင်စေမည့် ရက်ကောင်းများ ဖြစ်ကြ၏။

**အင်္ဂါသားသမီးများအဖို့**

စက်တင်ဘာလ (၄)၊ (၁၀)၊ (၁၁)၊ (၁၂)၊ (၁၄)၊ (၁၇)၊ (၁၈)၊ (၂၃)၊ (၂၄)၊ (၂၅)၊ (၂၈)၊ (၃၀) စသောရက်များသည် အလုပ်အကိုင် အောင်မြင်စေမည့် ရက်ကောင်းများဖြစ်ကြ၏။

**ဗုဒ္ဓဟူးသားသမီးများအဖို့**

စက်တင်ဘာလ (၃)၊ (၄)၊ (၈)၊ (၉)၊ (၁၅)၊ (၂၂)၊ (၂၃)၊ (၂၄)၊ (၂၇)၊ (၂၉)၊ (၃၀) စသောရက်များသည် အလုပ်အကိုင်အောင်မြင်စေမည့် ရက်ကောင်းများဖြစ်ကြ၏။

**ကြာသပတေးသား သမီးများအဖို့**

စက်တင်ဘာလ (၂)၊ (၃)၊ (၇)၊ (၈)၊ (၁၂)၊ (၁၄)၊ (၁၅)၊ (၁၆)၊ (၁၉)၊ (၂၂)၊ (၂၃)၊ (၂၆)၊ (၂၈)၊ (၂၉) စသောရက်များသည် အလုပ်အကိုင်အောင်မြင်စေမည့် ရက်ကောင်းများ ဖြစ်ကြ၏။

**သောကြာသားသမီးများအဖို့**

စက်တင်ဘာလ (၁)၊ (၂)၊ (၄)၊ (၇)၊ (၈)၊ (၁၁)၊ (၁၃)၊ (၁၄)၊ (၁၈)၊ (၂၂)၊ (၂၇)၊ (၂၈)၊ (၂၉) စသောရက်များသည် အလုပ်အကိုင်အောင်မြင်စေမည့် ရက်ကောင်းများ ဖြစ်ကြ၏။

**စနေသားသမီးများအဖို့**

စက်တင်ဘာလ (၁)၊ (၃)၊ (၇)၊ (၁၀)၊ (၁၃)၊ (၁၈)၊ (၁၉)၊ (၂၁)၊ (၂၄)၊ (၂၅)၊ (၂၈) စသောရက်များသည် အလုပ်အကိုင်အောင်မြင်စေမည့် ရက်ကောင်းများ ဖြစ်ကြ၏။

**ရာဟုသားသမီးများအဖို့**

စက်တင်ဘာလ (၃)၊ (၄)၊ (၈)၊ (၉)၊ (၂၂)၊ (၂၄)၊ (၂၇)၊ (၂၉)၊ (၃၀) စသောရက်များသည် အလုပ်အကိုင်အောင်မြင်စေမည့် ရက်ကောင်းများ ဖြစ်ကြ၏။

◆ မဟာဒွိကျော်ခေါင် ◆



www.burmeseclassic.com

www.burmeseclassic.com

# သည်လဖွားအတွက် ကံဇာတာ

## ၂၀၁၃-ခုနှစ်၊ စက်တင်ဘာလအတွက်

■ ဆရာမိုးဟန်ကြွယ်

လက်ရှိလုပ်ကိုင်နေသော လုပ်ငန်းများ အဆင်ပြေပါလိမ့်မည်။ မိမိဒ့ နေဖြင့် ကြိုးစားလျှင် ကြိုးစားသလောက် အကျိုးကျေးဇူးများ ရရှိပါလိမ့်မည်။ မိမိကြံစည်စိတ်ကူးထားမှုများ အကောင်အထည်ဖော်ခွင့် ကြုံပါလိမ့်မည်။ လခစားဝန်ထမ်းများ အဖို့ ရာထူးတက်ခြင်း၊ စိတ်ပျော်ရွှင်စရာကိစ္စများ ကြုံရခြင်းတို့ ရှိတတ်ပါသည်။ အိမ်,ခြံ,မြေ ရတနာရွှေငွေတို့ ဝင်တတ်ပါသည်။ အထက်လူကြီးများက မိမိကို ခေါ်ယူအသုံးပြု ချီးမြှင့်တတ်ပါသည်။ မိတ်ဆွေအပေါင်းအသင်းများ၏ အကူအညီကိုလည်း ရရှိတတ်ပါသည်။ ဟောင်းနွမ်းသောပစ္စည်းများ ပြုပြင်ရတတ်သည့်နည်းတူ ပစ္စည်းအဟောင်းများလည်း ဝင်လာတတ်ပါသည်။ အချို့သော ကိစ္စများတွင် မိတ်ဆွေများနှင့် သဘောထားကွဲလွဲတတ်ပါသည်။

ပြုလုပ်ဆောင်ရွက်ဖွယ် ကိစ္စများကြောင့် အေးအေးဆေးဆေး နားနေရသည်မရှိ ဖြစ်တတ်ပါသည်။ ထိုကာလများ အတန်ငယ် လွန်မြောက်ပြီးသည်ရှိသော် တပည့်တပန်း လက်အောက်ငယ်သား သားသမီးများကြောင့် ပြဿနာများကို ဖြေရှင်းရတတ်သည်။ စိတ်သောက ဖြစ်ရတတ်သည်။ သို့သော် စိတ်အေးအေးထား၍ ချင့်ချင့်ချိန်ချိန် ဆောင်ရွက်ပါက အားလုံးကို အဆင်ပြေအောင် ဖြေရှင်းနိုင်မည် ဖြစ်၏။ စိတ်ဆန္ဒမဆောဘဲ တည်ငြိမ်စွာ စဉ်းစားပြီးမှ ဆုံးဖြတ်ဖြေရှင်းသင့်ပါသည်။ စီးပွားရေးလုပ်ငန်းများနှင့် ပတ်သက်၍ ကံကောင်းသော စကားများကို ကြားရတတ်သည်။ လုပ်ငန်းခွင်သင်တန်းများ တက်ရောက်ရတတ်သည်။ ပညာရေးကိစ္စများတွင် အောင်မြင်မှုရှိမည်။ ဆက်သွယ်ရေးပစ္စည်းများ၊ ယာဉ်,စက်ပစ္စည်းများနှင့် ပတ်သက်၍ အကျိုးအမြတ်များ ရရှိမည်။ ဘာသာရေးကိစ္စများကို ဆောင်ရွက်ရတတ်သည်။ ဆုံးရှုံးပြီဟု ယူဆထားသော ငွေကြေးဥစ္စာပစ္စည်းများ ပြန်လည်ဝင်ရောက်လာပါလိမ့်မည်။ လက်အောက်ငယ်သားများနှင့် ပတ်သက်၍ စိတ်ကသိကအောက် ဖြစ်စရာ ပေါ်လာတတ်သည်။ စပ်တူစီးပွားရေးလုပ်ငန်းများနှင့် ပတ်သက်၍ အကျိုးပေးတတ်သည်။ သားသမီးများ၏ ပညာရေးအတွက် ဂုဏ်ယူဝင့်ကြွားရမည့်ကာလ ဖြစ်၏။

ခံတွင်းပျက်ခြင်း၊ ဗိုက်နာခြင်း၊ ဗိုက်အောင့်ခြင်းများ ဖြစ်တတ်သည်။ ဖြတ်လမ်းလိုက်သော စီးပွားရေးသမားများ အဆင်မပြေ ဖြစ်တတ်သည်။ ဆုံးရှုံးမှုများနှင့် ကြုံမည်။ အထူးသဖြင့် ဥပဒေနှင့် မလွတ်ကင်းသော လုပ်ငန်းများကို ရှောင်ကြဉ်ပါ။ အိမ်ထောင်ရေးအဆင်ပြေမည်။ သားသမီးများ ကျန်းမာရေးကောင်းမွန်မည်။ အိမ်ရှိ သက်ကြီးရွယ်အို မိဘဘိုးဘွားတို့၏ ကျန်းမာရေးကို ဂရုစိုက်ပါ။ ကလေးငယ်ရှိလျှင် သစ်ပင်တက်ခြင်း၊ အမြင့်တက်ခြင်းတို့ မပြုပါစေနှင့်။ တားမြစ်ပါ။ နေအိမ်ရှိ ဝါယာကြိုးများ ရှော့ခ်ဖြစ်တတ်၍ ကြိုးများဟောင်းနေ၊ ဆွေးနေလျှင် အသစ်လဲပေးပါ။ နေအိမ်အနီး၌ မီးလန့်ခြင်းများ ဖြစ်တတ်သည်။ ဘုရားဖူးခရီးစဉ်များသို့ လိုက်ပါရပါက တွန်းလှည်းထီသည်ကိုတွေ့က ထီထိုးပေးပါ။ သက်ကြီးရွယ်အိုများ၊ နာမကျန်းဖြစ်သူ ဂိလာနများကို တွေ့ပါက ဆေးဝါးပစ္စည်းများ တတ်နိုင်သလောက် လှူဒါန်းပေးပါ။ အညံ့များ ပြေပျောက်၍ အကောင်းသို့ရောက်ပါလိမ့်မည်။

**ယတြာပြုလိုပါက** . . . အုန်းဆွမ်းကို သကြားဖြူး၍ ကပ်လှူပူဇော်ပေးပါ။

■ ဆရာမိုးဟန်ကြွယ်



www.burmeseclassic.com

www.burmeseclassic.com

# အကြောင်းနှင့်အကျိုး

ဇွန်မိုးခင်

ယခုဘဝတွင် ကြွယ်ဝချမ်းသာပြီး အဝတ်အစားကောင်းများ ဝတ်ရခြင်း၊ အိမ်ကောင်း၌ နေရခြင်း၊ ပစ္စည်းကောင်းများ သုံးစွဲရခြင်းတို့၏အကျိုးမှာ ရှေးဘဝများက လှူဒါန်းမှုများ ပြုလုပ်ရာတွင် အလှူဝတ္ထုပစ္စည်းများတွင် ကပ်ငြိတွယ်တာစိတ်မထားဘဲ စေတနာသုံးတန်ဖြင့် လှူဒါန်းခဲ့သောအကြောင်းကြောင့် ဖြစ်ပါသည်။

**စေတနာသုံးတန်ဆိုသည်မှာ**

**(၁) ပုဗ္ဗစေတနာ**

အလှူဒါနပြုလုပ်ရန် ရည်ရွယ်၍ လှူဖွယ်ဝတ္ထုတို့ကို စတင်စုဆောင်း ရှာဖွေသည့်အချိန်မှစ၍ "ငါသည် နိဗ္ဗာန်သို့ ရောက်ရာရောက်ကြောင်း အထောက်အပံ့ဖြစ်စေရန်အတွက်လည်းကောင်း၊ နိဗ္ဗာန်မရောက်မီ သံသရာတွင် ကောင်းကျိုးချမ်းသာ ရစေရန်အတွက်လည်းကောင်း ကောင်းမှုကုသိုလ်ပြုတော့မည်"ဟု မလျှမ်ဝမ်းမြောက်ဝမ်းသာ ဖြစ်ရမည်။

လှူရန်ပစ္စည်း စုဆောင်းစီစဉ်နေချိန်တွင် အလှူနှင့် ပတ်သက်ပြီး မိသားစုအချင်းချင်း မကျေမနပ် မဖြစ်ရပါ။ စကားများခြင်း မဖြစ်ရပါ။ တွန့်ဆုတ်သောစိတ်များ မဖြစ်ပေါ်ရပါ။ မိသားစုအားလုံး ပျော်ရွှင်ဝမ်းမြောက်စွာဖြင့် ဝိုင်းဝန်းလုပ်ဆောင်နိုင်အောင် ကြိုးစားပါ။

**(၂) မုဉ္စစေတနာ**

လှူဖွယ်ဝတ္ထုအစုစုကို အလှူခံပုဂ္ဂိုလ်၏လက်သို့ ရိုသေစွာ ထည့်၍ စွန့်လွှတ်သောစိတ်ဖြင့် ပေးလှူပါ။ ပေးလှူနေဆဲအချိန်တွင် စိတ်ကြည်လင်ရွှင်လန်းနေခြင်းဖြစ်အောင် ကြိုးစားပါ။

**(၃) အပရစေတနာ**

ပေးလှူပြီးနောက် ပေးကမ်းလှူဒါန်းမှု ကုသိုလ်ကောင်းမှုကို ပြုလုပ်လိုက်ရလေပြီဟု အကြိမ်ကြိမ်အထပ်ထပ်သတိရကာ ဝမ်းမြောက်ဝမ်းသာဖြစ်နေခြင်း ဖြစ်ပေသည်။

ဤသို့သော အလှူမျိုး နောက်ထပ်လှူချင်သေးသည်ဟု ဝမ်းမြောက်ဝမ်းသာဖြစ်နေလျှင် အပရစေတနာ တိုးပွားရာရောက်ပါသည်။ "ငါလှူမိတာ များလေစွ"ဟု မကျေမနပ်ဖြစ်လျှင် အပရစေတနာ ပျက်လေသည်။ ယခုဘဝတွင် ကောင်းမှုကုသိုလ် တိုးပွားနေခြင်းအကျိုးမှာ ယခုဘဝတွင် အများအတွက်

- ✦ အရိပ်ရရင်၊ သီးပင်၊ ပန်းပင်တို့ စိုက်ပျိုးလှူဒါန်းခြင်း။
- ✦ ရေတွင်း၊ ရေကန်၊ သောက်ရေအိုးစင်တို့ ဆောက်လုပ်လှူဒါန်းခြင်း။
- ✦ ဇရပ်၊ သိမ်၊ ကျောင်းတို့ ဆောက်လုပ်လှူဒါန်းခြင်း။
- ✦ တံတားများ ဆောက်လုပ်လှူဒါန်းခြင်း။

အကြောင်းများကြောင့် ဖြစ်ပါသည်။

မိမိလိုချင်တောင့်တနေသော ပစ္စည်းများကို လိုအပ်သောအချိန်တွင် ရရှိလာခြင်းအကျိုးမှာ ရှေးဘဝများက အချိန်အခါနှင့် လိုက်လျောစွာ လှူဒါန်းခဲ့သော အကြောင်းကြောင့် ဖြစ်ပါသည်။

**အချိန်အခါနှင့် လိုက်လျောစွာ လှူဒါန်းခြင်းဆိုသည်မှာ**

- ✦ ဝါဆိုအခါ်နတွင် ဝါဆိုသင်္ကန်းအလှူ
- ✦ ကထိန်ခ ချိန်တွင် ကထိန်သင်္ကန်းအလှူ
- ✦ အရုဏ်ေ ာက်ချိန်တွင် အရုဏ်ဆွမ်းအလှူ
- ✦ မွန်းမတည့်မီ နေ့ဆွမ်းအလှူ
- ✦ မွန်းလွဲချိန်တွင် အဖျော်ရည်အလှူ
- ✦ ညှော်သံဃာတော် တစ်ပါးပါးနှင့် ကြုံကြိုက်၍ မွန်းမတည့်မီ အချိန်မီ ကပ်လှူသော ဆွမ်းအလှူ
- ✦ မကျန်းမာသော သံဃာတော်တစ်ပါးပါးနှင့် ကြုံကြိုက်၍ ကပ်လှူသော ဆေးအလှူ

စသည်တို့ ဖြစ်ကြပါသည်။ ယခုဘဝတွင် ချမ်းသာကြွယ်ဝ၍ မိမိ၏ ပစ္စည်းဥစ္စာများကို သူတစ်ပါးလုယူ၍မရ၊ ခိုးယူ၍မရ၊ ဖျက်ဆီး၍မရ၊ ရန်သူမျိုးငါးပါးတို့ မဖျက်ဆီးနိုင်ခြင်းအကျိုးမှာ ရှေးဘဝများက အလှူဒါနပြုခဲ့ရာတွင် မိမိနှင့်သူတစ်ပါး နှစ်ဦးသားကို လှူဒါန်းခဲ့သော အကြောင်းကြောင့် ဖြစ်ပါသည်။ မိမိနှင့် သူတ[illegible]ပါး နှစ်ဦးသားမထိပါးအောင် လှူဒါန်းနည်းဆိုသည်မှာ -

"ငါသာ လှူနိုင်တာ၊ သူများတွေ ငါ့လောက်မလှူနိုင်ဘူး"ဟု မိမိကိုယ်ကိုမြှင့်တင်ပြီး သူတစ်ပါးကို နှိမ့်ချခြင်းမှ လွတ်ကင်းခဲ့ခြင်းပင် ဖြစ်၏။

မိမိ၏ အလှူဒါနအတွက် လူ၊ တိရစ္ဆာန်တို့ကို ညှဉ်းဆဲခြင်း၊ သတ်ဖြတ်ခြင်း စသော ဒုစရိုက်မှုမျိုးမှ လွတ်ကင်းခဲ့ခြင်းတို့ ဖြစ်ပါသည်။ သို့ဖြစ်၍ ကံ,ကံ၏သဘောအရအကြောင်းနှင့် အကျိုးတို့သည် ကိုင်းကျွန်းမှီ ကျွန်းကိုင်းမှီသဖွယ် ဆက်စပ်လျက်ရှိပါကြောင်း စေတနာသုံးတန်ပြဋ္ဌာန်း၍ လှူဒါန်းခြင်းသည် အကျိုးကြီးမားလှပါကြောင်း တင်ပြလိုက်ရပါသည်။

ဇွန်မိုးခင်



www.burmeseclassic.com

www.burmeseclassic.com

# တရုတ်ယဉ်ကျေးမှုပညာရှင် ကွန်ဖူးဇီး

မြသိန်း

တရုတ်နိုင်ငံသမိုင်းတွင် ယထာဘူတပညာရှင်ကြီးအဖြစ်လည်းကောင်း၊ ပညာရေးသုခမိန်ကြီးအဖြစ်လည်းကောင်း အလွန်ထင်ရှားခဲ့သူတစ်ဦး ပေါ်ထွန်းခဲ့၏။ သူ၏အတွေးအခေါ်များသည် တရုတ်လူမျိုးတို့အား များစွာဩဇာလွှမ်းမိုးခဲ့သည်။ သူသည်ကား ရှေးခေတ်တရုတ်နိုင်ငံပညာရပ်နယ်ပယ်တွင် ရှိခဲ့သည့် ဂိုဏ်းကြီး ကိုးဂိုဏ်းအနက် တစ်ဂိုဏ်းဖြစ်သော "ရူ" ဂိုဏ်းကို စတင်ထူထောင်သူ ကွန်ဖူးဇီးပင် ဖြစ်သည်။

ကွန်ဖူးဇီး၏ မူရင်းအမည်မှာ "ကွန်" ဖြစ်၍ "ဖူးဇီး" မှာ "ပညာရှိကြီး" ဟု အနက်အဓိပ္ပာယ်ရသည်။

သူ့နာမည်ရင်းမှာ "ကွန်ချူး" ဖြစ်၍ သူ့တွဲဖက်နာမည်မှာ "ကွန်ကျုံနီ" ဟု ခေါ်သည်။ ခရစ်တော်မပေါ်မီ ၅၅၁ ခုနှစ်က တရုတ်နိုင်ငံရှိ ပဒေသရာဇ်ပြည်နယ်တစ်နယ်ဖြစ်သော လူးပြည်၊ ဇုတ်ယီမြို့ (ယခု ရှန်းတုန်းပြည်နယ်၊ ချူးဖူးမြို့တောင်ဘက်) ရှိ ဖောက်တန်းမှူးမတ်မျိုးရိုးမှ ပေါက်ဖွားလာသူဖြစ်သည်။

သူသုံးနှစ်သားအရွယ်တွင် ဖခင်ဖြစ်သူ ကွယ်လွန်လေရာ သူ့ခမျာ ဆင်းဆင်းရဲရဲနှင့် နေလာခဲ့ရ၏။ လူငယ်လူရွယ်ဘဝတွင် ကွန်ချူးသည် အစိုးရဝန်ထမ်းငယ်တစ်ဦးအဖြစ် တာဝန်ထမ်းဆောင်ခဲ့သည်။

လူလတ်ပိုင်းအရွယ်သို့ ရောက်သောအခါ မိမိဘာသာ စာသင်ကျောင်းတစ်ကျောင်းဖွင့်၍ စာပေပညာ ပို့ချသည်။ အသက် ၅၀ အလွန်ဝ အုပ်ချုပ်ရေးအာဏာပိုင်တို့၏ ချီးမြှင့်မြှောက်စားခြင်းကို ခံခဲ့ရသည်။ အသက် ၅၄ နှစ်တွင် နိုင်ငံရေး၌ အလိုမပြည့်သဖြင့် အစိုးရဝန်ထမ်းရာထူးမှ နုတ်ထွက်ကာ တပည့်များနှင့်အတူ တရုတ်နိုင်ငံတစ်ဝန်းသို့ လှည့်လည်သွားလာရင်း ရောက်လေရာ ပြည်နယ်များရှိ အုပ်ချုပ်သူတာရင်များအား သူ၏ အတွေးအခေါ်အယူအဆများကို ဟောပြောသည်။ သို့သော် သူ၏အတွေးအခေါ်များကို ဘုရင်များက လက်မခံကြ။

တစ်ဆယ့်လေးနှစ်လုံးလုံး သူသည် အပင်ပန်းခံကာ ဟိုဟိုဒီဒီ သွားလာခဲ့ပြီးနောက် အသက် ၆၈ နှစ်အရွယ်တွင် လူးပြည်နယ်သို့ ပြန်ရောက်လာကာ တပည့်များကို စာပေပညာပို့ချခြင်း၊ ဆုံးမဩဝါဒပေးခြင်း၊ စာပေကျမ်းဂန်များ ပြုစုခြင်းကိုသာ အားထုတ်လေတော့သည်။

ဘီစီ ၄၇၉၊ အသက် ၇၃ နှစ်အရွယ်တွင် ကွန်ဖူးဇီး ကွယ်လွန်သည်။

ကွန်ဖူးဇီးသည် ဇရာပိုင်းတွင် တရုတ်တို့၏ ရှေးဟောင်းဂန္ထဝင်ကျမ်းများဖြစ်သော "ရှီကျင်း" ခေါ် ကဗျာလင်္ကာကျမ်းနှင့် "ရှူးကျင်း" ခေါ် စာပေကျမ်းတို့ကို တည်းဖြတ်ခြင်း၊ "လီ" ဟုခေါ်သော လောကနီတိနှင့်တဂ္ဂ "ယွဲ့" ဟုခေါ်သော ဂီတပညာရပ်များကို ပြဋ္ဌာန်းခြင်း၊ "ချင်းချူ" ခေါ် ရာဇဝင်ကျမ်းကို ပြုစုခြင်းဖြင့် ရှေးရာယဉ်ကျေးမှုအမွေအနှစ်များကို ထိန်းသိမ်းဖြန့်ဖြူးခဲ့သည်။

ကွန်ဖူးဇီး၏ တစ်သက်တာတွင် ပညာရေးလုပ်ငန်းမှ အောင်မြင်ချက်များမှာ အထင်ရှားဆုံးဖြစ်သည်။

"လူကို အယုတ်အလတ် အမြတ်မရွေး ပညာပို့ချရသည်" ဟု သူသည် ခံယူထားသည်နှင့်အညီ အလွတ်ပညာသင်ကျောင်းတစ်ကျောင်းကို ပွဲဦးထွက်အနေဖြင့် စတင်တည်ထောင်ကာ စာပေပညာကို မင်းစိုးရာဇာတို့ လက်တွင်းမှ အရပ်သူအရပ်သားများလက်ထဲသို့ သက်ဆင်းစေလေသည်။

ကွန်ဖူးဇီးတွင် တပည့်သုံးထောင်ရှိသည့်အနက် အကျော်အမော်တပည့်ရင်း ၇၂ ဦး ရှိသည်ဟု အဆိုရှိသည်။

မိမိ၏တပည့်များကို ပျိုးထောင်ရာတွင် ကွန်ဖူးဇီးသည် လူတို့၏ ကိုယ်ကျင့်တရားကောင်းမွန်ရေးကို ဦးစားပေးသည်။

"ပညာရှာဖွေဆည်းပူးခြင်းကို ငြီးငွေ့သည်မရှိ၊ သူတစ်ပါးအား ပညာသင်ပေးရသည်ကို ဝန်လေးသည်မထင်ဘဲ ဇွဲရှိရသည်"

"သင်ယူထားသည်များကို မကြာခဏ လေ့ကျက်ရသည်" ဟူသော သူ၏ ဩဝါဒများမှာ နောင်လာနောက်သားများအတွက် ကျေးဇူးကြီးလှပေသည်။

ကွန်ဖူးဇီး ကွယ်လွန်ပြီးနောက်တွင် တိုင်းပြည်အုပ်စိုးသူတို့က သူ့ကို အတိုင်း



www.burmeseclassic.com

www.burmeseclassic.com

ထက်အလွန် ကြည်ညိုလေးစားသည့် အလျောက် သူ့ဇာတိသည်လည်း "ကွန်သုံးလုံး"ဌာနေ (ဝါ) ကွန်ဖူးဇီးဘုရားကျောင်း၊ ကွန်ဖူးဇီးအနွယ်များစံအိမ်တော်၊ ကွန်ဖူးဇီးမျိုးနွယ်ပိုင် သစ်တောအဖြစ် ကျော်ကြားခဲ့လေသည်။

ကွန်ဖူးဇီးကွယ်လွန်ပြီး တစ်နှစ်အကြာတွင် "လူး"ပြည်နယ်မှ ပြည့်ရှင်မင်းသည် ကွန်ဖူးဇီးနေထိုင်ခဲ့သော အိမ်ကို ကွန်ဖူးဇီးဘုရားကျောင်းအဖြစ် မွမ်းမံထားလေသည်။ ထိုအခါမှစ၍ ကွန်ဖူးဇီးဘုရားကျောင်းသည် သမိုင်းတစ်လျှောက်တွင် ကွန်ဖူးဇီးကို ပူဇော်ပသရာနေရာ ဖြစ်လာလေသည်။

ဟန်ခေတ်သို့ ရောက်သော် ဟန်ဝူတီဘုရင်က "ကွန်ဖူးဇီးဝါဒကိုသာ အထွတ်အမြတ်ထား၍ ကျန်သည့်ဝါဒအားလုံးကို ပယ်ချ"သဖြင့် ကွန်ဖူးဇီးဝါဒများသည် တရုတ်မြေရှင်ပဒေသရာဇ်ယဉ်ကျေးမှု၏ ပင်ရင်းအစဉ်အလာ၊ တရုတ်မြေရှင်ပဒေသရာဇ် လူနေမှုအဖွဲ့အစည်း၏ စိတ်ဓာတ်မဏ္ဍိုင် ဖြစ်လာခဲ့သည်။ ခေတ်အဆက်ဆက်မှ တိုင်းပြည်အုပ်စိုးသူတို့သည် ကွန်ဖူးဇီးကို ဘုရားတစ်ဆူ ဂူတစ်လုံးသဖွယ် ကိုးကွယ်ကြ၍ "အမြင့်မြတ်ဆုံးသော အာစရိယကြီး"ဟု ချီးကျူးမြှောက်စားကြသည်။

ကွန်ဖူးဇီး၏ သားစဉ်မြေးဆက်များသည်လည်း ကွန်ဖူးဇီး၏ အရိပ်အာဝါသကို ခိုလှုံလျက် ကောင်းစားခဲ့ကြသည်။

ကွန်ဖူးဇီး၏ သားကြီး၊ မြေးကြီးအဆက်ဆက်တို့သည် ကွန်ဖူးဇီးအနွယ်များ စံအိမ်တော်တွင် တစ်လျှောက်လုံး နေထိုင်လာခဲ့ကြသည်။

"သူတော်ကောင်းအနွယ်တော် မင်းကြီး"ဟု အမိန့်ပြန်ရသည့် "ယန်စိန်ကုန်း" ခေါ် ဘွဲ့ထူးကို အေဒီ ၁၀၅၅ ခုနှစ်မှစ၍ နှစ်ပေါင်း ၈၈၀ ကျော်မျှ ကွန်ဖူးဇီး၏ အနွယ်တော် ၃၂ ဆက်တို့က အရိုက်အရာဆက်ခံလာခဲ့ကြသည်။

နှစ်ပေါင်းနှစ်ထောင်ကျော်ကြာ မြေရှင်ပဒေသရာဇ်ခေတ်တွင် ကွန်ဖူးဇီးအား ဘုရားတစ်ဆူ ဂူတစ်လုံးသဖွယ် လူထုက ကိုးကွယ်ခဲ့ကြရာမှ ၁၉၁၉ ခုနှစ်မှစ၍ တရုတ်နိုင်ငံသည် မြေရှင်ပဒေသရာဇ်စနစ်ကို တော်လှန်သည့်ခေတ်သစ်သို့ တက်လှမ်းလာခဲ့ရာ မြေရှင်ပဒေသရာဇ်အတွေးအခေါ်၏ မဏ္ဍိုင်ဖြစ်သော ကွန်ဖူးဇီး၏ ဝါဒများသည်လည်း ပြင်းပြင်းထန်ထန် ဝေဖန်အတိုက်ခံခဲ့ရ၏။

သို့သော်လည်း တရုတ်ပြည်သစ်ပေါ်ပေါက်လာပြီးနောက်တွင်မှ ကွန်ဖူးဇီးအကြောင်း သုတေသနလုပ်ငန်းသည် သစ်လွင်သော တစ်စခန်းသို့ တက်လှမ်းလာခဲ့သည်။ အဆိုပါ "ကွန်သုံးလုံး"ဌာနေသည်လည်း ကောင်းမွန်စွာ ထိန်းသိမ်းစောင့်ရှောက်ခြင်း ခံရလေသည်။

**မြသိန်း**

(မှီး-တရုတ်ပြည်တစ်ခွင် စာစောင် ၅၉။ ကွန်ဖူးဇီးနှင့် သူ့ဇာတိ)




သစ်ထွင်းပန်းချီဖြင့် ပြန်လည်သရုပ်ဖော်ထားသည့် ကွန်ဖူးဇီးနှင့် သူ့တပည့်များပုံ ပန်းချီကားမှာ ထန်ခေတ်က ပန်းချီဆရာကြီး ဝူတောက်စီ၏ လက်ရာဖြစ်သည်ဟု အဆိုရှိသည်။



www.burmeseclassic.com

www.burmeseclassic.com

# လက္ခဏာပညာသမိုင်း

ဦးငြိမ်းအောင် (ရန်ကုန်တက္ကသိုလ်)




အဲလစ်ဘေက်စတွိုင်းယား၏ စာအုပ်

ကမ္ဘာ့လက္ခဏာပညာသမိုင်းကို အခန်းဆက်ဆောင်းပါးများဖြင့် ရေးသားတင်ဆက်ခဲ့ရာ ၂၀ ရာစုခေတ် လက္ခဏာပညာဖွံ့ဖြိုးတိုးတက်မှုများကို ဖော်ညွှန်းသုံးသပ်ရန် အချိန်ကျရောက်လာချေပြီ။ ဤလိုအပ်ချက်ကိုဖြည့်ဆည်းရာတွင် စာရေးသူသည် မျက်မှောက်(၂၀)ရာစုခေတ် လက္ခဏာပညာဆိုင်ရာ အခြေအနေများကို အခန်းဆက်ဆောင်းပါးနှစ်ပုဒ်ဖြင့် အဆုံးသတ်ရန် အာသီသ ရှိပါသည်။


ယခု ဆောင်းပါးအမှတ်စဉ် ၁၄ ၌ ဆရာကြီးကိုင်ရိုတို့ အထူးခေတ်စားသော ၁၉ ရာစုခေတ်နှင့်မတူ တစ်မူထူးခြားစွာ အနောက်တိုင်း၌ အမျိုးသမီးလက္ခဏာပညာရှင် သုံးဦးသည် ၂၀ ရာစုခေတ်ပြိုင် ထင်ရှားကြပုံကို အသားပေး ဖော်ဆောင်ရေးသားရန် ရှိကြောင်း နိဒါန်းပျိုးထားရန် လိုပါသည်။

လက္ခဏာပညာ အမွေခံများကို 'လမ်းရိုးဟောင်းတွင် ဆင့်ကာထွင်'ဟူသော ထုံးကိုမှီ၍ သုသေတနပြု တီထွင်စွမ်းဆောင်ကြပုံကို အောက်ပါဥဒါဟရုဏ်ဖြင့် ဦးစွာမီးမောင်းထိုးပြလိုပါသည်။

ဖရန့်စစ်ဂေါ်လတန် (Francis Galton) သည် လက်မနှင့် လက်ချောင်းများရှိ လက်ဗွေရာအကြောင်းကို သိပ္ပံနည်းကျကျ ဖော်ဆောင်ခဲ့၏။ ဟဲရစ်ဝိုင်လဒါ (Wilder) နှင့် ဒေါက်တာပါကန်ဂျယ်(Purkenje) တို့က လက်ဖဝါးပြင်ရှိ သေးငယ်သော အရစ်ဗွေကြောင်း (Tiny Papillary Ridges) များကို ဆန်းစစ်ခဲ့ကြ၏။ အဆိုပါ ပညာရှင်ကြီးများ၏ ဖော်ဆောင်ချက်လမ်းကြောင်းကို အခြေပြုပြီး ၂၀ ရာစုခေတ် အင်္ဂလန်မှ လက္ခဏာပညာရှင် နိုဝယ်ဂျေကွင်း (Noel Jaquin)၊ အမျိုးသမီးလက္ခဏာပညာ ဗွေရာကွန့်ပတန် (Vera Compton) နှင့် ဘာရီး(လ်)ဟတ်ချင်ဆန် (B.B. Hutchinson) တို့က လက်ဖဝါးပြင်ရှိ အရစ်ဗွေနှင့် ထယ်ကြောင်း



www.burmeseclassic.com




ဒီစတာရိုးလီ
လက္ခဏာ
ဟောနေပုံ

ပုံစံများရ လူသား၏ စိတ်နေစိတ်ထားနှင့် ကျန်းမာရေးအခြေအနေများကို ဆန်းစစ်နိုင်၊ ပုံဖော်ထုတ်နိုင်ခဲ့ကြ၏။

ဘာရီး(လ်)ဟတ်ချင်ဆန်သည် အင်္ဂလန်၌ လက်ရှိဖွဲ့စည်းထားသော Society for the Study of Physiological Patterns အမည်ရှိ ရူပကာယလက္ခဏာ ပညာ လေ့လာရေးအသင်း၏ ဦးစီးဦးကိုင် ဖြစ်ပါသည်။ ဤအသင်းကို ကိုယ်စားပြု၍ သူမသည် လူတို့၏ သုဘာသုဘကို လက်ဖဝါးပြင်ရှိ အရစ်အကြောင်းနှင့် ထယ်ကြောင်းပုံစံ (Palmar Ridges and Furrows) အရ ဆန်းစစ်နိုင်ပုံ အတတ်ပညာကို Your Life in Your Hand စာအုပ်၌ ရေးသားဖော်ထုတ်ခဲ့၏။ ဤအကြောင်းနှင့် ပတ်သက်၍ ဇောတိသဝေဒမဂ္ဂဇင်း၊ အတွဲ(၁)၊ အမှတ်(၄)၊ ဒီဇင်ဘာ ၁၉၈၄ တွင် ဆရာဇေ၏ လက်ဖဝါးပြင်ဟူသော ဆောင်းပါးတွင် အသုံးချဖော်ညွှန်းပြီးဖြစ်၏။

ဆရာမကြီး ဘာရီး(လ်)ဟတ်ချင်ဆန်က လက်ဖဝါးပြင်ရှိ အရစ်တွေ အကြောင်းနှင့် ထယ်ကြောင်းပုံစံအရ ဆန်းစစ်ဟောကြားသော ပညာရပ်ကို Dermato Glyphics ဟူ၍ အမည်ပညတ်ပြုပါသည်။ Derma သည် ဂရိဝေါဟာရဖြင့် အသားအရေ Skin ဖြစ်ပြီး၊ Glyphe သည် အကွေးအကောက်မျဉ်းကြောင်းများဟူ၍ အဓိပ္ပာယ်ရပါသည်။ သူမသည် တစ်ဖန် ဆက်လက်၍ ခရုပတ်မွေအရ ဒေါင်းမြီးကွက်ပုံသဏ္ဌာန် (Peacock's Feather with the Eye) အကြောင်း တင်ပြခဲ့၏။ မြန်မာ့ရိုးရာ လက္ခဏာပညာအရ ဒေါင်းမြီးကွက်ကို ပတ္တမြားဟု ယူနိုင်ပါ



ဆရာတိုင်း(လက္ခဏာဟောပုံ)

သည်။ ဒေါင်းလိုက်လမ်းကြောင်း၌ ဒေါင်းမြီးကွက် ကပ်လျက်တွေ့ပါက ဒေါင်းမြီးယပ်ဟူ၍ ယူနိုင်ပါသည်။ ဤသို့ဆိုလျှင် ခရုသင်းပုံ မင်္ဂလာအခြံအရံ ရရှိနိုင်သည်မှာ မဆန်းပါ။ ဤသို့ဖြင့် ရှေးဟောင်းသာမုဒြိက သျှတ္တရကျမ်းသာ မင်္ဂလာအခြံအရံများ (Asupicious Signs) သည် အနောက်တိုင်း၌ပင် ခေတ်စားလာပြီဟု ကောက်ချက်ချရပါမည်။


ဆရာမကြီး ဟတ်ချင်ဆန်သည် ကိုင်ရို၏ (You and Your Star) စာအုပ်ကို တည်းဖြတ်ထုတ်ဝေခဲ့ပြီး ကိုယ်တိုင်ရေး လက်အကြောင်း လက်စွဲစာအုပ် (Hand Book on Hand) ကိုလည်း တစ်မူထူးခြားစွာ ပြုစုထားကြောင်း ဖတ်ရှုရပါသည်။

သူမနှင့် ခေတ်ပြိုင် ယနေ့ လန်ဒန်မြို့တော်၌ လက္ခဏာလက်တွေ့ ဟောကြားနေသူ ဆရာမကြီး ဗွေရာကွန်ပတန်သည် ပညာကျော် နိုဝယ်ဂျေကွင်း၏ တပည့်ရင်းဖြစ်၏။ သူမသည် ပထမကာလ အော်ပရာဇာတ်၏ ပင်တိုင်အဆိုရှင် (Contralto) အဖြစ် အသက်မွေးမှုပြုစဉ် ဆရာနိုဝယ်ထံ လက္ခဏာပညာကို ရှာမှီးခံယူခဲ့၏။ ဆရာရင်း (နိုဝယ်ဂျေကွင်း) ကွယ်လွန်ပြီးနောက် အရိုက်အရာနေရာ အစားထိုးဝင်ရောက် လုပ်ကိုင်လေ၏။ သူမ၏ ကျော်ကြားသော စာအုပ်မှာ (Palmistry for Every Man) ဖြစ်၏။


အမေရိကန်နိုင်ငံတွင် ၎င်းတို့နှင့် ခေတ်ပြိုင် ကျော်ကြားသူမှာ အဲလစ်ဇဘက်ဒယ် နီယယ်စက္ကိုင်းယားဆိုသူ သတင်းစာဝန်ထမ်း အမျိုးသမီးတစ်ဦး ဖြစ်ပါသည်။ သူမအကြောင်း ယခင်ဆောင်းပါးများ၌ မကြာခဏ ကိုးကားရေးသားခဲ့ပြီးဖြစ်၍ အကျယ်မချဲ့လိုတော့ပါ။

အဆိုပါ ၂၀ ရာစု အမျိုးသမီးကြီး သုံးဦးစလုံး အမြဲကိုးကားသော စာအုပ်မှာ

www.burmeseclassic.com



နရလက္ခဏာဖတ်ကျမ်း



HANDBOOK ON HANDS

BY

BERYL B HUTCHINSON M.B.E

*Fellow of the Society for the Study of Physiological Patterns*

Adopted by the Society for the Study of Physiological Patterns as one of the text-books for the Examination for Fellowship Diploma on Hand-Patterns

Illustrations by PETER MARSHALL

RIDER AND COMPANY

*Hutchinson House, Stratford Place, London, W*

TORONTO MELBOURNE SYDNEY CAPE TOWN

## နရလက္ခဏာဖတ်ကျမ်း

## ဘီ–ဘီ ဟတ်ချင်ဆန်၏ စာအုပ်

"လောကသုံးပါးတွင် လူသားတို့အကြောင်း ပညာဗဟုသုတ တိုးပွားစေရေးအတွက် စာအုပ်တစ်အုပ်သဖွယ် ဖတ်ရှုနိုင်စွမ်းသော လူသားတို့ ရရှိပိုင်ဆိုင်ထားသော လက်မှအပ အခြားမရှိ"

၂၀ ရာစု ခေတ်သစ်လက္ခဏာပညာသမိုင်းကို ထပ်မံအကျယ်ချဲ့ မရေးသားမီ ခေတ်သစ်လက္ခဏာပညာ၏ ဖခင်ဖြစ်သော ဒီစဘာရိုးလီနှင့် ဒီအာပင်တစ်ဂနီတို့၏ ဂုဏ်ကျေးဇူးကို ပြန်ပြောင်းအောက်မေ့ ဖော်ကျူးရန် လိုအပ်လာပါသည်။

ဆရာကြီး ဒီစဘာရိုးလီသည် သူ့ခေတ်အလျောက် ထင်ရှားလှသော အဋ္ဌမမြောက် ပုတ်ရဟန်းမင်းကြီး လီယို (Pope Leo VIII)၊ တတိယမြောက် နာပိုလေယွန် (Napoleon III) နှင့် နန်းမတော် ယူဂျီနေး (Empress Eugenie) တို့၏ လက္ခဏာပုံကို မှန်ကန်တိကျစွာ ဟောကြားနိုင်ခဲ့၏။ ဆရာကြီးသည် လူ့အကဲခတ်ပညာ မှန်သမျှကို စိတ်ဝင်စားသည့်အလျောက် လက်ရေးဖြင့် လူ့အကျင့်စရိုက် ဆန်းစစ်သည့်ပညာ (Graphology) ဆိုင်ရာ ကျမ်းတစ်စောင် ပြုစုခဲ့သေး၏။ လက်ဖဝါးပြင်တွင် ဂြိုဟ်ခုံများ သတ်မှတ်ဟောကြားပုံစနစ်ကို တိုးချဲ့ဖော်ထုတ်နိုင်ခဲ့သောကြောင့်လည်း ၁၉ ရာစုခေတ်နှောင်းနှင့် ၂၀ ရာစုခေတ်ဦးတွင် အပြိုင်ကျော်ကြားလာသော ကိုင်ရို၊ စိန့်ဂျာမိန်းနှင့် ဘင်ဟန်တို့အပေါ် ကျေးဇူးသြဇာများစွာ တင်ရှိပါသည်။

ဗိုလ်ကြီးဟောင်း ဒီအာပင်တစ်ဂနီ၏အပေါ် သြဇာညောင်းလှ၏။ သူမသည် The Human Hand နှင့် Studies in Hand Reading အစရှိသော ကျမ်းများ ပြုစုခဲ့သော စိတ်ပညာရှင်သမားတော်



www.burmeseclassic.com

www.burmeseclassic.com

(Psychologist & Phisician) တစ်ဦး ဖြစ်ပါသည်။

ဆရာကြီးဒီစဘာရိုးလိ၏မှုကို လိုက်နာတိုးချဲ့ကျင့်သုံးသူတစ်ဦး အကြောင်းကို ထပ်မံရေးသားရသော် ပြင်သစ်နိုင်ငံသား ဗွားစချိုက်(Vashide) ကို ညွှန်းရပါမည်။ သူသည် လက္ခဏာပညာ၏ မှန်ကန်မှုနှင့် လက္ခဏာဆရာများ၏ ကျွမ်းကျင်မှုကို သုတေသနပြုခဲ့၏။ သူကွယ်လွန်ပြီး နောက်ပိုင်း ဇနီးဖြစ်သူက ၁၉၀၉ နှစ်တွင် ထုတ်ဝေခဲ့သော Essat Sur La Psychology de la Main တွင် လက္ခဏာပညာ အတွေ့အကြုံတစ်ခုကို ဖော်ပြထား၏။ ၁၉၀၄ ခု၊ ဆောင်းရာသီ၌ မဒမ်ဖရာယာ (Mme Fraya) က သူသည် အသက် ၃၃ နှစ်တွင် အဆုတ်အအေးမိရောဂါဖြင့် ကွယ်လွန်မည်ဟု ဟောဆိုသည့်အတိုင်း အတိအကျ မှန်ကန်သည်ဟု ဆိုပါသည်။

ဆရာကြီးကိုင်ရှိ လက္ခဏာပညာ ဟောကြားခြင်း ရပ်နားချိန် ၁၉၃၀ ပြည့်နှစ်ခန့်တွင် မြန်မာနိုင်ငံ၌ လက္ခဏာသဠုယကျမ်း (ပထမတွဲ)တစ်ဆူ ပေါ်ထွန်းခဲ့၏။

ကျမ်းကြီး နိဂုံးစာသား ကိုးကားရေးသားရသော် ရဟန်းငါးဝါသာရသော 'ဂန္ဓမာလာ'အမည်ရှိသော ပျို့သစ်နုနယ်၊ ပညာကြွယ်ဝ၊ ပဋ္ဌင်းလှသည်၊ သုတလိုလား။ အမျိုးသားတို့အလို့ငှာ၊ သက္ကတဘာသာ၊ အက္ခရာရှုပ်ထွေး။ ကုလားတို့၏ အရေးကို၊ မကွယ်မထောက်၊ ကုန်ပယ်ဖျောက်၍၊ မြန်မာဘာသာအားဖြင့် ရေးသားပြုပြင် စီရင်အပ်သော ဤလက္ခဏာသဠုယ အမည်ရှိသော ကျမ်းသည် တစ်ရာကို တစ်ဆယ့်နှစ်ဖြင့် မြှောက်အပ်သော၊ ကိုးဆယ့်တစ်ခု အလွန်ရှိသော တစ်ပေါင်းလပြည့်နေ့(၁၂၉၁ ခု၊ တပေါင်းလပြည့်နေ့)၌ ပြီးစီးကြောင်း သိရ၏။

ဤကျမ်းမှာ အလွန်ကောင်းမွန်ပြည့်စုံပြီး ခေတ်သစ်အယူအဆအရ


ဗွေရာကွန့်ပတန်

လည်း ခေတ်မီသည်ဟု စာရေးသူက ထောမနာပြုလိုပါသည်။ စာရေးသူထံ၌ ရှိသော ပထမတွဲ၌ သရုပ်ပြပုံများ မပါရှိပါ။ ဒုတိယတွဲ ထွက်မထွက် မသိရပါ။ တကယ်ထုတ်ဝေဖြစ်ပါက တန်ဖိုးအလွန်ကြီးမားသဖြင့် ဖော်ထုတ်သင့်ပြီဟု တိုက်တွန်းလိုပါသည်။

၁၉၀၈ ခုနှစ်၌ ရန်ကုန်မြို့၊ ဟံသာဝတီသတင်းစာတိုက်မှ ဆရာတိုင်း ကောင်းစွာစီရင်၍ထားခဲ့သော မဟာတိတ်ထုံကျမ်းကြီး ရိုက်နှိပ်ထုတ်ဝေခဲ့သည်။ ထိုကျမ်း၌ လက္ခဏာဟောပုံအခန်းပါသည်။ မင်္ဂလာအခြံအရံများကို ဘလောက်ပုံဖြင့် ဖော်ပြထား၏။ ဆရာတိုင်းသည် မည်မျှပညာရှိဂုဏ်မြောက်ကြောင်း အောက်ပါစာပိုဒ်ဖြင့် သက်သေထူပါအံ့။ "စာအုပ်များတွင် ထုလုပ်ကြသော လက်ဝါးလက္ခဏာပုံများ၌လည်း အဆိုပါ မင်္ဂလာအခြံအရံတို့ မပါရှိ။ ကျွန်ုပ်ကိုလည်း ယုံကြည်အားထားလောက်အောင် မကျွမ်းကျင။ သို့ရာတွင် အကြားအမြင် ဗဟုသုတအားဖြင့်လည်းကောင်း၊ ဆရာကြီးတို့ ပြောဆိုရေးပြဖူးသည်ကို မှတ်နာရသောအားဖြင့်လည်းကောင်း ၎င်းတို့၏ ပုံသဏ္ဍာန်နေထားကို ဤ၌ ဆင်ခြင်နိုင်ရန် ပြဦးအံ့။ ပညာရှိတို့သည် မှားလျှင် ပြင်ဆင်ကြပါစေသတည်း"ဟူ၏။

၁၉၂၆ ခုနှစ်တွင် မောရဝတီပုံနှိပ်တိုက်မှ နရလက္ခဏာဖတ်ကျမ်း အမည်ရှိ လက္ခဏာစာအုပ်တစ်အုပ်ကို ရိုက်နှိပ်ထုတ်ဝေခဲ့သည်။ ထိုစာအုပ် မျက်နှာဖုံးအတွင်း စာသားမှာ ရှေးဘဝ၊ ကမ္ဘာသတ္တိ၊ စွမ်းရှိသလောက်၊ ဖြစ်မြောက်လူ့ရွာ သူငါအများ၊ မျိုးလေးပါးတို့ ကျိုးမြင်ကြောင်းပြ၊ ဟောင်းနေက၏။

သဘာဝဟိတ်၊ နိမိတ်လက္ခဏာ၊ မှတ်ရာမှတ်ကြောင်း၊ ဆိုးအကောင်းနှင့်၊ သောင်းပြောင်းထည့်တွဲ၊ မှည့်စွဲတခြား၊ အသားလှပ်တဝ၊ ဣတ္ထိပုရိသ သျှုတ္တရကျမ်း အနိုပ်ကျမ်းတို့ကိုပါ ရောပြွမ်းတီထွင်၍၊ စီစဉ်ပေါင်းစု ရေးသားအပ်သော 'ကျမ်းဟူ၍ ဖော်ပြထား၏။ ၎င်းစာအုပ်တွင် အနောက်တိုင်းလက္ခဏာပညာနှင့် အရှေ့တိုင်း သာမုဒြိက သျှုတ္တရတို့ကို ပေါင်းစပ်ပြုစုထား၏။ သရုပ်ပြပုံများ ပါရှိသော်လည်း စာသားနှင့် မကိုက်ညီကြောင်း တွေ့ရှိရပါသည်။ မြန်မာနိုင်ငံသို့ အနောက်တိုင်းလက္ခဏာမှုကို မိတ်ဆက်ပေးရန် ကြိုးပမ်း[illegible]စာအုပ်ကို ပြုစုစီရင်သော 'မောင်ဘလွန်း'(ကျောင်းဆရာကြီး)အား မှတ်တမ်းတင်လိုက်ပါသည်။

ဤမျှ အကြောင်းအရာဖြင့် ၂၀ ရာစုခေတ် လက္ခဏာပညာအခြေအနေ ပထမပိုင်းအဖြစ် သတ်မှတ်ပြီး ရပ်နားထားလိုပါကြောင်း ...။

**ဦးငြိမ်းအောင်(ရန်ကုန်တက္ကသိုလ်)**



www.burmeseclassic.com

www.burmeseclassic.com




# ဆင်စွယ်ပုတီး ၏ အတွေးအမြင်များ

ရှယ်လီသိန်းမောင် (စိန်မိုက်ကယ်)

တာရေးသူသည် လွန်ခဲ့သော ရက်သတ္တပတ်က မိတ်ဆွေတစ်ဦးထံမှ ဆင်စွယ်ပုတီးတစ်ကုံး လက်ဆောင်ရရှိခဲ့ပါသည်။ ပုတီးကလေး လက်ဆောင်ရရှိပြီး နောက်တစ်နေ့မှစ၍ နေ့စဉ် ဘုရားရှိခိုး၊ ပုတီးစိပ်၊ တရားထိုင်ပြီး ပုတီးလက်ဆောင်ပေးသူကိုလည်း မေတ္တာပို့လျက် ဆင်စွယ်ပိုင်ရှင် ဆင်ကြီးကိုလည်း တိရစ္ဆာန်ဘဝက ကျွတ်လွတ်ပြီး နိဗ္ဗာန်ရောက်ရန် အခွင့်အရေးအများဆုံးရသော လူ့ဘဝကို ပိုင်ဆိုင်ပါစေသားရယ်လို့ ဆုတောင်းမေတ္တာပို့သရင်း ဘုရားအလောင်း ဆဒ္ဒန်ဆင်မင်းဘဝဖြစ်စဉ်က စူဠသုဘဒ္ဒါ၏ ရန်ငြိုးဖွဲ့ခြင်း အတိတ်ဇာတ်လမ်းအား သတိရမိလိုက်ပါသည်။



www.burmeseclassic.com

www.burmeseclassic.com

ရဟန်းမိန်းမငယ်တစ်ဦးသည် တရားဟောနေသော ဗုဒ္ဓ မြတ်စွာ၏ မြတ်သော အဆင်းတော်ကို ကြည့်၍ ငါသည် ဤ ယောက်ျားမြတ်၏ မယားဖြစ်ခဲ့ဖူး၏လောဟု ဇာတိဿရဉာဏ်ဖြင့် ကြည့်ရှုရာ ဖြစ်ဖူးကြောင်း သိရှိ၍ ပြင်းစွာရယ်၏။ တစ်ဖန် လင်၏ အကျိုးမဲ့မှုကိုပြုခဲ့ဖူးကြောင်း မြင်၍ ပြင်းစွာ ငိုကြွေး၏။ ယင်းရဟန်းမိန်းမ၏ ငိုခြင်း၊ ရယ်ခြင်းကို အကြောင်းပြု၍ အတိတ်ဇာတ်ကို ဟောတော်မူလေသည်။

ဟိမဝန္တာ၏ အလျား × အနံ ယူဇနာ ငါးဆယ်စီရှိသော ဆဒ္ဒန်အိုင်ကြီးကို မှီ၍နေထိုင်ကြသော ဆင်ရုပ်တော်တို့၏ အကြီးအမှူး ဆဒ္ဒန်ဆင်မင်းသည် မဟာသုဘဒ္ဒါနှင့် စူဠသုဘဒ္ဒါဟူသော ဆင်မိဖုရားနှစ်ဦးနှင့်အတူ နေထိုင်လေသည်။ ဘုရားလောင်း ဆင်မင်းသည် ပစ္စေကဗုဒ္ဓါငါးရာအား မပြတ် ပူဇော်လေ့ရှိ၏။

တစ်နေ့တွင် ဆဒ္ဒန်ဆင်မင်းသည် အင်ကြင်းတောမှ အင်ကြင်းတစ်ပင်ကို ဦးကင်းတိုက်၍ ကစားရာ ခါချဉ်ကောင်များသည် လေညာဘက် နံဘေးတွင် ရပ်နေသူ စူဠသုဘဒ္ဒါကိုယ်ပေါ်သို့ ကျလာလေသည်။ လေကြောဘက်နံဘေးတွင် ရပ်နေသူ မဟာသုဘဒ္ဒါကိုယ်ပေါ်၌ကား အင်ကြင်းပန်း၏ ဝတ်မှုန် ဝတ်ဆံနှင့် ပွင့်ချပ်များ ကြွေသက်လေသည်။ ဤသည်ကို စူဠသုဘဒ္ဒါက မကျေနပ်ချေ။ အငြိုးအတေး ဖွဲ့ထားလိုက်လေသည်။ နောက်ရက်များမကြာမီ တစ်နေ့တွင် ပွင့်ချပ်ခုနစ်လွှာပါသည့် သတ္တုဒ္ဒမည်သော ကြာပွင့်ကို မဟာသုဘဒ္ဒါအား ပေးလိုက်သောကြောင့် စူဠသုဘဒ္ဒါမှာ ဆင်မင်းအပေါ် အမျက်ပိုမိုပြန်လေတော့သည်။

ထို့နောက် စူဠသုဘဒ္ဒါသည် ပစ္စေကဗုဒ္ဓါများအား သစ်သီးများ လှူဒါန်း၍ ကျွန်ုပ်သည် ဤဘဝမှစုတေသည်ရှိသော် သုဘဒ္ဒါမည်သော မဒ္ဒရာဇ်မင်း၏ သမီးတော်ဖြစ်၍ ဆင်မင်း၏ အစွယ်ကို ဆောင်ယူနိုင်စွမ်းရှိသူ ဖြစ်ရပါလို၏ဟု ဆုတောင်းလေသည်။ ထိုအချိန်မှစ၍ စူဠသုဘဒ္ဒါသည် အစာမစားတော့ဘဲ အာဟာရပြတ်၍ အသေခံလိုက်ရာ ဆုတောင်းသည့်အတိုင်း တစ်သဝေမတိမ်း ပြည့်ပြည့်စုံစုံမှုမက ဇာတိဿရဉာဏ်ကိုလည်း ရရှိသွားလေသည်။

သူမသည် ဗာရာဏသီမင်း၏ မိဖုရားခေါင်ကြီး ဖြစ်လာချိန်၌ မင်းကြီးအား ဆင်မင်း၏အစွယ်ကို အလိုရှိပါသည်။ အကယ်၍ မရခဲ့လျှင် သေရပါလိမ့်မည်ဟု ဆိုလိုက်လေသည်။ ဆင်စွယ်ကိုရှာဖွေရန်အတွက် မင်းကြီးသည် မိဖုရားစိတ်ကြိုက် နိုင်ငံတွင်းရှိ မုဆိုးများကို ခေါ်ယူပေးလေသည်။

ထိုအခါ သုဘဒ္ဒါသည် မုဆိုးများအလယ်၌ စသူငယ်ကြား လင်းတကြီးနားနေသည်နှင့်မခြား အလွန်ကြီးမားသော သောဏုတ္တရမည်သော မုဆိုးကို ရွေးချယ်လိုက်လေသည်။ ဤသို့ဖြင့် သုဘဒ္ဒါသည် မုဆိုးကို ဘုံခုနစ်ဆင့်မြင့်သော ပြာသာဒ်ပေါ်သို့ ခေါ်တင်သွားပြီး မြောက်ဘက်မှ လေသာပြတင်းကိုဖွင့်၍ မြောက်ဟိမဝန္တာသို့ လက်ညှိုးထိုးလျက် ဘဝဟောင်းက မိမိဆုတောင်းခဲ့ပုံများကို ရှင်းပြပြီး ဆင်မင်း၏နေထိုင်ရာ၊ ခေတ္တနားခိုရာ၊ ရေချိုးသွား၊ ဉလမ်းနှင့် ရေချိုးဆိပ်တို့ကိုလည်း ပြောပြကာ ယနေ့မှစ၍ ခုနစ်ရက်မြောက်သောနေ့၌ ခရီးထွက်ရမည့်အကြောင်း မှာကြားပြီး ပြန်လွှတ်လိုက်လေသည်။

ခုနစ်ရက်မြောက်သောနေ့၌ သောဏုတ္တရမုဆိုးကြီး ရောက်လာသောအခါ ပစ္စည်းမျိုးစုံထည့်ထားသော တစ်ကုမ္ဘဝင်သားရေအိတ်ကြီးကို မိဖုရားကြီးက ပေးလိုက်လေသည်။ ဆင်ပြောင်ငါးစီးအားနှင့် ပြည့်စုံသော သောဏုတ္တရမုဆိုးသည် ဆင်မင်း၏နေရာသို့ ရောက်လာလေသည်။

သူသည် ဆင်မင်း၏ နေထိုင်သွားလာမှုများကို စောင့်ကြည့်လေ့လာမှု ပြီးပြည့်စုံသည်နှင့် ဆင်မင်းနေမနေကျ အရပ်တွင် တွင်းကြီးတူးလိုက်လေသည်။ တွင်းဝမှ [illegible]က်တိုင်ခံ၍ အပေါ်မှ ပျဉ်ချပ်များ စီခင်းပြီး ပျဉ်ချပ်အမိုးပေါ်တွင် မြားထွက်သာရုံ အပေါက်ငယ်တစ်ပေါက် ဖောက်ထားလိုက်လေသည်။ ထို့နောက် ဖန်ရည်စွန်းသောအဝတ်ကို ဝတ်ဆင်လျက် လေးနှင့်

သုဘဒ္ဒါမိဖုရားသည် အမျက်ဒေါသကြောင့်ဖြစ်ရသော ရလဒ်သည် မိမိကိုယ်ကို ပြန်၍ အကျိုးမဲ့စေသကဲ့သို့ မေတ္တာတရားရှေ့ထားသော မေတ္တာကရုဏာရှင် ဆင်မင်းမှာတော့ ဖြဟ္မာနတ်လူ သုံးဘုံသူတို့၏ ကြည်ဖြူကော်ရော် ပူဇော်အထူးကို ခံယူတော်မူထိုက်သော မြတ်စွာဘုရားအဖြစ်သို့ ရောက်ရှိရခြင်းသည် မေတ္တာ၏ တန်ခိုးစွမ်းအားပင် ဖြစ်ပါသည်။



www.burmeseclassic.com

www.burmeseclassic.com

မြားကိုယူပြီး တွင်းဝဲ၌ ဝင်နေလိုက်လေသည်။ ဘုရားလောင်း ဆင်မင်းရောက်လာချိန်၌ သောဏုတ္တရမုဆိုးသည် အပေါက်ဝယ်မှ မြားဖြင့် ပစ်ခွင်းလိုက်ရာ မြားသည် ဆင်မင်း၏ ချက်မှဝင်၍ ကျောကုန်းဘက်မှ ဖောက်ထွင်းသွားခဲ့လေသည်။ ပြင်းထန်သော ထိုဒဏ်ချက်ကြောင့် ဆင်မင်းသည် ကြိုးကြာကဲ့သို့ သုံးကြိမ်ပြင်းစွာ အော်ဟစ်မိလိုက်လေသည်။

ယင်းအော်သံကိုလည်းကြား၊ ဆင်မင်း၏ ဖြစ်ရပုံကိုလည်း မြင်တွေ့ကြရသော ရှစ်ထောင်သောဆင်တို့သည် ရန်သူကို ရှာဖွေရန် ပြေးထွက်သွားကြလေသည်။ သို့ရာတွင် မဟာသုဘဒ္ဒါမိဖုရားကား လိုက်မသွားဘဲ ဆင်မင်းကို ဖေးမ၍ အနီးတွင်ပင် ရပ်နေလေသည်။ ဆင်မင်းသည် မြားစဝင်ရာနေရာကို ကြည့်၍ ရန်သူသည် ဝေးရာ၌မရှိ၊ မိမိအောက်မှ မြေထဲတွင်ပင် ရှိနေသည်ကို သိသဖြင့် သုဘဒ္ဒါမိဖုရားအား ရန်သူကိုရှာရန် စေလွှတ်လိုက်လေသည်။

မဟာသုဘဒ္ဒါမိဖုရား ထွက်သွားပြီးခါမှ ဆင်မင်းသည် နှာဖြင့်ရှပ်၍ တွင်းကိုဖိလိုက်သည်။ သောဏုတ္တရမုဆိုးကို တွေ့လိုက်ရသည်နှင့် သတ်မည်ဟု နှာမောင်းဖြင့်စမ်း၍ ဖမ်းလိုက်သည်တွင် မုဆိုးသည် သင်္ကန်းကို နှာမောင်း၌ တင်ပေးလိုက်လေသည်။ သင်္ကန်းကိုမြင်တွေ့လိုက်ရသော ဆင်မင်းသည် ဒေါသစိတ်ပြေငြိမ်းသွားလေသည်။ အချင်းမုဆိုး၊ အဘယ်ကြောင့် ငါ့ကိုပစ်သနည်း။ မိမိအကျိုးစီးပွားအတွက် ပစ်သလော၊ သို့မဟုတ် တစ်ပါးသောသူ၏ စေခိုင်းချက်ကြောင့် ပစ်ရသလောဟူ၍သာ မေးလိုက်သည်။ မုဆိုးက အကြောင်းစုံပြောပြသည်တွင် သုဘဒ္ဒါသည် ငါ့အစွယ်ကိုလို၍မဟုတ်၊ ငါ့အသက်ကို သေစေလို၍ စေခိုင်းခြင်းသာ ဖြစ်ကြောင်း ဆင်မင်းက ပြောပြပြီးနောက် မုဆိုးကိုခေါ်၍ အစွယ်ကို ဖြတ်ခိုင်းလေတော့သည်။

မုဆိုးသည် ဆင်မင်းအပေါ်တက်၍ အစွယ်ကို လွှဖြင့်ဖြတ်ရာ ဖြတ်၍မရချေ။ ဆင်မင်းကိုယ်တိုင် လွှကို နှာမောင်းဖြင့်ကိုင်၍ ဖြတ်ပေးကာမှ အစွယ်သည် သစ်မြစ်နုကဲ့သို့ ပြတ်သွားလေတော့သည်။ ဆင်မင်းသည် ထိုအစွယ်စုံကို နှာမောင်းဖြင့် မချီ၍ ငါ၏ကောင်းမှုသည် သဗ္ဗညုတဉာဏ်တော်ကို ထိုးထွင်း၍ သိခြင်း၏အကြောင်း ဖြစ်စေသတည်းဟု ဆိုလျက် မုဆိုးလက်သို့ ပေးအပ်လိုက်လေသည်။ လာခဲ့စဉ် ခရီးကိုလည်း ဤအစွယ်၏ အာနုဘော်တော်ကြောင့် အပြန်တွင် ခုနစ်ရက်တာမျှဖြင့် ရောက်လိမ့်မည်ဟု မှာလိုက်လေသည်။ ထို့နောက် မကြာမီ ဆင်မင်းသည် ကွယ်လွန်သွားရှာလေတော့သည်။

ဆင်များနှင့် မဟာသုဘဒ္ဒါမိဖုရားတို့သည် ဆင်မင်း၏ ရုပ်အလောင်းကို ပစ္စေကဗုဒ္ဓါငါးရာတို့အား ပင့်ဖိတ်၍ အသုဘရှု မီးသင်္ဂြိုဟ်လိုက်ကြလေသည်။ သောဏုတ္တရမုဆိုးသည်လည်း ဆင်မင်းအစွယ်၏ အာနုဘော်တော်ကြောင့် ခုနစ်ရက်မပြည့်မီမှာပင် ဗာရာဏသီသို့ ပြန်ရောက်သွားခဲ့လေသည်။

သုဘဒ္ဒါမိဖုရားသည် သောဏုတ္တရမုဆိုး ဆက်သလာသော ဆင်မင်း၏အစွယ်ကို ပတ္တမြားစီယပ်ဖြင့် ခံယူ၍ မိမိပေါင်ပေါ်၌တင်ထားပြီး အစူးအစိုက် ကြည့်နေမိ၏။

ထိုခဏ၌တွင်ပင် မိမိ၏ လင်ဖြစ်ခဲ့ဖူးသော ဆင်မင်း၏ ဂုဏ်ကျေးဇူးများကို ထင်မြင်လာပြီး ဆင်မင်းကိုလည်း အောက်မေ့သတိရ လွမ်းဆွတ်ခြင်း အဆုံး၌ ချုပ်တည်းခြင်းငှာ မတတ်နိုင်တော့ဘဲ သုဘဒ္ဒါမိဖုရားသည် နှလုံးကွဲ၍ သေပွဲဝင်သွားခဲ့ရရှာလေတော့သတည်း။

ဤဖြစ်စဉ်၌ သုဘဒ္ဒါမိဖုရား၏ အမျက်ဒေါသနှင့် ဘုရားအလောင်းဆင်မင်း၏ မေတ္တာတရားတို့ကို ယှဉ်ပြထားခြင်းဖြစ်ပါသည်။ သုဘဒ္ဒါမိဖုရားသည် အမျက်ဒေါသကြောင့်ဖြစ်ရသော ရလဒ်သည် မိမိကိုယ်ကို ပြန်၍ အကျိုးမဲ့စေသကဲ့သို့ မေတ္တာတရားရှေ့ထားသော မေတ္တာကရုဏာရှင် ဆင်မင်းမှာတော့ ဖြဟ္မာနတ်လူ သုံးဘုံသူတို့၏ ကြည်ဖြူကော်ရော် ပူဇော်အထူးကို ခံယူတော်မူထိုက်သော မြတ်စွာဘုရားအဖြစ်သို့ ရောက်ရှိရခြင်းသည် မေတ္တာ၏ တန်ခိုးစွမ်းအားပင် ဖြစ်ပါသည်။

သို့ပါ၍ ဤအမိမြေပေါ်ရှိ တိုင်းရင်းသားညီအစ်ကိုမောင်နှမများအားလုံး မိသားစုအချင်းချင်း၊ လမ်းသူလမ်းသားအချင်းချင်း၊ ရပ်ကွက်သူ ရပ်ကွက်သားအချင်းချင်း၊ လုပ်ဖော်ကိုင်ဘက်အချင်းချင်း၊ နိုင်ငံသူ နိုင်ငံသားအချင်းချင်း တစ်ဦးနှင့်တစ်ဦး စည်းလုံးညီညွတ်စွာဖြင့် မေတ္တာတရားရှေ့ထားပြီး လူမျိုးဘာသာ၊ သာသနာ၏ အကျိုးများကို ပူးပေါင်းဆောင်ရွက်လုပ်ကိုင်ကြမည်ဆိုပါက သာသနာတော်ကြီး အစွန်းရှည်ခိုင်မြဲပြီး ကမ္ဘာပေါ်တွင် မြန်မာဟု ထင်ပေါ်ကျော်ကြားမည် ဖြစ်ပါကြောင်း ဆင်စွယ်ပုတီးတစ်ကုံးမှ ရရှိလာသော အတွေးများအားရေးသားတင်ပြလိုက်ခြင်း ဖြစ်ပါသည်။

မေတ္တာများစွာဖြင့်

**ရှယ်လီသိန်းမောင်(စိန့်မိုက်ကယ်)**

**မှတ်ချက်** ။ ။ ၅၅၀ နိပါတ်တော်လာမှ ကိုးကားတင်ပြပါသည်။




www.burmeseclassic.com

www.burmeseclassic.com



www.burmeseclassic.com

www.burmeseclassic.com



# နွားဝင်စား
# လူ့ဘဝ

◆ မောင်အောင်မြင် (မိတ္ထီလာ)

ယခု ရေးသားတင်ပြမည့် နွားဝင်စား "လူ့ဘဝ"အဖြစ်အပျက်သည် လွန်ခဲ့သောနှစ်ပေါင်း ၇၅ နှစ်ခန့်က အဖြစ်အပျက် အမှန်တစ်ခုဖြစ်ပါသည်။ ယခုအချိန်တွင် သက်ဆိုင်ရာ ကာယကံရှင်များ သက်ရှိထင်ရှား မရှိကြတော့သဖြင့် အများသိရှိနိုင်ရန် ရေးသားဖော်ပြခြင်းဖြစ်ပါသည်။

"လူဝင်စား" ဆိုရာတွင် စာရေးသူ အတွေ့အကြုံအရ နှစ်ပိုင်းမြင်ပါသည်။ ပထမလူဝင်စားမှာ ကာယကံရှင်၏ အသက် (ဝိညာဉ်) ကိုယ်ခန္ဓာမှ မစွန့်မီ (မေ့မြောနေချိန်)ကြားခံတွယ်တာမှု သီးခြားမရှိဘဲ တိုက်ရိုက်ရှာဖွေဝင်စားသော "ဘဝ" ဖြစ်သည်။ ဒုတိယလူဝင်စားမျိုးမှာ ကာယကံရှင် (သေဆုံးပြီးနောက်) ၏ ဝိညာဉ်သည် ကြားခံဘဝ (နာနာဘဝ)သို့ရောက်ရှိပြီး ဘဝသက်တမ်းကုန်ဆုံးချိန်ရှိမှသာ အဆိုပါ နာနာဘဝမှ အမှီသဘောဖြင့် ပူးကပ်ဝင်ရောက်လာသော "လူဝင်စား" ဖြစ်သည်။ (၂၀ဝ၆ ခုနှစ်၊ မတ်လ ရောင်ပြန်မဂ္ဂဇင်းပါ "မိဘလေးပါးနှင့် လူဝင်စား မောင်သန်းစိန်" ဆောင်းပါး)

ယခုရေးသားဖော်ပြမည့် နွားဝင်စား "လူ့ဘဝ" အဖြစ်အပျက်မှာ ပထမ လူဝင်စားပိုင်းဖြစ်၍ "လောက်လန်းသဖွယ် ဝိညာဉ်တွယ်" ဆိုသောစကားအတိုင်း ဇီဝိန် (အသက်) (ဝိညာဉ်) ရှာဖွေတွယ်ကပ်ဝင်စားခဲ့သည့် "ဝိညာဉ်" ဝင်စားဘဝဖြစ်သည်။ တစ်ဖက်မှ တွယ်တာမှီခိုနိုင် (လက်ခံနိုင်မှု)အဆင့် (အဆင်သင့်ဖြစ်မှု)ရှိမှ မူလခန္ဓာဟောင်းမှ ဝိညာဉ်သည် ခန္ဓာဟောင်းကို စွန့်ခွာပြီး ခန္ဓာသစ်ဘဝ (လူဝင်စား) ရောက်ရှိလာခြင်း ဖြစ်ပါသည်။



www.burmeseclassic.com

www.burmeseclassic.com

မန္တလေးတိုင်းဒေသကြီး၊ မိတ္ထီလာခရိုင်၊ မိတ္ထီလာမြို့နယ် (မိတ္ထီလာကန်အောက်)အရှေ့ဘက် ငါးမိုင်ခန့်အကွာရှိ "ဝှမ်းတဲ"ရွာမှာ အိမ်ခြေ (၅၀)ခန့်ရှိပါသည်။ ထက်ဝက်ခန့်မှာ လယ်ယာလုပ်ငန်းဖြင့် အသက်မွေးကြသည့် တောင်သူများဖြစ်သည်။ ကျန် (၂၅) အိမ်အနက် ထက်ဝက်ခန့်မှာ ထန်းလုပ်ငန်းနှင့် တောင်သူလုပ်ငန်းကို တွဲလုပ်ကိုင်ကြပြီး ကျန်အိမ်များမှာ လက်လုပ်လက်စား ကျပန်းများဖြစ်ကြသည်။

စာရေးသူ၏ ဘကြီး (အဘိုး)မှာ တောင်သူလုပ်ငန်းဖြင့် အသက်မွေးသူတစ်ဦးဖြစ်ပြီး လယ်ယာမြေဧက ၁၀၀ ခန့် (ဘိုးဘွားပိုင်)ရှိပြီး နွားသုံးရှဉ်း လှူတုံး (စာရင်းတုံး) သုံးယောက်ငှားရမ်း၍ ကိုယ်တိုင်ဦးစီးလုပ်ကိုင်သော မြေပိုင်ရှင်တောင်သူကြီးဖြစ်သည်။

ထိုအချိန် (၁၂၈၅ ခုနှစ်)က မိတ္ထီလာကန်အောက် ကန်ရေသောင်ဖြစ်သည်တစ်ကြောင်း၊ မိုးလေဝသမှန်ကန်မှုရှိ၍လည်းကောင်း၊ အဘိုး (ဘကြီး)၏ လယ်ယာလုပ်ငန်းများ အောင်မြင်ဖြစ်ထွန်းမှုရှိသည်။ ပဲသီးနှံနှင့် နှမ်းတို့၏ အထွက်နှုန်းမှာ "စပါးရ" ရသည်ဆိုစကားအတိုင်း ပဲမျိုးစုံနှင့် နှမ်းများကို လှည်းငါးစီးခန့်နှင့် စပါးတင်းပေါင်း ၁၀၀၀ တစ်ထောင်ကျော်ခန့် ထွက်ရှိသည်။ ပဲမျိုးစုံနှင့် နှမ်းတင်း ၁၀၀၊ ၂၀၀ ထွက်ရှိသကဲ့သို့ "ဝါ" သီးနှံအနေဖြင့်လည်း ပိဿာ ၅၀၀၀ ခန့်တွင်ရှိသဖြင့် ရှမ်းတဲရွာ၏ မြေပိုင်ရှင် ကြေးရတတ်၊ တောင်သူကြီး ဦးဖိုးထွား (မင်းကြီး)၏အမည်မှာ မိတ္ထီလာကန်သောင်အရှေ့ဘက်တွင် မသိသူရှား လူသိများထင်ရှားခဲ့သည်။ မင်းကြီးဟုပင် (အဖေ့အစ်ကိုကြီး) တင်စားခေါ်ခြင်းခံရသည်။

အဘိုး (ဘကြီး)တွင် သမီးနှစ်ဦး၊ သားနှစ်ဦး ပေါင်း လေးဦးရှိပြီး စာရေးသူ၏ မိခင်ကြီးမှာ အဘိုး၏သမီးကြီးဖြစ်သည်။ သားနှစ်ယောက်မှာ မိမိ၏ မိခင်အောက်မှ အထက်အောက်ဖြစ်၍ အငယ်ဆုံးမှာ သမီးဖြစ်သည်။

အဘိုးအိမ်တွင် အလွန်လိမ္မာသော အိမ်မွေးခွေးကြီးတစ်ကောင်ရှိပြီး "ကျားဘို"ဟုခေါ်သည်။ မိမိသိတတ်သည့် အရွယ်မှစ၍ အဘိုးအိမ်သို့ မိမိရောက်လျှင် အမြီးတနှံ့နှံ့နှင့် နှုတ်ဆက်အသိအမှတ်ပြုရှာသည်။ ရန်မူခြင်းမရှိ၊ အိမ်မှ ခိုင်းနွားကြီးများနှင့် ခင်မင်မှုရှိသည်။ လူစိမ်းများအိမ်ဝိုင်းအတွင်း အဝင်မခံ၊ အလွန်အကိုက်ကြမ်းသည်ဟု ပတ်ဝန်းကျင်မှ သိထားကြသည်။

မိမိ (စာရေးသူ)မှာ အဘိုး(ဘကြီး)၏ သမီးကြီးမှ မွေးသော မြေးဦးဖြစ်၍ အဘိုးမှ အလွန်ချစ်သည်။ မိမိသိတတ်စအရွယ်မှစပြီး မိုးလင်းအိပ်ရာမှ မျက်နှာပင်မသစ်ရမီ မိမိအားလာခေါ်ရပြီး သူ့အိမ်သို့ ကျောပိုးချီသွားသည်မှာ နေ့စဉ်လိုဖြစ်သည်။ နံနက် နေ့နှင့် ညစာ အဘိုးအိမ်မှာစားရပြီး ညအိပ်ချိန်ရောက်မှ ကျောပိုးပြီး အိမ်ပြန်ပို့သည်။ အဘွား (အမေကြီး)မှာ အေးဆေးသူဖြစ်၍ မိမိအား အဘိုးလောက် ဂရုမစိုက်ပါ။

ဆောင်းဥတု၏ နေ့တစ်နေ့ နံနက် (၉)နာရီခန့် မိမိတို့မြေးအဘိုး အိမ်ရှေ့တွင်မီးလှုံနေစဉ် သုံးနှစ်သားအရွယ် ယောက်ျားကလေးငယ်ကို ပခုံးပေါ်ထမ်းပြီး အသက် ၃၀ ရွယ် လူတစ်ဦး အဘိုး၏ အမည် (မင်းကြီး)ကိုခေါ်ရင်း မိမိတို့မြေးအဖိုး မီးလှုံသည့် နေရာသို့ ရောက်လာပါသည်။ လူစိမ်းကို အိမ်ဝိုင်းအတွင်းသို့ အဝင်မခံသော ခွေးလိမ္မာကြီး "ကျားဘို"မှာ အဆိုပါဝိုင်းအတွင်းသို့ ဝင်လာသူတို့အား ခေါင်းထောင်ကြည့်ပြီး အသံမပေးဘဲ ဝင်ခွင့်ပြုသည်မှာ ဆန်းလှသည်။ ထိုအချိန်က စာရေးသူမှာ ငါးနှစ်သားအရွယ်သို့ရောက်နေပြီ ဖြစ်၍ ထိုနေ့က မြင်ကွင်းကို ယခုတိုင်သတိရနေမိသည်။

မိမိတို့မြေးအဘိုး မီးလှုံရာသို့ ဝင်လာသူတို့အား အဘိုးမှ သိကျွမ်းရင်းနှီးပြီးဖြစ်၍ "လာဟေ့ အေးသောင်း၊ မလာစဖူးကွာ" ဟု ပြောဆိုဖိတ်ခေါ်ရင်း နေရာပေးသည်။ အဆိုပါဧည့်သည်ကိုအေးသောင်းမှာ ပခုံးပေါ်မှ ကလေးငယ်အား အောက်သို့ချလိုက်သည်နှင့် တစ်ပြိုင်နက် အရွယ်နှင့်မလိုက်အောင် သိနေသော အဆိုပါကလေးငယ်မှာ မိမိအဘိုးထံပြေးသွားပြီး ဆောင့်ကြောင့်ထိုင်လျက် လက်အုပ်မိုး ရှိခိုးဦးချရင်း အဘိုး၏ရင်ခွင်ပေါ်သို့ တက်ထိုင်လိုက်ပါသည်။ ထို့နောက် အဘိုး၏ မျက်နှာကို စေ့စေ့ကြည့်ပြီး "အဖေ" "အဖေ"ဟု တတွတ်



www.burmeseclassic.com

www.burmeseclassic.com

တွတ်ခေါ်ရင်း အငမ်းမရ ပွေ့ဖက်နမ်းရှုပ်နေပါသည်ကိုမြင်လိုက်ရသဖြင့် မိမိ၏စိတ်ထဲမှာ ထူးဆန်းနေမိသည်။ အိမ်မွေးခွေးကြီး "ကျားဘို"မှာလည်း အဘိုးရင်ခွင်၌ထိုင်နေသော အဆိုပါကလေးငယ်ထံသွားပြီး လျှာဖြင့်လျက်ပေးရင်း အမြီးနှံ့နေသည်မှာ ယခင်က ရင်းနှီးခဲ့သူပမာဖြစ်သည်။ ကလေးငယ်ကလည်း အဘိုး၏ရင်ခွင်မှာထိုင်နေရင်း ခွေးလိမ်မာကြီး "ကျားဘို"အား တရင်းတနှီး ပြန်လည်ပွတ်သပ်‹ ပေးနေသည်ကို ငြိမ်သက်စွာရှိနေသော ခွေးကြီးမှာလည်း ထူးဆန်းလှသည်။

အဘိုး၏ရင်ခွင်ပေါ်တွင် ထိုင်နေသော ကလေးငယ်မှာ အဘိုး၏အိမ်ကြီးဘက်ဆီသို့ ဝေ့ပတ်ရှာကြည့်ရင်း ဖြုတ်ကနဲထ၍ အိမ်အောက်ထပ် အနောက်ဘက်အခန်းထောင့် တစ်နေရာတွင်ချိတ်ဆွဲထားသော (ချုလုံးနှင့် ဆည်းလည်းများတပ်ဆ‹ားသော)နွားလည်ပတ်နှင့် မုန်စီစလွယ် (အလှူရှင်ပြု မောင်ရင်လောင်း၊ ဘုန်းကြီးကြိုပို့၊ ဘုရားပွဲများသို့သွားသည့်အခါ နွားကိုအလှဆင်ပေးသည့်ပစ္စည်းများ)တန်ဆာများရှိရာသို့ ပြေးဆင်းသွားပြီး ၎င်းပစ္စည်းများကိုဖြုတ်၍ ကလေး၏ လည်ပင်းတွင်လည်ပတ်စွပ်ပြီး မုန်စီစလွယ်ကို ကိုယ်တွင်လွယ်လျက် လှည့်ပတ် "က" နေသည်မှာ အရွယ်နှင့်မလိုက်အောင် သွက်လက်မှုရှိသဖြင့် အမြင်တွင် ထူးဆန်းရပြန်သည်။

၎င်းနောက် လည်ပတ်၊ စလွယ်တို့ တပ်ထားလျက်နှင့်ပင် အဘိုးထံပြန်လာပြီး ဦးချကန်တော့ပြန်သည်။ ကလေး၏အပြုအမူကို မြင်တွေ့ရသည့် မိမိအဘိုးမှာပင် မျက်ရည်များမဆည်နိုင်အောင်ပင် (ဝမ်းသာ/ဝမ်းနည်း) တတွေတွေစီးကျလာသည်အထိ စိတ်လှုပ်ရှားနေသည်ကို ဘွေ့မြင်နေရပြန်သည်။ ဤသို့တဒင်္ဂအတွင်းမြင်တွေ့ရပြီးနောက် မိမိအဘိုးမှ ကလေး၏ဖခင်အား "ကလေးနာမည်မှည့် ပေးပြီးပလား" မေးရာကလေးအဖေမှ "နာမည်အတည်တကျမမှည့်ရသေးကြောင်း"အိမ်အခေါ်နာမည်သာရှိကြောင်း ပြန်ပြောသဖြင့် အဘိုးမှကလေးအဖေအမည်ပါ သောင်းနာမည်(ဘ)ခုနှင့် တူအောင် ကလေးအမည်ကို "စိန်သောင်း"ဟုခေါ်ရန် နာမည်တစ်ပါတည်းမှည့်ပေးပါသည်။

ထို့အတူ "ငါ့သားအမည်ကို အခုကစပြီး "စိန်သောင်း"လို့ခေါ်ကြကွာ ဟုခေါ်ကြကွာဟု တစ်ဆက်တည်းပြောရင်း သတိပေးပါသည်။

(မှတ်ချက် ။ သောင်းသုံးသောင်းနာမည်မှာ အဖိုး၏သား (မြသောင်း)၊ နွားမကြီးမှကျသောနွားပေါက်စ (ကိုကျော်သောင်း)၊ နွားမကြီးဝယ်စဉ်က နောက်ပါနွားထီးကလေး (ကိုငွေသောင်း) ဖြစ်သည်။

ညှော်သည်သားအဖနှင့် မိမိအဘိုးတို့သုံးယောက် တစ်နာရီခန့် ကလေး၏အကြောင်းကို ပြောဆိုတိုင်ပင်နေကြသည်ကို မြင်နေရပါသည်။ စိန်သောင်း(ကလေး)တို့သားအဖ ပြန်တော့မည်ဖြစ်ရာ ကလေးငယ်မှ မိမိအဘိုးအား ဦးချကန်တော့ရာ အဘိုးမှ ၎င်း၏(အဝတ်ဖြင့်ထုပ်ထားသော)ငွေထုပ်ထဲမှ ငွေဒင်္ဂါးကျပ် (၁၀)နှင့်အတူ ကလေးလည်ပင်းနှင့် ကိုယ်တွင်သိုင်းပတ်ထားသော (လည်ပတ်)နှင့် (စလွယ်)တို့ကိုပါ ကလေးအား ပေးလိုက်ပြီး နှုတ်မှ "ငါ့သား လိုရာသုံးဖို့ ငွေနဲ့ ငါ့သားရဲ့ ပစ္စည်းတွေ ယူသွားတော့"‹ဟု ပြောပြီး ကလေးအဖေ ကိုအေးသောင်းကိုလည်း "ငါ့သား စိန်သောင်းကို ငါ့ဆီ မကြာမကြာပို့ပေးပါကွာ"လို့ မှာရင်း မျက်ရည်များတတွေတွေ စီးကျလာသည်။ မြင်နေရသော ငါးနှစ်သားအရွယ် သိတတ်နေပြီဖြစ်သော မိမိ (စာရေးသူ)ပင်လျှင် ၎င်းတို့နှင့် ထပ်တူဝမ်းနည်း ခံစားမိ၍ မျက်ရည်များ ဝေလာမိပါသည်။

အဘိုးထံလာကြသည့် အဖိုးပြောပြသော စိန်သောင်းကလေးနှင့် ပတ်သက်သည့် နွားဘဝမှ လူဝင်စားဘဝအကြောင်းကို ပြန်လည်ရေးသားခြင်းဖြစ်ပါသည်။ လူ့ဘဝပဋိသန္ဓေဆက်ဖြင့် ရောက်ရှိလာသော "ကျော်သောင်း" ညီနောင်။

မိတ္ထီလာမြို့၏ ငါးရက်တစ်ဈေးဖြစ်သော နွားပွဲဈေးမှ ဇီး(ကိုယ်ဝန်)ရှိ (နွားမကြီးနှင့် နောက်လိုက်သား)နွားသားအမိတို့ကို မိမိ၏သားငယ်အတွက် နို့ဖြည့်စွက်တိုက်ကျွေးရန်နှင့် အိမ်သုံးရန် ငွေဒင်္ဂါးကျပ် (၁ဂ/-)တစ်ဆယ့်ရှစ်ကျပ်နှင့် အဘိုးဝယ်ခဲ့သည်။ "၆"လခန့် အကြာတွင် အဆိုပါနွားမကြီးမှ နွားထီးလေးကျ (မွေး)ရာ စာဥအမွှေးရောင်



www.burmeseclassic.com

www.burmeseclassic.com

ဖြစ်ပြီး ချောမောလှပသဖြင့် အဘိုးက အလွန်ချစ်သည်။ အဆိုပါ နွားထီးကလေးအား အဘိုး၏သားအမည် (မြသောင်း)နှင့်ဆင်တူ နွားမကြီးမှကျ (မွေး)သော နွားကလေးကို (ကျော်သောင်း) နွားမကြီးနှင့်အတူပါလာသော နောက်လိုက်နွားလေးကို (ငွေသောင်း) စသည်ဖြင့် သောင်းသုံးသောင်း အမည်တူမှည့်ထားသည်။

နွားကလေးကျော်သောင်းမှာ မွေးစကပင်လှပချောမောပြီး ယဉ်ကျေးလိမ္မာမှုရှိသဖြင့် အဘိုးသာမက အိမ်ရှိလူအားလုံးကချစ်ကြသည်။ အိမ်မွေးခွေးလိမ္မာကြီး "ကျားဘို" ပင်လျှင် နွားထီးလေးကျော်သောင်းအပေါ်မှာသံယောဇဉ်ရှိသည်။ ကျော်သောင်းနှင့် ငွေသောင်း (သောင်းညီနောင်)နွားညီနောင်နှင့် မခွဲမကွာနေသည်။ နောက်မှအမြဲလိုက်ပါတတ်ပြီး စောင့်ရှောက်သည်။ ရန်မူခြင်းမရှိ။

ကျော်သောင်း ငါးနှစ်သားအရွယ်မှာပင် သန်မာထွားကြိုင်းသဖြင့် အစ်ကိုငွေသောင်းနှင့်အ ဘူ ထမ်းပိုးကျင့်ပြီး အသားကျသည့်အခါ "လှည်းယာဉ်ကျော့" ဖြင့် "က"ကြိုးစလွယ်လည်ပတ်အစုံတပ်ဆင်ပြီး ရွာဦးကျောင်းဆရာတော် (ဦး·····)အား ခရီးသွားရာတွင် ကြိုပို့ခြင်း၊ အလှူအတန်း (ရှင်ပြုနားသ)ရှိလျှင် သောင်းညီနောင်ကသော လှည်းယာဉ်ဖြင့် မောင်ရင်လောင်း (ရှင်လောင်း)လှည့်ရာတွင် ပို့ပေးရသည်။

အဘိုးအိမ်တွင် နိုင်းနွားသုံးရှဉ်းရှိနေပြီဖြစ်၍ လယ်ယာလုပ်ငန်းခွင်တွင် ၎င်းတို့အား (သောင်းညီနောင်)အသုံးမပြုရေး၊ အလှူ၊ ရွာဦးကျောင်းဆရာတော်၏ သွားလာရေးကိစ္စများတွင်သာ လှည်းယာဉ်တပ်ဆင်ပြီး အသုံးပြုသည်။

**ဆောင်းဦး၏ ညတစ်ည**

ဆောင်းဦး၏ အအေးဓါတ်ကြောင့် အဘိုးတို့မိသားစု စောစောအိပ်ရာတွင်ကြသည်။ အဘိုး အဘွားနှင့် သားသမီးများ အိမ်အပေါ်ထပ်တွင် အိပ်ကြရာ အိမ်ရှေ့ ဇီးဖီအောက်ရှိ မီးဖိုတွင် မီးလုံ့ရင်းအိမ်မွေးခွေးလိမ္မာကြီး အိပ်ဖန်စောင့်လျှက်ရှိသည်။

မိုးလေဝသမှန်ခြင်း၊ မိတ္ထီလာကန်ရေအပြည့်အဝ သောက်ရခြင်း စသည်တို့ကြောင့် လယ်ယာထွက်သီးနှံများအောင်မြင်ဖြစ်ထွန်း အထွက်နှုန်းကောင်းသဖြင့် စီးပွားရေးတောင့်တင်းချမ်းသာ ကြွယ်ဝသူ တောသူဌေးအဖြစ်လူသိထင်ရှားသော အဘိုးအိမ်သို့ "ညဉ့်သန်းခေါင်ကျော် ၁ ချက်တီးခန့်တွင် "ဓါးပြ" များဝင်လာပြီး အိမ်အပေါ်ထပ်ရှိအဝင်တံခါးမကြီးကိုထုရိုက်ကန်ကျောက်တံခါးဖွင့်ရန် အော်ဟစ်ပြောဆိုလျှက်ရှိသည်။ ထိုအချိန်က မြောက်လေသွေး၍ အေးလွန်းသဖြင့် လုံခြုံရေးတွင် စိတ်ချရသော ခွေးလိမ္မာကြီး "ကျားဘို" မှာမီးဘိုဘေးတွင် ကွေးနေမှုကြောင့်"ဓါးပြ" များအိမ်ဝိုင်းထဲဝင်လာသည်ကို မသိ

*စီးပွားရေးတောင့်တင်း ချမ်းသာကြွယ်ဝသူ*
*တောသူဌေးအဖြစ် လူသိထင်ရှားသော အဘိုးအိမ်သို့*
*"ညဉ့်သန်းခေါင်ကျော် ၁ ချက်တီးခန့်တွင်*
*"ဓါးပြ" များဝင်လာပြီး အိမ်အပေါ်ထပ်ရှိ*
*အဝင်တံခါးမကြီးကို ထုရိုက်ကန်ကျောက်*
*တံခါးဖွင့်ရန် အော်ဟစ်ပြောဆိုလျှက်ရှိသည်"။*
*ထိုအချိန်က မြောက်လေသွေး၍ အေးလွန်းသဖြင့်*
*လုံခြုံရေးတွင် စိတ်ချရသော ခွေးလိမ္မာကြီး "ကျားဘို" မှာ*
*မီးဘိုဘေးတွင် ကွေးနေမှုကြောင့်*
*"ဓါးပြ" များ အိမ်ဝိုင်းထဲဝင်လာသည်ကို*
*မသိလိုက်ပေ . . .*



www.burmeseclassic.com

www.burmeseclassic.com

လိုက်ပေ။ အိမ်အပေါ်ထပ် အဝင်တံခါးကြီးကို အဆက်မပြတ် ကန်ကျောက်ဖွင့်သံ၊ အော်ဟစ်သံများကြားမှနိုးလာပြီး အသံကျယ်လောင်စွာဖြင့် ဟောင်ဖော်ရသည်။ ခွေးကြီးကျားဘိုဟောင်သံ၊ တံခါးမကြီးကို ထုရိုက်အဖွင့်ခိုင်းသံများကြားရမှ နိုးလာသော အဘိုးမှာ သတိကြီးစွာဖြင့် အိမ်အပေါ်ထပ်ရှိမလှွယ်ပေါက်မှ လျောဆင်းလျက် (မြေကြီးပေါ်)အောက်သို့ ခုန်ချထွက်အပြေး မလှွယ်ပေါက်အောက်ဝှင် စောင့်လျက်ရှိသော ဓါးပြတစ်ဦးမှ အဘိုးအား ဓါးဖြင့် မထင်မှတ်ပဲခုတ်လိုက်ခြင်းဖြင့် အဘိုး၏ ဝဲဖက်လက်၏ တံတောင်ဆစ် (ဂျင်ဘု)အရိုးကို ရှပ်ထိသွားကြောင်းသိရှိရာ အဘိုးမှ "နင့်မေကလွှား ငါ့ကိုခုတ်သဟ" ဟုနှုတ်မှ အော်ပြော ပြောရင်း အဆိုပါ "ဓါးပြ" အား ၎င်း၏လက်တွင်ပါလာသည့် ၄က်ကြီးတောင် "ဓါး"ဖြင့် ပြန်ခုတ်လျက်နှုတ်မှလည်း "မါးပြတွေ၊ ဓါးပြတွေ" ဟု အော်ဟစ်ကာ ဝိုင်းအပြင်ဘက်သို့ ထွက်ပြေး ယွတ်မြောက်သွားပါသည်။ တစ်ချိန်တည်းမှာပင် အဘိုး၏အော်သံကြောင့် အားတက်လာပြီး အိမ်မွေးကျားဘိုကြီးက ဓါးပြများဘက်သို့ စူးစူးဝါးဝါး ထိုးဟောင်သလို "နွားစာကျင်းတွင်တတ် (ချည်)ထားသော "သောင်းညီနောင်၊ နွားနစ်ကောင်ကလည်း ချည်ထားသော "ကြိုး"ကိုရုန်းဖြတ်ပြီး ဓါးပြများရှိရာ အိမ်ဖက်သို့ ပြေးဝင်လျက်ဦးချိုဖြင့် တရစပ်ဝှေ့ယမ်းမှု၊ အဘိုး၏အော်သံ (ဓါးပြ)ကြောင့် တစ်ရွာလုံးနိုးလာကြပြီး "ရွာလေ့"အဖို့ တစ်အိမ်တစ်ယောက် (ယောက်ျားမှန်သမျှ) ဓါးဆွဲလျှက် ဓါးပြများရှိရာ အဖိုး၏အိမ်ကြီးဖက်ဆီသို့ "ဝိုင်းဟာ-ဝိုင်းဟာ"မလွတ်စေနဲ့ စသဖြင့် အသံပေးပြေးလွှားဝင်ရောက်လာကြသဖြင့် လည်းကောင်း၊ ဓါးပြများ ဘာပစ္စည်းမှမရလိုက်ဘဲ ခွေးပြေး/ဝက်ပြေး ရွာတွင်းမှ ထွက်ပြေးသွားကြောင်း သိရှိရသည်။ ရွာလေ့၏ချစ်စရာတစ်ခု စည်းလုံးညီညွတ်မှုအကျိုးကျေးဇူးပင်ဖြစ်သည်။

သတ္တိရှိသော အဘိုး အမြတ်တနိုးသားရင်းပမာ မွေးမြူတန်ဖိုးထားသော သောင်းညီနောင် နွားတစ်ရှဉ်းနှင့် အိမ်မွေးခွေးလိမ္မာကြီး "ကျားဘို"တို့၏ သိတတ် လိမ္မာ အရှင်သခင်အပေါ် သစ္စာရှိ စောင့်ရှောက်မှုတို့ကို ရှမ်းတဲအပါအဝင် အခြားကျေးရွာများကပါ ထိုအဖြစ်အပျက်နောက်ပိုင်းတွင် ရင်သပ်ရှုမောပြောမကုန်အောင် ချီးမွမ်းလျှက်ရှိကြသည်ဟု သိရှိရသည်။

ထို့ကြောင့် အဘိုးတို့မိသားစုအနေဖြင့် သောင်းညီနောင် နွားပေါက်တစ်ရှဉ်းနှင့် ခွေးလိမ္မာကြီး "ကျားဘို" တို့ကို မိမိမွေးထားသည့် သားအရင်းပမာ သံယောဇဉ်တွယ်တာ အမြတ်တနိုး တန်ဖိုးထားလျက်ရှိသည်။

## ငွေတောင်ကြီးပြိုလဲရွာပြီ

၁၂၉၃ ခုနှစ်၏ နေ့တစ်နေ့ နေဝင်မိုးချုပ် မှောင်ရည်သမ်းချိန် သောင်းညီနောင် နွားတစ်ရှဉ်းတပ် (က)ထားသော လှည်းယာဉ်ဖြင့် ရွာဦးကျောင်းဆရာတော်အား ခရီးထွက်ရာမှ ကြိုပို့ပြီး အပြန် ရွာသို့ရောက်ခါနီး "နွားလေးကျော်သောင်း၏ ဝဲလက်ကို "မြွေ"ကိုက်ခံရသည်။ မြွေကိုက်ခံရ၍ နာကျင်မှုရှိသော်လည်း လှည်းယာဉ်ကို အိမ်အရောက်ပို့ရှာသည်။ အိမ်ရောက်ပြီးလှည်းယာဉ်၏ ထမ်းပိုးဖြုတ်၍ မြွေဆိပ်ကြောင့်မြေပေါ်သို့ "ဘိုင်းကနဲ"လဲကျသွားရှာသည်။ ရွာနီးချုပ်စပ်မှ နွားဆရာအကျော်အမော်တို့ကိုပင့်ပြီး "ကျော်သောင်း၏အသက်ကို ကယ်ရန် အမျိုးမျိုးကြိုးစားကုသပေးသော်လည်း ပြင်းထန်လှသော "မြွေဆိပ်ကြောင့် နောက်တစ်နေ့တွင် အဘိုးတန်ဖိုးထားချစ်သောနွားလိမ္မာလေး "ကျော်သောင်း"ဇီဝိန်ချုပ်ရှာသည်။

ထိုအချိန်က ကျော်သောင်းမှာ ရှစ်နှစ်သားခန့် အရွယ်ကောင်းခွန်အားကောင်းချိန်ဖြစ်သည်။ အဘိုးမှာ မိမိ၏သားအရင်းဆုံးရှုံးခံရသည့်နှယ် ရှိုက်ကြီးတငင် (ကျော်သေ ားဖက်ပြီး)ငိုရှာသည်ကိုတွေ့ရသည်။ (ထိုအချိန်က အသက် ငါးနှစ်သားခန့်အရွယ်ရှိနေပြီဖြစ်သော စာရေးသူပင် အဘိုးကဲ့သို့ ရောယောင်မျက်ရည်ကျမိသည်ကို ပြန်လည်သတိရမိသည်။)

နွားလေးကျော်သောင်း၏ အသားကို မစားရဘဲ မြေမြှုပ်သင်္ဂြိုဟ်လိုက်သည်။ ထိုအချိန်ကစပြီး ယခုချိန်ထိ အဘိုးတို့မိသားစု (မိမိအပါအဝင်) ဆွေစဉ်မျိုးဆက် အမဲသား (နွားသား)



www.burmeseclassic.com

www.burmeseclassic.com

ကို လုံးဝမစားကြဘဲ ကျေးဇူးရှင်အဖြစ် သတ်မှတ်ရောင်ကြသည်။

**နွားဝင်စားလူ့ဘဝ**

နွားလိမ္မာလေး ကျော်သောင်း မြေ့ဆိပ်တက်ပြီး မေ့မြောနေချိန်ဖြစ်သည်။ အဘိုးနေသော စွမ်းတဲရွာနှင့် နှစ်မိုင်ခန့်ဝေးသော "ဓမ္မပါလ"ရွာရှိ တောင်သူဦးအေးသောင်း၏ဇနီး အိပ်မက်ပေးခွင့် တောင်းကြောင်း ဖြူဖြူသန့်သန့်စာဥရောင်ရှိ နွားပေါက်တစ်ကောင်ဝင်လာပြီး "အမေ" အမေနဲ့ အတူနေပါရစေ၊ ကျွန်တော်ရှမ်းတဲရွာက (မင်းကြီး)အဖေကြီးဦးဖိုးထွားရဲ့သား "ကျော်သောင်း"ပါ။ အိပ်မက်ပေးပြီး (ကိုယ်ဝန်ရှိကြောင်း) သိရှိရသည်။

၁၀ လရှိ၍ ဓမ္မပါလရွာမှ ဦးအေးသောင်း၏ဇနီး သားယောကျ်ားလေး ဖွားမြင်ကြောင်း သားဦးဖြစ်၍ မိဘများ ကလွန်စွာချစ်ကြကြောင်းငယ်စဥ်ကပင် ဖြူဖြူဖွေးဖွေး ထွားကြိုင်းလုပသူဖြစ်ကြောင်းသိရသည်။ ကလေးသိတတ်စအရွယ်မှစပြီး ကစားဖော်အချင်းချင်း တစ်ယောက်နှင့်တစ်ယောက် နွားများကဲ့သို့ ဦးခေါင်းချင်းဝှေ့ပြီး ကစားတတ်ကြောင်း။ ကစားဖော်မရှိပါက တစ်ယောက်တည်း အိမ်တိုင်ကို ၎င်း၏ဦးခေါင်းဖြင့် ဝှေ့ကစားသလို မိခင်/ဖခင်တို့ကိုလည်း မကြာ မကြာ ဦးခေါင်းဖြင့် ဝှေ့ကစားလေ့ရှိကြောင်း သိရှိရသည်။

စကားပြောတတ်စ နှစ်နှစ်ကျော်သုံးနှစ်ခန့်ရှိချိန်တွင်မှ အိမ်ရှိ ချုလုံးပါသောလည်ပတ်ကို လည်ပင်းတွင်စွပ်ပြီး ကပြရင်း ၎င်း၏ အဖေနှင့် အမေအား ၎င်းမှာ ရှမ်းတဲရွာမှ အဖေကြီး(မင်းကြီး) ဦးဖိုးထွား၏သား "နွားကျော်သောင်း" ဖြစ်ပြီး မြွေကိုက်ခံရ၍ သေဆုံးသဖြင့် အဖေကြီးနှင့် အစ်ကိုကြီးများဖြစ်သော (လူ)မြသောင်းနှင့် (နွား) ငွေသောင်းတို့နှင့်ခွဲခွာခဲ့ရကြောင်း၊ လွမ်းဆွတ်သတိရလို့ ရှမ်းတဲရွာမှ အဖေကြီး (မင်းကြီး) တို့အိမ်သို့ ပို့ပေးရန် အမြဲပူဆာကြောင်း ပို့မပေးဘူးဆိုလျှင် ထမင်းမစားဘဲ စိတ်ကောက်တတ်ကြောင်း ပြော၍သိရှိရသည်။

မိခင်နှင့် ဖခင်တို့မှာ မိမိတို့၏ ရင်နှစ်သီးချာသားဦး နွားဝင်စားဖြစ်ကြောင်းသိသွားလျှင် ရက်သည်တစ်ကြောင်း၊ တတ်အပ်တာထစ်ချ ယုံကြည်မှုမရှိသည်တို့ကြောင့် ရှမ်းတဲရွာသို့ မပို့ဖြစ်ခဲ့၊ နောက်ဆုံး ကလေးအား သနားလာသဖြင့် အရက်ကို မျက်ကွယ်ပြုပြီး ရှမ်းတဲရွာရှိ အဘိုး (မင်းကြီး)ထံလာပို့ရခြင်းဖြစ်ကြောင်း စာရေးသူ၏ ဘကြီး (အဘိုး)မှ ပြောပြသဖြင့် ပြည့်ပြည့်စုံစုံ သိရှိရသည်။

နွားဝင်စား လူ့ဘဝသို့ရောက်နေပြီဖြစ်သော စိန်သောင်း (နွားအမည် ကျော်သောင်း)မှာ ကလေးဘဝသိတတ်သောအရွယ်မှစ၍ မိဘများအကူအညီဖြင့်လည်းကောင်း၊ အိမ်ထောင်ကျပြီးနောက် ၎င်း၏ဇနီးနှင့်လည်းကောင်း နှစ်စဥ် မပျက် ဝါဝင်/ဝါထွက် ရက်များတွင် အဘိုး ဦးဖိုးထွား (မင်းကြီး)ထံသို့ ဝတ္တရားမပျက် စားစရာမျိုးစုံ "ခေါင်းပေါင်းပဝါစ" စသည်တို့ဖြင့် လာရောက်ဂါရဝပြု (ကန်တော့)ကြောင်း သိရှိတွေ့မြင်နေပါသည်။

နွားဝင်စား ကိုစိန်သောင်းမှာ အရပ်မြင့်မြင့်၊ အသားဖြူဖြူ သန်မာထွားကျိုင်းပြီး သျှောင်ဆံထုံး (ဆံပင်ရှည်)ဖြင့် ယောကျ်ားပီသ အင်္ဂါရုပ်ကောင်းသူတစ်ဦးဖြစ်သည်။ ၎င်း၏ မိသားစု (ကလေးအပါအဝင်)အား အဘိုးထံ လာရောက်ကန်တော့တိုင်း သားအရင်းကဲ့သို့မခြား ငွေသားဒင်္ဂါးကျပ်ပြားတစ်ရာမှ နှစ်ရာထိပေးသည့်အပြင် အိမ်ထောင်ကျစဥ်ကလည်း လယ်တစ်ပွဲ (၂ ကေခန့်)နှင့် နိုင်းနွားတစ်ရှဥ်း၊ ငွေသား ကျပ်တစ်ထောင် (၁၀၀၀ိ/-)တို့ကို လုပ်ကိုင်စားရန် လက်ဖွဲ့လိုက်ကြောင်း သိရှိရပါသည်။

**နွားဝင်စား လူ့ဘဝနောက်ဆုံး**

၁၉၇၈ ခုနှစ်၊ အသက် (၄၅)နှစ်ခန့်အရွယ် အရွယ်ကောင်းချိန်မှာပင် နွားဝင်စား လူ့ဘဝရောက် ကိုစိန်သောင်း (ကျော်သောင်း) ကွယ်လွန်သွားရှာပြီဖြစ်သည်။

**မှတ်ချက်**

ကိုစိန်သောင်း (နွားကျော်သောင်း) လူ့ဘဝမှ အဖေ အမေတို့၏ အမည်များကိုသာ ပြောင်းလဲခေါ်ဆိုထားသည်မှအပ အဖြစ်အပျက်မှန်ဖြစ်ပါသည်။

မောင်အောင်မြင့် (မိတ္ထီလာ)



www.burmeseclassic.com

www.burmeseclassic.com

# ကြိုက်ကြိုက် မကြိုက်ကြိုက်

ခိုင်ခင်အောင်ကြွင်း

ယခုစာမူကို ဓာတ်ပုံများနှင့်တကွ ပူးတွဲ၍ မှန်ကြည့်ခြင်းရဲ့ အကျိုးသက်ရောက်ပုံကို အတတ်နိုင်ဆုံး ပြည့်စုံအောင် ရေးသားဖော်ပြပေးလိုက်ပါရစေ။

တစ်ယောက်ယောက်များ မှန်ခဏခဏကြည့်ရင် မကြိုက်တတ်တဲ့သူများကို မကြာခဏကြုံဖူးကြပါလိမ့်မယ်။ နောင်ကို အဲဒီလိုကြုံကြိုက်တဲ့အခါ အဲဒီစာမူလေးပြပြီး မှန်အကြည့်များတာ အထူးအကျိုးသက်ရောက်ကြောင်း သက်သေလေးရသွားပြီး မှန်ခဏခဏကြည့်မိတိုင်း ကြောက်နေရတဲ့အခြေအနေက လွတ်မြောက်သွားနိုင်ကြပြီ ဖြစ်ပါလိမ့်မယ်။

မှန်အကြည့်များရင် မကြိုက်တတ်တဲ့သူများအနေနဲ့ မကြိုက်မည့်သာ မကြိုက်တာ ရှေးမြန်စကားတစ်ခုမှာ ကျက်သရေရှိအောင် မှန်တစ်နေ့သုံးခါ ကြည့်ရမယ်ဆိုတာ ရှိထားကြောင်း ကြားဖူးပြီးသား ဖြစ်မှာတော့ သေချာပါတယ်။

ဒါကြောင့် စဉ်းစားသင့်တာက စိတ်ညစ်ညူးနေချိန်နဲ့ စိတ်ဆိုးနေချိန်များမှာ မှန်ရှေ့ရောက်သွားပြီး မှန်ကြည့်လိုက်ရင် မိမိပုံရိပ်ရဲ့ အခြေအနေဟာ ကြည့်မကောင်းတဲ့ အခြေအနေမှန်းသိနိုင်တော့ စိတ်ညစ်နေတာမျိုးကို ကြည့်ကောင်းသွားအောင် သိပ်မပြုံပြင်နိုင်ပေမည့် စိတ်ဆိုးနေပုံက ပိုအကြည့်ရဆိုးတာကြောင့် လျှော့ချလို့ရနိုင်အောင် ကြိုးစားလျှော့ချတော့ မှန်ထဲက ပုံရိပ် အဆင်ပြေကြည့်လင်လာပြီး ကျက်သရေဖြာသွားတတ်တာလည်း သေချာနေလို့ ကနဦးအစကတည်းက ထောက်ခံသင့်နေတာမျိုး ဖြစ်နေရမယ့် အကြောင်းတရားတစ်ခု ဖြစ်ပါတယ်။

အခုလို ဂျပန်ပြည်ရုပ်မြင်သံကြားအစီအစဉ်က လွှင့်ထုတ်တဲ့ သိပ္ပံနည်းကျ စမ်းသပ်ရှင်းလင်းပြောကြားသွားတာကို "တွေ့လား"၊ "တွေ့လား"လို့ ထောက်ပြနိုင်ရင် မှန်ကြည့်များတဲ့ မှန်ကြိုက်သူတွေ ထောက်ခံမဲအပြည့် ရပါတော့မယ်။

မှန်ကြည့်ရင် အသက်ရှည်သော ဓာတ်များထွက်လာကြောင်းနဲ့ မှန်ကြာကြာကြည့်လေ အသက်ရှည်သောဓာတ်များ ပိုထွက်လာလေဖြစ်ကြောင်း ပြသသွားတဲ့ ရုပ်မြင်သံကြားအစီအစဉ်ကို သိပ္ပံနည်းပညာနဲ့ မှန်မကြည့်ခင်၊ မှန်ကြည့်နေချိန် လူမှာဖြစ်ပေါ်နေသမျှ GRAFIC (ဂရပ်ဖစ်)လှိုင်းနှိမ့်မြင့်ပြ ဇယားအရ အတိအကျ ပြောကြားပြသသွားတဲ့အထဲက အစားအသောက်စားရင်းလည်း မှန်ကြည့်ပြီး စားခြင်းဖြင့် အသက်ရှည်ဖို့ အကျိုးပိုသက်ရောက်ကြောင်း ဖိတ်ကြားထားသူ ဂျပန်ပြည်မှ နာမည်ရ ရုပ်ရှင်လောက၊ ဂီတလောကနဲ့ စာပေလောကက ပုဂ္ဂိုလ်တွေနဲ့ စမ်းသပ်ပြလို့ လိုအပ်တာထက် ပိုလွန်နေတယ်ဆိုပြီး အပြစ်မတင်နိုင်၊ ဆန်းနေခြင်းအဖြစ် ဓာတ်ပုံရိုက်ယူချင်စိတ်ပေါ်လာကာ ဓာတ်ပုံရိုက်ယူထားလိုက်မိပါတယ်။

အစအဆုံး ဓာတ်ပုံရိုက်ယူထားခြင်း မပြုလိုက်မိပေမည့် ရသမျှပုံအဖြစ် ပုံ(၁)ရဲ့ ခေါင်းစဉ်က ဂျပန်လို ဂိုကာမ်း၊ အို၊ မီးဂစ်၊ ချော့ကမ်းလျှော့ကု၊ အို၊ တတ်ကားမဲရ ဆိုပြီး အသံထွက်ဖတ်နိုင်အောင် ရေးပေးလိုက်ပြီး မြန်မာလိုအဓိပ္ပာယ်ဖော်ပြရရင် အာရုံခံစားမှုငါးမျိုးကို ဖွံ့ဖြိုးတိုးတက်စေခြင်းလို့ ဆိုလိုပါတယ်။ ပိုမိုရှင်းအောင်က



www.burmeseclassic.com

www.burmeseclassic.com




ပုံ(၁)

တက်ဖွံ့ဖြိုးကြောင်းဆိုတဲ့ အသက်ရှည်မည့်ဓာတ်များ ထွက်ကြောင်း တိုင်းတာစမ်းသပ် သက်သေပြသွားတဲ့အတွက် မြန်မာ့သက်ရှည် ဘယဆေးနည်းများ အနမတဂ္ဂ ဖော်ပြပေးနေသလောက် လက်တွေ့ဆေးဖော်စားကြသူဆိုတာ ရှားပါးနေကြောင်း မငြင်းနိုင်ကြမှာ အမှန်ဖြစ်ကြောင်းနဲ့ ယခုနည်းလေးမှာ နေ့စဉ် မပင်မပန်းအလွယ်တကူ သဘောကျနှစ်သက်စွာ ပြုလုပ်နိုင်ကာ ငွေကုန်ကြေးကျ လုံးဝမရှိတဲ့ သဘာဝအလျောက် အလိုလို အသက်ရှည်မည့် အထောက်အကူတစ်မျိုးအဖြစ် အနည်းငယ်မျှသော အကျိုးသက်ရောက်မှုကိုဖြစ်စေ စာဖတ်ပရိသတ်များ ရရှိခံစားကြရစေလိုသည့် ဆန္ဒမွန်ဖြင့်



ပုံ(၂)

တော့ မျက်စိ၊ နား၊ နှာခေါင်း စသည့် အာရုံခံစားမည့် အစိတ်အပိုင်းများက ခံစားမှုများ ပိုမိုတိုးတက်ဖွံ့ဖြိုးလာခြင်း ဖြစ်စေမယ်။ တစ်နည်းအားဖြင့် ပိုမိုကျန်းမာလာမယ်လို့ ဆိုလိုပါတယ်။

အဲဒီလိုဖြစ်စေအောင် လေ့ကျင့်ရမှာက ပုံထဲက ဒုတိယလိုင်းစာလုံးများမှ တတိယလိုင်းစာလုံးများမှာ ဂျပန်လိုဖတ်ချင်ရင် ရှိုခုဂျိုးနိုတိုကိ (အစားအသောက်စားနေစဉ်) (ဂိုဟန်ယ၊ အိုကာဇူး) အို၊ ခဂမိနိအုစုရှိုးဘဲ၊ ဒါဘဲရု ... တဲ့။ မြန်မာလို ထမင်းဟင်း စသည်များ စားနေချိန် မှန်ကြည့်စားလို့ ဆိုနေပါတယ်။

ပုံ(၂)မှာ လက်တွေ့မှန်ကြည့်ပြီး အစားအသောက်စားနေပုံကို တွေ့ရပါလိမ့်မယ်။ ခုလောက်ထိ လုပ်ကြလိမ့်မယ် မဟုတ်ဘူးဆိုတာလည်း သိနေတော့ အနည်းဆုံးမှန်ခဏခဏ ကြည့်သင့်သလို မှန်ကြည့်ချိန် ကြာနိုင်သမျှ ကြာအောင် ကြိုးစားဖို့ တိုက်တွန်းသွားကြပါတယ်။

မြန်မာပြည်အနေအထားနဲ့လည်း အဲဒီလောက်အထိ မှန်ကြည့်ပြီး အစားအသောက်စားနေလို့ကတော့ ဘေးကမြင်တဲ့ တစ်ယောက်ယောက်က ရိုက်ကိန်းမြင်လို့ ဘယ်သူမှလုပ်ရဲမှာ မဟုတ်ပါဘူး။

အဲဒီလိုမလုပ်သည့်တိုင်အောင် မှန်ကြည့်ခြင်း မကြာခဏလုပ်ပြီး မှန်ကြာကြာကြည့်လေ အာရုံငါးပါးရဲ့ ခံစားမှုတိုးယခုစာမူအား နိဂုံးချုပ်လိုက်ပါကြောင်း။

အစဉ်မွန်မြတ်သော မေတ္တာရည်လျက်

**နိုင်ခင်အင်ကြင်း**



www.burmeseclassic.com

www.burmeseclassic.com

# ဝါခေါင်လ

ကျိုက်ထော်ခင်မိုးအေး(ဘီအေ)

ငါခေါင်လကို ရှေးအခါက "နံကာလ" ဟု ခေါ်သည်။ "နံကာလ"ဟု ခေါ်ဆိုရခြင်းအကြောင်းမှာ "သားရေနံပွကားသော"ဟုဆိုလိုခြင်း ဖြစ်ပါသည်။

ယခုခေတ်အခါမှာ ဖျာကိုအသုံးပြုသကဲ့သို့ ရှေးခေတ်က သားရေကိုအသုံးပြုကြသည်။ ထိုသားရေကို "အနံ"ဟုခေါ်သည်။ မိုးတွင်းကာလဖြစ်သော ဝါခေါင်လတွင် လေထဲတွင် ရှိသော ရေမြုများကို သားရေက စုပ်ယူသဖြင့် သားရေပွ၊ ပြန့်ကားထွက်သည်ကို အစွဲပြုကာ "နံကားလ" မှ "နံကာလ"ဟု ရှေးသူဟောင်းတို့ ထားသော ကျောက်စာမှာ ဝါခေါင်လဟူသော အသုံးကို မတွေ့ရဘဲ "နံကာလ"ဟု သုံးနှုန်းရေးထားသည်ကို တွေ့ရသည်။

"ဝါခေါင်လ"ဟူသော အမည်မှာ နောက်မှ ခေါ်ဝေါ်ခြင်း ဖြစ်ပါသည်။ "ဝါခေါင်"မှ "ဝါ"သည် နေခြင်းဟု အဓိပ္ပာယ်ရပြီး၊ "ခေါင်"သည် အလယ်ကို ဆိုလိုသည်။ရဟန်းတော်များကျောင်း၌ သီတင်းသုံးနေခြင်းမှာ မိုးသုံးလရှိ၍ ဤလသည် အလယ်လဖြစ်သည်ဟူ၍အဓိပ္ပာယ်ရသည်။

"နံ"၏ နောက်တစ်မျိုးအဓိပ္ပာယ်မှာ "အချိန်"ကို ဆိုလိုသည်။ "ကာ"မှာ ပြုလုပ်ခြင်း၊လယ်လုပ်ခြင်းဟုလည်းအဓိပ္ပာယ် ဖွင့်ဆိုပြန်သည်။ ဝါခေါင်လကို ရှေးစာဆိုတို့က "နံကာဆန်းစ၊ ဝါခေါင်လ"ဟုလည်း ခေါ်ဆိုကြသည်။ ဝါခေါင်လသည်ကား မိုးတိမ်တို့ မှုန်မှိုင်းနေသော ကောင်းကင်ပြင်၌လဗိမာန်နှင့် သရဝဏ်နက္ခတ်လပြည့်နေ့တွင် ယှဉ်ပြိုင်ထွန်းပသောလ ဖြစ်ပါသည်။ ခြင်္သေ့အဆင်းနှင့် တူသော ကြယ်စုနှင့် နေမင်းတို့ ယှဉ်ပြိုင်ထွန်းပသောကြောင့်လည်း ဝါခေါင်လသည် "သီဟရာသီ"ဟု ခေါ်သောလရာသီဖြစ်ပါသည်။

ဝါခေါင်လတွင် စာရေးတံဆွမ်းကပ်လှူပွဲကို ကျင်းပပြုလုပ်လေ့ရှိပါသည်။ ဝါခေါင်လတွင် ပွင့်သောပန်းမှာ ခတ္တာပန်းများ ပွင့်လန်းပါသည်။ ဝါခေါင်လကို ရှေးစာဆိုတို့က -

"ရာသီသိန်ငယ်၊
နေမိန္ဒရ၊ ဝါခေါင်လမို့၊
တောင်မျှော့ထွတ်စွန်၊ သရဝဏ်လဲ၊
ရောင်ဝှန်တေဇာ၊ ပန်းခတ္တာနှင့်၊
ခိုင်ညှာပွင့်ကြူ၊ တိုင်းပြည်သူတို့၊
လှူစာရေးတံ၊ သဘင်စုံခံဆဲမို့ . ."
ဟု မဟာအတုလမင်းကြီးက စပ်ဆိုထားပါသည်။

ဝါခေါင်လ၌ စာရေးတံအလှူပွဲပြုလုပ်ကြသည်။ ထို့ကြောင့်လည်း "ဝါခေါင်လ စာရေးတံမဲပွဲ" ဟု ယနေ့တိုင် ခေါ်ဆိုကြပါသည်။ စာရေးတံအလှူဆိုသည်မှာ တုတ်တံတွင် စာရေးထားပြီး မဲချသည်။ ကျရာစာရေးတံကို ရယူ၍ စာရေးတံတွင် အမည်ရေးသားထားသည့် ရဟန်းတော်အား လှူရသော အလှူဖြစ်သည်။ အလှူမှာ ဆွမ်း၊ ယာဂုစသည်တို့ကို ကပ်လှူရခြင်းဖြစ်သည်။

ဝါခေါင်လသည် "ဝါဆို ဝါခေါင် ရေဖောင်ဖောင်"ဆိုသည့်အတိုင်း ဝါခေါင်လသည် မိုးများဖြိုင်ဖြိုင်ရွာသွန်းသော ကာလဖြစ်ပါသည်။ ထို့ကြောင့်လည်း "ဝါဆို၊ ဝါခေါင် ရေတွေကြီးလို့ သပြေသီးမှည့်ကောက်စို့ကွယ်"ဆိုသည့်အတိုင်း ချောင်းရိုးတစ်လျှောက်တွင် ကြွေကျနေသော သပြေသီးမှည့်များအား လှေစီးကာ တပျော်တပါးလိုက်ကောက်သော ရာသီမှာ ဝါခေါင်လဖြစ်သည်။

ရှေးအခါက ဝါခေါင်လသည် မြစ်ရေ၊ ချောင်းရေတို့ ရေလျှံသောကာလဖြစ်သဖြင့် ဧရာဝတီမြစ်အတွင်း၌ လှေပွဲများ ကျင်းပခဲ့ကြသည်။ ၎င်းကို . . စာဆို



www.burmeseclassic.com

www.burmeseclassic.com

ဆိုသည့်ရှာစား ဦးအောင်ကြီးက ဆယ့်နှစ်လရာသီ ဘွဲ့လူးထားတွင် -

"ရှေးက ထိမ်းမှတ်၊ ညီနောင်နတ်တို့၊
ရည်ညွှတ်သောင်သဲ၊ တက်စမြနှင့်၊
လှေပွဲများစွာ၊ မြစ်ရေဝယ်၊
ကြော်ငြာသံကြူး၊ ပြိုင်ကြမြူးသည်"
ဟူ၍ ဖွဲ့ဆိုထားပါသည်။

ဝါခေါင်လတွင် တောင်ပြုန်းနတ်ပွဲကျင်းပကြသဖြင့် ဤလတွင် ရွှေဖျဉ်းညီနောင်နတ်တို့ကို ပူဇော်ပသကြသော ဓလေ့ရှိခဲ့ပါသည်။ ဆိုမင်းညီနောင်တို့က နှစ်သက်သဘောကျသည်ကို အစွဲပြု၍ ဝါခေါင်လသည် လှေသဘင်ပွဲများ ကျင်းပခဲ့ကြသည်ဟုလည်း အဆိုရှိခဲ့ပါသည်။ ထိုလှေသဘင်ပွဲသည်ကား မင်းညီနောင်နှစ်ပါးကို ပူဇော်သော အားဖြင့်လည်းကောင်း၊ ရှေ့လာမည့်တော်သလင်းလ လှေပြိုင်ပွဲကြီးသို့ ဝင်ရောက်ယှဉ်ပြိုင်ကြရန် တက်ကျင့်၊ လက်ကျင့်သေအားဖြင့်လည်းကောင်းစသည့် ရည်ရွယ်ချက်များဖြင့်ပြုလုပ်ခဲ့ကြသည်ဟု ဆိုရပေမည်။

ဝါခေါင်လတွင် ဆန်စပါး၊ ကောက်ပဲသီးနှံများ စိုက်ပျိုးပြီးစီး၍ ကောက်ပင်များဖြင့် ဝေဆာစိုပြေနေသော လရာသီလည်းဖြစ်ပါသည်။ ဝါဆိုလ၏ ရှုခင်းမှာ ကောက်ပင်များ စိမ်းစိမ်းစိုစို လန်းဆန်းစွာဖြင့်ကြည်နူးစရာကောင်းသောလဖြစ်ပါသည်။ ဝါခေါင်လတွင် ကောက်ပင်များသာမက အခြားသီးပင်၊ စားပင်၊ ပန်းပင်များလည်း ဖူးပွင့်ဝေဆာနေသော လရာသီဖြစ်ပါသည်။ ရာသီပန်းမှာ ခတ္တာပန်းဖြစ်သောကြောင့် ရှေးစာဆိုများက -

"သီဟရာသီဟု၊
ကတ္တရီခတ္တာ၊ ပင်တိုင်းဝါမျှ၊
ဝါခေါင်ဆန်းသော်၊နတ်ပန်းခတ္တာပွင့်
ဝါဝါနှင့်၊
ကတ္တရီဝါ၊ ငွေခတ္တာလည်း၊
ထုံစွာသင်းလျက်၊
ပန်းခတ္တာမှန်ကျင်းတယ်၊ သင်းပျံ့
လှိုင်လို့"
ဟု စပ်ဆိုထားပါသည်။

ဝါခေါင်လတွင် ကတ္တရီဟုခေါ်သော ခတ္တာပန်းတို့ လှိုင်လှိုင်ပွင့်သောကြောင့် စိမ်းစိုလန်းဆန်းသော ပတ်ဝန်းကျင်တွင် ခတ္တာပန်းအလှတို့ဖြင့် လှပဝေဆာစွာ တန်ဆာဆင်လျက်ရှိနေပေသည်။

ဝါခေါင်လပြည့်ကျော် ၁ ရက်နေ့တွင် ရဟန်းတော်များ၊ ပစ္ဆိမဝါကပ်ကြရသည့်လလည်း ဖြစ်သဖြင့် ဝါခေါင်လသည် ဝိနည်းတော်နှင့်သက်ဆိုင်သောလဖြစ်ပါသည်။

သက္ကရာဇ် ၁၀၉ ခုနှစ်၊ ဝါဆိုလပြည့်နေ့တွင် ဘုရားရှင်သည် တိတ္ထိတို့ကို နှိမ်နင်းရန် တန်ခိုးပြာဋိဟာပြတော်မူပြီး၊ မယ်တော်မိနတ်သားအားကျေးဇူးဆပ်ရန် တာဝတိံသာသို့ ကြွတော်မူပြီး ဝါတွင်းသုံးလပတ်လုံး၊ အဘိဓမ္မာတရားကို ဟောကြားတော်မူသည်။ ထို့ကြောင့် ဝါခေါင်လသည် အဘိဓမ္မာတရားနှင့်လည်း သက်ဆိုင်သောလ ဖြစ်ပါသည်။

ဝါခေါင်လပြည့်နေ့တွင် ဂေါတမမြတ်စွာဘုရားသည် တောထဲတွင် တရားအားထုတ်နေသော ရဟန်းငါးရာ၏ သီလတန်ခိုးတော်ကြောင့် နတ်တို့မနေနိုင်ဘဲ ရှောင်နေကြရသည်။ ကာလကြာသော် နတ်တို့သည်လည်း သည်းမခံနိုင်ဘဲ ရဟန်းတော်များကို ခြောက်လှန့်ကြရာ၊ ရဟန်းတော်များမနေဝံ့ဘဲ ဘုရားရှင်ထံပြန်၍ လျှောက်ထားကြသည်။ ထိုအခါ ဘုရားရှင်က ရဟန်းများအား မေတ္တာဘာဝနာပွားများပြီးမှ တရားအားထုတ်ရန် မိန့်ကြားတော်မူပြီး မေတ္တာသုတ်ကို သင်ကြားပေးတော်မူသည်။ ဝါခေါင်လပြည့်နေ့တွင် မေတ္တာသုတ်ကို ရွတ်ဆိုရသောကြောင့် ဝါခေါင်လပြည့်နေ့ကို "မေတ္တာအခါတော်နေ့"ဟု သတ်မှတ်၍ ယနေ့တိုင်အောင် ကျင်းပခဲ့ကြပါသည်။

ဝါခေါင်လသည် မေတ္တာသုတ်တော်နှင့်လည်း ဆက်နွယ်နေပါသည်။ ထို့ကြောင့် ဝါခေါင်လသည် သုတ်၊ ဝိနည်း၊ အဘိဓမ္မာတို့နှင့် ဆက်နွယ်သောလ ဖြစ်ပါသည်။

ဝါခေါင်လသည် ရေများပြည့်လျှံနေသဖြင့် "ချောင်းရေကလျှံ၊ ကန်ရေကတိုး" ဟုလည်း တင်စားခေါ်ဆိုရသော လဖြစ်ပါသည်။ ဝါခေါင်လသည် အများပြည်သူတို့အတွက် စာရေးတံမဲပွဲများဖြင့် ကုသိုလ်ကောင်းမှုများ ပြုလုပ်နိုင်သောလ၊ ကောက်ပဲသီးနှံများအောင်မြင်ဖြစ်ထွန်းသောလ၊ ရွှေဖျဉ်းညီနောင်တို့ကို ပူဇော်သောလ၊ ခတ္တာပန်းများပွင့်သောလ ဖြစ်ပါသည်။

ထို့ကြောင့် . . ဝါခေါင်လသည် လောကီ၊ လောကုတ္တရာ နှစ်ဖြာသော အကျိုးကိုပေးသောလဖြစ်ပါသည်။

**ကျိုက်ထော်ခင်မိုးအေး(ဘီအေ)**



www.burmeseclassic.com

www.burmeseclassic.com

# ဂါထာ၊ စမပေး၊ ယတြာလောင်း
# ကျန်းမာရေးကောင်း


မော်တင်သိန်းဇော်

**ကျန်းမာရေးကောင်းစေသောဂါထာ**

(၁) အရောဂါ
သဗ္ဗေဘယာ
အဝေယာပဟောန္တု။

(၂) မေတ္တာ၊ စိတ္တေန
ဗုဒ္ဓေါ၊ ဗုဒ္ဓဿ
ဓမ္မော၊ ဓမ္မဿ
သံဃော၊ သံဃဿ
အသောကာ၊ ဝိရုဇ္ဈ ခေမံ။

**ဓာတ်ကြီးလေးပါး ခမြတ်**






www.burmeseclassic.com

www.burmeseclassic.com

သက်ရောက်ဂြိုဟ်အိမ်များအရ မွေးနံဂြိုဟ်အနေနှင့် (နိမ့်)နှင့် (ပြ) ခံပြီး ဘုမ္မိဝင်နေလျှင်သော်လည်းကောင်း၊ ဇာတာခွင်၌ အထူးသဖြင့် လဂ်၊ စန်းနှင့် ၈ တန့်တို့ကို ကောဇာ တနင်္ဂနွေ၊ အင်္ဂါ၊ စနေ၊ ရာဟုနှင့် သံဒေါင်းဂြိုဟ်တို့ စီးနင်းပူးယှဉ်၍မြင်လျှင်သော်လည်းကောင်း၊ မဟာဇနကကိန်းစဉ်လာအရ သက်ပိုင်းအနေနှင့် (ထွက်)နှင့် (ဖျက်)တို့အကြား၌ ကြုံကြိုက်နေလျှင်သော်လည်းကောင်း စသဖြင့် ဂြိုဟ်စီးဂြိုဟ်နင်းများ မကောင်းမှုတို့နှင့် ဘဝပေး၊ လူမှုရေးအခြေအနေတို့ကြောင့် ကျန်းမာရေးများ ပျက်ပြားထိခိုက်ရလျက် ဆိုးဝါးတတ်ကြပါသည်။ **ကျန်းမာရေးအတွက်** ခေတ်မီလောက **ဓာတ်ဆေးဝါးတို့နှင့်** ကုသကြသလို၊ **လောကီပညာလာ** ယတြာကုထုံးတို့နှင့်လည်း တွဲဖက်၍ စီရင်ကုသတတ်ကြပါသည်။ သမားစဉ် ဩဝါဒလာများ၊ စာပေလာများနှင့် ကိုယ်တွေ့များအရ ကျန်းမာရေးကို ကောင်းမွန်စေသော ယတြာကုထုံးအချို့နှင့် ဂါထာ၊ မန္တန်ကောင်းတို့ကို တင်ပြလိုပါသည်။

ကျန်းမာရေး ပျက်ပြားထိခိုက် ဆိုးဝါးနေသူများအနေနှင့် အထက်ပါ ကျန်းမာရေးကောင်းမွန်စေသော ဂါထာနှစ်ပုဒ်ကို ခုနစ်ကြိမ်တိတိ ထက်သန်ပြင်းပြစွာ ရွတ်ဖတ်သရဇ္ဈာယ်ပြီး၊ တင်ပြပါ ကျန်းမာရေးကို ကောင်းမွန်စေသော ယတြာအချို့ကို လုပ်ဆောင်သင့်ကြပါသည်။

## ကျန်းမာရေးကောင်းယတြာများ

(၁) မွေးနံသင့်အသားနှင့် ဘုရားရုပ်ပွားတော် ထုလုပ်၍ ကိုးကွယ်ခြင်း။

(၂) ရဟန်း၊ သံဃာတော် အရှင်သူမြတ်များကို ပစ္စည်းလေးပါးနှင့် ရေအိုး၊ ရေစစ်၊ ရေခွက်များ ကပ်လှူခြင်း။

(၃) သီလရှင်များကို ဆေးဝါး၊ အာဟာရ၊ ဝတ္ထုငွေများ လှူဒါန်းခြင်း။

(၄) ညောင်ထောက်၊ တံတားခင်းပြီး မွေးနံသင့်နှင့် အရိပ်ရသစ်ပင်များ လှူဒါန်း၍ သတ္တဝါများကို ဇီဝိတဒါနပြုပေးခြင်း။ (ငါးသတ္တဝါများ မပါမနေရ ဖြစ်ပါသည်။)

(၅) ဆေးရုံ၊ လူအိုရုံနှင့် နာမကျန်းဖြစ်ရောဂါသည် လူမမာများကို ဆေးဝါး၊ အာဟာရ၊ ငွေကြေးများ လှူဒါန်းခြင်း။

(၆) ဆေးဘိုးတော်ရုပ်တုများတွင် ပန်း၊ သစ်သီး၊ အမွှေးနံ့သာ၊ မီး၊ ရေ၊ ဆေးငါ[illegible]ဒါန်း၍ တိုင်တည်ဆုတောင်းခြင်း။

(၇) နေအိမ်နှင့် ပြင်ပစေတီများ၌ အထူးသဖြင့် မာလကာသီး၊ မြေစာညွှန့်၊ သက်ငယ်ညွှန့်၊ အုန်းညွှန့်၊ ထန်းညွှန့်၊ သပြေညွှန့်၊ ကြာခိုင်များ လှူဒါန်းခြင်း။

(၈) ဓာတ်ကြီးလေးပါးဆွမ်း ကပ်လှူ၍ ဗောဇ္ဈင်သုတ်တော်များ ရွတ်ပွားခြင်း။

(၉) ဓာတ်ကြီးလေးပါး စမြတ်နှင့်ဆွမ်းတော်၊ အအေးရည်များ ကပ်လှူခြင်း။ (ပူးတွဲတင်ပြထားပါသည်။)

(၁၀) မွေးနံသင့်ဆိုင်ရာ၊ ဂြိုဟ်သတ္တဝါများဆိုင်ရာ ယတြာပြုခြင်း။

(က) **တနင်္ဂနွေသားသမီး**(ဂဠုန်) သစ်သီးဝလံများ လှူဒါန်းခြင်း၊ ကိုယ်တိုင်လည်း စတီအဖြစ် စားသုံးခြင်း။

(ခ) **တနင်္လာသားသမီး**(ကျား) အသားဟင်းများ လှူဒါန်းခြင်း၊ ကိုယ်တိုင်လည်း စတီအဖြစ် စားသုံးခြင်း။

(ဂ) **အင်္ဂါသားသမီး**(ခြင်္သေ့) အသားဟင်းများ လှူဒါန်းခြင်း၊ ကိုယ်တိုင်လည်း စတီအဖြစ် စားသုံးခြင်း။

(ဃ) **ဗုဒ္ဓဟူးသားသမီး**(ဆင်) ကြံရည်၊ ကြံပန်းခိုင်များ လှူဒါန်းခြင်း၊ ကိုယ်တိုင်လည်း စတီအဖြစ် စားသုံးခြင်း။

(င) **ကြာသပတေးသားသမီး** (ကြွက်) အသေးအမွှား သစ်သီးဝလံ၊ မုန့်ပဲသရေစာ၊ ဟင်းသီးဟင်းရွက်များ လှူဒါန်းခြင်း၊ ကိုယ်တိုင်လည်း စတီအဖြစ် စားသုံးခြင်း။

(စ) **သောကြာသားသမီး**(ပူး) အသေးအမွှား သစ်သီးဝလံများ၊ မုန့်ပဲသရေစာများ၊ ဆန်များလှူဒါန်းခြင်း၊ ကိုယ်တိုင်လည်း စတီအဖြစ် စားသုံးခြင်း။

(ဆ) **စနေသားသမီး**(နဂါး) နွားနို့များ လှူဒါန်းခြင်း၊ ကိုယ်တိုင်လည်း ဘေဘိအဖြစ် သောက်သုံးခြင်း။

(၁၁) ပုဂံမြို့ မင်းအိုချမ်းသာစေတီ၊ ရွှေသက်စိုးဘုရားစေတီများ၌ ကိုယ်တိုင်ဖူးမြော်၍ ဘက်စုံလှူဒါန်းခြင်း၊ ရည်စူး၍ လှူဒါန်းခြင်း။

အထက်ပါယတြာများကို **တတ်**အားသရွေ့ တစ်မည်ကောင်းအနေနှင့်ဖြစ်စေ၊ အားလုံးကိုဖြစ်စေ လုပ်ဆောင်နိုင်ပါသည်။ အတိသဒ္ဓါ၊ ယုံကြည်မှု၊ ဂါရဝအပြည့်နှင့် ထက်သန်စွာနှင့် အထက်ပါယတြာများကို လုပ်ဆောင်ကြ၍ **ကျန်းမာ**ရသူများ၊ ခွဲစိတ်ကုသမှုများနှင့် **ရောဂါ**ဝေဒနာဆိုးကြီးတို့မှ ကင်းလွတ်ရသူများ၊ ချိန်ခါနှင့် အရွယ်မတိုင်မီ အကာလမရဏဘေးဆိုးကြီးတို့မှ ကင်းလွတ်၍ ကျန်းမာအသက်ရှည်သူများ၊ လဲနေရာမှ ထထိုင်ထူထောင်သူမျ[illegible] ဆရာသမားကောင်း၊ ဆေးဝါးေ[illegible]ျားနှင့် တိုးသူများ ရှိကြပါသည်။ သီလ၊ ဘာဝနာနှင့် အစားအသောက်၊ အနေအထိုင် မြဲမြဲစောင့်ထိန်းသူများအတွက် တင်ပြပါယတြာများက အတိုင်းထက်အလွန် ဆိုသလိုပင် အကျိုးပြုစေတတ်ပါသည်။

**မော်တင်သိန်းဇော်ဇ**



www.burmeseclassic.com

www.burmeseclassic.com

# ဗုဒ္ဓဟူးနေ့ နတ်မတင်ရသောဓလေ့

ကျော်ဇောဟိန်း(နုံ့သာ)

အနော်ရထာမင်းကြီးသည် သထုံမနူဟာမင်းနှင့်တကွ ပိဋကတ်တော်များ၊ ရဟန်းတော်များမှစ၍ တစ်ပြည်လုံးကို သိမ်းယူသောအခါ နေပြည်တော်သို့ ပြန်လည်ဆိုက်ရောက်တော်မူ၍ အသီးသီး နေရာချထားတော်မူလေသည်။ မနူဟာမင်းနှင့်တကွ မိဖုရားမောင်းမ စသည်တို့ကိုလည်း တစ်ဝုတစ်ရုံးတည်း မကွဲမပြားစေဘဲ အစာအဝပေးကမ်းပြီး ချမ်းသာစွာ နေရာချထားတော်မူသည်။ ရဟန်းတော်များကိုလည်း အသီးသီး ဝိုက်တာဖွဲ့စည်း၍ ပစ္စည်းလေးပါးတို့ဖြင့် ချီးမြှောက်ထောက်ပံ့တော်မူ၏။ ထိုအခါမှစ၍ မြန်မာပြည်၌ ပရိယတ်၊ ပဋိပတ် သာသနာတော်သည် စည်ပင်ပြန့်ပွားလေသည်။

အနော်ရထာမင်းသည် မိမိလက်အောက်၌ မြန်မာပြည် တစ်ပြည်လုံးကို စည်းရုံးပေါင်းစုပြီး 'ထေရဝါဒဗုဒ္ဓဘာသာ'ကို နိုင်ငံတော်သာသနာ ပြုလုပ်၏။ ထိုအခါ မြန်မာပြည်၌ အရည်းကြီးရဟန်းတုတို့၏ ဓလေ့အကျင့်များနှင့် ရှေးရိုးစဉ်လာ အယူဝါဒများတို့သည် ဗုဒ္ဓသာသနာနှင့်ယှဉ်ပြိုင်ကာ တည်ရှိကြကုန်၏။ ထိုအလေ့အကျင့် အယူဝါဒတို့တွင် နတ်ကိုးကွယ် ပူဇော်ပသခြင်း၊ မနောမယသိဒ္ဓိအတတ်ကို လေ့လာလိုက်စားခြင်း၊ ဗေဒင်ကို ယုံကြည်လိုက်နာခြင်းတို့သည် အလွန်ခိုင်မာစွဲမြဲကြီးကျယ် ထင်ရှားကြကုန်၏။

## နတ်ကိုးကွယ် ပူဇော်ပသခြင်း

'နတ်'ဟူသောမြန်မာစကားသည် နာထ–ကိုးကွယ်ရာ ဟူသော ပါဠိစကားနှင့် နာထိ–အရှင်သခင်ဟူသော သက္ကဋ စကားတို့မှ ဆင်းသက်လာဟန် လက္ခဏာရှိသည်။ မြန်မာပြည်၌ နတ်ကိုးကွယ်မှုသည် မြန်မာနိုင်ငံသို့ ဗုဒ္ဓဘာသာမရောက်မီ ရှေးပဝေသဏီကာလကပင် ရှိနှင့်ပြီး ဖြစ်သည်။ နတ်သည် ကိုးကွယ်ရာ အရှင်သခင်ဖြစ်သည့်အားလျော်စွာ သစ်ပင်၊ တောတောင်၊ ရေ မြေစသည်တို့ကို အုပ်စိုးပြီး ပူဇော်ပသသူများအား စောင့်ရှောက်မစတတ်၏ဟု ယူဆကြသည်။

ရှေးဦးစွာ ကိုးကွယ်ပူဇော်ပသခံရသော နတ်တို့သည် ရုက္ခစိုးနတ်၊ တောစောင့်နတ်၊ တောင်စောင့်နတ်၊ ရေကန်စောင့်နတ်၊ မြို့စောင့်နတ်တို့ ဖြစ်ကြကုန်၏။ ထို့နောက် တစ်သီးတခြားနတ် ၃၆ ဦး ပေါ်ပေါက်လာကြကုန်၏။ ထိုနတ်တို့သည် တောရောမြို့ပါ အနှံ့အပြား တစ်နိုင်ငံလုံး ကိုးကွယ်ပသကြသည်၊

## အနော်ရထာမင်း၏ နတ်ပျောက်ကွယ်ရေး ကြိုးစားချက်

အနော်ရထာမင်းသည် ရှေးဦးစွာ နတ်ကိုးကွယ်ခြင်းလုံးဝပျောက်ကွယ်သွားရန် ကြိုးပမ်းသည်။ နတ်ရုပ်အားလုံးကို သိမ်းကျုံးပြီး နတ်လှောင်ကျောင်းထဲ၌ ထည့်ထားသည်။ နတ်တို့သည် မိမိလောက် တန်ခိုးမရှိကြကြောင်းပြရန် နိုင်ငံတော်အတွင်း လှည့်လည်၍ နတ်စင်တို့ကို ဖြိုဖျက်ပြီး နတ်ရုပ်တို့ကိုလည်း ရိုက်နှက်ဖျက်ဆီးလေသည်။

သို့ရာတွင် နတ်ကိုးကွယ်သည့် အယူဝါဒသည် နှိပ်ကွပ်၍ မရနိုင်လောက်အောင် လူတို့၏စိတ်ထဲ၌ စွဲမြဲခိုင်ခံ့နေကြောင်းကို နောက်ဆုံး၌ သိရှိရပေတော့သည်။ ထိုအခါ အနော်ရထာမင်းသည် နတ်ကိုးကွယ်သည့် အယူဝါဒကို ဗုဒ္ဓဘာသာ၏ လက်အောက်ခံအဖြစ်ဖြင့် ခွင့်ပြုလိုက်ရသည်။ သူသည် ရှိရင်းစွဲ ၃၆ မင်းနတ်များထဲသို့ သိကြားမင်းကို နောက်ထပ်ထည့်သွင်းရုံသာမက ကွပ်မျက်ခံခဲ့ရသော သူ၏သူရဲကောင်း ရွှေဖျဉ်းညီနောင် နှစ်ယောက်တို့ကို မင်းညီနောင်နတ်များအဖြစ် နတ်ပေါင်းနှစ်ဦးအမည်ကို ထုတ်ပယ်၍ အသစ်လဲလှယ် ထည့်သွင်းခဲ့သည်။

၃၇ မင်းနတ်တို့ကို ပူဇော်ပသရန် လာသောအခါ ဘုရားကိုလည်း ဖူးမြော်ကန်တော့ရလေအောင် ထိုနတ်တို့ကို ရွှေ



www.burmeseclassic.com

www.burmeseclassic.com

စည်းခံ့ ကုန်းတော်ပေါ်သို့ ရွှေ့ပြောင်းတားခဲ့သည်။ ထို့အပြင် ဗုဒ္ဓဘာသာကို ယုံကြည်လေးစားသော နတ်များဖြစ်ရလေအောင် ဘုရားရှိခိုးနေသည့်အသွင်ဖြင့် နတ်ရုပ်များကို ထုလုပ်ထားခဲ့ခြင်း အပြင် အချို့နတ်ရုပ်ကြီးသည် ဘုရားရုပ်ပွားတော်ကို လက်ညှိုး ညွှန်လျက် (လက်ညှိုးအနီးတွင် ဤသို့စာရေးထားသည်။) "သားတို့ သမီးတို့ ဘဘုရားကို အရင်ဆုံး ရှိခိုးဦးချလိုက်ဦး"ဟု တွေ့ရှိရပါသည်။

## ဗုဒ္ဓဟူး နတ်မတင်

နတ်ယုံကြည်ကြသော လူ့အသိုင်းအဝိုင်း၌ ပယ်၍မရ သော စကားတစ်ရပ်ပင် ဖြစ်၍နေပါသည်။ ဗုဒ္ဓဟူးနေ့ နတ် မတင်ရခြင်းအကြောင်းအရင်းကို ရှာဖွေစီစစ်သော် ဗုဒ္ဓဟူးနေ့ သည် ဘုရားပွင့်တော်မူသောနေ့ ဖြစ်သည်။ ထိုနေ့ နတ်များ ဘုရားဖူး၊ တရားနာသွားနေကြစဉ် လူများက နတ်များကို ပူဇော် ပသသော်လည်း လူများပူဇော်သည့် နတ်များက မသိလိုက်၍ ပြန်၍ ပူဇော်ပသရသောကြောင့် ထိုမှ ဆင်းသက်ကာ ယခုတိုင် မပျောက်ပျက်တော့ဘဲ ဗုဒ္ဓဟူးနေ့ နတ်မတင်ရဟူသော အစွဲ အလမ်း တည်မြဲနေခြင်း ဖြစ်ပါသည်။

အခြားတစ်ဝါဒမှာ နတ်များက ဘုရားဖူးရန် သွားကြ သည်မဟုတ်ဟု ဆိုပါသည်။ မြတ်စွာဘုရား ဘုရားဖြစ်တော် မူသောသော ဗုဒ္ဓဟူးနေ့တွင် ဘုရားကိုမမြင်ရဘဲ မကြားလိုသော ဝသဝတ္တိမာရ်နတ်သားသည် မြတ်စွာဘုရားသခင် သီတင်းသုံး တော်မူသော ဗောဓိပင်ရင်းမှ အပ္ပရာဇိတပလ္လင်တော်ကို တိုက်ပွဲ ဝင်သောအခါ ဘုမ္မစိုး၊ ရုက္ခစိုး၊ အာကာသစိုးနတ်ဟူသမျှ စစ်သားအဖြစ် ခေါ်ယူသဖြင့် မာရ်နတ်မင်း အမိန့်တော်အရ လိုက်ပါရသောကြောင့် ဗုဒ္ဓဟူးနေ့ လူများပူဇော်ပသကြသည်ကို နတ်များမသိလိုက်ကြဟု အဆိုအမိန့် ရှိပါသည်။

မှတ်ချက် ။ ။ ဤနှစ်နည်း ရှေ့နည်းက အယူအဆ ကောင်း၏။ နောက်နည်းက သဘာဝမကျလှကြောင့် မကောင်း ဟု မှတ်ပါလေ။

၎င်းဝါဒနှစ်ရပ်မှာ ကျွန်ုပ်ဆိုလိုရင်း၊ သိစေလိုရင်း မဟုတ် ၍ စီစစ်ရန်မလိုပါ။ ဝါဒနှစ်ရပ်လုံးမှာ (ဗုဒ္ဓဟူးနေ့ နတ်မတင်ရ) ဟူသော အစွဲအလမ်းသို့သာလျှင် စီးဝင်လာသဖြင့် နေ့ကောင်း ရက်မြတ် နက္ခတ်ကောင်း စသည် သောင်းပြောင်း အကုန် ကောင်းလင့်ကစား၊ ထိုနေ့ ဗုဒ္ဓဟူးနေ့ ဖြစ်ပါက ရှောင်ပယ် သင့်သည်ဟု ဆိုချင်ပါသည်။ တထစ်ချတော့ မဟုတ်ပါ။ သို့မှ ယနေ့လိုက်နာကျင့်သုံးနေကြသော လူ့ထုံးစဉ်လာနှင့်လည်း ကိုက်ညီ ဆီလျော်ပါသည်။

---

## လူတို့ နတ်ပန်းများတင်က သိမှတ်ရ

ပန်းများကို အလှထက် အနံ့ကို ဦးစားပေး၍ ရွေးချယ် သင့်ပါသည်။ အကောင်းဆုံး၊ အမွှေးဆုံးပန်းကို အရင်ဦးဆုံး ဘုရားကို ဆက်ကပ်လှူဒါန်းလိုက်ပါ။ ပြီးနောက် မိမိတို့အလိုရာ နတ်များကို ဆက်ပါ။ နတ်ကိုဆက်သော ပန်းများမှာ အလှ ထက် အနံ့ကို ဦးစားပေး၍ ရွေးချယ်သင့်ပါသည်။ အဘယ် ကြောင့်နည်းဆိုသော် ဘုမ္မစိုး၊ ရုက္ခစိုး စသော လူ့ဘုံတွင် လူ နှင့်အတူနေသော နတ်မျိုးမှာ လူနံ့ကို ခံနိုင်ရည်ရှိသော်လည်း စတုမဟာရာဇ် တာဝတိံသာ စသော အာကာသဖိုးနတ်များမှာ လူနံ့ကို မခံနိုင်ပါ။ ထို့ကြောင့် လူနံ့ကို ကာကွယ်ရန် ပန်းများကို ပူဇော်ရခြင်း ဖြစ်သောကြောင့် ဖြစ်ပါသည်။

တစ်ဖန် ပန်းများကို ရွေးချယ်ရာ၌ ဥယျာဉ်ပန်း (လူစိုက် သော ခြံပန်းများထက် တောထဲတွင် အလိုအလျောက် ပွင့်သော ပန်း)များကို ရွေးချယ် သင့်ပြန်ပါသည်။ ဤ၌လည်း အကြောင်း ရှိပါသည်။ နတ်ပြည်း ဆူးပင်၊ အဆိပ်ပင်ဟူ၍ မရှိသောကြောင့် ဆူးပါသောပန်းများ ( ) နတ်မကြိုက်ဟူ၍ ပယ်ကြပါသည်။

နတ်တင်ပန်းကို ရွေးချယ်ရာ၌ ဆူးရှိသောပန်း၊ လူပြွမ်း သောပန်း၊ ဈေးလယ် သဘင်လယ် လမ်းစုံလမ်းခွ စသည် အရပ်၌ ပွင့်သောပန်း၊ လူသေကောင်မြှုပ်သော သင်္ချိုင်း၊ တိရစ္ဆာန်တို့ကို သတ်ဖြတ်ရာ ယစ်တိုင်အနီး၌ ပွင့်သောပန်း၊ ရေအိမ် (အိမ်သာ) လူများ ကျင်ကြီးစွန့်ရာအနီး၌ ပွင့်သောပန်း၊ မြေကပ်ပန်း(မြေတွင်ကပ်၍ပွင့်သောပန်း)၊ သေတင်းကုပ် (ဘုံဆိုင် ဘားဆိုင်)အနီး ပွင့်သောပန်း၊

ရေချိုးအိမ်(အိမ်နောက်ဖေး ရေချိုးခြံ)အနီး၌ ပွင့်သော ပန်း၊ မီးတင်းကုပ် မီးဖိုတဲအနီး၌ ပွင့်သောပန်း၊ နေပူမိုးရွာ လုံသောကြောင့် အိမ်သဖွယ်ပြုလုပ်နေသော သစ်ပင်ကြီးများမှ ပွင့်သောပန်း)များကို နတ်မတင်ရ။ ရှောင်[illegible]လေတော့ သည်။

*သတ္တဝါမှန်သမျှ ဘေးမခ အေးမြရွှင်လန်းနိုင်ပါစေ။*

ကျော်ဇောဟိန်း(နှံ့သာ)

ကိုးကား

(၁) ရှင်ဝါယာမာဘိဝံသ ရေးသားသည့် သိဒ္ဓိဇေယျမောင်္ဂကျမ်းမြတ်မဟာ

(၂) အရှင်သောဘနာဘိဝံသ၏ ဗုဒ္ဓဘာသာများ သတိထားဖွယ်




www.burmeseclassic.com

www.burmeseclassic.com

**စာရေးဆရာမောင်စိန်ဝင်း(ပုတီးကုန်း)ထံမှ နှစ်ပေါင်း(၂၀)နီးပါးက စာတစ်စောင်**

ဆရာဦးအောင်မိုးဇော်(အထက်တန်း နက္ခတ္တဗေဒ၊ လက္ခဏာပညာရှင်)အား
၁၉၇၃-ခုနှစ်တွင် တွေ့ဆုံ၍ ဘဝရေးရေးများကို
မေးမြန်းခဲ့ရာ ကျွန်တော့်အား ၁၉၇၄ ခု၊ ဩဂုတ်လအတွင်း
မြန်မာပြည် အရှေ့မြောက်ဒေသ တိုင်းပြည်သို့
ပညာတော်သင်ခရီး သွားရောက်ရပြီဟု ဟောကြားခဲ့ပါသည်။
ယခုအခါတွင် ဆရာ၏ ဟောကြားချက်များအတိုင်း
တရုတ်ပြည်သူ့သမ္မတနိုင်ငံသို့ (၁၅-၈-၁၉၇၄)နေ့တွင်
ပညာတော်သင်အဖြစ် သွားရောက်ခဲ့ရပါသဖြင့်
တိကျမှန်ကန်စွာ ဟောကြားခဲ့သော ဆရာ၏ပညာရပ်များကို
အံ့ဩချီးကျူး ဂုဏ်ပြုလိုက်ပါသည်။

စိန်ဝင်း
B.E (Mech.)
စက်ပစ္စည်းစက်ရုံ အမှတ်(၁)



၂၁ ရာစု

# ဆရာဦးအောင်မိုးဇော်

(Ex. စာပေဗိမာန်)

အထက်တန်းလက္ခဏာ၊ နက္ခတ္တဗေဒပညာရှင်
ASTRO-PALMIST EXPERT
သင်တန်းနည်းပြ

အလုပ်ခန်းနေရာ
အမှတ်(၁၄)၊ ရွှေဘုန်းပွင့်ဘုရားဈေးတန်း၊
ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့။
အလုပ်ချိန် - နံနက်(၈း၃၀)မှ ညနေ(၆း၀၀)နာရီထိ

# "ကျားမှန်ိလျှင် အားသန်ိရမည်"

ဝေးတစ်လုံးတက်ခြင်း၊ ကာမစိတ်ကုန်ခန်းခြင်း၊ သုက်လွှတ်မြန်ခြင်း၊ လိင်ချောင်းသေးပြီး တိုဝင်ခြင်း၊ ဆီးပြတ်တောက် ပြတ်တောက်သွားခြင်း၊ လှုပ်ရှားရုံသာလှုပ်ရှားပြီး ပျော့နေခြင်း၊ မောပန်းလွယ်ခြင်း၊ အိပ်ပျော်သော်လည်း တစ်ရေးနိုးလျှင် အိပ်မရတတ်ခြင်း စသည့် အမျိုးသားအားနည်းရောဂါ (ပန်းသေပန်းညှိုးရောဂါ)နှင့် မျက်စိဝေခြင်း၊ ခါးတောင့်တင်းခြင်း၊ ခါးနာခြင်း၊ ခြေလက်ထုံကျဉ်ခြင်း၊ စအိုပူခြင်း၊ ဝမ်းသွားသည့်အခါ သွေးပါခြင်း၊ ခါး,ခြေဆစ်,လက်ဆစ် ကိုက်ခဲခြင်း၊ ရင်ပြည့်ရင်ကယ်ဖြစ်ခြင်း စသည့် ရောဂါရှင်များအတွက် ဆေးကုသက် (၄၅)နှစ်ကျော် ကုသ၍အောင်မြင်နေသော မြန်မာ့နန်းတွင်းအကြောပညာရှင် နေလဝိဇ္ဇာ ဆရာကြီး ဦးစံမြင့် (တဆ-၀၁၂၇၄) နှင့် သား ဆရာဦးစိုးမော် (တဆ-၀၂၆၁၁)တို့က အကြောပညာ၊ ဆေးပညာဖြင့် အထူးကုသပေးနေပါပြီ။

**ပြည်စိုး တိုင်းရင်းအထူးကုဆေးခန်း**

အမှတ်(၁)၊ ရှင်ဥပဂုတ္တကျောင်းတော်အနီး၊ တောင်ဘက်မုခ်၊
ကျိုက္ကဆံဘုရားဝင်း၊ သဃ်န်းကျွန်းမြို့နယ်၊ ရန်ကုန်မြို့။

www.burmeseclassic.com

www.burmeseclassic.com

# သိသာစေကြောင်း မင်္ဂလာနိမိတ်ကောင်း

ဒေါက်တာမင်းသိန်း၏ နည်းစနစ်အတိုင်းဟောသည်

## ဒေါက်တာတောယုနွယ်



တကယ်ဆိုတော့ ....

မိမိဘဝရဲ့ ကောင်းခြင်း၊ ဆိုးခြင်းဖြစ်ပျက်မှုတွေကို မိမိဘာသာ မိမိအသိဆုံးပါ။ ဒါပေမယ့် ပွဲမစခင် ပြည်ဖုံးကားနောက်ကွယ်မှာ ဘာတွေလုပ်နေတယ်ဆိုတာကို ကြိုတင်ပြီး သိချင်ကြတာဟာ လူ့ဘဝရဲ့ မွတာပါပဲ။ ပြည်ဖုံးကားနောက်ကွယ်က ဇာတ်ရုပ်တွေဟာ တစ်ခါတစ်ခါကျတော့ ပျော်စရာကောင်းတာတွေ တွေ့ရသလို၊ တစ်ခါတစ်ခါကျတော့လည်း စိတ်ရှုပ်စရာတွေလည်း တွေ့ရတတ်ပါတယ်။

အချိန်အခါ နေရာဒေသကြောင့် သင့်ဘဝရဲ့ ပြည်ဖုံးကားကို လှစ်ခနဲသာ ဖွင့်လှစ်ပြသလိုက်ရတာကြောင့် ဒီစာမျက်နှာများမှ သင့်ဘဝရဲ့ အဖြစ်အပျက် အစိတ်အပိုင်း တစ်ခုတလေသာ မြင်ရမှာဖြစ်လို့ ဘဝဇာတ်ခုံပေါ်မှာ မီးရောင်စုံ အစုံအလင်နဲ့ သင့်ဘဝအပြည့်အစုံကို မြင်ချင်တယ်ဆိုရင်ဖြင့် ....

■ အမှတ်(၂၀၅/က)
ပိတောက်(၅)လမ်း၊
မြို့သစ်(၈)၊
ဘုရင့်နောင်ရိပ်သာ၊
အင်းစိန်မြို့နယ်၊ ရန်ကုန်။
ဖုန်း ၀၁-၆၄၃၀၃၀

www.burmeseclassic.com

www.burmeseclassic.com

# ၂၀၁၃ ခုနှစ်၊ စက်တင်ဘာလအတွက် ဟောစာတမ်း

## တနင်္ဂနွေ သားသမီး



သင်သည် ယခုကာလတွင် အတိုက်အခံ အနည်းငယ် ရှိတတ်ပါတယ်။ မထင်မှတ်ဘဲ အလုပ်တစ်ခု ပူးတွဲလုပ်ရတတ်တယ်။ အိမ်အသစ်ရခြင်း၊ အိမ်နေရာပြင်ဆင်မွမ်းမံရခြင်း၊ ပြောင်းရွှေ့ရခြင်းများ ကြုံရတတ်တယ်။ယခု ရောက်ရှိနေတဲ့ကာလတွင် ဝါခေါင်လ၊ ကဆုန်လများ ပါနေရင်တော့ မြေကိစ္စ၊ အမွေကိစ္စ စကားပြောရခြင်း၊ မိန်းမနှင့်ပတ်သက်၍ အမှုအခင်းများ ဖြစ်တတ်တယ်။ သူများအထင်ကြီး ချီးကျူးမှု ခံရတတ်တယ်။ ဝန်ထမ်းဖြစ်ပါက ရာထူးတိုးခြင်း၊ ရပိုင်ခွင့်များ တိုးတတ်တယ်။ မထင်မှတ်ဘဲ ပညာတစ်ခုသင်ကြားရခြင်း၊ သင်တန်းတစ်ခုတက်ရတတ်တယ်။ ခရီးတို၊ ခရီးရှည်များ သွားနေရလိမ့်မယ်။ ထိုခရီးများသည်လည်း သင့်အတွက် အကျိုးထူးစေပါလိမ့်မယ်။ ငွေများထွက်ခြင်း၊ ငွေအတွက်ပြောဆိုဖြေရှင်းရခြင်မျိုး ကြုံရတတ်တယ်။ ဒါပေမဲ့ တနင်္ဂနွေ၊ သောကြာ အမည်ပါသော ဆွေမျိုးသားချင်းက မထင်မှတ်ဘဲ အကူအညီကောင်းပေးလိမ့်မယ်။ ကျန်းမာရေးညံ့သော သက်ကြီးရွယ်အိုများ အိမ်သို့ လာရောက်ရာည်းခိုလျှင် ဆုံးပါးသွားတတ်သည်။ လက်ဖခံပါနှင့်။ ကျန်းမာရေးအနေဖြင့် ခြေထောက်တွင် ထိခိုက်ဒဏ်ရာ ဖြစ်တတ်သည်။ ဒါကြောင့်လည်း ကံကောင်းစေရန် မိမိမွေးနေ့နံနက်(၉း၄၅)နာရီတွင် တန်ခိုးကြီးဘုရားတစ်ဆူ၏ မွေးနံထောင့်၌ ဝါး(၄)ညွန့်၊ ပေါက်ပန်းဖြူ(၅)ညွန့်၊ ထီးနီ(၁၀)လက်တို့ကို လှူပေးပါ။ အညံ့များ ပြေပျောက်စေရန် ဆုတောင်းပါ။

### ကံကောင်းသောရက်

တနင်္ဂနွေ၊ သောကြာ

### ညံ့သောရက်

အင်္ဂါ၊ စနေ

### ကံကောင်းသောနံပါတ်

၁၆၊ ၆၄၊ ၆၁

### အထူးသတိပြုရန်

ယခုကာလအတွင်း လူမျိုးခြား ဒုက္ခပေးတတ်သည်။
ငါးကျည်းဆူး ဆူးမိလျှင်သော်လည်းကောင်း၊ ရေမြွေတွေ့လျှင်သော်လည်းကောင်း စွပ်စွဲပြောဆိုခံရတတ်သည်။

### ကံကောင်းပြီး လာဘ်ရွှင်စေရန်

မိမိနေအိမ်ကဘုရားတွင် အုန်းသီးစိတ်(၆)စိတ်ကို
ကြေးလင်ပန်းထဲထည့်ပြီး လှူပေးပါ။

www.burmeseclassic.com

www.burmeseclassic.com

# ၂၀၁၃ ခုနှစ်၊ စက်တင်ဘာလအတွက် ဟောစာတမ်း

## တနင်္လာ သားသမီး



သင်သည် ယခုကာလတွင် စိတ်ပျော်ရွှင်စရာတွေ ဆက်တိုက်ကြုံတွေ့ရမှာ ဖြစ်ပါတယ်။ စက်ပစ္စည်းအကောင်းစားများ ဝင်လိမ့်မယ်။ ဆိုင်ဖွင့်ရန် ကြံရွယ်ထားပါက ဖွင့်ရလိမ့်မယ်။ မိမိအိမ်ကို ပြုပြင်ခြင်း၊ အဖီချခြင်းမျိုး ပြုလုပ်ရတတ်တယ်။ လုပ်ငန်းသစ်လုပ်ရန် အကြံအစည်ကောင်းများ၊ အဆက်အသွယ်ကောင်းများ ပေါ်လာလိမ့်မယ်။ ဤကာလအတွင်း ပစ္စည်းများကို ထုခွဲရောင်းချ၍ လုပ်ငန်းသစ် ကြီးကြီးမားမားစရန် မကောင်းသေးပါ။ ယခုကာလတွင် ထီမထိုးသင့်ပါ။ ထီပေါက်လျှင် မိသားစုအတွင်း ကျန်းမာရေး ဆိုးဆိုးဝါးဝါး ညံ့သွားတတ်တယ်။ စပ်တူရှယ်ယာလုပ်ငန်းများ ပေါ်လိမ့်မယ်။ လုပ်လျှင် အောင်မြင်မယ်။ မိမိခင်မင်သူ၊ ချစ်သူကြောင့် ဒုက္ခတွေ့တတ်တယ်။ မိတ်ဆွေအပေါင်းအသင်းများနှင့် မမျှော်လင့်ဘဲ လမ်းခွဲရတတ်တယ်။ မသွားချင်သောခရီး၊ စိတ်ညစ်စရာခရီးများ သွားရတတ်တယ်။ မိသားစုအတွင်း ဗုဒ္ဓဟူးသားသမီး ရှိပါက အိမ်မှထွက်သွားတတ်တယ်။ ဘိုးတော်တု၊ ဆရာတုများ ရောက်လာတတ်တယ်။ ငွေလိမ်ခံရတတ်တယ်။ အထက်လူကြီး၊ ဆွေမျိုးအကြီးအကဲတို့က မိမိအပေါ် အထင်လွဲတတ်တယ်။ မိမိအိမ်မှာ ကိုယ်ဝန်ဆောင်သည် ရှိပါက အိမ်မှာ မမွေးပါနှင့်။ ကလေး(သို့မဟုတ်) လူကြီး အန္တရာယ်ဖြစ်တတ်တယ်။ အပြင်မှ ကိုယ်ဝန်ဆောင်သည် အိမ်မှာ လာမွေးပါက ကောင်းပါတယ်။ မိမိလုပ်နေသည့် အလုပ်ကိုပဲ ဆက်လုပ်ပါ။ မတိုးချဲ့ပါနှင့်ဦး။ အလုပ်လည်း မပြောင်းပါနှင့်။ ယခုကာလတွင် အမှုကိစ္စ မဖြေရှင်းရပါ။ မဖြစ်မနေ ဖြေရှင်းရမယ်ဆိုလျှင် တတ်နိုင်သလောက် အချိန်ဆွဲထားပါ။ ကျန်းမာရေး အနည်းငယ်ညံ့တတ်တယ်။ အလိုလိုနေရင်း စိတ်တိုနေတတ်တယ်။ ဒါကြောင့်လည်း ကံကောင်းစေရန် မိမိမွေးနေ့ နံနက် (၉:၄၅)နာရီတွင် တန်ခိုးကြီးဘုရားတစ်ဆူ၏ မွေးနံထောင့်၌ ဆီး(ဇီး)ညွန့်(၃)ညွန့်(ဆူးဖြုတ်)၊ ဝါးညွန့်(၁)ညွန့်၊ ကုက္ကား(၁၉)ခုတို့ကို လှူပေးပါ။ အညံ့များ ပြေပျောက်စေရန် ဆုတောင်းပါ။

**ကံကောင်းသောရက်**

တနင်္ဂနွေ၊ အင်္ဂါ

**ညံ့သောရက်**

တနင်္လာ၊ ကြာသပတေး

**ကံကောင်းသောနံပါတ်**

၁၅၊ ၁၃၊ ၃၀၊ ၃၇

**အထူးသတိပြုရန်**

ဘာသာရေးဆိုင်ရာစာအုပ် လက်ခံရရှိပါက(သို့မဟုတ်)အိမ်ခေါင်းရင်းတွင် အိမ်သစ်ဆောက်ခြင်း၊ အိုးစည်ဗိုင်းများ ပျော်ရွှင်စွာ တီးခတ်နေသော နိမိတ်တွေ့ပါက အလုပ်သစ်ရတတ်တယ်။ ကားပွတ်တိုက်မိတတ်သဖြင့် အထူးသတိထားပါ။

**ကံကောင်းပြီး လာဘ်ရွှင်စေရန်**

မိမိနေအိမ်ကဘုရားတွင် အင်္ဂါနေ့တိုင်း အုန်းနို့ခေါက်ဆွဲ(၄)ပန်းကန် လှူဒါန်းပေးပါ။

www.burmeseclassic.com

www.burmeseclassic.com

# ၂၀၁၃ ခုနှစ်၊ စက်တင်ဘာလအတွက် ဟောစာတမ်း

## အင်္ဂါ သားသမီး



သင်သည် ယခုကာလတွင် လုပ်ငန်းသစ်များ စတင်ရတတ်တယ်။ ထိုလုပ်ငန်းများသည်လည်း လွန်စွာအကျိုးပေးအောင်မြင်မယ်။ အလုပ်နေရာ၊ အိမ်နေရာ ပြောင်းရွှေ့ရတတ်တယ်။ အမှုအခင်းဖြစ်နေသူကို ငွေမချေးပါနှင့်။ အာမခံ မလိုက်ပါနှင့်။ သတိပြု၍ ရှောင်ကြဉ်ပါ။ ယခုကာလတွင် ငွေဝင်နည်းနေပါလိမ့်မယ်။ ထွက်နေတဲ့ လက်ဝတ်ရတနာပစ္စည်းတွေ ယခုအချိန်တွင် ပြန်ဝင်တတ်တယ်။ ကွဲကွာနေတဲ့ ဆွေမျိုးဟောင်း၊ မိတ်ဆွေဟောင်းတွေနဲ့ ပြန်တွေ့ရတတ်တယ်။ အိမ်မှာ သားပျို သမီးပျိုများ ရှိပါက အိမ်ထောင်ကျခြင်း၊ အိမ်မှခွဲထွက်သွားတတ်တယ်။ မိသားစုချင်း စိတ်ဝမ်းကွဲစရာတွေ ဖြစ်တတ်တယ်။ အိမ်ထောင်ရှိသူဆိုလျှင် အိမ်ထောင်ဘက်နှင့် အဆင်မပြေ ဖြစ်တတ်တယ်။ သွပ်၊ သံ၊ သစ် တစ်ပတ်ရစ်ပစ္စည်း လက်မခံပါနှင့်။ အောက်လက်ငယ်သားတွေက ဒုက္ခပေးတတ်တယ်။ အမှုတွေလည်း သယ်လာတတ်တယ်။ ဆရာသမားကဲ့သို့သော ပုဂ္ဂိုလ်များနှင့် အဆင်မပြေ ဖြစ်တတ်တယ်။ နာရေးကိစ္စကို အကြောင်းပြု၍ ခရီးသွားရတတ်တယ်။ ကျန်းမာရေးအနေဖြင့် လေထိုးလေအောင့် ဝေဒနာ၊ အစာအိမ်နှင့် ပတ်သက်သောဝေဒနာ ခံစားရတတ်တယ်။ ဒါကြောင့်လည်း ကံကောင်းစေရန် မိမိမွေးနေ့ နံနက် (၉း၄၅)နာရီတွင် တန်ခိုးကြီးဘုရားတစ်ဆူ၏ မွေးနံထောင့်၌ သပြေညွှန့်(၆)ညွှန့်၊ နှင်းဆီ(၇)ပွင့်၊ ယပ်အဖြူရောင်(၁၂)ချောင်းတို့ကို လှူပေးပါ။ အညံ့များ ပြေပျောက်စေရန် ဆုတောင်းပါ။

### ကံကောင်းသောရက်

တနင်္လာ၊ ဗုဒ္ဓဟူး

### ညံ့သောရက်

အင်္ဂါ၊ သောကြာ

### ကံကောင်းသောနံပါတ်

၄၆၊ ၆၄၊ ၄၂၊ ၂၄

### အထူးသတိပြုရန်

မိမိအိမ်သို့ ဘုရားတစ်ဆူကြွသော နိမိတ်တွေ့ပါက ငွေအစုလိုက် အပုံလိုက် ရတတ်တယ်။ မြောက်အရပ်သို့ ရေလမ်းခရီးမသွားရ။

### ကံကောင်းပြီး လာဘ်ရှင်စေရန်

မိမိနေအိမ်ကဘုရားတွင် တနင်္လာနေ့နှင့် ဗုဒ္ဓဟူးနေ့တိုင်း ကြံရည်(၆)ခွက် လှူဒါန်းပေးပါ။

www.burmeseclassic.com

www.burmeseclassic.com

# ၂၀၁၃ ခုနှစ်၊ စက်တင်ဘာလအတွက် ဟောစာတမ်း

## ဗုဒ္ဓဟူး သားသမီး



သင်သည် ယခုကာလတွင် လုပ်ငန်းများ သိသိသာသာ အောင်မြင်မှုရမယ်။ လုပ်ငန်းသစ်များ စတင်ပြုလုပ်နိုင်ပြီး လုပ်ငန်းဟောင်းများမှလည်း စီးပွားသိသိသာသာ တက်လိမ့်မယ်။ သိကြားမ,လိုက်သကဲ့သို့ လက်ရှိအခြေအနေထက် များစွာမြင့်တက်သွားလိမ့်မယ်။ မိဘကို ကောင်းစွာပြုစုစောင့်ရှောက်နိုင်မယ့် အချိန်ဖြစ်တယ်။ ပြည်တွင်းပြည်ပ ခရီးဝေးများ သွားရတတ်တယ်။ ထိုခရီးများသည်လည်း စိတ်ချမ်းသာစရာခရီးများ ဖြစ်မယ်။ မိတ်ဆွေကောင်း၊ ဆရာကောင်းများ တွေ့မယ်။ ဝန်ထမ်းဖြစ်လျှင် ရာထူးတက်ခြင်း၊ အခြေအနေ အဆင့်အတန်း မြင့်တက်မယ်။ သင်တန်းတစ်ခု တက်ရမယ်။ ပညာကောင်းများ ရလိမ့်မယ်။ အဖိုးတန် စက်ပစ္စည်းများ ဝင်လိမ့်မယ်။ ရပ်ဝေးမှ စာများ၊ အဆက်အသွယ်များ ရလိမ့်မယ်။ ငွေရှာရလွယ်ခြင်း၊ ငွေအဝင်အထွက်ကြမ်းခြင်းများ ကြုံလိမ့်မယ်။ ဝန်ထမ်းများအဖို့ အလုပ်တွင် အတိုက်အခံ အနည်းငယ် ကြုံရတတ်တယ်။ ရင်းနှီးသူ လုပ်ဖော်ကိုင်ဖက်များနှင့် အဆင်မပြေ လမ်းခွဲရတတ်တယ်။ မြေကိစ္စ၊ အမွေကိစ္စများ စကားပြောရတတ်သော်လည်း အောင်မြင်မှုရတတ်တယ်။ စပ်တူရှယ်ယာလုပ်ငန်းများ ပေါ်လိမ့်မယ်။ လုပ်လျှင် အောင်မြင်ပါလိမ့်မယ်။ မမျှော်လင့်တဲ့ဆီက ငွေများ ဝင်လာတတ်တယ်။ ဆုံးပြီလို့ ထင်ထားတဲ့ငွေတွေလည်း ပြန်ရတတ်တယ်။ အိမ်ထောင်ရှိသူဆိုလျှင် အိမ်ထောင်ဘက်ကြောင့် စိတ်ညစ်ရတတ်တယ်။ ဆွေမျိုးသားချင်းများထဲမှ ကျန်းမာရေး အသည်းအသန် ဖြစ်တတ်တယ်။ ကျန်းမာရေးအနေဖြင့် နှလုံးအားနည်းခြင်း၊ ဒူး၊ နား ဒုက္ခပေးတတ်တယ်။ ဒါကြောင့်လည်း ကံကောင်းစေရန် မိမိမွေးနေ့ နံနက်(၉း၄၅)နာရီတွင် တန်ခိုးကြီးဘုရားတစ်ဆူ၏ မွေးနံထောင့်၌ သီဟိုဠ်ညွန့်(၆)ညွန့်၊ နှင်းဆီ(၇)ပွင့်၊ တံခွန်ဖြူ(၉)လုံးတို့ကို လှူပေးပါ။ အညံ့များ ပြေပျောက်စေရန် ဆုတောင်းပါ။

### ကံကောင်းသောရက်

အင်္ဂါ၊ ကြာသပတေး

### ညံ့သောရက်

ဗုဒ္ဓဟူး၊ စနေ

### ကံကောင်းသောနံပါတ်

၁၅၊ ၃၃၊ ၅၇၊ ၃၅

### အထူးသတိပြုရန်

လာမည့် မွေးလ မွေးရက်အထိ အသုဘပို့ခြင်း မပြုပါနှင့်။

### ကံကောင်းပြီး လာဘ်ရှင်စေရန်


မိမိနေအိမ်ကဘုရားတွင် အင်္ဂါနေ့နှင့် ကြာသပတေးနေ့တိုင်း ပဲပေါက်စိ(၈)လုံး လှူဒါန်းပေးပါ။

www.burmeseclassic.com

www.burmeseclassic.com

# ၂၀၁၃ ခုနှစ်၊ စက်တင်ဘာလအတွက် ဟောစာတမ်း

## ကြာသပတေး သားသမီး



သင်သည် ယခုကာလတွင် ပျော်ရွှင်စရာကောင်းတဲ့ အလှူအတန်းတွေ ပြုလုပ်ရတတ်တယ်။ ခရီးများ မကြာခဏ ထွက်ရတတ်တယ်။ ထိုခရီးများသည် လည်း ပေး အောင်မြင်လိမ့်မယ်။ ဝန်ထမ်းဆိုလျှင် ရာထူးတက်ခြင်း၊ အခြေအနေ မြင့်တက်ခြင်းများ ကြုံမယ်။ လူမျိုးခြား၊ နိုင်ငံခြားနှင့် ပတ်သက်သောကိစ္စများ အကျိုးပေးအောင်မြင်မယ်။ မိမိနှင့် မသင့်မြတ်သူများနှင့် ပြန်လည်သင့်မြတ်သွားလိမ့်မယ်။ မိမိအ ား ပြဿနာရှာနေသူများ ရှိလျှင်လည်း အဆင်ပြေသွားလိမ့်မယ်။ ငွေများ အစုလိုက် အပုံလိုက် ဝင်လာလိမ့်မယ်။ အဖိုးတန်ကျောက်မျက်ရတနာများလည်း ဝင်လိမ့်မယ်။ အိမ်ထောင်ရှင်များအဖို့ အိမ်ထောင်ရေးအတွက် သောကရောက်ရတတ်တယ်။ အထက်လူကြီး၊ မိသားစု အကြီးအကဲများကြောင့် စိတ်ညစ်ရတတ်တယ်။ ပညာရေးကိစ္စ၊ သင်တန်းကိစ္စများကို အကြောင်းပြု၍ စိတ်ညစ်ရတတ်တယ်။ ရွှေအတွက် ပြောဆိုဖြေရှင်းရတတ်တယ်။ ရွှေထည်ဝယ်လျှင် အသစ်များသာ ဝယ်သင့်တယ်။ အဟောင်းမဝယ်သင့်ပါ။ သားသမီးများထဲတွင် ဗုဒ္ဓဟူးသားသမီးရှိလျှင် အနည်းငယ် ညှဲ့နေပါလိမ့်မယ်။ ကျန်းမာရေးအနေဖြင့် ဆီးရောဂါ၊ မျက်စိရောဂါ၊ အစားမှားခြင်း၊ ဆေးမှားခြင်း ဖြစ်တတ်တယ်။ ဒါကြောင့်လည်း ကံကောင်းစေရန် မိမိမွေးနေ့ နံနက်(၉း၄၅)နာရီတွင် တန်ခိုးကြီးဘုရားတစ်ဆူ၏ မွေးနံထောင့်၌ သပြေ(၆)ညွန့်၊ နှင်းဆီဖြူ(၇)ပွင့်၊ ထီးအဖြူ(၁၅)လက်တို့ကို လှူပေးပါ။ အညှံ့များ ပြေပျောက်စေရန် ဆုတောင်းပါ။

### ကံကောင်းသောရက်

တနင်္လာ၊ စနေ

### ညှံ့သောရက်

တနင်္လာ၊ ဗုဒ္ဓဟူး

### ကံကောင်းသောနံပါတ်

၃၄၊ ၃၂၊ ၂၃၊ ၂၆

### အထူးသတိပြုရန်

မကြာခဏ ဒေါသထွက်ခြင်း၊ ခက်ထန်စွာ ပြောဆိုခြင်းကို ရှောင်ပါ။ အရက်သေစာ လုံးဝမသောက်ရ။

### ကံကောင်းပြီး လာဘ်ရွှင်စေရန်

မိမိနေအိမ်ကဘုရားတွင် တနင်္လာနေ့တိုင်း ကြံပန်းခိုင်နှင့် နွားနို့ လှူဒါန်းပေးပါ။

www.burmeseclassic.com

www.burmeseclassic.com

# ၂၀၁၃ ခုနှစ်၊ စက်တင်ဘာလအတွက် ဟောစာတမ်း

## သောကြာ သားသမီး



သင်သည် ယခုကာလတွင် ကံကောင်းတယ်ဆိုပေမယ့်လည်း မပြောပလောက်တဲ့ အညံ့လေးတွေ ကြုံရတတ်တယ်။ မထင်မှတ်သော ခရီးများ၊ မရည်ရွယ်သော ခရီးများ သွားရတတ်တယ်။ သူများကိစ္စအတွက် ခရီးသွားရတတ်တယ်။ ဘုရားဆင်းတုတော်၊ ပုံတော်၊ ရဟန္တာပုံတော်များ ကြွလာတတ်တယ်။ လူမျိုးခြားက ကူညီခြင်း၊ နိုင်ငံရပ်ခြားနှင့်ပတ်သက်သော ကိစ္စများ အောင်မြင်မယ်။ ပညာအသစ်တစ်ခု သင်ရတတ်တယ်။ လုပ်ငန်းများ အောင်မြင်တော့မလိုလိုနှင့် အခက်အခဲကြီးစွာ ကြုံရတတ်တယ်။ လုပ်ဖော်ကိုင်ဖက် မိတ်ဆွေရင်းများနှင့်လည်း စိတ်ဝမ်းကွဲတတ်ပါတယ်။ မနာလိုသူလည်း ပေါလိမ့်မယ်။ မိမိထက် မြင့်သူ နိမ့်သူ နှစ်ဦးလုံးက ဒုက္ခပေးတတ်တယ်။ ကြီးကဲသူ၊ အထက်လူကြီးများကြောင့် စိတ်ညစ်ရတတ်တယ်။ ပျိုရွယ်သူတွေအဖို့ မင်္ဂလာပွဲအစီအစဉ်များ အထစ်အငေါ့ကြုံခြင်း၊ ရက်ရွှေ့ရခြင်းများ ဖြစ်တတ်တယ်။ ငွေပျောက်ခြင်း၊ ကြွေးတင်ခြင်း၊ ငွေအတွက် ပြောဆိုဖြေရှင်းရတတ်တယ်။ ကိုယ်ပိုင်လုပ်ငန်း လုပ်နေသူတွေအဖို့ အလုပ်တွင် အပျက်အစီး၊ အဆုံးအရှုံး၊ အလေအလွင့် များနေလိမ့်မယ်။ အိမ်ထောင်သည်တွေအဖို့ အိမ်ထောင်ရေး အဆင်မပြေ ဖြစ်တတ်တယ်။ အိမ်ထောင်ဘက် ကျန်းမာရေးညံ့တတ်တယ်။ ခါးအောက်ပိုင်း ဒုက္ခပေးတတ်တယ်။ ကျန်းမာရေးအနေဖြင့် ကျောက်ကပ်နှင့်ပတ်သက်သော ဝေဒနာ သတိထားပါ။ ဒါကြောင့်လည်း ကံကောင်းစေရန် မိမိမွေးနေ့ နံနက်(၉း၄၅)နာရီတွင် တန်ခိုးကြီးဘုရားတစ်ဆူ၏ မွေးနံထောင့်၌ သီဟိုဠ်ညွန့်(၆)ညွန့်၊ နှင်းဆီ(၇)ပွင့်၊ ကြက်လျှာ(၈)ခုတို့ကို လှူပေးပါ။ အညံ့များ ပြေပျောက်စေရန် ဆုတောင်းပါ။

### ကံကောင်းသောရက်

ကြာသပတေး၊ စနေ

### ညံ့သောရက်

တနင်္လာ၊ သောကြာ

### ကံကောင်းသောနံပါတ်

၅၄၊ ၅၃၊ ၃၅၊ ၃၆

### အထူးသတိပြုရန်

မိမိအိမ်သို့ ဘိုးတော်တစ်ပါး ကြွလာလျှင်လည်းကောင်း၊ စွယ်တော်ဓာတ်ပုံ ဖူးရလျှင်သော်လည်းကောင်း ထီပေါက်တတ်တယ်။
ယခုကာလတွင် အမှုအခင်း မဖြစ်စေရန် အထူးဂရုစိုက်ပါ။

### ကံကောင်းပြီး လာဘ်ရှင်စေရန်

မိမိနေအိမ်ကဘုရားတွင် ကြာသပတေးနေ့နှင့် စနေနေ့တိုင်း ပေါင်မုန့်ကို ေ ာပတ်သုတ်၍(သကြားမထည့်ရ) လှူဒါန်းပေးပါ။

www.burmeseclassic.com

www.burmeseclassic.com

# ၂၀၁၃ ခုနှစ်၊ စက်တင်ဘာလအတွက် ဟောစာတမ်း

## စနေ သားသမီး



သင်သည် ယခု ကာလတွင် ကောင်းကျိုးပေးတဲ့အချိန်ဖြစ်လို့ ဝီရိယစိုက်၍ သုတ်ပါက ချမ်းသာသုခ ရမှာဖြစ်ပါတယ်။ ဒါပေမဲ့လည်း အတိုက်အခံ အပြိုင်အဆိုင်တွေတော့ ရှိနေတတ်တယ်။ အောင်မြင်မှု ရပါလိမ့်မယ်။ ဆွေမျိုးအပေါင်းအသင်းတွေကိုလည်း ကိုယ်က အများဆုံး ကူညီနေရလိမ့်မယ်။ အိမ်နေရာ ပြင်ဆင်ရခြင်း၊ ပြောင်းရွှေ့ရခြင်းများ ပြုလုပ်ရတတ်တယ်။ ဝန်ထမ်းတွေအဖို့ လုပ်ငန်းနှင့်ပတ်သက်၍ နာမည်ကောင်းရခြင်း၊ နေရာကောင်းရခြင်းများ ဖြစ်တတ်တယ်၊ ကိုယ်ပိုင်လုပ်ငန်း လုပ်နေသူတွေအဖို့ လုပ်ငန်းများ တိုးချဲ့လုပ်ကိုင်ရတတ်တယ်။ အိမ်ထောင်မရှိသေးသူများ အိမ်ထောင်ကျတတ်တယ်။ ကွဲကွာနေသော ဆွေမျိုးသားချင်းများနှင့် ပြန်ဆုံရတတ်တယ်။ ရပ်ဝေးမှ ဆွေမျိုးသားချင်းများ ရောက်လာတတ်တယ်။ ခရီးအကျိုးပေးသော ကာလဖြစ်တယ်။ ဘုရားဖူးခရီး သွားရတတ်တယ်။ ယခုကာလတွင် စကားအပြောအဆို မှားတတ်သောကြောင့် နှုတ်စောင့်စည်းပါ။ ယခုအချိန်တွင် လောဘတကြီးဖြင့် စီးပွားမရှာသင့်ပါ။ စိတ်ထင်ရာ တစ်ခွတ်ထိုးလုပ်လျှင် ဂုဏ်သိက္ခာ ကျခြင်းမျိုးခံရတတ်တယ်။ ကိုယ်က ကျေးဇူးပြုဖူးသူက ကိုယ့်ကို ဒုက္ခပေးတတ်တယ်။ ကျန်းမာရေးအနေဖြင့် ခါးမျက်ခြင်း၊ ခြေထောက်တွင် သွေးထွက်သံယို ဖြစ်တတ်တယ်။ ဒါကြောင့်လည်း ကံကောင်းစေရန် မိမိမွေးနေ့ နံနက် (၉း၄၅)နာရီတွင် ကန်နိုးကြီးဘုရားတစ်ဆူ၏ မွေးနံထောင့်၌ သပြေညွှန့်(၆)ညွှန့်၊ နှင်းဆီဖြူ (၇)ပွင့်၊ ပြိုက်ချပ်စုံ (၆)ခုတို့ကို လှူပေးပါ။ အညံ့များ ပြေပျောက်စေရန် ဆုတောင်းပါ။

### ကံကောင်းသောရက်

ဗုဒ္ဓဟူး၊ သောကြာ

### ညံ့သောရက်

တနင်္ဂနွေ၊ ကြာသပတေး

### ကံကောင်းသောနံပါတ်

၆၂၊ ၆၄၊ ၄၆၊ ၄၇

### အထူးသတိပြုရန်

မိမိအိမ်ကိုပေါင်ပြီး မည်သည့်လုပ်ငန်းမျှ မလုပ်ပါနှင့်။
သူများအိမ်လာပေါင်လျှင်လည်း လက်မခံပါနှင့်။

### ကံကောင်းပြီး လာဘ်ရှင်စေရန်

မိမိနေအိမ်ကဘုရားတွင် ဗုဒ္ဓဟူးနေ့နှင့် သောကြာနေ့တိုင်း သရက်သီး လှူဒါန်းပေးပါ။

www.burmeseclassic.com

www.burmeseclassic.com

# ၂၀၁၃ ခုနှစ်၊ စက်တင်ဘာလအတွက် ဟောစာတမ်း

## ရာဟု သားသမီး



သင်သည် ယခုကာလတွင် မထင်မှတ်သော ခရီးများ၊ မရည်ရွယ်သော ခရီးများ သွားရတတ်တယ်။ သူတစ်ပါးကိစ္စအတွက်လည်း ခရီးသွားရတတ်တယ်။ ဘုရားဆင်းတုတော်၊ ပုံတော်၊ ရဟန္တာပုံတော်များ ကြွလာတတ်တယ်။ လူမျိုးခြား ကူညီခြင်း၊ နိုင်ငံရပ်ခြားနှင့်ပတ်သက်သောကိစ္စများ အောင်မြင်လိမ့်မယ်။ ကိုယ်ပိုင်လုပ်ငန်း လုပ်နေသူတွေအဖို့ ယခုကာလတွင် လုပ်ငန်းတိုးချဲ့ဖို့ မကြိုးစားပါနှင့်ဦး။ ဝန်ထမ်းတွေအဖို့လည်း လက်ရှိအလုပ်အကိုင်မှ ပြောင်းချင်စိတ် ပေါ်မယ်။ မပြောင်းပါနှင့်ဦး။ ပြောင်းလျှင် ပိုဆိုးသွားတတ်တယ်။ လုပ်ဖော်ကိုင်ဖက် မိတ်ဆွေရင်းများနှင့်လည်း လမ်းခွဲရတတ်တယ်။ မိသားစုအတွင်းမှာ တစ်ယောက်နှင့်တစ်ယောက် အယူအဆ ကွဲလွဲ၍ စိတ်ရှုပ်စရာများ ဖြစ်နေတတ်တယ်။ ယခုကာလတွင် မည်သည့်အခက်အခဲနှင့် ကြုံသည်ဖြစ်စေ အားကိုးမရှာပါနှင့်။ ဒုက္ခပေးမည့်သူသာ ပေါ်လာတတ်တယ်။ အိမ်ထောင်ရှိလျှင် အိမ်ထောင်ဘက် ကျန်းမာရေးညံ့၍ ဆေးရုံ ဆေးခန်းများသို့ သွားရတတ်တယ်။ မိမိကိုယ်တိုင် ကျန်းမာရေးအနေဖြင့် ကျောဒုက္ခပေးတတ်တယ်။ ဒါကြောင့်လည်း ကံကောင်းစေရန် မိမိမွေးနေ့ နံနက်(၉း၄၅)နာရီတွင် တန်ခိုးကြီးဘုရားတစ်ဆူ၏ မွေးနံထောင့်၌ သပြေညွန့်(၆)ညွန့်၊ ထန်းညွန့်(၇)ညွန့်၊ ကြက်လျှာ အစိမ်းရောင်(၈)ခုတို့ကို လှူပေးပါ။ အညံ့များ ပြေပျောက်စေရန် ဆုတောင်းပါ။

### ကံကောင်းသောရက်

ကြာသပတေး၊ စနေ

### ညံ့သောရက်

တနင်္လာ၊ သောကြာ

### ကံကောင်းသောနံပါတ်

၅၆၊ ၅၇၊ ၇၁၊ ၇၅

### အထူးသတိပြုရန်

ယခုကာလအတွင်း အိမ်ပြင်ခြင်း၊ အိမ်ပြောင်းရွှေ့ခြင်းများ မပြုလုပ်ပါနှင့်။ အပျော်ခရီး မသွားရပါ။

### ကံကောင်းပြီး လာဘ်ရွှင်စေရန်

မိမိနေအိမ်ကဘုရားတွင် ကြာသပတေးနေ့နှင့် စနေနေ့တိုင်း ယာဂုဆွမ်း လှူဒါန်းပေးပါ။

www.burmeseclassic.com

www.burmeseclassic.com

# နိုင်ငံခြားရောက် မြန်မာများအတွက်

## အထူးဟောကိန်း

ဒေါက်တာစောယုနွယ်

(၂၀၁၃-ခုနှစ်၊ စက်တင်ဘာလ)

ယခုကာလမှာ ကျွန်မတို့ ဗုဒ္ဓဘာသာမြန်မာလူမျိုး၊ လူငယ်လူရွယ်အချို့ဟာ နိုင်ငံရပ်ခြားကို သွားရောက်ပြီး **အလုပ်** လုပ်ခြင်း၊ ပညာရှာခြင်းတွေ လုပ်နေကြပါပြီ။ အဲဒီလို တိုင်းတစ်ပါးမှာ သွားရောက်လုပ်ကိုင်သူတွေအဖို့ အားကိုးရာမှာ ကျွန်မတို့ ကိုးကွယ်ဆည်း ကပ်တဲ့ မြတ်ဗုဒ္ဓရဲ့ လမ်းညွှန်မှုတွေပါပဲ။ မြတ်ဗုဒ္ဓကို ကြည်ညိုလေးစားတဲ့ ဗုဒ္ဓဘာသာဝင်တွေအဖို့ ဘယ်နေရာ ဘယ်ဒေသရောက်ရောက် သရဏဂုံတည်ခြင်း ရှိခဲ့ပါလျှင် ဘေးဥပါဒ်အန္တရာယ်တွေကင်းပြီး လိုအင်ဆန္ဒတွေ ပြည့်ဝတယ်ဆိုတာ အားလုံးအသိပါပဲ။ ရတနာသုံးပါးကို ကြည်ညိုလေးစားတဲ့သူတွေအဖို့ ၎င်းတို့ရဲ့ အခက်အခဲလေးတွေကို ပြေလည်စေဖို့ရန် ကျွန်မတတ်တဲ့ လောကီပညာရပ်တွေနဲ့ ကူညီလိုက်ရပါတယ်။ အကယ်၍များ ဘဝဇာတ်စုံ အဖုံဖုံကို သိချင်တယ် ဆိုရင်ဖြင့် စာဖြင့်သော်လည်းကောင်း၊ အခြားဆက်သွယ်နိုင်မည့် နည်းလမ်းများနှင့်သော်လည်းကောင်း ဆက်သွယ် ခဲ့မယ် ဆိုပါက . . .

BURMESE CLASSIC .com

ဒေါက်တာစောယုနွယ်

အမှတ်(၂၀၅/က)၊ ပိတောက်(၅)လမ်း၊ မြို့သစ်(ဂ)၊ ဘုရင့်နောင်ရိပ်သာ၊ အင်းစိန်မြို့နယ်၊ ရန်ကုန်မြို့၊ ဖုန်း-၀၁ ၆၄၃၀၃၀

## တနင်္ဂနွေသားသမီးများအတွက်

ငွေတွေထွက်နေပေမယ့် တနင်္ဂနွေ၊ သောကြာသားသမီးတွေက ကူညီတာနဲ့ ငွေတွေရမယ်။ မထင်မှတ်ဘဲ အလုပ်တစ်ခု ပူးတွဲလုပ်ကိုင်ရတတ်တယ်။ အိမ်နေရာသစ်ရခြင်း၊ နေရာထိုင်ခင်း မွမ်းမံပြင်ဆင်ရခြင်း၊ ပြောင်းရွှေ့ရခြင်းများ ကြုံရတတ်တယ်။ ဝန်ထမ်းဖြစ်ပါက ရာထူးတိုးခြင်း၊ ရပိုင်ခွင့်တိုးခြင်း ဖြစ်မည်။

**ယတြာ**

တနင်္ဂနွေသားသမီးတစ်ဦးကို သစ်သီး လက်ဆောင်ပေးလိုက်ပါ။

## တနင်္လာသားသမီးများအတွက်

လုပ်ငန်းအသစ်၊ စပ်တူလုပ်ငန်းများလုပ်ဖို့ ကမ်းလှမ်းခြင်း ခံရတတ်သည်။ အထက်လူကြီး အထင်လွဲတတ်သည်။ ထီပေါက်တတ်သည်။ ထီပေါက်လို့ ရတဲ့ငွေ ကုန်သွားမည်။ ဆိုင်တစ်ဆိုင် ဖွင့်ဖြစ်မည်။ မသွားချင်သောခရီး သွားရတတ်သည်။

**ယတြာ**

တနင်္လာသားသမီးကို ပေါင်မုန့်ကြော် ဝယ်ကျွေးပါ။



www.burmeseclassic.com

www.burmeseclassic.com

## အင်္ဂါသားသမီးများအတွက်

ပျော်ရွှင်ခြင်းကာလဖြစ်မည်။ ငွေတွေလည်း ဟိုဟိုဒီဒီက ဝင်လာတတ်သည်။ အဘက်ဘက်က စိတ်ချမ်းသာစရာတွေ ကြားရမည်။ အိမ်ထောင်ဖက်နဲ့တော့ တကျက်ကျက် ဖြစ်နေတတ်သည်။ ငွေဝင်ပေမယ့် အဝင်အထွက်မမျှ ဖြစ်နေတတ်သည်။ ပျော်ရွှင်မှုတွေများပြီး အိမ်ထောင်ရေး ရှုပ်ထွေးတတ်သည်။

**ယတြာ**

ဗုဒ္ဓဟူးသားသမီးကို ကော်ရည်ခါက်ဆွဲ ဝယ်ကျွေးပါ။

## ဗုဒ္ဓဟူးသားသမီးများအတွက်

အလုပ်သစ်တစ်ခုကို စတင်လုပ်ရတာမျိုး ကြုံရမည်။ ဝန်ထမ်းဆိုလျှင် ရာထူးတက်ခြင်း၊ အခြေအနေ အဆင့်အတန်း မြင့်တက်ခြင်းများ ကြုံမည်။ မိတ်ဆွေကောင်း ဆရာကောင်းများ တွေ့မည်။ အလုပ်တွင် အတိုက်အခံရှိမည်။ ၇နေ၊ ဗုဒ္ဓ ဟူးနှင့် ပတ်သက်ပြီး စိတ်ညစ်စရာကြုံမည်။

**ယတြာ**

ကြာသပတေးသားသမီးကို ပဲပေါက်စီ လက်ဆောင်ပေးပါ။

BURMESE CLASSIC .com

## ကြာသပတေးသားသမီးများအတွက်

ဤကာလတွင် မိမိအလုပ်အကိုင်ကို အင်နှင့်အားနှင့် လုပ်ကိုင်ဆောင်ရွက်သင့်သည်။ ဖြတ်လမ်း မလိုက်သင့်ပါ။ ဝန်ထမ်းများ ရာထူးတက်ခြင်း၊ အခြေအနေ မြင့်တက်ခြင်းကြုံမည်။ လက်ရှိအလုပ်အကိုင်ကို စိတ်မဝင်စားဘဲ အခြားအလုပ်ကို စိတ်ဝင်စားနေမည်။

**ယတြာ**

တနင်္လာသားသမီးတစ်ဦးကို ထီးကောက်တစ်လက် လက်ဆောင်ပေးပါ။

## သောကြာသားသမီးများအတွက်

စိတ်ပင်ပန်း၊ လူပင်ပန်း ဖြစ်သည်။ ငွေရေးကြေးရေးကိစ္စကြောင့် သောကများနေမည်။ အထင်ကြီးသူများက အထင်သေးမည်။ သို့ရာတွင် ကံတရား၏မျက်နှာသာပေးမှုကြောင့် စိတ်ညစ်စရာကိစ္စများကို ကူညီဖြေရှင်းပေးမည့်သူများ ပေါ်လာလိမ့်မည်။ ရွှေဝင်ခြင်း၊ ထွက်နေသော ရတနာများ ပြန်ဝင်မည်။

**ယတြာ**

ကြာသပတေးသားသမီးတစ်ဦးကို ပေါင်မုန့်ထောပတ်သုတ်(သကြားမထည့်ပါနှင့်) ဝယ်ကျွေးပါ။

## စနေသားသမီးများအတွက်

စိတ်မောစရာများထဲက ပျော်ရွှင်စရာများ တွေ့ရတတ်ပါသည်။ အိုးအိမ်နေရာထိုင်ခင်း ပြောင်းလဲမယ်ဆိုလျှင် ယခုအချိန် မပြုလုပ်သင့်ပါ။ မြေအဝင် မခံရပါ။ ငယ်ရွယ်သူများအဖို့ အချစ်ရေးတွင် လမ်းခွဲရလောက်အောင် ပြဿနာ ဖြစ်တတ်သောကာလဖြစ်သည်။

**ယတြာ**

သောကြာသားသမီးတစ်ဦးကို သရက်သီးဖျော်ရည် ဝယ်တိုက်ပါ။

## ရာဟုသားသမီးများအတွက်

လုပ်ငန်းများ အောင်မြင်တော့မလိုလိုနှင့် အခက်အခဲတွေနဲ့ ကြုံတွေ့ရတတ်ပါသည်။ ယခုကာလအတွင်း ငွေကြေးပျောက်ခြင်း၊ ငွေအတွက် ပြောဆိုဖြေရှင်းရခြင်းများ ကြုံရတတ်သည်။ ထီထိုးဖို့ကံကောင်းတဲ့ကာလ ဖြစ်ပါသည်။

**ယတြာ**


ကြာသပတေးသားသမီးတစ်ဦးကို လက်နှိပ်ဓာတ်မီးတစ်လက် လက်ဆောင်ပေးလိုက်ပါ။



www.burmeseclassic.com

www.burmeseclassic.com

## မဟာမြတ်မုနိ နီးဘုရားကြီးနှင့် ဓာတုစေတီများ အနေကဇာတင်မင်္ဂလာ



မွန်ပြည်နယ်၊ ကျိုက်မရောမြို့၊ ဆုတောင်းပြည့်ဘုရားကြီး ပရိဝုဏ်အတွင်း တည်ထားကိုးကွယ်ထားပြီးဖြစ်သော သိကြားမင်း ကောင်းမှုတော် ရတနာမာရ်အောင် အရဟံသိဒ္ဓိ မဟာမြတ်မုနိ နီးဘုရားကြီးနှင့် ဓာတုစေတီများ ပဌာန်းပူဇော်ပွဲနှင့် အနေကဇာတင် မင်္ဂလာအခမ်းအနားကို ဆုတောင်းပြည့်ဘုရားကြီးအတွင်း နီးဘုရား ဂန္ဓကုဋီတိုက်တွင် ကျင်းပဆောင်ရွက်ခဲ့ကြပါသည်။

ပဌာန်းပူဇော်ပွဲကို (၂၀-၅-၂၀၁၃)တနင်္လာနေ့မှ (၂၄-၅-၂၀၁၃)သောကြာနေ့အထိ ငါးရက် ပူဇော်ပြီး ကဆုန်လပြည့်နေ့တွင် ပဌာန်းအောင်ပွဲ၊ မဟာမြတ်မုနိနီးဘုရားကြီးနှင့် ဓာတုစေတီများကို ကျိုက်မရော ဆရာတော်ကြီး အမှူးပြုသော သံဃာတော်အရှင်မြတ်များမှ အနေကဇာတင်လှူပြီး အနုမောဒနာတရား ဟောကြားကာ ရေစက်သွန်းချ အမျှပေးဝေခဲ့ကြောင်း သတင်းရရှိပါသည်။

BURMESE CLASSIC .com

အောင်ကောင်းမြ(သာကေတ)

## "သုဂတိမဂ္ဂ" နာရေးကူညီမှုအသင်း (၄)နှစ်ပြည့် အလှူဒါနပွဲ ပြုလုပ်ကျင်းပ

ရန်ကုန်တိုင်းဒေသကြီး၊ လှိုင်မြို့နယ်၊ အမှတ်(၁)ရပ်ကွက်၊ အောင်မေတ္တာ(၆)လမ်းရှိ 'သုဂတိမဂ္ဂ' နာရေးကူညီမှုအသင်းသည် စေတနာသဒ္ဓါတရား ထက်သန်သော စေတနာရှင်လူငယ်ကလေးများ ဦးစီးစီစဉ်လျက် အထက်ပါလူမှုရေးအသင်းအား ဖွဲ့စည်းဆောင်ရွက်လာခဲ့ရာ ယခုနှစ်ဆိုလျှင် ၄ နှစ်တင်းတင်း ပြည့်မြောက်လာခဲ့ပြီ ဖြစ်ပါသည်။

(၂၈-၅-၂၀၀၉)ရက်နေ့မှ (၂၆-၅-၂၀၁၃) ရက်နေ့အထိ လိုက်လံကူညီဆောင်ရွက် လုပ်ဆောင်လာခဲ့ရာ နာရေးပေါင်း ၅၁၆ ခုကို အောင်မြင်စွာ လုပ်ကိုင်ဆောင်ရွက်ခဲ့ကြောင်း သိရှိရသည်။ ယင်းသို့ ၄ နှစ်တာကာလအတွင်း လှူဒါန်းခဲ့သော အလှူရှင်များ၊ အဖက်ဖက်မှ ဝိုင်းဝန်းကူညီ ဆောင်ရွက်ပေးခဲ့ကြသောသူများအပြင် ကွယ်လွန်သွားကြသောသူများအား ရည်စူးလျက် ရေစက်ချ အလှူတော်ပွဲကို ၂၀၁၃ ခုနှစ်၊ မေလ ၂၆ ရက်၊ တနင်္ဂနွေနေ့၊ နံနက် ၈ နာရီ အချိန်က ပင့်သံဃာ အရှင်သူမြတ် ၆ ပါးတို့အား လှူဖွယ်ပစ္စည်းအစုစုတို့ဖြင့် နံနက်အရုဏ်ဆွမ်း ဆက်ကပ်လှူဒါန်းပွဲကို အထက်ပါနေရာ၌ စည်ကားစွာ ကျင်းပပြုလုပ်ခဲ့ပါသည်။

အခမ်းအနားသို့ အထူးဖိတ်ကြ ားသော ဧည့်သည်များ၊ နာရေးကူညီမှုအသင်းမျ ားမှ ပုဂ္ဂိုလ်များ၊ 'သုဂတိမဂ္ဂ' နာရေးကူညီမှုအသင်း အလုပ်အမှုဆောင်အဖွဲ့နှင့် အသင်းသား/သူများ၊ အလှူရှင်မိသားစုများ၊ ဧည့်ပရိသတ်များစွာ တက်ရောက်ကြလျက် အကျွေးအမွေးတို့ဖြင့် ဧည့်ခံကာ နေ့လယ် ၂ နာရီအချိန်တွင် 'သုဂတိမဂ္ဂ' နာရေးကူညီမှုအသင်း ၄ နှစ်ပြည့် အထိမ်းအမှတ် အခမ်းအနားအား အောင်မြင်စွာ ကျင်းပပြုလုပ်ကြောင်း အထက်ပါနေရာမှ သတင်းရရှိပါသည်။

မောင်ယဉ်ဦး(မနုဖြူ)



www.burmeseclassic.com

www.burmeseclassic.com

## ကျိုက်မရောဘုရားကြီးကျောင်းတိုက် ဆရာတော်၏ ဝိဇာတမွေးနေ့မင်္ဂလာ



မွန်ပြည်နယ်၊ ကျိုက်မရောမြို့ ဆုတောင်းပြည့်ဘုရားကြီး၏ ဩဝါဒါစရိယ ဘုရားကြီးကျောင်းတိုက်၏ ဦးစီး ပဓာန နာယက နိုင်ငံတော် ဗဟို သံဃာ့ဝန်ဆောင် သဒ္ဓမ္မဇောတိကဓဇ ဘဒ္ဒန္တဝါရိန္ဒဆရာတော်ဘုရားကြီး၏ 'ဝိဇာတ မွေးနေ့မင်္ဂလာ' နှင့် နှစ်ဖက်သော မိဘများအား အမှူးထား၍ ရန်ကုန်မြို့နေ အလှူ့ဒါယကာ ဦးမျိုးဇင်ဦး+အလှူ့ဒါယိကာမ ဒေါ်အေးအေးသွယ် မိသားစုတို့မှ ဆရာတော်ဘုရားကြီးအား 'သိက္ခာထပ်မင်္ဂလာ' ကျင်းပပြုလုပ်မည့်ပွဲကို (၁၉-၅-၂၀၁၃)တနင်္ဂနွေနေ့တွင် ဆောင်ရွက်ခဲ့ကြပါသည်။ ရွှေလင်းယုန် ဆရာတော်၊ ကျိုက်မရော ဆရာတော် အပါအဝင် သံဃာတော် (၁၈)ပါးအား သိမ်ဆင်းလောင်းလှူခဲ့ကြသည်။ ဆရာတော်သံဃာတော် အရှင်သူမြတ်တို့အား နေ့ဆွမ်း ဆက်ကပ်ပြီး ဧည့်ပရိသတ်များကိုလည်း နေ့လယ်စာ ကျွေးမွေးဒါနပြုခဲ့ကြပါသည်။

**ဂမ္ဘီရဆရာမျိုး**

---

## တရုတ်ပြည်သူ့သမ္မတနိုင်ငံမှ လှူဒါန်းသော ဗုဒ္ဓစွယ်တော်ပွားသုံးဆူ မန္တလေး၊ နေပြည်တော်နှင့် ရန်ကုန်မြို့တို့တွင် ကိန်းဝပ်စံပယ်

တရုတ်ပြည်သူ့သမ္မတနိုင်ငံတော်မှ ဗုဒ္ဓမြတ်စွယ်တော်ပွားသုံးဆူကို ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံသို့ လှူဒါန်းပူဇော်ပွဲကို (၇-၆-၂၀၁၃)နေ့ နံနက်(၁၀)နာရီက တရုတ်ပြည်သူ့သမ္မတနိုင်ငံ ကျယ်ပေါင်မြို့၌ ကျင်းပခဲ့သည်။

ဗုဒ္ဓစွယ်တော်ပွားသုံးဆူအနက် တစ်ဆူကို မန္တလေးမြို့၊ မဟာမြတ်မုနိဘုရားကြီးသို့ (၉-၆-၂၀၁၃)နေ့က ရောက်ရှိပြီး မဟာမြတ်မုနိဘုရားဝင်း အိမ်ရှေ့မင်းပြတိုက်တွင် အစဉ်ကိန်းဝပ် စံပယ်တော်မူပြီး ကျန်ဗုဒ္ဓစွယ်တော်ပွားနှစ်ဆူအနက် တစ်ဆူကို နေပြည်တော်ရှိ ဥပ္ပါတသန္တိစေတီတော်လိုဏ်အတွင်း အရှေ့မြောက်ထောင့်တွင် အစဉ်ကိန်းဝပ်အပူဇော်ခံထားမည်ဖြစ်ပြီး ကျန်သည့်ဗုဒ္ဓစွယ်တော်ပွားတစ်ဆူကို ရန်ကုန်မြို့ရှိ ရွှေတိဂုံစေတီ အနောက်ဘက်မုခ်ရှိ စေတနာသမ္ဘာရတန်ဆောင်း၌ အစဉ်ကိန်းဝပ် စံပယ်တော်မူမည် ဖြစ်ပါသည်။

**အင်ကြင်း**

www.burmeseclassic.com

www.burmeseclassic.com

## ပါဠိတက္ကသိုလ်၊ အောင်မင်္ဂလာတိုက်သစ်၏
## ပထမအကြိမ် ကျေးဇူးဆပ်ပွဲနှင့် အာစရိယပူဇော်ပွဲကျင်းပ



ရန်ကုန်တိုင်းဒေသကြီး၊ အလုံမြို့နယ်၊ သစ်တောလမ်း၊ ပါဠိတက္ကသိုလ် အောင်မင်္ဂလာစာသင်တိုက်ကြီး၏ ဂုဏ်ကျေးဇူးတော်များနှင့် စတင်တည်ထောင်တော်မူခဲ့ကြသော အောင်မင်္ဂလာ၊ အောင်ဓမ္မရိပ်သာ ဆရာတော်ဘုရားကြီး ဘဒ္ဒန္တရာဇိန္ဒမဟာထေရ်၊ အောင်မင်္ဂလာတိုက်သစ်ဆရာတော် အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တတေဇိန္ဒာဘိဝံသမဟာထေရ်တို့၏ ဂုဏ်တော် ကျေးဇူးတော်များ၊ စာချ စာသင်ပေးတော်မူခဲ့ကြသော ဆရာတော် အရှင်မြတ်တို့၏ ဂုဏ်ကျေးဇူးတို့ကို ရည်မျှော်၍ ဓမ္မပူဇာ၊ အာမိသပူဇာ နှစ်မျိုးတို့ဖြင့် ပထမအကြိမ် ကျေးဇူးဆပ်ပွဲနှင့် အာစရိယပူဇော်ပွဲကို ၂၆-၅-၂၀၁၃ (တနင်္ဂနွေနေ့)က ရန်ကုန်မြို့၊ အလုံမြို့နယ်၊ သစ်တောလမ်းရှိ 'ပါဠိတက္ကသိုလ် အောင်မင်္ဂလာတိုက်သစ်' ၌ နံနက်(၈း၀၀)နာရီမှ (၁၂း၀၀)နာရီထိ ကျင်းပခဲ့၏။

အဆိုပါ ပူဇော်ပွဲသို့ မိခင်တိုက်တာ မြတ်ဆရာတို့ကို ကြည်သာရွှင်ပြ ပူဇော်လိုကြသော ရဟန်းရှင်လူ၊ ဒါယကာ၊ ဒါယိကာမအပေါင်း သူတော်ကောင်းတို့ ကြွရောက်လှူဒါန်းပူဇော်ခဲ့ကြကြောင်း သတင်းရရှိပါသည်။

**အောင်သူမိုး**

### မိခင်ကျေးဇူး ရည်မျှော်လျက် ယောဂီဆွမ်းစားဆောင် ပြုပြင်လှူဒါန်း

ကွယ်လွန်သူမိခင်ကြီး ဒေါ်ခင်အေးမူကို ရည်စူး၍ သားသမီးများဖြစ်ကြသော မောင်အောင်သူမိုး+မနေခြည်လှိုင်းဇင်၊ မောင်နေလင်းဆွေ၊ မြေး-မောင်ဝေယံဘုန်းမိုရ်တို့က ဧရာဝတီတိုင်းဒေသကြီး၊ မအူပင်ခရိုင်၊ ဓနုဖြူမြို့နယ်၊ လက်ဆွဲချောင်းကျေးရွာကြီးရှိ ဘုန်းတော်ကြီးကျောင်း၌ ပျက်စီးယိုယွင်းလျက်ရှိသော ယောဂီဆောင်၊ ဆွမ်းစားဆောင်တို့ ပြန်လည်ပြုပြင်ရန်အတွက် အလှူငွေကျပ်(၁၀)သိန်းတိတိကို (၁၈-၆-၂၀၁၃)စနေနေ့က ထိုဒေသသို့ သွားရောက်လှူဒါန်းခဲ့ကြသည်။


အဆိုပါ အဆောက်အဦ ပြီးစီးပါက ရေစက်ချ အမှုအတန်းပေးဝေပြီး လက်ဆွဲချောင်းကျေးရွာ စာကြည့်တိုက်ဖွင့်ပွဲ အထိမ်းအမှတ်အဖြစ် လက်ဆွဲချောင်းကျေးရွာဇာတိဖြစ်သူ ဆရာနန္ဒာမိုးကြယ် ဦးဆောင်လျက် ရန်ကုန်မြို့မှ စာရေးဆရာများ သွားရောက်ကာ စာပေဟောပြောပွဲ ကျင်းပမည့်အကြောင်း သိရှိရပါသည်။

**မင်းသူ့ကျော်**

www.burmeseclassic.com

www.burmeseclassic.com

# ရန်ကုန်တိုင်းဒေသကြီး ဗဟန်းမြို့နယ် ပါဠိတက္ကသိုလ် ညောင်တုန်းတိုက် လှုရတနာကျောင်းတွင် ပထမအကြိမ် ကျင်းပသော နယုန်လပြည့် မဟာသမယအခါတော်နေ့နှင့် လှုရတနာဆရာတော် ဘဒ္ဒန္တ နာရဒါဘိဝံသ ပြုစုသော "လိုရာပြည့်ဝ မဟာသမယသုတ်တော်များ" စာအုပ် မိတ်ဆက်ပွဲ အခမ်းအနား ကျင်းပ







ရန်ကုန်တိုင်းဒေသကြီး၊ ဗဟန်းမြို့နယ်၊ ပါဠိတက္ကသိုလ် ညောင်တုန်းတိုက် လှုရတနာကျောင်းတွင် ပထမအကြိမ်အဖြစ် ကျင်းပသော နယုန်လပြည့် မဟာသမယအခါတော်နေ့နှင့် လှုရတနာဆရာတော် ဘဒ္ဒန္တနာရဒါဘိဝံသ ပြုစုသော 'လိုရာပြည့်ဝ မဟာသမယသုတ်တော်များ' စာအုပ်မိတ်ဆက်ပွဲ အခမ်းအနားကို (၂၃. ၆. ၂၀၁၃)တနင်္ဂနွေနေ့က ကျင်းပပြုလုပ်ခဲ့သည်။


ထိုအခမ်းအနားကို နမောတဿ သုံးကြိမ် ရွတ်ဆိုဖွင့်လှစ်ပြီး ရန်ကုန်တိုင်းဒေသကြီး သံဃနာယကအဖွဲ့ဝင် ဓမ္မဓရဆရာတော် ဘဒ္ဒန္တဝဏ္ဏိတထံမှ ငါးပါးသီလ ခံယူဆောက်တည်၍ သင်တန်းသား၊ သင်တန်းသူများမှ မဟာသမယသုတ် ဘုရားရှိခိုး ဆုတောင်းနှင့် မဟာသမယအခါတော်နေ့ ကျင်းပရခြင်း အကြောင်းကို လျှောက်ထားပြီး သာသနာ့ဂုဏ်ရည်ဆရာတော် ဘဒ္ဒန္တဝိလာသ(စာရေးဆရာ ဝေမိုး-ကျွန်းလှ)က 'လိုရာပြည့်ဝ မဟာသမယသုတ်တော်များ' စာအုပ်ကို မိတ်ဆက်ပေးခဲ့သည်။

ထို့နောက် လှူဖွယ်ဝတ္ထုသက်န်းနှင့် စာအုပ်တို့ကို သံဃာတော်အရှင်မြတ်တို့အား အလှူရှင်တို့က ဆက်ကပ်လှူဒါန်းခဲ့သည်။ ပါဠိတက္ကသိုလ် ညောင်တုန်းတိုက် စာချနာယက လှုရတနာဆရာတော် ဘဒ္ဒန္တ နာရဒါဘိဝံသ(ပထမကျော်၊ အဂ္ဂမဟာအကျော်၊ သ. စ. အ ဓမ္မာစရိယ-ဝင်္ဂသကာ ပါဠိပါရဂူ)က ရေစက်ချ အနုမောဒနာ တရားချီးမြှင့်ပြီး ဗုဒ္ဓသာသနံ စိရံတိဋ္ဌတု သုံးကြိမ် ရွတ်ဆို၍ အခမ်းအနားကို အောင်မြင်စွာ ရုပ်သိမ်းခဲ့သည်။

Z.N

www.burmeseclassic.com

www.burmeseclassic.com



သတ္တဝါတို့၏ ပင်ကိုသဘာဝသည် မိမိပစ္စည်းကို မပေးလို၊ နမြောဝန်တိုတတ်၏။
ပေးရမည်ဆိုလျှင် တွန့်တိုလေ့ရှိ၏။ ယင်းဝန်တိုမှုကို မစ္ဆရိယဟု ခေါ်၏။
မစ္ဆရိယကို နိုင်နင်းအောင် မနှိမ်နင်းနိုင်က ပေးကမ်းမှုဒါန အထမမြောက်နိုင်ပေ။
မစ္ဆရိယရန်သူကို အနိုင်ယူပြီးမှသာလျှင် အလှူဒါနမြောက်နိုင်သဖြင့်
ရောင်ပြန်ပရိသတ်လည်း လှူတတ်ကြပါစေ။

www.burmeseclassic.com